# ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းများ

## ကမ္ဘာ့ခေါင်းဆောင်များထံမှသင်ယူခြင်း

# Democratic Transitions:

## Learning from World Leaders

Edited by
Sergio Bitar &
Abraham F. Lowenthal

STEP DEMOCRACY
ရှေ့သို့မြှင့်မာ

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) ၏ မူပိုင်ဖြစ်သည်။

ဤစာအုပ်တွင်ဖော်ပြထားသည့် သဘောထားအမြင်များသည် International IDEA, ဥရောပသမဂ္ဂ (European Union) နှင့် Club de Madrid တို့၏ သဘောထားအမြင်များကို ကိုယ်စားပြုဖော်ပြခြင်းမရှိပါ။

မြန်မာဘာသာဖြင့် ထုတ်ဝေသည့်စာအုပ်အတွက် နိဒါန်းနှင့် အဖွဲ့အစည်းများအကြောင်း သတင်းအချက်အလက်များမှလွဲ၍ ကျန်အရေးအသားများကို International IDEA မှ ထုတ်ဝေသည့် Democratic Transitions: Conversations with World Leaders (Johns Hopkins University Press, 2015, ISBN 978-1-4214-1760-8) စာအုပ်မှ အခန်းအချို့ကို ကောက်နတ်ပြီးတိုက်ရိုက်မြန်မာပြန်ထားခြင်းဖြစ်ပါသည်။ International IDEA က ဘာသာပြန်စာမူအရေးအသား မှန်၏၊ မမှန်၏ဆိုသည်ကို စစ်ဆေးခဲ့ခြင်းမရှိပါ။ မရှင်းလင်းပါက မူရင်းအင်္ဂလိပ်ဘာသာစာအုပ်မူကိုသာ အတည်ယူအပ်သည်။ ဤဘာသာပြန်စာမူများတွင် စပိန်အခန်းအတွက် မြင့်သူကဘာသာပြန်ပြီး ကျန်အခန်းများကို ထူးလွင်မျိုးက ဘာသာပြန်ပါသည်။ မြန်မာပြန်စာမူကို စာပြင်နှင့်တည်းဖြတ်သူမှာ လှိုင်မြတ်ဖြစ်သည်။

**International IDEA**
Strömsborg, SE-103 34
Stockholm, Sweden
Tel: +46 8 698 37 00
Email: info@idea.int
Website: www.idea.int

**International IDEA Myanmar**
68B Sayar San Road
11201, Bahan Township
Yangon, Myanmar
Fax: +95-1-556692
Email: info-myanmar@idea.int

**Club de Madrid**
Palacio del Marqués de Cañete
Calle Mayor, 69, Planta 1
28013 Madrid, Spain
Tel: +34 911 548 230
Email: clubmadrid@clubmadrid.org

စာအုပ်အတွင်းပြင်ဆင်မှုနှင့် အဖုံးဒီဇိုင်း- မြင့်စိုးဦး

ISBN: 978-91-7671-033-3

# မာတိကာ


အင်္ဂလိပ်ဘာသာ တည်းဖြတ်ထုတ်ဝေမှုအတွက် အမှာစာ ..... i
(မိုဟာမက် မွန်ဆက်ဖ် မာဇူကီ၊ တူနီးရှားသမ္မတနိုင်ငံသမ္မတဟောင်း)

မြန်မာဘာသာဖြင့်ထုတ်ဝေခြင်းအတွက် အမှာစာ ..... v
ဟော့ဟဲ ဘာလာဒါရက်စ်၊ International IDEA Myanmar ၏ မစ်ရှင်ခေါင်းဆောင်
ရိုလန်ကိုဘီးယား၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး
ကလီမင့် ဝက်စ်တန်ဒရော့ပ်၊ အထွေထွေအတွင်းရေးမှူး၊ Club de Madrid

အင်္ဂလိပ်ဘာသာတည်းဖြတ်ထုတ်ဝေမှုအတွက် နိဒါန်းစကား ..... vii
အိပ်လာတေမေး၊ အထွေထွေအတွင်းရေးမှူး International IDEA

စာရေးသူ Sergio Bitar နှင့် Abraham F. Lowenthal တို့၏ အမှာစာ ..... xi

**အခန်း-၁။ ။ ချီလီနိုင်ငံ**

ချီလီနိုင်ငံ၏ အောင်မြင်သောအသွင်ကူးပြောင်းမှု ..... ၂
နိုင်ငံရေးရပ်တည်ချက် အပြင်းအထန်ကွဲလွဲမှုမှသည် တည်ငြိမ်သည့် ဒီမိုကရေစီသို့
ရေးသူ - Genaro Arriagada
ချီလီသမ္မတ (၁၉၉၀-၉၄) ပါထရီဆီယို အဲလွင်၏ ကိုယ်ရေးအကျဉ်း ..... ၁၇
သမ္မတ ပါထရီဆီယို အဲလွင်နှင့်တွေ့ဆုံမေးမြန်းခြင်း ..... ၁၉
ချီလီသမ္မတ ရီကာဒိုလာဂို့စ် (၂၀၀၀-၂၀၀၆) ၏ ကိုယ်ရေးအကျဉ်း ..... ၃၇
သမ္မတ ရီကာဒိုလာဂို့စ်နှင့်တွေ့ဆုံမေးမြန်းခြင်း ..... ၃၉
ချီလီ အချိန်ပြများ ..... ၇၄
ချီလီအသွင်ကူးပြောင်းမှုဆိုင်ရာ ဆက်လက်ဖတ်ရှုရန်စာအုပ်စာတမ်းများအညွှန်း ..... ၈၀

**အခန်း-၂။ ။ အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှား၏ ဒီမိုကရေစီခရီး- ပြဿနာများ၊ အလားအလာများနှင့် ..... ၈၄
ကျန်ရှိဆဲစိန်ခေါ်မှုများ
ရေးသူ- Bahtiar Effendy, State Islamic University Jakarta and Mutiara Pertiwi,
State Islamic University Jakarta
အင်ဒိုနီးရှားသမ္မတ (၁၉၉၈-၁၉၉၉) ဘီ၊ဂျေ၊ ဟာဘီဘီ၏ကိုယ်ရေးအကျဉ်း ..... ၁၀၂
ဘီ၊ဂျေ၊ဟာဘီဘီနှင့်တွေ့ဆုံခြင်း ..... ၁၀၄

အင်ဒိုနီးရှား အချိန်ပြမျဉ်း ..... ၁၃၁
အင်ဒိုနီးရှားအသွင်ကူးပြောင်းမှုဆိုင်ရာ ဆက်လက်ဖတ်ရှုရန်စာအုပ်များအညွှန်း..... ၁၃၇

**အခန်း-၃။ ။ ဖိလစ်ပိုင်နိုင်ငံ**

ဖိလစ်ပိုင်၏ 'ပြည်သူ့အာဏာလှုပ်ရှားမှု'၊ 'ဒုက္ခရောပြွန်းနေသောအသွင်ကူးပြောင်းမှု'၊ ..... ၁၄၂
'ကောင်းမွန်သောအုပ်ချုပ်ရေး'။
ရေးသူ- Mark R. Thompson, City University of Hong Kong
ဖိလစ်ပိုင်သမ္မတ (၁၉၉၂-၁၉၉၈) ဖီဒယ်လ် ဗွီ၊ ရာမို့စ်၏ ကိုယ်ရေးအကျဉ်း ..... ၁၅၈
သမ္မတဖီဒယ်လ်ရာမို့နှင့် တွေ့ဆုံမေးမြန်းခြင်း..... ၁၆၀
ဖိလစ်ပိုင် အချိန်ပြမျဉ်း ..... ၁၈၇
ဖိလစ်ပိုင်အသွင်ကူးပြောင်းမှုဆိုင်ရာ ဆက်လက်ဖတ်ရှုရန်စာအုပ်များအညွှန်း..... ၁၉၃

**အခန်း-၄။ ။ ပိုလန်နိုင်ငံ**

ပိုလန်၏အံ့မခန်းအတွေ့အကြုံ-ဆန္ဒပြပွဲများ၊ ဖိနိုပ်မှုများ၊ စေ့စပ်ညှိနှိုင်းမှုများ၊ ..... ၁၉၈
ရွေးကောက်ပွဲများနှင့် မြွေလိမ်မြွေကောက်နိုင်ငံရေး
ပိုလန်သမ္မတ (၁၉၉၅-၂၀၀၅) အာလက်ဆန်းဒါး ဆွာညဲ့ဗ်စကီ၏ ကိုယ်ရေးအကျဉ်း..... ၂၁၄
သမ္မတ ဆွာညဲ့ဗ်စကီနှင့်တွေ့ဆုံမေးမြန်းခြင်း..... ၂၁၆
ပိုလန်ဝန်ကြီးချုပ် (၁၉၈၉-၁၉၉၁) တာဒဲဝုရ် မာဇိုဗယ့ဲစကီ၏ ကိုယ်ရေးအကျဉ်း..... ၂၅၃
ဝန်ကြီးချုပ် တာဒဲဝုရ် မာဇိုဗယ့ဲစကီနှင့် တွေ့ဆုံမေးမြန်းခြင်း..... ၂၅၅
ပိုလန် အချိန်ပြမျဉ်း ..... ၂၇၃
ပိုလန်အသွင်ကူးပြောင်းမှုဆိုင်ရာ ဆက်လက်ဖတ်ရှုရန်စာအုပ်အညွှန်း..... ၂၇၉

**အခန်း-၅။ ။ စပိန်နိုင်ငံ**

စပိန်နိုင်ငံ၊စေ့စပ်ညှိနှိုင်းမှုဖြင့် အသွင်ကူးပြောင်းမှု ..... ၂၈၄
ရေးသူ-ချားလ်စ် ပါဝဲလ်၊ Elcano Royal Institute
စပိန်ဝန်ကြီးချုပ် (၁၉၈၂-၁၉၉၆) ဖိလစ်ဂွန်ဇာလက်စ်၏ ကိုယ်ရေးအကျဉ်း..... ၂၉၇
စပိန်ဝန်ကြီးချုပ် ဖိလစ်ဂွန်ဇာလက်ဇ်နှင့်တွေ့ဆုံမေးမြန်းခြင်း ..... ၂၉၉
စပိန် အချိန်ပြမျဉ်း..... ၃၃၂
စပိန်နိုင်ငံအသွင်ကူးပြောင်းမှုဆိုင်ရာ ဆက်လက်ဖတ်ရှုရန်စာအုပ်များအညွှန်း ..... ၃၃၆

**အခန်း-၆။** ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများတွင် ပါဝင်ခဲ့သည့် ..... ၃၄၀
အမျိုးသမီးတက်ကြွလှုပ်ရှားသူများ
ရေးသူ- Georgina Waylen (နိုင်ငံရေးဘာသာရပ် အမျိုးသမီးပါမောက္ခ၊
University of Manchester)

**အခန်း-၇။** ။ အာဏာရှင်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ - အနာဂတ်ကိုပုံဖော်ရန်... ၃၉၆
နိုင်ငံရေးခေါင်းဆောင်များထံမှ သင်ယူလေ့လာခြင်း။
ရေးသူ- Abraham F. Lowenthal နှင့် Sergio Bitar

International IDEA၊ Club de Madrid နှင့် ဥရောပသမဂ္ဂ (European Union) ..... ၄၄၆
တို့အကြောင်း
စာတည်းများနှင့် ဝိုင်းတော်သားများအကြောင်း..... ၄၅၀

အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုများနှင့် ဒီမိုကရေစီအုပ်ချုပ်ရေး ..... ၄၅၄
တည်ဆောက်ခြင်းဘာသာရပ်ဆိုင်ရာ သဘောတရားနှင့် နှိုင်းယှဉ်လေ့လာဖွယ်ရာ
လက်ရွေးစင် (အင်္ဂလိပ်ဘာသာ) စာစုစာရင်း

# အင်္ဂလိပ်ဘာသာ တည်းဖြတ်ထုတ်ဝေမှုအတွက် အမှာစာ

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် တူနီးရှားနိုင်ငံသား အလုပ်လက်မဲ့လူငယ် တစ်ဦးဖြစ်သည့် မိုဟာမက် ဘူအာဇီဇီသည် မိမိကိုယ်ကို မီးတင်ရှို့လိုက်ပြီး တူနီးရှားနိုင်ငံ၏ လူအခွင့်အရေးအခြေအနေ လွန်စွာဆိုးရွားနေခြင်းကို ၎င်း၏နိုင်ငံသားများနှင့် တစ်ကမ္ဘာလုံးက သိရှိအောင်လုပ်လိုက်သည်။ ထိုအချိန်က တူနီးရှားအစိုးရကပြည်သူများသည် ၎င်းတို့၏ဘဝများ၊ အနာဂတ်နှင့် လွတ်လပ်မှုတို့အတွက် စိုးရိမ်ပူပန်မှုမရှိသည့်၊ အားလုံးအတွက် အခွင့်အရေးများ ပေးအပ်ထားသည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် သာယာဝပြောမှုရှိသည့် ပျော်ရွှင်စရာ တိုင်းပြည်တစ်ခု သဖွယ် တူနီးရှား၏ဥပဓိကို ကြေငြာနေခဲ့ချိန်ဖြစ်သည်။ ဤအချက်သည် အလိမ်အညာသက် သက်ဆိုသည်ကို သက်သေပြလိုက်လေသည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်မှသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ ဖြစ်ပွားခဲ့သော လူထုအုံကြွပေါက်ကွဲမှုသည့် အလွယ်တကူ မမြင်နိုင်သည့် ဖိနှိပ်မှုအခြေအနေတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စိတ်ဝမ်းကွဲမှုများ တချိန်လုံးရှိ နေမှု၊ အလွန်အကန့်အသတ်ရှိသည့် လုပ်ဆောင်ချက်များ၊ နိုင်ငံရေးရည်မှန်းချက်များကြောင့် ပျက်စီးခြင်းငါးပါးဆိုက်နေသည့် 'တရားဝင်' အတိုက်အခံနိုင်ငံရေးအုပ်စု တူနီးရှားနိုင်ငံတွင် ရှိနေသည်။ ထောင်သွင်းအကျဉ်းချခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်မရှိ တိုင်းပြည်မှ နှင်ထုတ်ခံရသည့် 'တရားမဝင်' အတိုက်အခံအုပ်စုလည်း တူနီးရှားတွင်ရှိသည်။

တူနီးရှားအစိုးရမှာ ရက်ပိုင်းအတွင်းပြုတ်ကျသွားသည်။ သို့သော် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်နောက်ပိုင်း ချက်ချင်းဖြစ်ပေါ်လာသည့် အဖြစ်အပျက်များတွင် လူ ၃၃၀ သေဆုံးခဲ့ရသည်။ ထိုအချိန်က ယုတ္တိမတန်သော အပြောင်းအလဲများရော အကျိုးသင့် အကြောင်းသင့်ဖြစ်သော အပြောင်းအလဲများကိုပါတောင်းဆိုသည့် တော်လှန်ရေးလူထုလှိုင်း လုံးကြီးများကို နိုင်ငံတော်အဖွဲ့အစည်းများက တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

တူနီးရှားတော်လှန်ရေးသည် တိုင်းပြည်တစ်ခုတည်းနှင့်သာဆိုင်သည့် ဖြစ်ရပ်မဟုတ်ပါ။ ဒေသတစ်ခုလုံး၏ အရှိတရားများကိုပြောင်းလဲပစ်ခဲ့သည့် ကြီးမားသည့်လှိုင်းလုံးကြီး စတင်ရာ နေရာဖြစ်ခဲ့လေသည်။ စင်စစ် ၂၀၁၀ ပြည့်နှစ်နောင်းပိုင်းတွင် လမ်းပေါ်ထွက်ဆန္ဒပြရန် တူနီးရှား နိုင်ငံသားများက ဆုံးဖြတ်လိုက်ကြပြီး၎င်းတို့၏ဂုဏ်သိက္ခာပြန်ရရေးနှင့်ဒီမိုကရေစီတည်ဆောက် ရေးအတွက် ပြတ်သားသည့်တောင်းဆိုမှုပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ တစ်ပြိုင်နက်တည်းတွင် အာရပ်ဒေသ၌ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလှိုင်းလျင်မြန်စွာဖြစ်ပေါ်နေပြီဖြစ်သည်။ တူနီးရှား ပြီးလျှင် အီဂျစ်၊ လစ်ဗျားနှင့် ယီမင်နိုင်ငံသားများသည် သက်ဆိုးရှည်လှသည့်အာဏာရှင်များကို ပြုတ်ကျအောင်လုပ်ဆောင်နိုင်ခဲ့ကြသဖြင့် အခွင့်အလမ်းမရှိ၊ အချိုးနှိုးဖြစ်ရခြင်းတို့ဖြင့် ယူကျုံးမရ

ဖြစ်နေသည့် လူငယ်ထုအတွက် ထိုဒီမိုကရေစီအသွင်ကူးပြောင်းမှုလှိုင်းများက မျှော်လင့်ချက်ရှိစေသည့်ကာလတစ်ခုကို လမ်းဖွင့်ပေးခဲ့လေသည်။ သို့တိုင် အချို့သော အာဏာရှင်စနစ်များသည် ၎င်းတို့၏ပြည်သူများက နားချနိုင်ဖို့အဆင့်သင့်မဖြစ်ကြသေးကြောင်း အစကတည်းက သိသာထင်ရှားခဲ့သည်။ ခက်ထန်ကြမ်းတမ်းသည့် အာဏာဆက်လက်စွဲကိုင်ရန် ကြိုးပမ်းမှုများကို ထိုအာဏာရှင်များက ဆက်ပြီးဆန့်ကျင်ကြမည်သာဖြစ်၍ နိုင်ငံသားတို့သေကျေပျက်ဆီးမှုနှင့် အတိဒုက္ခရောက်မှုများ ပိုမိုတိုးပွားလာဖို့သာရှိသည်။

လွတ်လပ်မှုကို အာသာငမ်းငမ်းတောင့်တသည့် လူငယ်မျိုးဆက်များ ခံစားခဲ့ရသည့် ကနဦး ဝမ်းသာပီတိပြီးဆုံးချိန်တွင် ဒီမိုကရေစီတည်ဆောက်ရခြင်းသည် ၎င်းတို့ထင်ထားသည်ထက် ပိုပြီးများမြောင်ရှုပ်ထွေးသည်၊ စိန်ခေါ်မှုရှိသည်၊ မျက်နှာစာပေါင်းစုံပါဝင်သည်ဆိုသည်ကို အာရပ်ဒေသတစ်ခုလုံးရှိ ပြုပြင်ပြောင်းလဲရေးသမားများက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ အာဏာရှင်များကျဆုံးသွားသည့်အခါ ၎င်းတို့သည်ထင်ထားသလောက် အင်အားမကောင်းကြဆိုသည်ကို ပြည်သူများသဘောပေါက်သွားသည်။ အာဏာရှင်များက အရာရာကိုထိန်းချုပ်ထားသည်ဟု ထိုပြည်သူများယုံကြည်အောင် အကြောက်တရားကလုပ်ထားသည်ကို သဘောပေါက်သွားကြသည်။ ပြည်သူတို့၏ပြဿနာများအားလုံးသည် အာဏာရှင်များကြောင့်သာဖြစ်လာခြင်းမဟုတ်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ကြသည်။

အာဏာရှင်များကို ရာထူးမှဖယ်ရှားလိုက်ခြင်းသည် တကယ့်အပြောင်းအလဲလုပ်ခြင်းသို့သွားရာ ခရီးရှည်တွင် ပထမခြေလှမ်းသာဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လမ်းခင်းပေးသည့်အရာမှာ အယူဆများ၊ ဉာဏ်ရည်ဉာဏ်သွေးများ၊ တန်ဖိုးများ၊ အမူအကျင့်များပြောင်းလဲခြင်းဖြစ်သည်။ ထိုအချက်သည် အာရပ်နိုင်ငံများအတွက် အထူးသဖြင့် အရေးကြီးသည်။ ထိုအပြောင်းအလဲများကို အလေးအနက်မထားပါက ပြည်သူတို့၏မြင့်မားသည့် ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ အားလုံးအတွက်အခွင့်အလမ်းပေးအပ်ခြင်း၊ သူနည်းသူဟန်ဖြင့် ခိုင်မာ၊ အဓွန့်ရှည်သည့် အုပ်ချုပ်ရေးဖြစ်အောင်လုပ်နိုင်ခြင်း အစရှိသည့် ဒီမိုကရေစီအုပ်ချုပ်ရေးသည် ထင်ယောင်ထင်မှားဖြစ်မှုသာဖြစ်သည်ဟု အာရပ်ဒေသများတွင် အလွယ်တကူထင်မြင်သွားနိုင်သည်။

ဤသို့သောနောက်ခံအခြေအနေတွင် ပွင့်လင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုသည်လည်း အရေးကြီးသည်။ ခက်ခဲသည့်အသွင်ကူးပြောင်းမှုကာလတွင် တိုင်းပြည်ကိုဦးဆောင်ရာတွင်ပါဝင်လာသည့် ပုဂ္ဂိုလ်များသည် ၎င်းတို့၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ဝေဖန်ပိုင်ခွင့်ကို ကာကွယ်ရမည်ဖြစ်ပြီး ယင်းအခွင့်အရေးကိုအသုံးချကာ အရှိကိုအရှိအတိုင်းပြောဆိုရမည်ဖြစ်သည်။ မိမိကိုယ်ကိုဝေဖန်ရန်နှင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များကိုဝေဖန်ရန် ထိုခေါင်းဆောင်များသည် အသင့်ဖြစ်နေသင့်သည်။ ထိုနည်းအားဖြင့် ခက်ခဲသည့်လူမှုရေးနှင့် လုံခြုံရေးအခြေအနေကချမှတ်လိုက်သည့်အကြောင်းချင်းရာများ၏လမ်းကြောင်းကိုပဲ့ပြင်ပေးနိုင်မည်ဖြစ်သည်။

ထိုခေါင်းဆောင်များသည် တိုင်းပြည်၏အနာဂတ်ကို မြင်ယောင်ထားရမည်ဖြစ်ပြီး တိုင်းပြည်၏ အကျိုးစီးပွားကို ရှေ့တန်းတင်ရမည်။ ၎င်းတို့မည်သည့်အခက်အခဲများရင်ဆိုင်ရစေကာမူ ပြည်သူတို့၏မျှော်လင့်တောင့်တမှုများကို အလွန်အကျွံဖြစ် တိုးပွားလာစေခြင်းမျိုးကို ရှောင်ရှားကြရမည်။ အကြောင်းမှာ ထိုအချက်သည် ၎င်းတို့၏ ကျင့်ဝတ်ပိုင်ဆိုင်ရာ တာဝန်တစ်ရပ်ဖြစ်ပြီး တော်လှန်ရေးမှ နေ့ချင်းညချင်းရလဒ်များမျှော်လင့်ကြသည့် ပြည်သူများက ၎င်းတို့အပေါ်ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းရန် အမြော်အမြင်ရှိသည့် နည်းလမ်းဖြစ်နေခြင်းကြောင့်ဖြစ်သည်။

သို့တိုင် ခေါင်းဆောင်များစွာ၊ နိုင်ငံသားများစွာ၏ စိတ်ထားကောင်း၊ နှစ်မြှုပ်လုပ်ကိုင်မှု၊ စတေးပေးဆပ်မှုများသည် မလုံလောက်သေးဟုယူဆရသည်။ ဒီမိုကရေစီဆန်သည့် လူ့အဖွဲ့အစည်း၏ ခိုင်မာသောရေသောက်မြစ်များ ဖြစ်လာမည့် ပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်သတ်မှတ်ရန်၊ စတင်မိတ်ဆက်ရန်နှင့် လက်တွေ့အသုံးချရန် စနစ်တကျလုပ်ကိုင်ဆောင်ရွက်မှုသည် အရေးအကြီးဆုံး မရှိမဖြစ်အရာဖြစ်သည်။ ထိုအချက်ကြောင့် တူညီသောစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသူများ၏ စုပေါင်းအတွေ့အကြုံများမှ အကျိုးဖြစ်ထွန်းမှု ကြီးကြီးမားမားရရှိနိုင်သည့် ကျွမ်းကျင်မှုနှင့် နည်းနာနိုသျဟေါင်းများစွာကို အသုံးပြုခြင်းနှင့် ဖွံ့ဖြိုးအောင်လုပ်ခြင်းတို့ လိုအပ်လာသည်။ အရေးကြီးသည့် နောက်ခံအခြေအနေကွဲလွဲမှုများကိုလည်း သတိချပ်ထားရမည်ဖြစ်သည်။

အနောက်အာရှ၊ အနောက်အာဖရိက (WANA) ဒေသမှ ဆက်တိုက်အသွင်ကူးပြောင်းမှုများ၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် **အသွင်ကူးပြောင်းခြင်းများ။ ။ကမ္ဘာ့ခေါင်းဆောင်များထံမှ သင်ယူခြင်း** စာအုပ်သည် စိတ်လှုပ်ရှားဖွယ်စာအုပ်တစ်ခုဖြစ်မည်ဟု မိမိယုံကြည်ပါသည်။ ၎င်းတို့၏တိုင်းပြည်များတွင် ထိရောက်ပီပြင်သော ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှု၌ အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည့် ထူးချွန်ထက်မြက်သည့် နိုင်ငံရေးခေါင်းဆောင်များ၏ အလေးအနက်သုံးသပ်ချက်များနှင့် ထိုးထွင်းသိမြင်မှုများကို ဤစာအုပ်တွင် စုစည်းထားသည်။ ပြီးခဲ့သည့်နှစ်လေးဆယ်အတွင်းက ကမ္ဘာ့အသွင်ကူးပြောင်းမှုခေါင်းဆောင် ၁၃ ဦးကို နှိုက်နှိုက်ချွတ်ချွတ်စူးစမ်းထားသော တွေ့ဆုံမေးမြန်းမှုများဤစာအုပ်တွင်ပါရှိသည်။ မည်သူသည် ၎င်းတို့ကြုံရသည့်အကျပ်အတည်းများကို ဖြေရှင်းခဲ့သည်၊ မည်သည်တို့ကိုရွေးချယ်ခဲ့သည်၊ ၎င်းတို့၏ အရေးကြီးဆုံးဖြတ်ချက်များ၏ ဂယက်ရိုက်မှုများ၊ ၎င်းတို့သတ်မှတ်သည့် အကြီးမားဆုံး အောင်မြင်မှုများကို တွေ့ဆုံမေးမြန်းချက်များဖြစ်သည်။

အာဏာရှင်စနစ်မှဒီမိုကရေစီသို့ ဦးမ်းချမ်းစွာအသွင်ကူးပြောင်းမှုကို မည်သို့မြှင့်တင်အားပေးမည်၊ မည်သို့လုံ့ဆော်တိုက်တွန်းမည်၊ မည်သို့စီမံခန့်ခွဲမည်ဆိုသည်ကို လက်ရှိကာလတွင်ငြင်းခုံဆွေးနွေးနေမှုများကိုလည်း ဤဆန်းသစ်တီထွင်မှုရှိသည့် စာအုပ်က တမူထူးခြားစွာနှင့် အချိန်သင့်အခါသင့် အကျိုးပြုထည့်ဝင်ခြင်းလည်းဖြစ်သည်။ လက်ရှိအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီလှုပ်ရှားမှုများနှင့် ဒီမိုကရေစီတည်ဆောက်ရေး အသိုက်အဝန်းကို

ပဲ့ကိုင်ပေးနေကြသည့် မျက်မှောက်ခေတ်ခေါင်းဆောင်များအတွက်လည်း ဤစာအုပ်ပါအကြောင်းအရာများမှာ လွန်စွာတန်ဖိုးရှိပါလိမ့်မည်။

လူထုစည်းရုံးလှုပ်ရှားမှုသည် အသွင်ကူးပြောင်းမှုများကို အစပြုမီးကူးပေးနိုင်သည်မှာ မှန်သော်လည်း နိုင်ငံရေးနှင့်လူမှုရေးအကွဲအပြဲ နောက်ခံအခြေအနေများကို ပြန်လည်သင့်မြတ်ရန်၊ အစိုးရအင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်ကိုတည်ဆောက်ရန်၊ အရေးကြီးသည့် အသွင်ကူးပြောင်းမှုကာလတွင် တိုင်းပြည်တစ်ခုကို လမ်းညွှန်ပေးရန်တို့အတွက် ရေရှည်တွင် ကျွမ်းကျင်လိမ္မာသော၊ တည်ငြိမ်သော၊ တုံ့ပြန်ဆောင်ရွက်မှုရှိသော ခေါင်းဆောင်မှုလိုအပ်သည်ဟူသော ဤစာအုပ်၏သတင်းစကားကို မိမိတန်ဖိုးထားမိပါသည်။

ဤစာအုပ်သည် WANA ဒေသအတွက် အထူးအရေးပါသည့်စာအုပ်ဖြစ်သည်။ ဒီမိုကရေစီအုပ်ချုပ်ရေး၊ ပါဝင်သင့်သူအားလုံးပါဝင်ရေးနှင့် ဂုဏ်သိက္ခာအတွက် အခြေခံစရာအခြေအနေများကို ထာဝရတည်မြဲစေရန် ကြိုးပမ်းနေသူများအားလုံးအတွက် ဤစာအုပ်တွင် တွေ့ဆုံမေးမြန်းထားသည့် ခေါင်းဆောင်များထံမှ လေ့လာဆည်းပူးရသည့် သင်ခန်းစာများသည် အလွန်တန်ဖိုးရှိပေသည်။ ဒီမိုကရေစီအတွေ့အကြုံနှင့်ပတ်သက်လျင် အမြတမ်းတပမ်းရှုံးနေလေ့ရှိခြင်း၏အကျိုးဆက်များကိုရာစုနှစ်ပေါင်းများစွာခံစားခဲ့ကြရသည့်အာရပ်ကမ္ဘာ့မှမိမိတို့အတွက်လည်း ထိုသင်ခန်းစာများက တန်ဖိုးရှိလှသည်။ ထိုသင်ခန်းစာများ၏ အကျိုးကျေးဇူးများသည် သက်ရောက်မှုကျယ်ပြန့်လှသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ထိုသင်ခန်းစာများသည် ကမ္ဘာတစ်ဝန်းမှ ဒီမိုကရေစီတည်ဆောက်ရေးသမားများကို အကူအညီပေးရန် ရည်စူးထားသည်မှာလည်း အမှန်ပင်ဖြစ်သည်။

လူ့အခွင့်အရေးသည် မိမိတို့ခေတ်၏ နိုင်ငံရေးလမ်းစဉ်ဖြစ်လာခဲ့ပြီ။ အခြေခံလူ့အခွင့်အရေးများအားလုံးကို လူတိုင်းခံစားကြရသည့် လောကတစ်ခုသည် လူသားတို့၏လိုအပ်ချက်ပင်ဖြစ်သည်ဟု မိမိယုံကြည်ပါသည်။ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရ မည်သို့ပင်ကွဲပြားစေကာမူ ပြည်သူများအားလုံးက ဒီမိုကရေစီသို့သွားရာလမ်းကို ဖွင့်ပေးနိုင်သည်ကို သက်သေပြရန် WANA ဒေသတွင် တောင်းဆိုခဲ့ကြပြီးဖြစ်သည်။ လူ့သမိုင်းတွင် WANA ဒေသက ခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ဒီမိုကရေစီသို့ဦးတည်ပြောင်းလဲရန် ပြည်သူတို့၏ပြင်းပြသော အလိုဆန္ဒကိုခုခံနိုင်သည့် သို့မဟုတ် ငြင်းပယ်နိုင်သည့်ယဉ်ကျေးမှုဟူ၍မရှိချေ။ နိုင်ငံပေါင်းစုံယဉ်ကျေးမှုပေါင်းစုံတွင် ဖိနှိပ်မှုသို့မဟုတ် မဖြစ်မနေလိုက်နာရန် ပြဋ္ဌာန်းမှုမရှိဘဲ ပြည်သူများအားလုံးက မိမိတို့အားအုပ်ချုပ်မည့်သူများကို တင်မြှောက်နိုင်ရန်ရည်ရွယ်ကြရှိးဖြစ်ပါသည်။

Mohamed Moncef Marzouki

တူနီးရှားသမ္မတနိုင်ငံ သမ္မတဟောင်း (၂၀၁၁- ၂၀၁၄)

# မြန်မာဘာသာပြန် မူအတွက် အမှာစာ

စစ်အုပ်ချုပ်ရေး ဆယ်စုနှစ်များစွာကြာပြီးနောက် လာခြင်းကောင်းသော ဒီမိုကရေစီသို့ သွားရာလမ်းအတွင်း မြန်မာနိုင်ငံက လှမ်းဝင်လာခဲ့သည်။ ဤစာအုပ်တွင် အသေးစိတ်ဖော်ပြထားသလိုပင် ဒီမိုကရေစီတည်ဆောက်ရေးသည် ဖြောင့်ဖြူးသည့် လုပ်ငန်းစဉ်တစ်ခုတော့ မဟုတ်ပေ။ ဒီမိုကရေစီရေးတွင် ထည့်ဝင်ဆောင်ရွက်လိုကြသည့် နိုင်ငံသားများအပြင် အလေးအနက်သုံးသပ်မှုရှိပြီး ဆုံးဖြတ်ချက်ပြတ်သားသော ခေါင်းဆောင်မှုရှိမှသာ ပြုပြင်ပြောင်းလဲရေးခရီးတွင်ကြုံရသည့် အတားအဆီးများစွာကို အောင်မြင်စွာပဲ့ကိုင်နိုင်ပေလိမ့်မည်။ ဤ 'ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းများ ။ ။ ကမ္ဘာ့ခေါင်းဆောင်များထံမှ သင်ယူခြင်း' စာအုပ်ကို မြန်မာစာဖတ်ပရိသတ်အတွက် အထူးစီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး နိုင်ငံရေးခေါင်းဆောင် (၇) ဦးက ၎င်းတို့၏တိုင်းပြည်များတွင် ရေရှည်ဖွံ့ဖြိုးမှုရှိသည့် ဒီမိုကရေစီအပြောင်းအလဲ ဖြစ်ပေါ်အောင် လုပ်ဆောင်ရာတွင် ပါဝင်လုပ်ဆောင်ခဲ့ကြသည့် ကိုယ်တွေ့ဖြစ်ရပ်များကို မျှဝေပြောကြားထားသည့် စာအုပ်ဖြစ်သည်။

အသွင်ကူးပြောင်းမှုဟူသမျှသည် တမူထူးခြားသည့်ယဉ်ကျေးမှု၊ သမိုင်းကြောင်း နောက်ခံ အခြေအနေအသီးသီးတွင် ဆောင်ရွက်ခဲ့ကြသည်မှာမှန်သော်လည်း ထိုခေါင်ဆောင်များရင်ဆိုင်ရသည့် အရေးကိစ္စများသည်ကား အံ့ဩဖွယ်ရာတူနေသည်။ ခိုင်မာသည့် စီးပွားရေးစီမံခန့်ခွဲမှု၏ အရေးပါမှု၊ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှု၏ခက်ခဲ ရှုပ်ထွေးမှုများ၊ စစ်တပ်၏အခန်းကဏ္ဍကို ပြောင်းလဲရသည့် စိန်ခေါ်မှုများအားလုံးသည် ထိုခေါင်းဆောင်များ၏ ပြောကြားချက်တိုင်းတွင် အထင်အရှားမြင်ရသည်။ နိုင်ငံတကာထောက်ခံမှု၏ ဩဇာသက်ရောက်မှု၊ တစ်ချိန်က ရန်ဘက်များနှင့် သဘောတူမျှမှုကို ခေါင်းခဲစရာမဖြစ်မနေတည်ဆောက်ရခြင်းတို့ကို ခေါင်းဆောင်များက ကိုယ်တိုင်သဘောက်ပေါက်နားလည်ခဲ့ရသည့် အတွေ့အကြုံများအဖြစ် ပြန်လည်ပြောပြထားသည်။

အတိတ်တွင်ဖြစ်ပွားခဲ့သော အသွင်ကူးပြောင်းမှုတွင်ပါခဲ့သည့် ခေါင်းဆောင်များ၏ အကြံဉာဏ်နှင့် ထိုးထွင်းသိမြင်မှုများမှနေပြီး အကျိုးရှိခဲ့ကြပုံကိုလည်း ဤစာအုပ်ပါ တွေ့ဆုံမေးမြန်းထားသည့် ခေါင်းဆောင်များက ပြောပြခဲ့ကြသည်။ ထိုနည်းတူစွာပင် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို တိုးတက်အောင်လုပ်ဆောင်ရန် စိတ်ပါဝင်စားသူများသည်လည်း ဤစာအုပ်မှ အသုံးဝင်ဖွယ်သင်ခန်းစာများနှင့် အားပေးတိုက်တွန်းမှုတို့ကိုရရှိနိုင်မည်ဟု မျှော်လင့်မိသည်။

| | | |
|---|---|---|
| ဟော့ဟဲ ဘာလာဒါရက်စ် | ရိုလန်ကိုဘီးယား | ကာလို့စ် ဝက်စ်တန်ဒရော့ပ် |
| မစ်ရှင်အကြီးအကဲ | မြန်မာနိုင်ငံဆိုင်ရာ | အထွေထွေအတွင်းရေးမှူးချုပ် |
| International IDEA | ဥရောပသမဂ္ဂ | Club de Madrid |
| (မြန်မာနိုင်ငံ) | သံအမတ်ကြီး | |
| | European Union | |

# အင်္ဂလိပ်ဘာသာတည်းဖြတ်ထုတ်ဝေမှုအတွက် နိဒါန်းစကား

ယခုနှစ်သည် International IDEA တည်ထောင်ခြင်း နှစ် (၂၀) ပြည့် နှစ်ပတ်လည်ဖြစ်သည်။ ပိုမိုခိုင်မာသော ဒီမိုကရေစီအင်စတီကျူးရှင်း အဆောက်အအုံများ၊ လုပ်ငန်းစဉ်များကို ကမ္ဘာတစ်ဝှမ်း ထောက်ပံ့အားပေးလာသည်မှာ ဆယ်စုနှစ်နှစ်ခု ပြည့်မြောက်ခဲ့လေပြီ။ ထိုနှစ် (၂၀) ကာလအတွင်း ရေရှည်ဖွံ့ဖြိုးသောဒီမိုကရေစီကို ကမ္ဘာအဝှမ်းတည်ဆောက်ရန် ကြိုးပမ်းကြသူများအတွက် နည်းနာနိသရဆိုင်ရာ အဖိုးတန် သတင်းအချက်အလက်များကို International IDEA က ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲများ စီစဉ်ကျင်းပခြင်းနှင့် ရွေးကောက်ပွဲများ၏ လုပ်ထုံးလုပ်နည်းများအကြောင်း ယှဉ်ထိုးစဉ်းစားကြည့်နိုင်သော အသိပညာကို မိမိတို့အနေဖြင့် အဓိကထားဖြန့်ဖြူးခဲ့သည်။ အခြေခံဥပဒေရေးဆွဲတည်ဆောက်ခြင်း၊ ဒီမိုကရေစီ ဆန်းစစ်သုံးသပ်ချက်များ၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်သော အသိပညာကိုလည်း ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည်။ မိမိတို့အပြင် အခြားအဖွဲ့အစည်းများကပါ ရေးသားထုတ်ဝေရခြင်း မရှိသေးသည့် အကြောင်းအရာမှာ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များက သူတို့၏နိုင်ငံ အသီးသီးမှ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ မည်သို့အောင်မြင်အောင်လုပ်ဆောင်ခဲ့သည်ကို ကိုယ်တွေ့တိုက်ရိုက် ပြောဆိုချက်များဖြစ်သည်။ အဆိုပါဟာကွက်ကို စိတ်ဝင်စားဖွယ် ဤစာအုပ်က ဖြည့်ဆည်းလိုက်ခြင်းပင်ဖြစ်ပါသည်။

အသွင်ကူးပြောင်းမှုကာလများ၏ ရလဒ်ကိုအဆုံးအဖြတ်ပေးရာတွင် နိုင်ငံရေးခေါင်းဆောင်များက အဓိကနေရာမှပါဝင်ကြသည်။ ဒီမိုကရေစီဆိုသည်မှာ ပါသင့်သူအားလုံးပါသည့် လုပ်ငန်းစဉ်များလည်းဖြစ်သည်မှာမှန်သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုများဆိုသည် ထိပ်ဆုံးက ခေါင်းဆောင်များလက်ထဲတွင်ရှိသည့် အရေးအကြီးဆုံး ဆုံးဖြတ်ချက်များလည်းဖြစ်သည်ဟုဆိုရပါမည်။ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များသည် ကသောင်းကနင်းဖြစ်နေတတ်သဖြင့် ထိပ်ပိုင်း ခေါင်းဆောင်တစ်ဦး၏လက်ထဲတွင် အရေးကြီးဆုံးဖြတ်ချက်များ ကျရောက်နေတတ်ခြင်းလည်းဖြစ်သည်။ အသွင်ကူးပြောင်းမှုများသည် စုပေါင်းဆုံးဖြတ်ချက်ချမှတ်မှုအတွက် ရှိပြီးသားမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများဖြင့် များသောအားဖြင့်အံမဝင်သဖြင့် ကသောင်းကနင်းဖြစ်ရခြင်းဖြစ်သည်။ ယခင်ကကြုံတွေ့ခဲ့ရဖူးခြင်းမရှိသည့် ပြဿနာများနှင့် အသွင်ကူးပြောင်းမှုက ဆက်နွယ်နေတတ်သဖြင့် ကသောင်းကနင်းဖြစ်တတ်သည်။ အခြေအနေ၊ စိန်ခေါ်မှုတို့၏ လေးနက်မှုနှင့် ကျယ်ပြန့်မှုတို့က ကျန်ဆုံးဖြတ်ချက်ချမှတ်သူများ တာဝန်ယူ၍မဖြစ်လောက်အောင် ကာဆီးထားသဖြင့် အသွင်ကူးပြောင်းမှုများ ကသောင်းကနင်းဖြစ်တတ်သည်။ အရေးအကြီးဆုံးကတော့ သမိုင်းကိုလမ်းကြောင်း ပြောင်းလဲနေရခြင်းဖြစ်သောကြောင့်လည်း အသွင်

ကူးပြောင်းမှုများ ကသောင်းကနင်းဖြစ်တတ်သည်။

အဆိုပါအသွင်ကူးပြောင်းမှု အကျပ်အတည်းများနှင့် စိန်ခေါ်မှုများကြောင့် အသွင်ကူးပြောင်းရေး နိုင်ငံရေးခေါင်းဆောင်အား စံပြတာဝန်ယူမှုနှင့် စံပြဦးဆောင်မှုလိုသည့် အခြေအနေထဲသို့ ပစ်ထည့်လိုက်သလိုဖြစ်သွားသည်။ တုံ့ပြန်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှု၊ အခြေအနေ၊ အလားအလာရှိသည့် နည်းလမ်းများ၏ ကောင်းကျိုးဆိုးပစ်များကို အကဲဖြတ်ဆန်းစစ်ချက် ကောင်းကောင်းလုပ်ခြင်းကိုအခြေခံပြီး ဦးဆောင်မှုပေးခြင်းတို့ကိုလုပ်ရသည့် အခြေအနေသို့ ရောက်သွားခြင်းလည်းဖြစ်သည်။ ထိုနိုင်ငံရေးခေါင်းဆောင်သည် အမျိုးသမီးဖြစ်စေ အမျိုးသားဖြစ်စေ သူ၏နိုင်ငံရေးပါဝင်ပတ်သက်မှုကို အခြေခံထားသည့်တန်ဖိုးများကိုအခြေခံပြီး ကိုယ်တိုင် အကဲဖြတ် ဆန်းစစ်ချက်ကို အရေးတကြီးပေးရသည်။

ထိုသို့သော စစ်မှန်သည့်ဦးဆောင်မှု၏ အဆုံးအဖြတ်ပေးသည့် အချိန်များ၊ ကာလ အခိုက်အတန့်များတွင် ရှေ့ရေးကိုမျှော်တွေးသည့် လုပ်နည်းလုပ်ဟန်၊ ဆန့်ကျင်မှုကိုရင်ဆိုင်ရဲသည့်သတ္တိ၊ ရလဒ်ကောင်းများကိုစိတ်ရှည် ရှည်ထားစောင့်စားမှု၊ မဆိုင်းမတွေဆောင်ရွက်တတ်ခြင်းနှင့် တိုင်းသူပြည်သားများနှင့်သူတို့၏ကိုယ်စားလှယ်များကို တာဝန်ခံခြင်းဟူသည့် အခြေခံများကိုမူတည်သည့် ရလဒ်များလိုအပ်သည်။

ထိုသို့သောစိန်ခေါ်မှုများကိုရင်ဆိုင်ခဲ့သည့် နိုင်ငံရေးခေါင်းဆောင် ၁၃ ဦးထံမှ သင်ခန်းစာများကို ဖမ်းဆုပ်ဖော်ပြထားသည့် စာအုပ်တစ်အုပ်ကိုထုတ်ရခြင်းအတွက် International IDEA မှ ဂုဏ်ယူမိပါသည်။ ဤဒီမိုကရေစီ **အသွင်ကူးပြောင်းခြင်းများ။ ။ 'ကမ္ဘာ့ခေါင်းဆောင်များနှင့် စကားပြောခြင်း'** (Democratic Transitions: Conversations with World Leaders) စာအုပ်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အောင်မြင်အောင်လုပ်ဆောင်ခြင်း၊ မြှင့်တင်ခြင်းတို့ လုပ်ကြရာတွင် အရေးကြီးသည့် နိုင်ငံရေးခေါင်းဆောင်များ၏အခန်းကဏ္ဍကို သုံးသပ်ဖော်ပြထားပါသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုကာလအတွင်း အရေးအကြီးဆုံးဖြစ်သည့်ကိစ္စရပ်များကို နှိုင်းယှဉ်စဉ်းစားကြည့်နိုင်သည့် အတွေ့အကြုံများကို မျက်မှောက်ခေတ် ခေါင်းဆောင်များ ဖတ်ရှုရပါလိမ့်မည်။

ဤစာအုပ်တွင် အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်များကဲ့သို့ ထူးချွန်ပြောင်မြောက်သည့် ပုဂ္ဂိုလ်များက ၎င်းတို့တမူထူးခြားသည့်အတွေ့အကြုံများကို မျှဝေခဲ့ကြသည့်ပုံစံဖြင့် ထည့်ဝင်ထားပါသည်။ ဒီမိုကရေစီအပြောင်းအလဲကို အောင်မြင်အောင်ကူညီလုပ်ကိုင်ခဲ့ကြသည့် ကမ္ဘာ့ခေါင်းဆောင်များ၏အတွေ့အကြုံများကို မျှဝေသင့်သည်ဟု ယုံကြည်ခဲ့သည့် မိမိအရင်ကအထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်သွားသည့် Vidar Helgesen အား သူ၏အမြင်နှင့် ခံယူချက်အတွက် အလွန်ပင်ကျေးဇူးတင်ရှိပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ပြင်ဆင်လုပ်ဆောင်ပေးခဲ့ကြပြီး ယခုစာအုပ်စီမံချက်ကို တွန်းအားပေးရန်လိုအပ်သည့် နိုင်ငံရေးဆိုင်ရာ

ထိုးထွင်းသိမြင်မှုနှင့် အတွေးအခေါ်ထက်မြက်မှုတို့ ပေးအပ်ခဲ့ခြင်းအတွက်လည်း အထက်လွှတ်တော်အမတ် ဘီတာနှင့် ပါမောက္ခ လိုဝန်သော် တို့ကိုကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏ အားထုတ်လုပ်ကိုင်မှု၊ အင်အားနှင့်ကျွမ်းကျင်နှံ့စပ်မှုတို့ကို မိမိတို့အနေဖြင့် များစွာတန်ဖိုးထားလေးစားမိပါသည်။

အတွေ့အကြုံများ၊ အတွေးအခေါ်များဖြင့် ကြွယ်ဝနေသည့် ဤစာအုပ်သည်လာမည့် ဆယ်စုနှစ်များအတွင်း အာဏာရှင်စနစ်နှင့် လူတစ်ခုကိုယ်စားပြုသော အုပ်ချုပ်ရေးမှသည် ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုများကို တာဝန်ယူဆောင်ရွက်ကြမည့် မျိုးဆက်သစ်ခေါင်းဆောင်များအတွက် လမ်းညွှန်ချက်နှင့်ဆင်ခြင်သုံးသပ်မှု၊ စေ့ဆော်တိုက်တွန်းမှုတို့၏ အရင်းအမြစ်အဖြစ် အသုံးပြုနိုင်လိမ့်မည်ဟု International IDEA မှမျှော်လင့်ပါသည်။

Yves Leterme
အထွေထွေအတွင်းရေးမှူး
International IDEA

# စာရေးသူ Sergio Bitar နှင့် Abraham F. Lowenthal တို့၏ အမှာစာ

အာဖရိက၊ အာရှ၊ ဥရောပမှ နှစ်ဦးစီ၊ လက်တင်အမေရိကမှ သုံးဦးပါဝင်သည့် သမ္မတဟောင်းနှင့်ဝန်ကြီးချုပ်ဟောင်း ၁၃ ဦးက အာဏာရှင်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုများ မည်သို့အောင်မြင်အောင် လုပ်ဆောင်ခဲ့သည်ကို ဤစာအုပ်တွင်ဖော်ပြထားသည်။[1] ထိုအသွင်ကူးပြောင်းရေးကြောင့်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများနှင့် ထိုစိန်ခေါ်မှုများကို မည်သို့မည်ပုံ ရင်ဆိုင်ကျော်လွှားခဲ့သည် စသည်တို့နှင့်ပတ်သက်ပြီး လက်တွေ့ထိုးထွင်းသိမြင်မှုများနှင့် နှိုင်းနှိုင်းချိန်ချိန် သုံးသပ်မှုများကို သိရှိရန်အတွက်ဆိုလျင်မူ ယခုစာအုပ်ပါခေါင်းဆောင်ဟောင်းများမှလွဲပြီး အခြားနှိုင်းယှဉ်လောက်စရာ လူမရှိပေ။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း လူကိုယ်တိုင်တွေ့ဆုံမေးမြန်းမှုများကို ဘရာဇီးသမ္မတ ကာဒိုဆို၊ ချီလီမှ ပါထရီစီယို အဲလွင်နှင့်ရီကာဒိုလာဂို့စ်၊ ဖိလစ်ပိုင်မှ ဖီဒယ်လ်ရာမို့စ်၊ ပိုလန်မှ အာလက်ဆန်းဒါး ဘွာညဲ့ဗ်စကီနှင့် တာဒေးဝှ၍ မာဇိယဲ့ဗ်စကီ၊ တောင်အာဖရိကမှ အက်ဖ်၊ ဒဗလျူ၊ ဒီက လက်၊ သာဘို အမ်ဘီကီ၊ စပိန်မှ ဖိလစ်ဂွန်ဇာလက်တို့နှင့် ပြုလုပ်ခဲ့သည်။ သမိုင်းဝင် အသွင်ကူးပြောင်းမှုများအတွင်း ၎င်းတို့၏အခန်းကဏ္ဍကို ထိုခေါင်းဆောင်များက ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုရှင်းပြကြခြင်းဖြစ်သည်။ ၎င်းတို့အထဲတွင် အသွင်ကူးပြောင်းမှုတစ်ခုအတွက် သက်ဆိုင်ရာခေါင်းဆောင်ကပထမဦးဆုံးပြန်ပြောင်းပြောပြမှုတစ်ခုပင်ပါဝင်သည်။

ဤတွေ့ဆုံမေးမြန်းမှုများတွင် ရေရှည်ဖွံ့ဖြိုးမှုမရှိပြီး ယခုအချိန်အထိ နောက်ကြောင်းမပြန်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ဦးတည်သွားခဲ့သည့် အာဏာရှင်စနစ်အမျိုးမျိုးမှ အသွင်ကူးပြောင်းမှုများကို ကျယ်ပြန့်စွာလွှမ်းခြုံဖော်ပြထားသည်။[2] အသွင်ကူးပြောင်းမှုတိုင်းသည် တမူထူးခြားမှုရှိနေသဖြင့် ခေါင်းဆောင်တစ်ဦးချင်းစီ၏ ပါဝင်ခဲ့သောအခန်းကဏ္ဍက သီးခြားစီဝိသေသရှိကြသည်။ မတူညီသည့် အာဏာရှင်စနစ်ပုံစံတစ်ခုစီမှ အဓိကထင်ရှားသူများဖြစ်ကြ

1 ဤအမှာစာသည် မူရင်းအင်္ဂလိပ်မူအတွက်ရေးသားထားသည့် အမှာစာဖြစ်ပါသည်။ ယခု မြန်မာဘာသာဖြင့် ထုတ်ဝေသည့် ဤစာအုပ်၏ အကျဉ်းချုပ်မူတွင် ဆက်စပ်ပတ်သက်မှုအရှိဆုံး ဖြစ်ရပ်အလိုက်လေ့လာမှုများကို ထုတ်နုတ်ထားခြင်းဖြစ်သောကြောင့် (ချီလီ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ပိုလန်နှင့် စပိန်) နိုင်ငံငါးနိုင်ငံမှ ခေါင်းဆောင်ငါးဦးနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြထားသည်။

2 ၂၀၁၂ ခုနှစ်အထိ ဤစာအုပ်စီမံချက်ကို မစတင်ရသေးသဖြင့် ထိုနိုင်ငံပေါင်း ကိုးနိုင်ငံမှ သမိုင်းဝင်ပုဂ္ဂိုလ်များဖြစ်ကြသည့် နယ်လ်ဆင်မင်ဒဲလား၊ ကိုရာဇန်အက္ခီနီ၊ ဗွိုက်ချက်ခ် ယာရှုဇစ်ကီ၊ ယူလိုက်ဆက် ဂီမာရေးရပ်စ်တို့ကိုတွေ့ဆုံမေးမြန်းနိုင်ခဲ့ခြင်းမရှိပါ။ ယခုခေတ်တွင်ထင်ရှားမှုရှိသည့် အခြားဒီမိုကရေစီ အသွင်ကူးပြောင်းမှုများမှ ခေါင်းဆောင်များဖြစ်ကြသည့် ဗားကလက်ဗ် ဟာဗဲလ် သို့မဟုတ် ရာအူးလ် အယ်လ်ဖွန်ဆင်တို့ကဲ့သို့ ထူးချွန်ထင်ရှားသည့် ခေါင်းဆောင်များကိုလည်း ထည့်သွင်းနိုင်ခဲ့ခြင်းမရှိပါ။

သည့် ဒီကလက်၊ ဟာဘီဘီနှင့် ဇီဒီယိုတို့သည် ၎င်းတို့၏တိုင်းပြည်များကို တရားဝင်မှုရှိသော ဒီမိုကရေစီသို့ ကူးပြောင်းရန်ကူညီခဲ့သူများဖြစ်ကြသည်။ အဲလွင်၊ ကာဒိုဆို၊ ဂွန်ဇာလက်စ်၊ ကူးဖော်၊ လာဂိုစ်၊ မာဇို ယဲ့ဝ်စကီနှင့် အမ်ဘီကီတို့သည် အာဏာရှင်အုပ်ချုပ်ရေးကို နိုဂုံးချုပ်စေခဲ့သည့် အတိုက်အခံလှုပ်ရှားမှုများတွင် ထင်ရှားလာသူများဖြစ်ကြသည်။ ထို့နောက် ၎င်းတို့တိုင်းပြည်တွင် ဒီမိုကရေစီတည်ဆောက်ရေးကို ကူညီခဲ့ကြသည်။ ခွာညဲ့ဝ်စကီ၊ ရာမို့စ်နှင့် ရောလင်းစ်တို့သည် အာဏာရှင်အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီတို့ကြားမှ အကွဲအပြဲကြားတွင် ရပ်တည်ကာ ပေါင်းကူးပေးခဲ့ရသည့် ပြယုဂ်များဖြစ်သည်။ ထိုခေါင်းဆောင် ၁၃ ဦးစလုံးသည် ၎င်းတို့တိုင်းပြည်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို ထူးခြားအရေးပါသည့် ထည့်ဝင်ဆောင်ရွက်မှုများ ပြုခဲ့ကြသည်။

ထိုအစိုးရထိပ်တန်းခေါင်းဆောင်များ လုပ်ဆောင်ခဲ့သည်များနှင့် လုပ်ဆောင်ချက်များ၏ အကြောင်းရင်းကို တွေ့ဆုံမေးမြန်းမှုများတွင် စိတ်ဝင်စားဖွယ်မီးမောင်းထိုးဖော်ပြထားပါသည်။ အာဏာရှင်စနစ်အဆုံးသတ်ရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးပုံပေါ်လာစေရန်အတွက်ပါ ထိရောက်ပီပြင်သည့်ဆောင်ရွက်ချက်များ၏ မူလအစနှင့် စရိုက်လက္ခဏာများကို ခေါင်းဆောင်များက ဆွေးနွေးထားသည်။ ၎င်းတို့ရင်ဆိုင်ရသည့် အဓိကပြဿနာများကို မည်သို့ရင်ဆိုင်ပြီး နားလည်သဘောပေါက်ခဲ့သည်၊ မည်သည့်ရည်မှန်းချက်များကို ၎င်းတို့အောင်မြင်အောင် ရည်မှန်းခဲ့ရသည်၊ မည်သည့်မဟာဗျူဟာများနှင့်နည်းဗျူဟာများကို ချမှတ်လုပ်ဆောင်ခဲ့ရသည်၊ ထိုမဟာဗျူဟာများနှင့် နည်းဗျူဟာများ မည်သို့ပြောင်းလဲသည်၊ ဘာကြောင့်ပြောင်းလဲသည်ဆိုသည်ကို လည်း ခေါင်းဆောင်များက ပြန်လည်ပြောပြခဲ့သည်။ တခါတရံတွင် နောင်တရဖွယ်ဖြစ်သော အရေးကြီးသည့်ဆုံးဖြတ်ချက်များကို ၎င်းတို့ချမှတ်ခဲ့ရသည့်အကြောင်း ပြန်ပြောင်းပြောပြကြသည်။[3] လက်ရှိနှင့်အနာဂတ်အသွင်ကူးပြောင်းမှုများအတွက် ၎င်းတို့၏ အတွေ့အကြုံများမှ ရရှိနိုင်သည့်သင်ခန်းစာများကို ၎င်းတို့က ဆင်ခြင်သုံးသပ်ပြခဲ့သည်။ ယနေ့ခေတ် ဒီမိုကရေစီတည်ဆောက်ခြင်းအတွက် အခွင့်အလမ်းများနှင့် ၎င်းတို့၏မျိုးဆက်တုန်းက အခွင့်အလမ်းများကြား ကွဲပြားမှုများကိုလည်း ခေါင်းဆောင်များက ဆင်ခြင်သုံးသပ်ပြခဲ့ကြသည်။

3 ၎င်းတို့၏ဆုံးဖြတ်ချက်များကို နောက်ကြောင်းပြန်ရှင်းပြခြင်းနှင့် ၎င်းတို့၏လုပ်ရပ်များ၏ အကျိုးဆက်များကို အကဲဖြတ်ဆန်းစစ်ခြင်းတို့အတွက် နိုင်ငံရေးခေါင်းဆောင်များ၏ ပြောကြားချက်များသည် လုံးဝဥသုံတိကျသည်ဟုတော့ မဆိုနိုင်ပါ။ အပြည့်အဝရိုးသားမှုရှိရန်မည်မျှပင် ထိုခေါင်းဆောင်များက အမှန်တကယ်အားသွန်ကြိုးပမ်းသည်ဖြစ်စေ နစ်ပေါင်းများစွာက ၎င်းတို့ရင်ဆိုင်ခဲ့ရသည့် အခြေအနေများကို အတိအကျမှတ်မိနိုင်ဖွယ်မရှိပါ။ ထိုအချိန်က အခြေအနေများကို မည်သည့်အမြင်နှင့် ထိုအချိန်ကအရေးယူဆောင်ရွက်ခဲ့ပုံတို့ကို အတိအကျမှတ်မိနိုင်ဖွယ်မရှိပါ။ ဖြစ်စဉ်များတွင်ပါဝင်နေသည့် အင်အားစုများကို မှားယွင်းစွာဝေဖန်အကဲဖြတ်မိသည်လည်း ရှိနိုင်ပါသည်။ ခြုံငြေပြောရလျှင် ဤတွေ့ဆုံမေးမြန်းချက်များသည် စစ်မှန်မှုကိုပေါင်းစုထားပြီး အခြားရနိုင်စရာ ရင်းမြစ်မရှိသည့် တန်ဖိုးရှိသောရှုထောင့်များကိုပေးအပ်မည်ဟု မိမိတို့ယုံကြည်ပါသည်။ အမှားအယွင်းများကိုဖုံးဖိပြီး အောင်မြင်မှုများကိုအသားပေးပြီး ခေါင်းဆောင်များက ပြောချင်ပြောမည် ဖြစ်သော်လည်း အခြားစိတ်ဖြာသုံးသပ်မှု နည်းလမ်းများဖြင့်ဆိုလျှင် မေးမှိန်သွားနိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များနှင့် ခေါင်းဆောင်တစ်ဦးချင်း ရွေးချယ်ဆုံးဖြတ်ချက်များကိုမူ သိမြင်နားလည်အောင် ၎င်းတို့ကပြောကြားခဲ့ကြသည်။ တမူထူးခြားသည့် ဤအရင်းအမြစ်ကို နက်ရှိုင်းစွာသိရှိနားလည်ဖို့ တွေ့ဆုံမေးမြန်းမှုများထက် ကောင်းမွန်သည့် နည်းလမ်းမရှိပါ။

ထိုအသွင်ကူးပြောင်းမှုများတွင် ဆက်လက်၍ အရေးပါနေဦးမည့်ပုစ္ဆာများကို တွေ့ဆုံမေးမြန်းမှုများမှုများက ရှင်းလင်းထင်ရှားသွားစေသည်။ ထိုပုစ္ဆာများမှာ စိတ်ဝမ်းကွဲနေသည့် နိုင်ငံရေးနှင့်လူမှုရေးအင်အားစုများကို အာဏာရှင်အစိုးရတစ်ရပ်ကိုရင်ဆိုင်ရန် မည်သို့ညီညွတ်အောင်၊ စုဖွဲ့မှုရှိအောင်လုပ်မည်၊ အာဏာရှင် အစိုးရအတွင်း နိုင်ငံရေးတံခါးဖွင့်ရန် လှုပ်ရှားမှုကို မည်သို့အားဖြည့်မည်၊ အတိုက်အခံအုပ်စုအမျိုးမျိုးနှင့် ဖြစ်နိုင်လျှင် အစိုးရဟောင်း၏အင်အားစုများကြားတွင်ပါ အလုပ်ဖြစ်မည့် စေ့စပ်ညှိနှိုင်းမှုများ တိုးတက်ဖြစ်ထွန်းအောင် မည်သို့လုပ်မည်၊ ဒီမိုကရေစီ အင်အားစုများတည်ဆောက်ရန်နှင့် နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းရန် ဘာကြောင့်လုပ်သင့်သည်၊ မည်သို့လုပ်ဆောင်မည်ဆိုသည့် ပုစ္ဆာများပင်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏လွှမ်းမိုးမှုနှင့် ထိုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ကန့်သတ်ထားမှုများကိုလည်း ခေါင်းဆောင်များက ဆင်ခြင်သုံးသပ်ပြီး ပြောကြားခဲ့ကြသည်။

စစ်တပ်၊ရဲတပ်ဖွဲ့နှင့်ထောက်လှမ်းရေးအဖွဲ့အစည်းများကိုအရပ်ဘက်ထိန်းချုပ်မှုအောက်ထားရှိရေး အာမခံချက်ကိုရအောင်လုပ်ဆောင်ခဲ့ပုံ၊ အသွင်ကူးပြောင်းမှုနှင့် အတိတ်ဒဏ်ရာ အနာတရများပျောက်ကင်းအောင် ကူညီဆောင်ရွက်ပေးမည့် တရားမျှတမှု လိုအပ်ချက်ကို ပြိုင်ဘက်ဟောင်းများနှင့်အတူ ယှဉ်တွဲနေထိုင်ရေးဟူသည့်အရေးအကြီးဆုံးအချက်နှင့် ချိန်ခွင်လျှာမျှအောင်လုပ်ဆောင်ပုံ၊ တန်းတူညီမျှမှုနှင့် ရင်းမြစ်များကိုခွဲဝေခြင်းအတွက် ပြည်သူလူထု၏ တောင်းဆိုမှုများနှင့် မျှော်လင့်တောင့်တမှုများကိုတုံ့ပြန်ဆောင်ရွက်ရင်း စီးပွားရေးနယ်ပယ်မှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းနှင့် ယုံကြည်မှုတိုးပွားအောင်လုပ်ဆောင်ပုံ၊ အခြေခံဥပဒေ ဆိုင်ရာစည်းမျဉ်းများ၊ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများကိုဖွံ့ဖြိုးအောင်လုပ်ဆောင်ပုံစသည့် အကဲအလွန်ဆတ်သောပုစ္ဆာများကို ခေါင်းဆောင်များက ဖြေရှင်းခဲ့ကြသည်။ ၎င်းတို့၏နှုတ်ထွက်စကား၊ အသုံးအနှုန်းများသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှု လေ့လာချက်အများစုတွင် ပျောက်ဆုံးနေသည့် အရာတစ်ခုဖြစ်သည့်ပါရင့်နိုင်ငံရေးအမြော်အမြင်ကို ယခုခေါင်းဆောင်များက ဖော်ပြပေးနေသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုများသည် နိုင်ငံရေးအခင်းအကျင်း၏ ထိပ်သီးပိုင်းမှပုဂ္ဂိုလ်များကြောင့်သာ အောင်မြင်ခဲ့ခြင်းမဟုတ်ပါ။ အဓိကသူတို့ကြောင့် အောင်မြင်ခဲ့သည်လည်း ရှိပါသည်။ လူထုလှုပ်ရှားမှုများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့အသုံးချသည့် လက်နက်များဖြစ်သည့် သပိတ်များ၊ ဆန္ဒပြပွဲများ၊ လမ်းမထက်ချီတက်ဆန္ဒပြမှုများနှင့် အခြားသော အောက်ခြေမှဖိအားပေးမှုများသည်လည်း အသွင်ကူးပြောင်းမှုအားလုံးတွင် အရေးကြီးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဘရာဇီးမှ diretas já လူထုအုံကြွမှုမှသည် မနီလာမြို့တော်မှ ပြည်သူ့အာဏာလှုပ်ရှားမှု၊ အင်ဒိုနီးရှားမှ ဆူဟာတိုဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးများမှသည် ပိုလန်နိုင်ငံမှ Solidarity အလုပ်သမား သမဂ္ဂဝင်လုပ်သားများ၏လှုပ်ရှားမှုနှင့် မက္ကဆီကိုမှ ၁၉၆၈ ခုနှစ်

ကျောင်းသားဆန္ဒပြပွဲများအထိ ဤစာအုပ်ပါ အသွင်ကူးပြောင်းမှု ကိုးခုအနက် တစ်ခုချင်းစီသည် ခေါင်းဆောင်နှင့် အောက်ခြေလူပ်ရှားမှုတို့ကြောင့် ကွဲပြားသောနည်းလမ်းများ၊ ကွဲပြားသော အတိုင်းအတာများဖြင့် အောင်မြင်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်သည်။ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ ကျောင်းသားများ၊ သက်မွေးပညာဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများသည် ထိုနိုင်ငံကိုနိုင်ငံတွင် အပြောင်းအလဲများကိုဖြစ်ထွန်းစေရန် အထောက်အကူပြုခဲ့ကြသည်။ လူမှုစီးပွားရေးတည်ဆောက်ပုံများ၊ လူဦးရေနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အရှိတရားများ၊ နက်ရှိုင်းသောယဉ်ကျေးမှုနှင့် နိုင်ငံ့သမိုင်းကြောင်းများကလည်း ဒီမိုကရေစီကိုတောင်းဆိုမှုများအား ပုံဖော်သည်။ ဒီမိုကရေစီကိုရရှိအောင် ကျော်လွှားရမည့် အတားအဆီးများကိုလည်း ပုံဖော်ပေးသည်။

နိုင်ငံရေးခေါင်းဆောင်မှုသည်လည်း အရေးကြီးသည်ဆိုသည်ကို ဤစာအုပ်ပါတွေ့ဆုံမေးမြန်းမှုများ အခိုင်အမာပြဆိုသည်။ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ဦးတည်သည့် အဆိုပါလှုပ်ရှားမှုများ၏ အဆင့်တိုင်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက အဓိကကျသည်။ နယ်လ်ဆင်မင်ဒဲလားနှင့် အက်ဖ်၊ ဒဗလျူ၊ ဒီကလက်၊ အိုလီဗာသမ်ဘိုနှင့် သာဘိုအမ်ဘီကီတို့ မပါဘဲ တောင်အဖရိကနိုင်ငံ၏ အသွင်ကူးပြောင်းမှုကို စိတ်ကူးကြည့်နိုင်မည်မဟုတ်ပါ။ နှစ်ပရိဒ္ဓေဒကြာမြင့်လှသည့် ဆူဟာတိုအစိုးရမှ အင်ဒိုနီးရှားဖ၏အသွင်ကူးပြောင်းမှုတွင် အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍမှပါခဲ့သည့် ဘီ၊ ဂျေ၊ ဟာဘီဘီမပါဘဲ ယင်းအသွင်ကူးပြောင်းမှုကိုနားလည်နိုင်မည်မဟုတ်ပါ။ ပါထရီဆီယို အဲလွင်နှင့် ရီကာဒို လာဂို့စ်တို့၏ ထူးခြားသောထည့်ဝင်ဆောင်ရွက်မှုများမရှိဘဲ ချီလီအသွင်ကူးပြောင်းမှုကို သဘောပေါက်နားလည်နိုင်မည်မဟုတ်ပါ။ ယူအန်ကားလို့စ် ဘုရင်မင်းမြတ်၊ အဒိုလ်ဖိုဆွာ ရက်ဇ် ဖိလစ်ဝွန်ဇာလက်တို့ပါဝင်ခဲ့သည့် အရေးကြီးသော အခန်းကဏ္ဍများကိုထည့်မတွက်ဘဲ စပိန်အသွင်ကူးပြောင်းမှုကို တန်ဖိုးထားခံစားနိုင်မည်မဟုတ်ပါ။ လက်ခ်ဗွယ်ဆာ၊ ဗို့ဂ်ချက်ခ် ယာရူဇဲစ်ကီ၊ တာဒေးဝုရှ် မာဇိုယဲ့ဗ် စကီ၊ အလက်ဆန်းဒါး ခွာညဲ့ဗ်စကီးတို့ပါဝင်သည့် ထူးခြားထင်ရှားသော အခန်းကဏ္ဍများကို ဆန်းစစ်လေ့လာခြင်းမရှိဘဲ ပိုလန်ဒီမိုကရေစီအောင်ပွဲကို အကဲဖြတ်နိုင်မည်မဟုတ်ပါ။ ပြဋ္ဌာန်းချက်များ၊ အဆောက်အဦများသည် အရေးကြီးသည်မှာမှန်သော်လည်း ဆောင်ရွက်ပြုမူသူလူသားများသည်လည်း အရေးကြီးပေသည်။ နိုင်ငံရေးသိပ္ပံပညာရှင်များက ခေါင်းဆောင်မှု၏အရေးပါပုံကို ဘေးချိတ်ထားလေ့ရှိကြသည်။ဤစာအုပ်ကထိုခေါင်းဆောင်မှုအရေးပါပုံကိုအသားပေးတင်ပြထားသည်။[4]

4 နိုင်ငံရေးခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး ပညာရပ်ဆိုင်ရာစာအုပ်စာတမ်းများ အုံ့ဩဖွယ်ကောင်းအောင် နည်းပါးနေသည်။ ခေတ်သစ်နိုင်ငံရေးသိပ္ပံဘာသာရပ်၏အထောက်အကူများ၊ အစီအမံများဖြင့် နိုင်ငံရေးခေါင်းဆောင်မှုကို ဖမ်းဆုပ်ကြည့်ရန် အလွန်ပင်ခက်ခဲသောကြောင့်လည်း ဖြစ်နိုင်သည်။ ချွင်းချက်ထားပြောရမည့် စာအုပ်မှာ Juan J. Linz ရေးသားသည့် 'ဒီမိုကရေစီနှင့် ဒီမိုကရေစီသစ်သို့ အသွင်ကူးပြောင်းမှုတွင် တီထွင်ဖန်တီးမှုရှိသည့် ခေါင်းဆောင်မှုပညာ-စပိန်ဖြစ်ရပ်' Juan J. Linz, 'Innovative Leadership in the Transition to Democracy and a New Democracy: The Case of Spain,' in Gabriel Sheffer (ed.), *Innovative Leadership in International Politics* (Albany, N.Y.: State University of New York Press, 1993) စာအုပ်ဖြစ်သည်။ မကြာသေးမီကထုတ်ဝေလိုက်သည့် Archie Brown ရေးသားသော တင်းမာသောခေါင်းဆောင်ဆိုသည့် ယုံတမ်း-ခေတ်သစ်ကာလ၏ နိုင်ငံရေးခေါင်းဆောင်မှု Archie Brown,

ဤစာအုပ်ပါတွေ့ဆုံမေးမြန်းမှုများသည် စာအုပ်၏အသက်ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှု တစ်ခုလျှင် နှစ်နာရီမှသည် ငါးနာရီခွဲအထိကြာမြင့်သည့် တွေ့ဆုံမေးမြန်းမှုများအတွက် သက်ဆိုင်ရာနိုင်ငံအကြောင်း ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်လေ့လာဖတ်ရှုခြင်းတို့ဖြင့်စာရေးသူများကပြင်ဆင်ခဲ့ကြပါသည်။ တူညီသောပင်မအကြောင်းအရာများနှင့် အရေးကိစ္စများကို အဓိကအာရုံစိုက်ခဲ့သလို ဖြစ်ရပ်တစ်ခုချင်းစီ၏ အထူးအရေးပါသည့် အဖြစ်အပျက်များကိုလည်း အာရုံစိုက်ခဲ့ပါသည်။ တင်းကျပ်သည့် စစ်တမ်းမေးခွန်းလွှာမျိုးကို မိမိတို့မသုံးခဲ့ဘဲ နိုင်ငံရေးခေါင်းဆောင်အသီးသီးနှင့် အသက်ပါပါ ပြောဆိုဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာဝယ် ၎င်းတို့၏တိုင်းပြည်များမှ အသွင်ကူးပြောင်းမှုများကို နားလည်ရေး၊ ထိုအသွင်ကူးပြောင်းမှုများကို အောင်မြင်အောင်လုပ်ဆောင်ခဲ့ပုံ ၎င်းတို့၏စဉ်းစားသုံးသပ်ချက်များနှင့် မည်သည့်သင်ခန်းစာများရနိုင်မည်ဆိုသည်တို့ကို ထုတ်ဖော်ရေးဟူသည့် စာရေးသူတို့၏ရည်မှန်းချက်ကို ဦးထိပ်ထားခဲ့သည်။

ခေါင်းဆောင်တစ်ဦးချင်းစီ၏ သဘောတူခွင့်ပြုချက်ဖြင့် မလိုအပ်သည့် အပ်ကြောင်းထပ်မှုများကိုရှောင်ရှားနိုင်ရန် တွေ့ဆုံမေးမြန်းချက်အရေးအသားကို စာရေးသူများက တည်းဖြတ်ခဲ့ပါသည်။ အကြောင်းအရာခေါင်းစဉ်အလိုက် ခေါင်းဆောင်များ၏မှတ်ချက်ပြုပြောကြားချက်များကို အစီအစဉ်တကျတင်ပြထားပြီး မိမိတို့၏ မေးခွန်းများ၊ မှတ်ချက်များကို အနှစ်ချုပ်ထားပါသည်။ (ဖီဒယ်လ် ရာမို့စ်နှင့် ဘီ၊ ဂျေ၊ ဟာဘီဘီတို့၏) တွေ့ဆုံမေးမြန်မှုများတွင်ပါရှိသည့် အချက်များကို ပိုပြီးပြည့်စုံစွာတင်ပြနိုင်ရန် ၎င်းတို့နှစ်ဦးရေးသားထုတ်ဝေထားပြီးသား စာအုပ်များမှ သက်ဆိုင်ရာစာပိုဒ်များကို တွေ့ဆုံမေးမြန်းမှုများထဲတွင် သံခိပ်ဖော်ပြထားသည်။ စာဖတ်သူ၏သုံးသပ်ချက်ပြုလုပ်မှုလွယ်ကူစေရန် ခေါင်းစဉ်ငယ်များနှင့် စာလုံးမည်းများကိုထည့်သွင်းခြင်း၊ အတိုချုပ်ရှင်းလင်းချက်များကို ကွင်းစကွင်းပိတ်ဖြင့်ဖော်ပြခြင်း၊ ဖြစ်ရပ်တစ်ခုချင်းစီအတွက် ဆက်လက်

---

*The Myth of the Strong Leader: Political Leadership in the Modern Age* (London: Bodley Head and New York: Basic Books, 2014). ကိုလည်းကြည့်ပါ။ အဆိုပါ 'ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်သော' သို့မဟုတ် 'အသွင်ကူးပြောင်းမှုတွင်ပါဝင်သော ခေါင်းဆောင်များအဖြစ် Brown ကသတ်မှတ်သည့် နိုင်ငံရေးပြယုဂ်များသည် မူအရချွင်းချက်ထားပြောရမည့်သူများဖြစ်သည်။ သို့သော် ၎င်းတို့သည် နက်ရှိုင်းသည့်ခြားနားမှုကိုလုပ်ဆောင်နိုင်ကြသည်။ အင်အားသုံးအုပ်ချုပ်သူကို ယုံကြည်ခြင်း၏အန္တရာယ်များကို အလေးထားပြောထားသော်လည်း ပူးတွဲလုပ်ကိုင်ပြီး ပါသင့်သူအားလုံးပါသည့် ခေါင်းဆောင်မှုကိုလိုလားသည့်တင်ပြချက်များကို စာရေးသူကရေးသားခဲ့သည်။ မိမိတို့နှင့်စာရေးဆက်သွယ်ရာတွင် ထိုသို့သောခေါင်းဆောင်မှုမျိုးသည် အသွင်ကူးပြောင်းမှုကာလတွင် အထူးလိုအပ်ကြောင်း Brown ကမှတ်ချက်ပြုခဲ့သည်။ ထိုစူးစမ်းလေ့လာမှုကို ဤစာအုပ်ပါတွေ့ဆုံမေးမြန်းမှုများတွင် စနစ်တကျပြုဆိုထားပါသည်။ နောက်ထပ်ရှေ့ထောင့်တစ်ခုကို Marshall Ganz ရေးသားသည့် 'အပြောင်းအလဲကိုခေါင်းဆောင်ခြင်း-ခေါင်းဆောင်မှုပညာ၊ အဖွဲ့အစည်းနှင့် လူမှုရေးလှုပ်ရှားမှု' ဟူသည့်စာတမ်းကို Handbook of Leadership and Practice စာအုပ် by Marshall Ganz in 'Leading Change: Leadership, Organization and Social Movements,' in Nitin Nohria and Rakesh Khurena (eds), *Handbook of Leadership and Practice* (Boston: Harvard Business Press, 2010) မှ ရရှိခဲ့ပါသည်။ ခေါင်းဆောင်မှုဟူသည် 'မရေရာမှုနှင့်ရင်ဆိုင်လာရမျိုန်၌ တူညီသည့်ရည်ရွယ်ချက်များ အောင်မြင်အောင် အခြားသူများကလည်းလုပ်ဆောင်နိုင်စေသည့် အခြေအနေများကို ဖန်တီးပေးရန်တာဝန်အား လက်သင့်ခံခြင်း' ဟု Ganz က အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤစာအုပ်တွင် တွေ့ဆုံမေးမြန်းထားသည့် ခေါင်းဆောင်အများစုသည် အထက်ပါခေါင်းဆောင်မှုဖွင့်ဆိုချက်၏ သရုပ်သကန်ပင်ဖြစ်တော့သည်။

ဖတ်ရှုရန် စာအုပ်အညွှန်း၊ အထောက်အကူအပြုနိုင်ဆုံးဟု စာရေးသူများကယူဆသည့် နှိုင်းယှဉ်လေ့လာနိုင်သော သဘောတရားရေးရာ စာအုပ်စာတမ်းများကို အကြံပြုထည့်သွင်းဖော်ပြထားသည်။ သက်ဆိုင်ရာခေါင်းဆောင်များနှင့်လူပုဂ္ဂိုလ်များ၊ ပါတီများ၊ ဖြစ်ရပ်များကို ရည်ညွှန်းကိုးကားရန်ရှာဖွေရာတွင် အထောက်အကူပြုစေမည့် အချိန်ပြမျဉ်းကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ခေါင်းဆောင်တစ်ဦးချင်းစီ၏ ကိုယ်ရေးအကျဉ်းကိုလည်း ထည့်သွင်းထားပါသည်။ တွေ့ဆုံမေးမြန်းမှုများမတိုင်မီ အခြေအနေနောက်ခံ အက်ဆေးများကိုဦးစွာဖော်ပြထားပါသည်။ ထိုအက်ဆေးများကို တိုင်းပြည်တစ်ခုချင်းစီကို အထူးပြုသည့်ပညာရပ်ဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူများက ရေးသားထားခြင်းဖြစ်ပြီး အသွင်ကူးပြောင်းမှုနှင့် ခေါင်းဆောင်တစ်ဦးချင်းစီ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးတင်ပြထားသည့် အက်ဆေးများဖြစ်သည်။

ဖြစ်ချင်တော့ ထိုအသွင်ကူးပြောင်းမှုများထဲမှ သက်ရှိထင်ရှားအမျိုးသမီးခေါင်းဆောင်တစ်ဦးမျှမရှိတော့ပေ။ မိမိတို့တွေ့ဆုံမေးမြန်းခဲ့သော ခေါင်းဆောင်များကလည်း ထိုအသွင်ကူးပြောင်းမှုများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်ပြီး ထိုးထွင်းသိမြင်မှုများစွာကို ပေးအပ်နိုင်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့၏ အကြံပြုချက်ဖြင့် International IDEA က မန်ချက်စတာတက္ကသိုလ်မှ ပါမောက္ခ Georgina Waylen ကို ထိုအမျိုးသမီး ခေါင်းဆောင်များဆိုင်ရာ အကြောင်းအရာအတွက် သီးခြားအခန်းတစ်ခန်းပါဝင်ရေးသားခိုင်းခဲ့ပါသည်။ နှစ်ပေါင်းများစွာအတွင်း သူမလုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများ၊ အစိုးရထိပ်တန်းခေါင်းဆောင်အဆင့်မဟုတ်သော်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည့် ထိုကိုးနိုင်ငံမှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများနှင့် တွေ့ဆုံမေးမြန်းမှုအသစ်များတွင် အခြေတည်ကာ ပါမောက္ခ Georgina Waylen က သူ၏အက်ဆေးကို ရေးသားထားသည်။

စာရေးသူတို့နှစ်ဦးရေးသားခဲ့ကြသည့် နိဂုံးချုပ်အက်ဆေးတွင် အာဏာရှင်အုပ်ချုပ်ရေးမည်သို့နိဂုံးချုပ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေး မည်သို့တည်ဆောက်ပုံအကြောင်း အဓိကအခြေခံများကို အနှစ်ချုပ်ဖော်ပြထားပါသည်။ အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးသို့အသွင်ကူးပြောင်းမှုများသည် အခါခါပြန်ပေါ်လာသော စိန်ခေါ်မှုများကိုရင်ဆိုင်ရသည်။ ကိုးနိုင်ငံစလုံး၏ ဖြစ်ရပ်များက ရရှိသောသင်ခန်းစာများသည် အနာဂတ်ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများနှင့် လွန်စွာသက်ဆိုင်နေသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးတည်ထောင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းနေဆဲ ကမ္ဘာ့အရပ်ရပ်မှ အနာဂတ်နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံသားများအတွက် ဤစာအုပ်သည် အဖိုးတန်စာအုပ်ဖြစ်သည်။ အရပ်ဖက်အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများအတွက်၊ မီဒီယာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအတွက်၊ ဒီမိုကရက်တစ် အသွင်ကူးပြောင်းမှုများကိုပံ့ပိုးရန်၊ ဆောင်ရွက်ရန်၊ မြေတောင်မြှောက်ရန်၊ နားလည်သိရှိရန် လိုလားသူများ အားလုံးအတွက် ဤစာအုပ်သည် အဖိုးတန်စာအုပ်ဖြစ်ပါ သည်။

ဤစာအုပ်ပါ တွေ့ဆုံမေးမြန်းမှုများကို မိမိတို့နှစ်ဦးအတူတကွ လုပ်ဆောင်ရခြင်းနှင့်

မိမိတို့လေ့လာသိရှိရသည်ကို ပူးတွဲသုံးသပ်ဆင်ခြင်ကြည့်ရခြင်းသည် အဲ့မခန်းအတွေ့အကြုံဖြစ်သည်။ အထူးသဖြင့် မိမိတို့စူးစမ်းလေ့လာခဲ့သည့်မေးခွန်းများ၏ ဆက်လက်အရေးပါနေမှုနှင့် မိမိတို့တွေ့ဆုံမေးမြန်းခဲ့သည့်သူများ၏ အဲ့သြဖွယ်အရည်အချင်းများ၊ အတွေ့အကြုံများကြောင့် မိမိတို့အတွက် အဲ့မခန်းအတွေ့အကြုံဖြစ်ရခြင်းဖြစ်သည်။ မိမိတို့စာရေးသူနှစ်ဦး၏ တူညီသောတန်ဖိုးများ၊ ကွဲပြားသောဘဝအတွေ့အကြုံများကိုအခြေတည်ကာ ဤစာအုပ်ရေးသားမှုကို တာဝန်ယူဆောင်ရွက်ကြရင်း မိမိတို့နှစ်ဦး၏ရေရှည်ဆက်ဆံရေးမှာလည်း ပိုပြီးနက်ရှိုင်းလာခဲ့သည်။

ဤအစီအစဉ်ကို ဦးဆောင်ဦးရွက်ပြုခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့အတွက် International IDEA ကို အလွန်ပင် တန်ဖိုးထားလေးစားမိခြင်းနှင့် ၎င်းတို့၏ပြန်ပြောင်းပြောပြချက်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးခဲ့ကြသော ခေါင်းဆောင်များကိုလည်း လေးနက်စွာကျေးဇူးတင်ရှိခြင်းနှင့်အတူ စာဖတ်သူများအားလည်း ကျွန်ုပ်တို့နှင့်အတူတကွ ၎င်းတို့အားပူးပေါင်းလေ့လာသင်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အခန်း (၁)

# ချီလီနိုင်ငံ

# ချီလီနိုင်ငံ၏အောင်မြင်သော အသွင်ကူးပြောင်းမှု - နိုင်ငံရေးရပ်တည်ချက် အပြင်းအထန်ကွဲလွဲမှုမှသည် တည်ငြိမ်သည့်ဒီမိုကရေစီသို့

Genaro Arriagada ရေးသည်။

၁၉၇၀ ပြည့်နှစ်၌ ချီလီနိုင်ငံ၏လူဦးရေသည် ကိုးသန်းနီးပါးရှိပြီး လက်တင်အမေရိကတိုက်တွင် တစ်နှစ်လူတစ်ဦး ချင်းဝင်ငွေအရ တတိယအမြင့်ဆုံးနိုင်ငံဖြစ်သည်။ လက်ဝဲအုပ်စု၊ လက်ယာအုပ်စု၊ နိုင်ငံရေးအမြင်မျှတသည့်အုပ်စုဟူ၍ အုပ်စုသုံးစုအညီအမျှနီးပါး ရှိနေသည့် အပြည့်အဝဖွံ့ဖြိုးသော နိုင်ငံရေးပါတီစနစ်ရှိသည့် ချီလီနိုင်ငံသည် ဥရောပ၏လွှမ်းမိုးမှုကို ထင်ဟပ်ဖော်ပြသည့် နိုင်ငံရေးအရ တိုးတက်သောလူ့အဖွဲ့အစည်းဖြစ်သည်။ လက်ဝဲအုပ်စုတွင် မာ့က်စ်-လီနင်ဝါဒကိုကိုင်စွဲသော ပါတီနှစ်ခုရှိသည်။ ထိုပါတီနှစ်ခုအနက် ပိုမိုကြီးမားသည့်ပါတီသည် ဆိုဗီယက်လိုလားသော ကွန်မြူနစ်ပါတီဖြစ်သည်။ အီတလီနင့်ပြင်သစ်ရှိ ကွန်မြူနစ်ပါတီများပြီးလျှင် ဤပါတီသည်အနောက်ကမ္ဘာ၌တတိယမြောက်အကြီးဆုံးကွန်မြူနစ်ပါတီဖြစ်သည်။ နိုင်ငံရေးအမြင်မျှတသည့်အုပ်စုတွင် လွှမ်းမိုးထားသောအင်အားစုမှာ ခရစ်ယာန်ဒီမိုကရက်ပါတီဖြစ်သည်။ ဤခရစ်ယာန်ဒီမိုကရက်ပါတီသည် ဥရောပရှိအလားတူပါတီများထက် လက်ဝဲအုပ်စုနှင့်ပိုမိုနီးစပ်သည်။ အရေးပါအရာရောက်မှုတွင် အီတလီနှင့် ဂျာမနီနိုင်ငံတို့ရှိ ခရစ်ယာန်ဒီမိုကရက်ပါတီများနှင့် ဆင်တူသည်။ လက်ယာအုပ်စုတွင် ဒီမိုကရေစီအစဉ်အလာရှိပြီး ဤအုပ်စုရှိပါတီများသည် အခြားလက်တင်အမေရိကနိုင်ငံများရှိ လက်ယာနိုင်ငံရေးအုပ်စုဝင် ပါတီများထက် ပိုပြီးစနစ်တကျဖွဲ့စည်းထားသည့် ပါတီများဖြစ်သည်။ စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့သည်ခိုင်မာသော အရပ်ဖက် ထိန်းချုပ်မှုအောက်တွင် ဟိုးယခင်ကတည်းကရှိခဲ့သည်။

အထက်ပါနောက်ခံအခြေအနေတွင် Popular Unity (လက်ဝဲနိုင်ငံရေးမဟာမိတ်အဖွဲ့) လှုပ်ရှားမှုဖြင့် ၁၉၇၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆယ်ဗာဒိုအာယွန်ဒီ အနိုင်ရခဲ့သည်။ အာယွန်ဒီသည် မဲအရေအတွက်စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းဖြင့် သမ္မတဖြစ်လာခဲ့သည်။ သို့သော် သူ့ပါတီက ကွန်ဂရက်လွှတ်တော်နှစ်ရပ်စလုံးတွင် ကိုယ်စားလှယ်နေရာ အနည်းငယ်ကိုသာ ရရှိထားခြင်းဖြစ်သည်။ အာယွန်ဒီ၏တကယ့် နိုင်ငံရေးစီမံကိန်းသဘောသဘာဝနှင့်ပတ်သက်ပြီး လေ့လာစောင့်ကြည့်သူများက သဘောထားထားကွဲလွဲနေကြဆဲဖြစ်သည်။ သူ့ကိုအထင်အမြင်သေးသူများက' အမှန်တကယ်တည်ရှိမည့် နောက်တိုးဆိုရှယ်လစ်နိုင်ငံ' တစ်နိုင်ငံတည်ထောင်ရန် ကြိုးပမ်းချက်ဟု မြင်ကြသည်။ သူ၏ဘက်တော်သားများစွာကမူ ဆိုရှယ်လစ်စနစ်သို့ အသွင်ကူးပြောင်းမှု၏ ယဉ်ကျေးမှုပေါင်းစုံ ရောယှက်တည်ရှိမှုကိုလိုလားသော (ဗဟုဝါဒီ) သီးခြားပုံစံတစ်ခုကိုတည်ဆောက်ရန် ကြိုးပမ်းသည့် ဦးဦးဖျားဖျားစီမံကိန်းဖြစ်သည်ဟု ဆိုကြသည်။ ချီလီနိုင်ငံ၏ ဆိုရှယ်လစ်စနစ်အသွင်ကူးပြောင်းရေးစမ်းသပ်ချက်သည် 'ပစ္စည်းမဲ့လူတန်းစား

အာဏာရှင်အုပ်ချုပ်ရေး' ကာလကိုမလွဲမသွေဖြတ်သန်းရခြင်းအပါအဝင် 'သိပ္ပံနည်းကျဆိုရှယ်လစ်စနစ်၏ဥပဒေသများ'ကို ရှောင်လွှဲ၍ရနိုင်မည်မဟုတ်ဟု ဆိုကြသူများလည်း ရှိသည်။ အာယွန်ဒီ အစိုးရ၏ရည်ရွယ်ချက်မည်သို့ပင်ရှိစေကာမူ ချီလီနိုင်ငံသည် နိုင်ငံရေးအရ မတူကွဲပြားမှုများကို သည်းမခံနိုင်သော ကျဉ်းမြောင်းသောအယူအဆအတွင်းသို့ စတင်သက်ဆင်းခဲ့သည်။ လူမှုရေး၊ နိုင်ငံရေးပဋ္ဌိပက္ခများနှင့် (အကြမ်းဖက်မှု) တို့ကို ထုတ်ဖော်ပြောကြားမှုများ သာမက လမ်းမများပေါ်၌ပါ မြင့်တက်စေခဲ့သည်။

## ၁၉၇၃ ခုနှစ် စတင်ပြိုကွဲခြင်း

၁၉۷၃ ခုနှစ် စက်တင်ဘာ ၁၁ တွင် အာယွန်ဒီကိုဖြုတ်ချခံရပြီး သေဆုံးမှုဖြင့်အဆုံးသတ်ခဲ့သည့်ဗိုလ်ချုပ်ကြီး ပိနိုချေးဦးဆောင်သည့် စစ်တပ်ကဝင်ရောက်စွက်ဖက်မှုသည် အလွန်ပင်ရက်စက်ကြမ်းကြုတ်ခဲ့သည်။ လက်နက်ကိုင်ပုန်ကန်မှုလုံးဝမဖြစ်ပေါ်ခဲ့သော်လည်း အရေးအခင်းအစောပိုင်းနေ့ရက်များတွင် လူ ၃၀၀၀ နီးပါးအသတ်ခံခဲ့ရပြီး ၎င်းတို့အနက် အများစုသည် အကျဉ်းရုံးတရားစီရင်ပြီး ကွပ်မျက်ခံခဲ့ရခြင်းဖြစ်သည်။ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများပြည့်သွားသည်။ ရဲဘက်စခန်းများစွာကို တည်ထောင်လိုက်သည်။ ပြည်သူ ၁၀၀၀၀၀ ထက်မနည်း အတင်းအကြပ်ပြည်နှင်ခံရသည်။ လူထောင်ပေါင်းများစွာသည် အစိုးရဌာနများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ အစိုးရနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ အလုပ်ထုတ်ခံခဲ့ရသည်။ ညှဉ်းပန်းနှိပ်စက်မှုသည် ပိနိုချေးအစိုးရအတွက် အဓိကလက်နက်ဖြစ်သည်။

ပိနိုချေးအစိုးရက လွှတ်တော်ကို၊ အလုပ်သမားသမဂ္ဂများနှင့် နိုင်ငံရေးပါတီများကို ဖျက်သိမ်းလိုက်သည်။ မဲဆန္ဒ ရှင်စာရင်းများကိုမီးတင်ရှို့သည်။ တက္ကသိုလ်များထဲသို့ ဝင်ရောက်စွက်ဖက်ကာ တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်အရာရှိများကို တက္ကသိုလ်အဓိပတိများအဖြစ် ခန့်အပ်ခဲ့သည်။ အစိုးရကိုချွင်းချက်မရှိ ထောက်ခံမှုမပေးလောက်ဟုထင်သည့် သတင်းစာများကို ပိတ်သိမ်းခဲ့သည်။ စာနယ်ဇင်းနှင့်စာအုပ်များကို စာပေစိစစ်ရေးတည်ထောင်သည်။ နေ့စဉ်ထုတ်သတင်းစာသစ်များ၊ မဂ္ဂဇင်းများအားလုံးကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရန် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ နေဝင်မီးငြိမ်းအမိန့်ကို ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ပြဋ္ဌာန်းခဲ့သည်။

ဤသို့သော ရက်စက်ကြမ်းကြုတ်မှုအဆင့်မျိုးဖြင့် အာဏာသိမ်းမှုသည် ချီလီကဲ့သို့ ဒီမိုကရေစီ သမိုင်းမှတ်တမ်းရှိသည့်နိုင်ငံမျိုးတွင် အကြီးအကျယ် ဆန့်ကျင်ငြင်းပယ်မှုကိုဖြစ်ပွားစေခဲ့သင့်သည်။ သို့သော် ထိုသို့ဖြစ်မလာခဲ့ပါ။ ချီလီလူ့အဖွဲ့အစည်းသည် အလွန်အမင်း နိုင်ငံရေးရပ်တည်ချက်များအစွန်းတစ်ဖက်စီဖြစ်နေသည့် လူ့အဖွဲ့အစည်းဖြစ်လာသည်။ နိုင်ငံရေး၊ လူမှုရေးအမုန်းတရားများက လူမှုအဆောက်အအုံတစ်ခုလုံးအတွင်း စိမ့်ဝင်ပျံ့နှံ့လာသည်။ နိုင်ငံရေးခံယူချက် အသီးသီးရှိသည့်သူများက ဆန္ဒပြပွဲကြီးများကျင်းပကြသဖြင့် လမ်းမများပေါ်တွင် ရုတ်ရုတ်သဲသဲနေ့တိုင်းဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ တက္ကသိုလ်များ၊ မြေယာများကို တိုင်းပြည်အစိုးရက သိမ်းပိုက်စေလိုသည့် သို့မဟုတ် တိုင်းပြည်အစိုးရ၏သိမ်းပိုက်မှုမှ ကာကွယ်လိုသည့်သူများက ဝင်ရောက်သိမ်းပိုက်ကြသည်။

စစ်တပ်အာဏာသိမ်းမှုသည် ငြိမ်ဝပ်ပိပြားမှုပြန်ရမည့် ဖြေရှင်းချက်ဟု ပြည်သူအများစုက ရှုမြင်သဖြင့် အရမ်းကာရောဖြင့် မျက်စိတစ်ဖက်ပိတ်ထောက်ခံမှု(ဆိုလိုသည်မှာ မျက်စိတစ်ဖက်က ငြိမ်ဝပ်ပိပြားမှုနှင့် အခြားတစ်ဘက်က စိတ်ချရလောက်သော စီးပွားရေးဖွံ့ဖြိုးမှုကိုမြင်ပြီး၊ အခြားတစ်ဘက်ကမူ တဖြည်းဖြည်းသိသာလာသည့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးသွမ်းရက်စက်မှုများကို သတိမမူမိခြင်းဖြစ်သည်) ပေးခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းရှင် လူတန်းစားက အာဏာသိမ်းမှုကိုထောက်ခံခဲ့သည်။ အစိုးရကထိန်းချုပ်ထားသည့် သို့မဟုတ် နိုင်ငံပိုင်သိမ်းထားသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်ရရှိမှုသည် စီးပွားရေးလုပ်ငန်းရှင်လူတန်းစားအတွက် ဦးစွာအကျိုးရှိစေခဲ့သည်။ နောက်တစ်ဆင့်တွင် အစဉ်အလာ နီယိုလစ်ဘရယ်စီးပွားရေးမူဝါဒကို ကျင့်သုံးခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များ အမြတ်ထွက်ခဲ့ကြသည်။ သို့တိုင် ဤနေရာတွင် ပီနိုချေးအစိုးရကို လူမှုထောက်ခံမှုအားလုံး အဆုံးသတ်သွားသည်ဟုဆိုလျင် မှားလိမ့်မည်။ သူ့အတိုင်းအတာနှင့်သူ လူထုလူတန်းစားအလွှာအားလုံးသို့ လူမှုရေးအရထောက်ခံမှုက ပြန့်နှံ့သွားခဲ့သည်။

## အတိုက်အခံအတွက် ခရီးကြမ်း

အာယွန်ဒီကို ဆန့်ကျင်ခဲ့ကြသည့် စစ်တပ်နှင့်ခရစ်ယာန်ဒီမိုကရက်ပါတီဝင်များကြားတွင် မဟာမိတ်ဖွဲ့ထားခြင်းသည် စစ်တပ်အာဏာသိမ်းမှု၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ပြိုကွဲသွားသည်။ လူ့အခွင့်အရေးချိုးဖောက်မှုပမာဏ၊ နိုင်ငံရေးပါတီများကို မုန်းတီးသော အာဏာရှင်စနစ်တို့က ၁၉۷၃ ခုနှစ်နောင်ပိုင်းတွင် ပီနိုချေးအစိုးရကို ခရစ်ယာန်ဒီမိုကရက်တို့က ဆန့်ကျင်ဖို့ အကြောင်းဖန်လာခဲ့သည်။ ခရစ်ယာန်ဒီမိုကရက်များကို မတရားအသင်းများအဖြစ်ကြေညာခြင်း၊ ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ ရုံးများကိုသိမ်းခြင်းတို့သည် ပီနိုချေး၏ တုံ့ပြန်မှုများဖြစ်သည်။ သို့တိုင် ပီနိုချေး၏အထက်ပါလုပ်ရပ်များက ခရစ်ယာန်ဒီမိုကရက်များနှင့် ဆိုရှယ်လစ်၊ ကွန်မြူနစ်မဟာမိတ်အဖွဲ့တို့ကြားမှ ပဋိပက္ခကို ရပ်တန်းကမရပ်စေခဲ့ပါ။ အုပ်စုနှစ်ခုစလုံးက ဒီမိုကရေစီပျက်သုဉ်းခဲ့ရခြင်းသည် သူ့ကြောင့် ဝ့ါကြောင့်ဟူသော အဆိပ်သင့်ငြင်းခုံမှုကိုသာဆက်လုပ်နေကြလေသည်။

သို့ဖြစ်၍ စစ်အစိုးရလက်ထက် အစောပိုင်းနှစ်များသည် အတိုက်အခံတို့၏စိတ်ဝမ်းကွဲမှု လက္ခဏာကိုပြသည်။ ပြည်တွင်းတွင် ခရစ်ယာန်ဒီမိုကရက်ပါတီက အင်အားအကြီးဆုံးဖြစ်နေသည်။ ဆိုရှယ်လစ်နှင့်ကွန်မြူနစ်များက ပြည်ပရောက်ချီလီနိုင်ငံသားများကြားတွင် ထောက်ခံမှုပိုရသည်။ သို့သော် စစ်အာဏာရှင်အစိုးရနှင့် အတိုက်အခံတို့ကြားတွင် စိတ်ဝင်စားဖွယ် ထိပ်တိုက်တွေ့ဆုံမှု စတင်ဖြစ်ပွားလာသည်။ ကိုယ်ကျင့်တရားအရ သို့မဟုတ် ဥပဒေကြောင်းအရ ကြီးကြပ်မှုလုံးဝမရှိပဲ လုပ်ကိုင်ဆောင်ရွက်နေသည့် အစိုးရလက်အောက်ခံ စစ်ထောက်လှမ်းရေးအဖွဲ့သည် အလွန်ပင်ခိုင်မာအားကောင်းသော်လည်း ၎င်းတို့၏ပြစ်မှုများကို အရေအတွက်တိုးပွားလာသည့် လူ့အခွင့်အရေးအဖွဲ့အစည်းများက အစီရင်ခံတင်ပြလာကြသည်။ အစိုးရက တက္ကသိုလ်များကို အဆုံးစွန်ထိန်းချုပ်လိုက်သည်။ သို့သော် တဟုန်ထိုးပွားများလာသည့် အတိုက်အခံ အတွေးအခေါ် အဖွဲ့အစည်းများက ပညာတတ်အသိုင်းအဝိုင်း၏ကြီးမားသောအစိတ်အပိုင်းကို တစ်ပေါင်းတစ်စည်းတည်းဖြစ်စေခဲ့သည်။ အလုပ်သမားသမဂ္ဂများကို ဖျက်သိမ်းပြီးနောက် 'အလုပ်ရှင်ကဖွဲ့စည်းသည့်သမဂ္ဂလှုပ်ရှားမှု' ကိုဖန်တီးခဲ့သော်လည်း ထိုလှုပ်ရှားမှုသည် လက်ဝဲအုပ်စု၊ ခရစ်ယာန်ဒီမိုကရက်တို့နှင့်ဆက်နွယ်သည့် အလုပ်သမားခေါင်းဆောင်များ၏ ဩဇာကို နိုဂုံးချုပ်အောင်မလုပ်နိုင်ခဲ့ချေ။ ထိုခေါင်းဆောင်များ၏ တရားဝင်မှုကို ချီလီတွင်ရော ပြည်ပတွင်ပါ အသိအမှတ်ပြုထားရဆဲဖြစ်သည်။ ဖိနှိပ်မှုဖြင့် ထုသားပေသားကျလွန်းနေသည့် တိုင် နိုင်ငံရေးပါတီများသည် ၎င်းတို့၏ဖွဲ့စည်းပုံအချို့ကို ဆက်လက်ထားရှိခဲ့ကြသည်။ ကတ်သိုလစ် ဘုရားကျောင်းတော်က ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၏မျက်စိမှိတ်ခွင့်ပြုချက်ဖြင့် လူ့အခွင့်အရေးသမားရှေ့နေများ၊ အရပ်ဖက်အဖွဲ့အစည်းအမျိုးမျိုးတို့ကို အကာအကွယ်ထီးရိပ်အောက်တွင် ထားခဲ့သည်။

၁၉၈၀ ပြည့်နှစ်နောင်းပိုင်းတွင် အတိုက်အခံတို့စနစ်တကျ စုဖွဲ့မှုရှိလာစေခဲ့သည့် အကြောင်းအချက်များစွာရှိသည်။ ဒီမိုကရေစီပျက်သုဉ်းရခြင်း၏ လက်သည်ဘယ်သူလဲဟူသော အချေအတင်ဆွေးနွေးမှုနေရာတွင် ကိုယ့်ချွတ်ယွင်းချက်များကို ပါတီအသီးသီးက ဝန်ခံခြင်းက အစားဝင်လာသည်။ ထိုသို့ချွတ်ယွင်းချက်ကိုဝန်ခံသည့် တိမ်းညွှတ်မှုပေါ်ပေါက်လာစေရန် ပညာတတ်အစုအဖွဲ့အသီးသီးကလည်း အကျိုးပြုခဲ့သည်။ အရေးအကြီးဆုံးမှာ စစ်အစိုးရကို ဆန့်ကျင် တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းများ၊ ၁၉၆၀ ပြည့်နှစ်များ၊ ၁၉၇၀ ပြည့်နှစ်များတွင် နိုင်ငံရေးရန်ဘက်များ ဖြစ်ခဲ့ကြသူများအတွင်း ပေါင်းစည်းမိလာခြင်းဖြစ်သည်။ လူ့ဘဝများ ကယ်ဆယ်ရေး အလွဲသုံးစားမှုများကိုရှုတ်ချရေး၊ စစ်အစိုးရကိုကန့်ကွက်ဆန္ဒပြပွဲများ ကျင်းပရေး၊ အလုပ်လက်မဲ့များ၏မိသားစုများကိုကျွေးမွေးရန် ရပ်ရွာပိုင်ဘုံစားဖိုဆောင်များကို ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်းတို့ကဲ့သို့ နဖူးတွေ့ဒူးတွေ့လုပ်ငန်းနှင့် ရင်ဆိုင်လာရချိန်တွင် ဟိုတစ်ချိန်တုန်းက နိုင်ငံရေးအရ မတူကွဲပြားမှုများသည် ရှိမြဲရှိနေဆဲဖြစ်သော်လည်း အရေးမကြီးတော့ပေ။

မဲဆန္ဒရှင်စာရင်းများ၊ ဝိုင်းဖွဲ့ဆွေးနွေးမှုများ၊ အခြေအတင်ဆွေးနွေးမှုများ၊ အများပြည်သူ သိအောင် ထုတ်ပြန်ခြင်းများမရှိသည့်အပြင် မြို့ပြင်လေးရပ် လက်နက်ကိုင်အစောင့်များဖြင့် ဝန်းရံပိတ်ဆို့ထား ခြင်းကိုဖယ်ရှားခြင်းမရှိဘဲ အခြေခံဥပဒေသစ်အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲကို ၁၉၈၀ ပြည့်နှစ်တွင် စစ်အစိုးရကကျင်းပသည်။ ဆန္ဒခံယူပွဲလုပ်ငန်းစဉ်တစ်ခုလုံးသည် အယောင်ဆောင်ဟန်ပြသာဖြစ်သည်ဟု အတိုက်အခံက ရှုံ့ချခဲ့သော်လည်း အစိုးရ၏ဆန္ဒခံယူပွဲ အစီအမံကြောင့်ဆိုရှယ်လစ်များပါတီဝင်များနှင့် ခရစ်ယာန်ဒီမိုကရက်ပါတီဝင်များကြား ပူးပေါင်း ဆောင်ရွက်ရန်အခွင့်အလမ်းရသွားစေသည်။ထိုကာလအတောအတွင်းနိုင်ငံရေးအရပြည်လည် ပေါင်းစည်းမှု ပြည်တွင်းတွင်ရော ပြည်ပတွင်ပါဖြစ်ပေါ်လာသည်။ ထိုနိုင်ငံရေးပေါင်းစည်းမှုက အတိုက်အခံ၏သဘောသဘာဝကိုပြောင်းလဲပစ်လိုက်သည်။ ဆိုရှယ်လစ်ပါတီ၏ ပါတီဝင် အများစုဂိုဏ်းက ဆိုဗီယက်ပြည်ထောင်စုက ဦးဆောင်သည့် နိုင်ငံတကာပေါင်းစည်းရေးဝါဒီ ဆိုရှယ်လစ်ဂိုဏ်းနှင့် လမ်းခွဲခဲ့ကာ ဥရောပဆိုရှယ်ဒီမိုကရက်ပါတီများနှင့် အနီးကပ်ဆက်ဆံရေး ဖြစ်ထွန်းလာခဲ့သည်။ တစ်ချိန်တည်းတွင် ချီလီကွန်မြူနစ်ပါတီက နိုင်ငံရေးနည်းလမ်းများရော အကြမ်းဖက်မှုလုပ်ရပ်များအပါအဝင် ပြည်သူ့စစ်လှုပ်ရှားမှု၊ စစ်ရေးလှုပ်ရှားမှုတို့ဖြင့်ပါ တိုးတက်သည့် ဆိုရှယ်လစ်စနစ်ပုံစံကိုတည်ဆောက်ရန် အဆိုပြုတင်ပြသည့်လမ်းကြောင်းသို့ ဦးတည်သွားသည်။ တစ်ဖက်တွင် ကွန်မြူနစ်ပါတီ၊ အခြားတစ်ဖက်တွင် ခရစ်ယာန်ဒီမိုကရက်များနှင့် ဆိုရှယ်လစ်များကြား ဘုံရပ်တည်ချက်ကျယ်ပြန့်လာခဲ့သည်။ ဒီမိုကရေစီသို့ စေ့စပ်ညှိနှိုင်းအသွင် ကူးပြောင်းမှုကိုတွန်းအားပေးရန်အလို့ငှာ ငြိမ်းချမ်းစွာ လူထုကိုစည်းရုံးခြင်း၊ ပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများကို ပိုမိုကောင်းမွန်စွာဖွဲ့စည်းခြင်းတို့ဖြင့် အစိုးရကိုအလဲထိုးသင့်သည်ဟု ခရစ်ယာန် ဒီမိုကရက်များနှင့် ဆိုရှယ်လစ်များက ပြောဆိုတင်ပြကြသည်။

အထက်ပါအခြေအနေသစ်များဖြစ်ပေါ်ချိန်တွင် အတိုက်အခံများထဲမှ အလယ်အလတ် သဘောထားရှိသည့်အစိတ်အပိုင်းက ၎င်းတို့၏တက်ကြွလှုပ်ရှားမှုကို နှစ်ဆတိုးလုပ်ဆောင်သည်။ ဆိုရှယ်လစ်ပါတီဝင်များနှင့် ခရစ်ယာန်ဒီမိုကရက် ပါတီဝင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများစွာကြားတွင် ကတိကဝတ်ဖြစ်သည့် Alianza Democrática နှင့် ပညာသည် အသင်းအဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ လုပ်ငန်းတူချင်း ပေါင်းထားသည့် စီးပွားရေးအသင်းအဖွဲ့များကြား လူမှုရေးကတိကဝတ်ဖြစ်သည့် Asamblea de la Civilidad တို့ကိုချမှတ်လာကြသည်။ နောက်ထပ်နှစ်အနည်းငယ်အကြာ ၁၉၈၅ ခုနှစ်တွင် တစ်ချိန်က အာဏာရှင်အစိုးရနှင့်လက်တွဲခဲ့သည့် လက်ယာအုပ်စုမှ ကိုယ်စားလှယ်အချို့ပါဝင်သည့် နိုင်ငံလုံးဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ (National Accord) ကို ဘုရားကျောင်းတော်က စီစဉ်ကျင်းပပေးခဲ့သည်။ လူ့အဖွဲ့အစည်း၏ အကျယ်ပြန့်ဆုံးထောက်ခံမှုကိုရရှိနိုင်ဖွယ်ရှိသည့် သဘောထားပျော့ပြောင်းသော နိုင်ငံရေးအစီအမံတစ်ခုကို အားပေး ကူညီရာရောက်အောင် အထက်ပါဆောင်ရွက်ချက်များအားလုံးကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်မှုအပါအဝင် 'တိုက်ပွဲဝင်မှုပုံစံအားလုံး၏ စစ်မှန်ခိုင်မာမှု'ကို အခိုင်အမာဆက်လက်

ပြောကြားနေသည့် ကွန်မြူနစ်များ၏ထောက်ခံမှုရရှိဖို့လောက်သာချန်လုပ်ခဲ့ရသည့် ဆောင်ရွက်ချက်များဖြစ်သည်။

၁၉၉၀ ပြည့်နှစ်များ ပထမဝါးနှစ်တွင် အတိုက်အခံသည် ထင်သာမြင်သာသော အောင်မြင်မှုများရအောင် လုပ်နိုင်ခဲ့သည်။ သို့သော် ၎င်းတို့၏ကြီးကျယ်သော အားနည်းချက်နှစ်ခုကို မဖုံးကွယ်နိုင်ခဲ့ပေ။ ပထမဆုံး အားနည်းချက်သည် လက်ယာအုပ်စု၏ကြီးမားသော အစိတ်အပိုင်းများကို ပူးပေါင်းပါဝင်လာအောင်လုပ်နိုင်စွမ်းမရှိခြင်းဖြစ်သည်။ သမ္မတနိုင်ငံအဖြစ် ရှိချိန်က ချီလီနိုင်ငံ၏သမိုင်းကြောင်းတွင် ဆက်တိုက်အင်အားစုဖြစ်ခဲ့သည့် သဘောထားပျော့ပြောင်းသော လက်ယာအုပ်စုသည် ၁၉၇၃ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း အဖျားရှူးသွားခဲ့သည်။ ထိုလစ်ဘရယ်လက်ယာအုပ်စုနေရာတွင် ဒီမိုကရေစီကို အယုံအကြည်မရှိသော အရပ်သား စစ်ဝါဒီများနှင့် ကက်သိုလစ်ပေါင်းစည်းညီညွတ်ရေးဝါဒီများ၊ လစ်ဘရယ်ဝါဒကို စီးပွားရေးတွင်သာကျင့်သုံးမည့် ရှေးရိုးစွဲလက်သစ်ဝါဒီများ ရောနှောထားသည့် အုပ်စုက ဝင်ရောက်နေရာယူလာသည်။ ဒုတိယအချက်မှာ Alianza Democrática နှင့် ကွန်မြူနစ်များကြား ထိပ်တိုက်တွေ့ဆုံမှုကြောင့် အတိုက်အခံတို့ အကွဲအပြဲဖြစ်သွားခြင်းဖြစ်သည်။ သဘောထားပျော့ပြောင်းမှု ဟောပြောချက်များနှင့် အကွဲအပြဲပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းရန် ဖိတ်ခေါ်မှုတို့သည် အကြမ်းဖက်လုပ်ရပ်များနှင့် ဆက်တိုက်ဆန့်ကျင်ဖီလာဖြစ်နေသည်။ အကြမ်းဖက်မှုလုပ်ရပ်များတွင် အရမ်းကာရောလမ်းပေါ်ထွက် ဆန္ဒပြခြင်းများမှသည် ဗို့အားမြင့်မာတ်တိုင်ကြီးများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းခြင်းများ အထိပါဝင်သည်။

အွန်လာရယ်များသည့် ဆန့်ကျင်ဖီလာဖြစ်မှုများသည် ၁၉၈၂ ခုနှစ်တွင် စတင်လာသည့် တစ်လတစ်ကြိမ် ကျင်းပသော protestas ဆန္ဒပြပွဲများတွင် လုပ်ဆောင်လာကြခြင်းဖြစ်သည်။ နေ့ခင်းဘက်တွင် ငြိမ်းချမ်းစွာဆန္ဒပြပွဲများကျင်းပကာ နေဝင်ရီတရောအချိန်ရောက်လျှင် လူနေရပ်ကွက်ပေါင်းများစွာရှိ နေအိမ်များမှအိုးခွက်များကို ကျယ်လောင်စွာတီးခတ်ကြသဖြင့် မြို့တစ်ခွင်တစ်ပြင်လုံး နားအူစရာဆူညံပွက်လောရိုက်နေလေသည်။ သို့သော် ညဘက်တွင် အစွန်းရောက်အဖွဲ့များက ရဲနှင့်ရင်ဆိုင်တိုက်ခိုက်ကြခြင်းကြောင့် အဆင်းရဲဆုံးလူတန်းစားထဲမှ လူငယ်အများစုသေကြေခဲ့ရပြီးအကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။ ရဲသားများကိုသတ်ဖြတ်ခြင်း၊ မြေအောက်ရထားဘူတာများတွင် ပုံးထောင်ခြင်း၊ လုယက်ဖျက်ဆီးခြင်းလုပ်ရပ်များဆောင်ရွက်ခြင်းတို့တွင် လက်ဝဲအစွန်းရောက်အုပ်စုက ပါဝင်ပတ်သက်လာသည်ဟုယူဆရသည်။ အစိုးရ၏တုံ့ပြန်မှုက ရက်စက်ကြမ်းကြုတ်လှသည်။ အလုပ်သမားသမဂ္ဂခေါင်းဆောင် တူကာပယ်လ် ဂျီမေးနက်ဇလုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ကွန်မြူနစ်ပါမောက္ခ သုံးဦးလည်လိုးအသတ်ခံရခြင်းစသည့် လုပ်ကြံသတ်ဖြတ်မှုများဖြစ်ပေါ်လာသည်။ ဆန္ဒပြပွဲ ဒုတိယမြောက်နေ့တွင် ကျောင်းသားနှစ်ဦးကို ဓာတ်ဆီဖြင့်ပက်ဖြန်းကာ စစ်တပ်ကင်းလှည့်တပ်ဖွဲ့က မီးလောင်တိုက်သွင်းခဲ့သည်။ ဤသို့သော အကြမ်းဖက်မှုအခြေအနေကို အစိုးရထဲမှ ရက်ဒီကယ်

အုပ်စုများက ကြိုဆိုခဲ့ကြသည်။ 'သံလက်သီးသုံးသည့်နည်းလမ်း'သည် အုပ်ချုပ်မှုလုပ်နိုင်စွမ်းနှင့် ငြိမ်ဝပ်ပိပြားမှုကိုရရှိစေသည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု ထုချေတင်ပြသည်။ တစ်ပြိုင်နက်တည်းတွင် ကွဲကွဲပြားပြားပိုင်းခြားခြင်းမပြုဘဲ အတိုက်အခံများသည် မင်းမဲ့ဝါဒီ ဆန်သောအင်အားစုဟု သတ်မှတ်ရန်ကြိုးပမ်းလာသည်။

ဤသို့သော ဝန်းကျင်အခြေအနေရှိနေစေကာမူ ကျယ်ပြန့်သောသဘာတူညီချက်များ ပိုမို ချမှတ်ကျင့်သုံးနိုင်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် ကြိုးပမ်းမှုများကို သဘောထား ပျော့ပြောင်းသော အတိုက်အခံတို့က ဆက်လက်ကြိုးစားဆောင်ရွက်သည်။ ကွန်မြူနစ်ပါတီ၏ မဟာဗျူဟာသည်ကား အဖြစ်ဆိုးနှင့်တိုးရလေသည်။ ၁၉၈၆ ခုနှစ် ဒုတိယခြောက်လတွင် ချီလီနိုင်ငံမြောက်ပိုင်း ဝေးလံခေါင်ဖျားကမ်းခြေတစ်ခုတွင် ဇရာမလက်နက်တိုက်ကြီးကိုရှာတွေ့သွားသည်။ ထိုလက်နက်များကို ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် FPMR က ကျူးဘားနိုင်ငံမှ ခိုးသွင်းလာခြင်းဖြစ်သည်။ နောက်တစ်လအကြာတွင် FPMR က ပိနိုချေးကိုလုပ်ကြံရန်ကြိုးစားခဲ့သည်။ လုပ်ကြံမှုမှာ မအောင်မြင်ခဲ့ပါ။ သို့သော် ပိနိုချေး၏ သက်တော်စောင့်ခြောက်ယောက်သေဆုံးခဲ့သည်။ ဤသို့ဖြင့် အာဏာရှင်အစိုးရ အားကောင်းလာခြင်း၊ စစ်တပ်ကို ပိနိုချေးက လုံးဝဥဿုံထိန်းချုပ်လိုက်ခြင်းနှင့် ကွန်မြူနစ်ဗျူဟာ လက်မှိုင်ချလိုက်ခြင်းတို့ဖြင့် ၁၉၈၆ ခုနှစ်ကုန်လွန်သွားသည်။ နိုင်ငံရေးရပ်တည်ချက်များ အစွန်းတစ်ဖက်စီဖြစ်နေခြင်းနှင့် အကြမ်းဖက်မှုလမ်းကြောင်းနှင့် ဆန့်ကျင်ပြီးသွားနေသည့်တိုင် ဆိုရှယ်လစ်-ခရစ်ယာန် ဒီမိုကရက်မဟာမိတ်အဖွဲ့သည် အရပ်ဖက်အဖွဲ့အစည်းနှင့် ပြန်လည်အသက်ဝင်လာသည့် နိုင်ငံရေးပါတီများ၏ထောက်ခံမှုဖြင့် ၎င်းတို့၏လူထုစည်းရုံးရေးဗျူဟာကိုဆက်လုပ်ရန် ခိုင်မာအားကောင်းမှုရှိနေသေးသည်။

## အသွင်ကူးပြောင်းမှုအစ

အာဏာရှင်အုပ်ချုပ်ရေး ၁၄ နှစ်ပြည့်သည့် ၁၉၈၇ ခုနှစ်တွင် နိုင်ငံရေးရှုခင်းက ပိုပြီးစုံလင်ရှုပ်ထွေးလာသည်။ အစိုးရနှင့် အတိုက်အခံတို့က ယာယီအင်အားပါဝါအချိုးညီမျှမှုသို့ ရောက်ရှိခဲ့သည်။ ပိနိုချေး၏အင် အားကဆက်လက်ကြီးမားလာသည်။ သူ၏အင်အားမှာ ယေဘုယျအားဖြင့် စစ်တပ်နှင့်တိုင်းနိုင်ငံအာဏာပါဝါဖြစ်သည်။ ပိနိုချေးသည် ပုံမှန်လည်ပတ်နေသည့် တိုင်းနိုင်ငံတစ်ခု၏ အကြီးအကဲဖြစ်သလို စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့၏ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ ထိုလက်နက်ကိုင်တပ်များအတွက် ပိနိုချေးထံတွင်အမြင့်ဆုံးအာဏာရှိနေသည်။ ထိုတပ်များသည် စည်းလုံးမှု၊ အမိန့်နာခံမှုရှိပြီး နိုင်ငံရေးတွင်ခြေမရှုပ်ကြချေ။ ၎င်းတို့၏ ကာကွယ်ရေးဦးစီးချုပ်ကို သစ္စာခံကြသည်။ ပိနိုချေးကို အထက်တန်းလွှာနှင့်စီးပွားရေးလုပ်ငန်းရှင်များကလည်း ထောက်ခံကြသည်။

သို့သော်အတိုက်အခံများအတွက် အခြေအနေက ထင်သလောက်မဆိုးပေ။ အတိုက်အခံ

၏ သိသာထင်ရှားသော လက္ခဏာရပ်တစ်ခုမှာ ယင်း၏ အင်စတီကျူးရှင်းအဆောက်အအုံများ၏ အားသာချက်ဖြစ်သည်။ ထိုအားသာချက်သည် တစ်ဦးချင်းလွှမ်းမိုးမှုအားကောင်းသော ကိုယ်ရည်ကိုယ်သွေးများကို အခြေခံထားခြင်းမဟုတ်ဘဲ စုပေါင်းခေါင်းဆောင်မှုဖြစ်သည် ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ အတိုက်အခံ၏ပါဝါသည် နိုင်ငံရေး၊ လူမှုရေး၊ နိုင်ငံတကာနှင့် ပတ်သက်နေသည်။ ပါတီများသည် တရားမဝင်သော်လည်း လူထောင်ပေါင်းများစွာကို စည်းရုံးနိုင်သည့် ဆန္ဒပြပွဲများကျင်းပဖို့ ဆော်သြရန်လုံလောက်သည့် စနစ်တကျစုဖွဲ့မှုရှိသည်။ နိုင်ငံတော်နှင့် သီးခြားရပ်တည်သည့် အဖွဲ့အစည်းများဖြစ်ကြသည့် ဘုရားကျောင်းများ၊ အလုပ်သမား သမဂ္ဂများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ ပညာသည်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ ရပ်ရေးရွာရေးအသင်းများလို အဖွဲ့အစည်းများကို အတိုက်အခံက အားကိုးအားထားပြုသည်။ နိုင်ငံတကာ၏ သဘောထားအမြင်နှင့် ဥရောပ၊ တောင်အမေရိက၊ မြောက်အမေရိကတိုက်များမှ အစိုးရများ၏ တစ်ညီတစ်ညွှတ်တည်းနီးပါးဖြစ်သော စာနာမှုတို့၏ ဖေးမကူညီမှုကို အတိုက်အခံတို့က ရရှိခံစားကြရသည်။ အတိုက်အခံတို့ကိုပေါင်းစည်းရာတွင် ပဓာနကျသည့်အခန်းကဏ္ဍက ပါခဲ့သည့် သြဇာဂုဏ်သရေကြီးမားသော ပုဂ္ဂိုလ်များရှိနေခြင်းသည်လည်း အတိုက်အခံကို အကျိုးခံစားရစေသည်။ အဆိုပါပုဂ္ဂိုလ်များက အတိုက်အခံ၏ မဟာဗျူဟာများကို ရေးဆွဲပေးသည်။ ယင်းပုဂ္ဂိုလ်များထဲတွင် ပါထရီဆီယို အယ်လ်ဝင်၊ ရီကာဒိုလာဂို့စ်တို့ပါဝင်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ပီနိုချေးကို အတိုက်အခံလုပ်ရာတွင် အဓိကပြယုဂ်များအဖြစ် ထွက်ပေါ်လာသူများဖြစ်ကြသည်။ နိုင်ငံရေးအမြင်မျှတသည့်အုပ်စုနှင့် လက်ဝဲပါတီများကြား ပူးပေါင်းဆောင်ရွက်မှုတည်ဆောက်ရန် အကူအညီပေးခဲ့ကြသည်။ ဒီမိုကရေစီပြန်လည်ရရှိရေးနိုင်တွင် ချီလီသမ္မတများဖြစ်လာခဲ့ကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များက ချီလီနိုင်ငံ၏အခြေအနေသည် ကပ်ဘေးဆိုက်ရောက်မှုတွင် မျှချေအဖြစ် တည်တံ့နေခြင်းမျိုးဖြစ်သည်။ ပီနိုချေးသည် အာဏာဆက်လက်တည်မြဲရန် လုံလောက်သော အားကောင်းမှုရှိနေသော်လည်း သူ၏ရန်သူများကို ချေမှုန်းရန်အထိတော့ အင်အား မကောင်းတော့ချေ။ မြို့ပြင်လေးရပ်စောင့်ကြပ်ပိတ်ဆို့ထားခြင်း၊ အရပ်ဖက်နှင့် နိုင်ငံရေးအဖွဲ့အစည်းကို ဆက်လက်ထိန်းချုပ်ရန် ပြင်းထန်သည့်ဖိအားများ ရှိနေသည့်တိုင် အတိုက်အခံကတော့ အတန်ပင်အင်အားကောင်းလာသည်။ သို့သော်အတိုက်အခံသည် အစိုးရ အပြောင်းအလဲဖြစ်စေလောက်အောင် အင်အားမကောင်းဘဲဖြစ်နေပြန်သည်။

၁၉၈၀ ပြည့်နှစ်များ ဒုတိယငါးနှစ်တွင် အတိုက်အခံ၏ ကျွမ်းကျင်သောနိုင်ငံရေးခေါင်းဆောင်မှုက နိုင်ငံရေးလုပ်ငန်းစဉ်ကို စိုက်လိုက်မတ်တတ်ဦးဆောင်မှုပေးနိုင်ခဲ့သလို ၎င်းတို့၏ ဦးတည်ချက်များမှ သွေဖည်ခြင်းမပြုဟုငြင်းဆန်ခဲ့သည်။ အဆုံးအဖြတ်ပေးမည့် ဆန္ဒကျင်မှုအဖြစ် ၁၉၈၈ ခုနှစ်နောင်းပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲ၌ ကန့်ကွက်ကြရန် အတိုက်အခံကဆုံးဖြတ်ခဲ့သည်။ ထောက်ခံမဲပေးခြင်းသည်

အာဏာရှင်စနစ်ကို နောက်ထပ်ရှစ်နှစ်အသက်ဆက်ပေးလိမ့်မည်ဖြစ်သည်။ ကန့်ကွက်မဲသည် ရွေးကောက်ပွဲများကျင်းပဖို့လိုအပ်လာစေလိမ့်မည်။ ၁၉၈၈ ခုနှစ် ဆန္ဒခံယူပွဲရက်ကိုလက်ခံသော်လည်း ဆန္ဒခံယူပွဲကို တားဆီးကန့်သတ်မှုမရှိသော ရွေးကောက်ပွဲဖြင့်အစားထိုးရန် အတိုက်အခံက အပူတပြင်းရှုန်းကန်လာခဲ့သည်။ သို့သော် လူထုဆန္ဒခံယူပွဲသာ ကျင်းပမည်ဖြစ်ကြောင်း အစိုးရက အခိုင်အမာကြေညာသည့်အခါ အစိုးရ၏ဆုံးဖြတ်ချက်ကို အတိုက်အခံက လက်ခံခဲ့သည်။ ယှဉ်ပြိုင်နိုင်ခွင့်ရှိသော ရွေးကောက်ပွဲသည် ၎င်းတို့အပြည့်အဝပြင်ဆင်မထားရသေးသည့် စိန်ခေါ်မှုများကိုဖြစ်ပေါ်လာစေမည်ကို စိုးရိမ်မှုဖြင့်သတ်မှတ်ချက်များကို အတိုက်အခံက လက်ခံခဲ့ခြင်းဖြစ်သည်။ (ထိုစိန်ခေါ်မှုများမှာ တစ်ဦးတည်းသော သမ္မတလောင်း သို့မဟုတ် တစ်ခုတည်းသောနိုင်ငံရေးရပ်တည်ချက်ကို သဘောတူရခြင်းကဲ့သို့ စိန်ခေါ်မှုများဖြစ်သည်။) ထို့ကြောင့် စည်းလုံးညီညွတ်မှုအတွက် အကောင်းဆုံးအခွင့်အလမ်းသည် ပီနီချေးအစိုးရ အုပ်ချုပ်မှုကို 'ကန့်ကွက်' မဲပေးခြင်းဖြစ်သည်။ တရားမျှတသော ပြည်သူ့ဆန္ဒခံယူပွဲဖြစ်ရန် အနိမ့်ဆုံးအခြေအနေများမရှိပါက လူထုဆန္ဒခံယူပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကို ရုတ်သိမ်းမည်ဖြစ်ပြီး ဆန္ဒခံယူပွဲသည် အယောင်ဆောင်ဟန်ပြသာဖြစ်သည်ဟု ပြည်တွင်းပြည်ပကသိရှိအောင် ထုတ်ဖော်ပြောကြားမည်ဟု အတိုက်အခံက သတိပေးခဲ့သည်။

နောက်တစ်ဆင့်တွင် 'ကန့်ကွက်မဲပေးရေး' (No) စည်းရုံးလှုံ့ဆော်မှု အဖွဲ့အစည်းကို ဖွဲ့စည်းသည်။ ထိုအဖွဲ့ကိုဖွဲ့ရန် နိုင်ငံရေး လူမှုရေးအင်အားစုပေါင်းများစွာကို တစုတစ်စည်းတည်းဖြစ်အောင်လုပ်ဖို့လိုသည်။ ထိုစည်းရုံးလှုံ့ဆော်မှုသည် ဒီမိုကရေစီသို့ ပြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး အယူအဆပါရှိသည်။ ထိုအသွင်ကူးပြောင်းမှုသည် တော်လှန်ရေး သို့မဟုတ် နိုင်ငံရေးရပ်တည်ချက်များ အစွန်းတစ်ဖက်စီဖြစ်နေသည့် ထိပ်တိုက်ရင်ဆိုင်မှု အယူအဆမှ ရှောင်ဖယ်လာကာ လုံးဝဥသုံးအောင်ပွဲခံရန် မကြိုးပမ်းဘဲ ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် တာဝန်ရှိ သူများမှလွဲပြီး) လူတိုင်းသည် တူညီသောအခွင့်အရေးများနှင့် မိမိဂုဏ်သိက္ခာကို လေးစားမှုရရှိသည့် 'နေရောင်အောက်တွင်နေစရာတစ်နေရာရမည့်' 'အားလုံးအတွက်ဇာတိမြေ' တည်ဆောက်သွားရန်ကတိပြုသည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အတိုက်အခံတို့ အောင်ပွဲခံသည်။ 'ကန့်ကွက်မဲ' လှုပ်ရှားမှုက မဲဆန္ဒစုစုပေါင်း၏ ၅၆ ရာခိုင်နှုန်း အနိုင်ရသည်။ အာဏာရှင်အုပ်ချုပ်ရေး၏နိဂုံးမှာ အမှတ်စဉ်ရေတွက်ခံရပြီဖြစ်သည်။ ၁၉၈၉ ဒီဇင်ဘာတွင် တိုင်းပြည်အကြီးအကဲ၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးရာထူးများအတွက် လွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပသည်။ ပါထရီဆီယို အယ်လ်ဝင်သည် ချီလီသမ္မတနိုင်ငံ၏ ရွေးကောက်တင်မြှောက်ခံ သမ္မတဖြစ်လာခဲ့သည်။ နောက်ထပ် ၁၀ နှစ်အကြာ၌ ရီကာဒိုလာဂို့စ်ကသမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

## ခက်ခဲသော်လည်း အောင်မြင်သည့် အသွင်ကူးပြောင်းရေး

ချီလီနိုင်ငံ၏ အသွင်ကူးပြောင်းမှုသည် စိတ်ဝင်စားဖွယ် ရှေ့နောက်မညီမှုများကိုပြသည်။

အသွင်ကူးပြောင်းမှု အစပိုင်းသည် အလွန်အမင်းခက်ခဲလှသဖြင့် သိမ်ဖျင်းသော ရလဒ်များ ထွက်ပေါ်လာမည့်ကိန်းဆိုက်နေသည်ဟု ယူဆခဲ့ကြသည်။ ယခုအခါတွင်တော့ ချီလီ၏အသွင်ကူးပြောင်းမှုသည် အအောင်မြင်ဆုံး အသွင်ကူးပြောင်းမှုများထဲကတစ်ခုဖြစ်သည်ဟု ကျယ်ပြန့်စွာလက်ခံလာကြပြီဖြစ်သည်။

နိုင်ငံရေးအရပြောရလျှင် အသွင်ကူးပြောင်းမှုစမှတ်သည် အလွန်ခက်ခဲကြမ်းတမ်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ရွေးကောက်ပွဲ၌ ပိနိုချေးရှုံးသွားသည့်တိုင် မဲအရေအတွက်အားလုံး၏ ၄၄ ရာခိုင်နှုန်းကို ပိနိုချေးကရထားဆဲဖြစ်နေသည်။ အာယွန်ဒီအစိုးရက အာဏာရှင်နောက်မှ စည်းလုံးမှုရှိရှိဖြင့် သစ္စာခံမည့် စစ်တပ်ဖြင့် အာဏာကိုချန်ရစ်ခဲ့သည်။ ပထမဆုံးအကြိမ် လွှတ်တော်ရွေးကောက်ပွဲများတွင် စစ်တပ်ကျာထောက်နောက်ခံ နိုင်ငံရေးပါတီနှစ်ခုက မဲအရေအတွက်အားလုံး၏ ၄၄ ရာခိုင်နှုန်းပင်ရရှိသည့် အခြေအနေဖြစ်လာပြန်သည်။ လက်ယာအုပ်စုသည် စီးပွားရေးသမားလူတန်းစားအားလုံးနီးပါး၏ ထောက်ခံမှုကိုရသည်။ ထိုစီးပွားရေးသမား လူတန်းစားသည် လက်တင်အမေရိကတိုက်တွင် ရှေးရိုးစွဲအဖြစ်ဆုံး လူတန်းစားတစ်ခုဖြစ်သည်။ ဘက်တော်သားများထံမှ အခိုင်အမာထောက်ခံမှုရှိသည့်တိုင် စစ်အစိုးရပြန်လာနိုင်ခဲ့သည်။စီးပွားရေးတွင်လည်း အကြီးအကျယ်အောင်မြင်ခဲ့သည်။ ချီလီနိုင်ငံသည် နီယိုလစ်ဘရယ် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် နမူနာယူစရာဖြစ်လာအောင် စီမံကိန်းချလုပ်ဆောင်နိုင်ခဲ့သည်။

ချီလီ၏ အင်စတီကျူးရှင်းအဆောက်အအုံဆိုင်ရာမူဘောင်က ပိုရှုပ်အခြေအနေဆိုးနေသည်။ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ပိနိုချေးသည် ကာကွယ်ရေးဦးစီးချုပ်ရာထူးတွင် နောက်ထပ်ရှစ်နှစ်ကြာဆက်ရှိဦးမည်ဖြစ်သည်။ အဲလွင်၏သမ္မတသက်တမ်းထက် နှစ်ဆပိုပြီးကြာမြင့်သည်။ မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ရသည့်'အချိုးကျ ကိုယ်စားပြုစနစ်' ကျင့်သုံးသည့် ရွေးကောက်ပွဲဖြစ်ခြင်းကြောင့် အစိုးရနှင့်အတိုက်အခံကြားဆက်သွယ်ချက်(ပူးတွဲအနိုင်ရမှု)သည် ကိုယ်စားလှယ်နှစ်နေရာစလုံးကို ညွှန့်ပေါင်းအဖွဲ့များအနက် တစ်ဖွဲ့ဖွဲ့က အခြားညွှန့်ပေါင်းတစ်ဖွဲ့ထက် မဲအရေအတွက်နှစ်ဆ (ဆိုလိုသည်မှာ မဲစုစုပေါင်း၏ ၆၇ ရာခိုင်နှုန်းထက် မနည်း) အနိုင်ရသွားမှသာလျှင် ပြတ်တောက်နိုင်သည်။ အောက်လွှတ်တော်တွင် ဘက်နှစ်ဘက်ညီနေနိုင်သည်။ သူ၏ဘက်တော်သားများထဲမှ အထက်လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို ပိနိုချေးကတစ်သက်တာခန့်အပ်ခွင့်ပေးထားသော ဖွဲ့စည်းပုံကြောင့် ယခင်အစိုးရဟောင်းအင်အားစုများကို အခွင့်သာစေရန်အလို့ငှာ အထက်လွှတ်တော်တွင် ဆောင်ရွက်ထားနိုင်သည်။ ထို့အပြင် အရေးကြီးသည့်ဥပဒေကြမ်းတိုင်းကို အတည်ပြုပြဋ္ဌာန်းရန် ထောက်ခံမှုရရှိရန်လိုသည့် အနည်းဆုံးကိုယ်စားလှယ်အရေးအတွက်အထူးပြဋ္ဌာန်းချက်ကို အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတွက် အတိုက်အခံ၏ သဘောတူညီချက်မပါဘဲ ဥပဒေပြုရေးကိုပြင်ဆင်ရန် မဖြစ်နိုင်ပေ။ စစ်အစိုးရအုပ်ချုပ်မှုနောက်ဆုံးနှစ်ကာတွင် တရား

ရုံးချုပ်အဖွဲ့ဝင် ၁၇ ဦးအနက် ၁၄ ဦးကို စစ်အစိုးရကခန့်အပ်ပြီး စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မိမိဖာသာလွတ်ငြိမ်းချမ်းသာခွင့် အာမခံပြန်ပေးထားသည်။

အထက်ဖော်ပြပါ အင်စတီကျူးရှင်းအဆောက်အအုံဆိုင်ရာ မူဘောင်ကခွင့်ပြုထားသည့် အနေအထားအတိုင်းသာ နိုင်ငံရေးရှင်သန်ရမည်ဆိုပါလျင် ချီလီနိုင်ငံ၏အသွင်ကူးပြောင်းမှုသည် မမွေးခင်ကပင် ဇာတ်သိမ်းခဲ့ပေလိမ့်မည်။ အမွေခံခဲ့ရသည့် အထက်ပါမူဘောင်ကို 'အထုံးဖြည်' မည့်ရှုန်းကန်ကြိုးစားမှုပြုရာတွင် ဒီမိုကရေစီအရေး နိုင်ငံရေးပါတီညွှန့်ပေါင်းအဖွဲ့(Concertación) ၏အရည်အသွေး၊ စည်းလုံးညီညွတ်မှု ခွန်အားတို့က ပဓာနကျလာမည်ဖြစ်သည်။ (Concertación) သည် အသွင်ကူးပြောင်းမှုတွင် နိုင်ငံရေးလက်နက်ကိရိယာတစ် ခုဖြစ်ခဲ့သည်။ (Concertación) သည် ချီလီနိုင်ငံတွင် ရာစုနှစ်တစ်ခုကျော်ကြာတွေ့မြင်ခဲ့ရခြင်းမရှိသည့် ထူးခြားအရေးပါမှု အရှိဆုံး နိုင်ငံရေးမဟာမိတ်အဖွဲ့ဖြစ်သဖြင့် (Concertación) ကအောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ ပါထရီ ဆီယို အဲလွင်၊ အေဒူယာဒို ဖရိုင်း၊ ရီကာဒို လာဂို့စ်၊ မီချယ် ဘာချလေး ဟူသည့် သမ္မတလေးဦးကို တစ်ဆက်တည်းရွေးကောက်တင်မြှောက်ခံခဲ့ရသည့် (Concertación) သည် ချီလီတွင် သက်တမ်းအရင့်ဆုံး ညွှန့်ပေါင်းအစိုးရဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်နှင့် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာရွေးကောက်ပွဲများအားလုံးတွင် နှစ်ပေါင်း ၂၀ ကျော်ကြာအောင် (Concertación) ကပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အောက်ခြေအဆင့်မှသည် တိုင်းပြည်၏သမ္မတအထိ (Concertación) ၏ခေါင်းဆောင်မှန်သမျှသည် တစ်ခုတည်းသော နိုင်ငံရေးစီမံကိန်းနှင့် ယင်းစီမံကိန်းကိုချဉ်းကပ်သည့်နည်းများကို တညီတညွတ်တည်းကျင့်သုံးကြသည်။ ထိုသို့ကျင့်သုံးကြခြင်းကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် (နောက်တစ်ဆင့်တွင် ဒီမိုကရေစီရင့်ကျက်ခိုင်မာမှု)ကို အစဉ်အဆက်အစိုးရများက ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြသည်။

တစ်ချိန်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ယင်းတို့ကိုဝန်ခံခြင်း၊ ယင်းချိုးဖောက်မှုများ အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်ကို တရားဝင်ဝန်ခံမှုရယူခြင်းသည် ကြီးကျယ်သည့် ပထမဆုံးရည်မှန်းချက်ဖြစ်သည်။ သမ္မတ အဲလွင်ဖွဲ့စည်းလိုက်သည့် အမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်မှာ အဓိကကျသည်။ ထိုကော်မရှင်က အာဏာရှင်အုပ်ချုပ်ရေး၏ အင်မတန်များပြားသော ပြစ်မှုကျူးလွန်မှုများကို မှတ်တမ်းတင်ကာ ဖြစ်ပျက်ခဲ့သမျှကို တစ်နိုင်ငံလုံးကသိရှိအောင်လုပ်ဆောင်ခဲ့သည်။ နောက်ထပ်နှစ်များစွာအကြာ၌ သမ္မတ လာဂို့စ်တည်ထောင်သည့် နိုင်ငံရေးအရအကျဉ်းချုပ်မှုနှင့် ညှင်းပန်းနှိပ်စက်မှုဆိုင်ရာ စုံစမ်းရေးကော်မရှင်က လူ့အခွင့်အရေးချိုးဖောက်မှု အမှုတွဲ ၃၀၀၀၀ ကျော်ကို မှတ်တမ်းတင်ခဲ့သည်။ အဆိုပါမှတ်တမ်းမှတ်ရာ အစီရင်ခံစာများ၏ သက်ရောက်မှုက လွန်စွာကြီးမားပါသည်။ ထိုမှတ်တမ်းမှတ်ရာများက ဒီမိုကရေစီအသွင်ကူးပြောင်းမှုများအတွက် ကျင့်ဝတ်ရေးရာ အတည်ပြုသတ်မှတ်ချက်ကိုပေးအပ်ခဲ့သည်။

အလားတူကြိုးပမ်းမှုတစ်ခုကိုလည်းလုပ်ဆောင်နိုင်ခဲ့သည်။ အစိုးရဟောင်း၏အင်အားစု

များထက် ရွေးကောက်ပွဲတွင်ပိုပြီးထောက်ခံမှုရရှိသည့် (Concertación) ၏ အများစုအနိုင်ရပြီး အုပ်ချုပ်မှုကို ကိုးလိုးကန့်လန့်လုပ်ရန် ဗြောင်ကျကျရည်ရွယ်ချက်အတွက် ဖန်တီးထားသည့် 'အာဏာရှင်ဆန်သော ခြေကုပ်များ'ကို ဖယ်ရှားရန်ကြိုးပမ်းမှုဖြစ်သည်။ အဲလွင်၏ သမ္မတ သက်တမ်းနှင့် သူ့ကိုဆက်ခံသည့် သမ္မတ ဖရိုင်းလက်ထက် အစောပိုင်းနှစ်များတွင် အခြေခံ ဥပဒေပြင်ဆင်ချက်မူကြမ်းသုံးခုကို စတင်လုပ်ဆောင်ခဲ့သည်။ ထိုမူကြမ်းသုံးခုစလုံး ပယ်ချခံရ သည်။ လက်ယာအုပ်စုက အဆိုပါပြင်ဆင်ချက်မူကြမ်းသုံးခုကို ရှေ့မဆက်အောင်လုပ်ရာတွင် အောင်မြင်ခဲ့ကြသော်လည်း အထက်ပါ 'ခြေကုပ်'များ၏ တရားဝင်မှု အားလျော့လာသည်မှာ ထင်ရှားသွားသည်။ ကွန်မြူနစ်ပါတီကို မတရားအသင်းအဖြစ် သတ်မှတ်ထားသည့် အခြေခံ ဥပဒေပြဋ္ဌာန်းချက်ကိုပယ်ဖျက်ခြင်း၊ ဥပဒေအတည်ပြုပြဋ္ဌာန်းခြင်းအတွက် ထောက်ခံရန်လိုအပ် သည့် ကိုယ်စားလှယ်ဦးရေသတ်မှတ်ချက်များကို လျော့ချခြင်း၊ ပီနိုချေးလက်ထက် အခြေခံ ဥပဒေအရ လက်နက်ကိုင်တပ်ဖွဲ့အကြီးအကဲနှစ်ဦးက သမ္မတ၏လုပ်ပိုင်ခွင့်အာဏာကို ပယ်ချ ခွင့်ရှိနေသည့် လုံခြုံရေးကောင်စီ၏ အခွင့်အာဏာများကို တစ်ဆင့်ချင်းကန့်သတ်ခြင်းတို့မှာ ၎င်းတို့ဘက်မှ မဖြစ်မနေလက်ခံလိုက်ရသည့် ပြင်ဆင်ချက်ဥပဒေများဖြစ်သည်။ ထူးခြားအရေး ပါမှုအရှိဆုံး ပြုပြင်ပြောင်းလဲမှုများကို သမ္မတ လာဂိုစ်အစိုးရလက်ထက် ၂၀၀၅ ခုနှစ်တွင် အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းပြုပြင်ပြောင်းလဲမှုများမှာ ရွေးကောက် တင် မြှောက်ခံမဟုတ်သည့် အထက်လွှတ်တော်ကိုယ်စားလှယ်များကို ပယ်ဖျက်ခြင်း၊ ကာကွယ်ရေး ဦးစီးချုပ်နှင့် ရဲချုပ်တို့ကို သမ္မတများက ၎င်းတို့၏လေးနှစ်သက်တမ်းအတွင်း ရာထူးမှဖယ်ရှား ခြင်းမပြုရဟူသည့်သတ်မှတ်ချက်ကို ပယ်ဖျက်ခြင်းတို့ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကာကွယ်ရေးဦးစီးချုပ်အဖြစ် သမ္မတပီနိုချေးဆက်ရှိနေခြင်း သည် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုကို (Concertación) ကရရှိအောင်လုပ်ရန်ခက် ခဲသွားစေခဲ့သည်။ သမ္မတအဲလွင် အစိုးရလက်ထက်တွင် အရပ်ဖက်အာဏာပိုင်များကို ခြိမ်း ခြောက်ရန်လမ်းများပေါ်၌ တိုက်ပွဲဝင်ဝတ်စုံပြည့်ဖြင့် စစ်သားများကို ပီနိုချေးက တပ်ဖြန့်ထား တတ်သည်။ (ပီနိုချေး ကာကွယ်ရေးဦးစီးချုပ်အဖြစ်ရှိနေချိန်တွင်) အာဏာရှင်စနစ်၏ အဖိနှိပ် ဆုံးနှစ်ကာလများအတွင်း လျှို့ဝှက်ရဲအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး မာနူရယ် ကွန်ထရေးရာ့စ်ကို အကျဉ်းချရန် သမ္မတ ဖရိုင်းအစိုးရ၏ ဆုံးဖြတ်ချက်သည်လည်း စိန်ခေါ်ခံခဲ့ရသည်။

သမ္မတအဲလွင်၏ လက်ထက်မှစပြီး အရပ်ဖက်ထိန်းချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို စစ်တပ်နှင့်ရဲတို့ကနာခံရန် (Concertación) ညွှန့်ပေါင်းအစိုးရအဆက်ဆက်က အပူတပြင်းလုပ် ဆောင်ခဲ့သည်။ အတိတ်တုန်းက လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသည့် စစ်အရာရှိများ၏ ရာထူးတက်လမ်းကို (Concertación) အစိုးရ အဆက်ဆက်ကအလေးထားရန် ဂရုတစိုက်ရှိခဲ့သည်။ စစ်တပ်နှင့်ရဲအဖွဲ့တို့ကို ဘဏ္ဍာငွေကြေး အလုံအလောက်ထောက်ပံ့ခဲ့သည်။ တစ်ပြိုင်နက်တည်းတွင် နိုင်ငံရေး၌ စစ်တပ်၏ပါဝင်စွက်ဖက်

မှုကို တားမြစ်ထားသည်။ ထိုဆုံးဖြတ်ချက်နှစ်ခုသည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်သည်။ စစ်မှုထမ်းအသက်မွေးဝမ်းကျောင်းကို အမှန်တကယ်လေးစားမြတ်နိုးပါက အရပ်ဖက်နိုင်ငံရေး လုပ်ပိုင်ခွင့်အာဏာကို နာခံရန်လိုပေသည်ဟူသော သဘောဖြစ်သည်။

ချီလီ၏ အသွင်ကူးပြောင်းမှုတွင် စီးပွားရေးမူဝါဒများသည်လည်း အောင်မြင်ခဲ့သည်။ ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်များ၊ မက်ခရိုစီးပွားရေး မျှတတည်ငြိမ်မှု၊ လူမှုရေးမူဝါဒများ အားလုံးကို နေရာတကျဖြစ်အောင် စီမံခန့်ခွဲနိုင်ခဲ့သည်။ အခြားနိုင်ငံများ၏အသွင်ကူးပြောင်းမှု များမှလည်း ချီလီကသင်ခန်းစာယူနိုင်ခဲ့သည်။ ထိုနိုင်ငံများအနက် အချို့၏အသွင်ကူးပြောင်းမှု သည် လွန်ကဲကြီးမားသည့်ငွေကြေးဖောင်းပွမှုဖြစ်စေခဲ့သော လူထုကြိုက်မူဝါဒများဖြင့် အား တက်သရော ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဲလွင်၏ရာထူးသက်တမ်း အစောပိုင်းနေ့ရက်များ မှသည် (Concertación) ညွှန့်ပေါင်း၏ နောက်ဆုံးသမ္မတ ဘာရှလေး၏ လက်ထက်အထိ (Concertación) ၏ ဘဏ္ဍာရေးမူဝါဒသည် အာဏာရှင်လက်ထက်တွင် တိုးပွားစုပုံလာခဲ့သည့် အဆင်းရဲဆုံးလူတန်းစားများ၏ လူမှုရေးလိုအပ်ချက်များကို ဖြေရှင်းပေးရန် အခိုင်အမာလုပ်ကိုင် ဆောင်ရွက်ချက်ကို ချောမွေ့အောင်အထောက်အကူပြုနိုင်ခဲ့သည်။ 'ညီမျှမှုရှိသည့် စီးပွားရေး ဖွံ့ဖြိုးမှု' အယူအဆကို အဲလွင်ကအလေးပေးခဲ့သည်။ နောက်တက်လာသည့် လာဂိုစ်၏သမ္မတ လောင်းယှဉ်ပြိုင်ရေး မဲဆွယ်လှုပ်ရှားမှုတွင် 'အခွင့်အလမ်း ညီမျှမှုရှိသည့် စီးပွားရေးဖွံ့ဖြိုးမှု' သည် အဓိကကြွေးကြော်သံဖြစ်လာခဲ့သည်။ (Concertación) ညွှန့်ပေါင်းအစိုးရ၏ နှစ် ၂၀ အုပ် ချုပ်မှုကာလအတွင်း ဆင်းရဲမွဲတေမှုမျဉ်းအောက်တွင်ရှိနေသူ ၄၄ ရာခိုင်နှုန်းကို ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိ လျော့ချနိုင်ခဲ့ခြင်းသည် ကြီးကျယ်သည့်အောင်မြင်မှုဖြစ်သည်။ အဲလွင်အစိုးရက စီးပွားရေးမူဝါဒသစ်ကို ချမှတ် ကျင့်သုံးခဲ့သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို အတိအကျဖွင့်ဆိုသတ်မှတ်ပြီး စစ်တပ်၊ ရဲအဖွဲ့တို့နှင့်မဟာမိတ်ပြုရခြင်း မှစီးပွားရေးလုပ်ငန်းများ အား ဟန့်တားနိုင်ခဲ့သည်။ အခွန်ကောက်ခံမှုနှင့် အလုပ်သမားရေးရာပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ရန် စီးပွားရေးလုပ်ငန်းနှင့် အလုပ်သမားများကြား အကြိမ်ကြိမ်စေ့စပ် ညှိနှိုင်းဆွေးနွေးမှု များဖြင့် သဘောတူညီချက်များရရှိအောင် လုပ်ဆောင်ခဲ့သည်။ ပို့ကုန်မြင့်တက်လာစေရေးကို ချောမွေ့စွာဖြစ်ပေါ်ရန် သွင်းကုန်ကင်းလွတ်ခွင့် သဘောတူညီချက်များစွာရရှိအောင် ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ ရေရှည်ဖွံ့ဖြိုးမှုရှိသောနှုန်းထားဖြင့် ကုန်ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ် အကိုင်ရရှိမှုတို့ တိုးပွားလာကာ အသွင်ကူးပြောင်းမှုအောင်မြင်ရေးကို အကျိုးပြုခဲ့သည်။

ၛင်းတို့အာဏာရခြင်းနှင့်တပါတည်း ပေါ်ပေါက်လာသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ခိုင်မာ အားကောင်းမှုကို စောင့်ထိန်းရန် (Concertación) ညွှန့်ပေါင်းအစိုးရက သတိထားလုပ်ဆောင် ခဲ့သည်။ သမ္မဟာဖြစ်မှုနှင့်တရားမျှတမှု၊ ခွင့်လွှတ်သဘောထားကြီးမှုနှင့် ဘက်အားလုံးသဘော တူညီမှုအတွက် ကြိုးပမ်းမှုတို့ သက်ဝင်နေသည့် မူဝါဒများကို (Concertación) ညွှန့်ပေါင်းအစိုးရ က အကောင်အထည်ဖော်ခဲ့သည်။ (Concertación) ညွှန့်ပေါင်းအစိုးရ ၏ဆုံးဖြတ်ချက်များသည်

ခံယူချက်ကို သစ္စာခံစောင့်ထိန်းခြင်းထက် တာဝန်ယူမှုကိုသစ္စာခံစောင့်ထိန်းခြင်း (ethics of conviction vs ethics of responsibility) ကိုအခြေခံခဲ့သည်။ ရလာဒ်များအကောင်အထည်ပေါ်လာရေးကို အဓိကဦးစားပေးဆောင်ရွက်သည်။ နိုင်ငံရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ မွေးရာပါလွတ်လပ်ခွင့်၊ ဘေးကင်းလုံခြုံမှု၊ သာယာဝပြောမှုတို့အတွက် အထောက်အကူပြုလက်နက်ကိရိယာဟု (Concertación) ညွှန့်ပေါင်းအစိုးရ၏ ခေါင်းဆောင်များက မြင်သည်။ စိတ်ဝိဉာဉ်ကို ကယ်တင်ဖေးမခြင်း၊ စိတ်နလုံးကိုကုစားပေးခြင်း၊ သောကဗျာပါဒတွေကို ကုစားပေးခြင်းတို့အတွက် နည်းလမ်းဟုမမြင်ကြချေ။

အသွင်ကူးပြောင်းမှုစတင်ပြီး နှစ်ပေါင်းနှစ်ဆယ်အကြာ (Concertación) ညွှန့်ပေါင်းအစိုးရများ၏နိုင်ငံရေးချုပ်ချိန်၌ ချီလီနိုင်ငံသည် လက်တင်အမေရိကတိုက်တွင် အဖွံ့ဖြိုးဆုံး၊ အတည်ငြိမ်ဆုံး တိုင်းပြည်အသွင်ကိုဆောင်နေခဲ့သည်။ တစ်ဦးချင်းဝင်ငွေသည် သုံးဆမြင့်တက်လာကာ ဒေသတွင်း၌ တစ်ဦးချင်းဝင်ငွေအမြင့်ဆုံး နိုင်ငံဖြစ်လာသည်။ စစ်အစိုးရလက်ထက် ၁၇ နှစ်တာအတွင်း ရရှိခဲ့သည့် ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးမှုထက် (Concertación) ညွှန့်ပေါင်းအစိုးရလေးဆက်ကာလ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက နှစ်ဆပိုမြင့်တက်လာခဲ့သည်။ ၎င်းတို့အုပ်ချုပ်စဉ် မြင့်မားသည့်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းထားသည် ချီလီလူ့အဖွဲ့အစည်းကို အံ့အားသင့်စဖွယ်ပြောင်းလဲမှု ဖြစ်ပေါ်စေခဲ့သည်။ ဆင်းရဲမွဲတေမှုမျဉ်းအောက်တွင် နေထိုင်နေရသည့် လူဦးရေရာခိုင်နှုန်းက အနိမ့်ဆုံးသို့ ရောက်လာသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုစောင့်ကြည့်အဖွဲ့အစည်း၏ထုတ်ပြန်ချက်အရ ချီလီသည် ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံထဲတွင်ပါလာခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာမှုအဖွဲ့အစည်း Freedom House ၏အဆင့်သတ်မှတ်ချက်အရ ဥရုပ္ပေ၊ ကော်စတာရီကာနိုင်ငံတို့နှင့်အတူ ချီလီက အမြင့်ဆုံးအဆင့်တွင် ရပ်တည်နေခဲ့သည်။ Freedom House ၏အဆင့်သတ်မှတ်ချက်တွင် နိုင်ငံရေး ဆိုင်ရာအခွင့်အရေးများနှင့် ပြည်သူ့လွတ်လပ်ခွင့်များ၏ အရည်အသွေးနှင့် လက်တွေ့စောင့်ထိန်းမှုကိုပါ ထည့်သွင်းစဉ်းစားပြီး အဆင့်သတ်မှတ်ခြင်းဖြစ်သည်။ အခြားသော အဖွဲ့အစည်းများ (ဥပမာ ကမ္ဘာ့ဘဏ် သို့မဟုတ် Bertelsmann Foundation) တို့လိုအဖွဲ့အစည်းများ၏ ပိုမိုစုံလင်များပြားသည့် တိုင်းထွာမှုများဖြစ်သော ဥပဒေကိုလိုက်နာစောင့်ထိန်းမှု၊ အုပ်ချုပ်ရေးလည်ပတ်နိုင်စွမ်း၊ နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်များ၊ တိုင်းပြည်အစိုးရ၏ အရည်အချင်းတို့ဖြင့် လေ့လာသုံးသပ်မည်ဆိုပါကလည်း ချီလီသည် လက်တင်အမေရိကတိုက်တွင် အခြေအနေ အကောင်းဆုံး တိုင်းပြည်ဟု သတ်မှတ်ကြသည်။

အထက်ပါ စီးပွားရေးနှင့်လူမှုရေးအောင်မြင်မှုများသည် အသွင်ကူးပြောင်းမှုတိုင်း၏ ပဓာနကျသောအကြောင်း အချက်နှစ်ရပ်ကို ဖြည့်ဆည်းနိုင်ခြင်းနှင့် တစ်ဆက်တည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ပထမဦးဆုံးအကြောင်းအချက်မှာ စစ်တပ်နှင့်ဆက်ဆံရေးဖြစ်သည်။ စစ်တပ်နှင့်ဆက်ဆံရေးသည် အစကမကောင်းခဲ့သော်လည်း အာဏာရှင်စနစ်အဆုံးသတ်သွားပြီးနောက်

ပညာသည်ဆန်မှု၊ တရားဝင်အရပ်ဘက် အခွင့်အာဏာကို နာခံလိုက်နာခြင်း၊ ပါဝင်စွက်ဖက်မှု မရှိခြင်း၊ လိုက်လျောခြင်းဟူသည့် အခြေခံမူများပေါ်မူတည်ပြီး စစ်တပ်နှင့်ရဲအဖွဲ့တို့ကို ရပ်ဘက်၏အပြည့်အဝထိန်းချုပ်မှု ချီလီတွင်ပြန်လည်ရရှိခဲ့သည်။ အခြားအကြောင်းများအနက် ပိနိုချေးအရင်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပြီး မြင့်မြတ်သည့် ရည်ရွယ်ချက်ရှိသော ဗိုလ်ချုပ်ကြီး ကာလို့စ် ပရက်စ်၏ စစ်တပ်ကိုပြန်လည်ထူထောင်ရေးလုပ်ခြင်းကြောင့် အရပ်ဖက်ထိန်းချုပ်မှု အောက်သို့ စစ်တပ်ကိုပြန်လည်ထားရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉۷۹ ခုနှစ်တွင် ပိနိုချေးအစိုးရ၏ နိုင်ငံရေးဆိုင်ရာရဲအဖွဲ့က အာဂျင်တီးနားနိုင်ငံ၊ ဘွာနိုဇာရက်စ်မြို့တော်တွင် သူ့ကိုလုပ်ကြံသတ်ဖြတ်ခဲ့သည်။ ပိနိုချေး၏ ရန်ဘက်များမဟုတ်ကြသော်လည်း ပိနိုချေး သို့မဟုတ် ပိနိုချေးအစိုးရနှင့် မပတ်သက်သည့် စစ်အရာရှိမျိုး ဆက်တစ်ဆက်ကို စစ်တပ်ခေါင်းဆောင်မှုပိုင်းသို့ ရာထူးတိုးပေးနိုင်ခဲ့ခြင်းကလည်း နောက်ထပ်အကြောင်းဖြစ်သည်။ အသွင်ကူးပြောင်းမှုတွင် ပဓာနကျသည့် ဒုတိယအကြောင်းအချက်မှာ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်မှုဖြစ်သည်။ အဆိုပါပြစ်မှုများ၏နာကျင်စရာများမှ နာလံထူအောင်လုပ်ခြင်း၊ ကုစားခြင်း၊ တရားမျှတမှု၊ အမှန်တရားတို့ကိုရရှိအောင် ချီလီနိုင်ငံ၏အသွင်ကူးပြောင်းမှုတွင် ကြီးကျယ်သည့်ကြိုးပမ်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်အရောက်၌ ပိနိုချေးအစိုးရလက်ထက်က အာဏာရှင်စနစ်၏ လုံခြုံရေးဌာနစိတ်အကြီးအကဲရာထူးများကိုရယူခဲ့ကြသည့် ဗိုလ်ချုပ်ကြီးများအားလုံးအပါအဝင် စစ်မှုထမ်း ၁၀၀ ကျော်ကို စွဲချက်တင်နိုင်ခဲ့သည်။ အာဏာရှင်စနစ်၏သားကောင်ဘဝ ကျရောက်ခဲ့သူများအတွက် မည်သည့်နိုင်ငံ၏အသွင်ကူးပြောင်းမှုတွင် မဆို တရားမျှတမှုအပြည့်အဝမရရှိခဲ့သော်လည်း တောင်ဥရောပနှင့် ဗဟိုဥရောပတိုက်၊ အာရှတိုက်၊ အာဖရိကတိုက်နှင့် လက်တင်အမေရိကတိုက်ရှိနိုင်ငံများအားလုံးအနက် တရားမျှတမှုအပြည့်အဝရအောင်လုပ်ခြင်းနှင့်ပတ်သက်လျှင် ချီလီနိုင်ငံ၏ အင်တိုက်အားတိုက်ကြိုးပမ်းမှုသည် ပြောစမှတ်ပြုစရာဖြစ်ခဲ့ပေသည်။

# ချီလီသမ္မတ ပါထရီဆီယို အဲလွင် (၁၉၃၀-၉၄) ၏ ကိုယ်ရေးအကျဉ်း

(Club de Madrid အဖွဲ့ဝင်)

Patricio Aylwin, by Claudio Santana/Scanpix

**ပါထရီဆီယို အဲလွင်**သည် နိုင်ငံရေးအမြင်မျှတသည့် ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ် ကြာမြင့်စွာဆောင်ရွက်ခဲ့သူ၊ အခြေခံဥပဒေဆိုင်ရာ ဥပဒေပညာရှင်၊ ဥပဒေ သိပ္ပံပညာပါမောက္ခဖြစ်သည်။ သူ့ပါတီ၏ ဥက္ကဋ္ဌ၊ စစ်တပ်အာဏာမသိမ်းခင် ချီလီအထက် လွှတ်တော်၏ ကိုယ်စားလှယ်နှင့် (ဥက္ကဋ္ဌ) တစ်ဦး ဖြစ်သည်။ ဆိုရှယ်လစ်သမ္မတ ဆော်ဗာဒိုအာယွန်ဒဲနှင့် အောင်မြင်မှုမရသည့် စေ့စပ်ညှိနှိုင်းမှုတွင် အတိုက်အခံဘက်မှ ပါဝင်ဆောင်ရွက်မှုအတွက် လူသိများထင်ရှားသည်။ အဆိုပါစေ့စပ်ညှိနှိုင်းမှုပျက်ပြားပြီးများမကြာမီ ၁၉۷၃ ခုနှစ် စက်တင်ဘာတွင် ဗိုလ်ချုပ်ကြီးပီနိုချေးနှင့်ချီလီစစ်တပ်က အာယွန်ဒဲ၏ Popular Unity အစိုးရကိုဖြုတ်ချကာ အာဏာသိမ်းလိုက်သည်။ ထိုသို့အာယွန်ဒဲကို အတိုက်အခံလုပ်သည့် အငြင်းပွားစရာ ရပ်တည်ချက်ရှိသည့်တိုင် ပီနိုချေးကိုဆန့်ကျင်သည့် အလွန်အမင်း စိတ်ဝမ်းကွဲ နေသော အမေရိကအတိုက်အခံအင်အားစုများကြားတွင် သဘောထားကွဲလွဲမှုများကို ပေါင်းစည်း အောင်လုပ်ရာတွင် အဲလွင်သည် အမေရိကနေရာမှပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ်လူထုဆန္ဒခံယူပွဲတွင် ပီနိုချေးကို အနိုင်ရလိုက်သည့် 'ကန့်ကွက်မဲ ညွှန့်ပေါင်းအဖွဲ့' ကို ဦးဆောင်အကူအညီပေးခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ်တွင် အရပ်ဘက် ဒီမိုကရေစီအစိုးရအုပ်ချုပ်မှုသို့ အသွင်ကူးပြောင်းမှုအတွက် လမ်းပွင့်သွားစေခဲ့သည်။

သဘောထားပျော့ပြောင်းပြီး လူကြီးလူကောင်းဆန်သော ပြုမူဆောင်ရွက်ပုံရှိသည့်

အဲလွင်သည် နိုင်ငံရေးအမြင်မျှတသည့် အုပ်စု၊ ယင်းအုပ်စုနှင့်နီးစပ်သော လက်ဝဲအုပ်စု၊ လက်ယာအုပ်စုတို့ကိုပေါင်းစည်းစေခဲ့သည့် မဟာဗျူဟာမြောက် ညှိနှိုင်းဆွေးနွေးမှုများအတွက် ထောက်ခံမှုရရှိခဲ့သည်။ တရားဥပဒေစိုးမိုးမှုနှင့် ချီလီ၏ အချိန်ကြာညောင်းသော ဒီမိုကရေစီနိုင်ငံရေးအစဉ်အလာများအတွက် ခိုင်မာစွာအားစိုက်လုပ်ကိုင်ရန် စီမံကိန်းချခဲ့သည်။ ၁၉၈၉ ခုနှစ် သမ္မတရွေးကောက်ပွဲနှင့် နောက်ထပ်ကျင်းပသည့်ရွေးကောက်ပွဲတိုင်းတွင် ၂၀၁၀ ပြည့်နှစ်အထိ အနိုင်ရခဲ့သည့် (Concertación por la Democracia) နိုင်ငံရေးညွှန့်ပေါင်းအဖွဲ့၏ ခေါင်းဆောင်နှင့် ပထမဆုံးသမ္မတရာထူးရရှိခဲ့သူဖြစ်သည်။ သူ၏သမ္မတသက်တမ်းတွင် ၁၉၈၀ ပြည်နှစ်က ပီနိုချေးသတ်မှတ်ခဲ့သည့် အမြစ်တွယ်နေသော အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ရင်ဆိုင်နေရချိန် စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပီနိုချေးပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေပြဋ္ဌာန်းချက်များက စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှုရောက်အောင်လုပ်ဖို့ အင်မတန်ခက်ခဲစေခဲ့သည်။ စီးပွားရေးတည်ငြိမ်အောင်လုပ်ဆောင်ခဲ့ပြီး စီးပွားရေးလောကဏ္ဍ ယုံကြည်မှုကိုရရှိခဲ့သည်။ လူမှုရေးတရားမျှတမှုကို ပိုပြီးအာရုံစိုက်ခဲ့သည်။ အသင်းခေါင်းဆောင်တစ်ဦးလို လုပ်ကိုင်ဆောင်ရွက်တတ်သည့်အဲလွင်သည် သူယုံကြည်ရသော အကြံပေးများ၏ထင်မြင်ချက်များကို လိုက်လျောမှုအမြဲရှိခဲ့သည်။ သို့သော် သူ၏နိုင်ငံရေးအဖွဲ့၏အကြံပြုချက်ကိုဆန့်ကျင်လျက် အာဏာရှင်စနစ်လက်အောက်ရှိစဉ်က 'ပျောက်ခြင်းမလုပျောက်ဆုံးခဲ့သူများ'နှင့် နိုင်ငံရေးအရ ကွပ်မျက်မှုများနှင့်ပတ်သက်ပြီး အဖြစ်မှန်ကို ဆုံးဖြတ်ပေးရန် လူမျိုးပေါင်းစုံ၊တာဝန်ရှိအဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ကိုယ်စားပြုကော်မရှင်တစ်ခုကို တရားမျှတမှုကို အမြင့်ဆုံးရရှိအောင်ကြိုးပမ်းရန် ကိုယ်တိုင်ကိုယ်ကျတာဝန်ယူခဲ့သည်။ ထိုကော်မရှင်ကိုတည်ထောင်ရန် ဆုံးဖြတ်ချက်၊ ဆုံးဖြတ်ချက်ရလဒ်ဖြစ်သည့် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင် (Rettig Commission) တို့သည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် တရားဝင်မှုနှင့် တည်ငြိမ်မှုကိုရရှိစေခဲ့သည်။ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့်ပတ်သက်ပြီး နောင်အနာဂတ်ကာလ ဖြစ်ပေါ်တိုးတက်မှုအလားအလာကို လမ်းဖွင့်ပေးခဲ့ပေသည်။

# သမ္မတ ပါထရီဆီယို အဲလွင် နှင့် တွေ့ဆုံမေးမြန်းခြင်း

*ဝိနိုချေးလက်ထက်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ စီးပွားရေးတိုးတက်မှု အခွန့်ရှည်ခဲ့တဲ့ကာလ ကို နမူနာယူစရာအဖြစ်ယူဆကြပါတယ်။ အဲဒီလုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို လမ်းညွှန်ဖို့ခင်ဗျားချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ အရေးအကြီးဆုံး ဆုံးဖြတ်ချက်တွေလို့ ခင်ဗျားယူဆတဲ့ဟာ နစ်ခုသုံးခုကို ပြောပြလို့ရမလား။*

ပါထရီစီယို အဲလွင်။ ။ အဲဒီဆုံးဖြတ်ချက်တွေကို ကျော်လွန်ပြီးပြောရရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ သမိုင်းကြောင်းက အသွင်ကူးပြောင်းမှုအတွက် သိပ်ကိုအရေးပါခဲ့ပါတယ်ဆိုတာက စပြီးပြောရမှာပဲ။ ချီလီက လွတ်လပ်ရေးရပြီးတဲ့နောက် လက်တင်အမေရိကနိုင်ငံတွေထဲမှာ ဒီမိုကရေစီရပြီး တည်ငြိမ်မှုအရှိဆုံးနိုင်ငံတစ်နိုင်ငံလို့ ပြောလို့ရတယ်။ ဒီမိုကရေစီ ပပျောက်သွားတဲ့နောက် ဒီမိုကရေစီပြန်ရဖို့လုပ်ဆောင်ရတာ ကျွန်တော်တို့လုပ်ငန်းစဉ်ရဲ့ အဓိကတာဝန်ဖြစ်လာတယ်။ ဒီမိုကရေစီကိုပြန်သွားဖို့ ရုန်းကန်ကြိုးစားခဲ့ကြတဲ့ ကျွန်တော်တို့တစ်တွေ လက်ဝဲအုပ်စုနဲ့ နိုင်ငံရေးအမြင်မျှတသူအုပ်စု(အုပ်စုနှစ်ခုစလုံးမှာ ကျွန်တော်ပါပါတယ်)ဆိုတဲ့ ဆိုရှယ်လစ်နဲ့ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်တွေအပြင် (ကျွန်တော်တို့က နိုင်ငံရေးအမြင်မျှတဲ့လက်ဝဲအုပ်စုလို့ခေါ်တဲ့) ရက်ဒီကယ်လောကအတွက် ပူးပေါင်းလုပ်ဆောင်စေခဲ့တာကတော့ ဒီမိုကရေစီကို အာသာငမ်းငမ်းတောင့်တမှုဗျ။ ဒီတောင့်တမှုက အပြောင်းအလဲလိုချင်စိတ်နဲ့ တရားမျှတမှုပိုရှိတဲ့လူ့အဖွဲ့အစည်းကို ဖွေရှာမှုအလွန်မှာရှိခဲ့တာပါ။

## စစ်တပ်ကိုအရပ်ဘက်ထိန်းချုပ်မှုအောက်တွင်ထားရှိခြင်း

ချီလီရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအကြောင်းပြောကြတဲ့အခါ လက်တင်အမေရိကနိုင်ငံတွေအများစုနဲ့ ချီလီနဲ့မတူတာရှိတယ်။ တခြားလက်တင်အမေရိကနိုင်ငံတွေမှာက စစ်တပ်က နိုင်ငံရေးမှာထာဝရ ပါဝင်စွက်ဖက်ခဲ့တယ်။ အရပ်ဘက်လုပ်ပိုင်ခွင့်အာဏာ ရှိသူတွေကို တစ်ချိန်လုံးလိုက်ပြီး စစ်တပ်ကကန့်သတ်နေကြတာချည့်ပဲ။ ချီလီမှာကတော့ တပ်က အရပ်ဘက်လုပ်ပိုင်ခွင့်အာဏာရှိသူတွေရဲ့ လက်အောက်ခံအဖြစ် ခြွင်းချက်အနည်းငယ်နဲ့ရှိနေတယ်။ အဲဒီလိုရှိနေတဲ့ သမိုင်းနဲ့ချီတဲ့အချက်ကနေပြီးတော့လည်း ကျွန်တော်တို့အကျိုးရှိခဲ့တယ်ထင်ပါတယ်။ လူ့အဖွဲ့အစည်းမှာ အရေးတကြီးအပြောင်းအလဲတွေ ပေါ်ပေါက်တဲ့ကာလမှာတောင် အာဏာရှင်အစိုးရတွေကိုတည်ထောင်ဖို့ကြိုးစားမှုတွေဟာ ချီလီလူ့အဖွဲ့အစည်းမှာ ထောက်ခံမှုအခိုင်အမာ ခြေကုပ်မယူနိုင်ခဲ့ပါ ဘူး။

## အာဏာရှင်စနစ်ကို ပူးသတ်ခြင်း

ခင်ဗျားမေးခွန်းကို တည့်တည့်ဖြေမယ်ဆိုရင်တော့ စစ်အစိုးရကို သူ့ရဲ့လုပ်နည်းလုပ်ဟန်တွေသုံးပြီး ပြန်အနိုင်တိုက်ဖို့ကြိုးစားတာက အရေးကြီးတဲ့ဆုံးဖြစ်ချက်တစ်ခု ထင်ပါတယ်။

ခြိုပြောရရင် လက်တင်အမေရိကနိုင်ငံတွေမှာ ဖြစ်လေ့ဖြစ်ထရှိတာက နောက်ထပ်အာဏာသိမ်းမှုနဲ့ အာဏာရှင်အစိုးရတွေကို တွန်းလှန်ဖြုတ်ချဖို့ အတိုက်အခံအင်အားစုတွေက ကြိုးစားတာပဲ။ အာဏာရှင်စနစ်ကို နောက်ထပ်အာဏာရှင်စနစ်ကနေ တွန်းလှန်ဖြိုဖျက်ပစ်တာမျိုးလေ။ ချီလီနိုင်ငံသားတွေကြားပြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဆိုတဲ့အရာကိုအရမ်းကြီးအပြောင်းအလဲဖြစ်မသွားစေဘဲ ဒါမှမဟုတ် ထိခိုက်မသွားစေဘဲ ပီနိုချေးရဲ့ အင်စတီကျူးရှင်းအဆောက်အအုံမူဘောင်ထဲကနေပဲ သူ့ကိုအနိုင်ရအောင်လုပ်နိုင်ခဲ့တယ်။ ဒီလိုနိုင်အောင်လုပ်ခဲ့ရတာ မလွယ်ပါဘူး။ တကယ်တော့ တော်တော်ရှုပ်ရှုပ်ထွေးထွေးနိုင်ပါတယ်။

ဒီလိုအနိုင်ရအောင်လုပ်နိုင်ဖို့ ကျွန်တော်တို့ဟာ လက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာ သင်ယူခဲ့ရတယ်။ အဲဒီလိုလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိခဲ့ရင် ကျွန်တော်တို့အရှုံးကြီးရှုံးခဲ့မှာပဲ။ ရန်ဘက်က ပီနိုချေးတစ်ဦးတည်း မဟုတ်ဘူးဗျ။ သူကလည်းအရူးမှမဟုတ်တာ။ သူက လိမ္မာပါးနပ်တယ်။ သူ့ကိုထောက်ခံတဲ့လူတွေ လူ့အဖွဲ့အစည်းထဲမှာ တစ်ချို့တစ်ဝက်ရှိတယ်။ အထူးသဖြင့် ကြည်း၊ ရေ၊ လေ တပ်တွေအားလုံးကနေ ချွင်းချက်မရှိ ထောက်ခံမှုကိုတောင်ရထားတဲ့သူဗျ။ အာယွန်ဒဲကို တွန်းလှန်ဖြုတ်ချပြီး ချီလီနိုင်ငံအတွက် တာဝန်ကျေခဲ့အောင်လုပ်ခဲ့ကြတယ်လို့ စစ်တပ်ကယူဆခဲ့ကြတာ။ ခုထက်ထိတောင် အဲဒီလိုယူဆနေတုန်းပဲလားမသိဘူး။ အာဏာသိမ်းတုန်းကနဲ့ ချီလီမှာဒီမိုကရေစီပြန်ရအောင်လုပ်နေတဲ့ဖြစ်စဉ်တစ်လျှောက်လုံးမှာ အဲဒီလိုမျိုးစစ်တပ်က ယူဆခဲ့ကြတာဗျ။

## ပြည်သူ့ကြားမှာ ယုံကြည်မှုတည်ဆောက်ခြင်း

*ခင်ဗျားက အစောပိုင်းတုန်းကတော့ သမ္မတ အာယွန်ဒဲကိုတော်တော်လေးဝေဖန်ခဲ့တယ်။ ဒါပေမယ့် ၁၉၈၀ ပြည့်နှစ်တွေရောက်တော့ အာယွန်ဒဲကိုထောက်ခံတဲ့သူတွေရဲ့ ယုံကြည်မှုရအောင်ခင်ဗျားလုပ်နိုင်ခဲ့တယ်။ ခင်ဗျားနဲ့ တစောင်းစေးနဲ့မျက်ချေးဖြစ်ခဲ့တဲ့သူတွေနဲ့ တွဲလုပ်နိုင်အောင် ဘယ်လိုမျိုးလုပ်ခဲ့တာလဲဗျ။*

အဲလွင်။ ။ နိုင်ငံရေးအကွဲအပြဲနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေအကြီးအကျယ်ဖြစ်နေချိန်မှာ ကျွန်တော်တို့က မတည့်မရှုဖြစ်ခဲ့ကြတာပါ။ မကြာသေးခင်ကအထိ တစ်ရန်တစ်ဆုဖြစ်ခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေအတွက် ဒီလိုသဘောတူညီချက် တစ်ရပ်ရအောင်လုပ်ဖို့ဆိုတာ သမိုင်းမှာတော့ ထူးခြားဖြစ်စဉ်ပဲပေါ့။ သမ္မတ အေဒူယာဒို ဖရိုင်း မွန်တဲ ဘာ (၁၉၆၄ မှ ၁၉၇၀) အစိုးရ လက်ထက်တုန်းက ဆိုရှယ်လစ်တွေဟာ ကျွန်တော်တို့အတွက် တင်းမာတဲ့ပြိုင်ဖက်တွေပဲ။ အာယွန်ဒဲအစိုးရ (၁၉၇၀ မှ ၁၉၇၃) လက်ထက်ရောက်တော့ ဆိုရှယ်လစ်စနစ်တည်ထောင်ဖို့ သူ့ရဲ့ Unidad Popular (လက်ဝဲနိုင်ငံရေးမဟာမိတ်အဖွဲ့) အစိုးရထဲမှာ (တရားဝင်အခွင့်မရှိသော်လည်း) လက်တွေ့ကြိုးပမ်းမှုလုပ်လာတာကိုမြင်ရလို့ ကျွန်တော်တို့ အပြင်းအထန်ကန့်ကွက်ခဲ့ကြတယ်။ တကယ်တော့ စစ်အာဏာသိမ်းမှုဖြစ်လာတဲ့အခါ အစိုးရလုပ်ရပ်တွေကြောင့် မလွှဲ

မရှောင်သာ အကျိုးဆက်ဖြစ်ပေါ်လာတဲ့အခြေကို ဆိုက်သွားခဲ့တာပဲလို့ ကျွန်တော်တို့ထဲက လူတော်တော်များများကယူဆကြတယ်။ အဲဒီအချိန်မှာ ချီလီက ပြည်တွင်းစစ်ဖြစ်မယ့်ကိန်းဆိုက်နေတဲ့ တိုင်းပြည်တစ်ပြည်ဖြစ်နေပြီ။ ဒါကြောင့် စစ်အာဏာသိမ်းမှုကို ထောက်ခံတယ်ဆိုပြီး ကျွန်တော်တို့ကို စွပ်စွဲကြတာပေါ့။

အာဏာရှင်စနစ်ကလည်း ကြမ်းကြုတ်ရက်စက်လွန်းတော့ အခြေခံကျတဲ့တန်ဖိုးတွေကို ကာကွယ်ရာမှာ ဘုံသဘောတူညီချက်ရခြင်းနဲ့ ကျွန်တော်တို့ဇာတ်ပေါင်းခဲ့တယ်။ ကျွန်တော်တို့ ဇာတ်ပေါင်းခန်းက လူ့အခွင့်အရေးကိုကာကွယ်တာကနေစတယ်။

ဒီမိုကရေစီကို ပြန်လည်တည်ဆောက်ရမယ့်နည်းလမ်းကို စိတ်ဖြာသုံးသပ်ပြီး ချီလီနိုင်ငံထဲမှာရော ပြည်ပမှာပါရှိတဲ့ ခေါင်းဆောင်တွေကိုစုစည်းပေးခဲ့တဲ့ နိုင်ငံရေးလုပ်ငန်းတွေလည်း ရှိခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေထဲကတစ်ခုကတော့ Group of 24 ဆိုတဲ့၂၄ ဦးအဖွဲ့ ဥပဒေထောက်ကူအဖွဲ့ပါ။ အဲဒီအဖွဲ့မှာ ရှေ့နေတွေနဲ့ တရားရေးကိစ္စရပ်တွေနဲ့ ဆက်နွယ်တဲ့လူတွေ အများစုပါတယ်။ ကျွန်တော်တို့က ချီလီရဲ့ပြဿနာတွေကို စိတ်ဖြာသုံးသပ်ဖို့နဲ့ ဒီမိုကရေစီကို ပြန်သွားဖို့ လေ့လာရေးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့လိုက်တယ်။ ဒီအဖွဲ့က လေ့လာရေးလုပ်ငန်းစဉ်လုပ်နေရင်း အစိုးရကိုစိန်ခေါ်ခဲ့တယ်။ လစ်ဘရယ်ပါတီဟောင်းကနေဆိုရှယ်လစ်တွေအထိ သဘောထားအမြင်မျိုးစုံရှိကြတဲ့သူတွေ ဒီ ၂၄ ဦး အဖွဲ့မှာပါလာတယ်။ ကွန်မြူနစ်တွေတောင်ပါတယ်။

၂၄ ဦးအဖွဲ့နောက်ကွယ်က ဦးဆောင်သူကတော့ အက်ဂါဒို ဘိုနင်ယေပဲ။ အစတုန်းကတော့ ကျွန်တော်တို့က အသိမိတ်ဆွေတွေ ကိုယ့်အိမ်သူ့အိမ်ဝင်ထွက်ပြီး တွေ့နေကြ။ ကျွန်တော်တို့ထဲမှာ အားလုံးနီးပါးလောက်က တက္ကသိုလ်မှာမလုပ်ကြတော့တဲ့ ပညာရှင်တွေ။ တက္ကသိုလ်ကို စစ်တပ်က (လက်အောက်ခံအဖြစ်လုပ်ပြီး) သိမ်းပိုက်လိုက်တာကိုး။ အဲဒီအဖွဲ့မှာ ဇီဝဗေဒဌာနက လူဝစ် အစ်ဇကီယာဒို၊ အမျိုးသားသမိုင်းဘာသာရပ် ဆိုင်ရာဆုရထားတဲ့ သမိုင်းပညာရှင် ဆာဂျီယို ဗီယာလိုဘို၊ အာယွန်ဒဲ အစိုးရလက်ထက်မှာ တရားရေးဝန်ကြီး လုပ်ခဲ့တဲ့ မာနျူရယ် ဆန်ဟွီဇာ၊ ကွန်မြူနစ်ပါတီက အဆင့်မြင့်ခေါင်းဆောင်နဲ့ ညီအစ်ကိုတော်တဲ့ အဲဒီပါတီဝင် ဆာဂျီယို တေတဲဘင်တို့ပါတယ်။

ကျွန်တော်တို့က အခြေခံဥပဒေသစ်နဲ့ အသစ်ပေါ်လာမယ့် ဒီမိုကရေစီဟာ ဘယ်လိုပုံစံမျိုးဖြစ်မလဲဆိုတာကို လေ့လာကြတယ်။ ဒီအဖွဲ့က တော်တော်ပညာရပ်ဆန်တယ်။ ဆန်တီယာဂို မြို့တော် မြို့လယ်မှာ အစိုးရရဲ့ပိတ်ပင်မှုမရှိဘဲ ထင်သာမြင်သာဖွင့်ထားတဲ့ ရုံးတစ်ရုံးမှာ ကျွန်တော်တို့တွေ့ကြတယ်။ အပတ်တိုင်းကျွန်တော်တို့ တွေ့ကြတယ်။ ကျွန်တော်တို့အဖွဲ့ အကြောင်း လူတိုင်းသိပါတယ်။ သဘောထားမတိုက်ဆိုင်သူတွေဖြစ်တဲ့ ကျွန်တော်တို့ကြားမှာ ကျွန်တော်တို့ရဲ့လေ့လာရေးကြောင့် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့တယ်။

ကျွန်တော်တို့က ရပ်တည်ချက်အသီးသီးနဲ့ တာဝန်ကိုယ်စီယူကြတဲ့အချက်က အရေးကြီး

တယ်လို့လည်းထင်ပါတယ်။ အာယွန်ဒဲအစိုးရရဲ့ အမှားအယွင်းတွေ၊ ဒီမိုကရေစီကို ပြန်လည်တန်ဖိုးထားဖို့စတာတွေကို ဆိုရှယ်လစ်တွေတောင်စပြီး နားလည်လက်ခံလာကြတယ်။ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်တွေလည်း အလားတူပါပဲ။

ဒီလိုနဲ့ မိတ်ဖြစ်ဆွေဖြစ်ဆက်ဆံရေးက ကျွန်တော်တို့ရဲ့ပေါင်းစည်းမှုကို အထောက်အကူပြုခဲ့တယ်။ သာဓကအနေနဲ့ပြောရရင် ကျွန်တော်ကလေးဘဝကတည်းက ဆိုရှယ်လစ်ပါတီဝင်တွေနဲ့ တော်တော်လေး ရင်းရင်းနှီးနှီးရှိတယ်။ ဥပမာ အာယွန်ဒဲအစိုးရအဖွဲ့မှာ နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ခလိုဒိုမီရိုအယ်မေဒါနဲ့တော်တော်လေးရင်းနှီးတယ်။ သူပြည်ပရောက်ဖြစ်နေရာကပြန်လာတော့ သူနဲ့ဟိုးအရင်ကတည်းက ရင်းနှီးမှုကြောင့် ဒီမိုကရက်တစ်ပါတီတွေရဲ့ အကောင်အထည်ပေါ်စ ညွှန့်ပေါင်းအဖွဲ့မှာ သဘောထားတင်းမာလုပါတယ်ဆိုတဲ့ ဆိုရှယ်လစ်ပါတီဝင်တွေ ပူးပေါင်းလာအောင် အထောက်အကူဖြစ်စေခဲ့တယ်။

*ရပ်တည်ချက်တွေ အင်မတန်ကွဲလွဲတဲ့သူတွေကြားထဲမှာ အပြန်အလှန်လေးစားမှုနဲ့ ယုံကြည်မှုတည်ဆောက်နိုင်စေဖို့ အဲဒီ ၂၄ ဦးအဖွဲ့မှာ အတူတူတွဲလုပ်ခြင်းရဲ့အတွေ့အကြုံက ပံ့ပိုးမှုဖြစ်စေခဲ့သလား။ ဘုံရပ်တည်ချက်ကို ခင်ဗျားဘယ်လိုများရခဲ့လဲ။*

အဲလွင်။ ။ ဟုတ်တာပေါ့။ ဒီလုပ်ငန်းစဉ်က အကြာကြီးပဲ။ 'ဒီမိုကရက်တွေ ပြန်လည်ဆုံစည်းခြင်း' ဆိုတဲ့အကြောင်းကိုကျွန်တော်ပြောခဲ့တယ်။ အဲဒီခေါင်းစဉ်နဲ့ပဲ ဘုံရပ်တည်ချက်ရအောင်ရှာဖွေကြရတဲ့ လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး စာအုပ်တစ်အုပ်ရေးခဲ့ပါတယ်။ ကျွန်တော်တို့ဆုံစည်းဖြစ်ကြဖို့ နည်းလမ်းတွေကအများကြီးပဲ။ círculos de diálogo ဆိုတဲ့ တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းတွေလုပ်ဖြစ်တယ်။ ချီလီမှာရော ပြည်ပနိုင်ငံတွေမှာပါ နီးနှောဖလှယ်ပွဲတွေလုပ်တယ်။ အဲဒီနီးနှောဖလှယ်ပွဲတွေမှာ ပြည်ပရောက်နေသူတွေနဲ့ ပြည်တွင်းက ကျွန်တော်တို့ကိုပေါင်းစည်းစေတယ်။ အခြေအနေတစ်ခုကို အတူတူ စိတ်ဖြာသုံးသပ်တာက ကျွန်တော်တို့အတွက် အမြင်မှားတွေကိုနည်းပါးလာစေတယ်။ ယုံကြည်မှုတည်ဆောက်နိုင်စေတယ်။

လူဂုဏ်သိက္ခာကို ကာကွယ်ခြင်းအတွက် ဝါဒသဘောတရားရေးရာ ကွာဟမှုတွေကို ကျော်လွန်ပြီး တစ်စည်းတစ်လုံးထဲဖြစ်စေတာ လူ့အခွင့်အရေးကိစ္စရပ်ဖြစ်တာကြောင့် ဒါက အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့တစ်တွေက ခရစ်ယာန်ဒီမိုကရက်၊ ရာဒီကယ်၊ လစ်ဘရယ်၊ ကွန်မြူနစ်စသဖြင့် ကိုယ့်နိုင်ငံရေးပါတီအသီးသီးကလာကြတဲ့ လူ့အခွင့်အရေးရှေ့နေတွေအနေနဲ့ အလုပ်လုပ်နေကြတာဆိုတော့ တရားရုံးတွေမှာ အမှုတွေ ခုခံလျှောက်လဲကြရင်း တွေ့ကြဆုံကြတာပေါ့။ သူတို့ကိုယ်စား ကျွန်တော်အကြိမ်ပေါင်းများစွာ ထုချေလျှောက်လဲပေးဖူးတယ်။ (တရားရေးဝန်ကြီးဟောင်းနဲ့ ထင်ပေါ်ကျော်ကြားတဲ့ ခရစ်ယာန်ဒီမိုကရက်ပါတီခေါင်းဆောင်ဟောင်း) ယေမီ ကာစတီယို ပြည်နှင်ဒဏ်ပေးခံရတဲ့အခါတုန်းက၊ တိုင်းပြည်ပြင်ပကို အတင်းနှင်ထုတ်ခံရတဲ့ ဆိုရှယ်လစ်မိတ်ဆွေတွေအတွက် ကျွန်တော်အမှုလိုက်ပေးဖူး

တယ်။ အခုသိပ်မမှတ်မိတော့တဲ့အမှုတစ်ခုကို လိုက်တုန်းကပေါ့။ ကြားနာစစ်ဆေးတဲ့ရုံးခန်းက ကျဉ်းကျဉ်းလေး။ ရုံးအပြင်မှာ အသံချဲ့စက်တွေထားဖို့ တရားရုံးချုပ်က ခွင့်ပြုတဲ့အမှုပဲ။ ဒီတော့ တရားရုံးထဲမှာ ကြားနာစစ်ဆေးတုန်း အပြန်အလှန်လျှောက်လဲနေတာတွေကို စကြိန်ကနေ ကြားနေရတယ်။ ကျွန်တော်လိုက်ခဲ့တဲ့ အဲဒီအမှုတွေအားလုံးနီးပါးက ရှုံးတာချည့်ပါပဲ။

## ညွှန့်ပေါင်းတည်ဆောက်ခြင်း

တစ်ဆက်တည်းမှာပဲ နိုင်ငံရေးမဟာမိတ်အဖွဲ့က ပုံပေါ်လာတယ်။ ပထမဆုံး Alianza Democrática နောက်တော့ Acuerdo Nacional နဲ့ Asamblea de la Civilidad စတဲ့ညွှန့်ပေါင်းအဖွဲ့တွေပေါ်လာတယ်။ အဲဒီနိုင်ငံရေး မဟာမိတ်အဖွဲ့တွေဟာ ဒီမိုကရေစီအရေးပါတီများ၏ညွှန့်ပေါင်းအဖွဲ့ သို့မဟုတ် La Concertación ရဲ့ ရှေ့ပြေးမဟာမိတ်အဖွဲ့တွေပဲ။ ဒီမိုကရေစီတောင်းဆိုမှုတွေကိုထောက်ခံတဲ့ အကြီးအကျယ်လှုပ်ရှားမှုတွေရှိခဲ့တယ်။ အဲဒီလှုပ်ရှားမှုတွေထဲမှာ အလုပ်သမားနဲ့ အလုပ်သမားသမဂ္ဂဝင်တွေ၊ တက္ကသိုလ်ကျောင်းသားတွေ၊ အမျိုးသမီးတွေပါတယ်။ သူတို့က လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးတွေကို တစ်စည်းတစ်လုံးတည်းကာကွယ်တဲ့နေရာက ပါဝင်ခဲ့တယ်။ အမျိုးသမီးအဖွဲ့အစည်းတွေက အင်မတန်တက်ကြွလှုပ်ရှားမှုရှိကြပါတယ်။ အင်မတန်လည်း ရဲရဲရင့်ရင့်ရှိကြတယ်။ လမ်းမပေါ်ထွက်ပြီး တစ်စုတစ်စည်းထဲ လှုပ်ရှားတဲ့အထဲမှာ သူတို့ကအစောဆုံးပဲ။ ဒါပေမယ့် သူတို့က သဘောထားကွဲလွဲခဲ့ကြတဲ့ ပါတီတွေက ပါတီဝင်တွေဗျ။

## လူမှုစည်းရုံးလှုပ်ရှားမှု

၁၉၈၀ ပြည့်နှစ်များအစောပိုင်းက စီးပွားရေးအကျပ်အတည်းနဲ့ နီယိုလစ်ဘရယ်ပြုပြင်ပြောင်းလဲရေးတွေကြောင့် ကုန်းကောက်စရာမရှိအောင် ဆင်းရဲကုန်ကြတဲ့သူတွေများလာတယ်။ မငြိမ်မသက်ဖြစ်တာတွေ တိုးပွားလာစေခဲ့တယ်။ ၁၉၈၃ ခုနှစ်ကနေ ၁၉၈၆ ခုနှစ်အထိ အရပ်ဖက်အဖွဲ့အစည်းရဲ့ စည်းရုံးလှုပ်ရှားမှုကို တရားဝင်အပိတ်ခံထားရသည့်တိုင် ကျန်ရှိနေသဲ့ နိုင်ငံရေးပါတီတွေကနေ ကူညီအားဖြည့်ခဲ့တယ်။ အဲဒီအရပ်ဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးလှုပ်ရှားမှုကြောင့် စစ်အစိုးရကိုထောက်ခံမှုဟာ ကျဆင်းလာတယ်။ စစ်အာဏာရှင်စနစ်ကို သူတို့ရဲ့စည်းရုံးလှုပ်ရှားမှုက ခြောက်လှန့်လာလိုက်တာ ၁၉၈၆ ခုနှစ်မှာ ပီနိုချေးကို လုပ်ကြံဖို့ ကြိုးစားလာကြတဲ့ အထိပဲ။

*လူထုဆန္ဒခံယူပွဲကနေ အာဏာရှင်စနစ်ကို ဆုံးခန်းတိုင်အောင်လုပ်နိုင်မယ့် အလားအလာရှိသလားဆိုတာနဲ့ပတ်သက်ပြီး အကြီးအကျယ်ဆွေးနွေးကြတာရှိပါတယ်။ လက်နက်ကိုင်တိုက်ပွဲအပါအဝင် ကျယ်ပြန့်တဲ့ လူထုစည်းရုံးလှုပ်ရှားမှုကနေ အာဏာရှင်စနစ်နိုဂုံးချုပ်မှုကို ဖြစ်ပေါ်လာစေမယ်လို့ ကွန်မြူနစ်ပါတီက တင်ပြခဲ့တယ်။ ခင်ဗျားဘယ်လိုမြင်လဲ။*

အဲလွင်။ ။ လူထုစည်းရုံးလှုပ်ရှားမှုကို ဒီမိုကရက်တစ်ပါတီတွေကပဲ မြှင့်တင်အားပေးခဲ့တာဗျ။ ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့လက်နက်ကိုင်တပ်ဦးက အကြမ်းဖက်မှုအပါအဝင် တိုက်ပွဲဝင်ခြင်းပုံစံအားလုံးကိုသုံးတဲ့မဟာဗျူဟာကို ထောက်ခံခဲ့တယ်။ ဒီမိုကရက်တစ်ပါတီတွေကတော့ ကျွန်တော်တို့ကိုဖိနှိပ်ခံရရင်တောင်မှ ငြိမ်းချမ်းစွာ စည်းရုံးလှုပ်ရှားမှုကိုပဲ ယုံကြည်တယ်။ တိုင်းပြည်ထဲကို ကွန်မြူနစ်ပါတီဝင်တွေက နောက်တော့ပေါ်သွားတဲ့ လက်နက်တွေခိုးသွင်းလာပြီး ပီနိုချေးကိုလုပ်ကြံဖို့ကြိုးပမ်းမှု မအောင်မြင်ဘဲဖြစ်သွားတဲ့အချိန်ဟာ အရေးအကြီးဆုံးအချိန်ပဲ။ ဖိနှိပ်မှုတွေပိုကြမ်းလာတယ်။ ကျယ်ပြန့်တဲ့ထောက်ခံမှုရဖို့ရာ မကြမ်းမဖက်တဲ့လမ်းကို လိုက်မှုရမယ်ဆိုတာကို ကျွန်တော်တို့ကောင်းကောင်းသဘောပေါက်ခဲ့တယ်။

ကျွန်တော်တို့တော်တော်ကို အချေအတင်ဆွေးနွေးလိုက်ရတယ်။ ကျွန်တော်တို့အားလုံးက သံသယဝင်နေကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့အတွက် အခြေအနေတွေကောင်းလာမှာပဲလို့ တပ်အပ်မပြောနိုင်သည့်တိုင် အကြမ်းမဖက်တဲ့နည်းလမ်းက ချီလီနိုင်ငံရဲ့သမိုင်းကြောင်းနဲ့သာကိုက်ညီနေရုံမက ချီလီနိုင်ငံသားတွေနဲ့ စိတ်နေစိတ်ထားနဲ့လည်း ကိုက်နေတယ်။ ကျွန်တော်တို့လူမျိုးရဲ့ တမူထူးခြားသော စရိုက်လက္ခဏာများနဲ့လည်း ကိုက်နေတယ်လို့ ကျွန်တော်ယူဆတယ်။ နောက်တော့ Concertación အဖွဲ့ဖြစ်လာတဲ့ပါတီတွေထဲမှာလည်း ဂိုဏ်းနှစ်ဂိုဏ်းကွဲနေတယ်။ ပီနိုချေးအစိုးရက လူထုစည်းရုံးလှုပ်ရှားမှု တိုက်ရိုက်ရလဒ်အရ ပြုတ်ကျတော့မှာပဲလို့ အခိုင်အမာပြောတဲ့ဂိုဏ်းရှိတယ်။ ပီနိုချေးရေးထားတဲ့ အခြေခံဥပဒေ၊ အဲဒီအခြေခံဥပဒေမှာပါတဲ့ လူထုဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲထည့်တာ၊ လူထုဆန္ဒခံယူပွဲကို ကန့်ကွက်ပြီး သူ့ကိုရှုံးသွားအောင်လုပ်တာက ပိုပြီးထိရောက်ပါပြင်မယ်လို့ ယူဆတဲ့ဂိုဏ်းရှိတယ်။ အဲဒီလိုယူဆတဲ့ဂိုဏ်းမှာ ကျွန်တော်ပါတယ်။ အဲဒီလူထုစည်းရုံးလှုပ်ရှားရေး မဟာဗျူဟာက စစ်အစိုးရကိုတကယ်စတင်ယိုင်နဲ့လာစေခဲ့တယ်။ သို့သော် အောက်ခြေလူတန်းစားတွေကို စည်းရုံးလှုပ်ရှားခြင်းနဲ့ လူမှုတော်လှန်ရေးကို ကြိုးစားပြီးဆက်လုပ်တာဟာ အင်မတန်ကြေကွဲစရာဇာတ်သိမ်းခန်းကိုရောက်မှာ ကျွန်တော်တို့စိုးရိမ်မိတယ်။ စစ်တပ်နဲ့ရဲအဖွဲ့မှာက ဖိနှိပ်နိုင်တဲ့စွမ်းရည်ရှိနေတာကိုး။ ဒီလိုနှစ်မျိုးကွဲတဲ့ အဆိုပြုချက်တွေထဲအဆိုပြုချက်တစ်ခုခုကို ထောက်ခံတဲ့ ကျွန်တော်တို့တစ်တွေက ကွန်မြူနစ်ပါတီရဲ့ မဟာဗျူဟာကိုတော့ လက်မခံကြဘူး။ သို့သော် သူတို့ရဲ့လူထုစည်းရုံးလှုပ်ရှားရေးကိုအရှိန်မြှင့်လုပ်ဆောင်ခြင်းအားဖြင့် ကွန်မြူနစ်ပါတီရဲ့အကျိုးစီးပွားတွေကို ကောင်းကောင်းအလုပ်အကျွေးပြုနိုင်ခဲ့တယ်။

## အာဏာရှင်စနစ်ကို ပူးသတ်ခြင်း

၁၉၈၀ အခြေခံဥပဒေကိုအတည်ပြုဖို့ လူထုဆန္ဒခံယူပွဲလုပ်တဲ့အခါ လွတ်လပ်မှုမရှိတာ၊ မဲဆန္ဒရှင်စာရင်းမရှိတာ စတဲ့ လုပ်ထုံးလုပ်နည်းတရားမဝင်တာတွေအားလုံးကို ကျွန်တော်တို့ ကန့်ကွက်ခဲ့ကြတယ်။ မဲဆန္ဒရှင်စာရင်းက စစ်အစိုးရလက်ထက်မှာ မီးတင်ရှို့လိုက်လို့မရှိတော့ဘူး။ ဒီလိုကန့်ကွက်တာက အခြေခံဥပဒေရဲ့ တရားဝင်မှုကိုလည်း ကန့်ကွက်ရာရောက်တယ်။

မည်သို့ပင်ဆိုစေကာမူ ၁၉၈၄ ခုနှစ်မှာ အခြေခံဥပဒေရဲ့တရားဝင်မှုကို ဆွေးနွေးတာကို ကျွန်တော်တို့ ကျေးဇူးပြုပြီး။ အခြေခံဥပဒေကိုမူအရ အရှိတရားအနေနဲ့လက်ခံလိုက်ကြတယ်။ ပီနိုချေးရေးတဲ့ နိုင်ငံရေးပါတီများဆိုင်ရာဥပဒေအရ ပါတီတွေကိုမှတ်ပုံတင်ဖို့၊ အခြေခံဥပဒေအတည် ပြုဖို့ လူထုဆန္ဒခံယူပွဲမှာပါဝင်ပြီး စစ်အစိုးရပြုတ်ကျအောင်လုပ်ဖို့ဆိုတဲ့ဆိုတဲ့ အယူအဆပေါ့။ အဲဒီနိုင်ငံရေးပါတီ ဥပဒေရော လူထုဆန္ဒခံယူပွဲကိုပါ ကျွန်တော်တို့မကြိုက်ပါဘူး။

ဒီမဟာဗျူဟာက နောက်ဆုံးတော့အောင်ပွဲခံခဲ့ပါတယ်။ တကယ်တမ်းပြောရရင် အာဏာရှင်အစိုးရရဲ့ နိုင်ငံရေးပါ တီဥပဒေအရ နိုင်ငံရေးပါတီအနေနဲ့ မှတ်ပုံတင်သင့်တယ်ဆိုတဲ့ရပ်တည်ချက်ကို ကာကွယ်တဲ့ကျွန်တော်ဟာ ခရစ်ယာန်ဒီမိုကရက်ပါတီ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူပါ။ ကျွန်တော်တို့ပါတီထဲမှာ ပါတီကိုမှတ်ပုံမတင်ဘူးဆိုပြီး ကန့်ကွက်သူတွေရှိပါတယ်။ ပါတီကိုမှတ်ပုံတင်ပြီးနောက်မှာ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေအတွက် ရုန်းကန်ကြိုးပမ်းကြတယ်။ ကျွန်တော်တို့ရဲ့ပါတီတွေ မှတ်ပုံတင်ကြတယ်။ မဲပေးဖို့မှတ်ပုံတင်မယ့် ချီလီနိုင်ငံသား ၇ သန်းရတယ်။ နောက်ဆုံးမှာ ကန့်ကွက်မဲအတွက်ရယ် လူထုဆန္ဒခံယူပွဲ အတွက်ရယ် အရေးဆိုလှုပ်ရှားတယ်။ လူထုဆန္ဒခံယူပွဲမှာ ပီနိုချေးရှုံးသွားတယ်။

## စစ်တပ်ကိုအရပ်ဘက်က ထိန်းချုပ်ခြင်း

*ချီလီစစ်တပ်က အရပ်ဘက် လုပ်ပိုင်ခွင့်အာဏာရှိသူတွေကို နှာခံတဲ့သမိုင်းကြောင်းရှိခဲ့တာကြောင့် စစ်တပ်ရဲ့ သမိုင်းအစဉ်အလာက အထောက်အကူပြုခဲ့တယ်လို့ ခင်ဗျားပြောပါတယ်။ ချီလီမှာ သမ္မတရာထူး ကနေထွက်သွားပြီးနောက်မှာတောင် အာဏာရှင်က ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ နောက်ထပ်ရှစ်နှစ်ထပ်ရှိနေတာမျိုးက တခြားဘယ်အသွင်ကူးပြောင်းမှုမှာမှ မရှိတော့ကာ ချီလီရဲ့အတွေ့အကြုံက ထူးခြားနေတယ်။ စစ်တပ်နဲ့ဒီလိုဆက်ဆံရေးမျိုးဘယ်လို လုပ်ပြီးဖြစ်လာခဲ့ရတာလဲ။ စစ်တပ်နဲ့ဘယ်လိုညှိနှိုင်းခဲ့လဲ။ သင်ခန်းစာတွေက ဘာတွေလဲ။ အခက်အခဲတွေက ဘာတွေလဲ။*

အဲလွင်။ ။ ရွေးကောက်တင်မြှောက်ခံသမ္မတအဖြစ် ကျွန်တော်နဲ့ ပီနိုချေး ပထမဆုံးတွေ့ဆုံတဲ့အခါမှာ သူ့အနေနဲ့ကာကွယ်ရေးဦးစီးချုပ်အဖြစ် ရာထူးကဆင်းသွားတာ တိုင်းပြည်အတွက်ပိုကောင်းလိမ့်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ (အဲလွင်က တစ်ချက်ရယ်လိုက်ပြီး ပီနိုချေးမျက်နှာပေးလုပ်ပြသည်။) 'သမ္မတကြီး ခင်ဗျားပြောတာမှားတယ်။ ခင်ဗျားကို ကျွန်တော့်ထက်ပိုပြီး ကာကွယ်စောင့်ရှောက်ပေးမယ့်သူ မရှိဘူးဗျ'တဲ့။ ပီနိုချေးကို စစ်တပ်ထဲမှာ သိပ်ကိုကြည်ညိုလေးစားကြတယ်။ သူကာကွယ်ရေးဦးစီးချုပ်ရာထူးမှာဆက်ရှိနေရင် အခြားနိုင်ငံတွေမှာဖြစ်သလို ဗိုလ်မှူးကြီးတွေက ပုန်ကန်ထကြွတာမျိုးကို အဟန့်အတားတော့ဖြစ်ချင်ဖြစ်မှာပေါ့။

ကျွန်တော်နဲ့ ပီနိုချေးနဲ့ဆက်ဆံရေးက ရှုပ်ထွေးတယ်။ နောက်ဆုံးတော့ သူ့အကြိုက် မဟုတ်တဲ့ အင်စတီကျူးရှင်းအဆောက်အဒုံဆိုင်ရာမူဘောင်ကို သူလက်ခံသွားတယ်။ အဲဒီမူ

ဘောင်ကိုသူပဲ လုပ်ခဲ့တာဆိုတော့ သူလေးစားလိုက်နာတယ်လေ။ သို့သော် သူကအဆင့်တွေ အများကြီးကျော်ချင်တာလည်းရှိတယ်။ ဥပမာပြောရရင် ကျွန်တော် ကျမ်းသစ္စာဆိုပြီး သမ္မတ ရာထူးယူပြီးပြီးချင်း သမ္မတနန်းတော် လာမိုနီဒါမှာ သူနဲ့ပထမဆုံးတွေ့ကြတော့ သူက သူ့အနေ နဲ့ ကျွန်တော့်ကို တိုက်ရိုက်အစီရင်ခံမယ်တဲ့။ သူက ကာကွယ်ရေးဝန်ကြီးကို အစီရင်ခံမှာမဟုတ် ဘူးလို့ပြောတယ်။

ဒီတော့ ကျွန်တော်က အခြေခံဥပဒေကိုထုတ်ပြပြီး 'ဒီမယ် ဗိုလ်ချုပ်ကြီး ခင်ဗျားရေးခဲ့တဲ့ အခြေခံဥပဒေမှာ ခင်ဗျားက ကာကွယ်ရေးဝန်ကြီးအောက်မှာရှိတယ်လို့ ပြဋ္ဌာန်းထားတယ်။ ဒီတော့ ကျွန်တော်လည်းမတတ်နိုင်ဘူး။ ကာကွယ်ရေးဝန်ကြီးကို ခင်ဗျားအစီရင်ခံရမယ်'လို့သူ့ ကိုပြောလိုက်တယ်။ သူက ကြားခံလူတစ်ယောက်ခံပြီး ဆက်သွယ်နေရတာကိုမလိုလားပေမယ့် ဒါကိုသူလက်ခံမှရမယ်လေ။ အဲဒီအချိန်ကစပြီးသူက ကာကွယ်ရေးဝန်ကြီးကနေ တစ်ဆင့် အစီရင်ခံတာပဲ။

## မအောင်မြင်မှုများ

*ခင်ဗျားရဲ့အစိုးရအဖွဲ့လက်ထက်မှာ အထက်လွှတ်တော်ကိုယ်စားလှယ် လက်ယာအုပ်စု ခေါင်းဆောင် ယေမီ ဂူစမန်လုပ်ကြံခံရတယ်။ နာမည်ကြီးသတင်းစာ El Mercurio ထုတ်ဝေသူ အော်ဂတ်စတင် အက်ဒဝပ်ရဲ့သား ပြန်ပေးဆွဲခံရတယ်။ အဲဒီလို အသွင်ကူးပြောင်းမှုကို လမ်းလွဲ သွားစေမယ့် မမျှော်လင့်ထားတဲ့ ဖြစ်ရပ်တွေဖြစ်ခဲ့တယ်။ ဒီဖြစ်ရပ်တွေကို ခင်ဗျားဘယ်လိုတုံ့ပြန် ဆောင်ရွက်ခဲ့သလဲ။*

အဲလွင်။ ။ အဲဒီဖြစ်ရပ်တွေကို ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ တင်းမာတဲ့ အခြေအနေ တစ်စိတ်တစ်ပိုင်းအဖြစ် ရင်ဆိုင်ခဲ့တယ်။ ကျွန်တော်တို့ဟာ ဘာဖြစ်လာမယ်မှန်းမသိတဲ့ အခြေ အနေထဲကို တိုးဝင်လိုက်ရတာဆိုတော့ ကြီးမားတဲ့အန္တရာယ်တွေရှိတယ်။ အကြမ်းဖက်လုပ်ရပ် တွေရှိတယ်။ သူတို့ပြောပုံအရ 'တလွဲဆံပင်ကောင်း' လုပ်ပုံကိုင်ပုံတွေနဲ့ ဆက်ပြီးအလုပ်လုပ်နေ တဲ့ စိမ့်ဝင်ပြန့်နှံ့နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ လူပုဂ္ဂိုလ်တွေရှိနေတယ်ဆို တာ ကျွန်တော်တို့သိပါ တယ်။ ကျွန်တော်ခပ်ရေးရေးတော့ မှတ်မိနေတယ်။ ကျွန်တော်တို့ရဲ့ သမ္မတနန်းတော်နဲ့ လျှို့ဝှက်ရဲအဖွဲ့ အဆောက်အအုံကြားမှာ ဖုန်းလိုင်းတွေကို ကြားကဖြတ်နားထောင်တဲ့ အဆက် အသွယ်တွေရှိနေတယ်ဆိုတာ ဖော်ထုတ်နိုင်ခဲ့တယ်။

တင်းမာမှုတွေအများကြီးကို ကျွန်တော်တို့ကြုံခဲ့ရပါတယ်။ တစ်ခါတုန်းက စစ်တပ် အုပ်ချုပ်မှုအောက်က ဒေသတစ်ခုဖြစ်တဲ့ ပန်တာအရီနာဆိပ်ကမ်းမှာ ကာကွယ်ရေးဦးစီးချုပ်နဲ့ ကျွန်တော်တွေ့ကြတယ်။ ကျွန်တော်က ချီလီနိုင်ငံသားအားလုံးရဲ့ သမ္မတတစ်ယောက်အဖြစ် ကျွန်တော့်ဆန္ဒကိုထုတ်ဖော်ပြသတဲ့အနေနဲ့ စစ်ဘက်အရာရှိတွေ၊ အရပ်သားတွေ၊ စစ်တပ် မိသားစုတွေကိုတွေ့ချင်တယ်လို့ ကျွန်တော်သူ့ကိုပြောလိုက်တယ်။ အဲဒီမှာ သူတို့က ကျွန်တော်

အခက်တွေ့အောင်အကုန်လုပ်ကြတော့တာပဲ။ သူတို့တွေအားလုံးကိုနောက်တစ်ရက်မှာ တွေ့ဖို့စုရုံးတာက အင်မတန်ခက်တယ်လို့ပြောတယ်။ ကျွန်တော်က "ဘယ်လိုပြောလိုက်တယ်၊ စစ်ဖြစ်ပြီဟေ့ဆိုရင် နာရီပိုင်းအတွင်း အရာရှိတွေအားလုံးကို ခင်ဗျားမစုရုံးနိုင်ဘူးပေါ့ဟုတ်လား" လို့ မေးလိုက်တာပေါ့။ အဲဒီကျမှပဲ အရာရှိတွေနဲ့ကျွန်တော်တွေ့ရတယ်။ သူတို့ကို အသွင်ကူးပြောင်းမှုအကြောင်းပြောပြတယ်။ ကြည်း၊ ရေ၊ လေ တပ်အားလုံးကအရာရှိတွေလာတက်တာကြောင့် သူတို့နဲ့တွေ့ရတာ တော်တော်လေးကိုယ်စားပြုမှုရှိတဲ့ တွေ့ဆုံပွဲတစ်ခုပါ။ အဲဒီတွေ့ဆုံပွဲက မဂါလိန်းပြည်နယ်မှာလုပ်ခဲ့တာ။

*၁၉၉၁ ခုနှစ်နဲ့ ၁၉၉၃ ခုနှစ်တွေတုန်းက ပီနိုချေးရဲ့သားကြောင့်ဖြစ်ရတယ်ဆိုတဲ့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း အလွဲတွေကို အစိုးရရဲ့စုံစမ်းစစ်ဆေးမှုတွေရပ်တန့်ပစ်ဖို့ရည်ရွယ်ပြီး စစ်သားတွေက သိသိသာသာ ဖိအားပေးခြိမ်းခြောက်ခဲ့တုန်းက ခင်ဗျားဘယ်လိုတုံ့ပြန်ခဲ့လဲ။ ပီနိုချေးက စစ်တပ်ကိုထိန်းချုပ်ထားခဲ့တာလား။*

အဲလွင်။ ။ အမိန့်ပေးတဲ့အထဲမှာ ပီနိုချေးပါတယ်။ ဒါပေမယ့် စစ်တပ်က သူပြောသမျှ လိုက်လုပ်ခဲ့တာမဟုတ်ဘူး။ ဥပမာ ၁၉၉၁ ခုနှစ်တုန်းက ကြည်းတပ်က အထူးချွန်ဆုံးအရာရှိတွေကို ဆုတံဆိပ်ချီးမြှင့်ပွဲအခမ်းအနားလုပ်တဲ့နေ့မှာ ပူးတွဲလေ့ကျင့်မှုဆိုတာကိုလုပ်ကြတယ်။ အဲဒီနေ့မှာပဲ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ပီနိုချေးတက်ရောက်တဲ့ နေ့လည်စားပွဲကို သမ္မတနန်းတော်မှာလုပ်တာပေါ့။ ပီနိုချေးပြန်မယ်လုပ်တော့ သူ့ကို La Segunda တစ်စောင်ပေးလိုက်တယ်။ အဲဒီသတင်းစာထဲမှာ စစ်အစိုးရလက်ထက်က လက်နက်ဝယ်ယူမှုအတွက် သူ့သားကနေလက်မှတ်ထိုးထားတဲ့ ချက်လက်မှတ်တချို့နဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတစ်ခု သတင်းပါလာတယ်။ အဲဒီနေ့လည်ခင်းမှာပဲ ကြည်းတပ်ဟာ စစ်တန်းလျားတွေကိုပြန်ရောက်သွားပြီး လမ်းမပေါ်ကို တိုက်ခိုက်ရေးဝတ်စုံပြည့်နဲ့ တက်လာကြတယ်။

အဲဒီနေ့လယ်ခင်းမှာပဲ ကျွန်တော်က ကာရာဘီနေရှိအရာရှိ (ချီလီရဲတပ်ဖွဲ့အရာရှိများ) သင်တန်းဆင်းပွဲကိုရောက်နေတယ်။ ကျွန်တော်အဲဒီမှာရောက်နေတုန်း အခြေအနေကိုကြားလိုက်ရတယ်။ အင်းဒါဆို ဘာဖြစ်လာမလဲဆိုတာ ဒီနေရာမှာပဲသိရမှာပဲလို့ ကျွန်တော်ကိုယ့်ဘာသာပြောလိုက်မိတယ်။ သင်တန်းဆင်းပွဲကတော့ ပုံမှန်အတိုင်းပဲပြီးသွားတယ်။ စစ်တပ်ရဲ့အခြားသော တပ်ခွဲတွေကတော့ သင်တန်းဆင်းပွဲကိုလာမတက်ကြဘူး။ အစိုးရကနေ သူ့သားရဲ့ လုပ်ဆောင်ချက်တွေကို စုံစမ်းစစ်ဆေးတာရပ်ဖို့ ပီနိုချေးကရည်ရွယ်ခဲ့တာ။ ဒီသင်တန်းဆင်းပွဲအဖြစ်အပျက်ကိုကြည့်ရင် သူ့ဩဇာက ကြည်းတပ်တစ်ခုမှာပဲရှိနေတာကိုပြတယ်။ ရေတပ်၊ လေတပ်နဲ့ ရဲအဖွဲ့တွေက သူ့ဩဇာကိုမနာခံကြဘူးလေ။

ပီနိုချေးက အလားတူသူ့ဩဇာပြခြိမ်းခြောက်ဖို့လုပ်တာကကျတော့ ကျွန်တော်နိုင်ငံခြားခရီးစဉ်သွားနေတဲ့အချိန်မှာ။ ဖြစ်ရတဲ့အကြောင်းရင်းတွေကလည်း အတူတူပဲ။ ဒါပေမယ့်

လူ့အခွင့်အရေးအမှုတွဲတွေကို စုံစမ်းစစ်ဆေးတဲ့ကိစ္စကိုထပ်လုပ်တာ။ အဲဒီစုံစမ်းစစ်ဆေးမှု ကြောင့် သူတို့ရတက်မအေးဖြစ်ကြတာပေါ့။ ဒီတစ်ခေါက်မှာလည်း ရေတပ်၊ လေတပ်နဲ့ ရဲအဖွဲ့ကနေ သူ့ကိုမထောက်ခံကြပြန်ဘူး။

ဖြစ်ချင်တော့ ကြည်းတပ်ကနေ ခြိမ်းခြောက်အကြပ်ကိုင်ဖို့ကြိုးပမ်းတာတွေက မအောင်မြင်ဘူး။ တစ်တိုင်းပြည်လုံးမှာ ဒီမိုကရေစီကိုသွားကိုသွားမယ်ဆိုတဲ့စိတ်ကအမြစ်တွယ်နေပြီကိုး။ ဒီတော့ကာ နောက်ကြောင်းပြန်လှည့်ဖို့မလွယ်တော့ဘူး။ ချီလီဟာ ဒီမိုကရေစီပြန်လည်ရရှိခဲ့ပြီ ဆိုတဲ့ အယူအဆက ခိုင်မာသွားခဲ့တယ်။

## တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်ရေး

ပိနိုချေးနဲ့အပြင်းထန်ဆုံး တင်းမာမှုတွေဖြစ်ခဲ့တာကတော့ လူ့အခွင့်အရေးကိစ္စရပ်တွေပဲ။ အမှန်တရားနဲ့ ပြန်လည်သင့်မြတ်ရေးကော်မရှင်ကိုဖွဲ့စည်းလိုက်ပြီး အာဏာရှင်ခေတ်တုန်းက ပျောက်ဆုံးသွားခဲ့တဲ့သူတွေကို စုံစမ်းစစ်ဆေးမယ်လုပ်ကြတော့ ပိနိုချေးက 'စုံစမ်းစစ်ဆေးမှု လုပ်တော့မှာလား သမ္မတကြီး'တဲ့။ 'ဒီလိုလုပ်တာက မိသားစုထဲမှာ အေးအေးဆေးဆေးဖြစ်သွားတဲ့အချိန်မှာ တစ်ယောက်ကထဖောက်ပြီး အမွေခွဲပေးလို့ပြောတာကြောင့် မိသားစုတစ်ခုလုံး ထသတ်ကုန်တာနဲ့သွားတူနေတယ်' ဆိုပြီးပြောတယ်။ ကျွန်တော်က "ကျွန်တော်တို့ စုံစမ်းစစ်ဆေးတော့မှာ" လို့ပြန်ဖြေခဲ့တယ်။ နောက်တော့ အစီရင်ခံစာထုတ်လိုက်ချိန်မှာ အရမ်းကို တင်းမာသွားတယ်။ သူတို့က အမျိုးသားလုံခြုံရေးကောင်စီကို ဆင့်ခေါ်စည်းဝေးပေမယ့် အဲဒီ အစည်းအဝေးလုပ်လိုက်တာထက်ပိုပြီး ဘာမှထပ်ဖြစ်မလာဘူး။

*အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကိုဖန်တီးဖို့ ဆုံးဖြတ်ချက်ဘယ်လို ချခဲ့လဲ။ စစ်တပ်ကနေ ဘယ်လိုတုံ့ပြန်မယ်လို့ မျှော်လင့်ထားခဲ့လဲဗျ။*

အဲလွင်။ ။ အမှန်တရားနဲ့ ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို အာဏာရှင်စနစ်ရဲ့ ပြစ်မှုတွေကို စုံစမ်းစစ်ဆေးဖို့ ဖွဲ့ခဲ့တာပါ။ အဲဒီအဖွဲ့ကို ကျွန်တော့်သမ္မတသက်တမ်းစစချင်းမှာ ဖွဲ့ခဲ့တယ်။ ကျွန်တော်ဦးဆောင်ပြီးဖွဲ့တာပေါ့။ ဒီလိုအဖွဲ့အစည်းမျိုးလိုတယ်လို့တွေးမိတယ်။ သို့သော် အရင်ဆုံး ကျွန်တော့်အကြံပေးတွေကို သဘောပေါက်နားလည်အောင်ပြောပြရတယ်။ ကျွန်တော့်ပင်တိုင်နိုင်ငံရေးအကြံပေးတွေဖြစ်တဲ့ အက်ဂါဒို ဘိုနေယေရော အန်းရိခ် ကော်ရေးရာ ရောက ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်က မကောင်းဘူးလို့ထင်ကြတယ်။ ဒါပေမယ့် တံခါးတွေဖွင့်ပေးလိုက်ဖို့ နည်းလမ်းတစ်ခုပဲဆိုတာကို သဘောပေါက်အောင်ပြောပြရတယ်။ စစ်တပ်ကနေ ဖြေရှင်း ချက်တစ်ခုကိုလမ်းဖွင့်ပေးစေလိုတယ်ဆိုရင် ကျွန်တော်ကဘွင်းဘွင်းလည်းပြောတတ်ရမယ်၊ နှိုင်းနှိုင်းချိန်ချိန်လည်းရှိရမယ်။ ဒါကြောင့်ပဲ 'တရားမျှတမှုကို ဖြစ်နိုင်သမျှအမြင့်ဆုံး အတိုင်းအတာထိရရှိစေဖို့' ကြိုးပမ်းတယ်ဆိုတဲ့ စကားစုကို ကျွန်တော်သုံးခဲ့တယ်။ အဲဒီစကားစု ကြောင့် ကျွန်တော့်ကိုဝေဖန်လိုက်ကြတာ အများကြီးပဲ။ အဲဒီစကားစုဟာ နှိုင်းဆချင့်ချိန်မှု ဒီဂရီ

တစ်ခုကိုပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားမျှတမှုကို လုံးဝဥာဏ်ရဖို့ဆိုရင်၊ အဲဒီလို ရဖို့ဆိုတာ ပီနိုချေးနဲ့ သူ့လူတွေအားလုံးကို ရုံးတင်စစ်ဆေးဖို့ဆိုရင် ပြည်တွင်းစစ်ဖြစ်သွားမှာပဲ။ 'ဖြစ်နိုင်သမျှ ပမာဏအထိ' ဆိုတာက ဖြစ်အောင်လုပ်လို့ရနိုင်တဲ့လမ်းကြောင်းပဲ။ ဘာဖြစ်လို့လည်းဆိုရင် ရုံးတင်စစ်ဆေးမှုတွေလုပ်ခဲ့တယ်။ ဒါပေမယ့် လက်နက်အာဏာ ဆက်ပြီးရှိနေတဲ့သူတွေကို ဆန့်ကျင်ပြီး ရန်လိုကြမ်းတမ်းမှုရှိတာတွေ မလုပ်ဘူး။ ခေါင်းဖြတ်တာမလုပ်ဘူး။

ပီနိုချေးက သူသတိနဲ့နေနေမယ်တဲ့။ သူ့လူတွေတစ်ယောက်မှ အထိမခံဘူးတဲ့။ ဒါပေမယ့် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ စနစ်တကျ ကျူးလွန်ခဲ့တယ်ဆိုတဲ့ အချက်ကိုတောင် မယုံကြည်သူတွေကအများကြီး ရှိတုန်းဆိုတော့ကာ ကော်မရှင်အစီရင်ခံစာက သက်ရောက်မှုသိပ်ကြီးတယ်။ ကော်မရှင်အစီရင်ခံစာက တရားဝင်အတည်ပြုချက်ပေးလိုက်သလိုဖြစ်သွားတယ်။ နောက်တော့ တခြားဆောင်ရွက်ချက်တွေဖြစ်ပေါ်လာတယ်။ အခြားနိုင်ငံများရဲ့အသွင်ကူးပြောင်းမှုတွေထက်တာသွားတဲ့ အမှန်တရားနဲ့တရားမျှတမှုဆိုင်ရာ နဖူးတွေ့ ဒူးတွေ့ အောင်မြင်မှုတွေကို ကျွန်တော်တို့ရရှိခဲ့တယ်။

*ကော်မရှင်ကို ဘယ်လိုဖွဲ့ခဲ့တာလဲဟု။ အဖွဲ့ဝင်တွေကို ခင်ဗျားကိုယ်တိုင်ရွေးတာလား။*

အဲလွင်။ ။ ကျွန်တော့်အကဲဖြတ်ချက်အရ ဂုဏ်သရေရှိပြီး သဘောထားအမြင်မျိုးစုံကို ကိုယ်စားပြုမယ့်သူမျိုးတွေကို တစ်ယောက်ပြီးတစ်ယောက်ခေါ်ပြီး တရားဝင်တဲ့ကော်မရှင်ဖြစ်အောင်လုပ်ခဲ့တယ်။ ကော်မရှင်ဥက္ကဋ္ဌက လူသိများထင်ရှားတဲ့ တရားသူကြီး ချီလီရာဒီကယ်ပါတီရဲ့ခေါင်းဆောင်ကြီး ရာအူးရက်တစ်ပဲ။ သူနဲ့ကျွန်တော်က ပုဂ္ဂိုလ်ရေးရင်းနှီးပါတယ်။ သူက ၂၄ ဦးအဖွဲ့မှာလည်းပါခဲ့တယ်။ သူကတခြားသူတွေထက်ထင်ရှားသွားတာက သူ့ကိုလက်ဝဲအုပ်စုက အင်မတန်တလေးတစားရှိသလို၊ လက်ယာအုပ်စုကလည်း သိပ်လေးစားကြတာကြောင့်ပါ။

ချီလီရေးရိုးစွဲနိုင်ငံရေးသမားတွေရဲ့ လေးစားကြည်ညိုဖွယ်ခေါင်းဆောင်ကြီး ဖရင်စစ်စကို ဘားနက်စ်ကို ကော်မရှင်မှာပါအောင်စည်းရုံးဖို့ ကျွန်တော်သိပ်ကိုစိတ်ဝင်တစားရှိခဲ့တာ မှတ်မိနေတယ်။ သူ့ကို အစဉ်အလာလက်ယာ အုပ်စုထဲမှာလေးစားတဲ့သူတွေအများကြီးရှိတာကြောင့် ပါစေချင်တာပါ။ သူ့အိမ်အထိတောင်သွားပြီး ကော်မရှင်မှာပါပါလားလို့သွားပြောပေမယ့် မပါဘူးတဲ့။ ကျွန်တော့်အတွက် လက်ယာအုပ်စုဘက်က ပါမယ့်သူတွေရှာရတာ မလွယ်ပါဘူး။ နောက်ဆုံးကျ သမိုင်းပညာရှင် ဝွန်ဇာလို ဗိုင်ရယ်လ်က လက်ခံလိုက်တယ်။ သူကပီနိုချေးအစိုးရ လက်ထက်တုန်းက ပညာရေးဝန်ကြီး။ ဟိုဆေးဇာလာကတ်လို လူ့အခွင့်အရေးနယ်ပယ်က ထင်ရှားသူတွေကိုလည်း ပါဝင်လာစေခဲ့တယ်။ အဖွဲ့ဝင်အားလုံးကို လေးစားတဲ့သူတွေ အများကြီးပါပဲ။

## အခြေခံဥပဒေပြုပြင်ပြောင်းလဲမှု

*ခင်ဗျားသမ္မမဖြစ်ခင် ၁၉၈၉ ခုနှစ်မှာ အာဏာရှင်အစိုးရနဲ့ အခြေခံဥပဒေပြင်ဆင်ရေးကို ညှိနှိုင်းရတာ သိပ်ကိုအရေးကြီးတဲ့အချိန်တစ်ခုပဲ။ ရလာတဲ့ပြင်ဆင်ချက်တွေက သိပ်အရေးမပါဘူးလို့ထင်ကြတဲ့သူတွေ အများကြီးပဲ။ ပြန်တွေးကြည့်ရင် ခင်ဗျားဘယ်လိုအကဲဖြတ်မလဲ။ အဲဒီအချိန်တုန်းက ပိုပြီးကြီးကျယ်တဲ့ပြင်ဆင်ချက်တွေကို မရရအောင်လုပ်လို့များရခဲ့မလား။*

အင်း၊ အများစုကမကြိုက်ကြပေမယ့် ကျွန်တော်ကတော့ အရှိတရားနဲ့သိပ်နီးစပ်တယ်လို့ သဘောထားတဲ့ 'ဖြစ်နိုင်သမျှ အမြင့်ဆုံးအတိုင်းအတာထိ'ဆိုတဲ့စကားစုက တဖြည်းဖြည်းနဲ့ ရေ့ဆက်သွားမယ့် ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို ထင်ဟပ်နေတယ်။ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတွေက ပထမခြေလှမ်းပါ။ ကျွန်တော်တို့ လုပ်ချင်တာတွေအကုန်လုံးမဟုတ်သေးဘူး။ သို့သော် ဖြစ်ပေါ်တိုးတက်မှုရှိတာကိုတော့ပြပါတယ်။ အဲဒီတုန်းက ပိနိုချေးက အာဏာရှင်ဖြစ်နေတာရယ်၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ လက်နက်ကိုင်တပ်အားလုံးရဲ့ ဦးစီးချုပ်ဖြစ်နေတာတွေကိုထည့်တွက်ရင် သူမှာရှိတာ နည်းတဲ့အာဏာမဟုတ်ဘူး။

နှစ်တွေအများကြီးကြာခဲ့ပြီဆိုတော့ ကျွန်တော်မမှတ်မိတော့တာတွေလည်း အများကြီးရှိမှာပဲ။ သို့သော် ငါ လုပ်တာဟုတ်ခဲ့လား၊ ငါလုပ်ခဲ့တာ မစွံဘူးလားဆိုပြီး တစ်ချိန်လုံးတွေးမနေတတ်ဘူးဆိုတာတော့ပြောရလိမ့်မယ်။ ကျွန်တော်တို့လုပ်ရမယ့်ဟာကို လုပ်ခဲ့ကြတယ်။ ဖြစ်ချင်တော့ ကျွန်တော်တို့လုပ်ခဲ့တာက ဟုတ်သွားတယ်။ သို့သော် ကျွန်တော်တို့လုပ်တာ တလွဲတွေလည်း ဖြစ်သွားနိုင်တာပဲ။ တချို့အယူအဆတွေကို စွန့်လွှတ် ခဲ့ရတယ်။ တခြားအယူအဆတွေကို လက်ခံလိုက်ရတယ်။ ဥပမာ Concertación ရဲ့အစိုးရစီမံကိန်းမှာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ပြန်ပြင်ဖို့ ကျွန်တော်တို့ကထောက်ခံတယ်။ သို့သော် ကျွန်တော်တို့အစိုးရအဖွဲ့ထဲလည်းရောက်ရော မဖျက်သိမ်းနိုင်တော့ဘူးဖြစ်သွားတယ်။ အဲဒီပြဋ္ဌာန်းဥပဒေကို ပြင်ဆင်ဖို့ကျွန်တော်တို့ကို မဟာ့မဟာအများစုထောက်ခံမှု လိုတာကိုး။ အဲဒီလိုထောက်ခံမှုတော့မရခဲ့ပါဘူး။ ပိနိုချေးက (၁၉၈၀ အခြေခံဥပဒေအရ သူခန့်အပ်တဲ့) ရွေးကောက်တင်မြှောက်ခံမဟုတ်သော အထက်လွှတ်တော်ကိုယ်စားလှယ်တွေခန့်အပ်တာကိုမှတ်မိဦးမှာပါ။ နောက်ပြီးအဲဒီအာဏာရှင် ခြေကုပ်ယူထားတဲ့ ကိုယ်စားလှယ်နေရာတွေကိုဖျက်သိမ်းဖို့ ကွန်ဂရက်လွှတ်တော်ထဲမှာ ကျွန်တော်တို့ မဲအရေအတွက်မရဘူးဆိုတာလည်း မှတ်မိဦးမှာပါ။ ဒါကြောင့် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို ကျွန်တော်တို့ဖွဲ့ခဲ့တာပေါ့။ တရားမျှတမှုရရှိရေးအတွက် အခြေခံကျတဲ့ တိုင်းပြည်ရဲ့ပြန်လည်သင့်မြတ်ရေးဖြစ်ထွန်းဖို့အတွက် ဒီအဖွဲ့ဟာ အရေးကြီးတဲ့ခြေလှမ်းပဲ။

## ညွှန့်ပေါင်းအဖွဲ့တည်ဆောက်ခြင်း

*ခိုင်မာတဲ့ ညွှန့်ပေါင်းအဖွဲ့တည်ဆောက်ခြင်းဟာ အသွင်ကူးပြောင်းမှုအောင်မြင်ဖို့ အဓိကကျတဲ့ ကိစ္စရပ်ပါ။ နိုင်ငံရေးပါတီတွေဆီက အခိုင်အမာထောက်ခံမှုခင်ဗျားရခဲ့တယ်။ ညွှန့်ပေါင်း*

*အဖွဲ့မှာပါတဲ့ပါတီတွေကြား သဘောတူထားတဲ့ မူဝါဒစီမံကိန်းတစ်ခု ဖြစ်ပေါ်လာစေရေးကို ဘယ်လောက်အတိုင်းအတာအထိ ထောက်ခံမှုရအောင် လုပ်ခဲ့ရလဲ။*

အဲလွင်။ ။ကျွန်တော်တို့သဘောတူထားတဲ့ စီမံကိန်းက လမ်းကြောင်းပြမြေပုံရယ်၊ အဲဒီ လမ်းကြောင်းပြမြေပုံနဲ့သွားမယ့် စီမံကိန်းထဲမှာ လုပ်ကိုင်ဆောင်ရွက်သွားဖို့ ကြိုးစားတာပဲလို့ ထင်တယ်။ အဲဒီအကြောင်းအရာကို တခြားပါတီတွေက ခေါင်းဆောင်တွေနဲ့ဆွေးနွေးရတာကို ကျွန်တော်နှစ်ခြိုက်တာ မှတ်မိနေသေးတယ်။ 'တိုင်းပြည်ကို ကျွန်တော်တို့ ကတိပေးခဲ့တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လုပ်မယ့်ဟာကို ဘယ်လိုမြင်သလဲ'ပေါ့။ မျှော်လင့်တောင့်တတော တွေကတော့ အံ့မခန်းပဲ။ သို့သော် မှန်းချက်နဲ့နှမ်းထွက်မကိုက်ဖြစ်လာမယ့် မစားရဝခမန်းကတိ တွေတော့ မပေးမိအောင် ကျွန်တော်တို့ဂရုစိုက်ရမယ်။ အဲဒီကာလအတွက် ရည်မှန်းချက်ကြီးတဲ့ စီးပွားရေးနဲ့ လူမှုရေးစီမံကိန်းတော့ ကျွန်တော်တို့မှာရှိတယ်။ ဒါပေမယ့် အဲဒါရှိတာက ကျိုးကြောင်းဆီလျော်တယ်။ အဲဒီစီမံကိန်း ကိုတာဝန်ယူအကောင်အထည်ဖော်မယ့်သူတွေက စီမံကိန်းဆွဲတဲ့အထဲမှာ ပါခဲ့တဲ့သူတွေပဲ။ သို့သော် ဘယ်တော့မှကျေနပ်မှုမရနိုင်တဲ့ ရည်မှန်းချ က်တွေကတော့ရှိခဲ့တာချည့်ပဲ။ ကျွန်တော်တို့ဘက်က အထူးသဖြင့် နိုင်ငံရေးကိစ္စရပ်တွေမှာ လိုက်လျောမှုပေးအောင် အတင်းအကျပ်လုပ်တဲ့ အထက်လွှတ်တော်အမတ်တွေက ပိနိုချေး ခန့်ထားတာကိုး။ အဲဒီလိုနိုင်ငံရေးစနစ်ထဲမှာ ကျွန်တော်တို့ကလုပ်နေရတာလေ။

## ဖွံ့ဖြိုးရေးအတွက် စီးပွားရေးကဏ္ဍ စိမ်ခန့်ခွဲမှု

*Concertación ညွှန့်ပေါင်းအစိုးရဟာ ပိနိချေးလက်ထက်တုန်းက စီးပွားရေးမိုဒယ်ကိုပဲ ဆက်ပြီးကျင့်သုံးနေတယ်လို့ လက်ယာနိုင်ငံရေးအုပ်စုကပြောတယ်နော်။ ဒါပေမယ့် အပြည် ပြည်ဆိုင်ရာ သဘောတူစာချုပ်တွေ၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်တာ၊ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှု၊ 'ဝင်ငွေညီမျှမှုရှိတဲ့ ဖွံ့ဖြိုးမှု' ရအောင်ကြိုးပမ်းတာ စသဖြင့် ချီလီမှာလုပ်ခဲ့တာတွေ ကိုသေချာကြည့်မယ်ဆိုရင် ခင်ဗျားရဲ့အစိုးရက ယူဆတဲ့အတိုင်း ခြားနားတဲ့လုပ်နည်းလုပ် ဟန်တွေလုပ်ခဲ့တာပဲလို့ ပြောလို့ရမလားပဲ။ ခင်ဗျားရဲ့စီးပွားရေးကဏ္ဍ လုပ်နည်းလုပ်ဟန်က ဘာများလဲ။ အစိုးရအဖွဲ့ကိုတည်မြဲဖို့ စီးပွားရေးမူဝါဒက ဘယ်လောက်အရေးကြီးသလဲ။*

အဲလွင်။ ။နီယိုလစ်ဘရယ်စီးပွားရေးမူဝါဒကို ပိနိချေးက အပြည့်အဝကျင့်သုံးခဲ့တယ်။ စီးပွားရေးတံခါးဖွင့်တာကို ကျွန်တော်တို့ဆက်ထိန်းထားတယ်။ ကျွန်တော်တို့က ပိုပြီးတောင် အရှိန်မြှင့်လိုက်သေးတယ်။ တာဝန်ယူမှုရှိတဲ့ ဘဏ္ဍာရေးမူဝါဒကိုကျင့်သုံးခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့စီးပွားရေးမိုဒယ်က အာဏာရှင်ခေတ်စီးပွား ရေးမိုဒယ်နဲ့တော့ တော်တော်ကွဲ လွဲပါတယ်။ ခင်ဗျားပြောသလိုပဲ ဝင်ငွေညီမျှမှုရှိတဲ့ ဖွံ့ဖြိုးမှုမူဝါဒကို ကျွန်တော်တို့ကအားပေး တယ်။ ကျွန်တော့်အစိုးရလက်ထက်မှာ အလုပ်သမားရေးရာနဲ့ အခွန်ကောက်ခံမှုမူဝါဒတွေကို ပြုပြင်အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေ သိသိသာသာလုပ်ခဲ့တယ်။ ဆင်းရဲမွဲတေမှုလျော့ချဖို့

မူဝါဒတွေချမှတ်ခဲ့တယ်။ လုပ်ခ၊ လစာတွေတိုးလာအောင်လုပ်တယ်။ ကျန်းမာရေးနဲ့ပညာရေးမှာ တိုင်းပြည်အစိုးရရဲ့ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ခဲ့တယ်။ ငွေကြေးဖောင်းပွမှုဟာ ချီလီရဲ့ပြဿနာ ဖြစ်နေတာကို ရပ်တန်းကရပ်အောင်လုပ်ခဲ့တယ်။ ခြိုပြောရရင် Concertación အစိုးရအနေနဲ့ ကျွန်တော့်လက်ထက်မှာလုပ်ခဲ့တဲ့ စီးပွားရေးနဲ့လူမှုရေးမူဝါဒများရဲ့ရလဒ်ဟာ လယ်ပြင်မှာဆင်သွားသလိုထင်ရှားနေတာပဲ။ ကိုယ့်ဘာသာဂုဏ်တင်ပြီးပြောရရင် ကျွန်တော်တို့ဟန်ကျအောင်လုပ်နိုင်ခဲ့တယ်။ ပြီးမြောက်အောင်လုပ်နိုင်ခဲ့တယ်လို့ ကျွန်တော်ယူဆတယ်။ ကျွန်တော်တို့လုပ်ခဲ့တာတွေမှာ ကြီးလေးတဲ့အမှားတွေမရှိခဲ့ဘူးလို့ယူဆတယ်။ ကျွန်တော်တို့လုပ်ပုံကိုင်ပုံ မစွံတာတော့ရှိချင်ရှိမယ်။ သို့သော် ခြိုပြောရင်တော့ ကျွန်တော်တို့အစိုးရကတော်တယ်လို့ထင်တယ်။ ကျွန်တော်တို့အစိုးရတွေ ဆက်ပြီးတက်လာတာက သက်သေပဲလေ။ ကျွန်တော်တို့အစိုးရ လုပ်ပုံကည့်ရင် နောက်သက်တမ်းကျအတိုက်အခံကတက်လာမှာပဲ။ ကျွန်တော်တို့ Concertación အစိုးရလေးဆက် နှစ်ပေါင်း ၂၀ ကြာခဲ့တယ်။

## ညွှန့်ပေါင်းအဖွဲ့တည်ဆောက်ခြင်း

*ချီလီရဲ့အသွင်ကူးပြောင်းမှုဖြစ်ရပ်မှာ ပြည်သူတွေက ဥပမာ သူတို့ရဲ့လူမှုရေးတောင်းဆိုမှုတွေ၊ လစာတိုးပေးဖို့၊ အလုပ်ခွင်အခြေအနေတွေတိုးတက်ဖို့တောင်းဆိုတာတွေလုပ်ကြတဲ့အခါ အင်မတန်ထိန်းထိန်းသိမ်းသိမ်း လုပ်ကြတယ်။ အဲဒီတောင်းဆိုမှုတွေကို ခင်ဗျားဘယ်လိုတုံ့ပြန်ပြီး ဘယ်လိုညွှန်ကြားချက်ပေးခဲ့လဲ။*

အဲလွင်။ ။ ကျွန်တော့်အစိုးရအဖွဲ့ရဲ့အောင်မြင်မှု၊ အသွင်ကူးပြောင်းမှုလုပ်ခဲ့တဲ့ အစိုးရတွေရဲ့အောင်မြင်မှုကို ခြိုပြီးပြောရရင် လုပ်ပိုင်ခွင့်ရှိသူတွေ ချမှတ်ခဲ့တဲ့မူဝါဒတွေ ချည်းသက်သက်ကြောင့် မဟုတ်ဘူးဗျ။ တစ်နိုင်ငံလုံးက အသိုက်အဝန်းကနေ အကြီးအကျယ်ထောက်ခံတာကြောင့်လည်းပါတယ်။ ကျွန်တော်တို့က အတိုက်အခံက ကိုယ့်ထက်သာသွားမှာကို စိုးရိမ်နေတာမျိုး ကျွန်တော်လုံးဝမထင်ခဲ့ဖူးဘူး။ တစ်ချိန်တည်းမှာ အတိုက်အခံကို ကောင်းကောင်းဆက်ဆံခဲ့တယ်။ တစ်နည်းပြောမယ်ဆို အတိုက်အခံနဲ့နားလည်မှုရအောင်လုပ်ဖို့ အရေးကြီးတယ်။ သူတို့ကိုထည့်တွက်ဖို့အရေးကြီးတယ်။ ဒီလိုအတိုက်အခံကိုဆက်ဆံမှသာ သူတို့ကို ဘေးချိတ်ထားတယ်လို့ မယူဆကြမှာ။ ကျွန်တော်တို့လုပ်တာကိုင်တာတွေကို နားလည်အောင်ပြောပြဖို့အရေးကြီးတယ်။ ဒီလိုအတိုက်အခံကိုဆက်ဆံတာကြောင့် ကျွန်တော်တို့လုပ်တဲ့ မူဝါဒတွေကို ထောက်ခံမှုရခဲ့တာပေါ့။ တကယ်တမ်းပြောမယ်ဆို ပထမဆုံးအခေါက် ကျွန်တော်တို့ နိုင်ငံတကာခရီးစဉ်သွားကြတဲ့အခါ စီးပွားရေးအမှုဆောင်အရာရှိတွေ၊ အလုပ်သမားခေါင်းဆောင်တွေ၊ အတိုက်အခံနဲ့ အစိုးရအဖွဲ့ဝင်လွှတ်တော်ကိုယ်စားလှယ်တွေကို အတူသွားဖို့ ဖိတ်ခေါ်ခဲ့တယ်။ ဒီတော့ သူတို့တစ်တွေ အစုအဖွဲ့ဖြစ်လာမယ်။ ဒီလိုအစုအဖွဲ့ရယ်လို့ဖြစ်လာရင် တွေ့ဆုံမှုတွေရှိလာမယ်။ ညပိုင်းက တစ်ပိုင်းတည်းစားကြသောက်ကြရင်း ပိုပြီးရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်လာမယ်။ ဒီတော့ ဒါဟာ နိုင်ငံကြီးသားပီသတဲ့ ရင်းနှီးချစ်ကြည်မှုကိုတည်

ဆောက်ဖို့ နည်းလမ်းတစ်ခုဖြစ်လာမယ်။

## လူထုစည်းရုံးလှုပ်ရှားမှု

*ခင်ဗျားရဲ့အစိုးရအဖွဲ့နဲ့ အသွင်ကူးပြောင်းမှုမှာ အမျိုးသမီးတွေ ဘယ်နေရာကပါဝင်ခဲ့လဲ။*

အဲလွင်။ ။ ဒီမိုကရေစီအတွက် အမျိုးသမီးတွေ ရုန်းကန်အားထုတ်ကြတာ သိပ်ကိုအရေးပါတယ်။ သူတို့က အင်မတန်သတ္တိပြောင်းပါတယ်။ ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေကိုရှာဖွေတဲ့၊ လူအခွင့်အရေးချိုးဖောက်မှုတွေကို အစီရင်ခံတဲ့၊ လွတ်လပ်ခွင့်နဲ့ တရားမျှတမှုကို မရပ်မနားတောင်းဆိုတဲ့ Mujeres por la Vida နဲ့ Mujeres de Detenidos Desaparecidos လိုအဖွဲ့အစည်းတွေရှိခဲ့တယ်။ ဒါ့အပြင် စီးပွားရေးအကျပ်အတည်းကို တုံ့ပြန်ဖို့ စုစည်းညီညွတ်မှုပုံသဏ္ဌာန်တွေရရှိအောင် ဒေသခံအသိုက်အဝန်းတွေမှာ အမျိုးသမီးတွေ ပါဝင်လှုပ်ရှားခဲ့ကြတယ်။ (အလုပ်လက်မဲ့များကိုကျွေးမွေးရေး ဘုံစားဖိုဆောင်များ) Ollas Comunes တွေမှိုလိုပေါက်လာတယ်။ တစ်ချိန်တည်းမှာ အိမ်ထောင်ရေးအကြမ်းဖက်မှု၊ အလုပ်ခွင်မှာ၊ တရားမဥပဒေတွေရေးဆွဲရာမှာ တန်းတူညီမျှမှုကင်းမဲ့နေတာတွေလို သူတို့နဲ့ဆိုင်တဲ့အရေးကိစ္စတွေကို တင်ပြလာကြတယ်။ ကျွန်တော့်အစိုးရ လက်ထက်ကနိုင်ငံရေးမှာ အမျိုးသမီးတွေကိုယ်စားပြုပါဝင်မှုမမြင့်မားသည့်တိုင် National Women's Service (၁၉၉၁ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီးဖွဲ့စည်းခဲ့သည့်အဖွဲ့ဖြစ်သည်။ သမ္မတလက်အောက်ရှိ အမျိုးသားစီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဏ၏ အစိတ်အပိုင်းဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုကင်းသည့် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ ဖြစ်သည်။ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှုကိုမြှင့်တင်အားပေးရန်ရည်ရွယ်သည်။) လိုအဖွဲ့အစည်းကို တည်ဆောက်ခဲ့တယ်။ အဲဒီအဖွဲ့ရဲ့ညွှန်မှူးဟာ ဝန်ကြီးအဆင့်ရှိပါတယ်။ အဲဒီအဖွဲ့ဖွဲ့ပြီးတဲ့နောက်မှာ တရားမမှန်နဲ့ ပြစ်မှုဥပဒေတွေရေးဆွဲပြဋ္ဌာန်းရာမှာ အပြောင်းအလဲတွေကိုမြှင့်တင်နိုင်ခဲ့တယ်။ အိမ်ထောင်ရေးအကြမ်းဖက်မှု ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့တယ်။ ဒီလိုအုတ်မြစ်ချခဲ့တာကြောင့် နောက်တက်လာတဲ့အစိုးရတွေလက်ထက်မှာ အိမ်ထောင်ရေးဆိုင်ရာ ဥပဒေတွေပြဋ္ဌာန်းထားခြင်းကို ခေတ်နဲ့လျော်ညီအောင်အများကြီးလုပ်နိုင်ခဲ့တယ်။ ကျား၊ မ ရေးရာ မတူကွဲပြားမှုတွေကို အဆုံးသတ်အောင်လုပ်ရာမှာ ဖြစ်ပေါ်တိုးတက်မှုတွေရှိလာစေခဲ့တယ်။

## နိုင်ငံတကာထောက်ခံမှု

*အသွင်ကူးပြောင်းမှုမှာ နိုင်ငံတကာရဲ့အခန်းကဏ္ဍကို စိတ်ဖြာသုံးသပ်ကြည့်ဖို့အတွက် ချီလီအသွင်ကူးပြောင်းမှုဖြစ်ရပ်ဟာ အင်မတန်အရေးကြီးပြီး စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါနဲ့ပတ်သက်ပြီးပြောပြပါလား။*

အဲလွင်။ ။ ချီလီကို နိုင်ငံတကာက ထောက်ခံအားပေးမှုအများကြီးလုပ်ခဲ့ပါတယ်။ ဒါကျွန်တော်တို့အတွက် သိပ်အရေးကြီးတယ်။ ပြောရရင် လက်တင်အမေရိက၊ ဥရောပက

သမ္မတတွေရော၊ အမေရိကန်ပြည်ထောင်စုက အရေးပါတဲ့ ပုဂ္ဂိုလ်တွေရှေ့မှောက်မှာ ကျွန်တော်တို့အစိုးရကို စဖွဲ့ခဲ့တာ။ စီးပွားရေးတံခါးဖွင့်ခြင်းရဲ့အလွန်မှာ ချီလီကိုနိုင်ငံတကာ အသိုင်းအဝိုင်းထဲပေါင်းစည်းသွားစေဖို့ ကျွန်တော်တို့အဆိုပြုခဲ့တယ်။ အာဏာရှင်ခေတ်မှာ ကျွန်တော်တို့တိုင်းပြည်က နိုင်ငံရေးအရ အရမ်းအထီးကျန်နေခဲ့တာကိုး။ ကျွန်တော်တို့နဲ့ တော်တော်ကို တစ်စည်းတစ်လုံးရှိခဲ့ပါတယ်။ ခက်ခက်ခဲခဲအခြေအနေကနေ တာထွက်လာခဲ့တဲ့ အစိုးရတစ်ခုအတွက် ဒါကကြီးကျယ်တဲ့ ထောက်ခံအားပေးမှုပါ။

*ချီလီရဲ့အသွင်ကူးပြောင်းမှုကို ရရှိအောင်လုပ်ဖို့ အရင့်အရင်အသွင်ကူးပြောင်းမှုတွေကို ဘယ်လောက်အတိုင်းအတာထိ ထည့်တွက်ခဲ့သလဲ။ ဥပမာ ဘရာဇီးရဲ့အသွင်ကူးပြောင်းမှုက နေးတယ်။ စစ်တပ်ကနေဦးဆောင်ပြီး စလုပ်ခဲ့တဲ့ အသွင်ကူးပြောင်းမှုပေါ့။ အာဂျင်တီးနားမှာဆို စစ်တပ်ကိုအယုံအကြည်မရှိတာကြောင့် သူ့ကိုဖယ်ထုတ်လိုက်ရတာ ပိုလွယ်တယ်။ ဒါပေမယ့် ငွေကြေးဖောင်းပွမှုက ထိုးတက်သွားတယ်။ စီးပွားရေးကျဆင်းလာတယ်။ ပထမဆုံးဒီမိုကရေစီ ခေတ် သမ္မတ ရာအူးလ် အယ်ဖွန်ဆန်က မဖြစ်မနေနုတ်ထွက်ရမယ်ဖြစ်လာတယ်။ ခင်ဗျားရဲ့ စိတ်ဖြာသုံးသပ်မှုအတွက် အရေးပါတဲ့ တခြားလက်တင်အမေရိကနိုင်ငံတွေရဲ့အတွေ့အကြုံ တွေက အဲဒီအဖြစ်အပျက်တွေများလား။*

အဲလွင်။ ။ ချီလီဟာ ဟောဒီဒေသတွင်းမှာ ဒီမိုကရေစီကိုပြန်ရတဲ့ နောက်ပိတ်ဆုံး တိုင်းပြည်ဆိုတော့ကာ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံကနေ သင်ခန်းစာရတာပေါ့။ ဇာတ်သိမ်းမလုတဲ့ အယ်လ်ဖွန်ဆန်လက်ထက် အာဂျက်တီးနား ကြုံရတာတွေကိုကြည့်ရင် ကျွန်တော်တို့ရင်ဆိုင်ရနိုင်တဲ့ အခက်အခဲတွေကိုမြင်ရတယ်။ ဒီမိုကရေစီဆိုတာ မျှော်လင့်တော င့်တမှုတွေအများကြီးနဲ့ပေါ်လာတာဆိုတော့ အခြေအနေတွေကို ဗရမ်းဗတာဖြစ်မသွားအောင် တော်တော်လေးထိန်းချုပ်ထားနိုင်ဖို့လိုတာပေါ့။ နောက်ပြီး လက်တင်အမေရိကအစိုးရတွေနဲ့ ဆက်ဆံရေးခိုင်မာဖို့ ကျွန်တော်တို့က အထူးအလေးထားတယ်။ အထူးသဖြင့် အာဂျင်တီးနား နဲ့ပေါ့။ သမ္မတ ကာလို့စ် မီနမ်တ်ကလာချိန်မှာ ကျွန်တော်တို့ရဲ့နယ်စပ်ပြဿနာတွေအားလုံးကို လက်တွေ့ကျကျဖြေရှင်းရာမှာ တိုးတက်မှုတွေရလာခဲ့တယ်။ ပထမဆုံး သွင်းကုန်ခွန် ကင်း လွတ်ခွင့်သဘောတူညီချက်ကို မက္ကဆီကိုနဲ့ လက်မှတ်ရေးထိုးခဲ့တယ်။

အာဂျင်တီးနားကြုံရတာကိုကြည့်ပြီး ကျွန်တော်တို့ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲက တစ်ခုကတော့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို တာဝန်ယူဆောင်ရွက်ဖို့ပဲ။ အဲဒီလိုတာယူ ဆောင်ရွက်ရာမှာတော့ လူမှုရေးလိုအပ်ချက်တွေကို လမ်းဖွင့်ပေးဖို့ အလုပ်သမားသမဂ္ဂတွေနဲ့ သဘောတူညီချက်တွေရအောင်ကြိုးပမ်းတယ်။ အလုပ်သမားတွေနဲ့ လုပ်ငန်းရှင်တွေ သဘော တူညီချက်ရအောင် အကူအညီပေးရင်းနဲ့လည်း လူမှုရေးပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာအောင် လုပ်ခဲ့တယ်။ ဒီကိစ္စတွေလုပ်တဲ့နေရာမှာ မာနယ္ယရယ် ဘက်စတိုလို သမဂ္ဂခေါင်းဆောင်တွေရဲ့ ကျေးဇူးအများကြီးရှိပါတယ်။ သူဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ရဲ့ များမြောင်

ရှုပ်ထွေးမှုကို နားလည်တဲ့သူပဲ။

## အခြေခံမူများ

*သဘောထားအမြင်ပေါင်းစုံနဲ့ လူတွေအများကြီး၊ အစုအဖွဲ့တွေကလည်း အများကြီးနဲ့ ဒီလောက်များမြောင် ရှုပ်ထွေးပြီးခက်ခဲလှတဲ့ စိန်ခေါ်မှုတွေကိုရင်ဆိုင်ရချိန်မှာ ခင်ဗျားရဲ့အာရုံ စူးစိုက်မှုနဲ့ ဘက်ညီအောင်ထိန်းသိမ်းမှု ကို ဘယ်လိုဆက်ထိန်းထားခဲ့လဲ။*

အဲလွင်။ ။ မေးခွန်းကောင်းတစ်ခုပဲ။ ကျွန်တော်ဟာ ကျွန်တော်ယုံကြည်တဲ့အရာတွေကို စူးစူးစိုက်စိုက် လုပ်တဲ့သူမျိုး၊ ကျွန်တော်ယုံကြည်တာကိုလုပ်တာက တခြားသူတွေအတွက် အထူးအဆန်းဖြစ်ချင်ဖြစ်နေမယ်။ 'သတိတော့်ထား၊ ဂရုစိုက်၊ ကိုယ့်ဖြစ်ချင်ဇောတွေ၊ စိတ်အားထက်သန်မှုတွေနဲ့ ချည့်စွတ်မလုပ်မိစေနဲ့' ဆိုပြီး ကျွန်တော့်ကို စပရင်လိုမျိုးပြန်ကန်ပြီးပြောနေတဲ့ဟာမျိုးရှိတယ်။ သဘောကတော့ နိုင်ငံရေးသမားဘဝမှာ အဖွဲ့လိုက်အောင်မြင်အောင်လုပ်ခဲ့တာချည့်ပဲ။ ကောင်းမွန်တဲ့ လူလူချင်းဆက်ဆံရေးမျိုး တိုးတက်ရရှိအောင်လုပ်နိုင်ခဲ့တယ်။ ဥပမာပြောရရင် အက်ဂါဒို ဘိုနင်ယေနဲ့ကျွန်တော်နဲ့ဆက်ဆံရေးပဲ။ သူက ချီလီတက္ကသိုလ်ကပါမောက္ခချုပ်။ အရင်တုန်းက နိုင်ငံရေးမှာဝင်မပါခဲ့ပေမယ့် အာဏာသိမ်းပြီးတဲ့နောက်မှာ ခရစ်ယာန်ဒီမိုကရက်ပါတီကို ဝင်လာတယ်။ ကျွန်တော်တို့ပေါင်းပြီး အောင်မြင်အောင် လုပ်ခဲ့တယ်။

ကျွန်တော်က ညဆိုပျော်အောင်အိပ်ပြီး ပြဿနာတွေနဲ့ကင်းအောင် နေတတ်တာကလည်း ကျွန်တော့်အတွက်ကောင်းတယ်။ ဘဝကိုရိုးရိုးစင်းစင်းပဲနေဖို့၊ စာဖတ်ချိန်ရဖို့ကြိုးစားတယ်။ ကားကိုယ်တိုင်မောင်းရတာကြိုက်တယ်။ မှတ်မိပါသေးတယ်။ ကျွန်တော်သမ္မတဖြစ်တဲ့အချိန်မှာ ကားနောက်ခန်းမှာ ကိုယ်ရံတော်တွေကထိုင် ကျွန်တော်ကကားမောင်းပြီးလာတုန်းပြုန်းဆိုချီလီရဲတပ်ဖွဲ့ကတားပါလေရော။ ချီလီရဲတွေကပီနိုချေးအတွက်လမ်းရှင်းထားကြတာဗျ။ သူ့အတွက်ယူထားတဲ့ လုံခြုံရေးက အသေးစိတ်လိုက်တာများ ကျွန်တော့်ထက် ဆယ်ဆလောက်သာတယ်ဗျား။

## မျက်မှောက်ခေတ် အသွင်ကူးပြောင်းမှုများ

*အာရပ်ကမ္ဘာက ဒါမှမဟုတ် တခြားဒေသက ကိုယ့်တိုင်းပြည်ကို အာဏာရှင်အစိုးရကနေ ဒီမိုကရေစီအစိုးရကို အသွင်ကူးပြောင်းချင်တဲ့ အမျိုးသား၊ အမျိုးသမီး နိုင်ငံရေးခေါင်းဆောင် တစ်ယောက်အတွက်ဆို ခင်ဗျားဘယ်လိုယေဘုယျအကြံပြုချက်ပေးမလဲ။*

အဲလွင်။ ။ အဲလိုမျိုးဒီနေရာကနေ လက်တန်းအကြံမျိုးတော့ မပေးရဲဘူးဗျ။ ကိုယ့်တိုင်းပြည်မှာ ဘာလုပ်သင့်သလဲဆိုတဲ့ ရှင်းလင်းတဲ့အယူအဆတစ်ခုရဖို့က ခက်တယ်။ တခြားအဝေးကြီးမှာရှိတဲ့နိုင်ငံတွေက လူတွေကို သွားအကြံပေးဖို့ဆို ဝေလာဝေးပေါ့။ သို့သော် စိတ်ဝမ်း

ကွဲမှုတွေအများကြီးဖြစ်ပြီးတဲ့ကာလတွေပြီးရင် စိတ်ဝမ်းကွဲမှုစေတဲ့ဟာထက် စည်းလုံးစေတဲ့ဟာ ကိုပိုပြီးရှာကြံတာကို အလေးထားလုပ်ပါဆိုပြီး ယေဘုယျအကြံပြုလို့ တော့ရမလားပဲ။ ဒီလို နည်းနဲ့ ကျွန်တော်တို့ သဘောတူညီချက်တစ်ခုကိုရအောင်လုပ်နိုင်သွားမယ်။ ကျွန်တော်တို့ ထဲမှာပဲ ဘက်မတူကြတဲ့သူတွေအများကြီးပဲ။ (အာယွန်ဒဲ အစိုးရအဖွဲ့မှာပါခဲ့ပြီး ပြည်ပရောက် သွားတဲ့) ဝန်ကြီး ဘီတာလို၊ အာယွန်ဒဲကိုဆန့်ကျင်တဲ့ နိုင်ငံရေးသမားတွေလို ဘက်မတူတဲ့သူ တွေပေါ့။ ဘက်မတူသည့်တိုင် အရေးကြီးတဲ့ကိစ္စတွေဖြစ်တဲ့ လွတ်လပ်ခွင့်အတွက် ရုန်းကန်ခြင်း၊ လူတစ်ဦးချင်းဂုဏ်သိက္ခာစတာတွေကို ကာကွယ်ရာမှာ သဘောတူညီခဲ့ကြတယ်။ ပီနိုချေးရဲ့ ဘက်တော်သားဖြစ်ခဲ့တဲ့သူတွေ အများကြီးနဲ့လည်း အများသဘောတူညီချက်တွေရခဲ့တယ်။ ကျွန်တော်တို့ကို စိတ်ဝမ်းကွဲစေတဲ့အရာက စည်းလုံးစေမယ့်အရာထက် အများကြီးပိုပြီးသိသာ ထင်ရှားနေတဲ့ နှစ်ကာလတွေအများကြီးကုန်လွန်သွားချိန်မှာ စည်းလုံးမှုရအောင်လုပ်ရတာ မလွယ်ပါဘူး။ ဒီနေရာမှာတော့ ကျွန်တော့်လက်ထက်ကစတဲ့ Concertación အစိုးရ အဆက်ဆက်ဟာ အစိုးရနဲ့အတိုက်အခံကြား၊ နိုင်ငံရေးအုပ်စုတွေမျိုးစုံကြားမှာ ပြီးခဲ့တဲ့ဆယ်စု နှစ်တွေမှာရခဲ့တာထက်ပိုတဲ့ စုစည်းမှုဒီဂရီကိုရရှိခဲ့တယ်။

နောက်တစ်ခု အသားပေးပြီးပြောချင်တာက သုညကနေမစဖို့ပဲ။ ရှိပြီးသားအခြေအနေ ကနေ အပြောင်းအလဲ တွေလုပ်ရတာပိုကောင်းတယ်။ ပီနိုချေးကို သူရေးထားတဲ့ အခြေခံဥပဒေ ထဲကနေ အနိုင်ရအောင်လုပ်ဖို့ ကျွန်တော်တို့အဆိုပြုတုန်းက အဲဒီအယူအဆနဲ့ပေါ့။ 'ကျွန်တော် တို့က အခြေခံဥပဒေကိုပြင်ဆင်မယ်'လို့ပြောပြီး စခဲ့တာမဟုတ်ဘူး။ နိုင်ငံရေးလုပ်နည်းလုပ်ဟန် အယူအဆ (rules of the game) ကို ကျွန်တော်တို့ကအတွင်းထဲ ကနေပြောင်းခဲ့ကြတာ။ ကျွန်တော်တို့ရဲ့မူဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ အင်မတန်လက်တွေ့ကျခဲ့တယ်။ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးအိပ်မက်၊ ချီလီနိုင်ငံသားတွေကြားမှာ စည်းလုံးမှုရရှိဖို့အိပ်မက်စတဲ့ ကျွန်တော်တို့မှာ ကြီးကျယ်တဲ့အိပ်မက်တွေရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့လုပ်ဆောင် ချက်တွေက လက်တွေ့ကျတယ်။ ဒီနေရာမှာ ကျွန်တော်တို့လုပ်ရမယ့်ဟာကို လုပ်ခဲ့ကြတာလို့ ထင်ပါတယ်။ 'ဖြစ်နိုင်ခြေ အရှိဆုံးအတိုင်းအတာအထိတရားမျှတမှု'လို့ ကျွန်တော်တို့ပြောခဲ့ ကြပေမယ့် ချီလီမှာ ပြီးခဲ့တဲ့နှစ်တွေအတွင်းရရှိခဲ့တဲ့ တရားမျှတမှုလောက် ဘယ်အသွင်ကူး ပြောင်းမှုမှာမှ မရခဲ့ဘူးဆိုတော့ ကျွန်တော်တို့လက်တွေ့ကျကျလုပ်ခဲ့တာက စိတ်ဝင်စားဖို့ ကောင်းနေတယ်။ ဖြစ်နိုင်ခြေရှိတဲ့ဟာဆိုတာ အချိန်ကြာလာတာနဲ့အမျှ အပြောင်းအလဲရှိတယ်။ အကုန်လုံးကို ချက်ချင်းပြီးအောင်လုပ်မရနိုင်ဘူး။

# ချီလီသမ္မတ ရီကာဒိုလာဂို့စ် (၂၀၀၀-၂၀၀၆) ၏ ကိုယ်ရေးအကျဉ်း

(Club de Madrid အဖွဲ့ဝင်)

Ricardo Lagos, by Toby Jorrin/Scanpix

၁၉၆၀ ပြည့်နှစ်များတွင် ချီလီတက္ကသိုလ် ဥပဒေကျောင်း၏ ကျောင်းသားအဖွဲ့ချုပ်ခေါင်းဆောင်ဖြစ်သည်။ ဘောဂဗေဒကိုလေ့လာသင်ယူခဲ့သူ ရီကာဒိုလာဂို့စ်သည် ပညာရပ်နယ်ပယ်နှင့် နိုင်ငံတကာ အသင်းအဖွဲ့များတွင် ကျင်လည်ခဲ့သည်။ ရာဒီကယ်ပါတီသို့ ဝင်ရောက်ပြီး အစောဆုံးနိုင်ငံရေးသို့ဝင်လာကာ နောင်တွင်ဆိုရှယ်လစ်ပါတီသို့ပြောင်းခဲ့သည်။ အာယွန်ဒဲက ရီကာဒိုကို ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာသံအမတ်အဖြစ် ခန့်အပ်ခဲ့သည်။ သို့သော် ၁၉၇၃ ခုနှစ်တွင် အာဏာသိမ်းမှုဖြစ်ပေါ်သဖြင့် ထိုရာထူးတွင်တာဝန်ထမ်းဆောင်ခဲ့ရခြင်း မရှိပေ။ အာဏာသိမ်းမှုအပြီးကာလများတွင် အမေရိကန်၌ ပထမဦးစွာနေထိုင်ခဲ့ပြီးနောက် ကုလသမဂ္ဂ ကပေးအပ်သည့်တာဝန်ဖြင့် ချီလီသို့ပြန်လာခဲ့သည်။ သူ၏ထူးချွန်ထက်မြက်သော စိတ်ဖြာသုံးသပ်မှုအတွက် လူသိများသည့် လာဂို့စ်သည် အများလေးစားသည့် အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်လာသည်။ ပါတီပေါင်းစုံပါဝင်သည့် နိုင်ငံရေးသဘောတူညီချက် လက်မှတ်ထိုးရာတွင် ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်အဖြစ် လူသိများလာပြီးနောက် ၁၉၈၆ ခုနှစ်၌ ပိနိုချေးကို လုပ်ကြံသည့်ကြိုးစားမှုအပြီးတွင် ခဏတာဖမ်းဆီးခံရသည်။အထူးသဖြင့် မမေ့နိုင်စရာ ရုပ်သံရိုက်ကူးမှုတစ်ခုတွင် ဟိုးယခင်ကတည်းက ဖိနှိပ်ခံထားရသည့် တိုင်းပြည်အတွက် ပြောရေးဆိုခွင့်ရှိသူအဖြစ် ပိနိုချေးကို တည့်တည့်ကြီးစိန်ခေါ်လိုသည့်ဆန္ဒကြောင့် လူအများလေးစားမှုကို ရရှိခဲ့သည်။

ဒီမိုကရေစီပါတီကိုတည်ထောင်ရာတွင် ဦးဆောင်ခဲ့သည်။ ယင်းပါတီသည် နိုင်ငံရေး သဘောထားပျော့ပြောင်းသည့် လက်ဝဲအုပ်စုနှင့် ခရစ်ယာန်ဒီမိုကရက်များကြားတွင် ပူးပေါင်း ဆောင်ရွက်မှုကို အထောက်အကူပြုခဲ့သည်။ ထို့အပြင် ၁၉၈၈ ခုနှစ် လူထုဆန္ဒခံယူပွဲတွင် ပီနိ ချေးကိုရှုံးနိမ့်သွားစေခဲ့သည့် 'ကန့်ကွက်မဲပေးရေးညွှန့်ပေါင်းအဖွဲ့'နှင့် များမကြာမီပေါ်လာသည့် Concertación por la Democracia တို့တွင် ယင်းပါတီက အရေးကြီးသည့် နေရာကပါခဲ့သည်။ ၁၉၈၉ ခုနှစ်ရွေးကောက်ပွဲတွင် သမ္မတလောင်းအဖြစ်ဝင်ရွေးမခံလိုဟု ငြင်းဆိုခဲ့သည်။ Concertación သည် အကွဲကွဲအပြားပြားဖြစ်နေသည့် မဲဆန္ဒနယ်ဖြစ်သွားစေမည့် အွန္တရာယ်ရှိနေပြီး လက်ဝဲသမ္မတလောင်းတစ်ဦးအတွက် အဆင်သင့်မဖြစ်သေးဟု ယုံကြည်သည့်အတွက် သမ္မတ လောင်းအဖြစ်ဝင်မပြိုင်ဘဲနေခဲ့သည်။ ထိုနှစ်တွင် အထက်လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ်ဝင်ပြိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့သည်။ Concertación အစိုးရသက်တမ်းနှစ်ဆက်တွင် ပညာရေး ဝန်ကြီးနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် သမ္မတ အဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၀၆ ခုနှစ်အထိ သမ္မတရာထူးတွင်တာဝန်ထမ်း ဆောင်ခဲ့သည်။ သူ၏အစိုးရသည် ချီလီ၏အခြေခံအဆောက်အအုံကို ပြောင်းလဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ် အခြေခံဥပဒေ၏ ဒီမိုကရေစီမဆန်သော သွင်ပြင်လက္ခဏာများကို လျှော့ချသည့် အရေးကြီးသော အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများ အောင်မြင်အောင်လုပ်ခဲ့သည်။ နိုင်ငံရေးမှု ဖြင့်အကျဉ်းချခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းတို့အတွက် ကော်မရှင်တစ်ခုကိုဖွဲ့စည်းကာ အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုကို အထောက်အကူပြုခဲ့သည်။

# သမ္မတ ရီကာဒိုလာဂို့စ် နှင့် တွေ့ဆုံမေးမြန်းခြင်း

## အတိုက်အခံတို့ကြား ယုံကြည်မှုတည်ဆောက်ခြင်း

*ချီလီနိုင်ငံရဲ့ အသွင်ကူးပြောင်းမှုမှာ မျက်မှောက်ခေတ်အသွင်ကူးပြောင်းမှုတွေအတွက် အင်မတန်ဆက်နွယ်မှုရှိတဲ့ အရေးကိစ္စလေးခုရှိပါတယ်။ ပထမဆုံးက နိုင်ငံရေးနဲ့ လူမှုရေးအင်အားစုတွေပေါင်းစည်းသွားတာကြောင့် အာဏာရှင်စနစ်အဆုံးသတ်ပြီး အနောက်နိုင်ငံတွေမှာ ရေရှည်အခံဆုံး ညွှန့်ပေါင်းအဖွဲ့ကိုတည်ဆောက်နိုင်တဲ့ အလားအလာရရှိခဲ့တယ်။ ဒုတိယက စစ်တပ်ကို စစ်တန်းလျားကိုပြန်ဖို့စည်းရုံးနိုင်အောင်၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုတုံ့ပြန်ဆောင်ရွက်ပေးနိုင်အောင်စေ့စပ်ညှိနှိုင်းခဲ့တာပဲ။ တတိယက အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုကို တစ်စိတ်တစ်ပိုင်းနဲ့ ဖြည်းဖြည်းချင်းလုပ်ခဲ့တာ။ စတုတ္ထက ဒီမိုကရေစီနည်းတကျနဲ့ တန်းတူညီမျှဖွံ့ဖြိုးတိုးတက်မှုကို ရအောင်ကြိုးပမ်းတာကြောင့် စီးပွားရေးဖွံ့ဖြိုးမှုမြင့်မားလာပြီး ဆင်းရဲမွဲတေမှုကို လျော့ချနိုင်လာတာပဲ။ ဒီလိုနောက်ခံအခြေအနေမှာ ပီနိုချေးအစိုးရကိုဆန့်ကျင်ပြီး နိုင်ငံရေးရပ်တည်ချက်တွေ သိပ်ကိုဖီလာဆန့်ကျင်ဖြစ်နေတဲ့ အပြန်အလှန်ရန်လိုနေတဲ့ အင်အားစုတွေကို ပေါင်းစည်းလာအောင်၊ ပူးပေါင်းဆောင်ရွက်လာအောင်၊ ဗိုလ်ချုပ်ကြီးပီနိုချေးကိုအနိုင်ယူပြီး ဖယ်ရှားပစ်လို့ရအောင် ဘယ်လိုများ လုပ်ဆောင်ခဲ့ရပါသလဲ။*

လာဂို့စ်။ ။ ၁၉၇၃ ခုနှစ်တုန်းက ချီလီမှာဖြစ်ခဲ့တဲ့ နိုင်ငံရေးရပ်တည်ချက်တွေ အစွန်းတစ်ဖက်စီဖြစ်နေတဲ့ တိုင်းပြည်တစ်ခုမှာ နိုင်ငံရေးနဲ့ လူမှုရေးအင်အားစုတွေဟာ နောက်ဆုံးမှာ ကျယ်ပြန့်တဲ့နားလည်မှုနဲ့ ဘယ်လိုပေါင်းစည်းသွားသလဲဆိုတာကို အရင်ဆုံးရှင်းပြရမှာပဲ။ ချီလီရဲ့ ဒီမိုကရေစီပြိုကွဲသွားခြင်းကြောင့် တစ်ချိန်တုန်းက ကျွန်တော်တို့ကိုစိတ်ဝမ်းကွဲစေခဲ့တဲ့ အရေးကိစ္စတွေဟာ အာဏာရှင်စနစ်အသက်ဆက်နေချိန်မှာ သူတို့နဲ့ မပတ်သက်တော့ဘူးလို့ ချီလီနိုင်ငံသားတွေ သဘောပေါက်လာကြတယ်။

ဒီလိုဖြစ်နေတာကို ကျွန်တော့်အတွေ့အကြုံကို ကိုးကားပြီးပြောပြနိုင်တယ်။ ၁၉၇၅ ခုနှစ်မှာပေါ့။ အမေရိကန်ပြည်ထောင်စု မြောက်ကယ်ရိုလိုင်းနားတက္ကသိုလ်က ချာပယ်ဟေးလ်မှာ ကျွန်တော်ပို့ချနေတယ်။ ကျွန်တော်တို့တက္ကသိုလ်ကို ခရစ်ယာန်ဒီမိုကရက်ပါတီဥက္ကဋ္ဌဟောင်း သမ္မတ အက်ဒူ ယာဒို ဖရိုင်း မွန်တာလ်ဘာ လာလည်ပါတယ်။ အဲဒီနေ့မှာ ပါမောက္ခ ဖီဒီရီကို ဂီလ်ကို 'မနက်ဖြန်ကျရင် ကျွန်တော် နေမကောင်းလို့ခွင့်ယူမယ်စာသင်ဖြစ်မှာမဟုတ်ဘူး' လို့ ပြောခဲ့တယ်။ ကျွန်တော် ဖရိုင်း ကွန်တာလ်ဘာနဲ့စကား မပြောချင်ဘူး။ အဲဒီတုန်းက အာဏာသိမ်းပြီး တစ်နှစ်ခွဲအကြာ ၁၉၇၅ ခုနှစ်ပေါ့။

၁၉၇၈ ခုနှစ် ဇူလိုင်လမှာ ကျွန်တော်ချီလီကိုပြန်ရောက်တယ်။ အရာရာပြောင်းလဲနေပြီ။ ခရစ်ယာန်ဒီမိုကရက်ပါတီနဲ့ သမ္မတဟောင်း ဖရိုင်းမွန်တဲလ်ဗာတို့အပေါ် သဘောထားကလည်း

ပြောင်းလဲလာပြီ။ ကျွန်တော်ပထမဆုံးလုပ်တာက ဆိုရှယ်လစ်ပါတီဝင် ထူးချွန်တဲ့ လူမှုရေးဗေဒ ပညာရှင် အန်ဖို ဖာလက်တိုနဲ့အတူ မေဒေးဆန္ဒပြပွဲကို သွားတာပဲ။ သိတဲ့အတိုင်း ဘယ်နေရာမှာ ဆန္ဒပြပွဲလုပ်မယ်ဆိုတာကို ဖာလက်တိုကသိတာပေါ့။ ကျွန်တော်တို့ လည်းလမ်းပေါ်ရောက်ရော အမျိုးသားတစ်အုပ်ကို သွားတွေ့တယ်။ အဲဒီလူတွေကပီနိုချေးရဲ့ ရဲတပ်ဖွဲ့ဝင်တွေဆိုတာ ကျွန်တော် သိပ်သိတာပေါ့။ ဘာဆန္ဒပြပွဲမှ လမ်းပေါ်မှာမတွေ့ခဲ့ဘူး။ ဆန္ဒပြပွဲက တခြား တစ်နေရာမှာလုပ်သွားတယ်ဆိုတာကိုညကျတီဗီမှာကြည့်ရတယ်။ သတင်းအတိအကျရထားတဲ့ ဖာလက်တိုတောင် ဘယ်နေရာမှာဆန္ဒပြမယ်ဆိုတာကို မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတွေ သိသွားရင် ပီနိုချေးကစောင့်ပြီး နှိပ်ကွပ်ပစ်လိုက်မှာပေါ့။ ဒီလို ကူကယ်ရာမဲ့နေတဲ့အခြေအနေမှာ ရှေ့ဆက်ပြီး ကျွန်တော်တို့ဘာလုပ်နိုင်မလဲဆိုတာကို ဆွေးနွေးဖို့ ခရစ်ယာန်ဒီမိုကရက်တွေနဲ့ သွားပေါင်းတာ အကောင်းဆုံးပဲလို့ ကျွန်တော်တို့သဘောပေါက်သွားတယ်။

ရှင်းရှင်းပြောပါရစေ။ ၁၉၇၃ ခုနှစ်က ခရစ်ယာန်ဒီမိုကရက်တွေနဲ့ အာယွန်ဒဲတို့ကြား အောင်မြင်အောင် လုပ်နိုင်ခဲ့သလို ဒိုင်ယာလော့တစ်ခုကို အောင်မြင်အောင်လုပ်ဖို့ဆိုရင် အောင်မြင်မှုရဲ့ အားသာချက်တွေတင်မကဘဲ မအောင်မြင်ရင်ဖြစ်လာမယ့် အကျိုးဆက်တွေကိုပါ သေချာနားလည်ထားဖို့လိုတယ်။ နောက်ခြောက်လကြာလို့ အာဏာသိမ်းမှုဖြစ်လာခဲ့ရင် သူတို့ အာဏာပြန်ရမယ်လို့တွေးပြီး အာယွန်ဒဲနဲ့ ခရစ်ယာန်ဒီမိုကရက်တွေက ဒိုင်ယာလော့ လုပ်ခဲ့ကြ တာ။ ကျွန်တော်တို့က ဒိုင်ယာလော့မအောင်မြင်ဘူးဆိုရင် အာဏာရှင်စနစ်သက်ဆိုး ရှည်သွား မယ်။ နောက်ဆက်တွဲတွေလည်းဖြစ်လာမယ်လို့တွေးပြီး ဒိုင်ယာလော့လုပ်ခဲ့တာ။ ဒီတော့ ကျွန် တော်တို့လုပ်ခဲ့သမျှက သဘောတူညီချက်တစ်ခုရဖို့ မလုံ့လောက်သေးဘူး။ ဒါဟာ ၁၉၇၃ ခုနှစ် မှာ အခြေအနေ တွေဖြစ်ပေါ်လာပုံနဲ့ပတ်သက်တဲ့ ကျွန်တော့်အမြင်ပါ။ အဲဒီအခြေအနေတွေက စစ်အာဏာသိမ်းမှုအတွက် အထောက်အကူဖြစ်စေခဲ့တာတွေပေါ့။

အာဏာရှင်စနစ်ဟာ တော်တော်သက်ဆိုးရှည်လာတော့မယ်လို့ သဘောပေါက်သွာပြီးတဲ့ နောက်မှာမှ ခရစ်ယာန်ဒီမိုကရက်တွေက သူတို့ရဲ့ချဉ်းကပ်ပုံကို စတင်သုံးသပ်လာကြတယ်။ ပီနိုချေးပြောသလို အာဏာရှင်အစိုးရဟာ 'ရည်မှန်းချက်တွေသာရှိပြီး၊ ပုံသေသတ်မှတ်ထားတဲ့ အချိန်ကာလတွေမရှိဘူး'ဆိုတာကို သူတို့သဘောပေါက်သွားတဲ့ အချိန်ပေါ့။ သူတို့အတွက် နေစရာရှိမှာမဟုတ်တော့ဘူးဆိုတာကို ခရစ်ယာန်ဒီမိုကရက်တွေက သဘောပေါက်သွားတယ် လေ။

၁၉၇၈ ခုနှစ်မှာ ချီလီကိုကျွန်တော်ပြန်တဲ့အခါ ခရစ်ယာန်ဒီမိုကရက်ပါတီမှာ သိပ်လူသိများ တဲ့ အထက်လွှတ်တော်ကိုယ်စားလှယ်ဟောင်း တိုမာရီယက်စ်က ကျွန်တော်ပြန်ရောက်ရောက် ချင်းပဲ ညစာစားဖို့ဖိတ်တယ်။ သူကပါတီမှာ လက်ဝဲအုပ်စုနဲ့ပူးပေါင်းဆောင်ရွက်ဖို့ တာဝန်ယူရတဲ့ သူ။ ကျွန်တော်တို့နောက်ပိုင်းမှာ ပုံမှန်တွေ့ဖြစ်ကြတယ်။

၁၉၈၁ ခုနှစ်မှာ 'ရှေးရိုးဆန်စွဲခြင်းဏ' အဖိုးအခ'ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ကျွန်တော်ရေးပါတယ်။ အဲဒီဆောင်းပါးမှာ ၁၉၂၉ ဘဏ္ဍာရေးအကျပ်အတည်းက ချီလီကိုရစရာ မရှိအောင်ဖြစ်သွားစေခဲ့တာကို သုံးသပ်ထားတယ်။ အဲဒီဘဏ္ဍာရေးအကျပ်အတည်းကို သုံးသပ်ရင်း တကယ်တော့ ၁၉၈၁-၈၂ ဘဏ္ဍာရေးအကျပ်အတည်းကို ပိနိုချေးအစိုးရက ကိုင်တွယ်ပုံကို ကျွန်တော်က ပြောင်ကျကျဝေဖန်ထားတာ။ ကျွန်တော့်ဆောင်းပါးနဲ့ပတ်သက်ပြီး ချီးကျူးပါတယ်လို့ သမ္မတဟောင်း ဖရိုင်းက ဖုန်းလှမ်းဆက်တော့ ကျွန်တော်အံ့ဩသွားတယ်။ သူမကြာခင် ခွဲစိတ်ကုသမှုခံယူပြီးရင် မကြာမကြာတွေ့ဆုံစကားပြောကြဖို့ သဘောတူလိုက်တယ်။ သူနဲ့ မတွေ့ချင်ဘူးဆိုပြီး ပြောခဲ့တဲ့နေ့ကပြန်တွက်ရင် ခြောက်နှစ်ကြာခဲ့ပြီ။ ဖြစ်ချင်တော့ သူဆုံးသွားလို့ ကျွန်တော်တို့လုံးဝမတွေ့ ဖြစ်ကြတော့ဘူး။ ချာပယ်ဟေးလ်မှာတုန်းက သူနဲ့မတွေ့ဖြစ်ခဲ့တာကို တစ်သက်လုံးနောင်တရနေမိတယ်။

## ပြည်ပရောက်အတွေ့အကြုံ

*အခုပြောသွားတာကိုကြည့်ရင် တစ်ဦးနဲ့တစ်ဦးယုံကြည်မှုရဖို့၊ နိုင်ငံရေးအရပေါင်းစည်းဖို့ ဆိုတာ နှစ်ပေါင်းများစွာ အချိန်ယူရတာကိုမြင်ရတယ်။ နိုင်ငံရေးရပ်တည်ချက်တွေ အစွန်းတစ်ဖက်စီဖြစ်နေတဲ့ကာလပြီးသွားတော့ ပူးပေါင်းဆောင်ရွက်မှုကို ခင်ဗျားဘယ်လိုတည်ဆောက်ရတယ်ဆိုတာရှင်းပြဖို့ အခြားအကြောင်းအချက်တွေက ဘာဖြစ်များဖြစ်မလဲ။*

လာဂို့စ်။ ။ ကျွန်တော်တို့ရဲ့ညွှန့်ပေါင်းဖွဲ့စည်းပုံကို မျက်နှာသာပေးခဲ့တာကတော့ သံကန့်လန့်ကာ (Iron Curtain) နောက်မှာ ပြည်ပရောက်သွားကြတဲ့ ဆိုရှယ်လစ်အများစုက အဲဒီသံကန့်လန့်ကာနောက်က နိုင်ငံရေးစနစ်ဟာ ကျွန်တော်တို့စိတ်ကူးယဉ်ခဲ့တဲ့ ဒီမိုကရေစီမဟုတ်ပါလားဆိုတာ သဘောပေါက်သွားကြတာပဲ။ အရှေ့ဂျာမနီမှာဆိုရင် အစိုးရထိပ်တန်းအကြီးအကဲတွေလောက်ပဲ တိုင်းပြည်ကနေ အဝင်အထွက်ရှိကြတယ်။ သူတို့ကလွဲပြီး ပြည်ပရောက်ချီလီတွေအပါအဝင် ကျန်တဲ့သူတွေက ခွင့်ပြုမိန့်တောင်းဖို့လိုတယ်။ အဲဒီခွင့်ပြုမိန့်ကို နိုင်ငံရေးသြဇာကြီးတဲ့သူတစ်ယောက်က ကိုင်ထားတာ။ ကျွန်တော်တို့ချီလီမှာ အဲဒါမျိုးမရှိဘူးဗျ။

အဲဒီတုန်းက ချီလီမှာရှိနေတဲ့သူတွေကတော့ ချီလီသားဘောဂဗေဒပညာရှင် အာနီဘာပင်တိုပြောတဲ့အတိုင်းဆို ရပ်တည်ချက်နှစ်ခုအတွက်ပဲ နိုင်ငံရေးမှာနေရာရှိတယ်။ habeas corpus (ဥပဒေနဲ့မညီတဲ့ ချုပ်နှောင်ခြင်းကနေ ပြန်လွှတ်ပေးခြင်းကိုရရှိခွင့်နဲ့ ရုံးတင်တရားစွဲဆိုခြင်းမရှိဘဲ နှစ်ရှည်ထောင်ဒဏ်ကျခံရခြင်းမရှိစေရေး) ကို လေးစားလိုက်နာဖို့တောင်းဆိုတဲ့ သဘောထားပျော့ပြောင်းသူတွေရယ်၊ လွတ်လပ်တဲ့ရွေးကောက်ပွဲကို တောင်းဆိုတဲ့ အစွန်းရောက်တွေရယ်ပေါ့။ အာဏာရှင်စနစ်မှာ habeas corpus သာရှိတယ်ဆိုခင်ဗျားဝမ်းသာပေတော့။ ဒါကြောင့် 'ဒီမိုကရေစီဆိုတာ တို့တွေရှုနေတဲ့လေလိုပဲ၊ ဒီမိုကရေစီရှိနေလို့ ဝမ်းသာရတယ်' လို့ကျွန်တော်ပြော ပြောနေတာပေါ့။ အင်း၊ ကျွန်တော် ကလေးဘဝတုန်းကတော့

ချီလီမှာ ရှုရတဲ့လေက သန့်စင်နေတာပေါ့။ ဒီမိုကရေစီကလည်း အဲဒီလိုပဲ။ ခင်ဗျားဒီမိုကရေစီကို ရနေတုန်းကတော့ အဲဒါကိုသတိတောင်မရဘူး။ ဒါကြောင့် ဝိနိုချေးအုပ်ချုပ်တဲ့ကာလကြောင့် ပြည်ပပဲရောက်ရောက်၊ ချီလီမှာ ဖိနှိပ်ခံပြီးနေနေတာပဲဖြစ်ဖြစ် ဆိုရှယ်လစ်တော်တော်များများ ဒီမိုကရေစီကို ပြန်ပြီးတန်ဖိုးထားတတ်လာကြတယ်ဗျ။

အဲဒီအခြေအနေတွေကြောင့် 'လောလောဆယ်ရှိနေတဲ့ ဆိုရှယ်လစ်စနစ်' အသွင်မူယာ မျိုးစုံကို ဆွေးနွေးပွဲ ဖြစ်လာစေခဲ့တယ်။ ဆိုရှယ်လစ်တွေသွေးသစ်လောင်းတဲ့ လုပ်ငန်းစဉ် အကြောင်း အတွင်းကြိတ်ဆွေးနွေးပွဲတစ်ခု ၁၉၇၈-၇၉ မှာစတယ်။ ၁၉၈၀ ပြည့်နှစ်ရောက်တော့ အရင်တုန်းကမလုပ်ဖူးတဲ့ အစည်းအဝေးတွေ ဆက်တိုက်ကျင်းပလာတယ်။ ရှစ်လ ဒါမှမဟုတ် ဆယ်လလောက်ကြာအောင် ဆိုရှယ်လစ်စနစ်သွေးသစ်လောင်းတာနဲ့ ပတ်သက်ပြီးဆွေးနွေးပွဲ မှာပါဝင်ဖို့ နေ့လယ် သုံးနာရီကနေ ည ၁၀ နာရီထိ ဆွေးနွေးပွဲတွေလုပ်ကြတယ်။ ပထမဆုံး အကြိမ်ဆွေးနွေးပွဲလုပ်ကြတာက Schoenstatt ဘာသာရေးအဖွဲ့ရဲ့ရိပ်သာမှာလုပ်ကြတာ။ ကျွန်တော်တို့ ဆိုရှယ်လစ်ပါတီဝင်တွေ ၁၀ ယောက် ၁၂ ယောက်ရှိမယ်။ အဲဒီခေတ်တုန်းက ဆိုရှယ်လစ်ပါတီတွေဖြစ်တဲ့ ဆိုရှယ်လစ်ပါတီ/အယ်မေဒါ၊ အသစ်ပြန်ဖွဲ့ထားတဲ့ ဆိုရှယ်လစ် ပါတီ၊ ခရစ်ယာလက်ဝဲအုပ်စု၊ ပြည်သူ့ညီညွတ်ရေးလှုပ်ရှားမှု ညွှန့်ပေါင်းအဖွဲ့ (MAPU) က နိုင်ငံရေးရပ်တည်ချက်အသီးသီးနဲ့ လူတွေစသဖြင့်လာကြပါတယ်။ အစည်းအဝေးအသေးစိတ် မှတ်တမ်းကို (အဲဒီတုန်းက အယ်လမေဒါဆိုရှယ်လစ်ပါတီအဖွဲ့ဝင်၊ နောက်တော့ ဆိုရှယ်လစ်ပါ တီ ဥက္ကဋ္ဌနဲ့ အဲလွင်အစိုးရရဲ့ ပို့ဆောင်ရေးဝန်ကြီးနဲ့ ဖရိုင်း ရှုအစ်-တာဂယ်တို့ရဲ့ အစိုးရမှာ ပြည်ထဲရေးဝန်ကြီးဖြစ်တဲ့) ယေမန်း ကော်ရီယာ ကလိုက်ရေးတယ်။ အဲဒီအစည်းအဝေး မှတ်တမ်းတွေကို နောက်လုပ်တဲ့အစည်းအဝေး ကျရင်လိုက်ဝေတယ်။ ပြီးတော့ကျွန်တော်တို့ အတည်ပြုကြတယ်။ ၁၉၈၀တုန်းက ကျွန်တော်တို့စပြီးနာမည်ပေးထားတဲ့ ဆိုရှယ်လစ်တွေ ပေါင်းစည်းမှုနဲ့ပတ်သက်ပြီး စာရွက်စာတမ်းတစ်ခုကိုပေါင်းလုပ်ကြတယ်။ အဲဒီလူမသိ သူမသိ အစည်းအဝေးတွေမှာ ဆွေးနွေးကြရတာ တစ်ခါတစ်လေကျ ရယ်ရတယ်။ ဥပမာ ကျွန်တော်တို့ အာဏာရရင် ဘာဏာတွေကိုဘာလုပ်ကြမလဲလို့ဆွေးနွေးကြတာမျိုး။ ကျွန်တော်တို့က ဘာဏာတွေ ကို နိုင်ငံပိုင်လုပ်မလား၊ ပုဂ္ဂလိကဘာဏာတွေအနေနဲ့ လက်ခံမလားပေါ့။ အဲဒီလိုကိစ္စတွေမှာ ကျွန်တော်တို့အချင်းချင်း အသေအကျေ ငြင်းကြခုံကြနဲ့ တစ်ယောက်တစ်ပေါက်ပေါ့။

## အတိုက်အခံတို့၏ ကွဲပြားခြားနားမှုများ

*ပိုပြီးကျယ်ပြန့်တဲ့ မဟာမိတ်တည်ဆောက်ဖို့ ဆိုရှယ်လစ်အုပ်စုတွေထဲမှာ ဆက်ပြီးရှိနေတဲ့ အကင်းသေအောင်လုပ်ရမယ့် ကွဲပြားခြားနားမှုတွေကို ရှင်းပြလို့ရမလား။*

လာဂို့စ်။ ။၁၉၇၈ ခုနှစ် မေမှာ ကုလဝန်ထမ်းအနေနဲ့ ချီလီကိုပြန်လာခဲ့တယ်။ နိုင်ငံရေး ကိုပိတ်ထားပြီး ခိုးကြောင်ခိုးဝှက်လုပ်နေရတာဆိုတော့ ပြည်တွင်းနိုင်ငံရေးမှာဝင်လုပ်နေတာ

ကုလရဲ့ဘယ်စည်းမျဉ်းကိုမှ ချိုးဖောက်ရာမရောက်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ညနေ ကျွန်တော်အလုပ်ဆင်းပြီးရင် နိုင်ငံရေးသွားလုပ်နေတယ်ဆိုတာဘယ်သူမှမသိဘူးလေ။ ဒီတော့ ဆိုရှယ်လစ်တွေကွဲတဲ့ကာလမှာ ကျွန်တော်နိုင်ငံရေးထဲဝင်လာတယ်။ ခေါင်းဆောင်ကိုမူတည်ပြီး Altamirano Socialist ပါတီဝင်တွေနဲ့ Almeyda Socialist ပါတီဝင်တွေဆိုပြီး အုပ်စုနှစ်ခုရှိ တယ်။ ခေါင်းဆောင်နှစ်ယောက်စလုံးက နိုင်ငံခြားမှာနေကြတာ။ Altamirano ဆိုရှယ်လစ်ပါ တီကို အလျင်အမြန်ဖွဲ့စည်းလိုက်တယ်။ Almeyda ဆိုရှယ်လစ်ပါတီကတော့ ကွန်မြူနစ်ပါတီ (PC)နဲ့ဆက်ပြီး ညီညွတ်ရေးရနေတယ်။ ပါတီကွဲတော့ VECTOR ဆိုတဲ့ အတိုင်ပင်ခံပညာရှင် အဖွဲ့က ဆိုရှယ်လစ်အုပ်စုတစ်ခုမှာ ကျွန်တော်ကအဖွဲ့ဝင်ပေါ့။ အဲဒီအဖွဲ့က လက်ဝဲအုပ်စုနဲ့ ပတ်သက်ပြီးစဉ်းစားဖို့ နေရာတစ်ခုရအောင်တည်ထောင်ထားတဲ့ အဖွဲ့လေး။ ဘာဖြစ်လို့လဲ ဆိုတော့ ခရစ်ယာန်ဒီမိုကရက်ပါတီနဲ့ဆက်နွယ်တဲ့ CIEPLAN ဆိုတဲ့အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ လည်းရှိနေတာကိုး။ အဲဒီအဖွဲ့ကို (အဲလွင်အစိုးရအဖွဲ့မှာ ၁၉၉၀-၉၄ ဘဏ္ဍာရေး ဝန်ကြီးလုပ်သွား တဲ့ ဘောဂဗေဒပညာရှင်) အလက်ဂျန်ဒရို ဖောက်စလေက ဦးစီးနေတာ။ ကျွန်တော်တို့မှာ ရုံးခန်းကျဉ်းကျဉ်းလေးရှိတယ်။ ထက်မြက်တဲ့ ဆိုရှယ်လစ်ပါတီ ဝင်ပညာတတ်တွေဖြစ်တဲ့ အန်ဇိုဖာလက်တို၊ အေဒူယာဒို ထရာဘူကို၊ အေဒူယာဒို အော်တစ်ဖ်၊ ရိုဒရီဂို အယ်လ် ဗာရေး၊ အေရာလ်ဒိုမွန်ဇိုတို့ ရုံးကိုလာကြတယ်။ တစ်နေ့ ဆိုရှယ်လစ်ပါတီညီလာခံရှိတယ်၊ ကျွန်တော် တို့အမြင်တွေကိုဆွေးနွေးဖို့ရှိတယ်ဆိုပြီး ယာမန်း ကော်ရီယာပေါက်ချလာတယ်။ အခြေအနေကို ကျွန်တော်တို့သူ့ကို ပြောပြလိုက်တယ်။ သူပြောတဲ့သတင်းဟာ သိသင့်တဲ့နေရာကိုရောက်သွား ပြီလို့ပြောလိုက်တယ်။ နောက် သုံးလကြာတော့ ညီလာခံကျင်းပအပြီးမှာ ဆိုရှယ်လစ်ပါတီ နှစ်ခြမ်းကွဲသွားတယ်လို့ ကော်ရီယာကလာပြန်ပြောတယ်။ ဒီတော့ အဲဒီအကွဲအပြိုက ဘာတွေ ဂယက်ရိုက်မလဲဆိုတာ ရှင်းပြဖို့သူ့ကိုမေးကြည့်တယ်။ ကျွန်တော်တို့ဒီလိုသာ စိတ်ဝမ်းကွဲနေရင် ပီနိုချေးကို ဘယ်လိုတိုက်မလဲပေါ့။ သူက Almeyda ဆိုရှယ်လစ်အုပ်စုရဲ့ ညွှန်ကြားချက်တွေ ကိုလက်ခံသလား လို့မေးတယ်။ ကျွန်တော်ကလည်း သူတို့တစ်တွေ စိတ်ဝမ်းကွဲနေသမျှ ကာလပတ်လုံး ညွှန်ကြားချက်တွေကို လက်မခံနိုင်ပါဘူးလို့ပြောလိုက်တယ်။ ဒီအမြင်ကို VECTOR အဖွဲ့ကလူတွေကလက်ခံကြတယ်။

နောက်လအနည်းငယ်အကြာ ကုလက အလုပ်ကိစ္စနဲ့မက္ကဆီကိုသွားတော့ ဆုံးသွားတဲ့ အာယွန်ဒဲရဲ့ ဇနီးသည် မုဆိုးမ ဟော်တန်ဆီယာ ဘူဆီကို ဖုန်းဆက်တာကျွန်တော့်ပထမဆုံး အလုပ်ပဲ။ သူ့အိမ်မှာ ချီလီနိုင်ငံသားတွေ အများကြီးနဲ့နေ့လည်စားစားဖို့ ဖိတ်တယ်။ သူက မိတ်ဆက်ပေးပြီးတာနဲ့ နောက်ဆုံးဖြစ်ပျက်နေတာတွေကို ပြောပြခိုင်းတယ်။ ပြီးတော့ ဆိုရှယ် လစ်ပါတီအကွဲအပြိုအကြောင်းမေးတယ်။ ဒါနဲ့ Almeyda ဆိုရှယ်လစ်ပါတီက လူတွေပြော လိုက်တာကို သူ့ကိုပြန်ပြောပြလိုက်တယ်။ VECTOR အဖွဲ့ကဆိုရှယ်လစ်အကွဲအပြိုကိုလက်မခံ တဲ့ အကြောင်း၊ ဘယ်ဂိုဏ်းဘက်ကိုမှလိုက်မှာမဟုတ်ကြောင်းပြောလိုက်ပါတယ်။ ဒီတော့သူက ကျွန်တော်က ဆွစ်ဇာလန်နိုင်ငံလိုပဲ ခြံစည်းရိုးခွထိုင်နေတာနဲ့တူတယ်လို့ပြောတယ်။ ကျွန်တော်

ကတော့ ခွထိုင်တယ်ဆိုတာတွေ ဘာတွေမတွေးမိပါဘူး။ ကျွန်တော်တို့ ကွဲလို့ပြိုလို့မရဘူးဆိုတာပဲပြောတာ။ အဲဒီအချိန်ကစပြီး (ကွဲသွားတဲ့ဆို ရှယ်လစ်ဂိုဏ်းကိုခေါင်းဆောင်သူတွေကို အသိအမှတ်မပြုတဲ့) ကျွန်တော်တို့ကို 'ဆွစ်တွေ'ဆိုပြီး ခေါ်ကြတော့တာပဲ။

တော်တော်ကြာတဲ့အခါ 'ဆွစ်တွေ' လို့အခေါ်ခံရတဲ့ကျွန်တော်တို့က အစိတ်စိတ်အမှာမှာ ဖြစ်သွားတဲ့ ဆိုရှယ်လစ်ပါတီရဲ့ ကျွန်းပေါင်းများစွာထဲက ကျွန်းလေးတစ်ကျွန်းဖြစ်လာပြီး ဇာတ်သိမ်းသွားတယ်။ နောက်တော့ညီညွတ်ရေးအတွက် နိုင်ငံရေးကော်မတီ (Comite Politico de Unidad, CPU) ကိုဖွဲ့လိုက်တယ်။ တစ်ခုတည်းသော ဆိုရှယ်လစ်ပါတီကို ဂိုဏ်းခြောက်ဂိုဏ်းနဲ့ ဖွဲ့လိုက်ဖို့သဘောတူခဲ့ကြတယ်။ အဲဒီဂိုဏ်းတွေက နျူနေးရဲ့ renovados ဂိုဏ်း၊ Almeydaရဲ့ဂိုဏ်း၊ ရာဝူးလ် အမ်ပူရီယိုနောက်လိုက်ဂိုဏ်း၊ ဒေသဆိုင်ရာအဖွဲ့များ ပူးပေါင်းဆောင်ရွက်အဖွဲ့နောက်လိုက်ဂိုဏ်း၊ နောက်တစ်ဂိုဏ်းနဲ့ ကျွန်တော်တို့ (ဆွစ်တွေ)ရဲ့ဂိုဏ်းပဲ။ ကျွန်တော် CPU မှာပါဝင်ဆောင်ရွက်ခဲ့တယ်။ ကျွန်တော်တို့ဗဟိုကော်မတီဖွဲ့မယ်ဆိုပြီး သဘောတူခဲ့တယ်။ အဲဒီဗဟိုကော်မတီမှာ ဂိုဏ်းတစ်ဂိုဏ်းစီက ကိုယ်စားလှယ်ဆယ်ဦးစီခန့်ထားမယ်ပေါ့။ ဆွစ်အုပ်စုမှာကျတော့ ပြဿနာရှိတယ်ဆိုပြီး ကျွန်တော်တင်ပြရတယ်။ ကျွန်တော်တို့က ခုနှစ်ယောက်ပဲရှိတာ။ နောက်ဆုံးကျ ဗဟိုကော်မတီမှာ ခြောက်ဦးပါမယ်။ ကျွန်တော်တို့ရဲ့ ပညာတတ်ခေါင်းဆောင်ဖြစ်တဲ့ အန်ဇိ ဖာလက်တိုက 'ဗဟိုကော်မတီရယ်လို့ရှိလာရင် အဲဒီကော်မတီမှာ အာဏာရှိလာမယ်။ ကျွန်တော့်ရဲ့ဘိုးဘေး ကိုယ့်နည်းကိုယ့်ဟန်အုပ်ချုပ်ရေးဝါဒီ (anarchist) တွေကိုလေးစားတဲ့အနေနဲ့ အာဏာကိုင်ထားတဲ့ ရာထူးတစ်ခုကိုလက်ခံမှာမဟုတ်ဘူး'တဲ့။ ဒီတော့ ဆွစ်အုပ်စုကိုကိုယ်စားပြု ခြောက်ယောက်နဲ့ဗဟိုကော်မတီဝင် ၃၆ ဦးထဲမှာ တစ်ဂိုဏ်းကို ခြောက်ယောက်ကျစီနဲ့ ဖွဲ့ဖြစ်သွားတယ်။

၁၉၈၂-၈၃ မှာ လုပ်ငန်းစဉ်နှစ်ခုပေါ်ပေါက်လာတယ်။ ဆိုရှယ်လစ်ပါတီတွေပေါင်းစည်းခြင်း (MAPUရဲ့အုပ်စု နှစ်ခုနဲ့ ခရစ်ယာလက်ဝဲအုပ်စုတို့ပေါင်းစည်းခြင်း)၊ ဖရိုင်းမွန်တယ်လ်ဘာ ဆုံးသွားပြီးနောက်မှာ ဂါဘရီယဲ ဘာလ် ဒက်ဦးဆောင်တဲ့ ခရစ်ယာန်ဒီမိုကရက်တွေရဲ့ ဦးဆောင်လှုပ်ရှားမှုတွေပဲ။ ဗာလ်ဒက်စ်က ဟူဂိုဇီပီဒါနဲ့အာမန်ဒို ဂျာယာမီရိုတို့လို လက်ဝဲအုပ်စုက လူတွေနဲ့ ဆက်သွယ်ဖို့ဦးဆောင်လှုပ်ရှားတယ်။ ပထမဆုံး ရာဒီကယ်ပါတီက လူအစ် ဘိုဆေး၊ နောက်တော့ အန်းရိ ဆီလ်ဘာ၊ ပြီးတော့ ဆိုရှယ်လစ်တွေကို ဖိတ်ခေါ်တယ်။

## ညွှန့်ပေါင်းအဖွဲ့တည်ဆောက်ခြင်း

*တခြားနိုင်ငံရေးအုပ်စုတွေကလည်း အာဏာရှင်စနစ်အဆုံးသတ်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ အစိတ်အပိုင်းအားလုံးကို စုစည်းပြီး၊ တစ်ခုတည်းသောပလက်ဖောင်းမှာ သူတို့ကိုဘယ်လို စုစည်းခဲ့သလဲ။*

လာဂိုစ်။ ။၁၉၈၃ ဩဂုတ်လမှာ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ကို Círculo Español

မှာ ဂါဘရီယဲ ဘာလ်ဒက်စ်ရဲ့ မိန့်ခွန်းနဲ့အတူ ဖွဲ့စည်းခဲ့တယ်။ (ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့သည် ပိနိချေးကိုဆန့်ကျင်သည့် ပါတီအားလုံးနှင့် တစ်သီးပုဂ္ဂလများကို ကိုယ်စားပြုသည်။ လက်နက်ကိုင်တိုက်ပွဲကိုလက်မခံပေ။ ဤမဟာမိတ်အဖွဲ့ကို အစောပိုင်းက ခရစ်ယာန်ဒီမိုကရက်များ၊ ရာဒီကယ်များ၊ ဆိုရှယ်လစ်ပါတီဝင်အချို့၊ MAPU၊ ခရစ်ယာန်လက်ဝဲအုပ်စု၊ လက်ယာအုပ်စုမှ ထင်ရှားသူများပါဝင်ဖွဲ့စည်းခဲ့သည်။) ကျွန်တော်တို့ရဲ့ ဆိုရှယ်လစ်ညီညွတ်ရေး နိုင်ငံရေး ကော်မတီက ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ကို Almeyda ဂိုဏ်းကကိုယ်စားလှယ်တွေ (ဂျူလီယို စတူယာဒိုနဲ့ အာကင်ဆိုတို) နဲ့ နျူနေးဂိုဏ်းက (ဟာနန် ဗွန်ဒါနိုဗစ်) တို့ကိုခန့်တယ်။ ဒီကိုယ်စားလှယ်တွေခန့်လိုက်လို့ Almeyda ဂိုဏ်းထဲမှာ ပြဿနာတက်သွားတယ်။ ချီလီနိုင်ငံ ပြင်ပရောက်နေသူတွေက ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ကို လက်မခံကြဘူး။ ဒီအဖွဲ့ဟာ ပိနိချေးနဲ့ စေ့စပ်ညှိနှိုင်းချင်နေကြတာလို့ သူတို့ကမြင်ကြတာလေ။ မှန်ကန်တဲ့လမ်းကြောင်းကတော့ တိုက်ပွဲဆက်ဝင်ပြီး PC နဲ့နားလည်မှုယူဖို့ပဲလို့ သူတို့ကယူဆကြတယ်။ PC ဟာ အကြမ်းဖက်မှုသုံးတာကို ထောက်ခံတာကြောင့် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ကိုပူးပေါင်းဖို့ PC ကိုမဖိတ်ခေါ်ခဲ့ဘူး။ နောက်ဆုံး Almeyda ဂိုဏ်းက မဟာမိတ်အဖွဲ့မှာမပါတော့ဘူးလို့ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် အဲဒီဂိုဏ်းက ဂျူလီယို စတူအာဒိုနဲ့ အန်ကင်ဆိုတိုတို့က အဖွဲ့မှာဆက်ရှိနေမယ်လို့ဆုံးဖြတ်ပြီး CPU ရဲ့အစိတ်အပိုင်းအဖြစ်ရှိနေခဲ့ကြတယ်။ တခြားသူတွေကတော့ ကော်မတီ ပြင်ပမှာဆက်ရှိနေကြတယ်။

ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ဟာ အဲဒီနေ့ရက်တွေမှာ သူ့ရဲ့အစောဆုံး ဆုံးဖြတ်ချက်တွေ ကိုချမှတ်ခဲ့တယ်။ အဖွဲ့ဥက္ကဋ္ဌကို လစဉ်အလှည့်ကျသတ်မှတ်ထားတယ်။ စစချင်း ဂါဘရီယဲ ဘာလ်ဒက်စ်က အောက်တိုဘာလ ဥက္ကဋ္ဌ၊ နိုဝင်ဘာကျ ရာဒီကယ်ပါတီရဲ့ဥက္ကဋ္ဌအလှည့်ကို အန်းရစ် ဆီလ်ဘာကလုပ်တယ်။ ဒီဇင်ဘာမှာတော့ ဆိုရှယ်လစ်ပါတီက ဥက္ကဋ္ဌရဲ့အလှည့်ပဲ။ Almeyda ဂိုဏ်းက အာကင်ဆိုတိုနဲ့ ဂျူလီယို စတူအာဒိုက ဆိုရှယ်လစ် ပါတီက ကိုယ်စားလှယ်အဖြစ် မဟာမိတ်အဖွဲ့မှာဥက္ကဋ္ဌလုပ်မလားလို့လာမေးတယ်။ ဟင့်အင်းလို့ ကျွန်တော်ဖြေလိုက်တယ်။ ကျွန်တော်က ကုလမှာအလုပ်လုပ်နေတော့ ခိုးကြောင်ခိုးဝှက်ပါဝင်ဆောင်ရွက်နေရတာလေ။ နောက်တော့ ဆိုရှယ်လစ်ပါတီထဲက renovados အပိုင်းကိုကိုယ်စားပြုတဲ့ ပါတီဝင်နှစ်ဦးဖြစ်တဲ့ ဂျူလီယို စတာဒူရိုနဲ့ ဟာနန်ဗိုဒါနိုဗစ်တို့ကလာတွေ့ပြီး မဟာမိတ်အဖွဲ့မှာ ကျွန်တော့်ကို ဥက္ကဋ္ဌလုပ်ဖို့ပြောကြတယ်။ ကျွန်တော်ဆုံးဖြတ်ရတော်တော်ခက်သွားတယ်။ ကျွန်တော့်မိသားစုကို ကုလအလုပ်ကနေထွက်တော့မယ်လို့ ပြောလိုက်ရတယ်။ ဒီဇင်ဘာလမှာ ကျွန်တော် မဟာမိတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်လာပါတယ်။

၁၉၈၃ ခုနှစ်စက်တင်ဘာ ၄ ရက် (ဒီရက်မှာ ဆာဘာဒို အာယွန်ဒဲနဲ့ တခြားချီလီသမ္မတတွေအားလုံးကို ရွေးကောက်တင်မြှောက်တာဖြစ်လို့ အဲဒီနေ့ဟာ အထိမ်းအမှတ်နေ့တစ်နေ့ပဲ) မှာ အဖွဲ့ဝင် ၃၆ ဦးနဲ့ဗဟိုကော်မတီတစ်ခုမှာ ဆိုရှယ်လစ်တွေပေါင်းစည်းသွားပြီဆိုတာကို

တိုင်းပြည်ကသိအောင်ကြေညာခဲ့တယ်။ 'သွေးသစ်လောင်း' လိုက်တဲ့ ဆိုရှယ်လစ်ပါတီကြောင့် ဖြစ်ပေါ်လာတဲ့ ကြီးမားတဲ့အာရုံစိုက်မှုကြောင့် ကျွန်တော်အံ့အားသင့် သွားတယ်။ သတင်းစာတွေ မဂ္ဂဇင်းတွေနဲ့ ကျွန်တော်အင်တာဗျူးတွေဖြေရတယ်။ တီထွင်ဖန်တီးမှုရှိတဲ့နိုင်ငံရေးဟာ စုပေါင်းလုပ်ဆောင်မှုကနေပေါ်ထွက်လာတယ်ဆိုတာ ကျွန်တော်မြင်စပြုလာတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာ ငြင်းခုံဆွေးနွေးခဲ့တဲ့အယူအဆတွေကို ကျွန်တော်ကနေထုတ်ပြောတာကိုး။ ဆိုရှယ်လစ်ပါတီဟာ ပြောင်းလဲလာပြီဆိုတာ သိသာထင်ရှားလာတယ်။ မြေထဲပင်လယ်ဒေသက ဆိုရှယ်လစ်ပါတီတွေရဲ့လည်း လွှမ်းမိုးမှုရှိလာတယ်။ ၁၉၈၂ ခုနှစ်ကစပြီး ဗီးလစ် ဝွန်ဇာလက်က စပိန်မှာဝန်ကြီးချုပ်ဖြစ်လာတယ်။ မီးထရောင်းက ပြင်သစ်မှာအောင်ပွဲခံခဲ့တယ်။

## နိုင်ငံတကာထောက်ခံအားပေးမှု

*အာဇာရှင်စနစ်နိဂုံးမချုပ်ခင် ကာလအရှည်ကြီးဟာ ပြည်ပရောက်နေတုန်း ချီလီမှာဖြစ်ခဲ့တာတွေကို ပြန်လည်စဉ်းစားသုံးသပ်ဖို့ တခြားနိုင်ငံတွေရဲ့အတွေ့အကြုံကနေ သင်ခန်းစာယူဖို့ အချိန်ရသွားစေခဲ့တယ်။ အသစ်ပေါ်ပေါက်လာတဲ့ ညွှန့်ပေါင်းအဖွဲ့နဲ့ သူ့ရဲ့မဟာဗျူဟာကို ဥရောပရောက် ဆိုရှယ်ဒီမိုကရက်ပါတီဝင်တွေက ဘယ်လိုမြင်လဲ။ ညွှန့်ပေါင်းအဖွဲ့ကို ခရစ်ယာန်ဒီမိုကရက်တွေကလည်း ထောက်ခံကြတာပဲ။*

လာဂိုစ်။ ။ ၁၉၈၁ ခုနှစ် မေမှာ ပြင်သစ်သမ္မတအဖြစ် မီးထရောင်းရာထူးလက်ခံတော့ ပန်သီယွန်နန်းတော်ကို သွားလေသူအာယွန်ဒဲရဲ့ဇနီးသည်နဲ့အတူ ဝင်လာခဲ့တာမှတ်မိနေတယ်။ အာယွန်ဒဲနဲ့ သူ့ဆီကနေ စစ်တပ်ကအာဇာသိမ်းလိုက်ခြင်းက ဥရောပလက်ဝဲနိုင်ငံရေးလောကကိုသက်ရောက်မှုကို ကျွန်တော်အလေးပေးပြီးပြောချင်တယ်။ အိုလက်ဖ် ပယ်လ်မီ(ဆွီဒင်ဝန်ကြီးချုပ်)၊ ဂဲဟာက်ရှရိုးဒါး (ဂျာမနီအဓိပတိ)၊ တိုနီဘလဲ(ယူကေဝန်ကြီးချုပ်) တို့နဲ့စကားပြောကြည့်ရင် အာယွန်ဒဲရဲ့အတွေ့အကြုံက လှုံ့ဆော်လို့ နိုင်ငံရေးထဲကိုဝင်လာတယ်ဆိုပြီး သူတို့ပြောကြမှာပဲ။ ခင်ဗျားဆုံခဲ့ရတဲ့ ဥရောပသားတွေအားလုံးက ချီလီအတွက်ဆန္ဒပြဖို့ လမ်းပေးထွက်ကြမှာပဲလို့ ပြောကြလိမ့်မယ်။ ချန်တီယီနဲ့ဘော်ဒိုးမြို့တွေရောက်တုန်းက ပြည်ပရောက်ဆိုရှယ်လစ်ပေါင်းစည်းမှုဆိုင်ရာ အစည်းအဝေးနှစ်ခုလုပ်တာမှတ်မိပါသေးတယ်။ အဲဒီအစည်းအဝေးတွေမှာ ပြည်ပရောက်ချီလီနိုင်ငံသားတွေက တလေးတစားနဲ့နားထောင်တတ်ကြတယ်။ ကျွန်တော်တို့က ချီလီမှာနေတဲ့သူတွေကိုး။ အဲဒီမှာ ဆွီဒင်မှာ၊ မီလန်မှာ၊ ပါရီမှာနေကြတဲ့သူတွေနဲ့သွားတွေ့တယ်။ တစ်ယောက်က သူတို့နေထိုင်ရာပတ်ဝန်းကျင်က လွှမ်းမိုးမှုကို ပြောတယ်။ အီတလီကနေ တိုက်ရိုက်လာကြတဲ့ ရိုးနေးဆန်အာရုံဝင်စားမှုတွေနဲ့ အမျိုးသား၊ အမျိုးသမီးတွေ၊ စကင်ဒီနေဗီးယန်း စိတ်နေစိတ်ထားနဲ့လာတဲ့ ဆွီဒင်ကလူတွေစသဖြင့်ပေါ့။ တကယ့်ကိုမယုံနိုင်စရာပါ။ ပြည်ပရောက်အတွေ့အကြုံဟာ နိုင်ငံရေးယဉ်ကျေးမှုကို ဘယ်လိုသက်ရောက်သလဲဆိုတာ ဘယ်သူမှမရေးဖူးဘူး။ ချီလီကနိုင်ငံရေး အင်အားစုတွေ နားလည်မှုရသွားတဲ့လုပ်ငန်းစဉ်ဟာ ရင်းမြစ်ပေါင်းစုံကပေါ်ထွက်လာတဲ့ ပြောင်းလဲနေတဲ့အယူ အဆတွေနဲ့နောက်ခံ အခြေ

အနေမှာ ဖြစ်ပေါ်လာခဲ့တာဗျ။

၁၉၈၃ ခုနှစ် ဒီဇင်ဘာမှာ အာဂျင်တီးနားသမ္မတ အယ်လ်ဖွန်ဆန် ရာထူးလက်ခံတဲ့ အခမ်းအနားကို ကျွန်တော် တက်ခဲ့တာမှတ်မိတယ်။ ကျွန်တော်က ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ရဲ့ ဥက္ကဋ္ဌအနေနဲ့ သွားတက်တာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ပြောခဲ့တဲ့အတိုင်း အဲဒီဒီဇင်ဘာလမှာ ဆိုရှယ်လစ်တွေဥက္ကဋ္ဌလုပ်ရမယ့် အလှည့်လေ။ ကျွန်တော်နဲ့အတူ ဘာလ်ဒက်စ်၊ ဆီလ်ဘာ ဆင်မာ၊ အာမန်ဒို ဂျာယာမီယိုတို့လိုက်လာကြတယ်။ စပိန်အစိုးရရဲ့ သမ္မတ ဖီးလစ်ဝွန်ဇာလက်စ်၊ ပြင်သစ်ဝန်ကြီးချုပ် ဖြိမ့်ဟွား၊ အီတလီဝန်ကြီးချုပ် ဘက်တီနိ ကရာစီတို့နဲ့အတူ အစည်းအဝေးလုပ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ ထူးခြားပြောင်မြောက်တဲ့စီမံကိန်းကိုတင်ပြခဲ့တယ်။ အဲဒီစီမံကိန်းက ကြားဖြတ်အစိုးရဖွဲ့မယ်။ ပိနိချေးထွက်ရမယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပမယ်၊ အခြေခံဥပဒေသစ်ရေးမယ်။ ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့ စီမံကိန်းပေါ့။ ဖီးလစ်ဝွန်ဇာလက်စ်ကို ဒီစီမံကိန်းရှင်းပြပြီးတဲ့နောက် သူက 'ဒါကစီမံကိန်းမဟုတ်ဘူးဗျ၊ ဒီစီမံကိန်းအတိုင်းဆို ပညာရပ်နယ်ပယ်မှာ အကြာကြီးဆက်နေရလိမ့်မယ်။ ကြားဖြတ်အစိုးရတဲ့လားဗျာ၊ ပိနိချေးလားထွက်သွားမှာ၊ ဘယ်လိုလုပ်ပြီး ကြားဖြတ်အစိုးရကိုခန့်မှာတဲ့တုန်း။ ထားပါတော့။ ခင်ဗျားအကြံအောင်မြင်သွားပြီး ပိနိချေးက နုတ်ထွက်စာတင်ပါပြီတဲ့။ ခင်ဗျားမှာ ခြေခြေမြစ်မြစ် ပြောစရာမကျန်တော့ဘူး။ ခင်ဗျာ့စီမံကိန်းတွေတစ်ခုမှ မလုပ်ရသေးခင် ကိုယ့်ပြဿနာကိုဖြေရှင်းဖို့တယ်' ဆိုပြီး ပြောပါလေရော။ ဒီအစည်းအဝေးက တော်တော်လေးကို သက်ရောက်မှုရှိတယ်။ သိပ်ကိုလင်းပွင့်မှုရတဲ့ အသုံးဝင်တဲ့အစည်းအဝေးပေါ့။

အဲဒီတုန်းက ဖြိမ့်ဟွားနဲ့တွေ့သူက 'ခင်ဗျားကို တိုက်ပွဲဝင်ဖက်အနေနဲ့၊ ရဲဘော်ရဲဘက်အနေနဲ့ ကျွန်တော်တွေ့တာ၊ ဒါပေမယ့် ဒီထက်ပိုပြီး ကျွန်တော်အများကြီးလုပ်ပေးလို့တော့ မရဘူး။ ဆက်ဆံရေးက အစိုးရချင်းဆက်ဆံရေးလေ၊ ပြင်သစ်ရဲ့အကျိုးစီးပွား၊ ချီလီရဲ့အကျိုးစီးပွားစတာတွေပေါ့။ ခင်ဗျားကို ရဲဘော်ရဲဘက်အနေနဲ့ ကျွန် တော်အပြည့်အဝထောက်ခံတယ်။ ဒါပေမယ့် ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ကျတော့ဘာမှလုပ်မပေးနိုင်ဘူးဗျာ။' လို့ပြောတယ်။ သူဝန်ကြီးချုပ်ရာထူးကနားတော့ မိုပွားက ကျွန်တော့်ဆီဖုန်းဆက်တယ်။ 'အခု ကျွန်တော့်ကို ခင်ဗျားအားကိုးလို့ရပြီ။ ကျွန်တော်ချီလီကိုလာရင် ခင်ဗျားနဲ့အတူလုပ်မယ်။' တဲ့။ ပိနိချေးရှုံးသွားတဲ့ လူထုဆန္ဒ ခံယူပွဲမတိုင်ခင်နဲ့ အဲဒီကာလအတွင်းမှာ သူပြောတဲ့အတိုင်းလည်း တကယ်လာပြီး လုပ်ပေးခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့အားလုံးဟာ နိုင်ငံရေးကိုလေ့လာသင်သူနေရ သူတွေချည်းပဲဖြစ်ပါတယ်။ နောက်တော့ အီတလီဝန်ကြီးချုပ် ကရာစီနဲ့အစည်းအဝေးကို တက်တယ်။ ကျွန်တော်တို့ဘက်က ပြောစရာရှိတာ ပြောပြီးတော့ သူက ' ဒါလွယ်လွယ်လေးပါ။ ပထမဆုံးဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလိုတယ်။ အခု အာဂျင်တီးနား ရောက်နေလေတော့ နောက်တစ်ရက်ကျ အာဂျင်တီးနားနိုင်ငံထဲက အန်းဒီးစ်တောင်တန်းပေါ်မှာ နေရာတစ်နေရာပေးဖို့ အယ်လ်ဖွန်ဆင်ကိုတောင်းမယ်။ ဇရိယာတိုင်အကြီးကြီးဆောက်ဖို့ ကျွန်တော်ပိုက်ဆံ

ထုတ်ပေးမယ်။ အဲဒီကနေ ချီလီကိုအသံလွှင့်မယ်'တဲ့။ နောက်တစ်နေ့ကျ ကရာစီက အဲလ်ဖွန်ဆင်နဲ့သွားတွေ့တာပေါ့။ အယ်လ်ဖွန်ဆင်က သူ့အဖို့ ဇရိယာတိုင်ကြီးဆောက်ဖို့ဆိုတာ တော်တော်ခက်တယ်လို့ ကရာစီကိုရှင်းပြဖို့ကြိုးစားတယ်။ အဲဒီဇရိယာတိုင်ကြီးကောက်ဆောက်လိုက်ရင် နောက်ဆုံး ပိနိချေးနဲ့ လက်သီးလက်မောင်းတန်းရတော့မှာလေ။ အဲဒီအတွေ့အကြုံတွေကိုကြည့်ရင် နိုင်ငံရေးခေါင်းဆောင်သုံးယောက်ရဲ့ သိပ်ကိုကွဲပြားတဲ့ စိတ်နေစိတ်ထားသုံးမျိုးကိုတွေ့ရမယ်။

အယ်လ်ဖွန်ဆင်က ကျွန်တော်တို့အတွက် သိပ်အရေးကြီးပါတယ်။ ချီလီမှာရှိတဲ့သူတို့ရဲ့ မိတ်ဆွေတွေ (ကွန်မြူနစ်ပါတီ) က ဘာတစ်ခုမှ ရှားရှားမိုက်မိုက်တွေမလုပ်ဖို့အရေး ကျူးဘားတွေ တာဝန်ယူပေးအောင် အယ်လ်ဖွန်ဆင် ကိုကြားဝင်စေ့စပ်ခိုင်းခဲ့တယ်။ ကျူးဘားကတစ်ဆင့် သူတို့တွေ ဗုံးလာထောင်မယ်ဆိုရင် ကျွန်တော်တို့ အားလုံးဇတ်သိမ်းကုန်မှာပေါ့။ အယ် ဖွန်ဆိုက ဝင်ပြီးညှိပေးပါတယ်။ ပိနိချေးကိုအနိုင်တိုက်မယ့် ကျွန်တော်တို့ဗျူဟာကို ကျူးဘားခေါင်းဆောင်ပိုင်း နားလည်အောင် ကားလိပ်နောက်ကွယ်ကရှင်းပြန်ဖို့ အသုံးကျတဲ့နေရာကနေ အယ်ဖွန်ဆင်လုပ်ပေးခဲ့တယ်။

နိုဂုံးချုပ်ရင် လူထုစည်းရုံးရေး၊ ကန့်ကွက်ဆန္ဒပြရေးကို ခေါင်းတပ်ထားတဲ့ ကျွန်တော်တို့ တသိုက်ရယ် အကြမ်းဖက်မှုအပါအဝင် 'တိုက်ပွဲမှန်သမျှ ဆင်နွှဲကြ' ဆိုသူတွေရဲ့ဘက်တော်သားတွေ ရယ်နှစ်ဘက်အကြောင်း ကျွန်တော်တို့ထဲကလူတွေကြားမှာ အခြေအတင်ဆွေးနွေးမှုတွေရှိခဲ့တယ်။ ဒီလိုနဲ့ ၁၉၈၆ ခုနှစ်ကို ကျွန်တော်တို့ရောက်လာခဲ့တယ်။ ကျွန်တော်တို့အတွက်တော့ ၁၉၈၆ ခုနှစ်က အဆုံးအဖြတ်ပေးမယ့်နှစ်ပဲ။

## အာဏာရှင်စနစ်ကို ပူးသတ်ခြင်း

*ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့က အရေးကြီးတဲ့ခြေလှမ်းဖြစ်ခဲ့တယ်။ သို့သော် ပိနိချေးနဲ့ သူ့ရဲ့အာဏာရှင်စနစ်က တော်တော်နဲ့မပြိုလဲဘူး။ ဒီအာဏာရှင်စနစ်ကို နိုဂုံးချုပ်အောင် ခင်ဗျားဘယ်လိုအစီအစဉ်ဆွဲခဲ့လဲ။ ပြီးတော့ အရပ်ဖက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကဘာတွေလဲ။*

လာဂို့စ်။ ။၁၉၈၆ ခုနှစ်မှာ ပိနိချေးကိုဖြုတ်ချဖို့ ကြိုးစားသင့်တယ်ဆိုပြီးကျွန်တော်တို့ တွေးခဲ့တယ်။ ဒီလိုမှမဟုတ်ရင် ပိနိချေးရဲ့ ၁၉၈၀ ပြည့်နှစ်အခြေခံဥပဒေမှာ ပါရှိတဲ့အတိုင်း ၁၉၈၈ ခုနှစ်မှာလုပ်မယ့် လူထုဆန္ဒခံယူပွဲမှာ သူနဲ့ထိပ်တိုက်တွေ့ခဲ့မှာပဲ။ ပိနိချေးဆက်ပြီး အုပ်ချုပ်မလား မအုပ်ချုပ်ဘူးလားဆိုတာကို အဆုံးအဖြတ်ပေးဖို့ လူထုဆန္ဒခံယူပွဲကျင်းပမှာ။ ပိနိချေးက နောက်ထပ် ၁၆ နှစ်ဆက်ပြီးအာဏာရယူထားဖို့ စီမံကိန်းချထားတယ်။ ဒါပေမယ့် သူ့ပြည်ထဲရေးဝန်ကြီး ဆာဂျီယို ဖာနန်ဒက်က 'နောက်ထပ် ၁၆ နှစ်ကအများဘူးလားဗျ။ အဲဒီ ၁၆ နှစ်ထဲမှာ ၈ နှစ်မြောက်ကျ လူထုဆန္ဒခံယူပွဲမလုပ်တော့ဘူးလား။ ဒါဆို နောက်ထပ် ၈ နှစ်ထပ်ပြီးအာဏာရနိုင်တာပေါ့။ လူထုဆန္ဒခံယူပွဲရဲ့ ကိုယ်စားလှယ်က ခင်ဗျားတစ်ယောက်ထဲပဲရှိ

မှာ'ဆိုပြီး ပိနိချေးကိုပြောပြတယ်။ စစ်ဦးစီးချုပ်လေးဦးပါတဲ့ စစ်အာဏာရှင်အုပ်စုကနေ ဒါကို အတည်ပြုလိုက်တယ်လို့ ပိနိချေးကပြောတယ်။ ဒါကြောင့် ရှစ်နှစ်အတွင်းမှာ ပိနိချေးကို သမ္မတလောင်းအနေနဲ့ခန့်အပ်ဖို့ စစ်အာဏာရှင်အုပ်စု သဘောတူကြတယ်။

၁၉၇၈ ခုနှစ်မှာ အခြေခံဥပဒေလေ့လာသုံးသပ်ရေးအဖွဲ့ဖြစ်တဲ့ Group 24 ကို ဖွဲ့ဖို့ အဲလွင်က အကူအညီပေးတယ်။ ပိနိချေးက အခြေခံဥပဒေသစ်ဆွဲမယ်လို့ပြောနေတဲ့ကာလမှာ G24 ကနေ သူတို့ရဲ့အခြေခံဥပဒေကိုဆွဲပြီးသွားပြီ။ ပိနိချေးက သူ့အခြေခံဥပဒေသစ်ကို ၁၉၈၀ အောက်တိုဘာမှာ လူထုဆန္ဒခံယူပွဲနဲ့ ဖွတ်အတည်ပြုတယ်။ ၁၉၈၄ ခုနှစ်မှာ ကျွန်တော်နဲ့ အဲလွင်နဲ့လူပုံအလယ်မှာ အခြေအတင်ဆွေးနွေးကြတယ်။ Konrad Adenauer Foundation ကပံ့ပိုးတဲ့ ခရစ်ယာန်ဒီမိုကရက်အဖွဲ့အစည်း Instituto Chileno de Estudios Humanísticos ဆိုတဲ့ နီးနှောဖလှယ်ပွဲကို ကျွန်တော်တို့သွားတက်ကြတယ်။ အဲလွင်က နောင်မှာပြင်ဆင်ဖို့ ပိနိချေးရဲ့အခြေခံဥပဒေကို ကျွန်တော်တို့လက်ခံရမှာပဲလို့ပြောတယ်။ အခြေခံဥပဒေက တရားမဝင်ပါဘူးဆိုတာကို သေတဲ့အထိပြောသွားရမှာပဲတဲ့။ ဥပဒေပေါ်ပေါက်လာတဲ့မူလအစကြောင့် တရားမဝင်ဘူးပေါ့။ အခြေခံဥပဒေကတရားဝင်ပါတယ်ဆိုပြီးပြော ကြတဲ့သူတွေ ရှိနေတာကို လည်း လက်ခံခဲ့တယ်လို့ပြောတယ်။ အခြေခံဥပဒေက တရားဝင်ပါတယ်လို့ ပိနိချေးက သူ့ကို မပြောခိုင်းထားဘူးတဲ့။ အခြေခံဥပဒေတရားဝင်တယ်လို့ ပိနိချေးမှာ ပြောရေးဆိုခွင့်ရှိတယ်တဲ့။ ပိနိချေးနဲ့သူ့ကြားမှာ စစ်တပ်အင်အားရှိတာနဲ့မရှိတာပဲကွာတယ်ဆိုပြီးပြောတယ်။ အခြေခံဥပဒေက တရားဝင်လား မဝင်လားဆိုတာကို အဲလွင်ကမဆွေးနွေးချင်ဘူး။ အဲဒါကိုဆွေးနွေးလို့ရှိရင် ကျွန်တော်တို့ကြားမှာ နားလည်မှုဘယ်တော့မှ ရမှာမဟုတ်ဘူးလို့ သူကအခိုင်အမာပြောတယ်။ ကာရာဘိုင်နီယို (ချီလီရဲတပ်ဖွဲ့) ကနေ အရှိန်လွန်မောင်းလို့ ဒဏ်ရိုက်တဲ့ဖြတ်ပိုင်းလာပေးရင် ပိနိချေးအခြေခံဥပဒေနဲ့စပြီး အရှိန်လွန်မောင်းရင် ဒဏ်ရိုက်တဲ့ဖြတ်ပိုင်းပေးပိုင်ခွင့်နဲ့ အဆုံးသတ်တဲ့ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အခင်းအကျင်းကို သူလိုက်နာနေတာပဲဆိုတာ နားလည်ပြီး သားလို့ အဲလွင်ကပြောတယ်။ ပိနိချေးအခြေခံဥပဒေက တကယ်ရှိနေတဲ့ အရှိတရား။ အသက်ဝင်နေပြီ။ ဒီတော့ ဒါဟာ (တရားဝင်မဟုတ်သော်လည်း) မူအရရှိနေတဲ့ အခြေအနေဆိုရင် အခြေခံဥပဒေကို တရားဝင်ကြောင်းသဘောတူစရာမလိုတော့ဘဲ ပြင်ဖို့ကြိုးစားလို့ရပြီပေါ့။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့သူ အကြီးအကျယ် သဘောထားကွဲလွဲကြတယ်။ ဒါပေမယ့် သူက ပိနိချေးရဲ့ အခြေခံဥပဒေဟာ တရားမဝင်ဘူးဆိုပြီး ဆန့်ကျင်နေသည့်တိုင် လက်ခံထားတယ်ဆိုတာချည့်ပဲပြောရော။ ပြီးတော့ ဒီဥပဒေဟာ အင်အားသုံးပြီးဖြစ်ပေါ်လာတဲ့ ဥပဒေဖြစ်တာကြောင့် ဒါကိုသူလိုက်နာရတယ်တဲ့။ ဒါကလက်ရှိ ရှိနေတဲ့အရှိတရားဆိုပြီး ပြောတယ်။

## လူထုစည်းရုံးလှုပ်ရှားမှု

လူထုစည်းရုံးလှုပ်ရှားမှုနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်ပြီး အာဏာရှင်စနစ် နိုဂုံးချုပ်အောင် လုပ်ခဲ့တဲ့ ကြိုးပမ်းမှုတွေ အများကြီးရှိခဲ့ပါတယ်။ လူထုစည်းရုံးလှုပ်ရှားမှုနဲ့ပတ်သက်ရင် ၁၉၈၃ ခုနှစ် မေမှာ ကြေးနီအလုပ်သမားအဖွဲ့ချုပ်ကနေလုပ်တဲ့ ပထမဆုံးဆန္ဒပြပွဲဖြစ်တယ်။ လူငယ်သမဂ္ဂခေါင်းဆောင် ရိုဒိုလ်ဖိုဆီဂယ်ကဦးဆောင်တာ။ ကျွန်တော်တို့တစ်သိုက် ဆန်တီယာဂိုမြို့လယ်က Carlos V တိုက်မှာတွေ့ကြတယ်။ အဲဒီတိုက်မှာ ခရစ်ယာန်ဒီမိုက ရက်ပါတီက ဥပဒေလုပ်ငန်းတစ်ခုမှာ ရုံးဖွင့်ထားတာ။ သူတို့ဆန္ဒပြရင်ပြလို့ရတယ်၊ ဒါပေမယ့် သူတို့ကလွဲပြီး တခြားဘယ်သူကမှ ဆန္ဒထွက်ပြကြမှာမဟုတ်ဘူးဆိုတာ ကြေးနီတွင်းအလုပ်သမားတွေကိုပြောပြရတယ်။ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ရဲ့ ခေါင်းဆောင်ပိုင်းမှာပါတဲ့ ကျွန်တော်တို့ဟာ ကြေးနီမိုင်းအလုပ်သမားခေါင်းဆောင်တွေနဲ့ ပိုပြီးသိမ်မွေ့တဲ့ဆန္ဒပြပွဲလုပ်တာ ပိုကောင်းတယ်လို့ သဘောပေါက်လာကြတယ်။ ဆန္ဒပြဖို့ဆော်သြတဲ့အထဲမှာ သတ်မှတ်ထားတဲ့နေ့ရောက်ရင် ကျွန်တော်တို့ရဲ့ သားသမီးတွေကို ကျောင်းကိုမပို့ဘူး။ အလုပ်သမားတွေက နေ့လယ်စာ ဆင်းမစားဘူး။ အလုပ်ကိုစိတ်မပျါတပါနဲ့လုပ်မယ်ဆိုပြီး ကြေညာလိုက်တယ်။ ဒီလိုဆန္ဒပြမယ့် အကြံကို အာဂျင်တီနားကနေရတယ်။ စိတ်မပါလက်မပါနဲ့ အလုပ်ဆက်လုပ်နေကြတာမျိုး။ အာဂျင်တီးနားမှာတော့ 'ဘောင်ထဲကအလုပ်လုပ်တယ်'လို့ ပြောကြတယ်။ ဥပမာ ခင်ဗျားက ဘဏ်မှာသွားပြီး ချက်လက်မှတ်နဲ့ငွေထုတ်တယ်ထားပါတော့။ အဲဒီချက်လက်မှတ်က အထင်ကရအဖွဲ့အစည်းကြီးတစ်ခုရဲ့ရန်ပုံငွေကနေထုတ်ရမှာ။ ဒီတော့ ဘဏ်က 'ရန်ပုံငွေလက်ကျန်ရှိမရှိသွားကြည့်လိုက်ဦးမယ်နော်' ဆိုပြီးခင်ဗျားကိုပြောမှာပဲ။ ပြီးရင် အဲဒီချက်လက်မှတ်ပေါ်ကလက်မှတ်ကို သံသယရှိကြောင်းပြောလိမ့်မယ်။ နောက် ၁၅ မိနစ်လောက်ကြာတော့ ခင်ဗျားချက်လက်မှတ်အတွက် ငွေထုတ်ပေးလိမ့်မယ်။ လူတိုင်းကိုဒါမျိုးသူတို့ကလုပ်မှာပဲ။ စိတ်ပျက်စရာ။

ဒီတော့ နောက်တစ်ယောက်က ညကျရင် အိုးတွေခွက်တွေတီးမယ်ဆိုတဲ့အကြံကိုပြောတယ်။ အရင်ကလက်ဝဲ နိုင်ငံရေးအုပ်စုဘက်ကိုပင်းတဲ့ အထက်တန်းလွှာရပ်ကွက်ကလူတွေက အဲဒီလိုသံပုံးတွေခေါက်ဖူးတယ်။ အာယွန်ဒဲအစိုးရလက်ထက်တုန်းက ကုန်ပစ္စည်းတွေပြတ်လတ်သွားလို့ဆိုပြီး သံပုံးတွေတီးကြတာ။ ၁၉၈၃ မေလ ည ၈ နာရီမှာ La Reina ရပ်ကွက်ဘက်ကလူလတ်တန်းစားတွေနေတဲ့ အဆောက်အအုံတွေမှာ နားအူသွားလောက်အောင် အိုးတွေခွက်တွေ တီးသံတွေနဲ့ ဆူညံသွားတယ်။ တော်တော်အံ့ဩဖို့ကောင်းတယ်။ ချီလီမှာ တစ်ခုခုတော့ဖြစ်ပြီဟော့ဆိုတဲ့ခံစားမှုဝင်လာတယ်။ ပီနိုချေးက သံချပ်ကာကားတွေ လမ်းပေါ်လွှတ်လိုက်တယ်။ ဆန္ဒပြပွဲကိုဦးဆောင်တဲ့သူတွေကို ထောင်ထဲထည့်လိုက်တယ်။ နောက်ထပ်လုပ်တဲ့ ဆန္ဒပြပွဲမှာ ပြည်သူတွေ လမ်းပေါ်ထွက်လာအောင် ဂါဘရီယဲ ဘာလဒက်စ်က ပိုစတာတွေရိုက်တယ်။ ပိုစတာတွေကိုတွေ့သွားပြီး ဂါဘရီယဲနဲ့တခြားသူတွေအဖမ်းခံလိုက်ရတယ်။

၁၉၈၅ ခုနှစ်မှာ ကျွန်တော်တို့လေးစားကြည်ညိုရတဲ့ ဘုန်းတော်ကြီး ရာဝူးလ်ဆာလီဘာ အန်းရိမျက်ကွယ်ပြုသွားတယ်။ သူ့နေရာမှာ ဘုန်းတော်ကြီးဖရက်စ်နိုကို ပုပ်ရဟန်းမင်းကြီးက ခန့်အပ်လိုက်တယ်။ အစိုးရနဲ့အတိုက် အခံကြား နိုင်ငံရေးရပ်တည်ချက် သိသိသာသာအစွန်း တစ်ဖက်စီဖြစ်နေတယ်ဆိုတာ ဘုန်းတော်ကြီးဖရက်စ်နိုက ရိပ်မိတယ်။ ဒီတော့ နိုင်ငံလုံးဆိုင်ရာ သဘောတူညီချက် (National Accord) ကိုလက်မှတ်ရေးဖို့ သူကအဆိုပြုတင်ပြလာတယ်။ အဲဒီသဘောတူညီချက်မှာ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့က လက်ဝဲနဲ့လက်ယာအုပ်စုကိုယ် စားလှယ်တွေကို ပေါင်းစည်းပေးဖို့ပါတယ်။ ခရစ်ယာန်လက်ဝဲပါတီအုပ်စုက လူအစ်မိုင်ယာပါဖို့ ဖိတ်ခေါ်လိုက်တယ်။ သူက MDP လက်ဝဲညီညွတ်ရေးအဖွဲ့မှာပါတယ်။ ပီနိုချေးအစိုးရထဲမှာပါတဲ့ လက်ယာအုပ်စုကိုယ်စားလှယ်တွေဖြစ်တဲ့ ဖာန်ဒိုလီနစ်ဇ်တို့ကိုလည်းဖိတ်ခေါ်လိုက်တယ်။ MDP ဟာ PC, PS Almeyda နဲ့ အခြားအုပ်စုတွေကိုဖွဲ့ထားတဲ့ နိုင်ငံရေးအဖွဲ့ပေါ့။ 'တိုက်ပွဲဝင်မှု ပုံသဏ္ဌာန်မှန်သမျှ'ကို လက်ခံတဲ့သူတွေပေါ့။

နိုင်ငံလုံးဆိုင်ရာသဘောတူညီချက်က ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ထက်ပိုပြီးကျယ်ပြန့်တဲ့ နိုင်ငံရေးအဖြေ ထုတ်ဖို့ကြိုးစားခြင်းပဲ။ ပီနိုချေးရဲ့အခြေခံဥပဒေမှာ ဘာကိုပြင်ရမလဲဆိုတာ ပထမဆုံးအကြိမ်စိတ်ဖြာသုံးသပ်ကြတာဆိုတာ့ ဒီသဘောတူညီချက်ကအရေးကြီးတယ်။ ဒီလို စိတ်ဖြာသုံးသပ်ကြတာ အဲဒီအခြေခံဥပဒေကို လက်ခံတယ်ဆိုတဲ့ သွယ်ဝိုက်အဓိပ္ပာယ်လည်း ထွက်တယ်။

ဘုရားကျောင်းတွေအများကြီးထဲမှာ အထူးသဖြင့် ကက်သိုလစ်ကျောင်းတော်က အရေး အကြီးဆုံးနေရာကနေပါခဲ့တယ်။ ဝတ်ပြုဆုတောင်းတဲ့နေရာတွေမှာ ကျွန်တော်တို့တွေ့ကြ တယ်။ ဘုရားကျောင်းတော်က အကာကွယ်ပဲ။ အမျိုးသမီးတွေက သိပ်ကိုအရေးပါတယ်။ 'ကျားမ တန်းတူညီမျှမှု' ဆိုတဲ့ကြွေးကြော်သံနဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်တွန်းလှန်ကြတဲ့ အထဲမှာ သူတို့ကတစ်တပ်တစ်အားပါပဲ။ 'မွေးရာပါလွတ်လပ်ခွင့်ဟာ လူဂုဏ်သိက္ခာပဲ' ဆိုတဲ့ အယူအဆကိုသူတို့က စွဲကိုင်တယ်။ အဲဒီအယူအဆက သိပ်မှန်တယ်။ သူတို့ရဲ့အယူအဆဟာ ထူးခြား အရေးပါတဲ့အင်အားတစ်ရပ်ပဲ။ လူထုလှုပ်ရှားမှုတွေဟာ အရေးကြီးတဲ့နေရာက ပါခဲ့ တယ်ဆိုတာ ငြင်းလို့မရဘူး။

၁၉၈၆ ခုနှစ်မှာ သမဂ္ဂခေါင်းဆောင်တွေနဲ့ ဆရာများအသင်းတို့၊ ဆေးဘက်ဆိုင်ရာအသင်း တို့လို အသက်မွေးဝမ်းကျောင်းကိုအခြေတည်ပြီးဖွဲ့ထားတဲ့အသင်းအဖွဲ့တွေကနေ (နိုင်ငံသား အစည်းအရုံး) Asamblea de la Civilidad ကိုဖွဲ့စည်းလိုက်တာသိပ်ကိုအရေးပါတယ်။ ဒီအ စည်းအရုံးမှာဆရာဝန်တွေပါလာတဲ့နောက်မှာ ပြင်းထန်လာတယ်။ ကုန်တင်ကားမောင်းတဲ့သူ တွေလည်းပါလာတယ်။ ဒီအစည်းအရုံးကို ဒေါက်တာ ယူအန်း လူအစ် ဂွန်ဇာလက်က ဖွဲ့ခဲ့တာ။ ဂွန်ဇာလက်က ဆေးပညာအသင်းဥက္ကဋ္ဌ။ ခရစ်ယာန်ဒီမိုကရက်ပါတီအဖွဲ့ဝင်။ လူတိုင်းဒီအစည်း အရုံးမှာပါဝင်ခဲ့ကြတယ်။

## မအောင်မြင်မှုများ

*၁၉၈၆ ခုနှစ်မှာ စစ်အာဏာရှင်စနစ် နိဂုံးချုပ်အောင်လုပ်ဖို့ ဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ကလည်း စီမံကိန်းတစ်ခု ဆွဲခဲ့တယ်။ ၁၉၈၆ ခုနှစ်ကို အဆုံးအဖြတ်ပေးမယ့်နှစ်ဆိုပြီး ပြောကြတယ်လေ။ အဲဒီနှစ်မှာဘာဖြစ်လဲ။*

လာဂို့စ်။ ။ အဲဒီနှစ် ၁၉၈၆ က တကယ့်အဆုံးအဖြတ်ပေးမယ့်နှစ်။ ဒါပေမယ့် ကျွန်တော်တို့ ထင်ထားသလိုဖြစ်လာတာတော့ မဟုတ်ဘူးပေါ့။ ကာရီဇယ်ကမ်းခြေဒေသမှာ ခိုးသွင်းလာတဲ့လက်နက်တွေဖမ်းမိလိုက်တာဟာ 'တိုက်ပွဲဝင်နည်း လမ်းမှန်သမျှ' (ဆိုလိုတာက အကြမ်းဖက်မှုသုံးတာ) ကိုသုံးပြီး ပိနိုချေးကိုဖြုတ်ချဖို့ ကြိုးစားနေတုန်းပဲဆိုတာကို ပြတယ်လေ။ အဲဒီလက်နက်တွေမိသွားတာ ကြမ်းကြုတ်ရက်စက်တဲ့ သက်ရောက်မှုဖြစ်လာခဲ့တယ်။ တကယ်တော့ မအောင်မြင်တဲ့ အဲဒီစစ်ဆင်ရေးက ပိုက်ဆံတွေအများကြီးသုံးပြီးလုပ်ခဲ့တာ။ ငါးဖမ်းလုပ်ငန်းတစ်ခုက သင်္ဘောနှစ်စင်း၊ မိုင်းတွင်းအဟောင်း တစ်ခုကိုသုံးဖို့ မိုင်းတွင်းလုပ်ငန်းတစ်ခုစသည်ဖြင့်လုပ်ငန်းတွေတည်ဖို့ ငွေကြေးထောက်ပံ့ခဲ့တာတွေအများကြီးရှိလိမ့်မယ်။ လက်နက်တွေက ဟိုးပင်လယ်ဘက်ကနေ သယ်လာတာပေါ့။ အဲဒီငါးဖမ်းလုပ်ငန်းနဲ့ မိုင်းတွင်းလုပ်ငန်းက မန်နေဂျာတွေနဲ့ တရားဝင်လုပ်ကိုင်နေကြတာပါ။ တဖြည်းဖြည်းနဲ့ သူတို့ဆီကနေ လက်နက်တွေ မိလာတယ်။ ဒီလိုဖမ်းမိဖို့ ပီရူးနိုင်ငံကနေ သတင်းရတယ်လို့ပြော တာပဲ။ ကျွန်တော်တို့သိရတာက ကာရီဇယ်ကမ်းခြေမှာ လက်နက်တွေဖမ်းမိတယ်။ အဲဒီလက်နက်တွေကို အရမ်းကြီးမားတဲ့ ပမာဏနဲ့ စစ်ဆင်ရေးတစ်ခုအသွင် တိုင်းပြည်ထဲကိုသယ်လာတယ်ဆိုတာပဲ။

အဲဒီလက်နက်တွေမိသွားတော့ မာနျူရယ်ဟိုဒရီဂေးရဲ့တပ်ဦးက သူ့ရဲ့အရန်ဆွဲထားတဲ့ အစီအစဉ်ဖြစ်တဲ့ ပိနိုချေးကို လုပ်ကြံဖို့စတယ်။ ၁၉၈၆ စက်တင်ဘာ ၇ ရက်မှာ သူ့ကိုလုပ်ကြံ တယ်။ ဒီတစ်ခါလည်း မအောင်မြင်ပြန်ဘူး။ သက်တော်စောင့်တွေအများကြီးသေသွားပေမယ့် ပိနိုချေးက လွတ်သွားတာကိုး။ လုပ်ကြံမှုကို အသေးစိတ်စီစဉ်ထားတာဖြစ်ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါ့အပြင် ကာရီဇယ်အရေးအခင်းကိုကြည့်မယ်ဆိုရင် ၁၉၈၆ ခုနှစ်ဟာ အဆုံးအဖြတ်ပေးတဲ့နှစ်အဖြစ် ကုန်ဆုံးသွားတယ်။ ဒါပေမယ့် အတိုက်အခံကိုက အသာစီးရသွားတဲ့နှစ်တော့ မဟုတ်ဘူး။ ကျွန်တော်လည်း တခြားသူတွေလိုပဲ ထောင်ထဲရောက်သွားတယ်။ ထောင်ကျသွားတဲ့သူတွေထဲမှာ PC နဲ့မဟာမိတ်အဖြစ်ဆက်ရှိနေတဲ့ ဆိုရှယ်လစ်ဂိုဏ်းက ယေမန်းကော်ရီယာပါတယ်။ လုပ်ကြံမှုကိုသိမသိသူကို မေးကြည့်တော့ သူမသိဘူးတဲ့။ ဒီတော့ ကျွန်တော်က သူ့လူတွေ သူ့ကိုမပြောပဲလုပ်တာတော့ မတရားဘူးလို့ပြောတာပေါ့။ သူ ဒေါသူပုန်ထသွားတာ ကျွန်တော်နားလည်ပါတယ်။ စက်တင်ဘာ ၇ ရက်နောက်ပိုင်းမှာ ချီလီ နိုင်ငံသားတွေအများကြီး ပိနိုချေးရဲ့လျှို့ဝှက်ရဲအဖွဲ့လက်ချက်နဲ့ သေးမြေကျခဲ့ရတယ်လေ။

ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့မှာ အထူးနိုင်ငံရေးကော်မတီကိုဖွဲ့လိုက်တယ်။ အဲဒီအဖွဲ့

မှာ ခရစ်ယာန် ဒီမိုကရက်နဲ့ ရာဒီကယ်ပါတီကလူတွေပါတယ်။ ဆိုရှယ်လစ်ပါတီကလူတွေ လည်းပါတယ်။ ကျွန်တော်တို့နဲ့ MDP နဲ့ တချို့လုပ်ငန်းတွေအတွက် တွေ့ဆုံဆွေးနွေးကြတယ်။ ဥပမာ ဖိနိပ်ဖို့အကြောင်းပြချက်ရသွားစေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေမပါဘဲ နောက်ထပ်ဆန္ဒ ပြပွဲဘယ်လိုလုပ်ကြမလဲဆိုတာမျိုးပေါ့။ ပြည်သူတွေမျက်နှာအောက်ချ ပြီးမနေရအောင်ဘယ်လို လုပ်ကြမလဲ၊ ကားတာယာတွေမီးရှို့တာမျိုးလုံးဝမရှိအောင်၊ လမ်းတွေပိတ်တာ၊ ဒါမှမဟုတ် တခြားအဟန့်အတားတွေမဖြစ်စေဖို့ ဆွေးနွေးကြတာပေါ့။

*၁၉၈၈ ခုနှစ်မှာ ပီနိချေးကိုနောက်ထပ်သက်တမ်းတစ်ခု အာဏာရယူခွင့်ပေးမပေးဆုံးဖြတ်* *မယ့် လူထုဆန္ဒခံယူပွဲကို နိုင်ငံရေးပါတီတွေဘယ်လိုဝင်လုပ်ရှားခဲ့ကြသလဲ။*

လာဂို့စ်။ ။ ပီနိချေးရဲ့နောက်သက်တမ်းအတွက် ၁၉၈၈ လူထုဆန္ဒခံယူပွဲ မဲဆန္ဒရှင် စာရင်းမှာပါဖို့ ရွေးကောက်ပွဲအာဏာပိုင်တွေဆီမှာ မှတ်ပုံတင်ရတယ်။ လူထုဆန္ဒခံယူပွဲကျင်းပ ဖို့ဆိုရင် စစ်တပ်အာဏာသိမ်းတုန်းက ဖျက်ဆီးခံလိုက်ရတဲ့ မဲဆန္ဒရှင်စာရင်းကိုအစားထိုးဖို့ မဲ ဆန္ဒရှင်မှတ်ပုံတင်ခြင်းထပ်လုပ်သင့်တယ်လို့ အခြေခံဥပဒေ ခုံရုံးကဆုံးဖြတ်လိုက်တာ သိပ်ကို အရေးကြီးတဲ့ဆုံးဖြတ်ချက်ပဲ။ ဒီဆုံးဖြတ်ချက်ကြောင့် မဲဆန္ဒရှင်တွေမှတ်ပုံတင် ဖို့လိုအပ်လာ တယ်။ နောက်တော့ လွတ်လပ်သောရွေးကောက်ပွဲများကျင်းပရေးကော်မရှင်၊ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပရေး လက်ဝဲအုပ်စုကော်မတီတွေဖွဲ့ကြတယ်။ ကျွန်တော်တို့ လက်ဝဲဒီမို ကရက်တွေကတော့ လွတ်လပ်သောရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှာ မပါကြဘူးဆိုတော့ လက်ဝဲအုပ်စုကော်မတီဖွဲ့ရတာပေါ့။ ကျွန်တော်တို့ထင်သာမြင်သာရှိအောင် အဖွဲ့ဖွဲ့ရတယ်။ လူထုဆန္ဒခံယူပွဲကိုထောက်ခံတဲ့ နိုင်ငံရေးအုပ်စုတွေရဲ့ မဟာမိတ်အဖွဲ့ကိုအားဖြည့်ပေးရတယ်။

## ညွှန်ပေါင်းအဖွဲ့တည်ဆောက်ခြင်း

လူထုဆန္ဒခံယူပွဲပြီးသွားတဲ့အခါကျမှ ပုဒ်မ ၈[1]ကိုဖျက်သိမ်းလိုက်တာကြောင့် ကျွန်တော်တို့ က ဆိုရှယ်လစ်ပါတီ အနေနဲ့ဆန္ဒခံယူပွဲမှာတော့ ဝင်မပါနိုင်ခဲ့ဘူး။ ဒီမိုကရေစီပါတီအဖြစ် မှတ်ပုံ တင်ခဲ့တယ်။ နောက်ဆုံးကျ ဒီမိုကရေစီပါတီဟာ စင်စစ်အသစ်ဖွဲ့လိုက်တဲ့ ဆိုရှယ်လစ်ပါတီဖြစ် လာတယ်။ ရာဒီကယ်ပါတီကထွက်လာတဲ့ အုပ်စုတစ်ခုရယ်၊ ရီပတ်ဗလီကန်လက်ယာအုပ်စုက လစ်ဘရယ်ပါတီဝင်အုပ်စုနဲ့ တခြားတစ်သီးပုဂ္ဂလတွေ ကျွန်တော်တို့ပါတီထဲမှာ ပါလာတယ်။ Almeydaပါတီကမှတ်ပုံမတင်ရသေးဘူးဆိုတော့အဲဒီအုပ်စုတွေကျွန်တော်တို့ပါတီကိုလာပေါင်း တာ။

1 ပီနိချေး၏ ၁၉၈၀ ပြည့်နှစ်အခြေခံဥပဒေ၏ ပုဒ်မ ၈ တွင်ပြဋ္ဌာန်းထားချက်အရ 'အမျိုးအနွယ်ကိုဆန့်ကျင်ခြင်း၊ အကြမ်း ဖက်မှုကို အားပေးခြင်း၊အကြွင်းမဲ့အာဏာရှင်စနစ်အယူအဆများကို အားပေးခြင်းပြုလုပ်သည့် နိုင်ငံရေးပါတီများသည် အခြေခံဥပဒေကို သွေဖည်ရာရောက်သည်'ဟုပြဋ္ဌာန်းထားရာ ထိုသို့လုပ်ဆောင်သည်ဟုဂင်းတို့ ယူဆသည့်ပါတီများသည် 'ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူနိုင်သည်'ဟု ပါရှိသည်။ ထိုပြဋ္ဌာန်းချက်အရ တရားစီရင်ရေးကိုကျော်လွန်ပြီး အစိုးရက ဖိနိပ် မှုပြုရန် အကြောင်းပြချက်ရသွားစေသည်။

ဆိုရှယ်လစ်ပါတီနဲ့အခြား လက်ဝဲနိုင်ငံရေးအုပ်စုတွေရဲ့ Almeyda ဂိုဏ်းကနေဖွဲ့လိုက်တဲ့ MDP က 'ပါတီမှတ်ပုံတင်ရင် သစ္စာဖောက်' ဆိုတဲ့ကြွေးကြော်သံကိုကိုင်စွဲလာတယ်။ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ကမရှိတော့ဘူး။ ဒါမှမဟုတ်ပျက်သွားပြီး သူ့နေရာမှာ Concertación က အစားဝင်လာတော့မှာ။ အဲဒီအဆင့်မှာ MDP ကနာမည် ပြောင်းလာတယ်။ ညီညွတ်သော လက်ဝဲအုပ်စုဆိုပြီး MDP ကိုနာမည်ပေးထားတယ်။ Almeyda ဆိုရှယ်လစ်အုပ်စုနဲ့ PC၊ တော်လှန်ရေးလက်ဝဲလူပ်ရှားမှုအဖွဲ့စတာတွေကို တွဲထားဖို့ကြိုးပမ်းတဲ့အနေနဲ့ နာမည်ပြောင်းလိုက်တာပဲ။ ၁၉၈၇ ခုနှစ် သြဂုတ်လ ၁၅ ရက်မှာ ပလက်ဖောင်းစျေးတစ်ခုကို အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် အာတူရို ဗာလန်ဇွေလာနဲ့အတူသွားခဲ့တာမှတ်မိသေးတယ်။ ပလက်ဖောင်းစျေးကိုသွားပြီးစျေးသည်တွေမဲပေးဖို့မှတ်ပုံတင်ကြပါဆိုပြီးသွားပြောကြတာ။ကျွန်တော်တို့နောက်မှာက 'မှတ်ပုံတင်ရင် သစ္စာဖောက်' လို့အော်နေကြတယ်။ PC ကလူတွေဗျ။ ဒီတော့ သူတို့ထဲက ကျွန်တော်သိတဲ့သူတစ်ယောက်ကို ကျွန်တော်တို့လုပ်နိုင်တာ လုပ်နေကြတာလို့သွားပြောလိုက်တယ်။ ကျွန်တော်တို့ကို မလုံ့ဆော်ကြပါနဲ့၊ ခင်ဗျားတို့နေရာယူချင်ရင် ဟောဟိုက ပလက်ဖောင်းမှာ နေရာယူကြပါလို့ပြောလိုက်တယ်။ ဒါနဲ့သူတို့ကနေ့လည်ကျရင် မှတ်ပုံတင်တာနဲ့ပတ်သက်ပြီး သူတို့လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေးနွေးရအောင်တဲ့။ ကျွန်တော်တို့ဘုရားကျောင်းထဲမှာတွေ့ကြတယ်။ ကွန်မြူနစ်ရဲဘော်တစ်ယောက်ကနေ မှတ်ပုံတင်တာဟာ ဘာကြောင့် သစ္စာဖောက်ဖြစ်ရသလဲဆိုတာကို ရှင်းပြတဲ့မိန့်ခွန်းကိုပြောတယ်။ ကျွန်တော်ပြောရမယ့် အလှည့်ရောက်တော့ ပီနိုချေးအာဏာဆက်ပြီးကိုင်ထားမယ့်လမ်းကြောင်းက ဘယ်လိုမျိုးဖြစ်လာမလဲဆိုတာသိကြရဲ့လားလို့ သူတို့ကိုမေးလိုက်တယ်။ အရင်တုန်းက အင်အားသုံးပြီး အာဏာကိုကိုင်ခဲ့တယ်။ အခု လူထုဆန္ဒခံယူပွဲကိုသူနိုင်အောင်လုပ်ရတော့မှာ။ ကျွန်တော်တို့မှာ မဲရုံစောင့်ကြည့်တဲ့သူတွေရှိရင် မဲပေးဖို့မှတ်ပုံတင်တဲ့ပြည်သူတွေရှိနေသမျှ ပီနိုချေး ရှုံးသွားအောင် လုပ်နိုင်မှာပဲ။

ကျွန်တော်တို့ဘယ်လိုတွက်ချက်ကြသလဲဆိုတော့ မဲပေးပိုင်ခွင့်ရှိတဲ့ ချီလီနိုင်ငံသားက ရှစ်သန်း၊ ပီနိုချေးရတဲ့မဲ ၄၀ ရာခိုင်နှုန်းမကျော်မှဖြစ်မယ်။ သူ့ကိုထောက်ခံတဲ့သူတွေအားလုံးက မဲပေးဖို့မှတ်ပုံတင်ကြမှာပဲ။ တကယ်တမ်းတော့ အားလုံးထက်ဦးအောင် မှတ်ပုံသွားတင်တာ ပီနိုချေးဗျ။ ဒါကြောင့် သူတို့က မဲ ၃ ဒသမ ၂ သန်းရသွားတယ်။ မဲပေးခွင့်ရှိသူ ရှစ်သန်းရဲ့ လေးဆယ်ရာခိုင်နှုန်းပေါ့။ ကျွန်တော်တို့အနိုင်ရဖို့ဆိုရင် ချီလီမှာ မဲပေးဖို့မှတ်ပုံ တင်တဲ့သူ ၇ သန်းထက်မနည်းရှိရမယ်။ တစ်ခါတုန်းက ရီကာဒို နျူနေးလူသိရှင်ကြားပြောခဲ့တာကို မှတ်မိသေးတယ်။ 'ဒီနေ့ ၇ သန်းမြောက်ပြည်သူက မဲပေးဖို့မှတ်ပုံတင်လိုက်ပြီဆို ပီနိုချေးကို အနိုင်ရတော့မှာပဲ။'တဲ့။ ဒါက သင်္ချာနည်းနဲ့တွက်တာပါ။ ဒါပေမယ့် သပိတ်မှောက်လိုက်ကြပြီး ပြည်သူတွေမှတ်ပုံလာမတင်ရင်တော့ ကျွန်တော်တို့ရှုံးသွားနိုင်တယ်။ ဒါနဲ့ ဒီမိုကရေစီပါတီ (PPD) က ပါတီမှတ်ပုံတင်လိုက်တယ်။ အစိုးရက ကလိုဒိုမီရို အယ်လ်မီဒါကို ချီလီချီကို မြို့ကနေ ဆန်တီယာဂိုကထောင်ကို ပြောင်းထားလိုက်ပြီး ပီနိုချေးရဲ့အခြေခံဥပဒေလာ ပုဒ်မ ၈ အရ တရားစွဲ

တယ်။ သူ့ကို ကာပူချီနိုအကျဉ်းထောင်မှာ ကျွန်တော်သွားတွေ့ပါတယ်။ သူနဲ့တွေ့တော့ 'မင်္ဂလာသတင်း ပြောရဦးမယ်။ MDP က ရွေးကောက်ပွဲဝင်ဖို့ မှတ်ပုံတင်တော့မယ်'လို့သူက ပြောတယ်။ အခုကျွန်တော်တို့ နိုင်ငံရေးပါတီထောင်မှရတော့မယ်လို့ပြောလိုက်တယ်။ PPD ကိုဖွဲ့မှရမယ်။ တကယ်လို့ ကျွန်တော်တို့ ပါတီမဖွဲ့နိုင်ရင် ရွေးကောက်ပွဲ တရားမျှတအောင်၊ မဲရေတွက်တာ တရားမျှတအောင် ဘယ်သူကလုပ်မှာလဲပေါ့။ ခရစ်ယာန် ဒီမိုကရက်တွေချည့် ပဲလုပ်ကြမှာလား။ ပါတီတွေကနေ မဲရုံစောင့်ကြည့်တဲ့သူတွေကိုခန့်ထားမှာပဲ။ မဲရုံတွေကို ခရစ်ယာန်ဒီမိုကရက်တွေက ချည့်စောင့်ကြည့်မှာမျိုးတော့ ကျွန်တော်မလိုလားဘူး။ ကျွန်တော် လည်း မဲတွေရေကြည့်ချင်တာပေါ့။ PPD မှာပါဖို့ အယ်လ်မီဒါကို ဘယ်လိုမှနားချလို့မရဘူး။ လက်ဝဲအုပ်စုမှာ Humanist ပါတီပြီးရင် PPD ပါတီပဲ မဲရေတွက်မယ့် မဲရုံစောင့်ကြည့်သူတွေ ရှိတာ။ လူထုဆန္ဒခံယူပွဲရှုံးသွားတော့ ၁၉၈၉ ခုနှစ်မှာ အစိုးရကနေ ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပပေးလိုက်ရတယ်။ အယ်လ်မီဒါနဲ့ လက်ဝဲနိုင်ငံရေးအုပ်စုက လက်ဝဲစွန်းဆိုရှယ်လစ်ပါတီ ကိုထောင်ပြီး ရွေးကောက်ပွဲမှာကိုယ်စားလှယ်လောင်းတွေ ဝင်ပြိုင်ဖို့လုပ်ကြတယ်။

ကျွန်တော်အဲဒီဖြစ်ရပ်ကို ကောင်းကောင်းမှတ်မိတယ်။ သမ္မတလောင်းအဖြစ် အဲလွင် ဝင်ပြိုင်တဲ့အခါ သမ္မတလောင်းသည်သာလျှင် ကိုယ်စားလှယ်လောင်းတွေနဲ့ မဲရုံစောင့်ကြည့် သူတွေကိုခန့်အပ်လို့ရတယ်ဆိုတာ ကျွန်တော်တို့သိလာရတယ်။ ဒီတော့ ကျွန်တော်တို့ပါတီက လူတွေကိုတာဝန်ယူမှုနဲ့ အခွင့်အာဏာကို လွှဲအပ်ပေးပါဆိုပြီး အဲလွင်ကိုပန်ကြားကြရတာပေါ့။ နောက်ဆုံး အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် မဲရုံ စောင့်ကြည့်သူတွေထားဖို့ တာဝန်နဲ့အခွင့်အာဏာကို ကျွန်တော်တို့ရသွားတယ်။

ဒီလို Concertación ညွှန့်ပေါင်းဖွဲ့နိုင်တာဟာ အချိန်အကြာကြီး အင်အားစုတွေ တစ်ခုပြီး တစ်ခုပေါင်းစုလာပြီး ကာမှုဖြစ်ပေါ်လာတဲ့ရလဒ်ဖြစ်ပြီး တစ်ထိုင်တည်းဆုံးဖြတ်ပြီးဖြစ်လာတာ မဟုတ်ဘူးဆိုတာကိုပြောချင်လို့ အခုလိုရှည်ရှည်ဝေးဝေးပြောရတာပါ။

## အတိုက်အခံတို့၏ ယုံကြည်မှုတည်ဆောက်ခြင်း

*အတိုက်အခံလှုပ်ရှားမှုဟာ အတူတကွအလုပ်လုပ်နိုင်ကြဖို့ အယုံအကြည်ကင်းမဲ့မှုနဲ့ အတွင်းစည်းနိုင်ငံရေး သဘောထားကွဲလွဲမှုကို ကျော်လွှားခဲ့ရတယ်။ ပီနိုချေးကိုနောက်ဆုံးမှာ အနိုင်ယူတဲ့လမ်းကြောင်းပေါ်ကို အတိုက်အခံကိုရောက်သွားစေတဲ့ အဓိကအခိုက်အတန့်နဲ့ ဆုံးဖြတ်ချက်တွေကဘာတွေများလဲ။*

လာဂို့စ်။ ။ပထမဆုံးက ခရစ်ယာန်ဒီမိုကရက်ပါတီနဲ့ ဆိုရှယ်လစ်ပါတီကို ပူးပေါင်း ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာပဲ။ ခရစ်ယာန်ဒီမိုကရက်တွေဆိုတာ ၁၉۷၃ ခုနှစ်မှာ စစ်တပ်ကအာဏာသိမ်းဖို့ စစ်တန်းလျားကို တံခါးသွားခေါက်တဲ့သူတွေဆိုပြီး ကျွန်တော်တို့က မြင်ထားတဲ့သူတွေ။ တကယ်အာဏာသိမ်းဖြစ်အောင်သူတို့လုပ်ခဲ့တယ်လို့ ပြောတာမဟုတ်ဘူး

နော်။ ဒါပေမယ့် ပြည်သူ့ညီညွတ်ရေးညွှန့်ပေါင်းမှာပါတဲ့သူတွေက ခရစ်ယာန်ဒီမိုကရက်တွေဟာ စစ်အာဏာသိမ်းတာကိုလိုလားတဲ့သူတွေ အကူအညီပေးခဲ့သူတွေဆိုပြီး ယူဆထားကြတယ်။ ဒီလိုယူဆထားတာက ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်ဖို့ အတားအဆီးဖြစ်နေတာပေါ့။ ဒီမိုကရေစီရည်မှန်းချက်တွေအောင်မြင်ဖို့ နက်ရှိုင်းတဲ့အယုံအကြည်ကင်းမဲ့မှုတွေကို ကျော်လွှားမှရမယ်။ ကျွန်တော်တို့ ကျော်လွှားနိုင်ခဲ့တယ်။

## အာဏာရှင်စနစ်ကိုပူးသတ်ခြင်း

*လူထုဆန္ဒခံယူပွဲမှာ ကျွန်တော်တို့ပါမလား မပါဘူးလား၊ ပြီးရင်နောက်ဆက်တွဲဖြစ်လာမယ့် ပီနိုချေးရဲ့ အခြေခံဥပဒေကိုလက်ခံမလား လက်မခံဘူးလား။ နောက်ဆုံးမှာ တပါတည်းမသမာမှုတွေကို အဖြစ်ခံမလားဆိုတာတွေက ဒုတိယအရေးကိစ္စ။ ရွေးကောက်ပွဲမှာပါမယ်ဆိုတာကို ၁၉၈၆ နဲ့ ၁၉၈၇ ခုနှစ် အစောပိုင်းမှာ ချမှတ်ခဲ့တယ်။ အဲဒီနှစ်တွေမှာ စစ်အစိုးရကို နိုဂုံးချုပ်အောင်လုပ်ဖို့တခြားနည်းနဲ့ကြိုးစားတွေ မအောင်မြင်ခဲ့ဘူး။ မဲဆန္ဒခံယူပွဲက အလွန်နီးကပ်နေပြီဆိုတာ ပြည်သူတွေသိလိုက်ရတဲ့အချိန်မှာ ဆုံးဖြတ်ချက်ချခဲ့ရတာပါ။*

၁၉၈၇ ဖေဖော်ဝါရီမှာ [ဆိုရှယ်လစ်ပါတီခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့] ကလိုဒိုမီရိ အယ်မေဒါ ချီလီကိုပြန်ရောက်လာတယ်။ ပါတာဂိုနီးယားပြည်နယ်က အရမ်းခေါင်တဲ့ ချီလီချီကို မြို့လေးမှာ သူ့ဆီကို ကျွန်တော့်ယောက်ဖနဲ့အတူသွားပြီး ရွေးကောက်ပွဲအတွက် ဆိုရှယ်လစ်ပါတီက မှတ်ပုံတင်ဖို့လိုတယ်လို့သွားပြောကြတယ်။ ကျွန်တော်တို့ သန်းခေါင်ယံမှာ ဘယ်လ်မာဆီဒါကိုရောက်တယ်။ ကျွန်တော်တို့စီးလာတဲ့ အဝေးပြေးကားက ရဲကင်းတစ်ခုကိုရောက်တော့ ကျွန်တော်တို့ကို ကားပေါ်ကဆင်းခိုင်းတယ်။ အဲဒီလိုရဲကင်းတွေမှာ ရဲကမေးတာမြန်းတာ၊ ရှာဖွေတာတွေလုပ်တတ်တယ်။ ကျွန်တော်တို့ကို ဆန်တီယာဂိုမြို့တော်ကို ပြန်ပို့မလားဆိုတာ ကျွန်တော်တို့လည်းမပြောတတ်ဘူး။ အဲဒီတုန်းက တစ်နေရာကတစ်နေရာ လွတ်လွတ်လပ်လပ်သွားခွင့်မရှိဘူးလေ။

ပီနိုချေးရဲ့ မဲဆန္ဒရှင်စာရင်းနဲ့ ရွေးကောက်ပွဲဝင်ဖို့ မှတ်ပုံတင်မယ်ဆိုပြီးဆုံးဖြတ်တာဟာ အရေးကြီးဆုံးဖြတ်ချက်ပဲ။ လူထုဆန္ဒခံယူပွဲမှာ ရှုံးသွားလို့ဆိုပြီး ပီနိုချေးကငြိမ်နေမှာပဲလို့ ဘယ်သူကများတွေးမှာလဲ။ အခြေအနေတွေ ပိုကောင်းလာအောင် အယ်လမီဒါ ပါဝင်ဆောင်ရွက်သင့်တယ်လို့ကျွန်တော်နားလည်ထားတယ်။ သူသာချီလီကို အောက်လမ်းကနေလာတာ ဆိုရင် သူဘာလုပ်မှာလဲ။ ပြည်နှင်ဒဏ်မခံရအောင် တရားရုံးမှာရင်ဆိုင်ရမှာပဲ။ ဒီလို ရင်ဆိုင်မယ်ဆိုရင် အာဏာရှင်စနစ်ရဲ့ အင်စတီကျူးရှင်းဖွဲ့စည်းတည်ဆောက်ပုံ မူဘောင်ကို တကယ်တော့ သူ လက်ခံလိုက်တာပဲဗျ။ အဲဒီအင်စတီကျူးရှင်းဖွဲ့စည်းတည်ဆောက်ပုံမူဘောင်အရဆိုရင် သူ့ကိုသတ်ပစ်ကြမှာတော့မဟုတ်ဘူးလို့အယ်မီဒါကတွေးထားတယ်။ တကယ်တမ်းကျတော့လည်း သူ့ကိုအကျဉ်းချလိုက်ပြီး ဆန်တီယာဂိုနဲ့ ကီလိုမီတာ ၁၄၀၀ ဝေးတဲ့နေရာကိုပို့လိုက်ပြီး သူ့ကို

ဘာလုပ်ကြရင်ကောင်းမလဲတွေးနေကြတယ်။ အယ်လ်မီဒါက ဆိုရှယ်လစ်ပါတီရဲ့ အများသိခေါင်းဆောင်ဖြစ်ပေမယ့် ပီနိုချေးရဲ့အခြေခံဥပဒေအရ ဆိုရှယ်လစ်တွေကို တရားမဝင်ဘူးကြေညာထားတယ်။ ဒီတော့ အယ်လ်မီဒါကိုဘာလုပ်ပစ်ရမလဲ အစိုးရကဆုံးဖြတ်ရတော့မယ်။ အလွယ်ဆုံးက ပြည်တွင်းမှာပဲ နယ်နှင်ထားဖို့။ သူနဲ့တွေ့ချင်တဲ့သူသွားတွေ့ပြီး စကားပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုအဲဒီမြို့လေးထဲမှာပဲ လှုပ်ရှားသွားလာခွင့်ပေးထားတာကိုး။ ဒါပေမယ့် မြို့ကနေတော့ ထွက်သွားလို့မရဘူးဗျ။ ရွေးကောက်ပွဲမှာ အယ်လ်မီဒါဂိုဏ်းက မှတ်ပုံတင်တာ၊ သူတို့ဂိုဏ်းကိုထောက်ခံမှုရဖို့ဆိုတာ အရေးကြီးတယ်။ အဲဒီ လိုမှတ်ပုံတင်မယ်ဆိုတဲ့ကတိတော့ ကျွန်တော်တို့သွားတဲ့ ခရီးမှာမရခဲ့ဘူး။ 'ပါတီထဲမှာ အဲဒီဆုံးဖြတ်ချက်ချဖို့ ကျွန်တော်အချိန်ထပ်လိုချင်သေးတယ်'တဲ့။

## ညွှန့်ပေါင်းဖွဲ့စည်းခြင်း

ဒုတိယဆုံးဖြတ်ချက်ရလဒ်ဖြစ်တဲ့ တတိယဆုံးဖြတ်ချက်ကတော့ PPD ပါတီထောင်ဖို့ပါ။ ၁၉၈၇ ခုနှစ်မှာ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီထဲမှာ ပါတီခေါင်းဆောင်နေရာအတွက် ပဏာမရွေးကောက်ပွဲလုပ်တော့ ပါထရီဆီယို အဲလွင်နိုင်သွားတယ်။ အဲလွင်က အရေးကြီးတဲ့ကတိနှစ်ခုပေးတယ်။ ပထမဆုံးပေးတဲ့ကတိက ဆိုရှယ်လစ်တွေမပါဘဲ ညွှန့်ပေါင်းအဖွဲ့ငယ်တစ်ခုဖွဲ့မယ်ဆိုတာပဲ။ အဲဒါက (ခရစ်ယာန်ဒီမိုကရက်ပါတီက ခေါင်းဆောင်တစ်ဦးဖြစ်သူ) အဒိုလ်ဖိုဇယ်ဒီဘာရဲ့တောင်းဆိုမှုပါ။ ဆိုရှယ်လစ်တွေမပါဘူးဆိုမှ အဲလွင်ကိုသူကထောက်ခံမယ်လို့ အဒိုလ်ဖိုကပြောထားတာလေ။ ဒုတိယကတိက ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ မှတ်ပုံတင်မယ်ဆိုတာပဲ။ အဲဒီအခြေအနေနှစ်ခုကိုကျွန်တော်သိလိုက်ရတော့ အဲလွင်နဲ့စကားသွားပြောရတယ်။ 'ခင်ဗျား ညွှန့်ပေါင်းအဖွဲ့ငယ်လေးဖွဲ့လို့ကတော့ ခင်ဗျားက အဒိုလ်ဖို ဆွာရက်၊ ကျွန်တော်က ဗီလစ်ဝွန်ဇာလက်ဖြစ်သွားမယ်'လို့ကျွန်တော် သူ့ကိုပြောလိုက်တယ်။ ကျွန်တော်အဲဒီလိုပြောလိုက်တာအကြောင်းရှိတယ်။ တစ်ခါတုန်းက အစည်းအဝေးပြီးလို့ ပြန်ခါနီး ဂါဘရီယဲဘာလ်ဒက်စ်က ကျွန်တော့်ကို ' ကျွန်တော်ကတော့ အဒိုလ်ဖို ဆွာရက်ဇိုအဖြစ်ခံမှာမဟုတ်ဘူး၊ ဒါဆိုခင်ဗျားက ဗီလစ်ဝွန်ဇာလက်လုပ်လို့ရပြီပေါ့ဗျာ၊ ခက်ခဲတဲ့အစီအမံတွေအများကြီး ရေးဆွဲကြရာမှာကိုတော့ ကာ အစိုးရအဖွဲ့ထဲကိုကျွန်တော်တို့ တူတူသွားကြတာပေါ့' လို့ပြောဖူးတယ်။ [ထိုစဉ်က ဝွန်ဇာလက်သည် စပိန်သမ္မတဖြစ်ပြီး၊ ဆွာရက်သည် အာဏာရှင်ဖရန်ကိုခေတ်အလွန် ပထမဆုံးဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၈၁ ခုနှစ်တွင် နှုတ်ထွက်သွားခဲ့သည်။ သူနှုတ်ထွက်သွားသဖြင့် စပိန်ပါလီမာန်က လီယိုပိုဒိုလ်၊ ကာဂို၊ ဆိုတီ လိုကို ရွေးကောက်ပွဲများကျင်းပမည့် ၁၉၈၂ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရန် ရွေးချယ်ခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ဝွန်ဇာလက်၏ပါတီ PSOE က မဲအများအသာဖြင့် အနိုင်ရရှိခဲ့သည်။]

ဒါကြောင့် အဲလွင်ကို ညွှန့်ပေါင်းအဖွဲ့လေးမဖွဲ့ဖို့ ကျွန်တော် မကန့်ကွက်ခဲ့ပေမယ့် သူ့ပါတီ

မှတ်ပုံတင်တာနဲ့ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့တယ်။ သို့သော် ကျွန်တော်က မှတ်ပုံတင်တာကို လက်ခံမှာမဟုတ်ဘူးလို့ သူ့ကိုပြောခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပီနိုချေးရဲ့အခြေခံဥပဒေက ဆိုရှယ်လစ်ပါတီကို ပိတ်ပင်ထားကတည်းက ပါတီကိုမှတ်ပုံတင်လို့မရဘူးလေ။ သူ့ပါတီမှတ်ပုံတင်တော့မယ်လို့ အဲလွင်ကပြောတော့ ရာဒီကယ်ပါတီက အန်းရိ ဆီလ်ဘာကို သူတို့ပါတီရော မှတ်ပုံတင်မလားသွားမေးကြည့်တယ်။ သူက 'ခရစ်ယာန်ဒီမိုကရက်တွေ မှတ်ပုံတင်မယ်ဆို သူလည်းမှတ်ပုံတင်မယ်'တဲ့။ ဒါကြောင့် ချီလီက ဒီမိုကရက်တစ်စိတ်ထားရှိတဲ့ပြည်သူတွေကို ဆိုရှယ်လစ်ပါတီနဲ့ တည်ငြိတည်ကြည်ရှိကြပါလို့ ကျွန်တော်တောင်းဆိုခဲ့တယ်။ အဲဒီကာလမှာ ကျွန်တော်တို့ အားလုံးကိုကိုယ်စားပြုပြီး PPD ဆိုတဲ့ပါတီထီးရိပ်အောက်ဝင်ကြရအောင်လို့ ကျွန်တော်အဆိုပြုခဲ့တယ်။ ဒါကြောင့် PPD ကိုမှတ်ပုံတင်ဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်။ ၁၉၈၇ ခုနှစ် ဇန်နဝါရီမှာ El Mercurio သတင်းစာနဲ့ အင်တာဗျူးမှာ ပါတီအားလုံးကိုစုစည်းပေးမယ့် ပါတီကြီးတစ်ခုဖြစ်တဲ့ PPD ကိုတော့ဖွဲ့စည်းဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့တယ်။ PPD ပါတီကို မှတ်ပုံတင်တော့မှာမို့ အဲဒီအယူအဆကိုပြောတာ။ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရဖို့ ခရစ်ယာန်ဒီမိုကရက်ပါတီကို မှတ်ပုံတင်မယ်လို့ အဲလွင်ကပြောတယ်။ ပြီးတော့ ပုဒ်မ ၈ ကိုမဖျက်သိမ်းသရွေ့ ပါတီမှတ်ပုံတင်မှာ မဟုတ်ဘူးဆိုတာစိတ်ချပါလို့ အဲလွင်က ကျွန်တော့်ကိုပြောတယ်။ ပုဒ်မ ၈ ကိုဖျက်လိုက်ရင်တော့ ကျွန်တော်တို့အားလုံး မှတ်ပုံတင်လို့ရပြီပေါ့။ မဖျက်ရင်တော့ ပါတီတစ်ခုတည်း ပေါင်းလိုက်လို့ရတယ်လေ။

## စစ်တပ်ကိုအရပ်ဘက်ထိန်းချုပ်မှုအောက်ထားခြင်း

*အသွင်ကူးပြောင်းမှုမှာ ယခင်အာဏာရှင်ဟောင်းက ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ နောက်ထပ် ရှစ်နှစ်ဆက်ရှိနေတာမျိုးက ချီလီမှာပဲရှိတယ်။ ဒီလိုဆက်ရှိနေတာက လူ့အခွင့်အရေး ချိုးဖောက်မှုတွေဖြေရှင်းဖို့နဲ့ စစ်တပ်ကိုစစ်တန်းလျားပြန်ခိုင်းဖို့ အတားအဆီးပဲ။ စစ်တပ်ကို ကိုင်တွယ်ရာမှာ ခင်ဗျားရဲ့အတွေ့အကြုံကနေ ဘာသင်ခန်းစာများရမလဲ။*

လာဂို့စ်။ ။စစ်တပ်နဲ့ပတ်သက်တဲ့မူဝါဒတွေကို ရှင်းလင်းတဲ့အခြေခံမူတွေမှာ အခြေခံရရမယ်။ အဲဒီအခြေခံမူတွေကတော့ ၁- စစ်တပ်နဲ့လက်နက်ကိုင်တပ်တွေဟာ သမ္မတနိုင်ငံရဲ့ ထာဝရတည်သော အဆောက်အအုံတွေဖြစ်တယ်။ ဒါကြောင့် ရွေးကောက်တင်မြှောက်ခံ အာဏာပိုင်တွေရဲ့ အပြည့်အဝထောက်ခံအားပေးမှုကို သမ္မတ နိုင်ငံရဲ့အဆောက်အအုံများ အဖြစ်ရရှိမှာဖြစ်တယ်။

၂- ခုနပြောခဲ့တဲ့မူအရ စစ်တပ်နဲ့လက်နက်ကိုင်တပ်ဖွဲ့တွေဟာ အင်အားကိုသူတို့ကသာ သုံးစွဲနိုင်တာကြောင့် ဘယ်အချိန်မှာ၊ ဘယ်လိုနည်းနဲ့ စစ်အင်အားကို အသုံးပြုမယ်ဆိုတာကို အရပ်ဘက်အုပ်ချုပ်ရေးလောကထဲမှာသာ ဆုံးဖြတ်ရမှာဖြစ်တယ်။

၃- အတို့အလှည့်အနေနဲ့ အရပ်ဘက်အုပ်ချုပ်ရေးလောကဟာ အင်အားအသုံးပြုမှုကို

စစ်တပ်တစ်ခုတည်းက လုပ်ပိုင်ခွင့်ပေးထားရမယ်။ တိုင်းပြည်ကို ပြည်ပရန်ကနေကာကွယ်တဲ့ စစ်တပ်ရဲ့အလုပ်ကိုလုပ်နိုင်စေရန်အလို့ငှာ နည်းပညာနဲ့ ဘဏ္ဍာရေးလိုအပ်ချက်တွေကို ပြည့်မီစေဖို့ အာမခံပေးထားရမယ်။

၄-အာဏာရှင်အုပ်ချုပ်ရေးရှိစဉ်က စစ်တပ်ကရရှိထားတဲ့ အခြားသောအားသာချက်သို့မဟုတ် အကျိုးခံစားခွင့်တွေကို ရပ်တန့်စေရမယ်။ ချီလီသမ္မတနိုင်ငံရဲ့အဆောက်အအုံများ အားလုံးကို တိုင်းပြည်တစ်ခုလုံးကပိုင်တယ်။ အာဏာရှင်က စစ်တပ်ကိုပေးထားတဲ့ အထူးခံစားခွင့်တွေကို အဆုံးသတ်စေရမယ်။

၅-ပိုပြီးအရေးကြီးတာကတော့ စစ်တပ်မှာလက်နက်တွေပိုင်ဆိုင်တာကြောင့် တပ်ဟာနိုင်ငံရေးမှာ မပါဝင်အပ်ဘူး။ နိုင်ငံရေးမှာပါဝင်ဖို့ဆန္ဒရှိတဲ့သူတစ်ယောက်ဆိုရင် ယူနီဖောင်းချွတ်ပါ၊ လက်နက်မပါဘဲ အရပ်သားလိုဝတ်ပြီး တီဗွီကင်မရာတွေရှေ့ကိုသွားပါ။ ဘယ်သူကမှန်သလဲဆိုတာကိုမြင်ရဖို့ အခြေအတင်ဆွေးနွေးပါ။

ဒါတွေကတော့ တာထွက်ပြီဆိုကတည်းက လိုက်နာရမယ့် အခြေခံမူတွေပဲ။ အခုတော့ အဲဒီမူတွေကိုပြောရတာလွယ်လိုက်တာ။ ဒါပေမယ့် အဲဒီမူတွေကို ကျွန်တော်တို့နိုင်ငံရေးပါတီတွေရဲ့ ဗဟိုကော်မတီတွေကို သဘောပေါက်အောင်တော်တော်ကိုပြောယူရတယ်ဗျာ။ လူအခွင့်အရေးချိုးဖောက်မှုတွေမှာ ပါဝင်ပတ်သက်လို့ဆိုပြီး တချို့စစ်အရာရှိတွေကို အပြစ်ပေးစေချင်တဲ့ သူတွေအများကြီးရှိနေတဲ့အချိန်မှာ အဲဒီမူတွေသဘောပေါက်အောင်ပြောရတာ မလွယ်ပါဘူး။

၁၉၉၀ ပြည့်နှစ်မှာ ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ပီနိုချေးယူလိုက်တော့ သူ့ရာထူးသက်တမ်းက အကန့်အသတ်ရှိတယ်လို့သိထားကြတယ်။ အရင်တုန်းကဆို ရေတပ်နဲ့လေတပ်စစ်ဦးစီးချုပ်တွေကို ပီနိုချေးကခန့်တာဆိုတော့ ပီနိုချေးကအမိန့်တွေပေးတာပေါ့။ ကျွန်တော်သမ္မတဖြစ်လာတဲ့အချိန်မှာ ပီနိုချေးက လန်ဒန်ကနေပြန်ရောက်နေပြီ။ သူ့ကိုလန်ဒန်မှာ ဖမ်းမိတာလေ။ လူအခွင့်အရေးချိုးဖောက်မှုတွေနဲ့ သူ့ကိုချီလီမှာရုံးတင်စစ်ဆေးတယ်။ ကျွန်တော်သမ္မတရာထူးလက်ခံပြီး သီတင်းပတ်နဲ့နဲ့အကြာတစ်နေ့မှာ စစ်ဦးစီးချုပ်လေးယောက်စလုံးက ပီနိုချေးနဲ့တစ်စည်းတစ်လုံးနည်းရှိကြောင်းပြတဲ့အနေနဲ့ ဆန်တီယာဂိုမြို့လယ်က စားသောက်ဆိုင်တစ်ခုမှာ လူအများရှေ့မှာပဲ နေ့လည်စာသုံးဆောင်ကြတယ်။ ကျွန်တော်လည်း ဒေါ်သမ္ဘန်သွားတာပေါ့။ ဒါပေမယ့် သမ္မတတစ်ယောက်အနေနဲ့ သူတို့ကိုရာထူးကဖယ်ရှားဖို့ အခွင့်အာဏာကျွန်တော့်မှာမရှိဘူးဗျ။ ဒါကြောင့် ကျွန်တော် ပထမဆုံးမေးရတာက အဲဒီနေ့လည်စာစားပွဲမှာ အားလုံးအတွက် ဘယ်သူကငွေရှင်းတာလဲဆိုတာပဲ။ ငွေရှင်းတာ ကာရာဘင်နီရို(ချီလီအမျိုးသားရဲတပ်ဖွဲ့)ရဲချုပ်တဲ့။ ကျွန်တော်ရဲချုပ်ဆီဖုန်းဆက်တော့လည်း ငွေရှင်းတာသူပါလို့ ပြောတယ်။ နောက်တော့ ရဲချုပ်ရယ် ကျန်တဲ့စစ်ဦးစီးချုပ်သုံးယောက်ရယ်ကို တစ်ယောက်ချင်းစီခေါ်တွေ့ပြီး - 'အိမ်ဖြူတော်ကို စစ်ဦးစီးချုပ်တွေအားလုံးသွားကြတာတွေ့ဖူးလား။ ဒါမှမဟုတ်

နော်ဝေးဝန်ကြီးချုပ်ကို စစ်ဦးစီးချုပ်သုံးယောက်က သွားတွေ့တာမျိုး သို့မဟုတ် နယ်သာလန်မဟုတ်ရင်လည်း ဘယ်ဒီမိုကရေစီနိုင်မှာများ စစ်ဦးစီးချုပ်တွေက သူတို့သဘောနဲ့သူတို့ သွားတွေ့တာမြင်ဖူးလား ။ ဒီနေ့လည်စာစားပွဲနဲ့ ကမ္ဘာ့ပေါ်မှာ ချီလီရဲ့ရပ်တည်ချက်ကို ခင်ဗျားတို့ခြိမ်းခြောက်လိုက်တာပဲ။ ဒီလိုအချိုးမျိုးကျွန်တော် ဘယ်တော့မှလက်မခံဘူး။ နောက်တစ်ခေါက်ကျရင်တော့ခင်ဗျားတို့အားလုံးရာထူးကနေနုတ်ထွက်ဖို့ဟောဒီသမ္မတနန်းတော်လေသာဆောင်ကနေ ကျွန်တော်တောင်းဆိုရလိမ့်မယ်။ အဲဒီကျရင် ဘယ်သူ့မှာ ရာဇသံရှိလဲဆိုတာသိရမယ်။ နောက်ပြီး အခွင့်ရတုန်း ပြောလိုက်ဦးမယ်။ အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးကို ခင်ဗျားတို့သဘောနဲ့ခင်ဗျားတို့ ခေါ်တဲ့နေ့၊ အဲဒီနေ့ကျရင် ခင်ဗျားတို့တွေ့ဖို့နေရာတော့ရှာရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတဖြစ်တဲ့ကျွန်တော်က အဲဒီအစည်းအဝေးကိုတက်မှာမဟုတ်ဘူးဆိုတော့ သမ္မတနန်းတော်မှာတော့ လာလုပ်လို့မရတော့ဘူး။ ကျွန်တော်တက်မှာမဟုတ်ဘူး' လို့ပြောချလိုက်တယ်။အဲဒီလိုအပြန်အလှန်ပြောဆိုကြပြီးနောက်ပိုင်း ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် တဖြည်းဖြည်းနားလည်လာကြတယ်။ နောက်တော့ စစ်ဦးစီးချုပ်တစ်ယောက်ကို သူ့ရဲ့ လူအခွင့်အရေးဆိုင်ရာမှတ်တမ်းကြောင့် နုတ်ထွက်ခိုင်းဖို့ဆုံးဖြတ်ခဲ့ရတယ်။ သူက ကျွန်တော့်ကို စိန်မခေါ်ပါဘူး။ ကျွန်တော့်မှာလည်း သူ့ကိုရာထူးကဖယ်ရှားဖို့ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ အခွင့်အာဏာမရှိပါဘူး။ 'ကျွန်တော့်ကိုရာထူးက နုတ်ထွက်ခိုင်းလို့မရဘူး'ဆိုပြီးတော့လည်း ကျွန်တော့်ကိုမပြောပါဘူး။ အခြေအနေက ပြောင်းသွားပြီလေ။ ဒါပေမယ့် ကြာလာတော့ နုတ်ထွက်ခိုင်းတာကဖြစ်လာတယ်။ နောက်ဆုံး စစ်ဦးစီးချုပ်တွေဟာ သူတို့ရဲ့လေးနှစ်သက်တမ်းမှာ သမ္မတကရာထူးကဖယ်ရှားခွင့်မရှိဘူးဆိုတဲ့ အခြေခံဥပဒေပြဋ္ဌာန်းချက်ကို ဖျက်သိမ်းဖို့ ၂၀၀၅ ခုနှစ်မှာ လက်ယာအုပ်စုအတိုက်အခံက မဲပေးခဲ့တယ်။ ဒါပေမယ့် ဒီပြဋ္ဌာန်းချက်ဟာ လက်တွေ့မှာ အတိတ်ကာလကအရာပဲဆိုတာ အားလုံးကသိနေကြပါပြီ။

## တရားမျှတမှုနှင့်ပြန်လည်သင့်မြတ်ရေး

*ယခင်စစ်အာဏာရှင်က ကြည်းတပ်စစ်ဦးစီးချုပ်အဖြစ် နောက်ထပ်ရှစ်နှစ်ဆက်ပြီးရှိနေပေမယ့် အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုမှာ ချီလီကဖြစ်ပေါ်တိုးတက်မှုအရှိဆုံးလုပ်နိုင်ခဲ့တာကို ဘယ်လိုများရှင်းပြလို့ရနိုင်မလဲ။*

လာဂို့။ ။လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုထည့်တွက်ပြီး အသွင်ကူးပြောင်းမှုမှာ တရားမျှတမှုရအောင် လုပ်ပုံလုပ်နည်းကို အမိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ဖို့ အရေးကြီးပါတယ်။ အမှန်တရားနဲ့ တရားမျှတမှုကိုရရှိအောင် ကြိုးပမ်းတာဟာ လက်စားချေတာမဟုတ်ဘူးလို့စစ်တပ်ကို တစ်ချိန်တည်းမှာ နိုင်ငံသားတွေကို ဘယ်လိုရှင်းပြမလဲ။ 'ချိုးဖောက်မှုကိုကျွန်တော်တို့ဝန်ခံလိုက်တာကြောင့်' ဒါကိုဆက်ပြီး ရင်ထဲမှာသိမ်းဆည်းထားစရာမလိုတော့ဘူးလား။' လက်စားချေလိုတဲ့ဆန္ဒမရှိဘူးဆိုတာကို စစ်တပ်ကိုပြောပြရမယ်။ ဒါပေမယ့် အဲဒါကိုဘယ်တော့မှပြန်ပြီးမတွေ့ကြုံရဖို့တော့ သေချာရမယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်ခဲ့တယ်ဆိုတာကို

မငြင်းပဲနေကြပါစို့။ [တရားမျှတမှု နဲ့ ပြန်လည်သင့်မြတ်ရေး] လုပ်ငန်းစဉ်ဟာ ပီနိုချေးရဲ့အခြေခံ ဥပဒေကိုနောက်ဆုံးမှာ ပြုပြင်ပြောင်းလဲလိုက်တဲ့ လူထုဆန္ဒခံယူပွဲကို ကျင်းပနိုင်စေခဲ့တယ်။ ဒီ လုပ်ငန်းစဉ်ဟာ တစ်ခါတစ်ရံ နေးကွေးသွားပေမယ့် ပုံမှန်နှုန်းထားနဲ့ ဆက်လက်တိုးတက် ဖြစ်ထွန်းခဲ့ပါတယ်။

ဖရိုင်းဟာ Mesa de Diálogo သို့မဟုတ် ဒိုင်ယာလော့စားပွဲဝိုင်း(၁၉၉၉-၂၀၀၁)ဆိုတဲ့ အောင်မြင်တဲ့ နည်းလမ်းကိုသုံးခဲ့တယ်။ အဲဒီစားပွဲဝိုင်းက လေးပွင့်ဆိုင်လူတွေပါတယ်။ ကြည်း တပ်က အဆင့်အမြင့်ဆုံးလုပ်ပိုင်ခွင့်အာဏာကို ကိုယ်စားပြုတဲ့ ဗိုလ်ချုပ်ကြီးတွေကတစ်ဘက်၊ သူတို့နဲ့မျက်နှာချင်းဆိုင်မှာ လူ့အခွင့်အရေးရှေ့နေတွေ၊ နောက်တော့ ဘုရားကျောင်းတော်နဲ့ အခြား တိုင်းပြည်ရဲ့ကျင့်ဝတ်ရေးရာအဆောက်အအုံတွေ၊ နောက်ဆုံးကတော့ ချီလီက နိုင်ငံရေး လောကကို ကိုယ်စားပြုတဲ့အဖွဲ့တစ်ဖွဲ့ဆိုပြီး လေးပွင့်ဆိုင်ပေါ့။ နိုင်ငံရေးအမြင်မျှတ တဲ့အုပ်စု၊ လက်ယာ၊ လက်ဝဲအုပ်စုအသီးသီးကနေ သူတို့ပါတီတွေကနေ စားပွဲဝိုင်းကိုသွားဖို့ ခန့်အပ်တာ မဟုတ်ဘဲ၊ သမ္မတကခန့်အပ်တဲ့သူတွေပါမယ်။ အဲဒီလူတွေပါတဲ့စားပွဲဝိုင်းမှာ ဒိုင်ယာလော့စမယ်။ ဒိုင်ယာလော့ စားပွဲဝိုင်းကို သင်္ကေတဆန်ဆန်အပြုအမူနဲ့စတယ်။ ဖခင်ဖြစ်သူပျောက်ဆုံးသွား ခဲ့တဲ့ ရှေ့နေပါမီလာ ပီရေးယာဆီ ကြည်းတပ်ဗိုလ်ချုပ်ကြီးကရောက်လာပြီး လက်ဆွဲနှုတ်ဆက် မယ်။ ပီရေးယာက သူ့လက်ကိုကမ်းမပေးဘူး။ အဲဒီလိုလက်ကမ်းမပေးဘဲ 'ဗိုလ်ချုပ်ကြီး ဒိုင်ယာလော့ပြီးရင် ကျွန်မ ရှင့်ကိုလက်ဆွဲနှတ်ဆက်ပဲ့မယ်'လို့ ပြောလိုက်တယ်။ တစ်နည်းပြော ရရင် ဒီဒိုင်ယာလော့အစည်းအဝေးက ခိုင်မာတဲ့အရာတစ်ခုကို သဘောတူဆုံး ဖြတ်ပေးလိုက်တဲ့ နောက်မှာ နှုတ်ဆက်မယ်ပေါ့။ အစည်းအဝေးမပြီးခင်မဟုတ်ဘူးနော်။ နောက်ဆုံးမှာ တကယ်ပဲ သူတို့လက်ဆွဲနှုတ်ဆက်ကြတယ်။ အဲဒီ Mesa de Diálogo ကိုကျွန်တော်ဆက်လုပ်ခဲ့တယ်။ ကျွန်တော့်အစိုးရလက်ထက်မှာ အဲဒီဒိုင်ယာလော့စားပွဲ ဝိုင်းအပြီးသတ်ခဲ့တယ်။ စစ်ဘက်အရာရှိ တွေက စားပွဲဝိုင်းမှာဝင်ထိုင်နေတဲ့သဘောက သူတို့ဟာ တာဝန်တစ်ချို့တော့ ယူရတယ်ဆိုတဲ့ သဘောပဲ။ ဒါကိုနားလည်အောင်လုပ်ဖို့ အချိန်ယူခဲ့ရတယ်။ အမျိုးသမီးတွေဆိုရင် အဲဒီစားပွဲဝိုင်း ကို ပျောက်ဆုံးသွားတဲ့ ဆွေမျိုးသားချင်းတွေဓာတ်ပုံကိုကိုင်ပြီး သွားကြမှာပဲ။

နာမည်ကြီး လက်တင်အမေရိကန် နိုင်ငံရေးကျွမ်းကျင်သူ မွားဆေးနာအင်က ကျွန်တော့် ကို မေးဖူးတယ်။ 'ခင်ဗျားရဲ့အစိုးရလက်ထက်မှာ အခက်ခဲဆုံးချတဲ့ ဆုံးဖြတ်ချက်ကဘာလဲ'တဲ့။ နိုင်ငံရေးဆိုင်ရာ အကျဉ်းကျခံမှုနဲ့ ညှင်းပမ်းနှိပ်စက်မှုတွေကိုအစီရင်ခံစာတစ်ခုထုတ်ဖို့ဆုံးဖြတ် ချက်က အခက်ခဲဆုံးပါပဲ။ ဒီအစီရင်ခံစာကိုထုတ်ပြန်လိုက်တာဟာ အတိတ်ကိုတူးဆွတာနဲ့ လူ့ အခွင့်အရေးချိုးဖောက်မှုတွေအကြောင်း ထုတ်ပြန်လိုက်ခြင်းရဲ့ ကြိုးမမြင်နိုင်တဲ့ အကျိုးဆက် တွေကိုစတင်လိုက်တာကြောင့်ပါ။ ကျွန်တော်တို့ ရွေးကောက်ပွဲအဆက်ဆက်နိုင်လာတာ ၁၃ နှစ်ကြာခဲ့ပြီ။ အမှန်တရားနဲ့ပြန်လည်သင့်မြတ်ရေးအမျိုးသားကော်မရှင်ကို အဲလွင်တည်ထောင်ခဲ့ တာ ၁၁ နှစ် ရှိကြာခဲ့ပြီ။ အဲဒီကော်မရှင်ဟာ နိုင်ငံရေးနဲ့ဆက်နွယ်ပြီးသေဆုံးမှုတွေ၊ ပျောက်ဆုံး

သွားတာတွေကို စုံစမ်းစစ်ဆေးပြီး ၁၉၉၁ ခုနှစ်မှာ 'ရစ်တစ်အစီရင်ခံစာ'ကိုထုတ်ပြန်ခဲ့တယ်။ အဲဒီကော်မရှင်ဟာ နောင်အခါ မင်ဒဲလားအတွက်နမူနာယူစရာ အစီရင်ခံစာဖြစ်လာတယ်။ ဒါပေမယ့် ထောင်ထဲမှာဖြတ်သန်းခဲ့ရတာတွေကို ဘယ်သူကမှ အသိအမှတ်မပြုကြဘူးလို့ အကျဉ်းကျခဲ့တဲ့သူတွေက တင်ပြပြောဆိုလာကြတယ်။ ဒါကြောင့် သူတို့အတွက် အစီရင်ခံစာ တောင်းဆိုကြတဲ့အခါ သူတို့က ပြစ်ဒဏ်ကျခံရသူတွေလိုဖြစ်နေတယ်။ သူတို့ဟာ နိုင်ငံရေး ယုံကြည်ချက်ကြောင့် ထောင်ကျခဲ့ရတဲ့သူတွေပါဆိုတာကို ရှင်းပြဖို့လိုလာတယ်။ ဒါနဲ့ ဘားလက်ရှ် ကော်မရှင် [2] ကိုဖွဲ့ဖို့ ဆုံးဖြတ်လိုက်ရတော့တယ်။ ဒါတွေဟာ ခက်ခဲတဲ့ဆုံးဖြတ်ချက် တွေပါ။ နိုင်ငံရေးအရအကျဉ်းချမှုနဲ့ နိုပ်စက်ညှင်းပမ်းမှုနဲ့ပတ်သက်တဲ့အစီရင်ခံစာရဲ့ အပြီးသတ် ကောက်ချက်တွေကို တိုင်းပြည်ကိုကြေညာပေးခဲ့တယ်။ အဲဒီအစီရင်ခံစာမှာ ချီလီအမျိုးသား၊ အမျိုးသမီး ၂၉၀၀၀ ကျော်ဟာ ညှင်းပမ်းနိုပ်စက်ခံခဲ့ရကြောင်းအသိအမှတ်ပြု ဖော်ပြထားပြီး၊ သူတို့ဖမ်းဆီးခံခဲ့ရတဲ့နေရာတွေ၊ ညှင်းပမ်းနိုပ်စက်တဲ့နည်းတွေကိုလည်း အတိအလင်းဖော်ပြခဲ့ ပါတယ်။ အဲဒီအစီရင်ခံစာကိုဖတ်ရတာ ငရဲကိုသွားရတဲ့အတိုင်းပဲ။ အဲလွင်ရဲ့ ရစ်တစ်အစီရင်ခံစာ နဲ့မတူတာက ဒီအစီရင်ခံစာကိုကျတော့ စစ်တပ်ကမေးခွန်းမထုတ်တာပဲ။ သူတို့ကအစီရင်ခံစာ ကိုလက်ခံနိုင်သွားကြပြီ။ စစ်အစိုးရလက်ထက်မှာ ဖြစ်ခဲ့တာတွေအတွက် ခွင့်လွှတ်မှုရရှိဖို့ကြိုး ပမ်းလာကြတယ်။

*လွတ်လပ်မှုပြန်ရတဲ့အခါတိုင်းမှာ လူမှုရေးတောင်းဆိုမှုတွေ မြင့်တက်လာတတ်တယ်။ ဒါပေမယ့် အဲဒီတောင်းဆိုမှုတွေဟာ အသွင်ကူးပြောင်းမှုရဲ့ ကနဦးနိုင်ငံရေးဆောင်ရွက်ချက် တွေကို ရှုပ်ထွေးပွေလီသွားစေနိုင်တယ်။ ချီလီနိုင်ငံသားတွေရဲ့ လူမှုရေးလှုပ်ရှားမှုတွေဟာ ဘယ်လောက်တာဝန်ယူမှုရှိလဲ။ နိုင်ငံရေးအပြောင်းအလဲရှေ့ဆက်ဖို့ မျှော်လင့်ချက်တွေကို တစုံတရာထိန်းသိမ်း ကန့်သတ်ပေးခဲ့တာမျိုးရှိသလား။*

လာဂိုစ်။ ။အသွင်ကူးပြောင်းမှုအကြောင်းကိုအများကြီးပြောပြနိုင်တဲ့ ကိုယ်တွေ့ဇာတ် လမ်း တစ်ခုခင်ဗျားကိုပြောပြမယ်။ ကျွန်တော်ပညာရေးဝန်ကြီးဘဝတုန်းက တစ်နေ့မှာ အတွင်း ဝန်လုပ်သူက ချီလီနိုင်ငံတောင်ပိုင်းဗယ်လ်ဒီဘီ ယာနားကဒေသတစ်ခုကနေ လက်ရေးနဲ့စာ တစ်စောင် ကျွန်တော့်ဆီရောက်လာတယ်လို့ပြောတယ်။ စာရေးသူအမျိုးသမီးက ကျွန်တော်မဲ ဆွယ်စည်းရုံးမှုတွေလုပ်တုန်းက သူနေတဲ့မြို့နားကဖြတ်သွားဖူးတယ်တဲ့။ ပြီးတော့ သူမရဲ့ ပြဿနာကိုရှင်းပြတယ်။ 'ကျွန်မတို့ဟာ ကိုယ့်ဆွေမျိုးတွေကို စစ်အာဏာရှင်တွေကသတ်ပြီး မြှုပ်ထားတဲ့ နေရာကိုသိကြတဲ့ ဒေသခံအမျိုးသမီးအစုအဖွဲ့တစ်ခုပါ။ အခုတရားသူကြီးရှေ့ မှောက်ကိုသွားပြီး သူ့ကိုအလောင်းတွေပြန်ဖော်ပေးဖို့တောင်းဆိုမယ်။ ဘာဖြစ်လို့လဲဆိုတော့

2 ဘားလက်ရှ်ကော်မရှင်ဟုခေါ်သည့် နိုင်ငံရေးအကျဉ်းကျခံရမှုနဲ့ ညှင်းပမ်းနှိပ်စက်မှုဆိုင်ရာ အမျိုးသားကော်မရှင်တွင် ကက်သိုလစ်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဆာဂျီယို ဘားလက်ရှ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ၎င်းသည် ပီနိုချေးအစိုးရ လက်ထက်တွင် လုပ်ဆောင်ခဲ့သည့်ဘုန်းတော်ကြီး၏ ညီညွတ်ရေးအလုပ်စခန်း (Vicariate of Solidarity) အဖွဲ့အစည်းကို ကြီးကြပ်ဖွဲ့စည်းခဲ့သည်။

သူတို့ကို ခရစ်ယာန်ဘာသာဝင်ထုံးစံအတိုင်း မီးသင်္ဂြိုဟ်ချင်လို့ပါ။ ကျွန်မတို့ထဲကတစ်ချို့က ဒါမျိုးမလုပ်စေချင်ကြသေးဘူး။ စောလွန်းသေးတယ်တဲ့။ စစ်တပ်က ဒေါ်သူပုန်ထပြီး နောက်တစ်ခေါက် အာဏာသိမ်းတဲ့အခါကျ ကျွန်မတို့ကိုထပ်ပြီးမြေလှန်နေမှာစိုးလို့ပါ။ ကျွန်မတို့ထဲက တစ်ချို့ကတော့ အခုဒီမိုကရေစီခေတ်မှာနေနေရပြီ။ အလောင်းတွေတူးလို့ရတယ်ပေါ့။ ကျွန်မတို့ စောင့်နေခဲ့ရတာ ၁၇ နှစ်နီးပါးရှိပါပြီ။ ကျွန်မတို့ချင်းသဘောတူညီချက်မရတာကြောင့်ပါ။ တိုင်းပြည်မှာဖြစ်ပျက် နေတာတွေအားလုံးက အခြေအနေကောင်းရဲ့လားဆိုတာ ကျွန်မတို့ မသိလို့ ဝန်ကြီးဆီက အကြံဉာဏ်တောင်းဖို့ဆုံးဖြတ်ခဲ့တာပါ။ ဝန်ကြီးပြောတဲ့အတိုင်း လိုက်လုပ်မှာပါ'လို့ရေးထားတာ။ အဲဒီစာကြောင့် ကျွန်တော့်မှာဖြေဆည်လို့တောင်မရဘူး။ တော်တော်ခံစားရပါတယ်။ ဒီစာက အပြောင်းအလဲအများကြီးကိုဖြစ်စေတယ်။

စာကို အဲလွင်ဆီကျွန်တော်ယူသွားတော့ သူဘာလုပ်ရမလဲလို့မေးတယ်။ တရားသူကြီးရှေ့မှောက်ကိုသွားလို့ သူတို့တစ်တွေကိုပြောရမှာပေါ့လို့ဖြေလိုက်တယ်။ အဲလွင်ကခေါင်းညိတ်တယ်။ ကျွန်တော့်ရုံးအဖွဲ့မှူးကို သူတို့ဆီအကျိုးအကြောင်း သွားပြောခိုင်းလိုက်တယ်။ နောက်တော့ အဲဒီအမျိုးသမီးတွေ တရားသူကြီးဆီသွားကြပါတယ်။ တရားသူကြီးက အလောင်းတွေပြန်ဖော်ဖို့အမိန့်ချလိုက်တယ်။ သူတို့တွေတူးဖော်လိုက်တော့ အရိုးတွေနဲ့ ကြယ်သီးလေးတွေတွေ့တယ်။ စစ်တပ်ကရုပ်အလောင်းတွေကို သယ်ထုတ်သွားပြီးပြီ။ ဒီဥပမာကို ကြည့်ရင် ဒီအမျိုးသမီးတွေက ခင်ဗျားထင်ထားသလို လစာတိုးပေးဖို့တောင်းဆိုတာမဟုတ်ဘူး။ အခြေခံလူ့အခွင့်အရေးနဲ့ နိုင်ငံရေးဆိုင်ရာအခွင့်အရေးတွေတောင်းဆိုကြတာပါ။ အဲဒီအခွင့်အရေးတွေက အင်မတန်တန်ခိုး ဩဇာကြီးတယ်။ ချီလီနိုင်ငံသားတွေရဲ့ ကြောက်ရွံ့မှုနဲ့ တာဝန်ယူမှုအမိပ္ပာယ်နှစ်ခုစလုံးကို ဥပမာပေးတဲ့အနေနဲ့ ဒီဇာတ်လမ်းလေးကိုပြောပြတာပါ။

## အတိတ်ကာလကိုကြောက်ရွံ့ခြင်း

ကျွန်တော် အထက်လွှတ်တော်ကိုယ်စားလှယ်ဝင်ပြိုင်တာရှုံးတော့မှာပဲလို့ ကျွန်တော် သဘောပေါက်သွားတဲ့ အချိန်ကိုသိလား။ ကျွန်တော်ပြောခဲ့သလိုပဲ ၁၉၈၉ ခုနှစ်မှာ ကျွန်တော့်ကိုထောက်ခံမှုတွေ အများကြီးရထားပေမယ့် သမ္မတလောင်းဝင်မပြိုင်ဘူးလို့ပြောခဲ့တယ်။ အဲဒီအချိန်မှာ ဒီနေ့ခေတ်လို ကွင်းဆင်းလေ့လာမှုတွေက မတိကျသေးဘူး။ ဒါပေမယ့် ကျွန်တော် သမ္မတလောင်းဖြစ်လာရင် နောက်ထပ်အာဏာသိမ်းလောက်တယ်လို့ သိနေတယ်။ ဆန်တီယာဂိုမြို့တော်နားက ဟူချူရာဘာဆင်းရဲသားရပ်ကွက်မှာရောက်နေတုန်း ကျွန်တော်ရှုံးမှာပဲ ဆိုတာသဘောပေါက်သွားတယ်။ ကျွန်တော်က လူပေါင်း ၂၀၀၀၀ ကျော်လောက်ကို ရေပက်မဝင်အောင်မိန့်ခွန်းပြောနေတာ။ ပရိသတ်ထဲမှာ အမယ်အိုကြီးတစ်ယောက်ဗျာ။ ကျွန်တော့်ကိုကြည့်နေတာများ ဘုရားသခင်ရဲ့နှုတ်ခမတ်တော်တွေနာယူနေတဲ့အတိုင်းပဲ။ ကျွန်တော်ပြန်တော့မယ်လုပ်တော့ စတိတ်စင်နားကို အဲဒီအမယ်အိုကြီးကပ်လာတယ်။ စတိတ်စင်ကနဲနဲမြင့်တယ်။ သူကျွန်တော့်ဆီလှမ်းမမီဘူးဆိုတာသိလို့ စင်အောက်ကိုခုန်ဆင်းလိုက်တယ်။ လူတွေ

ရဲ့သွားတယ်။ ကျွန်တော်က အမယ်အိုကြီးဆီသွားပြီးဖက်လိုက်တော့ သူကကြည်နူးသွားပြီး "ကျွန်မရှင့်ကိုယုံတယ်။ ရှင့်ကိုမဲထည့်မယ်၊ ကျွန်မက အာယွန်ဒဲကိုထောက်ခံခဲ့တဲ့သူပါ။ ဒါပေမယ့် ကျွန်မ ဇာလ်ဒီ ဗာကိုမဲထည့်ခဲ့တယ်။ တကယ့်လို့ရှင်တို့အရွေးခံရရင် စစ်တပ်ကပြန်လာပြီး ကျွန်မကိုယ်ကျိုးနည်းရဦးမှာပဲလို့ ထင်ခဲ့လို့ပါ"လို့ပြောတယ်။ ကျွန်တော်ဘာပြန်ပြောရမှန်းတောင်မသိလို့ နောက်နေ့ကျရင် အဲဒီအမယ်အိုကြီးနဲ့ တစ်ယောက်ကိုစကားသွားပြောခိုင်းလိုက်တယ်။ စစ်သားတွေနဲ့ဘာဖြစ်ခဲ့တယ်ဆိုတာကို အမယ်အိုကြီးက ကျွန်တော်လွှတ်လိုက်တဲ့ အမျိုးသမီးကိုပြောပြတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်ရှုံးနိုင်တယ်လို့တွေးလိုက်မိတာပဲ။ အဲဒါ အကြောက်တရားပဲ။ ကျွန်တော့်ကိုသူကထောက်ခံသည့်တိုင် ကျွန်တော်ရော ကျွန်တော့်ပြိုင် ဘက်ဇာလ်ဒီဘာ ရော ပီနိုချေး ကိုဆန့်ကျင်နေသမျှ စစ်တပ်ပြန်မလာအောင်ဆိုပြီး တခြားတစ်ယောက်ကို သူမဲထည့်သင့်တယ် ဆိုပြီးတွေးတာ။ ဒါက ပြည်သူတွေရဲ့ရင့်ကျက်မှုစကားပြောတာပဲ။ အဲဒီရင့်ကျက်မှုမျိုးဟာ အသွင်ကူးပြောင်းမှုကို ချောမွေ့စေတယ်။

*အခုထက်ထိ စစ်တပ်နဲ့ဆက်ဆံရေးကို ကျွန်တော်တို့ဆွေးနွေးခဲ့ပြီးပါပြီ။ ပီနိုချေးကို ထောက်ခံတဲ့ အရပ်သားနိုင်ငံ ရေးလက်ယာအုပ်စုရဲ့အခန်းကဏ္ဍကဘာများလဲ။*

လာဂို့စ်။ ။ ချီလီမှာ စစ်တပ်က ခွင့်လွှတ်ခံရဖို့ကြိုးပမ်းတယ်။ သို့သော် လက်ယာနိုင်ငံရေးအုပ်စုက ခွင့်လွှတ်ခြင်းကိုဘယ်တော့မှမတောင်းဘူး။ လက်ယာနိုင်ငံရေးအုပ်စုကလူအများစုက တောင်းဆိုမှုရှိလို့အာဏာသိမ်းခဲ့ရတာဖြစ်လို့ လူ့အခွင့်အရေးချိုးဖောက်မှုကို (တကူးတကပြောနေစရာမလိုဘူး) ဖြေရှင်းပြီးသားပဲလို့ မရမကပြောနေတုန်းပဲ။ ဒီလိုပြောတာက အယုံအကြည်ကင်းမဲ့ရခြင်းရဲ့အကြောင်းအချက်တစ်ခုဖြစ်နေဆဲပဲ။ပြန်လည်သင့်မြတ်ရေးနဲ့ ကျယ်ပြန့်တဲ့ သဘောတူညီချက်တွေအတွက် အတားအဆီးတစ်ခုပဲ။

## ရွေးကောက်ပွဲစနစ်

*ချီလီရဲ့အသွင်ကူးပြောင်းမှုမှာ ၁၉၉၈ခုနှစ် လူထုဆန္ဒခံယူပွဲပြီးတဲ့နောက် ၁၉၈၀ အခြေခံဥပဒေကိုပြင်ဆင်ဖို့ အရေးကြီးတဲ့အခွင့်အရေးရခဲ့တယ်။ ဒါပေမယ့် ပြောင်းလဲခဲ့တာတွေက မပြောပလောက်ဘူး။ အာဏာရှင်ခြေကုပ်ယူစရာတွေ အများကြီးကျန်နေခဲ့တယ်။ အဲဒီတုန်းက ဘာဖြစ်ခဲ့လဲ။ ဒီနေ့ခေတ်ကနေ ခင်ဗျားဘယ်လို အကဲဖြတ်ကြည့်မလဲ။*

လာဂို့စ်။ ။ အသွင်ကူးပြောင်းမှုမှာ အုပ်စုတိုင်းက သူတို့လိုချင်တဲ့အရာမှန်သမျှကို တောင်းဆိုလို့မရဘူးဆိုတာ နားလည်ထားရမယ်။ အဲဒါအသွင်ကူးပြောင်းမှုပဲ။ တွေးပုံခေါ်ပုံမတူတဲ့သူတွေရှုံးနိမ့်သွားရင်တောင် သူတို့နဲ့ ပြောဆိုဆွေးနွေးရတယ်။ တူညီတဲ့ရည်ရွယ်ချက်တွေ အများကြီးအတွက် အလုပ်လုပ်ရတယ်။ လူထုဆန္ဒခံယူပွဲ ကိုနိုင်အောင်လုပ်ရတယ်။အစိုးရနဲ့စေ့စပ်ညှိနှိုင်းရတယ်။ ပုဒ်မ ၈ ကိုဖျက်သိမ်းဖို့လုပ်တာ စသဖြင့်ပေါ့။

ပိနိုချေးရဲ့အခြေခံဥပဒေက မဲဆန္ဒနယ်တစ်ခုမှာ ကိုယ်စားလှယ်နှစ်ဦးကျရွေးကောက်တင်မြှောက်တဲ့ ရွေးကောက်ပွဲစနစ်ကို ပြဋ္ဌာန်းခဲ့တယ်။ ဒီစနစ်ဟာ လက်ယာနိုင်ငံရေးအုပ်စုအတွက် သူတို့ရဲ့ရပ်တည်မှုမှာ အဓိကကျတယ်လို့တွေ့ရှိခဲ့တယ်။ အကြောင်းကတော့ ဒီစနစ်ဟာ နိုင်ငံရေးမတိုးသာမဆုတ်သာအခြေအနေကို ရောက်သွားစေတယ်။ ခင်ဗျားက မဲ ၆၀ ရာခိုင်နှုန်းရတယ်။ ကျွန်တော်က ၄၀ ရာခိုင်နှုန်းရမယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးပူးတွဲအရွေးခံရမယ်။ ခင်ဗျားကရွေးတာကတခြား၊ ကျွန်တော်ရွေးတဲ့သူကတစ်ခြား။ ကိုယ်စားလှယ်နှစ်ဦးကျ ရွေးကောက်ပွဲစနစ်ဟာ ညွှန့်ပေါင်းအဖွဲ့တွေမှာလည်း ကြီးမားတဲ့သက်ရောက်မှုဖြစ်လာစေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ညွှန့်ပေါင်းထဲက အသေးအဖွဲအပြောင်းအလဲလေးတွေက ခရစ်ယာန်ဒီမိုကရက်တွေချည့်ပဲ ရွေးကောက်ခံရပြီ PPD က အကုန်ရှုံးသွားတာမျိုးဖြစ်စေတယ်။ ဒါမှမဟုတ်ရင် PPD ကအများကြီးနိုင်ပြီး ခရစ်ယာန်ဒီမိုကရက်ကနိုင်တာ တစ်ယောက်စ နှစ်ယောက်စပဲရှိတာမျိုးလည်း ဖြစ်သွားတတ်တယ်။ ဥပဒေပြုရေးမဲခွဲဆုံးဖြတ်မှုတွေမှာ လိုအပ်တဲ့ သတ်မှတ်ထားသော ထောက်ခံမဲလိုအပ်ချက်ကမြင့်မားတာ (ဒါခုထိရှိနေတုန်းပဲ) အပြင် ဒီသက်ရောက်မှုဟာ လက်တွေ့မှာ (လက်ယာ) အတိုက်အခံညွှန့်ပေါင်းအဖွဲ့ကို ငြင်းပယ်ခွင့်တစ်ချက်လွှတ်အာဏာကျင့်သုံးနိုင်စွမ်း ပေးလိုက်တယ်။ နှစ် ၂၀ ကြာတဲ့အခါ အဲဒီတစ်ချက်လွှတ်အာဏာကိုမလိုတော့ဘူး။ တစ်ချက်လွှတ်အာဏာသုံးလို့ရတဲ့ လက်ယာအုပ်စုနိုင်ငံရေးအသိုင်းအဝိုင်းထဲမှာ နှစ်၂၀ ကြာ ရွေးကောက်ပွဲမှာနိုင်ပြီး ကျွန်တော်တို့အုပ်ချုပ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြောင်းလဲချင်တာတွေအတွက် အများစုမဲမရခဲ့ဘူး။ ကျွန်တော်တို့က အများစု ထောက်ခံမဲရအောင်လုပ်လို့မှမရပဲကိုး။ ဒါမှမဟုတ် ရှေ့မတိုးနောက်မဆုတ်ဖြစ်သွားတာကိုး။ ဒါပဲလေ။ ဒီလိုတစ်ဖက်ပိတ်လမ်းထဲကနေ ကျွန်တော်တို့ဘယ်လိုများ ထွက်လို့ရမှာတုန်း။ ကျွန်တော်လည်းမသိဘူး။ မဲဆန္ဒနယ်တစ်ခု ကိုယ်စားလှယ်နှစ်ဦး ရွေးကောက်တင်မြှောက်တဲ့စနစ်က ဆက်ရှိနေမှာလေ။ လာမယ့်ရွေးကောက်ပွဲမှာ ကျွန်တော်တို့နိုင်ရင်တောင်မှ ဒီအခြေ အနေကိုပြောင်းလဲအောင်လုပ်ဖို့ ဘာလုပ်ရမလဲဆိုတာ ကျွန်တော်မသိသေးဘူး။

ကျွန်တော့်စိတ်ထင် ဒီနှစ်ဦးကျရွေးကောက်တင်မြှောက်တဲ့စနစ်ကို ပယ်ဖျက်ပစ်ရမယ်။ ဒါပေမယ့်ပျက်အောင် လုပ်ဖို့မဖြစ်နိုင်ခဲ့ဘူး။ နောက်ဆုံးစေ့စပ်ညှိနှိုင်းမှုကို အဲလွင်နဲ့ လက်ယာအုပ်စု Renovación Nacional (ချီလီလစ် ဘရယ်ကွန်ဆာဗေးတစ်ပါတီ) ကဂျာပါရယ် အဲဒီတုန်းက လက်ဝဲညီညွတ်ရေးမဟာမိတ် Concertación por la Democracia ဖြစ်လာပြီဖြစ်တဲ့ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုညွှန့်ပေါင်းအဖွဲ့နဲ့အတူလုပ်ခဲ့ပြီးပြီ။ လူထုဆန္ဒခံယူပွဲကို ကျွန်တော်တို့အနိုင်ရထားပြီးဖြစ်ပေမယ့် မဲဆန္ဒနယ်တစ်ခု နှစ်ယောက်ကျရွေးကောက်တင်မြှောက်တဲ့စနစ်ကိုတော့ မပြောင်းလဲနိုင်ခဲ့ဘူး။

## အခြေခံဥပဒေပြုပြင်ပြောင်းလဲမှု

ပိနိုချေးရဲ့အခြေခံဥပဒေမှာ ဟာကွက်ရှိတယ်။ အခြေခံဥပဒေကိုပြင်ဆင်ဖို့ လိုအပ်တဲ့

ထောက်ခံမဲကို အများကြီး သတ်မှတ်ထားတယ်။ အရေးကြီးကိစ္စရပ်တွေမှာ ထောက်ခံမဲ ၅၇ ရာခိုင်နှုန်း (၇ မဲတွင် ၄ မဲအချိုး) ရဖို့လိုတယ်။ အခြေခံဥပဒေရဲ့ အချို့အခန်းတွေကိုပြင်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ထောက်ခံမဲ သုံးပုံနှစ်ပုံလိုတယ်။ ဝိရောဓိဖြစ်စရာ ကတော့ အခြေခံဥပဒေကိုပြင်ဆင်ခြင်းနဲ့သက်ဆိုင်တဲ့အခန်းကျ အနည်းဆုံးထောက်ခံမဲလိုအပ်ချက်ကို အလွန်အမင်းသတ်မှတ်ပြဋ္ဌာန်းထားတဲ့အခန်းတွေထဲမှာ မပါဘူး။ ဒီတော့အဲဒီပြင်ဆင်ချက်ဥပဒေများဆိုင်ရာ အခန်းကို သာမန်အနည်းဆုံးထောက်ခံမဲလိုအပ်ချက်နဲ့ပဲ ပြင်ဆင်လို့ရတယ်။ ဒီလိုပြင်ဆင်ပြီး အခြေခံဥပဒေ ပြင်ဆင်ဖို့ အနည်းဆုံးထောက်ခံမဲလို အပ်ချက်သတ်မှတ်ပြဋ္ဌာန်းထားတာတွေကို ပြင်ဆင်လို့ရသွားတယ်။ ဒါဟာကျွန်တော်တို့အတွက် တစ်ခုတည်းသောလက်နက်ပဲ။ ကျွန်တော်တို့ဆွေးနွေးရတာက အဲဒီလက်နက်ကို သုံးမလား၊ မသုံးဘူးလားဆိုတာပဲ။ ဒီလက်နက်ကို အာဏာရှင်က သိထားပြီးသား။ နောက်တစ်နည်းကတော့ ထိပ်တိုက်ရင်ဆိုင်တဲ့နည်း။ ကျွန်တော်တို့ဟာ သူတို့ကို မထေမွဲမြင်လာလုပ်နေတယ်၊ နောက်ထပ်အာဏာသိမ်းပြီး ကျွန်တော်တို့ကို ထိုးနှက်လိုက်လို့ရတယ်လို့ စစ်တပ်ကပြောမှာပဲ။ ဒီတော့ကာ ပထမအကြိမ်ကွန်ဂရက်လွှတ်တော်အစည်းအဝေးမှာအဆိုတင်သွင်းရတာအရမ်းအွန္တရာယ်များတယ်။ နောက်ဆုံးမှာတော့ ပုဒ်မ ၈ နဲ့အခြားပုဒ်မတွေဖျက်သိမ်းခြင်းအပါအဝင် အပြောင်းအလဲတွေအများကြီးကို စစ်တပ်ကခွင့်ပြုပေးခဲ့တယ်။ အတုံ့အလှည့်အနေနဲ့ အခြေခံဥပဒေပြင်ဆင်ဖို့ အထူးသတ်မှတ်ထားတဲ့ အနည်းဆုံးထောက်ခံမဲလိုအပ်ချက်ကို မရရအောင်ပြဋ္ဌာန်းခဲ့ကြတယ်။ တစ်နည်းပြောရရင် ၁၉၈၀ အခြေခံဥပဒေမှာ ပြင်ဆင်ချက်လုပ်နိုင်ဖို့ အရေးကြီးတဲ့ဟာလို့ ကျွန်တော်တို့ယူဆထားတဲ့ ကျွန်တော်တို့အတွက် ထွက်ပေါက်ကို သူတို့ကပိတ်လိုက်တာပဲ။ ဒါပေမယ့် ဒီဟာက ပြည်သူတွေရဲ့ရှုထောင့်ကကြည့်မယ်ဆိုရင် အင်မတန်နည်းနာအတတ်ပညာဘက်ရောက်တဲ့ ဆွေးနွေးမှုတစ်ခုပါ။ ကျွန်တော်တို့ဟာ တစ်ဖက်ပိတ်လမ်းထဲကို ဦးတည်ပြီးသွားနေတယ်ဆိုတာ သိခဲ့တယ်။

[စစ်တပ်နဲ့စေ့စပ်ညှိနှိုင်းလို့ရနိုင်မယ့်] အခြေခံဥပဒေပြဋ္ဌာန်းချက်တစ်ချို့ကို အတည်ပြုမလား မပြုဘူးလား အပြီးသတ်ဆုံးဖြတ်ပေးရမယ့်အခိုက်အတန့်ကို ကျွန်တော်တို့ရောက်သွားတာမှတ်မိသေးတယ်။ ကျွန်တော်ကကန့်ကွက်တယ်ဆိုတာ အဲလွင်ကရိပ်မိတယ်။ အဲဒီတစ်ကြိမ်ပဲ သူစိတ်ဆိုးတာ ကျွန်တော်ပထမဆုံးမြင်ဖူးတာပဲ။ ကျွန်တော်တို့နှစ်ယောက် အခြေအတင်ဆွေးနွေးတာမှာ ထိပ်တိုက်တွေ့ကြတယ်လေ။ ပီနိုချေးနဲ့စေ့စပ်ဆွေးနွေးထားတဲ့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ လူထုဆန္ဒခံယူပွဲအသစ်မှာ ကန့်ကွက်မဲထည့်ဖို့ ကျွန်တော် အဲဒီတုန်းက တောင်းဆိုနေချိန်ပေါ့။ ကျွန်တော်တို့အတွက် အဲဒီတုန်းက အခြေခံဥပဒေပြင်ဆင်ရေးကို ဦးဆောင်ဖို့ မဖြစ်နိုင်ဘူး။ အဲဒီကာလမှာ အခြေခံဥပဒေပြင်ဆင်တာတွေကို အဆိုပြုပြီး လူထုဆန္ဒခံယူပွဲမှာ အတည်ပြုနိုင်တာ အာဏာရှင်စစ်ခေါင်းဆောင်တွေကပဲရှိတယ်။ ဒီတော့ ကန့်ကွက်မဲထည့်ကြဖို့ ပန်ကြားချက်ကို ထုတ်ပြန်ခဲ့ရတယ်။

အဲလွင်က ထောက်ခံမဲထည့်ဖို့လိုလားတာသိသာနေတာပဲ။ နောင်ကျရင် မဲဆန္ဒနယ်တစ်ခု ကိုယ်စာလှယ်နှစ်ဦး ကျရွေးကောက်ပွဲစနစ်ကိုပြင်ဆင်ဖို့ အတူတူလုပ်ကြတာပေါ့လို့ မရမက ပြောတယ်။ အဲဒီအချိန်က အဲလွင်က သူ့မှတ်ချက်တွေကို ကောက်ချက်ချပြီးနောက်မှာ ကျွန်တော်သူ့ကိုမေးလိုက်တယ်။ ' ကျွန်တော်တို့မှာ ဘာအာမခံချက်တွေရှိလဲ'လို့မေးလိုက်တာ။ နောက်နေ့ကျရင် အခြေခံဥပဒေပြင်ဆင်ရေးကို မူကြမ်းရေးနေတဲ့ Renovación Nacional ပါတီက ရှေ့နေ ရီကာဒိုရီဘာနီနေးရာရဲ့အိမ်ကိုသွားကြမယ်လို့ အဲလွင်ကဖြေတယ်။ နောက်နေ့မှာ ရီဘာနီနေးရာအိမ်ကိုသွားတယ်။ ဒါပေမယ့် လက်ယာနိုင်ငံရေးမှာ သြဇာညောင်းတဲ့ ဂျာပါ ရောက်မလာဘူး။ ဒီတော့ ဘာမှမလုပ်နိုင်ခဲ့ဘူး။

ကျွန်တော်တို့ကြား ဒုတိယအကြိမ် သဘောထားကွဲလွဲတာက အဲလွင်သမ္မတဖြစ်လာတဲ့ အခါတုန်းက။ ကျွန်တော်ကလည်း အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်ဖို့ အလားအလာကောင်းနေတဲ့ အချိန်ပေါ့။ အထက်လွှတ်တော်မှာ ကျွန်တော်ဝင်ပြိုင်တာ ရှုံးတယ်။ သူနဲ့ကျွန်တော် နှစ်ယောက်တည်း စကားပြောနေတုန်း ' ခင်ဗျားအရင်ဆုံးလုပ်မယ့် အစီအမံကဘာများ ဖြစ်မလဲ'လို့သူ့ကိုမေးလိုက်တယ်။ အဲဒီကိစ္စကို သူတကယ်ကိုမစဉ်းစားရသေးဘူးလို့ဖြေတယ်။ ကျွန်တော့်မှာ စိတ်ကူးထားတာများရှိသလားတဲ့။ ရှိတာပေါ့ဗျာ၊ ပိနိချေးနတ်ထွက်ဖို့ ခင်ဗျားတောင်းဆိုသင့်တယ်လို့ ကျွန်တော် ပြောလိုက်တယ်။အဲလွင်က ပိနိချေးနှုတ်ထွက်မှာမဟုတ်ဘူးဗျတဲ့။ ဒီလိုအချိန်မျိုးမှာ အခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်ကို လွှတ်တော်ကိုတင်ပြီး အခြေခံဥပဒေပြင်ဆင်ချက်တစ်ခုလုပ်ဖို့ တောင်းဆိုသင့်တယ်၊ ပိနိချေးကို ဖယ်ရှားသွားဖို့ဆုံးဖြတ်ထားတဲ့အကြောင်းကြေညာပါ၊ ပိနိချေးနတ်ထွက်ပါလို့တောင်းဆိုပါ၊ သူဘက်ကလည်း အခြေခံဥပဒေမှာ ဒီလိုလုပ်ဖို့သမ္မတမှာ တာဝန်မရှိဘူးလို့ပြဋ္ဌာန်းထားတာကြောင့် ဒီအဆိုပြုချက်ကိုတင်မှာ မဟုတ်ပါဘူးပေါ့။ ပြီးတော့ ကျွန်တော်တို့ဒီကိစ္စကိုစ ဆွေးနွေးကြတယ်။ နောက်ဆုံးမှာ အခုဖြစ်နေတဲ့ သဘောထားကွဲလွဲမှုကိုကျော်လွှားဖို့ အရေးအကြီးဆုံး အဆိုပြုတင်ပြချက်ကို သူထည့်မပြောထားဘူးလို့ သူ့ကိုပြောလိုက်တယ်။ ဘာများလဲဗျလို့သူကမေးတယ်။ ခင်ဗျား ကျွန်တော့်ကို ဒါမျိုးပြောလို့ရတယ်- 'ဒီမယ် ရီကာဒို၊ ခင်ဗျားလည်း ခင်ဗျား ဘဝနဲ့ခင်ဗျား၊ အခုမှဝန်ကြီးဖြစ်လာတာ၊ ကျွန်တော်ကသမ္မတဗျ' လို့လေဆိုပြီးပြောလိုက်တယ်။ အင်း၊ ကျွန်တော့်လိုအစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ယောက်က သမ္မတကို ဟိုဟာလုပ်ပါလားဒီဟာလုပ်ပါလားလို့ပြောနေတာ ရီစရာတော့ အကောင်းသား။ ကျွန်တော်တို့နှစ်ယောက်စလုံး တဟားဟားရယ်ရင်း အဲဒီ 'ငြင်းခုံမှု' ကပြီးသွားတယ်။

## ညွှန့်ပေါင်းတည်ဆောက်ခြင်း

*ကိုယ်စားလှယ်လောင်းတွေရွေးဖို့ ဆုံးဖြတ်ကြတဲ့အခါ Concertación က ဘယ်လို သဘောတူညီချက်ရခဲ့လဲ။ အစိုးရအဖွဲ့သစ်တစ်ဖွဲ့ချင်းစီအတွက် စီမံကိန်းတွေကို ငြင်းခုံကြတယ်။ ပြင်ဆင်ခဲ့ကြတယ်။ ဒီလိုလုပ်တာကို ဘယ်လောက်အရေးကြီးတယ်လို့ခင်ဗျားသတ်မှတ်သလဲ။*

လာဂို့စ်။ ။အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကိုအသွင်ကူးပြောင်းမှုကို ပိုပြီးခက်ခဲသွားစေတာကတော့ အာဏာရှင်မရှိတော့တဲ့အချိန်မှာပဲ။ ဥပမာ ဘယ်သူက သမ္မတလောင်းဖြစ်သင့်သလဲဆိုတာကို သဘောတူညီချက်ရအောင်လုပ်တာမျိုး။

ကျွန်တော့်ကို သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းဖို့စဉ်းစားကြတဲ့သူတွေအများကြီးပါ။ ဒါကတော့ လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်သိထားပြီးသား။ ဒီလိုလုပ်တာနွားရိုင်းရှေ့မှာ အဝတ်စနီကိုလာပြသလိုပဲ။ ဒါကြောင့်ပဲ လူထုဆန္ဒခံယူပွဲပြီးလို့ နောက်နှစ်ရက်မြောက်မှာ ကျွန်တော်သမ္မတလောင်းအရွေးမခံဘူးလို့ ကြေညာခဲ့တာပဲ။ အသွင်ကူးပြောင်းမှုမှာ ကိုယ့်ရဲ့အလားအလာရှိသော အမြင့်ဆုံးရည်မှန်းချက်တွေကို စွန့်လွှတ်ဖို့လိုတယ်။ လူထုဆန္ဒခံယူပွဲပြီးတဲ့နောက်မှာ PPD ရဲ့အထွေထွေကောင်စီက ကျွန်တော့်ကို သမ္မတလောင်းအဖြစ် ကြေညာချင်တာကို သတိရမိတယ်။ အာမန်ဒို ဂျာရာမီယိုနဲ့ တခြားသူတွေက အရမ်းစိတ်အားထက်သန်နေကြတယ်။ သူတို့ကိုကျေးဇူးတင်မိတယ်။ ကျွန်တော့်သမ္မတလောင်းဝင်ပြိုင်ရင် အသွင်ကူးပြောင်းမှုအတွက် အန္တရာယ်ရှိတယ်လို့တော့ ရှင်းပြရတယ်။ PPD ရဲ့သမ္မတလောင်းအဖြစ် အန်းရိုဆီလဘာကို ထောက်ခံတယ်လို့ ကျွန်တော်အဆိုပြုခဲ့တယ်။ နောက်ဆုံးမှာ Concertación ရဲ့သမ္မတလောင်းအဖြစ် ပါထရီဆီယို အဲလွင်ကို အားလုံးက ထောက်ခံခဲ့ကြတယ်။ ကျန်တာကတော့ သမိုင်းကသိပါတယ်။

## ဦးစားပေးမူဝါဒများ ချမှတ်ခြင်း

ဆင်းရဲတဲ့နိုင်ငံအဖြစ်ကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်ကိုသွားရတဲ့ အသွင်ကူးပြောင်းမှုက အစစအရာရာပိုပြီးခက်ခဲတယ်ဆိုတာကို အစကကျွန်တော်နားမလည်ခဲ့ဘူး။ 'ဘယ်လိုမျိုးလူ့အဖွဲ့အစည်းကိုတို့လိုချင်တာလဲ'လို့မေးခွန်းထုတ်ရမယ်။ အကုန်လုံးကိုတော့ နေ့ချင်းညချင်းပြီးအောင်လုပ်လို့မရဘူး။ ဒီတော့ အုပ်ချုပ်ရေးမှာ ဦးစားပေးမူဝါဒတွေ ချမှတ်ရတယ်။

ဥပမာတစ်ခု ပေးပါရစေ။ လူထုဆန္ဒခံယူပွဲနိုင်သွားတော့ အဲလွင်ဟာ သမ္မတရွေးကောက်ပွဲမှာ နိုင်မှာပဲဆိုတာ ကျွန်တော်တို့သေချာသိတယ်။ တစ်နေ့ အဲလွင်အစိုးရဟာ လင်မယားကွာရှင်းပြတ်စဲမှုဥပဒေကို အတင်းအကြပ် ပြဋ္ဌာန်းတော့မှာလားလို့ ဂိုဏ်းအုပ်ဘုန်းတော်ကြီးရဲ့ညီလာခံကနေ ဖုန်းဝင်လာတယ်။ ကျွန်တော်က မပြဋ္ဌာန်းပါ ဘူးပေါ့။ ကျွန်တော်တို့မှာ ဒီထက်အရေးကြီးတာတွေ လုပ်စရာရှိတယ်လေ။ ဒုတိယမြောက် အစိုးရသက်တမ်းကျရင် ကွာရှင်းပြတ်စဲမှု ဥပဒေကိုပြဋ္ဌာန်းဖို့ လုပ်သွားမယ်လို့ရှင်းပြလိုက်တယ်။ အင်း၊ ဒုတိယသက်တမ်းမှာလည်း မပြဋ္ဌာန်းနိုင်ခဲ့ပြန်ပါဘူး။ ကျွန်တော်သမ္မတဖြစ်တော့ ဂိုဏ်းအုပ်ဘုန်းတော်ကြီးက 'ကွာရှင်းဥပဒေရော'တဲ့။ ကျွန်တော်က 'ဒီတစ်ခါတော့ပြဋ္ဌာန်းမယ်'လို့ပြောလိုက်တယ်။ ဒီတော့ ဘုန်းတော်ကြီးက တစ်ခုလောက်မေးကြည့်လို့ ရမလားတဲ့။ 'တရားရေးဝန်ကြီးကို ဒီကိစ္စမှာ ဘာလို့ဦးမဆောင်ခိုင်းတာလဲ၊ သူဦးဆောင်တယ်ဆို ခင်ဗျားနဲ့မဟုတ်ဘဲ သူနဲ့ဆွေးနွေး

လို့ရတာပေါ့'တဲ့။ နိုင်ငံရေးအခြေအနေတွေတွေက ဖွံ့ဖြိုးနေပြီဖြစ်လို့ အပြောင်းအလဲကို တားထားလို့မရဘူးဆိုတာ ဘုန်းတော်ကြီးတွေက နားလည်နေပြီ။ ၂၀၀၅ ခုနှစ်မှာ ကွာရှင်းပြတ်စဲမှု ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။

ကျွန်တော်တို့ဟာ ဦးစားပေးမူဝါဒတွေကို သဘောတူခဲ့ကြတယ်။ အဲဒီမူဝါဒတွေကို သမ္မတလောင်း မဲဆွယ်ပွဲကာလရောက်တိုင်းပြင်ဆင်ထားတဲ့ စီမံကိန်းထဲမှာ ထည့်သွင်းဖော်ပြကြတယ်။ အဲဒီသဘောတူညီထားတဲ့ စီမံကိန်းတွေဟာ စည်းလုံးညီညွတ်မှုကိုထိန်းသိမ်းထားနိုင်စေခဲ့တယ်။ အသွင်ကူးပြောင်းမှုတစ်ခုမှာ အခြေခံနိုင်ငံရေး ဦးစားပေးမူဝါဒတွေရှိတယ်။ အဲဒါတွေက နိုင်ငံရေးစနစ်ပြောင်းဖို့၊ ရွေးကောက်ပွဲ၊ လွတ်လပ်မှု၊ လူ့အခွင့်အရေးကိုလေးစားခြင်းတွေရရှိစေဖို့စတာတွေပဲ။ ပြီးရင် စီးပွားရေးနဲ့လူမှုရေးပြောင်းလဲမှုလုပ်ငန်းစဉ် စတင်ပေါ်ပေါက်လာ မယ်။ အားလုံးအတွက် ဝင်ငွေညီမျှသော ဖွံ့ဖြိုးမှုကိုအဆိုပြုတင်ပြပြီး စီးပွားရေးဖွံ့ဖြိုးမှုကို လူတိုင်းဆီရောက် ဖို့မျှော်မှန်းတဲ့အခါ အစိုးရမူဝါဒသစ်တွေလိုလာတယ်။ လွတ်လပ်စွာ ကုန်သွယ်မှု ကမ္ဘာကြီးထဲ ပေါင်းစပ်ပါဝင်ဖို့လိုလာတယ်။ ဒီဦးစားပေးမူဝါဒတွေအားလုံးက လူများစုထောက်ခံမှုရဖို့လိုတယ်။ ဒီတော့ဝိနိုချေးကိုနိုင်ဖို့ လူများစုထောက်ခံမှုရအောင်လုပ်တာကလွယ်တယ်။ အဲလွင်ကိုရွေးကောက်တင်မြှောက်ဖို့ လူများစုထောက်ခံမှုရအောင်လုပ်တာ လွယ်တယ်။ အာဏာရှင်က သမ္မတရဲ့အဆောင်အယောင်စလွယ်ကိုခွာချပြီး ပြည်သူကရွေးကောက်တင်မြှောက်တဲ့သမ္မတကိုယ်ပေါ်ကို တင်ပေးလိုက်တဲ့အခိုက်အတန့်လောက် အများပြည်သူရဲ့ သဘောထားအမြင်ပေါ်မှာ ကြီးကြီးမားမားသက်ရောက်မှုမရှိတဲ့ တခြားအသွင်ကူးပြောင်းမှုကမှ ခက်တာ။

ဘယ်နိုင်ငံရေးပါတီကမှ (အဲလွင်သမ္မတအဖြစ် တက်လာခဲ့တဲ့ရွေးကောက်ပွဲအပြီးမှာ) တရားဝင် သဘောတူညီထားတာမရှိဘူး။ ကျွန်တော်တို့ စည်းစည်းလုံးလုံးနဲ့ဆက်လုပ်သွားရမယ်ဆိုတဲ့အသိနဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတာပဲ။ ကျွန်တော်တို့ ရွေးကောက်ပွဲနိုင်ရမယ်၊ ရှစ်နှစ်အုပ်ချုပ်မယ်။ ပိနိုချေးရဲ့အခြေခံဥပဒေအရ သမ္မတသက်တမ်းတစ်ခုကို ရှစ်နှစ်လေ။ ကျွန်တော်တို့က သမ္မတသက်တမ်းကို ရှစ်နှစ်ကနေ လေးနှစ်ကို ကျေကျေနပ်နပ်ကြီး လျှော့ချခဲ့ဖို့သဘောတူခဲ့တယ်။ ကျွန်တော်တို့တွေးမိတာက ကျွန်တော်တို့လေးနှစ်ထက်ပိုပြီးတွဲလုပ်နိုင်မှာမဟုတ်ဘူး။ နောက်တော့ ကိုယ့်လမ်းကိုယ်သွားကြမှာပဲ။ ကျွန်တော်တို့ အပြိုင်ကျဲရတဲ့အခြေအနေကို ပြန်ရောက်မှာပဲပေါ့။

လေးနှစ်က ရှည်တဲခနဲကုန်သွားတယ်။ ဘုံသမ္မတလောင်းကို သဘောတူတဲ့လုပ်ငန်းစဉ်ကို ကျွန်တော်တို့ပြန်လုပ်ကြတယ်။ သမ္မတလောင်း ဖရိုင်း မွန်တာလ်ဘိုရဲ့သား အေဒုရာဒို ဖရိုင်းရှုအစ်တာဂေးနဲ့အတူ တီထွင်ခဲ့တဲ့ သက်တမ်းဝက် ရွေးကောက်ပွဲတွေလုပ်ပြီး သူရွေးကောက်ပွဲမှာ နိုင်အောင် ကျွန်တော်တို့ ဆက်အုပ်ချုပ်နိုင်အောင် ဝိုင်းလုပ်ကြတယ်။ ဒါဟာ အင်မတန် အရေးကြီးတဲ့ အခိုက်အတန့်ပဲလို့ ကျွန်တော်ယူဆတယ်။ အာဏာရှင်စနစ်ကို ဖြုတ်ချမယ့်

စည်းလုံးညီညွတ်မှုဟာ အသွင်ကူးပြောင်းမှုကို နောက်တစ်ဆင့်ရောက်အောင်လုပ်ပေးရမယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့လူမှုရေးအပြောင်းအလဲဆိုတဲ့အဆင့်ကိုရောက်ရမယ်လို့သဘောပေါက်တဲ့အချိန်ဟာ အလွန်အရေးကြီးတဲ့အခိုက်အတန့်ပဲလို့ ကျွန်တော်ယုံတယ်။ အတိတ်ကိုပြန်ကြည့်ရင် လူထုဆန္ဒခံယူပွဲမတိုင်ခင် ၁၀ နှစ်မှာ ကျွန်တော်တို့ ၁၀ နှစ်စဉ်းစားဖို့အချိန်ရခဲ့တယ်။ ဒါကြောင့် အလက်ဂျန်ဒရီ ဖောက်စလေက ဘဏ္ဍာရေးဝန်ကြီးအနေနဲ့နောင်မှာလုပ်ဆောင်တဲ့ဟာ၊ စီးပွားရေးဖွံ့ဖြိုးဖို့၊ ဆင်းရဲမွဲတေမှုသိသိသာသာလျှော့ချဖို့ သူကျင့်သုံးတဲ့ လူမှုရေးနဲ့စီးပွားရေးမူဝါဒတွေဟာ အတူတကွတွေးခေါ်ခဲ့တာကနေ ထွက်ပေါ်လာတာပါ။

ချီလီအသွင်ကူးပြောင်းမှုဟာ တော်တော်ထူးခြားပါတယ်။ ဒီမိုကရေစီပြန်ရတဲ့ပြီးတဲ့အချိန်မှာ ပိနိချေးဟာ စစ်ဦးစီးချုပ်အနေနဲ့ဆက်ရှိနေသေးတယ်။ ပင်ကိုယ်အားဖြင့်တော့ ဒီလိုအရေးကြီးတဲ့ရာထူးမှာ အာဏာရှင်ကဆက်ရှိနေရင် အုပ်ချုပ်ရတာမလွယ်ပါဘူး။ အုပ်ချုပ်ရေးဆိုင်ရာအရေးကိစ္စသစ်တွေကို တချို့ကမျှော်လင့်ထားကြတယ်။ အဲဒီအရေးကိစ္စတွေကို ဘယ်လိုရင်ဆိုင်မလဲပေါ့။ ဥပမာ အသွင်ကူးပြောင်းမှုမှာ အင်မတန်အရေးကြီး တဲ့နေရာကပါခဲ့တဲ့ အေဒူရာဒို ဘိုနင်ယေက 'လူမှုရေးလုပ်ရှားမှုတွေဟာ အဲဒီလောက်ကြီး တက်တက်ကြွကြွမရှိသင့်တော့ဘူးဆိုတာ ကျွန်တော်တို့နားလည်ထားရမယ်။ မဟုတ်ရင် ကျွန်တော်တို့ကို တစ်နေ့ထက်တစ်နေ့ တောင်းဆိုတာတွေများလာရင် ဘယ်လိုအုပ်ချုပ်ကြမလဲ၊ မျှော်လင့်တောင့်တမှုတွေကို ဘယ်လိုထိန်းမလဲ' လို့မေးတယ်။

## ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးစီမံခန့်ခွဲမှု

*ချီလီဟာ စီးပွားရေးအရအောင်မြင်ခဲ့တဲ့ ဇာတ်လမ်းပမာတစ်ခုပါ။နိုင်ငံရေး အသွင်ကူးပြောင်းမှုမှာ စီးပွားရေးမူဝါဒက ဘယ်လိုအထောက်အကူဖြစ်ခဲ့သလဲ။*

လာဂိုစ်။ ။ခေတ်သစ်ကမ္ဘာကြီးမှာ စီးပွားရေးကိုစီမံခန့်ခွဲတာက အလွန်အရေးကြီးပြီး တာဝန်ယူမှုအများကြီးရှိဖို့လိုတဲ့ ဆောင်ရွက်ချက်ပဲ။ လက်ဝဲ၊ လက်ယာရွေးရတဲ့ ပြဿနာမဟုတ်ဘူး။ စီးပွားရေးကိုစီမံခန့်ခွဲဖို့ သင့်တော်တဲ့နည်းလမ်းတွေ့အောင် ရှာရမှာပဲ။ ဒဲ့အပြင် အသွင်ကူးပြောင်းမှုကာလမှာ၊ ဆင်းရဲတဲ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးမှုဟာ လူ့အဖွဲ့အစည်းရဲ့ အခွင့်အရေးဆုံးရှုံးနေတဲ့ အပိုင်းတွေရဲ့ လိုအပ်ချက်တွေကို ပြည့်မီအောင်လုပ်ဖို့လိုတာကြောင့် စီးပွားရေး စီမံခန့်ခွဲမှုကအရေးကြီးတယ်။ အသုံးစရိတ်ကို ဘယ်မှာသုံးရမယ်ဆိုတာ ချိန်ရွယ်ရတဲ့ ခိုင်မာတဲ့ အစိုးရမူဝါဒတွေရှိမှသာလျှင် အပြောင်းအလဲကို ပြည်သူတွေမြင်ရမယ်။ သူတို့ရဲ့ဘဝမှာ ပိုကောင်းလာတဲ့အပြောင်းအလဲကို မမြင်ရဘူးဆိုရင် ပြန်လည်တည်ထောင်ထားတဲ့ ဒီမိုကရေစီအစိုးရနဲ့ ကင်းကွာလာမှာပဲ။ ဒီမိုကရေစီက ဘာမှမလုပ်ပေးနိုင်ဘူးလို့ထင်တဲ့ သူတွေများလာရင် ဒီမိုကရေစီက ဘာများအသုံးဝင်တော့မှာလဲ။ ဒီတော့ စီးပွားရေးဖွံ့ဖြိုးမှုဟာ ကျွန်တော်တို့မူဝါဒရဲ့ အဓိကကိစ္စရပ်ဖြစ်လာတယ်။ အသွင်ကူးပြောင်းမှုတစ်ခုမှာ အစိုးရကို ဦးဆောင်သူတိုင်းဟာ သူ့တိုင်းပြည်မှာ အဓိကအဆက်အသွယ်လုပ်သူပဲ။ သူဘာလုပ်နေတယ်

ဆိုတာကို ရှင်းပြရမယ်။ ဘာကြောင့်လုပ်နေတာလဲ ရှင်းပြရမယ်။ တိုင်းပြည်ဟာ လုံလောက်တဲ့ ဖွံ့ဖြိုးမှုရပြီလား မရသေးဘူး လားဆိုတာရှင်းပြရမယ်။ ဒီမိုကရေစီဆိုတာ နေ့တိုင်းရေလောင်း ပေါင်းသင်နေရတဲ့ သစ်ပင်ပဲ။ ဝင်ငွေများလာရင် လိုအပ်ချက်တွေအများကြီးကို ဖြည့်ဆည်း ပေးလာနိုင်မှာပဲ။

## နိုင်ငံတကာ၏ထောက်ခံအားပေးမှု

*တခြားနိုင်ငံတွေက ဆိုရှယ်လစ်ပါတီတွေကနေ ရဲဘော်ရဲဖက်စိတ်နဲ့ရပ်တည်ပေးခဲ့တာ အပြင် ချီလီဟာ နောက်ထပ် နိုင်ငံတကာရဲ့ ထောက်ခံအားပေးမှုတွေရခဲ့သေးလား။*

လာဂို့စ်။ ။ တစ်နည်းနည်းနဲ့ကျွန်တော်တို့အားလုံးမြိုခိုနေတဲ့ နိုင်ငံတကာရဲ့ ထောက်ခံ အားပေးမှုကလည်း အရမ်းအရေးကြီးပါတယ်။ ရီဂင်အစိုးရဒုတိယသက်တမ်းမှာ ဂျော့ချ် ရှူလ်တ် (အလုပ်သမားဝန်ကြီးဟောင်း၊ ဘဏ္ဍာရေးဝန်ကြီးဟောင်း) က အဓိကနေရာရောက်လာတော့ ပြောင်းလဲသွားတဲ့တစ်ခုကို သတိရမိတယ်။ ချီလီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ် ဟယ်ရီဘန်းစ်က ချီလီကိုရောက်လာတော့ "ဒီမိုကရက်တစ်မဟာ မိတ်အဖွဲ့နဲ့တွေ့ချင်ပါတယ်' တဲ့။ အဲဒီတုန်းက အဖွဲ့ဥက္ကဋ္ဌ အာမန်ဒို ဂျာယာမီယိုက ဘယ်တော့လာတွေ့ရမလဲလို့ သံအမတ် ဘန်းစ်ကိုမေးလိုက်တယ်။ သူက လာမတွေ့ပါနဲ့တဲ့။ သူပဲလာပါ့မယ်တဲ့။ ကျွန်တော်တို့ရုံးခန်းက ကျဉ်းကျဉ်းလေးရယ်။ သံအမတ်လာတွေ့လိုက်တာ ပီနိုချေးအပေါ်မှာသက်ရောက်မှုက သိပ် ပြင်းတယ်။ ဒါဟာ အရေးကြီးတဲ့ မူဝါဒအပြောင်းအလဲပဲ။ ကျွန်တော်၊ ဆာဂျီယို ဘောတာနဲ့ တခြား သူတွေ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှာလုပ်တဲ့ နီးနော်ဖလှယ်ပွဲတစ်ခုကိုသွားတက်ကြ တယ်။ ကျွန်တော်တို့ (ရီဂင်လက်ထက် နိုင်ငံခြားရေးမူဝါဒကျမ်းကျင်သူ) အဲလီယော အေဘာရမ်နဲ့ဆုံခဲ့တယ်။ အမေရိကန်အစိုးရက ဒီမိုကရေစီကိုပြန်သွားနေတာကို ထောက်ခံ အားပေးတယ်ဆိုတာ၊ ပီနိုချေးနဲ့ကင်းကင်းနေနေတယ်ဆိုတာ အဲဒီတုန်းကသိသာပါတယ်။

## အနာဂတ်ကိုမျှော်ကြည့်ခြင်း

*ဖိနိပ်မှုနဲ့ ထိန်းချုပ်မှုဟာ အကြောက်တရားကိုဖန်တီးပေးတယ်။ လူမှုရေး ရှုန်းကန်လှုပ်ရှား မှုနဲ့ နိုင်ငံရေးလုပ်ဆောင်ချက်တွေကို အကြောသေသွားစေနိုင်ပါတယ်။ ဒါကြောင့်ပဲ ၁၉၈၈ ခုနှစ် ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုမှာ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ အနာဂတ်ကိုအဓိကထားခဲ့တာပေါ့။ la alegria ya viene (ပျော်ရွှင်ခြင်းကလမ်းလာပြီ ချီလီရေ) လို့ ကြွေးကြော်ခဲ့ကြတယ်။ အာဏာရှင်ကိုတိုက်တဲ့အခါ ကြောက်ရွံ့ခြင်းကို ခင်ဗျားရင်ဆိုင်တာကနေ ဘာသင်ခန်းစာ တွေရလဲ။*

လာဂို့စ်။ ။ ကမ္ဘာတစ်လွှားမှာ နမူနာယူခဲ့ကြတဲ့ ကန့်ကွက်မဲလှုပ်ရှားမှုဟာ အမေရိကန် က မိတ်ဆွေတွေရဲ့လွှမ်းမိုးမှုလည်းရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ လူ့အခွင့်အရေးချိုးဖောက်မှု တွေနဲ့ အလားတူအစီရင်ခံစာတွေအားလုံး ကြောင့် ပြည်သူတွေကိုကြောက်လန့်အောင်လုပ်နေ

ကြတာပဲလို့ ပြည်သူ့ဆက်ဆံရေး ကျွမ်းကျင်သူတွေကပြောတယ်။ ပြည်သူတွေကိုယ့်ကို ထောက်ခံစေချင်ရင် အနာဂတ်ကို အပြုသဘောဆောင်တဲ့နည်းလမ်းနဲ့ကြည့်ရမယ်၊ အတိတ်မှာပဲနေနေလို့မရဘူးဆိုတာကို သူတို့ကအကြံပြုတာပဲလို့ နားလည်လာတယ်။ ကန့်ကွက်မဲလှူပ်ရှားမှုဟာ အင်မတန်အရေးကြီးတာအမှန်ပါပဲ။ အရေးပါတဲ့သင်ခန်းစာတစ်ခုပါပဲ။

## မျက်မှောက်ခေတ်အသွင်ကူးပြောင်းမှုများ

*ခင်ဗျားအတွေ့အကြုံအရဆိုရင် ယနေ့ခေတ်အသွင်ကူးပြောင်းမှုတွေကို ဘယ်လိုမြင်သလဲ။*

လာဂို့စ်။ ။ယနေ့ခေတ်အသွင်ကူးပြောင်းမှုတွေဟာ မနေ့ကနဲ့မတူတော့တာက အရေးအကြီးဆုံးပါ။ အခုခင်ဗျားမှာ တွစ်တာနဲ့ဖေ့စ်ဘုတ်ရှိလာပြီလေ။ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် ဒုတိယအကြိမ်တာဝန်ယူချိန် ၁၉၈၄ ခုနှစ် နိုဝင်ဘာမှာ ဆန္ဒပြပွဲတစ်ခုဖြစ်လို့ ပီနိုချေးက မြို့ကိုအဝင်အထွက်ပိတ်ဆို့စစ်ဆေးတယ်။ ကျွန်တော်တို့က ဘေးဖယ်ထုတ်ခံထားရတယ်။ တစ်ယောက်နဲ့တစ်ယောက်စကားပြောလို့မရဘူး။ ကျွန်တော်တို့ကို တွေ့ဆုံမေးမြန်းခွင့်ပိတ်ထားတယ်။ ကျွန်တော်တို့ရဲ့ ဖြစ်ရှိနေခြင်းကရပ်တန့်သွားပြီ။ ရာဒီကယ်ပါတီခေါင်းဆောင် အန်းရိဆီလ်ဘာကို စာရင်းစစ်ချုပ်ဟောင်းတစ်ဦးလို့ ညွှန်းရတယ်။ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဂါဘရီယဲ ဘာလ်ဒက်စ်က နိုင်ငံခြားရေးဝန်ကြီးဟောင်း လို့ပဲခေါ်ကြတယ်။ ကျွန်တော့်ကိုတော့ ဘောဂဗေဒပညာရှင် ရီကာဒို လာဂို့စ်လို့ပဲ ညွှန်းကြတယ်။ ကျွန်တော်တို့ကို ကိုယ့်ပါတီထဲကရာထူးနဲ့ လူသိခံတာမျိုးကို ကန့်သတ်ထားတယ်။ တစ်နေ့စိတ်ပျက်လက်ပျက်နဲ့ ဘာမှဖြစ်မလာဘူးဆိုတာသိသိနဲ့ သတင်းစာရှင်းလင်းပွဲလုပ်လိုက်တယ်။ ကျွန်တော်ပြောစရာရှိတာလည်းပြောပြီးရော လူတစ်ယောက်ထလာပြီး နယူးယောက်တိုင်းမ်စ် သတင်းစာအတွက် မေးခွန်းနှစ်ခုမေးတယ်။ 'ကျွန်တော့်ပြဿနာက ဆန်တီယာဂိုတိုင်းမ်စ် ဖြစ်နေရင် နယူးယောက်တိုင်းမ်စ်ကို ဘာများဂရုစိုက်နေရမလဲ'လို့ ဖြေလိုက်တယ်။ နောက်တော့ တောင်းပန်လိုက်ပါတယ်။ ပီနိုချေးချမှတ်ထားတဲ့ အသံတိတ်စည်းဝိုင်းကြီးထဲမှာ ခံစားရတဲ့ မကျေမချမ်းဖြစ်မှုကြောင့် ကျွန်တော်အဲဒီလို လွှတ်ခနဲပြောမိသွားတာ။

မကြာသေးခင်က အမျိုးသမီးကျောင်းသားခေါင်းဆောင် ကာမီလာ ဘယ်ဂျီဦးဆောင်ပြီး ကြာသပတေးနေ့တိုင်းလုပ်တဲ့ ချီတက်ဆန္ဒပြပွဲတစ်ခုကို ပီနေရာအစိုးရ (၂၀၁၀-၂၀၁၄) က တားမြစ်ခဲ့တယ်။ တစ်ညမှာ ကျောင်းသားခေါင်းဆောင်က အိုးတွေခွက်တွေအားလုံးတီးကြပါလို့ Twitter မှာတင်လိုက်တယ်။ အဲဒီညမှာ ပြည်သူတွေအားလုံး အိုးတွေ၊ ခွက်တွေတီးကြတယ်။ ပြီးခဲ့တဲ့ အသွင်ကူးပြောင်းမှုနဲ့ယှဉ်ရင် ဒီနေ့ခေတ် လူမှုကွန်ရက်တွေက လူအများအတွက် ထင်သာမြင်သာရှိတယ်။ ဒါပေမယ် အဆုံးတနေ့မှာတော့ (အဆုံးအဖြတ်ဆန္ဒပြပွဲအတွက်) ပလာဇာကို ကိုယ်တိုင်ကိုယ်ကျသွားကြရတာချည့်ပဲ။ Twitter နဲ့ Facebook က လူထုလှုပ်ရှား

မှုတွေကိုအခွင့်အရေးပေးတဲ့ လက်နက်ကိရိယာတွေပဲဆိုတာ ကျွန်တော် စိုးစဉ်းမျှသံသယ မရှိပါဘူး။ ခင်ဗျားရဲ့အစိုးရတက်ပြီဆိုတာနဲ့ သူတို့က Twitter ကိုသုံးပြီး 'တို့တွေ ဒီအစိုးရကို မဲပေးခဲ့ကြတယ်။ ကဲအခုဒီအစိုးရလုပ်ပုံကိုကြည့်'ဆိုပြီး ခင်ဗျာ့ကတိတွေကို အကောင်အထည် ဖော်ခိုင်းကြမှာပဲ။

## အခြေခံကျသော မူများ

*အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို အသွင်ကူးပြောင်းမှုလုပ်ဆောင်ရာမှာ အခြေခံမူများ ကိုဖမ်းဆုပ်ဖော်ပြနိုင်မယ့် အဓိကအချက်အချို့ကို တိုတိုတုတ်တုတ်ပြောလို့ရမလား။ ဒါတွေဟာ မဖြစ်မနေ နားလည်ပြီးသားဖြစ်ရမယ့် အမှတ်ရနေရမယ့်အချက်တွေလည်းဖြစ်ရမယ်။*

လာဂို့စ်။ ။ ပထမဆုံး အသွင်ကူးပြောင်းမှုစတင်ချိန်မှာ အာဏာရှင်စနစ်နဲ့ဖိနှိပ်မှုကိုပြန် သွားရမှာ ပြည်သူတွေက လန့်နေတယ်ဆိုတဲ့အချက်က စမှတ်ဆိုတာ နားလည်ထားပါ။ ဒုတိယက ဖြစ်နိုင်သမျှအကျယ်ပြန့်ဆုံး ညွှန့်ပေါင်းကိုတည်ဆောက်ပါ။ အကြောင်းကတော့ အတိတ် ကာလနဲ့ အဆက်ဖြတ်ဖို့ ရှိသမျှအစွမ်းအားလုံးကိုခင်ဗျားစု ဆောင်းထားဖို့လိုတယ်။ တတိယက ပညာရပ်ဆိုင်ရာနယ်ပယ်မှာသာ ကိုယ်ဖြစ်ချင်သမျှကိုပြောလို့ဆိုလိုရပါ တယ်။ နိုင်ငံရေးမှာတော့ အမှန်တကယ် ကိုယ်လုပ်နိုင်တာကိုလုပ်တာ။ မေတ္တာစေတနာနဲ့ စိတ်အားထက်သန်စွာ ကိုယ်တတ် နိုင်တာကိုလုပ်ရင် ခင်ဗျားတောင်းဆိုနေတာကို ခင်ဗျားတကယ်ယုံကြည်ပါတယ်လို့ ပြည်သူတွေကမြင်လာမှာပဲ။ နိုင်ငံရေးသမားတစ်ယောက်ရဲ့ အဟောအပြော ပရိယာယ်နဲ့ထင် ရာစိုင်းမှုထက်ပိုပြီး မဆွဲဆောင်နိုင်ရင်တော့ လူတွေကရိပ်မိလာပြီး ထောက်ခံမှုဆုံးရှုံးမှာပဲ။

## ချီလီအချိန်ပြများ

**စက်တင်ဘာ ၁၉၇၀။** လက်ဝဲနိုင်ငံရေးသမား ဆာဘာဒို အာယွန်ဒဲသည် အများစု ထောက်ခံမှုမဲ (majority) မဟုတ်ဘဲ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် အများဆုံးရသည့်မဲ (plurality) ဖြင့် သမ္မတရွေးကောက်ပွဲနိုင်သွားသည်။ ဤအခြေအနေတွင် ထိပ်သီးပြိုင်ဘက်နှစ်ဦး အနက်မှ သမ္မတကို ကွန်ဂရက်လွှတ်တော်က ရွေးချယ်သည်။ အမေရိကန်သမ္မတ နစ်ဆင်က အာယွန်ဒဲအကျဘက်ရောက်သွားစေရန် စီအိုင်အေထောက်လှမ်းရေးအဖွဲ့ကိုအမိန့်ပေးခဲ့သည်။

**အောက်တိုဘာ ၁၉၇၀။** အခြေခံဥပဒေကိုလေးစားလိုက်နာသူအဖြစ် လူသိများသည့် စစ်ဦးစီးချုပ် ရီနေး ရှနိုက်ဒါသည် (စီအိုင်အေ၏ပံ့ပိုးမှုဖြင့်လုပ်သည့်) အာယွန်ဒီရွေးကောက် တင်မြှောက်ခံရခြင်းမရှိစေရန် ပိတ်ပင်တားဆီးသည့် မပိရိသောပြန်ပေးဆွဲမှုတွင် အသက်ပေး လိုက်ရသည်။ ကွန်ဂရက်လွှတ်တော်က အာယွန်ဒဲကို သမ္မတတင်မြှောက်သည်။

**နိုဝင်ဘာ ၁၉۷၀။** အမေရိကန်ကုမ္ပဏီများက ပိုင်ဆိုင်သည့် ကြေးနီသတ္တုတွင်းများကို အာယွန်ဒဲက နိုင်ငံပိုင်ပြု လုပ်မှုစတင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးပြုပြင်ပြောင်းလဲမှုကို အရှိန်မြှင့်ပြီး လူမှုရေးခံစားခွင့်များကို တိုးချဲ့သည်။ ထိုလုပ်ဆောင်ချက်များကြောင့် လူ့အဖွဲ့အစည်းတွင် နိုင်ငံရေးရပ်တည်ချက်များ အစွန်းတစ်ဖက်စီဖြစ်ကုန်သည်။

**နိုဝင်ဘာ ၁၉۷၁။** ချီလီသို့ ရက် ၄၀ ကြာ ဗီဒယ်လ်ကက်စထရိုလာရောက်သည်။ နိုင်ငံရေး ရပ်တည်ချက် အစွန်းတစ်ဖက်စီရောက်ခြင်းများ (ဂိုဏ်းကဏ္ဍဖွဲ့ခြင်းများ) ကို မီးလောင်ရာလေ ပင့် ဖြစ်စေခဲ့သည်။

**နိုဝင်ဘာ ၁၉۷၁။** ပြည်တွင်းရေးမငြိမ်မသက်ဖြစ်မှုအချိန်အတော်ကြာဖြစ်ပြီး၊ စီအိုင်အေက ပံ့ပိုးသည့် ဆန္ဒပြပွဲကြီးတစ်ခုဖြစ်ပြီးချိန်တွင် အာယွန်ဒဲက စစ်ဗိုလ်ချုပ်ကြီးများပါသည့် အစိုးရ အဖွဲ့သစ်ကိုခန့်အပ်သည်။

**ဩဂုတ် ၁၉۷၃။** အာယွန်ဒဲသည် အမိန့်ကြေညာချက်များဖြင့် တရားမဝင်အုပ်ချုပ်ကာ တရားစီရင်ရေးဆုံးဖြတ်ချက်များကို မျက်ကွယ်ပြုခဲ့ပြီး လက်နက်ကိုင်လက်ဝဲအုပ်စုများကို လက် သင့်ခံခဲ့သည်ဟု ကွန်ဂရက်လွှတ်တော်နှင့် တရားရုံးချုပ်တို့က စွဲချက်တင်သည်။

**စက်တင်ဘာ ၁၉۷၃။** ကြည်းတပ်စစ်ဦးစီးချုပ် ဩဂတ်စတိုပီနိုချေး အူဂါတီဦးဆောင်သည့် စစ်အာဏာရှင်အုပ်စုက အာဏာသိမ်းလိုက်သည်။ အာယွန်ဒဲကွယ်လွန်သည်။ နိုင်ငံရေးပါတီ များ၊ အလုပ်သမားသမဂ္ဂများကို ပိတ်ပင်ခြင်း၊ ကွန်ဂရက်ကိုဖျက်သိမ်းခြင်း၊ လက်ဝဲနိုင်ငံရေး သမားများစွာ ညှင်းပမ်းနှိပ်စက်မှုများ၊ 'အပျောက်ရှင်းခြင်းများ'ကို စစ်အာဏာရှင်အုပ်စုက လုပ်ဆောင်သည်။ အစိုးရအဖွဲ့ဝင်အများစုကို အကျဉ်းချသည်။ အတိုက်အခံနိုင်ငံရေး ခေါင်း ဆောင်များစွာ ပြည်ပသို့တိမ်းရှောင်ထွက်ပြေးသည်။

**စက်တင်ဘာ ၁၉၇၄။** အာယွန်ဒီလက်ထက် စစ်ဦးစီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဖြစ်သည့် ဝိုလ်ချုပ်ကြီး ကာလိုစ် ပရက်တ်စ် ဂွန်ဇာလက်ဇ် ဘွာနိုဇာရက်စ်မြို့တော်တွင် အသတ်ခံရသည်။ ချီလီထောက်လှမ်းရေးအဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုများစွာထဲက လုပ်ကြံမှုတစ်ခုဖြစ်သည်။

**စက်တင်ဘာ ၁၉၇၅။** စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျနေခြင်းနှင့် ငွေကြေးဖောင်းပွမှုမြင့်မားနေခြင်းကိုတုံ့ပြန်သည့်အနေဖြင့် ချီကာဂိုတက္ကသိုလ်ဆင်း စီးပွားရေးပညာရှင်များ (Chicago Boys) က ဦးဆောင်သည့် ဈေးကွက်စီးပွားရေးစနစ်ကိုအစိုးရက မိတ်ဆက်သည်။ ထိုနှစ်တွင် ဂျီဒီပီ ၁၅ ရာခိုင်နှုန်းကျဆင်းပြီး အလုပ်လက်မဲ့ဦးရေမြင့်တက်လာသည်။

**ဇန်နဝါရီ ၁၉၇၆။** ဂိုဏ်းချုပ်ဘုန်းတော်ကြီး ရာဝူးဆာလီဘာ အန်းရိ၏ညွှန်ကြားချက်ဖြင့် ကက်သိုလစ်ကျောင်းတော်က ဘုန်းတော်ကြီး၏ညီညွတ်ရေးအလုပ်စခန်း (Vicariate of Solidarity) အဖွဲ့ကိုဖွဲ့စည်းကာ ဥပဒေထောက်ကူလုပ်ငန်းနှင့် လူ့အခွင့်အရေးချီးဖောက်မှုများကို စောင့်ကြည့်မှတ်တမ်းတင်သည့်လုပ်ငန်းတို့ကို ဆောင်ရွက်သည်။ အစိုးရကိုဝေဖန်သည့် မဂ္ဂဇင်းတစ်စောင်ထုတ်သည်။

**စက်တင်ဘာ ၁၉၇၆။** အာယွန်ဒီလက်ထက် သံအမတ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးဖြစ်ခဲ့သူ အော်လန်ဒို လက်တဲ လီယေသည် ဝါရှင်တန်ဒီစီမြို့တော်တွင် သူ့လက်ထောက်နှင့်အတူလုပ်ကြံခံရသည်။ ချီလီအစိုးရကသတ်သည်ဟု အမေရိကန်အစိုးရကပြောပြီး ရှုတ်ချသည်။

**စက်တင်ဘာ ၁၉၈၀။** အခြေခံဥပဒေသစ်အတွက် လူထုဆန္ဒခံယူပွဲကျင်းပသည်။ အခြေခံဥပဒေသစ်သည် အာဏာရှင်စစ်အုပ်စုကို ၁၉၉၀ ပြည့်နှစ်အထိအာဏာသက်ရှည်စေမည်ဖြစ်ပြီး ၁၉၉၈ ခုနှစ်အထိ စစ်အစိုးရကိုဆက်လက်တည်မြဲစေမည့် လူထုဆန္ဒခံယူပွဲကို ၁၉၈၈ ခုနှစ်တွင် ကျင်းပပေးမည်ဟုပြဋ္ဌာန်းထားသည်။ စာနယ်ဇင်း စိစစ်ရေး၊ မသမာမှု၊ နိုင်ငံရေးပါတီများကို ပိတ်ပင်မှုတို့ဖြင့် ယင်းလူထုဆန္ဒခံယူပွဲကို အတည်ပြုလိုက်သည်။ လူထုဆန္ဒခံယူပွဲကို အတိုက်အခံက တရားဝင်သည်ဟု လက်မခံခဲ့ပေ။

**ဖွန် ၁၉၈၂။** ချီလီ၏စီးပွားရေးအင်အားသည် ၁၉၈၂-၈၃ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းကျဆုံးခဲ့သည်။ အလုပ်လက်မဲ့နှုန်းသည် ၂၃ ရာခိုင်နှုန်းသို့မြင့်တက်လာခဲ့သည်။ ပိနိုချေးကို မကျေနပ်မှုမြင့်တက်လာသဖြင့် သူ၏စီးပွားရေး မူဝါဒများကို ဖြေလျှော့ရန်တွန်းအားပေးလာခဲ့သည်။

**မေ ၁၉၈၃ ခုနှစ်။** အစောဆုံးဆန္ဒပြပွဲကြီးများကို သတ္တုတွင်းလုပ်သားများသမဂ္ဂနှင့်ပူးပေါင်းကာ အတိုက်အခံတို့ကကျင်းပသည်။ နှစ်များစွာကြာမည့်ဆန္ဒပြပွဲများ၏ အစဖြစ်သည်။

**သြဂုတ် ၁၉၈၃။** အတိုက်အခံပါတီပေါင်းစုံက ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ကိုဖွဲ့စည်းသည်။ ထိုအဖွဲ့သည် ငြိမ်းချမ်းသော ဒီမိုကရေစီအပြောင်းအလဲကို အဓိကထားလုပ်ဆောင်ခဲ့သည်။

**မတ် ၁၉၈၅။** စစ်ဘက်ရဲအဖွဲ့က ကွန်မြူနစ်ပါတီဝင်သုံးဦးကို သတ်ဖြတ်လိုက်ခြင်းကြောင့် တရားရုံးချုပ်၏ စုံစမ်းစစ်ဆေးမှုဖြစ်ပေါ်လာစေခဲ့သည်။ စစ်အာဏာသိမ်းအဖွဲ့ဝင် စစ်ရဲချုပ် နတ်ထွက်သွားခဲ့ပြီး စစ်အရာရှိများစွာ ပြစ်ဒဏ်ချမှတ်ခံရသည်။

**သြဂုတ် ၁၉၈၅။** ပြည့်ဝသောဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေး နိုင်ငံလုံးဆိုင်ရာသဘောတူညီချက်ကို နိုင်ငံရေးပါတီ ၁၁ ခုကလက်မှတ်ရေးထိုးသည်။ စစ်အစိုးရနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တဖြည်းဖြည်းလုပ်ဆောင်ရေးအတွက် ဘုရားကျောင်းတော်က ထောက်ခံသည့် မဟာဗျူဟာ သဘောတူညီချက်ဖြစ်သည်။

**ဇန်နဝါရီ ၁၉۸۶။** ဒီမိုကရေစီလိုလားသည့် အရပ်ဖက်အဖွဲ့အစည်းများ၏ ညွှန့်ပေါင်းအဖွဲ့ ဖြစ်သည့် Civic Assembly (ပြည်သူ့အစည်းအရုံး) ကို စတင်ဖွဲ့စည်းသည်။

**သြဂုတ် ၁၉۸۶။** ကာရီဇယ်ဘာဂျိုကမ်းခြေအနီး ဇရာမလက်နက်ပုံကြီးကို လုံခြုံရေးအဖွဲ့များက ရှာတွေ့သွားသည်။ ထိုလက်နက်များသည် အစိုးရကိုဖြုတ်ချရန် လက်ဝဲနိုင်ငံရေးအင်အားစု၏အကွက်ချ စီစဉ်မှုဖြစ်သည်ဟု အစိုးရကပြောသည်။ ထိုလက်နက်များဖမ်းမိမှုကို အကြောင်းပြကာဖိနိပ်မှုများတိုးမြှင့်ပြီး လက်ဝဲစွန်းနိုင်ငံရေးသမားများကို အယုံအကြည်မရှိအောင် လုပ်ခဲ့သည်။

**စက်တင်ဘာ ၁၉۸۶။** လက်ဝဲပျောက်ကျားတပ်သားများက ပီနိချေးကိုလုပ်ကြံရန်ကြိုးစားသည်။ လူငါးဦးသေဆုံးသည်။ ထိုတိုက်ခိုက်မှုကြောင့် အကြမ်းဖက်နည်းသုံးခြင်းနှင့်ပတ်သက်၍ အတိုက်အခံတို့ကြားစိတ်ဝမ်းကွဲသွားသည်။ အစိုးရ၏နိပ်ကွပ်မှုဖြစ်ပေါ်လာစေသည်။

**ဧပြီ ၁၉۷၈။** ပုပ်ရဟန်းမင်းကြီးဂျန်ပေါလ် ချီလီသို့လာရောက်သည်။ အာဏာရှင်စနစ်ကို ဝေဖန်ပြီး ဒီမိုကရေစီ တောင်းဆိုခဲ့သည်။

**စက်တင်ဘာ ၁၉۷၈။** ၁၉၈၈ လူထုဆန္ဒခံယူပွဲအတွက် ပီနိချေးကို သမ္မတအဖြစ် အစိုးရကအမည်စာရင်တင်းသွင်းသည်။ နိုင်ငံရေးလှုံ့ဆော်စည်းရုံးမှု တရားဝင်လုပ်ခွင့်ရလာသည်။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းများစတင်သည်။

**ဇန်နဝါရီ ၁၉۸၈။** တရားမျှတမှုမရှိ မည်ကို စိုးရိမ်မှုများရှိသည့်တိုင် လူထုဆန္ဒခံယူပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် အတိုက်အခံက ဆုံးဖြတ်လိုက်သည်။ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုအဖွဲ့ (Coalition for No) ကိုဖွဲ့စည်းသည်။ အတိုက်အခံ၏ပညာသည်ဆန်မှုကို အစိုးရကအံ့အားသင့်သွားသည်။ နိုင်ငံတကာ၏ထောက်ခံမှုလည်းရလာသည်။ လွတ်လပ်၍တရားမျှတသော လူထုဆန္ဒခံယူပွဲအတွက် အမေရိကန်သံအမတ်နှင့် အခြားသူများက ဖိအားပေးလာသည်။

**အောက်တိုဘာ ၁၉۸၈။** ပီနိချေးအစိုးရဆက်လက်တည်ရှိမှုကို မဲဆန္ဒရှင်များက ကန့်ကွက်မဲ ၅၆ ရာခိုင်နှုန်း ထောက်ခံမဲ ၄၄ ရာခိုင်နှုန်းဖြင့် ပယ်ချလိုက်သည်။ မဆိုစလောက်

အခြေခံဥပဒေပြင်ဆင်ချက်များအတွက် အစိုးရကအတိုက်အခံနှင့် စေ့စပ်ညှိနှိုင်းသည်။ သို့သော် ကြည်းတပ်စစ်ဦးစီးချုပ်အဖြစ် ပိနိုချေးကို နောက်ထပ်ရှစ်နှစ်တာဝန်ထမ်းဆောင်ခွင့်နှင့် ရာသက်ပန် အထက်လွှတ်တော်ကိုယ်စားလှယ်လုပ်ခွင့် ပေးရမည်ဟုဆိုသည်။

**ဇူလိုင် ၁၉၈၉။** အပြင်းအထန်စေ့စပ်ညှိနှိုင်းမှုများအပြီး လွတ်လပ်သောမဲပေးမှုဖြင့် အခြေခံဥပဒေပြင်ဆင်မှုများကို အတည်ပြုသည်။ ပြုပြင်ပြောင်းလဲမှုများကြောင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် လုပ်ငန်းစဉ်ကိုအပြောင်းအလဲဖြစ်သွားစေသည်။ အရေးပေါ်ကာလ အခွင့်အာဏာများကို ကန့်သတ်လိုက်သည်။ ချီလီဥပဒေများထက် အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်များက လွှမ်းမိုးလာစေသည်။ နိုင်ငံရေးဗဟုဝါဒကိုချဲ့ထွင်ပေးခဲ့သည်။ သို့သော် စစ်တပ်၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားသည်။

**ဒီဇင်ဘာ ၁၉၈၉။** ချီလီတွင် လွတ်လပ်သောရွေးကောက်ပွဲများကျင်းပသည်။ ကန့်ကွက်မဲပေး ရေးလှုပ်ရှားမှုညွှန့်ပေါင်းအဖွဲ့ကိုဆက်ခံသည့် Concertación por la Democracia ညွှန့်ပေါင်းအဖွဲ့က ကွန်ဂရက်လွှတ်တော်တို့ အများစုအနိုင်ရသည်။ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်၊ Concertación ခေါင်းဆောင် ပါထရီဆီယို အဲလွင်က ပိနိုချေး၏ ဘဏ္ဍာရေးဝန်ကြီးကို အနိုင်ရကာ သမ္မတရာထူးရယူခဲ့သည်။

**မတ် ၁၉၉၀။** ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အစီအမံများ၊ အခွန် ကောက်ခံမှုပြုပြင်ပြောင်းလဲမှု၊ ပညာရေးနှင့် ကျန်းမာရေးတွင် အစိုးရအသုံးစရိတ်တိုးမြှင့်ခြင်းတို့ဖြင့် ပိနိုချေးခေတ်မက်ခရိုစီးပွားရေးမူဝါဒကိုပေါင်းစပ်မည့်အစီအမံကို အစိုးရက စတင်ဆောင်ရွက်သည်။

**စက်တင်ဘာ ၁۹۹۰။** အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးအမျိုးသားကော်မရှင်ကို အဲလွင်ကဖွဲ့စည်းကာ ပိနိုချေးလက်ထက်လူ့အခွင့်အရေးချိုးဖောက်မှုများကို အစီရင်ခံစေခဲ့သည်။ ၁۹۹၁ ခုနှစ်တွင်ထုတ်ပြန်သည့် ထိုအစီရင်ခံစာတွင် နိုင်ငံရေးအရသတ်ဖြတ်မှု ၂၂၇၉ ခုကိုဖော်ထုတ်နိုင်ခဲ့သည်။

**စက်တင်ဘာ ၁۹۹၁။** ပိနိုချေး၏မဟာမိတ် အထက်လွှတ်တော်ကိုယ်စားလှယ် ယာမီး ဂုဇမန်ကို ရာဒီကယ်လက်ဝဲနိုင်ငံရေးအုပ်စုက လုပ်ကြံလိုက်သည်။ လက်ယာနိုင်ငံရေးအုပ်စုကို အကြမ်းဖက်မှုနှင့် ပြန်ပေးဆွဲမှုများကြောင့် နိုင်ငံရေးရပ်တည်ချက် ဗီလာဆန့်ကျင်မှုများတိုးပွားလာစေသည်။ ထောက်လှမ်းရေးစွမ်းရည်များကိုမြှင့်တင်ရန် အစိုးရကိုနှားလည်လက်ခံသွားစေခဲ့သည်။

**အောက်တိုဘာ ၁۹۹၂။** အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများအပြီး ၁۹၇၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် စည်ပင်ရွေးကောက်ပွဲများကျင်းပသည်။

**ဒီဇင်ဘာ ၁۹۹၃။** Concertación ညွှန့်ပေါင်းအဖွဲ့ဝင်ဖြစ်ပြီး ခရစ်ယာန်ဒီမိုကရက်ပါတီဝင်နှင့် သမ္မတဟောင်း၏ သားဖြစ်သူ အေဒူယာဒို ဖရိုင်း ရှုအစ်တာဂယ် သမ္မတအဖြစ်ရွေးကောက်

တင်မြှောက်ခံရသည်။ Concertación က ကွန်ဂရက်လွှတ်တော်ကို ဆက်ပြီးလွှမ်းမိုးထားသည်။

**မေ ၁၉၉၅။** ယခင်ထောက်လှမ်းရေးအကြီးအကဲဟောင်း မာနျူရယ် ကွန်ထရေးရာသည် လက်တဲလီယေကိုလုပ်ကြံရန် ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲဆိုခံရသည်။ ၎င်းသည် ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ပြစ်ဒဏ်ချမှတ်ခံသွားရသည်။

**မတ် ၁၉၉၈။** ကြည်းတပ်စစ်ဦးစီးချုပ်အဖြစ်မှ ပီနိုချေးနတ်ထွက်သည် သမ္မတဟောင်းဖြစ်၍ ရာသက်ပန်အထက် လွှတ်တော်အမတ်ဖြစ်လာပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိသွားသည်။

**အောက်တိုဘာ ၁၉၉၈။** ပီနိုချေးကို လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် နိုင်ငံတကာ ဖမ်းဝရမ်းဖြင့် လန်ဒန်မြို့တော်တွင် ဖမ်းဆီးလိုက်သည်။ သမ္မတ ဖရိုင်းအစိုးရက ချီလီသို့လွှဲပြောင်းပေးရန်တောင်းဆိုသည်။ ချီလီရာဇ ဝတ်တရားသူကြီးတစ်ဦးက ပြစ်ဒဏ်ချမှတ်သည်။

**ဇန်နဝါရီ ၂၀၀၀။** Concertación ခေါင်းဆောင်တစ်ဦးဖြစ်ပြီး သဘောထားပျော့ပြောင်းသည့် လက်ဝဲနိုင်ငံရေးသမား၊ အဲလွင်အစိုးရလက်ထက် ပညာရေးဝန်ကြီးဖြစ်သူ ရီကာဒို လာဂို့စ် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

**မတ် ၂၀၀၀။** ပီနိုချေးကို ချီလီသို့လွှဲပြောင်းပေးသည်။ ကွန်ဂရက်လွှတ်တော်က ၎င်းကို တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ပေးသည်။ သို့သော် အထက်လွှတ်တော်မှ ၎င်းကိုဖယ်ရှားလိုက်သည်။ သူ၏တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့်ကို တရားရုံးအမှုတွဲများစွာက စိန်ခေါ်ခံရသည်။

**မေ ၂၀၀၄။** ပီနိုချေးလက်ထက် အကျဉ်းချခံရသူ၊ နှိပ်စက်ညှင်းပမ်းခံရသူများကို ဖော်ထုတ်ရန်နှင့် ကုစားမှုပေးရန် ကော်မရှင်တစ်ခုကို လာဂို့စ်ကဖွဲ့စည်းသည်။ နောက်ခြောက်လ အကြာတွင် ကော်မရှင်အစီရင်ခံစာကို ထုတ်ပြန်သည်။

**စက်တင်ဘာ ၂၀၀၅။** ကွန်ဂရက်လွှတ်တော်က အခြေခံဥပဒေကိုပြင်ဆင်သည်။ ရွေးကောက်တင်မြှောက်ခံမဟုတ်သည့် အထက်လွှတ်တော်ကိုယ်စားလှယ်များ ဖယ်ရှားခံရသည်။ စစ်ဦးစီးချုပ်များနှင့် ရဲချုပ်တို့ကို သမ္မတက ရာထူးမှဖယ်ရှားခွင့်ရှိလာသည်။

**ဇန်နဝါရီ ၂၀၀၆။** Concertación ၏ကိုယ်စားလှယ်လောင်းနှင့် ပီနိုချေးကိုဆန့်ကျင်သည့် ဗိုလ်ချုပ်ကြီး၏ သမီးဖြစ်သူ ဆိုရှယ်လစ်ပါတီဝင် မီချယ်ဘာချလေးကို ချီလီ၏ပထမဆုံး အမျိုးသမီးသမ္မတအဖြစ် ရွေးကောက်တင်မြှောက်သည်။

**ဒီဇင်ဘာ ၂၀၀၆။** အသက် ၉၁ နှစ်တွင် ပီနိုချေးကွယ်လွန်သည်။ အပြီးမသတ်သေးသည့် ၎င်းကိုတရားစွဲဆိုမှုများ ကျန်ရှိနေဆဲဖြစ်သည်။

**ဇန်နဝါရီ ၂၀၁၀။** စီးပွားရေးလုပ်ငန်းရှင်နှင့် သဘောထားမျှတသည့် လက်ယာနိုင်ငံရေး

သမား ဆေဘက်တီယန်ပင်နေရာ သမ္မတအဖြစ်တင်မြှောက်ခံရသည်။ Concertación အတွက် ပထမဆုံးအကြိမ် သမ္မတတင်မြှောက်ခွင့် ဆုံးရှုံးခြင်းဖြစ်သည်။

## ဆက်လက်ဖတ်ရှုရန်စာအုပ်စာတမ်းများ


Arriagada, Genaro, *Pinochet: The Politics of Power* (ပီနိုချေး- ပါဝါနိုင်ငံရေး) [Coalition for No ၏ အမှုဆောင်အရာရှိရေးသည်] (Boston, Mass.: Unwin Hyman, 1988)

Aylwin, Patricio, *El Reencuentro de los Demócratas: Del Golpe al Triunfo del No* [ဒီမိုကရက်တို့ ပြန်လည်ပေါင်းစည်းခြင်း-အာဏာသိမ်းခြင်းမှသည် Coalition for No ၏အောင်ပွဲခံမှုဆီသို့] (Santiago, Chile: Ediciones Grupo Zeta, 1998)

Aylwin, Patricio, Peréz, Serrano, Cavallo, Ascanio and Niklander, Karin, *El Poder de la Paradoja: 14 Lecciones Políticas de la Vida de Patricio Aylwin* [ဝိရောဒိ၏ စွမ်းပကား- ပါထရီဆီယို အဲလွင်၏ဘဝမှရသော နိုင်ငံရေးသင်ခန်းစာ ၁၄ ခု] (Santiago, Chile: Grupo Editorial Norma, 2006)

Barahona de Brito, Alexandra, *Human Rights and Democratization in Latin America: Uruguay and Chile* [လက်တင်အမေရိကရှိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတည်ဆောက်ခြင်း- ဥရုဂွေးနှင့်ချီလီ] (Oxford, UK: Oxford University Press, 1997)

Bitar, Sergio, *Transición, Socialismo y Democracia: La Experiencia Chilena* [အသွင်ကူးပြောင်းမှု၊ ဆိုရှယ်လစ်ဝါဒနှင့် ဒီမိုကရေစီ- ချီလီအတွေ့အကြုံ] (Buenos Aires, Argentina: Siglo Veintiuno Editores, 1979)

Drake, Paul W. and Jaksic, Iván (eds), *The Struggle for Democracy in Chile* [ချီလီတွင် ဒီမိုကရေစီအရေးရှုန်းကန်လှုပ်ရှားခြင်း] (Lincoln, Nebr.: University of Nebraska Press, 1991)

Fleet, Michael and Smith, Brian H., *The Catholic Church and Democracy in Chile and Peru* [ချီလီနှင့် ပီရူးတွင် ဒီမိုကရေစီရေးအတွက် ကက်သိုလစ်ကျောင်းတော်] (Notre Dame, Ind.: University of Notre Dame Press, 1998)

Foxley, Alejandro, 'Lessons from Chile's Development in the 1990s', in Timothy Besley and Roberto Zagha (eds), *Development Challenges in the 1990s: Leading Policymakers Speak from Experience* [၁၉၉၀ ပြည့်နှစ်များက ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ- မူဝါဒချမှတ်သူများက ၎င်းတို့၏အတွေ့အကြုံကို ပြောပြချက်] (Washington,D.C. and New York: World Bank and Oxford University Press, 2005) [by Christian Democratic think tank leader and finance minister under Aylwin]

Garretón, Manuel Antonio, *Reconstruir la Política: Transición Consolidación Democrática en Chile* [နိုင်ငံရေးပြန်လည်တည်ဆောက်ခြင်း- ချီလီတွင် ဒီမိုရေစီအသွင်ကူးပြောင်းမှု ကြံ့ခိုင်အောင်လုပ်ခြင်း] (Santiago, Chile: Editorial Andante, 1987)

Huneeus, Carlos, *The Pinochet Regime [ပိနိုချေးအစိုးရ]* (Boulder, Colo.: Lynne Rienner, 2007)

Lagos, Ricardo, with Hounshell, Blake and Dickinson, Elizabeth, *The Southern Tiger: Chile's Fight for a Democratic and Prosperous Future* (တောင်ပိုင်းကကျား- ဒီမိုကရေစီနှင့် သာယာဝပြောသောအနာဂတ်အတွက် ချီလီ၏တိုက်ပွဲဝင်မှု) [သမ္မတဟောင်းနှင့် Concertación ညွှန့်ပေါင်းအဖွဲ့ခေါင်းဆောင်ဟောင်းရေးသည်] (New York: Palgrave Macmillan, 2012)

Muñoz, Heraldo, 'Chile: The Limits of Success', in Abraham F. Lowenthal (ed.), *Exporting Democracy*: The United States and Latin America [ဒီမိုကရေစီရှာဖွေခြင်း-အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိက] (Baltimore, Md.: Johns Hopkins University Press, 1991)

Ominami, Carlos, *Secretos de la Concertación: Recuerdos Para el Futuro* [Concertación ၏လျှို့ဝှက်ချက်များ- အနာဂတ်ကိုယ်တွေ့မှတ်တမ်း] (Santiago, Chile: Editorial Planeta, 2011)

Oxhorn, Philip, *Organizing Civil Society: The Popular Sectors and the Struggle for Democracy in Chile* [အရက်ဖက်လူ့အဖွဲ့အစည်းကိုစုစည်းခြင်း- ချီလီတွင် ဒီမိုကရေစီရေးအတွက် အများပြည်သူစစ်မျက်နှာများနှင့်တိုက်ပွဲဝင်မှု] (University Park, Pa.: Pennsylvania State University Press, 1995)

Puryear, Jeffrey M., *Thinking Politics: Intellectuals and Democracy in Chile, 1973–1988* [နိုင်ငံရေး အကြောင်းစဉ်းစားခြင်း- ချီလီရှိ ဒီမိုကရေစီနှင့် ပညာတတ်များ၊ ၁၉၇၃-၁၉၈၈ကာလ] (Baltimore, Md.: Johns Hopkins University Press, 1994)

Silva, Patricio, 'Searching for Civilian Supremacy: The Concertación Governments and the Military in Chile' [အရပ်ဖက်လွှမ်းမိုးမှုကိုရှာဖွေခြင်း - Concertación ညွှန့်ပေါင်းအစိုးရများနှင့် ချီလီစစ်တပ်], *Bulletin of Latin American Research,* 21/3 (2002), pp. 375–95

Tironi, Eugenio and Sunkel, Guillermo, 'The Modernization of Communications: The Media in the Transition to Democracy in Chile' [ဆက်သွယ်ရေးခေတ်မီလာခြင်း- ချီလီ၏ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် မီဒီယာ၏အခန်းကဏ္ဍ], in Richard Gunther and Anthony Mughan (eds), *Democracy and the Media: A Comparative Perspective* (Cambridge, UK: Cambridge University Press, 2000)

Valenzuela, J. Samuel and Scully, Timothy R., 'Electoral Choices and the Party System in Chile: Continuities and Changes at the Recovery of Democracy' [ချီလီရှိ ရွေးကောက်ပွဲဆိုင်ရာရွေးစရာများနှင့် ပါတီများဖွဲ့စည်းပုံ- ဒီမိုကရေစီပြန်ရရှိန်တွင်ရှိနေသည့် သက်ဆိုးရှည်မှုများနှင့်အပြောင်းအလဲများ], *Comparative Politics*, 29/4 (1997), pp. 511–27

အခန်း (၂)

# အင်ဒိုနီးရှားနိုင်ငံ

# အင်ဒိုနီးရှားဗဒ္ဓိ ဒီမိုကရေစီခရီး - ပြဿနာများ၊ အလားအလာများနှင့် ကျန်ရှိဆဲ စိန်ခေါ်မှုများ

Bahtiar Effendy နှင့် Mutiara Pertiwi ရေးသည်။

အင်ဒိုနီးရှားသည် ပထဝီအနေအထားအပြင်လူမျိုးစု၊ ဘာသာရေး၊ လူမှုလူတန်းစားအရ ပိုင်းခြားထားသည့် ကျွန်းပေါင်း ၁၃၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၃၆၆ မျိုးရှိသည်။

အစ္စလာမ်ဘာသာသည်လူများစုကိုးကွယ်သည့်ဘာသာရေးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသား ၈၇ ရာခိုင်နှုန်းက အစ္စလာမ်ဘာသာကို ကိုးကွယ်သူများဖြစ်သည်။ ကတ်သိုလစ်၊ ပရိုတက်စတင့်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ကွန်ဖြူးရှပ်ဝါဒီ အသိုက်အဝန်းများလည်း အင်ဒိုနီးရှားတွင်ရှိသည်။ အင်ဒိုနီးရှားတွင် ဤသို့သောတိုင်းရင်းသားလူမျိုးစု အမျိုးမျိုးနှင့် ကိုးကွယ်ယုံကြည်မှုကွဲပြားနေခြင်းများက တစ်မျိုးသားလုံးနှင့်ဆိုင်သော ဘုံသဘောတူမျှမှုနှင့် တရားဝင်အာဏာပိုင်ဖြစ်မှုတို့ကို ရရှိဖို့ခက်ခဲစေသည်။[i]

## အစောဆုံး ဒီမိုကရေစီအတွေ့အကြုံ

၁၉၄၅ ခုနှစ်တွင် အင်ဒိုနီးရှား၏လွတ်လပ်ရေးကို ဆူကာနိုနှင့် မိုဟာမက်ဟာတာတို့က ကြေညာခဲ့စဉ်က ဒီမိုကရေစီကို တိုင်းပြည်၏အစိုးရစနစ်အဖြစ် အီလစ်လူတန်းစား အခြေခံယုံကြည်မှုဖြင့် ယေဘုယျလိုလားခဲ့သည်။ အင်ဒိုနီးရှား၏ ၁၉၄၅ ခုနှစ်အခြေခံဥပဒေသည် အုပ်ချုပ်ရေးမဏ္ဍိုင်ကို အခွင့်အာဏာပိုမိုပေးအပ်ထားသည်။ သို့သော် ဒီမိုကရေစီ၏ အရေးပါသောအခြေခံဥပဒေသအချို့ကိုလည်း အသိအမှတ်ပြုထည့်သွင်းထားပါသည်။ အခြေခံဥပဒေ၏ နိဒါန်းတွင် လူလူချင်းစာနာထောက်ထားမှု၊ လူထုနှင့်တိုင်ပင်ဆွေးနွေးမှု၊ လူမှုရေးတရားမျှတမှုတို့ကို အလေးထားဖော်ပြထားသည်။ အခြေခံဥပဒေအရ အချုပ်အခြာအာဏာသည် ပြည်သူ့လူထုထံတွင်တည်နေပြီး People's Representative Council (DPR) (အောက်လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်)နှင့် People's Consultative Assembly (MPR) (ပြည်ထောင်စုလွှတ်တော်) နှစ်ရပ်စလုံးက ပြည်သူများကိုကိုယ်စားပြုရန်ဖြစ်သည်။[1] ထို့အပြင် အများစုဆန္ဒဖြင့် အုပ်ချုပ်သောစနစ်၏ အခြေခံမူများ၊ အာဏာသုံးရပ်ခွဲဝေပိုင်းခြားကန့်သတ်ထားခြင်း၊ လွတ်လပ်စွာကိုးကွယ်ခွင့်တို့ကို အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ဤသည်တို့ကို

1 အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် MPR သည် DPR အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာသည်အဖွဲ့အစည်းများ၊ စစ်တပ်တို့ဖြင့်ဖွဲ့စည်းထားသည်။ MPR ၏ ပဓာနကျသော တာဝန်များမှာ ၁- သမ္မတနှင့် ဒုတိယသမ္မတကို ရွေးကောက်တင်မြှောက်ရန်၊ ၂- သမ္မတကို အရည်ချင်းစစ်ဆေးရန်၊ ၃-အခြေခံဥပဒေကို ပြင်ဆင်ရန်၊ ၄-တိုင်းပြည့်မူဝါဒ၏ ကျယ်ပြန့်သောလမ်းညွှန်ချက်များကို အသေးစိတ်ရေးဆွဲရန်တို့ဖြစ်သည်။

ကိုယ်စားပြုဒီမိုကရေစီအပါအဝင် အခြေခံမူငါးရပ်ဟူသည့် Pancasila ကိုအခြေခံသော တိုင်းပြည်၏ သဘောတရားရေးရာတွင် ဖော်ပြထားသည်။ ထိုအခြေခံမူများတွင် ဘာသာရေးတစ်ခုနှင့် နိုင်ငံတော်ကို ဆက်နွယ်မှုမပါချေ။[2] ၁၉၄၆ ခုနှစ် ဇန်နဝါရီတွင် ပြည်လုံးကျွတ်ရွေးကောက်ပွဲ ကျင်းပရန် အစီအစဉ်ကြောင့် ဒီမိုကရေစီကို လိုလားမှုခိုင်မာအားကောင်းလာစေခဲ့သည်။ ရွေးကောက်ပွဲကျင်းပရန်အတွက် ပြည်သူများနိုင်ငံရေးပါတီများဖွဲ့စည်းကြရန် တိုက်တွန်းအားပေးဖို့ အမိန့်ကြေညာချက်(၄) (Declaration X) ကို အစိုးရကထုတ်ပြန်ခဲ့သည်။[ii]

သို့သော်ရွေးကောက်ပွဲကျင်းပရန်အစီအစဉ်မှာ အကောင်အထည်ပေါ်မလာခဲ့ပါ။ ဒတ်ချ်နယ်ချဲ့ စနစ်တစ်ကျော့ပြန်လာရန် ခြိမ်းခြောက်မှုမှ တိုင်းပြည်၏လွတ်လပ်ရေးကို ၁၉၄၅ မှ ၁၉၄၉ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံက မဖြစ်မနေကာကွယ်ခဲ့ရသောကြောင့် ပုံမှန်အစိုးရလုပ်ငန်းဆောင်တာများကိုပင် ရပ်ဆိုင်းထားခဲ့ရသည်။ စစ်စပ်ဆွေးနွေးမှုများဆက်တိုက်ပြုလုပ်ပြီးနောက် နယ်သာလန်နိုင်ငံက အင်ဒိုနီးရှား၏အချုပ်အခြာအာဏာကို အသိအမှတ်ပြုရန် သဘောတူခဲ့သည့် ၁၉၄၉ ခုနှစ် ဒီဇင်ဘာတွင် လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးသွားခဲ့သည်။ လွှတ်တော်စနစ်ဖြင့် အစိုးရအုပ်ချုပ်မှုဖြင့်သွားသည့် ထိုစဉ်က တိုင်းပြည်သစ် အင်ဒိုနီးရှားသည် ဒီမိုကရေစီအခြေခံမူများနှင့်အညီ အခြေခံဥပဒေပြဋ္ဌာန်းချက်များကို ရေးဆွဲနိုင်ခဲ့သည်။ အင်ဒိုနီးရှား၏ ဒီမိုကရေစီတိမ်းညွှတ်မှုကို လွှတ်တော်၏ လစ်ဘရယ်ဆန်သော လက္ခဏာများက သက်သေပြနေသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် အဟန့်အတားမရှိသလောက်နီးပါး လွတ်လပ်စွာဆောင်ရွက်ခွင့်ရကြသည်။

ဤဒီမိုကရေစီခရီးလမ်းပိုင်းသည် ၁၉၅၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆုံးခန်းတိုင်သွားခဲ့သည်။[3] ပြည်သူ့လွှတ်တော် (DPR) ကိုယ်စားလှယ်နေရာများနှင့် တိုင်းပြုပြည်ပြုလွှတ်

2 ၁၉၄၅ ခုနှစ် ဇွန် ၁ ရက်တွင် အခြေခံမူငါးရပ်ပါဝင်သော Pancasila ကို ဆူကာနိုကမိတ်ဆက်ခဲ့သည်။ ထိုအခြေခံမူငါးရပ်မှာ ၁- ဘုရားရှင်ကိုယုံကြည်ခြင်း၊ ၂- တရားမျှတ၍ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူ့ဘောင်၊ ၃-အင်ဒိုနီးရှား၏စည်းလုံးမှု၊ ၄- လွှတ်တော်ကိုယ်စားလှယ်များက အပြန်အလှန်ဆင်ခြင်သုံးသပ်ပြီး ရလာသည့်သဘောတူညီမှု၏ လေးနက်သောဉာဏ်အမြော်အမြင်က လမ်းညွှန်သည့် ဒီမိုကရေစီ၊ ၅- အင်ဒိုနီးရှားပြည်သူများအားလုံးအတွက် လူမှုရေးတရားမျှတမှုတို့ ဖြစ်ကြသည်။

3 ၁၉၅၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်နှင့် ဒီဇင်ဘာ ၁၅ ရက်များတွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပထမအကျော့ ရွေးကောက်ပွဲသည် DPR အောက်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်ဖြစ်ပြီး ဒုတိယအကျော့ရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ Herbert Feith ရေး- *The Indonesian Elections of 1955* (Ithaca: Modern Indonesian Project, Southeast Asia Program, Cornell University, 1951)

တော်နေရာများအတွက်အနည်းဆုံးနိုင်ငံရေးပါတီ ၃၄ ခုနှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။[4] ထို ကိုယ်စားလှယ်လောင်းများထဲမှ နိုင်ငံရေးပါတီ ၂၈ ခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများသာ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာတစ်နေရာ သို့မဟုတ် တစ်နေရာထက်ပိုပြီးအနိုင်ရသွားခဲ့ကြသည်။

အင်ဒိုနီးရှား အမျိုးသားရေးပါတီ၊ Masyumi, Nahdlatul, Ulama နှင့် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ (PKI) ပါတီများသည် မဲအရေအတွက်စုစုပေါင်း၏ ၂၂၊ ၂၁၊ ၁၈ နှင့် ၁၆ ရာခိုင်နှုန်း အသီးသီးရရှိကာ အင်အားအကြီးဆုံးပါတီများအဖြစ် ထွက်ပေါ်လာခဲ့သည်။ အခြားပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များက မဲအရေအတွက်စုစုပေါင်း၏ ၀ ဒသမ ၁ ရာခိုင်နှုန်းမှ ၂ ဒသမ ၉ ရာခိုင်နှုန်း မဲရရှိခဲ့ကြသည်။[iii]

ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသော်လည်း အစိုးရရော တိုင်းပြည်ပြည်ပြု လွှတ်တော်ပါ ကောင်းမွန်စွာမစွမ်းဆောင်နိုင်ခဲ့ကြပေ။ (၁၉၅၅ ခုနှစ် မတိုင်မီ) ၁၉၄၉ ခုနှစ် ဒီဇင်ဘာမှ ၁၉၅၇ ခုနှစ် မတ်လအထိကာလအတွင်း တိုင်းပြည်၏ပြင်းထန်သော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြဿနာများကို အာရုံစိုက်ဖြေရှင်းဖို့ထက် အမျိုးသားစည်းလုံးညီညွတ်ရေး ကိုကိစ္စကို အစိုးရအဖွဲ့အဆက်ဆက် ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ ထိုကာလအတွင်း ဝန်ကြီး အဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့အပြောင်းအလဲများ ရှစ်ကြိမ်ထက်မနည်းဖြစ်ပေါ်ခဲ့သည်။ အခြေခံ ဥပဒေရေးဆွဲရေးနှင့် တိုင်းပြည်အခြေခံမူ သဘောတရားများအဖြစ် Pancasila၊ အစ္စလာမ် ဘာသာ သို့မဟုတ် လူမှုစီးပွားရေးတွင် မည်သည်ကို တိုင်းပြည့်အခြေခံမူ သဘောတရားများ အဖြစ်ကျင့်သုံးရမည်ကိုဆုံးဖြတ်ရန် တိုင်းပြုပြည်ပြုလွှတ်တော်က ပျက်ကွက်ခဲ့သသည်။

အထက်ပါမတိုးသာ မဆုတ်သာအခြေအနေကိုဖြေရှင်းရန် ၁၉၅၉ ခုနှစ်တွင် Pancasila နှင့် ၁၉၄၅ ခုနှစ် အခြေခံဥပဒေကိုပြန်လည်ကိုင်စွဲသည့် ထုတ်ပြန်ချက်အမိန့်ကို ဆူဟာတိုက ထုတ်ပြန်ခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ ၁၉၄၅ ခုနှစ် အခြေခံဥပဒေ တွင် အုပ်ချုပ်ရေးအာဏာများကို အခိုင်အမာပြဋ္ဌာန်းထားသဖြင့် ဆူကာနိသည် လိုသလိုအုပ်ချုပ် နိုင်ခဲ့သည်။ အရပ်ဖက် နိုင်ငံရေးသမားများကို (စစ်တပ်နှင့်) ၎င်းကိုယ်တိုင်က မနှစ်မြို့ကြောင်း ထုတ်ပြောလေ့ရှိသည့် ဗိုလ်ချုပ်ကြီး နာဆူရှန်း၏ထောက်ခံမှုဖြင့် ဆူကာနိနှင့်စစ်တပ်သည် ၁၉၅၉ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ အင်ဒိုနီးရှား နိုင်ငံရေးတွင် လွှမ်းမိုးကြီးစိုးသည့် ပလေယာ များဖြစ်ခဲ့ကြသည်။ နိုင်ငံရေးတွင် စစ်တပ်၏အခန်းကဏ္ဍကို ချိန်ခွင်လျှာထိန်းရန် PKI ပါတီကို အုပ်ချုပ်ရေးတွင် သူနှင့်အတူပူးပေါင်းပါဝင်ဖို့ ဆူကာနိက ဖိတ်ခေါ်ခဲ့သည်။

4 တိုင်းပြည်၏သဘောတရားရေးရာ (အခြေခံမူများ)၊ အခြေခံဥပဒေရေးဆွဲရန်တို့သည် တိုင်းပြုပြည်ပြုလွှတ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည်။

## ဒီမိုကရေစီပြိုကွဲကျဆုံးခြင်း

၁၉၅၉ ခုနှစ်တွင် ဆူကာနိုထုတ်ပြန်သည့် အမိန့်ကြေညာချက်များသည် အင်ဒိုနီးရှား၏ အစောဆုံးဒီမိုကရေစီစမ်းသပ်ချက် ဆုံးခန်းတိုင်သွားသည့် လက္ခဏာကိုပြသည်။ သူ၏အာဏာ ထိပ်ဆုံးရောက်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း ဆူကာနိုသည် လွတ်လပ်မှုနှင့် ပြည်သူ့လွတ်လပ်ခွင့်များကို ထိန်းချုပ်ခဲ့သည်။ ရုံးတင်စစ်ဆေးခြင်းကဲ့သို့ ဥပဒေလမ်းစဉ်များ ကိုလေးစားလိုက်နာခြင်းမရှိဘဲ သူ၏နိုင်ငံရေးပြိုင်ဘက်များကို ဆူကာနိုကအကျဉ်းချခဲ့သည်။

၁۹۶۹ ခုနှစ် စက်တင် ဘာ ၃၀ ရက်တွင်ဖြစ်ပွားသည့် အကြီးတန်းစစ်ဗိုလ်ချုပ်ကြီး ၇ ဦး လုပ်ကြံ သတ်ဖြတ်ခံရမှုအပြီး အာဏာသိမ်းမှုဖြင့် ထိန်းကျောင်းထားသော ဒီမိုကရေစီဟု လူသိများသည့် ဆူကာနိအုပ်ချုပ်မှု အဆုံးသတ်သွားခဲ့သည်။ စက်တင်ဘာ ၃၀ အရေးအခင်းဟု လူသိများသည့် အဆိုပါ အာဏာသိမ်းမှုကို အီလစ်တပ်ရင်းအဖြစ် ဆူကာနိကိုကာကွယ်စောင့် ရှောက်ရသော ကာကရာ ဘီယာဝါတပ်ရင်း၏ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အန်တန်း ဆမ်ဆူရီက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။[iv]

မွတ်ဆလင်ဘာသာဝင်များအပါအဝင် ကွန်မြူနစ်ဆန့်ကျင်ရေး လူမှုရေးနှင့်နိုင်ငံရေးအင် အားစုများနှင့်အတူ စစ်တပ်က ရှေ့ဆောင်တပ်ဦးအဖြစ် အကြမ်းဖက်ဖြုတ်ထုတ်သတ်လုပ်ရပ် များလုပ်ဆောင်ခြင်းကြောင့် PKI ပါတီဝင်အချို့နှင့် ယင်းပါတီကိုထောက်ခံသူဟုဆိုသူများမှာ အများအပြားသေးမြေကျခဲ့ရသည်။[5]

အာဏာသိမ်းမှုကိုနှိမ်နှင်းကာ အထက်ပါ စက်တင်ဘာအရေးအခင်းကို ထိန်းချုပ်ခဲ့သည့် မဟာဗျူဟာအထူးအဖွဲ့မှူးဟောင်း ဗိုလ်မှူးချုပ် ဆူဟာတို၏ဦးဆောင်မှုအောက်တွင် ၁၉၅၀မှ ၁۹۶۰ ထိကာလအထိကြာသည်ဟုဆိုကြသော ဆူကာနိ အစိုးရအုပ်ချုပ်ရေး (Old Order) ၏ ကျရှုံးမှုများကို ကုစားဖြေရှင်းရန် New Order အစိုးရကို ဖွဲ့စည်းခဲ့သည်။ လစ်ဘရယ်ဒီမိုကရေစီ ခေတ် (၁၉၅၀မှ ၁၉၅၇)၊ ထိန်းကျောင်း ဒီမိုကရေစီခေတ် (၁၉၅၇ မှ ၁۹۶۶) ကာလနှစ်ခုစလုံး သည် တိုင်းပြည်တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြည်သူတို့၏တောင်းဆိုမှုများကို ဖြည့်ဆည်းပေးရာတွင် အချည်းနှီးဖြစ်ခဲ့သည့်ကာလများဟု အသစ်တက်လာသည့် ဆူဟာတို အစိုးရက ပစ်ပယ်ခဲ့သည်။

ဆူဟာတို၏ New Order အစိုးရသည် ဒီမိုကရေစီအမြစ်တွယ်ရေးထက် တိုင်းပြည် တည်ငြိမ်ရေးကို ဖန်တီးပေးရန်ရည်သန်ခဲ့သည်။ ၁۹۶۶-၁۹۹۸ ကာလအတွင်း ဆူဟာတို၏

5 သေဆုံးသူအရေအတွက်သည် ၈၀၀၀၀ မှ ၃ သန်းကြားတွင်ရှိပြီး မှတ်တမ်းတစ်ခုနှင့်တစ်ခုမတူချေ။ မယုတ်မလွန်ရှိ သည့် အရေအတွက်သည် ၅၀၀၀၀၀ ဖြစ်သည်ဟုယူဆကြသည်။ Robert Cribb (ed.), *The Indonesian Killings 1965-1966: Studies From Java and Bali* (Clayton, Victoria: Monash University, Centre for Southeast Asian Studies, 1990); Douglas Kammen and Katherine McGregor, *The Contours of Mass Violence in Indonesia, 1965-1968* (Singapore: National University of Singapore Press, 2012). တွင်ကြည့်ပါ။

New Order အစိုးရသည် နိုင်ငံရေးအရ ပြိုင်ဆိုင်မှုများကိုဟန့်တားကာ 'ဖိနှိပ်သော၊ဖွံ့ဖြိုးရေးဦးစားပေးသည့် အုပ်ချုပ်ရေး' ကို ကျင့်သုံးခဲ့သည်။[v] လိမ္မာပါးနပ်ပြီးလှည့်ဖျားသော နိုင်ငံရေးအင်ဂျင်နီယာအတတ်ပညာကိုသုံးပြီး အစိုးရက နိုင်ငံရေးဆိုင်ရာလွတ်လပ်ခွင့်များကို ထိန်းချုပ်ခြင်း၊ နိုင်ငံရေးပါတီအရေအတွက်ကိုကန့်သတ်ခြင်း၊ ပြိုင်ဆိုင်မှုကိုကန့်သတ်ထားသော ရွေးကောက်ပွဲဥပဒေကို အစိုးရကမူကြမ်းရေးဆွဲ ခဲ့သည်။ ရွေးကောက်ပွဲရလဒ်များကို လိုသလိုထိန်းချုပ်ခဲ့သည်။ DPR အောက်လွှတ်တော်သည် ဟန်ပြရာဘာတံဆိပ်တုံးလွှတ်တော်ဖြစ်လာခဲ့သည်။ ဆူဟာတို အစိုးရသည် အာဏာရှင်ဆူကာနိအစိုးရနေရာတွင် ၁၉၆၆ ခုနှစ်၌ အစားဝင်လာသည့် အာဏာရှင်အစိုးရသာဖြစ်သည်ဟု အင်ဒိုနီးရှားလူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ယူဆလာကြသည်။[vi]

အာဏာရှင်ဆန်သောသဘာဝကို ဖုံးကွယ်ရန်အလို့ငှာ New Order အစိုးရသည် ၁၉၇၁၊ ၁၉၇၇၊ ၁၉၈၇၊ ၁၉၉၂၊ ၁၉၉၇ ခုနှစ်များတွင် လွှတ်တော်ရွေးကောက်ပွဲများ ပုံမှန်ကျင်းပခဲ့သည်။ အစိုးရဏိနိုင်ငံရေးပါတီ Golkar သည် ရွေးကောက်ပွဲတိုင်းတွင် အနိုင်ရသည်။ မဲဆန္ဒရှင်အများစုသည် အခြားနိုင်ငံရေးပါတီများကို မဲမထည့်ရဲလောက်အောင် ဖိနှိပ်မှုဖြင့် အလွန်အကျွံ ခြိမ်းခြောက်အကြပ်ကိုင်ခံရသဖြင့် Golkar ပါတီသည် မဲဆန္ဒစုစုပေါင်း၏ ၆၀မှ ၇၀ ရာခိုင်နှုန်းကိုရရှိလေ့ရှိသည်။

ယင်း၏ လစ်ဘရယ်မဆန်သော နိုင်ငံရေးလမ်းစဉ်နှင့်လည်းဆန့်ကျင် (ဆူကာနို၏ နိုင်ငံတော် ဗဟိုပြုလမ်းစဉ်နှင့်လည်းဆန့်ကျင်) သော လစ်ဘရယ်စီးပွားရေးမူဝါဒကို New Order အစိုးရကကျင့်သုံးခဲ့သည်။ ဆူဟာတို အစိုးရက ဈေးကွက်စီးပွားရေးစနစ်သို့ဦးတည်လိုက်ခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အကူအညီကိုရရှိခဲ့သည်။ အင်ဒိုနီးရှားသည် နှစ်ပေါင်းများစွာ ကမ္ဘာ့ဘဏ်၏ 'အချစ်တော်ကလေး' တစ်ဦးဖြစ်ခဲ့သည်။

## ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း

၁၉၈၈ ခုနှစ် မတ်လတွင် ဆူဟာတိုသည် ခုနှစ်ဆက်မြောက် သမ္မတသက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခံရသည်။ ဆူဟာတို၏ဦးဆောင်မှုကို တိုင်းပြည်ကလိုအပ်နေတုန်းပဲဟု သူ့ကိုထောက်ခံသူများက ပြောကြသည်။ သို့သော်ဆူဟာတိုမှာ ပြင်းထန်သောဖိအားများ၊ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ အာရှဘဏ္ဍာရေးအကျပ်အတည်းသည် အင်ဒိုနီးရှားကို ပြင်းထန်စွာအထိနာစေခဲ့သည်။ ၁၉၉၇ ခုနှစ် သြဂုတ်လတွင် အင်ဒိုနီးရှားရူပီးတန်ဖိုးကိုချလိုက်ခြင်းသည် တိုင်းပြည်စီးပွားရေးကျဆင်းသွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ရူပီးငွေတန်ဖိုး ၁၈ ရာခိုင်နှုန်းအထိကျဆုံးသွားခဲ့သည်။[vii]

စီးပွားရေးကျဆင်းမှုနှင့်တစ်ပါတည်း အဓိကရုဏ်းများ၊ သွေးထွက်သံယိုများဖြစ်ပေါ်လာပြီး

မြို့တော် ဂျကာတာတွင် ကြီးမားသည့် အပျက်အစီးများဖြစ်ပေါ်ပြီး မီဒန်၊ ဆိုလို၊ ယောဂျကာတာ၊ ဆူယာဘာရာ၊ ပါဒန်း၊ ဘန်ယုဝမ်ဂီကဲ့သို့မြို့များတွင်လည်း အလားတူအရေးအခင်းများ ဖြစ်ပေါ်ခဲ့သည်။[6] ဘဏ္ဍာရေး အကျပ်အတည်းသည် နောက်တစ်ဆင့်တွင် အင်ဒိုနီးရှားဖ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများ အကျပ်အတည်းများကိုပါ ဘွားဘွားကြီးပေါ်ထွက်လာစေသည်။ ဆူဟာတိုဖ၏နောက်ဆုံးသမ္မတသက်တမ်းသည် ၁၉၉၈ ခုနှစ်မတ်လမှ မေလအထိ သုံးလသာခံခဲ့သည်။

စီးပွားရေးအကျပ်အတည်းကို ဆူဟာတိုကဖြေရှင်းရန် အပြင်းအထန်ကြိုးစားခဲ့သည်။ ရာထူးမှ နုတ်မထွက်မီ တစ်ပတ်သာလိုတော့သည့်အချိန် ၁၉၉၈ ခုနှစ် မေလ ၁၄ ရက်တွင် ကိုင်ရိုမြို့တော် တွင်ကျင်းပသည့် ကမ္ဘာနိုင်ငံပေါင်း ၁၅ နိုင်ငံမှခေါင်းဆောင်များတက်သည့် G-15 ထိပ်သီးအစည်းအဝေးသို့ ဆူဟာတိုတက်ရောက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံတကာ အင်အားကြီးနိုင်ငံများထံမှ နိုင်ငံရေးနှင့်စီးပွားရေး အကူအညီများရရှိအောင် ကြိုးပမ်းရန် ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့ဝင်များကို ရာထူးနေရာပြောင်းလဲပြီး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြုပြင်ပြောင်းလဲရေးသမားခေါင်းဆောင်များ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှတက်ကြွကြွလှုပ်ရှား သူများကို အစိုးရအဖွဲ့အတွင်းခန့်အပ်သည့် အစီအစဉ်ကို ဆူဟာတိုလုပ်ဆောင်ခဲ့သည်။ သို့သော်အခြေအနေကိုထိန်းရန် ထိုသို့လုပ်ဆောင်သည့်သူ၏ကြိုးပမ်းမှုများသည် ကျယ်ပြန့်သော ထောက်ခံမှုမရရှိခဲ့ပေ။ သူ့အာဏာများကို နှစ်ပေါင်းများစွာခွဲဝေပေးထားခဲ့သည့် ဆူဟာတိုကိုသစ္စာခံသော ခေါင်းဆောင်များသည်ပင်လျှင် သူစီစဉ်ထားသည့် အစိုးရအဖွဲ့သစ်တွင် ပါဝင်ရန်ငြင်းဆန်ခဲ့ကြသည်။ ဤ သို့သောအခြေအနေများကြောင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ ရယူထားခဲ့သည့် သမ္မတရာထူးမှ နုတ်ထွက်ရုံကလွဲပြီး ဆူဟာတိုအတွက် တခြားရွေးစရာမရှိတော့ချေ။

မေလ ၂၁ ရက်တွင် ဆူဟာတိုရာထူးမှနုတ်ထွက်သွားပြီးနောက် ဒုတိယသမ္မတ ဘီ၊ဂျေ၊ ဟာဘီဘီက အင်ဒိုနီးရှား၏ တတိယမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ဟာဘီဘီက သမ္မတရာထူးဆက်ခံလိုက်ခြင်းကို တုံ့ပြန်မှုများမှာ အကောင်းရောအဆိုးပါ ဒွန်တွဲနေခဲ့သည်။ ဟာဘီဘီကို ထောက်ခံသူအများစုဖြစ်သည့် အင်ဒိုနီးရှားမွတ်ဆလင် ပညာတတ်များအသင်းဝင်ခေတ်သစ်နိုင်ငံရေး လမ်းကြောင်းကိုလက်ခံသူများက ဟာဘီဘီသမ္မတရာထူးတွင် ခန့်အပ်ခံရခြင်းသည် အခြေခံဥပဒေနှင့်ကိုက်ညီသည်ဟု အခိုင်အမာပြောကြသည်။ သူ့ကိုမထောက်ခံသူများကတော့ ဆူဟာတို၏အပါးတော်မြေလူယုံဟု ဟာဘီဘီကိုမြင်ကြသည်။ သို့ဖြစ်၍ ဖြစ်ပေါ်နေသည့်ပြဿနာများနှင့် တစ်စိတ်တစ်ပိုင်းပတ်သက်သူဟုမြင်ကြသဖြင့် ဟာဘီဘီနုတ်ထွက်ရန် ၎င်းတို့က တောင်းဆိုသည်။

6 ဆက်စပ်အက်ဆေးများကို Geoff Forrester and RJ May (eds.), *The Fall of Soeharto* (Singapore: Select Books, 1999). တွင်ကြည့်ပါ။

ထောက်ခံမှုအကြီးအကျယ်မရသဖြင့် သူ၏သမ္မတရာထူးတည်မြဲရေးစိတ်ချရရန် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များချမှတ်ဖို့လိုသည်ကို ဟာဘီဘီက သဘောပေါက်ခဲ့သည်။ တိုင်းနိုင်ငံကို အပိုင်စားစောင့်ကြပ်သူအဖြစ်အဖြစ် အသုံးတော်ခံခဲ့သည့် စစ်တပ်ကို အရပ်ဖက်ထိန်းချုပ်မှုတည်ထောင်လိုက်ခြင်းသည် ဟာဘီဘီ၏ အဓိကရွေးချယ်မှုတစ်ခုဖြစ်သည်။ ဤအချက်မှာ အထူးအရေးပါသည်။ အကယ်၍ ဟာဘီဘီက တိုင်းပြည်ဗြိမ်ဝပ်ပိပြားမှုကို ပြန်လည်တည်ဆောက်ခြင်းမပြုနိုင်ဟု ထင်ရှားလာပါက ဆူဟာတိုတွင် အရံသင့်ဇာတ်ညွှန်းအခင်းအကျင်းရှိနေသည်မှာ အမှန်ပင်ဖြစ်သဖြင့် ဤအချက်သည်အထူးအရေးပါခြင်းဖြစ်သည်။ နိုင်ငံရေးအရအရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက 'လိုအပ်သည့်နည်းလမ်းမှန်သမျှ' သုံးကာ တိုင်းပြည်ကိုကယ်တင်ရန် ကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်ကြီး ဝီရန်တိုသည် ဆူဟာတိုထံမှ လူမသိသူမသိညွှန်ကြားချက်ရထားသည်။ ဝီရန်တိုသည် ဤညွှန်ကြားချက်ရထားကြောင်း ဟာဘီဘီကို ကိုယ်တိုင်ကိုယ်ကျပြောထားပြီးဖြစ်သည်။ ဟာဘီဘီကလည်း အခြေအနေပိုဆိုးလာပါက ရွေးစရာနည်းလမ်းအဖြစ် ထိုညွှန်ကြားချက်ကို ဗိုလ်ချုပ်ကြီးဝီရန်တိုကိုင်ထားရန်အခွင့်ပေးခဲ့သည်။ သို့ဖြစ်၍ ဝီရန်တို၏ ရိုးသားဖြောင့်မတ်မှုကို ယုံကြည်ကြောင်းပြရာရောက်သွားခဲ့သည်။ ဝီရန်တို၏သစ္စာခံမှုကိုလည်းရရှိလိုက်သည်။[x] မဟာဗျူဟာအထူးအဖွဲ့မှူးနှင့် ဆူဟာတို၏သမက်ဖြစ်သူ ဗိုလ်ချုပ်ကြီး ပရာဘိုဝို ဆူဘီဂျန်တိုဦးဆောင်သည့် တပ်များမြို့တော်ဂျကာတာသို့ မသက်ာ်ဖွယ် ဦးတည်လာနေသည်ဟု ကာကွယ်ရေးဝန်ကြီး ဝီရန်တိုက အစီအရင်ခံခဲ့သည့်အခါ ဟာဘီဘီက ဝီရန်တိုအားယုံကြည်ကိုးစားမှုမှာ ပိုမိုတိုးပွားလာခဲ့သည်။

ထိုသတင်းများကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ပရာဘိုဝိုကို ရာထူးမှဖယ်ရှားရန် ဝီရန်တိုအား သမ္မတ ဟာဘီဘီကညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်ကြောင့် စစ်တပ်အာဏာသိမ်းမှုကို ထိရောက်ပိပြင်စွာတားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ပရာဘိုဝိုနှင့် စစ်တပ်ကိုခွဲထုတ်လိုက်ခြင်းဖြင့် သူ၏သမ္မတရာထူးကို အလားအလာအများဆုံး စစ်ဘက်စိန်ခေါ်မှုမှ ဟာဘီဘီကာကွယ်နိုင်လိုက်သည်။[7] စစ်တပ်ရာထူးအဆင့်ဆင့်ကို နောက်ထပ်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်းက ထောက်ခံမှုအပြည့်အဝရရှိသွားစေခဲ့သည်။

ဟာဘီဘီသည် အစိုးရကို စီမံအုပ်ချုပ်နိုင်စွမ်းမရှိဘဲ ဆူဟာတိုနှင့်နီးစပ်သော ခရိုနီများ၏ အကျိုးစီးပွား ကိုစောင့်ရှောက်ပေးသည့်အတွက် အဂတိလိုက်စားသည်ဟု သူ့ကိုမထောက်ခံသူများက စွပ်စွဲခဲ့ကြသည်။[xii] အာဏာလွှဲပြောင်းမှုသည် လွှတ်တော်တွင်အထူးအစည်းအဝေးကျင်းပရန်လိုသည်ဟုပြောဆိုကာ ဟာဘီဘီ၏ သမ္မတရာထူးဆက်ခံမှုသည် တရားမဝင်ဟု အချို့က ဆိုကြသည်။[xiii]

ဟာဘီဘီက သူ၏အစိုးရအဖွဲ့အသစ်ဖွဲ့စည်းမှုကိုကြေညာလိုက်သည့်အခါ အထက်ပါ

7 မေလ ၂၂ ရက်တွင် လွှတ်တော်ကို စစ်တပ်ကဝင်စီးလိမ့်မည်ဟု ကောလာဟလများထွက်ပေါ်ခဲ့သည်။ See Geoffrey Forrester, 'A Jakarta Diary, May 1998', p. 55, 58–64. တွင်ကြည့်ပါ။

ဝေဖန်မှုများ ပိုမိုတိုးပွားလာသည်။ သူ့ကို ပြောဆိုဝေဖန်မှုအများဆုံးလုပ်သည့်အဖွဲ့အစည်းမှာ အမျိုးသားတပ်ဦး (Barisan Nasional သို့မဟုတ် Barnas) ဖြစ်သည်။ အမျိုးသားတပ်ဦးတွင် ဆူဟာတိုအစိုးရဟောင်းတွင်ပါဝင်သည့် ဝန်ကြီးအချို့၊ စစ်ဘက်အရာရှိများဖြစ်သည့် အလီ ဆာဒီခင်၊ ကီမယ်လ်အစ်ဒရစ်၊ (နောင်နှစ်ပေါင်းအတော်ကြာသည့်အခါ သမ္မတဖြစ်လာသည့် ဆူကာနိ၏သမီး) မီဂါဝတီ ဆူကာနို ပူထရီ၊ရာဇာလီအစ္စမေးလ်၊ မာဆီလမ် ဆီမန်ဂျန်တက်ခ် တို့ကဲ့သို့ အရပ်သားထဲမှာလူသိများထင်ရှား သူများပါဝင်သည်။ အခြားသြဇာညောင်းသည့်အဖွဲ့မှာ အင်ဒိုနီးရှား၏ အကြီးဆုံးအစ္စလာမ်လူမှုရေးနှင့်ဘာသာ ရေးအဖွဲ့အစည်းဖြစ်သည့် နက်ဒလာတူလ် အူလ်မာအဖွဲ့အစည်းဖြစ်သည်။ ထိုအဖွဲ့အစည်းကို (Gus Dur ဟုလည်း လူသိများသည့်) အဗ္ဒဒ္ဒုရာမန် ဝါဟစ်ကဦးဆောင်ပြီး အစိုးရအတွက် သဘောထားပျော့ပြောင်း သည့်အတိုက်ခံနေရာတွင် ရပ်တည်သည့် အဖွဲ့အစည်းဖြစ်သည်။[xiv]

ဟာဘီဘီကိုမထောက်ခံသူများမှာ စည်းလုံးမှုတော့မရှိပေ။ တိုင်းပြုပြည်ပြုလွှတ်တော် (MPR) အထူးအစည်းအဝေးကို ၁၉၉၈ ခုနှစ် နိုဝင်ဘာတွင်ကျင်းပသည့်အခါ ဟာဘီဘီနုတ်ထွက်ရန် ကျောင်းသားများက ဆန္ဒပြတောင်းဆိုကြသည်။ သို့သော် ထိုဆန္ဒပြတောင်းဆိုသည့် ဆောင်ရွက်ချက်ကို မီဂါဝတီရော အဗ္ဒဒ္ဒုရာမန်ဝါဟစ်ကပါ လက်မခံခဲ့ပေ။ ဟာဘီဘီသည် သူ့ကို မထောက်ခံသည့် အထက်ပါအဖွဲ့အစည်းတစ်ခုချင်းစီနှင့်ဆက်ဆံရေးနည်းလမ်းပေါင်းစုံ လုပ်ဆောင်ခဲ့သဖြင့် ထိုအဖွဲ့အစည်းများကို စိတ်ဝမ်းကွဲသွားစေပြီး အတိုက်အခံကိုလိုသလိုထိန်းချုပ်စီမံမှုပိုလုပ်လာနိုင်ခဲ့သည်။

## ဟာဘီဘီ၏သမ္မတသက်တမ်း

သူ၏သမ္မတသက်တမ်းအတွက် ထောက်ခံမှုဆန့်ကျင်မှုပေါင်းစုံ ဖြစ်ပေါ်နေခြင်းနှင့် တရားဝင်ဖြစ်မှု အားနည်းလာခြင်းကြောင့် ရာထူးမြဲရန် ဟာဘီဘီရုန်းကန်ခဲ့ရသည်။ ထိုအတော အတွင်း ရင်းနှီးမြှုပ်နှံသူများကပြန်လာရန် ချီတုံချတုံဖြစ်နေဆဲဖြစ်ပြီး အမေရိကန်တစ်ဒေါ်လာ လျှင် ရူပီးငွေ ၁၄၀၀၀ မှ ၁၇၀၀၀ ကြားတွင်အရောင်းအဝယ်ဖြစ်နေခြင်းကြောင့် ရူပီးငွေဈေးမှာ လည်းကျဆင်းနေသည်။ (တိုင်းပြည်လူဦးရေ၏ ၃၉ရာခိုင်နှုန်းဖြစ်သည့်) ပြည်သူ ၇၉ သန်းခန့် သည် ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် ဆင်းရဲမွဲတေမှုမျဉ်းအောက်တွင်ရောက်နေခဲ့သည်။ ထိုအရေ အတွက်သည် ၁၉၉၈ ခုနှစ်ကုန်ရောက်သည့်အခါ ၉၆ သန်းသို့မြင့်တက်လာမည့်အလားလာရှိ နေခဲ့သည်။[8] ဇွန်လတွင် အင်ဒိုနီးရှား၏စီးပွားရေးသည် နောက်ထပ် ၁၀ ရာခိုင်နှုန်းကျဆင်းလာ မည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းတွက်ချက်ခဲ့သည်။ လမ်းပေါ်ထွက်

8 ၁၉၉၈ ခုနှစ် အင်ဒိုနီးရှား၏စုစုပေါင်းလူဦးရေသည် ၂၀၄ မီလီယံဖြစ်သည်။ Badan Pusat Statistik, T*abel Laju Pertumbuhan Penduduk* [Table of Population Growth], (Jakarta: 2012) တွင်ကြည့်ပါ။ ယင်းကို http://bps.go.id/tab_sub/view.php?tabel=1&daftar=1&id_subyek=12&notab=2; တွင်ရယူဖတ်ရှုနိုင်သည်။ dan Badan Pusat Statistik, *Penduduk Indonesia* [Table of Indonesia's Population], (Jakarta: 2012) ကို http://bps.go.id/tab_sub/view.php?kat=1&tabel=1&daftar=1&id_subyek=12&notab=1. တွင် ရယူဖတ်ရှုနိုင်သည်။

ဆန္ဒပြမှုများကြို့ကြားကြို့ကြားဖြစ်ပွားနေဆဲဖြစ်သည်။ နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုက တိုင်းပြည်တစ်ဝန်းဖြစ်ပေါ်နေသည်။ အရှေ့တီမော၊ အာချေးနှင့် ပါပူအာပြည်နယ်များရှိ ခွဲထွက်ရေးလှုပ်ရှားမှုများကိုလည်း ဖြေရှင်းပေးရဖို့ရှိနေသည်။ မာလုကာနှင့် ပိုဆိုဒေသများတွင် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများက ထိုခွဲထွက်ရေးလှုပ်ရှားမှုများကို ပိုပြီးဖြေရှင်းရခက်စေခဲ့သည်။ အင်ဒိနီးရှားဖ၏အသွင်ကူးပြောင်းမှု အစောပိုင်းကာလသည် 'ဗရမ်းဗတာဖြစ်နေသည့်ဈေးကွက်နှင့် သူတလူငါတမင်းဖြစ်နေသည့် ဒီမိုကရေစီ'၏လက္ခဏာရပ်ဟု နိုင်ငံရေးဘာဂဗေဒပညာရှင် ရစ်ချတ်ရော်ဘင်ဆင်က ခေါ်ဆိုခဲ့သည်။[xvi]

၁၉၅၉ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်များတွင် ဆူဟာတို၊ ဆူကာနိုတို့လုပ်ဆောင်ခဲ့သည့် ငြိမ်ဝပ်ပိပြားမှုရှိရန် အတင်းအကြပ်လုပ်ဆောင်ခြင်းမျိုးနှင့်လားလားမျှမဆိုင်သည့် ပြည်သူ့လွတ်လပ်ခွင့်များကို အာမခံခြင်းစတင်လုပ်ဆောင်ရန် ဟာဘီဘီကဆုံးဖြတ်ခဲ့သည်။ မေလ ၂၂ ရက်တွင် ပြုပြင်ပြောင်းလဲရေးဖော်ဆောင်သည့်အစိုးရအဖွဲ့ကို ဟာဘီဘီကကြေညာခဲ့သည်။ တိုင်းပြည်၏စီးပွားရေးနိုင်ငံရေးနှင့် တရားရေးစနစ်တို့ကို ဒီမိုကရေစီနည်းတကျ ပြုပြင်ပြောင်းလဲရန် သူ၏အစိုးရအဖွဲ့ကို ဟာဘီဘီကတာ ဝန်ပေးခဲ့သည်။ ဟာဘီဘီအစိုးရအုပ်ချုပ်ရေးသက်တမ်း ၁၈ လတာကာလအတွင်း အင်ဒိနီးရှားနိုင်ငံသည် ဥပဒေသစ် ၆၈ ခု၊ ဥပဒေများနေရာတွင် အစားထိုးလိုက်သည့် အစိုးရလုပ်ထုံးလုပ်နည်း သုံးခု၊ အစိုးရအဖွဲ့နည်းဥပဒေ ၁၀၉ ခု၊ သမ္မတအမိန့်ကြေညာချက် ၂၈၄ ခုနှင့် သမ္မတရုံးညွှန်ကြားချက် ၃၁ ခုတို့ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

## နိုင်ငံရေးပြုပြင်ပြောင်းလဲမှု

သူ၏သက်တမ်းအတွင်း သမ္မတဟာဘီဘီသည် ထောက်ခံမှုများများစားစား မရခဲ့သော်လည်း နိုင်ငံရေးအခြေအနေကို အေးချမ်းအောင်ခိုင်ခိုင်မာမာ တိုးတက်လုပ်ဆောင်နိုင်ခဲ့သည်။ မေလ ၂၅ ရက်တွင် ဆူဟာတိုကို လူသိထင်ရှားဝေဖန်ခဲ့သူများဖြစ်ကြသည့် ဆရီဘင်တန် ပါမောက်ခက်စ်နှင့် မူကာတာ ပက်ပါဟန်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၅ ဦးကို လွှတ်ပေးခဲ့သည်။ သူ၏သက်တမ်းကုန်ခါနီးတွင် လူသိများသည့် ကွန်မြူနစ်များအပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၅၀ ခန့်ကို ဟာဘီဘီက လွှတ်ပေးခဲ့ပြီးဖြစ်သည်။[xviii] လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ရှိကြောင်း ကြေညာခဲ့သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုဝေဖန်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်တို့ကို မြှင့်တင်အားပေးရာတွင် အတားအဆီးဖြစ်စေသည်ဟု မှတ်ယူသည့် စည်းမျဉ်းဥပဒေများအားလုံးကို ပြင်ဆင်ခဲ့သည်။

ဟာဘီဘီ၏သမ္မတသက်တမ်းအစောပိုင်းကာလတွင် Golkar ပါတီကို ပုံမှန်နိုင်ငံရေးပါတီတစ်ခုအသွင် သို့ပြောင်းလဲခဲ့ခြင်းသည် နောက်ထပ်အရေးကြီးသော နိုင်ငံရေးအရထိုးဖောက်ကျော်လွှားမှုတစ်ခုဖြစ်သည်။ အစိုးရအုပ်ချုပ်ရေးယန္တရားနှင့် စစ်တပ်ထံကပါ ထောက်ခံမှုရအောင် ပါတီက ဆူဟာတို လက်ထက်တုန်းကလို စည်းရုံးမရတော့ဘဲ လွှတ်တော်တွင် သြဇာ

လွှမ်းမိုးနိုင်အောင် Golkar ပါတီက အခြားနိုင်ငံရေးပါတီများနှင့် ပြိုင်ဆိုရဖို့ဖြစ်လာခဲ့သည်။ Golkar ပါတီ၏ ပါတီတွင်းပြုပြင်ပြောင်းလဲမှုကြောင့် စစ်တပ်နှင့်ပါတီကြား အဆောက်အအုံဆိုင်ရာချိတ်ဆက်ထားမှုကို ပြတ်စဲသွားစေခဲ့သည်။ [ဤအပြောင်းအလဲကို ၁၉၉၈က ဇူလိုင်လတွင် Golkar ပါတီ၏ ပါတီညီလာခံတွင်လက်ခံကြောင်း ကြေညာခဲ့သည်။]

ဖွန်လတွင် အင်ဒိုနီးရှားနိုင်ငံကို လစ်ဘရယ်ပါတီစုံစနစ်သို့ပြန်ရောက် မသွားစေရန် ဟန့်ထားတားသည့် နိုင်ငံရေးပါတီများတည်ထောင်မှုကို ချုပ်ခြယ်ကန့်သတ်ထားမှုများအား ဟာဘီဘီက အဆုံးသတ်ခဲ့သည်။ ခြောက်လအတွင်း နိုင်ငံရေးပါတီ ၁၈၁ ပါတီမှတ်ပုံတင်ခဲ့ကြသည်။ ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတစွာကျင်းပနိုင်စေရန် လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်၊ ကြီးကြပ်မှုကော်မတီ (Bawaslu) တို့ကို ဟာဘီဘီကဖွဲ့စည်းခဲ့သည်။

သူ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် လွှတ်တော်ခေါင်းဆောင်များနှင့် ဧစ္စပ်ညှိနှိုင်းခြင်း၊ ပြည်သူလူထု၏တောင်းဆိုမှုများနှင့်ရင်ဆိုင်ရခြင်းတို့ကြောင့် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်တွင် ကျင်းပရန်ရက်ရွှေ့လိုက်သည်။ ပြုပြင်ပြောင်းလဲရေးကို ဟာဘီဘီတစ်ဦးတည်း တစိုက်မတ်မတ်လုပ်ဆောင်ခြင်းမရှိပါက ဆူဟာတို ခေတ်အလွန် ပထမဆုံးကျင်းပသည့်ရွေးကောက်ပွဲကို ဟာဘီဘီ အာဏာရပြီး ၁၈ လပင်မရှိသေးခင် ကျင်းပရန်အာမခံချက်လုံးဝရှိမည်မဟုတ်ပေ။

နိုင်ငံရေးတွင် စစ်တပ်၏ ပမာနကျသောအခန်းကဏ္ဍကို ထိန်းချုပ်ရန် ဟာဘီဘီ၏ ကြိုးပမ်းမှုများသည် သူ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် အခြေခံကျသည့် ကြိုးပမ်းချက်များဖြစ်သည်။ စစ်မှုထမ်းများကို နိုင်ငံရေးနယ်ပယ်မှ တစ်ဆင့်ပြီးတစ်ဆင့်ဖယ်ရှားကာ ပညာသည်စစ်သားများဖြစ်လာရန် စစ်တန်းလျားသို့ပြန်ပို့ခဲ့သည်။ 'အရပ်ဖက်လူ့အဖွဲ့အစည်းဖွံ့ဖြိုးလာသည်နှင့်အမျှ စစ်တပ်၏လူမှုရေးနှင့်နိုင်ငံရေးအခန်းကဏ္ဍသည် စနစ်တကျ သူ့အလိုအလျောက်လျော့ပါးလာမည်'ဟု စက်တင်ဘာ ၁ ရက်တွင် ဟာဘီဘီက အများသိပြောကြားခဲ့သလို၊ ဗိုလ်ချုပ်ကြီး ဝီရန်တိုကလည်း အလားတူပြောဆိုခဲ့သည်။[xix] ၁၉၉၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် အများပြည်သူဆိုင်ရာ ငြိမ်ဝပ်ပိပြားမှုနှင့်ကာကွယ်ရေးကဏ္ဍတို့ကို ပြတ်ပြတ်သားသားပိုင်ခြားရန်အလို့ငှာ စစ်တပ်နှင့်ရဲအဖွဲ့ကိုတစ်ပေါင်းတည်းထားခြင်းမှ အမျိုးသားရဲတပ်ဖွဲ့ကိုသီးခြားရပ်တည်စေခဲ့သည်။ နောင်နှစ်များတွင် စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှုရရှိစေရန် လိုအပ်သော နောက်ထပ်လုပ်ဆောင်ချက်များ တစ်ဖြည်းဖြည်းချင်းဖြစ်ပေါ်လာခဲ့သည်။

ဒီမိုကရေစီစနစ်အတွက် ခိုင်မာသောအခြေခံပေးအပ်နိုင်ရန်အလို့ငှာ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကိုစတင်ရန် တိုင်းပြုပြည်ပြုလွှတ်တော် အထူးအစည်းအဝေးကို နိုဝင်ဘာလတွင်ကျင်းပစဉ် တင်သွင်းသည့်အဆိုပြုချက်ကို သမ္မတဟာဘီဘီက ထောက်ခံခဲ့သည်။ ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ယင်းအခြေခံဥပဒေပြင်ဆင်ရေးလုပ်

ငန်းစဉ်စတင်ခဲ့သည်။ သမ္မတသက်တမ်းကို ငါးနှစ်သက်တမ်းနှစ်ကြိမ်သာထမ်းဆောင်ရန် ကန့်သတ်လိုက်ခြင်းသည် အခြေခံဥပဒေပြင်ဆင်ရေး၏ အရေးကြီးသောဆုံးဖြတ်ချက်များထဲမှ တစ်ခုဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ မူဝါဒဖြေလျှော့မှုများကြောင့် အမျိုးသမီးများ၏ နိုးကြားမှုကိုမြှင့်တင်နိုင်ခဲ့သည်။ နိုင်ငံရေးတွင် အမျိုးသမီးများ၏ တက်ကြွလှုပ်ရှားမှုကို မြှင့်တင်နိုင်ခဲ့သည်။ မေအရေးအခင်းတွင် ဓားစာခံဖြစ်ခဲ့ရသည့် အမျိုးသမီးများအကြောင်းဆွေးနွေးရန် အမျိုးသမီးပညာတတ်များနှင့်တက်ကြွလှုပ်ရှားသူများပါသည့်အဖွဲ့နှင့် ဟာဘီဘီတွေ့ဆုံခဲ့သည်။[9] အစိုးရကိုယ်စားအဆိုပါအမျိုးသမီးဓားစာခံများကို ဝန်ချတောင်းပန်ရန်တောင်းဆိုပေးဖို့ ဟာဘီဘီကသဘောတူခဲ့သည်။ အမျိုးသမီးများကိုစောင့်ရှောက်ရေးနှင့် အမျိုးသမီးများအရေး တောင်းဆိုတင်ပြမှုကိုအဓိကထားသည့် အမျိုးသမီးများအကြမ်းဖက်ခံရမှုတိုက်ဖျက်ရေး လွတ်လပ်သောအမျိုးသားကော်မရှင်ကိုဖွဲ့စည်းရန် ကတိပြုခဲ့သည်။[10]

## ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (ဒေသန္တရလုပ်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း)

New Order အစိုးရအုပ်ချုပ်ရေးလက်ထက် အင်ဒိုနီးရှားအစိုးရသည် ဗဟိုချုပ်ကိုင်မှုမြင့်မားပြီး အစိုးရယန္တရားနှင့်နိုင်ငံရေးအရပါ လက်အောက်ခံအုပ်ချုပ်ရေးတာဝန်ရှိသူများအဖြစ် ဒေသဆိုင်ရာအစိုးရ အကြီးအကဲများကို သမ္မတက ဆက်ဆံခဲ့သည်။

ဂျကာတာ၊ ယော့ဂျကာတာ၊ အာချေးပြည်နယ်များအပါအဝင် ပြည်နယ်တော်တော်များများသည် အထူးအုပ်ချုပ်ရေးအဆင့်အတန်း တရားဝင်ရရှိကြသော်လည်း ခရိုင်၊ မြို့နယ်များသည် ၎င်းတို့၏အရေးကိစ္စများကိုစီမံအုပ်ချုပ်ရာတွင် တကယ့်ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကျင့်သုံးနိုင်ခြင်းမရှိပေ။

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ဟာဘီဘီက စိုက်လိုက်မတ်တပ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ (ဥပဒေအမှတ် ၂၂/၁၉၉၉) အရ ဒေသဆိုင်ရာ

---

9 ဂျကာတာမြို့တော်ရှိ တရုတ်အမျိုးသမီးများစွာ အဓမ္မအကျင့်ခံရသည်ဟူသော သတင်းများစွာထွက်ပေါ်ခဲ့သည်။ Peta Amuk di Kota Hantu', *Tempo,* 19–25 May 2003, See also, Komnas Perempuan Publication, 2003, "The May 1998 Tragedy in the Course of the Nation's Journey: In Denial", Jakarta, *Komnas Perempuan*, ကိုကြည့်ပါ။ ယင်းကို through http://www.komnasperempuan.or.id/wp-content/uploads/2009/08/in-denial.pdf' တွင်ရယူဖတ်ရှုနိုင်သည်။

10 ဤအဖွဲ့အစည်းသည် ယခုအခါ Konisi Nasional Perempuan (အမျိုးသမီးအခွင့်အရေးအတွက် နိုင်ငံလုံးဆိုင်ရာကော်မရှင်) ဟုခေါ်တွင်သည်။ ၁၉၉၉ ခုနှစ်တွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံအားလုံး တိုက်ဖျက်ရေး ကုလသဘောတူညီချက် Optional Protocol of the UN Convention on the Elimination of All Forms of Discrimination Against Women (CEDAW) ကို ဟာဘီဘီကလက်မှတ်ရေးထိုးခဲ့သည်။ *Independent Report of Non-Government Organizations Concerning the Implementation of the Convention on the Elimination of All Forms of Discrimination Against Women (CEDAW) in Indonesia* (Jakarta: CEDAW Working Group Initiative, 2007) ကိုကြည့်ပါ။

အုပ်ချုပ်ရေးအဖွဲ့များသည် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့်တရားရေး၊ ဘာသာရေးတို့မှလွဲပြီး ကျန်အရေးကိစ္စများကို စီမံအုပ်ချုပ်ရန် အခွင့်အာဏာရရှိသွားခဲ့သည်။ ဗဟိုအစိုးရက နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် တရားရေး၊ ဘာသာရေးတို့ကို ဆက်လက်စီမံအုပ်ချုပ်သည်။[xx]

အာချေး၊ ပါပူအာ၊ အရှေ့တီမောစသည့် ခွဲထွက်ရေးလှုပ်ရှားမှုများဖြစ်ပွားနေသည့် ပြည်နယ်တစ်ခုချင်းစီအတွက် အစိုးရကသီးခြားမူဝါဒများကိုကျင့်သုံးသည်။ အာချေးပြည်နယ်ကို အထူးဒေသအုပ်ချုပ်ရေး အဆင့်အတန်းပေးအပ်မည့် အစီအမံသည်အစိုးရနှင့်မသင့်မြတ်မှုကို ဖြေရှင်းပေးနိုင်ခြင်းမရှိသည့်အပြင် Hassan Tiro ဦးဆောင်သည့် ခွဲထွက်ရေးအဖွဲ့ဖြစ်သည့် Free Aceh Movement (GAM) ကို ပိုပြီးလူကြိုက်များသွားစေမည် ဖြစ်သော်လည်းလည်း ထိုအုပ်ချုပ်ရေးအဆင့်အတန်းပေးရန်စီစဉ်ခဲ့သည်။[11]

အာချေးပြည်နယ်နည်းတူ အရှေ့တီမောကို အထူးအုပ်ချုပ်ရေးအဆင့်အတန်းပေးခြင်းသည် တီမောနယ်သားအများစုကို ကျေနပ်နှစ်သိမ့်မှုမရစေခဲ့ဟုယူဆရသည်။ တီမောပြည်သူများ ၎င်းတို့၏နောင်ရေးကို ဆုံးဖြတ်ခွင့်ပေးသည့် လူထုဆန္ဒခံယူပွဲကျင်းပရန် ဟာဘီဘီက ဆုံးဖြတ်ခဲ့သည်။ လူထုဆန္ဒခံယူပွဲကျင်းပလိုက်ခြင်း၏ရလဒ်မှာ အင်ဒိုနီးရှားမှ အရှေ့တီမောကို ခွဲထွက်သွားစေခဲ့ခြင်းပင်ဖြစ်သည်။ ပါပူအာပြည်နယ်ပြဿနာကိုမူ ပြီးပြတ်အောင် မဖြေရှင်းနိုင်သေးဘဲရှိနေသည်။ ပါပူအာပြည်နယ်သည် ပါပူအာနှင့် အနောက်ပါပူအာဟူ၍ဒေသနှစ်ခုပိုင်းခြားထားသည်။ ယင်းဒေသနှစ်ခုစလုံးကို တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပမာဏကြီးကြီးမားမားပေးထားသော်လည်း အချို့သောပါပူအာပြည်နယ်သားများက ခွဲထွက်ရေးကို ထောက်ခံနေဆဲဖြစ်သည်။

## ဗဟိုဘဏ္ဍာ၏သီးခြားလွတ်လပ်မှုကိုမြှင့်တင်ခြင်း

အာရှဘဏ္ဍာရေးအကျပ်အတည်းကြောင့် အင်ဒိုနီးရှား၏ ငွေရေးကြေးရေးမူဝါဒ စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်အောင်လုပ်ရန်လိုအပ်ချက်အား အာရုံစိုက်မိစေခဲ့သည်။ ဂျာမနီနိုင်ငံတွင် နှစ် ၂၀ နေလာခဲ့သည့်အတွေ့အကြုံကိုအခြေခံကာ ယုံကြည်စိတ်ချရသည့် ငွေကြေးမူဝါဒ ရေးဆွဲခြင်းအတွက် နိုင်ငံရေးအကျိုးစီးပွားများ၏ စွက်ဖက်မှုမရှိသော အမှီအခိုကင်းသည့်

11 ဆူဆီလိုဘန်ဘန်းယူနိုယိုနို၏ သမ္မတသက်တမ်းအတွင်း ကွဲပြားခြားနားသော စီစဉ်ဆောင်ရွက်မှုဖြင့် အာချေးပြည်နယ်ရှိ ခွဲထွက်ရေးအယူအဆကိုဖြေရှင်းနိုင်ခဲ့သည်။ ဖင်လန်သမ္မတဟောင်း မာတီအာတီဆာရီ၏ ကြားဝင်ညှိနှိုင်း မှု၊ ဒုသမ္မတ ယူဆက်ဝိကာလာ၏ ဦးဆောင်မှု၊လမ်းညွှန်မှုတို့ဖြင့် ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် အစိုးရနှင့် GAM ကြား ငြိမ်းချမ်းစွာဖြင့် သဘောတူညီချက်ရရှိခဲ့သည်။

ဤသဘောတူညီချက်အရ အာချေးပြည်နယ်သည် တစ်ခုတည်းသောအင်ဒိုနီးရှားနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ဆက်ရှိခဲ့သည်။ သို့သော် ယင်းပြည်နယ်သည် အစွလာမ္မစ်ဥပဒေကိုအခြေခံပြီး ပြည်နယ်အရေးကိစ္စများကို စီမံအုပ်ချုပ်နိုင်ရန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့သည်။ See Fachry Ali, Suharso Monoarfa, Bahtiar Effendy, *Kalla & Perdamaian Aceh* (Jakarta: *Lspeu* Indonesia, 2008) တွင်ကြည့်ပါ။

ဗဟိုဘဏ်သည် အရေးအကြီးဆုံးဖြစ်သည်ဟု ဟာဘီဘီကယူဆသည်။ ဤသို့သောမူဝါဒကို ဆူဟာတိုရော ဆူကာနိုကပါ ချီးဖောက်ခဲ့ကြသည်။ အစိုးရစီမံကိန်းများကို ဗဟိုဘဏ်ထံမှ ဘဏ္ဍာငွေကြေးထောက်ပံ့ပေးရန် ၎င်းတို့နှစ်ဦးစလုံးက လုပ်ဆောင်ခဲ့ကြသည်။[xxi] စီးပွားရေးအကြံပေးများနှင့်တိုင်ပင်ခြင်း၊ ဂျာမနီဗဟိုဘဏ် အမှုဆောင်အရာရှိဟောင်းများဖြစ်ကြသည့် ဒေါက်တာ ဂျိုးဆက်ဖ် အက်ကာမန်း၊ ဒေါက်တာ ဟဲလ်မက် ရှယ်လ် ဆင်ဂျာ၊ ဒေါက်တာ ဝုလ်ဖ်ဂန်း ကာ့တီတို့ကို ဖိတ်ခေါ်ကာ ဗဟိုဘဏ်၏လုပ်ငန်းလည်ပတ်မှုများ သီးခြားလွတ်လပ်စွာဆောင်ရွက်နိုင်စေမည့် ဥပဒေသစ်ကိုရေးဆွဲရန် အကူအညီရယူခဲ့သည်။

## ဒီမိုကရေစီမြှင့်တင်ခြင်း

၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး၏ အခွင့်အာဏာ အပ်နှင်းမှုအရ လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၉၉ ခုနှစ် ဇူလိုလတွင်ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် လွတ်လပ်၍တရားမျှတစွာယှဉ်ပြိုင်နိုင်စေရန် ဥပဒေစည်းမျဉ်းများကို တစ်ခုပြီးတစ်ခုပြဋ္ဌာန်းခဲ့သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းအတွက်ဟာဘီဘီ၏အခန်းကဏ္ဍမှာ အင်မတန်အရေးပါသည်။ အဆိုပါဥပဒေစည်းမျဉ်းများထဲတွင် စစ်မှုထမ်းများမဲပေးခွင့်ကို ပျယ်ဖျက်ခြင်း၊ နိုင်ငံဝန်ထမ်းများ Golkar ပါတီကို မဖြစ်မနေမဲပေးရခြင်းကို ပယ်ဖျက်ခြင်းတို့ပါဝင်သည်။ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး၊ မီဒီယာအငြင်းပွားမှုဖြေရှင်းရေး၊ ရွေးကောက်ပွဲ ဥပဒေများကိုချိုးဖောက်မှုမှန်သမျှ တရားဥပဒေကြောင်း အရအရေးယူရေးတို့အတွက် အခွင့်အာဏာကို ရွေးကောက်ပွဲကြီးကြပ်မှုကော်မတီအား အပ်နှင်းခဲ့သည်။ ထိုကော်မတီနှင့်အလားသဏ္ဌာန်တူသည့် ဆူဟာတိုလက်ထက်တုန်းက အဖွဲ့အစည်းသည် Golkar ပါတီအောင်နိုင်ရေးအဖွဲ့၏အစိတ်အပိုင်းသာဖြစ်ခဲ့သဖြင့် ကော်မတီကို အဆိုပါအာဏာများ အပ်နှင်းလိုက်ခြင်းသည် ထိုးဖောက်ကျော်လွှားမှုတစ်ခုဖြစ်သည်။

၁၉၉၉ ခုနှစ်ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်နှိုင်းစာလျှင် ပြိုင်ဆိုင်နိုင်မှု၊ ဒီမိုကရေစီ ဆန်မှု၊ ငြိမ်းချမ်းမှုရှိသော ရွေးကောက်ပွဲဖြစ်သည်။ နိုင်ငံရေးပါတီ ၄၈ ပါတီပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မီဂါဝတီဦးဆောင်သည့် (Indonesian Democratic Party of Stuggle) အင်ဒိုနီးရှားဒီမိုကရေစီကြိုးပမ်းလုပ်ရှားမှုပါတီ PDI-P သည် ကိုယ်စားလှယ်နေရာ ၁၃၅ နေရာအနိုင်ရပြီး လွှတ်တော်တွင်နေရာအများစု အနိုင်ရသွားခဲ့သည်။ Golkar ပါတီက ကိုယ်စားလှယ်နေရာ ၁၂၀ အနိုင်ရပြီးဒုတိယနေရာလိုက်ကာ အခြားအစွန်လာမ် သို့မဟုတ် မွတ်ဆလင်ဘာသာရေး အခြေခံပါတီလေးခုက အစဉ်လိုက်ရပ်တည်ခဲ့သည်။ အဆိုပါ မွတ်ဆလင်ပါတီလေးခုတွင် United Development Party (ညီညွတ်သော ဖွံ့ဖြိုးတိုးတက်မှုပါတီ) က ၅၈ နေရာ၊ Nation Awakening Party (အမျိုးသားနိုးကြားရေးပါတီ) က ၅၁ နေရာ၊ National Mandate Party (အမျိုးသားအခွင့်အာဏာပါတီ) က ၃၄ နေရာ၊ Crescent Star Party (လခြမ်းကြယ်ပါတီ) က ၁၃ နေရာအသီးသီးရရှိကာ အစဉ်လိုက်ရပ်တည်ခဲ့သည်။[xxiii]

ထိုစဉ်ကကျင်းပသည့်ရွေးကောက်ပွဲသည် ၁၉၄၅ ခုနှစ် အခြေခံဥပဒေအရ DPR အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲဖြစ်သည်။ သမ္မတနှင့် ဒုတိယသမ္မတတို့ကို တိုင်းပြုပြည်ပြုလွှတ်တော် MPR က ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်သည် သမ္မတကို အရည်အချင်းအကဲဖြတ်စစ်ဆေးရန်နှင့် စွဲချက်တင်ခြင်း၊ အခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်မူဝါဒဆိုင်ရာ ကျယ်ပြန့်သော လမ်းညွှန်ချက်များကိုရေးဆွဲခြင်းတို့ကိုလုပ်နိုင်သည့် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို အောက်လွှတ်တော်ကိုယ်စားလှယ်များ၊ သမ္မတက ခန့်အပ်သည့် ပညာသည်အစုအဖွဲ့၊ ဒေသဆိုင်ရာအစိုးရများကခန့်အပ်သည့် ဒေသဆိုင်ရာကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသည်။ New Order အစိုးရလက်ထက်တွင် 'အထက်ပါလုပ်ငန်းစဉ်များ အားလုံးကို ဆူဟာတိုကထိန်းချုပ်ထားသဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်သည် ဆူဟာတိုအကြိုက် လိုက်လုပ်ပေးရန်ရှိနေသည့် လွှတ်တော်ဖြစ်ခဲ့သည်'။[xxiv] ဟာဘီဘီအာဏာရလာသည့်အခါ ထိုသို့လွှတ်တော်ကိုထိန်းချုပ်ထားခြင်းမရှိတော့ပေ။ စင်စစ် ဟာဘီဘီ၏ ကြိုးပမ်းမှုများအားလုံးက သူ၏ သမ္မတသက်တမ်းအတွက် အပြုသဘောဆောင်သော ဆုလာဘ်များတော့ ရမလာစေခဲ့ပေ။

၁၉၉၉ အောက်တိုဘာလတွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတွင် သူ၏ စွမ်းဆောင်အောင်မြင်မှုအစီရင်ခံစာမှာ ၅၀ အောက်လျော့နည်းသည့် မဲကွာခြားချက်ဖြင့် ပယ်ချခံရသည်။ ထိုမဲကွာဟချက်သည် လွှတ်တော်၏အယုံအကြည်ရှိမှုမရှိ မဲခွဲဆုံးဖြတ်မှုတွင် ရှုံးနိမ့်သွားခြင်းလည်းဖြစ်သည်။ သူ၏အစီရင်ခံစာဖတ်ကြားတင်ပြမှု ရှုံးနိမ့်သွားရခြင်းအကြောင်းအရင်းကို တိကျသေချာသောဖွင့်ဆိုရှင်းပြမှု တစ်ခုမျှမရှိခဲ့ပေ။ လွှတ်တော်နိုင်ငံရေးနှင့် ရည်မှန်းချက်များအပြိုင်အဆိုင်ဖြစ်နေခြင်းတို့က အရေးအပါဆုံး အကြောင်းအချက်များဖြစ်ဖွယ်ရှိသည်။ ဆူဟာတိုကို ရုံးတင်တရားစွဲဆိုရန် ဟာဘီဘီက ဖိဖိစီးစီးမလုပ်ခဲ့ခြင်း၊ အရှေ့တီမောအရေးလူထုဆန္ဒခံယူပွဲရလဒ်များအတွက် သူတွင်တာဝန်ရှိခြင်းတို့သည် ပြည်သူအများမကျေမနပ်ဖြစ်ရခြင်း အကြောင်းအချက်များဖြစ်သည်ဟုလည်းဆိုကြသည်။ ထို့အပြင် စစ်တပ်ကပါဝင်ပတ်သက်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုအမှုတွဲများကို ဟာဘီဘီက မဆိုင်းမတွေးဆောင်ရွက်ခြင်းမပြုခဲ့ဟူ ယူဆသူအချို့လည်းရှိခဲ့သည်။[xxv]

ဟာဘီဘီသည် အသစ်ရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်တွင် နိုင်ငံရေးအရထောက်ခံမှု မည်သည့်အခြေအနေတွင်မှ လုံလောက်စွာမရခဲ့ခြင်းက ထင်ရှားနေသည်။ ထိုသို့ထောက်ခံမှုအပြည့် အဝမရခြင်းကြောင့် ၁၉၉၉ ခုနှစ် အောက်တိုဘာတွင် သမ္မတရာထူးအတွက် ဟာဘီဘီဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုခဲ့တော့ချေ။ လျော့လျဲစွာဖွဲ့စည်းထားသည့် အစွလာမ်မစ်ပါတီညွှန့်ပေါင်းအဖွဲ့နှင့် Golkar ပါတီတို့က အဗဒုရာမန် ဝါဟစ်ကို အင်ဒိုနီးရှား၏ စတုတ္ထမြောက်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ရွေးကောက်ပွဲအနိုင်ရပါတီ

PDI-P ၏ခေါင်းဆောင် မီဂါဝတီက ဒုတိယသမ္မတ ဖြစ်လာခဲ့သည်။

## ဟာဘီဘီ၏ ဒီမိုကရေစီအစဉ်အလာ

သူ၏ကြိုးပမ်းဆောင်ရွက်ချက်များကို ထိုစဉ်က အပြည့်အဝလက်သင့်မခံကြသဖြင့် တိုတောင်းသော သမ္မတသက်တမ်းအတွင်း ဟာဘီဘီသည် လက်ငင်းကြုံရသော နိုင်ငံရေး တိုက်ပွဲတွင် အနိုင်ရအောင် မလုပ်နိုင်ခဲ့ချေ။ သို့သော် သူအမွေခံခဲ့ရသည့် ပြဿနာများနှင့် သူ လက်ထဲတွင်ရှိသည့်အရင်းအမြစ်များ၏ အကန့်အသတ်ကိုထောက်ရှုမည်ဆိုပါကမူ ဟာဘီဘီ သည် အများကြီးအောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ အင်ဒိုနီးရှားတွင် ဒီမိုကရေစီအလုပ် ဖြစ်ရန်လိုအပ်သော အဓိကကျသည့် အဆောက်အအုံများနှင့် ကျင့်စဉ်များဖြစ်ပေါ်လာစေရန် ဟာဘီဘီက ပံ့ပိုးပေးနိုင်ခဲ့သည်။ ပြည်သူ့လွတ်လပ်ခွင့်များ၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ ပြောဆိုဝေဖန်ပိုင်ခွင့်တို့ကို ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သည်။ နိုင်ငံရေးပါတီများ ပေါ်ထွန်းလာစေခြင်းနှင့် ၄၄ နှစ်အတွင်း စစ်မှန်သော ပထမဆုံးဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပခြင်းတို့ကို လွယ်ကူချောမွေ့အောင်လုပ်ဆောင်ပေးခဲ့သည်။ ပိုပြီးအရေးကြီးသည်မှာ ခွဲ ထွက်ရေးခြိမ်းခြောက်မှုနှင့်ရင်ဆိုင်ရချိန်တွင် အင်ဒိုနီးရှား၏ အမျိုးသားနိုင်ငံတော်ကို နှိုင်းယှဉ် ချက်အားဖြင့် အထိအခိုက် အပွန်းအပဲ့ကြီးကြီးမားမားမရှိရလေအောင် ဟာဘီဘီက ထိန်းသိမ်း နိုင်စွမ်းရှိခဲ့သည်။ စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့၏ နိုင်ငံရေးအရလွှမ်းမိုးမှုကို လျော့ချနိုင်ခဲ့သည်။ စစ်တပ်နှင့် တိုင်းပြည်ကြားတွင် အဆောက်အအုံအရ ဆက်သွယ်ချက်အဖြစ် အသုံးတော်ခံခဲ့ သည့် Golkar ပါတီကို ယှဉ်ပြိုင်နိုင်ခွင့်ရှိသော ပါတီစုံစနစ်အတွင်း ပုံမှန်ပါတီအဖြစ်သို့ ပြောင်းလဲ ပေးနိုင်ခဲ့သည်။

ဟာဘီဘီပြင်ဆင်ပေးခဲ့သည့် ခိုင်မာသောအခြေခံများကြောင့်သူ့ကိုဆက်ခံသူများ အကျိုး ကျေးဇူးကြီးမားစွာရရှိခဲ့သည်။ ဟာဘီဘီ၏သမ္မတသက်တမ်းကုန်ဆုံးချိန်တွင် လုပ်ကိုင်ဆောင် ရွက်စရာများ ဒုနှင့်ဒေးကျန်ရှိဆဲဖြစ်သည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ကြိုးပမ်းမှုများ စတင်ကာစသာ ရှိသေးသည်။ သမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက် သော ရွေးကောက်ပွဲစနစ်ကို မတည်ထောင်ရသေးပေ။ အမျိုးသမီးများသည် နိုင်ငံရေးတွင် နောက်ကျကျန်နေဆဲဖြစ်သည်။ သို့တိုင် ထိရောက်ပီပြင်ပြီး တရားဝင်ကြောင်းလက်တွေ့ပြပြီး ဖြစ်သည့် တာရှည်ခံပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ပေးခဲ့ခြင်းဖြင့် အင်ဒိုနီးရှား၏ ဒီမိုကရေ စီသို့အသွင်ကူးပြောင်းမှုသည် အခြားနိုင်ငံများနှင့်နှိုင်းစာပါက ငြိမ်းချမ်းစွာဖြစ်ပေါ်အောင် ဟာဘီဘီက ကူညီပေးခဲ့သည်။ သူသည် အင်ဒိုနီးရှား၏ ဒီမိုကရေစီကို ထိရောက်ပီပြင်သည့် အုပ်ချုပ်ရေးစနစ်အဖြစ်သို့ ဆက်လက်ဖွံ့ဖြိုးလာအောင် သမ္မတများဖြစ်ကြသည့် အဗ္ဗဒုရာမန် ဝါဟစ်၊ မီဂါဝတီ၊ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုတို့က ဆင့်ကဲလုပ်ဆောင်သွားနိုင်ရန် အဖိုးတန် အစဉ်အလာတစ်ခုကို ဟာဘီဘီ၏ဆောင်ရွက်ချက်များက အထောက်အပံ့ဖြစ်စေခဲ့သည်။

ယခုအခါ အင်ဒိုနီးရှားဏ၏ ဒီမိုကရေစီသည် အခြေတည်ကြံ့ခိုင်သွားပြီဖြစ်သည်။ ဟာဘီဘီ ကိုဆက်ခံသည့် သမ္မတများက တိုးတက်အောင်မြင်မှုများ အများကြီးရအောင်လုပ်ဆောင်ပေးခဲ့ ကြသည်။ ပါတီနိုင်ငံရေးသည် အင်ဒိုနီးရှားဏ၏ ဒီမိုကရေစီတွင် အဓိကနေရာ၌ရှိနေဆဲဖြစ်သည်။ သို့သော် အသွင်ကူးပြောင်းမှုအစောပိုင်းကာလများတုန်းကလို မဟုတ်ဘဲ ရွေးကောက်ပွဲတွင် ပါဝင်သည့် လွှတ်တော်တွင်ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများနည်းပါးလာသည်။ ၁၉၅၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးကြိမ်ပြင်ဆင်ခဲ့သည်။ ထိုသို့ပြင်ဆင်ရာတွင် မဏ္ဍိုင်သုံးရပ် အကြား ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ အပြန်အလှန်ထိန်းကျောင်းမှုတို့ ပေါင်းစပ်ပါဝင်လာ အောင်ပြင်ဆင်နိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ်အခြေခံဥပဒေ၏ ကျိုးကြောင်းဆီလျော်မှုမရှိခြင်းကို စောဒကတက်ခြင်းများစွာရှိခဲ့သဖြင့် နောက်ထပ်ပြင်ဆင်ချက်များပြုလုပ်ရန် အဆိုတင်သွင်းမှု များရှိလာခဲ့သည်။ ၂၀၀၄ ခုနှစ်မှစပြီး သမ္မတ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့တော်ဝန်စသည့် အစိုးရရာထူးနေရာများအတွက် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံရရန် ယှဉ်ပြိုင်လာကြရသည်။ လွှတ်တော်တွင် စစ်တပ်နှင့်ရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များမရှိကြ တော့ဘဲ စစ်မှုထမ်းနှင့် ရဲဝန်ထမ်းများ မဲပေးခွင့်မရရှိတော့ပေ။

အင်ဒိုနီးရှားဒီမိုကရေစီသည် အလွန်အကုန်အကျများသော လုပ်ငန်းကြီးတစ်ခုအသွင်ကို ဆောင်နေသည်။ အစိုးရရာထူးနေရာများအားလုံးနီးပါးအတွက် ရွေးကောက်ပွဲတွင် ဝင်ပြိုင်ရန် ဘဏ္ဍာငွေကြေးထောက်ပံ့မှု ပမာဏအများကြီးလိုသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ဖိဖိစီးစီးလုပ်ဆောင်ခြင်းရှိနေသည့်တိုင် ဤအချက်ကြောင့် အဂတိလိုက်စားမှု အနှံ့အပြားဖြစ်ရသည့်အကြောင်းရင်းဟုလက်ခံထားမှုများ၊ သို့မဟုတ်စွပ်စွဲပြောဆိုမှုများရှိသည်။ ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များ၊ လွှတ် တော်ကိုယ်စားလှယ်များနှင့် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အစိုးရရာထူးလက်ကိုင်ရှိသူများစွာ တို့သည် ရုံးတင်စစ်ဆေးခံရပြီး နိုင်ငံပိုင်ဘဏ္ဍာငွေကြေးများကို အလွဲသုံးစားပြုကြောင်း ပြစ်မှု ထင်ရှားတွေ့ရှိခဲ့သည်။

တစ်ဘက်တွင် ငြိမ်ဝပ်ပိပြားမှု၊ တည်ငြိမ်မှုနှင့် ဘေးကင်းလုံခြုံမှု အခြားတစ်ဘက်တွင် သာယာဝပြောမှု စသည့် အင်ဒိုနီးရှားဒီမိုကရေစီ၏ အာမခံချက်များကို အပြည့်အဝဆောင်ကျဉ်း ပေးရန် ပြီးပြတ်အောင် လုပ်ဆောင်စရာတွေ အများကြီးလိုအပ်နေပါသေးသည်။ အထူးသဖြင့် ဘီ၊ဂျေ၊ဟာဘီဘီ၏ သမ္မတ သက်တမ်းနှစ်ကာလများနှင့် ထိုကာလများကစပြီး ကြီးကျယ်သည့် ဖြစ်ပေါ်တိုးတက်မှုများကိုတော့ လုပ်ဆောင်နိုင်ခဲ့သည်သာဖြစ်သည်။

---

i R. William Liddle, 'Indonesia's Democratic Past and Future,' in R. William Liddle, *Leadership and Culture in Indonesian Politics* (Sydney: Allen & Unwin, 1996), p. 181; Herbert Feith, *The Decline of Constitutional Democracy in Indonesia* (Ithaca: Cornell University Press, 1962), p. 27.

ii Herbert Feith, *The Decline of Constitutional Democracy in Indonesia* (Ithaca: Cornell University Press, 1962).

iii Herbert Feith, *The Indonesian Elections of 1955*, pp. 58–9.

iv Hamish McDonald, *Suharto's Indonesia* (Blackburn, Victoria: The Dominion Press, 1980).

v ဤစာပိုဒ်ကို Herbert Feith, 'Repressive-Developmentalist Regimes in Asia: Old Strengths, New Vulnerabilities,' *Prisma,* 19 (1980), pp. 39-55 မှရယူထားခြင်းဖြစ်သည်။

vi John Bresnan, *Managing Indonesia: The Modern Political Economy* (New York: Columbia University Press, 1993).

vii Andrew Macintyre, 'Power, Prosperity and Patrimonialism: Business and Government in Indonesia,' in Andrew Macintyre (ed.), *Business and Government in Industrializing Asia* (St. Leonard, NSW: Allen & Unwin, 1994), p. 244.

viii Richard Mann, *Economic Crisis in Indonesia: The Full Story* (Singapore: Times Books, 1998).

ix Bacharuddin Jusuf Habibie, *Detik-detik yang Menentukan Jalan Panjang Indonesia Menuju Demokrasi* [Decisive Moments Indonesia's Long Road to Democracy] (Jakarta, The Habibie Center Mandiri, 2006), pp. 55–8, 78–80.

x 'Wiranto: Tidak Ada Perintah Menarik Pasukan', *Tempo*, 25 May 2003; Bacharuddin Jusuf Habibie, *Detik-detik yang Menentukan*, p. 61.

xi 'Current Data on the Indonesian Military Elite', *Indonesia*, 67 (April 1999), pp. 136–9; Geoffrey Forrester, 'Introduction', in Forrester and May, *The Fall of Soeharto*, pp. 19–22.

xii Bacharuddin Jusuf Habibie, *Detik-detik yang Menentukan*, pp. 149–56.

xiii Marcus Mietzner, 'Between Pesantren and Palace: Nahdlatul Ulama and Its Role in the Transition', in Forrester and R.J. May, *The Fall of Soeharto*, p. 197.

xiv Bacharuddin Jusuf Habibie, *Detik-detik yang Menentukan*, p. 151.

xv 'Mampukah Habibie Menjinakkan', *Tempo*, 24 November 1998.

xvi Richard Robison, 'Indonesia After Soeharto: More of the Same, Descent into Chaos or a Shift to Reform?' in Forrester and May, *The Fall of Soeharto*, p. 229.

xvii Bilveer Singh, *Habibie and the Democratization of Indonesia* (Sydney: Book House, 2001), p. 131.

xviii Geoffrey Forrester, 'A Jakarta Diary, May 1998', p. 61.

xix Bilveer Singh, *Habibie and the Democratization of Indonesia*, pp. 94–7.

xx Benjamin Smith, 'The Origins of Regional Autonomy in Indonesia,' in *Journal of East Asian Studies*, 8/2 (May/August 2008), pp. 221–3.

xxi Fachry Ali, Bahtiar Effendy, Umar Juoro, and Musfihin Dahlan, *The Politics of Central Bank* (Jakarta: Lspeu Indonesia, 2003), pp. 14–54, 76–7.

xxii Fachry Ali et al., *The Politics of Central Bank*, pp. 72–3.

xxiii Kamarudin, *Partai Politik Islam di Pentas Reformasi* [Islamic Political Parties in the Reform Era], (Jakarta: Visi Publishing, 2003), p. 143.

xxiv R. William Liddle, 'Indonesia's Unexpected Failure of Leadership', in Adam Schwarz and Jonathan Paris (eds), *The Politics of Post-Suharto Indonesia* (New York: Council on Foreign Relations Press, 1999), p. 20.

xxv 'Pertanggungjawaban Habibie', *Tempo*, 11–17 October 1999.

## ဘီ၊ ဂျေ၊ ဟာဘီဘီ၏ ကိုယ်ရေးအကျဉ်း (Club de Madrid အဖွဲ့ဝင်)

B.J. Habibie, by Adek Berry/Scanpix

လူငယ်ဘဝက ဘီ၊ ဂျေ၊ ဟာဘီဘီသည် အင်ဒိုနီးရှားနိုင်ငံ၏ အာဏာရှင်သမ္မတအဖြစ် ၃၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ဆူဟာတိုနှင့်ရင်းနှီးသော ပုဂ္ဂိုလ်ရေးဆက်ဆံမှုရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များ အစောပိုင်းတွင် ဟာဘီဘီသည် ဂျာမနီသို့သွားရောက်ခဲ့ပြီး လေကြောင်းအင်ဂျင်ဒီယာ၊စီးပွားရေးလုပ်ငန်းအမှုဆောင်အရာရှိအဖြစ်နှစ် ၂၀ကြာလုပ်ကိုင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဆူဟာတိုက ဟာဘီဘီကိုတိုင်းပြည်သို့ပြန်ခေါ်ကာ နိုင်ငံပိုင် အာကာသနည်းပညာကုမ္ပဏီကို အုပ်ချုပ်စေပြီး ခေတ်မီနည်းပညာများအတွက် အစိုးရအကြံပေးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ သုတေသနနှင့် နည်းပညာဆိုင်ရာဝန်ကြီးရာထူးတွင် ဟာဘီဘီတာဝန်ထမ်းဆောင်သည်။ ပိုမိုကျယ်ပြန့်ပြီး အတိမ်အစောင်းမခံသော တာဝန်များကို ဟာဘီဘီအား ဆူဟာတိုကတဖြည်းဖြည်းချင်းပေးအပ်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံ ဒုသမ္မတအဖြစ် ဟာဘီဘီကိုခန့်အပ်ခဲ့သည်။ ဟာဘီဘီသည် အာဏာရ Golkar ပါတီ၏ ပါတီဝင်ဖြစ်ခဲ့ပြီး မွတ်ဆလင်ပညာတတ်များ အစည်းအရုံး Muslim Intellectual Association ၏ဥက္ကဋ္ဌလည်းဖြစ်သည်။ ဆူဟာတို၏လက်အောက်၌နေရင်း အာဏာ၏အလုပ်လုပ်ပုံကို နားလည်သိရှိသူဖြစ်သော်လည်း Muslim Intellectual Association နှင့်ဆက်နွယ်သည့် အုပ်ချုပ်ရေးယန္တရားလောက်ကိုကျော်လွန်ပြီး သိသာထင်ရှားသည့်အာဏာသူ့ထံတွင်မရှိချေ။ စစ်တပ်နှင့်အတိုက်အခံကြားတွင် ဟာဘီဘီကို ယေဘုယျအားဖြင့်လူကြိုက်မများကြပေ။

၁၉၉၇-၉၈ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းသည် ယခင်က တိုးတက်ကြီးပွားခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးကို ရစရာမရှိအောင်ပျက်စီးသွားစေခဲ့သည့်အခါ ဆူဟာတိုကို ဆန့်ကျင်မှုများ တမုဟုတ်ချင်းမြင့်တက်လာသည်။ အလုံးအရင်းဖြင့် လမ်းပေါ်ထွက်ဆန္ဒပြမှုများ ကြောင့် ၁၉၉၈ ခုနှစ် မေလတွင် ဆူဟာတိုရာထူးက နုတ်ထွက်လိုက်ရသည်။ ဟာဘီဘီ သည် ပါလီမန်၏အတည်ပြုထောက်ခံမှုဖြင့် အခြေခံဥပဒေပြဋ္ဌာန်းချက်အရ သမ္မတရာထူးကိုဆက်ခံ လိုက်ရသည်။ ဟာဘီဘီသမ္မတဖြစ်လာခြင်းကြောင့် ထိပ်တန်းစစ်ခေါင်းဆောင်များကြား အန္တရာယ်များသည့် အာဏာပြိုင်ဆိုင်မှုတိုက်ပွဲကို ရှောင်လွှဲနိုင်ခဲ့သည်။ ဟာဘီဘီက စစ်တပ်နှင့် ရဲအဖွဲ့ကို ပုဂ္ဂိုလ်ရေးအရထိန်းချုပ်မှုကျင့်သုံးခြင်း၊ နိုင်ငံရေးအကျဉ်းသားအများစုကိုလွှတ်ပေး ခြင်း၊ အလုပ်သမားသမဂ္ဂများကို အသိအမှတ်ပြုခြင်း၊ ဆင်ဆာဖြတ်တောက်မှုနှင့် ပုံနှိပ်ထုတ် ဝေရေးကန့်သတ်ချက်များကို ပယ်ဖျက်ခြင်းတို့အား ချက်ချင်းလက်ငင်းလုပ်ဆောင်ခဲ့သည်။ နိုင် ငံရေးပါတီသစ်များတည်ထောင်ခြင်းကို ခွင့်ပြုပေးခဲ့သည်။ သုံးနှစ်အတွင်း ပြည်လုံးကျွတ်ရွေး ကောက်ပွဲကျင်းပရန် ရက်သတ်မှတ်ပေးခဲ့သည်။ ဆူဟာတိုမိသားစုကို ထောက်ခံသူများ၊ လွှတ် တော်မှအရာရှိကိုယ်စားလှယ်များစွာကို ဖယ်ရှားပစ်ခဲ့သည်။ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအာဏာ များကို ဒေသဆိုင်ရာအစိုးရများကိုခွဲဝေပေးခြင်းစီမံချက်ကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအဖြစ် ကာကွယ်ရေးဝန်ကြီးရာထူးတွင် အရပ်သားတစ်ဦးကို ခန့်အပ်ခဲ့သည်။ အရှေ့တီမောကို လွတ်လပ်ရေးရရှိသွားစေခဲ့သည့် လူထုဆန္ဒခံယူပွဲကျင်းပရန် သဘောတူခဲ့သည်။ ဟာဘီဘီသည် သူ၏ခံယူချက်သက်သက်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ဘာသာရေးယုံကြည်မှု၊ ပညာရှင်များနှင့် ပြည်သူ့ဝန်ထမ်းများပါဝင်သည့်အဖွဲ့၏ ဖေးမ ကူညီမှုတို့ရရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် အောက်ခြေကပြုပြင်ပြောင်းလဲမှုလိုအပ်နေသည် ဟု ဟာဘီဘီကယူဆသည်။ ရင်ဆိုင်ယှဉ်ပြိုင်နေသော ပါဝါများ၏ဗဟိုချက်မများသည် အချိန် မတိုင်မီကျင်းပမည့်ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ခွင့်ရရှိရေးနှင့်အဆိုပါပြုပြင်ပြောင်းလဲရေးများကို လဲလှယ်သည့်အနေဖြင့် လက်ခံလိမ့်မည်ဟု ဟာဘီဘီက သဘောပေါက်နားလည်ခဲ့သည်။ အင်ဒိုနီးရှားလွှတ်တော် People's Consultative Assembly (ပြည်ထောင်စုလွှတ်တော်နှင့်ဆင် တူသည်) တွင် မဲအရေအတွက်ကွာဟမှုအနည်းငယ် (ထောက်ခံမဲ ၃၅၅၊ ကန့်ကွက်မဲ ၃၂၂) ဖြင့် ၎င်း၏တာဝန်ခံမှု အစီအရင်ခံစာ (သူ၏သမ္မတသက်တမ်းတွင် စွမ်းဆောင်အောင်မြင်မှုများ အတွက် အစီရင်ခံတင်ပြချက်) ကိုပယ်ချခံရပြီးနောက် ၁၉၉၉ ခုနှစ်တွင် ဟာဘီဘီက လာမည့် ရွေးကောက်ပွဲတွင် သမ္မတလောင်းအဖြစ် အဆိုပြုထားခြင်းကို ရုတ်သိမ်းသွားခဲ့သည်။ သို့သော် ဟာဘီဘီစတင်ခဲ့သည့် အပြောင်းအလဲများသည် သူ၏ရာထူးသက်တမ်းအပြီး ဆက်လက် ဖြစ်ပေါ်လာသော ဒီမိုကရက်တစ်အုပ်ချုပ်ရေး ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်မှုများပြုလုပ် သည့်ကာလတွင် ဆက်လက်၍အခြေတကရှိနေခဲ့သည်။

# ဘီ၊ ဂျေ၊ ဟာဘီဘီနင့် တွေ့ဆုံမေးမြန်းခြင်း

## အာဏာရှင်အုပ်ချုပ်ရေးအဆုံးသတ်ခြင်း

*၇၂ နှစ်ကြာအာဏာရရှိထားတဲ့ သမ္မတ ဆူဟာတိုအစိုးရဟာ ၁၉၉၈ ခုနှစ်မှာ ပြိုလဲသွားခဲ့တယ်။ ဆူဟာတိုအစိုးရကိုပြိုလဲသွားစေတဲ့ အရေးကြီးသောအကြောင်းအရင်းတွေက ဘာတွေလဲ။ အဲဒီအချိန်တုန်းက ဒုတိယသမ္မတအနေနဲ့ခင်ဗျားရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုတွေကို ဘယ်လို သိမြင်နားလည်ခဲ့သလဲ။*

ဟာဘီဘီ။ ။ သမ္မတဟာ သူနဲ့နီးစပ်တဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနဲ့ မိသားစုတွေရဲ့အကျိုးစီးပွားတွေအတွက် တစတစပိုပြီး လုပ်ကိုင်ဆောင်ရွက်လာတာရယ်၊ ပြည်သူအများစုရဲ့ အကျိုးစီးပွားတွေနဲ့ သမ္မတကအဆက်ပြတ်လာတာတွေရယ်ကြောင့် ဆူဟာတိုအစိုးရပျက်စီးယိုယွင်းလာခဲ့တာပဲ။

၁၉၉၈ ခုနှစ်မှာ ဘဏ်လုပ်ငန်းကိုမူဝါဒဖြေလျှော့ပေးပြီးနောက်မှာ ကုမ္ပဏီတွေက တည်ထောင်တဲ့ဘဏ်တွေ အချိန်စေ့ရောက်သောလည်း ပေးဆပ်ခြင်းမရှိသော ကာလတိုကြွေးမြီများချေးငှားလာခြင်းကြောင့် စီးပွားရေးမရေရာမှုနဲ့ ယိုင်နဲ့လာစေခဲ့တယ်။ ၁၉၉၇ ခုနှစ် ဇူလိုင်လမှာ ထိုင်းဘတ်ငွေတန်ဖိုးချခြင်း စတင်ဖြစ်ပေါ်လာတာကြောင့်၊ အပြည်ပြည်ဆိုင်ရာ အရင်းအနှီးဈေးကွက်မှာ အင်ဒိုနီးရှားရဲ့ကြွေးမြီတွေကို အရစ်ကျပေးဆပ်မှုနဲ့ အတိုးတို့အတွက် ပေးချေဖို့ အင်ဒိုနီးရှားနိုင်ငံမှာ အမေရိကန်ဒေါ်လာဝယ်လိုအားတိုးပွားလာတယ်။ အမေရိကန်ဒေါ်လာနဲ့ အင်ဒိုနီးရှား ရူပီးလဲလှယ်နှုန်းဟာလည်း စတင်ကျဆင်းလာခဲ့တယ်။ စီးပွားရေးမတည်ငြိမ်မှု တစတစတိုးပွားလာတာကြောင့် အင်ဒိုနီးရှား ရူပီးတန်ဖိုးဆက်တိုက်ကျဆင်းမှု ပိုပြီးအရှိန်မြန်လာခဲ့တယ်။ ငွေကြေးဖောင်းပွမှုနဲ့ အတိုးနှုန်းတွေခုန်တက်လာပြီး အခြေခံစားသောက်ကုန်တွေရှားပါးပြတ်လပ်လာခဲ့တယ်။ လမ်းပေါ်ထွက်လူထုဆန္ဒပြပွဲတွေနဲ့ လွှတ်တော်အဆောက်အအုံရှေ့ကဆန္ဒပြပွဲတွေမှာ အထက်တန်းနဲ့တက္ကသိုလ်ကျောင်းသားတွေအပြင် လူငယ်အဖွဲ့အစည်းတွေပူးပေါင်းပါဝင်လာတယ်။ ဘဏ္ဍာရေးအခြေအနေက စီးပွားရေးမတည်ငြိမ်မှုကို ပိုပြီးနက်ရှိုင်းလာစေခဲ့ပြီး စီးပွားရေးအကျပ်အတည်းတွေ တိုးပွားလာစေခဲ့တာကြောင့် ဆူဟာတိုအစိုးရ မဖြစ်မနေနုတ်ထွက်ဖို့ လူမှုရေး၊ နိုင်ငံရေးနဲ့ စစ်ရေးအင်အားစုတွေက တွန်အားပေးခြင်း ဆီကိုဆိုက်ရောက်သွားခဲ့တယ်။

အင်ဒိုနီးရှားသမ္မတဖြစ်လာဖို့ ကျွန်တော်လုံးဝ စိတ်မဝင်စားခဲ့ပါဘူး။ ဝန်ကြီးဖြစ်ဖို့တောင် စိတ်မဝင်စားခဲ့ဘူး။ အင်ဒိုနီးရှားမှာ လေယာဉ်တွေတည်ဆောက်နိုင်မယ့်နည်းပညာကိုဆောင်ကျဉ်းဖို့ကိုပဲ စိတ်ဝင်စားခဲ့တာဗျ။ ဆူဟာတိုနဲ့ အပေးအယူတစ်ခုလုပ်ခဲ့ရတယ်။ ၁၉၇၄ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံလုပ် လေယာဉ်တစ်စင်းဆောက်ဖို့ ဂျာမနီကနေ အင်ဒိုနီးရှားကိုပြန်လာဖို့

သဘောတူခဲ့တယ်။ အင်ဒိုနီးရှားလုပ်လေယာဉ်ကို အစိုးရပိုင်ဖြစ်သော်လည်း ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းလိုလည်ပတ်တဲ့ကုမ္ပဏီတစ်ခုကတဆင့် တည်ဆောက်ဖို့သဘောတူခဲ့တာပဲ။ တိုင်းပြည်ကိုပြန်လာခဲ့တယ်။ သတ်မှတ်ချိန်အတွင်း လေယာဉ်ဆောက်ပေးနိုင်ခဲ့တယ်။

၁၉၉၈ ခုနှစ် အစောပိုင်းလတွေမှာ သူ့ရဲ့ဒုသမ္မတလောင်းစာရင်းမှာ အမည်စာရင်းသွင်းဖို့ ဆူဟာတိုကမေးတဲ့အခါ ဇနီးသည်အရမ်းနာမကျန်းဖြစ်နေတာကြောင့် အမည်စာရင်းမပေးနိုင်ဘူးလို့ သူ့ကိုပြောခဲ့ပါတယ်။ သို့သော်လည်း Golkar ပါတီ ရွေးကောက်ပွဲမှာ အနိုင်ရအောင် ကျွန်တော့်ကိုဝင်ပြိုင်ခိုင်းတာကြောင့် ကျွန်တော်ခေါင်းညိတ်ခဲ့တယ်။ တိုင်းပြုပြည်ပြုလွှတ်တော် (People's Consultative Assembly) က ကိုယ်စားလှယ်များရဲ့ရွေးကောက်တင်မြှောက်မှုနဲ့ ကျွန်တော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အဲဒီတုန်းက အုပ်စုငါးစုရှိပါတယ်။ မီဂါဝတီရဲ့ အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ၊ အစ္စလာမ်မစ်များရဲ့ ညီညွတ်သောဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကျွန်တော်ဝင်ပြိုင်တဲ့ Golkar ပါတီ၊ ပြည်နယ်တွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များဖြစ်တဲ့ဒေသဆိုင်ရာ ကိုယ်စားပြုအဖွဲ့ (Utusan Daerah) နဲ့ စစ်တပ်ကကိုယ်စားလှယ်များဆိုပြီး အုပ်စုငါးစုရှိတယ်။

ဆူဟာတိုက အဲဒီအုပ်စုငါးစုကနေ ဒုတိယသမ္မတလောင်းတစ်ဦးစီကို အဆိုပြုနိုင်တဲ့ဥပဒေကိုပြဋ္ဌာန်းခဲ့တာကြောင့် သမ္မတလောင်းငါးဦး ထွက်လာမယ့်အလားအလာ ရှိနေတယ်။ ပထမဆုံး ဒီအုပ်စုငါးခုကနေ သမ္မတကိုရွေးကောက်တင်မြှောက်ပါတယ်။ ပြီးမှ ဒုတိယသမ္မတကို ရွေးကောက်တင်မြှောက်တယ်။ ရွေးကောက်တင်မြှောက်ခံ ဒုတိယသမ္မတလောင်းတွေကို တစ်ကြိမ်ကိုတစ်ဦးကျစီ သမ္မတထံအဆိုပြုတင်သွင်းတယ်။ အသစ်တင်မြှောက်လိုက်တဲ့ သမ္မတက ဒုတိယသမ္မတကို ရွေးချယ်ခွင့်ရှိတယ်။ အချိန်အကြာကြီးယူပြီး ဆွေးနွေးရတာကိုရှောင်ရှားဖို့ ဒုတိယသမ္မတလောင်းတစ်ဦးကို အဆိုမပြုမီ ခုနကပြောခဲ့တဲ့ အုပ်စုငါးခုကနေ သမ္မတနဲ့ ဆွေးနွေးပြီး ဒုတိယသမ္မတအဖြစ် ဘယ်သူနဲ့လက်တွဲလုပ်နိုင်မယ်လို့သူထင်မြင်သလဲဆိုတာကို သမ္မတကိုမေးမြန်းရတာပေါ့။ ကျွန်တော့်အနေနဲ့ အစိုးရအဖွဲ့မှာမပါချင်ဘူးလို့ပန်ကြားထားတာကို သမ္မတကအတည်ယူ မယ်လို့ သေချာပေါက်တွက်ထားတာဆိုတော့ ဒုတိယသမ္မတဖြစ်လာဖို့ အလားအလာကို ထည့်မစဉ်းစားခဲ့ဘူးလေ။ အစိုးရအဖွဲ့မှာ အဖွဲ့ဝင်အဖြစ်မပါလိုဘူးဆိုတာကို သမ္မကိုကျွန်တော်ကိုယ်တိုင်ပြောထားပြီးသားလေ။ နောက်ဆက်တွဲ ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှမသိဘူးလို့ သမ္မတကပြောတယ်။ ဒီတော့ တခြားဒုသမ္မတလောင်းတွေအတွက် မဲဆွယ်စည်းရုံးနေချိန်မှာ ကျွန်တော့်အတွက်စည်းရုံးရေးမဆင်းဘူး။ ကျွန်တော့်ရဲ့ အင်ဂျင်နီယာ ပညာရပ်လုပ်ငန်းကိုပဲ စိတ်ဝင်စားတယ်။ ဒါပေမယ့် အခြေအနေတွေက ထင်တားတဲ့အတိုင်းဖြစ်မလာခဲ့ဘူး။ လူတွေကတော့ အစီအစဉ်တွေဆွဲကြပေမယ့် ဘုရားကပဲ အဆုံးအဖြတ်ပေးသွားတာပဲ။

ရွေးကောက်ပွဲမတိုင်မီ နှစ်ပတ်အလိုမှာ ကြယ်လေးပွင့်အဆင့်ရှိတဲ့ စစ်ဦးစီးချုပ် ဖီးဇယ်

တန်ဂျန်းက သမ္မတနဲ့သွားတွေ့တယ်။ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ သမ္မတနဲ့ အသစ်တက်လာမယ့် ဒုတိယသမ္မတရဲ့လုံခြုံရေးကို စစ်ဦးစီးချုပ်က တာဝန်ယူရပါတယ်။ သူ့တာဝန်ကို ထမ်းဆောင်ဖို့နဲ့ အစစအရာရာပြင်ဆင်ထားဖို့ ဘယ်သူကဒုသမ္မတဖြစ်လာမလဲ သိချင်တာကြောင့် ဆူဟာတိုထံကို ဒုသမ္မတလောင်းအမည်စာရင်းကို စစ်ဦးစီးချုပ်ကပြလိုက်တယ်။

ဆူဟာတိုနဲ့တွေ့ဆုံဆွေးနွေးလိုပြီးသွားတဲ့အခါ ကျွန်တော်က ဒုတိယသမ္မတဖြစ်လာမှာပဲလို့ တန်ဂျန်းကကောက်ချက်ချလိုက်ပါတယ်။ အစိုးရအဖွဲ့မှာကျွန်တော်ပါဝင်ဖို့ စိတ်မဝင်စားဘူးဆိုတာကို အတိအလင်းပြောထားပြီးသားမို့ စစ်ဦးစီးချုပ်လည်း အံ့အားသင့်သွားတာပေါ့။ ဒါပေမယ့် ဆူဟာတိုကတော့ ဒုသမ္မတခန့်ကိုခန့်မှဖြစ်မယ်ပြောပြီး ကျွန်တော်ရဲ့ စွမ်းဆောင်အောင်မြင်မှုမှတ်တမ်းကို ထောက်ပြတယ်။

ဒါနဲ့တန်ဂျန်းက ကျွန်တော့်ရဲ့လုံခြုံရေးအရာရှိကိုဖုန်းဆက်တယ်။

အဲဒီအချိန်မှာ ကျွန်တော်က တပ်ရယ်၊ Golkar ပါတီရယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရယ်ဆိုတဲ့ အုပ်စုသုံးခုပေါင်းထားတဲ့ ညွှန့်ပေါင်းအဖွဲ့က ရွေးကောက်တင်မြှောက်ထားတဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်။ ညှိနှိုင်းရေးမှူးလည်းဖြစ်တယ်။ အဲဒီရာထူးတွေမှာ ၁၉၉၃ ခုနှစ်ကတည်းက ကျွန်တော်ကတာဝန်ယူနေပြီ။

## ဦးစားပေးမူဝါဒများ ချမှတ်ခြင်း

*သမ္မတရာထူးမှာဆက်နေဖို့အခွင့်အရေးလုံးဝမရှိတော့တဲ့အခြေအနေအထိ ဆူဟာတိုကို ဆန့်ကျင်မှုတွေဖြစ်ပေါ်လာခဲ့တယ်။ ဒါနဲ့ခင်ဗျားက ဆူဟာတိုအစိုးရရဲ့ထောက်ခံမှု၊ အတိုက်အခံရဲ့ထောက်ခံမှုမပါဘဲ သမ္မတရာထူးကိုရရှိခဲ့တယ်။ စစ်တပ်ကလည်းခင်ဗျားကို မယုံသက်ဖြစ်နေတယ်။ အာဏာခြေကုပ်ယူစရာလည်းခင်ဗျားမှာမရှိခဲ့ဘူး။ နည်းပညာနဲ့စက်မှုလုပ်ငန်းအကြောင်းနားလည်တဲ့သူ၊ အင်ဒိုနီးရှားမွတ်ဆလင်ပညာရှင်များအစည်းအရုံးနဲ့ အနီးကပ်ဆက်ဆံရေးရှိတဲ့သူဆိုပြီး ရှေ့ရေးကိုကြိုတွေး တတ်တဲ့သူတစ်ဦးလို့ ခင်ဗျားကနာမည်ကြီးတယ်။ ဒါပေမယ့် ထောက်ခံမှုကျယ်ကျယ်ပြန့်ပြန့်ရထားတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးအနေနဲ့လူသိများတဲ့သူတော့ မဟုတ်ဘူး။ ပြုပြင်ပြောင်းလဲရေးတွေ အများအပြားကိုတော့ ခင်ဗျားဦးဆောင်လုပ်ကိုင်နိုင်ခဲ့တယ်။ ဒီလိုဖြစ်လာအောင် ခင်ဗျားဘယ်လိုများလုပ်ခဲ့သလဲ။ တခြားနိုင်ငံမှာ ဆက်စပ်မှုရှိနိုင်မယ့် ဘယ်လိုအရာမျိုးကို ခင်ဗျားရဲ့အတွေ့အကြုံကနေ လေ့လာသင်ယူနိုင်မလဲ။*

ဟာဘီဘီ။ ။ မှန်ပါတယ်။ ကျွန်တော့်မှာ ဆူဟာတိုလို နိုင်ငံရေးအသိုင်းအဝိုင်း လုံးဝမရှိပါဘူး။ ဆူဟာတိုဟာ နှစ်ပေါင်း ၃၂ နှစ်ကြာအောင် နိုင်ငံရေးအသိုင်းအဝိုင်းတစ်ခုကို ထိန်းချုပ်ခဲ့၊ တည်ဆောက်ခဲ့တယ်။ ဆူဟာတိုလို ကျွန်တော်က စစ်တပ်ကို သြဇာမညောင်းဘူး။ ဆူဟာတိုက ၁၉၆၆ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်အထိ အချိန်အကြာကြီး အာဏာရယူခဲ့တာကြောင့်

စစ်တပ်ထဲက စစ်ဦးစီးချုပ်အားလုံးနဲ့ရဲတပ်ဖွဲ့အကြီးအကဲတွေက သူ့အမိန့်ကိုနာခံတဲ့ လက်အောက်ငယ်သားတွေချည့်ပဲ။ ဒီတော့ သူကဒီနိုင်ငံရေးအသိုင်းအဝိုင်းကို ထိန်းချုပ်နိုင်တယ်။ သူ့လိုမျိုးထောက်ခံမှုရရာရကြောင်း တစ်ခုမှကျွန်တော့်မှာ မရှိဘူးဆိုတာ ကျွန်တော်နားလည်ထားတယ်။ ကျွန်တော့်မှာရှိတာက အသိပညာနဲ့ သမ္မတ ဒါမှမဟုတ် ဒုသမ္မတမဖြစ်ချင်တဲ့ ရည်မှန်းချက်ပဲရှိတယ်။ ကျွန်တော့်ရဲ့ အင်ဂျင်နီယာပညာလုပ်ငန်းကိုလုပ်ကိုင်ပြီးစီးသွားတဲ့အခါ ကျွန်တော့်ရည်မှန်းချက်က ပြည့်ဝသွားပြီလေ။

ဒါပေမယ့် မထင်မှတ်ပဲ နိုင်ငံ့ခေါင်းဆောင်နေရာကို အပ်နှင်းခံရတယ်။ သမ္မတရာထူးဆိုတာ ဘယ်လောက်ထိသြဇာအာဏာ ကြီးသလဲဆိုတာကို ကျွန်တော်ပထမဆုံး သဘောပေါက်နားလည်မိတဲ့အချိန်ကို ခုထိမမေ့သေးဘူး။ အဲဒီလိုသဘောပေါက် တဲ့အချိန်ကတော့ ကြည်း၊ ရေ၊ လေ၊ ရဲတပ်ဖွဲ့၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ Golkar ပါတီစတာတွေကနေ ထောက်လှမ်းရေးအစီရင်ခံစာတွေ စတင်လက်ခံရရှိလာတဲ့အချိန်ပဲ။ အင်မတန်ကို အသေးစိတ်တင်ပြထားတဲ့ အစီရင်ခံစာတွေကို ကျွန်တော် ဖတ်ရတယ်။ အစီရင်ခံစာတစ်ခုနဲ့တစ်ခုလည်း မတူဘူး။ ဘယ်အစီအရင်ခံစာက တိကျမှန်ကန်သလဲဆိုတာ ကျွန်တော်သိအောင် ဘယ်လိုလုပ်ရမလဲပေါ့။

'ပြည်သူ့အာဏာ'ဆိုတဲ့ဆန္ဒပြနေတဲ့ပြည်သူတွေရဲ့အင်အားကိုကျွန်တော်မျက်ခြေအပြတ်မခံဘူး။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာဆန္ဒပြခွင့်၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်တွေပေးဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်တွေချတဲ့အခါ နိုင်ငံရေးနဲ့လုံခြုံရေးဆိုင်ရာပူးတွဲဝန်ကြီး၊ ယခင်စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ဖီးဇယ်တန်ဂျွန်းက ကန့်ကွက်လာတယ်။ ကျွန်တော့်ကို ကွပ်မျက်ကြလိမ့်မယ်လို့ သူကပြောတယ်။ ကွပ်မျက်ချင်လည်း ကွပ်မျက်ကြဗျာလို့ ကျွန်တော်ပြန်ပြောခဲ့တယ်။ ဒီလိုရှုပ်ထွေးနေတဲ့ ကိစ္စရပ်တွေအားလုံးကို ချိန်ခွင်လျှာညီဖို့ဆိုတာ ပြည်သူတွေရဲ့အကူအညီနဲ့ပဲ ဒီလိုဆုံးဖြတ်လိုက်ဖို့က တစ်ခုတည်းသောနည်းလမ်းဖြစ်နေပြီလေ။ ဒါကြောင့် ကျွန်တော်သမ္မတရာထူးရယူပြီး ၂၄ နာရီအတွင်းမှာ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်ပြုဖို့ ဆုံးဖြတ်ခဲ့တယ်။

ချက်ချင်းဆိုသလိုပဲ တစ်ခုနဲ့တစ်ခုဆန့်ကျင်ကွဲလွဲနေတဲ့ သတင်းအချက်အလက်တွေနဲ့ အကြံဉာဏ်တွေဝင်လာခဲ့တယ်။ အဲဒီထဲက အကြံဉာဏ်တစ်ချို့အတိုင်းသာ လုပ်လိုက်မယ်ဆိုရင် အကြမ်းဖက်တော်လှန်ရေးကြီးဖြစ်သွားခဲ့မှာပဲ။ အဲဒီလို တော်လှန်ရေးမျိုးကြောင့် ထိခိုက်မှုအရှိဆုံးဖြစ်လာမယ့်သူတွေက လုပ်ကိုင်စားသောက်မပျက် ပုံမှန်ဘဝကိုပဲလိုချင်တဲ့ အပြစ်မဲ့ပြည်သူတွေပဲ။ သူတို့တွေကိုထိခိုက်လာမှာမျိုးတော့ ကျွန်တော်အဖြစ်မခံနိုင်ဘူး။

ဒီစိုးရိမ်မှုတွေကြောင့်ပဲ ပုံနှိပ်ထုတ်ဝေခြင်းကိုကန့်သတ်ထားတဲ့ ဥပဒေတွေကို ကျွန်တော် ဖျက်သိမ်းခဲ့တယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိအောင် လုပ်ဆောင်ခဲ့တာကြောင့်

ကျွန်တော့်အစိုးရအဖွဲ့ကို ပြည်သူတွေ ဘယ်လိုသဘောထားသလဲဆိုတာ တိကျတဲ့သတင်း အချက်အလက်တွေရခဲ့တယ်။ ဘာကြောင့် ဒီလိုလုပ်ခဲ့ရသလဲဆိုတော့ နိုင်ငံတော်အာဏာရဲ့ ပိုင်ရှင်များဖြစ်တဲ့ အင်ဒိုနီးရှားပြည်သူများထံကို အာဏာပြန်လည်အပ်နှင်းချင်တာကြောင့်ပဲ။ မိသားစုတစ်စု၊ လူတစ်ယောက်လက်ထဲ ဒါမှမဟုတ် ကျွန်တော့်လက်ထဲ၊ ကျွန်တော့်သားသမီး လက်ထဲကို နိုင်ငံတော်အာဏာအပ်နှင်းချင်တာ မဟုတ်ဘူး။ ပြည်သူတွေလက်ထဲကို အာဏာ အပ်နှင်းချင်တာကြောင့်ပါ။

နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးဖို့လည်း ကျွန်တော်ဆုံးဖြတ်ခဲ့တယ်။ အာဏာရသမ္မတကိုဆန့်ကျင်တဲ့သူတွေအတွက် အကျဉ်းထောင်ကိုမထားတော့ဘဲ ပြစ်မှုကျူး လွန်သူတွေအတွက် ထောင်ကိုထားခဲ့တယ်။ ဗိုလ်ချုပ်ကြီး ဝီရန်တိုနဲ့ ရှေ့နေချုပ်တို့က ဒီလိုနိုင် ကျဉ်းတွေကိုပြန်လွှတ်ပေးတာ အန္တရာယ်များတယ်တဲ့။ ဆန္ဒပြပွဲတွေဖြစ်လာပြီး ကျွန်တော့်ကို သတ်ကြဖြတ်ကြလိမ့်မယ်လို့ သူတို့ကပြောကြတယ်။ ဒါပေမယ့် ဘုရားကအလိုတော်ရှိရင်တော့ ကျွန်တော်သေမှာပဲလို့ ယုံကြည်ထားတယ်။

၁၉၉၈ ခုနှစ် မေလ ၂၁ ရက် ကြာသပတေးနေ့ မနက် ၁၀ နာရီမှာ ဆူဟာတိုရာထူးက နုတ်ထွက်သွားတယ်။ ကျွန်တော် သမ္မတဖြစ်လာတယ်။ အဲဒီကြာသပတေးနေ့ညနေမှာ အစိုးရ အဖွဲ့ကို ကျွန်တော်ဖွဲ့ရတယ်။ တစ်ညလုံးမအိပ်လိုက်ရဘူး။ သောကြာနေ့မနက်ရောက်တော့ ကျွန်တော့်ရဲ့အစိုးရအဖွဲ့သစ်ကို ကြေညာခဲ့တယ်။ အဲဒီလိုမကြေညာခင်မှာ လက်နက်ကိုင် တပ်ဖွဲ့တွေကိုဆင့်ခေါ်ပြီး ကျွန်တော်သမ္မတဖြစ်သွားပြီ၊ ကျွန်တော့်ရဲ့အမိန့်ကိုလိုက်နာရမယ်လို့ ပြောခဲ့ပါတယ်။

## စီးပွားရေးအကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ခြင်း

*တရားဝင်ဖြစ်မှုနဲ့ လူထုထောက်ခံမှုရရေးအတွက်၊ အာဏာရှင်အုပ်ချုပ်ရေးကိုပြန်သွားဖို့ ကြိုးပမ်းချင်ကြိုးပမ်းကြမယ့် စစ်တပ်နဲ့ရဲတပ်ဖွဲ့၊ အခြားအင်အားစုတွေကို ထိန်းချုပ်ဖို့အတွက် ဘယ်လိုမဟာဗျူဟာတွေကို ခင်ဗျားသုံးခဲ့သလဲ။*

ဟာဘီဘီ။ ။ စီးပွားရေးနဲ့နိုင်ငံရေးပြဿနာတွေကို လျင်မြန်တဲ့ဆုံးဖြတ်ချက်တွေနဲ့ ဖြေ ရှင်းဖို့၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ ပွင့်လင်းမြင်သာမှုတိုးတက်လာစေဖို့ ထိပ်တန်းဦးစားပေးခဲ့ တယ်။ တော်လှန်ရေးအစား ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုနဲ့ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန် မြှင့်ခြင်း၊ မိတ်ဆက်ခြင်းအားဖြင့် ပြည်သူတွေကို လွတ်လပ်ခွင့်ပေးဖို့ ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်ရဲ့အခြေခံမူတွေ၊ လူသားတာဝန်ဝတ္တရားတွေ၊ လူ့အခွင့်အရေးတန်ဖိုးတွေကိုပေး ဖို့က ကျွန်တော့်ရဲ့ဦးစားပေးကိစ္စရပ်တွေပဲ။

ကျွန်တော်တို့အစိုးရအဖွဲ့အဓိကရင်ဆိုင်ရတဲ့ပြဿနာကတော့ ငွေကြေးဖောင်းပွမှုမြင့်မား တာ၊ အင်ဒိုနီးရှားနိုင်ငံသုံးငွေကြေးတန်ဖိုး ထိုးကျသွားတာ၊ အလုပ်လက်မဲ့များလာတာ၊ နိုင်ငံ

ခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ ပြည်ပကိုပြန်ထွက်သွားတာ၊ အခြေခံလူသုံးကုန်တွေကို အကန့်အသတ်နဲ့ပဲရနိုင်တာတွေအပါအဝင် စီးပွားရေးစနစ်၊ ဘဏ္ဍာရေးစနစ်တို့ရဲ့ နယ်ပယ်အားလုံးလိုလိုမှာ မျှော်မှန်းနိုင်ခြင်း မရှိတာပဲ။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)၊ ကမ္ဘာ့ဘဏ်၊ အခြားဘဏ်လုပ်ငန်းအဖွဲ့အစည်းတွေ၊ လက်ဝါးကြီးအုပ်စီးပွားရေးတိုက်ဖျက်မှုဥပဒေ၊ ဒီမိုကရက်တစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အင်စတီကျူးရှင်းများ အထူးသဖြင့် အမေရိကန်နဲ့ဂျာမနီက ဒီမိုကရက်တစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအင်စတီကျူးရှင်းများလိုအပြည်ပြည်ဆိုင်ရာအင်စတီကျူးရှင်းတွေ၊ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အင်စတီကျူးရှင်းတွေကနေ အကြံပြုချက်တွေ၊ အဆိုပြုချက်တွေကို စိတ်ဖြာသုံးသပ်ကြရပါတယ်။ ညီညီညွှတ်ညွှတ်နဲ့လက်တွေ့ကျဖို့ကြိုးစားကြရပါတယ်။ လျော်ကန်တဲ့ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမှာဖြစ်ပြီး လွှတ်တော်နဲ့တိုင်းပြုပြည်ပြုလွှတ်တော်ကနေ အတည်ပြုပြဋ္ဌာန်းရမယ်လို့ မိမိတို့ယုံကြည်ထားပါတယ်။ ကျွန်တော့်အတွက် အားသာချက်တစ်ခုကတော့ ၁၉၉၉ ခုနှစ် မေလမှာ ရွှေးကောက်ပွဲမကျင်းပမီ ပုံမှန်အစည်းအဝေးကျင်းပနေဆဲ လွှတ်တော်ရဲ့ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းကျော်က ကျွန်တော့်ကို ထောက်ခံခဲ့တာပါပဲ။

## ဦးစားပေးမူဝါဒများချမှတ်ခြင်း

ဟာဘီဘီ။ ။ လက်ငင်းစိန်ခေါ်မှုတွေကိုဖြေရှင်းဖို့ အရေးကြီးတဲ့ဆောင်ရွက်များစွာကို ကျွန်တော်လုပ်ဆောင်ခဲ့ရတယ်။ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုဝေဖန်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ခွင့်တို့ကို တရားဝင်ကြေညာခဲ့တယ်။ ပြည်သူလူထုက ပထမဆုံးဘာလုပ်သလဲဆိုတော့ လမ်းပေါ်ထွက်လာပြီး ကျွန်တော်ကိုစပြီး ဆန္ဒပြကြတာပဲ။ ရပါတယ် ကျွန်တော့်ကိုဆန္ဒပြလို့ရပါတယ်။ ဆူဟာတိုနဲ့ကျွန်တော်က အနီးကပ်ဆက်သွယ်ချက်ရှိတာကြောင့် ကျွန်တော်ရဲ့တရားဝင်မှုနဲ့ သမ္မတရာထူးကို မေးခွန်းထုတ်ကြတယ်။ ဘာတွေဆက်ဖြစ်လာမလဲဆိုပြီး တိုင်းပြည်အတွင်းမှာ မေးခွန်းထုတ်ကြသူတွေအများကြီးပဲ။ အခုဆူဟာတို နတ်ထွက်သွားပြီ။ ကျွန်တော့်ကိုနတ်ထွက်ဖို့ တောင်းဆိုနေကြတာ တွေရှိတယ်။ ဒါပေမယ့် လူသိရှင်ကြား အချေအတင်ပြောဆိုမှုထဲမှာ ပါဝင်ပတ်သက်တာကို ကျွန်တော် ရှောင်ချင်တယ်။[i]

ကျွန်တော့်ရဲ့ရပ်တည်ချက် ခိုင်မာဖို့ဆိုရင် ကျွန်တော်ရဲ့လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဥပဒေတွေနဲ့ အညီဖြစ်ရမယ်။ ကျွန်တော်ဆောလျင်စွာဆောင်ရွက်ရမယ်ဆိုတာပဲ။[ii]

လုံခြုံရေးနဲ့ပတ်သက်လို့တော့ သမ္မတဟောင်းနဲ့ သူ့မိသားစုရဲ့လုံခြုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဦးစီးချုပ်ကိုတာဝန်ယူဖို့ အမိန့်ပေးထားတယ်။ စစ်ဦးစီးချုပ်ရဲ့ပန်ကြား

ချက်မရှိဘဲ အခြားစစ်ဘက်အကြီးအကဲတွေ၊ ဗိုလ်ချုပ်ကြီးတွေကို ကျွန်တော်လက်ခံတွေ့ဆုံခြင်းမပြုတော့ပါဘူး။ (ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ နိုင်ငံတော်ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့) စတဲ့ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများကပေးပို့လာတဲ့ ထောက်လှမ်းရေး အစီရင်ခံစာတွေအားလုံးကို ကျွန်တော်ဖတ်ပါတယ်။ အဲဒီသတင်းအချက်အလက်တွေကို လွတ်လပ်တဲ့သတင်းဌာနက သတင်းအချက်အလက်တွေနဲ့ သေချာတိုက်ဆိုင်စစ်ဆေး ကြည့်တယ်။

အစိုးရအမတော်ကြေးတွေ၊ ထိန်းချုပ်မှုတွေကနေအားလုံးတတ်နိုင်တဲ့ဈေးနှုန်းတဲ့ အခြေခံလူသုံးကုန်တွေရရှိဖို့လည်း လုပ်ဆောင်ခဲ့ပါတယ်။

ကောင်းမွန်တဲ့အုပ်ချုပ်ရေးမြှင့်တင်ဖို့ ကာလလတ်နဲ့ကာလရှည် ဆောင်ရွက်ချက်တွေ အများအပြားကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ခဲ့သလို တရားဥပဒေစိုးမိုးရေးကို လိုလားခဲ့ပါတယ်။ သမ္မတအပါအဝင် လူတိုင်းကို ဥပဒေတပြေးညီသက်ရောက်မှုရှိရမှာဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ လက်ဝါးကြီးအုပ်မှုတိုက်ဖျက်ရေးနှင့် စီးပွားရေးအပြိုင်အဆိုင် လုပ်ကိုင်ခွင့်ရှိစေမယ့်ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းဖြစ်တဲ့ အကျင့်ပျက်ခြစားမှု မှုခင်းတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့တယ်။ (လက်ရှိ ဝိုရ်ဩဇာကြီးသည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၀၂ ခုနှစ်တွင်တည်ထောင်ခဲ့သည်)

အင်ဒိနီးရှားဗဟိုဘဏ်ကို အမှီအခိုကင်းမှုကို တိုးမြှင့်ပေးခဲ့တာကြောင့် ဗဟိုဘဏ်ကို သမ္မတရဲ့ ထိန်းချုပ်မှုမရှိတော့ပါဘူး။ ငွေပြန်မပေါ်ခြင်းနဲ့ ဘဏ္ဍာရေးကျဆင်းမှုရင်ဆိုင်နေရတဲ့ အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍတွေက ကြွေးဆုံးများကို လျှော့ချပေးခြင်း ညှိနှိုင်းပေးခြင်းဖြင့် ငွေဖြစ်လွယ်မှုပြန်လည်ရရှိစေကာ လုပ်ငန်းပြန်လည်ပတ်အောင် လုပ်ဆောင်ပေးခဲ့တယ်။ ဒါ့အပြင် အသေးစားနဲ့အလတ်စားလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ သဘာဝသယံဇာတ၊ စီးပွားရေးလုပ်ငန်းပြိုင်ဆိုင်မှု၊ စားသုံးသူကာကွယ်ရေး၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်ပြီးအမြတ်အစွန်းရရှိအောင် ပြင်ဆင်ဖွဲ့စည်းခြင်းတို့အပါအဝင် စီးပွားရေးပြဿနာတွေကို ဖြေရှင်းပေးခဲ့ပါတယ်။[iii] အိုင်အယ်လ်အိုကချမှတ်ထားတဲ့ စည်းမျဉ်းများအားလုံးကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းဖို့စတင်ခြင်းကိုဦးဆောင်ခဲ့တယ်။ ကျွန်တော်က ပါလီမန်ကိုထိန်းချုပ်ထားနိုင်တာကြောင့် ဒါတွေအားလုံးကိုလုပ်ဆောင်နိုင်ခဲ့တာပဲ။ (Golkar ပါတီသည်ထိုစဉ်က လွှတ်တော်တွင်အင်အားအကြီးဆုံးပါတီဖြစ်သည်။)

## ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲခြင်း

အဲဒါတွေပြီးတော့ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေကျင်းပပေးဖို့ကိစ္စ ရောက်လာတယ်။ ရွေးကောက်ပွဲမှာ ကျွန်တော်ကြားဝင် စွက်ဖက်မှုမရှိခဲ့ပါဘူး။ ပြည်ပက အစိုးရမဟုတ်တဲ့အဖွဲ့

အစည်းတွေကို တံခါးဖွင့်ပေးခဲ့တယ်။ ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်ဖို့နဲ့ ကူညီဖို့ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာကိုပန်ကြားခဲ့တယ်။ ဥရောပက၊ အမေရိကန်က၊ ဂျပန်ကနေ (ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့အစည်းတွေ) လာကြတယ်။ ကျွန်တော့်ရှေ့က သမ္မတကတော့ သူ့လူတွေကို ရွေးကောက်ပွဲကော်မရှင်ထဲမှာထည့်ခဲ့တာချည့်ပဲ။ ပြည်ထဲရေးဝန်ကြီးကို ကျွန်တော်ဘာညွှန်ကြားသလဲဆိုတော့ ရွေးကောက်ပွဲကော်မရှင်မှာ အစိုးရအရာရှိတွေ၊ နိုင်ငံရေးပါတီဝင်တွေ လုံးဝမပါရဘူးဆိုတာပဲ။ ယုံကြည်အားထားလောက်တဲ့ လူ့အဖွဲ့အစည်းထဲက လူပုဂ္ဂိုလ်တွေပါရမယ်လို့ ညွှန်ကြားခဲ့တယ်။ ရွေးကောက်ပွဲမှာ ကျွန်တော်ရှုံးသွားမှာပေါ့ဆိုပြီး သူတို့က ကန့်ကွက်ကြပါလေရော။ ဒါပေမယ့် ရှုံးချင်လည်းရှုံးပါစေဆိုပြီး ကျွန်တော် ပြောခဲ့ရတယ်။ ထောက်လှမ်းရေးဌာနအကြီးအကဲက ဒီအခြေအနေဟာ ကျွန်တော့်ပါတီရှုံးမယ့် နိမိတ်ပဲလို့ ပြောတယ်။ ရှုံးချင်လည်းရှုံးပါစေဗျာဆိုပြီး ထပ်ပြောခဲ့တယ်။ အနိုင်ရတဲ့ သူဟာ ပြည်သူတွေဖြစ်စေချင်တယ်။ ပြည်သူတွေက ဘယ်သူကိုပဲရွေးရွေး သူတို့ကိုကိုယ်စားပြုတဲ့သူ နိုင်စေချင်တယ်လို့ပြောခဲ့တယ်။ စနစ်ကိုကျွန်တော်ဖန်တီးခဲ့တယ်။ အဲဒီစနစ်အတိုင်း လည်ပတ်သွားပါစေပေါ့။

*တရားဝင်ဖြစ်မှုနဲ့ လူထုထောက်ခံမှုရရေးအတွက်၊ အာဏာရှင်အုပ်ချုပ်ရေးကိုပြန်သွားဖို့ ကြိုးပမ်းချင်ကြိုးပမ်းကြမယ့် စစ်တပ်နဲ့ရဲတပ်ဖွဲ့၊ အခြားအင်အားစုတွေကို ထိန်းချုပ်ဖို့အတွက် ဘယ်လိုမဟာဗျူဟာတွေကို ခင်ဗျားသုံးခဲ့သလဲ။*

## ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်

ဟာဘီဘီ။ ။ ပြည်နယ်တွေမှာ ကိုယ့်ဘာသာအုပ်ချုပ်စေဖို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိစေချင်တယ်။ အရင်တုန်းကတော့ ပြည်နယ်နဲ့ခရိုင်အဆင့် ဒေသဆိုင်ရာအာဏာပိုင်တွေကို ဗဟိုအစိုးရကထိန်းချုပ်တယ်။ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်လို့ အရင်းအနှီး၊ ငွေနဲ့ အာဏာဆုံးရှုံးတော့မယ့်သူတွေက ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ဆန့်ကျင်ကြတာပေါ့။ တချို့ ပြည်နယ်တွေက သဘာဝသယံဇာတအင်မတန်ကြွယ်ဝတယ်။ တစ်နိုင်ငံလုံးရဲ့ဂျီဒီပီကိုလည်း အများကြီးအထောက်အပံ့ဖြစ်တယ်။ ဒါတောင် ဆင်းရဲတွင်းထဲမှာနေနေရတဲ့ ပြည်သူရာခိုင်နှုန်းက မြင့်နေတယ်။ တချို့ပြည်နယ်တွေကျတော့ လူသားရင်းမြစ်ဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံ အဆောက်အအုံကို အဓိကထားတာကြောင့် သဘာဝသယံဇာတနည်းသော်လည်း ဆင်းရဲတဲ့သူက အများကြီးမရှိဘူး။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုပေးလိုက်ခြင်းအားဖြင့် ပညာရေး၊ အခွင့်အလမ်းနဲ့ ဥစ္စာဓနဘက်မှာ ရင်းနှီးမြှုပ်နှံမှုက အညီအမျှခွဲဝေမှုကို တိုးတက်အောင်လုပ်နိုင်လာမယ်ပေါ့။ ၁၉၉၉ ခုနှစ်မှာ ဘဏ္ဍာရေးဖွဲ့စည်းပုံနဲ့တပါတည်း ဒေသဆိုင်ရာအဆင့်ကို ကျယ်ပြန့်တဲ့အာဏာတွေလွှဲပြောင်းပေးတဲ့ဥပဒေတွေကိုပြဋ္ဌာန်းခဲ့တယ်။ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအတွက် တိုက်ရိုက်ရွေးကောက်ပွဲတွေကို စတင်ခဲ့တယ်။ ဒီလိုအာဏာခွဲဝေမှုဆိုင်ရာ ဥပဒေတွေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဝန်ထမ်းတော်တော်များများကို ဗဟိုအစိုးရကနေ ဒေသဆိုင်ရာ

လုပ်ပိုင်ခွင့်အာဏာအရ ခန့်အပ်မှုကိုရောက်အောင် လွှဲပြောင်းပေးခဲ့တယ်။

အာချေးပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးအထူးဒေသဖြစ်စေဖို့ ကျွန်တော်အရေးဆိုတင်ပြခဲ့တယ်။ အာချေးပြည်နယ်ရဲ့ ယဉ်ကျေးမှု၊ ဘာသာရေး၊ ရိုးရာအစဉ်အလာတွေမှာ အမြစ်တွယ်နေတဲ့ တန်ဖိုးတွေကို အသိအမှတ်ပြု၊ လက်ခံတဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးအထူးဒေသဖြစ်ဖို့ပေါ့။ အာချေးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးမယ့် ဥပဒေကို ၂၀၀၁ ခုနှစ်မှာပြဋ္ဌာန်းခဲ့တယ်။ အခွင့်အလမ်းများ၊ ဝင်ငွေ၊ တရားစီရင်ရေးကိုကျင့်သုံးခြင်းတို့ကို တန်းတူညီမျှမှုရှိသော ခွဲဝေဖြန့်ကျက်မှုလုပ်ငန်းစဉ် အရှိန်အဟုန်မြှင့်ဖို့ ရည်ရွယ်ပြီးပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပဲ။

## နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

အစိုးရအုပ်ချုပ်ရေးဟာ အဂတိလိုက်စားမှု၊ မကောင်းမှုကြံရာပါလုပ်ခြင်းနဲ့ လက်သင့်ရာစားတော်ခေါ်ခြင်းတို့ ကင်းစင်ရမယ်ဆိုတာကို ကျွန်တော်အလေးထားခဲ့တယ်။ (ဤကိစ္စအတွက် အင်ဒိုနီးရှားတွင် တွင်ကျယ်သောအတိုကောက် လက်သုံးစကား KKN (korupsi, kolusi, nepotisme) ဖြင့်ရည်ညွှန်းပြောဆိုကြသည်) အစိုးရအုပ်ချုပ်ရေးအဆင့်ဆင့်နဲ့ နိုင်ငံ့ဝန်ထမ်းများဟာ ပညာသည်ဆန်ခြင်း၊ တိုင်းပြည်ရဲ့ယဉ်ကျေးမှုဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားရှင်သန်နိုင်စွမ်း (cultural resilience)၊ ပန်ကာဆီလာ (အင်ဒိုနီးရှားနိုင်ငံ အတွေးအခေါ်ဆိုင်ရာ အခြေခံမူများ) အခြေခံမူငါးချက်အတွင်းကနေ လူ့အခွင့်အရေးနဲ့ လူ့တာဝန်ဝတ္တရားတန်ဖိုးများ ပေါ်ပေါက်လာစေရေးတို့ကို တိုးတက်ကောင်းမွန်အောင်လုပ်ရမယ်။ အဲဒီလို လုပ်ဆောင်ရင်းပြည်သူတွေရဲ့ကုန်ထုတ်စွမ်းအားတိုးတက်လာစေရေးကိုအနာဂတ်ကိုတွက်ပြီးလုပ်ဆောင်ခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ ပညာသည်ဆန်ခြင်း၊ ဓမ္မမိဌာန်ကျခြင်းတို့ အစိုးရအုပ်ချုပ်ရေးအဆင့်ဆင့်နဲ့ နိုင်ငံ့ဝန်ထမ်းများမှာ ရှိအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးပါတီဝင်များ မဖြစ်စေရလို့တားမြစ်ခဲ့တယ်။ ဒါမှသာ သူတို့ရဲ့တာဝန်ဝတ္တရားများမှာ ဘက်လိုက်မှုကင်းမှာပေါ့။ (နိုင်ငံ့ဝန်ထမ်းများ နိုင်ငံရေးပါတီဝင်မဖြစ်ရဟူသည့် အမိန့်ကို Golkar ပါတီက အပြင်းအထန်ကန့်ကွက်ခဲ့သည်။ သမ္မတ ဆူဟာတိုလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများသည် Golkar ပါတီကို မဖြစ်မနေမဲပေးကြရသည်။)

## စစ်တပ်နှင့်ရဲအဖွဲ့ကို ပြုပြင်ပြောင်းလဲခြင်း

စစ်တပ်တွေက နိုင်ငံရေးအသွင်ဆောင်နေပြီး စည်းလုံးမှုလျော့လျဲနေတာ၊ စစ်တပ်ထဲမှာ နိုင်ငံကိုဦးဆောင်ဖို့ ရည်မှန်းချက်ရှိရှိနဲ့ ပြိုင်နေတဲ့ အုပ်စုတွေရှိတယ်ဆိုတာ ကျွန်တော်သတိထားမိတယ်။ တိုင်းပြည်အတွင်း လုံခြုံရေးအတွက်၊ သမ္မတဟောင်းလုံခြုံရေးအတွက် စစ်တပ်နဲ့ ရဲတပ်ဖွဲ့များရဲ့ စစ်ဦးစီးချုပ်ကိုတာဝန်ယူစေခဲ့တယ်။ လိုအပ်လာရင် ဘယ်နေ့ဘယ်အချိန်ပဲ ဖြစ်ဖြစ် သမ္မတဖြစ်တဲ့ကျွန်တော်က စစ်ဦးစီးချုပ်တစ်ယောက်ကိုပဲ တွေ့တယ်။

New Order အုပ်ချုပ်ရေးစနစ် (ဆူဟာတိုလက်ထက်အုပ်ချုပ်ရေးစနစ်) အရတော့ အောက်လွှတ်တော်မှာရော၊ တိုင်းပြုပြည်ပြုလွှတ်တော်မှာပါ စစ်တပ်နဲ့ရဲအဖွဲ့က ကိုယ်စားလှယ် အစုအဖွဲ့ထားရှိတယ်။ အခြားနိုင်ငံရေးပါတီတွေ၊ လွတ်လပ်တဲ့ သတင်းမီဒီယာအပြင် သူတို့ ကိုယ်စားလှယ်အစုအဖွဲ့ကနေ စစ်ခေါင်းဆောင်များက သူတို့မျှော်မှန်းချက်ကိုရအောင် လုပ်နိုင်တယ်။

*အာဏာသိမ်းနိုင်တဲ့အန္တရာယ်ရှိတယ်လို့ ခင်ဗျားယူဆခဲ့သလား။*

ဟာဘီဘီ။ ။ ယူဆတာပေါ့။ ဆူဟာတိုနတ်ထွက်ပြီးနောက်နေ့ သောကြာမနက်မှာ အစ်စတာနာ မာဒီဂါ (သမ္မတအိမ်တော်) ကို ကျွန်တော်သွားတယ်။ ကျွန်တော်ဖွဲ့ထားတဲ့ အစိုးရ အဖွဲ့က အသင့်ဖြစ်နေပြီဆိုတာ ပြည်သူကိုကြေညာချင်တာပေါ့။ ဗိုလ်ချုပ်ကြီး ဝီရန်တိုက ကျွန်တော့်နဲ့နှစ်ယောက်တည်းတွေ့ပြီး ဆွေးနွေးဖို့စောင့်နေတယ်။ အင်ဒိုနီးရှားစစ်ဆင်ရေး ထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး ပရာဘိုဝိုနဲ့ သူ့တပ်ဖွဲ့တွေ ဂျကာတာမြို့တော်ကိုဝင်လာနေပြီ လို့ ဗိုလ်ချုပ်ကြီး ဝီရန်တိုကပြောတယ်။ နယ်တွေက လေတပ်စခန်းတွေက လေယာဉ်တွေလည်း ဂျကာတာကို ဦးတည်ပြီးပျံသန်းလာနေပြီတဲ့။ ကျွန်တော်နဲ့ကျွန်တော့်မိသားစုတော့ အခြေအနေ မကောင်းဘူးလို့ သူကပြောတယ်။ ဒါကြောင့် သမ္မတအိမ်တော်ဆီ ကျွန်တော့်မိသားစုကိုသူက ခေါ်ထားတယ်။ ကျွန်တော့်ဇနီးနဲ့သားတွေလည်း ရောက်နေတယ်။ ဗိုလ်ချုပ်ကြီး ဝီရန်တိုက အမိန့်ပေးပါဆိုပြီးပြောတယ်။ ဒီတော့ ဒုတိယဗိုလ်ချုပ်ကြီး ပရာဘိုဝိုဟာ ဗိုလ်ချုပ်ကြီးဝီရန်တိုရဲ့ ခွင့်ပြုချက်မရှိဘဲလုပ်နေတယ်ဆိုတာ ကျွန်တော်သဘောပေါက်လိုက်ပြီ။ စစ်ဆင်ရေးအထူး အဖွဲ့မှူး ပရာဘိုဝိုကို နေမဝင်ခင် ရာထူးကဖယ်ရှားဖို့ ဗိုလ်ချုပ်ကြီး ဝီရန်တိုကို ကျွန်တော်ညွှန်ကြားလိုက်ရတယ်။ အသစ်တက်လာမယ့် စစ်ဆင်ရေးအထူးအဖွဲ့မှူးက အခုလာနေတဲ့ တပ်တွေအားလုံးကို ကိုယ့်နေရာကိုပြန်ပို့စေရမယ်လို့ သူ့ကိုပြောလိုက်တယ်။ သူကလက်မခံဘူး။ ကျွန်တော်က လက်မခံလို့မရဘူး ဆိုပြီးပြောတာပေါ့။ စစ်ဆင်ရေးအထူးအဖွဲ့မှူးနေရာကို ဘယ်သူ့ခန့်ရမှာလဲသူကမေးတော့ သူ့ဘာသာဆုံးဖြတ်ခိုင်းလိုက်တယ်။

ဒုတိယဗိုလ်ချုပ်ကြီး ပရာဘိုဝိုဆိုတာ ဆူဟာတိုရဲ့သားမက်လေ။ ကျွန်တော့်ဘေးမှာရှိတဲ့ စစ်သားတွေအားလုံးက ဆူဟာတိုရဲ့လူတွေချည့်ပဲ။ ဒါပေမယ့် ကျွန်တော်နဲ့ ဒုတိယဗိုလ်ချုပ်ကြီး ဆင်တွန်ပန်ဂျိုင်တန်နဲ့က မဟာမိတ်။ သူကငယ်သေးတယ်။ ခရစ်ယာန်ဘာသာဝင်။ အရှေ့တီမောက ပဋ္ဌိပက္ခနဲ့ပတ်သက်ပြီး ဆူဟာတိုနဲ့သူက အဆင်မပြေဘူး။ လွန်ခဲ့တဲ့နှစ်အတော် အကြာက သူ့မိသားစုက အကူအညီလာတောင်းလို့ သူ့ကိုကျွန်တော့်လက်ထောက်ခန့်ခဲ့တယ်။ အင်ဒိုနီးရှားမွတ်ဆလင် ပညာရှင်များအစည်းအရုံးကို ထောင်ခဲ့တာကျွန်တော်ဆိုပေမယ့် ကျွန်တော့်မိသားစုကို သဘောထားတင်းမာသူတွေလို့ အမြင်မခံရဘူး။ ဘာသာရေးကိုင်းရှိုင်းတဲ့ မွတ်ဆလင်တွေလို့ပဲ သိထားကြတယ်။ ကျွန်တော်နဲ့နီးစပ်တဲ့သူတစ်ယောက်ကို မွတ်ဆလင် မဟုတ်တဲ့သူဖြစ်အောင် ကျွန်တော်စလုပ်ခဲ့တယ်။ ဒါကိုအဲဒီတုန်းက ကျွန်တော်မသိခဲ့ဘူး။

ဆင်တွန်က ကျွန်တော်နဲ့တော်တော်လျှောက်နေလာခဲ့တယ်။ ကျွန်တော့်အိမ်မှာပဲ အိပ်တယ်။ ကျွန်တော်တစ်ယောက်ထဲ ဘယ်တော့မှပစ်မထားဘူး။ ကျွန်တော့်မိသားစုတစ်ခုလုံးကိုလည်း သူပဲစောင့်ရှောက်ခဲ့တာပါ။

ကျွန်တော့်ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ဖို့ကြိုးစားကြတဲ့သူတွေရှိတယ်။ ဆူဟာတိုရဲ့သားမက် အနေနဲ့ ပရာဘိုဝိုသည်လည်း ပေါက်ရောက်တယ်၊ သြဇာရှိတယ်။ ဒါပေမယ့် ကျွန်တော်က ပရာဘိုဝိုကို ရာထူးကမဖယ်လို့မရဘူးပဲ။ ပရာဘိုဝို ကျွန်တော့်ကိုလာတွေ့တယ်။ သူကျွန်တော့် ရုံးခန်းထဲမဝင်ခင် သူ့လက်နက်တွေကို ဆင်တွန်ကသိမ်းလိုက်တယ်။ ဗိုလ်ချုပ်ကြီး ပရာဘိုဝိုဟာ သူ့ရာထူးမှာဆက်နေပါရစေဆိုပြီး တောင်းပန်တယ်။ ဒါပေမယ့် ကျွန်တော်က အခိုင်အမာ ဆုံးဖြတ်ထားပြီးပြီ။

ကျွန်တော် သမ္မတဖြစ်ပြီး ၂၄ နာရီမပြည့်ခင် သောကြာနေ့မှာ ရှေ့နေချုပ်နဲ့ဆွေးနွေးပြီး နိုင်ကျဉ်းတွေအားလုံးကို ချက်ချင်းလွှတ်ဖို့ပြောရတယ်။ ကျွန်တော်တစ်ပြိုင်နက် ရင်ဆိုင်ရတဲ့ ပြဿနာတွေကအများကြီး။ ပြဿနာအားလုံးက စိတ်ညစ်စရာတွေချည့်ပဲ။ ဆန္ဒပြသူတွေနဲ့ ကျွန်တော်တွေ့ရတယ်။ ရွှေကောက်တင်မြှောက်ခံလို့ရအောင်လို့ လူသိများအောင်မလုပ်တာ မဟုတ်ဘူးနော်။ ကျွန်တော် သမ္မတဖြစ်လာဖို့ စိတ်မပါခဲ့ဘူး။ အပြစ်မဲ့တဲ့သူတွေအများကြီး သေကြေနိုင်တဲ့ တော်လှန်ရေးတစ်ခုမဖြစ်ဖို့ကိုပဲ ကျွန်တော်စိတ်ဝင်စားတာလေ။ ပြည်သူ့လက်ထဲအာဏာပြန်အပ်ဖို့တစ်ခုတည်းကိုပဲ ကျွန်တော်စိတ်ဝင်စားတယ်။

ဒီအခြေအနေတွေဖြစ်ပျက်နေချိန်မှာ ကျွန်တော့်မိသားစုအတွက် စိတ်ပူမိတယ်။ ပရာဘိုဝို ရဲ့စစ်သားတွေက ကျွန်တော့်ဘေးမှာ။ ဘာဖြစ်လာနိုင်သလဲဆိုတာ ကောင်းကောင်းနားလည် တာပေါ့။

အဲဒီတုန်းကအခြေအနေက အဲဒီလိုဖြစ်နေတာ။ အာဏာသိမ်းဖို့ကြိုးစားတာကို သိလား မသိဘူးလား ခင်ဗျားကမေးတယ်နော်။ ကျွန်တော်သိတာပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ အားသာ ချက်ရှိတယ်။ အရင်သမ္မတရဲ့ သားမက်၊ ပေါက်ရောက်တဲ့သူ ကို ၂၄ နာရီအတွင်း ရာထူးကဖြုတ် လိုက်တယ်လေ။ လုပ်သင့်လုပ်ထိုက်တယ်လို့ ကျွန်တော်နားလည်ပြီဆိုရင် ပြတ်ပြတ်သားသား ကျွန်တော် ဆောင်ရွက်လိုက်တာပဲ။ ဒီတော့ ကျွန်တော့်ဆောင်ရွက်ချက်က အများကြီးအထောက် အကူဖြစ်တယ်။ ကာကွယ်ရေးဝန်ကြီးရာထူးကို အရပ်သားထဲက ခန့်ဖို့ပြင်ဆင်တယ်။ ဗိုလ်ချုပ် ကြီးတစ်ယောက် ဒါမှမဟုတ်အငြိမ်းစားဗိုလ်ချုပ်ကြီးတစ်ယောက်ကိုမခန့်ဘူး။ စစ်တပ်နဲ့ ရဲအဖွဲ့ နှစ်ခုစလုံးစစ်ဦးစီးချုပ်တစ်ယောက် ဒါမှမဟုတ်ဝန်ကြီးတစ်ဦးရဲ့အုပ်ချုပ်မှုအောက်မှာ ကျွန်တော် လုံးဝမထားခဲ့ဘူး။

## နိုင်ငံရေးအကျပ်အတည်းကို တို့ပြန်ဆောင်ရွက်ခြင်း

အဖြစ်အပျက်တွေပြောင်းလဲနေတာ အရမ်းမြန်တယ်။ ဆူဟာတိုက ကြာသပတေးနေ့မှာ ရာထူးကဆင်းသွားတယ်။ သောကြာရောက်တော့ အစိုးရသစ်ဖွဲ့လိုက်ကြောင်း၊ နိုင်ကျဉ်းအား လုံးကိုလွှတ်ပေးကြောင်း ကျွန်တော်ကြေညာခဲ့တယ်။ သောကြာနေ့မှာပဲ ပရာဘိုဝိုကို ရာထူးက ဖယ်ရှားခဲ့တယ်။ စနေ့နေ့မှာ ကျွန်တော်နဲ့အစိုးရအဖွဲ့သစ်ကျမ်းသစ္စာဆိုတယ်။

စနေ့နေ့ည ၈း၀၀ နာရီမှာ သမ္မတအိမ်တော်ကို အတိုက်အခံဘက်က အရပ်ဘက်အဖွဲ့ အစည်းခေါင်းဆောင်တွေဖြစ်ကြတဲ့ အာမီယန်ရာအီ၊ အမီးဆာလင်း၊ ဘူယန်း နာဆူးရှန်းအပါ အဝင် လူရှစ်ဦးကိုခေါ်တွေ့တယ်။ သူတို့က လွှတ်တော်ရွေးကောက်ပွဲတွေ သြဂုတ်လထက် နောက်မကျဘဲ သုံးလအတွင်းကျွန်တော်ကျင်းပပေးစေချင်တယ်။ အဲဒီလိုလုပ်လို့မရဘူး ဆိုတာ သူတို့ကိုပြောပြလိုက်တယ်။ သို့သော် တစ်နှစ်ကြာရင် ရွေးကောက်ပွဲလုပ်ဖို့စီစဉ်ထားတယ်။ လက်ရှိသတ်မှတ်ထားတဲ့လေးနှစ်အတွင်း ကျင်းပတာမဟုတ်ဘဲ ၂၀၀၃ ခုနှစ်မှာ ရွေးကောက်ပွဲ လုပ်မယ်ဆိုတာကို ပြောပြလိုက်တယ်။ သူတို့ကတော့ တစ်နှစ်စောင့်ရမယ်ဆိုတာ မှားတယ်တဲ့။ ဒါပေမယ့် သူတို့က သမ္မတဆူဟာတိုဆိုရင် လန့်တတ်တဲ့သူမျိုးတွေ။ ကျွန်တော်က သမ္မတရာထူး ဆက်ခံထားတဲ့သူဆိုတော့ အားသာချက်တစ်ခုတော့ ကျွန်တော့်မှာရှိထားတယ်။ ကျွန်တော် သမ္မတရာထူးရတာ သုံးရက်ပဲရှိပါသေးတယ်။ ကျွန်တော့်ပါတီနဲ့ ကျွန်တော့်အတွက်ပဲတွေးရင် ကျွန်တော်သူတို့အဆိုပြုတာကို လက်ခံလိုက်မှာပေါ့ဗျာ။ မဲဆန္ဒရှင်တွေ ကျွန်တော့်ကိုသိတာ နှစ်ပေါင်း ၃၀ ရှိပြီလေ။ ဒါပေမယ့် နိုင်ငံရေးပါတီအသစ်တွေက တည်ထောင်ဖို့အချိန်ရမှာ မဟုတ်ဘူး။ (ရွေးကောက်ပွဲ သုံးလအတွင်းလုပ်လိုက်မယ်ဆိုရင်) ပြည်သူတွေဟာ ရှုံးနိမ့်သူ တွေဖြစ်သွားမှာပဲ။ သုံးလအတွင်းရွေးကောက်ပွဲကျင်းပရေးဆိုတဲ့ အကြံကိုလက်ခံပြီးဆောင် ရွက်လိုက်မယ်ဆိုရင် ဒီအချက်ဟာ နိုင်ငံရေးအရ၊ စီးပွားရေးအရမတည်မငြိမ်ဖြစ်စေမယ့် သက် ရောက်မှုရှိနေတယ်။ အသွင်ကူးပြောင်းမှုကို မလိုလားအပ်တဲ့ သက်ရောက်မှုရှိလာနိုင်တယ်။

အစိုးရအဖွဲ့ကျမ်းသစ္စာဆိုပြီးတော့ ပြည်သူအားလုံး နိုင်ငံရေးပါတီများ လွတ်လပ်စွာဖွဲ့ စည်းခွင့်ရှိတယ်ဆိုတာ ပြည်ထဲရေးဝန်ကြီးကို ကြေညာခိုင်းလိုက်တယ်။ ပါတီစုံစနစ်ကို ကျွန်တော်စလိုက်တာပဲ။ အဲဒီလိုကြေညာရင် အခြေခံဥပဒေနဲ့ဆန့်ကျင်နေတယ်လို့ ပြည်ထဲရေး ဝန်ကြီးကပြောတယ်။ အခြေခံဥပဒေကို ကျွန်တော်တို့ပြင်ဆင်သွားမယ်လို့ သူ့ကိုပြောလိုက် တယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ကနေ နိုင်ငံရေးပါတီတွေကိုခွင့်ပြုတဲ့ အမိန့်ဒီဂရီတစ်ခုကို ပြဋ္ဌာန်းပေးခဲ့တယ်။ သမ္မတသက်တမ်းကို နှစ်နှစ်ကန့်သတ်မှုလုပ်ခဲ့တယ်။ ကျွန်တော်က အပြော သမားမဟုတ်ဘူးဆိုတာ ပြည်သူတွေသိအောင်လုပ်ခဲ့တယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ ပွင့် လင်းမြင်သာမှုတို့ကို ကျွန်တော်အကောင်အထည်ဖော်နေတယ်ဆိုတာ သူတို့သိအောင်လုပ်ခဲ့ တယ်။

နေ့တိုင်း အစိုးရအဖွဲ့အစည်းအဝေးထိုင်တယ်။ ကျွန်တော်က နားထောင်ရင်း ကောက်ကာ ငင်ကာ ဆုံးဖြတ်ချက်ချပေးတယ်။ တစ်နေ့ကို ဥပဒေနဲ့နည်းဥပဒေပေါင်း ပျမ်းမျှ ၁ ဒသမ ၃ ရာ ခိုင်နှုန်း အတည်ပြုပြဋ္ဌာန်းခဲ့တယ်။

## ဥပဒေပြုလွှတ်တော်၏ အခန်းကဏ္ဍ

*ခင်ဗျားရဲ့ဦးဆောင်လုပ်ကိုင်မှုတွေကို လွှတ်တော်က ထောက်ခံသလား။*

ဟာဘီဘီ။ ။ ကျွန်တော့်ကိစ္စတွေပြီးပြတ်အောင် လွှတ်တော်မှာကျွန်တော့်အာဏာကို သုံးတယ်။ ဒါပေမယ့် အာဏာအလွဲ သုံးတာတော့မလုပ်ပါဘူး။ နောက်တစ်ကြိမ်ကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ သမ္မတရဲ့တာဝန်ခံမှုမိန့်ခွန်း (သူ၏ သက်တမ်းတွင် စွမ်းဆောင်အောင်မြင်မှု အစီရင်ခံစာ) ကိုပြောရမှာဖြစ်တယ်။

*ဒါပေမယ့် လွှတ်တော်က အဲဒီအစီရင်ခံစာကို လက်မခံခဲ့ဘူးလေ။ သူတို့က ဘာလို့ လက်မခံကြတာလဲဗျ။*

ကျွန်တော့်ရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်းမပြုမီမှာ တိုင်းပြုပြည်ပြုလွှတ်တော်ရဲ့ကိုယ်စားလှယ်အချို့က လက်ခံမှာမဟုတ်တဲ့ အရိပ်အချည်မြင်ရတယ်။ ကျွန်တော်ကတော့ အစီရင်ခံစာကို ဥပဒေနဲ့အညီပြောမှာပဲ၊ တိုင်းပြုပြည်ပြုလွှတ်တော်က လက်ခံမယ်ဆိုရင် ကျွန်တော့်ကိုထပ်ပြီးရွေးကောက်တင်မြှောက်မှာပဲလို့ ပြည်သူတွေကိုပြောခဲ့ပါတယ်။ လက်မခံရင်တော့ ကျွန်တော့်ကိုထပ်ရွေးကောက်မှာမဟုတ်ဘူးပေါ့။ ပြဿနာပေါင်းသောင်းချောက်ထောင်ကိုဖြေရှင်းဖို့ ပြောင်းလဲမှုတွေအများကြီး လုပ်ခဲ့တယ်။ ကျွန်တော်အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တယ်ဆိုတာယုံကြည်ပါတယ်။ ကျွန်တော်အစီရင်ခံစာမဖတ်ကြားခင် လွှတ်တော်ကသြဇာရှိတဲ့ပုဂ္ဂိုလ်တွေ၊ တပ်ထဲကလူတွေ၊ နယ်ပယ်ပေါင်းစုံက လူတွေနဲ့တွေ့တော့ သူတို့ကပြောကြတယ်။ ကျွန်တော့်ရဲ့အစီရင်ခံစာကို လက်မခံကြဘူးဆိုရင်တောင် သမ္မတရာထူးကို ဝင်ပြိုင်ဖို့ အမည်တင်သွင်းခံရနိုင်တယ်တဲ့။ ဒါပေမယ့် ကျွန်တော့်ရဲ့အစီရင်ခံစာကို လက်မခံရင် ကျွန်တော် အမည်စာရင်းတင်သွင်းခံရမှာမဟုတ်ဘူးဆိုတာ ပြိုင်ဘက်တွေကသိထားတော့ ကျွန်တော့်မိန့်ခွန်းကို လက်မခံဘူးလို့သူတို့ကပြောတယ်။ ပါတီသစ်တွေကဆို ကျွန်တော့် အစီရင်ခံစာကို ဖတ်တောင်မကြည့်ကြဘဲ လက်မခံဘူးပြောလိုပြောပေါ့။ ကျွန်တော့် အစီရင်ခံစာကို ၄၈ ရာခိုင်နှုန်းကလက်ခံတယ်။ ၅၂ ရာခိုင်နှုန်းက ကန့်ကွက်လိုက်ကြတယ်။ ကျွန်တော့်ဇနီးက "ရှင်တကယ်ပဲ သမ္မတရာထူးကိုစွန့်လွှတ်တော့မှာလား"ဆိုပြီးမေးတော့ "အေး၊ သမ္မတတာဝန်ကို အကောင်းဆုံးလုပ်ခဲ့တာ မလုံလောက်ဘူးကွ၊ ငါကအကောင်းဆုံးမဟုတ်ဘူး ထင်ပါရဲ့ကွာ" လို့ ကျွန်တော်ပြန်ဖြေခဲ့တယ်။ ကျွန်တော့်အစီရင်ခံစာကို လက်မခံကြတဲ့သူတွေဟာ ဓမ္မမိဠာန်ကျလားမကျလားဆိုတာ အရေးမကြီးတော့ပါဘူး။

## စစ်တပ်နှင့်ရဲအဖွဲ့ကိုပြုပြင်ပြောင်းလဲခြင်း

*စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးဟာ နိုင်ငံတော်တော်များများက အသွင်ကူးပြောင်းမှုတွေမှာ အရေးကြီးတဲ့အပိုင်းဖြစ်တယ်။ စစ်တပ်နဲ့ရဲအဖွဲ့တွေဟာ စစ်အတွင်းမှာရော ငြိမ်းချမ်းတဲ့ကာလမှာပါ တိုင်းပြည်ကာကွယ်ရေးနဲ့လုံခြုံရေးကိစ္စရပ်တွေကိုသာ အာရုံစိုက်သင့်တယ်လို့ ခင်ဗျားတစ်ခါကပြောခဲ့တယ်။ သူတို့ဟာ နိုင်ငံရေးနဲ့လူမှုရေးကိစ္စရပ်တွေမှာ တက်ကြွမနေသင့်ဘူးလို့ ခင်ဗျားပြောခဲ့တယ်။ ဒီလိုပြောရတာ၊ အဲဒီလိုပြောတာကို စာမျက်နှာပေါ်တင်တာတွေကတော့ လွယ်တာပေါ့။ ဒါပေမယ့် ခင်ဗျားပြောသလို စစ်တပ်ကမဆောင်ရွက်ဘူးဆိုရင် စာမျက်နှာပေါ်တင်တာလည်း အလကားဖြစ်မှာပဲ။ အခြားနိုင်ငံတွေမှာ နောင်တစ်ချိန် ဆက်စပ်ကြည့်နိုင်မယ့် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးကို ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတာ ခင်ဗျားသိထားတာရှိရင်ပြောပါ။*

ဟာဘီဘီ။ ။ ၁၉၅၄ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့လွတ်လပ်ရေးကိုကြေညာပြီးနောက် လွတ်လပ်တဲ့တိုင်းပြည်၊ လွတ်လပ်တဲ့လူ့အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလာအောင် ကိုလိုနီပြုကျင့်သူတွေကို ပြည်သူတွေ တွန်းလှန်တိုက်ခိုက်ခဲ့ရတယ်။ အဲဒီအချိန်က အင်ဒိုနီးရှားမှာ ပညာသည်ဆန်တဲ့ စစ်တပ်မျိုးမရှိခဲ့ဘူး။ တပ်သားတွေအားလုံးက အင်ဒိုနီးရှားအရပ်ဘက်လူ့အဖွဲ့အစည်းကလူတွေချည့်ပဲ။ သူတို့ကို ၁၉၄၅ မျိုးဆက်ဆိုပြီးခေါ်ကြတယ်။ နောက်တော့ သူတို့ထဲက တစ်ချို့က စစ်တပ်နဲ့ရဲထဲဝင်လာကြတယ်။ စစ်တပ်ရဲ့ ဒ္ဒိဘာဂလုပ်ငန်းစဉ်ကိုသုံးပြီး အာဏာကိုကိုင်လို့ရအောင် ဆူဟာတိုကလုပ်ခဲ့တယ်။ (ဒ္ဒိဘာဂလုပ်ငန်းစဉ် Dwifungsi သည် ဆူဟာတိုလက်ထက်တွင်စတင်ခဲ့သည့် စစ်ဘက်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တွင်ထားရှိခြင်းနှင့် အရပ်ဘက်ဌာနဆိုင်ရာများရှိ အဆင့်မြင့်ရာထူးများတွင် စစ်ဘက်မိုးကျရွှေကိုယ်များကို ခန့်အပ်ခြင်းတို့ကိုမှည့်ခေါ်ထားသည့် စကားဖြစ်သည်)

စစ်တပ်ကို တတ်သိပညာရှင်တွေဆိုပြီးသဘောထားသင့်တယ်ဆိုတာ ကျွန်တော်အလေးထားပြောခဲ့တာချည့်ပဲ။ စစ်တပ်ဟာ စစ်မက်ကိုကာကွယ်တားဆီးနိုင်ဖို့ နည်းပညာတွေထုတ်ဖော်တာ၊ အသုံးချတာမှာ ကျွမ်းကျင်ကြတယ်။ အင်ဒိုနီးရှားရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကို အနောက်အယှက်ဖြစ်လာမယ့် ရန်သူမှန်သမျှကို စစ်ကိုရှောင်လွှဲမရဘူးဆိုရင် နိုင်အောင်တိုက်ဖို့ ကျွမ်းကျင်သူတွေဖြစ်တယ်။ ၁၉၄၅ မျိုးဆက်ကလူတွေက တိမ်ကောသွားကြပြီဆိုတော့ သူတို့ရဲ့အစည်အလာဖြစ်တဲ့ စစ်တပ်ရဲ့လုပ်ဆောင်ချက်နှစ်ခုကလည်း တိမ်ကောသွားပြီပေါ့။ တပ်ထဲက တစ်ချို့လူတွေကတော့ သူတို့ရဲ့ Dwifungsi ကို ထိန်းသိမ်းဖို့စိတ်ပါဝင်စားကြတယ်။ ဒါပေမယ့် စစ်တပ်ကိုတတ်သိပညာရှင်အနေနဲ့ ဆက်ဆံတာ၊ စစ်တပ်ရဲ့သမိုင်းနဲ့ စစ်တပ်ရှိရခြင်းအကြောင်းရင်းကို သိမြင်အောင်လုပ်တာက အဲဒီလိုထိန်းသိမ်းတာကို ကာကွယ်တားဆီးရာမှာ အထောက်အကူပြုနိုင်ပါတယ်။

အာဏာရှင်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီအုပ်ချုပ်ရေး အကူးအပြောင်းကို ဦးဆောင်ရတဲ့ သူတွေဟာ စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှုအောက်ထားရှိခြင်းရဲ့ အရေးပါမှုကိုအပြောတို့ အရေးတို့နဲ့မဟုတ်ဘဲ အလုပ်နဲ့သက်သေပြကြရမယ်။ ကျွန်တော် ပရာဘိုဝိုကို ရာထူးကအနားပေးခဲ့သလိုပေါ့။ ကျွန်တော့်ကို ကူညီခဲ့သူကတော့ အစ္စလာမစ်ပညာရှင်များ အစည်းအရုံးက အဖွဲ့ဝင်မဟုတ်တဲ့၊ မွတ်ဆလင်မဟုတ်တဲ့သူတစ်ယောက်ပဲ။

အရပ်ဘက်ဌာနဆိုင်ရာတွေမှာ စစ်တပ်ကလူတွေ တာဝန်ထမ်းဆောင်ခြင်းကို တားမြစ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကျွန်တော်တို့လုပ်ခဲ့တယ်။ လွှတ်တော်ထဲမှာ စစ်တပ်ကထိုင်ထားတဲ့ ကိုယ်စားလှယ်နေရာအရေအတွက်ကို လျှော့ချပစ်ခဲ့တယ်။ ဒီလိုနဲ့ စစ်တပ်ရဲ့နိုင်ငံရေးအရ လွှမ်းမိုးမှုကို လျှော့ချပစ်ခဲ့တယ်။

သေရေးရှင်ရေးဖြစ်လာပြီဆိုရင် လူတွေက ချီတုံချတုံဖြစ်ကြတယ်။ ခေါင်းဆောင်လုပ်တဲ့ သူက လုပ်ကိုင်ဆောင်ရွက်ဖို့ဆန္ဒရှိတယ်ဆိုတာ သိသာအောင်ပြရမယ်။ ဥပမာ ဆူဟာတိုရဲ့ အမိန့်ဒီဂရီဖြစ်တဲ့ အမျိုးသားအကျိုးစီးပွားအတွက် လိုအပ်တယ်လို့သူယူဆရင် ဘယ်လိုလုပ်ရပ်ပဲဖြစ်ဖြစ် သူ့ကိုလုပ်ပိုင်ခွင့်ပေးထားတာကို ဘယ်လိုလုပ်ရမလဲဆိုပြီး ဗိုလ်ချုပ်ကြီး ဝီရန်တိုက ကျွန်တော့်ကိုမေးတယ်။ အဲဒီအမိန့်အရဆို ဆူဟာတိုဟာ သမ္မတကိုရာထူးကဖယ်ရှားလို့တောင် ရလောက်တဲ့ လုပ်ပိုင်ခွင့်မျိုးရထားတာဖြစ်နေတယ်။ ကျွန်တော်က သမ္မတဖြစ်တာ နာရီပိုင်းပဲ ရှိသေးတယ်။ အဲဒီအမိန့်ဒီဂရီကို ဒီအတိုင်းပဲဆက်ထားလိုက်လို့ ဗိုလ်ချုပ်ကြီးဝီရန်တိုကို ပြောလိုက်တယ်။ ဘာကြောင့်လဲ။ ကျွန်တော်ဘာဖြစ်သွားမယ်ဆိုတာ ကျွန်တော်မသိဘူးဗျ။ ကျွန်တော်တစ်ခုခုဖြစ်သွားရင် ဗိုလ်ချုပ်ကြီး ဝီရန်တိုက လုပ်စရာရှိတာလုပ်ရမှာလေ။

*ဒီနေ့ခေတ် အင်ဒိုနီးရှားနိုင်ငံမှာ စစ်တပ်က နိုင်ငံရေးအခန်းကဏ္ဍနဲ့ ဩဇာလွှမ်းမိုးမှုများ ရှိသေးလား။ အစိုးရအသုံးစရိတ် တစ်စိတ်တစ်ပိုင်းကို စစ်တပ်ကသီးခြားစီမံခန့်ခွဲနိုင်သလား။*

ဟာဘီဘီ။ ။ စစ်တပ်ကလွှတ်တော်ထဲမှာ အစုအဖွဲ့အနေနဲ့ မရှိတော့ပါဘူး။ အစိုးရအသုံးစရိတ် တစ်စိတ်တစ်ပိုင်းကို စစ်တပ်ကသီးခြားစီမံခန့်ခွဲတာမျိုး မရှိတော့ဘူး။ ကျွန်တော် သမ္မတရာထူးမှာရှိစဉ်က စစ်တပ်ကလွှတ်တော်မှာရှိတယ်၊ အစိုးရအသုံးစရိတ် သီးခြားစီမံခန့်ခွဲတာရှိတယ်။ ဒါပေမယ့် အခြေခံဥပဒေကို ပြင်လိုက်တယ်။ အခုဆို လွှတ်တော်ထဲက အစုအဖွဲ့ တစ်ခုထဲ ကနေ မဲအရေအတွက် ၈၀ ရာခိုင်နှုန်းလုံးဝမရနိုင်တော့တာကြောင့် အခြေအခံဥပဒေကို ပြင်ဆင်ဖို့က သိပ်ကိုခက်သွားပြီ။

## နိုင်ငံရေးတွင် အဂတိလိုက်စားမှု

*ခင်ဗျားသမ္မတဖြစ်ချိန်ကစပြီး အင်ဒိုနီးရှားနိုင်ငံဟာ ဆူဟာတိုအုပ်ချုပ်ခဲ့တဲ့ နောက်ဆုံးနှစ်ကာလတွေတုန်းက အခြေအနေနဲ့သိပ်ကိုကွာခြားသွားခဲ့ပြီ။ ဒါပေမယ့် ဒီမိုကရက်တစ်အစိုးရ*

*အုပ်ချုပ်မှုရယ်၊ စောင့်ကြည့်ထိန်းကျောင်းပေး မယ့်အင်အားစုအနေနဲ့ လွတ်လပ်သောသတင်း မီဒီယာ၊ အမျိုးမျိုးသော အပြန်အလှန်ထိန်းကျောင်းမှု စတာတွေရှိသည့်တိုင် အဂတိလိုက်စားမှု မနည်းမနောနဲ့ ရုန်းကန်နေရတယ်ဆိုပြီး အင်ဒိုနီးရှားနိုင်ငံက နာမည်ကြီးတယ်။ အဲဒီလိုအဂတိ လိုက်စားမှုမျိုး ဆက်လက်ဖြစ်ပေါ်ဖို့ခဲယဉ်းသွားစေမယ့် တာဝန်ခံမှုလုပ်ငန်းစဉ်တည်ထောင်ရာ မှာ အင်ဒိုနီးရှားရဲ့နိုင်ငံရေးစနစ်ဟာ ဘာကြောင့်များ မအောင်မမြင်ဖြစ်ခဲ့ရသလဲ။*

ဟာဘီဘီ။ ။ အာဏာရှင်စနစ်ပဲဖြစ်ဖြစ် ပြည်သူတွေကခေါင်းဆောင်ဖြစ်ဖို့ အုပ်ချုပ်ဖို့ မျှော်လင့်တောင့်တကြတဲ့ ဒီမိုကရေစီစနစ်မှာပဲဖြစ်ဖြစ် အဂတိလိုက်စားမှုဆိုတာ စနစ်တိုင်းမှာ ရှိတာပဲ။နိုင်ငံရေးအာဏာကိုရဖို့(အာဏာကိုကိုင်ထားဖို့)ဆိုတာ သူတို့အတွက်ငွေရှိဖို့လိုတာကိုး။

အာဏာရှင်တွေဖြစ်ကြတဲ့ ဆူဟာတိုရော ဆူကာနိုရော ငွေရှိဖို့လိုအပ်ကြတာပဲ။ နိုင်ငံရေး ခေါင်းဆောင်ဆိုတာ ငွေဘယ်ကနေရနိုင်သလဲ။ နိုင်ငံခြားကပဲ ငွေရသည်ဖြစ်စေ၊ ပြည်တွင်က အုပ်ချုပ်သူလူနည်းစုဆီက၊ သူ့အသိုင်းအဝိုင်းဆီက ငွေရသည်ပဲဖြစ်စေ အဲဒီနိုင်ငံရေး ခေါင်း ဆောင်ဟာ သူများကြိုးဆွဲရာကရတော့မှာပဲ။

*ခင်ဗျားက ဂျာမနီနိုင်ငံမှာ နှစ်ပေါင်းများစွာနေခဲ့တယ်။ ဂျာမန်နိုင်ငံရေးခေါင်းဆောင်တွေ လည်း ငွေလိုကြတာပဲ။ ဂျာမနီမှာ အဂတိလိုက်စားမှုအရမ်းများတယ်လို့ ခင်ဗျားထင်သလား။*

ဟာဘီဘီ။ ။ ဂျာမနီမှာသူ့နည်းသူ့ဟန်နဲ့တော့ အဂတိလိုက်စားမှုကရှိတာပဲ။ အမေရိကန် ပြည်ထောင်စုမှာလည်းရှိတာပဲ။ ချင်းချက်လုံးဝမရှိဘူး။ ဒါမမှတာပဲ။ ခင်ဗျားအစည်းအဝေး လုပ်တော့မယ်ဆို တစ်ယောက်ယောက်က အဲဒီအစည်းအဝေးကို ငွေထောက်ပံ့တာပဲ။

ကျွန်တော်ကတော့ ကံကောင်းတယ်ဗျ။ ကျွန်တော့်ကို အဲဒီလိုငွေထောက်ပံ့တာမျိုး လုံးဝ မရှိခဲ့ဘူး။ ကျွန်တော်ရသမျှဝင်ငွေတွေကို ပွင့်လင်းမြင်သာမှုရှိစွာနဲ့ပဲ ရရှိခဲ့တယ်။ ကျွန်တော် ဆောင်ရမယ့်အခွန်တွေဆောင်တယ်။ ဒါကြောင့်ကျွန်တော် ဒီလိုအခြေအနေနဲ့နေနေရတာပေါ့။ အဲဒီတုန်းက ကျွန်တော်က သမ္မတဖြစ်သွားတယ်။ ကျွန်တော်သမ္မတဖြစ်အောင် ဘယ်တုန်းက မှ ပိုက်ဆံလုံလုံလောက်လောက် စုမိဆောင်းမိမရှိနိုင်ဘူးဆိုတာကို နားလည်ထားတော့ သမ္မတ ရာထူးကို ကျွန်တော်စိတ်မဝင်စားခဲ့ဘူး။ ဘာအတွက်များ စိတ်ဝင်စားရမလဲဗျာ။

သမ္မတဖြစ်ချင်တဲ့လူတွေ၊ ဝန်ကြီးတို့ အုပ်ချုပ်ရေးမှူးတို့ဖြစ်ချင်တဲ့သူတွေမှ အများကြီးပဲ။ အဲဒီလိုဖြစ်ချင်သူတွေက ငွေစုမိဆောင်းမိဖြစ်အောင်လုပ်ကြတယ်။ သူတို့ကို ငွေထောက်ပံ့သူ တွေရှိတယ်။ ဒါပေမယ့် သူတို့ကိုငွေထောက်ပံ့တဲ့သူတွေက သူတို့ရင်းလိုက်တဲ့ဟာကနေ အမြတ်ပြန်လိုတာပဲ။ သူတို့ပုံအောလိုက်တဲ့ပိုက်ဆံကို ပြန်လိုချင်တာလေ။ ဒါက ဒီမိုကရေစီ စနစ်တိုင်းရဲ့ ယန္တရားပဲ။

ဒီနေ့ကမ္ဘာမှာ တော်လှန်ရေးတွေတစ်ခုပြီးတစ်ခုဖြစ်နေတယ်။ တော်လှန်ရေးတွေဖြစ်တာ

အဂတိလိုက်စားမှုတစ်ခုတည်းကြောင့် မဟုတ်ဘူးဗျ။ ပြည်သူတွေက Facebook လို Twitter လို လူမှုကွန်ရက်တွေကိုသုံးလာကြလို့ပဲ။ အရှေ့အလယ်ပိုင်းဒေသမှာဆိုရင် တော်လှန်ရေး ကာလတွေမှာ ပြည်သူတွေက လူမှုကွန်ရက်တွေသုံးခဲ့ကြတယ်။ သို့သော် အဲဒီလိုလုပ်တာ သူ တို့ပထမဆုံးလုပ်တာတော့မဟုတ်ဘူး။ ၁၉၉၈ ခုနှစ်တုန်းက အင်ဒိုနီးရှားမှာ မိုဘိုင်းဖုန်းတွေသုံးပြီး တော်လှန်ရေးပထမဆုံးလုပ်ခဲ့ကြတာဗျ။ ဒါကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုခွင့်ပြု ဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တာပေါ့။

ဒီတော့ကာ အဂတိလိုက်စားမှုဆိုတာ လူသားမျိုးနွယ်ရဲ့ ပြဿနာပဲ။ ဒါကိုဘယ်လို တိုက်ဖျက်မလဲ။ တရားမျှတမှုပိုများလာအောင်လုပ်ပါ။ ပွင့်လင်းမြင်သာမှုပိုများလာအောင်လုပ် ပါ။ ကုန်ထုတ်စွမ်းအား ပိုများလာအောင်လုပ်ပါ။ လူ့အဖွဲ့အစည်းထဲမှာ တန်ဖိုးကိုတကယ်ဖန် တီးပေးနိုင်မယ့် အဖွဲ့အစည်းတွေ သို့မဟုတ်ပြည်သူတွေကို ပိုပြီးစောင့်ရှောက်ပါ။ ကျွန်တော်က လေယာဉ်တစ်စင်းဆောက်နိုင်လိုက်ရင် တန်ဖိုးတစ်ခု (လူ့အဖွဲ့အစည်းကို) ထပ်ဖြည့်ပေး လိုက်တာပဲ။ ဒါပေမယ့် ကျွန်တော်ကြွေးဆုံးတစ်ခုပေးလိုက်ရင်တော့ လူ့အဖွဲ့အစည်းကနေ တန်ဖိုးကိုစုပ်ယူလိုက်တာပဲ။ ကျွန်တော်က အရမ်းချမ်းသာတဲ့သူဆိုရင် ကျွန်တော်ဟာ နေ့ချင်း ညချင်း ကုန်းကောက်စရာမရှိအောင်ဖြစ်သွားနိုင်တယ်၊ အရမ်းဆင်းရဲသွားနိုင်တယ်။ ဒါက လောင်းကြေးထပ်ထားရတာပဲ။ ဒါမျိုး ဥရောပတိုက်မှာရော အမေရိကန်ပြည်ထောင်စုမှာပါ ဖြစ်နေပြီ။ အင်ဒိုနီးရှားမှာ ဒါမျိုးထပ်မဖြစ်အောင် ကျွန်တော်တို့ဂရုစိုက်မှရမယ်။

၁၉၇၄ ခုနှစ်မှာ မဟာဗျူဟာမြောက် လေကြောင်းလုပ်ငန်းကို စလုပ်ခဲ့တယ်။ ဒီလုပ်ငန်း ဟာ အစိုးရပိုင်လုပ်ငန်းဖြစ်တာကြောင့် ၁၉၉၈ ခုနှစ်မှာ နောက်တစ်ယောက်ကို လွှဲပေးခဲ့ရတယ်။ ဒုတိယသမ္မတဟာ အခြားစီးပွားရေးလုပ်ငန်းတွေ ဘာတွေလုပ်လို့မရဘူးလေ။ တစ်နှစ်ဝင်ငွေ ကန်ဒေါ်လာ ၁၀ ဘီလီယံနဲ့ ဝန်ထမ်း ၄၈၀၀၀ ရှိတဲ့လုပ်ငန်းတစ်ခုကို လွှဲပေးခဲ့ရတာ။ အင်ဒိုနီးရှား နိုင်ငံပြင်ပက လေယာဉ်တပ်ဆင်တည်ဆောက်ရေးစက်ရုံတွေအတွက် သဘောတူစာချုပ်တွေ လက်မှတ်ထိုးပေးခဲ့ရတယ်။

ဒါပေမယ့် ကျွန်တော်တို့မှာ ကျွန်တော့်ကြောင့်တင်တာမဟုတ်ဘဲ စတော့ရှယ်ယာတွေကို ဈေးကစားပြီးအမြတ်ရအောင်လုပ်တာ (manipulation) တွေများလွန်းလို့တင်နေတဲ့ ကြွေးဆုံး တွေကြောင့် ပြဿနာရှိခဲ့တယ်။ ကျွန်တော်တို့မှာတော့ ကြွေးဆုံးတွေရှိနေပြီ ဘယ်သူ့ဆီကနေ လာတဲ့ ကြွေးဆုံးတွေလဲ။ ရိုးသားမှုမရှိတဲ့ စီမံကိန်းတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ကတင်ရှိတဲ့ ကြွေးဆုံးတွေ၊ ဥပဒေကိုလက်တစ်လုံးခြား လုပ်တဲ့သူတွေကြောင့် တင်တဲ့ကြွေးဆုံးတွေ၊ ပွဲစား တွေတင်ရှိတဲ့ ကြွေးဆုံးတွေပဲ။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကျွန်တော်တို့သဘောတူထားတာရှိခဲ့တယ်။ သမ္မတ ဆိုတော့ ကျွန်တော်ဘာများလုပ်ပေးနိုင်မလဲပေါ့။ ကျွန်တော့်ရှေ့က သမ္မတက လက်မှတ်ရေးထိုး

သွားတဲ့ သဘောတူစာချုပ်ဆိုပြီး ကျွန်တော်က အဲဒီသဘောတူညီချက်ကို ချိုးဖောက်လို့မရဘူးဗျ။ ကျွန်တော်လည်း အကျိုးအကြောင်းဘာမှသိမထားဘူး။ ဒါပေမယ့် ကျွန်တော်က သဘောတူညီချက်ကို ချိုးဖောက်လိုက်တယ်ဆိုပါတော့။ နိုင်ငံတကာမှာရော ပြည်တွင်းမှာရောက် ပြဿနာတွေ တက်ကုန်မှာပဲ။ ကျွန်တော့်ကြောင့် တော်လှန်ရေးဖြစ်သွားမယ်။ ကျွန်တော်က သဘောတူညီချက်ကိုချိုးဖောက်မှာပဲလို့ ယူဆသူတွေအများကြီးပဲ။ သို့သော် ကျွန်တော် မချိုးဖောက်ခဲ့ပါဘူး။ ကျွန်တော်တို့ဒီစျေးပေးရမှာဆိုရင် ကျွန်တော်တို့ပေးမှာပါလို့ ကျွန်တော်ပြောခဲ့တယ်။ တော်လှန်ရေးတစ်ခုဖြစ်သွားအောင်တော့ လုပ်လို့မဖြစ်ဘူး။ ပြည်သူအများစုဟာ ဆင်းရဲပြီး အပြစ်ကင်းသူတွေဖြစ်တယ်။ ပြည်သူတွေပဲဒုက္ခရောက်ကုန်ကြမှာ။ ဒါမျိုးကျွန်တော် အဖြစ်မခံနိုင်ဘူး။

## နိုင်ငံရေးတွင် အဂတိလိုက်စားမှု

*စီးပွားရေးမူဝါဒသစ်ကို ခင်ဗျားက စတင်ဆောင်ရွက်ခဲ့တယ်။ တစ်ချိန်တည်းမှာ လူမှုဖူလုံရေးကွန်ရက်ကို ခင်ဗျားစတင်ခဲ့တယ်။ ဒီအစီအမံတွေဟာ ဒီမိုကရေစီစနစ်ကိုသွားတဲ့ လှုပ်ရှားမှုအတွက် ဘယ်လောက်အရေးပါသလဲ။*

ဟာဘီဘီ။ ။ပြဿနာက ကုန်စည်ဝန်ဆောင်မှုထုတ်လုပ်ဖို့ ကုမ္ပဏီကနေ နှစ်ရှည်ပိုင်ဆိုင်တဲ့ အရင်းအမြစ်တွေ၊ အရင်းအနှီးတွေကိုစုဆောင်းဖြည့်ဆည်းမှု (capital formation) ဘယ်လိုလုပ်မလဲဆိုတာပဲ။ ဘယ်ကနေစရမလဲ။ ရွှေစရာနည်းလမ်းတစ်ခုကတော့ အထက်ကနေ အောက်ကိုသွားတဲ့ အမိန့်ပေးအမိန့်ခံ အဆင့်ဆင့်တင်ပြပြီး ဆုံးဖြတ်တဲ့စီမံခန့်ခွဲမှုစနစ်ပဲ။ တချို့သောသူတွေ အရင်းအနှီးကိုထိန်းချုပ်ဖို့နဲ့ အလုပ်အကိုင်တွေဖန်တီးပေးဖို့ရာ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ ကိုဖန်တီးပေးဖို့ပဲ။ အရင်းရှင်စနစ်မှာ အရင်းအနှီးနဲ့ ဝင်ငွေညီတူညီမျှ ဖြန့်ကျက်ခွဲဝေပေးနိုင်တဲ့ယန္တရားက ပညာရေးကဏ္ဍတစ်ခုပဲရှိတယ်။ ရွှေးချယ်စရာနောက်တစ်နည်းကတော့ အောက်ခြေကနေပူးပေါင်းဆုံးဖြတ်ပြီး ဆောင်ရွက်လုပ်ကိုင်တဲ့နည်းလမ်းပဲ။ ဆိုဗီယက်ပြည်ထောင်စုမှာအောက်ခြေမှာ ပူးပေါင်းဆောင်ရွက်ပြီး ဆုံးဖြတ်လုပ်ကိုင်ဖို့ကြိုးစားခဲ့ဖူးတယ်။ ဒေဝါလီခံလိုက်ရတယ်။ သို့သော် အမိန့်ပေးအမိန့်ခံ အဆင့်ဆင့်တင်ပြ၊ ဆုံးဖြတ်တဲ့စနစ်က အခုဒေဝါလီခံရလုလုဖြစ်နေပြီ။ နောက်ပြီးကိုယ်ကျိုးရှာပြီးခြယ်လှယ်တာတွေအများကြီးရှိတယ်လို့ ကျွန်တော်တို့နားလည်ထားတယ်။ ဥပမာပြောရရင် ဘဏ်အချင်းချင်းကြား အတိုးနှုန်းတွေကိုစျေးကစားပြီး အမြတ်ရအောင်လုပ်တာကို ကမ္ဘာ့ဘဏ်များအချင်းချင်းကြား ကာလတိုချေးငွေနှုန်းစံ (LIBOR) ကနေစပြီးလုပ်တာမျိုးပဲ။ ပုဂ္ဂလိကလက်ကျန်စားရှယ်ယာ (private equity) တွေကို အရောင်းအဝယ်လုပ်တဲ့သူတွေဟာ ကျွန်တော့်အမြင်အရတော့ ပွဲစားတွေပဲ။ သူတို့က အရောင်းအဝယ်မြန်မြန်လုပ်ပြီး ကော်မရှင်ယူလိုက်တာပဲ။ ပြီးရင်သူတို့က အခွန်မဆောင်ရဘူး။ သို့သော်သူတို့က (တိုင်းပြည်ရဲ့) ဥစ္စာဓနကိုမဖန်တီးပေးဘူး။ တခြားသူတွေကဖန်တီးလုပ်တဲ့ ဥစ္စာဓနကို သူတို့ကကိုယ်ကျိုးရှာသုံးပြီး ပိုပိုချမ်းသာလာအောင်လုပ်ကြတာ။ အဲဒီပုဂ္ဂလိက

ကုမ္ပဏီတွေ ပြဿနာတက်ရင် အစိုးရကအခွန်ထမ်းတွေရဲ့ပိုက်ဆံတွေသုံးပြီး ဝင်ကူရမှာလေ။ ပြည်သူအများစုကနေ အလွန့်အလွန်ချမ်းသာတဲ့သူတွေကိုကယ်တင်ဖို့ ငွေပင်ငွေရင်း ထည့်ပေးကြရမှာ။ အလွန့်အလွန်ချမ်းသာတဲ့ သူတွေကစင်ပေါ်ကချည့်ပဲ။

ကျွန်တော်က အရင်းရှင်စနစ်ကို ဆန့်ကျင်နေတာမဟုတ်ဘူး။ ကျွန်တော့်မှာ လုပ်နည်းလုပ်ဟန်တစ်ခုတော့ရှိတယ်။ အဲဒါက လူလတ်တန်းစားကနေစဖို့ပဲ။ လူလတ်တန်းစားကို ဂရုစိုက်ရမယ်။ ဆင်းရဲမွဲတေမှုမျဉ်းအောက် ရောက်နေသူတွေကို ဆွဲတင်ရမယ်။ လူကောင်းတွေကို ထိပ်ရောက်အောင်တွန်းတင်ရမယ်။ ဒီလိုလုပ်ပေးတာ ကျွန်တော်ပြောပြောနေတဲ့ 'ဆွဲတင်-တွန်းတင်လူ့အဖွဲ့အစည်း'ဆိုတာပဲ။ ဒါကိုလုပ်ဖို့အခွင့်အရေးရှိတယ်လို့ ထင်တယ်။ ဂျာမန်တွေရဲ့ ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးစနစ်ကိုသုံးပြီး ဒီလိုလုပ်ပုံလုပ်နည်းကို ကျွန်တော်ရှင်းလင်းအောင် ပြောပြရတာပါ။

## နိုင်ငံရေးပါတီများ

*ခင်ဗျားသမ္မတဖြစ်သွားတာရယ် ခင်ဗျားကလုပ်ကိုင်ဆောင်ရွက်ဖို့ အသင့်ဖြစ်နေတာရယ်က သမိုင်းဝင်အဖြစ်အပျက်ပဲဗျ။ ဒါပေမယ့် ဒီမိုကရေစီစနစ်အလုပ်ဖြစ်ဖို့ နိုင်မာအားကောင်းတဲ့ နိုင်ငံရေးပါတီတွေလိုတယ်။ နိုင်ငံရေးပါတီတွေကလည်း အစိတ်စိတ်အမှာမှာဖြစ်နေတယ်။ နိုင်ငံရေးမှာ ပါတီတွေရဲ့အခန်းကဏ္ဍကို ဘယ်လိုထင်ပါသလဲ။*

ဟာဘီဘီ။ ။ ဆူဟာတိုက နိုင်ငံရေးစနစ်ကို ရည်ရွယ်ချက်ရှိရှိနဲ့ အကွက်ချရေးဆွဲခဲ့တာ။ သူက အင်ဒိုနီးရှားမှာ နိုင်ငံရေးပါတီနှစ်ခုပဲခွင့်ပြုပြီး အာဏာယူထားမှာလေ။ (အပိတ်ခံထားရသည့် နိုင်ငံရေးပါတီနှစ်ခုအပြင် Golkar ပါတီသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။) ဆူဟာတိုက အင်ဂျင်နီယာပါရဂူ ဆူကာနိုဆီက အာဏာသိမ်းပြီး တစ်တိုင်းပြည်လုံးကို ထိန်းချုပ်ခဲ့တယ်။ သမ္မတလည်း ဆူဟာတို၊ ပါလီမန်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌကလည်း ဆူကာနိပဲ။ 'ကျွန်တော့်မှာ အာဏာနှစ်ခု(နိုင်ငံရေးပါတီနှစ်ခု)ပဲရှိတယ်။ ပါတီတစ်ခုက လက်ရှိဘဝကို စောင့်ရှောက်လိမ့်မယ်။ ကျန်တဲ့တစ်ခုက သူသေလွန်ပြီးတဲ့အခါ စောင့်ရှောက်လိမ့်မယ်'ဆိုပြီး ဆူကာနိကပြောခဲ့ဖူးတယ်။ သူပြောတဲ့လက်ရှိ ဘဝကိုစောင့်ရှောက်မယ့်ပါတီဆိုတာ အင်ဒိုနီးရှား ဒီမိုကရက်ပါတီကိုပြောတာ။ သေလွန်ပြီးနောက်စောင့်ရှောက်မယ့်ပါတီက ပိုပြီးကျယ်ပြန့်တဲ့ အဓိပ္ပာယ်နဲ့ပြောရင် တိုင်းပြည်တည်ဆောက်ရေးအတွက် ညီညွတ်သောဖွံ့ဖြိုးရေးပါတီ (United Development Party) ကိုပြောတာ။ ဒီပါတီကို Golkar (Golongan Karya) လို့ခေါ်တယ်။ Golongan ဆိုတာအစုအဖွဲ့။ Karya ဆိုတာ 'စွမ်းဆောင်သူများ'လို့အဓိပ္ပာယ်ရတယ်။ အစ္စလာမ်ဘာသာကို ယုံကြည်သူမှန်သမျှ မိမိတို့အလိုရှိရာ၊ ပြုမူဆောင်ရွက်ရာကိုဆုသာတောင်းကြလို့သူကပြောခဲ့တယ်။ ကောင်းပြီ။ သို့သော် ကျန်တဲ့သူတွေက အစ္စလာမ်လည်းပါတယ်။ ခရစ်ယာန်လည်းပါတယ်။ လက်ဝဲအစွန်းရောက်၊ လက်ရာအစွန်းရောက်တွေပါတယ်။ လူမှုရေးသမားတွေ

စသဖြင့် ယုံကြည်သက်ဝင်မှုအမျိုးမျိုးရှိကြတဲ့သူတွေရောနေတာ။ အဲဒီပါတီဝင်တွေက တစ်ခါတစ်ရံ အခြေအတင်ဖြစ်ကြတယ်။ ဒီတော့သူတို့ ဘယ်တော့မှ အနိုင်ရတယ်ဆိုတာမရှိဘူး။ ဟုတ်နေတာပဲ။ အနိုင်ရတဲ့သူတွေဆိုတာ အလုပ်လုပ်သူတွေ၊ စွမ်းဆောင်သူတွေ။ ဒီတော့ ရွေးကောက်ပွဲပြီးပြီဆိုရင် အလုပ်လုပ်သူတွေ၊ ပညာသည်တွေ၊ ကျန်တဲ့လူနည်းစုနှစ်စုက လူတွေရဲ့ကျွမ်းကျင်မှုကို သူအသုံးချရမယ်။ စစ်မှုထမ်းအစုအဖွဲ့လို့ခေါ်တဲ့အစုအဖွဲ့ကိုလည်း သူက ဖန်တီးခဲ့တယ်။ ပြည်သူ့လွှတ်တော်နဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာရှိတဲ့ စစ်မှုထမ်းအစုအဖွဲ့ဥက္ကဋ္ဌက သတ်မှတ်ထားတဲ့စည်းမျဉ်းအရ စစ်ဦးစီးချုပ်ကို အစီရင်ခံရတယ်။ ပြည်နယ်တွေကလာတဲ့ အစုအဖွဲ့ဟာ တိုင်းပြုပြည်ပြုလွှတ်တော်မှာသာ ကိုယ်စားပြုမှုရှိပြီး ပြည်သူ့လွှတ်တော်မှာ ကိုယ်စားပြုမှုမရှိဘူး။ ဒီတော့ ကိုယ်စားပြုခြင်းဆိုင်ရာ အဲဒီဥပဒေများအရ ကိုယ်စားလှယ်အများစုကို နှစ်ပေါင်း ၃၁ နှစ်ကျော်ကြာအောင် ဆူဟာတိုကထိန်းချုပ်နိုင်ခဲ့တယ်။

ဒီပါတီဖွဲ့စည်းပုံဟာ ဆူဟာတိုလက်ထက်မှာ တည်ငြိမ်မှုရှိအောင် အကျိုးပြုခဲ့တယ်။ သို့သော် အဲဒီဖွဲ့စည်းပုံကို ငွေကြေးထောက်ပံ့ရတယ်။ ဘယ်လိုငွေကြေးထောက်ပံ့သလဲ။ ပါတီလုပ်ငန်းတွေလည်ပတ်ဖို့ သုံးစွဲတဲ့စရိတ်ဟာ ၁၀ ရာခိုင်နှုန်းရှိတဲ့ ပါတီကိုငွေကြေးထောက်ပံ့ဖို့ ပွင့်လင်းမြင်သာတဲ့ ရန်ပုံငွေရှာဖွေရေးစနစ်သူ့မှာရှိတယ်လို့ ဆူဟာတိုဆီကသိရတယ်။ ပွင့်လင်းမြင်သာအောင်လုပ်ပြနိုင်ရင် ကိုယ့်ကိုလာပူးပေါင်းဆောင်ရွက်မယ့်သူတွေရနိုင်တာပဲ။ အဲဒီပါတီလုပ်ငန်းအသုံးစရိတ် ၁၀ ရာခိုင်နှုန်းကို ကိုယ့်အိတ်ထဲထည့်လိုက်ရင်ရတာပေါ့။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းကပါတီအတွက်ပဲပေါ့။ ဆူဟာတိုအနေနဲ့ အဲဒီလို ၁၀ ရာခိုင်နှုန်းကို ယူလိုက်တာမျိုး သူ့သားသမီးတွေ အရွယ်ရောက်လာတဲ့အထိ လုပ်နေလို့ရတယ်။ ဒါပေမယ့် သူ့သားသမီးတွေ အိမ်ထောင်ကျ၊ ကိုယ့်စီးပွားရေးအကျိုးစီးပွားအတွက် ကိုယ်လုပ်ကြ၊ ကိုယ့်အသိုင်းအဝိုင်းအတွက် စီးပွားရေးလုပ်ကျတဲ့အခါကျတော့ ဆူဟာတိုလည်း ရန်ပုံငွေသုံးစွဲရေးလုပ်ငန်းစဉ်ကို မထိန်းနိုင်တော့ဘူးလေ။ အဂတိလိုက်စားမှုကို ထိန်းချုပ်ရေးမှာ သူ့သဘောထားက အပြုသဘောဆောင်ပါတယ်။ ဒါကိုကျွန်တော်သေချာပြောနိုင်ပါတယ်။ ဒါပေမယ့် ဆူဟာတိုကလောကဓမ္မတာကိုဆန့်ကျင်ပြီး တိုက်ပွဲဝင်ခဲ့တယ်။

ခုပြောခဲ့တာတွေဟာ ကျွန်တော်သမ္မတဖြစ်တော့ သမ္မတသက်တမ်းကို နှစ်ကြိမ်မှာ ကန့်သတ်မှု သတ်မှတ်ဖို့အစောဆုံး ဆုံးဖြတ်ချက်ချခဲ့ရခြင်း အကြောင်းအရင်းပဲ။ ဒီလိုသတ်မှတ်တာမှာ အမေရိကန်ပြည်ထောင်စုကို လေ့လာခဲ့တယ်။ ဒီနိုင်ငံကတစ်ချို့ကတော့ ဖြစ်မြောက်နိုင်စွမ်းဆန်းစစ်လေ့လာမှု လုပ်ကြည့်စေချင်ကြတယ်။ ဒါပေမယ့် လုပ်ဖို့မလိုပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ နမူနာက အလုပ်ဖြစ်တယ်လေ။ ကျွန်တော် သမ္မတသက်တမ်းကို နှစ်နှစ်သတ်မှတ်လို့ရတယ်ဆိုတာကလည်း ပြည်သူ့လွှတ်တော်ထဲမှာ အများစုထောက်ခံမှု - ၈၀ ရာခိုင်နှုန်းရထားလို့ပါ။ သူတို့ကိုကျွန်တော်က ဘာလုပ်ပါလို့ပြောရင် သူတို့လုပ်ပေးရမှာပဲ။

*နိုင်ငံရေးပါတီတွေ အစိတ်စိတ်အမှာမှာဖြစ်နေတာ ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းနဲ့*

*ဒီမိုကရေစီကြီးခိုင်လာမှုကို ပိုပြီးခက်စေတယ်လို့ မထင်ဘူးလား။ နိုင်ငံရေးပါတီဥပဒေက ထိရောက်မှုရှိတယ်လို့ထင်လား။*

ဟာဘီဘီ။ ။ နိုင်ငံရေးပါတီဥပဒေက ကောင်းမွန်တဲ့ဥပဒေတစ်ခုပါ။ ဒီဥပဒေကို ပိုပြီး ကောင်းသထက်ကောင်းအောင် လုပ်လို့တော့ရတာပေါ့။ ပါတီတစ်ခုဟာ အခြေခံဥပဒေကို လက်ခံပြီး တည်ဆဲဥပဒေတွေကို လိုက်နာနေသမျှကာလပတ်လုံး နိုင်ငံရေးပါတီထောင်ဖို့ လူတိုင်းကို ခွင့်ပြုလို့ရတယ်ဆိုတာ ကျွန်တော်အတိအလင်းပြောပြီးသားပါ။ တည်ဆဲဥပဒေတွေ၊ မူဝါဒတွေထဲကနေ အခြေခံဥပဒေကို ပိုကောင်းအောင်ပြင်ဖို့ ဒီမိုကရက်တစ်နည်းလမ်းရှိတယ်။ ပေတရာလမ်းကတော့ လွှတ်တော်မဟုတ်ဘူး။ အရပ်ဖက်လူအဖွဲ့အစည်းထဲမှာ ဆန္ဒပြပွဲတွေ ဆိုတာ ဒီမိုကရေစီနည်းလမ်းနဲ့ဆန္ဒထုတ်ဖော်တာပဲ။ သို့သော် နိုင်ငံရေးခေါင်းဆောင်များကတော့ ဥပဒေတွေကိုလိုက်နာရမယ်။ လွတ်လပ်သော သတင်းမီဒီယာ ဒါမှမဟုတ် လွှတ်တော်ကနေ အပြောင်းအလဲအတွက် သင့်လျော်တဲ့အကြံပြုချက်တွေပေးသင့်တယ်။

ဒီနေ့ခေတ်မှာ နိုင်ငံရေးပါတီတွေကသာ သမ္မတလောင်းတွေကို အမည်တင်သွင်း အဆိုပြု နိုင်ပါတယ်။ ကျွန်တော်လုပ်ချင်တဲ့ အပြောင်းအလဲတစ်ခုက အရပ်ဖက်အဖွဲ့အစည်းတွေကပါ သမ္မတလောင်းတွေကိုတင်သွင်းနိုင်မယ့် ယန္တရားတစ်ခုရှိချင်တာပါ။ အဲဒီလို အရပ်ဖက်အဖွဲ့ အစည်းတွေက သမ္မတလောင်းတင်နိုင်မယ့်စနစ်မျိုး တည်ထောင်ကြရမယ်။ မဲဆန္ဒရှင်ပါဝင် ဆောင်ရွက်မှုကို အဲဒီစနစ်က တိုးတက်ကောင်းမွန်လာစေလိမ့်မယ်။ ဥပမာပြောရရင် မကြာသေး ခင်ကကျင်းပတဲ့ ဂျကာတာအုပ်ချုပ်ရေးမှူးနေရာအတွက် ပထမအကျော့ကျင်းပတဲ့ ရွေး ကောက်ပွဲမှာ မဲပေးခွင့်ရှိသူ ၄၀ ရာခိုင်နှုန်းက မဲမပေးခဲ့ဘူး။ ပြည်သူတွေ မဖြစ်မနေ မဲပေး ရမယ်ဆိုတာကို သူတို့နားလည်သဘောပေါက်အောင် ကျွန်တော်တို့လုပ်ရမယ်။ သူတို့ကို ပါတီ တွေက ကိုယ်စားမပြုဘူးလို့ ယူဆတာကြောင့် သူတို့တစ်တွေမဲမပေးကြတာလို့ ထင်တယ်။ မဲပေးသူအရေအတွက် နည်းပါးခြင်းဟာ မဲဆန္ဒရှင်တွေနဲ့ တိုင်းပြည်အတွက်မကောင်းဘူး။

## ပြည်သူလူထု၏ စည်းရုံးလှုပ်ရှားမှု

*ဆူဟာတိုအစိုးရအုပ်ချုပ်မှု အဆုံးသတ်အောင်လုပ်ရာမှာ ကျောင်းသားတွေဟာ အရေး ကြီးတဲ့အခန်းကဏ္ဍက ပါဝင်ခဲ့ကြတယ်။ ပြီးတော့ သူတို့ပျောက်သွားတဲ့ပုံပဲ။ အဲဒီကျောင်းသား တွေနဲ့ သူတို့ရဲ့စည်းရုံးလှုပ်ရှားမှု ဘာဖြစ်သွားလဲ။ ကျောင်းသားအဖွဲ့အစည်းတွေကို ဦးဆောင် သူတွေ ဘာလုပ်နေကြသလဲ။*

ဟာဘီဘီ။ ။ဟိုးအရင်ကတည်းက သမိုင်းတစ်လျှောက် ကျောင်းသားတွေဟာ အင်ဒိုနီးရှားနိုင်ငံမှာ အပြောင်းအလဲကို ဦးဆောင်ခဲ့တယ်။ အခုထိလည်း သူတို့ဦးဆောင်နေ တုန်းပဲ။

*ဒါဆို ခင်ဗျားအာဏာရလာတော့ သူတို့ဘာဖြစ်သွားလဲ။ သူတို့ရဲ့ စည်းရုံးလှုပ်ရှားမှုကို ရပ်ဆိုင်းလိုက်ကြတာလား။*

ဟာဘီဘီ။ ။ ကျောင်းသားတွေကျွန်တော်နဲ့လာတွေ့တယ်၊ အမြင်ချင်းဖလှယ်ဆွေးနွေးကြတယ်။ သူတို့ရဲ့စည်းရုံးလှုပ်ရှား မှုကိုတော့ ရပ်ဆိုင်းမပစ်ကြပါဘူး။ တချို့ကျောင်းသားတွေဆိုကျွန်တော့်ကို တော်တော်ရန်လိုကြတယ်။ ကျွန်တော်သူတို့ပြောတာကို နားထောင်ပေးတယ်။ တချို့ကျောင်းသားတွေက ကျွန်တော့်ကိုထောက်ခံတယ်။ သူတို့ပြောတာလည်း နားထောင်တာပေးတာပဲ။

ကျွန်တော်ကိုယ့်ကျွန်တော် နိုင်ငံရေးသမားဆိုပြီး ဘယ်တုန်းကမှသဘောမထားခဲ့ဘူး။ နိုင်ငံရေးလောကထဲမှာတော့ ကျွန်တော်ရပ်တည်မြဲရပ်တည်နေခဲ့တယ်။ ဒီလိုပြောလို့ ကျွန်တော် နိုင်ငံရေးကိုနားလည်ပါတယ်ပြောတာမဟုတ်ပါဘူး။ ကောင်းကောင်းနားလည်တာပေါ့။ သို့သော် နိုင်ငံရေးက ကျွန်တော်အစွမ်းအစပြချင်တဲ့ နေရာတော့မဟုတ်ဘူး။ ကျွန်တော် အစွမ်းအစပြရမယ့်နေရာက အင်ဂျင်နီယာပညာရပ်၊လေယာဉ်တွေဆောက်တာ၊ သင်္ဘောတွေဆောက်တာပါ။

## ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်း

*အသွင်ကူးပြောင်းမှုတွေဟာ အမျိုးသမီးတွေကိုဆက်ဆံမှုနဲ့ သူတို့အခန်းကဏ္ဍကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဖို့ အကျိုးပြုနိုင်တဲ့ ကာလတွေပါပဲ။ အမျိုးသမီးအခွင့်အရေးကို ခင်ဗျားဘယ်လို ဖြေရှင်းခဲ့လဲ။*

ဟာဘီဘီ။ ။ နိုင်ငံတိုင်းမှာလိုပဲ ကျွန်တော်တို့နိုင်ငံမှာ လူ့အခွင့်အရေးအဖွဲ့အစည်းတွေရှိပါတယ်။ အင်ဒိုနီးရှားမှာရှိတဲ့ လူ့အခွင့်ရေးအဖွဲ့အစည်းတွေဟာ အမျိုးသမီး၊ အမျိုးသားလူတိုင်းရဲ့လူ့အခွင့်အရေးအတွက် အရေးဆိုတင်ပြနေပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေဟာ ဒေသတော်တော်များများမှာ အခွင့်အရေးဆုံးရှုံးနေကြရတယ်။ အဓမ္မကျင့်ခံရတဲ့ အမျိုးသမီးတွေကို စောင့်ရှောက်တဲ့သူမရှိဘူး။ အသွင်ကူးပြောင်းတဲ့ကာလအတွင်းမှာ အဓမ္မကျင့်ခံရတဲ့ အမျိုးသမီးတွေ အများကြီးပဲ။ ဒါကြောင့် အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်ရေး အမျိုးသားကော်မရှင် (KOMNAS Perempuan) ကို ကျွန်တော် ဖွဲ့စည်းခဲ့တယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့အတူ အလုပ်လုပ်ခဲ့တယ်။ အမျိုးသမီးတွေဟာ အင်ဒိုနီးရှားနိုင်ငံ လူဦးရေစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းထက်မနည်းရှိတာကြောင့် သူတို့ကို မျက်ကွက်ပြုလို့ မရဘူး၊ အမျိုးသမီးတွေကို စောင့်ရှောက်ပေးရမယ်လို့ ဥက္ကဋ္ဌကိုကျွန်တော်ပြောခဲ့တယ်။

## နိုင်ငံတကာ၏ထောက်ခံမှု

*ခင်ဗျားရဲ့စီမံကိန်းကို အကောင်အထည်ဖော်နိုင်အောင် ဖွံ့ဖြိုးအောင်လုပ်ဖို့ နိုင်ငံခြားတိုင်းပြည်တွေက ကူညီခဲ့သလား။*

ဟာဘီဘီ။ ။ အပြောနဲ့တင်မက အလုပ်နဲ့ပါကူညီခဲ့တဲ့နိုင်ငံတွေကတော့ အမေရိကန်ပြည်ထောင်စုပါတယ်။ ဥပမာပြောရရင် သမ္မတဟောင်း ဂျင်မီကာတာဦးဆောင်တဲ့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ၊ အင်ဒိုနီးရှားဗဟိုဘဏ်ကို လုပ်ငန်းဆောင်ရွက်မှု ထိရောက်ပီပြင်အောင် ပြင်ဆင်ဖွဲ့စည်းရာမှာကူညီဖို့ ဂျာမနီဗဟိုဘဏ် Deutsche Bundesbank ရဲ့ဥက္ကဋ္ဌဟောင်း ဒေါက်တာ ရှဲလ်ဆင်ဂျာကို ဂျာမနီကစေလွှတ်ပေးခဲ့တာတွေပဲ။

*ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်အတွင်းမှာ ဘယ်အရာက အစိုးရမဟုတ်တဲ့ ပြည်ပက ကူညီဆောင်ရွက်တဲ့အဖွဲ့အစည်းတွေအတွက် သင့်တော်မယ့်အခန်းကဏ္ဍဟာ ဘယ်ကဏ္ဍတွေလို့ ခင်ဗျားထင်သလဲ။*

ဟာဘီဘီ။ ။ ပြည်သူတွေရဲ့ လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ စီးပွားရေးအခြေခံအဆောက်အအုံ စတာတွေတိုးတက်ကောင်းမွန်စေဖို့ ပြည်သူတွေကို အကူအညီပေးရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့တွေနဲ့ နိုင်ငံဖြတ်ကျော်အဖွဲ့အစည်းတွေဟာ လက်ဦးမှူရအောင်ဆောင်ရွက်သင့်တယ်။ သို့သော် အဲဒီအဖွဲ့အစည်းတွေဟာ ပြည်တွင်းနိုင်ငံရေးမှာ ဝင်မပါသင့်ဘူး။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတိုင်းဟာ သူတို့အကျိုးစီးပွားအတွက် လုပ်ကြမှာချည့်ပဲ။ အင်ဒိုနီးရှားရဲ့ လူမှုရေး၊ နိုင်ငံရေးနဲ့ လူမှုစီးပွားရေးပြဿနာတွေကို အင်ဒိုနီးရှားပြည်သူတွေကပဲ ဖြေရှင်းသင့်တယ်။ တောင်းဆိုမှုရှိလာမှသာ နစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံပြီး နိုင်ငံတကာအဖွဲ့အစည်းတွေက လုပ်ကိုင်ဆောင်ရွက်သင့်တယ်။

## ဘာသာရေးနှင့်ဒီမိုကရေစီ

*ခင်ဗျားသမ္မတရာထူးမှာ နှစ်နှစ်မပြည့်တဲ့ ရက်ပေါင်း ၅၁၇ ရက်ကြာ တာဝန်ထမ်းဆောင်တဲ့ကာလဟာ အင်ဒိုနီးရှားရဲ့ သမိုင်းလားရာကို ပြောင်းသွားစေခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်နိုင်ခဲ့တဲ့ မွတ်ဆလင်ဘာသာဝင်အများဆုံးရှိတဲ့ တိုင်းပြည်တစ်ခုပဲ။ အစ္စလာမ်ဘာသာနဲ့ ဒီမိုကရေစီနဲ့ပတ်သက်ပြီး ဆွေးနွေးကြတာတွေလည်း အများကြီးပါပဲ။ အင်ဒိုနီးရှားဟာ တိုင်းပြည်ရဲ့နိုင်ငံရေးအခြေခံမူဝါးရပ် (Pancasila) ကြောင့် မတူခြားနားနေတာဆိုပြီး ဆွေးနွေးကြတာလည်းရှိတယ်။ ဘာသာရေးအားလုံး အတူယှဉ်တွဲနေထိုင်တဲ့အစဉ်အလာ၊ တိုင်းပြည်ရဲ့စည်းလုံးမှုကြောင့် အင်ဒိုနီးရှားက မတူခြားနားနေတာဆိုပြီးတော့လည်း ဆွေးနွေးကြတာရှိတယ်။ ဘာသာရေးရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီး အင်ဒိုနီးရှား နိုင်ငံက သင်ခန်းစာယူစရာတွေက ဘာတွေများဖြစ်မလဲ။ အစ္စလာမ်ဘာသာအားကောင်းတဲ့နိုင်ငံတွေမှာ ဒီမိုကရေစီဖြစ်စဉ်ကို မြှင့်တင်အားပေးနိုင်ဖို့ ဘာလုပ်နိုင်မလဲ။*

ဟာဘီဘီ။ ။ ဒီမိုကရေစီကအဖြေပါပဲ။ အင်ဒိုနီးရှားနိုင်ငံကို ဒီမိုကရေစီတံခါးဖွင့်ပေးခဲ့တယ်။

ဒါကို တူရကီနိုင်ငံက ကျွန်တော့်မိတ်ဆွေ Necmettin Erbakan နဲ့ Abdullah Gul တို့ကို ပြောပြခဲ့တယ်။ Gul နဲ့ကျွန်တော်နဲ့က သိပ္ပံ၊ နည်းပညာ၊ လူသားရင်းမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစွမ်းမွမ်းဖိုရမ်ကို အကောင်အထည်ဖော်ခဲ့တယ်။ အဲဒီတုန်းက Gul က စစ်တပ်နဲ့အဆင်မပြေဘူး။ သူ့အနေနဲ့ ဒီမိုကရေစီအမြစ်တွယ်အောင်လုပ်ဖို့လိုတယ်လို့ Gul ကို ပြောခဲ့တယ်။ ဒီမိုကရေစီမှာ ပြည်သူတွေက အဆုံးအဖြတ်ပေးတာပဲ။

ဒီနေ့ကမ္ဘာပေါ်မှာရှိကြတဲ့ ပြည်သူတွေဟာ ဖြစ်ပျက်ပြောင်းလဲနေတာတွေကို ပိုပြီးသိရှိနားလည်လာကြပြီ။ သတင်းအချက် အလက်ကိုလွတ်လပ်စွာရယူခြင်းနဲ့ အမှန်တရားတို့ကို အခြေခံပြီး သူတို့ရဲ့ကိုယ်ပိုင်စိတ်ဖြာသုံးသပ်မှု ပိုပြီးလုပ်နိုင်လာကြပြီ။ ဒါကြောင့်ပဲ အရှေ့အလယ်ပိုင်းက အာရပ်နွေဦးဆိုတဲ့ဟာက စိန်ခေါ်မှုတွေဟာ အစွမ်းမာ်ဘာသာရေးဆိုင်ရာ ပြဿနာဖြစ်မလာတာပေါ့။ အဲဒီစိန်ခေါ်မှုတွေဟာ တရားမျှတမှုနဲ့ သာတူညီမျှကောင်းစားရေးဆိုင်ရာ ပြဿနာတွေပါ။ တချို့က သဘောထားတင်းမာတဲ့ အစွမ်းမာ်ဘာသာဝင်တွေကိုအသုံးချပြီး လူတာကာပိုအာရုံစိုက်လာအောင်၊ ပိုက်ဆံပိုရအောင်၊ ပိုပြီးခြယ်လှယ်နိုင်အောင်လုပ်ကြတယ်။

အင်ဒိုနီးရှားမှာ သဘောထားတင်းမာသူတွေ ပြိုင်ဆိုင်နိုင်ဖို့ ကျွန်တော်တို့တံခါးဖွင့်ပေးခဲ့တယ်။ သို့သော် အစွမ်းမာ်ဘာသာဝင် သဘောထားတင်းမာသူတွေဖြစ်ဖြစ်၊ အစွမ်းမာ်ဘာသာဝင်မဟုတ်တဲ့ သဘောထားတင်းမာသူပဲဖြစ်ဖြစ် ပြည်သူ့လွှတ်တော်ကို ဝင်လို့ရလောက်တဲ့ ထောက်ခံမှု မရကြဘူး။

ဘာသာရေးက ပြဿနာဖြစ်စေတဲ့အရာမဟုတ်ဘူး။ ပြည်သူတွေက ပြဿနာရဲ့အရင်းအမြစ်။ ဒါကြောင့် ပြည်သူတွေက ပြဿနာတွေကိုဖြေရှင်းသွားရမယ်။ ပြည်သူတွေရဲ့ ပြဿနာဖြေရှင်းပုံဖြေရှင်းနည်းကို ယဉ်ကျေးမှုက လွှမ်းမိုးတယ်။ ယဉ်ကျေးမှုဆိုတာ ဘာသာရေးတိုင်းထက် အရင်စောပြီးပေါ်ပေါက်ခဲ့တာပါ။ ဒီနေ့ခေတ်မှာ ဘာသာရေးဆန်တဲ့ လုပ်နည်းလုပ်ဟန်တွေ ကျွန်တော်တို့ကိုချုပ်နှောင်နေတယ်။ ဘာသာရေးဆန်တဲ့ လုပ်နည်းလုပ်ဟန်တွေသုံးပြီး အကြွင်းမဲ့တန်ဖိုးတွေ အခိုင်အမာတင်ပြဖို့ လုပ်လာတတ်ကြတယ်။ တစ်ခါတစ်ရံမှာ ယဉ်ကျေးမှုနောက်ခံအခြေအနေကို ထည့်မတွက်ကြတော့ဘူး။ အစွမ်းမာ်ဘာသာရေးဆိုင်ရာ တန်ဖိုးတွေဟာ အာရပ်ယဉ်ကျေးမှု၊ အာရပ်ကမ္ဘာတန်ဖိုးတွေနဲ့ တစ်ချိန်လုံးတူညီနေမှာတော့ မဟုတ်ဘူး။

ကျွန်တော်တို့နိုင်ငံမှာ အင်ဒိုနီးရှားဟာ အစွမ်းမွမ်းနိုင်ငံမဟုတ်ဘဲ တိုင်းပြည်ရဲ့လမ်းပြ အခြေခံမူဝါးရပ်ကိုအခြေခံထားတဲ့ အင်မတန်ဘာသာရေးကိုင်းရှိုင်းတဲ့ လူ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာကို မွတ်ဆလင်နဲ့တခြားဘာသာရေးခေါင်းဆောင်တွေက လက်ခံရမယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့လမ်းပြအခြေခံမူဝါးရပ်ကတော့ -

၁။ ဘုရားတစ်ဆူတည်းရှိ၀ါဒနှင့် ဘာသာတရားကိုင်းရှိုင်းမှု

၂။ တရားမျှတ၍ ယဉ်ကျေးမှုအဆင့်အတန်းမြင့်သော လူ့ဘောင်

၃။ အင်ဒိုနီးရှားနိုင်ငံ၏ စည်းလုံးမှု

၄။ အင်ဒိုနီးရှားပြည်သူအားလုံးအတွက် လူမှုရေးတရားမျှတမှု

၅။ လူမှုဖူလုံရေး စတာတွေဖြစ်ပါတယ်။

မွတ်ဆလင်ကမ္ဘာကလူတွေကတော့ အင်ဒိုနီးရှားမွတ်ဆလင်ပညာရှင်များအစည်းအရုံးကနေ ကျွန်တော်တို့ရဲ့အတွေ့အကြုံကို သင်ခန်းစာယူနိုင်ကြမလားပဲ။ တူညီတဲ့ခံယူချက်တွေ၊ ယုံကြည်ချက်တွေကို ကျွန်တော်တို့ဆွေးနွေးကြတယ်။ ဘယ်တုန်းကမှ မတူခြားနားမှုတွေကို စပြီးမဆွေးနွေးဘူး။ အဲဒီလိုမျိုး ဆွေးနွေးပုံဆွေးနွေးနည်းတွေနဲ့ ကျွန်တော်တို့တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုပိုများလာအောင်လုပ်နိုင်ခဲ့တယ်။ နောက်ထပ်ဆွေးနွေးမှုအတွက် ပိုမိုကြီးကျယ်တဲ့သဘောထားကြီးမှု ဖွံ့ဖြိုးအောင်လုပ်နိုင်ခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ဘာသာရေးတရားပေါင်းစုံရှိနေတဲ့ နိုင်ငံပါ။ ခြိုပြောရရင် ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးရှိကြတဲ့ အင်ဒိုနီးရှားနိုင်ငံသားတွေဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြတယ်။ တစ်သွေးတည်း တစ်သားတည်း အင်ဒိုနီးရှားနိုင်ငံသားဖြစ်ကြခြင်းမှာ ပါ၀င်ဆောင်ရွက်ကြတယ်။ အဲဒီလိုဖြစ်နေခြင်းကိုအကျိုးပြုကြတယ်။

## မျက်မှောက်ခေတ် အသွင်ကူးပြောင်းမှုများ

*အင်ဒိုနီးရှားအတွေ့အကြုံကို စဉ်းစားသုံးသပ်ကြည့်ရင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ပေါင်းစုံကို ဖြတ်သန်းနေကြရတဲ့နိုင်ငံတွေက ခေါင်းဆောင်တွေအတွက် အဓိကကျတဲ့ သင်ခန်းစာတွေ၊ အခြေခံမူတွေက ဘာတွေလို့ခင်ဗျားထင်သလဲ။*

ဟာဘီဘီ။ ။ အရင်ဆုံးကတော့ လိုအပ်ရင်သူတို့ အခြေခံဥပဒေကိုပြင်ရမယ်။ ဒါမှသာ သူတို့ရဲ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်မယ်။ နောက်တစ်ဆင့် ကျရင် ဆန္ဒထုတ်ဖော်ပွဲတွေကို ဒီမိုကရေစီရဲ့လက်နက်တစ်ခုအနေနဲ့ လက်ခံရမယ်။ ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းနဲ့ သတ်ဖြတ်မှုတွေကို ပြစ်မှုကြောင်းအရ ကိုင်တွယ်ရမှာအမှန်ပဲ။ လွှတ်တော်ဟာ 'လမ်းဘေးလွှတ်တော်'ဖြစ်မလာသင့်ဘူးဆိုပေမယ့် ဆန္ဒထုတ်ဖော်မှုတွေဟာ အရေးကြီးတဲ့ ထုတ်ဖော်ဖွင့်ဟမှုတွေပဲ။

- သမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက်သင့်တယ်။ သမ္မတဟာ ပြတ်ပြတ်သားသား၊ ခိုင်ခိုင်မာမာ လုပ်ကိုင်ဆောင်ရွက်သင့်တယ်။ ပါ၀င်သင့်သူအားလုံးပါအောင် (ပါ၀င်စေချင်တဲ့သူတွေပဲကွက်ပြီးမပါအောင်) သမ္မတက လုပ်ကိုင်ဆောင်ရွက်သင့်တယ်။ လူ

အဖွဲ့အစည်းရင်ဆိုင်နေရတဲ့ အရေးတကြီးအဖြစ်ဆုံး ပြဿနာတွေကိုကူညီ ဖြေရှင်းဖို့ အစိုးရအဖွဲ့ကို စောလျင်စွာဖွဲ့စည်းသင့်တယ်။ ရဲအဖွဲ့နဲ့စစ်တပ်က တပ်ဖွဲ့ဝင်တွေ၊ လွှတ်တော်မှာရွေးကောက်တင်မြှောက်ခံရတဲ့ နိုင်ငံရေးပါတီအားလုံးက ကိုယ်စားလှယ်တွေကို အချိုးကျကိုယ်စားပြုပြီး အစိုးရအဖွဲ့ဝင်တွေကိုဖွဲ့စည်းသင့်တယ်။

- နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးသင့်တယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်ကို အာမခံပေးရမယ်။
- နိုင်ငံရေးကို မျှော်မှန်းတွက်ချက်နိုင်စွမ်းနဲ့ နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးကို မျှော်မှန်းတွက်ချက်နိုင်မှုနဲ့စီးပွားရေးတည်ငြိမ်မှုတို့ကို တိုးပွားလာစေရေးဟာ အင်မတန်အရေးကြီးတယ်။ ဒါတွေကိုဆောင်ရွက်ဖို့ လူကြိုက်မများတဲ့ ဆုံးဖြတ်ချက်တွေချဖို့လိုရင်လိုမယ်။
- နိုင်ငံရေးအခြေအနေ တည်ငြိမ်သွားပြီဆိုရင် ရွေးကောက်ပွဲအသစ် ကျင်းပနိုင်တယ်။ ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ချက်တွေကိုလိုက်နာပြီး အခြေခံဥပဒေနဲ့အညီ လုပ်ကိုင်ဆောင်ရွက်တယ်ဆိုရင် နိုင်ငံရေးပါတီများ မည်သူမဆိုလွတ်လပ်စွာတည်ထောင်ခြင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ခွင့်ပြုပေးသင့်တယ်။
- နိုင်ငံရေးမှာ စစ်တပ်နဲ့ရဲအဖွဲ့တို့ရဲ့ အခန်းကဏ္ဍကိုကန့်သတ်ဖို့ သမ္မတဟာ စစ်တပ်နဲ့ ရဲအဖွဲ့ကို တတ်သိပညာရှင်တွေအဖြစ် ဆက်ဆံအပ်ပါတယ်။
- အထူးသဖြင့် လူ့အဖွဲ့အစည်းရဲ့ လက်ငင်းအကျဆုံး ပြဿနာတွေကိုဖြေရှင်းဖို့ အာရုံစိုက်ထားရေးဟာ အာဏာကိုကိုင်ထားဖို့ ဒါမှမဟုတ် ခြယ်လှယ်ဖို့မဟုတ်ဘဲ ကိုယ့်ရဲ့ အဓိကတာဝန်ပဲဆိုတာကို သမ္မတက သိရှိနားလည်ထားရမယ်။ သမ္မတဟာ ပြည်သူ့အားလုံးအတွက် တာဝန်ရှိတယ်။ သူ့ပါတီအတွက်ပဲတာဝန် ရှိတာမဟုတ်ဘူး။ ပွင့်လင်းမြင်သာမှုနဲ့ ကောင်းမွန်သောအုပ်ချုပ်မှုတို့ဟာ အဓိကကျတဲ့အချက်တွေပဲ။

*အင်ဒိုနီးရှားရဲ့အတွေ့အကြုံဟာ မြန်မာနိုင်ငံနဲ့သက်ဆိုင်တယ်လို့ ခင်ဗျားထင်သလား။*

ဟာဘီဘီ။ ။ ဆိုင်တာပေါ့။ မြန်မာနဲ့အင်ဒိုနီးရှားက ယဉ်ကျေးမှုချင်းတူတာတွေရှိတယ်။ အင်ဒိုနီးရှားယဉ်ကျေးမှုဖြစ်တဲ့ ဂျာဗန်နစ်ယဉ်ကျေးမှုဟာ ရာမယဏဏတ်၊ မဟာဘာရတာဏတ်စတာတွေမှာ အခြေခံထားတာလေ။ အစ္စလာမ်နဲ့ ခရစ်ယာန်ဘာသာတွေက အဲဒီဏတ်တော်ကြီးတွေနောက်မှ ရောက်လာတာ။ အင်ဒိုနီးရှားမှာ ယဉ်ကျေးမှုပေါင်းစုံနဲ့ ဘာသာရေးပေါင်းစုံအတူတကွ လာပေါင်းစုံနေပုံမျိုးက မြန်မာနိုင်ငံအတွက် သင်ခန်းစာယူနိုင်မယ့်ပုံမျိုးပဲ။ စစ်တပ်ကလွှမ်းမိုးထားတဲ့ နိုင်ငံရေးစနစ်ကို ကျွန်တော်တို့ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ချန်ရစ်ခဲ့ပုံကို လည်း မြန်မာတွေသတိပြုလေ့လာနိုင်မယ်။

မြန်မာနိုင်ငံမှာ အာဏာကိုနားလည်သဘောပေါက်တဲ့သူမျိုး၊ သမိုင်းကြောင်းကောင်းတဲ့သူမျိုး၊ အနောက်နိုင်ငံက ယဉ်ကျေးမှုထဲမှာ ပညာတတ်မြောက်ခဲ့သူမျိုးလိုအပ်တယ်။ သြဇာရှိတဲ့ မိသားစုတွေ၊ တပ်မတော်၊ နိုင်ငံရေးပါတီတွေ၊ ချမ်းသာကြွယ်ဝတဲ့သူတွေစတဲ့ နိုင်ငံရေးမှာ သြဇာလွှမ်းမိုးဖို့ကြိုးစားနေတဲ့ အင်အားစုတွေအများကြီးပဲ။ အာဏာကိုလွှမ်းမိုးဖို့ကြိုးစားနေတဲ့သူတွေ အများကြီးပဲ။ ဒီလိုအဘက်ဘက်က သက်ဝင်လှုပ်ရှားနေတာမျိုးကို ကျွန်တော်သေချာလေ့လာခဲ့တာ နှစ်ပေါင်း ၂၅ နှစ်ရှိပြီ။ ကျွန်တော်သဘောပေါက်နားလည်သွားချိန်မှာပဲ ဘုရားကချက်ချင်းကျွန်တော့်ကို ဗဟိုချက်ကိုပို့လိုက်တယ်။ ကျွန်တော့်ကိုအားလုံးက ဝိုင်းရံပိတ်ဆို့ထားခဲ့တယ်။ ဒါပေမယ့် ကျွန်တော် မသိနားမလည်တဲ့သူမဟုတ်ဘူး။ ပြည်သူတွေဘာအတွက် တိုက်ဖို့လာကြတာလဲဆိုတာ ကျွန်တော်သိတယ်လေ။

---

i Habibie, Bacharuddin Jusuf, *Decisive Moments: Indonesia's Long Road to Democracy*, (Jakarta, Indonesia: THC Mandiri, 2006), p. 127

ii Ibid

iii Ibid, pp. 345-53

## အင်ဒိုနီးရှား အချိန်ပြမျဉ်း

**ဩဂုတ် ၁၉၅၄။** နယ်သာလန်ထံမှ အင်ဒိုနီးရှားနိုင်ငံလွတ်လပ်ရေးရရှိကြောင်း ကြေညာသည်။ လေးနှစ်ကြာစစ်ပွဲစတင်သည်။ ကြားဖြတ်လွှတ်တော်က အမျိုးသားခေါင်းဆောင် ဆူကာနိုနှင့် မိုဟာမက်ဟက်တာတို့ကို သမ္မတနှင့်ဒုသမ္မတအဖြစ်တင်မြှောက်သည်။ အမျိုးသားရေး သဘောတရားရေးရာဖြစ်သည့် Pancasila ကိုအခြေခံသည့်အခြေခံဥပဒေကို ပြဋ္ဌာန်းသည်။

**ဒီဇင်ဘာ ၁၉၄၉။** နယ်သာလန်က အင်ဒိုနီးရှား၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြုခဲ့သည်။ အင်ဒိုနီးရှားသည် လွှတ်တော်ဖြင့်ရွေးကောက်တင်မြှောက်သည့် အစိုးရဖြင့် တစ်ခုတည်းသော ဒီမိုကရေစီတိုင်းပြည်ဖြစ်လာခဲ့သည်။

**စက်တင်ဘာ ၁၉၅၅။** အင်ဒိုနီးရှား၏ ပထမဆုံးအောက်လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပသည်။ ဒီဇင်ဘာလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲများကျင်းပသည်။

**မတ် ၁၉၅၇။** ဒေသအသီးသီးတွင်ဖြစ်ပေါ်နေသည့် ပုန်ကန်ထကြွမှုများကိုတုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် စစ်အုပ်ချုပ်ရေးဥပဒေကို ဆူကာနိုကကြေညာခဲ့သည်။ 'ထိန်းကျောင်းမှုရှိသော ဒီမိုကရေစီ' အာဏာရှင်အုပ်ချုပ်ရေးစတင်သည်။

**ဖေဖေါ်၊ ၁۹۵۹။** တိုင်းပြုပြည်ပြုလွှတ်တော်ကို ဆူကာနိုကဖျက်သိမ်းလိုက်ပြီး ၁၉၅၄ အခြေခံဥပဒေကို ဆူကာနိုက ပြန်လည်ပြဋ္ဌာန်းသည်။ ထိုဥပဒေတွင် ကျယ်ပြန့်သော အုပ်ချုပ်ရေးအာဏာများပါဝင်သော်လည်း Pancasila သည် နိုင်ငံတော်အခြေခံမူသဘောတရားဖြစ်သည်။

**အောက်တိုဘာ ၁۹۶۵။** စက်တင်ဘာ ၃၀ အရေးအခင်းဖြင့် အာဏာသိမ်းရန်ကြိုးပမ်းမှုကို စစ်ဗိုလ်ချုပ်ကြီးဖြစ်ပြီး ထိုစဉ်ကစစ်ဆင်ရေးအထူးအဖွဲ့မှူးဖြစ်သည့် ဗိုလ်ချုပ်ကြီး ဆူဟာတိုက နှိမ်နင်းခဲ့သည်။ မွတ်ဆလင်များအပါအဝင် ကွန်မြူနစ်ဆန့်ကျင်ရေး အင်ဒိုနီးရှားအင်အားစုများနှင့်အတူ ကွန်မြူနစ်ဝါဒီ ရာပေါင်းများစွာနှင့် ၎င်းတို့ကိုထောက်ခံသူဟုစွပ်စွဲခံရသူများကို အကြမ်းဖက်ကွပ်မျက်မှုအား စစ်တပ်ကလုပ်ဆောင်သည်။

**မတ်လ ၁۹۶۶။** အများပြည်သူတို့၏ငြိမ်ဝပ်ပိပြားမှုယိုယွင်းလာခြင်းနှင့်အတူ တိုင်းပြည်တည်ငြိမ်ရေးအတွက် ကျယ်ပြန့်သောအခွင့်အာဏာကို ဆူဟာတိုအား ဆူကာနိုကပေးအပ်ခဲ့သည်။ ဆူဟာတိုက ဆူကာနို၏မဟာမိတ်များကို ဖြုတ်ထုတ်သတ်လုပ်ခဲ့ပြီး နောင်ထပ်နှစ်နှစ်တာအတွင်း အာဏာကို ဖြည်းဖြည်းချင်းသိမ်းပိုက်ခဲ့ပြီးနောက် ဆူကာနိုကို နေအိမ်အကျယ်ချုပ်ချထားလိုက်ပြီး New Order အစိုးရအုပ်ချုပ်ရေးစတင်ခဲ့တော့သည်။ စစ်တပ်နှင့်တတ်သိပညာရှင်များ၏ထောက်ခံမှုဖြင့် ဆူဟာတိုအစိုးရသည် ပို့ကုန်ဦးစားပေးမူဝါဒများကို ကျင့်သုံးခဲ့သည်။ နောက်ထပ်ဆယ်နှစ်တာကာလအတွင်း စီးပွားရေးဖွံ့ဖြိုးမှုကိုရရှိခဲ့သည်။

**ဇူလိုင် ၁၉၇၁။** အောက်လွှတ်တော် (People's Representative Council) အတွက် ရွေးကောက်ပွဲများကျင်းပသည်။ ဆူဟာတိုကိုထောက်ခံသည့် Golkar ပါတီသည် ဖိနိုပ်မှုများ၊ မသမာမှုများကြားထဲမှ တစ်ခဲနက်အနိုင်ရရှိသွားခဲ့သည်။

**ဇန်နဝါရီ ၁၉۷၃။** အမျိုးသားရေးဝါဒီ အင်ဒိုနီးရှား ဒီမိုကရက်တစ်ပါတီ (PDI) နှင့် အစ္စလာမ္မစ် အဆက်အနွယ်ရှိသော စည်းလုံးညီညွတ်သော ဖွံ့ဖြိုးရေးပါတီ (PPP) တို့အတွင်းသို့ အတိုက်အခံပါတီများကို ဆူဟာတိုက အတင်းအကျပ်ပေါင်းစည်းခဲ့သည်။ အဆိုပါ ပါတီများနှင့် Golkar ပါတီတို့သာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရသည်။

**မတ် ၁۹۷၈။** ဆူဟာတိုက နိုင်ငံတော်လေယာဉ်တည်ဆောက်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးနှင့် ဂျာမနီတွင် အင်ဂျင်နီယာလုပ်ငန်း အမှုဆောင်အရာရှိလုပ်ခဲ့သည့် ဘီဂျေဟာဘီဘီကို သိပ္ပံနှင့်နည်းပညာဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

**ဒီဇင်ဘာ ၁۹۸۹။** တိုင်းပြည်၏အကြီးဆုံး အစ္စလာမ္မစ်အဖွဲ့အစည်းဖြစ်သည့် Nahdlatul Ulama (NU) ကို PPP ပါတီမှခွဲထုတ်ခဲ့သည်။ NU သည် ဘာသာရေးနှင့်လူမှုရေးလုပ်ငန်းများကို အဓိကထားလုပ်ဆောင်သင့်ပြီး လက်တွေ့နိုင်ငံရေးတွင် ဝင်မပါသင့်ဟု NU ခေါင်းဆောင် အဗ္ဗဒုရာမန်ဝါဟစ်က ပြောခဲ့သည်။

**နိုဝင်ဘာ ၁۹۹၀။** ဘာသာရေးကိုင်းရှိုင်းသည့် မွတ်ဆလင်များ၏ ထောက်ခံမှုပိုမိုရရှိရန် အင်ဒိုနီးရှားမွတ်ဆလင်ပညာရှင်များအဖွဲ့ (ICMI) တည်ထောင်ခြင်းကို ဆူဟာတို ကခွင့်ပြုခဲ့သည်။ ထိုအဖွဲ့တွင် ဟာဘီဘီကဥက္ကဋ္ဌဖြစ်သည်။ မူဟာမ်မာဒီယာ့နှင့်နောင်တစ်ချိန် ခေါင်းဆောင်ဖြစ်လာမည့် အာမီယန် ရာအစ်တို့နှင့်ဆက်နွယ်သည့် ခေတ်သစ်နိုင်ငံရေးလမ်းကြောင်းကို လက်ခံသူ ပြုပြင်ပြောင်းလဲရေးသမားများစွာက ICMI တွင်ပါဝင်ခဲ့ကြသည်။ ဝါဟစ်နှင့် NU တို့နှင့်ဆက်နွယ်မှုရှိသည့် အစဉ်အလာဝါဒီပြုပြင်ပြောင်းလဲရေးသမားအများစုက ICMI ကို လက်မခံကြပေ။

**ဒီဇင်ဘာ ၁۹۹၃။** ဆူကာနို၏သမီး မီဂါဝတီ ဆူကာနိုပူထရီသည် PDI ပါတီ၏ခေါင်းဆောင်အဖြစ် စစ်တပ်အတွင်းရှိအချို့၏ထောက်ခံမှုဖြင့် ဘာသာရေးမရောယှက်သည့် ပြုပြင်ပြောင်းလဲမှုလုပ်မည်ဟူသော စင်မြင့်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည်။

**ဇွန် ၁۹۹၆။** အစိုးရကိုထောက်ခံသည့် PDI အင်အားစုသည် ခေါင်းဆောင်မှုဆိုင်ရာ ညီလာခံကိုကျင်းပခဲ့ပြီး မီဂါဝတီကိုဖြုတ်ချကာ PDI ပါတီဌာနချုပ်ကို ဝင်စီးခဲ့ကြသည်။ မီဂါဝတီ ဦးဆောင်သည့် ကန့်ကွက်ဆန္ဒပြပွဲကြီးများကို ဖြစ်ပေါ်သွားစေခဲ့သည်။

**ဇူလိုင် ၁۹۹۷။** အာရှဘဏ္ဍာရေးအကျပ်အတည်းစတင်ဖြစ်ပွားသည်။ အင်ဒိုနီးရှားနိုင်ငံသုံးငွေကြေးရူပီးတန်ဖိုး သိသိသာသာကျဆင်းသွားခြင်းကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်း

များမြင့်တက်သွားသည်။ ပြည်ပကြွေးမြီ၊ ခရက်ဒစ်ကတ်သုံးစွဲမှုစရိတ်တို့ကို မြင့်တက်သွားစေခဲ့သည်။

**အောက်တိုဘာ ၁၉၉၇ ။** IMF ချေးငွေကိုရယူခြင်းအတွက် အလဲအထပ်အဖြစ် ဘဏ်လုပ်ငန်းစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ရန် ဆူဟာတိုကသဘောတူခဲ့သည်။ ရလဒ်အဖြစ်ထွက်ပေါ်လာသည့် ဘဏ်များပိတ်သိမ်းခြင်းသည် တိုင်းပြည်သုံးငွေကြေးနှင့် တိုင်းပြည်၏စီးပွားရေးတွင် ပြည်သူလူထု၏ ယုံကြည်မှုကို ထိခိုက်ပျက်စီးသွားစေခဲ့သည်။

**ဇန်နဝါရီ ၁۹۹۸။** ငွေလဲနှုန်းကျဆင်းမှု အထွတ်အထိပ်သို့ထပ်မံရောက်ရှိသွားသည်။ IMF ထံမှချေးငွေများ ဆူဟာတိုကထပ်ပြီးယူခဲ့သည်။ အတုံ့အလှည့်အနေဖြင့် လက်ဝါးကြီးအုပ်စေးကွက်များကို ဆူဟာတိုက ဖြိုခွဲခဲ့ပြီး ခရိုနီစနစ်ကိုထိန်းချုပ်ခဲ့သည်။ သို့သော် ပြုပြင်ပြောင်းလဲရေးများ ရပ်ဆိုင်းနေခဲ့သည်။ နတ်ထွက်ခြင်းမပြုက ဧစ္စပ်ဆွေးနွေးရန် ဆူဟာတိုကို အတိုက်အခံတို့က တောင်းဆိုခဲ့သည်။

**မတ် ၁۹۹۸။** တိုင်းပြုပြည်ပြုလွှတ်တော်က ဆူဟာတိုကို ထပ်မံရွေးကောက်တင်မြှောက်ပြီး ဟာဘီဘီကို ဒုတိယသမ္မတအဖြစ်ရွေးချယ်ခြင်းကို အတည်ပြုခဲ့သည်။ မိသားစုဝင်များ၊ သူနှင့်ရင်းနှီးသူများပါဝင်သည့် အစိုးရအဖွဲ့သစ်ကို ဆူဟာတိုကဖွဲ့စည်းသည်။ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးများကျင်းပစဉ် ကျောင်းသားတို့၏ဆန္ဒပြပွဲကြီးများ စတင်လာကာ ဆူဟာတို နတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။

**စက်တင်ဘာ ၁۹۹۸။** ကျောင်းသားဆန္ဒပြပွဲများကြီးထွားလာသည်။ ဆန္ဒပြသူများနှင့်ရဲတို့ ရင်ဆိုင်တိုက်ခိုက်မှု များဖြစ်ပွားသည်။ မူဟမ်မာဒီယာ့အဖွဲ့ခေါင်းဆောင် အာမီယန်ရာအစ်သည် ဆန္ဒပြပွဲတွင်ပါဝင်လာသည်။ ဗိုလ်ချုပ်ကြီး ဝိရန်တိုဦးဆောင်သည့်စစ်တပ်က ဒိုင်ယာလော့လုပ်ရန် တောင်းဆိုခဲ့သည်။

**မေ ၁۹۹۸။** ဆန္ဒပြပွဲများကြီးထွားလာသည်။ တက္ကသိုလ်ပရဝုဏ်များပြင်ပသို့ ပျံ့နှံ့လာပြီး ဆန္ဒပြသူများကို သတ်ဖြတ်မှုများနှင့် IMF ၏သဘောတူခွင့်ပြုချက်အရ လောင်စာဆီဈေးနှုန်းများ တိုးမြှင့်ခြင်းတို့က တွန်းအားပေးမှုကြောင့် အကြမ်းဖက်မှုပိုများလာသည်။ NU နှင့် ICMI တို့က ဆူဟာတိုရာထူးမှနတ်ထွက်ရန်တောင်းဆိုလာကြသည်။ လွှတ်တော်ကို ဆန္ဒပြသူများဝင်စီးရန် စစ်တပ်က ခွင့်ပြုပေးခဲ့သည်။ သေနတ်ဖြင့်မပစ်ဟု စစ်တပ်ကပြောခဲ့သည်။ အစိုးရအဖွဲ့ဝင်များက နတ်ထွက်မည်ဟု ခြိမ်းခြောက်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များက စွဲချက်တင်မည်ဟု ခြိမ်း ခြောက်ကြသည်။ ညွှန့်ပေါင်းအစိုးရအဖွဲ့သစ်ကို ဆူဟာတိုမဖွဲ့စည်းနိုင်ခဲ့ပေ။

ဆူဟာတိုရာထူးမှနတ်ထွက်ကာ ဝိရန်တို၏ထောက်ခံမှုဖြင့် ဟာဘီဘီထံသို့ အာဏာလွှဲအပ်သည်။ Golkar ပါတီ၊ PPP ပါတီ၊ PDI ပါတီ၊ ပြုပြင်ပြောင်းလဲရေးသမားများနှင့် စစ်ခေါင်း

ဆောင်များ အပါအဝင် နိုင်ငံရေးညွှန့်ပေါင်းအဖွဲ့ကို ဟာဘီဘီကဖွဲ့စည်းသည်။ ဖြစ်လာနိုင်သည့် အာဏာသိမ်းမှုကို တားဆီးရန် ဆူဟာတိုတို၏သားမက် ဝိုလ်ချျပ်ကြီး ပရာဘိုဝို ဆူဘီရန်တိုကို ရာထူးမှဖြုတ်လိုက်သည်။

**ဇွန် ၁၉၉၈။** ဟာဘီဘီအစိုးရက နိုင်ငံရေးအကျဉ်းသားအများစုကို လွှတ်ပေးခဲ့သည်။ ဆင်ဆာ ဖြတ်တောက်မှုကိုဖယ်ရှားခဲ့သည် အလုပ်သမားသမဂ္ဂများ၊ နိုင်ငံရေးပါတီများကို တရားဝင် ရပ်တည်ခွင့်ပြုခဲ့သည်။ အစီအစဉ်တကျကျင်းပမည့်ရွေးကောက်ပွဲကို တင်ပြခဲ့သည်။ မငြိမ်သက်ဖြစ်မှုများနှင့် လူမျိုးရေးအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားသည်။

**ဒီဇင်ဘာ ၁၉၉၈။** အချိုးကျကိုယ်စားပြုရွေးကောက်ပွဲဥပဒေကို လွှတ်တော်ကပြဋ္ဌာန်းခဲ့ပြီး ရွေးကောက်ခံမဟုတ်သော ကိုယ်စားလှယ်နေရာများကို ဆက်လက်ထားရှိခဲ့သည်။ အရှေ့တီမော လွတ်လပ်ရေးအတွက် လူထုဆန္ဒခံယူပွဲကို ဟာဘီဘီကကြေညာခဲ့သည်။ တီမော လွတ်လပ်ရေးကိုထောက်ခံသူများအား စစ်တပ်ကထောက်ခံအားပေးထားသည့် လက်နက်ကိုင် အဖွဲ့များက တိုက်ခိုက်မှုများဖြစ်ပွားစေခဲ့သည်။

**မေ ၁၉၉၉။** ဒေသဆိုင်ရာအစိုးရများ၏အာဏာများကို ခိုင်မာအားကောင်းစေသည့် ဥပဒေ တစ်ရပ်ကို အစိုးရကပြဋ္ဌာန်းပေးခဲ့သည်။

**ဇွန် ၁၉၉၉။** လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည်။ ထိုရွေးကောက်ပွဲများသည် လွတ်လပ်ပြီး တရားမျှတမှုရှိသည်ဟု နိုင်ငံတကာမှ လေ့လာစောင့်ကြည့်သူများက ယူဆကြ သည်။ မီဂါဝတီ၏ PDI-P ပါတီက ၃၃ ရာခိုင်နှုန်း၊ Golkar ပါတီက ၂၂ ရာခိုင်နှုန်း၊ ဝါဟစ်၏ PKB ပါတီက ၁၂ ရာခိုင်နှုန်းစီ မဲများရရှိခဲ့သည်။

**သြဂုတ် ၁၉၉၉။** အရှေ့တီမောသည် လွတ်လပ်ရေးအတွက် အခိုင်အမာ ထောက်ခံမဲ ပေးခဲ့သည်။ စစ်တပ်ကျောထောက်နောက်ခံပြု လက်နက်ကိုင်အဖွဲ့ကတိုက်ခိုက်မှုများကြောင့် လူ ၁၀၀၀ ကျော်သေဆုံးပြီး အရှေ့တီမောပြည်နယ်မှ လူဦးရေ သုံးပုံတစ်ပုံ နေရပ်စွန့်ခွာခဲ့ကြရ သည်။ ကုလသမဂ္ဂက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်များ စေလွှတ်ခဲ့သော်လည်း အကြမ်းဖက် မှုများဆက်လက်ဖြစ်ပွားနေချိန်တွင် စစ်တပ်က ကုလတပ်များရောက်ရှိမလာအောင် တားဆီးခဲ့ သည်။

**အောက်တိုဘာ ၁၉၉၉။** Golkar ပါတီမှ လွှတ်တော်ကိုယ်စားလှယ်အချို့က ဟာဘီဘီကို ကန့်ကွက်မှုရှိနေခြင်းနှင့်အတူ စင်စစ်အယုံအကြည်ရှိမရှိမဲခွဲဆုံးဖြတ်ခြင်းအဖြစ် မဲကွာဟချက် အနည်းငယ်ဖြင့် ဟာဘီဘီ၏ 'တာဝန်ခံမှုအစီရင်ခံစာဖတ်ကြား တင်ပြမှု'ကို တိုင်းပြုပြည်ပြု လွှတ်တော်က ပယ်ချခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က Golkar ပါတီနှင့် သဘောထား ပျော့ပြောင်းသော အစွဲလာမှစ်များ၏ထောက်ခံမှုရထားသော ဝါဟစ်ကိုသမ္မတအဖြစ် ရွေး

ကောက်တင်မြှောက်ခဲ့သည်။ ၁၉၅၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း လေးနှစ်ကြာ လုပ်ငန်းစဉ် စတင်သည်။

**ဇန်နဝါရီ ၂၀၀၀။** အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဝီရန်တိုအား အရှေ့တီမောတွင် ကျူးလွန်သည့် ပြစ်မှုများအတွက် စွဲချက်တင်သည်။ ဝါဟာစ်က ဝီရန်တိုနှင့် အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်နေဆဲ အရာအရှိများကို ရာထူးမှထုတ်ပယ်ခဲ့သည်။

**သြဂုတ် ၂၀၀၀။** ပြည်တွင်းလုံခြုံရေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်တို့ရှိ စစ်တပ်၏ အခန်းကဏ္ဍကို ထိန်းချုပ်ရန်၊ လူ့အခွင့်အရေးနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး ခိုင်မာအားကောင်း စေရန် တိုင်းပြုပြည်ပြု လွှတ်တော်ကအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။

**အောက်တိုဘာ ၂၀၀၀။** ဆူဟာတို၏သား တွန်မီကို ယခင်က တရားသေလွှတ်ခဲ့ရာမှ အဂတိလိုက်စားမှုစွဲချက်များဖြင့် တရားရုံးက ထောင်ဒဏ်ချမှတ်သည်။ ရဲအဖွဲ့၏ပူးပေါင်းကြံစည်မှုဖြင့် တွန်မီထွက်ပြေးလွတ်မြောက်သွားသည်။

**ဖေဖော်ဝါရီ ၂၀၁၁ ။** တိုင်းပြုပြည်ပြုလွှတ်တော်က နိုင်ငံပိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းထံမှ တံစိုးလက်ဆောင်များရယူသည်ဟူသော စွပ်စွဲချက်ဖြင့် ဝါဟာစ်ကို စွပ်စွဲပြစ်တင်သည်။ ထိုသို့စွပ်စွဲပြစ်တင်ခြင်းသည် ဝါဟာစ်ကို ရာထူးမှဖယ်ရှားရန် ပထမခြေလှမ်းဖြစ်သည်။ နေအိမ်အကျယ်ချုပ်ချထားရာမှ ကျန်းမာရေးအခြေအနေဆိုးရွားမှုကို အကြောင်းပြကာ တရားရုံးက ဆူဟာတိုကိုလွှတ်ပေးခဲ့သည်။ သို့သော် အဂတိလိုက်စားမှုဖြင့် ဆူဟာတို၏မဟာမိတ် ဘော့ဘ်ဟာဆန်ကို ထောင်ဒဏ်ချမှတ်ခဲ့သည်။

**ဇူလိုင် ၂၀၀၁။** တိုင်းပြုပြည်ပြုလွှတ်တော်က ဝါဟာစ်ကိုစွဲချက်တင်သည်။ သူ့နေရာတွင် ဒုတိယ သမ္မတ မီဂါဝတီတက်လာခဲ့သည်။ ဝါဟာစ်က စစ်အုပ်ချုပ်ရေးကြေညာရန်၊ လွှတ်တော်ကို ဖျက်သိမ်း ရန်ကြိုးစားသည်။ သို့သော်သူ့ကို စစ်တပ်ကပြန်ပြီးတုံ့ပြန်ခဲ့သည်။

**နိုဝင်ဘာ ၂၀၀၁။** တိုင်းပြုပြည်ပြုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ လွှတ်လပ်သော တရားလွှတ်တော်ဆိုင်ရာကော်မရှင်၊ ဒေသဆိုင်ရာ ကိုယ်စားပြုကောင်စီတို့ကို ဖွဲ့စည်းသည်။ တွန်မီဆူဟာတိုဖမ်းဆီးခံရပြီးနောက် ထောင်ဒဏ်ချမှတ်ခံရသည်။

**ဇူလိုင် ၂၀၀၂။** တိုင်းပြုပြည်ပြုလွှတ်တော်က သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့် စနစ်ကိုပြဋ္ဌာန်းသည်။ ရွေးချယ်ခံမဟုတ်သည့် ကိုယ်စားလှယ်နေရာအားလုံးကိုဖယ်ရှားခဲ့သည်။ ၁၉၄၅ ခုနှစ်အခြေခံဥပဒေကို အရေးပါသည့်ပြုပြင်ပြောင်းလဲမှုများ အပြီးသတ်နိုင်ခဲ့သည်။

**၂၀၀၂ ဒီဇင်ဘာ။** ဗိုလ်ချုပ်ကြီးဟောင်း ဆူဆီလိုဘန်ဘန်းယူဒိုယိုနို (SBY) က သမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် ရွေးကောက်ပွဲတွင်အနိုင်ရသည်။ SBY အစိုးရသည် သူ၏သမ္မတ သက်တမ်းနှစ်ဆက်တွင် စစ်တပ်နှင့်ရဲအဖွဲ့ကို တစ်စိတ်တစ်ပိုင်းပြုပြင်ပြောင်းလဲမှု

များ၊ တရားစီရင်ရေးဆိုင်ရာ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ဆောင်ခဲ့သည်။

**သြဂုတ် ၂၀၀၅။** အာချေးပြည်နယ်မှ ခွဲထွက်ရေးသမားများနှင့် ငြိမ်းချမ်းရေးနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့် သဘောတူစာချုပ်ကို အစိုးရကလက်မှတ်ရေးထိုးသည်။

**စက်တင်ဘာ ၂၀၀၉။** SBY သည် ရွေးကောက်ပွဲတွင် မဲအရေအတွက် အပြတ်အသတ်အသာရကာ ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ လွှတ်တော်တွင် သူ၏ပါတီသည် ကိုယ်စားလှယ်နေရာ ယခင်ကထက် သုံးဆရရှိသွားသည်။

**မေ ၂၀၁၂။** ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲမတိုင်မီ မဆိုစလောက်ဖြစ်သော ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအရ ကိုယ်စားလှယ်နေရာတစ်ခု အနိုင်ရရန်အနိမ့်ဆုံးလိုအပ်သောမဲအရေအတွက်နှင့် ကိုယ်စားလှယ်လောင်းအရည်အချင်းပြည့်မီရန် သတ်မှတ်ချက်များကို မဲရရှိမှု ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိမြင့်တက်သွားစေခဲ့သည်။ ပါတီဦးဆောင်မှုအတွက် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို အခွင့်အာဏာပေးခဲ့သည်။

## ဆက်လက်ဖတ်ရှုရန်စာအုပ်စာတမ်းများ


Aspinall, Edward, *Opposing Suharto: Compromise, Resistance, and Regime Change in Indonesia* [ဆူဟာတိုကိုဆန့်ကျင်ခြင်း- အင်ဒိုနီးရှားနိုင်ငံရှိ စေ့စပ်ညှိနှိုင်းမှု၊ တွန်းလှန်မှုနှင့်အစိုးရအပြောင်းအလဲ] (Stanford, Calif.: Stanford University Press, 2005)

Aspinall, Edward, and Mietzner, Marcus, 'Economic Crisis, Foreign Pressure, and Regime Change', in Kathryn Stoner and Michael McFaul (eds), *Transitions to Democracy: A Comparative Perspective* [ဒီမိုကရေစီသို့ အသွင်ကူးပြောင်းခြင်းများ-နှိုင်းယှဉ်လေ့လာချက်စာအုပ်ပါ- 'စီးပွားရေးအကျပ်အတည်း၊ ပြည်ပဖိအားနှင့် အစိုးရအပြောင်းအလဲ'] (Baltimore, Md.: Johns Hopkins University Press, 2013)

Bilveer, Singh, *Habibie and the Democratisation of Indonesia* [ဟာဘီဘီနှင့် အင်ဒိုနီးရှား ဒီမိုကရေစီတည်ဆောက်ရေး] (Sydney: Book House, 2001)

Chandra, Siddharth and Kammen, Douglas, 'Generating Reforms and Reforming Generations: Military Politics in Indonesia's Democratic Transition and Consolidation', [တွင်ပါရှိသည့် 'ပြုပြင်ပြောင်းလဲရေးနှင့် အသွင်ကူး ပြောင်းရေးမျိုးဆက်များ- ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ဒီမိုကရေစီကြံ့ခိုင်အောင်လုပ်ရာတွင် အင်ဒိုနီးရှား၏ စစ်ဘက်နိုင်ငံရေး'] *World Politics,* 55/1 (2002), pp. 96–136

Effendy, Bahtiar, *Islam and the State in Indonesia* [အင်ဒိုနီးရှားရှိ အစ္စလာမ်နှင့် နိုင်ငံတော်] (Athens: Ohio University Press, 2004)

Habibie, Bacharuddin Jusuf, *Decisive Moments: Indonesia's Long Road to Democracy* [အရေးတကြီး အခိုက်အတန့်များ-အင်ဒိုနီးရှား၏ ဒီမိုကရေစီခရီးရှည်] (Jakarta, Indonesia: Ilthabi Rekatma, 2006)

Hadiz, Vedi R., 'Decentralization and Democracy in Indonesia: A Critique of Neo-Institutionalist Perspectives', [တွင်ပါရှိသည့် 'အင်ဒိုနီးရှားရှိ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် ဒီမိုကရေစီ-နီယိုအင်စတီကျူးရှင်းဝါဒီရှုထောင့်မှ ဆန်းစစ်လေ့လာချက်'] *Development and Change* 35/4 (2004), pp. 697–718

Hefner, Robert W., *Civil Islam: Muslims and Democratization in Indonesia* [အရပ်ဘက်အစ္စလာမ်-အင်ဒိုနီးရှားရှိ မွတ်ဆလင်များနှင့် ဒီမိုကရေစီတည်ဆောက်ရေး] (Princeton, N.J.: Princeton University Press, 2000)

Hill, David T. and Sen, Krishna, *Media, Culture, and Politics in Indonesia* [အင်ဒိုနီးရှားဏ၏ မီဒီယာ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး] (Oxford, UK: Oxford University Press, 2000)

Horowitz, Donald, *Constitutional Change and Democracy in Indonesia* [အင်ဒိုနီးရှားဏ၏ အခြေခံဥပဒေအပြောင်းအလဲနှင့် ဒီမိုကရေစီ] (New York: Cambridge University Press, 2013)

Künkler, Mirjam and Stepan, Alfred (eds), *Indonesia, Islam, and Democracy: Comparative Perspectives* [အင်ဒိုနီးရှား၊ အစ္စလာမ်နှင့် ဒီမိုကရေစီ-နှိုင်းယှဉ်လေ့လာချက်များ] (New York: Columbia University Press, 2013)

Mietzner, Marcus, 'The Ambivalence of Weak Legitimacy: Habibie's Interregnum Revisited', *Review of Indonesian and Malaysian Affairs* [တွင်ပါရှိသည့် 'မခိုင်မာသောတရားဝင်မှု၏ မတင်မကျဖြစ်မှု-ဟာဘီဘီ၏ သမ္မတရာထူးတာဝန်ထမ်းဆောင်ခဲ့သောကာလကို ပြန်သွားကြည့်ခြင်း'] 42/2 (2008), pp. 1–33

Mietzner, Marcus, *Military Politics, Islam, and the State in Indonesia: From Turbulent Transition to Democratic Consolidation* [အင်ဒိုနီးရှားရှိ စစ်ဘက်နိုင်ငံရေး၊ အစ္စလာမ်နှင့် နိုင်ငံတော်- ဒီမိုကရေစီသို့ ခက်ခက်ခဲခဲအသွင်ကူးပြောင်းမှုမှသည် ဒီမိုကရေစီရင့်ကျက်ခိုင်မာခြင်းဆီသို့] (Singapore: Institute of Southeast Asian Studies, 2009)

Mietzner, Marcus and Aspinall, Edward (eds), *Problems of Democratisation in Indonesia: Elections, Institutions and Society* [အင်ဒိုနီးရှားရှိ ဒီမိုကရေစီတည်ဆောက်ရေး ပြဿနာများ-ရွေးကောက်ပွဲများ၊ အင်စတီကျူးရှင်းများနှင့် လူအဖွဲ့အစည်း] (Singapore: Institute of Southeast Asian Studies, 2010)

O'Rourke, Kevin, *Reformasi: The Struggle for Power in Post-Suharto Indonesia* [ဆူဟာတိုခေတ်အလွန် အင်ဒိုနီးရှားတွင် အာဏာအတွက်တိုက်ပွဲ] (Crow's Nest, Australia: Allen & Unwin, 2002)

Robison, Richard and Hadiz, Vedi R., *Reorganizing Power in Indonesia: The Politics of Oligarchy in an Age of Markets* [အင်ဒိုနီးရှားတွင် အာဏာအခင်းအကျင်းပြန်နေရာချခြင်း-ဈေးကွက်စီးပွားရေးခေတ်တစ်ခုအတွင်းက လူနည်းစုအာဏာချုပ်ကိုင်မှု၏နိုင်ငံရေး] (London: Routledge Curzon, 2004)

Sulistiyanto, Priyambudi, 'Politics of Justice and Reconciliation in Post-Suharto Indonesia', [တွင်ပါရှိသည့် 'ဆူဟာတိုခေတ်လွန် အင်ဒိုနီးရှားတွင် တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ နိုင်ငံရေး'], *Journal of Contemporary Asia,* 37/1 (2007), pp. 73–94

Uhlin, Anders, *Indonesia and the 'Third Wave of Democratization': The Indonesian Pro-Democracy Movement in a Changing World* [အင်ဒိုနီးရှားနှင့် ဒီမိုကရေစီ တည်ဆောက်ရေးတတိယလှိုင်း-ပြောင်းလဲနေသော ကမ္ဘာကြီးပေါ်မှ အင်ဒိုနီးရှား၏ ဒီမိုကရေစီ အရေးလှုပ်ရှားမှု] (New York: St. Martin's Press, 1997)

Van Klinken, Gerry, *Communal Violence and Democratization in Indonesia: Small Town Wars* [အင်ဒိုနီးရှားရှိ လူမျိုးရေးအကြမ်းဖက်မှုနှင့် ဒီမိုကရေစီတည်ဆောက်ရေး-မြို့ငယ်များက စစ်ပွဲများ] (Abingdon, UK: Routledge, 2007)

အခန်း (၃)

# ဖိလစ်ပိုင်နိုင်ငံ



# ဖိလစ်ပိုင်၏ 'ပြည်သူ့အာဏာလှုပ်ရှားမှု'၊ 'ဒုက္ခရောဂြိမ်းသော အသွင်ကူးပြောင်းမှု'၊ 'ကောင်းမွန်သောအုပ်ချုပ်ရေး'

Mark R. Thompson ရေးသည်။

'ပြည်သူ့အာဏာလှုပ်ရှားမှု'သည် လွန်ခဲ့သည့်နှစ်သုံးဆယ်ဝန်းကျင်က ဖိလစ်ပိုင်နိုင်ငံတွင် ဖာဒီနန် အီး၊ မားကို့စ်၏ အာဏာရှင်စနစ်ကိုဖြုတ်ချပစ်ခဲ့သည်။ ထိုအဖြစ်အပျက်က အရှေ့တောင်အာရှမှ ဖိလစ်ပိုင်နိုင်ငံကို နိုင်ငံတကာ၏ မီးမောင်းအောက်သို့ရောက်ရှိသွားစေခဲ့သည်။ သန်းနှင့်ချီသော လူထုလူတန်းစားအလွှာအသီးသီးမှ ဖိလစ်ပိုင်နိုင်ငံသားများ၏ ဆန္ဒပြမှုသည် အစိုးရစစ်တပ်၏တိုက်ခိုက်မှုကို တွန့်ဆုတ်သွားစေခဲ့သည်။ ထိုဆန္ဒပြပွဲများကို ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၅ရက်အထိ ကမ္ဘာ့အရပ်ရပ်ရှိရုပ်သံဌာနများက တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြသည်။ (အကြီးမားဆုံး လူစုလူဝေးကြီးစုရုံးခဲ့သည့် လမ်းမကြီးကိုအစွဲပြုခေါ်ဆိုသည့်) EDSA အမည်ဖြင့် ဖိလစ်ပိုင်တွင်လူသိများသည့် ဤဆန္ဒပြပွဲသည် အာရှတိုက်နှင့် ယင်းအလွန်ဒေသများမှ အာဏာရှင်ဆန့်ကျင်ရေး ပုန်ကန်မှုများစွာကို သြဇာသက်ရောက်ခဲ့သည်။ ၁၉၈၇-၈၈ ခုနှစ်ကာလက တောင်ကိုရီးယားတက်ကြွလှုပ်ရှားသူများ၊ ၁၉၈၈ ခုနှစ်က ဗမာပြည်မှဆန္ဒပြသူများ၊ ၁၉၈၉ ခုနှစ်က တရုတ်ကျောင်းသားများစသည့် ဆန္ဒပြပြည်သူများအားလုံးသည် ဖိလစ်ပိုင်ကို နမူနာယူခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တုန်းက ချက်ကိုစလိုဗက်ကီးယားဖား၏ လူထုအုံကြွမှုတွင် တော်လှန်ရေးဖခင်ဖြစ်ခဲ့ပြီး နောင်တွင် ချက်သမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသူ ဗေးကလက်ဗ် ဟာဗဲလ်က ၁၉၉၅ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့လာရောက်ခဲ့စဉ်ကပြည်သူ့အာဏာလှုပ်ရှားမှုသည် ၎င်းနှင့် အရှေ့ဥရောပရှိ အတိုက်အခံများကို နှိုးဆော်တိုက်တွန်းမှုဖြစ်စေခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ပြည်သူ့အာဏာလှုပ်ရှားမှုသည် ဦးမည္ဇတ်သည့် အာဏာရှင်စနစ်တစ်ခုကို ပြိုလဲစေခဲ့သည့် ပြည်သူများ၏ သူ့အလိုလိုဖြစ်လာသော ငြိမ်းချမ်းသည့်တော်လှန်ရေး ပြယုဂ်ဖြစ်လာခဲ့သည်။ တောင်အမေရိကနှင့် ဥရောပတောင်ပိုင်းနိုင်ငံများ၏ ဥပမာများကိုသာ အစပိုင်းတွင် အဓိကထားခဲ့သည့် ဒီမိုကရေစီတည်ဆောက်ရေးဘာသာရပ်၏ အလေးထားတင်ပြမှုဖြစ် သည့် အစိုးရအဖွဲ့မှ သဘောထားပျော့ပြောင်းသူများနှင့် အတိုက်အခံဘက်မှ သဘောထားမျှတသူများကြား သဘောတူညီချက်ဖြင့် အသွင်ကူးပြောင်းခြင်း၏ အရေးပါမှုကိုလည်း ဖိလစ်ပိုင်လူထုအုံကြွမှုက စိန်ခေါ်မှုဖြစ်နေသည်။ လူထုမကြိုက်သော အာဏာရှင်ကို အကြမ်းဖက်တော်လှန်ရေးမလုပ်ဘဲ ဖြုတ်ချနိုင်ကြောင်း ပြည်သူ့အာဏာလှုပ်ရှားမှုက ပြခဲ့သည်။

အာဏာရှင်ဖြစ်လာသော်လည်း မားကို့စ်သည် ရွှေးကောက်တင်မြှောက်ခံသမ္မတအဖြစ် အာဏာရယူခဲ့ခြင်းဖြစ်သည်။ (၁၉၆၅ ခုနှစ်တွင် သမ္မတအဖြစ် ရွှေးကောက်တင်မြှောက်ခံရသည်။ အငြင်းပွားဖွယ်ရလဒ်ဖြင့် ၁၉၆၉ ခုနှစ်တွင် ထပ်မံရွှေးကောက်တင်မြှောက်ခံရသည်။

သူ၏ ဒုတိယသမ္မတသက်တမ်းမကုန်မီ ၁၉၇၂ ခုနှစ် စက်တင်ဘာတွင် စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းလိုက်ခြင်းသည် အာရှဒေသတွင် သမနိအရှည်ဆုံး ရွေးကောက်ပွဲအစဉ်အလာတစ်ခုကို အဆုံးသတ်သွားစေသည်။ စပိန်လက်အောက်ခံကိုလိုနီကာလ ၁၉ ရာစုနောင်းပိုင်းတွင် ဒေသဆိုင်ရာရွေးကောက်ပွဲများကို ဖိလစ်ပိုင်တွင်ကျင်းပသည်။ ပထမဖိလစ်ပိုင်သမ္မတနိုင်ငံ (၁၈၉၉-၁၉၀၁) ကာလတွင် တိုတောင်းသည့်လွတ်လပ်ရေးခေတ်အတွင်း သမ္မတတစ်ဦးနှင့် လွှတ်တော်တစ်ရပ်တို့ရှိခဲ့သည်။ဖိလစ်ပိုင်ကို အမေရိကန်တို့သိမ်းပိုက်ပြီး များမကြာမီ ပြည်လုံးကျွတ်လွှတ်တော်ရွေးကောက်ပွဲများ ၁၉၀၇ ခုနှစ်တွင် ကျင်းပသည်။ ထိုရွေးကောက်ပွဲသည် အများနှင့်မတူထူးဆန်းသော 'ကိုလိုနီဒီမိုကရေစီ' အတွေ့အကြုံကို စတင်စေခဲ့သည်။ ဂျပန်ကျူးကျော်မှု (၁၉၄၂-၄၅) ကာလမှလွဲ၍ ပုံမှန်ရွေးကောက်ပွဲများကို ၁၉၄၆ ခုနှစ်တွင် ဖိလစ်ပိုင်လွတ်လပ်ရေးရသည်အထိ ပုံမှန်ကျင်းပခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် အမေရိကန်ကတည်ထောင်လိုက်သည့် ဖိလစ်ပိုင်နေသဟာယနိုင်ငံသည် လွှတ်တော်နှစ်ရပ်ဖြင့်ဥပဒေပြုသည့် ကွန်ဂရက်နှင့် သမ္မတတစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရသည့်စနစ်ရှိခဲ့သည်။ ဒုတိယကမ္ဘာ့စစ်အလွန် လွတ်လပ်ရေးကာလတွင် လေးနှစ်တစ်ကြိမ် သမ္မတရွေးကောက်ပွဲများကျင်းပပြီး နှစ်နှစ်တစ်ကြိမ် လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ အဓိကပါတီကြီးနှစ်ခုဖြစ်သည့် Nacionalistas နှင့် လစ်ဘရယ်ပါတီတို့သည် (တခါတရံတွင် အကြမ်းဖက်ပြီး ငွေကြေးကုန်ကျမှုများသည့်) တရားမျှတသောရွေးကောက်ပွဲတွင် နိုင်ငံရေးအာဏာရရန် ပြိုင်ခဲ့ရသည်။ သမ္မတများကို ထိုပါတီနှစ်ခုမှ အလှည့်ကျဆိုသလိုရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ သို့သော်ပါတီနှစ်ခုစလုံးက အင်အားနည်းကြသည့်အပြင် လက်သင့်ရာစားတော်ခေါ်မှုများပြားပြီး ရှင်းလင်းပြတ်သားသောရပ်တည်ချက်များမရှိကြပေ။ ရွေးကောက်ပွဲကျင်းပရန် အချိန်ကပ်နေသည့်ကာလမှာပင် နိုင်ငံရေးသမားများ ဘက်ပြောင်းတတ်ကြသည်။ မားကို့စ်က စစ်အုပ်ချုပ်ရေးကြေညာလိုက်ပြီးနောက် ဖိလစ်ပိုင်သည် 'အပေါ်ယံ ပန်းပြထားသော တစစီကျိုးပဲ့နေသည့် ဒီမိုကရေစီ' ဖြစ်သည်ဟု ရေးသား ဖော်ပြခဲ့သည်။

## စစ်အုပ်ချုပ်ရေး၏သက်ရောက်မှု

ဖိလစ်ပိုင်တွင် စီးပွားရေး 'ဦးမော့' လာစေရန်ကြိုးပမ်းနေသည့်ကာလတွင်ပင် အာဏာရှင်အုပ်ချုပ်ရေး ပေါ်ထွန်းလာခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့သည့်

တောင်ကိုရီးယား အာဏာရှင်ပတ်ချုံဟီးကဲ့သို့ပင် မားကို့စ်ကလည်း စီးပွားရေးလျင်မြန်စွာတိုးတက်စေမည်ဟု ကတိပြုခဲ့သည်။ စီးပွားရေးတိုးတက်စေရန် ၁၉၆၀ ပြည့်နှစ်များနောင်းပိုင်းတွင် ပျက်စီးသွားခဲ့သည့် 'ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး'ကို ပြန်လည်တည်ဆောက်ရမည်ဟု ပြောကြားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များတွင် (Huks ဟုခေါ်ကြသည့်) ကွန်မြူနစ်များဦးဆောင်သည့် လက်နက်ကိုင်ပုန်ကန်မှုကျဆင်းသွားပြီးနောက် မော်ဝါဒကိုဦးထိပ်ပန်သည့် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ (CPP) ကို ယင်း၏လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ပြည်သူ့တပ်မတော်သစ် (NPA) နှင့်အတူ ဖွဲ့စည်းလိုက်သည်။ ထို့နောက် နိုင်ငံအစွန်အဖျားဒေသ ကျေးလက်များတွင် ပျောက်ကျားစစ် စတင်ဆင်နွှဲခဲ့သည်။ မြို့တော် မနီလာတွင် (CPP) နှင့်အဆက်အသွယ်ရှိသူအချို့ပါဝင်သည့် ကျောင်းသားတော်လှန်ရေးသမားများက အစိုးရဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြပွဲများတွင် ပါဝင်လာခဲ့ကြသည်။ ၁၉၇၀ တဝိုက်က နာမည်အကျော်ကြားဆုံး ဆန္ဒပြပွဲများကို 'နှစ်ဦးမုန်တိုင်း'ဟုခေါ်ကြသည်။ လူနည်းစုမွတ်ဆလင်များပေါများသည့် နိုင်ငံအနောက်တောင်ပိုင်းတွင် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) ကဦးဆောင်သည့် မွတ်ဆလင်ခွဲထွက်ရေးလှုပ်ရှားမှု စတင်ဖြစ်ပေါ်လာသည်။ စစ်အုပ်ချုပ်ရေးကြေညာလိုက်ပြီးနောက် ရက်စက်ကြမ်းကြုတ်သော (လူသိနည်းသော်လည်း) ပြင်းထန်သည့် မင်ဒါနာအိုဒေသစစ်ပွဲတွင် လူ ၁၀၀၀၀၀ နီးပါးအသက်ဆုံးရှုံးခဲ့ရသည်။ ဖိလစ်ပိုင်စစ်တပ်က အကြီးစား ဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကိုင်တော်လှန်မှုနှိမ်နှင်းရေး ကြောက်မက်ဖွယ်စစ်ရေးလှုပ်ရှားမှု လုပ်ဆောင်မှုကို ၁၉၇၆ ခုနှစ်က အငြင်းပွားဖွယ် ထရီပိုလီသဘောတူညီချက်အရ ယာယီအပစ်အခတ်ရပ်စဲမှု မတိုင်မီ အထိဆောင်ရွက်ခဲ့သည်။ CPP-NPA ကိုမြို့ပြဒေသများမှ တိုက်ထုတ်ခံခဲ့ရပြီး ကျေးလက်ဒေသများတွင် ထိုးစစ်ဆင်ခံနေရသည့်အနေအထားသို့ရောက်ရှိသွားစေခဲ့သည်။

လိုပက်ဇီညီအစ်ကိုများ (မားကို့စ်နှင့်ခပ်တန်းတန်းဆက်ဆံရေးရှိသည့် ဖိလစ်ပိုင် ဒုသမ္မတ ဖာနန်ဒို လိုပက်ဇက်နှင့် ဖိလစ်ပိုင်၏အချမ်းသာဆုံး သူကြွယ်သူဌေးတစ်ဦးဖြစ်သည့် ယူဂျီနီယို လိုပက်ဇ) က ဦးဆောင်သည့် တစ်ခုတည်းသောအုပ်စုအဖြစ်ကြီးစိုးနေသည့် ဖိလစ်ပိုင်လူနည်းစုအာဏာအုပ်ချုပ်ရေးစနစ်မှ မြေရှင်အထက်တန်းလွှာ ပြိုင်ဘက်များကို မားကို့စ်က အင်အားနည်းအောင်လုပ်ဆောင်ခဲ့သည်။ ဤအတိုက်အခံအီလစ်လူတန်းစားထဲတွင် (ဂျပန်သိမ်း ပိုက်ထားသည့်ကာလတွင် ဒုတိယသမ္မတဖြစ်ခဲ့သူ) နာမည်ကျော်နိုင်ငံရေးသမားနှင့် ကိုရာဇွန် ကိုဂျယန်ကို အကွိန် တို့၏သား ဘင်နစ်နိုအက်စ်အကွိန်လည်းပါဝင်သည်။ ကိုရာဇန်အကွိန်သည် ဖိလစ်ပိုင်၏ အကြီးဆုံးကြေးစိုက်ပျိုးရေးလုပ်ငန်းများထဲက တစ်ခုကိုအမွေရခဲ့သူဖြစ်သည်။ အတိုက်အခံလူငယ်အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဘင်နစ်နို အကွိန်သည် စစ်အုပ်ချုပ်ရေးမတိုင်မီက မားကို့စ်ကို အဝေဖန်ဆုံးသူအဖြစ် ပေါ်ထွက်လာခဲ့သည်။ စစ်အုပ်ချုပ်ရေးကာလတွင် အကွိန်နှင့် အခြားထင်ရှားသည့်အတိုက်အခံနိုင်ငံရေးသမားများ ထိန်းသိမ်းထောင်ချခံခဲ့ရသည်။ လိုပက်ဇက်ညီအစ်ကိုများအပါအဝင် လူနည်းစုအုပ်ချုပ်ရေးစနစ်ထဲမှ ပြိုင်ဘက်များစွာထံမှ စီးပွားရေးလုပ်ငန်းများကို မားကို့စ်ကသိမ်းယူခဲ့သည်။ ကျန်နိုင်ငံရေးသမားများနှင့် စီးပွား

ရေးလုပ်ငန်းရှင်ကြီးများက အာဏာရှင်စနစ်ကိုဆန့်ကျင်နေခြင်းထက် မားကို့စ်နှင့်ပူးပေါင်းခြင်းက ပိုကောင်းမည်ဟု မရှေးမနှောင်းပင်ဆုံးဖြတ်ခဲ့ကြသည်။

မားကို့စ်၏ အာဏာရှင်အစိုးရလက်ထက် အစောပိုင်းနှစ်များတွင် ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးတိုးတက်မှုများ လျင်မြန်ခဲ့သည်။ မားကို့စ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုအားပေးသဖြင့် ပို့ကုန်များဖွံ့ဖြိုးလာခဲ့သည်။ တတ်သိပညာရှင်များက စီးပွားရေးတည်ငြိမ်အောင်လုပ်ဆောင်ခဲ့ကြပြီး အကြီးစားအခြေခံအဆောက်အအုံများတည်ဆောက်ရေးကို တွန်းအားပေးကာ အကြီးစားစက်မှုလုပ်ငန်းစီမံကိန်း ၁၁ ခုကိုရေးဆွဲခဲ့ကြသည်။ ထိုစီမံကိန်းများသည် ဖိလစ်ပိုင်ကို ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးကိုတွန်းအားပေးရန်နှင့် အာရှစီးပွားရေး၏ နောက်ထပ် 'ကျား' တစ်ကောင်ဖြစ်လာရန် ရည်ရွယ်ရေးဆွဲခဲ့သည့် စီမံကိန်းများဖြစ်သည်။ အလွန်လိုအပ်နေပြီး အချိန်နှောင်းမှလုပ်သည့် မြေယာပြုပြင်ပြောင်းလဲရေးများ စတင်သည်။ ရည်ရွယ်ချက်ကြီးမားသည့် အထက်ပါလုပ်ငန်းတာဝန်များအတွက် သုံးစွဲရန် ၁၉۷၃ ခုနှစ်တွင် ရေနံဈေးနှုန်းများ တက်လာပြီးနောက် ရေနံတင်ပို့မှုမှရသည့်ဒေါ်လာများရှိနေသည့် နိုင်ငံတကာဈေးကွက်များမှ ချေးငွေများကို မားကို့စ်က ဖောချင်းသောချင်းချေးငှားခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်၏ ကြွေးမြီသည် ၁۷၇၅ ခုနှစ်တွင် ကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံရှိရာမှ ၁۷၈၀ ပြည့် နှစ်အရောက်တွင် ကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံရှိလာခဲ့သည်။

မားကို့စ်သည် ၎င်းနှင့် တစ်တန်းတစားတည်းရှိနေသည့် တောင်ကိုရီးယား အာဏာရှင်ပတ်ချုံဟီးကဲ့သို့ 'ဖွံ့ဖြိုးရေးသမား အာဏာရှင်' မဟုတ်ကြောင်း များမကြာမီထင်ရှားလာတော့သည်။ အမျိုးသားရေးဝါဒီ စစ်သားမဟုတ်ဘဲ ရှေ့နေနိုင်ငံရေးသမားဖြစ်သည့် မားကို့စ်သည် သူ၏သစ္စာခံများနှင့် မကင်းသူဖြစ်သည်။ သူ့အစိုးရအဖွဲ့မှ တတ်သိပညာရှင်များထက် သူ့ကို သစ္စာခံသူများအား မားကို့စ်က မျက်နှာလိုက်ခဲ့သည်။ အကြီးစားကော်ပိုရေးရှင်းကြီးများ (chaebols) ကို တောင်ကိုရီးယား အစိုးရ၏ဘဏ္ဍာရေးအထောက်အပံ့ပေးစဉ်က ပတ်ချုံဟီး အလေးထား တိုက်တွန်းခဲ့သလို မားကို့စ်ကလည်း နိုင်ငံတော်-စီးပွားရေးလုပ်ငန်း အနီးကပ်ဆက်ဆံရေးရှိနေသည့်တိုင် တိုင်းပြည်၏ပို့ကုန်တင်ပို့မှုအခြေအနေကောင်းမွန်စေရန် ခိုင်မာသော စွမ်းဆောင်မှုစံချိန်စံညွှန်းသတ်မှတ်ရမည့်အစား သူ၏မိသားစုနှင့်မိတ်ဆွေများ (ခရိုနီများ) ကို စီးပွားရေးလုပ်ငန်း၏ ကြီးများကျယ်ပြန့်သော ကဏ္ဍများကို အချိုးကျခွဲဝေပေးခဲ့သည်။ မားကို့စ်၏ ခရိုနီအများစုသည် မလုပ်တတ်မကိုင်တတ် အရင်းရှင်များဖြစ် ကြောင်းသိသာလာပြီး စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲမှုလွဲမှားကာ ကြွေးမြီများစုပုံလာကြသည်။ မြေယာပြုပြင်ပြောင်းလဲရေးရပ်တန့်သွားပြီး ကြံ့နှင့်အုန်းစိုက်ပျိုးသူများစွာသည် လက်ဝါးကြီးအုပ်လုပ်ငန်းရှင်များကြောင့် ဆင်းရဲမွဲတေသွားခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဘဏ္ဍာရေးလုပ်ငန်းရှင် ဒေဝီဒီးက ကြွေးဆုံး ပီဆိုင်ငွေ သန်း ۷၀၀ ဖြင့် ထွက်ပြေးသွားခဲ့ခြင်းသည် ခရိုနီကြီးစိုးသည့်စီးပွားရေး၏ ယိမ်းယိုင်နေသော အခြေအနေကိုလှစ်ဟပြလိုက်သည်။ မားကို့စ်အစိုး၏ မဟာပြိုကွဲမှုကြီး အစပြုပြီဟု ဆိုနိုင်သည်။

## အကွိန်လုပ်ကြံခံရခြင်းနှင့် အတိုက်အခံများတိုးပွားလာခြင်း

၁၉၈၃ ခုနှစ် သြဂုတ်လတွင် ပြည်ပတွင်တိမ်းရှောင်နေရာမှ ပြန်လာရန်ကြိုးစားခဲ့သည့် အတိုက်အခံခေါင်းဆောင် ဘင်နစ်နိ အကွိန်သည် မနီလာလေဆိပ်တွင် လုပ်ကြံခံလိုက်ရခြင်းသည် စီးပွားရေးကျဆင်းမှုကို ဘဏ္ဍာရေးပျက်ကပ်အဖြစ်သို့ လုံးလုံးလျားလျား ဆိုက်ရောက်သွားစေခဲ့သည်။ (နောင် ၂၅ နှစ်အကြာတွင် ဂရိနိုင်ငံတွင် ကြုံခဲ့ရသလို) ဖိလစ်ပိုင်ဗဟိုဘဏ်က တိုင်းပြည်၏ဘဏ္ဍာရေးအစီရင်ခံစာများကို လိမ်လည်ထုတ်ပြန်ခဲ့သည်ဟူသော ဖွင့်ချမှုများက ပြည်ပအရင်းနှီးများ အခြားနိုင်ငံများသို့ စီးထွက်သွားစေခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံသုံး ပီဆိုင်ငွေတန်ဖိုးထိုးကျသွားစေခဲ့ပြီး ငွေကြေးဖောင်းပွမှု အမြင့်ဆုံးသို့ရောက်ရှိသွားစေခဲ့သည်။ အစိုးရက ကြွေးမြီပေးဆပ်ရန် ကာလရှေ့ဆိုင်းခွင့်ကို တောင်းခံခဲ့ရသည်။ ထိုအချိန်တွင် ဖိလစ်ပိုင်၏ နိုင်ငံခြားကြွေးမြီသည် ကန်ဒေါ်လာ ၂၅ ဘီလီယံဖြစ်လာသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ဘဏ္ဍာရေးအကူအညီနှင့်အပေးအယူလုပ်သည့်အနေဖြင့် အစိုးရအသုံးစရိတ်ခြိုးခြံချွေတာရေးအစီအမံကို ဖိလစ်ပိုင်အစိုးရအား မဖြစ်မနေလက်ခံစေခဲ့ရသည်။ ရလဒ်မှာ စီးပွားရေးအလွန်အမင်းကျုံ့သွားခြင်းဖြစ်ပြီး နှစ်နှစ်တာအတွင်း ဖိလစ်ပိုင်၏ ဂျီဒီပီ ၁၅ ရာခိုင်နှုန်းကျဆင်းသွားသည်။

အကွိန်၏စျာပနကို လိုက်ပါပို့ဆောင်သည့် အသုဘပို့ဆောင်သူ ၂ သန်းနီးပါးပါဝင်သော လူတန်းရှည်ကြီးဖြင့် စတင်ခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများက တိုးပွားလာခဲ့သည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလလယ်တွင် မာကာတီအရပ်ရှိ မက်ထရိုမနီလာ စီးပွားရေးခရိုင်၌ အနောက်တိုင်းဝတ်စုံကို ကောင်းစွာဝတ်ဆင်ထားသော ရုံးဝန်ထမ်း ၁၀၀၀၀၀ ပါသည့် ပထမဆုံးဆန္ဒပြပွဲက မားကို့စ်အစိုးရကို စီးပွားရေးသမားအသိုင်းအဝိုင်းက မကျေနပ်မှုကို အချက်ပြလိုက်ခြင်းဖြစ်သည်။ တစ်ချိန်က မားကို့စ်ကိုထောက်ခံခဲ့သည့် စီးပွားရေးလုပ်ငန်းကြီးများသည် ခရိုနီစနစ်ကြီးထွားလာခြင်းနှင့်အတူ ၎င်းကိုဆန့်ကျင်လာကြပြီး အကွိန်လုပ်ကြံခံရပြီးနောက် ကြီးမားသည့် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်လာပြီးနောက်တွင် ရန်လိုမုန်းတီးမှုကို ဖုံးကွယ်မထားတော့ပေ။ မနီလာ ဂိုဏ်းအုပ်ဘုန်းတော်ကြီး ရှင်အိုင်မီကာဒီနယ်ဆင်း ဦးဆောင်သည့် ကက်သိုလစ်ဘုန်းတော်ကြီးများနှင့် ဦးဆောင်စီးပွားရေးလုပ်ငန်းရှင်များက အနီးကပ်လက်တွဲလာကြသည်။ အာဏာရှင်အစိုးရနှင့် 'အလေးအနက် ပူးပေါင်းဆောင်ရွက်မှု'ကို ကက်သိုလစ်ကျောင်းတော်က စွန့်လွှတ်လိုက်ပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပွင့်ပွင့်လင်းလင်းဝေဖန်လာခြင်းကြောင့် ဘုန်းတော်ကြီး ရှင်အိုင်မီသည် ထင်ရှားလာခဲ့သည်။ စစ်အုပ်ချုပ်ရေးမတိုင်မီက မားကို့စ် အားဆန့်ကျင်ခဲ့ကြသည့် နိုင်ငံရေးသမားများနှင့် ဘုန်းတော်ကြီးများ ပေါင်းစည်းသွားခဲ့ပြီး လူလတ်တန်းစားတက်ကြွလှုပ်ရှားသူများက ဦးဆောင်သည့် 'အရေးတော်ပုံကို ရှေ့ရှုသည့်'အဖွဲ့များကိုစတင်ဖွဲ့စည်းခဲ့ကြသည်။ အမျိုးသမီးအုပ်စုများတွင် နိုင်ငံရေးအမြင်မျှတသူများနှင့် လက်ဝဲတက်ကြွလှုပ်ရှားသူများကြား နိုင်ငံရေးလမ်းစဉ်ရပ်တည်ချက် ကွဲပြားမှုများ

ရှိသည့်တိုင် ဆန္ဒပြပွဲများတွင် အမျိုးသမီးအဖွဲ့များရှေ့တန်းမှပါဝင်ခဲ့သည်။ CPP ၏ ဦးဆောင်မှုဖြင့် (စစ်အုပ်ချုပ်ရေးကာလ အစောပိုင်းတွင် အပြင်းအထန်ဖိနှိပ်သည့်ကြားမှ ရပ်တည်နိုင်ခဲ့သည့်) 'လူထုအဖွဲ့အစည်းများ'သည်လည်း ကျေးလက်တိုက်ခိုက်ရေးသမားများနှင့် မြို့ပြတက်ကြွလှုပ်ရှားသူများ၏ အခြေစိုက်ရာအဖွဲ့အစည်းများ အဖြစ်တိုးပွားလာခဲ့သည်။ အကွီန်လုပ်ကြံခံရပြီးနောက်တွင် အစိုးရ၏ဆင်ဆာဖြတ်တောက်မှုကို ပရိယာယ်ဖြင့် ကျော်လွှားနိုင်သည့် ပုံနှိပ်နှင့်ရေဒီယိုမီဒီယာများပေါ်လာသည်။ ဖိလစ်ပိုင်ရှိ အမေရိကန်၏ စစ်အခြေစိုက်စခန်းနှစ်ခုနှင့် မားကို့စ်၏ကွန်မြူနစ်ဆန့်ကျင်ရေးရပ်တည်ချက်တို့ကြောင့် တစ်ချိန်က မားကို့စ်ကို အခိုင်အမာထောက်ခံခဲ့သည့် အမေရိကန်အစိုးရကပင် မားကို့စ်အစိုးရနှင့် ခပ်ကင်းကင်းနေလာခဲ့သည်။

## 'ကြားဖြတ်ရွေးကောက်ပွဲ' နှင့် မားကို့စ်ကျဆုံးခန်း

(သာဓကအားဖြင့် ဘရာဇီးကဲ့သို့ တောင်အမေရိကတိုက်မှ ပိုပြီးစနစ်တကျကျင့်သားရထားသည့် စစ်အစိုးရများ၏ ခေါင်းဆောင်များလို) ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုလည်း စီစဉ်ခြင်းမရှိသလို ရာထူးမှလည်း မားကို့စ်ကနတ်ထွက်လိုခြင်းမရှိသဖြင့် အတိုက်အခံက မဟာဗျူဟာသစ်ကိုစတင်သည်။ ကက်သိုလစ်ကျောင်းတော်နှင့် စီးပွားရေးလုပ်ငန်းကြီးများက ထောက်ခံသည့် နိုင်ငံရေးသမားများပါဝင်သည့် အဖွဲ့တစ်ဖွဲ့က မားကို့စ်၏ ရွေးကောက်ပွဲအဆက်ဆက် မသမာမှုမှတ်တမ်းရှိနေသည့်ကြားမှ ၁၉၈၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲများတွင်ဝင်ပြိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကိုယ်စားလှယ်လောင်းများစွာ မဲခိုးခံရသော်လည်း ရွေးကောက်ပွဲအနိုင်ရ အတိုက်အခံကိုယ်စားလှယ်ဦးရေ အံ့သြဖွယ်များပြားခဲ့သည်။ ထို့ကြောင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ၎င်းတို့သည် လူနည်းစုဖြစ်၍ အာဏာအကန့်အသတ် ရှိသော်လည်း စိတ်ဓာတ်ရေးရာ တက်ကြွမှုရရှိသွားခဲ့ကြသည်။ အခြားအုပ်စုတစ်ခုက ရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြပြီး 'အရေးတော်ပုံရှေ့ရှည့်အဖွဲ့များ'ကို စည်းလုံးမှုရရန်ကြိုးပမ်းခဲ့သည်။ လီနစ်ဝါဒီပုံစံ 'လမ်းပေါ်ကလွှတ်တော်' ခေါင်းဆောင်မှုကို ကွန်မြူနစ်များကအပူတပြင်းကြိုးပမ်းလာခြင်းကြောင့် အတိုက်အခံအုပ်စုများပေါင်းစည်းရန်ကြိုးပမ်းမှုသည် ၁၉၈၅ ခုနှစ် အလယ်ပိုင်းတွင် အကျဘက်ရောက်လာခဲ့သည်။ ထို့နောက် ကွန်မြူနစ်မဟုတ်သည့် အတိုက်အခံအင်အားစုများနှင့် ကွန်မြူနစ်တို့ကြား အကွဲအပြဲသို့ဦးတည်သွားခဲ့သည်။ အမေရိကန်ဖိအားနှင့် တိုင်းပြည်၏စီးပွားရေးအခြေအနေများ ဆက်တိုက်ဆိုးရွားလာခြင်းကြောင့် မားကို့က ၁၉၈၆ ဖေဖော်ဝါရီလတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဟုကြေညာလိုက်ရာ (ကွန်မြူနစ်များမှလွဲပြီး) နိုင်ငံလုံးဆိုင်ရာ အတိုက်အခံအုပ်စုကြီးများအားလုံးက ဝင်ပြိုင်ရန်ဆုံးဖြတ်ခဲ့ကြသည်။ အတိုက်အခံသည် ပါတီများကြား၊ ပါတီညွှန့်ပေါင်းများ၊ တက်ကြွလှုပ်ရှားသူများကြား စိတ်ဝမ်းကွဲနေကြခြင်းကြောင့် ကြားဖြတ်ရွေးကောက်ပွဲတွင် အတိုက်အခံများ နောက်ကောက်ကျသွားခဲ့သည်။ (ထိုစဉ်က အင်အားအကြီးဆုံး အတိုက်အခံအဖွဲ့ကို အကွီန်၏ နောင်တစ်ချိန်

ဒုတိယ သမ္မတလောင်းဖြစ်လာမည့် ဆာဘာဒို ဒွိုင်း လော်ရာကဦးဆောင်ခဲ့သည်။) ကက်သိုလစ်ကျောင်းတော်နှင့် စီးပွားရေးလုပ်ငန်းကြီးများက အတိုက်အခံတို့ ညီညွတ်ကြရန် တောင်းဆိုခဲ့ကြပြီးနောက် (ဘင်နစ်နိ အကွိန်နိ၏ ကျန်ရစ်သူဇနီး) ကိုရာဇန် (ကိုရီ) စီ၊ အကွိန် သည် နိုင်ငံရေးအတွေ့အကြုံမရှိသော်လည်း သမ္မတလောင်းအဖြစ် ရွေးချယ်ခံရသည်။ သူမခင်ပွန်း၏ 'တရားမျှတမှုနှင့် ဒီမိုကရေစီအရေးတိုက်ပွဲ'ကို ဆက်တိုက်ရန် ကတိပြုသည့် 'သာမန်အိမ်ရှင်မ' တစ်ဦးအဖြစ် 'လူထု၏ တန်ဖိုးထားလေးစားမှု' ကိုရရှိခဲ့သဖြင့် သမ္မတလောင်းအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ အာရှဒေသရှိ မျိုးရိုးအစဉ်အလာအရ ခေါင်းဆောင်ဖြစ်လာသည့် (ဗမာပြည်မှ အောင်ဆန်းစုကြည်၊ အင်ဒိုနီးရှားမှ မီဂါဝတီ ဆူကာ နိုပူထရီကဲ့သို့) ၎င်းတို့၏ 'အာဇာနည်' ဖခင်များ သို့မဟုတ် ခင်ပွန်းများ၏ ဩဇာတိုက္ကမကို အမွေခံခဲ့ရသည့် ခေါင်းဆောင်များကဲ့သို့ပင် ကိုရီကိုလည်း ကိုယ်ကျိုးစီးပွားမကြည့်သည့် နိုင်ငံရေးသမားအဖြစ် မြင်ကြသည်။ ကိုရီသည် ၎င်း၏ ပြိုင်ဘက်အမျိုးသား နိုင်ငံရေးသမားများလို မက်ခီယာဗယ်လီဆန်သော(ကောက်ကျစ်ဉာဏ်များသော) နိုင်ငံရေးတိုက်ပွဲများထဲတွင် ပိတ်မိခဲ့ခြင်းမရှိပေ။ တိုင်းပြည်တစ်ဝန်းရှိ သူမ၏ မဲဆွယ်စည်းရုံးမှုဟော ပြောပွဲများသို့ ပြည်သူသန်းပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။ အစိုးရကထောက်ပံ့သည့် ကြေးစားလူမိုက်များကို စတင်အာခံဆန့်ကျင်လာကြသည်။ မဲပေးသည့်နေ့တွင် တမင်သက်သက်နှောင့်နှေးကြန့်ကြာအောင်လုပ်ဆောင်မှုများကြားမှ မဲပေးရန် နာရီပေါင်းများစွာ စောင့်ဆိုင်းခဲ့ကြရသည်။ လုပ်အားပေးရာပေါင်းများစွာ စည်းရုံးလှုပ်ရှားခဲ့သည့် စီးပွားရေးလုပ်ငန်းကြီးများကထောက်ပံ့သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အုပ်စုဖြစ်သော National Citizens' Movement for Free Elections နှင့် ကက်သိုလစ်ကျောင်းတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းအုပ်စုများက မဲပေးမှုကို လေ့လာစောင့်ကြည့်ခဲ့ကြပြီး လွတ်လပ်သော မဲရလဒ်ရေတွက်မှုက အကွိန်နိုကိုအနိုင်ရကြောင်းဖော်ပြခဲ့သည်။ အတင့်ရဲသည့်မားကို့စ်၏ နောက်ဆုံးမဲရလဒ်များကို ထိန်းချုပ်ကြိုးကိုင်မှုများက မဲခိုးခံရသည့် မဲဆန္ဒရှင်များကို နာကျည်းခံပြင်းသွားစေခဲ့သည်။ ထိုရွေးကောက်ပွဲကျင်းပချိန်တွင်မူ မဲဆန္ဒရှင်များသည် အစိုးရကိုဆန့်ကျင်ပြီး လွယ်ကူစွာစည်းရုံးလှုပ်ရှားနိုင်ပြီဖြစ်သည်။

မားကို့စ်ကိုဖြုတ်ချခဲ့သည့် ပြည်သူ့အာဏာတော်လှန်ရေးသည် စစ်တပ်ကို မားကို့စ်၏ ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှုကြောင့် အမျက်ထွက်ခဲ့ကြသည့် စစ်ဘက်တော်လှန်ပုန်ကန်သူများ၏ မအောင်မြင်သော အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ (မားကို့စ်သည်၎င်း၏ဝမ်းကွဲညီအစ်ကိုနှင့်ယာဉ်မောင်းဖြစ်သူဖာဘီယန်ဗာကိုလက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်အဖြစ် ရာထူးတိုးမြှင့်ခဲ့သည်။) အစိုးရဘက်တော်သား စစ်သားများနှင့် သံချပ်ကာကားများ၏ခြေမှုန်းမှုနှင့်ရင်ဆိုင်လာရသည့် မနီလာမြို့တော်နေ လူထောင်ပေါင်းများစွာသည် ကက်သိုလစ်ကျောင်းတော်နှင့် အရေးတော်ပုံရှေ့ရှုသည့်အဖွဲ့များ၏ ထောက်ခံမှုဖြင့် တပ်တွင်းပုန်ကန်ထကြွသူများ (RAM) နှင့် ပေါင်းစည်းမိသွားခဲ့သည်။ အတိုက်အခံနိုင်ငံရေးသမားများကို မားကို့စ်အဖွဲ့မှ ဘက်ပြောင်းလာသူ ကာကွယ်ရေးဝန်ကြီး ဂျူအန် ပွန်စီ အန်ရီးလ်၊ ဖိလစ်ပိုင်ရဲ

တပ်ဖွဲ့အကြီးအကဲနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဒုတိယစစ်စီးချုပ် ဗိုလ်ချုပ်ကြီး ဗီဒယ်လ် ဗီ၊ ရာမို့စ်တို့ကဦးဆောင်ခဲ့သည်။ ဗီဒယ်လ်ရာမို့စ်သည် မားကို့စ်ခေတ်လွန် ဒုတိယမြောက်သမ္မတ ဖြစ်လာခဲ့သည်။ လေးရက်ကြာမတိုးသာမဆုတ်သာဖြစ်ခဲ့ပြီးနောက် ရာထူးမှဖိလစ်ပိုင်သမ္မတ ဆင်းသွားနိုင်ရန် အမေရိကန်၏ ပူးပေါင်းကြံစည်ရန်ကြိုးပမ်းမှုတွင် နောက်ဆုံးလုပ်ရပ်အဖြစ် အမေရိကန်ကပေးအပ်သည့် ရဟတ်ယာဉ်များဖြင့် မားကို့စ်သည် ဖိလစ်ပိုင်မှထွက်ပြေးသွားခဲ့သည်။ (နောက်ပိုင်းတွင် ၎င်းကိုအမေရိကန်တို့က အတင်းအကျပ်ခေါ်ဆောင်သွားခဲ့သည်ဟု မားကို့စ်ကထုတ် ဖော်ပြောဆိုခဲ့သည်။) လူထုအုံကြွမှုသည် ကွန်မြူနစ်အတိုက်အခံများကို ဘေးဖယ်ထုတ်ခဲ့သည်။ ကွန်မြူနစ် အတိုက်အခံများက ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြပြီး ပြည်သူ့အာဏာလှုပ်ရှားမှုတွင်လည်း ပါဝင်ခဲ့ကြခြင်းမရှိပေ။ဆန္ဒပြပွဲများကျင်းပသည့် နောက်ဆုံး နေ့များတွင် ကိုရီအကွိနိုက သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီး မားကို့စ်ထွက်ပြေးသွားပြီး နောက်ပိုင်း အရေးပေါ်အာဏာများကို ရယူလိုက်သည်။ မားကို့စ်ရေးသည့် အခြေခံဥပဒေကို ဖျက်သိမ်းကာ ဒေသဆိုင်ရာအစိုးရတာဝန်ရှိသူများကို အစားထိုးခန့်ထားခြင်း၊ အမိန့်ကြေညာ ချက်များ ထုတ်ပြန်အုပ်ချုပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ကျယ်ပြန့်သောအုပ်ချုပ်ရေးအာဏာ များရှိပြီး 'ခိုင်မာအားကောင်းသည့်' သမ္မတအုပ်ချုပ်ရေးစနစ်ကို ပြန်လည်ကျင့်သုံးမည့်အပြင် ပြည်သူ့လွတ်လပ်ခွင့်များကိုလည် ရှင်းလင်းစွာအာမခံသည့် အခြေခံဥပဒေသစ်ကိုရေးဆွဲရန် အခြေခံ ဥပဒေရေးဆွဲရေးဆိုင်ရာကော်မရှင်ကို ကိုရီကဖွဲ့စည်းခဲ့သည်။ အခြေခံဥပဒေမူကြမ်းကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သည်။ (စစ်အုပ်ချုပ်ရေး မတိုင်မီခေတ်တုန်းကလို လွှတ်တော် နှစ်ရပ်ဖြင့် ဥပဒေရေးဆွဲသည့်လွှတ်တော်ဖြင့်) ဒေသဆိုင်ရာနှင့် ပြည်လုံးကျွတ်ရွေးကောက်ပွဲ များကို ၁၉၈၇ ခုနှစ် မေလတွင်ကျင်းပရန် အကွိနိုက သတ်မှတ်ခဲ့သည်။

## ကိုရီအကွိနိုနှင့် ကသောင်းကနင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှု

သို့သော် အတိုက်အခံနှင့် သူမကိုဆန့်ကျင်လာကြသည့် တပ်တွင်းပုန်ကန်သူများကြား မဟာမိတ်အဖွဲ့ပြိုလဲသွားခြင်းကြောင့် ကိုရီအကွိနို၏ အစိုးရသစ်မှာ မတည်မငြိမ်ဖြစ်လာသည်။ မားကို့စ်ကိုဖြုတ်ချရန်ကြိုးစားပြီးနောက် အန်ရီးလ်-RAM ဂိုဏ်းက အကွိနိုနှင့် သူမ၏အစိုးရအဖွဲ့ တွင်လွှမ်းမိုးထားသည့် အရပ်သား နိုင်ငံရေးသမားများ၏ အာဏာဖြင့်လှည့်စားခံရသည်ဟု ယူဆခဲ့ကြသည်။ အကွိနိုအစိုးရအဖွဲ့က ကွန်မြူနစ်များနှင့် မွတ်ဆလင်သူပုန်အဖွဲ့များကိုစကား ကမ်းလှမ်းမှုများကြောင့်လည်း ၎င်းတို့ကဒေါသထွက်ခဲ့ကြသည်။ လူ့အခွင့်အရေးချိုးဖောက်မှု များကို စုံစမ်းစစ်ဆေးမည်ဟု အကွိနိုအစိုးရက အစောပိုင်းတွင် ကတိပြုပေးခဲ့ခြင်းသည်လည်း ခြိမ်းခြောက်မှုဖြစ်လာသည်။ အကြောင်းမှာ RAM ခေါင်းဆောင်များစွာသည် ညှင်းပန်းနှိပ်စက် မှုများကြောင့် နာမည်ဆိုးထွက်သူများဖြစ်သည်။ အကွိနိုအစိုးရလက်ထက်တွင် အာဏာသိမ်းရန် ကြိုးပမ်းမှု ကိုးကြိမ်ဖြစ်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဒီဇင်ဘာတွင် RAM ကဦးဆောင်သည့် စစ်ဘက် ပုန်ကန်တော်လှန်မှုသည် အစိုးရကိုပြုတ်ကျလုနီးနီးဖြစ်စေခဲ့သည်။ လုံခြုံရေး၊လူ့အခွင့်အရေး၊

လူမှုရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများမှသွေဖည် လာရင်း အကွိန် အစိုးရ အသက်ဆက်နိုင်ခဲ့သည်။ (၁၉၈၇ ခုနှစ် ဇန်နဝါရီလတွင် သမ္မတနန်းတော်သို့ချီတက်လာသည့် ငြိမ်းချမ်းစွာဆန္ဒပြသည့် လယ်သမားဆန္ဒပြသူများကို ရဲကပစ်ခတ်မှုနှင့်အတူ မြေယာပြုပြင်ပြောင်းလဲရေးကို အားနည်းသွားစေခဲ့သည်။) အရပ်သားအစိုးရအုပ်ချုပ်မှုကိုထောက်ခံသည့် စစ်တပ်ကိုပြန်လည် စုစည်းညီညွတ်စေရန် (နောင်တွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည့်) စစ်ဦးစီးချုပ် ဖီဒယ်လ် ရာမို့စ်ကို အကွိန်အစိုးရက လွန်စွာအားကိုးခဲ့သည်။ မားကို့စ် ခိုးယူခဲ့သည့် ဓနဥစ္စာများကိုပြန်ရရန် ကိုရီအစိုးရက ကြိုးပမ်းခဲ့သည်။ ကောင်းမွန်သောအုပ်ချုပ်ရေး၏ အခြေခံမူများကို လိုက်နာမည်ဟု ကတိပြုခဲ့သည်။ ခရိုနီလက်ဝါး ကြီးအုပ်မှုများကို တိုက် ဖျက်ခြင်း၊ ငွေကြေးဖောင်းပွမှုကိုလျှော့ချခြင်း၊ တိုင်းပြည်၏ကြွေးမြီဝန်ထုပ်ဝန်ပိုးကို ကိုင်တွယ်ဖြေရှင်းခြင်း စသည့် မက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တတ်သိပညာရှင်များက လုပ်ဆောင်လာသဖြင့် ဖိလစ်ပိုင်စီးပွားရေး တဖြည်းဖြည်းတည်ငြိမ်လာသည်။ ၁၉၈၇ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲသည် မျိုးရိုးအစဉ်အလာရှိ နိုင်ငံရေးသမားများလွှမ်းမိုးခဲ့ပြီး အကြမ်းဖက်မှုဖြင့် ဖျက်ဆီးခံရသော်လည်း အများအားဖြင့် လွတ်လပ်ပြီးတရားမျှတခဲ့သည်။ မားကို့စ်ကို သစ္စာခံသူများအပါအဝင် နိုင်ငံရေးအလွှာအသီးသီးများ နိုင်ငံရေးသမားများကို ရွေးကောက်ပွဲအခင်းအကျင်းအတွင်းသို့ ပြန်ဝင်လာရန် ဆွဲဆောင်နိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ် ၆၂ ရာခိုင်နှုန်းသည် ရွေးကောက်တင်မြှောက်ခံအစိုးရတွင် ဆွေးမျိုးသားချင်းများရှိနေသည်။ ၂၀၀၁ ခုနှစ်ရွေးကောက်ပွဲတွင် မျိုးရိုးအစဉ်အလာရှိသည့် နိုင်ငံရေးသမားများ၏အရေအတွက်သည် အောက်လွှတ်တော်တွင် ၆၆ ရာခိုင်နှုန်းရှိလာခဲ့သည်။ ကိုယ်စားလှယ်သက်တမ်းကန့်သတ်ချက်များသည်လည်း ဆွေမျိုးစုအာဏာကိုမထိခိုက်စေခဲ့ပါ။ အကြောင်းမှာ နာမည်ကြီးနိုင်ငံရေးသမားများ၏ဇနီးများ၊ သားသမီးများသည် ၎င်းတို့ကို ဆက်ခံသူများအဖြစ် ရွေးကောက်တင်မြှောက်ခံရလေ့ရှိခြင်းကြောင့်ဖြစ်သည်။ ရွေးကောက်ပွဲများသည် ငွေကြေးကုန်ကျမှုများပြီး အထူးသဖြင့် ဒေသဆိုင်ရာအဆင့် ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုရှိတတ်သည်။ သို့သော် 'စစ်ဘုရင်' နိုင်ငံရေးသမားများသည် (လူသိများထင်ရှားပါက)သီးခြားရပ်တည်၍သာနေကြသည်။မဲများကိုလွယ်လွယ်ဝယ်ယူခဲ့သည်များရှိသည်။ ဖိလစ်ပိုင်ရွေးကောက်ပွဲများသည် ပြိုင်ဆိုင်နိုင်ခွင့်ရှိပြီး မဲပေးသူများသည် လွတ်လပ်သောအမြင်ရှိကြသည်။ လူကြိုက်မများတော့ပြီဆိုပါက နာမည်ကြီးနိုင်ငံရေးမိသားစုများသည် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများတွင် ရှုံးနိမ့်လေ့ရှိသည်။ သို့သော် မားကို့စ်ခေတ်လွန် သမ္မတများသည်ပင်လျှင် မျိုးရိုးအစဉ်အလာရှိသူများဖြစ်နေသည်။ ၎င်းတို့ထဲတွင် သမ္မတဟောင်း၏ သမီးဖြစ်သူ ဂလိုရီယာ မက်ကာပါဂယ် အာယိုယို၊ သမ္မတ ကိုရီ အကွိန်၏သားဖြစ်သူ လက်ရှိသမ္မတ ဘင်နစ်နိ နွိုင်နွိုင်း အက်စ်၊ အကွိန် - ၃တို့ပါဝင်သည်။

## ရာမို့စ်လက်ထက် ဒီမိုကရေစီကြီးခိုင်လာခြင်း

ရာမို့စ်သမ္မတသက်တမ်းသည် ဖိလစ်ပိုင်ဒီမိုကရေစီ ကြီးခိုင်လာခြင်းသို့ဦးဆောင်သွားခဲ့သည်။ ၁၉၉၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မဲရလဒ်အနည်းငယ်ကွာဟချက်ဖြင့် အနိုင်ရခဲ့ပြီး စုစုပေါင်းမဲဆန္ဒများ၏ လေးပုံတစ်ပုံပင် မရခဲ့ခြင်းကိုထောက်ရှုပြီးပြောရလျှင် ရာမို့စ်သမ္မတသက်တမ်းတွင် ဒီမိုကရေစီကြီးခိုင်လာစေခဲ့ခြင်းမှာ မှတ်သားလောက်စရာဖြစ်သည်။ အကွီနိုက သူမကိုဆက်ခံသူအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သော်လည်း ထိုစဉ်က အကြီးဆုံးနိုင်ငံရေးပါတီဖြစ်ပြီး အောက်လွှတ်တော်ဥက္ကဋ္ဌ ရေမွန် မီထရာဦးဆောင်သည့် (Fight of Democratic Filipinos) ၏ ထောက်ခံမှုရအောင် မလုပ်နိုင်ခဲ့ပေ။ ထိုသို့အခြားပါတီ၏ ထောက်ခံမှုရအောင် မလုပ်ဘဲ (တိုင်းပြည်၏ အစိတ်စိတ်အမျှော်မှော် ပါတီစနစ်ကို ပိုမိုအားနည်းသွားစေသည့်) ကိုယ်ပိုင်နိုင်ငံရေးပါတီကိုထောင်ခဲ့သည်။ စစ်ဘက်တွင် ပညာသည်ပီသစွာလုပ်ကိုင်ခဲ့ခြင်း၊ အကွီနိုအစိုးရကို သစ္စာခံခြင်း၊ နောက်ထပ်ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် ကတိပေးခြင်းတို့ကို အခြေခံကာ မဲဆန္ဒရှင်များကို ရာမို့စ်က စည်းရုံးခဲ့သည်။ သူနှင့်အနီးကပ်ဆုံး ပြိုင်ဘက်မှာ အကျင့်ပျက်ခြစားမှုဖိဖိစီးစီးတိုက်ဖျက်ရေးသမား ကိုယ်စားလှယ်လောင်း မာရီရမ် ဒီဖန်ဆော် ဆန် တီယာဂိုဖြစ်နေခြင်းက အာဏာရှင်စနစ်ကို ပြည်သူများက စိုရိမ်ကြောက်ရွံ့မှုမှဖွယ်ခွာလာပြီး တိုင်းပြည်၏ဒီမိုကရေစီအင်စတီကျူးရှင်းအသစ်များတွင် အဂတိလိုက်စားမှုတိုးပွားလာခြင်းကို စိုးရိမ်မှုများရှိလာသည်ကိုပြသည်။ စွမ်းဆောင်ရည်နိမ့်ကျနေသည့် အစိုးရပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ထိန်းချုပ်ထားမှုဖြေလျှော့ပေးခြင်းကို အဓိကထားကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို မားကို့စ်က ချမှတ်ဆောင်ရွက်ခဲ့သည်။ သူ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် ခေတ်မီစက်မှုနိုင်ငံဖြစ်အောင်လုပ်ခြင်းဖြင့်မဟုတ်ဘဲ အသစ်ဖွံ့ဖြိုးလာသည့် ဝန်ဆောင်မှုကဏ္ဍဖြင့် ဖိလစ်ပိုင်ကို စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ပြန်တင်ပေးလိုက်ခြင်း ဖြစ်သည်ဟု ဘောဂဗေဒပညာရှင်များစွာက ချီးကျူးခဲ့ကြသည်။ MNLF နှင့်ငြိမ်းချမ်းရေးသဘောတူညီချက်ရခဲ့ပြီး ကွန်မြူနစ်လက်နက်ကိုင်အဖွဲ့များ၊ စစ်ဘက်ပုန်ကန်သူများနှင့် စေ့စပ်ညှိနှိုင်းမှုတို့ဖြင့် နိုင်ငံရေးတည်ငြိမ်မှုကို ပြန်ရအောင်လည်း မားကို့စ်ကလုပ်ဆောင်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေးသမားအဖြစ် ရာမို့စ်၏ဥပမိက ခိုင်မာအားကောင်းလွန်းသဖြင့် (PEA-Amari အရောင်းအဝယ်ဟုလူသိများသည့်) အဂတိလိုက်စားမှုအရှုပ်တော်ပုံသည် သူ့အားလူထုထောက်ခံမှုကို သိသိသာသာ မထိခိုက်စေခဲ့ပေ။ ၁၉၉၇-၉၈ အာရှဘဏ္ဍာရေးအကျပ် အတည်းသည် ဖိလစ်ပိုင်ကို အခြားအရှေ့တောင်အာရှနိုင်ငံများလောက်အထိမနာစေခဲ့သော်လည်းရာမို့စ်လက်ထက်တွင်ရခဲ့သည့် ဘဏ္ဍာရေးဆိုင်ရာ အောင်မြင်မှုများစွာကို ဆုတ်ယုတ်ကျဆင်းသွားစေခဲ့သည်။

## အက်စ်ထရာဒါနှင့် အာယိုယိုလက်ထက်တွင် မတည်မငြိမ်ပြန်ဖြစ်လာခြင်း

၁၉၈၈ ခုနှစ်ရွေးကောက်ပွဲတွင် ရုပ်ရှင်မင်းသားမှ နိုင်ငံရေးသမားဖြစ်လာသူ ဂျိုးဇက် အီး၊ အက်စ်ထရာဒါသည် အလွယ်တကူအနိုင်ရပြီး သမ္မတဖြစ်လာသော်လည်း သူ၏သမ္မတ

သက်တမ်းသည် ရာမို့လက်ထက်တုန်းကထက် မငြိမ်မသက်ဖြစ်မှုပိုများခဲ့သည်။ ဆင်းရဲသားများ အတွက် တိုက်ပွဲဝင်သူအဖြစ် ဖလင်ကော်ပြားပေါ်ကသူ၏ ပုံရိပ်ကို နိုင်ငံရေးဇာတ်ခုံပေါ်သို့ ရောက်သွားစေခြင်းဖြင့် အက်ရှင်မင်းသားအဖြစ်သူ၏ သရုပ်ဆောင်ဘဝနှစ်များကို ပုံဖော်ထားသည့် ဇာတ်ကောင်စရိုက်ဖြင့် ဖိလစ်ပိုင်ဆင်းရဲသားပြည်သူများကို အက်စထရာဒါက အောင်မြင်စွာစည်းရုံးနိုင်ခဲ့သည်။ အသိမိတ်ဆွေကင်းမဲ့နေသည့် ဆင်းရဲသားများ၏ မိတ်ဆွေဖြစ်သည် ဟူသော လူထုကောင်းစားရေးဟောပြောချက်သည် သူ၏ ၁၉၉၈ ခုနှစ်ရွေးကောက်ပွဲကြွေးကြော်သံ 'Erap for the poor' ၏ အခြေခံဖြစ်သည်။ ဆင်းရဲနေဆဲဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသားအများစု၏ လူနေမှုအဆင့်အတန်းများကို များများစားစား တိုးတက်အောင်လုပ်နိုင်စွမ်းမရှိခဲ့ခြင်းဟူသည့် အကွိန်နှင့် ရာမို့စ်တို့၏ အကြီးမားဆုံးအားနည်းချက်မှနေပြီး အက်စထရာဒါက အားသာချက်ရယူနိုင်ခဲ့သည်။ တစ်တိုင်းပြည်လုံး၏စီးပွားရေးအဆင့်အတန်း တိုးတက်မှုရှိလာသော်လည်း ဆင်းရဲမွဲတေမှုသည် ကျယ်ပြန့်နေဆဲဖြစ်ပြီး အလုပ်လက်မဲ့နှင့် (လူမှန်နေရာမှန် အလုပ်အကိုင်မရခြင်း)တို့ ထိန်းမနိုင်သိမ်းမရ မြင့်မားလာသည်။ သို့သော် အက်စထရာဒါ၏ ဆင်းရဲသားများ ဘက်ယိမ်းသည့် လူထုကောင်းစားရေးဟောပြောချက်၊ မားကို့စ်အစိုးရနှင့် ယခင်ကဆက်ဆံမှုရှိခြင်း၊ မီးကျိုးမောင်းပျက် အင်္ဂလိပ်စကားပြော၊ သူ၏ရဲတင်းသော 'စောင့်စည်းမှုမရှိသည့်' နေပုံထိုင်ပုံတို့က အီလစ်လူတန်းစားနှင့် လူလတ်တန်းစားများစွာ၏ ဒေါသစိတ်ကို ဆွပေးသလိုဖြစ်စေခဲ့သည်။ ကက်သိုလစ်ကျောင်းတော်၊ စီးပွားရေးနယ်ပယ်၊ စာနယ်ဇင်းအများစုတို့က အက်စထရာဒါ အစိုးရကို ဦးဆောင်ဝေဖန်သူများဖြစ်လာသည်။ လောင်းကစားလုပ်ငန်းအရှုပ်တော်ပုံကြီးဖြစ်လာခြင်းကြောင့် အရပ်ဘက်လူအဖွဲ့အစည်းများစွာက အက်စထရာဒါကို လက်မခံကြတော့ဘဲ အောက်လွှတ်တော်တွင် ၎င်းကိုစွပ်စွဲပြစ်တင်မှုဆီသို့ ဦးတည်သွားခဲ့သည်။ အထက်လွှတ်တော်က ၎င်းကိုစွပ်စွဲပြင်တင်မှု မအောင်မြင်ခဲ့သော်လည်း ဒုတိယမြောက်ပြည်သူ့အာဏာလုပ်ရှားမှုပေါ်ပေါက်လာသည်။ဤအခေါက်တွင်မူ ဆန္ဒပြသူများအားလုံးနီးပါးသည်လူလတ်တန်းစားများသာဖြစ်ကြပြီး လွတ်လပ်စွာရွေးကောက်တင်မြှောက်ထားသည့် သမ္မတကို တိုက်ရိုက်ဦးတည်ကြခြင်းဖြစ်သည်။ ဖိလစ်ပိုင်စစ်တပ်က အသုံးအနှုန်း သေချာစွာရွေးချယ်ထုတ်ပြန်သည့် 'ထောက်ခံမှုရုပ်သိမ်းလိုက်'ကြောင်း ပြောကြားချက်သည် 'ပြည်သူ့အာဏာလုပ်ရှားမှု၏အာဏာသိမ်းမှု'သို့ ဦးတည်သွားစေခဲ့သည်။ ထိုအာဏာသိမ်းမှုကို တရားရုံးချုပ်က အငြင်းပွားဖွယ် စီရင်ချက်ဖြင့်ခွင့်ပြုပေးခဲ့သည်။ နောက်ထပ်လအနည်းငယ်အကြာတွင် အက်စထရာဒါကို သမ္မတအဖြစ်ဆက်ခံသည့် ယခင်ကဒုတိယသမ္မတဖြစ်ခဲ့ သူ ဂလိုရီယာ မကာပါဂယ် အာယိုယိုက အဂတိလိုက်စားမှုဖြင့် ဖမ်းဆီးရန်အမိန့်ပေးခဲ့သည်။ အက်စထရာဒါကို ထောက်ခံသည့် ဆင်းရဲသားထောင်ပေါင်းများစွာက နောက်ထပ်ပြည်သူ့အာဏာ လူထုအုံကြွမှုကို လုပ်ဆောင်လာကြပြန်သည်။ အဆိုပါ 'လူထု၏လက်စားချေမှု'ကို စစ်တပ်ကနှိမ်နင်းခဲ့ရပြီး အာယိုယိုအစိုးရအသက်ဆက်နိုင်ခဲ့သော်လည်း သူ့အစိုးရ၏ တရားဝင်မှုသည် မည်မျှအခြေယိုင်နေကြောင်း သိသာသွားစေခဲ့သည်။

ကျွမ်းကျင် ဘောဂဗေဒပညာရှင် အာယိုယိုသည် ရာမို့လက်ထက် မက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုတိုးချဲ့ကာယခုစာအုပ်ရေးနေချိန်အထိ ဆယ်စုနှစ်တစ်ခုကျော်ဆက်လက်ဖြစ်ထွန်းနေသည့် စီးပွားရေးဖွံ့ဖြိုးမှု မြင့်မားသည့်ကာလသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။ အာယိုယိုအစိုးရ၏ ခိုင်မာသော စီးပွားရေးစွမ်းဆောင်ရည်သည် ဆင်းရဲသားများ၏နိုင်ငံရေးအရထောက်ခံမှုကိုတော့ ရအောင်မယူပေးနိုင်ခဲ့ပါ။ ၂၀၀၄ ခုနှစ် သမ္မတလောင်းရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု အက်စထရာဒါ၏ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်မင်းသား ဖာနန်ဒို ပိုးဂျူနီယာက ကြေညာလိုက်သည့်အခါ ဆင်းရဲသားများ၏ထောက်ခံမှုမရခြင်းက အရေးပါလာသည်။ (အစောပိုင်းက သမ္မတအဖြစ် ဝင်အရွေးမခံဟူသော ကတိစကားကိုဖျက်ကာ) သူမလုပ်ဆောင်ခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကာကွယ်သည့်အနေဖြင့် ဝင်ပြိုင်မည်ဟုကြေညာခဲ့သော အာယိုယိုကို ဖာနန်ဒိုပိုးက ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သည်။ အထက်တန်းလွှာမီဒီယာနှင့် လူလတ်တန်းစားက အထင်သေးခံရသော်လည်း အက်စထရာဒါကဲ့သို့ပင် ပိုးသည် ဖိလစ်ပိုင်ဆင်းရဲသားလူတန်းစားကြား အလွန်လူကြိုက်များသည်။ ဖိလစ်ပိုင်၏အချမ်းသာဆုံးသူများက မဲရလဒ်တစ်သန်းကျော်အသာဖြင့် အာယိုယို၏အောင်ပွဲခံမှုကို ခရီးဦးကြိုနှတ်ဆက်ခဲ့ကြသည်။ သို့သော် နောက်တစ်နှစ်အကြာတွင် 'ဟဲလို ဂရာစီ' အရှုပ်တော်ပုံက မဲပေးရာတွင် လိမ်လည်မှုရှိနိုင်သည့်ပမာဏကို ဖော်ပြလိုက်သည်။ ထိုအရှုပ်တော်ပုံတွင် ၂၀၀၄ ပြည်လုံးကျွတ်ရွေးကောက်ပွဲ၌ ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရေးအတွက် ထိုစဉ်က ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဗာဂျီလီယို ဂရာစီရာနိုနှင့် အာယိုယိုကဆွေးနွေးခဲ့သည့် အသံဖိုင်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ခင်ပွန်းဖြစ်သူနှင့် အများအားဖြင့်ဆက်နွယ်နေသည့် လူသိများထင်ရှားသည့် အရှုပ်တော်ပုံများစွာက အာယိုယို၏ ယုံကြည်ကိုးစားခံရမှုကို ပိုမိုလျော့ပါးသွားစေခဲ့သည်။ သူမ၏အစိုးရအဖွဲ့မှ ပြုပြင်ပြောင်းလဲရေးသမားအများစု နုတ်ထွက်သွားကြပြီး အရပ်ဖက်လူ့အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများ လမ်းပေါ်ထွက်ဆန္ဒပြကာ အာယိုယိုရာထူးမှထွက်ရန် တောင်းဆိုလာသည်။ စစ်အာဏာသိမ်းရန် ပူးပေါင်းကြံစည်မှုများစွာဖြစ်ပေါ်သည်။ မားကို့စ်ခေတ်လွန် သမ္မတအားလုံးအနက် အာယိုယိုကိုလူကြိုက်များမှုသည် အနိမ့်ဆုံးအဆင့်သို့ရောက်သွားခဲ့သည်။ ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့် အလွန်အမင်းပေါင်းခြင်း၊ အရေးပါသည့် ကက်သိုလစ်ဘုန်းတော်ကြီးများကို သိမ်းသွင်းခြင်းတို့ဖြင့် နိုင်ငံရေး အုပ်စုဖွဲ့ကြိုးကိုင်မှုကို အသုံးချကာ စွပ်စွဲပြစ်တင်မှုကို အာယိုယိုကကျော်ဖြတ်နိုင်ခဲ့သည်။ (သိမ်းသွင်းခံရသည့် ဘုန်းတော်ကြီးများသည် အတွင်းစည်း စိတ်ဝမ်းကွဲမှုများ၊ လိုင်ကိစ္စအရှုပ်တော်ပုံများ၊ ထိပ်တန်းဘုန်းတော်ကြီးအများအပြားကိုပေးထားသည့် အခွင့်ထူးခံရုပ်ဝတ္ထုများကြောင့် သမ္မတနန်းတော်ကိုအစွဲပြုကာ 'မာလာကာနန် ဘုန်းတော်ကြီးများ' ဟုအခေါ်ခံရခြင်းကြောင့် ၎င်းတို့၏ သမာဓိခိုင်ကြည်မှုမှာ အားနည်းသွားခဲ့သည်။) အာယိုယို၏သမ္မတသက်တမ်းနောက်ဆုံးနှစ်တွင် စာနယ်ဇင်းသမား ၃၄ ဦးအပါအဝင် လူ ၅၇ ဦးသေဆုံးခဲ့ရခြင်းသည် သူ၏သမ္မတသက်တမ်းကို လွန်စွာထိခိုက်စေခဲ့သည်။ သေဆုံးခဲ့ရသည့် စာနယ်ဇင်းသမားများသည် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ခင်ပွန်း

ဖြစ်သူဝင်ပြိုင်ရန် မှတ်ပုံတင်ဖို့ကြိုးစားသည့် အတိုက်အခံနိုင်ငံရေးသမား၏ ဇနီးကို လိုက်ပါပို့ဆောင်ကြခြင်းဖြစ်သည်။ မနီလာမြို့တော်မှ ဝေးကွာသည့် နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသတွင် နာမည်ဆိုးထွက်သည့် အမ်ပါတူအန်နိုင်ငံရေးဂိုဏ်းက ပူးပေါင်းကြံစည်သည့် မာဂူအင်ဒါနာအို လူသတ်ပွဲဖြစ်ပွားခဲ့သည်။ သို့သော် ထိုလူသတ်ပွဲသည် အာယိုယိုအစိုးရနှင့် မကြာမီပတ်သက်လာခဲ့သည်။ ယခင်က နယ်ခံနိုင်ငံရေးသြဇာရှိသည့် အမ်ပူတန်မိသားစုကို မွတ်ဆလင်ခွဲထွက်ရေးလှုပ်ရှားမှုတိုက်ဖျက်ရေး၏ အစိတ်အပိုင်းအဖြစ် အာယိုယိုက ထောက်ခံခဲ့ခြင်း၊ ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲတွင် အာယိုယို 'ထပ်မံရွေးကောက်တင်မြှောက်ခံရ'ရန် အာမခံပေးခဲ့သည့် မဲခိုးမှုတွင် အမ်ပူတန်ဂိုဏ်း၏ အရေးကြီးသောအခန်းကဏ္ဍတို့ကြောင့် လူသတ်ပွဲက အာယိုယို အစိုးရနှင့် ဆက်စပ်သွားခဲ့သည်။

## နွှင်းနွှင်းအကွိန်၏ သမ္မတသက်တမ်းတွင် အကွိန်မိသားစုဝင်တို့ မျက်နှာပန်းလှလာခြင်း

၂၀၀၉ ခုနှစ်တွင် ကင်ဆာရောဂါဖြင့် ကိုရီအကွိန် သေဆုံးပြီးနောက် တစ်နိုင်ငံလုံးက ထားခဲ့သည့် ဝမ်းနည်းပူဆွေးမှု စိတ်ဓာတ်တို့အလည်တွင် ယခင်လူသိနည်းသည့် အထက်လွှတ်တော်ကိုယ်စားလှယ် အကွိန်မိသားစု၏သား ဘင်နစ်နို 'နွှင်းနွှင်း' အကွိန်က အုံ့အားသင့်ဖွယ်ကောင်းလောက်အောင် အလျင်အမြန်ရှေ့တန်းသို့ ရောက်လာခဲ့သည်။ နောက်ထပ်ရွေးကောက်တင်မြှောက်ခံခြင်းကို အာယိုယိုအား အခြေခံဥပဒေက တားမြစ်ထားသော်လည်း အဂတိလိုက်စားမှုကိုတိုက်ဖျက်ပြီးလျှင် ဆင်းရဲမွဲတေမှုရှိတော့မည်မဟုတ်ဟု ကတိပြုပြောကြားသည့် အကွိန်၏မဲဆွယ်စည်းရုံးမှုတွင် နမူနာထောက်ပြစရာအဖြစ် အာယိုယိုအစိုးရကို နွှင်းနွှင်းအကွိန်က ပီပီပြင်ပြင် အသုံးချခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လွယ်လင့်တကူ မဲအသာဖြင့်အနိုင်ရပြီးနောက် ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်စေရမည်ဟု နွှင်းနွှင်းက ကတိပေးခဲ့သည်။ နိုင်ငံတကာတွင် ဖိလစ်ပိုင်ကို (အကြီးစား ဘဏ္ဍာငွေကြေးအဆင့်သတ်မှတ်ချက်ပေးသည့်ကုမ္ပဏီများကရင်းနှီးမြှုပ်နှံမှုညွှန်ကိန်းများကိုထုတ်ပြန်မှုဖြင့်)အမြင်ပြောင်းလာအောင် ကူညီခဲ့သည်။ ပြည်တွင်းတွင် သူ့ကိုထောက်ခံသည့် လူထုသဘောထားစစ်တမ်းရလဒ်ကို ထိန်းထားခဲ့သည်။ အကွိန် ကိုယ်တိုင်သော်လည်းကောင်း၊ သူ၏ လက်ရှိမိသားစုသော်လည်းကောင်း မည်သည့်အရှုပ်တော်ပုံတွင်မျှ ပါဝင်ခဲ့ခြင်းမရှိပေ။ (အကွိန်သည် ယခုထိအိမ်ထောင်မပြုသေးသဖြင့် အီမယ်လ်ဒါ မားကို့စ်နှင့် မိုက်ခ်အာယိုယို တို့ကဲ့သို့ အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များကို မီးမွှေးပေးမည့် အိမ်ထောင်ဖက်မရှိပေ။) သို့သော် အစိုးရအဖွဲ့အတွင်း တရားဥပဒေချိုးဖောက်မှုသည် နေရာတကာတွင်တွေ့နေရပြီး မှောင်ခိုကုန်သွယ်ရေးက ပိုဆိုးလာသည်။ ဒေသဆိုင်ရာ အကျိုးတူဂိုဏ်းဂဏများ ဆက်လက်အားကောင်းလာသည်။ တစ်ပြိုင်နက်တည်းတွင် အလုပ်လက်မဲ့တိုးလာခြင်း၊ (ဆင်းရဲမှု အခြေအနေပေါ်မူတည်ပြီး ငွေလွှဲပြောင်းပေးသည့်စီမံချက်လုပ်သည့်တိုင်) ဆင်းရဲမွဲတေမှုနှုန်းထားမြင့်မားမှု၊ ကုန်ထုတ်လုပ်မှု အလွန်အမင်း

ကျဆင်းလာခြင်းကဲ့သို့ နယ်ပယ်စုံမှ ပြဿနာများကို တော်တော်များများမဖြေရှင်းနိုင်ဘဲရှိနေခဲ့သည်။ မဲဆွယ်ရေးအတွက် တိုင်းပြည့်ဘဏ္ဍာကို ဒေသဖွံ့ဖြိုးရေးတွင်သုံးသည့် ၂၀၁၃ ခုနှစ် အရှုပ်တော်ပုံတွင် ၎င်း ကိုယ်တိုင်ထောက်ချောက်ထဲသို့ဝင်သွားစေခဲ့သည်။ ထိုထောင်ချောက်မှာ ပြုပြင်ပြောင်းလဲမှုကို ကတိပြုသော်လည်း သူ၏အသွင်ကူးပြောင်းမှုအစီအမံများကို အောင်မြင်စေရန်အတွက် အကျိုးစီးပွားပြပြီးစည်းရုံးသလိုဖြစ်ခဲ့ခြင်းဖြစ်သည်။ တရားရုံးချုပ်တရားသူကြီးရီနာတို ကိုရိုနာကို အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များ ဖြင့် ဖယ်ရှားခြင်းကဲ့သို့ အကွိန်၏ ကြီးမားသောအောင်မြင်မှုများသည်ပင်လျှင် လွှတ်တော်ကိုယ်စားလှယ်များကို သမ္မတက ရက်ရောသဘောထားကြီးစွာ လိုက်လျောပြီး ဝေစုခွဲပေးခဲ့ခြင်းကြောင့်သာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ (ကက်သိုလစ်ကျောင်းတော်၊ စီးပွားရေးလုပ်ငန်းကြီးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများစွာ၊ မီဒီယာအများစုနှင့်စစ်တပ်) ဟူသည့် ဖိလစ်ပိုင်လူ့အဖွဲ့အစည်း၏ အဓိက မဟာဗျူဟာမြောက် အုပ်စုများ၏ ထောက်ခံမှုကို အကွိန်က ဆက်လက်ရရှိခဲ့သည်။ သူ့ကိုလူထုထောက်ခံမှုစစ်တမ်းရလဒ်များသည် အတော်ပင်မြင့်မားနေခဲ့သည်။ အရှုပ်တော်ပုံများဆက်တိုက်ဖြစ်ပေါ်ပြီးနောက် အာယိုယိုကြုံခဲ့ရသလို လူထုထောက်ခံမှု မြင်မကောင်းရှုမကောင်းကျဆင်းခြင်းမျိုး အကွိန်အတွက်မရှိခဲ့ပေ။

## ဒုက္ခသုက္ခပြွမ်းသော အသွင်ကူးပြောင်းမှုမှသည် ကောင်းမွန်သောအုပ်ချုပ်ရေးဆီသို့လော

မဲခိုးသည့် ၁၉၈၆ ရွေးကောက်ပွဲအပြီး မားကို့စ်အာဏာရှင်စနစ်ကို ဖြုတ်ချခဲ့သည့် တပ်တွင်းပုန်ကန်မှုကိုထောက်ခံသော လူထုဆန္ဒပြပွဲဖြစ်သည့် ပြည်သူ့အာဏာလှုပ်ရှားမှုသည် ကသောင်းကနင်း ဒီမိုကရေစီအသွင်ကူးပြောင်း မှုသို့ဦးတည်သွားခဲ့သည်။ စစ်တပ်အတွင်းမှ အစိုးရကိုဆန့်ကျင်သူများက ကိုရီအကွိန်၏အစိုးရကို ပြိုလဲလုပ်နီးပါးဖြစ် အောင်လုပ်ခဲ့သည်။ ဖီဒယ်ရာမို့သည် သူ၏အစိုးရလက်ထက်တွင် စစ်တပ်ကို အရပ်ဘက်ထိန်းချုပ်မှုအောက်ရောက်စေရန်လုပ်ဆောင်နိုင်ခဲ့သော်လည်း သူ၏သမ္မတသက်တမ်းအပြီးတွင် နောက်ထပ် မတည်မငြိမ်ဖြစ်သည့် ကာလတစ်ခုပေါ်ပေါက်လာသည်။ အီလစ်လူတန်းစားက တစ်ကျော့ပြန်လုပ်ဆောင်သည့် ပြည်သူ့အာဏာလှုပ်ရှားမှုဖြင့် ဂျိုးဆက် အက်စထရာဒါ ဖြုတ်ချခံရသည်။ သို့သော် သည်တစ်ကြိမ်ပြည်သူ့အာဏာလှုပ်ရှားမှုသည် ဆင်းရဲသားလူတန်းစား၏ထောက်ခံမှုရသည့် ရွေးကောက်တင်မြှောက်ခံသမ္မတကို ဆန့်ကျင်သည့်လှုပ်ရှားမှုဖြစ်သည်။ အက်စထရာဒါကို ဆက်ခံသူ ဂလိုရီယာ မာကာပါဂယ် အာယိုယိုသည် အခြေခံဥပဒေကိုဘောင်အပြင်မှ ဆောင်ရွက်ချက်ဖြင့်၊ အက်စထရာဒါ၏ မိတ်ဆွေနှင့် မင်းသား-နိုင်ငံရေးသမား ဗာနန်ဒိုပိုးကို 'အရေးနိမ့်' စေရန် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခြင်းတို့ကြောင့် တရားဝင်မှုအကျပ်အတည်းကို ကြုံလိုက်ရသည်။ သို့သော် လူထုထောက်ခံမှုမရသည့် အာယိုယိုသည် နောက်ထပ်ပေါ်လာသည့် အာဏာသိမ်းရန်ကြိုးပမ်းမှုများကို ကျော်လွှားနိုင်ခဲ့ပြီး သူမ၏သမ္မတ

သက်တမ်းကုန်သည်အထိ ရာထူးတွင်ရှိခဲ့သည်။ ထိုအခြေအနေများက ၂၀၁၀ ရွေးကောက်ပွဲတွင် နွှင်နွှင်းအကွိန် တောင်ပြိုကမ်းပြိုအနိုင်ရရန် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် မားကို့စ်ခေတ်လွန် ဖီလစ်ပိုင်သမ္မတ ရွေးကောက်ပွဲများအနက် လွတ်လပ်မှုနှင့် တရားမျှတမှုအရှိဆုံး ရွေးကောက်ပွဲဟုပြောလို့ရသည်။

တိုင်းပြည်ကို ကောင်းမွန်သောအုပ်ချုပ်ရေးလမ်းကြောင်းပေါ် ဖြောင့်ဖြောင့်ဖြူးဖြူးပြန်ရောက်ရန်၊ သူ၏မိခင် ကိုရီ အကွိန်က ကိုယ်စားပြုသည့် ပြည်သူ့အာဏာ၏ ကတိကဝတ်များကို ဖြည့်ဆည်းမည်ဟူသော ကတိကဝတ်ဖြင့် နွှင်နွှင်းအကွိန်သည် သမ္မတရာထူးကိုရရှိခဲ့သည်။ နှစ်ပေါင်းသုံးဆယ်နီးပါးကြာ ဖီလစ်ပိုင်ဒီမိုကရေစီအသွင် ကူးပြောင်းမှုသည် တည်ငြိမ်သော မက်ခရိုစီးပွားရေးမူဝါဒများကြောင့် တိုးတက်မှုရှိခဲ့ပြီး (တခါတရံ သက်ရောက်မှုအကန့်အသတ်ရှိသော်လည်း) အလေးအနက်ကြီးပမ်းမှုများဖြင့် အဂတိလိုက်စားမှုလျော့ကျအောင်လုပ်ဆောင်နိုင်ခဲ့သည်။ တတ်သိပညာရှင်များ၏ အခန်းကဏ္ဍကို မြှင့်တင်ခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှုမြန်ဆန်လာသည်။ ငွေကြေးဖောင်းပွမှုလျော့နည်းသွားပြီး တိုင်းပြည်၏အကြွေးဝန်ထုပ်ဝန်ပိုးကို လျော့ချနိုင်ခဲ့သည်။ အလျင်အမြန်ကြီးထွားလာသည့် ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို အဓိကချုပ်ကိုင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်မျိုးဆက်သစ်များ ထွက်ပေါ်လာသည်။ ၎င်းတို့သည် မြေယာပိုင်ဆိုင်မှုနှင့် တွင်းထွက်သယံဇာတထုတ်လုပ်မှုတို့ကို အခြေခံသည့် ဥစ္စာဓနရှိသော ယခင်အာဏာရှိသူလူတန်းစားကို ကျော်လွန်လွှမ်းမိုးလာခဲ့သည်။

သို့သော် မားကို့စ်ခေတ်လွန် စီးပွားရေးကဏ္ဍ စီမံအုပ်ချုပ်မှုသည် ဆင်းရဲမွဲတေမှုနှင့် အလုပ်အကိုင်မရရှိမှုကို လျော့ကျအောင်မလုပ်နိုင်ခဲ့ပေ။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး သမ္မတ ဗီဒယ်လ်ရာမို့စ်ရာထူးသက်တမ်းအပြီး တွင် လူထုကောင်းစားရေးဝါဒီ အက်စထရာဒါက သမ္မတရာထူးတွင် ရွေးကောက်တင်မြောက်ခံခဲ့ရခြင်းဖြစ်သည်။ ဗီဒယ်ရာမို့စ်၏ သမ္မတ သက်တမ်းသည် မားကို့စ်ခေတ်လွန်ကာလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ရှေ့ခေတ်ဟု ပြောစမှတ်ပြုကြလေ့ရှိသည်။ အက်စထရာဒါကို အခိုင်အမာထောက်ခံကြသည့် ဆင်းရဲသား မဲဆန္ဒရှင်များသည် ၁၉၉၈ ခုနှစ်ရွေးကောက်ပွဲတွင် ၎င်းကိုသမ္မတအဖြစ် ကောက်ကာင်းကာ ရွေးကောက်တင်မြှောက်လိုက်ခြင်းသည် ရာမို့စ်၏မအောင်မြင်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများရှိသည့်တိုင် ဖီလစ်ပိုင်နိုင်ငံသား ဆင်းရဲသားအများစုအတွက် အများကြီးလုပ်ပေးရန် ရာမို့စ်က ပျက်ကွက်ခဲ့သည်။ အက်စထ ရာဒါဖြတ်ချခံရခြင်းသည် သူ၏ လူထုကောင်းစားရေးဝါဒကို အထက်တန်းလွှာလူတန်းစားက မယုံသက်ခံဖြစ်သည့် အတိုင်းအတာကို ပြနေသည်။ ဖီလစ်ပိုင်လူလတ်တန်းလွှာနှင့် အထက်တန်းလွှာတို့သည် လူထုကောင်းစားရေးဝါဒီတို့၏ အာဏာအတွက် ပြိုင်ဆိုင်မှုကို သဘောထားကြီးသည်းခံရန်အသင့်ရှိသည်ဟု ယူဆရသည်။ မက်ခရိုစီးပွားရေးတည်ငြိမ်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးအစီအမံများက တစ်ဘက်၊ အလုပ်အကိုင် ဖန်တီးပေးမှုနှင့် လူမှုဖူလုံရေးတို့ဖြင့် ဆင်းရဲချမ်းသာကွာဟမှုကို လျော့ချ

ခြင်းအစီအမံများက တစ်ဘက်ဘတပြန်ကျားတပြန်ပြိုင်ဆိုင်နေကြခြင်းသည်ပင် ဖိလစ်ပိုင်၏ ဒီမိုကရေစီနိုင်ငံရေးစနစ်၏ အဓိက စင်ပြိုင်မူဝါဒများ ဖြစ်လာသည်။ ရွေးကောက်ပွဲသံသရာ ကို အဆိုပါအပြိုင်မူဝါဒနှစ်ခုက မောင်းနှင်သည်။

# ဖီလစ်ပိုင်သမ္မတ (၁၉၉၂-၁၉၉၈) ဖီဒယ်လ် ဗီ၊ ရာမို့စ်၏ကိုယ်ရေးအကျဉ်း

(Club de Madrid အဖွဲ့ဝင်)

Fidel V. Ramos, by Jay Directo/Scanpix

ဖာဒီနန်မားကို့စ်၏ ရှည်ကြာသောအာဏာရှင်အုပ်ချုပ်ရေးကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့်ရဲအဖွဲ့တို့တွင် အဆင့်မြင့်တာဝန်များကိုထမ်းဆောင်ခဲ့သည့် ပညာသည်ပီသသော စစ်သားတစ်ဦးဖြစ်သည်။ ရာမို့စ်နှင့် ညီအစ်ကို သုံးလေးဝမ်းကွဲတော်စပ်သည့် ဖာဒီနန်မားကို့စ်သည် ၁၉၇၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တိုင်းပြည်ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။ အမေရိကန် ဝက်စ်پွိုင့်စစ်တက္ကသိုလ်ဆင်း၊ အီလီနွိုက်တက္ကသိုလ်မှ မြို့ပြအင် ဂျင်နီယာမဟာဘွဲ့ရ ဖီဒယ်လ် ရာမို့စ်သည် ဖီလစ်ပိုင်ကြည်းတပ်တွင် စစ်မှုထမ်းခဲ့ပြီး၊ ကိုရီးယားနှင့်ဗီယက်နမ် စစ်ပွဲများတွင် အမှုထမ်းခဲ့သည်။ ဖီလစ်ပိုင်စစ်တပ်တွင် သူ့ကိုပုဂ္ဂိုလ်ရေးအရ လေးစားမှုမှန်ပြီး အသွင်ကူးပြောင်းမှုတွင် သူ၏အခန်းကဏ္ဍကိုရရှိခဲ့ခြင်းဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် အဂတိလိုက်စားမှုပိုမိုများပြားလာပြီး ဖိနိုပ်မှုများလာသည့် မားကို့စ်အစိုးရကို ဆန့်ကျင်ဆန္ဒပြသည့် ပြည်သူ့အာဏာလှုပ်ရှားမှုနှင့် ကိုရာဇန်အကွီနိုကို အချိန်ကိုက်ထောက်ခံလိုက်ခြင်းကလည်း အသွင်ကူးပြောင်းမှုတွင် သူ့ကိုနေရာရသွားစေခဲ့သည်။ သူ့ကို ' စိုက်လိုက်မတ်တပ်သမား' ဟုတင်စားခေါ်ကြသည့် ပင်တဂွန်စစ်ဌာနချုပ်အပါအဝင် အမေရိကန်နိုင်ငံနှင့်နီးစပ်မှု၊ ဖီလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းတွင် ကောင်းသောကျော်ကြားမှုရှိခြင်းတို့ကလည်း ရာမို့စ်ကို ထိုနေရာသို့ရောက်သွားစေခဲ့သည်။

ဖိလစ်ပိုင်စစ်တပ် ကာကွယ်ရေးဦးစီးချုပ်အဖြစ်ဦးစွာတာဝန်ထမ်းဆောင်ပြီး အကွိန်အစိုးရ၏ ကာကွယ်ရေးဝန်ကြီးဖြစ်လာခဲ့သူ ဗိုလ်ချုပ်ကြီးရာမို့စ်သည် ကိုရာဇန်အကွိန်ကိုဖြုတ်ချမည့် စစ်ဘက်အာဏာသိမ်းမှုများစွာကို ချေမှုန်းနိုင်ရန် ကားလိပ်နောက်ကွယ်မှ ဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အကွိန်ကသူ့ကိုဆက်ခံမည့်သူဟု ပြောခဲ့သည့် ရာမို့သည် သမ္မတလောင်း ၇ ဦးအနက် မဲအရေအတွက် စုစုပေါင်း၏ ၂၄ ရာခိုင်နှုန်းသာရရှိပြီး သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ သို့သော် အခြေခံအဆောက်အအုံ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် လူထုထောက်ခံမှုကျယ်ပြန့်စွာရရှိအောင် ပြုလုပ်နိုင်ခဲ့သည်။ ထိုအခြေခံအဆောက်အအုံ စီမံကိန်းများတွင် မနီလာမြို့တော်တွင်ဖြစ်လေ့ရှိသည့် မီးခဏခဏပျက်ခြင်းကို အဆုံးသတ်စေရန် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းလည်းပါဝင်သည်။ စစ်အာဏာသိမ်းခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ၁၉၈၁ ခုနှစ်ကပြဋ္ဌာန်းသည့် နိုင်ငံတော်ပုန်ကန်မှုတိုက်ဖျက်ရေးဥပဒေကို ဖျက်သိမ်းပေးသဖြင့် ကွန်မြူနစ်ပါတီသည် တရားဝင်ပါတီဖြစ်လာသည်။ ကွန်မြူနစ်နှင့်မွတ်ဆလင်သူပုန်များကိုပါ ထိတွေ့ဆက်ဆံရန်ကမ်းလှမ်းခဲ့သည်။ ဖိလစ်ပိုင်ထုံးစံ အလိုလိုက်အကြိုက်ဆောင် နိုင်ငံရေးနှင့် အလိုက်အထိုက် ဖြစ်အောင်နေခဲ့သော်လည်း ဒီမိုကရေစီအင်စတီကျူးရှင်းများကို တစ်နိုင်ငံလုံးတွင်ပျိုးထောင်သည့် အမွေအားလေးစားလိုက်နာခဲ့သည်။

ဖိလစ်ပိုင်သည် ပြိုင်ဆိုင်မှုအားကောင်းပြီး ယေဘုယျအားဖြင့် တရားမျှတသည့် ရွေးကောက်ပွဲများကို နှစ်ပေါင်း ၂၀ ကြာကျင်းပနိုင်ခဲ့ပြီး အုပ်ချုပ်သည့်အစိုးရ တစ်ဆက်ပြီးတစ်ဆက်ပြောင်းသွားခဲ့သည်။ သို့သော် အမြစ်တွယ်နေသော လူနည်းစုကအုပ်ချုပ်ရေးအာဏာကိုင်ထားသည့် ဖွဲ့စည်းပုံ၊ အခြေမခိုင်သောပါတီများနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ၊ အဂတိလိုက်စားမှုကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခြင်းများကို မပြောင်းလဲနိုင်ခဲ့ပေ။ အကျင့်ပျက်ခြစားမှုနှင့် စစ်ဘက်မှ မနာခံမှုအတွက် ရာမို့စ်၏ သဘောထားကြီးသည်းခံမှု၊ မားကို့စ်မိသားစုနှင့် အခြားအစဉ်အလာရှိအုပ်ချုပ်ရေးအာဏာရှိသူလူနည်းစုများ နိုင်ငံရေးတွင်ပြန်ပါလာခြင်းတို့ကို ဖိလစ်ပိုင်နိုင်ငံသားအချို့က ဝေဖန်ကြသည်။ သို့သော်တိုင်းပြည်၏ အကြမ်းဖက်သော နိုင်ငံရေးကို လျော့ချခဲ့ခြင်း၊ ကိုရီအကွိန်လက်ထက်တွင်ပြန်ရခဲ့သည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို ခိုင်မာအားကောင်းစေခြင်း၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို ခိုင်မာအားကောင်းစေခြင်းတို့အတွက် ရာမို့စ်ကို ဖိလစ်ပိုင်နိုင်ငံသားအများစုက ချီးကျူးကြသည်။

# သမ္မတ ဖီဒယ်လ် ဗီ၊ ရာမိုစ် နှင့် တွေ့ဆုံမေးမြန်းခြင်း

*အာဏာရှင်သမိုင်းကြောင်းရှိကြတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီအုပ်ချုပ်ရေးတည်ဆောက်ဖို့ ကြိုးပမ်းမှုတွေ ကမ္ဘာ့အနှံ့မှာဖြစ်ပေါ်နေပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့အတွေ့အကြုံကနေ အဲဒီနိုင်ငံတွေကပြည်သူတွေ ဘာများသင်ခန်းစာ ယူနိုင်မလဲ။*

ရာမိုစ်။ ။ အရှေ့အလယ်ပိုင်းနဲ့အနောက်အာဖရိကက ပြည်သူတွေက နားထောင်ချင်မှာတဲ့လား။ သူတို့မှာ ကိုယ့်စိတ်နေစိတ်ထားနဲ့ ကိုယ်ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ် ရှိနေကြတာဗျ။ အခုဆီးရီးယားကိုကြည့်ရင် ဆီးရီးယားမတိုင်ခင် လစ်ဗျားနဲ့အီဂျစ်ကိုကြည့်ရင် ကျွန်တော်တို့ရဲ့ 'သင်ခန်းစာတွေ'ဆိုတာကို တစ်ထိုင်ထဲနဲ့ သင်ယူလို့မဖြစ်နိုင်ပါဘူး။ သူတို့က သူတို့ရဲ့ ပြဿနာတွေကို တိုက်ပွဲဝင်နေတုန်းပဲ။

ဖိလစ်ပိုင်မှာ အစိုးရအပြောင်းအလဲကို လေးရက်အတွင်းမှာ ငြိမ်းချမ်းစွာနဲ့လုပ်နိုင်တယ်။ လူသေတာမရှိဘူး။ ဒါတော့ ကျွန်တော်တော်တို့ကို ကောင်းကျိုးပေးတဲ့အချက်ဆိုပြီး စံချိန်တင်ထားဖို့ကြိုးစားခဲ့တယ်။ နောက်ကတက်လာတဲ့သူတွေဟာ ကိုယ်လေ့လာထားတဲ့ သင်ခန်းတွေ၊ သူ့ရှေ့ကလူတွေရဲ့ အောင်မြင်မှုတွေ (အပြင်ကျရှုံးမှုကိုတောင်) အမြဲမူတည်ပြီး တည်ဆောက်ရမယ်။ ဒါဟာ ဖီဒယ်လ် ရာမိုစ် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှာ ကျွန်တော်လုပ်ဖို့ကြိုးစားနေတဲ့အရာပဲ။ ကျွန်တော်တို့အဓိကလုပ်တာ စာအုပ်ထုတ်ဝေရေးလုပ်ငန်း။ အဲဒီအလုပ်က ကျွန်တော် သမ္မတရာထူးက အနားယူပြီးတဲ့နောက်မှာ ကျွန်တော့်မှာရှိသမျှအတွေ့အကြုံတွေချရေးမယ်ဆိုပြီး ကိုယ်တိုင်လုပ်ခဲ့တဲ့အလုပ်ပါ။ ဒါမှမဟုတ် ငယ်ရွယ်သူတွေအကျိုးအတွက် မိတ်ဆွေတွေ သူတို့အတွေ့အကြုံတွေကို ရေးမယ်ဆိုရင်ဆိုရင်လည်း ရေးလို့ရအောင်လုပ်ခဲ့တာ။

## ခေါင်းဆောင်မှုပညာ

အားလုံးကို တစ်ထိုင်တည်းပြောပြဖို့ဆိုတာ ခက်ပါတယ်။ သို့သော် ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ ဉာဏ်ရှေ့သွားသောခေါင်းဆောင်မှုဆိုတာ ကိုယ့်တိုင်းပြည်တွင်းမှာပဲဖြစ်လာဖြစ်ရမယ်။ တခြားက ပုံတူပွားယူလို့ရမှုမရတာ။ ကျွန်တော်က ဖိလစ်ပိုင်အစိုးရကို အုပ်ချုပ်ဖို့ဆိုပြီး မလေးရှားက မဟာသီယာ (ဝန်ကြီးချုပ် ၁၉၈၁-၂၀၀၃) ကို ဒီနိုင်ငံကို လှမ်းခေါ်လို့မရသလို သူကလည်း ကျွန်တော့်ကို သူ့နိုင်ငံအုပ်ချုပ်ဖို့ လှမ်းခေါ်လို့မရဘူးလေ။ ချီလီကနေ ပါထရီဆီယို အဲလွင် (သမ္မတ ၁၉၉၀-၉၄) ကို ကျွန်တော်လှမ်းခေါ်လို့မရနိုင်ဘူး။

နောင် ၂၅ နှစ်လောက်ကိုမျှော်မှန်းပြီး ဦးဆောင်မှုပေးရတာဖြစ်တဲ့ အမြော်အမြင်ရှိသော ခေါင်းဆောင်မှု ဒါမှမဟုတ် ဉာဏ်ရှေ့သွားခေါင်းဆောင်မှုနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးတို့ဟာ ယေဘုယျ သဘောတရားတွေပါပဲ။ လိုအပ်ချက်တွေအားလုံးကို ပြီးပြည့်စုံအောင် ဖိလစ်ပိုင်က သက်တမ်းခြောက်နှစ်ကြာ သမ္မတတစ်ယောက်ပဲဖြစ်ဖြစ်၊ သက်တမ်းနှစ်ဆက်ရှစ်နှစ်ရှိမယ့်

အမေရိကန်သမ္မတတစ်ယောက်ပဲဖြစ်ဖြစ် သူတို့သက်တမ်းမှာ လုပ်လို့မရနိုင်ဘူး။ အဲဒီသက်တမ်းတွေဟာ လိုအပ်ချက်တွေအားလုံး ပြီးပြည့်စုံအောင်လုပ်ဖို့ရာ အချိန်တိုတိုလေးပဲ။ ခင်ဗျားက ရှုပ်လုံးဖော်ကြည့်ရမယ်။တက်ကြွရမယ်၊ စိတ်ကူးစိတ်သန်းကောင်းရမယ်။ ရေရရှိရေးမှာ၊ စွမ်းအင်မှာ၊ အခြေခံအဆောက်အအုံမှာ၊ ပညာရေးမှာဖြစ်ပေါ်နေတာတွေအတွက် စီမံကိန်းရှိရမယ်။ အသွင်ကူးပြောင်းမှုခေါင်းဆောင်ဆိုတာ အဲဒီလိုလူမျိုးပဲ။ 'ရဲရင့်တဲ့ အသွင်ပြောင်းလဲခြင်း'ကို တာဝန်ယူဆောင်ရွက်တဲ့ သူတို့ရဲ့ အမြော်အမြင်တွေနဲ့ ပြည်သူတွေကို နှိုးဆော်တိုက်တွန်းနိုင်သူမျိုးပေါ့။[i] သူတို့ကလူထုခံစားရတဲ့ဒုက္ခတွေကို 'တိုင်းပြည်ရဲ့ သမိုင်းကြောင်းမှာ အလှည့်အပြောင်းတွေအဖြစ် ပြောင်းလဲပေးနိုင်ကြတယ်။[ii]

အခုကျွန်တော်ပြောနေတာ ကျွန်တော့်စိတ်နေစိတ်ထားပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အစိုးရဝန်ထမ်း ဖြစ်လာတာ ၁၉၄၆ ခုနှစ်ကတည်းကမို့လို့ပဲ။ ကျွန်တော့်အသက် ၁၈ နှစ်မှာ ဖိလစ်ပိုင်ကိုယ်စားပြုအနေနဲ့ အမေရိကန်စစ်တက္ကသိုလ် ဝက်စ်ပွိုင့်မှာ ဝိုလ်လောင်းအဖြစ် အစိုးရဝန်ထမ်းဖြစ်လာခဲ့လို့ပဲ။ အဲဒီအချိန်တုန်းက စစ်ဒဏ်ခံနေရတဲ့အချိန်ပေါ့။ မနီလာမြို့တောင်ပိုင်းက မြို့တော်လွတ်လပ်မြောက်ရေးတိုက်ပွဲကြောင့် ရစရာမရှိအောင် ပျက်စီးနေတယ်။ အဲဒီနေရာမှာ ဂျပန်တွေက ခုခံနေတယ်။ သူတို့ကို မဟာမိတ်တပ်တွေ (အထူးသဖြင့် အမေရိကန်တပ်တွေ) နဲ့ ဖိလစ်ပိုင်ပျောက်ကျားစစ်သားတွေက တိုက်နေတာ။ အဲဒီအချိန်မှာ ကျွန်တော့်စစ်မှုထမ်းဘဝစတာပဲ။ ဖိလစ်ပိုင်သမ္မတဝင်အရွေးခံတော့မယ်ဆိုတော့ ကျွန်တော်တပ်ကအငြိမ်းစားယူခဲ့တယ်။ အငြိမ်းစားမယူခင်မှာ ကာကွယ်ရေးဝန်ကြီး (၁၉၈၈-၁၉၉၂) ရာထူးမှာ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့တယ်။ တစ်ဦးချင်းအနေနဲ့ ပြောရရင်တော့ နည်းလမ်းသုံးခုနဲ့ကျွန်တော့်ရဲ့လုပ်ပုံကိုင်ပုံကို အနှစ်ချုပ်ပြီးပြောလို့ရမယ့် အရှင်းဆုံးဝေါဟာရ စကားလုံးတွေကိုသုံးပြီး ပြောပါ့မယ်။ ပေးကမ်းတာ၊ ဝေမျှတာနဲ့ အခြားသူတွေအတွက် ကိုယ်ကျိုးစွန့်တာပဲ။ ကိုယ့်မိသားစုရဲ့လိုအပ်ချက်တွေကို ဖြေရှင်းပေးရင်းနဲ့ပဲ တခြားသူတွေနဲ့ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ခြင်း၊ ဝေမျှခြင်း၊ စောင့်ရှောက်ခြင်းတို့ကိုလုပ်ဖို့ပါပဲ။ ကိုယ်ကျိုးစွန့်တယ်ဆိုတာ ကိုယ်ယူထားတာထက်ပိုပေးဖို့ပါပဲ။ အများကောင်းစားရေးအတွက် ပေးဆပ်ရဲတာပေါ့။ လူဘယ်နှစ်ယောက်က ဒါမျိုးလုပ်ဝံ့မလဲ။ 'လူများစုအတွက်၊ မိသားစုအကျိုးစီးပွား' က ပြည်သူနဲ့ တိုင်းပြည်ရဲ့ကောင်းကျိုးချမ်းသာရဲ့ရှေ့မှာရောက်နေတယ်။[iii] အုပ်ချုပ်ရေးယန္တရားကမလုပ်ရဲတဲ့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို ခေါင်းဆောင်တွေက ချရဲရတယ်။ ရှေ့ဆက်ဘာလုပ်ရမယ်ဆိုတာ လမ်းပြတယ်။[iv] အပြောင်းအလဲလုပ်နိုင်ဖို့ ခေါင်းဆောင်တွေဟာ ညီညွတ်အောင်လုပ်ရဲရမယ်။ ဒါကြောင့် ခေါင်းဆောင်ဆိုတာ သူနဲ့အတိုက်အခံကို ညီညွတ်အောင်လုပ်ပြီး တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့ အစုအသင်းရယ်လို့တစ်ခုတည်းရှိလာအောင်လုပ်နိုင်မှာပေါ့။ ဖိလစ်ပိုင်မှာ ပိုကောင်းတဲ့ အနာဂတ်အတွက် ကျွန်တော်တို့ရဲ့အမြင်နဲ့ အမျိုးသားအကျိုးစီးပွားနဲ့ပတ်သက်လို့ပြောမယ်ဆိုရင်တော့ အတိုက်အခံသည်ပင်လျှင် ကိုယ်နဲ့တစ်သင်းထဲပဲ။ တချို့ကိစ္စတွေအတွက် ကျွန်တော်တို့တစ်သင်းထဲဖြစ်နေမှရမယ်။ အားကစားပွဲတွေမှာဆိုရင် တစ်ကျောင်းထဲကထွက်တဲ့ နှစ်သင်း

ပြိုင်ရတာရှိတယ်လေ။ အဲဒီလိုပဲ နိုင်ငံရေးမှာလည်းရှိတယ်။ ကျွန်တော်တို့ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ရမယ်ဆိုရင် တစ်သင်းထဲလုပ်ကြမယ်။ ကျွန်တော်ပြောတာ ရည်ရွယ်ချက်ညီညွတ်မှု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်ကြီးတစ်ခုရဲ့အသင်း၊ ရိုးသားမှုတန်ဖိုးတွေနဲ့ စည်းလုံးမှု၊ အလုပ်ကြိုးစားမှု၊ တိုင်းပြည်ကိုချစ်မှတ်နိုးမှု၊ ဘုရားသခင်ကို ချစ်မြတ်နိုးမှု၊ ပြည်သူကိုချစ်မြတ်နိုးမှု၊ ပတ်ဝန်းကျင်ကိုချစ်မြတ်နိုးမှုတွေကိုပြောတာပါ။

အလုပ်လုပ်တဲ့အခါ စည်းကမ်းကြီးတာ ခေါင်းဆောင်တွေဖို့အရေးကြီးတယ်။ ၂၄ နာရီ တစ်ပတ် ၇ ရက်အလုပ် လုပ်ဖို့ဆိုတာ မလုံလောက်ဘူး၊ ၂၅ နာရီ ၈ ရက်အလုပ်လုပ်ဆိုပြီး ကျွန်တော်ပြောလေ့ရှိတယ်။ ပြီးခဲ့တဲ့ ၁၃ နှစ်မှာ ကျွန်တော်က အငြိမ်းစားပါ။ ဒါပေမယ့် စနေနေ့လည်တိုင်အောင် ကျွန်တော်အလုပ်လုပ်တုန်းပဲ။ တစ်နေ့ ၂၄ နာရီ၊ တစ်ပတ် ၇ ရက်ထက်ပိုပြီးတော့ ဘယ်လိုများအလုပ်လုပ်တာတုန်းဆိုရင်တော့ ဘောလုံးတွေအများကြီးကို လေထဲမြှောက်ပြီး မျက်လှည့်ပြကစားတာလို ကိစ္စတွေအများကြီးကို တစ်ထိုင်တည်းလုပ်နိုင်ရမယ်။ မင်ဒါ နာအိုကိစ္စရှိမယ်၊ တောင်တရုတ်ပင်လယ်၊ စီးပွားရေး၊ ပြည်ပရောက်အလုပ်သမားတွေ၊ လူသတ်ပွဲ၊လုယက်မှု၊ ကုလသမဂ္ဂ၊ အာဆီယံကိစ္စတွေရှိမယ်။ ပြဿနာက တစ်ချို့ခေါင်းဆောင်တွေက လုပ်နိုင်သလောက်မလုပ်ကြတာ ပဲ။သူတို့လုပ်ရတဲ့တာဝန်တွေအတွေ့ အချိန်အပြည့်ပေးပြီး မလုပ်ကြဘူး။ အဲဒီကိစ္စတွေနဲ့လုံးချာလည်လိုက်သွားကြတာချည့်ပဲ။ သူတို့က ကောင်းကင်ကြိုးတန်းပေါ်ကနေ လိမ့်ကျတာနဲ့ တိုင်းပြည်လည်းပျက်ပြီပဲ။ ကျွန်တော်တို့နိုင်ငံမှာ အဲဒါမျိုးနှစ်ခါ ဖြစ်ဖူးတယ်။

*အသက်ငယ်ငယ်နဲ့ဗိုလ်လောင်းအဖြစ် အသက်မွေးဝမ်းကျောင်းစခဲ့တယ်။ သမ္မတမဖြစ်ခင်အထိ ခင်ဗျားရဲ့ တတ်မြောက်တဲ့အသက်မွေးဝမ်းကျောင်းနဲ့ ဘဝတက်လမ်းစကိုဖြတ်သန်းတယ်။ စစ်တပ်မှာ ရဲအဖွဲ့မှာတာဝန်ထမ်း ရင်းနဲ့ပေါ့။ လေ့ကျင့်သားပြည့်ဝတဲ့ ပညာသည်ပီသသော လက်နက်ကိုင်တပ်ဖွဲ့တစ်ခုမှာ စစ်ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးရာထူးတွေမှာ မြင့်မားတဲ့တာဝန်တွေရဲ့ရာထူးတွေများကြီးဖြတ်သန်းခဲ့တယ်။ အဲဒီလိုရာထူးတွေမှာ တာဝန်ထမ်းဆောင်ခွင့်ရတာကလည်း ထိုက်တန်တဲ့ဂုဏ်ပြုခံရမှုပါ။ လမ်းသစ်ထွင်ပြီး ဦးဆောင်ဖို့ ခင်ဗျားအမှီအခိုကင်းအောင်ဘယ်လိုလုပ်ခဲ့လဲ။*

ရာမ့ို။ ။ ဟုတ်တယ်။ ကျွန်တော့်အတွက် ကံကောင်းချင်တော့ ကျွန်တော့်ဘဝတက်လမ်းက အဲဒီလိုတစ်ဆင့်ချင်းတက်ခဲ့တယ်။ ကျွန်တော်ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ကျွန်တော်ဗိုလ်မှူးကြီးဖြစ်တဲ့အချိန်မှာလားမသိဘူး။ သမ္မတသစ် မားကို့စ်ဟာ ကျွန်တော်နဲ့ညီအစ်ကိုနှစ်ဝမ်းကွဲတော်တဲ့သူဖြစ်နေတယ်။ အဲဒီအချိန်မတိုင်ခင်တုန်းက အထိတော့ ကျွန်တော့်အတွက် ပညာသည်အဆန်ဆုံးပုံစံနဲ့ ရာထူးတွေတစ်ခုပြီးတစ်ခုတိုးခဲ့တာပဲ။ ကိုရီးယားနဲ့ ဗီယက်နမ်မှာ အတိမ်းအစောင်းမခံတဲ့ တာဝန်တွေထမ်းဆောင်ရင်း ပြည်ပမှာတာဝန်ထမ်းတာ၊ စစ်သားတွေကို ဦးစည်းကွပ်ကဲခဲ့ရင်း ရာထူးတွေတိုးလာခဲ့တာပဲ။ ကျွန်တော်ဗိုလ်ချုပ်ကြီးအဆင့် ရောက်ချိန်မှာ

မစ္စတာမားကို့လက်ထက်ပဲ။ သို့သော် သူကကျွန်တော့်ကိုမျက်နှာသာပေးလို့ ရာထူးတက်ခဲ့တာ မဟုတ်ဘူး။ မားကို့စ်က စစ်တပ်ရဲ့အမြင့်ဆုံးအမိန့်ပေးသူဖြစ်ပေမယ့်လည်း သူ့အမိန့်ကိုပုန်ကန်ခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ စစ်အုပ်ချုပ်ရေးကြေညာပြီး ပြည်သူ့အခွင့်အရေးတွေကို အလွဲသုံးနေတာကို ကျွန်တော်တို့ထဲက တစ်ချို့က မကြိုက်လို့ပဲ။

## စစ်တပ်၏အခန်းကဏ္ဍ

*ခင်ဗျားက 'ပုန်ကန်တယ်' လို့ပြောခဲ့တာမှာ မေးစရာရှိလာတယ်။ စစ်တပ်ကို အရပ်ဘက်အုပ်ချုပ်ရေးအောက်ရောက်အောင် ဘယ်လိုလုပ်လို့ရလဲ။ ကိုရာဇန် အကွိန်နဲ့ ဂလိုရီယာ အာယိုယိုတို့ရဲ့ သမ္မတသက်တမ်းတွေမှာ စစ်တပ်ကအာဏာသိမ်းဖို့ပူးပေါင်းကြံစည်တာတွေ အများကြီးဖြစ်ခဲ့တယ်။ ခင်ဗျားစစ်တပ်ကို ဘယ်လိုထိန်းလဲ။ စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးမှာ ဘယ်လိုအပြောင်းအလဲတွေဖြစ်အောင် ခင်ဗျားလုပ်ခဲ့လဲ။*

ရာမို့စ်။ ။စစ်တပ်မှာတုန်းက ကျွန်တော့်အတွက်အရေးအကြီးဆုံးအရာကတော့ ပညာသည်ပီသမှုကိုထိန်းသိမ်းဖို့နဲ့ ကျွန်တော့်ဆုံးဖြတ်ချက်ချမှတ်မှုမှာ ဖိအားတွေရှိသည့်တိုင် နိုင်ငံရေးအစွက်မခံတာပဲ။ ကျွန်တော်ရာထူးတွေကြီးလာချိန်မှာ သမ္မတရုံးက နိုင်ငံရေးသမားတွေအပါအဝင် နိုင်ငံရေးသမားတွေဆီကနေ ဖိအားတွေများလာတယ်။ သို့သော် အင်မတန်ပညာသည်ပီသမှုနဲ့ ကျင့်သားရထားတာကြောင့် ကျွန်တော့်အတွက် အေးဆေးပဲ။ အရေးကြီးတဲ့ လက်နက်ကိုင်တပ်ဖွဲ့ကြီးဖြစ်တဲ့ အမျိုးသားရဲတပ်ဖွဲ့တစ်ခုလုံးကို ကျွန်တော်တာဝန်ယူရတယ်။ သို့သော် ကိုရီ အကွိန်ပြဋ္ဌာန်းခဲ့တဲ့ အခြေခံဥပဒေအရ အမျိုးသားရဲတပ်ဖွဲ့ဟာ အခြားဝန်ထမ်းအဖွဲ့အစည်းအနေနဲ့ အရပ်ဘက်အုပ်ချုပ်ရေးအောက်မှာ ပြည်ထဲရေးဝန်ကြီးနဲ့ ဒေသဆိုင်ရာအစိုးရအောက်မှာ ရှိရတယ်။ နောက်တော့ ရဲတပ်ဖွဲ့ဟာ လက်နက်ကိုင်တပ်ဖွဲ့ (စစ်တပ်) ကနေ သီးခြားဖြစ်သွားပြီး ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ဖြစ် လာခဲ့တယ်။

ဒီတော့ ကျွန်တော်ဟာ လက်နက်ကိုင်တပ်ဖွဲ့တွေအားလုံးမှာဆိုရင် ဒုတိယစစ်ဦးစီးချုပ်အဖြစ်နဲ့အမျိုးသားရဲတပ်ဖွဲ့ကိုတာဝန်ယူရတယ်။ နောက်တော့ (၁၉၈၆ခုနှစ်) တပ်တွင်းပုန်ကန်မှုမှာ ကျွန်တော်တို့ အသိအမှတ်ပြုတဲ့ခေါင်းဆောင်ရဲ့ နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ကို နာခံရတယ်။ သူကတော့ ကာကွယ်ရေးဝန်ကြီး ဂျူအန်း ပွန်စီ အန်းရီးလ်ပဲ။ အခုသူက အထက်လွှတ်တော်ဥက္ကဋ္ဌပါ။

အနောက်အာဖရိကနဲ့ အရှေ့အလယ်ပိုင်းမှာ မရှိတာကဘာလဲဆိုရင် ပုန်ကန်ထကြွတဲ့ အရပ်သားအစိုးရ၊ လူငယ်လူရွယ်တွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပညာရပ်အသိုင်းအဝိုင်းနဲ့အလုပ်သမားစတာတွေက စစ်တပ်ကို သူတို့ရဲ့အစိတ်အပိုင်းအဖြစ် ဆွဲမခေါ်နိုင်ကြတာပဲလို့ ထင်တယ်။ အဲဒီတိုင်းပြည်တွေမှာ အဲဒီလိုဖြစ်အောင် စီမံကိန်းမချခဲ့ဖူးပါဘူး။ သို့သော် ပုန်ကန်ထကြွမှုရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေတော်တော်များများဟာ တစ်ယောက်ပြီးတစ်ယောက်၊

တပ်စိတ်တစ်ခုပြီးတစ်ခု၊ သူတို့နဲ့နောက်တော့ သွားပူးပေါင်းတာပဲ။ လစ်ဗျားမှာ အဲဒါမျိုးဖြစ်ခဲ့တယ်။ ဆီးရီးယားမှာ ဖြစ်နေတုန်းပဲ။ သို့သော် ကျွန်တော်တို့ဖြစ်ရပ်မှာတော့ ပုန်ကန်ထကြွတတ်တဲ့စစ်တပ်ဟာ အရပ်သားတွေနဲ့ အစကတည်းက ပူးပေါင်းပြီးသားဗျ။ ပုန်ကန်ထကြွတတ်တဲ့ စစ်တပ်နဲ့အရပ်သားတွေ တကယ်ပဲပူးပေါင်းခဲ့ကြတာ။ ဒီလိုတွေးကြည့်ရအောင်ဗျာ။ ကျွန်တော်တို့နိုင်ငံမှာ ရွေးကောက်ပွဲမဲဆွယ်နေချိန် ကိုရီ အကွီနိုက အဓိကအတိုက်အခံ သမ္မတလောင်းဖြစ်နေချိန်မှာ သမ္မတမားကိုစ်ကိုထောက်ခံမှုကို ရုပ်သိမ်းလိုက်ဖို့ စစ်တပ်က ပထမဆုံးအကွက်ရွှေ့လိုက်တယ်။ ကျွန်တော်တို့ ကိုရီအကွီနိုကို မားကို့စ်ထက်ပိုပြီး လိုလားလို့မဟုတ်ဘူး။ မားကိုးစ်ကိုထောက်ခံနေတာကိုပဲ ရုပ်သိမ်းလိုက်တာ။

ကျွန်တော်တို့ကို မားကိုးစ်က လွယ်လွယ်လေးနဲ့ အနိုင်မယူနိုင်ခဲ့လိုက်တာ ကံကောင်းတယ်ပြောရမယ်။ သူ့ရဲ့ လက်နက်ကိုင်တပ်တွေနဲ့ယှဉ်ရင် ကျွန်တော်တို့တော့ အညံ့ခံခဲ့ရမှာပဲ။ သူ့မှာ သံချပ်ကာကားတွေ၊ ရဟတ်ယာဉ်တွေ၊ တိုက်လေယာဉ်တွေ၊လက်နက်ကြီးတွေ၊ ကမ်းတက်တပ်တွေနဲ့ဗျ။ ကျွန်တော်တို့က အစိုးရကိုဆန့်ကျင်လိုကြတဲ့ စစ်အရာရှိအုပ်စုလေးထက်မပိုဘူး။ ဒါပေမယ့် ကာကွယ်ရေးဝန်ကြီး အန်းရီးလန်နဲ့ကျွန်တော်က စစ်ဆင် ရေးတာဝန်တွေနဲ့ စီမံခန့်ခွဲမှုတွေကို ခွဲယူမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြတယ်။ မစ္စတာ မားကို့စ်ဆီကနေ ကျွန်တော်တို့ ခွဲထွက်လိုက်တာရဲ့ လူမှုရေးနဲ့ နိုင်ငံရေးမျက်နှာစာတွေကို တာဝန်ယူလုပ်ကိုင်ဖို့ ဝန်ကြီးအန်းရီးလ်ကို ကျွန်တော်ပြောခဲ့တယ်။ မီဒီယာ၊ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံရေးပါတီကို စကားပြောမှာ သူတစ်ယောက်ထဲပဲ။ ကျွန်တော်က စစ်ဆင်ရေးတာဝန်တွေကို ယူမယ်ပေါ့။ အဲဒီလိုကျွန်တော်တို့ တာဝန်ခွဲဝေခဲ့တာပဲ။ အခုနေအခါမှာတော့ လုပ်ငန်းတာဝန်တွေက ထပ်နေတာတွေအများကြီးဖြစ်နေတာ အမှန်ပဲ။ တချို့စစ်မှုထမ်းတွေကတော့ ဝန်ကြီး အန်းရီးလ်လက်အောက်မှာရှိတာ အမှန်ပဲ။ ဘာဖြစ်လို့လည်းဆိုတော့ သူ့အုပ်ချုပ်ရေးနယ်မြေမှာ စစ်သားတွေပါတဲ့ နောက်လိုက်တွေရှိနေလို့ပဲ။ နောက်ပြီး ဗိုလ်ချုပ်အဖြစ်အကြာကြီးတာဝန်ယူခဲ့တဲ့ ကျွန်တော့်အနေနဲ့ ပြောပလောက်တဲ့ နောက်လိုက်တွေရှိတာပဲ။ သို့သော် အကြမ်းဖျင်းပြောရင်တော့ အဲဒီလို ကျွန်တော်တို့တာဝန်ခွဲဝေခဲ့ကြတယ်။

ဒါဆို တစ်နိုင်ငံလုံးက အမျိုးသားရဲတပ်ဖွဲ့ဝင် ၁၁၀၀၀၀၊ ကြည်း၊ ရေ၊ လေ တပ်တွေက နောက်ထပ် စစ်သား ၁၂၀၀၀၀ ရဲ့သစ္စာခံမှုကိုရော ကျွန်တော်တို့ဘယ်လိုများ ရနိုင်မလဲ။ ကျွန်တော်တို့စစ်အင်အားက တစ်အားမများဘူး။ စစ်ဦးစီးချုပ်တွေနဲ့ဘယ်လိုရင်းနှီးအောင်နေရမယ်ဆိုတာ သူတို့တွေ အင်ယတန်းအရာရှိတွေဘဝကတည်း ကသိထားပြီးသား။ ကျွန်တော်တို့က တစ်ယောက်နဲ့တစ်ယောက် နာမည်ရင်းတွေအဖျားဆွတ်ခေါ်ကြတဲ့သူမျိုး တွေ။ တင်းနစ်ရိုက်ဖက် ဂေါက်ရိုက်ဖက်တွေ။ ရေငုပ်ဖော်တွေ။ ပြိုင်ကားမောင်းတာ၊ ပြေးခုန်ပစ်မှာဝင်ပြိုင်ရင် ပြိုင်ဖော်ပြိုင်ဘက်တွေဗျ။ စီမံကိန်းတွေအများကြီးမှာလည်း တူတူလုပ်ခဲ့ဖူးတယ်။ စီမံကိန်းတွေတော်တော်များများမှာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေအားလုံးလိုတာကိုး။ ဒီတော့ ကျွန်တော်တို့မှာ

အသင်းအဖွဲ့စိတ်ဓာတ်ဆိုတာ ရှိနေတယ်။ ကျွန်တော် သမ္မတဖြစ်တဲ့အချိန်အထိ အဲဒီအသင်းအဖွဲ့စိတ်ဓာတ်ကို ထိန်းသိမ်းခဲ့တယ်။ ကျွန်တော်တို့အခုထိ အတူဂေါက်ရိုက်ကြတုန်း၊ မိတ်ဆုံစားပွဲလုပ်ကြတုန်းပဲ။ မဖြေရှင်းနိုင်ခဲ့တဲ့ အရေးကိစ္စတွေအကြောင်း ကျွန်တော်တို့ပြောနေဆိုနေကြတုန်းပဲ။

ကျွန်တော်တို့ တပ်တွင်းပုန်ကန်မှုဖြစ်တဲ့အချိန်မှာ လေးရက်မြောက်နေ့ (ကျွန်တော်တို့က ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှာ ညချမ်းမှာ တပ်တွင်းပုန်ကန်မှုစခဲ့တာ) နေ့လယ်ခင်းကျတော့ ပုန်ကန်မှုကပြီးသွားပြီ။ အဲဒီအချိန်မှာ ကိုရီအကွိနိုက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနေပြီ။ အဲဒီကျမ်းသစ္စာကျိန်ဆိုမှုကို တရားရုံးချုပ်က တရားသူကြီးတစ်ဦးကနေ ကြီးကြပ်စီစဉ်ခဲ့တယ်။ မစ္စတာ ဂျူအန်း ပွန်စီ အန်းရီးလ်ကို ကာကွယ်ရေးဝန်ကြီးအဖြစ်၊ ဒုတိယဗိုလ်ချုပ်ကြီးဖြစ်တဲ့ ကျွန်တော့်ကို စစ်ဦးစီးချုပ်သစ်အဖြစ် အကွိနိုက ခန့်အပ်ခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၅ ရက်မှာ ကျွန်တော့်ပခုံးပေါ် နောက်ထပ်ကြယ်တစ်ပွင့်ရောက်လာတယ်။ စစ်တပ်ဟာ အရပ်ဘက်အုပ်ချုပ်မှုအောက်မှာပဲ ရှိခဲ့တယ်။ အကွိနိုရဲ့သမ္မတသက်တမ်းမှာ 'ဖိလစ်ပိုင်လက်နက်ကိုင်စစ်တပ်အသစ်'ဆိုတဲ့တန်ဖိုးတွေ စိမ့်ဝင်ပျံ့နှံ့အောင်ကြိုးပမ်းတာကို ကျွန်တော်ဦးဆောင်ပြီးလုပ်ခဲ့တယ်။ အဲဒီတန်ဖိုးရဲ့ဆိုလိုရင်းကတော့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ နိုင်ငံရေးနဲ့မပတ်သက်ရဘူး၊ ဘက်တော်သားစိတ်မရှိရဘူး၊ ဥပဒေနဲ့ပြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဖို့ ယခင်ကထမ်းဆောင်ခဲ့တဲ့ ကိုယ့်တာဝန်ကိုယ်ကျေပွန်ရမယ်ဆိုတာပဲ။ အတိတ်ကိုကျွန်တော် တို့အဓိကမထားပဲ အနာဂတ်ကိုအလေးထားပြီး ရာထူးရာခံအဆင့်ဆင့်ကို ညီညွှတ်မှုရှိအောင်၊ သင့်မြတ်အောင် အခြေခံဥပဒေကို သစ္စာစောင့်သိအောင် ကျွန်တော်တို့ကြိုးစားခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ရာထူးတိုးပေးတာတွေ၊ တာဝန်ချထားတာတွေကို စံချိန်စံညွှန်းနဲ့ဝင်အောင်သတ်မှတ်တာ စလုပ်နေတဲ့အချိန်ပေါ့။ မားကို့စ်ကို ထောက်ခံတဲ့သူတွေနဲ့ အကွိနိုကိုလိုလားတဲ့သူတွေကို ကျွန်တော်တို့အုပ်စုခွဲတာမျိုးမလုပ်ခဲ့ဘူး။ ထူးချွန်မှုနဲ့ အရည်အချင်းပေါ်မှာပဲမူတည်ပြီး တာဝန်ပေးအပ်ခဲ့တယ်။ [v]

*ကြည့်ရတာလွယ်လိုက်တာ။ ဒါပေမယ့် အဲဒီတုန်းက အာဏာသိမ်းဖို့ကြိုးစားကြတာတွေ အများကြီးရှိခဲ့တယ်လို့ ကျွန်တော်တို့သိထားတယ်။ ဘာဖြစ်လို့အများကြီးရှိခဲ့တာလဲ။*

ရာမို့စ်။ ။ မှတ်တမ်းတွေအရ ၁၉၈၆ ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်ထိ ကိုရီအကွိနိုအစိုးရဆီကနေ အာဏာသိမ်းဖို့ ကိုးကြိမ်ကြိုးစားခဲ့တာရှိပါတယ်။ ပင်တိုင်အဖွဲ့ကြီးတစ်ခုကနေ အာဏာသိမ်းဖို့လုပ်တာမဟုတ်ဘူးဗျ။ အဲဒီတုန်းက အာဏာသိမ်းဖို့လုပ်ကြတဲ့စစ်အုပ်စုတွေအများကြီး။ တစ်ချို့က အရမ်းဒုက္ခပင်လယ်ဝေတဲ့အခြေအနေမှာ စစ်မြေပြင်မှာအမှုထမ်းသက်ကြာခဲ့တဲ့ ဗိုလ်ကြီးအဆင့် အရာရှိပေါက်စတွေ။ သူတို့က သင့်တင့်တဲ့အသိအမှတ်ပြုမှု မရကြဘူးဆိုတဲ့ အရာရှိငယ်တွေ။ လစာလည်းမလောက်မငှပဲရကြတဲ့သူတွေ။ အခုအထက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေတဲ့ ဂရီဂေါ်ရီယို ဟိုနာဆန်လို ဗိုလ်မှူးပေါက်စတွေရှိတယ်။ သူတို့က အာဏာ

သိမ်းချင်လို့ လက်ယားနေတဲ့သူတွေ။ ဒါပေမယ့် အထက်မှာ ကျွန်တော်တို့လို ဗိုလ်ချုပ်တစ်ချို့ ရှိနေတော့ကာ လုပ်လို့မရဘူး။ ပထမ စစ်ဦးစီးချုပ်အနေနဲ့ နောက်တော့ ကာကွယ်ရေးဝန်ကြီး အနေနဲ့ သူတို့အားလုံးကို မလှုပ်ရှားနိုင်အောင်လုပ်ထားရတယ်။ သူတို့မလှန်နိုင်ပါဘူး။ သို့သော် 'လက်နက်ကိုင်တပ်များ ညီညွတ်ရေး'ကိုထိန်းသိမ်းဖို့ကလည်း ကျွန်တော့်တာဝန်ပဲ။[vi] ရွှေကောက် တင်မြှောက်ခံ ဖိလစ်ပိုင်သမ္မတအဖြစ် အကွိန်ကို အသိအမှတ်ပြုဖို့ ကျွန်တော်တို့က ကတိပြုခဲ့ကြပြီးပြီဗျ။

၁၉၈၆ ခုနှစ် မတ်လမှာ ကြေညာချက်အမှတ် ၃ ဖြစ်တဲ့ ယာယီ 'လွတ်လပ်ရေး အခြေခံဥပဒေ' ကို ကိုရီအကွိန်က ထုတ်ပြန်ခဲ့တယ် အဲဒီအခြေခံဥပဒေဟာ အသွင်ကူးပြောင်းမှုအတွက် ငြိမ်ဝပ်ပိပြားမှုကို တည်ထောင်ပေးလိုက်တာပဲ။ ၁၉၈၆ ခုနှစ်ကနေ ၁၉၈၇ ခုနှစ်အတွင်း ကျွန်တော်တို့ဟာ တောင်လှန်ပြောင်းလဲနေတဲ့ အစိုးရလက်အောက်မှာရှိခဲ့တာပါ။ တကယ် အသက်ဝင်နေတဲ့ တိကျသေချာသော အခြေခံဥပဒေဆိုပြီး မရှိခဲ့ဘူး။ ကိုရီ အကွိန်က အမိန့် ကြေညာစာတွေနဲ့ အုပ်ချုပ်ခဲ့တာပါ။ အဲဒီအချိန်မှာ ကွန်ဂရက်လွှတ်တော်ကိုဖျက်သိမ်းလိုက်ပြီ။ ဒါပေမယ့် အဲဒီတစ်နှစ်တာကာလအတွင်းမှာ ဘာပဲပြောပြော ကြီးကျယ်တဲ့အရေးအခင်း ဒါမှမဟုတ် လူထုအုံကြွမှုရယ်လို့မဖြစ်ခဲ့ဘူး။ မနီလာဟိုတယ်ကို မားကို့စ်ကိုသစ္စာခံတဲ့သူတွေက သိမ်းပိုက်တိုက်ခိုက်ဖို့ မအောင်မြင်တဲ့ ကြိုးပမ်းမှုတစ်ခုပဲဖြစ်ခဲ့တယ်။

စစ်တပ်က တော်လှန်ရေးပြီးတော့ စိတ်ဝမ်းကွဲသွားတယ်။ တပ်ထဲမှာ အသက်အရွယ် အဆင့်အတန်းရဲ့ အကျိုးစီးပွားတွေကြောင့် အဲဒီလိုစိတ်ဝမ်းကွဲသွားတာ။ ငယ်ရွယ်တဲ့ ဗိုလ်ကြီး တွေ၊ အရမ်းတက်ကြွပြီး ရည်မှန်းချက်ကြီးတဲ့ ဗိုလ်မှူးကြီးတွေ၊ ကျွန်တော့်လို ပိုနေမြဲကျားနေမြဲ အခြေအနေကို ထိန်းသိမ်းချင်တဲ့၊ ၁၉၈၇ အခြေခံဥပဒအရ အုပ်ချုပ်မယ့် အရပ်သားအစိုးရကို အခွင့်အရေးပေးဖို့လိုလားတဲ့ အသက်ကြီးပိုင်း ဗိုလ်ချုပ်တွေဆိုပြီးတော့ တပ်ထဲမှာဖြစ်နေတာ။ ကျွန်တော်က သမ္မတအဖြစ်ဝင်ပြိုင်ဖို့ ရည်မှန်းချက်ထားလိုက်ချိန်မှာ တပ်ထဲက၊ ကာကွယ်ရေး ဝန်ကြီးဌာနက ကျွန်တော့်တပည့်တွေက ပြောကြတယ်။ ကျွန်တော် ရွှေကောက်ပွဲဝင်စရာ မလိုပါဘူးတဲ့။ သမ္မတရာထူးကို အလွယ်လေးယူလိုက်ရုံပဲ သူတို့ထောက်ခံသွားမယ်တဲ့။ ဟာ မဟုတ်တာလို့ ကျွန်တော်ကပြောရတယ်။ ကျွန်တော် သမ္မတရာထူးကို အာဏာသိမ်းပြီးယူ လိုက်မယ် လွန်ရောကျ၌ရော သုံးနှစ်ပေါ့။ ဒါပေမယ့် အဲဒီသုံးနှစ်ထက်ပိုပြီး ရာထူးမှာနေလို့ရမှာ မဟုတ်ဘူး။ ဖိလစ်ပိုင်ပြည်သူတွေက အဲလိုလုပ်ဖို့ခွင့်ပြုမှာမှမဟုတ်တာကိုး။ အဲဒီလိုနဲ့ ကျွန်တော် တို့ အခုအခြေအနေရောက်ခဲ့တာပဲ။ အရှေ့အလယ်ပိုင်းနဲ့ အနောက်အာဖရိကမှာ ဘုရင်မင်း ဆက်တွေရယ်၊ ကြေးရတတ်မိသားစုတွေရယ်၊ အာဏာရှင်တွေရယ် အချိန်တစ်ခုကြာတဲ့ အထိတော့ အုပ်စိုးနေကြဦးမှာပဲ။ သို့သော် ပြည်သူတွေက လက်ခံမှာမဟုတ်တော့ သူတို့သက် ဆိုးတော့ရှည်မှာမဟုတ်ဘူး။ အဲဒီလူတွေဟာ ဆယ်နှစ်၊ နှစ် ၂၀၊ နှစ် ၃၀၊ ကဒါဖီလိုလူမျိုးဆိုရင် နှစ် ၄၀ အုပ်ချုပ်ချင် အုပ်ချုပ်မယ်။ သို့သော် နောက်ဆုံးကျပြည်သူတွေက ခွင့်ပြုကြမှာမဟုတ်ဘူး။

*ဒီအာဏာသိမ်းဖို့ ပူးပေါင်းကြံစည်မှုတွေက ခင်ဗျားအစိုးရသက်တမ်းအပြီး သမ္မတ ဂလိုရီယာ အာယိုယိုလက်ထက်မှာ ဘာလို့ဆက်ဖြစ်ခဲ့တာလဲ။ ဘာလို့ အဲဒါကို ရပ်တန်းက ရပ်အောင် မလုပ်နိုင်တာလဲ။*

ရာမို့။ ။ကျွန်တော့်အစိုးရသက်တမ်းပြီးတော့ သမ္မတ အက်စထရာဒါလက်ထက်မှာ တပ်တွင်းပုန်ကန်မှုတွေ တစ်ကျော့ပြန်ထပ်ဖြစ်ခဲ့တယ်။ စစ်တပ်နဲ့အမျိုးသားရဲတပ်ဖွဲ့က ကြားဝင်လာတာကြောင့် သူ့သမ္မတသက်တမ်းက နှစ်နှစ်ခွဲပဲကြာခဲ့တယ်။ သူဟာ အာဏာအလွဲသုံးစားလုပ်ပြီး အဂတိလိုက်စားတယ်လို့ မြင်လာကြလို့ ၂၀၀၁ ဇန်နဝါရီမှာ ရာထူးကဖယ်ရှားခံခဲ့ရတယ်။ သူက သူ့ရဲ့လှုပ်ရှားမှုတွေနဲ့ဩဇာကို သူကွက်ပြီးရွေးထားတဲ့ ခရိုနီတစ်ခုကိုပဲအသုံးချခွင့်ပေးခဲ့တယ်။ ကျွန်တော်တို့ဒါမျိုးကို သဘောမကျဘူး ဒီတော့ အဲဒီတုန်းက အရပ်သားတွေက ကန့်ကွက်ဆန္ဒပြကြတယ်။ ဘုရားကျောင်းတော်၊ ပညာရပ်အသိုင်းအဝိုင်း၊ အလုပ်သမားတွေ၊ အန်ဂျီအိုတွေက ဆန္ဒပြပွဲတွေကို ထောက်ခံခဲ့တယ်။ အရပ်သားပြည်သူတွေက အရင်ဆုံးအုံကြွတာ နောက်တော့ စစ်တပ်နဲ့ ရဲက သူတို့တို့ထောက်ခံလာတာပဲ။

အဲဒီအချိန်မှာ ဂလိုရီယာအာယိုယိုသမ္မတဖြစ်လာတယ်။ သူ့ရဲ့သမ္မတသက်တမ်းသုံးနှစ်မှာ သူ့ကို သူရဲကောင်း အမျိုးသမီးလို မြင်ခဲ့ကြတယ်။ ကျွန်တော်တို့ အများကြီးမျှော်လင့်ခဲ့ကြတယ်။ ဒါပေမယ့် သူက ကတိတွေတစ်ခုပြီးတစ်ခုဖျက်ခဲ့တယ်။ စစ်တပ်ရဲ့မကျေနပ်မှုကလည်း အရမ်းများလာတယ်။ ဒါပေမယ့် အာယိုယိုကို စစ်တပ်ကတော်လှန်တာ လုံးဝမရှိခဲ့ဘူး။ သူ့သမ္မတသက်တမ်းက ကိုးနှစ်ကြာခဲ့တယ်။ သူ့ရာထူးသက်တမ်းအစမှာတုန်းက အရမ်းထိရောက်ပြီး အရမ်းအလုပ်ကြိုးစားခဲ့တာဆိုတော့ သူအရမ်းကံကောင်းပါတယ်။ အခုထိလည်း သူအလုပ်ကြိုးစားပါတယ်။ သို့သော် သူ့မှာအာဏာတွေလည်း အများကြီးရှိလာရော သူ့ရဲ့အကျိုးစီးပွားတွေဘက်ကိုလှည့် သွားတော့တာပဲ။ အဲဒီလိုဖြစ်တာမျိုးက အာဏာရှင်တွေနဲ့ မင်းဆိုးမင်းညစ်တွေမှန်သမျှ ကြုံခဲ့ရတဲ့အတွေ့အကြုံပဲ။ သူတို့က အစတုန်းကတော့ ကိန်းကြီးခန်းကြီးသမားတွေပဲ။ နောက်တော့ အာဏာအရသာတွေ့လာတာနဲ့အမျှ အဲဒါကိုမက်မောလာပြီး အာဏာလက်မလွှတ်ချင်ကြတော့ဘူး။ ရတဲ့နည်းနဲ့အာဏာကိုင်ထားချင်ကြတော့တာပဲ။

ကျွန်တော်သမ္မတဖြစ်တဲ့အချိန်မှာ အခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့ တိုင်းပြည်စီးပွားရေးဆိုင်ရာ၊ အစိုးရဖွဲ့စည်းပုံဆိုင်ရာအခန်းတွေကို ပြင်ချင်ခဲ့တာ။ အာဏာသိမ်းတဲ့အခြေအနေမျိုးမှာ နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ဘက်ကို တစ်နည်းနည်းနဲ့လိုက်ဖို့ စစ်တပ်နဲ့ရဲကိုစည်းရုံးစရာမလိုတဲ့ လွှတ်တော်အစိုးရမျိုးကို ကျွန်တော်လိုလားခဲ့တယ်။ လွှတ်တော်စနစ်မှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေက အယုံအကြည်မရှိအဆို တင်သွင်းလိုက်တာနဲ့ တည်ဆဲအစိုးရကို ဖြုတ်ချလို့ရတယ်။ အဲဒါ ကျွန်တော်တို့လိုချင်တဲ့ စနစ်မျိုး။ စစ်တပ်နဲ့ရဲက ပညာသည်တွေဖြစ်တာကြောင့် နိုင်ငံရေးအရ အုပ်စုတွင်အကွဲအပြဲတွေထဲ သူတို့ကို ဆွဲမသွင်းသင့်ဘူး။ ၁၉၇၈ ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်ကြားကာလကိုကြည့်ပြီး ကျွန်တော့်အတွေ့အကြုံကိုပြောတာပါ။

အဲဒီတုန်းက ကျွန်တော်က စစ်ဦးစီးချုပ်ဖြစ်နေပါပြီ။ စစ်တပ်နဲ့ရဲအဖွဲ့ရဲ့ ရိုးသားဖြောင့်မတ်မှုကို ဘာမှ မထိုခိုက်စေချင်ခဲ့ဘူး။

၁၉၈၉ ခုနှစ်မှာ သမ္မတ ကိုရီအကွီနိုဖွဲ့စည်းခဲ့တဲ့ ဒါဗီကော်မရှင် (ထိုအချိန်က ရွှေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဟီလာရီယို ဒါဗီ ဂျူနီယာ ဥက္ကဋ္ဌလုပ်တဲ့) အဖွဲ့က သူမရဲ့အစိုးရလက်ထက်မှာ အာဏာသိမ်းဖို့ကြိုးပမ်းမှုတွေကို စုံစမ်းစစ်ဆေးခဲ့တယ်။ နောက်တော့ ၂၀၀၃ ခုနှစ်မှာ (အငြိမ်းစား တွဲဘက်တရားရုံးချုပ်တရားသူကြီး ဖလိုရင်တီ နို ဖေလီဆီရာနိဦးဆောင်တဲ့) ဖေလီဆီရာနိကော်မရှင်ကိုဖွဲ့တယ်။ ဒီကော်မရှင်က ဂလိုရီယာ အာယိုယိုလက်ထက်မှာဖြစ်တဲ့ ဆန္ဒပြပွဲအရေးအခင်းတွေကို စုံစမ်းတယ်။ စုံစမ်းပြီးတဲ့အခါမှာ စစ်တပ်က စောဒကတက်တာ တွေက တရားဝင်နေတယ်ဆိုတာ စစ်ဆေးတွေ့ရှိခဲ့တယ်။ အဆင့်မြင့်ရာထူးတွေမှာ ရာထူးတိုးတာ၊ တာဝန်ချထားတာတွေမှာ မျက်နှာလိုက်တာတွေရှိခဲ့တယ်။ အောက်ခြေစစ်မှုထမ်းတွေအတွက် လစာမလောက်ငှဘူး။ အထူးသဖြင့်တပ်ကြပ်တွေနဲ့ တပ်သားတွေပေါ့။ စစ်လက်နက်ပစ္စည်းဝယ်ယူရေးအပါအဝင် စစ်ဘက်လုပ်ထုံး လုပ်နည်းတော်တော်များများမှာ နိုင်ငံရေးအရ စွက်ဖက်မှုတွေရှိတယ်။ဒီတော့ လာဘ်စားတာ၊ အဂတိလိုက်စား တာတွေဖြစ်လာတယ်။ အစတုန်းကတော့ နိုင်ငံရေးအရ ရာထူးရာခံရှိတဲ့သူတွေနောက်တော့ စစ်ဗိုလ်ချုပ်ကြီးတွေတချို့ကိုပါ ကူးစက်လာပြီး သူတို့ပါ အဂတိလိုက်စားလာကြတယ်။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာမှာ တိုင်းပြည်မငြိမ်မသက်ဖြစ်တယ်။ မင်ဒါနာအိုကျွန်းက ခွဲထွက်ရေးနဲ့ပတ်သက် ပြီးတော့ဖြစ်တာ။ အဲဒီဖြစ်ရပ်မှာ ပူးပေါင်းကြံစည်သူတွေက အရေးအခင်းမှာ ခရစ်ယာန်တွေ၊ မွတ်ဆလင်တွေ၊ ကျွန်တော်တို့က လမ်ဒါလို့ခေါ်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေပါတယ်လို့ပြောကြတယ်။ မင်ဒါနာအိုကျွန်းက မင်ဒါနာအို ဖက်ဒရယ်သမ္မတနိုင်ငံအဖြစ်ထူထောင်ပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံကနေ ခွဲထွက်ချင်တာပေါ့။ ဒါပေမယ့် ရန်လိုမှုတွေက ငါးရက်ကြာတော့ ပြီးသွားတယ်။ သွေးထွက်သံယိုဖြစ်တာ အနည်းအကျဉ်းတော့ရှိတယ်။ ဒါပေမယ့် တော်တော်လေးငြိမ်းငြိမ်းချမ်းချမ်းနဲ့ပြီးသွားတယ်။ အဲဒီတုန်းက ကျွန်တော်တို့အစိုးရအဖွဲ့ဝင်တွေရဲ့ ကြားဝင်ဆောင်ရွက်မှုနဲ့ ပိုပြီးကြီးကျယ်တဲ့ စစ်ပွဲဖြစ်မလာအောင် တားဆီးနိုင်ခဲ့တယ်။

ကျွန်တော်ပြောခဲ့သလိုပဲ အကွီနိုသမ္မတသက်တမ်းမှာ အာဏာသိမ်းမှုကိုးကြိမ်ဖြစ်ခဲ့တယ်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှာ အက်စထရာဒါကိုဖယ်ရှားခဲ့တဲ့ အရပ်ဘက်စစ်ရေးလှုပ်ရှားမှုဖြစ်ခဲ့တယ်။ နောက်တော့ အာယိုယိုလက်ထက်မှာ အာဏာသိမ်းဖို့ကြိုးစားတာ သုံးကြိမ်ဖြစ်တယ်။ ပထမအကြိမ်က ၂၀၀၃ ခုနှစ်မှာ (မနီလာမြို့လယ်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့) ဒီမာကာတီမြို့နယ်မှာ ဖြစ်ခဲ့တဲ့ အုတ်ကဝုဒ်အရေးအခင်းပဲ။ နောက်တော့ ၂၀၀၆ ခုနှစ်မှာ အဆင့်မြင့်စစ်အရာရှိတွေ ဦးဆောင်တဲ့ စစ်တပ်ထဲက မကျေမနပ်ဖြစ်နေသူတွေကနေ အလားတူအာဏာသိမ်းဖို့ လုပ်ကြတယ်။ သူတို့က မာကာတီမြို့နယ် စီးပွားရေးလုပ်ငန်းအများစုရှိရာနေရာကို သိမ်းဖို့ကြိုးစားကြ

တာပဲ။ ဒါကြောင့် သူတို့ကို အလျှော့ပေးညှိနှိုင်းဖို့ အစိုးရကိုဖိအားပေးကြတယ်။ ဒါပေမယ့်လည်း သူတို့မအောင်မြင်ခဲ့ကြပြန်ဘူး။ ၂၀၀၇ ခုနှစ် နိုဝင်ဘာမှာ Manila Peninsula ဟိုတယ်ကိုသိမ်းပိုက်တဲ့ဖြစ်ရပ်ဖြစ်တယ်။ ကျွန်တော့်ရဲ့ သမ္မတသက်တမ်း ၁၉၉၂ ခုနှစ်ကနေ ၁၉၉၈ ခုနှစ်အထိ စစ်ဘက်ကဆူပူကန့်ကွက်တာမျိုးတစ်ခုမှမရှိခဲ့ဘူး။ အက်စထရာဒါနဲ့ အာယိုယိုတို့လက်ထက်မှာ ကျွန်တော်က တပ်ကနေအငြိမ်းစားဖြစ်နေပြီ။

## အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး

*အခြေခံဥပဒေ၊ ဒီမိုကရေစီ အခြေခံဥပဒေတွေနဲ့ အဲဒီအခြေခံဥပဒေတွေကို လိုက်နာစောင့်ထိန်းခြင်းဟာ အခိုင် အမာဖြစ်တည်သွားပြီလို့များ ခင်ဗျားပြောမလား။*

ရာမိုစ်။ ။၁၉၇၈ ခုနှစ်အခြေခံဥပဒေကို ဘယ်ပြင်ဆင်ချက်ပဲလုပ်လုပ် တားဆီးမယ့် အရမ်းကိုဩဇာကြီးတဲ့ အုပ်စုတွေရှိနေတာဟာ ဒီနေ့ခေတ်ရဲ့ပြဿနာပဲ။ ကွယ်လွန်သူ ဘုန်းတော်ကြီး ရှင်အိုင်မေဆင်ရဲ့ နောက်လိုက်တွေရှိတယ်။ သမ္မတကိုရီ အကွီနိုရဲ့နောက်လိုက်တွေနဲ့ သူ့ဆွေမျိုးသားချင်းတွေရှိတယ်။ ၁၉၇၈ ခုနှစ်အခြေခံ ဥပဒေကိုရေးဆွဲခဲ့တဲ့သူတစ်ချို့ရှိတယ်။ ဒီအခြေခံဥပဒေဟာ သူ့ရှေ့က ၁၉၃၅ ခုနှစ်အခြေခံဥပဒေ၊ ၁၉၇၂ အ အခြေခံဥပဒေတွေလို (အခြေခံဥပဒေရေးဆွဲရေး) တိုင်းပြုပြည်ပြုလွှတ်တော်ကို ပြည်သူလူထုက ကိုယ်စားလှယ်တွေ ရွေးကောက်တင်မြှောက်ပြီး ရေးခဲ့တာမဟုတ်ဘူး။ ၁၉၈၆ ခုနှစ်မှာ သမ္မတ အကွီနိုက ထူးချွန်ထက်မြက်မှုအရှိဆုံး ဖိလစ်ပိုင်နိုင်ငံသား အယောက်ငါးဆယ်ကိုရွေးချယ်ခဲ့တယ်။ သူတို့တွေက အထက်တန်းလွှာတော့ဆန်တာရှိမယ်။ သို့သော် စီးပွားရေးသမားတွေ၊ မြေပိုင်ရှင်တွေ၊ အလုပ်သမားတွေ၊ အမျိုးသမီးတွေ၊ မွတ်ဆလင် အသိုင်းအဝိုင်းကလူတွေ၊ လက်ယာစွန်းအုပ်စုတွေ၊ တိုင်းပြည်ရဲ့ ပထဝီအနေအထား နေရာအနှံ့ကို ကိုယ်စားပြုတဲ့သူတွေပါတယ်။ အခြေခံဥပဒေကိုအတည်ပြုဖို့ လူထုဆန္ဒခံယူပွဲမှာ မဲပေးသူ ၇၆ ရာခိုင်နှုန်းက ထောက်ခံမဲပေးခဲ့ကြတယ်။ အခြေခံဥပဒေသစ်အရ သမ္မတရာထူးသက်တမ်းက တစ်ဆက်တည်း ခြောက်နှစ်တာဝန်ထမ်းဆောင်ရမယ်လို့ ပြဋ္ဌာန်းချက်ပါလာတယ်။[vii]

အဲဒီ လူ ၅၀ ကနေ ဆင်းသက်ပေါက်ဖွားလာသူတွေက ဒီအခြေခံဥပဒေကိုပြင်ဖို့ကြိုးစားတာမှန်သမျှကို တားဆီးခဲ့တယ်။ အထိတောင်မခံခဲ့ကြဘူး။ မသိရင်လုံးဝကိုပြင်မရတဲ့ ဘယ်တော့မှ ပြင်မရတဲ့ပုံစံမျိုးဖြစ်နေတာ။ ကျွန်တော်တို့က အမေရိကန်အခြေခံဥပဒေကို ကိုးကားပြီး သူတို့အခြေခံဥပဒေဆို ဘယ်နခါပြင်ခဲ့သလဲပေါ့။ ပြီးခဲ့တဲ့နှစ်ပေါင်း ၂၀၀ အတွင်းမှာ ပြင်ဆင်ချက်ဥပဒေ ၂၇ ခုရှိခဲ့တယ်။ ပျမ်းမျှတွက်ကြည့်ရင် ဆယ်နှစ်ကိုတစ်ကြိမ်အရေးကြီးတဲ့ ပြင်ဆင်ချက်ဥပဒေတွေရှိခဲ့တယ်ဆိုတဲ့သဘောပဲ။ ကျွန်တော်တို့နိုင်ငံမှာကျတော့ စီးပွားရေးနဲ့ ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေပြင်ဖို့ ကျွန်တော်ကထောက်ခံခဲ့တယ်။ အဲဒီဥပဒေတွေမှာ သဘာဝသယံ ဇာတတူးဖော်ရေးနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာဆိုရင် တိုင်းရင်းသားနဲ့နိုင်ငံခြား

သားပိုင်ဆိုင်မှုဟာ ၆၀/၄၀ ဖြစ်ရမယ်ဆိုပြီးပြဋ္ဌာန်းထားတယ်။ (ပြည်ပကုမ္ပဏီရဲ့ရှယ်ယာဟာ ပိုင်ဆိုင်မှုစုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်း ရှိရမယ်ဆိုပြီး ကန့်သတ်ထားသည်။) အဲဒီပြဋ္ဌာန်းချက်ဟာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် အလွန်ပဲဆိုးကျိုးသက်ရောက်မှုရှိပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း ဆိုးကျိုးရိုက်ခတ်တာပေါ့။[viii] ကျွန်တော့်ရဲ့ တခြားပြင်ဆင်ချက် ဥပဒေက လွှတ်တော်ဖွဲ့စည်းပုံနဲ့ဆိုင်တယ်။ ကျွန်တော် အဲဒီပြင်ဆင်ချက်ဥပဒေကို မတိုက်တွန်းခဲ့တာ အကြောင်းရှိတယ်။ သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမှာမဟုတ်ဘူးဆိုတာကို ပြည်သူတွေလက်ခံဖို့ အချိန်ယူချင်လို့ပဲ။ အမေရိကန်မှာဆိုရင် သမ္မတကို ရွေးကောက်တင်မြှောက်ဖို့ မဲပေးကြရတာဖြစ်ပေမယ့် သူတို့ရတဲ့မဲတွေကို တစ်ခုချင်းရေတွက်ပြီး နိုင်တဲ့သူက အဆုံးအဖြတ်ပေးတာမဟုတ်ဘူး။ သမ္မတရွေးချယ်ရေးအဖွဲ့က အဆုံးအဖြတ်ပေးတာ။ အခုပြည်သူတွေရဲ့ စိတ်နေစိတ်ထားတွေကို ပဲ့ပြင်ပေးရတော့မယ်။ မျှတတဲ့ကိုယ်စားပြုမှုရှိတဲ့ အုပ်ချုပ်ရေးစနစ်ကို တိုက်ရိုက်မဲပေးရွေးချယ်တာမဟုတ်ရင်တောင်မှ သူတို့လက်ခံလာအောင် လုပ်ရတော့မှာပဲ။

နောက်ကျွန်တော် တကယ်ကိုပြင်ဆင်ချက်ဥပဒေအဖြစ် ကြိုးစားပမ်းစားတင်သွင်းခဲ့တာကတော့ ဆွေမျိုးတော်စပ်သူတွေ နိုင်ငံရေးမှာပါနေတာမျိုးကို တားမြစ်တဲ့အချက်ပဲ။ အခြေခံဥပဒေမှာတော့ နိုင်ငံရေးမှာ မိသားစုလိုက် ပါဝင်ဆောင်ရွက်ကြတာတွေကို ဥပဒေနဲ့ပြဋ္ဌာန်းပြီး တားမြစ်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တစ်ခုပါတယ်။ သို့သော် အဲဒါကိုအသက်ဝင်စေမယ့် ဥပဒေထွက်ထားတာဘယ်မှာလဲ။ နိုင်ငံရေးမှာမိသားစုလိုက်တွေပါနေကြတာကနေ အကျိုးရှိတဲ့သူတွေဟာ ကွန်ဂရက်လွှတ်တော်မှာရှိနေတဲ့ ခေတ်ဟောင်းကလူတွေပဲ။ ဥပဒေရေးဆွဲပြဋ္ဌာန်းဖို့ ကြိုးပမ်းတာတွေရှိခဲ့ပေမယ့် ၁၉၇၈ အခြေခံဥပဒေဟာ ဥပဒေတစ်ခုကိုမှ မပြဋ္ဌာန်းခဲ့ဘူး။ ဒီတော့ကျွန်တော်က ရိုးရိုးလေးပဲအကြံပြုခဲ့ပါတယ်။ ကျွန်တော်တို့အခြေခံဥပဒေကိုပြင်လိုက်လို့ ရှိရင် အဲဒီတားမြစ်ချက်စကားရပ်ဟာ အခြေခံဥပဒေထဲမှာရှိနေမယ်။ ပြဋ္ဌာန်းဥပဒေပေါ်မှာ မူတည်မနေတော့ဘူးပေါ့။ ဒါပေမယ့် အဲဒီလိုစကားရပ်မျိုးပါတဲ့ပြဋ္ဌာန်းချက်တွေ ဘယ်မှာပါလဲ။ အဲဒီအခြေခံဥပဒေမှာပဲပါတဲ့ အခြားပြဋ္ဌာန်းချက်မှာပါတယ်။ ဘယ်လိုရေးထားလဲဆိုတော့ ဖိလစ်ပိုင်သမ္မတသည် အစိုးရအဖွဲ့တွင်ပါသည့် မည်သည့်အရာရှိများကိုမဆို ဆွေမျိုးသို့မဟုတ် သွေးသားတော်စပ်မှုအဆင့်လေးဆက်အတွင်းအကြီးဝင်သည့် ဆွေမျိုးများမဖြစ်ရဆိုပြီး ပြဋ္ဌာန်းထားတယ်။[1] ဒါကြောင့် နိုင်ငံရေးမှာဆွေစဉ်မျိုးဆက်ဝင်ပါတာတွေ လုပ်လို့မရအောင် အစိုးရအဖွဲ့မှာ ရွေးကောက်တင်မြှောက်ခံရတာကို တားမြစ်တဲ့အဲဒီစကားရပ်ကိုကျွန်တော်တို့ အသုံး

1 ၁၉၈၇ ခုနှစ် ဖိလစ်ပိုင်အခြေခံဥပဒေ၏ အခန်း ၇၊ ပုဒ်မ ၁၃ တွင် သမ္မတနှင့် မျိုးဆက်လေးဆက်အကွာ သွေးသားတော်စပ်မှုရှိသော သို့မဟုတ် မိသားစုဝင်ဖြစ်သော ဆွေမျိုးများနှင့် ဇနီးခင်ပွန်းများဖြစ်လျှင် မည်သူမဆို ထိုသမ္မတ၏ သက်တမ်းအတွင်း အခြေခံဥပဒေဆိုင်ရာကော်မရှင် အဖွဲ့ဝင်များ၊ သို့မဟုတ် အစိုးရ၏အဂတိလိုက်စားမှု စောင့်ကြည့်စစ်ဆေးရေးအဖွဲ့တွင်လည်းကောင်း၊ အတွင်းဝန်များ၊ လက်ထောက်အတွင်းဝန်များ၊ အစိုးရပိုင် သို့မဟုတ် အစိုးရကထိန်းချုပ်သော ကော်ပိုရေးရှင်းများနှင့် လက်ဝေခံလုပ်ငန်းများအပါအဝင် ရုံးများ၊ ဌာနများ၏ အကြီးအကဲများ၊ ဥက္ကဋ္ဌများအဖြစ် ခန့်အပ်ခံရခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။

ပြုသင့်တာပေါ့။ ဒါပဲ။ သိပ်ရိုးရှင်းတယ်။

## နိုင်ငံရေးပါတီများ

နောက်အဲဒီပြင်ဆင်ချက်ရဲ့ တခြားမျက်နှာစာတစ်ခုကတော့ ခုနက ဆွေစည်မျိုးဆက် ကိစ္စနဲ့လည်း ဆက်နွယ်နေတဲ့ နိုင်ငံရေးပါတီတွေ တစ်ခုခုပြီးတစ်ခုပြောင်းတာပဲ။ နိုင်ငံရေးပါတီ တွေတစ်ခုပြီးတစ်ခု လွယ်လွယ်လေးပြောင်းလို့ရနေမယ်ဆိုရင် နိုင်ငံရေးဆွေစည်မျိုးဆက်ထောင် ဖို့ မျိုးစေ့ချပေးလိုက်တာပဲ။ ကျွန်တော်ဆို နိုင်ငံရေးဆွေစည် မျိုးဆက်ထောင်တဲ့သဘောဖြစ် သွားတော့မလို့ပဲ။ ကျွန်တော့်အဖေက နိုင်ငံရေးသမားပါ။ ဒါပေမယ့် ကျွန်တော် သမ္မတမဖြစ်ခင် သူဆုံးသွားတယ်။ ကျွန်တော်သမ္မတအဖြစ် တစ်ကြိမ်ပဲဝင်ပြိုင်တယ်။ ပြီးပြီဒါပဲ။ နိုင်ငံရေးသမား တစ်ယောက်အနေနဲ့ ကျွန်တော်မကျရှုံးချင်ဘူး။ ကျွန်တော်သမ္မတဝင်အရွေးမခံခင် ကျွန်တော့် နှမက အထက်လွှတ်တော်ကိုယ်စားလှယ်။ သူက ပညာသင်ကြားရေးသမား၊ သံတမန်။ သူ့အ လုပ်မှာသူကောင်းကောင်းမွန်မွန် လုပ်ခဲ့တယ်။ နောက်တော့ အနားယူလိုက်တယ်။ (သူနောက် ထပ်ရွေးကောက်ပွဲမဝင်တော့ဘူး။) သူ့မှာသားတစ်ယောက်တော့ရှိတယ်။ ဒါပေမယ့် သူက ဒေသဆိုင်ရာ အဆင့်မှာပဲဝင်ပြိုင်တယ်။ ဒီတော့ တကယ်တမ်းပြောရရင် ဆွေစည်မျိုးဆက် ထူထောင်တဲ့အထဲမှာ မပါဘူး။ ဖိလစ်ပိုင်အထက်လွှတ်တော်မှာ ကိုယ်စားလှယ် ၂၄ ဦးပဲရှိပါ တယ်။ ၂၀၁၃ ခုနှစ်မှာသူတို့ထဲက တစ်ဝက်ပဲရွေးကောက်ပွဲကနေတင်မြောက်ဖို့သတ်မှတ်ထား တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှိနေတဲ့ကိုယ်စားလှယ်တစ်ဝက်က ၂၀၁၆ ရွေးကောက်ပွဲအထိ တာဝန်ထမ်းဆောင်ဖို့ ပြဋ္ဌာန်းထားတာကိုး။ ဒီလိုအခြေအနေမှာ မဲဆန္ဒရှင်တွေက ရွေးချယ်စရာ ကိုယ်စားလှယ်သိပ်နည်းသွားပြီ။ အဲဒီ အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲဝင်ကြမယ့် သူတွေက နိုင်ငံရေးဆွေစည်မျိုးဆက်တွေကပဲ အများစုလာကြတာကြောင့်ပါ။ ဒါဖြင့် ဘယ်မလဲ ဒီမိုကရေစီ။ ဒီလိုဆွေစည်မျိုးဆက်ထူထောင်တဲ့ဟာက အခြေခံဥပဒေပါစကားရပ် ကနေပြီး တော့ပဲ ပြင်ရမှာ။ အသုံးချနိုင်မယ့်ဥပဒေဆိုရင် သူတို့ကို ကိုယ့်ရှေ့ကိုယ်ပက်ဖြစ်မှာစိုးလို့ ကွန်ဂရက်က ဘယ်တော့မှ အဲဒီလိုဥပဒေကို ပြဋ္ဌာန်းမှာမဟုတ်ဘူး။

အခုတော့ အခြေခံဥပဒေကို နည်းနည်းချင်းစီ ပြုပြင်ပြောင်းလဲသွားကြဖို့ အောက် လွှတ်တော်ဥက္ကဋ္ဌ ဖေလီဆီစီ ယို ဘယ်လ်မွန်တီနဲ့ အထက်လွှတ်တော် ဥက္ကဋ္ဌ ပွန်စီ အန်းရီးလ် တို့က အဆိုပြုထားတယ်။ အဲဒီစီးပွားရေးအစု ရှယ်ယာပိုင်ဆိုင်မှု ၆၀/၄၀ ဆိုတဲ့ပြဋ္ဌာန်းချက် တွေကစပြီးတော့ ပြဋ္ဌာန်းချက်တွေကြားထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ထပ်ထည့်သွားဖို့ပေါ့။ တကယ့်ကိုကြီးကျယ်တဲ့ ပြင်ဆင်ချက်ဥပဒေကတော့ အစိုးရဖွဲ့စည်းပုံပဲ။ လက်ရှိမှာ ၁၉၈၇ ခုနှစ် အခြေခံဥပဒေအရ သမ္မတရွေးကောက်ပွဲနဲ့ လွှတ်တော်ရွေးကောက်ပွဲဆိုပြီး သီးခြားပြဋ္ဌာန်း သတ်မှတ်ထားတယ်။ အဲဒီရွေးကောက်ပွဲနှစ်ခုက အပ်စပ်မှုမရှိဘူး။ အခုသမ္မတရွေးကောက်ပွဲ ဘက်မှာ ပါတီကနေ ရွေးကောက်ပွဲဝင်မယ့်အုပ်စုစာရင်းက ၂၇၂ ခုရှိနေတယ်။ ဒီတော့ ပြည်သူ တွေစိတ်ရှုပ်ရတာပေါ့။

*အခုဖိလစ်ပိုင်မှာ နိုင်ငံရေးပါတီတွေမှ အများကြီးပဲ။ ခင်ဗျားလည်း ကိုယ်ပိုင်ပါတီ Lakas ကိုထောင်ပြီး သမ္မတ ဝင်အရွေးခံခဲ့တယ်။ ဒီလောက်နိုင်ငံရေးပါတီအများကြီးရှိနေတာက ဖိလစ်ပိုင်ဒီမိုကရေစီအတွက် ပြဿနာမဟုတ်ဘူးလား။*

ရာမို့စ်။ ။၁၉၉၁ ခုနှစ် ဒီဇင်ဘာလမှာ အဖွဲ့ဝင် ၇ ဦးနဲ့ Lakas ( ခရစ်ယာန်ဒီမိုကရက်များနှင့် ညီညွှတ်သော မွတ်ဆလင်ဒီမိုကရက်များအမျိုးသား ပြည်ထောင်စုပါတီဆိုတဲ့) ပါတီကို စဖွဲ့ခဲ့တယ်။ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီမှာ ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ရမယ့် နောက်ဆုံးပိတ်ရက်လည်းရောက်ရော ကျွန်တော်တို့မှာ ခေါင်းဆောင်က ၁၀၀၀ လောက်ရှိလာတယ်။ ဒါအချိန်တိုအတွင်း ကျွန်တော်တို့ပါတီ ဘယ်လောက်အင်အားကြီးလာသလဲဆိုတာပဲ။

ကျွန်တော်ဘယ်လိုအနိုင်ရခဲ့သလဲ အမေးခံရဖူးပါတယ်။ ကျွန်တော်တို့ ဆီကွက်သဘောတရားလို့ခေါ်တာနဲ့တူတယ်ဆိုပြီး ကျွန်တော်ရှင်းပြတယ်။ ဆီလေးတစ်စက် ကန်ရေထဲကျသွားတာဟာ ပျံ့နှံ့ရင်အများကြီးပဲ။ ဆီစက် ၁၀၀ လောက်ကျသွားရင် တော်တော်သိသာလာမယ်ပေါ့။ ကျွန်တော့်ကို ကူညီမယ့် အန်ဂျီအို ၁၀၀၀၀ ရခဲ့တယ်။ နိုင်ငံရေးပါတီတွေမဟုတ်ဘူးနော်။ လူပ်ရှားမှုတွေ၊အသင်းအဖွဲ့တွေ၊ အဖွဲ့အစည်းတွေဗျ။ နေရာတိုင်း မှာလုပ်ငန်းဆောင်ရွက်သူတွေရှိတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်စစ်တပ်မှာစစ်မှုထမ်းစတုန်းက ဒီလူတွေ အကုန်လုံးနဲ့ ကျွန်တော်နဲ့က သိနေတာကိုး။ ကျွန်တော်တို့က ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်နေကြတာကိုး။

နိုင်ငံရေးပါတီများတာ အခုပြဿနာကြီးတစ်ခုပဲ။ အခုလက်ရှိသမ္မတဟာ အဲဒါကိုအလေးထားစောင့်ကြည့်ရမယ်။ ၂၀၁၂ ခုနှစ်မှာ ကွန်ဂရက်လွှတ်တော်က ကျွန်တော်တို့ အခြေခံဥပဒေမှာ တချို့ကိုပြင်ဆင်ရမယ်လို့ဆိုတယ်။ သမ္မတက အချိန်အခါမသင့်သေးဘူးလို့ပြောတယ်။ အခုထိ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့တွေ မီဒီယာမှာအချင်းများကြတုန်း။ နိုင်ငံရေးပါတီတွေက မတည်ငြိမ်ဘူးဗျ။ သူတို့မှာ တစ်ဦးတစ်ယောက်ကိုသိုင်းဝိုင်းပြီး အခြေခံထားတော့ကာ 'ပြည်သူ့ရေးရာမူဝါဒမှာ လက်ဆင့်ကမ်းတာ' မျိုးမရှိတော့ဘူး။[ix] တည်ငြိမ်တဲ့ နိုင်ငံရေးပါတီတွေဖွဲ့စည်းတာကို အထောက်အကူပြုမယ့် အစီအမံကတော့ ပြည်သူကနေ ဘဏ္ဍာငွေကြေးထောက်ပံ့တဲ့စနစ်ဖန်တီးလိုက်ဖို့ပဲ။[x] လွှတ်တော်ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ပတ်သက်ပြီးတောလည်း အခြေခံဥပဒေမှာပြင်ဆင်လိုက်မယ်ဆို ပါတီတွေကို ခိုင်မာအားကောင်းလာမယ်။ 'ပုဂ္ဂိုလ်ရေးရှေ့တန်းတင်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ' ရဲ့အခန်းကဏ္ဍက မေးမှိန်သွားမယ်။[xi]

## ညွှန့်ပေါင်းတည်ဆောက်ခြင်း

*ခင်ဗျားသမ္မတဖြစ်နေချိန်မှာ နိုင်ငံရေးပါတီတွေများတာက ပြဿနာမဟုတ်ခဲ့ဘူးဆိုရင် အခုမှဘာလို့ပြဿနာဖြစ်လာရတာလဲ။*

ရာမိုစ်။ ။ကျွန်တော်တို့မှာ ဥပဒေယန္တရားဖွဲ့စည်းပုံတွေအရ LEDAC (လွှတ်တော်အစိုးရ ဖွံ့ဖြိုးရေးအကြံပေးကောင်စီ) ကိုဖွဲ့စည်းထားတာကြောင့် ကျွန်တော်တို့ ခေါင်းဆောင်တွေက ကျွန်တော်တို့ကြံရတဲ့ စိန်ခေါ်မှုတွေကို ဗုဒ္ဓဟူးနေ့တိုင်း ကွန်ဂရက်လွှတ်တော်အစည်းအဝေးမှာ၊ နေ့လည်စာစားချိန်မှာ ဆွေးနွေးကြတယ်။ ဒီတော့ လွှတ်တော်နဲ့အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ တွေကြားမှာ အကျိုးအမြတ်ထွက်တဲ့ ပူးပေါင်းဆောင်ရွက်မှုရှိခဲ့တယ်။ ဒါကြောင့် ပါတီများတာ ကျွန်တော့်လက်ထက်မှာ ပြဿနာမဟုတ်ဘူး။[xii] သဘောက ကျွန်တော်တို့ဟာ တစ်နှစ်တာ ပတ်လုံး ဗုဒ္ဓဟူးနေ့ပေါင်း ၃၅ ရက်မှာ မိသားစုတွေလိုတွေ့ဆုံဆွေးနွေးကြတဲ့သဘောပေါ့။ သမ္မတ၊ သဘာပတိအရာရှိနဲ့အစိုးရအဖွဲ့ဝင်ငါးယောက်လောက်က လုပ်ငန်းစဉ်အပေါ်မူတည်ပြီး အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်က ကိုယ်စားလှယ်အများစုခေါင်းဆောင်၊ အနည်းစု ခေါင်းဆောင်တွေနဲ့ တွေ့ကြတယ်။ အန်ဂျီအိုတွေ၊ ကဏ္ဍအလိုက်ခေါင်းဆောင်တွေ၊ အမျိုးသမီး တွေ၊ လူငယ်လူရွယ်တွေ၊ လူကြီးသူမတွေ၊ စစ်ပြန်တွေ၊ ပညာရပ်ဆိုင်ရာနယ်ပယ်ကလူတွေ၊ အလုပ်သမား၊ တံငါ၊ ပြည်ပမှာအလုပ်လုပ်သူတွေလည်းတက်ကြတယ်။ ကျွန်တော်တို့ မိသားစု လိုစကားပြောကြတယ်။ ဒီလိုနဲ့ အုပ်ချုပ်ရေး- ဥပဒေပြုရေးတိုင်ပင်ဆွေးနွေးမှုနဲ့ သဘောတူမှု မှုကို ဖွံ့ဖြိုးအောင်လုပ်ဆောင်နိုင်ခဲ့ကြတယ်။

အစိုးရအဖွဲ့အစည်းအဝေးတွေကို ကွင်းပြင်ထဲမှာ လုပ်ရင်လုပ်လိုက်တာပဲ။ ဥပမာ မင်ဒါနာအိုကျွန်းက စွမ်းအင်ကိစ္စကို အဓိကထားဆွေးနွေးရမယ့် အစည်းအဝေးဆိုပါတော့။ ကျွန်တော်က ပြည်သူ့လုပ်ငန်း၊ စွမ်းအင်၊ ဒေသဆိုင်ရာအစိုးရ၊ ကာကွယ်ရေးပါချင်ပါမယ်၊ ပြီးရင်သိပ္ပံနဲ့နည်းပညာစတဲ့ ဝန်ကြီးဌာနတွေက အဖွဲ့ငါးဖွဲ့ကို လက်ထောက်အတွင်းဝန် ခေါင်းဆောင်ပြီး လွှတ်လိုက်တယ်။ ခင်ဗျားကတစ်ဖွဲ့။ ဒီအတိုင်းသွားကြ။ ကုန်လမ်းကနေ ခင်ဗျားကသွား။ ဒါဗာအိုအထိ လမ်းတစ်လျှောက်လုံး ကူးတို့စီးသွား။ ကျွန်တော်က တစ်ခြား ပညာရေးဖြစ်ဖြစ်၊ ပို့ဆောင်ရေးဖြစ်ဖြစ် ဝန်ကြီးဌာနတစ်ခုက အတွင်းဝန်တွေနဲ့သွားတယ်။ ကျွန်တော်တို့က ကမ်းစပ်မှာဆင်းလို့ရတဲ့ လေယာဉ်နဲ့သွားကြတယ်ပေါ့။ အဲဒီမှာ ကျွန်တော်တို့ ခရီးလမ်းပိုင်းကြားမှာသွားရင်းလာရင်းနဲ့ ကျွန်တော့်အဖွဲ့က စီမံကိန်းတွေကို ဝင်စစ်ရမယ်။ ဒေသဆိုင်ရာမြို့တော်တွေ ဒါမှမဟုတ် မြို့တော်ခန်းမတွေမှာ ပြည်သူတွေနဲ့ဝင်တွေ့ပြီး ဒိုင်ယာ လော့ဂ်လုပ်ရမယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အစည်းအဝေးလုပ်မယ့်နေရာကိုရောက်ဖို့ (ပထမ လွှတ်လိုက်တဲ့) သူတို့ကို သုံးရက်လောက်အချိန်ပေးမယ်။ မနက်ခင်းတစ်ပိုင်း အစည်းအဝေး လုပ်လိုက်မယ်။ အခြားအစိုးရအဖွဲ့ကအဆရေးပါတဲ့အဖွဲ့ဝင်တွေနဲ့အတူ သူတို့ဆီကနေ ကျွန်တော် စနည်းနာမယ်။ အဲဒီအစည်းအဝေးမှာ အစိုးရအဖွဲ့ဝင်ဝန်ကြီး ဒါမှမဟုတ် ဒုတိယသမ္မတ ပါရင် ပါမယ်။ သူတို့ရဲ့ကွင်းဆင်းလေ့လာရေးခရီးတွေမှာ ဘာဖြစ်ခဲ့လဲမေးမြန်းစူးစမ်းမယ်။ ကျွန်တော့် မှာ မတူညီတဲ့ အစီရင်ခံစာ ၅ ခုရလာမယ်။ နောက်တော့ နေ့လည်စာစားပြီးချိန်ကျရင် အစိုးရ အဖွဲ့အစည်းအဝေးထပ်လုပ်မယ်။ ဒေသခံပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့တော်ဝန်လည်း လာ တက်မယ်။ အစည်းအဝေးအစီအစဉ်အရ သူတို့ဆွေးနွေးရမယ့်အကြောင်းအရာ အလှည့်

ရောက်ရင် ဝင်ဆွေးနွေးကြလိမ့်မယ်။ ကျွန်တော်က အစည်းအဝေးကျင်းပတဲ့နေရာက မထွက်ခွာမီ ညနေခင်း ငါးနာရီလောက်ဆိုပါတော့ ကျွန်တော်ကဆုံးဖြတ်ချက်ပေးမယ်။ အဲဒီမှာ အစည်းအဝေးတက်လာသူတွေက သူတို့ပြည်နယ်အတွက်၊ သူတို့ဒေသအတွက်၊ သူတို့ကျွန်းအတွက် သိချင်တာရှိတာတွေကို မေးကြမြန်းကြမယ်။ နောက်တော့ ညနေစောင်းလောက်မှာ ကျွန်တော်တို့ ပြန်ကြတယ်။ ကျွန်တော်တို့အပြန်ခရီးက တခါတလေကျရင် အရမ်းအန္တရာယ်များတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့နိုင်ငံက ဒေသတောတ်တော်များများမှာ လေယာဉ်ကွင်းကောင်းကောင်းမရှိကြဘူး။ ကျွန်တော်တို့လေယာဉ်ကလည်း ညကျမှထွက်တတ်တယ်။ အဲဒါ ကျွန်တော်တို့အစိုးရရဲ့ 'လက်တွေ့ကွင်းဆင်းပြီး' အလုပ်လုပ်ပုံပဲ။

*အစိုးရ၊လွှတ်တော်၊ကဏ္ဍအလိုက်ခေါင်းဆောင်တွေပါတဲ့ ဒီပုံမှန်အစည်းအဝေးတွေက ခင်ဗျားအစိုးရသက်တမ်း ရောက်မှပဲကျင်းပတာလား။ အဲဒီအစည်းအဝေးတွေကို အကွိန်အစိုးရ လက်ထက်မှာ ဘယ်လိုလုပ်ခဲ့လဲ။*

ရာမို့စ်။ ။ ဟုတ်ပါတယ်။ ကျွန်တော့်အစိုးရလက်ထက်မှာပဲလုပ်ခဲ့တာပါ။ သမ္မတ ကိုရီအကွိန်ရဲ့လက်ထက်တုန်းက LEDAC ကိုတည်ထောင်ဖွဲ့စည်းတဲ့ ဥပဒေတစ်ခုပြဋ္ဌာန်းခဲ့တယ်။ အောက်လွှတ်တော်ဥက္ကဋ္ဌဟာ သူ့အစ်ကိုဖြစ်တာကြောင့် အဲဒီဥပဒေကို ကိုရီက တစ်ချက်လွှတ်အာဏာနဲ့ပြဋ္ဌာန်းခဲ့တယ်လို့ဆိုကြတယ်။ နောက်ပြီး ကိုယ်စားလှယ် ၂၅၀ ရှိတဲ့ အောက်လွှတ်တော်ကို အလုပ်ကိစ္စဆက်သွယ်ဆောင်ရွက်မယ်ဆိုရင် သူ့အစ်ကို ကနေတစ်ဆင့်ခံပြီးတော့ပဲ ဆောင်ရွက်ခဲ့တယ်။ အထက်လွှတ်တော်မှာဆိုရင် သူ့ရဲ့ခဲအို ဘက်တဏ အကွိန်ရှိတယ်။ သူကနေတစ်ဆင့် အထက်လွှတ်တော်နဲ့ ဆက်သွယ်ဆောင်ရွက်တယ်။ ကိုရီ အကွိန်က အာဏာခွဲဝေပေးရတာကို မကြိုက်ဘူး။ ကျွန်တော်အဲဒီကိစ္စတွေအကြောင်း ၁၉၉၁ ခုနှစ်မှာ ကြားတော့ ဒီအတွင်းစည်းအလုပ်လုပ်ပုံတွေကို ကျွန်တော်လုံးဝကိုမသိခဲ့တာ။ အကွိန်က တစ်ချက်လွှတ်အာဏာနဲ့ပြဋ္ဌာန်းခဲ့တဲ့ အဲဒီဥပဒေကို ပြန်အသက်ဝင်အောင်လုပ်ဖို့ ကျွန်တော်အကြံပြုခဲ့တာပါ။ အဲဒီဥပဒေဟာ ကျွန်တော့်သမ္မတသက်တမ်းမှာ ပထမဆုံးပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပါပဲ။ ၁၉၉၂ ဒီဇင်ဘာမှာ ကျွန်တော်လက်မှတ်ထိုးပြီး ပြဋ္ဌာန်းခဲ့တဲ့ ပထမဆုံးဥပဒေပဲ။

ကျွန်တော်က တိုင်ပင်ညှိနှိုင်းမှုနဲ့ သဘောတူမှုမှုလိုလားတယ်။ အဲဒီအတိုင်းကျွန်တော့်သမ္မတသက်တမ်းမှာလုပ်ခဲ့တယ်။ပြုပြင်ပြောင်းလဲရေးသို့မဟုတ်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဥပဒေပေါင်း ၂၂၉ ခုပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေအရေအတွက်ဟာ ပျမ်းမျှကိုးရက်ကို ဥပဒေတစ်ခုနှုန်းနဲ့ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ အမျိုးသားရဲတပ်ဖွဲ့၊ ပညာရေး၊ လုပ်ပိုင်ခွင့်အာဏာပေးအပ်မှု၊ စီးပွားရေးဇုန်တွေ၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း စတဲ့ နယ်ပယ်စုံနဲ့ဆိုင်တဲ့ ဥပဒေတွေပြဋ္ဌာန်းခဲ့တာပဲ။ အခု ကျွန်တော်တို့မှာ မပြဋ္ဌာန်းရသေးတဲ့ မျိုးဆက်ပွားကျန်းမာရေး ဥပဒေရှိတယ်။ (ထိုဥပဒေကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။) သို့သော် ဒီဥပဒေဟာ ပတ်ဝန်းကျင်၊ ရေရှည်ဖွံ့ဖြိုးမှုတို့နဲ့

ခွဲခြားလို့မရအောင် ပေါင်းစပ်နေတယ်။[xiii] သတင်းအချက်အလက်လွတ်လပ်ခွင့်ဥပဒေကို ၁၂ နှစ်ကျော်ကြာအောင် လွှတ်တော်မှာဆွေးနွေးခဲ့ကြတယ်။ ဘယ်သမ္မတကမှ အရေးယူဆောင်ရွက်တာမရှိဘူး။ ကျွန်တော့်လက်ထက်မှာ စီးပွားရေးကိုတံခါးဖွင့်ပေးလိုက်တာကြောင့် လေးနှစ်ကြာအောင် ဘဏ္ဍာရေးအသုံးစရိတ်ပိုလျှံမှုရှိခဲ့တယ်။ ဒါက ကျွန်တော်အစမှာပြောခဲ့တာကို ပြန်သွားရမယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ ဥဏ္ဍာရှေ့သွားခေါင်းဆောင်မှုဟာ တခြားနိုင်ငံကနေ လှမ်းမှာလို့ရတာမျိုးမဟုတ်ဘူး။ ကိုယ့်ရေကိုယ့်မြေကပဲ ပေါ်လာရတာဆိုတာပါ။

## လူမှုလုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးအပ်မှု

*ခင်ဗျားရဲ့သမ္မတသက်တမ်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူအဖွဲ့အစည်းက ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းအစည်းအဝေးတွေကျင်းပခဲ့တယ်လို့ပြောသွားတယ်။ ခင်ဗျားရဲ့သမ္မတသက်တမ်းမှာ အရပ်ဘက်လူအဖွဲ့အစည်းရဲ့အခန်းကဏ္ဍက ဘာလဲ။*

ရာမ္ပိုစ်။ ။ ကျွန်တော့်ရဲ့အမြင်က ပြည်သူတွေကိုလုပ်ပိုင်ခွင့်အာဏာပေးဖို့ပဲ။ ကျွန်တော်က 'ပြည်သူ့အာဏာ'ကို ပြောနေတာမဟုတ်ဘူးနော်။ ကောင်လေးတွေ၊ ကောင်မလေးတွေ၊ ကြီးသူ၊ ငယ်သူ၊ ကလေးသူငယ်၊ နိုင်ငံသားခံယူထားသူ သို့မဟုတ် ပြည်ပရောက်ဖိလစ်ပိုင် နိုင်ငံသားတွေရဲ့လုပ်နိုင်ကိုင်နိုင်စွမ်းကို တိုးတက်လာအောင်၊ အသက်ရှည်ရှည်နဲ့နေ ထိုင်နိုင်အောင်၊ လူပ်ရှားတက်ကြွမှုရှိအောင် ကျွန်တော်လုပ်ခဲ့တယ်။ ပြည်သူတွေကို လုပ်ပိုင်ခွင့်အာဏာပေးတယ်ဆိုတာ အဲဒါပဲ။ ပြည်သူတွေဟာ ဒီကမ္ဘာပေါ်မှာ အရေးအကြီးဆုံးပိုင်ဆိုင်မှုပဲ။ မြေယာတို့၊ ပင်လယ်ပြင်တို့ မဟုတ်ဘူး။ စစ်အင်အားမဟုတ်ဘူး။ ပြည်သူတွေက အရေးအကြီးဆုံးဗျ။

အန်ဂျီအိုတွေကတော့ ကျောင်းတော်အပါအဝင် အများကြီးပဲ။ ကျွန်တော့်လက်ထက်မှာ အခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း အောက်လွှတ်တော်မှာ ကဏ္ဍအလိုက် ကိုယ်စားလှယ်ခြောက်ဦးကို ကျွန်တော်ခန့်အပ်နိုင်တယ်။ အဲဒီကိုယ်စားလှယ်ခြောက်ဦးကို ဝန်ထမ်းခန့်ထားရေးကော်မရှင်က အတည်ပြုခန့်အပ်တယ်။ နောက်တော့ အဲဒီလိုခန့်တာမရှိတော့ဘူး။ အဲဒီလိုလုပ်တာ ခဏပဲလုပ်ခဲ့တာကိုး။ သို့သော် အမျိုးသမီး၊ လူငယ်၊ ပြည်ပမှာအလုပ် လုပ်သူတွေ၊ စစ်ပြန်တွေ၊ ပညာရပ်နယ်ပယ်ကလူတွေ၊ စီးပွားရေးနယ်ပယ်ကလူတွေပါတဲ့ ကိုယ်စားလှယ်တွေပါခဲ့တယ်။ သူတို့ကို သူတို့အသိုက်အဝန်းကပဲ ရွေးချယ်တယ်။ ရွေးချယ်လိုက်တဲ့သူတွေကို ကျွန်တော့်ဆီတရားဝင် အကြောင်းကြားတယ်။ သူတို့ကိုယ်စားပြုတဲ့ဒေသကို အခြေခံပြီး သူတို့တွေကို ကျွန်တော်ကခန့်အပ်တယ်။ ကျွန်တော်သူတို့နဲ့ အောက်လွှတ်တော်သက်တမ်း ခြောက်နှစ်ကာလမှာ တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဒုတိယ သက်တမ်းရောက်တော့ အရင်တုန်းကကိုယ်စားလှယ်တွေချည့်မဟုတ်တော့ဘူး။ သို့သော် လူငယ်ကိုယ်စားလှယ်တွေကတော့ အရင်အတိုင်းပါတယ်။

*အမျိုးသမီးအဖွဲ့အစည်းတွေ ညှိနှိုင်းအစည်းအဝေးတွေမှာပါခဲ့လား။ ကက်သိုလစ်ကျောင်းတော်က အရေးကြီးတဲ့ နိုင်ငံရေးဇာတ်ကောင်ဖြစ်ခဲ့တာလား။*

ရာမို့စ်။ ။ဟုတ်တယ်။ ကျွန်တော့်လက်ထက်မှာရော အကွီနိုလက်ထက်မှာရောပဲ။ သူက ကောင်စီတွေအများ ကြီးဖွဲ့ခဲ့တယ်။ အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ ကျွန်တော်ပုံမှန် အစည်းအဝေးထိုင်ပါတယ်။ ဖိလစ်ပိုင်အမျိုးသမီးများရဲ့အခန်းကဏ္ဍဆိုင်ရာ နိုင်ငံ့ကောင်စီနဲ့ နိုင်ငံလုံးဆိုင်ရာလူငယ်ကော်မရှင်တွေကျွန်တော်တို့ဖွဲ့ထားတယ်။ တစ်ဖွဲ့ချင်းစီက ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့ဝင်အဆင့်ရှိပါတယ်။ နှစ်လတစ်ကြိမ် အမျိုးသမီးခေါင်းဆောင်တွေနဲ့တွေ့ကြတယ်။ အစိုးရရုံးနဲ့ အစည်းအဝေးမှတ်တမ်းနဲ့ ကိုယ့်တာဝန်ကိုယ်ကျေအောင်လုပ်ထားတဲ့သူတွေပါတာကြောင့် တကယ့်ကိုဖြစ်ဖြစ်မြောက်မြောက်ရှိတဲ့ အစည်းအဝေးပဲ။

အရှေ့တောင်အာရှဒေသက နိုင်ငံတိုင်းထက် လွှတ်တော်မှာအမျိုးသမီးကိုယ်စားလှယ်ဦးရေ ဒါမှမဟုတ် ရာခိုင်နှုန်းမှာ ကျွန်တော်တို့ကပိုပါတယ်။ ဖိလစ်ပိုင်မှာ အမျိုးသမီးတွေက ပွင့်ပွင့်လင်းလင်းဝေဖန်တဲ့နေရာမှ အရမ်းတက်ကြွကြတယ်။ ထိရောက်ပီပြင်တဲ့ အစိုးရတွေနဲ့ အန်ဂျီအိုတွေအားလုံးကို အမျိုးသမီးတွေကပဲဦးဆောင်ပြီး လုပ်နေကြတာဗျ။ အခု ဖိလစ်ပိုင်ကျေးလက်ပြန်လည်ထူထောင်ရေးလှုပ်ရှားမှုဆိုတဲ့ အခုထိရှိနေသေးတဲ့ အဖွဲ့ရှိတယ်။ အဲဒီအဖွဲ့က လူထုပညာရေးနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေး အထူးသဖြင့် လူဆင်းရဲတွေ သန့်ရှင်းသောသောက်သုံးရေရဖို့၊ တစ်နေ့ထမင်းသုံးနပ်စားရဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုရဖို့ကို အဓိကထားလုပ်နေတယ်။ အဲဒီအဖွဲ့ကို ဦးဆောင်လုပ်ကိုင်နေကြတာ အမျိုးသမီးတွေချည့်ပဲ။ ကျွန်တော် သူတို့အကြောင်းစာရေးနေတယ်။

ဟိုးအရင် စပိန်ကိုလိုနီလက်အောက်ခံခေတ်မှာတောင် စပိန်တွေကိုတော်လှန်တဲ့ အမျိုးသမီးတွေရှိခဲ့တယ်။ ကျေးလက်အဖွဲ့အစည်းအကြီးအကဲတွေကနေ အမျိုးသမီးဝိုလ်ချုပ်ကြီးတွေဖြစ်လာတဲ့သူတွေအများကြီးရှိခဲ့တယ်။ စပိန်သတင်းစာတွေထဲမှာအရေးအသားရဲရင့်တဲ့ အမျိုးသမီးစာရေးဆရာတွေ၊ အမျိုးသမီး အတိုင်ပင်ခံပညာရှင်တွေရှိတယ်။ အမေရိကန်ကိုလိုနီဘဝရောက်တော့ အမျိုးသမီးတွေ ပိုပြီးလွတ်လပ်မှုရှိလာကြတယ်။ အမျိုးသမီးတွေမဲပေးခွင့်နဲ့ အမျိုးသမီးများအစိုးရအဖွဲ့မှာပါဝင်ခွင့်တွေကို ၁၉၃၆ ခုနှစ်ရောက်တော့ ကျွန်တော် တို့နိုင်ငံမှာ ဥပဒေပြဋ္ဌာန်းပြီးသွားပြီ။ အလားတူပဲ ဘာသာပေါင်းစုံကျောင်းတော်ကော်မရှင်ဆိုပြီး ကက်သိုလစ်၊ ပရိုတက်စတင့်၊ မွတ်ဆလင်၊ ဘာသာမဲ့၊ Church of Christ စတဲ့ကိုးကွယ်ရာဘာသာ၊ ဂိုဏ်းကဏ္ဍအသီးသီးက လူပုဂ္ဂိုလ်တွေပါတဲ့အဖွဲ့ရှိတယ်။ အဲဒီအဖွဲ့မှာ သီးခြားလွတ်လပ်တဲ့ ဘုရားကျောင်းတွေက အဖွဲ့ဝင်တွေလည်းပါတယ်။ အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ခေါင်းဆောင်ပိုင်းရဲ့ သက်တမ်းက ခြောက်နှစ်။ သူတို့နဲ့ဒိုင်ယာလော့ စဉ်ဆက်မပြတ်လုပ်ပါတယ်။ အဲဒီကော်မရှင်အဖွဲ့က အခုတော့မရှိတော့ပါဘူး။

## အခြေခံမူဝါဒများ

သမ္မတအနေနဲ့ အခြေခံမူတွေနဲ့ လက်တွေ့ကျင့်စဉ်တွေအများကြီးပြောသွားတယ်။ သို့သော် ခင်ဗျားယုံကြည်တဲ့ သမ္မတရာထူးမှာရှိတုန်း လက်တွေ့လုပ်ခဲ့တယ်ဆိုတဲ့မူတွေနဲ့ ဖိလစ်ပိုင်ရဲ့ ပုံမှန်နိုင်ငံရေးလက်တွေကျင့်စဉ်နဲ့က မပတ်သက်သလိုဖြစ်နေတယ်ထင်ရတယ်။

ရာမိုစ်။ အင်းမှန်ပါတယ်။ဒါတော့ ကျွန်တော်လည်းမတတ်နိုင်ဘူးဗျာ။ ခင်ဗျားမြင်တဲ့အတိုင်ဒါက ကျွန်တော့်ရဲ့ဟာ ကွက်တွေထဲကတစ်ခုပဲ။ ကျွန်တော်တို့က မှန်ကန်တယ်လို့ထင်တဲ့ဟာကို လက်တွေ့ကျွန်တော်တို့ကြိုးစားပြီး လုပ်ခဲ့ကြတာကိုး။ ကျွန်တော်တို့မှန်ကန်တယ်လို့ယူဆတာကို ချရေးတယ်။ ဆွေးနွေးကြတယ်လေ။

*ဒါပေမယ့် နိုင်ငံရေးမှာ မူနဲ့လက်တွေ့ကြား ဘာလို့ဒီလောက်ကွာဟနေရတာလဲ။*

ရာမိုစ်။ ။လူဆိုတာ ကိုယ်ခံတွင်းတွေ့မလားဆိုပြီး မြည်းကြတာပဲ။ သို့သော် မျိုမချနိုင်တာ ဒါမှမဟုတ် လက်တွေ့မလုပ်နိုင်တာကျတော့ ထွေးထုတ်လိုက်တာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ဆေးခါးကြီးဆိုရင် မမျိုချင်ကြဘူးလေ။ သို့သော် ကျွန်တော်ပြောချင်တာ တိုင်းပြည်တည်ဆောက်ရေးဆိုတာ ရှေ့ကလုပ်သွားတဲ့ ဝန်ကြီးချုပ်တွေ၊ သမ္မတတွေအဆက်ဆက်ရဲ့ အောင်မြင်မှုနဲ့ကျရှုံးမှုတွေကို ထပ်ထည့်ဝင်သွားတာမဟုတ်ဘူးဆိုတာပဲ။ မြင့်သထက်မြင့်အောင်လုပ်သွားရမယ့် လုပ်ငန်းစဉ်ပဲ။ ဘယ်သူမှကျရှုံးလို့မဖြစ်ဘူး။ ကိုယ့်ရှေ့ကခေါင်းဆောင်ထက်သာအောင် နောက်လူကလုပ်ရမယ်။ ဒါဆို သူ့နောက်တက်လာမယ့်သူကလည်း သူ့ကိုသာအောင် လုပ်ရတော့မှာပဲ။

ဒီတော့ တိုင်းပြည်တည်ဆောက်ရေးကို ကျွန်တော်ဆက်ပြောပါ့မယ်။ တစ်နေ့တစ်နေ့ကသောင်းကနင်းတွေချည်းပဲ ကြုံနေရတာတော့ မဟုတ်ဘူးပေါ့။ အဲဒီလိုထင်မယ်ဆိုရင် ထင်ရတယ်။ ခင်ဗျားမှာ အကျအရှုံးတွေချည့်ပေါ့။ အဲဒီလိုဖြစ်တတ်တယ်။ အမေရိကန်မှာဆိုရင်လည်းဒါမျိုးပြောတတ်ကြတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၂၅ နှစ်ကိုပြန်ကြည့်လိုက်ရင် အမေရိကန်တွေလည်း အနိမ့်အမြင့် အတက်အကျတွေရှိခဲ့တာပဲ။ ဒီတော့ ဖွံ့ဖြိုးပြီးတိုင်းပြည်တိုင်း ဒီလို ကြုံခဲ့ရတာချည့်ပဲ။ကျွန်တော်တို့လည်း လွန်ခဲ့တဲ့နှစ် ၂၀ ကဆို မိုးထိတိုက်တွေမရှိဘူး။ ဓာတ်ရထားမရှိဘူး။ လမ်းမကျယ်ကြီးတွေ၊ ကုန်တိုက်ကြီးတွေမရှိခဲ့ဘူးဆိုတော့ ကျွန်တော်တို့လည်း အဲဒီနိုင်ငံတွေလို ဖြတ်သန်းခဲ့ရတာပဲလို့ ပြောရမှာပဲ။ လွန်ခဲ့တဲ့နှစ် ၂၀ တုန်းက အရပ်သားပိုင်တဲ့ Clark and Subic အထူးစီးပွားရေးဇုန်တွေမရှိခဲ့ဘူး။ အဲဒီနေရာတွေမှာ အမေရိကန်စစ်အခြေစိုက်စခန်းတွေပဲရှိတယ်။

## နိုင်ငံတကာ၏လွှမ်းမိုးမှု

*ဖိလစ်ပိုင်မှာအကြာကြီး ပါဝင်ပတ်သက်ခဲ့တဲ့ အမေရိကန်အစိုးရနဲ့ တခြားနိုင်ငံတကာ*

*အဖွဲ့အစည်းတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာပါခဲ့တဲ့ အခန်းကဏ္ဍကို ခင်ဗျားဘယ်လို အကဲဖြတ်မိလဲ။*

ရာမို့စ်။ ။ အားလုံးခြုံပြောရရင်တော့ အမေရိကန်ပြည်ထောင်စုနဲ့ကြုံဆုံခဲ့ရတာက ကျွန်တော်တို့အတွက် အင်မတန်ကောင်းတဲ့ကိုလိုနီ အတွေ့အကြုံပဲလို့ ကျွန်တော်အရဲစွန့်ပြီး ပြောရမယ်။သို့သော်အမေရိကန်ဟာကျွန်တော်တို့လွတ်လပ်ရေးကိုမောင်ပိုင်စီးသွားတာပဲဆိုတဲ့ ဖုံးကွယ်ထားတဲ့အယူအဆကတော့ ရှိနေတုန်းပဲ။ လူကြီးတွေဆီမှာတင်ရှိတာ မဟုတ်ဘူး။ ကျွန်တော်တို့က လွတ်လပ်ရေးကြေညာပြီးတဲ့အချိန် မနီလာမြို့တော်ကို သိမ်းပိုက်ကာနီးကျမှ အမေရိကန်တွေရောက်လာပြီး စပိန်တွေနဲ့ အပေးအယူလုပ်လိုက်တယ်။ အဲဒီမှာ အပေးအယူ လုပ်လိုက်လို့ မနီလာကို ချေမှုန်းမခံရတော့ဘူး။ မဟုတ်ရင် စပိန်တွေနဲ့သူပုန်တွေတိုက်ပွဲဖြစ်ကြတော့မှာ။ ၁၉၈၉ ခုနှစ် ပါရီသဘောတူညီချက်စာချုပ်မှာ စပိန်ဟာ ဖိလစ်ပိုင်ကိုလက်လွှတ်လိုက်ပြီး အမေရိကန်ကို ဒေါ်လာသန်း ၂၀ နဲ့ရောင်းလိုက်တယ်လို့ရေးထားတယ်။ ကျူးဘားက အဲဒီစာချုပ်မှာ အပေးအယူအနေနဲ့ စပိန်ဘက်ပါသွားတာပေါ့။ တကယ့်အခြေအနေမှာ ကျွန်တော်တို့က အမေရိကန်ရဲ့ကိုလိုနီနယ်မြေဖြစ်လာတယ်။ ဒီတော့ အဲဒီအမေရိကန်နဲ့ပတ်သက်ရင် သက်ဆိုးမကင်းဖြစ်နေမိတာမျိုးကတော့ ရှိနေတုန်းပဲ။

ကိုယ်စားပြုဒီမိုကရေစီ၊ ရွေးကောက်ပွဲ၊ လွှတ်တော်နှစ်ရပ်မှာပညာရည်မြင့်မားတဲ့ လူတန်းစားတွေကိုမျက်နှာသာပေးတဲ့ခန့်အပ်ကိုယ်စားလှယ်တွေသို့မဟုတ်ကိုယ်စားလှယ်လောင်းတွေ စတဲ့ နိုင်ငံရေးစနစ်ကနေ သင်ယူခဲ့ရတဲ့ သင်ခန်းစာတွေအတွက် ကျွန်တော်တို့မှာ အမေရိကန်ရဲ့ကျေးဇူးရှိတယ်။ ကျွန်တော်တို့မှာ အမေရိကန်နဲ့တစ်ပုံစံတည်း နိုင်ငံရေးစနစ်ရှိတယ်။ တရားစီရင်ရေးစနစ်လည်း အတူတူပဲ။ အင်္ဂလိပ်စာထူးချွန်မှုနဲ့ အစိုးရကျောင်းသင်ရိုးတွေအတွက် ကျေးဇူးရှိတယ်။ ကျွန်တော်က အဲဒီကာလမှာ လူလားမြောက်ခဲ့တာဆိုတော့ ကျွန်တော့်မှာ အဲဒီအကျိုးကျေးဇူးတွေ ခံစားခဲ့ရတယ်။ အဲဒီတုန်းက ခေတ်စနစ်က အခုခေတ်စနစ်ထက်ပိုပြီး ကောင်းခဲ့လို့ပဲ။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုက အစောပိုင်းနှစ်ကာလတွေမှာ ဖိလစ်ပိုင်ကိုအမြတ်ထုတ်ခဲ့တယ်၊ ခေတ်မီစက်မှုနိုင်ငံအဖြစ် ဖွံ့ဖြိုးအောင်လုပ်ခွင့်မပေးခဲ့ဘူးဆိုတဲ့ ဟိုးအရင်ကတည်းကရှိတဲ့အတွေးတွေက အခုထက်ထိရှိနေတုန်းပဲ။ ကျွန်တော်တို့ဟာ ဘယ်တုန်းကမှ ကိုလိုနီမဖြစ်ခဲ့ဖူးတဲ့ မလေးရှားလို ထိုင်းလိုအရင်နိုင်ငံဟောင်းတွေရဲ့နောက်မှာ အများကြီးကျန်ခဲ့ပြီ။ တစ်ဦးချင်းဝင်ငွေအရဆိုရင် ကျွန်တော်တို့ရှေ့မှာ မလေးရှားတို့ ထိုင်းတို့က ဦးဆောင်နေပြီ။

*ဖိလစ်ပိုင်မှာ အသွင်ကူးပြောင်းမှုလုပ်တဲ့အချိန် စပိန်တို့၊ ပေါ်တူဂီတို့ ဒါမှမဟုတ်လက်တင်အမေရိကနိုင်ငံတွေက အသွင်ကူးပြောင်းမှုအတွေ့အကြုံတွေကို နည်းမှီးခဲ့တာရှိလား။*

ရာမို့စ်။ ။မဟုတ်ဘူးဗျ။ ကျွန်တော်တို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့လုပ်ခဲ့တာ။ နေမလား၊

သေမလားအခြေအနေမျိုးကြုံခဲ့တာ။ ကျွန်တော်တို့ မားကို့စ်ကို တော်လှန်တာအောင်မြင်အောင် လုပ်မလား မလုပ်ဘူးလား၊ ကျွန်တော်တို့မအောင်မြင်ရင် ထောင်ထဲရောက်ရင်ရောက်မယ်။ ကွပ်မျက်ချင်ကွပ်မျက်ခံရမယ်။ တပ်ထဲမှာ မားကို့စ်ကို ဆန့်ကျင်တဲ့ ပုန်ကန်မှုလုပ်ကြမယ် အာဏာသိမ်းကြမယ်ဆိုတဲ့အယူအဆက သုံးနှစ်လောက်ကြာအောင်ရှိခဲ့တယ်။ တပ်တွင်း ပုန်ကန်မှု (RAM) က အဲဒီအယူအဆကို စလုပ်လိုက်တယ်။ နောက်တော့ အဲဒီပုန်ကန်မှုထဲမှာ ကျွန်တော်တို့ပါလာတယ်။ RAM ကနေ သူတို့ကိုထောက်ခံဖို့တောင်းဆိုလို့ပါလာတာပါ။ သူတို့ကို စိတ်အေးအေးထားကြဖို့ သူတို့အဆင်သင့်မဖြစ်ကြသေးဘူးဆိုတာ ကျွန်တော်ကပြောရတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ့အခွင့်အရေးအရ၊ စီးပွားရေးဖွံ့ဖြိုးမှုအရ မားကို့စ်အစိုးရက ရစရာမရှိအောင် အလွဲသုံးစားလုပ်ထားပြီးသား။ လူတစ်စုက အာဏာကိုချုပ်ကိုင်ထားတယ်။ခရိုနီတွေကြားမှာပဲ ဝေစားမျှစားလုပ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုင်တဲ့သူတွေပေါ့။ အစိုးရအရာရှိကတော်တွေဆိုရင် သုံးလိုက်ဖြုန်းလိုက်ကြတာ။ အီရှန်ကရှားဘုရင်၊ ကဒါဖီစတဲ့ ရာသက်ပန်အာဏာရှင်တွေနဲ့ မားကို့စ်နဲ့က အဲဒီတုန်းက မိတ်ဆွေတွေပဲ။

သူ့ကြောင့်ဖြစ်ခဲ့တဲ့ ဆင်းရဲချမ်းသာကွာဟမှုက တအားကိုကြီးတယ်။ ကျွန်တော်တို့ ထောက်ခံမှုရလာချိန်မှာ အုပ်ချုပ်ရေးအကြောင်းကို စပြီးစဉ်းစားလာရတယ်။ ကျွန်တော်တို့ အနိုင်ရခဲ့ရင် အစိုးရဟာ အရပ်ဘက်နိုင်ငံရေး ခေါင်းဆောင်မှုကိုပြန်ကျင့်သုံးမယ်ဆိုတာ အစကတည်းက သဘောတူခဲ့တယ်။ ဒါပေမယ့် ငယ်ရွယ်တဲ့ဗိုလ်မှူး တွေကတော့ သူတို့ရဲ့ကတိကို တည်အောင်မလုပ်နိုင်ကြဘူး။ သူတို့က အစိုးရကို ကိုယ်တိုင်ဦးဆောင်လုပ်ချင်ကြတာကိုး။ ဒါပေမယ့် ကျွန်တော်တို့လူတွေက အဲဒီအယူကိုတိုက်ထုတ်ကြရတယ်။

လက်တင်အမေရိကမှာဖြစ်တဲ့ လက်နက်ကိုင်ပုန်ကန်မှုတွေထဲမှာ ကျွန်တော်တို့နဲ့တူတာ တွေကိုတော့ လေ့လာကြည့်မိသလိုပဲ။ ဥပမာ ဘုန်းတော်ကြီးတွေဦးဆောင်တဲ့ လွတ်မြောက်ရေး လှုပ်ရှားမှုတွေပေါ့။ ကျွန်တော်တို့ဆီက ဘုန်းတော်ကြီးတွေလည်း အစိုးရကိုတော်လှန်ကြတာပဲ။ ဒါပေမယ့် သူတို့က ကွန်မြူနစ်တွေရဲ့မဟာမိတ်တွေ။ ဗဟိုအမေရိကမှာ ကျောင်းသားလူငယ်တွေရဲ့လှုပ်ရှားမှုနဲ့တူတာတွေတော့ရှိတယ်။ ချီလီမှာဆိုရင် အစိုးရက စစ် အစိုးရဖြစ်နေတာကြောင့် အင်မတန်ကြောက်စရာအခြေအနေဖြစ်ခဲ့တယ်။ ဖိလစ်ပိုင်အသွင်ကူးပြောင်းမှုမှာတော့ အရပ်သားတွေကပဲ တပ်ရဲ့ထောက်ခံမှုနဲ့ တာဝန်ယူပြီးလုပ်ကြတယ်။

## စီးပွားရေးဖွံ့ဖြိုးရန် စီမံခန့်ခွဲခြင်း

*ခင်ဗျားရဲ့ စီးပွားရေးနဲ့ဖွံ့ဖြိုးရေးဦးစားပေးတွေက ဘာတွေလဲ။*

ရာမိုစ်။ ။အဲဒီအချိန်တုန်းက အရေးအကြီးဆုံးပြဿနာက စွမ်းအင်ပဲ။ မီးကခဏခဏ ပျက်တယ်။ မီးပျက်တယ်ဆိုတာ စီးပွားရေးနဲ့ လူနေမှုအဆင့်အတန်းအတွက် အင်မတန်ကို ခြိမ်းခြောက်တဲ့ကိစ္စ။ ဒါကြောင့် ၁၉၉၂ ခုနှစ်မှာ စွမ်းအင်သုံးစွဲမှုနဲ့ထောက်ပံ့မှုကို စီမံကိန်းဆွဲဖို့

စီမံခန့်ခွဲဖို့ဆိုပြီး စွမ်းအင်ဌာနကိုဖွဲ့စည်းခဲ့တယ်။ စွမ်းအင်ပြဿနာကိုဖြေရှင်းဖို့ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်စီမံကိန်းတွေဆွဲပြီး အကောင်အထည်ဖော်ခဲ့တယ်။ ကျွန်တော်တို့သတ်မှတ်ထားတဲ့ကာလထက်စောပြီး စွမ်းအင်ပြတ်လပ်မှုမရှိအောင် ဖြေရှင်းနိုင်ခဲ့တယ်။ စွမ်းအင်ပြဿနာကိုဖြေရှင်းရာမှာ ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးတဲ့လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ပါတယ်။[xiv] ရင်းနှီးမြှုပ်နှံမှုနဲ့ပြိုင်ဆိုင်မှု တိုးမြင့်လာစေဖို့ ဆက်သွယ်ရေးနဲ့ဘဏ်လုပ်ငန်းတွေကို မူဝါဒဖြေလျှော့ပေးခဲ့တာကလည်း ဦးစားပေးမှုတစ်ခုပဲ။[xv]

အဂတိလိုက်စားမှုဟာ တိုင်းပြည်အတွက်ယိုပေါက်ပဲ။ စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒအကန့်အသတ်တွေကို ဖယ်ရှားပေးပြီး စီးပွားရေးမှာ နိုင်ငံတော်ရဲ့အခန်းကဏ္ဍကို ကန့်သတ်ခဲ့လို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ ပြိုင်ဆိုင်မှုဝင်လာအောင် လမ်းဖွင့်ပေးနိုင်ခဲ့တယ်။[xvi] 'ပုဂ္ဂလိကကဏ္ဍက အစိုးရထက်သာအောင်လုပ်နိုင်တာတွေ လုပ်လို့ရအောင်' ကျွန်တော်တို့ ခွင့်ပြုပေးရမယ်။[xvii] ပြည်တွင်းမှာ ပြိုင်ဆိုင်မှုပိုများလာမယ်ဆိုရင် ကမ္ဘာနဲ့အဝှမ်းမှာ ဖိလစ်ပိုင်က ပြိုင်ဆိုင်လာနိုင်မှာပဲ။ အဲဒီလိုပြိုင်ဆိုင်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်မယ်။ သို့သော် ပြည်တွင်းမှာ ပြိုင်ဆိုင်မှုများလာအောင်လုပ်ဖို့ လက်ဝါဒကြီးအုပ်တာတွေ၊ စီးပွားရေးနယ်ပယ်တချို့မှာ ပြိုင်ဆိုင်မှုနည်းအောင်ချုပ်ကိုင်ထားတဲ့ လုပ်ငန်းရှင်အုပ်စုတွေကိစ္စကို ဖြေရှင်းကြရမယ်။[xviii] အသေးစား၊ အလတ်စားလုပ်ငန်းတွေကနေ အလုပ်အကိုင်တိုးပွားမှုကဖြစ်လာတာ။ အဲဒီလုပ်ငန်းတွေဟာ အရင်းအနှီးအားပြုတဲ့ လုပ်ငန်းကြီးတွေထက်ပိုပြီးအလုပ်အကိုင်ဖန်တီးပေးနိုင်တယ်။[xix]

ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံအဆောက်အအုံအားနည်းတာကလည်း စီးပွားရေးဖွံ့ဖြိုးမှုနဲ့ တိုးတက်မှုကို နောက်ကျစေခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း ဝင်မလာချင်ဘူး။ သန့်စင်စွမ်းအင်အပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုမှာ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေဖို့ (နဲ့ဆက်ပြီး တိုးတက်ဖို့)က အရေးကြီးပါတယ်။[xx] ကျွန်တော်တို့ဆောက်ခဲ့တဲ့ တံတားအသစ်တွေနဲ့ လမ်းအသစ်တွေ ကီလိုမီတာ ၆၀၀၀ ကျော်ရှိတယ်။[xxi] အဲဒီအခြေခံအဆောက်အအုံတွေဟာ ပမာဏကြီးမားတဲ့ စီမံကိန်းလိုအပ်တဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုတွေပဲ။

ဖိလစ်ပိုင်မှာ ဆင်းရဲချမ်းသာကွာဟမှုက အရမ်းကြီးပါတယ်။ ကျွန်တော်တို့ပညာရေးအသုံးစရိတ်ရဲ့ ပမာဏတော်တော်များများကို တက္ကသိုလ်ပညာရေးအတွက်သုံးခဲ့တယ်။ တက္ကသိုလ်ပညာရေးမှာ ဆင်းရဲသူတွေက လူလတ်တန်းလွှာလောက် အကျိုးကျေးဇူးမခံစားရဘူး။[xxii] ဒါပေမယ့် ပညာရေးဆိုတာ ပြည်သူတွေကိုဆင်းရဲတွင်းထဲက ဆွဲထုတ်ပေးမယ့်အင်ဂျင်စက်ပဲ။ ဖိလစ်ပိုင်နိုင်ငံရဲ့ ဈေးကွက်မှာယှဉ်ပြိုင်နိုင်စွမ်းကိုတိုးလာစေမယ့် အင်ဂျင်စက်ပဲ။ ဒါကြောင့် ပညာရေးနဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုမှာ ရင်းမြစ်အထောက်အပံ့တွေ ပိုပြီး အဓိကထားပေးအပ်သင့်တယ်။ အထူးသဖြင့် ဝင်ငွေအနိမ့်ဆုံးလူတွေကိုပေးရမယ်။[xxiii] ဒါဟာ ဝင်ငွေကွာဟမှု ကိုကျဉ်းမြောင်းအောင် 'အမိန့်ပေး၊အမိန့်ခံစနစ်/အောက်ခြေမှာတင်ဆုံးဖြတ်စီမံခန့်ခွဲတဲ့စနစ်ကို အပြိုင်ကျင့်သုံးမှု' ကိုအထောက်အကူပြုနိုင်လာမယ်။[xxiv]

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များစွာကို စီမံခန့်ခွဲခြင်း

*ခင်ဗျားသမ္မတဖြစ်နေချိန်တုန်းကရှိနေတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေအများကြီး ကို ဘယ်လိုဖြေရှင်းခဲ့လဲ။*

မားကို့စ်။ ။ကျွန်တော်သမ္မတဖြစ်ပါပြီဆိုကတည်းက ငြိမ်းချမ်းရေးနဲ့ပြန်လည်သင့်မြတ်ရေးကဦးစားပေးကိစ္စအ ဖြစ်ရှိခဲ့ပါတယ်။[xxv] ကျွန်တော့်သမ္မတသက်တမ်းမတိုင်ခင်မှာ လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့နဲ့ စေ့စပ်ဆွေးနွေးမှုစတင်ခဲ့တယ်။ တပ်တွင်းပုန်ကန်မှုလုပ်တဲ့ RAMရယ်၊ ဖိလစ်ပိုင်တောင်ပိုင်းက ခွဲထွက်ရေးသမားတွေဖြစ်တဲ့ MNLF ရယ်၊ဖိလစ်ပိုင်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ New People's Army ရယ်ပေါ့။ ၁၉၉၂ ဇူလိုင်မှာ ထုတ်ခဲ့တဲ့ ကြေညာချက်အရ ကျွန်တော်အမျိုးသားပြန်လည်ပေါင်းစည်းရေးကော်မရှင် (NUC) ကို ဖွဲ့စည်းခဲ့တယ်။ NUC က တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကနေ လွတ်ငြိမ်းချမ်းသာခွင့်အစီအမံနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မူကြမ်းရေးပြီး တင်ပြဖို့ အခွင့်အာဏာအပ်နှင်းထားတဲ့ ကော်မရှင်ပဲ။ xxvii ဒေသပေါင်း ဂ၁ ခုက အစိုးရနဲ့တိုက်ပွဲဖြစ်နေတဲ့အဖွဲ့တွေ၊ သူတို့ရဲ့မိသားစုတွေ၊ ရပ်ရွာကရပ်မိရပ်ဖတွေနဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်ရတဲ့အကြောင်းရင်းများ၊ တာရှည်ခံငြိမ်းချမ်းရေးအတွက် ဘယ်လိုမူဝါဒနဲ့ စီမံကိန်းတွေလိုသလဲဆိုတာ၊ ဘယ်ကဏ္ဍတွေနဲ့ဘယ်ရပ်ရွာအသိုင်းအဝိုင်းတွေက ဒီလုပ်ငန်းစဉ်မှာ ထည့်ဝင်ဆောင်ရွက်ချင်ကြသလဲဆိုတာတွေ အပါအဝင် ကိစ္စရပ်များစွာကို NUC က ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးမှုတွေမှာအခြေခံပြီး အားလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဆိုပြုတင်ပြချက်တွေကို NUC က ရေးဆွဲခဲ့ပါတယ်။[xxviii]

အထွေထွေငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ မူဝါဒတစ်ခုကတော့ ' ကိုယ့်ကြောင့် သူ့ကြောင့် ပြောဖို့၊ လက်နက်ချဖို့မဟုတ်ဘူး။ ပါဝင်ဆွေးနွေးသူတွေအားလုံးအတွက် ဂုဏ်သိက္ခာအတွက်' လုပ်ကြမယ်ဆိုတာပဲ။ အကြမ်းဖက်မှုချုပ်ငြိမ်းသွားရုံနဲ့မပြီးဘူးဗျ။ ပဋိပက္ခကိုဖြစ်စေခဲ့တဲ့ အခြေအနေတွေကို ဖြေရှင်းသွားရတာ။[xxix] 'ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုတာ ဒွန်တွဲပြီးဖြစ်ပေါ်လာရတာမျိုး။ ပဋိပက္ခသက်ရောက်တဲ့ဒေသတွေမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ကိုရှိအောင်ဦးစားပေးရမယ်။[xxx] 'ငြိမ်းချမ်းရေးနဲ့တိုးတက်ဖြစ်ထွန်းမှု' ဒေသအားလုံးမှာရှိတဲ့အချိန်ရောက်မှသာ တိုင်းပြည်တစ်ခုဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိနိုင်မယ်။[xxxi] ၁၉၉၃ ခုနှစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ သမ္မတရုံးအကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီအဖွဲ့က 'NUC ရဲ့စီမံကိန်းအကောင် အထည်ဖော်တာကို ကြီးကြပ်တဲ့အဖွဲ့ပေါ့။ ၁၉၉၄ ခုနှစ်မှာ စစ်တပ်နဲ့တိုက်ပွဲဖြစ်နေတဲ့ လက်နက်ကိုင်အဖွဲ့တွေကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ အမျိုးသားလွတ်ငြိမ်းချမ်းသာခွင့် ကော်မရှင်က လွတ်ငြိမ်းချမ်းသာခွင့်လျှောက်လွှာ ဂ၀၀၀ ကျော်လက်ခံရရှိခဲ့ပါတယ်။ ဖမ်းဆီးခံထားရတဲ့ လက်နက်ကိုင်သူပုန်အများကြီးကို လွှတ်ပေးခဲ့တယ်။ (RAM), MNLF, ကွန်မြူနစ်တို့နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ကိုင်ဖို့ အုပ်စုလိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲသုံးခု လုပ်ခဲ့တယ်။[xxxii]

ကွန်မြူနစ်တွေနဲ့ ပထမဆုံး တရားဝင်စေ့စပ်ဆွေးနွေးတာတွေက ၁၉၈၆ ခုနှစ် အကွိန်အစိုးရလက်ထက်မှာ စခဲ့တယ်။ မအောင်မြင်ဘူး။ ၁၉၉၂ ခုနှစ်မှာ စေ့စပ်ဆွေးနွေးမှုတွေပြန်စတယ်။ ၁၉၉၃ ခုနှစ်ရောက်တော့ ကွန်မြူနစ်ပါတီက တရားဝင်ပါတီဖြစ်လာခဲ့တယ်။ ၁၉၉၈ ခုနှစ်မှာ သဘောတူညီချက်စာချုပ်တွေ အများကြီးချုပ်ဆိုဖြစ်တယ်။ ဒါပေမယ့် ၂၀၀၁ ခုနှစ်နောက်ပိုင်းကျတော့ ဖြစ်ပေါ်တိုးတက်မှုတွေမရှိတော့ဘူး။[xxxiii]

အကွိန်အစိုးရဆီက အာဏာသိမ်းဖို့ကြိုးစားတာ ကိုးကြိမ်ဖြစ်ပြီးတဲ့နောက် ၁၉၉၂ ခုနှစ်မှာ RAM နဲ့ 'ရန်လိုမုန်း တီးမှုအဆုံးသတ်ရေး' ပဏာမသဘောတူညီချက်နဲ့ စေ့စပ်ဆွေးနွေးမှုစတင်ခဲ့တယ်။ ၁၉၉၅ ခုနှစ် မေလမှာ မားကို့စ်ကို သစ္စာခံတဲ့ ALTAS တပ်ဖွဲ့တွေနဲ့ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့တယ်။[xxxiv] အထွေထွေငြိမ်းချမ်းရေးသဘောတူညီချက်ကို ၁၉၉၅ ခုနှစ်အောက်တိုဘာလမှာ လက်မှတ်ရေးထိုးခဲ့တယ်။ ဆယ်စုနှစ်တွေအများကြီးကြာအောင် တိုက်ခိုက်မှုတွေ၊ မငြိမ်မသက်ဖြစ်မှုတွေရှိခဲ့ပြီးနောက်မှာ MNLF နဲ့ငြိမ်းချမ်းရေးသဘောတူညီ ချက်ကို ၁၉၉၆ ခုနှစ် စက်တင်ဘာလမှာ လက်မှတ်ရေးထိုးခဲ့တယ်။[xxxvi] MNLF နဲ့စေ့စပ်ဆွေးနွေးမှုတွေကို ၁၉၇၀ ပြည့်နှစ်အစောပိုင်းကတည်းက နိုင်ငံတကာက ထောက်ခံအားပေးခဲ့တယ်။ အစ္စလာမ်မစ်ညီလာခံအဖွဲ့ရဲ့ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်မှုကိုလည်း နိုင်ငံတကာက ထောက်ခံအားပေးခဲ့တယ်။[xxxvii] အဲဒီ သဘောတူညီချက်တွေဟာ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ရေးကို အသိအမှတ်ပြုတယ်။ အထွေထွေလွတ် ငြိမ်းချမ်းသာခွင့်ကိုပေးအပ်ခဲ့တယ်။ အရည်အချင်းပြည့်ဝတဲ့ တိုက်ခိုက်ရေးသမားတွေကို အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့နဲ့ ရဲအဖွဲ့မှာ တာဝန်ထမ်းဆောင်ခွင့်ပေးခဲ့တယ်။[xxxix]

ကျွန်တော်သမ္မတဖြစ်နေတုန်းမှာ မေ့မရနိုင်တဲ့အဖြစ်အပျက်တစ်ခုရှိခဲ့တယ်။ မင်ဒါနာအိုမှာ ကျွန်တော်တို့နဲ့ MNLF ရဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မှုနဲ့ အတည်ပြုနိုင်ဖို့ စည်းရုံးလှုပ်ရှားနေတုန်းပေါ့။ ကျွန်တော်တို့ အဲဒီသဘောတူညီချက်ကို အတည်ပြုနိုင်မှဖြစ်မှာ၊ နောက်ဆုံးမှာလည်း အတည်ပြုနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ စည်းရုံးရေးဆင်းနေတုန်းမှာ အမေရိကန်အစိုးရရဲ့ ထောက်ပံ့ကူညီရေးအဖွဲ့အစည်း USAID ရဲ့အကြီးအကဲ ထိပ်တန်းအရာရှိတစ်ယောက်က ကျွန်တော်နဲ့ပါလာတယ်။ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်က နောက်ကားတစ်စီးထဲမှာ။ မင်ဒါနာအိုက ခရစ်ယာန်ဘာသာဝင်တွေ ကျွန်တော်ကို မြင်လိုက်တာနဲ့ ထောင်းကနဲဒေါသထွက်သွားရော။ မှန်တော့မမှန်ပေမယ့် သူတို့အမြင်အရ ငြိမ်းချမ်းရေးသဘောတူညီချက်က သူတို့တစ်တွေရဲ့ အခန်းကဏ္ဍကိုမေးမှိန်သွားစေမယ်ထင်ကြတာကိုး။ ဒီတော့ သူတို့က လက်မခံကြဘူး။ ဒီတော့ သူတို့က လေဆိပ်ကနေ ဂျင်နရယ်ဆန်းတို့စ်မြို့အထိ ငါးကီလိုမီတာလောက်ရှိတဲ့လမ်းတစ်လျှောက်မှာ သူတို့တွေက ဆန္ဒထွက်ပြကြတယ်။ ကျွန်တော်ကကားတံခါးကနေ ခေါင်းပြူပြီးကြည့်လိုက်တယ်။ ရှေ့ဘက်ကိုလှမ်းကြည့်လိုက်တော့ ဆန္ဒပြတဲ့သူတွေက ကျွန်တော့်ကိုလှမ်းရိုက်ကြရော။ ဒါနဲ့ကျွန်တော်လည်း သူတို့ကို

ပြန်ရိုက်တာပေါ့။ နောက်တော့ ကျွန်တော်ကို ခရမ်းချဉ်သီးတွေနဲ့ဝိုင်းပစ်ကြတယ်ဆိုပြီး ပြောကုန်ကြတာပေါ့။ ဟုတ်ပါပြီ။ ခရမ်းချဉ်သီးတွေနဲ့ပေါက်ပါ။ ဒါပေမယ့် လက်ပစ်ဝုံးတွေနဲ့တော့ မပစ်ကြပါနဲ့။ အဲဒီကာလဟာ ကျွန်တော့်သမ္မတသက်တမ်းမှာ လုပ်ရကိုင်ရအကျပ်ဆုံးကာလပဲ။ အဲဒီမင်ဒါနာအို ငြိမ်းချမ်းရေးသဘောတူ ညီချက်ပေါ့။ ဒါပေမယ့် ကျွန်တော်တို့ စာချုပ်ကိုလက်မှတ်ထိုးနိုင်ခဲ့ကြတယ်။ 'ကျွန်တော်ဘာသင်ခန်းစာရသလဲဆိုတော့ ငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းမှုမှန်သမျှမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် အမြင်ဆိုတဲ့ ရေရှည်အမြင်ကို အဓိကထားရမယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ရန်သူတွေကနေ နည်းဗျူဟာပိုင်းအရ ဖိအားပေးလို့ ဆန့်ကျင်ဘက်လမ်းကြောင်းကို တွန်းပို့ခံရတာကိုလည်း လက်မခံဖို့လိုတယ်။'[xl]

တရုတ်ပညာရှင် ဆွန်ဇူပြောတဲ့ 'မတိုက်ရဘဲနိုင်တာ အကောင်းဆုံးပဲ' ဆိုတာကို ကျွန်တော်လက်ခံတယ်။ တိုက်တယ်ခိုက်တယ်ဆိုတာကို ကျွန်တော်နားလည်တာပေါ့။ ဒါပေမယ့် 'အကြမ်းဖက် ထိပ်တိုက်ရင်ဆိုင်မှုဆိုတာ ဒီမိုကရေစီလိုလားတဲ့ သမ္မတတစ်ယောက်အတွက် နောက်ဆုံးလက်နက်ပဲဖြစ်သင့်တယ်။' ဒီမိုကရေစီမှာ ဘယ်စေ့စပ်ဆွေးနွေးမှုမဆို 'ကိုယ်လည်းနိုင်၊ သူလည်းနိုင်ရလဒ်တွေ' ထွက်အောင်ကြိုးပမ်းရမယ်။ ကိုယ်လည်းနိုင်၊ သူလည်းနိုင်ရလဒ်တွေဟာ 'အလိုအလျောက် သက်ဝင်စိုးမိုးမှု' ဖြစ်လာလေ့ရှိတယ်။ ကိုယ့်အခွင့်အရေးကိုချိုးနှိမ်ခံ ထားရတယ်လို့ထင်ရတဲ့ အဖွဲ့အစည်းကနေ အားလျော့ပျက်ပြယ်အောင် လုပ်တာနဲ့ မတူဘူး။[xli]

၁၉၉၄ ခုနှစ်မှာ ကျွန်တော်တို့က ထိစပ်ပတ်သက်နေတယ်လို့သတ်မှတ်ထားတဲ့ဒေသတွေရဲ့ ဖွံ့ဖြိုးမှုအရှိန်အ ဟုန်ကိုမြှင့်တင်ဖို့ ဖိလစ်ပိုင်က ဘဏ္ဍနိုင်း၊ အင်ဒိုနီးရှား ၊မလေးရှာနိုင်ငံတွေနဲ့ အရှေ့အာဆီယံစီးပွားရေးဖွံ့ဖြိုးမှုဒေသ (BIMP-EAGA) ကိုဖွဲ့စည်းခဲ့တယ်။ အဲဒီသတ်မှတ်ထားတဲ့ ထိစပ်ဒေသတွေထဲမှာ မင်ဒါနာအိုကျွန်းလည်းပါတယ်။ အပြန်အလှန်အကျိုးပြုမှုနဲ့ ဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်စတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ရေးဟာ မင်ဒါနာအိုကျွန်းဖွံ့ဖြိုးရေးစီမံကိန်းရဲ့ အစိတ်အပိုင်းပါ။ ဒါကြောင့် ဒေသကိုလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းပေးအပ်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားဖြည့်ပေးရာရောက်ပါတယ်။ BIMP-EAGA ဟာ မင်ဒါနာအိုအတွက် 'ငြိမ်းချမ်းရေးဝေစု' အစိတ်အပိုင်းဖြစ်ပါတယ်။[xlii]

*စစ်တပ်က လက်နက်ကိုင်သူပုန်တွေနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်ခံခဲ့သလား။*

ရာမိုစ်။ ။စစ်တပ်ကတကယ့်ကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အစိုးရရဲ့မူဝါဒတွေကို သူတို့ကလိုက်နာဆောင်ရွက်ကြပါတယ်။

## ကိုးကားစာအုပ်စာတမ်းများ


Ramos, Fidel V., *Empowering the People: Bulletin of FVR Sermons Vol. 2* [ပြည်သူများကို လုပ်ပိုင်ခွင့်အပ်နှင်းခြင်း - ဖီဒယ်ရာမို့စ်လမ်းညွှန်ချက်များမှတ်တမ်းများ၊ အတွဲ၂] (Manila: Ramos Peace and Development Foundation and The Manila Bulletin, 2008)

Ramos, Fidel V., *SONA: Bulletins of FVR 'Sermons' Vol. VI* [ဖီဒယ်ရာမို့စ်လမ်းညွှန်ချက်များမှတ်တမ်းများ၊ အတွဲ၂] (Manila: Manila Bulletin Publication, 2011)

Ramos, Fidel V., *Towards Our Better Future – Seize the Opportunities* [ပိုကောင်းသော အနာဂတ်သို့-အခွင့်အလမ်းများကို အရယူကြ] (Manila: Ramos Peace and Development Foundation, 2012)

Velasco, Melandrew T., *10 Years of RPDEV: Teamwork for Enduring Peace and Sustainable Development* [တာရှည်ခံငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် အဖွဲ့လိုက်ဆောင်ရွက်ချက်] (Manila: Ramos Peace and Development Foundation, 2010)

Velasco, Melandrew T., et al., *Silver Linings: 25 Years of the 1986 EDSA People Power Revolution* [မျှော်လင့်ချက်ရောင်ခြည် - ၁၉၆၈ ခုနှစ် EDSA ပြည်သူ့အာဏာတော်လှန်ရေး ၂၅ နှစ်တာ] (Manila: RPDEV and Media Touchstone Ventures Inc., 2012)


---

i Ramos 2012, p. 23.

ii Ibid.

iii Ramos 2011, p. 50.

iv Ramos 2012, p. 59.

v Velasco 2012, pp. 183–5.

vi Ramos 2012, p. 25.

vii Velasco 2012, p. 182.

vii Ramos 2008, p. 114.

ix Ramos 2012, p. 12

x Ramos 2012, p. 12.

xi Ramos 2008, p. 116.

xii Ramos 2012, p. 46.

xiii Ramos 2011, p. 53.

xiv Velasco 2010, p. 103.

xv Velasco 2012, p. 293.

xvi Ramos 2011, p. 112.

xvii Ibid., p. 115.

xviii Ibid., p. 54.

xix Ibid., p. 115.

xx Ibid., p. 17.

xxi Velasco 2012, p. 291.

xxii Ramos 2011, p. 114.

xxiii Ibid., p. 65.

xxiv Ibid., p. 55.

xxv Velasco 2010, p. 76.

xxvi Ramos 2012, p. 41.

xxvii Velasco 2010, pp. 76–7.

xxviii Ramos 2008, pp. 145–6.

xxix Velasco 2010, pp. 76–7.

xxx Ibid., p. 91.

xxxi Ramos 2011, p. 49.

xxxii Velasco 2010, pp. 76–8.

xxxiii Ramos 2008, p. 149.

xxxiv Ibid., p. 147.

xxxv Ibid., p. 147.

xxxvi Ramos 2012, p. 41.

xxxvii Ramos 2008, p. 142.

xxxviii Velasco 2012, p. 266.

xxxix Ibid., p. 83.

xl Velasco 2010, p. 84.

xli Ramos 2012, p. 29.

xlii Velasco 2012, pp. 283–4.

## ဖိလစ်ပိုင် အချိန်ပြများ

**၁၅၁၂။** စပိန်စူးစမ်းလေ့လာရေးသမား ဖာဒီနန်မီဂယ်ယန် ရောက်ရှိလာသည်။ ဒေသ ဆိုင်ရာအကြီးအကဲ လာပူ-လာပူနှင့်ဖြစ်ပွားသည့် Mactan တိုက်ပွဲတွင် ဖာဒီနန်မီဂယ်ယန် ကျဆုံးသည်။

**၁၅၆၅-၁၉၈၉။** စပိန်ကိုလိုနီအုပ်ချုပ်ရေးစတင်။ စပိန်ဘုရင် ဖိလစ်-၂ကို အစွဲပြုပြီး Las Islas Filipinas ဟုအ မည်မှည့်ခေါ်။

**သြဂုတ် ၁၉၈၆။** စပိန်ကိုလိုနီဆန့်ကျင်ရေး အုံကြွမှုစတင်။

**ဒီဇင်ဘာ ၁၉၈၆။** နာမည်ကျော်ဝတ္ထုရေးဆရာ၊ ပညာရှင်၊ ဆရာဝန်၊ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူ ဟိုဆေးရီဇော်ကို စပိန်အစိုးရက ကွပ်မျက်။

**ဒီဇင်ဘာ ၁၉၈၉။** စပိန်-အမေရိကန်စစ်ပွဲအပြီးတွင် ဖိလစ်ပိုင်ကို အမေရိကန်ပြည်ထောင် စုသို့ စပိန်ကပေးအပ်။ သမ္မတ အေမီလီယို အဂ္ဂိနာလ်ဒို ဦးဆောင်သည့် ဖိလစ်ပိုင်လွတ်လပ်ရေး တိုက်ပွဲဝင်သူများက အမေရိကန်သိမ်းပိုက်မှုကို လက်နက်ကိုင်တော်လှန်မှုဆက်လက်လုပ် ဆောင်။ အမေရိကန်စစ်သား ၄၀၀၀ ကျော်၊ ဖိလစ်ပိုင်ပြည်သူ့လွတ်လပ်ရေးတပ်မတော်တပ်သား ၁၂၀၀၀ ကျော်ကျဆုံး။ ဖိလစ်ပိုင်အရပ်သား ၂၀၀၀၀၀ ထက်မနည်း သေဆုံးခဲ့။

**မတ် ၁၉၀၁။** အဂ္ဂိနာလ်ဒိုကို ဖမ်းမိ။

**ဇူလိုင် ၁၉၀၁။** နောင်အမေရိကန်သမ္မတဖြစ်လာမည့် ဝီလျံ ဟောင်းဝပ် တက်ဖ်သည် ဖိလစ်ပိုင်ကို အမေရိကန်တို့၏သိမ်းပိုက်မှုခိုင်မာအောင်လုပ်ဆောင်ရင်း ပထမဆုံးအုပ်ချုပ်ရေး ဘုရင်ခံ ဖြစ်လာ။

**စက်တင်ဘာ ၁၉၃၅။** နှစ်ပေါင်း ၃၀ နီးပါးကြာ လွှတ်တော်ရွေးကောက်ပွဲများအပြီး အမေရိကန်အုပ်ချုပ်မှုအောက်တွင် သမ္မတရွေးကောက်ပွဲများစတင်ကျင်းပ။ အဂတိလိုက်စားမှု ထူပြောသော်လည်း နိုင်ငံရေးပါတီကြီးနှစ်ခု ကြီးစိုးသည့်စနစ် တည်ငြိမ်စွာဖြစ်ပေါ်စေခဲ့။

**ဇူလိုင် ၁۹۶۶။** အမေရိကန်ထံမှ ဖိလစ်ပိုင်လွတ်လပ်ရေး။ လွတ်လပ်ရေးနှင့်အတူ အကျိုးအမြတ်များသည့် ကုန်သွယ်ရေးအခွင့်အရေးများနှင့် ဖိလစ်ပိုင်တွင် အမေရိကန်စစ်အ ခြေစိုက်စခန်းများထားရှိခြင်းကို ဆက်လက်ခွင့်ပြု။

**နိုဝင်ဘာ ၁۹۶۹။** လုံးဝနီးပါး လွတ်လပ်သည့်ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ဖာဒီနန် မားကို့စ် ရွေးကောက်တင်မြှောက်ခံရ။ စစ်တပ်နှင့်အစိုးရရာထူးများတွင် မားကို့စ်က သူ၏ မိတ်ဆွေများနှင့် မိသားစုများကိုခန့်အပ်။ ပါတီမှ အခြားသောအုပ်စုများကို အာဏာပေးအပ်မှုမှ ဖယ်ချန်။ နီးစပ်ရာလက်သိပ်ထိုးလုပ်ပိုင်ခွင့်ပေးထားသည့် စီမံကန်းများကြောင့် တိုင်းပြည်၏

ကြေးမြိုကြီးမားလာ။

**မတ် ၁၉၆၉။** အခြားအတိုက်အခံအုပ်စုများ၏ မမြင်သာသော ထောက်ခံမှုဖြင့် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ (CPP) က ယင်း၏လက်နက်ကိုင်တပ်ဖွဲ့ကိုဖွဲ့စည်း။ မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (MNLF) နှင့်အတူ ကြီးမားသည့်လက်နက်ကိုင်တော်လှန်မှုဖြစ်လာ။

**နိုဝင်ဘာ ၁၉۶۹။** မကြေ့စဖွေး မဲခိုးမှုများ၊ မဲဝယ်မှုများ၊ စစ်တပ်ကိုအသုံးချပြီး အတိုက်အခံကို ခြိမ်းခြောက်ခြင်းတို့ဖြင့် မားကို့စ် ထပ်မံရွေးကောက်တင်မြှောက်ခံရ။

**ဩဂုတ် ၁၉۷၁။** အတိုက်အခံတို့စုရုံးလှုပ်ရှားမှုကို ဝုံးကျဲပြီးနောက် ဥပဒေနှင့်ဆန့်ကျင်ပြီး ဖမ်းဆီးထိန်းသိမ်းခံရမှုအတွက် အာမခံလျှောက်ထားခွင့် (habeas corpus) ကို မားကို့စ်က ဆိုင်းငံ့လိုက်သည်။ ထင်ရှားသည့် ဖိလစ်ပိုင်မိသားစုမှ ဆင်းသက်လာသည့် အထက်လွှတ်တော်ကိုယ်စားလှယ် ဘင်နစ်နိုအကွီနိုဂျူနီယာသည်မားကို့စ်ကိုလူသိထင်ရှားဝေဖန်သူဖြစ်လာသည်။

**စက်တင်ဘာ ၁۹۷၂။** မားကို့စ်က စစ်အုပ်ချုပ်ရေးကြေညာပြီး အကွီနိုနှင့်အခြားသူများကို ဖမ်းဆီးလိုက်သည်။ သူ၏မိတ်ဆွေများထံ ကုမ္ပဏီများရောင်းချရန် မိသားစုများကို ဖိအားပေးခဲ့ပြီး သူ၏မဟာမိတ်များအကျိုးရှိရန် ဥပဒေများကို မားကို့စ်က ပြင်ဆင်ရေးဆွဲခဲ့သည်။ တတ်သိပညာရှင်များကိုခန့်အပ်ကာ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးများကို ခိုင်မာအားကောင်းအောင်လုပ်ဆောင်ခဲ့သဖြင့် အမေရိကန်အစိုးရက ချီးမွမ်းခဲ့ပြီး အကူအညီ များပေးခဲ့သည်။

**နိုဝင်ဘာ ၁۹۷၂။** တံစိုးလက်ဆောင်ပေးခြင်း၊ အကျပ်ကိုင်ခြင်းတို့ဖြင့် သက်တမ်းကန့်သတ်ချက်မရှိသည့် လွှတ်တော်စနစ်ဖြင့် ကွန်ဂရက်လွှတ်တော်ကို အစားထိုးရန် (စစ်အုပ်ချုပ်ရေးမစတင်မီက ကျင်းပခဲ့သည့်) အခြေခံဥပဒေ ဆိုင်ရာညီလာခံကို မားကို့စ်ကဖွဲ့စည်းပြဋ္ဌာန်းသည်။ နောက်ထပ်ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းမရှိဘဲ ကွန်ဂရက်လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။

**ဧပြီ ၁۹۷၈။** လွှတ်တော်ရွေးကောက်ပွဲများတွင် မသမာမှုများနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့ပြီး အတိုက်အခံတို့ ဆိုးရွားစွာရှုံးနိမ့်သည်။ သပိတ်မှောက်ခြင်းများစွာဖြစ်ပေါ်သည်။ အကွီနိုက CPP နှင့် ဒေသဆိုင်ရာညွှန့်ပေါင်းအဖွဲ့ ဦးဆောင်ကွပ်ကဲသည်။ မဲမပေးမီတစ်ရက်အလိုတွင် 'ညာသံပေးတိုက်ခိုက်မှု' ဆန္ဒပြပွဲကြီးများကို အတိုက်အခံက ကျင်းပသည်။

**အောက်တိုဘာ ၁۹۸၀။** မနီလာမြို့တော်တွင် အမေရိကန်ခရီးသွားလုပ်ငန်းညီလာခံကို အကွီနိုအားထောက်ခံသည့်အုပ်စုက ဝုံးဖောက်ခွဲတိုက်ခိုက်သဖြင့် လူအများအာရုံစိုက်လာကြသည်။ အကွီနိုနှင့် တစ်ဆင့်ခံတွေ့ဆုံ ဆွေးနွေးမှုများလုပ်ရန် မားကို့စ်က သဘောတူခဲ့ပြီး စစ်အုပ်ချုပ်ရေးအဆုံးသတ်ရန်နှင့် ရွေးကောက်ပွဲကျင်းပရန် သဘောတူခဲ့သည်။ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများ မမျှတသဖြင့် အတိုက်အခံတို့က သပိတ်မှောက်ကြသည်။ အကြမ်းဖက်

အုပ်စုများကို နောင်လများတွင် ဖမ်းဆီးခဲ့သည်။

**ဇန်နဝါရီ ၁၉၈၁။** အမေရိကန်အခြေစိုက် ဖိလစ်ပိုင်ပြည်ပရောက်များကို အသစ်တက်လာသော ရော်နယ်ရီဂင် အစိုးရက အစပိုင်းတွင် ထိခိုက်အရှက်ရစေခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘေးချိတ်ထားခဲ့သည်။ မားကို့စ် အစိုးရကိုပေးသည့်အကူအညီများ ဖြတ်တောက်ရန်ဖိအားပေးမှုကို လက်မခံဘဲနေခဲ့သည်။

**သြဂုတ် ၁၉၈၁။** မားကို့စ်က သူ၏မဟာမိတ် ဖာဘီယန် ဘားကို စစ်ဦးစီးချုပ်အဖြစ်ခန့်အပ်။ ဖာဘီယန်ဘားသည် ဗိုလ်ချုပ်ကြီးများဖြစ်သည့် ဂျူအန်း ပွန်စီ အန်းရီးလ်၊ ဗီဒယ်ရာမို့ စ်တို့နှင့် မကျေမလည်ဖြစ်လာ။ အန်းရီးလ်နှင့် မားကို့စ်တို့ကို ပညာသည်ပိုဆန်ပြီး အမှီအခိုကင်းသူများဟု အများကရှုမြင်ကြသည်။

**ဇေဖော်ဝါရီ ၁၉၈၃။** ဘုန်းတော်ကြီး ရှင်အိုင်မေ ဆင်းခေါင်းဆောင်သည့် ကက်သိုလစ်ဘုန်းတော်ကြီးများညီလာခံက ဒီမိုကရေစီကို တောင်းဆိုခဲ့။

**သြဂုတ် ၁၉၈၃။** ပြည်ပရောက် အကွိန်ပြန်လာသည်။ လေယာဉ်မှအထွက်တွင် အစိုးရက လွှတ်ထားသော အထူးလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ လုပ်ကြံသတ်ဖြတ်မှုခံရသည်။ လူလတ်တန်းလွှာ၊ စီးပွားရေးလုပ်ငန်းများ၊ ဘုရားကျောင်းတော်တို့၏ ထောက်ခံမှုဖြင့် ဆန္ဒပြပွဲကြီးများ စတင်ဖြစ်ပေါ်လာသည်။ အကွိန်၏ ကျန်ရစ်သူဇနီး ကိုရာ ဇန် (ကိုရီ) သည် ဆန္ဒပြမှုခေါင်းဆောင်ဖြစ်လာသည်။ တိုင်းပြည်မတည်ငြိမ်မှုကြောင့် အစိုးရကို ချေးငွေပေးမှုများ အပြည်ပြည်ဆိုင်ရာဘဏ်များက ရပ်ဆိုင်းလိုက်သည်။ သွင်းကုန်များနှင့် နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားမှုကို အစိုးရက မဖြစ်မနေကန့်သတ်လာရသည်။

**မေ ၁၉၈၄။** လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည်။ ကွန်မြူနစ်မဟုတ်သည့် အတိုက်အခံများပါဝင်အရွေးခံကြပြီး မသမာမှုနှင့် အကြမ်းဖက်မှုရှိသည့်တိုင် မြို့ပြဒေသများနှင့် ခေါင်းဆောင်များ၏ဈာတိဒေသများတွင် အတိုက်အခံက ကိုယ်စားလှယ်နေရာများစွာ အနိုင်ရခဲ့သည်။

**အောက်တိုဘာ ၁၉၈၄။** အကွိန်သေဆုံးမှုကို အစိုးရ၏စုံစမ်းစစ်ဆေးမှုတွင် ဖာဘီယန်ဘားသည် ပူးပေါင်းကြံစည်မှုကို ဦးဆောင်ခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။

**ဇန်နဝါရီ ၁၉၈၅။** အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၏ဌာနနှင့် စီအိုင်အေတို့၏ အခိုင်အမာအကြံပေးချက်အရစီးပွားရေးထိန်းချုပ်မှုများကိုဖယ်ရှားပေးရန်၊ရာထူးဆက်ခံမည့်သူခန့်အပ်ရန်၊ ဖာဘီယန်ဘားကို ပြစ်ဒဏ်ပေးရန်တို့ကို မားကို့စ်အား ရော်နယ်ရီဂင်က တောင်းဆိုသည်။

**မတ် ၁၉၈၅။** အန်းရီးလ်နှင့်မဟာမိတ်ဖြစ်ပြီး အမေရိကန်လုံခြုံရေးတပ်ဖွဲ့များ၏ နောက်ကွယ်ကထောက်ခံမှုဖြင့် မားကို့စ်နှင့် ဖာဘီယန်ဘားတို့ကို ဆန့်ကျင်တော်လှန်ရန် တပ်တွင်းပုန်

ကန်ရေးလှုပ်ရှားမှုအဖွဲ့ (RAM) ကို စတင်သည်။

**နိုဝင်ဘာ ၁၉၈၅။** ရွေးကောက်ပွဲကို အရပ်ဖက်လူအဖွဲ့အစည်းနှင့် နိုင်ငံခြားသတင်းဌာနများက စောင့်ကြည့်လေ့လာရန် အမေရိကန်ရုပ်သံမှနေ၍ မားကို့စ်ကတောင်းဆိုသည်။ အတိုက်အခံက သမ္မတလောင်းအဖြစ် အကွီနိုကိုရွေးချယ်သည်။

**ဖေဖော်ဝါရီ ၁၉၈၆။** ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် လွတ်လပ်သောရွေးကောက်ပွဲကျင်းပရေးနိုင်ငံသားများ၏ လှုပ်ရှားမှုအဖွဲ့ (NAMFREL) က ကိုရီအကွီနိုရွေးကောက်ပွဲ အနိုင်ရ ကြောင်းကြေညာသည်။ သို့သော် ရွေးကောက်ပွဲကော်မရှင်က မားကို့စ် အနိုင်ရသည်ဟု ကြေညာသည်။ တရားဝင်ရွေးကောက်ပွဲရလဒ်များကို အမေရိကန်လေ့လာစောင့်ကြည့်သူများ၊ ဘုရားကျောင်းတော်၊ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများက မှားယွင်းနေသည်ဟု ထုတ်ဖော်စွပ်စွဲကြသည်။

RAM ကပူးပေါင်းကြံစည်သော အာဏာသိမ်းရန်ကြိုးပမ်းမှုကို အစိုးရကဖော်ထုတ်သည်။ ESDA လမ်းမကြီးပေါ်ရှိ စစ်စခန်းများသို့ အန်းရီးလ်နှင့် ရာမို့စ်တို့ ထွက်ပြေးရသည်။ ကိုရီအကွီနိုကို ၎င်းတို့ထောက်ခံကြောင်း ကြေညာသည်။ ကိုရီ၊ ကျောင်းတော်နှင့် မီဒီယာမဟာမိတ်များက 'ပြည်သူ့အာဏာ' ဟုမှည့်ခေါ်သည့်ဆန္ဒပြပွဲများကိုစည်းရုံးလှုံ့ဆော်သည်။ ထောက်ခံသည့်အနေဖြင့် သပိတ်စခန်းများဝန်းရံဖွင့်လှစ်ကြသည်။ အဓိကကျသည့် နေရာဒေသများကို ထိန်းချုပ်သည်။ ကိုရီအကွီနိ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ အမေရိကန်က မားကို့စ်ကိုထောက်ခံမှု ရုပ်သိမ်းလိုက်သည်။ အမေရိကန်၏ ပို့ဆောင်မှုဖြင့် မားကို့စ်သည် ဟာဝိုင်ယီကျွန်းသို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

သမ္မတဖြစ်လာသည့် ကိုရီသည် အန်းရီးလ်နှင့် ရာမို့စ်အပါအဝင် အစိုးရအဖွဲ့ကိုဖွဲ့စည်းသည်။ အမေရိကန်ထောက်လှမ်းရေးနှင့် အစိုးရအဖွဲ့ဝင်အချို့ကန့်ကွက်သည့်ကြားမှ ကွန်မြူနစ်ပါတီခေါင်းဆောင်များကို ဖမ်းဆီးထားရာမှ ပြန်လွှတ်ပေးသည်။ အခွင့်အရေးချိုးဖောက်မှုနှင့် တရားမဝင်ပိုင်ဆိုင်မှုများစုံစမ်းရေးကော်မရှင်ဖွဲ့သည်။ မားကို့စ်ခေတ်လွှတ်တော်နှင့် အခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည်။

**ဇူလိုင် ၁၉၈၆။** မားကို့စ်၏မဟာမိတ်များက အာဏာသိမ်းရန်ကြိုးပမ်းသည်။ CPP နှင့် စေ့စပ်ဆွေးနွေးမှု၊ သြဇာ အာဏာအကန့်အသတ်ဖြင့်သာရရှိမှုတို့ကို မကျေနပ်သည့် RAM က အာဏာသိမ်းမှုကို နောက်ကွယ်ကပံ့ပိုးခဲ့သည်။ မားကို့စ်၏ မဟာမိတ်များက နောက်ထပ်အာဏာသိမ်းရန် သုံးကြိမ်ကြိုးပမ်းခဲ့သည်။

**နိုဝင်ဘာ ၁၉၈၆။** စစ်ရေးမူဝါဒတွင် ရာမို့စ်၏လွှမ်းမိုးမှုကို ကိုရီ အကွီနိုကခွင့်ပြုခဲ့အပြီးတွင် RAM ၏အာဏာသိမ်းရန်ကြိုးပမ်းမှုကို ရာမို့စ်က ဟန့်တားခဲ့သည်။ အန်းရီးလ်က အစိုးရအဖွဲ့မှ

နတ်ထွက်သွားသည်။ နောက်ပိုင်းတွင် RAM ကနောက်ထပ်သုံးကြိမ် အာဏာသိမ်းရန် ကြိုးစားခဲ့သည်။

**ဖေဖော်ဝါရီ ၁၉၈၇။** ကိုရီအကွီနိုက ထောက်ခံသော အခြေခံဥပဒေကို မဲဆန္ဒရှင်များက ထောက်ခံမဲပေးအတည်ပြုခဲ့ကြသည်။ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြင့် သမ္မတအုပ်ချုပ်သည့် တစ်ပြည်ထောင်စနစ်ကို အခြေခံဥပဒေအရတည်ထောင်လိုက်ပြီး ပြည်ထဲရေးနှင့် နိုင်ငံရေးတွင် စစ်တပ်၏အခန်းကဏ္ဍကို ကန့်သတ်ခဲ့သည်။

**မေ ၁၉၈၇။** အကွီနိမဟာမိတ်များ လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရသည်။ မားကို့စ်၊အန်းရီးလ်၊ CPP တို့ကထောက်ခံသည့်ပါတီများ မဲရလဒ်ဆိုးရွားခဲ့သည်။ မသမာမှုနှင့် အကြမ်းဖက်မှုတို့ဆက်လက်ဖြစ်ပွားသော်လည်း အောက်ခြေအဆင့်တွင်သာဖြစ်သည်။

**စက်တင်ဘာ ၁၉၉၁။** ဖိလစ်ပိုင်တွင် အမေရိကန်စစ်အခြေစိုက်စခန်းများထားရှိခြင်းကို ဖိလစ်ပိုင်အထက်လွှတ်တော်က ကန့်ကွက်မဲပေးခဲ့သည်။

**အောက်တိုဘာ ၁၉၉၁။** ဒေသဆိုင်ရာအစိုးရသို့ လုပ်ပိုင်ခွင့်အာဏာသစ်များကို လွှတ်တော်က ခွဲဝေသတ်မှတ်ပေးခဲ့သည်။

**မေ ၁၉၉၂။** ကိုရီအကွီနိုက ဆက်ခံမည့်သူအဖြစ် သတ်မှတ်ထားသည့် ဖီဒယ်လ် ရာမို့စ်သည် သမ္မတလောင်းခုနှစ်ဦးရှိသည့်အနက် မဲအရေအတွက်စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းသာ ရရှိကာ ပွတ်ကာသီကာဖြင့် အနိုင်ရသွား သည်။

**စက်တင်ဘာ ၁၉၉၆။** MNLF နှင့် ငြိမ်းချမ်းရေးစာချုပ်ကို ရာမို့စ်ချုပ်ဆိုသည်။ မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) အပါအဝင် ခွဲထွက်လက်နက်ကိုင်အဖွဲ့များ ဆက်လက်ပုန်ကန်ကြသည်။

**စက်တင်ဘာ ၁၉၉၇။** လွှတ်တော်က လွှမ်းမိုးသည့် အစိုးရစနစ်ကျင့်သုံးရန် ရာမို့စ်က ပန်ကြားသည်။ လွှတ်တော်သက်တမ်းကန့်သတ်ချက်များဖျက်သိမ်းရန် အဆိုပြုချက်ကို ဆန့်ကျင်သူများက ကန့်ကွက်ကြသည်။ ထိုအဆိုပြုချက်များသည် အခြေခံဥပဒေနှင့် သွေဖည်နေသည်ဟု ဆုံးဖြတ်ပြီးနောက် ရုပ်သိမ်းသွားခဲ့သည်။

**မေ ၁၉၉၈။** ဒုတိယ သမ္မတနှင့် ရုပ်ရှင်မင်းသား ဂျိုးဆက် အက်စတရာဒါသည် ထောက်ခံမဲအများစုရကာ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ အက်စတရာဒါသည် ဒုက္ခပေးမည့် လူထုကောင်းစားရေးဝါဒီဟု ရာမို့စ်နှင့် အခြားအထက်တန်းလွှာများကမြင်ကြပြီး ၎င်းကို ဆန့်ကျင်ကြသည်။

**ဇန်နဝါရီ ၂၀၀၁။** အထက်လွှတ်တော်မှ အဂတိလိုက်စားမှုစုံစမ်းစစ်ဆေးခြင်းကို ဆိုင်းငံ့

လိုက်ပြီးနောက် အက်စထ ရာဒါကို ဆန့်ကျင်သည့်ဆန္ဒပြပွဲများစတင်သည်။ ကိုရီအကွိန်၊ ဆင်း၊ ရာမို့စ်တို့က အက်စထရာဒါ နတ်ထွက်ရန် တောင်းဆိုသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြား ကလည်း ထိုတောင်းဆိုမှုတွင် ပါဝင်လာသည်။ ဒုတိယ သမ္မတ ဂလိုရီယာ မာကာပါဂယ် အာယိုယိုက သမ္မတဖြစ်လာသည်။ အက်စထရာဒါနတ်ထွက်သွားပြီး သူ့ကိုတရားမဝင်ရာထူးမှ ဖယ်ရှားသည်ဟု ပြောဆိုခဲ့သည်။

**၈မ ၂၀၀၄။** သမ္မတသက်တမ်းပြည့်တာဝန်ထမ်းဆောင်ရန် မကာပါဂယ် အာယိုယို ရွေးကောက်တင်မြှောက်ခံရသည်။ မဲဝယ်သည်ဟူသော စွပ်စွဲချက်များထွက်ပေါ်လာသော်လည်း သူမ၏သမ္မတသက်တမ်းတစ်လျှောက် ကွန်ဂရက်တွင် စွဲချက်တင်ခြင်း(စွပ်စွဲပြစ်တင်ခြင်း)များမှာ မအောင်မြင်ခဲ့ပေ။

**အောက်တိုဘာ ၂၀၀၈။** တရားရုံးချုပ်က ကိုယ်ပိုင်အုပ်ချုပ်ရေးသဘောတူညီချက်သည် အခြေခံဥပဒေကို အစိုးရက တရားမဝင်ပြင်ဆင်ရာကျသည်ဟု ဆုံးဖြတ်လိုက်သဖြင့် MILF နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားသည်။

**၈မ ၂၀၁၀။** ဘင်နစ်နိုဂျုနီယာ နှင့် ကိုရီအကွိန်တို့၏ သား၊ ဘင်နစ်နို 'နွှင်နွှင်း' အကွိန် -၃ သမ္မတအဖြစ် တင်မြှောက်ခံရသည်။ မကာပါဂယ် အာယိုယိုက နောင်တွင်အခြေခံဥပဒေနှင့်မညီဟုပယ်ချခံရမည့် တရားရုံးချုပ်တရားသူကြီးများကို အရေးပေါ်ခန့်အပ်မှုပြုလုပ်သည်။

**နိုဝင်ဘာ ၂၀၁၁။** မကာပါဂယ် အာယိုယိုကို အကျင့်ပျက်ခြစားမှု၊ ရွေးကောက်ပွဲမသမာမှု စွပ်စွဲချက်များဖြင့် ဖမ်းဆီးသည်။ သူမခန့်အပ်သည့် တရားသူကြီးချုပ်ကို စွပ်စွဲပြစ်တင်သည့် ကြားနာစစ်ဆေးမှုများစတင်ကာ နောက်ဆုံးထိုတရားသူကြီးချုပ် ရာထူးမှဖယ်ရှားခံရသည်။

**အောက်တိုဘာ ၂၀၁၂။** MILF နှင့်နွှင်နွှင်း အကွိန်ဦးဆောင်သည့် အစိုးရတို့ ငြိမ်းချမ်းရေး သဘောတူညီချက် မူဘောင်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

## ဆက်လက်ဖတ်ရှုရန် စာအုပ်စာတမ်းများ


Abinales, Patricio N. and Amoroso, Donna J., 'The Withering of Philippine Democracy', [စာအုပ်တွင်ပါရှိသော ဖိလစ်ပိုင်ဒီမိုကရေစီ ကျဆုံးခန်း] *Current History* 105/692 (2006), pp. 290-295

Anderson, Benedict, 'Cacique Democracy and the Philippines: Origins and Dreams', [တွင်ပါရှိသည့် 'လူမျိုးစုခေါင်းဆောင် ဒီမိုကရေစီစနစ်နှင့် ဖိလစ်ပိုင်နိုင်ငံ-မူလအစနှင့် အိပ်မက်များ'] *New Left Review* 1/169 (1988), pp. 3-31

Bonner, Raymond, *Waltzing with a Dictator: The Marcoses and the Making of American Policy* [အာဏာရှင်နှင့်နှစ်ပါးသွားကခြင်း၊ မားကို့စ်နှင့် အမေရိကန်၏မူဝါဒ ချမှတ်မှု] (New York: Vintage Books, 1988)

Clarke, Gerald, *The Politics of NGOs in South-East Asia: Participation and Protest in the Philippines* [အရှေ့တောင်အာရှရှိ အန်ဂျီအိုများ၏နိုင်ငံရေး- ဖိလစ်ပိုင်မှ ဆန္ဒပြပွဲများနှင့်ပူပေါင်းပါဝင်မှု] (London: Routledge, 1998)

Franco, Jennifer C., *Elections and Democratization in the Philippines* [ဖိလစ်ပိုင်မှ ရွေးကောက်ပွဲများနှင့် ဒီမိုကရေစီတည်ဆောက်ရေး] (New York: Routledge, 2001)

Hedman, Eva-Lotta E, 'The Spectre of Populism in Philippine Politics and Society: Artista, Masa, Eraption!', [တွင်ပါရှိသည့် 'ဖိလစ်ပိုင်နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းတွင် လူထုကောင်းစားရေးဝါဒ၏ ခြောက်လှန့်မှု-အက်စထရာဒါ၏ ရွေးကောက်ပွဲကြွေးကြော်သံ], *South East Asia Research* 9/1 (2001), pp. 5–44

Hernandez, Carolina G. and Ubarra, Maria Cecilia T., *Restoring and Strengthening Civilian Control: Best Practices in Civil-Military Relationships in the Philippines* [အရပ်ဘက်ထိန်းချုပ်မှုကို ပြန်လည်တည်ဆောက်ခြင်းနှင့် ခိုင်မာအားကောင်းစေခြင်း- ဖိလစ်ပိုင်နိုင်ငံမှစစ်ဘက်-အရပ်ဘက်ဆက်ဆံရေးအကောင်းဆုံးကျင့်စဉ်များ] (Quezon City, the Philippines: Institute for Strategic and Development Studies and National Democratic Institute, 1999)

Hutchcroft, Paul D., 'Reflections on a Reverse image: South Korea under Park Jung Hee and the Philippines under Ferdinand Marcos', in Byung-Kook Kim and Ezra F. Vogel (eds.), *The Park Chung Hee Era: The Transformation of South Korea* [ပတ်ချုံဟီးခေတ်၊ တောင်ကိုရီးယား၏ အသွင်ကူးပြောင်းမှု-စာအုပ်ပါ 'ပြောင်းပြန်

ရုပ်ပုံကို သုံးသပ်ကြည့်ခြင်း- ပတ်ချုံဟီးခေတ် တောင်ကိုရီးယားနှင့် ဖာဒီနန်မားကို့စ်ခေတ် ဖိလစ်ပိုင်] (Cambridge, Mass.: Harvard University Press, 2011)

Miranda, Felipe B., Rivera, Temario C., Ronas, Malaya C. and Holmes, Ronald D., *Chasing The Wind: Assessing Philippine Democracy* [လေကိုလိုက်ဖမ်းခြင်း- ဖိလစ်ပိုင်ဒီမိုကရေစီကို အကဲဖြတ်ဆန်းစစ်ကြည့်ခြင်း] (Quezon City, the Philippines: Philippine Commission on Human Rights and United Nations Development Programme, 2011)

Paredes, Ruby R., *Philippine Colonial Democracy* [ကိုလိုနီခေတ် ဖိလစ်ပိုင်နိုင်ငံ၏ ဒီမိုကရေစီ] (New Haven: Yale University Southeast Asian Studies, 1989)

Putzel, James, 'Survival of an Imperfect Democracy in the Philippines', [စာအုပ်ပါ 'မရင့်ကျက်သည့် ဖိလစ်ပိုင်ဒီမိုကရေစီအသက်ဆက်ခြင်း'] *Democratization* 6/1 (1999), pp. 198–223

Quimpo, Nathan Gilbert, 'Oligarchic Patrimonialism, Bossism, Electoral Clientelism, and Contested Democracy in the Philippines', [ဖိလစ်ပိုင် နိုင်ငံမှ လူနည်းစုကြီးစိုးသည့် အာဏာပိုင်ဝါဒဆန်သော အရိုက်အရာဆက်ခံမှုစနစ်၊ လူတစ်ဦးတည်းက နိုင်ငံရေးပါတီကို ကြီးစိုးမှု၊ ရွေးကောက်ပွဲတွင် လက်သင့်ရာစားတော်ခေါ်ခြင်း၊ ယှဉ်ပြိုင်နိုင်သော ဒီမိုကရေစီ'] *Comparative Politics* 37/2 (2005), pp. 229–50

Riedinger, Jeffrey M., *Agrarian Reform in the Philippines: Democratic Transitions and Redistributive Reform* [ဖိလစ်ပိုင်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု-ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ရင်းမြစ်များခွဲဝေသုံးစွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု] (Stanford, Calif.: Stanford University Press, 1995)

Rufo, Aries C., *Altar of Secrets: Sex, Politics and Money in the Philippine Catholic Church* [လျှို့ဝှက်ချက် များနှင့်အပူဇော်ခံစင်မြင့်- ဖိလစ်ပိုင် ကက်သိုလစ်ကျောင်းတော်ရှိ လိင်ကိစ္စ၊နိုင်ငံရေးနှင့် အသပြာ] (Manila, the Philippines: Journalism for Nation Building Foundation, 2013)

Sheridan, Greg, '"Steady Eddie" Ramos: People Power Mark II', [စာအုပ်ကြီးသမား ရာမို့စ်- ပြည်သူ့အာဏာလှုပ်ရှားမှု အမှတ် ၂] in Greg Sheridan, *Tigers: Leaders of the New Asia-Pacific* စာအုပ်ပါ (St. Leonard's, Australia: Allen & Unwin, 1997)

Staniland, Martin, 'The Philippines: The Fall of Ferdinand C. Marcos, 1985–1986' in Martin Staniland (ed.), *Falling Friends: The United States and Regime Change Abroad* [ကျဆုံးမိတ်ဆွေများ- အမေရိကန်ပြည်ထောင်စုနှင့် ကမ္ဘာ့တလွှားရှိ အစိုးရ အပြောင်းအလဲ] (Boulder, Colo.: Westview, 1991)

Teehankee, Julio C., 'Electoral Politics in the Philippines', in Aurel Croissant, Gabriele Bruns and Merei John (eds.), *Electoral Politics in Southeast and East Asia* [အရှေ့တောင်အာရှနှင့်တောင်အာရှရှိ ရွေးကောက်ပွဲနိုင်ငံရေးစာအုပ်ပါ 'ဖိလစ်ပိုင်၏ ရွေးကောက်ပွဲနိုင်ငံရေး'] (Singapore: Friedrich Ebert Stiftung, 2002), pp. 149-202

Thompson, Mark R., *The Anti-Marcos Struggle: Personalistic Rule and Democratic Transition in the Philippines* [မားကို့စ်ဆန့်ကျင်ရေးတိုက်ပွဲ- ပုဂ္ဂိုလ်ရေးရှေ့တန်းတင် အုပ်စိုးမှုနှင့် ဖိလစ်ပိုင်ဒီမိုကရေစီ အသွင်ကူးပြောင်းမှု] (New Haven, Conn.: Yale University Press, 1995)

Thompson, W. Scott and Macaranas, Federico M., *Democracy and Discipline: Fidel V. Ramos and His Philippine Presidency* [ဒီမိုကရေစီနှင့် စည်းကမ်း- ဖီဒယ်လ်ရာမို့စ်နှင့် သူ၏ဖိလစ်ပိုင်သမ္မတသက်တမ်း] (Manila, the Philippines: University of Santo Tomas, 2007)

Youngblood, Robert L., *Marcos against the Church: Economic Development and Political Repression in the Philippines* [မားကို့စ်နှင့် ကျောင်းတော်- ဖိလစ်ပိုင်နိုင်ငံမှ စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံရေးဖိနှိပ်မှု] (Ithaca, NY: Cornell University Press, 1990)

အခန်း (၄)

# ပိုလန်နိုင်ငံ

# ပိုလန်၏အုံ့မခန်းအတွေ့အကြုံ- ဆန္ဒပြပွဲများ၊ဗိုနိုပ်မှုများ၊ စေ့စပ်ညှိနှိုင်းမှုများ၊ ရွေးကောက်ပွဲများနှင့် မြွေလိမ်မြွေကောက်နိုင်ငံရေး

Jane L. Curry ရေးသည်။

ကွန်မြူနစ်အာဏာရှင်စနစ်မှ ဈေးကွက်စီးပွားရေး ဒီမိုကရေစီသို့သွားသည့် ပိုလန်နိုင်ငံ၏ အသွင်ကူးပြောင်းမှုသည် ကြာညောင်းကာ ရှုပ်ထွေးပွေလီခဲ့ပြီး တစ်ဆင့်ချင်းသွားခဲ့ရသည်။ ၁၉၈၉ ခုနှစ်မတိုင်မီကစတင်ခဲ့သည့် အသွင်ကူးပြောင်းမှုသည် အပြီးသတ်အခြေခံဥပဒေကို ပြဋ္ဌာန်းချိန်အထိ ဆယ်နှစ်နီးပါးဖြစ်ပေါ်ခဲ့သည့် အသွင်ကူးပြောင်းမှုဖြစ်သည်။ အုပ်စုတစ်ခုမှ နောက်အုပ်စုတစ်ခုသို့ အာဏာအရွှေ့ဖြစ်ပေါ်ခြင်းထက်ပိုသည့် အသွင်ကူးပြောင်းမှုဖြစ်သည်။ နိုင်ငံရေးစနစ်နှံ့တွင်းမှ စီးပွားရေးစနစ်ကိုဆွဲတင်ရခြင်း၊ ကွန်မြူနစ်ပါတီသည် အချက်အခြာ အင်စတီကျူးရှင်းအဖြစ် အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားခြင်းကိုဖြုတ်ပစ်လိုက်ရခြင်း၊ နိုင်ငံရေး ပါတီများနှင့် လွတ်လပ်ပြီးတရားဝင်သော အရပ်ဖက်အဖွဲ့အစည်းများကို ထူထောင်ရခြင်း၊ ဆိုဗီ ယက်ပြည်ထောင်စု၏သြဇာခံဘဝမှသည် ဥရောပတိုက်၏အစိတ်အပိုင်းအဖြစ်သို့ပြောင်းသွား ခြင်းတို့သည် ပိုလန်၏အသွင်ကူးပြောင်းမှုတွင်ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ် စားပွဲဝိုင်းဆွေးနွေးပွဲ အပြီး အသွင်ကူးပြောင်းမှုဖြစ်စဉ်တိုးတက်လာသလို ပိုလန်နိုင်ငံ၏ ပတ်ပတ်လည်မှ ကမ္ဘာ့ လောကကြီးသည်လည်း ပြောင်းလဲသွားခဲ့သည်။ ဗဟိုနှင့်အရှေ့ဥရောပကို ဆိုဗီယက်၏ ထိန်း ချုပ်မှုအဆုံးသတ်သွားသည်။ ပိုလန်နိုင်ငံ၏ပတ်ပတ်လည်မှနိုင်ငံများသည် လွတ်လပ်သော နိုင်ငံသစ်ခုနှစ်ခု အဖြစ်ကွဲထွက်သွားသည်။ ဘာလင်တံတိုင်းပြိုကျသည်။ ဆိုဗီယက်ပြည်ထောင် စုဝင်နိုင်ငံများ သီးခြားစီရပ်တည်သွားပြီး ဝါဆောစစ်စာချုပ်ကို ဖျက်သိမ်းလိုက်ကြသည်။ အနောက်နိုင်ငံများ၏ အကူအညီဖြင့် ပိုလန်သည်အသွင်ပြောင်းခဲ့ပြီး ဥရောပသမဂ္ဂ(အီးယူ)နှင့် မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုးအဖွဲ့)ဝင်နိုင်ငံဖြစ်လာသည်။

၁၉၈၉ ခုနှစ်တွင် ကွန်မြူနစ်အစိုးရပြုကျသွားချိန်မှ ၁၉၉၇ခုနှစ်၌ အခြေခံဥပဒေသစ်ကို အပြီးသတ်ပြဋ္ဌာန်းချိန်အထိ ပိုလန်တွင် ပြည်လုံးကျွတ်ရွေးကောက်ပွဲ လေးကြိမ်၊ သမ္မတသစ် သုံးဦး[1] တက်ခဲ့သည်။ ထိုနှစ်ကာလများတွင် မျှော်လင့်မထားသည့် အဖြစ်အပျက်များစွာဖြစ်ပေါ်ခဲ့ သည်။ နိုင်ငံရေးညှိနှိုင်းပေါင်းအဖွဲ့များစွာပြိုကွဲခဲ့သည်။ စီးပွားရေးနှင့်အုပ်ချုပ်ရေး လျင်လျင်မြန်မြန် ပြောင်းလဲသွားသဖြင့် နိုင်ငံရေးလမ်းစဉ်ရပ်တည်ချက်တစ်ခုမှ အခြားတစ်ခုသို့ပြောင်းသွားသည်။ ၂၀၀၇ ခုနှစ်ရောက်မှသာ နိုင်ငံရေးပါတီကြီးနှစ်ခုကကြီးစိုးသည့်စနစ် ပေါ်ထွက်လာခဲ့သည်။

1 ဝို့ဂ်ျက်ချက်ခ် ယာရှဇဲစ်ကီ (၁၉၈၉-၉၀)၊ လက်ခ်ဇွယ်ဆာ (၁၉၉၀-၉၅)၊ အာလက်ဆန်းဒါး ဆွာညှဲ့ခ်စကီ (၁၉၉၅-၂၀၀၅)

## သမိုင်းကြောင်းနောက်ခံ

ပိုလန်နိုင်ငံ၏အတိတ်သမိုင်းက ဒီမိုကရေစီတည်ဆောက်ရေးဆီသို့သွားခြင်းကို လွယ်ကူချောမွေ့စေသလို ရှုပ်ထွေးပွေလီမှုလည်းဖြစ်ပေါ်စေခဲ့သည်။ ပိုလန်နိုင်ငံ၏ကွန်မြူနစ်စနစ်သည် အခြားကွန်မြူနစ်နိုင်ငံများလောက် မပြင်းထန်ဘဲ ဖိနှိပ်မှုလည်းသိပ်မရှိပေ။ အကျိုးဆက်မှာ ၁၉၅၆ ခုနှစ်မှစပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လွှမ်းမိုးလာခြင်း၊ လုပ်ငန်းငယ်များနှင့်တစ်နိုင်တစ်ပိုင်အရောင်းအဝယ်တို့ကို ခွင့်ပြုလာခြင်း၊ အနောက်ယဉ်ကျေးမှုနှင့် လူနေမှုစနစ်တို့ကို ပိုလန်လူမျိုးများက တစတစလိုက်စားလာခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ ဆန္ဒပြပွဲများဖြစ်လိုက်၊ နိမ်နင်းမှုမအောင်မြင်လိုက်ဖြင့် နောက်ဆုံးအကန့်အသတ်ဖြင့် ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ ဤအခြေအနေများကြောင့် ကွန်မြူနစ်အစိုးရသည် လူထုဖိအားကိုအညံ့ခံတော့မည်ဟူသော ယုံကြည်စိတ်ဝင်လာစေခဲ့သည်။ လွှတ်တော်တစ်ရပ်တည်းရှိသည့် ဥပဒေပြုလွှတ်တော်ဖြစ်သည့် Sejm သို့ ကွန်မြူနစ်ပါတီကိုယ်စားလှယ်များသာမက အခြားပါတီများမှ ကိုယ်စားလှယ်များကိုလည်း ရွေး ကောက်တင်မြှောက်နိုင်သည်။ အခြားပါတီများမှကိုယ်စားလှယ်များထဲတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းများအတွက် လယ်သမားပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့အပြင် "ကက်သိုလစ်" အုပ်စုငယ်နှစ်ခုမှ ကိုယ်စားလှယ်များပါသည်။ ထိုအုပ်စုငယ်နှစ်ခုမှာ ကက်သိုလစ်ပညာတတ်အဖွဲ့အစည်း Znak နှင့် ကွန်မြူနစ်ဘက်ပိုယိမ်းသည့် Pax တို့ဖြစ်သည်။ မဲဆန္ဒရှင်များသည် မိမိတို့နှစ်သက်ရာကိုယ်စားလှယ်ကိုရွေးချယ်နိုင်သော်လည်း ဤအချက်က ရွေးကောက်ပွဲရလဒ်များကို တကယ်တမ်းသက်ရောက်မှုမရှိပေ။ အတိုက်အခံအုပ်စုများလည်းပေါ်ပေါက်လာသည့်တိုင် အများစုသည် တရားမဝင်ရပ်တည်ရသည်။ မိမိတို့၏အကျိုးစီးပွားကို ကာကွယ်နေသည့်ကြားမှ ပညာသည်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ထိန်းချုပ်မှုအောက်တွင်သာရှိသည်။ အကျိုးဆက်မှာ အတိုက်အခံအုပ်စုများနှင့် အစိုးရကြား စေ့စပ်ညှိနှိုင်းမှုများတွင် အတူတကွလုပ်ကိုင်နိုင်သည့် အများသိပြောရေးဆိုခွင့်ရှိသူများနှင့် ကျွမ်းကျင်သူများရှိလာခြင်းဖြစ်သည်။

အမျိုးသားရေးအစည်အလာရှိသည့် ပိုလန်နိုင်ငံမှ ကက်သိုလစ်ကျောင်းတော်ကို (ကွန်မြူနစ်အစိုးရလက်ထက်တွင်) လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသည်။ ကျောင်းတော်သည် လွှတ်တော်အတွင်း ယင်း၏လူဝတ်ကြောင်အဖွဲ့များမှ ကိုယ်စားလှယ်များရှိပြီး အမျိုးမျိုးသော အဖွဲ့

များကို ဖွဲ့စည်းထားသည်။ တိုင်းပြည်အစိုးရက ကျောင်းတော်၏အခွင့်ထူးအချို့ကို ဖယ်ရှားရန်ကြိုးစားခဲ့သော်လည်း ကျောင်းတော်၏အာဏာစက်သည် ၁၉၅၀ ပြည့်နှစ်များ အလယ်ပိုင်း၌ ကြီးထွားလာသည်။ ပိုလန်လူမျိုး ဂိုဏ်းချုပ်ဘုန်းတော်ကြီး ကာရိုးလ် ဗသျှိုက်ဗာအား ပုပ်ရဟန်းမင်းကြီးအဖြစ် ၁၉၇၈ တွင်ရွေးကောက်တင်မြှောက်ခံရပြီး ပိုလန်သို့ ၁၉၇၉ ခုနှစ်တွင်လာရောက်သည့်အခါ ကျောင်းတော်၏အာဏာစက်နှင့် (တိုင်းပြည်အစိုးရကိုမမှီခိုပဲ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ပိုလန်လူမျိုးများက ယုံကြည်လာခြင်း) သည် ပိုမိုတိုးပွားသွားသည်။ (ဆိုဗီယက်အုပ်စုတွင် ကွန်မြူနစ်ပါတီလက်အောက်ခံမဟုတ်သည့် ပထမဆုံးလွတ်လပ်သော အလုပ်သမားသမဂ္ဂဖြစ်သည့်) Solidarity ၏ခေါင်းဆောင် လက်ခ်ဗွယ်ဆာက Gdansk Accords (ဩဂုတ်လ သဘောတူညီချက်) ကို လူသိရှင်ကြား လက်မှတ်ရေးထိုးခြင်းလိုက်ခြင်းကြောင့် Solidarity ဆန္ဒပြပွဲများပြီးဆုံးသွားသည်။ ၁၉၇၉ ခုနှစ်တုန်းက ပထမဆုံးပိုလန်ခရီးစဉ်တွင် ပုပ်ရဟန်းမင်းကြီး ထံမှရလိုက်သော ခဲတံဖြင့် လက်ဗွယ်ဆာက လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

၁၉၅၆၊ ၁၉၇၀၊ ၁၉၇၆ ခုနှစ်များတွင် ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းအတွက် အလုပ်သမားများ၏ အလုံးအရင်း ဆန္ဒပြမှုများကိုနှိမ်နှင်းခံခဲ့ရသော်လည်း ဆန္ဒပြမှုတိုင်းတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို အဆုံးသတ်စေရန်နှင့် အလုပ်သမားတို့၏အကျိုးခံစားခွင့်များကိုတိုးပေးခြင်းကဲ့သို့ တောင်းဆိုမှုများကို အစိုးရကလိုက်လျောခဲ့သည်။ ဆန္ဒပြပွဲများကြောင့် ပိုလန်ကွန်မြူနစ်ပါတီ၏ ပထမအတွင်းရေးမှူးကို ၁၉၅၆ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၇၀ ပြည့်နှစ်တွင် တစ်ကြိမ် လူစားလဲခဲ့သည်။

အထက်ပါဆန္ဒပြပွဲတစ်ခုစီပြီးနောက် ပညာတတ်အဖွဲ့အစည်းများ ဖွဲ့ဖြိုးကြီးထွားလာသည်။ ၁၉၇၆ ခုနှစ်တွင် ဝါဆောမြို့တော်အခြေစိုက် ပညာတတ်များက ဆန္ဒပြပြီးထောင်ထဲရောက်သွားသည့် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများကိုကူညီစောင့်ရှောက်ရန် အလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေး ကော်မတီကိုဖွဲ့စည်းသည်။ ထိုအဖွဲ့သည် ဥပဒေနှင့် သိသိသာသာငြိစွန်းသည့် ဆွေးနွေးပွဲများကျင်းပခြင်း၊ တရားမဝင်စာအုပ်စာတမ်းများထောင်ချီထုတ်ဝေခြင်း၊ (လူငယ်များကို အစဉ်အလာပညာရေးသင်ကြားပေးသည့် မြေအောက်အင်စတီကျူးရှင်းဖြစ်သည့်) Flying Unversity ကိုတည်ထောင်ခြင်းအထိ ချို့ထွင်လုပ်ကိုင်ခဲ့သည်။ ထိုလုပ်ဆောင်ချက်များသည် အစိုးရ၏ဆင်ဆာဖြတ်တောက်မှုနှင့် ကြိုးကိုင်မှုတို့ကြောင့်ဖြစ်လာသည့်ဟာကွက်များကို ဖြည့်ဆည်းပေးခဲ့လေသည်။

ကွန်မြူနစ်ပါတီအတွင်း ပြုပြင်ပြောင်းလဲရေးအုပ်စုဖွဲ့ဖြိုးလာခြင်းသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများချမှတ်ပြီး နိုင်ငံရေးစနစ်ကို ပွင့်လင်းလာအောင်လုပ်ရန် အထောက်အကူပြုခဲ့သည်။ ၁၉၇၀ ခုနှစ်များကုန်ဆုံးချိန်တွင် တိုင်းပြည်က ထိထိရောက်ရောက်အသုံးချနိုင်မှုနှင့် ပြန်လည်ပေးဆပ်နိုင်စွမ်းထက်ပိုမိုသည့် ကုန်စည်နှင့် စက်မှုလုပ်ငန်းသုံး စက်ကိရိယာများကို တင်သွင်းရန် အနောက်နိုင်ငံများထံမှ ပိုလန်ကချေးငွေများပိုပိုပြီးရယူလာခဲ့သည်။ မြီရှင်အနောက်

နိုင်ငံများက ကုန်ဈေးနှုန်းများတိုးမြှင့်ရန် တိုက်တွန်းလာခြင်းကြောင့် ဘောလ်တစ်ပင်လယ်ကွေ့ တစ်လျှောက်ရှိမြို့များမှ သဘော်ကျင်းများကို အလုပ်သမားများကသိမ်းပိုက်မှုနှင့် လွတ်လပ်သောအလုပ်သမားသမဂ္ဂ (Solidarity) ကိုဖွဲ့စည်းရန်၊ ဆန္ဒထုတ်ဖော်ခွင့်၊ မီဒီယာပွင့်လင်းမြင်သာမှုနှင့်အဆီးအတားမရှိမှုပိုများ လာဘေရန်တောင်းဆိုမှုတို့ ဖြစ်ပေါ်လာစေခဲ့တော့သည်။ Gdansk Agreement သဘောတူညီချက်ဖြင့် သဘော်ကျင်းအလုပ်သမားများ၏တောင်းဆိုချက်များကို အစိုးရကလိုက်လျောခဲ့ရပြီးနောက် Solidarity ကပြုလုပ်သော နိုင်ငံအနှံ့ဆန္ဒပြပွဲများသည် လယ်သမားများ၊ ကျောင်းသားများ၊ ပညာတတ်များအပါအဝင် တိုင်းပြည်တစ်ဝန်းရှိ အခြားအစုအဖွဲ့များကိုပါ အစိုးရ၏လိုက်လျောမှုများရရှိသွားစေခဲ့သည်။

အစိုးရက အခြေခံစားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို မပံ့ပိုးနိုင်တော့သဖြင့် နိုင်ငံရေးနှင့်စီးပွားရေးလွတ် လပ်ခွင့်များအတွက်လည်းကောင်း၊ အခြေခံလူသုံးကုန်များပံ့ပိုးရန်၊ လုံလောက်သော လစာများပေးရန်အလို့ငှာ စီးပွားရေးစနစ်ကို ခေတ်မီအောင်လုပ်ရန်လည်းကောင်း ပြုပြင်ပြောင်းလဲရေးတောင်းဆိုမှုများသည် ၁၉၈၀ ပြည့်နှစ်များတွင် ပိုများလာသည်။ ဆိုဗီယက်ပြည်ထောင်စု၏ဖိအားပေးမှုကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ စီးပွားရေးအခြေအနေဆိုးလာခြင်းနှင့် (မနိုင်မနင်းဖြစ်လာသည့် အနောက်နိုင်ငံများမှချေးငွေများကို တလုံးတခဲမပေးဆပ်နိုင်ခြင်းကိုရှောင်လွှဲရန်) နှင့် ရင်ဆိုင်လာရချိန်တွင်၊ Solidarity ၏ပြုပြင်ပြောင်းလဲရေးတောင်းဆိုမှုများကို အသံတိတ်သွားစေရန်လည်းကောင်း ၁၉၈၁ ခုနှစ်ဒီဇင်ဘာ ၁၃ ရက်တွင် အစိုးရက စစ်အုပ်ချုပ်ရေးကြေညာလိုက်သည်။ Solidarity ခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် (၁၉၇၀ ပြည့်နှစ်များက စီးပွားရေးပျက်ကပ်များအတွက် တာဝန်ရှိသည့် အစိုးရခေါင်းဆောင်များ၊ ပါတီထိပ်တန်းခေါင်းဆောင်များကိုပါ) ထိန်းသိမ်းလိုက်သည်။ ရဲနှင့်စစ်သားများက ပိုလန်နိုင်ငံတစ်ဝန်း အစိုးရရုံးများ၊ လမ်းများပေါ်တွင် တပ်စွဲထားကြသည်။ အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်းအဆက်အသွယ်များကို လုံးဝဖြတ်တောက်ပစ်လိုက်သည်။ စစ်အုပ်ချုပ်ရေးကြေညာခြင်းကို အမေရိကန်သမ္မတ ရီဂင်အစိုးရကရှုံ့ချခဲ့ပြီးအမေရိကန်ပြည်ထောင်စုသို့ ပိုလန်နိုင်ငံပိုင်လေယာဉ်များမဆင်းသက်ရန် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ခဲ့သည်။ ပိုလန်နိုင်ငံ၏ချေးငွေများကို ထိန်းချုပ်လိုက်ပြီး ကုန်သွယ်ရေးပိတ်ပင်လိုက်သည်။ ထိုအချိန်အထိ အနောက်ဥရောပနိုင်ငံများကပိုလန်နိုင်ငံကိုအတော်ကြာသည်အထိအရေးယူပိတ်ဆို့ခြင်းမပြုသော်လည်း နောက်ပိုင်းတွင် အစိုးရ၏ဖိနှိပ်မှုများကို အချိန်မဆိုင်းပဲ ပြစ်တင်ရှုံ့ချခဲ့ကြသည်။

နောင်ခုနှစ်နှစ်ကြာကာလအတွင်း စစ်အုပ်ချုပ်ရေးဥပဒေ၏ ကွပ်ညှပ်မှုများကို လျော့ချလာခဲ့သည်။ ဆက်သွယ်ရေးစနစ်များကို ပြန်အသုံးပြုခွင့်ပေးခဲ့သည်။ ထိန်းသိမ်းထားသူများကို ပြန်လွှတ်သည်။ နိုင်ငံရေးအခြေအနေနှင့် မီဒီယာတို့မှာ တဖြည်းဖြည်းပွင့်လင်းမှုရလာသည်။ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရန် စီးပွားရေးစနစ်ကို လွတ်လပ်သောဈေးကွက်မူဝါဒများဖြင့် စီမံခန့်ခွဲခြင်းကို အစိုးရကစမ်းသပ်လုပ်ကိုင်လာခဲ့သည်။ သို့သော် စစ်အုပ်ချုပ်ရေး၏ အမည်းစက်ကို လုံးဝဖျောက်ဖျက်နိုင်ခဲ့ခြင်း မရှိချေ။

## နောက်ဆုံးအဆင့်

၁၉၈၀ ပြည့်နှစ်များကုန်ဆုံးချိန်တွင် ပိုလန်၏စီးပွားရေးအခြေအနေ တိုးတက်လာသည်။ အခြေခံလူသုံးကုန်အများစုကို လွန်ခဲ့သည့်ဆယ်နှစ်တုန်းကလို ဝေပုံကျစနစ်ဖြင့်ပေးအပ်ခြင်းမရှိတော့ပေ။ အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများ အဆုံးသတ်သွားသော်လည်း စက်ရုံအလုပ်ရုံများကို ကိုယ့်ဘာသာစီမံခန့်ခွဲခွင့်ပေးခဲ့သည်။ အလုပ်သမားများ၏ လစာများတိုးလာသည်။ သို့သော် ပိုလန်လူမျိုးအများစုမှာ ၎င်းတို့၏ဘဝအခြေအနေများ ဆိုးသထက်ဆိုးလာသည်ဟုယူဆကြသည်။ အနာဂတ်ကိုမျှော်လင့်ချက်ထားသည့် ပြည်သူရာခိုင်နှုန်းသည် ၁၉၈၀ ပြည့်နှစ်များတွင် ၄၂ ရာခိုင်နှုန်းရှိရာမှ ၁၉၈၈ ဖေဖော်ဝါရီလတွင် ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။[i] အစိုးရဖြည့်ဆည်းရမည့်အခြေခံဝန်ဆောင်မှုများကိုပြည့်မီအောင်ပေးရန် ဘဏ္ဍာငွေအလုံအလောက်မရှိတော့ဘဲ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အစည်းများအပြင် အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပကပါ ပိုလန်၏စီးပွားရေးစီမံခန့်ခွဲမှုကို ပြုပြင်ပြောင်းလဲရန် ဖိအားပေးလာကြသည်။

အကျိုးဆက်ရလဒ်မှာ ပြည်သူလူထုနှင့်ကင်းကွာလာခြင်း၊ စီးပွားရေးအကြီးအကျယ်ကျဆင်းမှု ပိုမိုဆိုးရွားလာ ခြင်းတို့ဖြစ်သည်။ ကွန်မြူနစ်အစိုးရက Solidarity မှတက်ကြွလှုပ်ရှားသူ ၁၀၀၀ ကျော်ကိုလွှတ်ပေးခြင်း၊ အရေးယူပိတ်ဆို့မှုများအဆုံးသတ်သွားခြင်း၊ စီးပွားရေးစနစ်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှုပိုမိုတိုးပွားလာခြင်း၊ အစိုးရနှင့်အတူ တကွလုပ်ကိုင်ဆောင်ရွက်ရန် သဘောထားပျော့ပြောင်းသော နိုင်ငံရေးအတိုက်အခံများကို ဖိတ်ခေါ်ခြင်းတို့က နိုင်ငံရေးလိပ်ခဲတည်းလည်းဖြစ်နေခြင်းကိုဖြေရှင်းခြင်းငှာမစွမ်းသာချေ။ ၁၉၉၈ ခုနှစ်အရောက်တွင် အခြေအနေအလွန်ဆိုးလာသဖြင့် နောက်ထပ်စီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ရန် ထောက်ခံမှုရရေးအတွက် ကွန်မြူနစ်ပါတီနှင့် အစိုးရတို့သည် နိုင်ငံရေးအတိုက်အခံနှင့် ကက်သိုလစ်ကျောင်းတော်တို့နှင့် 'ဆွေးနွေးမှုအတွက် ဆွေးနွေးရန်'ကလွဲပြီး တခြားရွေးစရာမရှိတော့ချေ။ ဤဆောင်ရွက်ချက်သည် Solidarity အတွက်အရေးကြီးသည်။ အကြောင်းမှာ ၁၉၈၆ ခုနှစ်တွင် နိုင်ကျဉ်းများအားလုံးကို ပြန်လွှတ်ခဲ့သော်လည်း အလုပ်သမားလှုပ်ရှားမှုသည် တရားမဝင်သေးဘဲ ဆန္ဒပြပွဲများနှင့် သပိတ်မှောက်မှုများလောက်သာ လုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

## စေ့စပ်ညှိနှိုင်းမှုများ

ကက်သိုလစ်ကျောင်းတော်ကို ဦးဆောင်သူများက ၁၉၉၈ ခုနှစ်တွင် လက်ခံဖွယ်ဆာနှင့်လည်းကောင်း၊ စစ်ဦးစီးချုပ်ဟောင်းနှင့် စစ်အုပ်ချုပ်ရေးကိုကြေညာခဲ့သည့် ဗို့ဂ်ျက်ခ်ယာရူဇဲစ်ကီနှင့်လည်းကောင်း၊ ကွန်မြူနစ်ပါတီ ပထမအတွင်းရေးမှူးနှင့်လည်းကောင်း ကြားဝင်ဆောင်ရွက်သူအဖြစ် သီးခြားစီတွေ့ဆုံကာ စေ့စပ်ညှိနှိုင်းမှုများကိုစီစဉ်ရေးဆွဲခြင်းအတွက် ဆွေးနွေးမှုများစတင်ခဲ့သည်။ နှစ်ဘက်စလုံးမှ အောက်ခြေအဆင့်ခေါင်းဆောင်များ ပုံမှန်

တွေ့ဆုံကြသည်။ Solidarity ကိုတရားဝင်ခွင့်ပြုမည်ဟု အစိုးရက အတိအလင်းပြောကြားခဲ့သည့်အပြင် ရုပ်မြင်သံကြားတွင်ထုတ်လွှင့်ချိန်ပေးခြင်း၊ ကိုယ်ပိုင်သတင်းစာထုတ်ခြင်းတို့ကိုပင် ခွင့်ပြုပေးလာသည်။ မကြာမီ နောက်ဆုံးကွန်မြူနစ်အစိုးရအဖွဲ့ဖြစ်လာတော့မည် အစိုးရအဖွဲ့၏ လူငယ်နှင့်အားကစားရေးရာဝန်ကြီးဖြစ်ပြီး ပဏာမဆွေးနွေးမှုများအတွက် ခန့်အပ်ခံရသည့် စေ့စပ်ညှိနှိုင်းသူများထဲတွင်ပါဝင်သည့် အလက်ဆန်းဒါး ခွာညှဲ့ဗ်စကီက အနည်းငယ်လွတ်လပ်မှုရှိသည့်ရွေးကောက်ပွဲများကျင်းပပေးရန်တောင်းဆိုမည်ဟု 'လေသံပစ်'ခဲ့သည်။ ထိုရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီ သို့မဟုတ် ပါတီ၏လက်အောက်ခံအဖွဲ့အစည်းများမှမဟုတ်သော ကိုယ်စားလှယ်များအတွက် ပိုလန်အောက်လွှတ်တော် Sejm တွင် ကိုယ်စားလှယ်နေရာ ၃၅ %ကို ဝင်ရောက်ယှဉ်ပြိုင် ခွင့်ရရှိမည်ဖြစ်သည်ဟု ခွာညှဲ့ဗ်စကီကလေသံပစ်ခဲ့သည်။ ကျန်ကိုယ်စားလှယ် ၆၅ % ကို တစ်နိုင်ငံလုံးမှပါတီ ဝင်ထိပ်တန်းပြုပြင်ပြောင်းလဲရေးသမားများ အပါအဝင် ကွန်မြူနစ်ပါတီဝင်ကိုယ်စားလှယ်များအတွက် ချန်လှပ်ထားမည်ဖြစ်သည်။ အလားတူ လွတ်လပ်စွာရွေးကောက်တင်မြှောက်နိုင်မည့် အထက်လွှတ်တော်နှင့် လွှတ်တော်နှစ်ရပ်မှ သမ္မတသစ်ကို ရွေးကောက်တင်မြှောက်ရန်တို့ကိုလည်း ခွာညှဲ့ဗ်စကီက လေသံပစ်ခဲ့သည်။ ထိုသို့ကမ်းလှမ်းခြင်းသည် ပါတီ၏ရွေးကောက်ပွဲလုပ်သားများနေရာချထားပြီးဖြစ်သည့် ကွန်မြူနစ်ပါတီ၏ အကျိုးအတွက် လိုက်လျောမှုများဟုယူဆရသော ရွေးကောက်ပွဲကို စားပွဲဝိုင်းဆွေးနွေးပွဲများအပြီးသတ်ပြီး များမကြာမီကျင်းပရန် သဘောတူခဲ့ကြသည်။ နိုင်ငံရေးစနစ်သစ်၊အစိုးရသစ်အတွက် အခြေခံဖြစ်ပြီး ခွာညှဲ့ဗ်စကီ၏ကမ်းလှမ်းမှုကို Solidarity ကလက်ခံခဲ့ပြီး၊ ကွန်မြူနစ်ပါတီကလည်း ထိုအစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။

စားပွဲဝိုင်းဆွေးနွေးပွဲများကို ဖွဲ့စည်းထားသည့် စားပွဲသုံးလုံးအနက် တစ်လုံးစီတွင် Solidarity မှကိုယ်စားလှယ်တစ်ဦးနှင့် အစိုးရအဖွဲ့မှကိုယ်စားလှယ်တစ်ဦးတို့က ဦးဆောင်ကြသည်။ နောက်တစ်ဆင့်တွင် ထိုဆွေးနွေးပွဲများ၌ ကျွမ်းကျင်သူများနှင့် တက်ကြွလှုပ်ရှားသူ ၅၀၀ ခန့်ပါဝင်သည့် 'လက်ခွဲစားပွဲကလေးများ' သို့မဟုတ် လုပ်ငန်းအဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ကပါဝင်ဆွေးနွေးကြသည်။ လုပ်ငန်းအဖွဲ့တစ်ဖွဲ့စီတွင် Solidarity မှ ကျွမ်းကျင်သူတစ် ဦးနှင့် ရှိပြီး သားနိုင်ငံရေးပါတီများကိုကိုယ်စားပြုသည့် ကျွမ်းကျင်သူတစ်ဦးတို့က ဦးဆောင်ကြသည်။ ရွေးကောက်ပွဲပြီးလျှင် လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားသုံးသပ်ဖို့ စီးပွားရေးနှင့်လူမှုရေးအဆိုပြုချက်များကို ထိုလုပ်ငန်းအဖွဲ့များက ရေးဆွဲကြသည်။ အသစ်တက်လာမည့် အစိုးရဖွဲ့စည်းပုံအတွက် သဘောတူညီချက်များကို ရေးဆွဲကြသည်။ ၁၉၈၉ ခုနှစ်ရွေး ကောက်ပွဲနောက်ပိုင်းလေးနှစ်တာကာလတွင်ဖြစ်ပေါ်လာမည့် လွှတ်တော်နှင့်သမ္မတ ရွေးကောက်တင်မြှောက်ရန် လွတ်လပ်သည့်ရွေးကောက်ပွဲများအပါအဝင် ရွေးကောက်ပွဲကျင်းပရေးအတွက် စီမံကိန်းဆွဲကြသည်။ လွတ်လပ်စွာရွေးကောက်တင်မြှောက်လိုက်သည့် အမျိုးသားလွှတ်တော်တစ်ရပ်ရှိပြီးမှ သာလျှင် အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းသွားမည်ဟူသော လိုက်လျောမှုကိုလည်း Solidarity က ရရှိသွားခဲ့သည်။

နစ်ဖက်သဘောတူညီချက်များကို ၁၉၈၉ ခုနှစ် ဇူလိုင် ၄ ရက်တွင်လက်မှတ်ရေးထိုးကြသည်။ ဇွန် ၄ ရက်တွင် ရွေးကောက်ပွဲများကျင်းပသည်။ ပထမအကျော့်ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီကရယူမထားသော ကိုယ်စားလှယ်နေရာအားလုံးကို Solidarity က ဝင်အရွေးခံသော ကိုယ်စားလှယ်များအားလုံးအနိုင်ရသွားသည်။ ကွန်မြူနစ်ပါတီကိုယ်စားလှယ်လောင်းများထဲတွင်ပထမအကျော့်၌သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်အများစုမဲရရှိသည့်ကိုယ်စားလှယ်လောင်းသုံးဦးသာရှိပြီး၊ တစ်နိုင်ငံလုံးအတိုင်းအတာရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်းစာရင်း (ထိုစာရင်းသည် ကွန်မြူနစ်ပါတီ၏ထင်ရှားသော ခေါင်းဆောင် ၃၅ ဦးအတွက် ချန်ထားသည့် ကိုယ်စားလှယ်နေရာများဖြစ်သည်) National List ထဲမှနစ်ဦးသာ ပထမအကျော့်တွင် မဲအများစုအနိုင်ရသည်။ Solidarity သည် 'နောက်တစ်ဆင့်ဘာဆက်လုပ်မည်' ဟူသော ရပ်တည်ချက်တစ်ခုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းမဟုတ် ကွန်မြူနစ်ပါတီကိုယ်စားလှယ် လောင်းများက အာဏာကိုလက်လွှတ်ခံရန်မဟုတ်ဘဲ ခွဲဝေပေးရန်အသင့်ပြင်ထားကြသည်ဖြစ်ရာ Solidarity ရော၊ ကွန်မြူနစ်ပါတီဘက်ကပါ အသင့်မဖြစ်ကြပေ။ ပါတီဟောင်းများဖြစ်ကြသည့် လယ်သမားပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့က Solidarity ဘက်သို့ ဘက်ပြောင်းသွားသည့်အခါ ကွန်မြူနစ်ပါတီ၏ရုံးနိမ့်မှုမှာ အရေအနေပိုဆိုးသွားတော့သည်။ ထိုသို့ဘက်ပြောင်းလိုက်ကြခြင်းကြောင့် Solidarity ညွှန့်ပေါင်းအဖွဲ့သစ်အတွက် အများစုထောက်ခံမဲ ၆၅ ရာခိုင်နှုန်းအထိရရှိသွားစေခဲ့သည်။

ပြုပြင်ပြောင်းလဲရေးသမား မစ်ခေးလ် ဂေါ်ဘာချက်ဗ်ကဲ့သို့ပင် ပိုလန်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များက ရုပ်ပျက်ဆင်းပျက်ရှုံးနိမ့်မှုကိုလက်ခံခဲ့ကြသည်။ သမ္မတလောင်းကိုမဲပေးရွေးချယ်နိုင်မည့် အနိမ့်ဆုံးထောက်ခံရမည့် ကိုယ်စားလှယ်အရေအတွက်လျှော့ချပစ်ရန် ကိုယ်စားလှယ်အချို့လွှတ်တော်သို့မတက်ခြင်းဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်နှင့် အထက်လွှတ်တော်တို့က ယာရူဇဲစ်ကီကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်နိုင်စေရန် Solidarity ခေါင်းဆောင်များအချင်းချင်း ကြိတ်ပြီးသဘောတူထားခဲ့ကြသည်။ ပြည်ထဲရေး၊ကာကွယ်ရေး၊အပြည် ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့်ပို့ဆောင်ရေးတို့ကို ရှိပြီးသားကွန်မြူနစ်အစိုးရအရာရှိများက ဦးဆောင်စေခြင်းဖြင့် ဆိုဗီယက်ပြည်ထောင်စု၏ လိုလားချက်များကိုကျေနပ်စေမည့် ညွှန့်ပေါင်းအစိုးရဖွဲ့ရန်လည်း Solidarity ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။ ထိုအချိန်က ကွန်မြူနစ်ဝါဒသည် မကြာမီ အခြားနိုင်ငံများတွင် ကျဆုံးတော့မည်၊ ဘာလင်တံတိုင်းပြိုကျတော့မည်ဆိုသည်ကို Solidarity ခေါင်းဆောင်များကမသိရှိခဲ့ကြပေ။

## အစိုးရအဖွဲ့အပြောင်းအလဲလုပ်ခြင်း

ကက်သိုလစ်အတိုက်အခံအဖွဲ့ဝင် တာဒဲဝုရ် မာဇိုဗယ့်စကီကို ဝန်ကြီးချုပ်အဖြစ် (Solidarity ၏ အမည်ခံခေါင်းဆောင်) လက်ခံဗွယ်ဆာက အမည်တင်သွင်းပြီး သမ္မတ ယာရူဇဲစ်ကီက အတည်ပြုခဲ့သည်။ မာဇိုဗယ့်စကီသည် ကက်သိုလစ်စာတည်းနှင့် လွှတ်တော်

ကိုယ်စားလှယ်ဖြစ်ပြီး Gdansk သဘောတူညီချက်နင့်စားပွဲဝိုင်းဆွေးနွေးပွဲများကို စေ့စပ်ညှိနှိုင်းရာတွင် Solidarity ၏ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ရာထူးခန့်အပ်မှုများနှင့် ဆုံးဖြတ်ချက်များကို ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်ခွင့်ရှိမှသာလျှင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်မည်ဟုမာဇိုဗယ့ဲစကီကအတိအလင်းပြောထားပြီးဖြစ်သည်။ၛင်း၏ `မဟာညွှန့်ပေါင်းအစိုးရအဖွဲ့' တွင် Solidarity ၏ ကိုယ်စားလှယ် ၁၂ ဦး၊ ကွန်မြူနစ်ပါတီမှ ဘက်ပြောင်းလာသည့်ပါတီနှစ်ခုမှ ခုနှစ်ဦး၊ ကွန်မြူနစ်ပါတီမှ လေးဦးပါရှိခဲ့ သည်။ ကွန်မြူနစ်ပါတီကရဃူလိုသည့် နိုင်ငံခြားရေးဝန်ကြီးဌာနတစ်ခုသာလျှင် မည်သည့်အုပ်စုနှင့်မျှမပတ်သက်သည့် ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခန့်အပ်ခဲ့သည်။

၁၉၈၉ ခုနှစ် စက်တင်ဘာတွင် အောက်လွှတ်တော်နှင့်အထက်လွှတ်တော်၌ ပဏာမအစီရင်ခံစာ ဖတ်ကြားတင် သွင်းစဉ်ကတည်းက မာဇိုဗယ့ဲစကီက အတိတ်နှင့်ပစ္စုပ္ပန်ကြားတွင် "စည်းထူထူ" ခြားကာ အတိတ်ထက် ပစ္စုပ္ပန်ကိုသာအာရုံစိုက်မည်ဖြစ်ပြီး နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲခြင်း၊ စီးပွားရေးတွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများပေါ်ထွက်လာစေခြင်း၊ `ဥရောပနှင့်လက်တွဲခြင်း'တို့ဖြင့် ရှေ့ဆက်သွားရန် အာရုံစိုက်လုပ်ဆောင်မည်ဟု အတိအလင်းပြောခဲ့သည်။ ဤသို့ဆိုလိုက်ခြင်းသည် အတိတ်တုန်းက လုပ်ရပ်များအတွက် အပြစ်ပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကိုလုပ်လိမ့်မည်မဟုတ်ဟူသည့်သဘောဖြစ်သည်။ဤသဘောထားကအရေးကြီးသည်။ အကြောင်းမှာ ကွန်မြူနစ်များသည် အစိုးရအဖွဲ့အတွင်းရှိနေပြီး လုံခြုံရေးအဖွဲ့အစည်းများနှင့် စစ်ဘက်တွင် ထိန်းချုပ်ထားဆဲဖြစ်နေခြင်းကြောင့်ပင်။ သို့ဖြစ်၍အတိတ်ကိုအာရုံမစိုက်တော့ဘဲ ကွန်မြူနစ်ပါတီအာဏာမသိမ်းမီကရှိခဲ့သည့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်များကို သူ့နေရာနှင့်သူပြန်ရောက်အောင်လုပ်ခြင်းအတွက် ဥပဒေရေးဆွဲခြင်း၊ လွတ်လပ်သောရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဥပဒေများကိုရေးဆွဲခြင်း၊ အခြေခံဥပဒေသစ်ရေးဆွဲခြင်းလုပ်ငန်း စတင်ခြင်းတို့ကို မာဇိုဗယ့ဲစကီက လုပ်ဆောင်ခဲ့သည်။

မည်သည့်လုပ်ငန်းဆောင်ရွက်သင့်သည်ဆိုသည်နှင့်ပတ်သက်ပြီး အစိုးရအဖွဲ့ဝင်များက အယူအဆမျိုးစုံကိုင်စွဲထားကြသည်။ နာရီပေါင်းများစွာကြာအောင် အစိုးရအဖွဲ့အစည်းအဝေးထိုင်ပြီးမှ ခက်ခက်ခဲခဲဖြင့် အများသဘောတူညီချက်ရရှိတတ်သည်။ လွှတ်တော်တွင် ကွန်မြူနစ်ပါတီကိုယ်စားလှယ်များသည် ရွေးကောက်ပွဲတွင် လွန်စွာအထိနာခဲ့ကြခြင်းကြောင့် မူဝါဒကိုလွှမ်းမိုးနိုင်မည့်မျှော်လင့်ချက်မရှိတော့ခြင်းနှင့်အတူ ရှောင်ဖယ်ရှောင်ဖယ်ဖြစ်လာကြသည်။ ရလဒ်အနေဖြင့် ကွန်မြူနစ်ကိုယ်စားလှယ်များရော Solidarity ညွှန့်ပေါင်းကိုယ်စားလှယ်များကပါ မာဇိုဗယ့ဲစကီကို ဝန်ကြီးချုပ်တင်မြှောက်ခြင်း၊ ဝန်ကြီးများရွေးချယ်ခန့်အပ်ခြင်း၊ ၛင်း၏အစိုးရကတင်သည့်ဥပဒေများကိုအတည်ပြုခြင်းတို့အတွက် ထောက်ခံမဲပေးကြလေသည်။

ရွေးကောက်ပွဲအရှုံးကိုရင်ဆိုင်ခဲ့ရသည့် ကွန်မြူနစ်ပါတီသည် Solidarity ၏ မဟာညွှန့်ပေါင်းအစိုးရဖွဲ့စည်းပြီး လေးလနီးပါးအကြာတွင် ဖျက်သိမ်းလိုက်ရသည်။ ပါတီဝင်အများစုသည်

ကွန်မြူနစ်ပါတီပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကိုအမွေခံခဲ့သည့် ပါတီသစ်ဖြစ်သော ပိုလန် ဆိုရှယ်ဒီမိုကရက်ပါတီသို့ ဝင်ရောက်သွားကြသည်။ ခွာညဲ့ဗ်စကီသည် ဆိုရှယ်ဒီမိုကရက်ပါတီ ကိုတည်ထောင်သည့်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ပါတီဥက္ကဋ္ဌလည်းလုပ်ခဲ့သည်။ ၁၉၉၁ လွှတ်တော် ရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်လက်ဝဲမဟာမိတ်အဖွဲ့(SLD) အဖြစ် ဆိုရှယ်ဒီမိုကရက် ပါတီက ပြန်လည်ဖွဲ့စည်းခဲ့ပြီး မာဇိုဗယ့ဲစကီ၏ ဒီမိုကရက်တစ်ယူနီယံပါတီပြီးနောက်တွင် ထောက်ခံမဲရရှိမှု ကွာဟချက်အနည်းငယ်ဖြင့် ဒုတိယလိုက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် Solidarity ညွှန့်ပေါင်းအဖွဲ့သည် ပါတီငယ်များအဖြစ် အစိတ်စိတ်အမှာမှာကွဲသွားသဖြင့် ကိုယ်စားလှယ် နေရာ အများစုရရန် လိုအပ်သောအနိမ့်ဆုံးအနေအထားအတွက် ထိုပါတီငယ်များက မဲအလုံ အလောက်မရရှိခဲ့ကြတော့ပေ။ ထို့ကြောင့် ဆိုရှယ်ဒီမိုကရက်ပါတီသည် လယ်သမားပါတီနှင့် အတူ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာအများစုရရှိသွားခဲ့သည်။ ထိုစဉ် ၁၉၈၉ ခုနှစ်ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီကံဆိုးမိုးမှောင်ကျပြီး ခြောက်နှစ်မျှသာကြာပြီးနောက် ခွာညဲ့ဗ်စကီသည် သမ္မတရွေးကောက်ပွဲ၌ SLD ၏သမ္မတလောင်းအဖြစ် ပြိုင်ဘက် လက်ခ်ဗွယ် ဆာကိုအနိုင်ရသွားခဲ့သည်။ ၎င်း၏ပါတီပိုင်ပစ္စည်းဥစ္စာများ ပြည်သူ့ပိုင်သိမ်းခံရပြီး စာနယ်ဇင်းနှင့် အခြားနိုင်ငံရေးသမားများက ဝေဖန်တိုက်ခိုက်နေသည့်ကြားမှ ခွာညဲ့ဗ်စကီက အနိုင်ရသွားခဲ့ခြင်း ဖြစ်သည်။

အထူးသဖြင့်ဘာလင်တံတိုင်းပြိုကျသွားပြီးနောက် ဥရောပနှင့်ပေါင်းစည်းရေးမှာ လွယ်ကူ သွားခဲ့သည်။ နယ်စပ်များကိုပြန်ဖွင့်လိုက်ပြီး ပိုလန်လူမျိုးများ လွတ်လပ်စွာခရီးသွားလာခွင့်ရ လာသည်။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်သည် အခြားတိုင်းပြည်များနှင့်ထိတွေ့ဆက်ဆံကာ ဥရောပအဖွဲ့အစည်းများသို့ ပိုလန်နိုင်ငံကိုဝင်ရောက်ခွင့်ပြုရန် နားချစည်းရုံးပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဥရောပကောင်စီသို့ဝင်ရန် ပိုလန်နိုင်ငံ ဖိတ်ခေါ်ခံရသည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီး ဂျာမနီနိုင်ငံတရားဝင်ပေါင်းစည်းခြင်း မတိုင်ခင်အချိန်အထိ နေတိုးအဖွဲ့နှင့် ဥရောပ သမဂ္ဂသို့ဝင်ရန် ပိုလန်အတွက် တကယ်တမ်းဖြစ်နိုင်ခြေမရှိခဲ့ပေ။ ၁၉၉၀ ပြည့်နှစ်တွင် ဆိုဗီယက် ပြည်ထောင်စုပြိုကွဲသည့်အခါတွင်တော့ ထိုအဖွဲ့များသို့ဝင်ရန်ရည်မှန်းချက်များအတွက် ဆက် လက်ဆောင်ရွက်ရန် အနောက်နိုင်ငံများက အပြည့်အဝထိတွေ့ဆက်ဆံလာခဲ့ကြသည်။

စီးပွားရေးစနစ်အကျဘက်ရောက်နေခြင်းကို ဆွဲတင်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းက ပိုပြီးခက်သောစိန်ခေါ်မှုဖြစ်သည်။ လူထုထောက်ခံမှုရအောင်ကြိုးပမ်းသည့်အနေဖြင့် လုပ်ခ လစာများ တနင့်တပိုးတိုးမြှင့်ခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများမှ ထုတ်ကုန်များကိုဈေးနှုန်းတိုးမြှင့်ခွင့် ပြုခြင်းတို့ကို နောက်ဆုံးတက်ခဲ့သည့် ကွန်မြူနစ်အစိုးရက လုပ်ဆောင်ခဲ့သည်။ ဤမူဝါဒများနှင့် အတူ ၁၉၇၀ ပြည့်နှစ်များက ပိုလန်၏ကြီးမားသောကြွေးမြီများကို ပြန်ပေးရန် တနင့်တပိုးဖြစ် လာနေသည့်ဝန်ထုပ်တို့က ၁၉၈၉ ခုနှစ်အောက်တိုဘာတွင် ငွေကြေးဖောင်းပွမှုနှုန်းကို ၅၅ ရာ နိုင်နှုန်းသို့ရောက်ရှိသွားစေခဲ့သည်။[ii] အနောက်နိုင်ငံများမှ အစိုးရနှင့်ပုဂ္ဂလိကမြေရှင်များ၊ နိုင်ငံ

တကာအဖွဲ့အစည်းများသည် စီးပွားရေးနှင့်အုပ်ချုပ်ရေးကျွမ်းကျင်သူများနှင့်အတူ ပိုလန်သို့ အလုံးအရင်းရောက်လာကြသည်။ ရောက်လာသည့်ပညာရှင်တိုင်းက ပြောစမှတ်ပြုလောက်သည့် ပြုပြင်ပြောင်းလဲမှုများ မြန်မြန်လုပ်ရန်တိုက်တွန်းကြသည်။ စီးပွားရေးစနစ်ကို ဘက်စုံပြုပြင်ပြောင်းလဲရေး (restructuring) လုပ်ရန် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလကုန် တွင် ဘဏ္ဍာရေးဝန်ကြီး လက်ရှက်ခ် ဘားတဲလ်ရောဗိရ်ှတင်ပြသည့် ဘားတဲလ်ရောဗိရ်ှစီမံကိန်း (Balcerowicz Plan) ကို အောက်လွှတ်တော်က တစ်ခဲနက်ထောက်ခံမဲပေးခဲ့သည်။ အဆိုပါ 'ရှော့ရိုက်ကုထုံး' သည် ကုန်ဈေးနှုန်းကို ၅၇၂ ရာခိုင်နှုန်းမြင့်တက်သွားစေခဲ့ပြီး ပုဂ္ဂိုလ်/တစ်နိုင်ငံလုံး၏စုစုပေါင်းဝယ်နိုင်စွမ်းအား (real wage) များကို ယမန်နှစ်ကထက် ၂၄ ရာခိုင်နှုန်းကျဆင်းသွားစေခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပက ပေးအပ်သည့် 'စီးပွားရေးနာလန်ထူရေးရန်ပုံငွေ' ဒေါ်လာဘီလီယံပေါင်းများစွာအပါအဝင် နိုင်ငံခြားအထောက်အ ပံ့နှင့်ရင်းနှီးမြှုပ်နှံမှုများကို ပိုလန်နိုင်ငံက အလုံးအရင်းလက်ခံရရှိခဲ့သော်လည်း အထက်ပါစီးပွားရေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည်။ စားနပ်ရိက္ခာများ 'အလျှုများ'နှင့် စားသောက်ကုန်နှင့်လူသုံးကုန်များကိုတင်သွင်းခြင်းကဲ့သို့ ပြည်ပအကူအညီနှင့်ကုန်သွယ်ရေးတို့သည် ပိုလန်စီးပွားရေးကို အသက်ဆက်ပေးနေသော်လည်း အနောက်နိုင်ငံများမှရောက်လာသည့် ကုန်စည်များသည် ဈေးချိုချို။ထုပ်ပိုးမှုကောင်းကောင်းဖြင့် ပိုလန်လူမျိုးများကိုဆွဲဆောင်မှုပိုရှိလာသဖြင့် တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်စက်မှုလုပ်ငန်းကို ချိန်ခွဲသွားစေခဲ့သည်။

အထက်ပါအပြောင်းအလဲများကြောင့်ဖြစ်လာသည့် လူမှုရေးပြဿနာသစ်များကိုဖြေရှင်းရန် အစိုးရတွင်ပိုက်ဆံ မရှိပေ။ ဤအချက်သည် Solidarity ကိုထောက်ခံသည့် အခြေခံမဲဆန္ဒရှင်များကို အထိနာသွားစေခဲ့သည်။ အကြောင်းမှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိတ်လိုက်ခြင်း၊ ရောင်းချလိုက်ခြင်းတို့ကြောင့် ခိုကိုးရာမဲ့သွားသည့်ပြည်သူများအတွက် လူမှုဖူလုံရေးစနစ်ကို လက်တွေ့မလုပ်ပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ အခြားမဲဆန္ဒရှင်များမှာမူ ၎င်းတို့၏ဝယ်ယူသုံးစွဲနိုင်စွမ်းကျဆင်းခြင်း၊ အစိုးရ၏ 'စီးပွားရေးတွင်နေရာယူမှု' ကိုလျှော့ချခြင်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်မှုတိုးမြင့်လာခြင်းတို့ကြောင့် အနာဂတ်နှင့်ပတ်သက်ပြီး မရေမရာဖြစ်လာခြင်းတို့ကြုံလာရခြင်းသည် ထိတ်လန့်စရာဖြစ်သည်။[iii] ရလဒ်မှာ မာဇိုဗယ့်စကီနှင့်သူ၏အစိုးရကို သိသိသာသာထောက်ခံမှုကျဆင်းသွားပြီး Solidarity အစိတ်စိတ်အမှာမှာ ကွဲသွားခြင်းဖြစ်သည်။

## ရွေးကောက်ပွဲကြောင့်ဖြစ်လာသည့် အသွင်ပြောင်းလဲမှု

Solidarity အစိတ်စိတ်အမှာမှာကွဲသွားခြင်းကြောင့် နှုတ်ထွက်ရန်ဖိအားပေးမှုများကို ယာရူဇဲစ်ကီအည့ံခံလိုက်ရသည်။ ၎င်းနုတ်ထွက်လိုက်ခြင်းက ပိုလန်၏ရွေးကောက်ပွဲများကို စောစီးစွာကျင်းပနိုင်စေခဲ့ပြီး ဒီမိုကရေစီနည်းတကျ ရွေးကောက်တင်မြှောက်သည့် သမ္မတတစ်ဦး တက်လာစေခဲ့သည်။ မဲဆွယ်စည်းရုံးရာတွင် ပိုလန်စီးပွားရေးကျဆင်းသွားစေခြင်းနှင့်

ကွန်မြူနစ်များကို လွယ်လွယ်အပြစ်မယူဘဲထားခဲ့ခြင်းတို့အတွက် မာဇိုဗယ့်စကီအား လက်ဗွယ်ဆာက ဝေဖန်တိုက်ခိုက်ခဲ့သည်။ လိုရင်းမရောက်ပဲ လူလုံးပြနေသည့် ဗွယ်ဆာနှင့်အပြိုင် မာဇိုဗယ့်စကီကရွေးကောက်ပွဲဝင်ခဲ့သည်။ နောက်ဆုံးတော့ နာမည်မရှိသည့် ကနေဒါမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မာဇိုဗယ့်စကီကို ပထမအကျော့ရွေးကောက်ပွဲတွင်နိုင်ခဲ့သော်လည်း ဒုတိယအကျော့ရွေးကောက်ပွဲတွင် ဗွယ်ဆာကိုရှုံးသွားသည်။ ဤဖြစ်ရပ်သည် Solidarity ကိုနောက်ထပ်ခါးခါးသီးသီး အကွဲအပြဲဖြစ်စေမည့်ဇာတ်လမ်း အစပင်ဖြစ်သည်။ ထို့အပြင် အခြားသောနိုင်ငံရေးသမားများကို ဗွယ်ဆာက ဝေဖန်တိုက်ခိုက်ရန်နှင့် သမ္မတ၏ လုပ်ပိုင်ခွင့် အာဏာများကိုကန့်သတ်ထားသည့် အခြေခံဥပဒေလာပြဋ္ဌာန်းချက်များကို ဗွယ်ဆာကအံတုရန် လမ်းစရသွားခြင်းလည်းဖြစ်သည်။

၁၉၉၁ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲများသည် ကနဦးတွင် လွတ်လပ်စွာရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော်တစ်ရပ်မှ အခြေခံဥပဒေကိုပြဋ္ဌာန်းနိုင်စေရေးဖြစ်သည်။ ဆိုဗီယက်ယူနီယံက ကန့်သတ်ချက်များလုပ် မည်ကဲ့စိုးရိမ်သည့်ဖိအားနည်းလာချိန်တွင် ဒီမိုကရေစီ တည်ဆောက်ခဲ့ကြသည့် အရှေ့ဥရောပနိုင်ငံများကို ပိုလန်က အမှီလိုက်နိုင်ရန် နိုင်ငံတကာအတိုင်းအတာအရ လိုအပ်ချက်ကိုလည်း ၁၉၉၁ ရွေးကောက်ပွဲက ထင်ဟပ်ဖော်ပြနေသည်။ အဆိုပါအရှေ့ဥရောပနိုင်ငံများ၏ ကနဦးရွေးကောက်ပွဲများသည် လွတ်လပ်မှုရှိသဖြင့် ဥရောပပါလီမန်သို့ ပိုလန်ကကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းမပြုမီတွင်ပင် ထိုနိုင်ငံများက ရွေးကောက်တင်မြှောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီသွားခဲ့ကြသည်။

၁၉၉၁ ခုနှစ်တွင် ပထမဆုံးလွတ်လပ်စွာကျင်းပသည့်ရွေးကောက်ပွဲ၏ရလဒ်များသည် နိုင်ငံရေးတည်ငြိမ်မှုကိုကသောင်းကနင်းဖြစ်နေခဲ့သည်။ Solidarity ကပါတီပေါင်းမြှောက်များစွာ ကွဲထွက်သွားသည်။ ခွဲထွက်သွားပြီးပေါ် လာသည့်ပါတီများထဲမှ အင်အားအကောင်းဆုံးပါတီများသည် လူထုကြိုက်မူဝါဒရှေ့တန်းတင်သူများ၊ ဘာသာရေးရောယှက်သော အမျိုးသားရေးဝါဒီများ၏ ပါတီများဖြစ်သည်။ ရွေးကောက်ပွဲဥပဒေများနှင့်ပတ်သက်ပြီး ငြင်းကြခုံကြဖြစ်ခဲ့ပြီး နောက် (အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးခြင်းဖြစ်သဖြင့်) ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းအရွေးခံရရန် အနိမ့်ဆုံးထောက်ခံမဲဝေစုရရှိမှုသည် လွန်စွာနိမ့်ပါးနေခြင်းကြောင့် နိုင်ငံရေးပါတီပေါင်း ၁၁၁ ပါတီရွေးကောက်ပွဲနိုင်သွားကြသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာရရန် အနိမ့်ဆုံးမဲရရှိမှု အချိုး ၅ ရာခိုင်နှုန်းရသည့်ပါတီ ၂၉ ပါတီရှိခဲ့ပြီး၊ အထက်လွှတ်တော်တွင် ၂၂ ပါတီရှိခဲ့သည်။ မည်သည့်ပါတီ မည်သည့်ညွှန့်ပေါင်းမှ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာအများစု မရရှိခဲ့ကြပေ။ ဤရွေးကောက်ပွဲရလဒ်နှင့် ဆုံးဖြတ်ချက်များအား လုံးကိုထိန်းချုပ်လိုသည့် ဗွယ်ဆာ၏ဆန္ဒတို့ကြောင့် 'စည်းထူထူ' ကိုဖျက်ပစ်ခြင်းနှင့် ပတ်သက်ပြီး ပြင်းထန်သည့်ငြင်းခုံမှုများဖြစ်ခဲ့ရသလို၊ ရာထူးခန့်ထားမှုများနှင့်ပတ်သက်၍လည်း အမြဲတစေ ကဏ္ဍကောစဖြစ်နေခဲ့သည်။ အရေးကြီးသည့် မူဝါဒရေးရာကိစ္စရပ်များတွင် ညီညွတ်သော

ကွဲပြားသည့်အမြင်များဖြင့် အစိုးရအဖွဲ့၊ အစိုးရ၏ဆုံးဖြတ်ချက်များကို လေးစားသည့် ဥပဒေပြုလွှတ်တော်တို့ ပိုလန်နိုင်ငံက ဆုံးရှုံးလိုက်ရတော့သည်။

ထင်ရှားသည့်အစိုးရအဖွဲ့ဝင်များနှင့် Sejm အောက်လွှတ်တော်အမတ်များအပြင် လက်ခံဗွယ်ဆာသည် လျှို့ဝှက်ရဲထောက်လှမ်းရေးသမားများဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးနှင့် နီးစပ်သူ ရာဒီကယ်အစွန်းရောက်များက စွပ်စွဲပြောဆိုကြပြီးနောက် Sejm အောက်လွှတ်တော် ဖျက်သိမ်းလိုက်ရသည်။ လွှတ်တော်ဖျက်သိမ်းလိုက်ရသဖြင့် ယာယီ 'ပဏာမအခြေခံဥပဒေ' ကို ပြဋ္ဌာန်းလိုက်သည်။ထိုပဏာမအခြေခံဥပဒေတွင် အင်စတီကျူးရှင်းပေါင်း မြောက်များစွာ၏ အခန်းကဏ္ဍများကိုသတ်မှတ်ပြဋ္ဌာန်းချက်ပါရှိသည်။ အောက်လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခွင့်ရရန် အနိမ့်ဆုံးထောက်ခံမဲဝေစုသတ်မှတ်ချက်ရာခိုင်နှုန်းကို တိုးမြှင့်လိုက်သည်။ ထို့နောက် ရလဒ်အဖြစ်ပေါ်ပေါက်လာသည့် ၁၉၉၃ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လက်ယာနိုင်ငံရေးအုပ်စုက သဘောထားလွန်စွာကွဲလွဲနေကြသဖြင့် အချိုးကျကိုယ်စားလှယ်တင်မြှောက်ခွင့်ရသည့်နိုင်ငံရေးပါတီ အနည်းငယ်သာရှိလာခဲ့သည်။ အထက်ပါကဏ္ဍကောစဖြစ်မှုများမှ ကင်းကင်းနေခဲ့ခြင်းနှင့် 'အမြော်အမြင်ရှိရှိခေတ်မီအောင်လုပ်သူများ' ဟူသည့်ဂုဏ်သတင်းကိုကျော်ဇော်အောင်လုပ်နိုင်ခြင်းတို့ကြောင့် SLD ပါတီသည် ရွေးကောက်ပွဲတွင် တစ်ကျော့ပြန်ထောက်ခံမှုရရှိလာခဲ့သည်။ ကွန်မြူနစ်စနစ်၏အကျိုးကျေးဇူးများကို အောက်မေ့သူများနှင့် ကွန်မြူနစ်အစိုးရတွင် ပူးပေါင်းပါဝင်မှုကြောင့် ဝေဖန်တိုက်ခိုက်ခံရသူများသည်လည်း SLD ပါတီကိုထောက်ခံလာကြသည်။ ရွေးကောက်ပွဲမှထွက်ပေါ်လာသည့် လွှတ်တော်ကို SLD ပါတီနှင့် လယ်သမားပါတီတို့က လွှမ်းမိုးသွားခဲ့သည်။

နောက်နှစ်နှစ်အကြာတွင် သမ္မတရွေးကောက်ပွဲ၌ ဆွာညဲ့ဗ်စကီက ဗွယ်ဆာကိုအနိုင်ရသွားသည်။ ဆွာညဲ့ဗ်စကီ အစိုးရလက်ထက်တွင် ပြီးခဲ့သည့်ခုနှစ်နှစ်ကရသည့်သင်ခန်းစာများကို ထင်ဟပ်သည့် အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းလိုက်သည်။ ထိုအခြေခံဥပဒေတွင် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထားသည်။ သမ္မတ၏ တစ်ချက်လွှတ်အာဏာကိုလွှမ်းမိုးကျော်လွန်သည့် အာဏာအပါအဝင် လွှတ်တော်နှစ်ရပ်စလုံးသို့ဥပဒေပြုရေး အာဏာအားလုံးကို အပ်နှင်းထားသည်။ လွှတ်တော်ကိုဖျက်သိမ်းရန် သမ္မတတွင် အကန့်အသတ်ဖြင့်သာ အာဏာများရှိတော့သည်။ ပိုလန်သည် အီးယူအဖွဲ့ဝင်ဖြစ်ရေးအတွက် သတ်မှတ်ချက်များပြည့်မီရန် အကူအညီများ အလုံးအရင်းဖြင့်ရရှိခဲ့ပြီး၊ ဝါဆောစစ်စာချုပ်ဝင်ဖြစ်ခဲ့သည့် ပိုလန်စစ်တပ်နှင့်စစ်လက်နက်ပစ္စည်းများကို နေတိုးအဖွဲ့၏သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ပေါင်းစပ်အပြီး နေတိုးအဖွဲ့ဝင်ဖြစ်လာပြီးနောက် အီးယူသို့ဝင်ခဲ့သည်။

စီးပွားရေးစနစ်သစ်တွင် ထိခိုက်ခံစားရသူများရှိနေသေးသည့်တိုင် ပိုလန်သည် ဥရောပအသိုင်းအဝိုင်းတွင် သာယာဝပြောသော အဖွဲ့ဝင်တိုင်းပြည်ဖြစ်လာခဲ့သည်။ ကွန်မြူနစ်အုပ်ချုပ်မှုအတိတ်ကာလ၏ မသမာမှုများကို ကိုင်တွယ်ဖြေရှင်းမှုသည် အခြေတကျမဖြစ်ခဲ့သလို အခြေ

တကျမဖြစ်ဘဲရှိနေဆဲဖြစ်သည်။ စွပ်စွဲမှုများနှင့် ပြန်လှန်စွပ်စွဲမှုများ၊ လျှို့ဝှက်ရဲထောက်လှမ်းရေး ကဘာလုပ်ခဲ့သည်ဆိုသည်ကိုဖော်ထုတ်မှုများသည်ရာဒီကယ်လက်ယာနိုင်ငံရေးအုပ်စုအတွက် လက်နက်များဖြစ်လာသည်။ (နာဇီနှင့်ကွန်မြူနစ်အစိုးရလက်ထက်က မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ တရားစွဲဆိုခြင်း၊ ထုတ်ပြန်ကြေညာခြင်း အထူးအခွင့်အာဏာများ ပေးအပ်ထားသည့်) Institute for National Memory ကိုဝ၉၉၈ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီးဖွဲ့စည်းလိုက်ချိန် မတိုင်ခင်အထိ မည်သူ့ကိုမည်သူကစုံစမ်းထောက်လှမ်းရန် သူလျှိုလုပ်ခဲ့သည်ဆိုသည့်အကြောင်း 'မကြားဝံ့ မနာသာအာပတ်ဖြေသည့်' ဖွင့်ချမှုများသည် နိုင်ငံရေးတိုက်ပွဲများ၏ အကြောင်းအရာဖြစ်ခဲ့သည်။ ဆိုးဆိုးရွားရွားမတည်ငြိမ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ယနေ့ခေတ်အထိ ပိုလန်ကို အတိတ်ကခြောက်လှန့်နေဆဲဖြစ်သည်။ ဘုန်းတော်ကြီးများက သူလျှို အဖြစ်ဖွင့်ချမှုများကြောင့် ဘုရားကျောင်းတော်၏ဩဇာကို မှေးမှိန်စေခဲ့သည်။ (ဗွယ်ဆာနှင့် ဆွာညဲ့ပ်စကီတို့၏ သမ္မတသက်တမ်းများတွင်) လွှတ်တော်နှင့် သမ္မတရာထူးအတွက် ပြည်သူများ ထားရှိသည့် လေးစားမှုကို မှေးမှိန်စေခဲ့သည်။ လက်ရှိပြဿနာများကို မည်သို့ဖြေရှင်းမည် ဆိုသည်ထက် ဘယ်သူကဘာလုပ်ခဲ့သည်ကိုသာ အဓိကအာရုံစိုက်ခဲ့ကြလေသည်။

ပိုလန်လူထုသည် နိုင်ငံရေးသမားများကို စိတ်မဝင်စားမှုထက်ပင် အတိတ်ကမှုခင်းအတွက်အပြစ်ပေးခြင်းကို စိတ်မဝင်စားမှုက အများကြီးပိုနေသည်။ စစ်အုပ်ချုပ်ရေးကျင့်သုံးခဲ့ခြင်းနှင့် ၁၉၇၀ ပြည့်နှစ်တွင် ဆန္ဒပြသူများကို တိုက်ခိုက်ခဲ့ခြင်းများအတွက် ယာရူဇဲဗ်စကီနှင့် သူ့လက်ဝေခံများကို ၂၀၀၆ ခုနှစ်၌ ရုံးတင်စစ်ဆေးခြင်းများစတင် ခဲ့ခြင်းကို ပြည်သူလူထုက ဟုတ်တိပတ်တိစိတ်ဝင်စားခြင်းမရှိခဲ့ပေ။ အစိုးရရုံးများ၊ နိုင်ငံရေးရာထူးများအတွက် လျာထားခံရသူ ကိုယ်စားလှယ်များသည် သူလျှိုများအဖြစ်လုပ်ကိုင်ခဲ့ဖူးပါက ဝန်ခံပြောကြားရန် သတ်မှတ်ချက်ထွက်ပေါ်လာသည်။ သို့သော် ထိုသို့ဝန်ခံပြီးကာမှ ဝင်အရွေးခံခွင့်ရရှိခဲ့သည့်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်တင်မြှောက်ခံကြရသည်။

## ရရှိသောသင်ခန်းစာ

၁၉၉၈ ခုနှစ်တွင် အတိုက်အခံကို နိုင်ငံရေးစနစ်အတွင်းသို့ရောက်လာစေမည့် နည်းလမ်းတစ်ခုကိုပုံဖော်နိုင်ရန် Solidarity နှင့် ကွန်မြူနစ်ပါတီခေါင်းဆောင်များတွေ့ဆုံစဉ်က နာလိုခံခက်ဖြစ်မည်ဟုဂင်းတို့သိထားပြီးဖြစ်သည့် စီးပွားရေးစနစ်အပြောင်းအလဲများတွင် Solidarity ကိုပါဝင်ဆောင်ရွက်စေရန်လိုအပ်ချက်က ဂင်းတို့ကိုတွန်းအား ပေးခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးပြုပြင်ပြောင်းလဲရေးများပြုလုပ်ခြင်းနှင့် နိုင်ငံရေးစနစ်ကိုတံခါးဖွင့်လိုက်ခြင်းတို့ရှိ လာသည့်တိုင် ၁၉၈၁ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့ခြင်းကို မေ့ပျောက်လို့ရမည်မဟုတ်သလို ခွင့်လွှတ်၍လည်း ရမည်မဟုတ်ပါ။

ကက်သိုလစ်ကျောင်းတော်ခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံခြင်းလမ်းကြောင်းမှ

တမူထူးခြားစွာခွဲထွက်ခဲ့ကာ Solidarity ကိုထောက်ခံသည့်ပညာတတ်များနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ နောက်တစ်ဆင့်တွင် တရားဝင်စားပွဲဝိုင်းဆွေးနွေးပွဲလုပ်ငန်းစဉ်အတွက် စေ့စပ်ညှိနှိုင်းရေးကို ထောက်ခံသည့်လမ်းကြောင်းကို ကွန်မြူနစ်ပါတီခေါင်းဆောင်များက လိုက်ခဲ့ကြသည်။ Solidarity ခေါင်းဆောင်များအတွက်မူ စားပွဲဝိုင်းဆွေးနွေးပွဲများသည် ပြည်သူတို့၏ဘဝများတိုးတက်လာမှုအတွက် ဟန်ရေးပြနိုင်မည့် တရားဝင်အဖွဲ့အစည်းအဖြစ် ပြန်လည်ပေါ်ထွန်းလာရန် အခွင့်အရေးဖြစ်သည်။ Solidarity သည် အတိုက်အခံလုပ်ငန်းလုပ်ကိုင်မှုအတွက် လူသိပြီးသားဖြစ်သည့် ကျွမ်းကျင်သူများ၊ စေ့စပ်ညှိနှိုင်းရေးသမားများကို အဆင်သင့်စုဆောင်းထားပြီးသားဖြစ်၍ ဤစားပွဲဝိုင်းဆွေးနွေးပွဲလုပ်ငန်းစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နှစ်ဘက်စလုံးမှလူပုဂ္ဂိုလ်များသည် တစ်ဦးနှင့်တစ်ဦး သိကျွမ်းပြီးသားသူများဖြစ်ပြီး အတူတကွ လုပ်ကိုင်နိုင်ကြသည်။ ထို့အပြင် အပြောင်းအလဲပြုလုပ်ရန် ကတိပြုခဲ့ကြသည့် အစိုးရနှင့်ပါတီခေါင်းဆောင်ပိုင်းသည် စစ်အုပ်ချုပ်ရေးကြေညာခဲ့သူများနှင့် ထောက်လှမ်းရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သူများပင်ဖြစ်သည်။ ထို့ကြောင့် ကွန်မြူနစ်အုပ်စုဟောင်းမှ ထိရောက်ပီပြင်သော နောက်ချန်တပ်၏ ဆန့်ကျင်မှုမလွဲမသွေရှိမည်သာဖြစ်သည်။ မူလက စားပွဲဝိုင်းဆွေးနွေးပွဲသည် လူသိရှင်ကြား ရှိခဲ့သည်။ ဆွေးနွေးမှုများစတင်သည့်အခါ နှစ်ဘက်စလုံးကိုကိုယ်စားပြုသည့် ကျွမ်းကျင်ပညာရှင်များက နိုင်ငံရေးစနစ်ကိုဘက်စုံပြောင်းလဲမည့်နည်းလမ်းနှင့် တံခါးဖွင့်မည့်နည်းလမ်းတို့ကိုသာ ဆွေးနွေးခဲ့ခြင်းမဟုတ်ပါ။ အလုပ်သမားအခွင့်အရေးကဲ့သို့ ပြည်သူများအတွက် လက်တွေ့အရေးကြီးသည့်ကိစ္စရပ်များဖြစ်သော ပညာရေးမှသည် အလုပ်သမားအခွင့်အရေးအထိကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ကြသည်။

နှစ်ဘက်စလုံးကိုပါးစပ်အဟောင်းသားဖြစ်သွားစေသည်က ရွေးကောက်ပွဲရလဒ်များဖြစ်သည်။ စေ့စပ်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲရလဒ်က ပြောင်းလဲပစ်လိုက်သည်။ သို့သော် ရွေးကောက်ပွဲဥပဒေများကို ကွန်မြူနစ်အစိုးရအဖွဲ့ဝင်များကရေးဆွဲခဲ့ခြင်းဖြစ်၍ ရွေးကောက်ပွဲအရှုံးနှင့် ၎င်းတို့၏မဟာမိတ်များ ဘက်ပြောင်းသွားခြင်းကို လက်ခံရုံသာရှိတော့သည်။ နောင်ဘာဆက်ဖြစ်မည်ဆိုသည်ကို မည်သည့်ဘက်ကမှ ကြိုမသိထားကြားပါ။ သို့ဖြစ်၍ Solidarity ခေါင်းဆောင်များက နိုင်ငံရေးပါတီများအားလုံးနှင့် ကွန်မြူနစ်ပါတီကိုယ်စားလှယ်လောင်း အဖြစ်ပြိုင်ခဲ့ကြပြီး နောင်တွင်နိုင်ငံရေးစီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် (လွှတ်တော်တွင်)ထောက်ခံမဲပေးခဲ့ကြသူများကိုပါ အစိုးရအဖွဲ့တွင်ပါဝင်စေခဲ့သည်။

နှစ်ဘက်စလုံးက ဘာလုပ်ကြမည်ဆိုပြီး အစီအစဉ်ဆွဲမထားကြသဖြင့် နောက်ကြောင်းပြန်လှည့်မရသော စီးပွားရေးနှင့်နိုင်ငံရေးအပြောင်းအလဲများပြုလုပ်ရန် အလားအလာများသွားသည်။ ထိုအပြောင်းအလဲများသည် Solidarity ကို ခါးသီးသည့်အကွဲအပြဲများဖြစ်သွားစေခဲ့ပြီး အတိတ်ကာလကို ကိုင်တွယ်ဖြေရှင်းရာတွင် ရှင်းမရနိုင်သည့် တိုက်ခိုက်မှုများကိုကား ဖြစ်ပေါ်လာစေခဲ့လေသည်။ ပိုလန်၏နိုင်ငံရေးစနစ်သည် အသွင်ကူးပြောင်းမှု၏ပထမဆယ်စုနှစ်အတွင်း

အလုပ်ဖြစ်ခဲ့ခြင်း(နှင့်အလုပ်မဖြစ်ခဲ့ခြင်း)ကိုအခြေခံပြီး ဖြစ်ပေါ်တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ပိုလန်ရလိုက်သည့်သင်ခန်းစာများကို ၁၉၉၇ အခြေခံဥပဒေတွင်မြင်ရသည်။

ပိုလန်၏အသွင်ကူးပြောင်းမှုသည်သူ့သဘောသူ့ဆောင်ခဲ့သော်လည်း ပြင်ပက မူဝါဒဆိုင်ရာ အလုပ်လုပ်ကြ သူများက အရေကြီးသည့်နေရာကပါခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဗဟိုနှင့် အရှေ့ဥရောပကို ဆိုဗီယက်၏ထိန်းချုပ်ထားမှုဆုံးခန်းတိုင်သွားခြင်းနှင့် ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားခြင်းသည် ယခင်ကအပြောင်းအလဲဖြစ်မည်ဟု စိတ်ကူးကြည့်လို့မရခဲ့သည့် တံခါးများကိုဖွင့်ပစ်လိုက်သည်။ ၁၉၅၀ ပြည့်နှစ်များနှစ် လယ်ပိုင်းမှစပြီး ပိုလန်နိုင်ငံနှင့် အနောက်နိုင်ငံများ၏ထိတွေ့ဆက်ဆံမှုသည် ကွန်မြူနစ်ဝါဒထက်ကောင်းသည့် ရွေးချယ်စရာများရှိသေးသည်ဆိုသည်နှင့် ပြည်ပနိုင်ငံများက သူတို့ကိုနေရာပေးကြသည်ကို ပိုလန်လူမျိုးများ သိရှိ သွားစေခဲ့သည်။ အနောက်နိုင်ငံများနှင့်စီးပွားရေးအရဆက်ဆံမှုများသည်လည်း နိုင်ငံရေးစနစ်ရော စီးပွားရေးစနစ်ကိုပါပြုပြင်ပြောင်းလဲရန် ပိုလန်အစိုးရတာဝန်ရှိသူများကို ဖိအားပေးခဲ့သည်။

အနောက်နိုင်ငံများမှ ပညာရှင်များ၊ အနောက်နိုင်ငံအစိုးရများနှင့် အပြည် ပြည်ဆိုင်ရာ အင်စတီကျူးရှင်းများထံမှ အကူအညီများ၊ ချေးငွေများသည် အသစ်တက်လာသော အစိုးရအတွက် ပြုပြင်ပြောင်းလဲမှုများအပြီးတွင် စီးပွားရေးခိုင်မာအောင်လုပ်ရန်နှင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလားရာကို ဆုံးဖြတ်ရာတွင် အရေးပါခဲ့သည်။ ဥရောပ နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းက စီးပွားရေးနှင့်နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို မြန်ဆန်စေခဲ့သည်။ နေတိုးနှင့် အီးယူ အဖွဲ့ဝင် ဖြစ်လာခြင်းကြောင့် ပြုပြင်ပြောင်းလဲမှုများလုပ်ကာစက အထိနာခဲ့ကြရသူများစွာရှိသည့်တိုင် ပြည်သူလူထုအတွက် နိုင်ငံရေးစနစ်သစ်ကို တရားဝင်ဖြစ်သွားစေခဲ့သည်။

နိုဂုံးချုပ်ရလျှင် အနောက်နိုင်ငံများ၏ ထိတွေ့ဆက်ဆံမှုနှင့် ၎င်းတို့ပေးသည့် ကူညီထောက်ပံ့မှု၊ စနစ်ဟောင်း၏ နိုင်ငံရေးနှင့်စီးပွားရေးအဆောက်အအုံများကိုပြောင်းလဲရန် အစောပိုင်းကလုပ်ဆောင်ခဲ့သည့် နောက်ကြောင်းပြန်မရသော ခြေလှမ်းများသည် ကွန်မြူနစ်ခေတ်လွန်နိုင်ငံများအနက် ပိုလန်ကို အတည်ငြိမ်ဆုံးနှင့် သာယာဝပြောမှုအရှိဆုံးတိုင်းပြည်ဖြစ်လာအောင်လုပ်ပေးလိုက်သည်ဟု ဆိုမည်ကဆိုနိုင်သည်။ ၂၀၀၈ ခုနှစ်အလွန် စီးပွားရေးကျဆင်းမှုကာလအတွင်း ဥရောပနိုင်ငံအများစုထက် ပိုလန်နိုင်ငံ၏စီးပွားရေးက နာတစ်ဖျားသာခဲ့သည်။ ဒီမိုက ရေစီ၊စနစ်တကျထူထောင်လုပ်ကိုင်မှုတို့ရှိသည့် နိုင်ငံရေးအခြေအနေသို့ တည်မြဲသည့် အခြေခံပေါ်မှသွားသည့် ခရီးလမ်းကို ပိုလန်နိုင်ငံရေးက ဖြတ်ကျော်နိုင်ခဲ့သည်။

---

i Dudek, Antoni, *Historia Polityczna Polski 1989-2012* (Krakow: Wydawnictwo 'Znak', 2013), p. 75

ii Ibid., p. 77

ii Kowalik, Tadeusz, *From Solidarity to Sellout* [စည်းလုံးညီညွတ်မှုမှသည် ရောင်းစားလိုက်ရခြင်းသို့] (New York: Monthly Review Press, 2011)

# ပိုလန်သမ္မတ အာလက်ဆန်းဒါး ခွာညဲ့ပ်စကီ (၁၉၉၅-၂၀၀၅) ၏ ကိုယ်ရေးအကျဉ်း (Club de Madrid အဖွဲ့ဝင်)

Aleksander Kwaśniewski, by Adam Chelstowski/Scanpix

အာလက်ဆန်းဒါး ခွာညဲ့ပ်စကီသည် ညီညွတ်သောပိုလန်အလုပ်သမားပါတီ (ကွန်မြူနစ်ပါတီ) မှတက်လာသည့် သေတပန်သက်တဆုံးနိုင်ငံရေးသမားဖြစ်သည်။ နောက်ဆုံးကွန်မြူနစ်အစိုးရအဖွဲ့တွင် မထင်မရှားအစိုးရအဖွဲ့ ဝင်ရာထူးတစ်ခုကိုရရှိခဲ့သည်။ အာဏာရှင်ကွန်မြူနစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် စျေးကွက်စီးပွား ရေးစနစ်သို့ အသွင်ကူးပြောင်းမှုတွင် အဓိကတိုက်စစ်မှူးဖြစ်ပြီး ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကွန်မြူနစ်ပြုပြင်ပြောင်းလဲရေးသမားများကိုဦးဆောင်ခဲ့သည်။ အုပ်ချုပ်ရေးအာဏာအပြည့်အဝမရှိသည့် သမ္မတအုပ်ချုပ်ရေးစနစ်တွင် ရာထူးသက်တမ်းနှစ်ဆက်ကြာ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် Gdansk မြို့ရှိ ကွန်မြူနစ်ကျောင်းသားအဖွဲ့ခေါင်းဆောင်ဖြစ်လာပြီး နောက် ကွန်မြူနစ်ပါတီက တစ်နိုင်ငံလုံးအတိုင်းအတာထုတ်ဝေသည့် ကျောင်းသားအပတ်စဉ်စာစောင်နှစ်ခုတွင် စာတည်းဖြစ်လာသည်။ လူငယ်နှင့်အားကစားရေးရာဝန်ကြီးအဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ကွန်မြူနစ်အစိုးရ၏နောက်ဆုံးနှစ်များတွင် အမှုထမ်းခဲ့သည်။ ၁၉၈၈ ခုနှစ်နှောင်းပိုင်းမှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ်အမှုထမ်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် တာဒဲဝုရှ် မာဇိုယဲ့ပ်စကီနှင့်အတူ အလုပ်သမားသမဂ္ဂ ရေးရာ ကိစ္စရပ်များဖြေရှင်းမည့် စားပွဲဝိုင်းဆွေးနွေးပွဲကို ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ကွန်မြူနစ်ပါတီကိုဖျက်သိမ်းလိုက်သည့်အခါ ထိုပါတီကိုဆက်ခံသည့် ဆိုရှယ်ဒီမိုကရက် ပါတီကိုပူးတွဲတည်ထောင်သူနှင့်ဥက္ကဋ္ဌဖြစ်လာသည်။ ယင်းပါတီ၏လွှတ်တော်တွင်းညွှန့်ပေါင်းအဖွဲ့ဖြစ်သည့် ဒီမိုကရက်တစ်လက်ဝဲမဟာမိတ်အဖွဲ့ (SLD) ၏ဥက္ကဋ္ဌလည်းဖြစ်သည်။ သူဦးဆောင်သည့် SLD သည် ၁၉၉၁ တွင်ကျင်းပသည့် ပိုလန်၏ပထမဆုံးအပြည့်အဝလွတ်လပ်သည့် ရွေးကောက်ပွဲတွင် အခြေအနေကောင်းခဲ့ပြီး ၁၉၉၃ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ ၁၉၉၃ ခုနှစ်ရွေးကောက်ပွဲတွင် အာဏာရညွှန့်ပေါင်းအစိုးရကို ခွာညှဲ့ဝ်စကီကဦးဆောင်ခဲ့ခြင်းဖြစ်သည်။ ဤရွေးကောက်ပွဲနှင့် လက်ခံဗွယ်ဆာကို အနိုင်ရခဲ့သည့် ၁၉၉၅ သမ္မတရွေးကောက်ပွဲတို့သည် ပိုလန်၏ 'ရှော့ရိုက်ကုထုံး' စီးပွားရေးစီမံကိန်းကို ပြည်သူများက ခံတွင်းမတွေ့ကြတော့ခြင်းနှင့် ထိရောက်သောနိုင်ငံရေးလမ်းစဉ်ကင်းပြီး စီးပွားရေးအသွင်ပြောင်းခြင်းကိုအဓိကထားသည့်ခွာညှဲ့ဝ်စကီ၏ နိုင်ငံရေးဦးဆောင်မှုတို့မှရလဒ်အဖြစ် ထွက်ပေါ်လာသည့် ရွေးကောက်ပွဲအောင်နိုင်မှုများဖြစ်သည်။

သမ္မတရာထူးထမ်းဆောင်စဉ် ထိရောက်ဝိပြင်သောအစိုးရဖြစ်ရေးကို အဓိကထားခြင်းဖြင့် လက်ယာနှင့်လက်ဝဲ နိုင်ငံရေးအုပ်စုတို့ကြားမှ ကွာဟမှုများကို SLD ညွှန့်ပေါင်းအစိုးရလက်ထက် ပထမရာထူးသက်တမ်းတွင် ခွာညှဲ့ဝ်စကီကပေါင်းကူးပေးခဲ့သည်။ ထို့နောက် ၁၉၉၇ ခုနှစ်တွင် လက်ယာနိုင်ငံရေးအုပ်စုက SLD ကိုအနိုင်ရသွားပြီးနောက်တွင်လည်း အလားတူပေါင်းကူးပေးနိုင်ခဲ့သည်။ ကန့်သတ်ထားသည့် သမ္မတ၏လုပ်ပိုင်ခွင့် အာဏာများနှင့်အသွင်ကူးပြောင်းမှုအပြီးပေါ်ထွက်လာသည့် 'အခြေခံဥပဒေလေး'နေရာတွင်အစားဝင်လာသည့် အခြေခံဥပဒေသစ်ကို ပြည်သူလူထုထောက်ခံမှုနှင့် လွှတ်တော်၏သဘောတူညီမှုတို့ရရှိအောင် ခွာညှဲ့ဝ်စကီကလုပ်ဆောင်နိုင်ခဲ့သည်။ စီးပွားရေးကို အရင်းရင်စနစ်သို့အသွင်ကူးပြောင်းမှု ဆက်လက်လုပ်ဆောင်ခဲ့ပြီး တိုင်းပြည်ကို နေတိုးနှင့်ဥရောပသမဂ္ဂဝင်နိုင်ငံဖြစ်အောင် ဆောင်ကျဉ်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် သမ္မတအအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၀၁ ခုနှစ်တွင် ပိုလန်လယ်သမားပါတီနှင့်ညွှန့်ပေါင်းဖွဲ့ကာ လွှတ်တော်တွင် SLD ကပြန်ပြီးတန်ခိုးရှိလာအောင် ခွာညှဲ့ဝ်စကီက အားပေးကူညီခဲ့သည်။ ၂၀၀၆ ခုနှစ်ရောက်မှသာ SLD ပြိုကွဲသွားခဲ့သည်။

ၜင်း၏သမ္မတရာထူးသက်တမ်းနှင့် ယင်းသက်တမ်းနောက်ပိုင်း ဗဟိုနှင့်အရှေ့ဥရောပနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ရေးကိုမြှင့်တင်ခဲ့သည်။ ဥရောပဒေသတစ်ခုလုံး၌ ဒီမိုကရေစီတည်ဆောက်ရေးကို အားပေးတိုက်တွန်းခဲ့သည်။ ၂၀၀၄ ခုနှစ် ယူကရိန်းနိုင်ငံ၏ လိမ္မော်ရောင်တော်လှန်ရေးကို အဆုံးသတ်စေခဲ့သည့် ကြားဝင်ဖြန်ဖြေမှုအတွက်ကြိုးပမ်းရာတွင် ဦးဆောင်ခဲ့သည်။ လူအခွင့်အရေးချိုးဖောက်မှုများဖြင့် တရားစွဲဆိုခံရသည့် ယူကရိန်းမှ ထင်ရှားသည့်နိုင်ငံရေးသမားများကို တစ်ဆက်တည်းရုံးတင်စစ်ဆေးမှုများအား စောင့်ကြည့်လေ့လာရန်ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ခဲ့သည်။ နိုင်ငံပေါင်းစုံတွင် ပို့ချချက်များလည်းပေးခဲ့သည်။

# ပိုလန်သမ္မတ အာလက်ဆန်းဒါး ခွာညဲ့ပ်စကီနှင့်တွေ့ဆုံမေးမြန်းခြင်း

*လူတန်းစားတစ်ရပ်အတွက်ဖိနိပ်တဲ့ လက်နက်ကိရိယာ (repressive state apparatus) တွေ၊ အစိုးရကထိန်းချုပ်တဲ့စီးပွားရေးကနေ ဈေးကွက်စီးပွားရေးစနစ်၊ ဒီမိုကရေစီနိုင်ငံရေးစနစ်တွေဆီကို အသွင်ကူးပြောင်းကြတဲ့ ဖြစ်ရပ်တွေထဲက အအောင်မြင်ဆုံးနိုင်ငံတွေထဲမှာ ပိုလန်ကိုလည်း ထည့်ပြောကြပါတယ်။ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် ပိုလန်က ဘာကြောင့်များ အရမ်းအောင်မြင်ရတာလဲ။*

ခွာညဲ့ပ်စကီ။ ။ပိုလန်ဟာ သာဓကပြရမယ့်အောင်မြင်မှုလို့ ကျွန်တော်အောက်မေ့ပါတယ်။ တစ်လောကအထိ ဖြစ်နေတဲ့ စီးပွားရေးအကျပ်အတည်းကာလမှာတောင် စီးပွားရေးဖွံ့ဖြိုးမှုနဲ့ နိုင်ငံရေးတည်ငြိမ်မှုဆက်လက်ဖြစ်ပေါ်နေတာကို ပိုလန်နိုင်ငံမှာကြုံခဲ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့လည်း မှန်ကန်တဲ့မူဝါဒထားတဲ့ ဆက်ဆံရေးရှိနေပါတယ်။

အိမ်နီးချင်းနိုင်ငံတွေအားလုံးက ပြောင်းလဲကုန်တဲ့အချိန်မှာ ပိုလန်ဟာ ကိုယ့်နိုင်ငံနယ်နိမိတ်တွေကို သက်ဝင်လှုပ်ရှားစေခဲ့ခြင်းမရှိတဲ့ နှစ်တွေအများကြီးကြာခဲ့တာကြောင့် အိမ်နီးချင်းနိုင်ငံတွေရဲ့အရေးကိစ္စကို ထည့်ပြောရလိမ့်မယ်။ အရင်တုန်းက အိမ်နီးချင်းနိုင်ငံ သုံးခုပဲရှိခဲ့တာ။ အခုကျတော့ ခုနှစ်နိုင်ငံဖြစ်နေပြီ။ အဲဒီနိုင်ငံတွေအားလုံးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးထူထောင်နိုင်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ပေါင်း ၂၀ မှာ ပိုလန်ဟာ ဒေသတွင်းနိုင်ငံတွေဆီကို တည်ငြိမ်ရေးသတင်းစကားပါးနိုင်ခဲ့တယ်။

တာရှည်ခံတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုရအောင်ဘာလို့လုပ်နိုင်ခဲ့ရတာလဲမေးရင် ပြည်သူတွေရဲ့နိုင်ငံရေး လှုပ်ရှားမှုရေချိန်၊ ကွန်မြူနစ်ပါတီအတွင်းအပြောင်းအလဲများ၊ စနစ်ဟောင်းကိုပြုပြင်ပြောင်းလဲဖို့ အစောပိုင်းကြိုးပမ်းခဲ့တာ စတာတွေမှာ အရှေ့ဥရောပဒေသတွင်းနိုင်ငံတွေထက်ပိုပြီး ကျွန်တော်တို့ကပြင်ဆင်နိုင်ခဲ့တာအမှန်ပဲ။ ပိုလန်လူမျိုးတွေကမျှော်အနှံ့ကို အကြောင်းအမျိုးမျိုးနဲ့လွင့်စင်သွားကြတာရယ်။ နိုင်ငံတကာပညာသင်ဆုရတဲ့ ပိုလန်လူမျိုးတွေက နောင်တစ်ချိန်ပြုပြင်ပြောင်းလဲမှုများမှာ အဓိကကျတဲ့နေရာက ပါဝင်ခဲ့ကြတဲ့သူတွေကို ပံ့ပိုးခဲ့တာတွေရယ်ကနေ ပိုလန်နိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေထက် အနောက်နိုင်ငံများနဲ့ အဆက်အသွယ်တွေလည်း ပိုရှိခဲ့တာကိုး။

ဒိုင်ယာလော့ဂ်ကိုအားပေးပြီး၊ အစွန်းရောက်အမှုအကျင့်တွေကိုလျော့ပါးစေတဲ့ နောက်တိုးအကြောင်းရင်းတစ်ခုလည်း ပိုလန်မှာရှိတယ်။ ကက်သိုလစ်ကျောင်းတော်ပေါ့။ ဒုတိယကမ္ဘာစစ်အပြီး ကာလတစ်လျှောက်လုံးပဲပြောပါတော့။ ပိုလန်က ဆယ်နှစ်တစ်ခါ နိုင်ငံရေးပြဿနာတွေအတောမသတ်ခဲ့ဘူးလေ။ ပထမတစ်ကြိမ် ၁၉၅၆ ခုနှစ်မှာဖြစ်တယ်။ ဒုတိယအကြိမ် ၁၉၇၀ မှာဖြစ်တယ်။ နောက်တစ်ကြိမ် ၁၉၇၆ မှာဖြစ်တယ်။ ဒီအရေးအခင်းတွေက ကွန်မြူနစ်ပါတီကို

လုံးပါးပါးအောင် လုပ်လိုက်တယ်။ ၁၉၈၀-၈၁ ခုနှစ်မှာ Solidarity သမဂ္ဂလှုပ်ရှားမှုက နိုင်ငံရေးမြင်ကွင်းထဲကို ရောက်လာတယ်။

အကြမ်းဖျဉ်းပြောရရင်တော့ ပိုလန်ကွန်မြူနစ်ပါတီဟာ အဲဒီအရေးအခင်းတွေဖြစ်တိုင်းဖြစ်တိုင်းပိုပြီးကောင်းအောင်ပြောင်းလဲခဲ့တာချည့်ပဲ။ ၁၉၅၆ ခုနှစ်မှာ စတာလင်ဝါဒနိုဂုံးချုပ်သွားပြီး ပိုလန်အမျိုးသားရေးလမ်းစဉ်ကို စတင်ခဲ့တယ်။ (ကွန်မြူနစ်ပါတီခေါင်းဆောင်နဲ့ ၁၉၄၅-၄၈၊ ၁၉၅၆-၇၀ ခုနှစ်များမှာ ပိုလန်နိုင်ငံရဲ့ မူအရခေါင်းဆောင်ဖြစ်သူ) ဗွာဒစ်ဆက်ဗ် ဂိုမူကာက ဒီအမျိုးသားရေးလမ်းစဉ်ကို ဦးဆောင်ခဲ့တယ်။ သူ့ကိုဝေဖန်တဲ့သူတွေ ကတော့အများကြီးပဲ။ သို့သော် ပိုလန်ကို ဆိုဗီယက်ဆီကနေမမှီခိုဘဲနေရအောင် အတိုင်းအတာတစ်ခုအထိ သူလုပ်ပေးခဲ့တယ်။ ဂိုမူကာရဲ့ခေါင်းဆောင်မှု ၁၉၇၀ ပြည့်နှစ်မှာကျဆင်းသွားတယ်။ ၁၉၇၀ ပြည့်နှစ်များမှာတော့ (၁၉၇၀ ကနေ-၈၀ အထိ ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်တဲ့) အက်ဒဗက် ဂီးယက်က နိုင်ငံရေးစနစ်ကို အနည်းငယ်မူဝါဒဖြေလျှော့ပေးခဲ့ပြီး အနောက်နိုင်ငံတွေကို ပိုပြီးတံခါးဖွင့်ပေးခဲ့တယ်။ ဂီးယက်က ပိုလန်ကို ခေတ်မီစက်မှုနိုင်ငံဖြစ်အောင်လုပ်ခဲ့တယ်။ သူချေးယူခဲ့တဲ့ ကြွေးမြီတွေကြောင့်တော့ သူ့ကိုအပြစ်ပြောလို့ရတာပေါ့။ သို့သော် တစ်ဖက်မှာ ခေတ်မီစက်မှုနိုင်ငံဖြစ်ရေးခုန်လွှားမှုကို တိုင်းပြည်ကလုပ်တဲ့အချိန်ကာလမှာ ချေးယူခဲ့တာတွေပါ။ ဟာသလုပ်ချင်လုပ်ကြပါ။ ဒီနှစ်မှာ ပိုလန်နိုင်ငံကထုတ်လိုက်တဲ့ ပထမဆုံးဗီးယက်ကားထုတ်လုပ်ခြင်း နှစ်၄၀ ပြည့်ပါပြီ။ ပိုလန်ထုတ်ကားဆို မျက်စိထဲပြေးမြင်ကြတဲ့ကားဖြစ်နေပြီ။ ကျွန်တော်ပထမဆုံးမောင်းခဲ့တဲ့ကားကလည်း အဲဒီကားပဲ။ ဒီကားထုတ်တာ ထည့်ပြောရမယ့်လုပ်ဆောင်ချက်တစ်ခုပဲ။ ဗီးယက်ကားကိုထုတ်ခဲ့လို့ ကျွန်တော်တို့တိုင်းပြည်ဟာ ကားနဲ့ဘာနဲ့သွားလာတဲ့ လူအဖွဲ့အစည်းဖြစ်လာတာဗျ။

၁၉၈၀ ပြည့်နှစ်ဟာ ဂီးယက်ခေါင်းဆောင်တဲ့ကာလနိုဂုံးချုပ်သွားပြီး Solidarity လှုပ်ရှားမှုမွေးဖွားလာတဲ့နှစ်လို့ ပြောရမယ်။ Solidarity လိုလှုပ်ရှားမှုမျိုး ဆိုဗီယက်အုပ်စုထဲမှာ ပထမဆုံးပေါ်လာတာပဲ။ လူ့အဖွဲ့အစည်းဟာ 'ဒီမိုကရေစီတည်ဆောက်ရေး'ကို တောင့်တတာ မဟုတ်ဘဲ ဒီမိုကရေစီကိုလိုချင်တာဆိုတာ၊ ဟိုမရောက်ဒီမရောက် လုပ်ဆောင်ချက်တွေနဲ့မရတော့ဘူးဆိုတာကို ဒီလှုပ်ရှားမှုက နောက်ဆုံးပိတ်သက်သေပြလိုက်တာပဲ။ ကွန်မြူနစ် ပါတီကနှစ်ပေါင်းများစွာ တဖွဖွပြောခဲ့တဲ့ 'ဆိုရှယ်လစ်အရေး တို့အရေး၊ ဆိုရှယ်လစ်အရေးဖျက်သူ တို့ရန်သူ'ဆိုတဲ့ကြွေးကြော်သံကို လက်မခံကြတော့ဘူးလေ။

## လူထုအားစည်းရုံးလှုပ်ရှားမှု

*'ဒီမိုကရေစီတည်ဆောက်ခြင်း' နဲ့ 'အပြည့်အဝဒီမိုကရေစီ' လို့ခင်ဗျားပြောခဲ့တယ်နော်။ အဲဒီနှစ်ခုဘာကွာလဲ ရှင်းပြလို့ရမလား။*

ခွာညဲ့ပ်စကီ။ ။ဒီမိုကရေစီတည်ဆောက်ရေးဆိုတာကတော့ဗျာ ကျွန်တော်တို့မှာ ဒီမို

ကရေစီနဲ့ နီးစပ်တဲ့စနစ်မျိုးတော့ရှိနေသေးပေမယ့် ဒါဒီမိုကရေစီမဟုတ်သေးဘူး။ ဒီမိုကရေစီ ဆိုပြီး ပိုလန်မှာပြောကြတဲ့စနစ်ရှိတယ်။ အဲဒါက 'ဆိုရှယ်ဒီမိုကရေစီ'။ အဲဒါနဲ့ပတ်သက်ပြီး အခု အခါတော်တော်လူသိများတဲ့ဟာသရှိတယ်။ 'ဒီမိုကရေစီနဲ့ဆို ရှယ်ဒီမိုကရေစီကြားမှာ ဘာ ကွာလဲ' မေးတယ်ပေါ့။ ဖြေတဲ့သူက 'ကုလားထိုင်နဲ့ လျှပ်စစ်ကုလားထိုင်ကွာသလိုပေါ့ကွာ'တဲ့။ စကားလေးတစ်ခွန်းက အယူအဆတစ်ခုလုံးရဲ့အနှစ်သာရကို ပြောင်းလဲပစ်လိုက်တယ်။ ဒီ အချက်ကပဲ ၁၉၈၀-၈၁ မှာ နိုင်ငံရေးစနစ်ဟောင်းကို Solidarity က အဓိကစိန်ခေါ်ခဲ့တဲ့အရာပဲ။ မျိုးဆက်သစ်တစ်ခု၊ ပညာပိုတတ်တဲ့မျိုးဆက်တစ်ခု၊ မြို့ကြီးပြကြီးကပြည်သူတွေအပြင် အလုပ် သမားလူတန်းစားတောင် နိုးထလာကြတာကိုး။ အဲဒီလိုနိုးထလာတာက ကွန်မြူနစ်ပါတီကိုတို က်ခိုက်နေသူတွေဟာ ပညာတတ်တွေမဟုတ်ဘူး ဆိုတာပြလိုက်တာပဲ။ ပညာရပ်နယ်ပယ်တွေ က ပါမောက္ခတွေ ဒါမှမဟုတ် အစိုးရနဲ့သဘောထားချင်းမတိုက်ဆိုင် သူတွေလည်း မဟုတ်ဘူး ဆိုတာပြလိုက်တာပဲ။ ဒီလူတွေမဟုတ်ဘူးဗျ။ကွန်မြူနစ်ပါတီနဲ့ ပါတီရဲ့စီမံကိန်းတွေကို ဆန့်ကျင် တိုက်ပွဲဝင်နေသူတွေက အလုပ်သမားတွေဖြစ်နေတယ်။ ကွန်မြူနစ်ပါတီက အလုပ်သမား လူတန်းစားကို သူတင်ပြသမျှအရာတိုင်းမှာ ဦးထိပ်ပန်ဆင်ခဲ့တယ်။ ဆိုတော့ ဒီ ၁၉၈၀-၈၁ ခုနှစ် ကာလက သိပ်ကိုအရေးကြီးတယ်။

ဒီမတိုင်ခင်ဖြစ်ခဲ့တဲ့ Solidarity အရေးအခင်းက ၁၉၇၈ ခုနှစ်မှာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂ ရွေးချယ်တင်မြှောက်ခံရတာနဲ့ တော်တော်ပတ်သက်နေတယ်ဆိုတာ အမှန်ပဲ။ ၁၉၇၉ ခုနှစ်မှာ ပိုလန်ကို ပုပ်ရဟန်းမင်းကြီး ပထမဆုံးအကြိမ်ရောက်လာတာကြောင့် ဒီလောက် ကြီးတဲ့အရေးအခင်းဖြစ်သွားတာ။ ပုပ်ရဟန်းမင်းကြီးရဲ့ ဝတ်ပြုဆုတောင်းပွဲတွေ၊ တရားပွဲတွေ ဆိုရင် လူတွေသန်းချီပြီးတက်ကြတာ။ အခြေအနေအားလုံးက သေသေဝပ်ဝပ်ပဲ။ အစိုးရက ဒါမှမဟုတ် ဌာနဆိုင်ရာတွေက လုပ်ထားလို့မဟုတ်ဘူး။ လူ့အဖွဲ့အစည်းက အချင်းချင်း အလိုလို စုဖွဲ့သွားတာကနေ စနစ်တကျစုဖွဲ့မှုဖြစ်သွားတာပါ။ ကွန်မြူနစ်ဝါဒထွန်းကားတဲ့အဲဒီ ခေတ်မှာ ပြည်သူတွေက တစ်ခုခုကိုသူတို့ဘာသာလုပ်လို့ရတယ်ဆိုတာကို ပထမဆုံးသဘော ပေါက် သွားတော့တာပဲ။ လူတစ်သန်းတက်တဲ့အခမ်းအနားတစ်ခုလို ကြီးကျယ်တဲ့ဟာမျိုးကို ကိုယ့်ဘာသာလုပ်လို့ရသားပဲဆိုတာ သဘောပေါက်သွားကြတာပဲ။

၁၉၈၀ ပြည့်နှစ်မှာ တိုင်းပြည်အခြေအနေက တော်တော်ပြောင်းလဲသွားပြီ။ Solidarity ထဲမှာရှိနေတဲသူတွေအများစုက စနစ်ပြောင်းရအောင်ဆိုပြီးမပြောကြပါဘူး။ ပြောရင်အွန္တရာယ် သိပ်ကြီးတာကိုး။ [၁၉၆၄-၁၉၈၂ ကာလတွင် ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ ဗဟိုကော် မတီ အထွေထွေအတွင်းရေးမှူး] ဘရက်ဇည်ဗ်က ကရင်မလင်မှာရှိနေတုန်းပဲ။ သို့သော် ဒါကဂုဏ်သိက္ခာအတွက်တိုက်တာ၊ လွတ်လပ်ခွင့်အတွက်တိုက်တာ၊ ဒီမိုကရေစီအတွက် တိုက် တာဆိုတော့ကာ ဒီမိုကရေစီတည်ဆောက်ရေး သက်သက်မဟုတ်တော့ဘူး။ အပြည့်အဝ ဖြေရှင်းမပေးလို့ မရတော့ဘူး။ တကယ့်ဖြေရှင်းချက်တွေကို ပြည်သူတွေကတောင်းဆိုလာပြီ။

သူတို့ဒီလိုတောင်းဆိုချိန်မှာ တိုင်းပြည်က စီးပွားရေးအကျပ်အတည်းထဲမှာ စုံးစုံးမြုပ်နေပြီ။

## အာဏာရှင်စနစ်အင်အားချိန့်လာခြင်း

*ဆိုဗီယက်ပြည်ထောင်စုကချမှတ်ထားတဲ့ ကန့်သတ်ချက်တွေနဲ့နောက်ခံအခြေအနေမှာ အဆီးအတားမရှိ ဒီမိုကရေစီရဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် တစ်ခဲနက်တောင်းဆိုမှုတွေကို ပိုလန်ကွန်မြူနစ်ပါတီတို့ပြန်ပုံကို ပြောပြပါလား။*

ခွာညဲ့ပ်စကီ။ ။ကွန်မြူနစ်ဝါဒနိုဂုံးချုပ်ဖို့ အဆုံးအဖြတ်ပေးတဲ့ အကြောင်းရင်းနှစ်ခုရှိပါတယ်။ နိုင်ငံရေးသဘောနဲ့ လူမှုရေးသဘောအရအကြောင်းအရင်းနှစ်ခုပါ။ ပထမဆုံးက ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ပရာဂ်မြို့တော်မှာ ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေနဲ့ တစ်ဆက်တည်း ချက်ကွန်မြူနစ်ပါတီကတင်ပြတဲ့ ပြုပြင်ပြောင်းလဲရေးတွေကို တုံ့ပြန်တဲ့အနေနဲ့ ဆိုဗီယက်က ကျူးကျော်တိုက်ခိုက်လာတာပဲ။ ဒါဟာ နိုင်ငံရေးစနစ်ရဲ့ သဘောတရားရေးလမ်းစဉ် စပြီး ယိုယွင်းပျက်စီးလာတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြုပြင်ပြောင်းလဲရေးပြောတဲ့ ကွန်မြူနစ်ခေါင်းဆောင်တွေရှိလာပြီဆိုရင် သူတို့ကိုရပ်တန်းကရပ်အောင်လုပ်ဖို့က စစ်သားတွေလွှတ်လိုက်တာကိုး။ ဒါဘာကိုပြလဲဆိုရင် နိုင်ငံရေး သဘောတရားလမ်းစဉ် အလုပ်မဖြစ်တာကိုပြတာပဲ။ ကွန်မြူနစ်စနစ်နိုဂုံးချုပ်ဖို့ အဆုံးအဖြတ်ပေးတဲ့ ဒုတိယအကြောင်းရင်းကတော့ Solidarity ဆိုတဲ့ လူ ၁၀ သန်းပါတဲ့လှုပ်ရှားမှုပဲ။ အဲဒီလူ ၁၀ သန်းထဲက အများစုက ကွန်မြူနစ်စနစ်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ပိုလန်လူမျိုးအလုပ်သမားတွေပါ။

၁၉၈၁ ခုနှစ်မှာ အဲဒီတုန်းက ပိုလန်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး-၁ (၁۹۸၁-۹۹) ဗွိုက်ချက်ခ် ယာရူဇဲစ်ကီရဲ့အဖြေက စစ်အုပ်ချုပ်ရေးကြေညာလိုက်တာပဲ။ စစ်အုပ်ချုပ်ရေးကြေညာလိုက်တာဟာ ပိုလန်နိုင်ငံသမိုင်းမှာ အဆိုးဝါးဆုံး ဆုံးဖြတ်ချက်တွေထဲကတစ်ခုပဲ။ ဒီနေ့ခေတ်ပိုလန်နိုင်ငံသားတွေကို အဲဒီတုန်းက စစ်အုပ်ချုပ်ရေးကြေညာတာ ဘယ်လိုအောက်မေ့လဲမေးကြည့်ရင် သူတို့အမြင်တွေကမျိုးစုံပဲ။ အခြေအနေကအရမ်း အန္တရာယ်ရှိနေတာရယ်၊ ဆိုဗီယက်ကျူးကျော်မှုဖြစ်ဖို့ အရမ်းအလားအလာရှိနေတာတွေရယ်ကြောင့် စစ်အုပ်ချုပ်ရေးကြေညာဖို့လိုတယ်လို့ ၅၀ ရာခိုင်နှုန်းကတော့ဖြေကြမှာပဲ။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ ကြေညာဖို့မလိုပါဘူး။ ယာရူဇဲ့စကီက ဖြေရှင်းချက်တစ်ခုရဖို့ တခြားဖြစ်နိုင်ခြေတွေအားလုံးကို မရှာကြံခဲ့လို့ပဲလို့ ယူဆကြမှာပဲ။ ကျွန်တော့်ကိုမေးလာရင်တော့ ဆိုဗီယက်ကျူးကျော်မှုကို ကြောက်စိတ်က တအားကိုကြီးနေတယ်လို့ပဲပြောမှာ။ တကယ်လို့ အဲဒီတုန်းက ပိုလန်ရဲ့ အခြေအနေက ဆက်ပြီးဆိုးနေမယ်ဆိုရင် နောက်တစ်လလောက်ကြာတဲ့အခါ ဆိုဗီယက်တပ်တွေ ဒါမှမဟုတ် ဝါဆောစစ်စာချုပ်အဖွဲ့တပ်တွေက ကြားဝင်စွက်ဖက်ဖို့ ဆုံးဖြတ်ကြတော့မယ်ဆိုတာ သိပ်ကိုဖြစ်နိုင်ခြေရှိတယ်။ သို့သော် အဲဒီလို 'ကျူးကျော်' တယ်ဆိုတာက ထူးခြားဖြစ်စဉ်ပါ။ ဘာလို့လဲဆိုတော့ ပိုလန်မြေပေါ်မှာ ဆိုဗီယက်စစ်သားနှစ်သိန်းက တပ်စွဲထားကြပြီးသားလေ။

ဟိုးဘက်က (တရုတ်-မြောက်ကိုရီးယားနယ်စပ်အနီးမှ) ဗလာဒီဗိုစတော့မြို့ကနေ ဝါဆော အထိ စစ်သားတွေပို့စရာမလိုဘူး။ ဝါဆောမြို့လယ်ကနေ ကီလိုမီတာ ၂၀ ဝေးတဲ့ ရမ်ဘာတိုးမြို့မှာ စစ်သားတွေကိုတပ်စွဲထားလိုက်ရုံပဲ။

၁၉၈၀ ပြည့်နှစ်တွေဟာ ယာရှဲစကီနဲ့ Solidarity အတွက် တကယ့်ပြဿနာကြီးတွေ တက်တဲ့ကာလပဲ။ လူ့အဖွဲ့အစည်းက မကြိုဖူးအောင် စိတ်ဝမ်းကွဲနေတယ်။ စစ်အုပ်ချုပ်ရေး ကြေညာပြီးတဲ့နောက်မှာ ပိုလန်နိုင်ငံသားအများစုက စိတ်ပျက်လက်ပျက်နဲ့ တုံဂျိုဘာဝေ ဖြစ်ကုန်ကြပြီ။ ကွန်မြူနစ်ပါတီနဲ့အစိုးရရဲ့ အခြေအနေကလည်း အားနည်းနေတယ်။ ပြုပြင်ပြောင်းလဲရေးတွေလုပ်ပေမယ့်လည်း တိုင်းပြည်စီးပွားရေးက ကျမြဲကျနေတယ်။ တိုင်းပြည်မှာ ပိုက်ဆံကမရှိ၊ ချေးငွေမရှိနဲ့ ပိုလန်ရဲ့မိတ်ဖက်အနောက်နိုင်ငံတွေနဲ့ဆက်ဆံရေးကလည်း ပုံမှန် အခြေအနေမှာမရှိတော့ဘူး။ ဆိုဗီယက်ပြည်တောင်စုရဲ့အခြေအနေကလည်း ယိုယွင်းပျက်စီး နေတယ်။ ဒီတော့ ပိုလန်ကိုလည်း တစ်နည်းတစ်ဖုံ အကူအညီပေးမယ်ဆိုပြီး သူလည်းမကမ်း လှမ်းနိုင်ဘူးပေါ့။

## ဒိုင်ယာလော့နှင့် စေ့စပ်ဆွေးနွေးခြင်းအတွက် အခြေခံတည်ဆောက်ခြင်း

အခြေအနေက သေရေးရှင်ရေးဖြစ်နေတော့ကာ သူ့အနေနဲ့ တကယ်ကို ဘုရင့်နောင် ဖောင်ဖျက်လုပ်ရတော့မယ်ဆိုတာ ယာရှဲဇစ်ကီက ပိုပိုနားလည်လာတယ်။ အတိုက်အခံနဲ့ ဒိုင်ယာလော့တော့ သူလုပ်မှရတော့မယ်။ ကက်သိုလစ်ကျောင်းတော်ကနေ ဒိုင်ယာလော့ကို စလုပ်ပေးဖို့ သူတောင်းဆိုတယ်ဆိုတာ မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၈၀ ပြည့်နှစ် တွေအစပိုင်းမှာ ပိုလန်ကက်သိုလစ်ကျောင်းတော်ဆိုတာ လူ့အဖွဲ့အစည်းရဲ့ ကိုယ်စားလှယ်ပဲ။ ကျွန်တော့်အမြင်အရ သူကကျောင်းတော်ရဲ့အခန်းကဏ္ဍနဲ့အနေအထားကို လိုတာထက်ပိုတွက် ခဲ့တယ်။ ဖြေရှင်းချက်တစ်ခုထွက်ဖို့ ကျောင်းတော်နဲ့အတူလုပ်ကိုင် ဆောင်ရွက်ရင်ရပြီလို့ ယာရှဲဇစ်ကီက ယူဆခဲ့တယ်လို့ကျွန်တော်ထင်တယ်။ သူနဲ့ကျောင်းတော်နဲ့ကလည်း ဆက်ဆံ ရေးကောင်းတယ်။ ဒါပေမယ့် ကျောင်းတော်နဲ့အတူလုပ်ကြရုံနဲ့မရဘူးဗျ။ အဲဒီတုန်းက ကျောင်းတော်နဲ့ အချိတ်အဆက်မရှိတဲ့ နိုင်ငံရေးအတိုက်အခံအုပ်စုတွေက အများကြီးရှိတာကိုး။

ဂေါ်ဘာချက်ပ်က ၁၉၈၆ ခုနှစ်မှာ လုပ်ခဲ့တဲ့နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ အတူ ဆိုဗီယက်ပြည်ထောင်စုမှာဖြစ်ပေါ်ခဲ့တဲ့ အပြောင်းအလဲတွေဟာ နောက်ထပ်အရေးကြီး တဲ့အကြောင်းအချက်တစ်ခုပေါ့။ မှန်ပါတယ်။ ၁၉၈၆ ခုနှစ်မတိုင်မီအထိ အတိုက်အခံနဲ့ ပိုပြီးပွင့်လင်းတဲ့ ဒိုင်ယာလော့လုပ်ရမယ်ဆိုတာနဲ့ပတ်သက်ပြီး စဉ်းစားဖို့ဆိုတာ ကွန်မြူနစ်နိုင်ငံ အားလုံးအတွက် သိပ်ကိုခက်တဲ့ကိစ္စပဲ။ ၁၉၈၆ နောက်ပိုင်းကျတော့ ဂေါ်ဘာ ချက်ပ်က ယာရှဲဇစ်ကီကို မီးစိမ်းပြလိုက်တာ။ ဂေါ်ဘာချက်ပ်က 'ကောင်းပြီ၊ ဆိုရှယ်လစ်အယူအဆတွေ၊ တန်ဖိုးတွေဘာတွေလေးစားလိုက်နာပြီး ခင်ဗျားပြုပြင်ပြောင်းလဲမှုတွေကိုဆက်လုပ်ချင်သပဆို

လုပ်သာလုပ်ဗျာ'တဲ့။ စစချင်းတုန်းကဆို ဂေါ်ဘာချက်ဝ်က အရမ်းရှေ့မတိုးချင်ဘူး။ တစ်ခုခု လုပ်မှရတော့မယ်ဆိုတာ သူနားလည်ပေမယ့် နိုင်ငံရေးစီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ တခြား အပြောင်းအလဲတွေ မလုပ်လို့မရဘူးဆိုတဲ့အချက်ကို ရှင်းပြဖို့ကျ သူ့မှာပြဿနာရှိနေတယ်။

၁၉၈၀ ပြည့်နှစ်တွေကုန်ချိန်ရောက်တော့ ပိုလန်ရဲ့ပြဿနာတွေကို ဒိုင်ယာလော့နဲ့ဖြေရှင်းမှသာဖြစ်နိုင်တော့မယ်လို့ ယာရူဇဲစ်ကီက ပြတ်ပြတ်သားသားယူဆလာတယ်။ ပိုလန်မှာနောက်လာမယ့်ရွေးကောက်ပွဲက ၁၉၈၉ ခုနှစ်မှာလုပ်မှာဆိုတော့ သူ့အတွက် (ဒိုင်ယာလော့လုပ်ဖို့) အချိန်ဇယားက သိပ်ကြပ်တယ်။ အဲဒီရွေးကောက်ပွဲဟာ မြင်နေကျ ဒီမိုကရေစီရွေးကောက်ပွဲ မဟုတ်တာအမှန်ပါ။ ဘာလို့လဲဆိုတော့ ဝင်အရွေးခံတဲ့ ကိုယ်စားလှယ်တွေ အားလုံးက ကွန်မြူနစ်ပါတီကအတည်ပြုထားတဲ့သူတွေချည့်ပဲလေ။ တကယ့်ပြဿနာက မဲဆန္ဒရှင်တွေအားလုံး ပါဝင်ကြဖို့ပဲ။ မဲပေးတဲ့သူအရေအတွက်က ကျွန်တော်တို့ပါတီကိုထောက်ခံတဲ့ပမာဏကိုပြတာပဲ။ ဖြစ်ရပ်အများစုမှာ ပြည်သူတွေကိုထုတ်ပြန်တဲ့ မဲအရေအတွက် ကိန်းဂဏန်းတွေက လိမ်ထားတာတွေပဲ။ သို့သော်ရွေးကောက်ပွဲရဲ့တကယ့်မဲရလဒ်တွေကိုပါတီခေါင်းဆောင်တွေက ကောင်းကောင်းသိတာပေါ့။ ပါတီထဲမှာဆိုရင် လာမယ့်ရွေးကောက်ပွဲမှာ မဲပေးမယ့်သူအရေအတွက်ဟာ ၃၀ ကနေ ၄၀ ရာခိုင်နှုန်းထက်ပိုနိုင်မယ့်အလားအလာမရှိဘူးဆိုတာ လူတိုင်းသိနေတယ်။ မဲပေးမယ့်သူ (မဲပေးပိုင်ခွင့်ရှိသူအရေအတွက်) နည်းတယ်ဆိုရင် နိုင်ငံရေးစနစ်ကို လက်မခံဘူးဆိုတာ၊ အပြောင်းအလဲကို ပြည်သူတွေငုံ့လင်နေတယ်ဆိုတာကို အခိုင်အမာပြလိုက်တာပဲပေါ့။

စီးပွားရေးအခြေအနေ၊ သင်းကွဲလူ့အဖွဲ့အစည်း၊ လာမယ့်ရွေးကောက်ပွဲဆိုတဲ့ အကြောင်းကိစ္စတွေအားလုံး ပေါင်းဆုံသွားတော့ကာ အတိုက်အခံနဲ့စပြီး စကားပြောဖို့ ယာရူဇဲစ်ကီလည်း ဆုံးဖြတ်လိုက်ရတော့တာပဲ။ သိုသိုသိပ်သိပ်နဲ့ ပထမဆုံးတွေ့ဆုံဆွေးနွေးမှုတွေက ၁၉၈၈ ခုနှစ်မှာစပါတယ်။ ၁၉၈၉ ခုနှစ်ဖေဖော်ဝါရီကနေ ဇူလိုင်လအထိ ကျွန်တော်တို့ ပထမဆုံးစားပွဲဝိုင်းဆွေးနွေးပွဲတွေ တရားဝင်စလုပ်ကြတယ်။ စားပွဲဝိုင်းဆွေးနွေးပွဲပြီးတော့ စနစ်ပြောင်းသွားတယ်။

## ပိုလန်အသွင်ကူးပြောင်းရေးအောင်မြင်မှုကို ရှင်းပြခြင်း

ခင်ဗျားရဲ့မူလမေးခွန်းကိုပြန်သွားရရင် ကျွန်တော်တို့အောင်မြင်မှုက ဘယ်မှာမြစ်ဖျားခံခဲ့သလဲဆို အခြားနိုင်ငံတွေထက် ပိုလန်ရဲ့ပြုပြင်ပြောင်းလဲမှုအတွက်အသင့်ပြင်ထားတာက ပိုပြီးကောင်းမွန်နေတာလို့ ကျွန်တော်ထင်တယ်။ ပိုလန်နိုင်ငံမှာ 'အတောမသတ်'တဲ့ အော်ဟစ်မှုတွေက ကွန်မြူနစ်စနစ်ကိုပြောင်းလဲပစ်လိုက်တာဖြစ်လို့ အရှေ့ဥရောပနိုင်ငံတွေထဲမှာ အခြားနိုင်ငံတွေထက် တစ်နည်းတစ်ဖုံပိုပြီး လစ်ဘရယ်ဆန်သွားစေတယ်။ ပိုလန်မှာ အတိုက်အခံက အရမ်းအားကောင်းတယ်။ ဟိုးနှစ်ပေါင်းများစွာကတည်းကရှိနေတဲ့ အစဉ်အလာ အတိုက်အခံလှုပ်ရှားမှုကလည်း ပိုလန်မှာရှိပြီးသားလေ။ ကွန်မြူနစ်ပါတီထဲမှာ ပြုပြင်ပြောင်းလဲရေးကိုလိုလား

တဲ့သူတချို့ ၁၉၅၆ ခုနှစ်မှာရှိလာနေပြီ။ အဲဒီနောက်မှာ ယာဆက်ကူရွန် (အတိုက်အခံဒီမိုက ရက်အုပ်စု၏ထင်ရှားသည့်ခေါင်းဆောင်)နဲ့အခြားသူတွေဦးတောင်နဲ့အလုပ်သမားကာကွယ်ရေး ကော်မတီလို အတော်လေးခိုင်မာတဲ့ အတိုက်အခံအဖွဲ့အစည်းတွေရှိနေပြီ။ ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဂီယက်က ဒီအတိုက်အခံအုပ်စုတွေကို လက်သင့်ခံနိုင်တဲ့အတိုင်းအတာထိ လစ်ဘရယ်ဆန်တဲ့သူ။ ဒီအုပ်စုတွေဟာ ၁၉၇၀ ပြည့်နှစ်များကုန်တဲ့အချိန်မှာ တက်ကြွလှုပ်ရှားလာကြတယ်။ ကျွန်တော်တို့ဆီမှာ အတော်လေးအင်အားကြီးပြီး ခိုင်မာအားကောင်းတဲ့အတိုက်အခံအုပ်စုအဖြစ် လက်ခ်ဗွယ်ဆာဦးဆောင်တဲ့ Solidarity နဲ့ အခြားအတိုက်အခံအုပ်စုတွေ လည်းရှိနေတာအမှန်ပဲ။ ဒီတော့ ၁၉၈၀ ပြည့်နှစ်များမှာ ပိုလန်မှာ အကွဲအပြဲတွေတော်တော်ဖြစ်နေတယ်။ သို့သော် ကွန်မြူနစ်မဟုတ်ကြတဲ့ လူ့အဖွဲ့အစည်းအစိတ်အပိုင်းက စနစ်တကျစုဖွဲ့ထားတယ်။ အထူးသဖြင့် Solidarity လှုပ်ရှားမှုပေါ့။ သို့သော် တခြားသော အတိုက်အခံအဖွဲ့လေးတွေကတောင် စနစ်တကျစုဖွဲ့မှုရှိထားကြတယ်။ ဒီလှုပ်ရှားမှုတွေဟာ သင်းဖွဲ့ဖွဲ့စည်းမှုအခြေခံအဆောက်အအုံ ကောင်းကောင်းရှိကြတယ်။ အစဉ်အလာမဟုတ်တဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို အသိအမှတ်လိုက်တယ်။ အတိုက်အခံခေါင်းဆောင်တွေကို ပေါ်ထွက်လာစေခဲ့တယ်။ ပြောင်းလဲလမယ့်အခြေအနေတွေမှာ ပိုလန်နိုင်ငံကိုဘယ်လိုအပ်ချုပ်သင့်သလဲဆိုတဲ့ ပြောဆိုဆွေးနွေးမှုတွေ နှစ်နဲ့ချီပြီးလုပ်တာကို ကိုယ်စားပြုလာခဲ့တယ်။

နောက်ထပ်အရေးကြီးတဲ့အကြောင်းရင်းကတော့ အပြောင်းအလဲတွေကို ဦးဆောင်ဖို့၊ အကောင်အထည်ဖော်ဖို့ အဆင်သင့်ဖြစ်နေတဲ့သူတွေရှိနေတာပဲ။ သူတို့တွေက ပိုလန်မှာ ပညာကောင်းကောင်းသင်ခဲ့ရသူတွေ၊ အနောက်နိုင်ငံကနေလည်း အတွေ့အကြုံအချို့ရထားတဲ့သူတွေ။ နောက်ပြီးသူတို့အသက်အရွယ်တွေကလည်း အသက် ၃၀ ကျော် ၄၀ ကျော်တွေဆိုတော့ နိုင်ငံရေးလုပ်ဖို့နဲ့ ဒီလိုပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ အသင့်တော်ဆုံး အသက်အရွယ်တွေပေါ့။ သူတို့က နိုင်ငံခြားမှာပညာသင်လာကြတာ။ အများစုက အနောက်နိုင်ငံတွေမှာ ပညာသင်လာတာ။ သူတို့မှာ အခုလိုအခွင့်အရေးရလာတော့ ပြုပြင်ပြောင်းလဲမှုတွေကို တင်ပြဖို့ အသင့်ဖြစ်လာကြတယ်။ [ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး (၁၉၈၉-၉၁)၊ (၁၉၉၇-၂၀၀၀) ဖြစ်ပြီး၊ ဘားတဲလ်ရောဗိရ် စီမံကိန်းဟုလူသိများသည့် 'ရှော့ရိုက်ကုထုံး' စီးပွားရေးပြုပြင်ပြောင်းလဲမှုဗိသုကာ] လက်ရှက်ခ် ဘားတဲလ်ရောဗိရ်က အဲဒီအချိန်မှာ ဗဟိုဘဏ်ဥက္ကဋ္ဌ။ သူလည်း အမေရိကန်မှာ ပညာသင်လာတဲ့သူ။

ပြီးတော့ နောက်ဆုံးတက်တဲ့ ကွန်မြူနစ်အစိုးရဖြစ်တဲ့ မီရှက်ဆလက်ဗ် ရာကိုးစကီးက အသွင်ကူးပြောင်းမှုမတိုင်ခင်မှာ ဝန်ကြီးချုပ် (၁၉၈၈-၈၉) ပေါ့။ သူက ပိုလန်နာမည်ရသတင်းစာ Polityka ရဲ့နာမည်ကြီး အယ်ဒီတာချုပ်၊ ကွန်မြူနစ်ပါတီမှာ အတွင်းရေးမှူး-၁အဖြစ် (၁၉၈၉-၉၀) နောက်ဆုံးတာဝန်ယူခဲ့တဲ့သူပေါ့။ ကျွန်တော်လည်းပါခဲ့တဲ့ သူ့အစိုးရအက အင်မတန်အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ဥပဒေတွေကို ပြဋ္ဌာန်းကျင့်သုံးခဲ့လို့ ပိုလန်စီးပွားရေးကို အတော်

အထောက်အကူဖြစ်ခဲ့တယ်။ အဲဒီဥပဒေတွေထဲမှာ ဝီလ်ဇက်ခ်ဥပဒေကြမ်းလို့ခေါ်ကြတဲ့ ဥပဒေလည်းပါတယ်။ မီရှက်ဆလက်ဗ် ဝီလ်ဇက်ခ်က စက်မှုဝန်ကြီးပါ။ သူ့အယူအဆက စွန့်ဦးတီထွင်စီးပွားရေးသမားတွေအတွက် အခြေအနေကောင်းဖန်တီးပေးဖို့ပေါ့။ ကျွန်တော့်အမြင်ပြောရရင် လွန်ခဲ့တဲ့ ၂၅ နှစ်က ဝီလ် ဇက်တင်ပြခဲ့တဲ့အရာတွေမှန်သမျှဟာ ဒီနေ့ခေတ်ပိုလန်အစိုးရတင်ပြနေတဲ့ဟာတွေထက် အများကြီးသာပါတယ်။ ဒီတော့ အဲဒီတုန်းက ကျွန်တော်တို့မှာ အကောက်အခွန်၊ ဌာနဆိုင်ရာတွေဘက်မှာဆိုရင် စီးပွားရေးလုပ်ငန်းတွေအတွက် အနေအထားက တခြားကွန်မြူနစ်နိုင်ငံတွေမှာထက် တော်တော်သာပါတယ်။ သို့သော် အဲဒီတုန်းကပိုလန်ရဲ့ စီးပွားရေးအခြေအနေက တော်တော်ဆိုးတယ်ဆိုတာတော့ ထည့်ပြောရမှာပဲ။ ဒီလိုဆိုးနေသည့်တိုင် ဒီပြုပြင်ပြောင်းလဲရေးတွေကိုလုပ်ဖို့ သတ္တိနဲ့ဆုံးဖြတ်ချက်ပြတ်သားမှုကတော့ ကျွန်တော်တို့မှာရှိတယ်။

## ဒိုင်ယာလော့နှင့် စေ့စပ်ဆွေးနွေးခြင်းအတွက် အခြေခံတည်ဆောက်ခြင်း

စားပွဲဝိုင်းဆွေးနွေးပွဲတွေလို စေ့စပ်ဆွေးနွေးမှုတွေကို မူဝါဒအရေးဆောင်ရွက်တဲ့ အဓိကကျသူတွေက ချဉ်းကပ်ပုံအရပြောရင် သူတို့ကြားက အားသာချက်တွေမှာမူတည်နေတယ်။ တချို့အချိန်တွေမှာ ခင်ဗျားတို့မှာ ခိုင်မာတဲ့အစိုးရနဲ့ အားနည်းတဲ့အတိုက်အခံရှိတယ်။ ဒါမှမဟုတ် အဲဒီအခြေအနေရဲ့ဆန့်ကျင်ဘက်ရှိတတ်တယ်။ ယာရူဇဲ စ်ကီက စေ့စပ်ဆွေးနွေးမှုကို ဦးဆောင်ခဲ့တယ်လို့ ခင်ဗျားပြောပါတယ်။ သို့သော် တစ်ဖက်မှာ မူဝါဒရေးလှုပ်ရှားနေတဲ့ Solidarity ကရှိနေတယ်။ သဘောထားတင်းမာသူတွေနဲ့ ပြုပြင်ပြောင်းလဲရေးသမားတွေကြားက ဒီဆွေးနွေးပွဲတွေ ဘယ်လိုဖြစ်ပေါ်လာခဲ့လဲ။ အားနည်းတဲ့အတိုက်အခံရှိရင် အားကောင်းတဲ့အစိုးရရှိမယ်။ ဒါမှမဟုတ် အားကောင်းတဲ့အတိုက်အခံရှိရင် အားနည်းတဲ့အစိုးရရှိမယ်။ နှစ်ဘက်စလုံးမှာ အားနည်းတဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိရင်တော့ အကောင်းဆုံးအခြေအနေပဲ။ ပိုလန်မှာ အဲဒီအခြေအနေဖြစ်ခဲ့တယ်။ စားပွဲဝိုင်းဆွေးနွေးပွဲတွေမလုပ်ခင်မှာ အားကိုးရတဲ့နှစ်ဘက်စလုံးက လုပ်ဖော်ကိုင်ဖက်တွေက တော်တော်အားနည်းနေတယ်။ ကွန်မြူနစ်ပါတီကဘာလုပ်ရမယ်ဆိုတဲ့ စီမံကိန်းမရှိဘူး။ ထိရောက်ပိပြင်တဲ့ စီးပွားရေးကို မစီမံနိုင်ဘူး။ ဒီတော့အားနည်းနေတယ်။ ပြည်သူ့အများစုအတွက်တင်မကဘူး ကွန်မြူနစ်ပါတီအတွက်တောင် အင်မတန်လေးနက်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့လိုနေတာ လယ်ပြင်မှာဆင်သွားသလိုထင်ရှားနေတယ်။ Solidarity ကလည်း ၁၉၈၀ နဲ့ ၁၉၈၁ တုန်းကလို အဖွဲ့ဝင် ၁၀ သန်းရှိတဲ့ အဖွဲ့ကြီးမဟုတ်ဘူး။ နောက်ဆယ်နှစ်အကြာမှာရှိနေတဲ့ Solidarity။ အမောဖောက်နေပြီ။ အရင်ကလောက် လူကြိုက်မများကြတော့ဘူး။ ဒီတော့ Solidarity ကလည်း တော်တော်အင်အားနည်းနေတယ်။ ကျွန်တော့်စိတ်ထင် ပိုလန်စားပွဲဝိုင်းဆွေးနွေးပွဲဖြစ်မြောက်သွားတာ ကျွန်တော်တို့မှာ အင်မတန်အားကောင်းတဲ့ ဆွေးနွေးဘက်အုပ်စုနှစ်ခုရှိလို့ပဲ။ သို့သော် အုပ်စုနှစ်ခုစလုံးက နောင်ရေးအတွက် အရေးကြီးတာတစ်ခုကိုလုပ်ဖို့ အချိန်ရောက်ပြီဆိုတဲ့ တာဝန်ယူ

စိတ်၊ လေးနက်တဲ့ခံယူချက် ရှိနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုင်းပြည်အခြေအနေက ရှေ့ဆက်သွားလို့မရတော့ဘူးလေ။ ဒီအခြေအနေဟာ တော်တော်လေးအရေးပါတဲ့ အကြောင်းရင်းပါပဲ။ ကျွန်တော့်အမြင်အရတော့ ကိုယ့်မှာအားကောင်းတဲ့ ဘက်တစ်ဘက်နဲ့ အားနည်းတဲ့ ဘက်တစ်ဘက်ရှိနေရင် နှစ်ဦးသဘောတူညီမှုရဖို့မဖြစ်နိုင်ဘူး။ ဥပမာ ဒီလိုအခြေအနေမျိုးကို ဒီနေ့ခေတ် အစ္စရေး-ပါလက်စတိုင်း ပဋ္ဌိပက္ခမှာ ခင်ဗျားတွေ့နိုင်တယ်။

ပိုလန်ကွန်မြူနစ်ပါတီဟာ ပါတီဝင် ၂ သန်းရှိတယ်။ အဲဒီပါတီဝင်တွေထဲမှာ တိမ်းညွှတ်မှုတွေက အမျိုးမျိုးပဲ။ သို့သော် အုပ်စုကြီးနှစ်ခုပဲရှိတာ။ 'ပြုပြင်ပြောင်းလဲရေးသမား'အုပ်စုက အပြောင်းအလဲလိုအပ်တယ်၊ တကယ်လေးနက်တဲ့ အပြောင်းအလဲတွေမရှိရင် ကျွန်တော်တို့ သွားပြီဆိုတာကို သဘောပေါက်ထားတယ်။ အဲဒီပြုပြင်ပြောင်းလဲရေးသမားတွေထဲမှာ သတိကြီးကြီးထားတဲ့သူတွေ၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်ဆိုတဲ့သူတွေ၊ သတ္တိပြောင်တဲ့သူတွေ လည်းရှိတာပဲ။ ဒီပြုပြင်ပြောင်းလဲရေးသမားအုပ်စုမှာ ခေါင်းဆောင်က ယာရူဇဲစ်ကီ။ ပြုပြင်ပြောင်းလဲရေးတွေရဲ့လိုအပ်ချက်ကို သူသာသဘောမပေါက်ခဲ့ဘူးဆိုရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူးဗျ။ ဒီအရှေ့ ဥရောပနိုင်ငံတွေထဲက ကွန်မြူနစ်ပါတီခေါင်းဆောင်တွေထဲမှာ အီးရင်ဟိုနက်ဟာ[ဂျာမနီဆိုရှယ်လစ်ညီညွှတ်ရေးပါတီ ဗဟိုကော်မတီအတွင်းရေးမှူး (၁၉၇၅-၈၉)] နဲ့ ဂုစ တက်ဗ် ဟူဆက် [ချက်ကိုစလိုဗက်ကီးယားသမ္မတ (၁၉၇၅-၈၉)] ဆိုရင် ပြုပြင်ပြောင်းလဲရေးကို လုံးဝလက်မခံတဲ့သူတွေ။ ယာနော့ခါဒါ[ ဟန်ဂေရီဆိုရှယ်လစ်အလုပ်သမားပါတီ အထွေထွေအတွင်းရေးမှူး (၁၉၅၆-၈၈)] တစ်ယောက်ပဲ ပြုပြင်ပြောင်းလဲရေးကိုလက်ခံတာရှိတယ်။ စစ်အုပ်ချုပ်ရေးကြေညာတာ ၁၉၈၀ ပြည့်နှစ်တွေအစောပိုင်းမှာ လိုအပ်တယ်လို့ ယာရူဇဲစ်ကီက သဘောပေါက်တယ်။ သို့သော်စစ်အုပ်ချုပ်ရေးပြီးသွားတော့ သူ့အတွက်တစ်ခုတည်းသောရွေးစရာက ဒိုင်ယာလော့ပဲရှိတယ် လို့သူမြင်လာတယ်။ အရင်ကထက် ပိုကြမ်းပြီး ပိုတင်းမာဖို့ ဖိနှိပ်ဖို့ဘယ်နည်းနဲ့မှမရတော့ဘူး။ ရှေ့ဆက်ဖို့တစ်ခုတည်းသောလမ်းစက အလယ်အလတ်လမ်းစဉ်ကိုပိုလိုက်တဲ့ ခေါင်းဆောင်ဖြစ်ဖို့ပဲ။ ဖိနှိပ်တဲ့ခေါင်းဆောင်လုပ်လို့ မရတော့ဘူး။ ဒီပြုပြင်ပြောင်းလဲမှုတွေကို လက်မခံတဲ့ ကွန်မြူနစ်ပါတီဝင်တွေတော့ ရှိနေတာပဲ။ ပြုပြင်ပြောင်းလဲမှုတွေကပ်ပါလာမယ့် အန္တရာယ်ကကြီးတယ်လို့သူတို့ကပြောတယ်။ ဒီပြုပြင်ပြောင်းလဲမှုတွေ ရှေ့ဆက်လုပ်မယ်ဆိုရင် ကွန်မြူနစ်ပါတီ အာဏာလက်လွှတ်လိုက်ရမယ်ဆိုတာက သူတို့အဓိကထားပြောကြတဲ့ ဆင်ခြေပဲ။ အခု နေအခါကနေပြန်ကြည့်ရင် သူတို့ပြော တာမှန်တယ်ပဲ ပြောရမယ်။ ပြုပြင်ပြောင်းလဲရေးသမားတွေက ပါတီအနာဂတ်နဲ့ပတ်သက်ပြီး အမှန်မမြင်ခဲ့ကြဘူး။ ဂေါ်ဘာချက်ဗ်က ဆိုဗီယက်မှာ၊ ယာရူဇဲစ်ကီက ပိုလန်မှာ ပြုပြင်ပြောင်းလဲမှုတွေကို စလုပ်ကြတော့ ပါတီဇာတ်သိမ်းဖို့အစပျိုးလိုက်တာပဲဆိုတာ သိလာရတယ်။

## အပြောင်းအလဲအတွက် သဘောတူမျှမှုရအောင်လုပ်ခြင်း

၁၉၈၀ ပြည့်နှစ်များနောင်းပိုင်းမှာ စားပွဲဝိုင်းဆွေးနွေးပွဲနဲ့ ပြုပြင်ပြောင်းလဲရေးကိုလုပ်

ဆောင်တော့မယ်လို့ ယာရှဲဇစ်ကီကဆုံးဖြတ်ခဲ့တယ်။ ဂေါ်ဘာချက်ပ်က သူ့ကိုထောက်ခံအားပေးခဲ့တယ်။ ဒီလိုထောက်ခံအားပေးတာ ယာ ရှဲဇစ်ကီအတွက် အရေးကြီးတယ်။ အခြေအနေကတင်းမာနေတဲ့အချိန်ပါ။ ပါတီဗဟိုကော်မတီ အစည်းအဝေးတစ်ခုမှာပေါ့။ ငြင်းကြခုံကြတာတော်တော်ပြင်းထန်လာချိန်မှာ စားပွဲဝိုင်းဆွေးနွေးပွဲနဲ့ပတ်သက်ပြီး သဘောထား တင်းမာသူတွေက စားပွဲဝိုင်းဆွေးနွေးပွဲလုပ်တာမှားတယ်၊ ဒါပါတီကိုပြိုကွဲသွားစေလိမ့်မယ်ဆိုပြီး ယာရှဲဇစ်ကီကို ဝေဖန်တိုက်ခိုက်မှုစလုပ်ကြတယ်။ သူနိုင်ငံရေးသမားဘဝတစ်လျှောက်လုံး ပထမဆုံးအကြိမ် အကြပ်ကိုင်တဲ့ နည်းသုံးဖို့ ယာရှဲဇစ်ကီက ဆုံးဖြတ်လိုက်တယ်။ စားပွဲဝိုင်းဆွေးနွေးပွဲကိုဆန့်ကျင်တဲ့ ရဲဘော်တွေအများကြီးရှိတယ်ဆိုတာသူကသိတော့ နတ်ထွက်ဖို့ပြင်တယ်။ ဒါဆိုသူတို့အတွင်းရေးမှူး-၁ အသစ်ခန့်လို့ရပြီ။ သူနဲ့အနီးစပ်ဆုံး လုပ်ဖော်ကိုင်ဖက်တွေကလည်း နတ်ထွက်ကြမယ်ဖြစ်ကုန်တယ်။ ဒါနဲ့ပဲ ဗဟိုကော်မတီဆုံးဖြတ်ချက်ကို လိုက်နာရမယ်ဆိုပြီး နိုင်ငံရေးဦးဆောင်အဖွဲ့ကနေ ဆုံးဖြတ်လိုက်တယ်။ သူတို့မဲခွဲဆုံးဖြတ်ကြတဲ့အခါ ယာရှဲဇစ်ကီရာထူးမှာဆက်နေဖို့၊ ပါတီရဲ့ပြုပြင်ပြောင်းလဲရေးလိုလားတဲ့ အခြေခံရပ်တည်ချက်ကို လက်ခံတဲ့ဘက်က နိုင်သွားတယ်။ ကွန်မြူနစ်ပါတီတွေမှာ နတ်ထွက်တာတွေ၊ ပုန်ကန်တာတွေ နဲ့ခြိမ်းခြောက်တာမျိုးက ဒီလိုတင်းမာတဲ့ အခြေအနေမျိုးရောက်လာရင် ဖြစ်လေ့ဖြစ်ထမရှိဘူး။ နတ်ထွက်မယ်ပြောလိုက်တာဟာ ဒီပြုပြင်ပြောင်းလဲရေး တွေလုပ်ဖို့ ယာရှဲဇစ်ကီနဲ့သူရဲ့လုပ်ဖော်ကိုင်ဖက်တွေ ဆုံးဖြတ်ချက်အခိုင်အမာချထားတယ်ဆိုတာကို အချက်ပြလိုက်တာပဲ။ ဒါ သိပ်အရေးကြီးတယ်။

ကျွန်တော်က အဲဒီတုန်းက အသက် ၃၁၊ ၃၂ ပေါ့။ အသက် ၃၁ နှစ်အရွယ်မှာ လူငယ်နဲ့အားကစားရေးရာဝန်ကြီး ရာထူးကျွန်တော့်ကိုပေးလိုက်တာဆိုတော့ ပိုလန်အစိုးရထဲမှာ ကျွန်တော်က အသက်အငယ်ဆုံးဝန်ကြီးဖြစ်လာတယ်။ ကျွန်တော် ကမ္ဘာအနှံ့ခရီးဆန့်ခဲ့တယ်။ ၁၉၇၆ ခုနှစ်မှာ အမေရိကန်မှာ သုံးလကျောင်းသွားတက်ရတယ်။ ဆိုတော့ ကွန်မြူနစ်ဝါနဲ့ဆိုဗီယက်ပြည်ထောင်စုကို ဖွံ့ဖြိုးပြီးအနောက်နိုင်ငံတွေနဲ့နှိုင်းယှဉ်လိုက်ရင် ဘယ်လိုနေမယ်ဆိုတာကို နားလည်ဖို့ ကျွန်တော့်အတွက် ဘာမှမခက်ဘူး။ ဒီလိုနှိုင်းယှဉ်လိုက်တော့ ကျွန်တော့်အတွက် လုံးဝစိတ်ပျက်စရာ လေ့လာစူးစမ်းမှုပဲ။ အင်မတန်စိတ်ပျက်ဖို့ကောင်းတဲ့ အခြေအနေပဲ။ အနောက်ဂျာမနီမှာလည်း ကျွန်တော်ကျောင်းတက်ခဲ့သေးတယ်။ အဲဒီတုန်းကဆို ပိုလန်နဲ့ အနောက်ဂျာမနီဆိုတာ ဘာမှမဆိုင်ဘူး။ ပိုလန်ကတော်တော့်ကို ဖွံ့ဖြိုးမှုနိမ့်ကျနေတာဗျ။

ကျွန်တော်တို့မျိုးဆက်အတွက်တော့ ပိုလန်က အပြောင်းအလဲလို့ဖို့လိုနေတယ်ဆိုတာ၊ ခေတ်မီစက်မှုနိုင်ငံဖြစ်အောင် လုပ်ရမယ်ဆိုတာ အရမ်းသိသာနေတယ်။ တော်တော်တိုးတက်နေပြီဖြစ်တဲ့ ကမ္ဘာ့အစိတ်အပိုင်းထဲမှာ ကျွန်တော်တို့ပါချင်တယ်။ ပြဿနာက တိုးတက်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာပဲ။ ဘယ်လမ်းကိုလိုက်သင့်လဲပေါ့။ တက္ကသိုလ်မှာတုန်းက ကျွန်တော်နဲ့ ကျောင်းနေဖက်တွေက ယေဘုယျအယူအဆ နှစ်ခုသုံးခုရှိခဲ့တယ်။ ပထမဆုံး

ကတော့ ပြုပြင်ပြောင်းလဲမှုတွေကိုထောက်ခံအားပေးဖို့၊ နိုင်ငံရေးစနစ်ကိုတတ်နိုင်သမျှပြောင်းဖို့ အလားအလာရှိတာမှန်သမျှလုပ်ဖို့ပဲ။ ဒါပေမယ့် အဲဒီလိုလုပ်ရင်းနဲ့ ဝါဆောစာချုပ်တို့၊ ဆိုဗီယက်ပြည်ထောင်စုတို့ဆိုတဲ့ ဒုတိယကမ္ဘာစစ်ရဲ့ရလဒ်ဖြစ်တဲ့ အကန့်အသတ်တွေအားလုံး ကျွန်တော်တို့မှာရှိနေတာဆိုတဲ့ အခြေအနေတွေဟာ ပြောင်းလဲလို့မရနိုင်ဘူးဆိုတာကိုလက်ခံထားဖို့ပဲ။ ဒါကျွန်တော့်အယူအဆ။ အတိုက်အခံဘက်မှာရပ်တဲ့ ကျွန်တော့်ကျောင်းနေဘက်တွေရဲ့အယူအဆကကျတော့ (နိုင်ငံရေး) စနစ်ကို ပြုပြင်ပြောင်းလဲဖို့ မဖြစ်နိုင်ဘူးဆိုတာပဲ။ (အတိုက်အခံမှာ ဤတစ်ကြိမ် ၁၉၇၀ ပြည့်နှစ်များနောင်းပိုင်းအထိ အတော်ပင်အားကောင်းခဲ့သည်။) တကယ်လို့အများကြီးပေးဆပ်ရသည့်တိုင် (နိုင်ငံရေး) စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့ လိုတယ်လို့ သူတို့ကတွေးကြတယ်။

ကျွန်တော့်ကျောင်းနေဖက်တွေတော်တော်များများရဲ့တတိယမြောက် အယူအဆကကျ ခုနပြောခဲ့တဲ့မဟာဗျူဟာတွေအားလုံးက အလုပ်ဖြစ်မှာမဟုတ်ဘူးတဲ့။ စနစ်ကိုအတွင်းထဲကနေပြုပြင်ပြောင်းလဲဖို့၊ အပြောင်းအလဲလုပ်ဖို့ ကျွန်တော်တို့ အသင့်မဖြစ်ကြသေးဘူးပေါ့။ နောက်ပေါက် တော်လှန်ရေးသမားတွေဖြစ်ဖို့ အစိုးရဆန့်ကျင်ရေးသမားတွေအဖြစ် ထောင်ချခံရဖို့ကျွန်တော်တို့မှာ အများကြီးစဉးဖို့ ကျွန်တော်တို့အသင့်မဖြစ်ကြသေးဘူးပေါ့။ တစ်ခုတည်းသောရွေးစရာက တိုင်းပြည်ကထွက်သွားကြဖို့ပဲ။ တကယ်ပဲ အဲဒီကျောင်းနေဖက်တွေ တော်တော်များများက ၁၉၈၀ ပြည့်နှစ်တွေအစလောက်မှာ ပိုလန်ကထွက်သွားကြတယ်။ အဲဒီလို ပိုလန်လူမျိုးတွေ အလုံးအရင်းပြည်ပကိုထွက်သွားတာ အထူးသဖြင့် စစ်အုပ်ချုပ်ရေးကြေညာပြီးတဲ့အချိန်မှာထွက်သွားကြတာ တော်တော်ကိုများပါတယ်။ အမေရိကန်၊ ဩစတြေးလျ၊ တောင်အာဖရိကနဲ့ ဥရောပနိုင်ငံတွေ တွေအများစုမှာ ပိုလန်နိုင်ငံသားတော်တော်များများ အခုထိရှိနေတုန်းပဲ။

ကျွန်တော်က ကွန်မြူနစ်ပါတီဝင်၊ အစိုးရအဖွဲ့မှာဝန်ကြီးဆိုတော့ ၁၉၈၀ ပြည့်တွေကုန်ခါနီးစားပွဲဝိုင်းဆွေးနွေးပွဲမစခင် ဖြစ်ပျက်နေတာတွေမှန်သမျှဟာ ကျွန်တော့်အတွက်တော့ ဘဝင်ကျစရာတွေချည့်ပဲ။ ကျွန်တော့်အယူအဆနဲ့နီးစပ်တဲ့အရာကိုလုပ်ဖို့ အခွင့်အရေးရပြီပေါ့။ ဟိုးအရင်ကတည်းက ဒီလုပ်ငန်းစဉ်တွေအားလုံးမှာ ကျွန်တော်ပါခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံရေးအခြေအနေပြောင်းလဲဖို့၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ ရာကိုးစကီးရဲ့ဆုံးဖြတ်ချက်တွေထဲမှာ ပထမဆုံးက သင်းဖွဲ့ဖွဲ့စည်းမှုဆိုင်ရာဥပဒေသစ်ကို ကက်သိုလစ်ကျောင်းတော်ရယ်၊ အတိုက်အခံရယ်နဲ့ဆွေးနွေးဖို့ဗျ။ ၁၉၈၀ ပြည့်နှစ်တွေကုန်ချိန်ရောက်တော့ ဒီဥပဒေသစ်ကနိုင်ငံတော်ရဲ့ထိန်းချုပ်မှု အပြင်ကနေ အသင်းအဖွဲ့တွေ ပေါင်းစုံဖွဲ့စည်းခွင့်ပေးလိုက်တယ်။

ကျောင်းတော်နဲ့ဒိုင်ယာလော့လုပ်တဲ့အခါမှာ ကျွန်တော်က ဥက္ကဋ္ဌလုပ်တယ်။ ဂိုဏ်းအုပ်ဘုန်းတော်ကြီးတွေ၊ သူတို့အကြံပေးတွေနဲ့ အစည်းအဝေးလုပ်ကြတာ ကျွန်တော်မှတ်မိသေးတယ်။ ဂိုဏ်းအုပ်ဘုန်းတော်ကြီးတွေ လက်အောက်ခံအကြံပေးတစ်ယောက်ကယန် အိုလ်ရှက်ဖ်

စကီး [ဝန်ကြီးချုပ် (၁၉၉၁-၉၂)] ပေါ့။ ကျွန်တော်တို့အဖွဲ့က တကယ့်လူငယ်လူရွယ်တွေဖြစ်နေတော့ သူတို့တော်တော်အံ့အားသင့်သွားတယ်။ ရာကိုစကီးက ပေါ့ပျက်ပျက်လုပ်လိုက်တယ်လို့ သူတို့ကယူဆထားတော့ ကျွန်တော်တို့ဆွေးနွေးဘက်တွေရဲ့ တွေ့တွေ့ချင်းတုံ့ပြန် ပုံကမျက်နှာပျက်စရာပဲ။ ဒီသင်းဖွဲ့ဖွဲ့စည်းမှုဆိုင်ရာဥပဒေဆွေးနွေးဖို့ဒီလိုမနှုးမနပ်ဝန်ကြီးပေါက်စတွေ ရာကိုစကီးက လွယ်လွယ်နဲ့လွှတ်လိုက်တယ်လို့ သူတို့ကတွက်လိုက်တာကိုး။ ကျွန်တော်တို့ မျိုးဆက်အတွက်တော့ ဒီလိုလွှတ်လိုက်တာ အံ့မခန်းအခွင့်အရေးပဲ။ ခေတ်သစ်မှာ ကျွန်တော်တို့သက်တမ်းရင့်ပါတီကြီးက တက်တက်ကြွကြွနဲ့မလုပ်နိုင်မကိုင်နိုင်တော့တာ ကျွန်တော်တို့အတွက်တော့ သိပ်ပြဿနာမဟုတ်ဘူး။

## စေ့စပ်ဆွေးနွေးရေးအတွက် လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ

*စေ့စပ်ဆွေးနွေးပွဲတွေကိုဦးတည်နေတဲ့ အခြေအနေကို ဗိုလ်ချုပ်ကြီး ယာရှုဇစ်ကီးနဲ့ သူ့အဖွဲ့က ဘယ်လိုနားလည် ထားကြလဲဗျ။*

ခွာညဲ့ဝ်စကီ။ ။စားပွဲဝိုင်းဆွေးနွေးပွဲမှာ ယာရှုဇစ်ကီးရဲ့အဖွဲ့ခေါင်းဆောင်က ပြည်ထဲရေးဝန်ကြီး ဂျက်ဆွာဖ် ကိရ်ဂတက်ခ် (၁၉၈၁-၉၀) ပါ။ အတိုက်အခံဘက်ကကြည့်ရင် လူမုန်းအခံရဆုံးပုဂ္ဂိုဂ်က အစိုးရစေ့စပ်ဆွေးနွေးရေးအဖွဲ့ရဲ့ခေါင်းဆောင်ဖြစ်နေတာ တော်တော်ကောင်းတဲ့စိတ်ကူးပဲ။ သူ့ကို ဆုံးဖြတ်ချက်တွေပေးနိုင်တဲ့ပေးနိုင်တဲ့လူလို့ အတိုက်အခံကမြင်တာကိုး။ ယာရှုဇစ်ကီးရဲ့အတွင်းလူအနေနဲ့ ဖိနှိပ်မှုတွေအများဆုံးလုပ်ခဲ့တဲ့လူက ဒီမိုကရေစီနဲ့ မူဝါဒဖြေလျှော့ရေးအတွက် အခုတာဝန်ရှိတဲ့သူဖြစ်နေတယ်လေ။ ဒီတော့ နိုင်ငံရေးနဲ့စိတ္တဇေဒ ရှုထောင့်ကကြည့်ရင် ကျွန်တော့်အမြင်အရ သူ့ကိုခေါင်းဆောင်ရွေးလိုက်တာ သိပ်မှန်တဲ့ဆုံးဖြတ်ချက်ပဲ။ သူ့ရဲ့ စေ့စပ်ဆွေးနွေးရေးအဖွဲ့မှာ ကာကွယ်ရေးဝန်ကြီး ဖလိုရီယန်ဆွစ်ဇ်ကီ၊ အဲဒီတုန်းက ဝန်ကြီးချုပ်လုပ်နေတဲ့ ရာကိုစကီး၊ နိုင်ငံရေးဦးဆောင်အဖွဲ့ကအဖွဲ့ဝင်သုံးဦး (စတာနစ်လက်ဗ် ရှဝက်ခ်၊ ဗာလက်ဒ်စလက်ဗ် ဘာကာ၊ ယာနူ ရက်ကော့စကီး) နဲ့ ကျွန်တော်ပါတယ်။

နိုင်ငံရေးဦးဆောင်အဖွဲ့မှာ ကျွန်တော်ဘယ်တုန်းကမှမပါခဲ့ဘူး။ ကျွန်တော်ကအစိုးရအဖွဲ့ဝင်သက်သက်ပဲ။ ရာကိုစကီးအစိုးရမှာ ဝန်ကြီးပေါ့။ သို့သော် စားပွဲဝိုင်းဆွေးနွေးပဲက အုပ်စုသုံးခုထဲက အုပ်စုတစ်ခုရဲ့ ပူးတွဲဥက္ကဋ္ဌဖြစ်တယ်။ စားပွဲဝိုင်းဆွေးနွေးပွဲရဲ့ဖွဲ့စည်းပုံကို သဘောပြောရရင် ကိုယ်စားလှယ်တွေအကုန်လုံးက စားပွဲတစ်ခုမှာဝိုင်းထိုင်ကြတယ်။ ဒီအစည်းအဝေးတွေမှာ ကီရ်ဂတက်ခ်နဲ့ ဗွယ်ဆာတို့က ဥက္ကဋ္ဌတွေ။ မှတ်တမ်းမှတ်ရာတွေနဲ့ ဆုံးဖြတ်ချက်တွေအားလုံးအတွက် ကျွန်တော်တို့မှာ ကော်မတီသုံးခုရှိတယ်။ ကျွန်တော်က မာဇိယဲ့ဝ်စကီနဲ့ ဒုတိယဥက္ကဋ္ဌလုပ်တယ်။ ကျွန်တော်တို့က အလုပ်သမားသမဂ္ဂတွေနဲ့ Solidarity ကိုတရားဝင်အဖွဲ့အစည်းဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့အကြောင်း ဆွေးနွေးရတယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ရက်ကိုစကီးနဲ့ ပါမောက္ခ ဘရောနိစ်လက်ဗ် ဂီရီမက်တို့က နိုင်ငံရေးကော်မတီ

ရဲ့ ပူးတွဲဥက္ကဋ္ဌတွေ။ တတိယကော်မတီက စီးပွားရေးကိုဆွေးနွေးတယ်။ နိုင်ငံရေးဦးဆောင် အဖွဲ့ဝင် [ဗာလက်ဒ်စလက်ဗ်] ဘာကာ၊ အတိုက်အခံအဖွဲ့ဝင် ပါမောက္ခ ဗီတို ထရက်ပ်ရှာ ကိုးစကီးတို့က ပူးတွဲဥက္ကဋ္ဌတို့ပါတယ်။ ဒီတော့ ယာရှဖစ်ကီးက သူ့ကော်မတီသုံးခုနဲ့အလုပ်လုပ်တာပေါ့။ သူ့နေရာက လုံးဝအရေးအကြီးအဆုံးနေရာပေါ့။

ကျွန်တော့်အမြင် ယာရှဖစ်ကီးရဲ့တွေးပုံခေါ်မှာ အခြေခံအကြောင်းအရင်းတွေအများကြီးရှိနေတယ်။ ပထမဆုံးက စစ်အုပ်ချုပ်ရေးပြီးသွားရင် အရင်တုန်းကရှိတဲ့ခဲ့တဲ့ဟာမျိုးကို ပြန်ဖွဲ့စည်းမယ်ဆို အကုန်ကမောက်ကမတွေ ဖြစ်ကုန်မှာဆိုတော့ အဖြေတစ်ခုထွက်ဖို့ အရမ်းအရေးကြီးတယ်။ အခြေအနေက အရင်ကနဲ့လုံးဝမတူတော့ဘူးလေ။ ဒီမိုကရေစီ တည်ဆောက်ရေးနဲ့ မူဝါဒဖြေလျှော့ရေးအယူအဆက ယာရှကော့ဗ်စကီးအတွက် အရမ်းအရေးကြီးတဲ့အယူအဆလို့ထင်တယ်။ တင်းပြည့်ကျပ်ပြည့်ဒီမိုကရေစီကိုသူတွေးသလားတော့ ကျွန်တော် သေချာမသိပါဘူး။ ဒီမိုကရေစီတည်ဆောက်ရေးကို သူကပိုအလေးထားတယ်လို့ ထင်ပါတယ်။ သူဘယ်လို ဆုံးဖြတ်ခဲ့တယ်ဆိုတာ ကျွန်တော်မျက်ဝါးထင်ထင်မြင်ခဲ့တော့ သူ့ရဲ့ပြတ်သားတဲ့ဆုံးဖြတ်ချက်ကို ကျွန်တော်အင်မတန်လေးစားပါတယ်။ စစ်အုပ်ချုပ်ရေးနဲ့နိုင်ငံရေးသမားဘဝကိုစခဲ့ပြီး ဒိုင်ယာလော့လုပ်တယ်၊ နိုင်ငံရေးစနစ် ငြိမ်းငြိမ်းချမ်းချမ်းအသွင်ကူးပြောင်းသွားတယ်ဆိုတာနဲ့ အဆုံးသတ်ခဲ့ ရှားရှားပါးပါးနိုင်ငံရေးသမားတွေထဲမှာ ယာရှဖစ်ကီးပါတယ်။ လူထုက ရွေးကောက်တင်မြှောက်ထားတဲ့ ဝန်ကြီးချုပ်တို့ သမ္မတတို့က စစ်အုပ်ချုပ်ရေးကြေညာ လိုက်တာ ဒါမှမဟုတ် အင်မတန်ဖိနှိပ်တဲ့တုံ့ပြန်မှုလုပ်တာနဲ့ နိဂုံးချုပ်သွားတာမျိုးက ပိုပြီးဖြစ်လေ့ဖြစ်ထရှိတာမျိုးလေ။ အာဏာရှင်တွေ ဒါမှမဟုတ် အာဏာရှင်တစ်ပိုင်းအုပ်ချုပ်သူတွေထဲမှာ ယာရှဖစ်ကီးလိုလူမျိုး တော်တော်ရှားမယ်ထင်တယ်။

*စားပွဲပိုင်းဆွေးနွေးပွဲတွေကိုဝင်မယ်လုပ်တော့ ကွန်မြူနစ်ပါတီရဲ့မဟာဗျူဟာက ဘာလဲ။*

ခွာညဲ့ပ်စကီ။ ။ တော်တော်ရိုးစင်းတဲ့မဟာဗျူဟာပါ။ အတိုက်အခံကို ဖိတ်ခေါ်မယ်၊ ပြီးရင် အာဏာနဲ့တာဝန်ယူမှုကို ခွဲဝေမယ်ဆိုတဲ့မဟာဗျူဟာပေါ့။ အစတုန်းကတော့ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်က လေးနှစ်ထက်မနည်း ကြာလိမ့်မယ်လို့ကျွန်တော်တို့ထင်ထားခဲ့တာမှားတာပေါ့။ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ၁၉၈၉ ခုနှစ်မှာ ရွေးကောက်ပွဲလုပ်ရမှာ။ ၁၉၈၉ ခုနှစ်ရွေးကောက်ပွဲက တင်းပြည့်ကျပ်ပြည့်တော့ ဒီမိုကရေစီမဆန်ဘူး။ လွှတ်တော်မှာ အတိုက်အခံအတွက် ကိုယ်စားလှယ်နေရာ ၃၅ ရာခိုင်နှုန်းပေးပြီး ကွန်မြူနစ်ပါတီနဲ့သူ့မဟာမိတ်တွေအတွက် ကိုယ်စားလှယ်နေရာ ၆၅ ရာခိုင်နှုန်းပေးဖို့ဆိုပြီး တွက်ထားတာပေါ့။ ပြီးရင် သမ္မတရွေးကောက်ပွဲလာမယ်။ (ကျွန်တော်တို့ဒါကို တရားဝင်မဆွေးနွေးပေမယ့်) အသွင်ကူးပြောင်းမှုကာလမှာ သမ္မတလောင်းဟာ ယာရှဖစ်ကီဖြစ်ရလိမ့်မယ်လို့တော့ အစကတည်းက လူတိုင်းအပိုင်တွက်ထားကြတယ်။ ကျွန်တော်က လွှတ်တော်ရဲ့အောက်မှာ ဒုတိယလွှတ်တော် တစ်ရပ်ဖြစ်တဲ့ အထက်လွှတ်တော်ကိုဖွဲ့စည်းဖို့အယူအဆကိုတင်ပြခဲ့တယ်။ အပြည့်အဝ ဒီမိုကရေစီ

မဆန်ဘဲ ရွေးကောက်တင်မြှောက်တဲ့လွှတ်တော်တစ်ရပ်ပဲ သူတို့လက်ခံနိုင်တာကြောင့် အထက်လွှတ်တော်ထပ်ပြီး ဖွဲ့စည်းဖို့ကို အတိုက်အခံက အကြောက်အကန်ကန့်ကွက်ကြတယ်။ သို့သော် အဲဒီလိုအပြည့်အဝ ဒီမိုကရေစီမကျတဲ့လွှတ်တော်ရွေးကောက်ပွဲ ဘယ်နှစ်ခုများသူတို့ လက်ခံနိုင်မှာမို့လို့လဲ။ ဒီတော့ အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲဟာ အပြည့်အဝဒီမိုကရေစီဆန်တဲ့ရွေးကောက်ပွဲကျင်းပဖို့ဆိုပြီး ကျွန်တော်အဆိုပြုလိုက်တော့ လက်ခံကြတယ်။ အတိုက်အခံခေါင်းဆောင်တွေရော ကျွန်တော်လုပ်ဖော်ကိုင်ဖက်တွေရောက အထက်လွှတ်တော်ရွေးကောက်ပွဲကျင်းပမယ်လို့လက်ခံလိုက်တာကို အံ့အားသင့်သွားတယ်။ ဒါပေမယ့် တိုင်းပြည်ကိုနှစ်ပေါင်း ၅၀ နီးပါးအုပ်ချုပ်ခဲ့တဲ့ ပါတီဟာ အထက်လွှတ်တော်အတွက် လုံးဝလွှတ်လပ်တဲ့ရွေးကောက်ပွဲအတွက် အသင့်ဖြစ်နေသင့်တယ်လို့ကျွန်တော်သူတို့ကိုရှင်းပြလိုက်တယ်။အထက်လွှတ်တော်အမတ်တွေဟာ ရာနှုန်းပြည့် အတိုက်အခံဘက်ကချည့်ဖြစ်နေရင်တောင် ယာရှုဇစ်ကီးကို သမ္မတအဖြစ်တင်မြှောက်ဖို့ အတိုင်းအတာတစ်ခုအထိတော့ အများစုမဲကရှိနေမှာပဲ။ ကျွန်တော့်တင်ပြချက်က နိုင်ငံရေးပြိုလုံးပါသွားတယ်။ ကျွန်တော့် 'ဒီမယ် ဒီလိုဘာမဟုတ်တဲ့ အတွေ့အကြုံလေးကိုတောင် ဒီပါတီက တာဝန်ယူမဆောင်ရွက်နိုင်ဘူးဆိုရင် နိုင်ငံရေးပါတီ မဟုတ်တော့ဘူးဆိုတဲ့သဘောပဲ။ ဒါဆိုရင်တော့ ကျွန်တော်တို့ပါတီဟာ ဘာမှ ဖြစ်မြောက်အောင်လုပ် နိုင်စွမ်းမရှိဘူးဆိုတာ ဝန်ခံရတော့မှာပဲ။ ဒါဖြင့် တိုင်းပြည်ကိုအုပ်ချုပ်ဖို့ အသင့်ပဲလို့ ကျွန်တော်တို့ပြောနိုင်ပါဦးမလား။ ကျွန်တော်တို့က ရွေးကောက်ပွဲကိုအတွေ့အကြုံယူဖို့ စိတ်မဝင်စားကြတော့ဘူးလား။' လို့ပြောလိုက်တယ်။ ကျွန်တော်ကတအားအဆိုးမြင်နေတာတော့မဟုတ်ဘူး။ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ကွန်မြူနစ်ပါတီက အနည်းဆုံး ၃၀နဲ့ ၃၅နေရာတော့ရမှာပဲလို့ကျွန်တော်တွက်ထားတယ်။ အထက်လွှတ်တော်ရွေးကောက်ပွဲက လွတ်လပ်သည့်တိုင် ယာရှုဇစ်ကီက သမ္မတဖြစ်နေရင် လွှတ်တော်ကိုကိုယ်စားလှယ်နေရာအများစုကို ကျွန်တော်တို့ရနေဦးမှာပဲ။ နောက်တစ်ဆင့် (နောက်လေးနှစ်ကြာရင် လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပရေး) အတွက် ကျွန်တော်တို့လွှတ်တော်ထဲကနေ အလုပ်လုပ်နိုင်မှာပဲပေါ့။

ဖွန်လရွေးကောက်ပွဲလဲပြီးရော အခြေအနေတွေအားလုံးပြောင်းသွားတယ်။ အတိုက်အခံက အများစုထောက်ခံမှုရသွားတဲ့ ရွေးကောက်ပွဲရလဒ်တွေကို မျက်ကွယ်ပြုလို့မဖြစ်ဘူး။ ဒီတစ်ကြိမ်မှာလည်း ယာရှုဇစကီက အတော်တာဝန်ယူမှုရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပါတီထဲမှာ အထူးသဖြင့် ကျောင်းတော်နဲ့အဆက်ရှိတဲ့ အုပ်စုလေးတွေအပါအဝင် ကွန်မြူနစ်ပါတီနဲ့ညွှန့်ပေါင်းပါတီတွေက ရွေးကောက်ပွဲတရားမဝင်ဘူး၊ မခိုင်လုံဘူးလို့ကြေညာဖို့ ယာရှုဇစ်ကီးကို ဖိအားပေးကြတယ်။ သူကမကြေညာဘူးပဲ။ ရွေးကောက်ပွဲရလဒ်ကိုလက်ခံရမှာပဲလို့သူကပြောတယ်။ ဒီရလဒ်ဟာ ကွန်မြူနစ်ပါတီအတွက် ရလဒ်ကောင်းမဟုတ်တာကြောင့် အနာဂတ်အတွက် နောက်ထပ်ပြဿနာဖြေရှင်းမှုတွေကို စဉ်းစားကြဖို့လိုပြီလို့ သူကပြောခဲ့တယ်။ ရွေးကောက်ပွဲက အသွင်ကူပြောင်းမှုဖြစ်စဉ်ကို အရှိန်မြှင့်ပေးလိုက်တယ်။ သို့သော်

ဒီလိုအခြေအနေမျိုးက ဘယ်နည်းနဲ့မဆို သူ့အချိန်အခါနဲ့ ဖြစ်လာမှာပဲ။ (ရှောင်လွှဲလို့ရနိုင်မှာ မဟုတ်ဘူး)

## အသွင်ကူးပြောင်းမှုဖြစ်ထွန်းအောင်လုပ်ရာတွင် အာဏာရှင်ခေါင်းဆောင်များ၏အခန်းကဏ္ဍ

*ဒီမိုကရေစီကိုရအောင်လုပ်ရာမှာ အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်ဖို့ တစ်သက်လုံးဒီမိုကရေစီလိုလားသူဖြစ်စရာမလိုပါဘူးဆိုတာကို ဗိုလ်ချုပ်ကြီး ယာရှဲစစ်ကီးက နမူနာကောင်းပြလိုက်တယ်လို့ပြောရင် ခင်ဗျားလက်ခံမလား။*

ခွာညွှဲ့ပ်စကီ။ ။လက်ခံတာပေါ့ဗျ။ ဆိုဗီယက်အုပ်စုဝင်နိုင်ငံတွေအားလုံးထဲက နိုင်ငံခေါင်းဆောင်တွေကို ကြည့်လိုက်ရင် ယာရှဲစစ်ကီးက လိမ္မာပါးနပ်သူ၊ ပညာတတ်၊ မွန်ရည်ပြီး ဂုဏ်သရေရှိတဲ့သူဆိုတာ ထင်းနေတာပဲ။ သူက တော်တော်ကိုလက်တွေ့ကျကျလုပ်ကိုင်တတ်တယ်။ ဒိုင်ယာလော့ဂ်နဲ့အပြောင်းအလဲမရှိဘူးဆိုရင် စီးပွားရေးအတွက် ဘာမှလုပ်ပေးဖို့အခွင့်အရေးရမှာမဟုတ်ဘူးလို့ သူပြောခဲ့တယ်။ အတိုက်အခံရဲ့အမြင်တွေကိုလက်ခံ ပေါင်းစပ်ဖို့ ဘယ်လိုမှ အခွင့်အရေးရမှာမဟုတ်ဘူးလို့သူပြောခဲ့တယ်။ နောက်ထပ်အရေးကြီးတဲ့အကြောင်းအချက်တစ်ခုကတော့ ဂေါ်ဘာချော့ဗ်မှဂေါ်ဘာချော့ဗ်ပဲ။ သူနဲ့ယာရှကော့ဗ်စကီးက တော်တော်ကြီးကို အနီးကပ်ဆက်ဆံရေးကောင်းရှိကြတယ်။သူတို့နှစ်ယောက်ကြား ခင်မင်ရင်းနှီးမှုကအင်မတန်ကောင်းတယ်။ ဆိုတော့ကာ ယာရှဲစစ်ကီးနဲ့ပိုလန်က ဂေါ်ဘာချော့ဗ်အတွက်တော့ ဘယ်လိုအလုပ်ဖြစ်တဲ့စမ်းသပ်မှုတွေလုပ်နိုင်မလဲဆိုတာကို လုပ်ကြည့်လို့ရတဲ့ ဓာတ်ခွဲခန်းပဲလို့ကျွန်တော်ထင်ပါတယ်။

ယာရှဲစစ်ကီးဘဝက နိမ့်မြင့်တက်ကျတွေအများကြီးနဲ့ပါ။ ဆွေကြီးမျိုးကြီးမိသားစုက မွေးလာတဲ့သူ။ ဒုတိယကမ္ဘာစစ်မတိုင်မီ သူတက်ခဲ့တဲ့ကောင်းတွေက ကက်သိုလစ်ကျောင်းတွေ။ ဒီဝါဆောမြို့တော်က မာရီရန်းနော့ဗ် ကက်သိုလစ်စာသင်ကျောင်းမှာလည်းသူတက်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ သူ့အဖေကွယ်လွန်သွားတယ်။ ဆိုဗီယက်ပြည်ထောင်စုက ပိုလန်ကို ဝင်တိုက်တော့ သူတို့မိသားစုကို ဆိုက်ဘေးရီးယားကိုနယ်နှင်လိုက်တာဆိုတော့ ဆိုဗီယက်ပြည်ထောင်စု တစ်နေရာမှာသူကွယ်လွန်သွားတာပဲ။ စစ်အတွင်းမှာ ယာရှဲစစ်ကီးက ဆိုဗီယက်မှာပဲနေခဲ့ရတယ်။ နောက်တော့ ပိုလန်စစ်တပ်ထဲဝင်တယ်။ ပိုလန်စစ်တပ်ဆိုတာ ကွန်မြူနစ်အစိုးရ နဲ့အချိတ်အဆက်ရှိတယ်။ နောက်တော့ သူဗိုလ်ချုပ်ကြီးဖြစ်လာတယ်။ ကာကွယ်ရေးဝန်ကြီးဖြစ်လာတယ်။ ပြီးတော့ ဝန်ကြီးချုပ်ပေါ့။

လူတိုင်းအမှားနဲ့မကင်းပါဘူး။ သူလည်းအမှားတွေလုပ်ခဲ့တာအများကြီးပဲ။ သူ့ဘဝမှာ အခွင့်အရေးကိုချောင်းနေခဲ့တာတွေ အများကြီးပဲ။ သို့သော်ကျွန်တော်အထူးအလေးထားပြောချင်တဲ့အချက်ကတော့ မျိုးချစ်စိတ်ဓာတ်ပြင်းထန်တာပဲ။ ပိုလန်နိုင်ငံတော်အတွက် သူ့ရင်ထဲမှာ

ကိန်းအောင်းနေတဲ့ပြည်ချစ်စိတ်ရှိတယ်။ သူလုပ်သမျှ အရာတိုင်းကို တာဝန်ယူစိတ်ရှိတာ၊ မျိုးချစ်စိတ်ဓာတ်ရှိတာတွေက ကျွန်တော့်အမြင်ပြောရရင် သူ့အတွက် သူ့ဆုံးဖြတ်ချက်တွေ အတွက် သိပ်အရေးပါတယ်။ အထူးသဖြင့် သူ့အစိုးရသက်တမ်းနောက်ဆုံးအချိန်မှာ လုပ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေအတွက် သိပ်အရေးပါတယ်။ ၁၉၈၉ ခုနှစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ကနေ ထောက်ခံမဲ တစ်မဲအသာနဲ့ သမ္မတဖြစ်သွားတယ်။ နောက်တစ်နှစ်နေတော့ သူရာထူးကနုတ်ထွက်သွားတယ်။ သူ့ခေတ်ကုန်သွားပြီဆိုတာ ကောင်းကောင်းနားလည်တယ်။ အငြိမ်းချမ်းဆုံးနည်းလမ်းနဲ့ ပိုလန်သမ္မတအဖြစ်ကနေ သူနုတ်ထွက်သွားတယ်။ သူနုတ်ထွက်သွားလို့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကျင်းပလို့ရသွားတယ်။ ဗွယ်ဆာက နောက်တက်လာတဲ့ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရတယ်။ အဲဒီကာလတွေမှာ ယာရူဇဲစ်ကီးနဲ့အလုပ် လုပ်ခဲ့တဲ့သူတွေ ထဲက မာဇိုဗယ့်စကီးလိုလူကိုမေးကြည့်ရင် သူဟာတွဲလုပ်တဲ့သူတွေကိုတော်တော်သစ္စာရှိတဲ့လူ လို့ လူတိုင်းကပြောမှာပဲ။ စစ်တပ်ထဲမှာ၊ ကာကွယ်ရေးဝန်ကြီးဌာနမှာ သူတော်တော်သြဇာ ညောင်းနေသေးတာတောင်မှ သူ့သဘောနဲ့သူလုပ်ဖို့ မလျော်သြဇာမသုံးခဲ့ဘူး။ အသစ်တက်လာတဲ့ ဝန်ကြီးချုပ်နဲ့ သမ္မတဗွယ်ဆာအပေါ် သိပ်ကိုသစ္စာစောင့်သိခဲ့တယ်။ နောက်ပြီးဒါဟာသူ့နိုင်ငံရေးသမားဘဝဇာတ်သိမ်းခန်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်နှစ်နေတော့ သူရာထူးကနုတ်ထွက်လိုက်တယ်။ အာဏာရှင်တစ်ယောက်အဖြစ် နိုင်ငံရေးသမားဘဝစခဲ့ပြီး အရမ်းကို ဒီမိုကရေစီလိုလားတဲ့ နိုင်ငံရေးသုခမိန်အဖြစ် သူအဆုံးသတ်ခဲ့တယ်လေ။

## နိုင်ငံရေးပါတီသစ်များတည်ထောင်ခြင်း

*ပါတီဟောင်းကထွက် ပါတီသစ်ထောင်ပြီး နိုင်ငံရေးဆက်လုပ်သင့်တယ်လို့ ခင်ဗျား ဘာကြောင့်ဆုံးဖြတ်ခဲ့သလဲ။*

ခွာညွှဲပ်စကီ။ ။ပိုလန်ကွန်မြူနစ်ပါတီက သမိုင်းမှာကျန်ခဲ့ပြီလို့ကျွန်တော်မြင်တာကြောင့် ပါတီသစ်ထောင်ဖို့ ဆုံးဖြတ်ခဲ့တာပဲ။ ဒီမိုကရေစီဥပဒေတွေမရှိပဲ ဖိနှိပ်အုပ်ချုပ်တဲ့စနစ်မှာ ကွန်မြူနစ်ပါတီရှိခဲ့တာ။ ဒီပါတီနဲ့ (ပါတီရဲ့တွေးပုံခေါ်ပုံ) က လုံးဝကို အလုပ်မဖြစ်တော့ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီမိုကရေစီရနေပြီဖြစ်တဲ့ခေတ်မှာ လက်မခံနိုင်စရာဖြစ်သွားပြီ။ အသစ်ထောင်တဲ့ ပိုလန်ဆိုရှယ်ဒီမိုကရက်ပါတီ (SdRP) ကနေ ပထမဆုံးထုတ်ပြန်ကြေညာချက်တစ်ခုမှာ ကျွန်တော်တို့ကိုထောက်ခံမှုနဲ့အချိုးကျတဲ့ နိုင်ငံရေးအရသက်ရောက်မှုရှိဖို့လိုလားတယ်၊ ဒီမိုကရေစီရဲ့ဥပဒေသတွေကို လေးစားတယ်ဆိုတာပါခဲ့တယ်။ ကျွန်တော်တို့ထောက်ခံမဲ ၅ ရာခိုင်နှုန်းပဲရရင် ကျွန်တော် တို့ ၅ ရာခိုင်နှုန်းဝင်လုပ်ကြရမှာပဲ။ ၅၅ ရာခိုင်နှုန်းရရင် ကျွန်တော်တို့ကိုယ်စားလှယ်အများစုရသွားပြီဖြစ်လို့ တိုင်းပြည်အတွက်ကျွန်တော်တို့မှာတာဝန်ရှိသွားပြီ။

ပထမဆုံး ကျွန်တော်ဖွဲ့ခဲ့တဲ့ ညွှန့်ပေါင်းက ဝိုချီမိဂျော်ရှဝစ်ရ် [၁၉၉၀ ရွေးကောက်ပွဲဝင် သမ္မတလောင်း၊ ဝန်ကြီးချုပ် (၁၉၉၆-၉၇)] နဲ့ လက်ဝဲဒီမိုကရက်ညွှန့်ပေါင်းအဖွဲ့ (SLD)။ ဒီ

ညွှန့်ပေါင်းပါတီဟာ ပိုလန်ဆိုရှယ်ဒီမိုကရက်ပါတီညွှန့်ပေါင်းအဖွဲ့ရဲ့ အစိတ်အပိုင်းဖြစ်လာတယ်။ (ဆိုရှယ်ဒီမိုကရက်ပါတီသည် တစ်ခုတည်းသော ကွန်မြူနစ်ခေတ်လွန် အစဉ်အလာကြီးပါတီ ဖြစ်လာသည်) ဒီ ၃၂ နှစ်တာကာလအတွင်းမှာ ဒီမိုကရေစီကိုပြဿနာတက်အောင် ဘယ်တုန်း ကမှမလုပ်ခဲ့တာကို ကျွန်တော်ဂုဏ်ယူမိတယ်။ ဒီပါတီဟာ ဒီမိုကရေစီအလိုလားဆုံးနဲ့ အသန့် ရှင်းဆုံးပါတီတစ်ခုပဲ။ ဒီမိုကရေစီရဲ့ကြန်အင်လက္ခဏာတွေအားလုံးကို ဒီပါတီကအပြည့်အဝ လက်ခံခဲ့တယ်။

*စေ့စပ်ဆွေးနွေးမှုတွေစတင်ချိန်မှာ ပါတီသစ်ထောင်မှရမယ်လို့ ခင်ဗျားမျှော်မှန်းခဲ့သလား။*

ခွာညဲ့ပ်စကီ။ ။ဟာ မမျှော်မှန်းပါဘူး။ စေ့စပ်ဆွေးနွေးမှုတွေလုပ်တဲ့ကာလမှာ ပါတီသစ် တွေထောင်ဖို့ ဘယ်သူမှမဟပါဘူး။ စေ့စပ်ဆွေးနွေးမှုလုပ်ငန်းစဉ်က အရမ်းသိမ်မွေ့တာကိုးဗျ။ ကျွန်တော်တို့က စေ့စပ်ညှိနှိုင်းရေးသမားကောင်းတွေလေ။ ပရောဟိတ်တွေမှမဟုတ်တာ။ ဆိုဗီ ယက်ပြည်ထောင်စုကျဆုံးသွားမယ်ဆိုတာကို ကျွန်တော်တို့ထဲကတစ်ယောက်မှ ဟောကိန်း မထုတ်နိုင်ခဲ့ဘူး။ ဂျာမနီနှစ်နိုင်ငံပြန်ပေါင်းမယ်၊ ပိုလန်ကွန်မြူနစ်ပါတီဖျက်သိမ်းလိုက်ရမယ်လို့ ဘယ်သူမှ ဟောကိန်းမထုတ်နိုင်ခဲ့ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အဲဒီလိုဟောကိန်းမ ထုတ်နိုင်တာကပဲ ခပ်ကောင်းကောင်းပြောရမယ်။ ဒီလိုမျိုးစေ့စပ်ဆွေးနွေးမှုတွေလုပ်နေတုန်း ကျွန်တော်မှာ မျှော်မှန်းချက်တွေတအားများနေရင် အလုပ်ဖြစ်မှာမဟုတ်ဘူး။ အပြောင်းအလဲက ဘာများအဓိပ္ပာယ်ရှိတော့မှာလဲဗျာ။

ဂျာမနီနိုင်ငံပြန်လည်ပေါင်းစည်းမှုကို ကျွန်တော်တို့မဆွေးနွေးမိခဲ့လို့ တော်သေးတယ်။ ပိုလန်ရဲ့နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်ကိုဘယ်လိုပြောင်းလဲကြမလဲပဲ ကျွန်တော်တို့ဆွေးနွေး ခဲ့ကြတာဗျ။ အတိုက်အခံတွေနဲ့ အရမ်းကိုကြာညောင်းပြီး ခြေကုန်လက်ပမ်းကျအောင်ဆွေးနွေး ရတဲ့တစ်ခေါက်တုန်းကပေါ့။ ကျွန်တော်ကနေ 'ဒီမယ်၊ အာဏာရဖို့တစ်ဖက်နဲ့တစ်ဖက်တိုက်ရ ခိုက်ရတာ မလွယ်ဘူးဆိုတာကျွန်တော်နားလည်တယ်။ ဒါပေမယ့် အာဏာကို စွန့်လွှတ်ဖို့ကျ တော့ ဘာလို့များဒီလောက်ထိခက်နေရတာတုန်း'လို့ အတိုက်အခံတွေကိုပြောခဲ့တယ်။ ကွန်မြူ နစ်ပါတီနဲ့ အတိုက်အခံဒိုင်ယာလော့လုပ်တယ်ဆိုတာ အာဏာနဲ့တာဝန်ယူမှုတွေတော့ခွဲဝေရ မယ်ဆိုတဲ့သဘောပဲလို့ ကျွန်တော်ကောင်းကောင်းသိထားတယ်။ အတိုက်အခံက နိုင်ငံရေးမှာ ဝင်လာတယ်။ ဒါအရေးကြီးတယ်။ ၁၉၈၉ ဖွန်လရွေးကောက်ပွဲမှာ Solidarity က အပြတ်အသတ် နိုင်သွားတယ်။ အထက်လွှတ်တော်က ကိုယ်စားလှယ်နေရာ ၁၀၀ မှာ ၉၉ နေရာနိုင်သွားတယ်။ ပိုလန်ကွန်မြူနစ်ပါတီဟာသမိုင်းမှာကျန်ခဲ့ပြီ၊ ဒီမိုကရေစီခေတ် ပိုလန်နိုင်ငံသစ်မှာ ထိရောက် ပီပြင်တဲ့ လေးစားခံရတဲ့အင်အားစုမဖြစ်နိုင်တော့ဘူးဆိုတာ ရွေးကောက်ပွဲရလဒ်ကပြလိုက်တာ ပဲဗျ။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု

၁၉၈၉ ရွေးကောက်ပွဲနောက်ပိုင်းကာလက ကျွန်တော်တို့အတွက် အရေးအပါဆုံး အောင်မြင်မှုပဲ။ တာဒဲဝုရ် မာဇိဇယ့်စကီ [ပထမဆုံးကွန်မြူနစ်မဟုတ်သော ဝန်ကြီးချုပ် (၁၉၈၉-၉၁)] အစိုးရက တကယ်တမ်းပြောရရင် ညွှန့်ပေါင်းအစိုးရပဲ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးပါတီအားလုံးက ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမှာ ထိုင်နေကြတာကိုး။ ၁၉၈၉ ခုနှစ်မှာ ရွေးကောက်တင်မြှောက်မယ့် ဒီလွှတ်တော်ဟာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီ ရွေးကောက်ပွဲက ပေါ်လာတဲ့ လွှတ်တော်မဟုတ်ဘူး။ ဒါပေမယ့် ဒီပြုပြင်ပြောင်းလဲမှုတွေအားလုံးကိုလုပ်ဖို့ အင်မတန်မှကို တစိုက်မတ်မတ်လုပ်ခဲ့တယ်။ ကိစ္စရပ်တိုင်းမှာ သူ့ရဲ့ချဉ်းကပ်မှုဟာ အတိုက်အခံ ကိုယ်စားလှယ်တွေရော အနိုင်ရပါတီကိုယ်စားလှယ်တွေပါ ညီညီညွတ်ညွတ် အလုပ်လုပ်ခဲ့ကြတယ်။

အသွင်ကူးပြောင်းမှုရဲ့ အပြုသဘောအခြေအနေ၊ မျှော်လင့်ချက်နဲ့ အပြုသဘော မျှော်လင့်တောင့်တမှုတွေ ဝုန်းကနဲပေါ်လာတာကို စီးပွားရေး 'ရှော့ရိုက်ကုထုံး' အကောင်အထည်ဖော်ရာမှာ မာဇိယဲ့ဝ်စကီနဲ့ ဘားတဲလ်ရောဝိရ်ရဲ့အစိုးရကအသုံးချခဲ့တယ်။ ရှော့ရိုက်ကုထုံးဆိုတာ စီးပွားရေးနယ်ပယ်မှာ အင်မတန်တွန်းတွန်းတိုက် တိုက်လုပ်ရတဲ့အစီအမံတွေဆိုတော့ ငွေပင်ငွေရင်းဆုံးတဲ့သူကဆုံး နေရာတော်တော်များများမှာ အလုပ်တွေပြုတ်ဖြစ်ကုန်ကြတယ်။ စက်ရုံကြီးတွေတော်တော်များများကို ကျွန်တော်တို့ပိတ်ပစ်လိုက်ရတယ်။ အလုပ်လက်မဲ့က အရမ်းများလာတယ်။ သို့သော် ရှော့ရိုက်ကုထုံးလုပ်ချင်လို့ရှိရင် ချိန်ဆတတ်မှရမယ်။ မချိန်ဆတတ်ရင် ရှော့ရိုက်ကုထုံးက အောင်မြင်မှာမဟုတ်ဘူး။ ရှော့ရိုက်ကုထုံးအစီအမံတွေကို ဒီမိုကရေစီစနစ်ပြန်ကျင့်သုံးလို့ နှစ်နှစ်ကနေ သုံးနှစ်ရှိတဲ့ခါ တစ်ချို့နိုင်ငံတွေမှာအကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ကြတယ်။ ဒါပေမယ့် ပိုလန်မှာတုန်းကကျတော့ အရမ်းနောက်ကျသွားပြီ။ ပြည်သူတွေက အရမ်းစိတ်အားထက်သန်မှုမရှိတော့ဘူး။ ပေးဆပ်ဖို့အသင့်မဖြစ်ကြတော့ဘူး။

အရေးကြီးတဲ့ လူမှုရေးအကြောင်းအချက်တွေလည်းရှိခဲ့တယ်။ အသစ်ဖြစ်ပေါ်လာတဲ့ အခြေအနေမှာ ပိုလန်လူမျိုးတွေရဲ့စွန်ဦးတီထွင်စိတ်ဓာတ်အရမ်းအားကောင်းတာကို မြင်လိုက်ရတာ ကျွန်တော်တို့တောင်အံ့သြသွားတယ်။ တကယ်မယုံနိုင်စရာပါပဲ။ အဲဒီအချိန်တုန်းက ပိုလန်ဟာ ဥရောပမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကို အားပေးမှုအရှိဆုံးလူ့အဖွဲ့အစည်းတစ်ခုပဲ။ ကျွန်တော်တို့မှာ အသေးစားနဲ့အလတ်စားလုပ်ငန်း ၂ သန်းမှာ အလုပ်လုပ်နေတဲ့သူက ၇ သန်းကနေ ၈ သန်းအထိရှိတယ်။ ဒီလုပ်ငန်းတွေက အခြေအနေနဲ့လိုက်လျောညီထွေ ဖြစ်အောင်လုပ်တတ်ကြတယ်။ ဒီလိုလုပ်တတ်လို့ပဲ တလောက ဘဏ္ဍာရေးအကျပ်အတည်းမှာ အခြေအနေကို ပီပိုပြင်ပြင်ထိန်းကွပ်နိုင်ခဲ့တာပဲ။ တိုင်းပြည်မှာကုမ္ပဏီကြီး သုံးလေးခုရှိတယ်၊ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ခင်ဗျားမှာ ပြဿနာရှိတယ်ဆိုရင် အခြေအနေကိုထိန်းကွပ်ဖို့ အစိုးရအတွက်ခက်တယ်။ တိုင်းပြည်မှာ ကုမ္ပဏီလေးတွေ ၂ သန်းလောက်ရှိတယ်ဆိုရင်

ခင်ဗျားအဲဒီလုပ်ငန်းတွေက ဘာတွေထုတ်လုပ်နေလဲမသိရင်တောင်မှ ဒီလုပ်ငန်းတွေက သူ့တို့ထုတ်တာကို စွဲအောင်ရောင်းလို့ရတဲ့ဈေးကွက်ကတော့ရှိတယ်။ တစ်နိုင်တစ်ပိုင် လုပ်ငန်လုပ်တဲ့ စွန့်ဦးတီထွင်သမားတွေများလာတာ ပိုလန်အတွက်အရမ်းကောင်းတယ်။

## ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း

အပြောင်းအလဲကိုနောက်ထပ်အကျိုးပြုခဲ့တာကတော့ ဗဟိုချုပ်ကိုင်မှုလျော့ချလိုက်တာပါ။ ကွန်မြူနစ်ခေတ်လွန် နိုင်ငံတော်တော်များများရဲ့တကယ့်အမှားတစ်ခုက ဗဟိုချုပ်ကိုင်မှု လုပ်ဖို့ပြဿနာတက်ကြတာပဲ။ စနစ်ပြောင်းဖို့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့တယ်။ ဒေသဆိုင်ရာ၊ ပြည်နယ်ဆိုင်ရာအာဏာပိုင်တွေကို လုပ်ပိုင်ခွင့်အာဏာတွေပိုပြီး ပေးအပ်ခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်မေလမှာ ပထမဆုံးဒီမိုကရေစီအပြည့်အဝရှိတဲ့ လွတ်လပ်သောရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ အဲဒီရွေးပွဲအပြီး ၁၁ လအကြာမှာ အနည်းငယ်လွတ်လပ်တဲ့ ပိုလန်လွှတ်တော်ရွေးကောက်ပွဲကျင်းပပေးခဲ့တယ်။ ဒီတော့ ၁၉၉၀ ပြည့်နှစ် မေလမှာ ပိုလန်နိုင်ငံဟာ ပြည်နယ်နဲ့ တိုင်း၊ ခရိုင်တွေအတွက် လုပ်ပိုင်ခွင့်အာဏာအသစ်၊ ဘက်ဂျက်အသစ်နဲ့ ဗဟိုချုပ်ကိုင်မှု အာဏာကို အရင်ထက်ပိုပြီးခွဲဝေထားတဲ့ တိုင်းပြည်တစ်ခုဖြစ်နေပြီ။

ဗဟိုချုပ်ကိုင်မှုလျော့ချလိုက်လို့ဖြစ်လာတဲ့ သက်ရောက်မှုကဘာလဲ။ ပထမဆုံးက ဒေသဆိုင်ရာအဆင့်မှာ လုပ်အားကိုင်အားပိုရှိလာတယ်။ လုပ်ချင်ကိုင်ချင်တဲ့သူတွေအတွက် လုပ်နိုင်ကိုင်နိုင်သွားတာကိုး။ သူတို့မှာအထောက်အကူပြုလုပ်ငန်းတွေရှိသွားတယ်။ရန်ပုံငွေတွေရှိသွားတယ်။ ဒုတိယအချက်က ဒေသဆိုင်ရာခေါင်းဆောင်တွေကို ပြည်သူ့ရွေးကောက်တင်မြှောက်ခွင့်ရသွားတယ်။ သက်ဆိုင်ရာမြို့နယ်က ရပ်မိရပ်ဖတွေ၊ လူသိများထင်ရှားတဲ့သူတွေကိုရွေးကောက်တင်မြှောက်ခွင့်ရသွားတာပေါ့။ သူတို့မှာကိုယ်တင်မြှောက်တဲ့မြို့တော်ဝန်တို့၊ ကောင်စီခေါင်းဆောင်တို့ရှိလာတယ်။ အဂတိလိုက်စားမှုပြဿနာတွေနဲ့ပတ်သက်ပြီးတော့လည်း ပိုပြီးထိန်းချုပ်လာနိုင်တယ်။ အဂတိလိုက်စားမှုဟာ နေရာတိုင်းမှာရှိတဲ့ပြဿနာဆိုတာမှန်ပါတယ်။ သို့သော် ဗဟိုချုပ်ကိုင်မှုမရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံရှိလာပြီဆိုရင် အဂတိလိုက်စားမှုကိုထိန်းချုပ်ရတာပိုလွယ်သွားတယ်။ အုပ်ချုပ်ရေးယန္တရားက အရင်ကလို မဟုတ်တော့ဘူးဆိုတာ ပထမဆုံးထည့်ပြောရမယ်။ ဆုံးဖြတ်ချက်တစ်ခုချဖို့ဆိုရင် ရုံးတွေတစ်ရုံးပြီးတစ်ရုံး၊ ဝန်ထမ်းအကြီးအကဲအဆင့်ဆင့်ကိုဖြတ်ကျော်နေစရာ မလိုတော့ဘူး။ ဆုံးဖြတ်ချက်ချမှတ်မှုက ပြည်သူတွေ၊နိုင်ငံသားတွေနဲ့ပိုနီးကပ်သွားတယ်။ခိုင်မာတဲ့ဒေသဆိုင်ရာအသိုက်အဝန်းတွေရှိမယ်ဆိုရင် အဲဒီ ဒေသတွေက အာဏာပိုင်တွေဘာလုပ်နေကြသလဲဆိုတာ လေ့လာစောင့်ကြည့်လို့ရတယ်။ မြို့တော်ဝန်က ဒီနှစ်မှာ တစ်ပတ်ရစ်ကားလေးစီးနေရာက နောက်နှစ်ကျတော့ အရမ်းလန်းတဲ့ကားပြောင်းစီးတယ်ဆိုရင် လွယ်လွယ်နဲ့သိနိုင်တယ်။ ဒါကအရိုးရှင်းဆုံးဖြစ်အောင်ပြောပြတာပါ။ သို့သော်အခုပြောပြတာ အစိုးရယန္တရားအလုပ်လုပ်ပုံကို နားလည်အောင်ရှင်းပြနိုင်တယ်။

## အပြောင်းအလဲအတွက် သဘောတူမျှမှု

ပိုလန်ရဲ့အောင်မြင်မှုရခြင်းရဲ့အကြောင်းအရင်းတွေကိုစာရင်းချကြည့်မယ်ဆိုရင် ကနဦးနှစ် ၂၀ မှာ ပိုလန်နိုင်ငံရေးရဲ့မဟာဗျူဟာမြောက်အဓိက အကြောင်းရင်းတွေနဲ့ပတ်သက်ပြီး သိပ်ကိုကျယ်ပြန့်တဲ့နိုင်ငံရေးဆိုင်ရာ သဘောတူမျှမှုကိုရှာတွေ့သွားခဲ့တယ်။ အဲဒီအကြောင်းရင်းတွေထဲမှာ ၁၉၈၉-၉၁ ခုနှစ်ဒီမိုကရေစီအပြောင်းအလဲများ၊ ဘားတဲလ် ရောပိရှ် စီမံကိန်း၊ ကျွန်တော်တို့နိုင်ငံနေတိုးအဖွဲ့ဝင်ဖြစ်လာတာတွေပါတယ်။ နေတိုးအဖွဲ့ဝင်ဖြစ်လာခြင်းဟာ ပိုလန်နိုင်ငံလုံခြုံရေးအတွက်အရေးကြီးတယ်။ ၁၉၉၇ ခုနှစ်မှာ လူထုဆန္ဒခံယူပွဲကျင်းပပြီးပြဋ္ဌာန်းခဲ့တဲ့ အခြေခံဥပဒေအတွက် ကျယ်ကျယ်ပြန့်ပြန့် သဘောတူမျှမှုရရှိခဲ့တယ်။ နောက်ဆုံးမှာ အီးယူအဖွဲ့ဝင်ဖြစ်လာရေး လူထုဆန္ဒခံယူပွဲမှာ ထောက်ခံမဲ ၇၅ ရာခိုင်နှုန်းကျော်နဲ့ အဖွဲ့ဝင်ဖြစ်ရေး ဘက်ကနိုင်သွားခဲ့တယ်။ အဲဒီ ဆန္ဒခံယူပွဲဟာ သဘောတူမျှမှုနဲ့ အတိုက်အခံ၊ အစိုးရနှစ်ဖက် စလုံးပူးပေါင်းဆောင်ရွက်မှုမျိုး နောက်ဆုံးအကြိမ်ရခဲ့တာလို့ပြောရမလားပဲ။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု

*အသွင်ကူးပြောင်းမှုမှန်သမျှမှာ နိုင်ငံရေးအင်အားစုက ဦးဆောင်ကြတယ်။ အသွင်ကူးပြောင်းမှုရဲ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအပေါ် မူဝါဒတွေရဲ့သက်ရောက်မှုကိုကြည့်ပြီး စီးပွားရေးမူဝါဒတွေကိုဆုံးဖြတ်ကြတယ်။ တချို့နိုင်ငံတွေမှာကျတော့ အသွင်ကူးပြောင်းမှုကိုပြည်သူတွေကတုံ့ပြန်မှုကိုရှောင်ရှားလိုတာကြောင့် စီးပွားရေးအပြောင်းအလဲတွေကိုတဖြည်းဖြည်းလုပ်ကြတယ်။ ပိုလန်မှာ ရှော့ရိုက်ကုထုံးကိုသုံးခဲ့တယ်။ ဘာကြောင့်များ ရှော့ရိုက်ကုထုံးကိုရွေးခဲ့ရတာလဲ။*

ခွာညဲ့ဝ်စကီ။ ။ ချိန်သားကိုက်ဆောင်ရွက်ခြင်းက အရေးအကြီးဆုံးအချက်ဖြစ်ပါလိမ့်မယ်။ နေရာတကာမှာဖြစ်နေတဲ့ အခြေအနေတွေနဲ့ကိုက်ညီမယ့် အဖြေရယ်လို့တော့မရှိဘူးဆိုတာကို ထပ်ပြီးပြောကိုပြောရဦးမှာပဲ။ ကျူးဘား၊ မြန်မာနဲ့တခြားနိုင်ငံတွေအတွက် (ပြဿနာတွေကုစားဖို့ဆိုပြီး) ဆေးညွှန်းနှစ်ခု သုံးခုရှိတယ်ဆိုတာက ကောင်းတာပေါ့။ သို့သော် ဒါက မဖြစ်နိုင်ပါဘူး။ သို့သော် ပိုလန်ရဲ့ဖြစ်ရပ်ကိုခင်ဗျား ဆန်းစစ်လေ့လာချင်တယ်ဆိုရင် ကျွန်တော်တို့စီးပွားရေးအခြေအနေဟာ အရမ်းကိုဆိုးရွားနေတာကြောင့် အန္တရာယ်များတဲ့ဆုံးဖြတ်ချက်တွေ ချမိစေမယ့်အခွင့်က များသွားတော့တာပဲဆိုတာကို မမေ့ဖို့အရေးကြီးတယ်။ အလွန်အကျွံ ငွေကြေးဖောင်းပွမှုနဲ့ ကျွန်တော်တို့ရင်ဆိုင်နေရတယ်။ နိုင်ငံခြားကြွေးမြီတွေကလည်း အများကြီး။ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြုပြင်ပြောင်းလဲမှုတွေက ပိုမိုကောင်းမွန်လာတဲ့အခြေအနေကို ရှေ့ဆက်နိုင်ဖို့လမ်းဖွင့်ပေးခဲ့တယ်။ စီးပွားရေးအတွက် တစ်စုံတစ်ရာမဖြစ်မနေလုပ်မှုရတော့မယ်လို့ အစိုးရကဆုံးဖြတ်ခဲ့တာကြောင့် ကံသီသွားတယ်ပဲပြောရမယ်။ သူတို့က ခေါင်းဆောင်ကောင်းနဲ့နောက်လိုက်ကောင်းတွေဖြစ်တဲ့ ဘားတဲလ် ရောပိရှ်ရဲ့နဲ့သူ့လူတွေ တစ်အုပ်ကြီးကို

တွေ့သွားခဲ့တယ်။ ဘားတဲလ် ရောဗိရ်တို့လူစုဟာ အသိပညာရှိရှိ ပညာသည်ပီပီ စီးပွားရေး အခြေအနေကို ဆွဲတင်ဖို့အသင့်ရှိနေခဲ့ကြတယ်။ တခါတလေမှာ အရမ်းပြင်းထန်မယ့် ခွဲစိတ်ကုသမှုမျိုးလုပ်ကိုလုပ်မှရမယ်။ သို့သော် ဆရာဝန်ကောင်းတွေမရှိရင်တော့ ကိုယ်ကျိုးနည်းမယ့် ရလဒ်ပဲထွက်လာမှာ။ ပိုလန်မှာ 'ဆရာဝန်ကောင်း' တွေကိုကျွန်တော်တို့ရလိုက်တယ်။ ဆုံးဖြတ်ချက်အင်မတန်ပြတ်သားတဲ့ အထူးကုတွေပေါ့။ ဒီမိုကရေစီစနစ်ရဲ့ အစောပိုင်းလတွေမှာ နိုင်ငံရေးအခြေအနေဟာ အပြန်အလှန်နားလည်မှုတွေ အပြည့်အဝရှိနေတယ်။ ကွန်မြူနစ်ပါတီဟောင်းက ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမှာရှိတယ်။ နိုင်ငံရေးပတ်ဝန်းကျင်မှာ အနာဂတ်နဲ့ပတ်သက်ပြီး အခြေအနေရဲ့လိုအပ်ချက်ကို အပြည့်အဝနားလည်မှု၊ အပြည့်အဝ တာဝန်ယူမှုရှိနေတယ်။ အဲဒီအချိန်ကစပြီး ဒီမိုကရေစီအပြည့်အဝနဲ့ ရွေးကောက်တင်မြှောက်ခဲ့တဲ့ လွှတ်တော်ပေါင်းမနည်းတော့ဘူး။ သို့သော် ဘယ်လွှတ်တော်ကအကောင်းဆုံးလဲလို့ ခင်ဗျားလူတော်တော်များများကိုမေးမယ်ဆိုရင် ၁၉၈၉-၉၁ ခုနှစ်ကာလ လွှတ်တော်က ပဲလို့ပြောကြလိမ့်မယ်။ ပထမဆုံးနဲ့ ဒီမိုကရေစီအပြည့်မဝမရှိဘဲ ရွေးကောက်တင်မြှောက်ခဲ့တဲ့လွှတ်တော်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက နားလည်မှုနဲ့ ဇောက်ချလုပ်ကိုင်မှုအတွက် ထူးခြားတဲ့ စိတ်ဓာတ်ကိန်းအောင်းနေခဲ့တာကိုး။

နိုင်ငံရေးစနစ်မှာ အရေးကြီးတဲ့အပြောင်းအလဲတွေနဲ့ တော်တော်လေးခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကို စီးပွားရေးစနစ်နဲ့ပတ်သက်ပြီး ပေါင်းစပ်လိုက်တာက အစောပိုင်းနှစ်နှစ်မှာလုပ်လို့ရတယ်။ နောက်တော့ လုံးဝလုပ်လို့မရနိုင်တော့ဘူး။ ပထမဆုံး ဒီမိုကရေစီအပြည့်အဝရှိတဲ့ ၁၉၉၁ လွှတ်တော်ရွေးကောက်ပွဲမှာ (ကိုယ်စားလှယ်နေရာ အချိုးကျတင်မြှောက်ခွင့်ရရန် အနိမ့်ဆုံးမဲအရေအတွက်သတ်မှတ်ချက်) ၅ ရာခိုင်နှုန်းကိုမထည့်ဘဲကျင်းပခဲ့ပါတယ်။ ဒီတော့ ဘယ်ပါတီမဆို ထောက်ခံမဲ ၁ ရာခိုင်နှုန်းရခဲ့ရင် လွှတ်တော်ထဲရောက်ဖို့အခွင့်အရေးရှိသွားတယ်။ ရလဒ်အနေနဲ့ လွှတ်တော်ထဲမှာ နိုင်ငံရေးပါတီပေါင်း ၃၂ ပါတီရှိလာတယ်။ တချို့ဒေသတွေမှာ အလုပ် တွေပြုတ်တာ၊ ဆင်းရဲတွင်းနက်ကုန်တာတွေဖြစ်မေယ့် အင်မတန်နားလည်ရခက်ပြီး အခံရခက်တဲ့ စီမံကိန်းတစ် ခုကိုထောက်ခံဖိုပ အဲဒီ ၃၂ ပါတီစလုံးကသဘောတူတယ်လို့များ ခင်ဗျားစိတ်ကူးကြည့်လို့ရပါ့မလား။ အဲဒီလိုသဘောတူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီနေ့ခေတ် မြောက်အာဖရိကတိုက်က ဒါမှမဟုတ် တခြားဒေသတွေက လမ်းမတွေပေါ်က လူထုဟာ လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ ဂုဏ်သိက္ခာ၊ အရာရာအတွက်တိုက်ပွဲဝင်နေကြတယ်။ စနစ်ပြောင်းသွားပြီဆိုရင်တော့ လူထုကအာဏာရသွားတာပဲ။ ပထမဆုံးတုံ့ပြန်မှုက နိုင်ငံရေးပါတီတွေများလာမယ်။ ပဋိပက္ခများလာပြီး ဒိုင်ယာလော့နည်းလာမယ်။ မဖြစ်မနေလုပ်ရမှာဖြစ်ပေမယ့် အခံရခက်မယ့် စီးပွားရေးပြုပြင် ပြောင်းလဲမှုတွေအတွက် ရုတ်တရက်ပေါ်လာတဲ့ ဒီအခွင့်အရေးကလေးကိုရှာတွေ့ဖို့က သိပ်ကိုခက်ပါတယ်။ ဒီစီးပွားရေးပြုပြင်ပြောင်းလဲမှုတွေဟာ လက်တွေ့ပိုင်းအရရော သဘောတရားရေးအရပါ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေအတွက် အဓိကစိန်ခေါ်မှုတွေကို ကျွန်တော်မြင်ပါတယ်။

*ဒါဆိုရင် နိုင်ငံရေးစနစ်သစ်နဲ့ (တခါတရံမှာ လေထဲအိမ်ဆောက်တဲ့) မျှော်လင့်တောင့်တ မှုတွေ ဝုန်းကနဲပေါ်လာတာတွေကို အရမ်းလက်တွေ့ကျတဲ့ စီးပွားရေးမူဝါဒနဲ့ ဘယ်လိုပေါင်းစပ်မလဲ။ အသစ်တက်လာတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီသစ်တွေအများကြီး၊ လမ်းပေါ်က ဆန္ဒပြပြည်သူတွေဆီကနေ ဒီလိုခက်ခဲတဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် နာလည်မှုနဲ့ ထောက်ခံမှုရအောင် ဘယ်လိုလုပ်နိုင်မလဲ။*

ဒီအရှေ့ဥရောပက တခြားနိုင်ငံတွေကနေ ကျွန်တော်သိလာရတာက ရှော့ရိုက်ကုထုံးကို မသုံးပဲ တစ်ဆင့်ပြီးတစ် ဆင့်သွားဖို့အဲဒီနိုင်ငံတွေကဆုံးဖြတ်ကြတဲ့အခါ (သူတို့ခေါင်းဆောင်တွေ အများစုက အဲဒီမူဝါဒတွေကို အဆင့်တိုင်း အဆင့်တိုင်းမှာ ကန့်လန့်တိုက်ကြတယ်) ပြဿနာ တွေအများကြီးကြုံရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဆီမှာလည်း အခံရခက်မယ့်ဆုံး ဖြတ်ချက်တွေတော်တော်များများကို ဆုံးဖြတ်ချက်ပေးကိုပေးနေရတုန်းမို့လို့ပဲ။ ဒါကခွဲစိတ်ကုသ မှုအတိုင်းပဲ။ အရမ်းအွန္တရာယ်များတဲ့ ခက်ခက်ခဲခဲလုပ်ရတဲ့ ခွဲစိတ်ကုသမှုကိုတောင် ခွဲစိတ် ခန်းဝင် ချိန်အတိအကျထဲ လက်ခံလို့ရတယ်။ သို့သော် လတိုင်းလတိုင်း ဒါမှမဟုတ် ငါးနှစ် သို့မဟုတ် ခုနှစ်နှစ် တစ်ကြိမ် သိပ်အခံရမခက်သော်လည်း မနှစ်မြို့စရာကောင်းတဲ့ခွဲစိတ်ကုသ မှုအတွက် ခွဲခန်းဝင်ရမယ်ဆိုရင်တော့ သည်းညည်းခံနိုင်တော့မှာမဟုတ်ဘူး။ ဥပမာ အဲဒီလို အခြေအနေမျိုးနဲ့ နဲနဲတူတဲ့အနေအထားကို ဂရိနိုင်နိုင်မှာ မြင်ရလိမ့်မယ်။

## အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

*အသွင်ကူးပြောင်းမှုတွေအများစုမှာ အခြေခံဥပဒေသစ်တည်ဆောက်ရေးနဲ့ လူမှုရေး ကတိကဝတ်က အရေးအကြီးဆုံးပဲ ပိုလန်မှာဆိုရင် ၁၉၈၉ ခုနှစ်အခြေခံဥပဒေကို ပြင်ဆင် ချက်အချို့လုပ်တယ်။ နောက်တော့ ၁၉၉၂ ခုနှစ်မှာ 'ပဏာမအခြေခံဥပဒေ'ကိုပြဋ္ဌာန်းပြီး နောက် ထပ်ပြင်ဆင်ချက်တွေထပ်လုပ်တယ်။ ဗွယ်ဆာက သူ့သမ္မတ သက်တမ်းမှာ သိသာထင်ရှားတဲ့ အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုရလာအောင် လုပ်နိုင်စွမ်းမရှိခဲ့ဘူး။ ခင်ဗျားကတော့ ၁၉၉၇ ခုနှစ်မှာလုပ်နိုင်ခဲ့တယ်။ ပိုလန်နိုင်ငံမှာ အခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းဖို့ သဘောတူညီ ချက်ရစေခဲ့တဲ့လုပ်ငန်းစဉ်က ဘယ်လုပ်ငန်းစဉ်လဲ။*

ခွာညဲ့ပ်စကီ။ ။အခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းခြင်းဟာ အင်မတန်အရေးကြီးပြီး တော် တော်လည်းခက်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ပိုလန်ဟာ ရှီလီလိုအခြေမျိုးနဲ့တော်တော် နီးစပ်တဲ့ အနေအထားကိုရောက်ခဲ့တယ်။ [ရှီလီတွင် ပီနိုချေးခေတ် အခြေခံဥပဒေကိုအစားထိုး ရန် နိုင်ငံရေးဆိုင်ရာ သဘောတူမျှမှုမရှိခဲ့ပေ။] ကျွန်တော်တို့မှာ ပြင်ဆင်ချက်တွေများသထက် များလာတဲ့ ကွန်မြူနစ်ခေတ်ဟောင်းက အခြေခံဥပဒေရှိထားနေတယ်။ တိုင်းပြုပြည်ပြု လွှတ်တော်မှာ အခြေခံဥပဒေပြင်ဆင်ဖို့ ကိုယ်စားလှယ်သုံးပုံနှစ်ပုံရဲ့ အများစုထောက်ခံမှုကိုရနိုင် ဖို့ရာ သိပ်ကိုခက်ခဲတာကြောင့် ခေတ်ဟောင်းအခြေခံဥပဒေဆက်ရှိနေရတာပဲ။ ပိုလန်မှာ

အခြေခံဥပဒေသစ်ပြ ဌာန်းဖို့တိုက်ပွဲဝင်ရတဲ့အကြောင်းရင်းက သိပ်သိသာထင်ရှားတယ်။ အခြေခံဥပဒေအဟောင်းက ၁၉၅၀ ပြည့်နှစ်တွေကတည်းက ပြဋ္ဌာန်းထားတာလေ။ အဲဒီ အခြေခံဥပဒေကို မော်စကိုကိုလှမ်းပို့ပြီး စတာလင်ကသုံးသပ်ဖတ်ရှုခဲ့တယ်။ ဒီတော့ ပိုလန် ပြည်သူတွေအတွက် စတာလင်ခေတ် အခြေခံဥပဒေလို့ယူဆရတဲ့ဟာကို ပြင်ကိုပြင်ရမယ် ဆိုတာ သိပ်ကိုသဘာဝကျတယ်ဗျ။ အခြေခံဥပဒေကိုပြင်ဖို့က နိုင်ငံရေးအရအရေးပါတယ်။ သူ့ရဲ့အနှစ်သာရကြောင့်လည်း ပြင်ဖို့လိုအပ်နေတာပေါ့။

လွှတ်တော်က အခြေခံဥပဒေဆိုင်ရာကော်မတီမှာ ကျွန်တော့်ရှေ့က ဥက္ကဋ္ဌလုပ်သွားတဲ့ သူက ပါမောက္ခ ဂီရီမတ်လေ။ အင်မတန်ထက်မြက်ပြီး လူအများလေးစားခံရတဲ့သူ။ လွှတ်တော် မှာ သဘောထားအမြင်ပေါင်းစုံနဲ့ နိုင်ငံရေးပါတီတွေအများကြီးရှိနေတော့ ၁၉၉၁-၉၃ လွှတ်တော် တွေရဲ့သက်တမ်းမှာ သူ့အလုပ်ကိုပြီးဆုံးအောင်လုပ်ဖို့ ခက်ခဲ့တာကြောင့် သူမအောင်မြင်ခဲ့ဘူး။ ၁၉၉၃ ရွေးကောက်ပွဲအတွက်တော့ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်နေရာတွေရဖို့ အနည်းဆုံး ထောက်ခံမဲလိုအပ်ချက် ၅ ရာခိုင်နှုန်းကို နိုင်ငံရေးပါတီတွေလက်ခံကြမှဖြစ်မယ်ဆိုပြီး ကျွန်တော် တို့ဆုံးဖြတ်ခဲ့တယ်။ ဒီထောက်ခံမဲ လိုအပ်ချက်သတ်မှတ်ပြီးနောက်မှာ လက်ယာနိုင်ငံရေး အုပ်စုက အင်အားစုတွေ စည်းလုံးမှုပျက်ပြားသွားတာကြောင့် ဘယ်လက်ယာစွန်းနိုင်ငံရေးပါတီမှ လွှတ်တော်ထဲကို ရောက်မလာတော့ဘူး။ ကျွန်တော်တို့ညွှန့်ပေါင်းအဖွဲ့မှာပါတဲ့ SLD နဲ့အတူ ပိုလန်လယ်သမားပါတီ (PSL) က Sejm အောက်လွှတ်တော်မှာ ကိုယ်စားလှယ်နေရာအများစုရ သွားတယ်။ (SLD ရဲ့ခေါင်းဆောင်အနေနဲ့) ကျွန်တော်က အခြေခံဥပဒေရေးရာကော်မရှင်ကို ဦးဆောင်ရတယ်။ ဒါနဲ့အတိုက်အခံဘက်ကနေ အခြေခံဥပဒေကို ပြင်ဆင်ရေးလိုလိုလားလားရှိ တဲ့ပါတီတစ်ခုကို ချက်ချင်းဖိတ်ခေါ်လိုက်တယ်။ မာဇိယဲ့ဗ်စကီနဲ့ ဂီရီမက်တို့ ဦးဆောင်တဲ့ Freedom Union ပါတီပါ။ အဲဒီပါတီနဲ့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေပြင်ဆင်ရေး အများစုကိုယ် စားလှယ်တွေပေါင်းဖို့ ဖိတ်ခေါ်လိုက်တာပါ။ ပြီးတော့ကျွန်တော်တို့လက်တွဲလုပ်ကြတယ်။

ဥပဒေမူကြမ်းတွေကို သက်တမ်းမကုန်ဆုံးမီကလေးမှာ လွှတ်တော်ကစဉ်းစားသုံးသပ်တဲ့ အခါ နောက်တက်လာမယ့် လွှတ်တော်အစည်းအဝေးသစ်ကျရင် အဲဒီဥပဒေမူကြမ်းတွေကို လှည့်တောင်ကြည့်မှာမဟုတ်ဘူးဗျ။ အရင်လွှတ်တော်သက်တမ်းတုန်းက ဥပဒေမူကြမ်းတွေကို အသစ်တက်လာတဲ့လွှတ်တော်က မဖြစ်မနေဆွေးနွေးစရာမှမလိုတာကိုး။ အခြေခံဥပဒေသစ် ကိစ္စဆိုလည်း အဲဒီလိုဖြစ်မှာပဲ။ ကျွန်တော်တို့မှာ ဆွဲထားတဲ့အခြေခံဥပဒေသစ် မူကြမ်းခြောက်ခု ခုနှစ်ခုလောက်ရှိတယ်။ တချို့က လွှတ်တော်အသစ်မှာပါမလာတော့တဲ့ ရှေးရိုးစွဲပါတီတွေက နေပြင်ဆင်ထားတဲ့ အခြေခံဥပဒေတွေပါ။ သို့သော် ဒီအခြေခံဥပဒေပြင်ဆင်ချက်တွေ၊ မူကြမ်း တွေအကုန်လုံးကို ကိုင်ပြီးလုပ်မယ်လို့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့တယ်။

ကျွန်တော့်အယူအဆက အခြေခံဥပဒေပြင်ဆင်ရေးအစီအမံတွေအားလုံးနဲ့ အဆိုပြုချက် တွေအားလုံးကို ဆွေးနွေးကြမယ်ပေါ့။ ကျွန်တော်တို့အချိန်အကြာကြီးယူခဲ့ရတာ အမှန်ပဲ။

သို့သော် ကျွန်တော်တို့က ကိုယ်စားလှယ်နေရာအများစုရထားတော့ လုပ်ငန်းစဉ်ကို ထိန်းကွပ်ထားနိုင်တယ်။ နောက်တော့ မူဝါဒရေးရာမှာ အရေးကြီးတဲ့ သူဖြစ်တဲ့ ကက်သိုလစ်ကျောင်းတော်နဲ့ စပြီးဆွေးနွေးကြတယ်။ ကျွန်တော်တို့နဲ့ ကျောင်းတော်နဲ့ ဒိုင်ယာလော့ကောင်းကောင်းလုပ်ပြီး သွားတဲ့အခါမှာ အခြေခံဥပဒေမူကြမ်းထွက်လာခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရတယ်။ ၁၉၉၇ ခုနှစ်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အဲဒီအခြေခံဥပဒေမူကြမ်းကို မဲဆန္ဒခံယူခဲ့တယ်။ ထောက်ခံမှုရခဲ့တယ်။ ဒီလိုဖြစ်ရပ်မျိုး ပိုလန်မှာဘယ်တုန်းကမှမရှိခဲ့ဖူးဘူး။ ကျွန်တော်တို့သာ အဲဒီ ၁၉၉၃-၁၉၉၇ ခုနှစ်ကာလမှာ အခြေခံဥပဒေသစ်ကိစ္စ ကိုမလုပ်ခဲ့ဘူးဆိုရင် အခြေခံဥပဒေသစ်ပြဋ္ဌာန်းဖို့ တော်တော်ကိုခက်လိမ့်မယ်။ ဘာဖြစ်လို့လည်း ဆိုတော့ နောက်တက်လာမယ့်လွှတ်တော်တွေမှာ ကျွန်တော်တို့က ကိုယ်စားလှယ်နေရာအများစု မရတော့ဘူးလေ။

## အစိုးရဖွဲ့စည်းပုံ

*ပိုလန်ဟာ အရှေ့ဥရောပမှာ (ဝန်ကြီးချုပ်ဦးဆောင်သော) သမ္မတအုပ်ချုပ်ရေးစနစ်ကျင့်သုံးတဲ့ တစ်ခုတည်းသောနိုင်ငံလို့ ယူဆရပါတယ်။ ခင်ဗျားတို့အစိုးရထဲမှာ ဝန်ကြီးချုပ် ယက်ယာဘူးဇက်ခ် (၁၉၉၇-၂၀၀၁) တက်လာတဲ့အခါ 'တူယှည်ဆွဲ'ဆိုတဲ့ အနေအထားမျိုးဖြစ်သွားတယ်။ (သမ္မတနှင့် ဝန်ကြီးချုပ်တို့သည် ကွဲပြားခြားနားသော နိုင်ငံရေးပါတီများ၊ သီးခြားညွှန်ပေါင်းအဖွဲ့များမှ တက်လာသည့်သဘောဖြစ်ပါသည်။) သမ္မတအုပ်ချုပ်ရေးတစ်ပိုင်း (သမ္မတက ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကိုခန့်အပ်ပြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့က လွှတ်တော်ကိုတာဝန်ခံရသည်ဖြစ်၍ ၎င်းတို့အား လွှတ်တော်ကအယုံအကြည်မရှိအဆိုဖြင့် ဖြုတ်ချနိုင်သည်) ကျင့်သုံးတာကို ခင်ဗျားဘယ်လို သဘောရလဲ။ အဲဒီစနစ်ကို ဒီနေ့ခေတ်မှာ ခင်ဗျားနှစ်သက်သေးရဲ့လား။*

ခွာညဲ့ပ်စကီ။ ။နှစ်သက်ပါတယ်။ ဘာကြောင့်များ ဝန်ကြီးချုပ်ဦးဆောင်တဲ့ သမ္မတအုပ်ချုပ်ရေးကိုနှစ်သက်ရတာလဲ။ ပြောရရင်အရှည်ကြီးပဲ။ လိုရင်းပြောရရင်တော့ ကျွန်တော်တို့မှာ ဖြစ်နိုင်ခြေနှစ်ခုရှိတယ်။ ပထမရွေးစရာနည်းလမ်းက လွှတ်တော်ကနေအစိုးရအဖွဲ့ကို ရွေးကောက်တင်မြှောက်တဲ့စနစ်ဖွဲ့စည်းတာပေါ့။ သို့သော် ဒီစနစ်ကို အခိုင်အမာဆန့်ကျင်တဲ့ ပြောဆိုတင်ပြမှုတွေရှိတယ်။ အထူးသဖြင့် ပိုလန်မှာရှိတဲ့ နိုင်ငံရေးပါတီစနစ်က အကွဲကွဲအပြားပြားဖြစ်နေတာကြောင့် တည်ငြိမ်မှာမဟုတ်ဘူးဆိုတဲ့တင်ပြချက်ပေါ့။ ပထမဆုံး ဒီမိုကရေစီအပြည့်အဝနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့လွှတ်တော်ထဲမှာ နိုင်ငံရေးပါတီ ၂၃ ခုရှိနေတယ်ဆိုရင် လွှတ်တော်နဲ့နိုင်ငံရေးပါတီတွေအားလုံးကို ဒီလုပ်ပိုင်ခွင့်အာဏာတွေအားလုံး ဘယ်လိုလုပ်ပေးနိုင်မလဲဗျာ။ ခြောက်လကြာတိုင်း ကျွန်တော်တို့အစိုးရအဖွဲ့မှာ အကြပ်အတည်းပေါ်လာရတတ်တယ်။ ဝန်ကြီးချုပ်တွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းခဲ့ရတယ်။ ဒီစနစ်အရ တော်တော် တာဝန်မဲ့သလိုဖြစ်သွားခဲ့လိမ့်မယ်။

ဒီတော့ ဘာကြောင့်များသမ္မတက (လုပ်ပိုင်ခွင့်အာဏာအပြည့်ရှိတဲ့) အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖို့ ကျွန်တော်တို့ မဆုံးဖြတ်ခဲ့တာလဲ။ ကျွန်တော်တို့တိုင်းပြည်သမိုင်းကြောင်း၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့သမိုင်းကြောင်းကိုသိထားတာကြောင့် သမ္မတအုပ်ချုပ်ရေးစနစ်ကို ကျွန်တော်တို့ကြောက်တယ်။ ဒီစနစ်က ဗဟိုချုပ်ကိုင်မှုအရမ်းများတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မစ္စတာ ဗွယ်ဆာရဲ့သမ္မတသက်တမ်းမှာ အင်မတန်မှားယွင်းတဲ့နမူနာရှိခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့သမ္မတသက်တမ်းမှာ အရည်အချင်းလုံးဝမရှိဘူး။ သမ္မတကို အထူးလုပ်ပိုင်ခွင့်တွေ၊ အာဏာတွေအပ်နှင်းတာ အန္တရာယ်ရှိလာလိမ့်မယ်လို့ ကျွန်တော်တို့ယူဆတယ်။

၁၉၉၃ ခုနှစ်က ၁၉၉၅ ခုနှစ်အထိ ကျွန်တော်တို့ရဲ့အတွေ့အကြုံကိုမူတည်ပြီး ဝန်ကြီးချုပ်ဦးဆောင်သော သမ္မတစနစ်ကိုအဆိုပြုဖို့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်။ ဒီစနစ်အကြောင်း လုံးဝသိမထားတာတော့မဟုတ်ဘူး။ ဥပမာ ပြင်သစ်နဲ့ဖင်လန်မှာ ဒီစနစ်ကအခြေတကျ ဖြစ်နေပြီ။ ကျွန်တော့်အမြင်အရတော့ ဒီစနစ်ကအိုကေတယ်။ ဒီစနစ်ဟာ ပိုလန်အတွက်အဆိုပြုဖို့အကောင်းဆုံးစနစ်ပဲဆိုတာ ကျွန်တော်ကောင်းကောင်းသိတယ်။ ဒီနစ်ကိုပြင်ဖို့ ကျွန်တော် ဆိုရင်တော့ တော်တော်သတိထားမှာပဲဗျ။ မစ္စတာဘူဇက်နဲ့ ကျွန်တော်လေးနှစ်ကြာ 'အတူယှဉ်ဆွဲ'ပြီး အလုပ်လုပ်ခဲ့တယ်။ သူနဲ့တွဲလုပ်ရတာ ထိရောက်ပြီး ထိန်းကွပ်ရတော်တော်လွယ်တယ်။ တကယ်တမ်းပြောရရင်တော့ တခါတလေ ကိုယ့်အစိုးရအဖွဲ့မဟုတ်တဲ့ အစိုးရအဖွဲ့နဲ့ တွဲလုပ်ရတာက ကိုယ်ကိုယ်တိုင်ဖွဲ့တဲ့အစိုးရအဖွဲ့နဲ့ တွဲလုပ်ရတာထက် ပိုလွယ်ပါလားလို့ ကျွန်တော်တွေးမိတယ်။ လက်ရှိခ် ကာတီနီစကီး [သမ္မတ (၂၀၀၅-၂၀၁၀)] နဲ့ ဒေါ်နာလ်တုစ်ခ် [ဝန်ကြီးချုပ် (၂၀၀၇-လက်ရှိ)] တို့ကြား ပြီးခဲ့တဲ့တစ်နှစ်နှစ်နှစ်ကဖြစ်ခဲ့တဲ့ ပဋိပက္ခတွေအပါအဝင် ကျွန်တော်တို့မှာ တကယ့်ပဋိပက္ခတွေရှိခဲ့တယ်။ အဲဒီပြဿနာတွေက အခြေခံဥပဒေရေးရာ ပြဿနာတွေမဟုတ်ဘူး။ လူပုဂ္ဂိုလ်နှစ်ဦးကြားက နိုင်ငံရေးပဋိပက္ခပဲ။ ကျွန်တော့်အတွေ့အကြုံအရ နိုင်ငံတော်ရဲ့အမြင့်ဆုံးရာထူးတွေမှာ တာဝန်ယူတတ်တဲ့ လူကြီးလူကောင်းတွေရှိရင် သုံးမရတဲ့အခြေခံဥပဒေသည်ပင်လျှင် အလုပ်ဖြစ်မှာပဲလို့ပြောရလိမ့်မယ်။ သို့သော် ခင်ဗျားမှာ အကောင်းဆုံးအခြေခံဥပဒေတော့ရှိပါရဲ့၊ အဆင့်မြင့်ရာထူးတွေမှာ မကောင်းတဲ့လူတွေရှိနေရင်တော့ အလုပ်ဖြစ်မှာမဟုတ်ဘူး။ အခြေခံဥပဒေရဲ့အရည်အသွေးက အရေးကြီးတာအမှန်ပါပဲ။ ဒါပေမယ့်အခြေခံဥပဒေကောင်းရုံနဲ့တော့မရပါဘူး။ တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့သူတွေကြားမှာ အပြုသဘောဆောင်တဲ့ဆက်ဆံရေးရှိဖို့ အရေးကြီးပါတယ်။ သူတို့တစ်ယောက်နဲ့တစ်ယောက် ချမယ်ဆိုတဲ့စိတ်ရှိနေကြရင် အကောင်းဆုံးဆိုတဲ့အခြေခံဥပဒေလည်း မတတ်နိုင်ပါဘူး။ သူတို့က အခြေခံဥပဒေကို လိုရာဆွဲပြီးအသုံးချကြမှာလေ။

ပိုလန်နိုင်ငံမှာ ဝန်ကြီးချုပ်ဦးဆောင်သော သမ္မတစနစ်ဟာ တော်တော်ဟန်ကျပါတယ်။ အပြန်အလှန် ထိန်းကျောင်းမှုတွေဖန်တီးပေးတယ်။ အစိုးရ ဒါမှမဟုတ် လွှတ်တော်တစ်ဘက်တည်းကနေ ထိန်းကျောင်းတဲ့စနစ်တွေထက်ပိုပါတယ်။ လွှတ်တော်ထဲမှာ ကိုယ်စားလှယ်

နေရာအများစုနဲ့ အားကောင်းတဲ့အစိုးရတက်နေတယ်ဆိုရင် သမ္မတဟာပါတီတစ်ခုထဲကနေ မဟုတ်ရင်ပိုကောင်းတယ်။ အစိုးရကတင်ပြတဲ့ အယူအဆအလွဲတွေကို ပိတ်ပင်ဖို့အပြန်အလှန် ထိန်းကျောင်းခြင်းဆိုတဲ့အခြေခံက တစ်ခါတစ်လေကျလိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆိုရင် အစိုးရကတော်တော်လေးအာဏာရှိတာကိုး။ ကျွန်တော်တို့နိုင်ငံရဲ့ သမ္မတဦးဆောင်သော အုပ်ချုပ်ရေးစနစ်မှာ အစိုးရအဖွဲ့နဲ့ဝန်ကြီးချုပ်ရဲ့ အခန်းကဏ္ဍနှစ်ခုစလုံးက အားကောင်းတယ်။ ဥပမာ ဝန်ကြီးချုပ်ကို အယုံအကြည်မရှိအဆိုတစ်ခုတည်းနဲ့ မဲခွဲဆုံးဖြတ်လို့မရပါဘူး။ အစိုးရ အဖွဲ့ကိုဖြုတ်မချခင်မှာ ဝန်ကြီးချုပ်ရဲ့ပြိုင်ဘက် (အယုံအကြည်မရှိအဆိုတင်သူတွေ) က သူတို့ ရဲ့ (ဝန်ကြီးချုပ်နေရာအတွက်) ကိုယ်စားလှယ်လောင်းကို ရွေးကောက်တင်မြှောက်ဖို့ထောက်ခံ မဲရဖို့လိုတယ်ဗျ။ အဲဒီလိုထောက်ခံမဲရဖို့က မလွယ်ဘူး။ အစိုးရအသုံးစရိတ်ဟာ အစိုးရနဲ့ ကိုယ် စားလှယ်အများစုထောက်ခံတဲ့လွှတ်တော်မှာပဲ တာဝန်ရှိတယ်။ သမ္မတနဲ့ဘက်ဂျက်နဲ့ဘာမှ မဆိုင်ဘူး။ သမ္မတက ဥပဒေကြမ်းတစ်ခုကို တစ်ချက်လွှတ်အာဏာနဲ့ပယ်ချနိုင်တယ်။ သို့သော် အဲဒီတစ်ချက် လွှတ်အာဏာကို လွှတ်တော်ကိုယ်စားလှယ်ငါးပုံသုံးပုံရဲ့ ထောက်ခံမဲနဲ့လွှမ်းမိုး အနိုင်ယူလို့ရတယ်။ အခြေခံဥပဒေရဲ့အချို့အချက်တွေကိုပြင်လို့ရပါတယ်။ တချို့အချက်တွေ ပြင်သင့်တယ်ပဲထားပါတော့။ သို့သော် အခြေခံဥပဒေဟာ အရမ်းကိုအသက်ဝင်နေပြီ။ ပိုလန် နိုင်ငံရဲ့နိုင်ငံရေးအခြေအနေနဲ့ တိုင်းပြည်ကိုတည်ငြိမ်အောင်လုပ်ပေးထားပြီ။

လွှတ်တော်ထဲကိုအခုအသစ်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအများကြီး ကိုပြောချင်တာကတော့ အခြေခံဥပဒေမှာတစ်ခုခုပြင်ချင်တယ်ဆိုရင် အပြောင်းအလဲတွေလုပ် တာပိုကောင်းလား ဆက်လက်တည်ရှိမှုနဲ့ တည်ငြိမ်မှုအတွက်တိုက်ပွဲဝင်ရတာပိုကောင်းမလား ဆိုတာ စဉ်းစားသုံးသပ်ကြပါဆိုတာပဲ။ ချုပ်ရရင် အခြေခံဥပဒေတစ်ငြိမ်ရေးဟာ အခြေခံဥပဒေရဲ့ ပင်ကိုယ်တန်ဖိုးပဲ။ ဥပမာ ယူကရိန်းမှာဆိုရင် သုံးလတစ်ခါ လေးလတစ်ခါ အခြေခံဥပဒေ ကိုပြင်နေကြတယ်။ အဲဒါအခြေခံဥပဒေမဟုတ်တော့ဘူးဗျ။ စက္ကူသက်သက်ပဲ။ အခြေခံဥပဒေကို လေးစားလိုက်နာကြဖို့အရေးကြီးတယ်။ အမေရိကန်ပြည်ထောင်စုမှာလို အခြေခံဥပဒေပျိုး ထောင်မှုမျိုးရှိဖို့ အရေးကြီးပါတယ်။ နှစ်တိုင်းနှစ်တိုင်း အစိုးရသက်တမ်းတစ်ခုရောက်တိုင်း အခြေခံဥပဒေပြင်ဆင်နေတာမျိုးကို ရှောင်နိုင်မှသာ အခြေခံဥပဒေကိုပျိုးထောင်မှုရှိလာမှာပေါ့။

## အပြည်ပြည်ဆိုင်ရာလွှမ်းမိုးမှု

*ပိုလန်ကို နေတိုးနဲ့အီးယူအဖွဲ့ဝင်ဖြစ်လာအောင်ခင်ဗျားလုပ်ခဲ့တယ်။ အဲဒီလိုအဖွဲ့ဝင်မဖြစ်ခင်က ဖီလစ်ဝွန်ဇာ လက်ဖ (၁၉၈၂-၉၆) က [ဥရောပသမဂ္ဂရဲ့ရှေ့ပြေး] ဥရောပစီးပွားရေး အသိုက်အဝန်းမှာစပိန်အဖွဲ့ဝင်ဖြစ်လာအောင်ရယ် နေတိုးအဖွဲ့ဝင်နိုင်ငံအဖြစ်ဆက်ရှိနေအောင် ရယ် ဦးဆောင်ခဲ့တယ်။ စပိန်ရဲ့အတွေ့အကြုံက ခင်ဗျားအတွက် နမူနာပုံစံရခဲ့သလား။*

ခွာညဲ့ပ်စကီ။ ။ ဖီလစ်ဝွန်ဇာလက်ပေးတဲ့အကြံဉာဏ်တွေက ကျွန်တော့်အတွက်အရမ်း အသုံးဝင်ပါတယ်။ ပိုလန်ပြည်သူ့သမ္မတနိုင်ငံရဲ့နောက်ဆုံးနေ့များမှာ ရာကိုစကီးနဲ့အတူ ဝွန်ဇာ

လက်ကို ပထမဆုံးတွေ့ဆုံခဲ့ရပါတယ်။ ကျွန်တော့်စိတ်ထင် ၁၉၈၈ခုနှစ် နောက်တော့ ၁၉၈၉ ခုနှစ်မှာတစ်ကြိမ် စပိန်အစိုးရသမ္မတဖြစ်နေချိန်မှာ သူ့ဆီသွားတွေ့ဖူးတယ်။ သူနဲ့စကားပြောရတာ လမ်းညွှန်သြဝါဒတွေအများကြီးရခဲ့ပါတယ်။ နောက် ကျွန်တော်ဆိုရှယ်ဒီမိုကရက်ပါတီ ဥက္ကဋ္ဌဖြစ်ချိန်နဲ့နောက်ပိုင်း သမ္မတဖြစ်လာချိန်မှာ သူနဲ့ခဏခဏတွေ့ဖြစ်ပါတယ်။ စပိန်နိုင်ငံဟာ အင်မတန် စိတ်အားထက်သန်စေတဲ့နမူနာပါပဲ။ သူတို့နဲ့ကျွန်တော်တို့ဖြစ်ရပ်နဲ့က တူတာတွေ အများကြီးရှိနေတာကိုး။ ကျွန်တော်တို့နှစ်နိုင်ငံစလုံး အာဏာရှင်စနစ်ကိုဖြတ်သန်းခဲ့ရတယ်။ နောက်တော့ ငြိမ်းငြိမ်းချမ်းချမ်းအသွင် ကူးပြောင်းခဲ့တယ်။ အခုကျွန်တော်တို့မှာ ဒီမိုကရေစီ ရှိနေပြီ။ အဲဒီ ဒီမိုကရေစီကလည်း အင်မတန်ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ လက်စားချေမှုတွေမရှိဘဲ ဖြစ်ထွန်းနေတယ်။ စပိန်မှာ အဲဒီလိုအသွင်ကူးပြောင်းမှုဖြစ်လာအောင် ဘယ်လိုလုပ်ခဲ့ရတယ်ဆို တာ ဝွန်ဇာလက်ကရှင်းပြတယ်။ ဥပမာ မွန်ကလိုရာပဋ္ဌာဥ်အကြောင်းပြောပြတယ်။ (ထို ပဋ္ဌာဥ်သည် နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ငွေကြေး ဖောင်းပွမှု၊ အလုပ်လက်မဲ့ကိစ္စ၊ အရင်းအနှီးများပြည်ပသို့ စီးထွက်ခြင်းကိုဖြေရှင်းပြီး အသွင် ကူးပြောင်းမှုလွယ်ကူချောမွေ့ အောင်လုပ်ဆောင်ဖို့ သဘောတူညီချက်ဖြစ်သည်။) ရီပတ်ဗလီ ကန်တွေနဲ့အခြားသူတွေကြားမှာဖြစ်ခဲ့တဲ့ ပဋ္ဌိပက္ခတွေကိုပြန်လည်စဉ်းစားသုံးသပ်ပြီး သမိုင်းရဲ့ ဖုံးကွယ်ထားတဲ့အချက်တွေကိုဖော်ထုတ်ဖို့ ဘာကြောင့်သူ စိတ်မဝင်စားသလဲဆိုတာကိုလည်း ဝွန်ဇာလက်နဲ့ ဆွေးနွေးခဲ့ကြတယ်။

အီးယူဝင်ဖို့ကိုလည်း ကျွန်တော်တို့ဆွေးနွေးခဲ့ကြတယ်။ ကျွန်တော်တို့အတွက် စပိန်ကို လေးစားရတဲ့အကြောင်းရင်းရှိပါတယ်။ ဒီဘက်ခေတ် ၁၉၉၀ ပြည့်နှစ်များမှာ စပိန်ဟာ ဥရောပ မှာအကောင်းဆုံးတိုင်းပြည်ပဲ။ ဝွန်ဇာလက်ကအရေးကြီးတဲ့အကြံတစ်ခုပေးသွားတယ်။ အဖွဲ့ဝင် ဖို့လျှောက်ထားတဲ့တိုင်းပြည်တွေအကုန်လုံး အဖွဲ့ဝင်ခွင့်ရဖို့ဆိုရင် လုပ်ရမယ့်ပြုပြင်ပြောင်းလဲမှု တွေ အီးယူအခေါ် 'အိမ်စာတွေ' အကြောင်းလည်းကျွန်တော်တို့ ဆွေးနွေးဖြစ် တယ်။ တစ်ချိန်လုံး 'အိမ်စာ၊ အိမ်စာ၊ အိမ်စာ'နဲ့ကြားနေရတော့ ကလေးတစ်ယောက်လိုခံစားရတယ်။ အိမ်စာလို့ ပြောတာကိုမုန်းလာတယ်။ တစ်ခါတုန်းက ဝွန်ဇာလက်ကိုကျွန်တော်က 'ဒီမယ် ဖိလစ် ငါတို့ အားလုံးဒီအိမ်စာတွေ လုပ်ရတာပြိုင်းနေပြီ။ လူတိုင်းက အိမ်စာအကြောင်းပဲပြောနေကြတာပဲ။' လို့ ဝွန်ဇာလက်ကိုပြောလိုက်တယ်။ ဒါနဲ့သူက အရမ်းအရေးကြီးတာတစ်ခုပြောသွားတယ်။ 'သိပ်ဟုတ်တာပေါ့။ ကျွန်တော်ခင်ဗျားကို နားလည်ပါတယ်။ ခင်ဗျားပြိုင်းမှာပဲ။ သို့သော် ဒီမယ် ခင်ဗျားသာ ဒီအိမ်စာကိုကောင်းကောင်းလုပ်ထားမယ်ဆိုရင် ခင်ဗျားဆီကို အကျိုးရလဒ်တွေ မကြာခင် ရောက်လာမယ်။ အီးယူအဖွဲ့ဝင်ခွင့်ရပြီးရင် နောက်ထပ်အကျိုးရလဒ်တွေထပ်ရ လာဦးမှာပဲ။ ခင်ဗျားဒီအိမ်စာကိုဖြစ်ကတတ်ဆန်းလုပ်ထားရင် ရန်ပုံငွေတွေနဲ့ တိုက်ရိုက်ငွေကြေး ထောက်ပံ့မှုတွေစတဲ့ အီးယူဆီကရလာမယ့်အရာတွေအားလုံးကိုရယူသုံးစွဲရာမှာ ပြဿနာတွေ အများကြီးတက်လာလိမ့်မယ်။' လို့ သူပြောသွားခဲ့တယ်။ အီးယူဝင်ပြီးတဲ့အခါ သူပြောတာ သိပ်မှန်နေတယ်။ ဒါကြောင့်ပဲ ဒီနေ့ခေတ်ပိုလန်ဟာ အဆင်ပြေနေတာပေါ့။ ကျွန်တော်တို့

လုပ်ရမယ့်အိမ်စာကို ဟာကွက်မရှိအောင်လုပ်ခဲ့ပြီးပြီလေ။ အဖွဲ့ဝင်ပြီး ခြောက်နှစ်အတွင်းမှာ ကျွန်တော်တို့ဟာ ယူရိုင်ငွေ ၃၀ ဘီလီယံနီးပါးရရှိခဲ့တယ်။ အခုနောက်ထပ် ယူရိုင်ငွေဘီလီ ယံ ၃၀ ထပ်ရဖို့စောင့်နေတယ်။ ဒီငွေပမာဏဟာ ကျွန်တော်တို့တိုင်းပြည်အတွက်၊ ခေတ်မီစက်မှုနိုင်ငံ တည်ထောင်ရေးအတွက်၊ အရာရာအတွက် အင်မတန်ကောင်းတဲ့ စီးပွားရေးအကူငွေပါပဲ။ ဒီအကြံဉာဏ်ဟာ ဂွန်ဇာလက်ရဲ့အကောင်းဆုံးအကြံဉာဏ်ပေါ့။ ဂရိမှာဖြစ်နေတာက ဖြစ်ကတတ်ဆန်းအိမ်စာလုပ်လို့ အဆင့်တွေကျကုန်တာရဲ့ရလဒ်ပဲပေါ့။ အဆင်သင့်ဖြစ်အောင်လုပ်မထားဘူးဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးစနစ်က လိုအပ်တာတွေကိုအလိုက်သင့်လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှာမဟုတ်ဘူး။ အီးယူမှာ ထိရောက်ပိပြင်တဲ့အဖွဲ့ဝင်ဖြစ်ဖို့လည်း အခွင့်ရှိတော့မှာ မဟုတ်ဘူး။

*ပိုလန်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အီးယူအဖွဲ့ဝင်ခြင်းက ဘယ်လိုသက်ရောက်မှု ရှိခဲ့သလဲ။*

ခွာညဲ့ပ်စကီ။ ။ အီးယူအဖွဲ့ဝင်ဖြစ်ခြင်းကအရမ်းအရေးကြီးပါတယ်။ အဖွဲ့ဝင်ဖြစ်ပြီးချိန်နောက်မှာ ပိုလန်နိုင်ငံရဲ့စီးပွားရေး၊ ခေတ်မီစက်မှုနိုင်ငံတည်ထောင်ရေး၊ နယ်စပ်လမ်းကြောင်းတွေဖွင့်ခြင်းနဲ့ ကုန်သွယ်ရေးတို့အတွက် အကျိုးဆက်တွေအများကြီးဖြစ်လာတယ်။ သို့သော် နိုင်ငံရေးရှုထောင့်ကကြည့်ရင်တော့အီးယူဝင်ခွင့်ရခြင်းဟာပိုလန်ဟာနှစ်ပေါင်းများစွာအကြာမှာ ဥရောပရဲ့အစိတ်အပိုင်းဖြစ်သွားတယ်ဆိုတဲ့သဘောပဲ။ အဲဒီလိုဖြစ်လာဖို့ အများကြီးကြိုးစားခဲ့ရပါတယ်။ အီးယူအဖွဲ့ဝင်ရေးသဘောတူညီချက်ကို ၁၉၉၁ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါ တယ်။ ၂၀၀၃ မှာ ဆန္ဒခံယူပွဲကျင်းပတယ်။ အဲဒီဆန္ဒခံယူပွဲမှာ မဲဆန္ဒရှင် ၇၅ ရာခိုင်နှုန်းက အီးယူဝင်ဖို့ ထောက်ခံမဲပေးခဲ့ကြတယ်။ ၂၀၀၄ ခုနှစ် မေလမှာ အီးယူအဖွဲ့ဝင်နိုင်ငံတရားဝင်ဖြစ်လာခဲ့တယ်။

အဲဒီလိုအဖွဲ့ဝင်လိုက်ခြင်းဟာ ကျွန်တော်တို့ရဲ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေကို ခိုင်မာအားကောင်းစေခဲ့တယ်။ နောက်ထပ်အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ဒေသ တွင်းရပ်တည်ချက်ပဲ။ ပိုလန်နိုင်ငံရဲ့ပတ်ပတ်လည်နိုင်ငံတွေအားလုံးမှာပြောင်းလဲကုန်ကြပြီလေ။ အိမ်နီးချင်းနိုင်ငံသုံးနိုင်ငံရှိနေရာကနေ ခုနှစ်နိုင်ငံရှိလာတယ်။ ကျွန်တော်တို့နဲ့ကျောချင်းကပ်နေတဲ့ ဘော်လ်ကန်ဒေသမှာ အင်မတန်ပြင်းထန်တဲ့ ပဋ္ဌိပက္ခဖြစ်ခဲ့တယ်။ ကျွန်တော်တို့အယူအဆက အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ အကောင်းဆုံးဆက်သွယ်မှုတွေကို ဘယ်လိုဖန်တီးမလဲ၊ ဘယ်လိုအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွေချုပ်ကြမလဲ။ နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိတဲ့ အိမ်နီးချင်းကောင်းပီသသော ပတ်ဝန်းကျင်ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာ တွေးပါတယ်။

ဂျာမနီ၊ လစ်သူယေးနီးယား၊ ယူကရိန်းနဲ့တခြားနိုင်ငံတွေအပါအဝင် ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒီလိုကောင်းမွန်တဲ့ဆက်ဆံရေးထူထောင်နိုင်ခဲ့တာ ကျွန်တော့်ရဲ့အောင်မြင်မှု

လို့ပြောရမှာပဲ။ ရုရှားနဲ့ကျွန်တော်တို့မှာ ပြဿနာတွေရှိနေတုန်းပဲ။ သို့သော် ဒါကတစ်ခြားကိစ္စပါ။ ကျွန်တော်တို့ရဲ့နောက်ရည်မှန်းချက်တစ်ခုက ဒေသတွင်းမှာ အသစ်ဖြစ်ပေါ်လာတဲ့အခြေအနေကိုဘယ်လို ကိုင်တွယ်ပြီး ဘယ်လိုထိတွေ့ဆက်ဆံမှုတွေလုပ်မလဲ၊ တခြားမှာတည်ငြိမ်မှုရှိရေအာင်ဘယ်လိုလုပ်မလဲဆိုတာပဲ။ အသွင်ကူးပြောင်းမှုအပြီး ပထမဆုံးကာလမှာ ဒိုင်ယာလော့၊ ပူးပေါင်းဆောင်ရွက်မှုနဲ့တည်ငြိမ်မှုမှာ အကောင်းဆုံးဥပမာက ကျွန်တော်တို့ဒေသပဲ။ သို့သော် ဒါက လွယ်လွယ်နဲ့သူ့အလိုလိုဖြစ်လာတာမဟုတ်ပါဘူး။ ဝါဆောကနေ ဘဲလ်ဂရိတ်ကို လေယာဉ်စီးသွားရင် ၁၉၉၀ ပြည့်နှစ်များအစ ဘော်လကန်စစ်ပွဲမှာ လူမျိုးသုဉ်းသတ်ဖြတ်မှုနဲ့ ထောင်ပေါင်းများစွာသော စစ်ဒဏ်သင့်ခဲ့ရသူတွေကို တွေ့ရမှာပဲ။ ဒါဆိုရင် အရမ်းနီးကပ်နေတဲ့ ဒေသနှစ်ခု ဆိုဗီယက်အုပ်စုမှာအရင်တုန်းက နှစ်နိုင်ငံလုံးပါခဲ့ဖူးတဲ့ ဒေသနှစ်ခုကိုတွေ့ရမှာပဲ။ နှစ်နိုင်ငံစလုံးဟာ လားလားမျှမဆိုင်တဲ့အခြေအနေတွေရှိနေတာကိုတွေ့ရမှာပဲ။ ပိုလန်မှာ တည်ငြိမ်မှုနဲ့ ဆက်ဆံရေးကောင်းကိုတွေ့မယ်။ ဘော်လကန်မှာ စစ်မက်နဲ့ကြေကွဲဇာတ်ကို တွေ့ရမယ်။

*ပိုလန်အတွက် သမိုင်းတစ်လျှောက် အင်မတန်အရေးပါခဲ့တဲ့ လွှမ်းမိုးခဲ့တဲ့ ပထမဆိုဗီယက်ပြည်ထောင်စုနောက်တော့ ရုရှားက ပိုလန်ရဲ့အသွင်ကူးပြောင်းမှုကို ဘယ်လိုများဆက်ပြီးလွှမ်းမိုးခဲ့သလဲ။*

ခွာညွှဲ့ပ်စကီ။ ။ဂေါ်ဘာချက်ဗ်က မဟာဗျူဟာအရ ကျွန်တော်တို့အတွက်အရေးပါတဲ့ အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ ပထမဆုံးက လုံခြုံရေးပေါ့။ ပိုလန်သမိုင်းကိုကြည့်ရင် စစ်ပွဲတွေချည့်ပဲဆိုတော့ လုံခြုံရေးပြဿနာက အရမ်းအရေးကြီးတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဂျာမနီနဲ့ရုရှားနိုင်ငံနစ်ခုကြားက နိုင်ငံဖြစ်နေတာ တယ်မလွယ်လှပါဘူး။ ၁၉၉၀ ပြည့်နှစ်တွေအစပိုင်းမှာ ဖင်လန်လိုကြားနေလုပ်မလား၊ နေတိုးအဖွဲ့ဝင်လုပ်မလားဆိုပြီး ဘယ်ဟာက ကျွန်တော်တို့အတွက်ပိုကောင်းသလဲ ဆိုတာကိုဆွေးနွေးကြတာတွေရှိပါတယ်။ အဲဒီတုန်းက ဆိုဗီယက်ပြည်ထောင်စုကရှိနေတုန်းပဲ။ ပိုလန်က နေတိုးအဖွဲ့ဝင်ဖြစ်သွားမှာကို ရုရှားကလုံးဝဆန့်ကျင်ခဲ့တယ်။ အဲဒီပြဿနာက ပိုပြီးတောင်ရှုပ်ထွေးသွားခဲ့တယ်။ ဂျာမနီပြန်လည်ပေါင်းစည်းရေးနဲ့ပတ်သက်ပြီး အင်အားကြီးနိုင်ငံတွေက ၁၉၈၉-၉၀ ခုနှစ်ကာလမှာ ဆွေးနွေးကြတဲ့အခါ နေတိုးအဖွဲ့ကိုတိုးချဲ့ပြီးမဖွဲ့ပါဘူးလို့ မာဂ ရက်သက်ချာ၊ ဖွန်ဆွာ မီးထရွန်း၊ ဂျော့၊ အိတ်ချ်၊ဒဗလျူဘုရှ်နဲ့ အခြားခေါင်းဆောင်တွေက ကတိပြုခဲ့ကြတာကိုးဗျ။ ဒါပေမယ့် အခြေအနေတွေကပြောင်းသွားပြီးကြားနေရေးနဲ့နေတိုးအဖွဲ့ကြားမှာ ဘယ်ဟာကိုရွေးချယ်မလဲ ဆိုတာကို ပိုလန်မှာ အများစုထောက်ခံမဲပေးမှုနဲ့ဆုံးဖြတ်ခဲ့ကြတယ်။ ကျွန်တော်တို့အနေနဲ့ အာမခံချက်တွေတို့ မဟာမိတ်တို့ဆိုတာတွေမရှိဘဲ ဒီကမ္ဘာတစ်ဘက်ခြမ်းက မီးခိုးရောင်နယ်မြေလိုနေရာမျိုးမှာ ဘက်မလိုက်တဲ့ နည်းလမ်းနဲ့နေနေဖို့ဆိုရင် နေတိုးအဖွဲ့ဝင်ဖြစ်ဖို့ တောင်းဆိုသင့်တယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဟိုးအရင်ကတည်းက ဖင်လန်ကတော့ တခြားကိစ္စပေါ့။ သူ

ကဒီလောက်မဟာဗျူဟာကျတဲ့နေရာမှာမရှိဘူးလေ။ကြားနေနိုင်ငံဆိုပြီးဖင်လန်နဲ့သြစတြီးယား ဆိုဗီယက်တွေအတွက်ရော အမေရိကန်တွေအတွက်ပါ သိပ်အသုံးတည့်နိုင်တယ်။ ဒါပေမယ့် ၁၉၉၀ ပြည့်နှစ်တွေမှာ ကြားနေဝါဒဆိုတာ ဘာများအဓိပ္ပာယ်ရှိသလဲဗျာ။

နေတိုးအဖွဲ့ဝင်မယ်ဆိုပြီး ဆုံးဖြတ်ကြတော့ မစ္စတာ ယဲ့ဆင်နဲ့ အခြေအတင်ဆွေးနွေးကြရတော့တာပဲ။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားတာကြောင့် နေတိုးအဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းတာလုပ်လို့ရနိုင်ပါတယ်လို့ ကျွန်တော်တို့ ဘက်ကတင်ပြတယ်။ နေတိုးကိုတိုးချဲ့ပြီးမဖွဲ့ဘူးဆိုတဲ့ကတိက ဆိုဗီယက်ပြည်ထောင်စုကိုပဲပေးခဲ့တဲ့ကတိကိုး။ အခုဆိုဗီယက်ပြည်ထောင်စုမရှိတော့ဘူး။ နေတိုးအဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းတာကို ပြောလို့ဆိုလို့ရသွားပြီလေ။ ဒါကို ရုရှားကလုံးဝလက်မခံတာတော့ အမှန်ပဲ။ အမေရိကန်နဲ့ဥရောပနိုင်ငံတွေကတော့ နေတိုးကိုတိုးချဲ့ဖွဲ့စည်းလို့ရနိုင်တယ်၊ ဖွဲ့စည်းဖို့လိုအပ်တယ်ဆိုပြီး အခိုင်အမာရပ်တည်ကြတယ်။ ပိုလန်က အဖွဲ့ဝင်သစ်တွေဖြစ်တဲ့ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံတို့နဲ့အတူ နေတိုးအဖွဲ့ဝင်ဖြစ်လာတယ်။

၁၉၉၇ ခုနှစ်ရောက်တော့ ကရင်မလင်နန်းတော်မှာ အစည်းအဝေးတစ်ခုလုပ်တယ်။ ကရင်မလင်မှာ အခန်းကျယ်ကြီးတွေရှိတယ်။ ယဲ့လ်ဆင်ရဲ့စကားပြောသံကလည်း ဟိန်းနေတာပဲ။ သူက ရုရှားဘာသာနဲ့ 'ခင်ဗျား ဘာလို့နေတိုးအဖွဲ့ထဲဝင်ချင်တာတုန်း၊ ခင်ဗျားဝင်စရာမလိုပါဘူးဗျ၊ လိုအပ်တဲ့အာမခံချက်တွေအားလုံး ကျွန်တော်ပေးမှာပေါ့၊ ဘာလို့များ နေတိုးထဲဝင်ချင်ရတာလဲ' ဆိုပြီးပြောတာပေါ့။ ဒီတော့ ကျွန်တော်က အကျိုးသင့်အကြောင်းသင့် ရှင်းပြရတယ်။ ကျွန်တော်တို့ဆွေးနွေးပွဲက တော်တော်ခဲရာခဲဆစ်နိုင်ပါတယ်။ ဒါနဲ့နောက်ဆုံး ကျွန်တော်က 'ဘာရစ်နီကိုလိုင်ဗစ်ချ်၊ ခင်ဗျားနဲ့ဂျာမနီဆက်ဆံရေးကဘာလဲဆိုတာ ကျွန်တော့်ကိုပြောဗျာ' လို့ မေးလိုက်တယ်။

'ကောင်းပါ့ဗျာ'

'ဒါဆို အီတလီနဲ့ရော'

'ကောင်းမှကောင်း'

'ယူကေနဲ့ရော'

'အရမ်းကောင်း'

'ဟော်လန်၊ ဒိန်းမတ် တခြားနိုင်ငံတွေနဲ့ရော'

'အရမ်းကိုကောင်းဗျာ'

'ပိုလန်၊ချက်၊ဟန်ဂေရီနိုင်ငံတွေနဲ့ရော'

'မကောင်းဘူးဗျ။ ခင်ဗျားတို့အားလုံးက နေတိုးထဲဝင်ချင်နေကြတာကိုး။ ဘာလို့များနေတိုးထဲဝင်ချင်ကြတာလဲ။'

ဒါနဲ့ကျွန်တော်က 'ဒီမယ် မစ္စတာယဲ့ဆင် ကျွန်တော်ပြောခဲ့တဲ့နိုင်ငံတွေအားလုံးက နေတိုးအဖွဲ့ဝင်တွေချည့်ပဲ။ ခင်ဗျားနဲ့သူတို့ ဆက်ဆံရေးက အရမ်းကောင်း၊ ကောင်းမှုကောင်း၊ အရမ်းကိုကောင်းလို့ပြောပြီး ပိုလန်၊ ဟန်ဂေရီနဲ့ ချက်သမ္မတနိုင်ငံတွေနဲ့ကျ ပြဿနာရှိနေတယ်။ ကျွန်တော်တို့ နေတိုးအဖွဲ့ဝင်ဖြစ်လာရင် အလားတူအရမ်းကောင်း၊ ကောင်းမှုကောင်း၊အရမ်းကိုကောင်းဆိုတဲ့ဆက်ဆံရေးရှိလာမယ်ဆိုတာ ကျွန်တော်ကတိပေးတယ်ဗျာ'လို့ ပြောချလိုက်တယ်။ သူကတဟားဟားနဲ့ရယ်ပြီး နောက်ဆုံးကျွန်တော်တို့ နေတိုးအဖွဲ့ဝင်ဖြစ်အောင်ကြိုးပမ်းမှာကို လက်ခံလိုက်တယ်။

ကျွန်တော် ယဲ့ဆင်ကိုအင်မတန်လေးစားမိပါတယ်။ ဘာလို့လဲဆိုတော့ တကယ့်ဒီမိုကရက်တစ်ဥဉ်ရှိတဲ့ ရှရှားခေါင်းဆောင်အနည်းအကျဉ်းထဲမှာ သူပါလို့ပဲ။ သူကအရမ်းကိုကျဉ်းထဲကျပ်ထဲကိုရောက်နေခဲ့တာ။ ဒီမိုကရေစီ ပိုဆန်တဲ့လမ်းကြောင်းကိုသွားမလား မသွားဘူးလားဆုံးဖြတ်ရတော့မယ့်အချိန်မှာ ဒီမိုကရေစီလမ်းကြောင်းကို လိုက်ဖို့ပဲရွေးခဲ့တာများပါတယ်။ နေတိုးကိစ္စမှာဆိုရင် သူအများကြီးအကူအညီပေးခဲ့တယ်။

ဒီတော့ ၁၉၉၉ ခုနှစ်မှာ ပိုလန်က နေတိုးအဖွဲ့ဝင်ဖြစ်လာတယ်။ ဒါဟာကျွန်တော်တို့အတွက် အင်မတန်အရေးကြီးရခြင်း အကြောင်းရင်းသုံးခုရှိပါတယ်။ ပထမဆုံးက လုံခြုံရေး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ နေတိုးအဖွဲ့ဝင်ဖြစ်သွားခြင်းဟာ ကမ္ဘာ့ပေါ်က အင်အားအကြီးဆုံးနိုင်ငံတွေဆီကနေ ကျွန်တော်တို့လုံခြုံရေးအတွက် အာမခံချက်ရလိုက်လို့ပဲ။ ဒုတိယက နိုင်ငံတကာအလယ်မှာ ပိုလန်နိုင်ငံရဲ့ဥပမိပေါ့။ နေတိုးအဖွဲ့ဝင် ဖြစ်လာခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပိုပြီးဆွဲဆောင်နိုင်ခဲ့တယ်။ တတိယမြောက်က ဒီဆုံးဖြတ်ချက်ရဲ့သမိုင်းဝင်အကြောင်းအချက်က နှစ်ထောင်ပေါင်းများစွာအကြာမှာ ပထမဆုံးအကြိမ် ပိုလန်နဲ့ဂျာမနီတို့ဟာ တူညီတဲ့စစ်ရေးနဲ့နိုင်ငံရေးမဟာမိတ်အဖွဲ့တစ်ခုတည်းမှာအဖွဲ့ဝင်တွေဖြစ်သွားကြတယ်။ သမိုင်းကိုပြန်ကြည့်ရင်ပိုလန်နဲ့ဂျာမနီကြားမှာစစ်ပွဲတွေ၊ ပဋိပက္ခတွေ၊ ကျူးကျော်သိမ်းပိုက်မှုတွေ၊ ခက်ခဲတဲ့ပြဿနာတွေ အားလုံးရှိနေခဲ့တယ်လေ။ ဒီအချက်က အင်မတန်အရေးကြီးတယ်ဗျ။

*ပိုလန်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ အမေရိကန်ရဲ့အခန်းကဏ္ဍက ဘာလဲ။*

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားပြီး စစ်အေးတိုက်ပွဲ အဆုံးသတ်သွားတဲ့နောက်မှာ အမေရိကန်ကတစ်နိုင်ငံတည်းက တစ်ဖက်သတ်ဦးဆောင်တဲ့နိုင်ငံဖြစ်လာတယ်။ အမေရိကန်ရဲ့ထင်ရှားစိုင်းဝါဒနဲ့ သွေးနားထင်ရောက် နေတဲ့မူဝါဒတွေ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ စစ်ရေးလှုပ်ရှားမှုတွေစသဖြင့် သူ့ကိုဝေဖန်တာတွေအများကြီးရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ သို့သော် ဗဟိုနဲ့အရှေ့ဥရောပအမြင်ကကြည့်ရင် ဒီခေတ်ကာလဟာ အင်မတန်အပြုသဘော

ဆောင်ပါတယ်။ အမေရိကန်တွေက အရင်တုန်းက Solidarity နဲ့ကျွန်တော်တို့ရဲ့ဒီမိုကရေစီ ရည်မှန်းချက်တွေကို အားပေးထောက်ခံခဲ့ဖူးတယ်။ နောက်အသွင်ကူးပြောင်းမှုအပြီး ပိုလန်မှာ ရင်းနှီးမြှုပ်နှံမှုတွေလာလုပ်ပြီး နေတိုးအဖွဲ့ဝင်ဖြစ်လာအောင်ကူညီခဲ့တယ်။ မိတ်ဖက်နိုင်ငံတွေ ထဲက အရေးအကြီးဆုံးဖြစ်တဲ့ ယူကေ၊ ဂျာမနီ၊ ပြင်သစ်တို့လိုနိုင်ငံတွေကို အီးယူတိုးချဲ့ဖွဲ့စည်းဖို့ အင်တိုက်အားတိုက်ပဲ အမေရိကန်က တိုက်တွန်းခဲ့တယ်။ အီးယူကိုတိုးချဲ့ဖွဲ့စည်းဖို့ဆိုတာ သိပ်တော့မလွယ်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက အဖွဲ့ဝင်ဆယ်နိုင်ငံကနေတိုးချဲ့ဖွဲ့ စည်းရမှာ။ အဲဒီ၁၀နိုင်ငံထဲမှာ ခုနစ်နိုင်ငံက ဆိုဗီယက်အုပ်စုအဖွဲ့ဝင်နိုင်ငံ ဟောင်းတွေလေ။ ဘောလ်တစ်နိုင်ငံတွေက အခြေအနေက ပိုပြီးတော့တောင် ရှုပ်ထွေးနေတယ်။ ပိုလန်က ကွန် မြူနစ်ခေတ်လွန်နိုင်ငံဖြစ်ပေမယ့် လစ်သူယေးရီးယား၊ လတ်ဗီးယားနဲ့ အက်စတိုးနီးယားနိုင်ငံ တွေက ဆိုဗီယက်ခေတ်လွန် သမ္မတနိုင်ငံတွေ။ အရင်တုန်းက သီးခြားနိုင်ငံတွေအဖြစ်မရှိခဲ့တဲ့ ဆိုဗီယက်ပြည်ထောင်စုအစိတ်အပိုင်းတွေ။ အဲဒီနိုင်ငံတွေကို ရုရှားဘက်က အခိုင်အမာကန့် ကွက်နေချိန်မှာနေတိုးနဲ့အီးယူထဲမှာဝင်ခွင့်ပေးတယ်ဆိုတာအမေရိကန်လုံးဝအောင်မြင်မှုရသွား တာပဲဗျ။ သမ္မတတစ်ဦးအနေနဲ့ ဘီလ်ကလင်တန်ဟာ အင်မတန်အား ပေးထောက်ခံခဲ့တယ်။ သူ့အစိုးရအဖွဲ့မှာပါတဲ့ နိုင်ငံခြားရေးဝန်ကြီး မက်ဒလင်းအောဘရိုက်က ဒီဒေသအကြောင်း ကောင်းကောင်းသိတယ်။ သူ့အခန်းကဏ္ဍက အရမ်းကိုအရေးကြီးတယ်။

## မျက်မှောက်ခေတ်အသွင်ကူးပြောင်းမှုများ

*ဆိုပါစို့ ခင်ဗျားအနေနဲ့ ကျူးဘား၊ ကျော်အန်နဲ့ မြန်မာနိုင်ငံက လူငယ်လူရွယ်ခေါင်းဆောင် သုံးယောက်ကို တွေ့ဆုံရမယ်ပေါ့။ ခင်ဗျားက အသွင်ကူးပြောင်းမှုကိုဖြတ်သန်းခဲ့တယ်။ ဥာဏ်ရည်ထက်မြက်ပြီး အမြော်အမြင်ရှိတဲ့ ဗီလစ် ဝွန်ဇာလက်လိုလူစားမျိုးဆိုပြီး နာမည်ကြီးလို့ သူတို့က တစ်ယောက်ချင်းစီခင်ဗျားကိုလာတွေ့ကြမယ်ပေါ့။ သူတို့က ခင်ဗျားနဲ့တွေ့တော့ ဒီလိုပြောတယ် 'ခင်ဗျားက ကျူးဘား၊ ကျော်အန် သို့မဟုတ် မြန်မာနိုင်ငံတွေနဲ့ပတ်သက်ပြီး ကျွမ်း ကျင်နှံ့စပ်သူမဟုတ်ဘူး။ သို့သော် အသွင်ကူးပြောင်းမှုတွေမှာတော့ ကျွမ်းကျင်နှံ့စပ်တယ်။ ကျွန် တော်တို့က ယေဘုယျအကျဆုံးအဆင့်ကို သိချင်ပါတယ်။ ကျွန်တော်တို့ရှေ့ဆက်သွားမယ့် လမ်းမှာ ခင်ဗျားဘာ အကြံဉာဏ်တွေပေးချင်လဲ။' လို့မေးကြတယ်ထားပါတော့။ ခင်ဗျားသူတို့ကို ဘာပြောမလဲ။ သုံးယောက်စလုံးကို တစ်ပုံစံတည်းပြောမှာလား။*

ခွာညဲ့ပ်စကီ။ ။ကျွန်တော်ပထမဆုံးပြောမှာကတော့ အသွင်ကူးပြောင်းမှုတွေအားလုံး အတွက် တစ်ခုတည်းသော ဖော်နည်းကားနဲ့ တစ်ခုတည်းသောလမ်းကြောင်းရယ်လို့ လုံးဝ မရှိဘူးဆိုတာ ထပ်တလဲလဲပြောရမှာပဲ။ နိုင်ငံရပ်ခြားကလာတဲ့သူတွေက 'ဒါကတော့ ပိုလန်မှာ အောင်အောင်မြင်မြင် အလုပ်ဖြစ်ခဲ့တယ်။ ဒီတော့ အဲဒီအတိုင်းလုပ်ကြည့်လိုက်ပါလား။ အကုန် အဆင်ပြေသွားမယ်' လို့ပြောကြတာ လွဲနေတယ်ဗျ။ ပြည်တွင်းရေးအခြေအနေတွေ၊ အကြောင်း ခြင်းရာတွေကို နားလည်နေဖို့က အရမ်းအရေးကြီးတယ်။ သို့သော် ကျွန်တော့်ဆီလာ တွေ့ကြ

တဲ့ အဲဒီလူငယ်သုံးယောက်ဟာ သူတို့နိုင်ငံတွေအကြောင်းကိုတော့သိကြမှာပဲလို့ ကျွန်တော် နားလည်ထားတယ်။ သူတို့နိုင်ငံမှာဘာဖြစ်နေလဲဆိုတာ နားလည်ဖို့ သူတို့မှာတာဝန်ရှိတယ်လို့ ကျွန်တော်နားလည်ထားတယ်။

ဒီတော့ ကျွန်တော်က 'ခင်ဗျားတို့နိုင်ငံရဲ့အခြေအနေကိုကြည့်ကြရအောင်။ ဘာအခွင့် အလမ်းတွေရှိလဲ။ အကန့်အသတ်တွေကဘာတွေလဲ။ အကျပ်အတည်းတွေကဘာတွေလဲ။' လို့မေးမယ်။ နောက်တစ်ဆင့် သူတို့ကိုထပ်ပြောရရင် 'ခင်ဗျားတို့မှာ မဟာဗျူဟာရှိဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်နိုင်ငံကိုပြောင်းလဲချင်ရင် မျှော်မှန်းချက်ရှိကိုရှိရမယ်။ အာဏာ လိုချင်တာတို့ တိုင်းပြည်အုပ်ချုပ်ချင်တာတို့ဆိုတဲ့ မျှော်မှန်းချက်လောက်နဲ့မရဘူး။ အဲဒါတွေနဲ့ ပတ်သက်နေတဲ့ အခြေခံအကြောင်းတရားကတော့ပါနေတယ်။ သို့သော် ဒါကအဓိကမျှော်မှန်း ချက် ဖြစ်လို့မရဘူး။ မျှော်မှန်းချက်က လွတ်လပ်မှုဖြစ်ရမယ်။ ဒီမိုကရေစီဖြစ်ရမယ်။ လူမှုရေး တရားမျှတမှုဖြစ်ရမယ်။ တရားဥပဒေစိုးမိုးမှုဖြစ်ရမယ်။ ငြိမ်းချမ်းရေးဖြစ်ရမယ်။ အိမ်နီးချင်းနိုင်ငံ တွေနဲ့ ဆက်ဆံရေးကောင်းရှိရမယ် စတာတွေပဲ။'လို့ပြောမှာပဲ။ မျှော်မှန်းချက်နဲ့မဟာဗျူဟာ ဆိုတာ သိပ်ကိုအရေးကြီးတယ်။ ပိုလန်နိုင်ငံ ကံစွပ်သွားတာ ကျွန်တော်တို့မှာမဟာဗျူဟာရှိလို့ ပဲ။ နိုင်ငံရေးပါတီတစ်ခုတည်းရဲ့ မဟာဗျူဟာမဟုတ်ဘူး။ ပြည်သူတွေအများစု အတွက် မဟာဗျူဟာက လွတ်လပ်ခွင့်၊ လုံခြုံရေး၊ ဥရောပစံတန်ဖိုးတွေကိုလက်ခံကျင့်သုံးလာအောင် လုပ်တာ၊ ခေတ်မီစက်မှုနိုင်ငံဖြစ်အောင်လုပ်တာ၊ ဒီမိုကရေစီရအောင်လုပ်တာတွေပဲ။

တတိယမြောက် ကျွန်တော်ပေးချင်တဲ့အကြံကတော့ နည်းလမ်း။ ဒိုင်ယာလော့ဂ်ဟာ နိုင်ငံရေးမှာ အကောင်းဆုံးနည်းလမ်းပဲ။ ပြိုင်ဘက်တွေ၊ ရန်သူတွေနဲ့ဆိုရင်တောင်မှ ဒိုင်ယာ လော့ဂ်ရှိမှရမယ်။ ဒိုင်ယာလော့ဂ်အယူအဆက အတိုက်အခံအတွက်ပဲ လက်သင့်ခံဖို့လွယ်တာ တော့အမှန်ပဲ။ အာဏာရှင်အစိုးရထဲကလူတွေအတွက် လွယ်တဲ့အလုပ်မဟုတ်ဘူး။ သို့သော် ဒိုင်ယာလော့ဂ်ဟာ ကိစ္စအားလုံးနီးပါးအတွက် အခြေခံပဲ။ ဘာလို့လဲဆိုတော့ ဒိုင်ယာလော့ဂ်မရှိရင် ဘယ်လို့မှရှေ့ဆက်ဖို့အခွင့်မသာတော့ဘူးလေ။

စတုတ္ထမြောက်ပေးချင်တဲ့ အကြံဉာဏ်က ကိုယ်ဆက်ဆံပတ်သက်နေရတဲ့ ရပ်တည်ချက် ပေါင်းစုံကို နားလည်ထားပါ။ ကိုယ့်ရဲ့အုပ်စုအတွင်းမှာတောင်အထူးသဖြင့် ကိုယ်ကအခြားသူ များနဲ့ပြောရဆိုရတော့မယ်ဆိုရင် တွေးပုံခေါ်ပုံအမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုး၊ အကဲဆတ်ပုံ အမျိုးမျိုးကိုတွေ့မှာပဲဆိုတာ နားလည်ထားဖို့လိုတယ်။ ဒီလိုဗဟုသဘောဆောင်တဲ့ ကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက်မတူကြပါဘူး။ အဲဒီမတ ကွဲပြားမှုတွေအားလုံးကို အသိအမှတ်ပြုပြီး လေးစားဖို့လိုပါတယ်။ ကိုယ်က ငါနဲ့မတူပါလားဆိုပြီး အံ့အားသင့်ဖို့ စိတ်ပျက် သွားဖို့မလိုပါဘူး။

လက်ဆုပ်လက်ကိုင်ပြပြီးပြောရရင်တော့ ကျူးဘားနိုင်ငံရဲ့ဖြစ်ရပ်ကို ကျွန်တော်ပိုပြီးနား

လည်တယ်။ ကွန်မြူနစ်စနစ်ကနေ အသွင်ကူးပြောင်းမှုကဘာလဲဆိုတာ ကျွန်တော်သိတယ်လေ။ အတိုင်းအတာတစ်ခုအထိတော့ ကျူးဘားက ဥရောပနိုင်ငံတော်တော်များများမှာ ကျွန်တော်တို့ ကြုံခဲ့ရတဲ့ အခြေအနေနဲ့တူမယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဆုံးစိန်ခေါ်မှုက အတိုက်အခံအတွက်က ပိုပြီးစည်းစည်းလုံးလုံးရှိဖို့နဲ့မဟာဗျူဟာတစ်ခုဖော် ဆောင်ဖို့ဖြစ်နေလို့ပဲ။ ကက်စထရိုရဲ့နိုင်ငံရေးလမ်းစဉ်က အရမ်းစိတ်အားတက်ကြွဖို့ကောင်းတော့ကာ ကျူးဘားနိုင်ငံသား သန်းပေါင်းများစွာကိုတင် စိတ်အားတက်ကြွစေတာမဟုတ်ဘဲ တစ်ကမ္ဘာလုံးကပြည်သူသန်းပေါင်းများစွာကိုပါ နှိုးဆော်အားရှိတယ်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးနောက် ဒီနေ့ခေတ်မှာ ကွန်မြူနစ်နိုင်ငံရေးလမ်းစဉ်က ဘာဗလာသက်သက်နီးပါးဖြစ်သွားပြီ။ ကျူးဘားနိုင်ငံရဲ့ရှေ့ရေးဟာ ကွန်မြူနစ်ပါတီအတွင်းက ပြုပြင်ပြောင်းလဲရေးသမားအုပ်စုတွေအပေါ်မှာ တော်တော်မူတည်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမြင်ပြောရရင် နောက်လာမယ့်နှစ်အနည်းငယ်အတွင်း ကျူးဘားနိုင်ငံမှာဖြစ်ပေါ်လာမယ့် ကိစ္စရပ်တိုင်းဟာ ပါတီနဲ့ အတိုက်အခံ ဆက်ဆံရေးကနေထွက်လာမယ့်ရလဒ်ထက် ပါတီတွင်းမှာဘာဖြစ်နေလဲဆိုတာရဲ့ ရလဒ်က အဓိကပိုကျလာလိမ့်မယ်။ ကျွန်တော်တို့ကမ္ဘာခြမ်းကအတွေ့အကြုံအရပြောရရင် အသွင်ကူးပြောင်းမှုကိုအချို့အတွက် ပိုပွင့်လင်းပြီး အဆင်သင့်ပိုဖြစ်နေသူ အစိုးရအဖွဲ့နဲ့ပါတီအတွင်းက ပြုပြင်ပြောင်းလဲရေးနဲ့ အုပ်စုတွေနဲ့ အတူတူလုပ်ကိုင်ဖို့လိုတယ်။ ကက်စထရိုကိုဆက်ခံသူတွေဟာ အရွယ်ကောင်းစစ်ဗိုလ်ချုပ်တစ်ဦးဖြစ်နေရင် သိပ်မအံ့သြသွားပါနဲ့။ အဲဒီဗိုလ်ချုပ်ဟာ ပြုပြင်ပြောင်းလဲရေးသမားဖြစ်ဖို့များတယ်။ ကျူးဘားနိုင်ငံက ပြည်ပကိုအကြောင်းအမျိုးမျိုးနဲ့ထွက်သွားကြတဲ့ နိုင်ငံသားတွေကလည်း အခန်းကဏ္ဍတစ်ခုအနေနဲ့ပါနိုင်တယ်။ သို့သော် အဲဒီပြည်ပရောက်တွေနဲ့ပတ်သက်ရင် ကျွန်တော်ကတော့ သိပ်သတိထားတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်အမြင်ပြောရရင် တိုင်းပြည်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ပြည်သူတွေက အသွင်ကူးပြောင်းမှုကို ဆုံးဖြတ်ချက်ချရမှာကိုး။ ပြည်ပရောက်နိုင်ငံသားတွေက တချို့လုပ်ငန်းစဉ်တွေကို ထောက်ခံအားပေးနိုင်တယ်။ သို့သော် ပြည်တွင်းမှာရှိ သူတွေရဲ့နေရာမှာတော့ သူတို့ကိုထားကြည့်လို့ရမှာမဟုတ်ဘူး။

## စစ်တပ်၏အခန်းကဏ္ဍ

*အသွင်ကူးပြောင်းမှုအများစုမှာ စစ်တပ်ဟာ အရေးကြီးတဲ့နေရာကပါခဲ့တာများပါတယ်။ အသွင်ကူးပြောင်းမှုမှာ စစ်တပ်တို့ ရဲအဖွဲ့တို့နဲ့ ပတ်သက်ပြီး ပိုလန်အတွေ့အကြုံကနေ ဘာတွေသင်ယူနိုင်မလဲ။*

ဧာည့ဲ့ပ်စကီ။ ။စစ်ဘက်ဖွဲ့စည်းတည်ဆောက်ပုံတွေဆိုတာ အာဏာရှင်စနစ်ရဲ့ ခိုင်မာတဲ့ အစိတ်အပိုင်းပဲ။ နိုင်ငံရေးလမ်းစဉ်အရ၊ စီးပွားရေးအရ အစိုးရတစ်ရပ်အားနည်းလာပြီဆိုရင် လုံခြုံရေးတပ်ဖွဲ့တွေရဲ့အာဏာပေါ့ အထူးသဖြင့်လျှို့ဝှက်ရဲအဖွဲ့ (ထောက်လှမ်းရေး) ရဲ့လုပ်ပိုင်ခွင့်အာဏာက ကြီးလာတတ်တာပဲ။ ဒါကြောင့်ပဲ နိုင်ငံရေးဦးဆောင်အဖွဲ့လို နိုင်ငံရေးဆိုင်ရာ

အဖွဲ့တွေအားလုံးထဲမှာ စစ်ဗိုလ်ချုပ်တွေရဲ့အရေအတွက်က များသထက်များလာတာပေါ့။ စီးပွားရေးအခြေအနေဆိုးရွားလာတာနဲ့ ပြည်သူတွေကြီးရာမရဖြစ်ကုန်တာကလည်း အကြောင်းတစ်ချက်ဖြစ်လေ့ရှိတယ်ဗျ။ လူ့အဖွဲ့အစည်းရဲ့နေရာတော်တော်များများမှာ ပရမ်းပတာဖြစ်လာတာရှိမယ်၊ စစ်တပ် ဒါမှမဟုတ် တခြားလုံခြုံရေး အဖွဲ့အစည်းတွေရဲ့ဖွဲ့စည်းပုံကကျ ဆန့်ကျင်ဘက်အနေအထားဖြစ်နေတယ်။ စစ်တပ်နဲ့လုံခြုံရေးအဖွဲ့တွေဆိုတာ အမိန့်နာခံမှုနဲ့စည်းကမ်းသေဝပ်မှုရှိတယ်။ အလုပ်ကိုအလုပ်နဲ့တူ အောင်လုပ်ရတယ်။ စစ်တပ်ဟာ (နိုင်ငံရေး) စနစ်ရဲ့ထောက်တိုင်၊ အရာရာတိုင်းရဲ့ထောက်တိုင်ဖြစ်တဲ့ တိုင်းနိုင်ငံတော်ရဲ့ထောက်တိုင်ပါဆိုပြီး မြင်အောင်လုပ်လေ့ရှိတဲ့ စိတ်ပိုင်းဆိုင်ရာအခြေခံအကြောင်းတရားရှိတယ်။ အွန်လာယ်အကြီးဆုံးက ထောက်လှမ်းရေးပဲ။ သူတို့က စနစ်တကျဖွဲ့စည်းထားတဲ့ပြီး လစာလည်းကောင်းတဲ့အပြင် အပြောင်းအလဲကိုတင်းခံဖို့ မက်လုံးကလည်း သူ့မှာရှိတယ်။ အာဏာရှင်စနစ်တိုင်းမှာ ထောက်လှမ်းရေးက အသွားလက်မှတ်ပဲဖြတ်ထားတဲ့သူတွေ။ သူတို့လက်တွေမှာစွန်းနေတဲ့ သွေးကနည်းတာမှမဟုတ်တာကိုး။ ပိုပြီးတရားလက်လွတ်လုပ်ကိုင်ခြင်းအားဖြင့်သာ သူတို့အခွန်ရှည်နိုင်မှာလေ။

စစ်တပ်ကျတော့ လုံးဝကွဲပြားခြားနားတဲ့အခြေအနေမှာရှိတယ်။ စစ်တပ်တွေဆိုတာ နည်းတဲ့အဖွဲ့အစည်းကြီးတွေမှ မဟုတ်တာ။ စစ်သည်တော်ကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ စစ်တပ်တွေမှာဆိုရင် အပြုသဘောဆောင်တဲ့ နိုင်ငံတော်ကိုလိုလားတဲ့အတွေးအခေါ်ရှိတဲ့သူတွေအများကြီးရှိတယ်။ သူတို့လိုလူမျိုးတွေက အတိုက်အခံကိုဆန့်ကျင်တဲ့ စစ်ရေးလှုပ်ရှားမှုတွေမှာဝင်ပါရတာ ကသိကအောက်ဖြစ်ကြတယ်။ ဒါပေမယ့် တိုင်းပြည်ရဲ့နောင်ရေးနဲ့လုံခြုံရေးအတွက်တော့ သူတို့မှာတာဝန်ရှိတယ်ဆိုတာမျိုးယူဆကြတယ်။ တိုင်းပြည်အများစုမှာ စစ်တပ်ထဲကလူတွေအများစုက သာမန်တောသူတောင်သားမိသားစုတွေက လာကြတဲ့သူတွေဗျ။ သူတို့က အစိုးရအရာရှိကြီးတွေရဲ့သားသမီးတွေမဟုတ်ဘူး။ အလုပ်သမားတွေ၊ တောင်သူလယ်လုပ်တွေ၊စာရေးစာရီတွေဆိုတဲ့ သာမန်မိသားစုတွေကလာကြတဲ့ ချာတိတ်တွေ။ အကျိုးဆက်က သာမန်ပြည်သူလူထုရဲ့ဘဝနဲ့ စစ်တပ်ကနီးစပ်မှုရှိတယ်။ အာဏာရှင်စနစ်တွေမှာ စစ်တပ်က အင်မတန်နှာခေါင်းရှုံ့စရာနေရာကနေပါရနိုင်တယ်။ စစ်တပ်ကအဲဒီ လိုနေရာမျိုးကပါဖို့ နိုင်ငံရေးခေါင်းဆောင်တွေက ဆုံးဖြတ်ရင်ပေါ့။ ပိုလန်အတွေ့အကြုံမှာကျတော့ ပြုပြင်ပြောင်းလဲရေးတွေနဲ့ အသွင်ကူးပြောင်းမှုအတွက် အသင့်ဖြစ်နေတဲ့သူတွေအများကြီး စစ်တပ်ထဲမှာရှိနေတာပဲ။

အတိုက်အခံခေါင်းဆောင်တွေအတွက် အကြံကောင်းဉာဏ်ကောင်း ပေးရမယ်ဆိုရင် ပိုလန်မှာ နည်းလမ်းနှစ်ခုရှိခဲ့တယ်။ အတိုက်အခံဘက်က ကိုယ်စားလှယ်က တစ်နေ့မှာတိုင်းပြည်ရဲ့ဝန်ကြီးချုပ်သစ်တို့၊ သမ္မတသစ်တို့ဖြစ်လာခဲ့ရင် စစ်တပ်ရဲ့အခန်းကဏ္ဍကို နေ့ချင်းညချင်းပြောင်းပစ်လို့မရဘူးဗျ။ သူကနေကဲ အခုတော့ အရင်တုန်းက စစ်တပ်ဆိုတာမရှိတော့ဘူး။ စစ်တပ်

အသစ်ဖွဲ့ရတော့မယ်ဆိုပြီး သွားပြောလို့မရဘူး။ ရဲတပ်ဖွဲ့ကိုလည်း တစ်ဖွဲ့လုံးဖြုတ်ပြီး နောက်ရဲ အဖွဲ့သစ်ဖွဲ့မယ်ပြောလို့မရဘူး။ စနစ်ဟောင်းနဲ့စနစ်သစ်ကြားမှာ မျှခြေတစ်ခုကိုရှာတာ အသွင်ကူးပြောင်းမှုရဲ့သဘောပဲ။ သို့သော်ဒါကမလွယ်ပါဘူး။ စကတည်းက အခုလိုမျိုးပြောထားဖို့တော့ လိုတယ်။ 'ဒီမယ် အဖွဲ့အစည်းတွေအားလုံးထံက ကျွန်တော်တို့ ကျွန်မတို့မျှော်လင့်တာက အစိုးရသစ်ကို သစ္စာခံဖို့၊ ရွေးကောက်တင်မြှောက်ခံ သမ္မတသစ်ကိုသစ္စာခံဖို့ပဲ'လို့ပြောထားဖို့လို တယ်။ ပြီးရင် တစ်ဆင့်ပြီးတစ်ဆင့် အဲဒီအင်စတီကျူးရှင်းတွေကို အပြောင်းအလဲလုပ်ဖို့ အသွင်ပြောင်းဖို့လုပ်လို့ရသွားမယ်။ ပိုလန်မှာဆိုရင် တော်တော်အားကောင်းတဲ့နိုင်ငံရေးသမားအုပ်စုရှိ တယ်။ ဥပမာ ကာတင်စကီးနဲ့သူ့လုပ်ဖော်ကိုင်ဖက်တွေပေါ့။ ဒီလို အုပ်စုတွေရှိတာကြောင့် စားပွဲဝိုင်းဆွေးနွေးပွဲနဲ့ ရွေးကောက်ပွဲအပြီးမှာ တော်လှန်ရေးမဖြစ်ဘူးလို့ ပိုလန်အသွင်ကူးပြောင်းမှုမှာ အပိုင်တွက်ခဲ့တဲ့မှားသွားတယ်။ ဘယ်အသွင်ကူးပြောင်းမှုမှာမဆို တော်လှန်ရေး အင်အားစုကတော့ရှိတယ်။ လက်စားချေမယ့်အင်အားစုပေါ့။ တကယ့်အပြောင်းအလဲ ဖြစ် တယ်လို့ ခံစားရအောင် အစိုးရ ဟောင်းကို ကိုယ်စားပြုတဲ့သူတွေကို ပြစ်ဒဏ်ချမှတ်ဖို့ဆန္ဒပေါ့။ ဒီလိုတွေးပုံခေါ်ပုံမျိုးကို ကျွန်တော်ကတော့ လုံးဝလက်မခံဘူး။ ကျွန်တော့်အမြင်အရတော့ အချိန်ပိုကြာပြီး တခါတလေမှာ ပေးဆပ်ရမှာများသည့်တိုင်အောင် တော်လှန်ရေးနဲ့စာရင် ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုက ပိုကောင်းတယ်။ အထူးသဖြင့် ဒီနေ့ခေတ်လို ခေတ်မီဆက် သွယ်ရေးနည်းလမ်းတွေရှိလာချိန်မှာ ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုက တော်တော်အောင်မြင်နိုင် မယ်။ အသွင်ကူးပြောင်းမှုကို တကယ်ကိုထိန်းသိမ်းရလွယ်ပြီး နောက်ဆုံးမှာ ကျွန်တော်တို့ လိုချင်တဲ့ အင်မတန်အပြုသဘောဆောင်တဲ့ရလဒ်တွေကို ဖြစ်ပေါ်လာစေလိမ့်မယ်။

## ဒီမိုကရေစီ၏အဓိပ္ပာယ်နှင့်ပြည်သူများ၏နှစ်ချိုက်မှု

*ပိုလန်၊ ချီလီ၊ စပိန်၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘရာဇီး စတဲ့နိုင်ငံပေါင်းစုံက ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေကို တွန်းအားပေးခဲ့တဲ့အရာက ဘာလို့ခင်ဗျားထင်သလဲ။*

ခွာညဲ့ပ်စကီ။ ။ သူ့ရဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုမူဝါဒက အရမ်းကြီးကျယ်တဲ့ အယူအဆဖြစ်တယ်၊ ဆိုဗီယက်ပြည်ထောင်စုဟာ ဆက်လက်တည်ရှိနေဦးမယ်လို့ သူယုံကြည် နေဆဲမှာ ကျွန်တော်နဲ့ ဂေါ်ဘာချော့ဗ်နဲ့ ဆွေးနွေးခဲ့တယ်။ တကယ်တော့ ဆိုဗီယက်ပြည်ထောင် စုကိုယုံကြည်တဲ့သူတွေထဲမှာ သူကနောက်ဆုံးပုဂ္ဂိုလ်ပဲ။ ကျွန်တော်ကသူ့ကိုပြောပါတယ်။ 'မီခေးလ်ရေ၊ ခင်ဗျားသာပြည်သူတွေနဲ့စကားပြောကြည့်ရင် ပြဿနာက ဒီမိုကရေစီရဲ့လွတ် လပ်ခွင့်၊ လူသားဂုဏ်သိက္ခာရဲ့လွတ်လပ်ခွင့်ဆိုတာ ခင်ဗျားလက်ခံသွားမှာပဲဗျ၊ (သူ၏ဘက်စုံ ပြုပြင်ပြောင်းလဲရေးမူဝါဒ perestroika တွင် ထိုတန်ဖိုးများအားလုံးပါသည်။) အခြေအနေတစ်ခု မှာ တံခါးတွေပိတ်ထားတယ်၊ နောက်တစ်ခုက တံခါးတွေဖွင့်ထားတယ်ဆိုတဲ့ အခြေအနေနှစ်ခုပဲ ရှိတယ်။ ခင်ဗျားရဲ့အယူအဆက ဒီတန်ဖိုးတွေအားလုံးကို ဒီမျှော်လင့်တောင့်တမှုတွေအားလုံး ကို ပြည်သူတွေရဲ့လိုအပ်ချက်တွေအားလုံးကို တံခါးဖွင့်ပေးလိုက်ချင်တာဆိုရင် ခင်ဗျားတဲ

ဒီတံခါးကို ကျယ်ကျယ်လွင့်လွင့်ဖွင့်ရလိမ့်မယ်။ တံခါးကို ဟတယ်ဆိုရုံးလေး လုပ်လို့မရဘူး။ သိပ်မကြာခင် ခင်ဗျားအဲဒီတံခါးကို အပြည့်အဝဖွင့်ရင်ဖွင့် မဟုတ်ရင်တော့ ခင်ဗျားရဲ့ပြည်သူတွေက တံခါးကိုတွန်းထိုးပြီးအတင်းထွက်လာကြမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတန်ဖိုးတွေက အရမ်းခိုင်မာတယ်လေ။ အဲဒီတန်ဖိုးတွေက ပြည်သူတွေကိုလူပ်ရှားသက်ဝင်စေတယ်။ အထူးသဖြင့် လူငယ်လူရွယ်တွေကို'ပေါ့'လို့ ကျွန်တော်သူ့ကိုပြောခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ ပိုလန်ကွန်မြူနစ်ပါတီရဲ့ ကပ်ဆိုက်တဲ့ကာလတွေအကြောင်း ပြောကြဆိုကြတာ အချိန်တော် တော်ကြာတယ်။ ပိုလန်နိုင်ငံမှာ ဒီမိုကရေစီတည်ဆောက်ရေးပိုပြီး လုပ်ဖို့လိုတယ်ဆိုတာ ကျွန်တော်တို့သဘောတူခဲ့တယ်။ သို့သော်ဒီလောက်နဲ့မရပါဘူး။ ၁၉၈၉ ခုနှစ်တုန်းက ပိုလန်လူမျိုးတွေနဲ့ တခြားသူတွေကပြောတာရှိတယ်။ ' ဒီမိုကရေစီတည်ဆောက်ရေးအကြောင်း လာမပြောကြပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့ကျွန်မတို့က ဒီမိုကရေစီစစ်စစ်ကိုလိုချင်တာ ဆိုရှယ်လစ်ဒီမိုကရေစီတို့ တခြားဒီမိုကရေစီတို့ကိုလိုချင်တာမဟုတ်ဘူး။ တကယ့်ဒီမိုကရေစီကိုလိုချင်တာ' တဲ့။ သူတို့တစ်တွေဟာ ပညာအတတ် ကြီးမဟုတ်သည့်တိုင် ဒီမိုကရေစီကဘာလဲဆိုတာ ပင်ကိုယ်အသိနဲ့ကောင်းကောင်းနားလည်ထားကြတာဗျ။ ငါတို့မဲပေးနိုင်မယ်၊ ဒီမိုကရေစီဆန်တဲ့ ဥပဒေတွေကို ငါတို့လက်ခံနိုင်တယ်။ ငါတို့မှာ လွတ်လပ်တဲ့မီဒီယာရှိလာမယ်။ မီဒီယာကို လွတ်လပ်စွာအသုံးချလာနိုင်မယ်စတဲ့ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်တွေကိုသူတို့သိထားပြီးသားဗျ။ ခင်ဗျားလမ်းပေါ်က ဖြတ်သွားဖြတ်လာတစ်ယောက်ကိုတောင် ဒီမိုကရေစီဆိုတာ ဘာလဲလို့ လှမ်းမေးရင် သူကသိပြီးသားဖြစ်နေလိမ့်မယ်။

# ပိုလန်ဝန်ကြီးချုပ် (၁၉၈၉-၁၉၉၁) တာဒဲဝုရ် မာဇိုဗယ့်စကီ၏ ကိုယ်ရေးအကျဉ်း (Club de Madrid အဖွဲ့ဝင်)



Tadeusz Mazowiecki, by Janek Skarzynski/Scanpix

တာဒဲဝုရ် မာဇိုဗယ့်စကီသည် ၁၉၅၀ ပြည့်နှစ်များမှ ကွန်မြူနစ်ဝါဒကျဆုံးသွားသည့် ၁၉၈၉ ခုနှစ်အထိ ပိုလန် ကက်သိုလစ်အတိုက်အခံနိုင်ငံရေးသမားအဖြစ် အရေးကြီးသည့် အခန်းကဏ္ဍများတွင်ပါဝင်ခဲ့သည်။ စစ်ပြီးခေတ် ကွန်မြူနစ်မဟုတ်သည့် ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။ ဥပဒေပညာကိုလေ့လာခဲ့သော်လည်း ကက်သိုလစ် တက်ကြွလှုပ်ရှားသူနှင့် အယ်ဒီတာအဖြစ် အသက်မွေးခဲ့သည်။ ၁၉၅၆ ခုနှစ် ပိုလန်နိုင်ငံ၏ မူဝါဒဖြေလျှော့မှုများအပြီးတွင် Znak လူဝတ်ကြောင် ကက်သိုလစ်ပညာရှင်များအဖွဲ့အစည်းကို တည်ထောင်သူတစ်ဦးဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်များတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ဆန္ဒပြသဘော်ကျင်း အလုပ်သမားများ သတ်ဖြတ်ခံရမှုကို စုံစမ်းစစ်ဆေးရန်တောင်းဆိုချိန်အထိ လွှတ်တော်အမတ်ဖြစ်သည်။ အလုပ်သမားကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းရန် ကူညီခဲ့သည်။ ထိုကော်မတီက ကက်သိုလစ်နှင့် ကက်သိုလစ်မဟုတ်သည့်အတိုက်အခံပညာတတ်များကိုစုစည်းပြီး လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများအတွက် ဖိအားပေးနိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် Gdansk သဘော်ကျင်းဆန္ဒပြပွဲများဖြစ်ပွားစဉ် လက်ဗွယ်ဆာကို

အကြံပေးလုပ်ခဲ့ပြီး Solidarity ၏အကြံပေးနှင့် ယင်းသမဂ္ဂမှထုတ်ဝေသည့် အပတ်စဉ်စာစောင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ဝိုလ်ချုပ်ကြီး ယာရှဇဲစ်ကီက ၁၉၈၁ ခုနှစ် ဒီဇင်ဘာတွင် စစ်အုပ်ချုပ်ရေးကြေညာသည့်အခါ မာဇိုယဲ့ဗ်စကီသည် လပေါင်းများစွာ ထိန်းသိမ်းခံခဲ့ရပြီး အဆိုပါ အပတ်စဉ်စာစောင်သည်လည်း အပိတ်ခံခဲ့ရသည်။

နောက်ရှစ်နှစ်အကြာတွင် တာဒဲဝုရှ် မာဇိုဗယ့ဲစကီသည် Solidarity ၏ကိုယ်စားလှယ်၊ စားပွဲဝိုင်းစေ့စပ်ဆွေးနွေးမှုများ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအဝိုင်းတွင် Solidarity ဦးဆောင် ညှိနှိုင်းသူဖြစ်လာသည်။ ၁၉၈၉ ခုနှစ် တစ်စိတ်တစ်ပိုင်း လွတ်လပ်သောရွေးကောက်ပွဲတွင် ကွန်မြူနစ်တို့အား အံ့အားသင့်ဖွယ်အနိုင်ရခဲ့ပြီးနောက် လက်ဗွယ်ဆာ၏ထောက်ခံမှုဖြစ် ပိုလန်နိုင်ငံ၏ ကွန်မြူနစ်မဟုတ်သော ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ကွန်မြူနစ်အုပ်ချုပ်ရေးမှ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်အတွက်လိုအပ်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အနောက်နိုင်ငံများနှင့် နေတိုး အဖွဲ့သို့ပိုလန်ဝင်ရောက်ရန် မျက်နှာမူခြင်း၊ နိုင်ငံရေး အင်စတီကျူးရှင်းများ၏ ကနဦး ပြုပြင်ပြောင်းလဲမှုများကိုလည်း ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာများအနိုင်ရခဲ့သည့် အုပ်စုအားလုံးမှ သဘောထားအမြင်များကို သူ့အစိုးရအဖွဲ့ဝင်ပါဝင်အောင် အစိုးရအဖွဲ့ကိုဖွဲ့စည်းတည်ဆောက်သည်။ ကွန်မြူနစ်ဝန်ကြီးများကို ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနများတွင် ခန့်အပ်သည်။ Solidarity မှ တက်ကြွလှုပ်ရှားသူများနှင့် ကျွမ်းကျင်ပညာရှင်များကိုလည်း ဝန်ကြီးအဖွဲ့တွင်ခန့်အပ်သည်။ အမြင်အမျိုးမျိုးကို တလေးတစားနားထောင်ပြီးနောက် ခက်ခဲသောဆုံးဖြတ်ချက်များချမှတ်ရခြင်းတို့သည် သူ၏ခေါင်းဆောင်မှု နည်းနာတွင်ပါဝင်နေသည်။

စီးပွားရေးမူဝါဒဖြေလျှော့မှုကြောင့် လက်ငင်းဖြစ်ပေါ်လာသော ဆိုးကျိုးများ ပိုလန်နိုင်ငံသားများစွာကို သက်ရောက်ခဲ့ခြင်းက မာဇိုဗယ့ဲစကီကိုလူကြိုက်များမှု ကျဆင်းလာစေခဲ့သည်။ ၁၉၉၀ သမ္မတရွေးကောက်ပွဲတွင် ဗွယ်ဆာကိုရှုံးနိမ့်ခဲ့သည်။ ယခင်အစိုးရအဖွဲ့ဝင်များကို အပြစ်ပေးခြင်းထက် အတိတ်ကာလနှင့် 'စည်းထူထူ' တားလိုက်ရန် ကတိပြုခဲ့ခြင်းသည် ဆိုဗီယက်အုပ်စုဝင်နိုင်ငံများဘအနက်ပထမဆုံးဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လွယ်ကူချောမွေ့လာစေခဲ့သည်။ သို့သော် ထိုသို့စည်းထူထူတားလိုက်ခြင်းက အတိတ်နှင့်ပတ်သက်ပြီးပြန် လှန်စွပ်စွဲမှုများသည် ပိုလန်နိုင်ငံရေးတွင် နှစ်ပေါင်းများစွာခြောက်လှန့်နေဦးမည်ဆိုသည့်သဘောလည်းဖြစ်နေသည်။ မာဇိုဗယ့ဲစကီသည် ၂၀၀၁ ခုနှစ်အထိ Sejm အောက်လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ ယခင်ယူဂိုဆလာဗီးယားနိုင်ငံအတွက် ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ်အဖြစ်အမှုထမ်းခဲ့ပြီး ဘော့စနီးယားတွင်ဖြစ်ပွားခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံ တကာ၏တုံ့ပြန်မှုအားနည်းမှုအား ကန့်ကွက်သည့် အနေဖြင့် ၁၉၉၅ ခုနှစ်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။

# ဝန်ကြီးချုပ် တာဒဲဝုရ် မာဇိုဗယ့်စကီ နှင့် တွေ့ဆုံမေးမြန်းခြင်း

## အခြေခံမူဝါဒများ

*အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့အကူးအပြောင်းကာလဖြတ်သန်းနေရတဲ့တိုင်းပြည်တစ်ခုက လူငယ်နိုင်ငံရေး ခေါင်းဆောင်တစ်ယောက်ဟာ ခင်ဗျားရဲ့ အတွေ့အကြုံ၊ ပိုလန်နိုင်ငံရဲ့ အတွေ့အကြုံတွေကနေ ဘာသင်ခန်းစာများယူနိုင်မလဲ။ သူတို့နိုင်ငံတွေရဲ့ သမိုင်းမှာ အကျိုးပြုတဲ့အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နိုင်ဖို့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေကနေ နိုင်ငံ့ခေါင်းဆောင်တွေက ဘာတွေနားလည်ထားသင့်သလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံကနေ လေ့လာသင်ယူချင်သူတွေဟာ သူတို့အတွက် ဘာအရေးကြီးလဲဆိုတာဆုံးဖြတ်ရမှာပေါ့။ အဲဒီလိုအသွင်ကူးပြောင်းကာလဖြတ်သန်းရတဲ့ လူငယ်နိုင်ငံရေးခေါင်းဆောင်ကိုပြောမှာက ကိုယ်ဖြတ်ချလိုက်တဲ့ခေါင်းဆောင်ရဲ့နေရာကိုဝင်ယူလိုက်ရုံနဲ့မပြီးဘူးဆိုတာပဲ။ အာဏာယူလိုက်ပြီး အရင်လူတွေလုပ်သလိုဆက်လုပ်သွားလို့မရဘူး။ တစ်နည်းပြောရရင် အသွင်ကူးပြောင်းမှုဆိုတာ အစိုးရတစ်ခုဆင်းသွားပြီး နောက်အစိုးရတက်လာတာမဟုတ်ဘူး။ အဲဒီလိုလုပ်တာ ဖြေရှင်းချက်မဟုတ်ဘူးလေ။ သမိုင်းရဲ့လားရာကိုပြောင်းလဲဖို့ရည်စူးလုပ်ဆောင်ရတာဖြစ်တယ်။ အာရပ်နွေဦးဖြစ်တဲ့ နိုင်ငံတွေကပြည်သူတွေနဲ့ ကျွန်တော်တို့စကားပြောဖူးတယ်။ တချို့နိုင်ငံတွေမှာ ဖိစီးနှိပ်စက်မှုပုံသဏ္ဌာန်တစ်မျိုးကို အခြားတစ်မျိုးနဲ့အစား ထိုးလိုက်တာသက်သက်ပဲ။ အဲဒါမျိုးကို ပြောင်းလဲပါတယ်လို့တော့ ခေါ်လို့ရမယ်မထင်ဘူး။ ဒါကြောင့်ပဲ ကိုယ့်ရဲ့ရှေ့ကအစိုးရနေရာကိုရောက်သွားတာ သက်သက်မဖြစ်သင့်ဘူးလို့ ကျွန်တော်ပြောတာ။ သမိုင်းဝင်အပြောင်းအလဲလုပ်ချင်တယ်ဆိုရင် အဲဒီအပြောင်းအလဲဟာ အခြေခံကျတဲ့အပြောင်းအလဲဖြစ်ရမယ်။ ပိုလန်ဟာ ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ အပြောင်းအလဲတွေလုပ်ခဲ့တယ်ဆိုတာကလည်း ဒုတိယမြောက် အရေးကြီးတဲ့သင်ခန်းစာပါ။

## လူထုစည်းရုံးလှုပ်ရှားမှု

*ဒီလောက်အရေးကြီးတဲ့ ပြောင်းလဲမှုတွေကို ဘယ်လိုလုပ်ပြီး ငြိမ်းချမ်းစွာလုပ်ဆောင်နိုင်ခဲ့တာလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။နေ့ချင်းညချင်းတော့ဖြစ်ခဲ့တာမဟုတ်ပါဘူး။ ဒါဟာများမြောင်ရှုပ်ထွေးတဲ့ ဖြစ်စဉ်ပါ။ ပိုလန်မှာ နိုင်ငံရေးအခြေအနေကို ပြောင်းလဲဖို့ကြိုးပမ်းကြတာအများကြီးရှိခဲ့တယ်။ အဲဒီထဲက အရေးအကြီးဆုံးကတော့ ၁၉၈၀ ခုနှစ်မှာ Solidarity (Solidarność) ကို ဖွဲ့စည်းနိုင်ခဲ့တာပဲ။ Solidarity ကို လွတ်လပ်သော (ကွန်မြူနစ်ပါတီလက်အောက်ခံမဟုတ်

သော) အလုပ်သမားသမဂ္ဂအနေနဲ့သာမက အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုပုံစံမျိုးနဲ့ပါဖွဲ့စည်းနိုင်ခဲ့တယ်။ ဆိုဗီယက်အုပ်စုထဲမှာ ကွန်မြူနစ်အစိုးရကို အုံနဲ့ကျင်းနဲ့တော်လှန်မှုကို စုဖွဲ့နိုင်တဲ့ပထမဆုံးနိုင်ငံဟာ ကျွန်တော်တို့နိုင်ငံပဲ။ ကျွန်တော်တို့အင်အားသုံးပြီး အနိုင်ယူလို့ရပါ့မလား။ စစ်အုပ်ချုပ်ရေးစတင်ခဲ့သော်လည်း အာဏာရှင်အုပ်ချုပ်ရေးကို ငြိမ်းချမ်းသောနည်းလမ်းများသက်သက်နဲ့သာ Solidarity က ကတိုက်ပွဲဝင်ခဲ့တယ်။ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့အောင်ပွဲခံဖို့ တစ်ခုတည်းသောနည်းလမ်းပဲ။ ဆိုဗီယက်ပြည်ထောင်စုမှာ ဘရက်ဇည်ဗ် (ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး) အာဏာရနေတုန်းမှာ Solidarity ကိုဖွဲ့စည်းခဲ့တယ်။ ပိုလန်မှာဆိုဗီယက်စစ်တပ်ရဲ့ကြားဝင်စွက်ဖက်မှုက တကယ့်အွန္တရာယ်ဖြစ်နေတဲ့အချိန်ပေါ့။ ၁၉၈၁ခုနှစ် ဒီဇင်ဘာကနေ ၁၉၈၃ ဇူလိုင်အထိ ဗိုလ်ချုပ်ကြီး ယာရူဇဲစ်ကီက စစ်အုပ်ချုပ်ရေးကြေညာခဲ့တယ်။ အဲဒီနောက်မှာ Solidarity ပြန်လည်ဖွဲ့စည်းတာကို ကွန်မြူနစ်အာဏာပိုင်တွေက မမြင်ချင်တော့ဘူး။ သို့သော် စားပွဲဝိုင်းဆွေးနွေးပွဲများ (၁၉၈၈-၈၉) မှာဝင်ရောက်ဆွေးနွေးဖို့ ကြိုတင်သတ်မှတ်ချက်ကတော့ Solidarity ကိုတရားဝင်အဖွဲ့အစည်းအဖြစ်ထူထောင်ရေးပဲ။ မဟုတ်ရင်ကျွန်တော်တို့ စားပွဲဝိုင်းဆွေးနွေးပွဲမှာ ဝင်ထိုင်မှာမဟုတ်ဘူး။ ပြန်ဖွဲ့စည်းဖို့က ကျွန်တော်တို့ဘက်က သတ်မှတ်ချက်ပဲ။ ဒါကိုလက်ခံဖို့က အစိုးရအတွက်ခက်နေတယ်။ အဲဒီကိစ္စကို ရှောင်လွှဲဖို့အစိုးရဘက်က အချိန်အတော်ကြာကြိုးစားကြတယ်။ ဒါကိုသူတို့လက်မခံချင်ဘူး။ သို့သော် တရားဝင်အဖွဲ့အစည်းဖြစ်ဖို့က ကျွန်တော်တို့အတွက် အဓိကျတဲ့ ကြိုတင်သတ်မှတ်ချက်ပဲ။

## အာဏာရှင်စနစ်ကို ပူးသတ်ခြင်း

စားပွဲဝိုင်းဆွေးနွေးပွဲတွေရဲ့ရလဒ်အဖြစ် ငြိမ်းချမ်းသောနည်းလမ်းနဲ့ Solidarity ကိုတရားဝင်ပြန်ဖွဲ့စည်းနိုင်ခဲ့တယ်။ နိုင်ငံရေးလောကမှာ ပါဝင်ဆောင်ရွက်ခွင့်ကျွန်တော်တို့ပြန်ရသွားတယ်။ Sejm အောက်လွှတ်တော်အတွက် 'ပဋ္ဌာဉ်အရသဘောတူသော ရွေးကောက်ပွဲ' လို့ကျွန်တော်တို့ကင်ပွန်းတပ်ထားတဲ့ ရွေးကောက်ပွဲကို ကျွန်တော်တို့လက်ခံခဲ့တယ်။ အာဏာရပါတီနဲ့ သူ့ရဲ့လက်ဝေခံပါတီတွေက အများစုရဖို့အာမခံချက်ရထားပြီးသား။ ကျွန်တော်တို့က ကိုယ်စားလှယ်နေရာ ၃၅ ရာခိုင်နှုန်းပဲရမယ်။ သို့သော်လည်း အထက်လွှတ်တော်အတွက် အပြည့်အဝလွတ်လပ်တဲ့ရွေးကောက်ပွဲကို ကျင်းပမယ်ပေါ့။ အဲဒီအထက်လွှတ်တော်က ကွန်မြူနစ်ခေတ်တုန်းကမရှိခဲ့ဘူး။ အခုမှပြန်ထားမယ်ပေါ့။ ကျွန်တော်တို့က အတိုက်အခံအနေနဲ့ပဲ ဆက်နေမယ့်လို့ခံယူထားပေမယ့် အဖြစ်အပျက်တွေက အရှိန်အဟုန်မြန်လာတယ်။ ကွန်မြူနစ်ပါတီဟာ ကြောက်ခမန်းလိလိဆိုရှားနေတဲ့ စီးပွားရေးအခြေအနေကနေ ပိုလန်ကိုဆွဲတင်ဖို့ ကွန်မြူနစ်ပါတီက အစိုးရမဖွဲ့နိုင်ဘူးဆိုတာထင်ရှားနေပြီ။ ငွေကြေးဖောင်းပွမှုက အရမ်းမြင့်မားနေတယ်။ စီးပွားရေးအခြေအနေကလည်း ရစရာမရှိအောင်ဖြစ်နေပြီ။ ကွန်မြူနစ်ပါတီက အစိုးရမဖွဲ့နိုင်ဘူး။ သူတို့ရဲ့လက်ဝေခံပါတီနှစ်ခုကလည်း ခွဲထွက်သွားခဲ့တယ်။ အကျိုးဆက်က

လွှတ်တော်မှာ ကိုယ်စားလှယ်နေရာအများစုအနိုင်ရဖို့ ဖြစ်နိုင်ခြေရှိသွားတာပဲပေါ့။

Solidarity ရဲ့ခေါင်းဆောင် လက်ခ် ဗွယ်ဆာက ဝန်ကြီးချုပ်ရာထူး ကျွန်တော့်ကိုကမ်းလှမ်းတဲ့အခါ ခင်ဗျားပဲရာ ထူးယူပါလို့ကျွန်တော်ပြောတယ်။ သို့သော်သူက ကျွန်တော်ပြောတာကို လက်မခံဘဲ သူ့ဘာသာဆုံးဖြတ်ခဲ့တယ်။ သူ့ကိုကျွန်တော်က အားပေးကူညီဖို့မျှော်လင့်ထားတာ၊ Solidarity ဟာ အစိုးရအတွက်အကာအကွယ်ပေးတဲ့ ထီးရိပ်ဖြစ်မယ်လို့မျှော်လင့်ထားတာလို့ ပြောတာပဲ။ နောက်ပြီး ကျွန်တော်ကြိုးဆွဲရာကမှာမဟုတ်ဘူးနော်၊ တကယ့်ဝန်ကြီးချုပ်တာဝန်ကိုထမ်းဆောင်မှာလို့သူ့ကိုပြောခဲ့ပါတယ်။ ဒါကအရေးကြီးတယ်ဗျ။ ကွန်မြူနစ်ပါတီထဲမှာဆိုရင် တကယ့်အာဏာက နိုင်ငံရေးဦးဆောင်အဖွဲ့မှာပဲရှိတာကိုး။ အစိုးရက အုပ်ချုပ်ရေးလုပ်ငန်းလည်ပတ်မှု သက်သက်ပဲလေ။ ကျွန်တော်ဝန်ကြီးချုပ်တာဝန်ယူပြီး အစိုးရအဖွဲ့ခေါင်းဆောင်အနေနဲ့ အရေးကြီးတဲ့အပြောင်းအလဲတွေကိုလုပ်ရတော့မယ်ဆိုရင် အာဏာရဲ့ဗဟိုချက်မသည် အစိုးရဖြစ်ရမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီလိုအစိုးရမျိုးဆိုတာ ဆိုဗီယက်အုပ်စုထဲမှာ ပထမဆုံးပေါ်လာတဲ့အစိုးရပေါ့။ ကျွန်တော်က ရုပ်သေးဝန်ကြီးချုပ် မလုပ်ဘူးနော်ဆိုတဲ့ သဘောက နောက်ကနေကြိုးကိုင်မယ့် နောက်ထပ်နိုင်ငံရေးဦးဆောင်အဖွဲ့ မထားနဲ့တော့၊ ကျွန်တော်တို့ကိုယ်ပိုင် နိုင်ငံရေးဦးဆောင်အဖွဲ့တောင် မထားနဲ့တော့ဆိုတဲ့သဘောပဲ။ အစိုးရဟာ တကယ့်အစိုးရစစ်စစ်ဖြစ်လာတဲ့ပုံစံအတိုင်း ကျွန်တော်ကလည်း ဝန်ကြီးချုပ်စစ်စစ်ဖြစ်လာရလိမ့်မယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီလိုလည်းဖြစ်ခဲ့တယ်။ ကျွန်တော်နဲ့ဗွယ်ဆာလည်း အချိန်ကျတော့ သဘောထားကွဲလွဲမှုတွေစဖြစ်လာတယ်။ သို့သော် အခုပြောခဲ့တဲ့ ကနဦးအဆင့်မှာ ကျွန်တော့်ကို သူအများကြီးပံ့ပိုးကူညီခဲ့တယ်။

လအနည်းငယ်ကြာတဲ့အထိ ကျွန်တော်တို့တိုင်းပြည်ဟာ ဆိုဗီယက်အုပ်စုဝင်နိုင်ငံတွေထဲမှာ ဒီလိုကြီးကျယ်တဲ့ အပြောင်းအလဲတွေ အကောင်အထည်ဖော်ခဲ့တဲ့ တစ်ခုတည်းသောနိုင်ငံဖြစ်ခဲ့တယ်။ နောက်တော့ တခြားနိုင်ငံတွေပါ ကျွန်တော်တို့နောက်လိုက်လာတယ်။ အဲဒီတခြားတိုင်းပြည်တွေက နိုင်ငံရေးအခြေအနေကို ကျွန်တော်တို့ရဲ့အပြောင်းအလဲတွေက သက်ရောက်မှုရှိမယ်ဆိုတာ ကျွန်တော်သိတာပေါ့။ သို့သော် အဲဒီလောက် အရမ်းမြန်မယ်မထင်ခဲ့ဘူး။ တခြားနိုင်ငံတွေက အပြောင်းအလဲတွေကလည်း အရမ်းလေးနက်မယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။ ကျွန်တော်တို့နိုင်ငံဟာ ဆိုဗီယက်အုပ်စုမှာ အဲဒီလိုအပြောင်းအလဲတွေကို အကောင်အထည်ဖော်တဲ့ တစ်ခုတည်းသောနိုင်ငံအဖြစ် အချိန်တစ်ခုကြာတဲ့အထိ ရှိနေဦးမယ်လို့ပဲ ကျွန်တော်တွေးခဲ့တာ။

အဲဒီကာလတုန်းက ပိုလန်ကွန်မြူနစ်ပါတီက ပါတီဝင်အင်အား ၂ ဒသမ ၅ သန်းရှိတယ်၊ လက်ဝေခံပါတီတွေက ပါတီဝင်ငါးသိန်းလောက်ရှိတယ်ဆိုတာကို ကျွန်တော်တို့သတိရသင့်တယ်။ ဒီတော့ ပါတီတွေအားလုံး လွှတ်တော်မှာပါဝင်လို့ရအောင် အစိုးရကလုပ်ရမယ်လို့ ကျွန်တော်တွေးခဲ့တယ်။ ကွန်မြူနစ်ပါတီက အတိုက်အခံလုပ်လို့မရဘူး။ ဒီကိစ္စကရွေးချယ်ခွင့်

မရှိဘူး။ သူတို့က လုံခြုံရေးအဖွဲ့အစည်းတွေနဲ့စစ်တပ်ကို လုံးလုံးလျားလျား လွှမ်းမိုးထားတာလေ။ စစ်တပ်ကိုထိန်းချုပ်ထားတဲ့ အတိုက်အခံဆိုတာကို တွေးကြည့်ပါလား။ ဘယ်တုန်းကမှ ဒါမျိုးမရှိ ခဲ့ဖူးဘူး။ဒါကြောင့်ပဲ သူတို့လည်းအစိုးရအဖွဲ့မှာပါသင့်တယ်ဆိုပြီး ကျွန်တော်ယူဆခဲ့တာပါ။ လွှတ်တော်ထဲမှာ ကိုယ်စားပြုထားတဲ့ ပါဝါတွေအားလုံးက အစိုးရအဖွဲ့ရဲ့အစိတ်အပိုင်းဖြစ်ရမယ်ပေါ့။ အစိုးရဟာ အဓိကနယ်ပယ်သုံးခုမှာ ပဓာနကျတဲ့အပြောင်းအလဲလုပ်ရမယ်ဆိုတာ တစ်ခါမှာ ကျွန်တော်နားလည်သဘောပေါက်ခဲ့ပါတယ်။ အဲဒီနယ်ပယ်သုံးခုကတော့ ဒီမိုကရေစီနိုင်ငံတည်ထောင်တာ၊ စီးပွားရေးစနစ်ကိုပြင်ဆင်တာနဲ့ နိုင်ငံခြားရေးမူဝါဒ တူရူချက်ကိုပြင်ပြီး အနောက်နိုင်ငံများကို တံခါးဖွင့်ပေးတာတွေပဲ။ စီးပွားရေးစနစ်ကိုပြင်ဆင်တာမှာ လက်ရှိထိ ရောက်ပီပြင်မှုမရှိဘဲ ဗဟိုဦးစီးစနစ်နဲ့သွားနေတဲ့ စီးပွားရေးစနစ်ကိုပြင်ဆင်မလား၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းမလားဆိုတဲ့ပြဿနာနဲ့ ကျွန်တော်တို့ရင်ဆိုင်ရတယ်။ (ဈေးကွက်စီးပွားရေးစနစ်ကို ကျွန်တော်တို့ အခိုင်အမာရွေးချယ်ခဲ့ကြတယ်)

## စေ့စပ်ဆွေးနွေးမှုနဲ့ ဒိုင်ယာလော့အတွက်အခြေခံတည်ဆောက်ခြင်း

*ကွဲပြားတဲ့တစ်ဘက်နဲ့တစ်ဘက် (ရပ်တည်ချက်တွေ) ကြား ယုံကြည်မှုရဖို့အခွင့်အလမ်းဖွံ့ဖြိုးလာအောင်လုပ်တာ၊ တစ်ဦးနဲ့တစ်ဦးနားလည်လာအောင်လုပ်တာတွေက အောင်မြင်တဲ့အသွင်ကူးပြောင်းမှုများစွာမှာတွေ့ရတဲ့ အချက်တစ်ခုပါ။ စားပွဲဝိုင်းဆွေးနွေးပွဲမတိုင်မီ ယုံကြည်မှုနဲ့ ဒိုင်ယာလော့အတွက် အဲဒီအခြေအနေတွေကို ဘယ်လိုများဖန်တီးခဲ့လဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။အရေးကြီးတဲ့အချက်က Solidarity တရားဝင်ပြန်ဖွဲ့တာနဲ့ တိုင်းပြည်ရဲ့စီးပွားရေး အခြေအနေပြောင်းလဲအောင်လုပ်တာကို ချိတ်ဆက်နိုင်မှသာလျှင် အပြောင်းအလဲတွေဖြစ်အောင် လုပ်နိုင်မယ်ဆိုတာ ကျွန်တော်တို့သိထားတယ်။ ယုံကြည်မှုအကြောင်းပြောရခက်ပါတယ်။ ယုံကြည်မှုလုံးဝမရှိခဲ့ဘူးဗျ။ မသမာမှုလုံးဝရှိမှာ မဟုတ်ဘူးဆိုတာကို အာမခံချက်ပေးတာ ကျောင်းတော်တစ်ခုပဲရှိတယ်။ အာဏာရထားတဲ့သူတွေနဲ့ အတိုကအခံကြား စေ့စပ်ဆွေးနွေးမှုတွေမှာ ကျောင်းတော်လို မူဝါဒရေးရာဆောင်ရွက်သူတစ်ယောက်ရှိနေတာ ကျွန်တော်တို့အသွင်ကူးပြောင်းမှုဖြစ်ရပ်မှာ သိပ်ကိုအရေးကြီးတယ်။ စားပွဲဝိုင်းဆွေးနွေးမှုတွေအပြီး သတ်ချိန်မရောက်ခင်အထိ Solidarity ကိုတရားဝင်ပြန်ဖွဲ့လို့မရနိုင်မယ့်စည်းမျဉ်းတွေသူတို့ဘက်က လုပ်မလား မလုပ်ဘူးလားဆိုတာ ကျွန်တော်တို့သေချာမသိဘူး။ အဲဒီစည်းမျဉ်းတွေဟာ ကျွန်တော်တို့လက်မခံနိုင်မယ့် စည်းမျဉ်းတွေလားဆိုတာ ကျွန်တော်သေချာမသိဘူး။ ဆွေးနွေးပွဲမှာထိုင်တဲ့အခါ ဆွေးနွေးဘက်က ကိုယ့်အရည်အချင်းကိုသိသွားပြီ။ သူတို့ဘာလုပ်နိုင်သလဲ၊ သူတို့ဘာမလုပ်နိုင်ဘူးလဲဆိုတဲ့သူတို့ရဲ့အရည်အချင်းကိုလည်း ကိုယ်ကသိသွားပြီ။ တစ်ယောက်ရဲ့အရည်အချင်းကိုတစ်ယောက်သိလာတာက တဖြည်းဖြည်းနဲ့အရေးကြီးလာတယ်။

## တရားမျှတမှုနှင့်စေ့စပ်ဆွေးနွေးမှု

*ခင်ဗျားဝန်ကြီးချုပ်အနေနဲ့ လုပ်ကိုင်တဲ့သက်တမ်းမှာ အဓိကဦးစားပေးတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေက ဘာတွေလဲ။ ခင်ဗျားရဲ့မျှော်မှန်းချက်က ဘာလဲ။ ခင်ဗျားရဲ့အစိုးရနဲ့ ခင်ဗျားကလုပ်ဆောင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေက ဘာတွေလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။အပြောင်းအလဲတွေကို လူတိုင်းကလက်ခံစေချင်တယ်ဆိုတာကနေ စပြောရမယ်။ ဒီတော့ အတိတ်ကို ကျွန်တော်တို့စည်းထူထူတားမယ်လို့ကျွန်တော်ကပြောခဲ့တယ်။ အခုရောက်နေတဲ့ကာလကနေကျွန်တော်တို့လုပ်ကိုင်တာအတွက်ပဲ ကျွန်တော်တို့မှာ တာဝန်ရှိမယ်လို့ကျွန်တော်ပြောခဲ့တယ်။ အတိတ်က ကျွန်တော်တို့စိတ်မှာ ဖိဖိစီးစီးရစ်ဝဲနေတယ်ဆိုတာ သိပေမယ့်လည်း ကျွန်တော်တို့လုပ်ရပ်တွေအတွက်ပဲ တာဝန်ယူချင်တယ်။ ဒါကိုအစပိုင်းမှာ လူတိုင်းကသဘောတူခဲ့ကြတယ်ဆိုတာ ကျွန်တော်ဇောင်းပေးပြောရမှာပဲ။ နောက်တော့ ဒီကိစ္စက ကျွန်တော့်ကိုဝေဖန်ပြစ်တင်ဖို့ ဥပါယ်တံမျဉ်ဖြစ်လာတယ်။ ကွန်မြူနစ်တွေဟာ သူတို့ရဲ့ အတိတ်တုန်းကလုပ်ရပ်တွေအတွက် တာဝန်ခံရမယ်လို့ကျွန်တော်ကမတောင်းဆိုချင်တဲ့သူပါဆိုပြီး ကျွန်တော့်ကို ဝေဖန်ကြတော့တာ။ ကနဦးမှာ လူတိုင်းက ဒီကိစ္စကိုလက်သင့်ခံခဲ့ကြတယ်ဆိုတာ ထည့်ကိုပြောမှရမယ်။ ကွန်မြူနစ်တွေကိုအဲဒီလို တာဝန်ခံရဖို့ကျွန်တော်မပြောဘူး။ သို့သော်ဒါက သမိုင်းနဲ့ချီတဲ့အငြင်းအခုံအတွက် ကိစ္စရပ်လို့ကျွန်တော်ယူဆတယ်။ ကျူးလွန်တဲ့ပြစ်မှုတွေနဲ့ပတ်သက်လာရင် တရားရုံးကလုပ်ရမယ့်ကိစ္စလို့ကျွန်တော်ယူဆတယ်။ ဒါကအစိုးရကလုပ်ရမယ့်ကိစ္စရပ်မဟုတ်ဘူးလို့ပဲထင်တယ်။ အစိုးရရဲ့အခန်းကဏ္ဍဆိုတာ ပြည်သူအားလုံးဒီမိုကရေစီရဖို့ပဲ။

ကျွန်တော်ခုနကပြောခဲ့သလိုပဲ ကိုယ့်ရှေ့ကရှိခဲ့တဲ့အစိုးရနေရာကို ဝင်မယူသင့်ဘူးဆိုတာ ကျွန်တော်တခြားသူ တွေကိုမျှဝေပေးချင်တဲ့ အရေးအကြီးဆုံးအတွေ့အကြုံပဲ။ဒါက အခုဆွေးနွေးမှုရဲ့ပင်မကိစ္စပဲ။ အရင်စနစ်ဟောင်းတုန်းက ဘာသာရေးကိုင်းရှိုင်းတဲ့ ကက်သိုလစ်များဖြစ်တဲ့အလျောက် ကျွန်တော်တို့က ကွန်မြူနစ်ပါတီဝင်တွေနဲ့ယှဉ်ရင် ဒုတိယတန်းစားနိုင်ငံသားတွေအဖြစ် သဘောထားခံရတယ်။ ဒီတော့ အဲဒီအချိန်မှာ ကွန်မြူနစ်ပါတီဝင်တွေကို ဒုတိယတန်းစားနိုင်ငံသားတွေအဖြစ် ကျွန်တော်တို့မဆက်ဆံချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီမိုကရေစီက အားလုံးနဲ့သက်ဆိုင်တယ်လို့ ကျွန်တော်တို့ယုံကြည်လို့ပဲ။ လွတ်လပ်ခွင့်ဟာ အားလုံးနဲ့ဆိုင်တယ်လို့ ယုံကြည်လို့ပဲ။ ဒီဥပဒေသတွေကိုလိုက်နာမှသာလျှင် သမိုင်းတွင်မယ့်ဖြစ်ပေါ်တိုးတက်မှု ပေါ်ပေါက်လာမယ်လို့ ယုံကြည်လို့ပဲ။ အဲဒီအရေးအကြီးဆုံးနဲ့ အခြေခံကျတဲ့ယူဆချက်မှာမူတည်ပြီး ကျွန်တော့်အစိုးရက ပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်ခဲ့တယ်။ လိုရင်းပြောရရင်တော့ ကျွန်တော်ဆိုလိုတာ (အတိတ်ကို အတိတ်မှာထားခဲ့တဲ့) အဲဒီအချိန်ကစပြီး ကန့်လန်ကာအသစ်ပွင့်လာမယ်။ လူတိုင်းဟာ ဒီမိုကရေစီမှာ အနာဂတ်တစ်ခုရလိမ့်မယ်ဆိုတာက ပိုပြီးလေးနက်တဲ့အဓိပ္ပာယ်ပါပဲ။ ဒါဟာ အဲဒီတုန်းကမူဝါဒတွေရဲ့

အရေးကြီးတဲ့အစိတ်အပိုင်းပါပဲ။ နောက်တော့ အငြင်းပွားစရာတွေအများကြီးဖြစ်ပေါ်စေခဲ့ပေမယ့်လည်း ဆင့်ကဲဖြစ်ပေါ်တိုးတက်တဲ့ အသွင်ကူးပြောင်းမှုကိုတော့ သေချာစေခဲ့တယ်။

## ဦးစားပေးမူဝါဒများချမှတ်ခြင်း

မလုပ်မဖြစ်လုပ်ရမယ့် အပြောင်းအလဲတွေနဲ့ပတ်သက်ပြီးပြောရရင်တော့ ဘက်ပေါင်းစုံမှာ အားလုံးကိုအပြောင်း အလဲလုပ်ဖို့လိုအပ်နေတာအမှန်ပဲလို့ပြောရမှာပဲ။ ဥပမာ တက္ကသိုလ်တွေဆိုပါစို့။ အဆင့်မြင့်ပညာရေး အင်စတီကျူးရှင်းတွေက သူတို့အတွက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ လွတ်လပ်မှုပေးစေချင်တယ်။ သို့သော် ပညာရေးလွတ်လပ်မှုကိုလည်းပေးဖို့လိုနေတယ်။ ဥပမာ စာသင်ကျောင်းတွေကို သက်ရောက်မှုရှိတဲ့ သမိုင်းကိုသင်ကြားခြင်းမှာ အင်မတန်အရေးကြီးတဲ့ အပြောင်းအလဲတွေကို အကောင်အထည်ဖော်ဖို့လိုတယ်။ အပြောင်းအလဲမလိုအပ် တဲ့နယ်ပယ်ရယ်လို့ တကယ်ကိုမရှိတာ။ နယ်ပယ်တိုင်းကိုပါစေချင်တယ်။

ကျွန်တော့်အစိုးရအဖွဲ့ကလုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲမှာ အရေးအကြီးဆုံးတစ်ခုက ဒေသဆိုင်ရာအစိုးရတွေကို ပြုပြင်ပြောင်းလဲမှုပဲ။ ဒေသဆိုင်ရာဒီမိုကရေစီကို မိတ်ဆက်တဲ့ သဘောပေါ့။ ၁၉၉၀ ပြည့်နှစ် နွေဦးမှာ အပြည့်အဝလွတ်လပ်တဲ့ ပထမဆုံးဒီမိုကရေစီရွေးကောက်ပွဲတွေကျင်းပတယ်။ ဒေသဆိုင်ရာဒီမိုကရေစီစနစ်ရဲ့ ရှည်လျားတဲ့အစဉ်အလာကို ကွန်မြူနစ်စနစ်က ချေဖျက်ပစ်ခဲ့တယ်။ အဲဒီစနစ်မရှိတော့ဘူး။ ဒီတော့ ကျွန်တော်တို့ တစ်ကနေပြန်စရတယ်။

## နိုင်ငံရေးနှင့်လူမှုရေးအခွင့်အရေးများ

ဒုတိယဆောင်ရွက်ချက်က လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်နဲ့ လွတ်လပ်စွာစုရုံးခွင့်။ ကျွန်တော့်အစိုးရအဖွဲ့ကို ဖွဲ့နေချိန်မှာ အတိုက်အခံဘက်က နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံက တရားမဝင်အဖွဲ့အစည်းတွေဖြစ်နေတယ်။ ဒါပေမယ့် သူတို့ကို တရားဝင်အဖွဲ့အစည်းတွေလိုပဲ ကျွန်တော်ပြောဆိုဆက်ဆံတယ်။ တစ်နည်းအားဖြင့် သူတို့ကို လက်တွေ့မှာတရားဝင်အောင် လုပ်နေတာလို့ပြောလို့ရတယ်။ ၁၉၉၇ ခုနှစ်အထိ အခြေခံဥပဒေကိုမပြင်ဆင်နိုင်ခဲ့ဘူး။ ၁၉၉၇ ခုနှစ်မတိုင်မီက အခြေခံဥပဒေပြင်ဆင်ဖို့ကြိုးပမ်းမှုတွေရှိခဲ့ပါတယ်။ ဒီလိုလုပ်တာမှားကောင်းမှားမယ်။ သို့သော် အခြေခံကျတဲ့အပြောင်းအလဲက အရေးအကြီးဆုံးဖြစ်တယ်လို့၊ အခြေခံဥပဒေ အပြောင်းအလဲက ကျွဲကူးရေပါရလဒ်ဖြစ်လာမယ်လို့ကျွန်တော်တွေးခဲ့တယ်။ ကျွန်တော်တို့ လုပ်ခဲ့တဲ့ အခြေခံကျသောအပြောင်းအလဲကတော့ ဒီမိုကရေစီဆန်ပါတယ်။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု

နောက်ထပ်အရေးကြီးတဲ့နယ်ပယ်ကတော့ စီးပွားရေးပါ။ နေရာအနှံ့မှာဖြစ်နေတဲ့ ငွေကြေးဖောင်းပွမှုကိုဖြေရှင်းရမယ်။ တစ်ချိန်တည်းမှာပဲ စီးပွားရေးစနစ်ကို အခြေခံကျကျပြောင်းလဲ

ပစ်မယ့် ဥပဒေတွေကိုရေးဆွဲပြဋ္ဌာန်းရမယ်။ အဲဒီလိုပြဋ္ဌာန်းဖို့ ဥပဒေတွေဆက်တိုက်ပြဋ္ဌာန်းပေးခဲ့တယ်။ စီးပွားရေးစနစ်အတွက် အပြောင်းအလဲတွေကို ၁၉၈၉ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်ကြားမှာ ဥပဒေအဖြစ်ပြဋ္ဌာန်းပေးခဲ့တယ်။

## နိုင်ငံတကာ၏လွှမ်းမိုးမှု

*ခင်ဗျားရဲ့နိုင်ငံခြားရေးမူဝါဒမဟာဗျူဟာက ဘာလဲ။ ပိုလန်အသွင်ကူးပြောင်းမှုကို ပြင်ပက မူဝါဒရေးရာ ဆောင်ရွက်သူတွေနဲ့ ပြင်ပအခြေအနေတွေက ဘယ်လိုလွှမ်းမိုးခဲ့သလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။နိုင်ငံခြားရေးမူဝါဒနဲ့ပတ်သက်လို့ကတော့ အနောက်နိုင်ငံတွေဆီကို တူရူရျက်လှည့် လိုက်တာအင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့အရှေ့ဘက်က အိမ်နီးချင်းကို ထည့်တွက်ရမှာဖြစ်သည့်တိုင် အနောက်ကိုတူရူရျက်လှည့်ခဲ့တယ်။ အဲဒီတုန်းက ပိုလန်မှာရှိတဲ့ စစ်အခြေစိုက်စခန်းတွေမှာ ဆိုဗီယက်စစ်သား ၂၀၀၀၀ လောက်ရှိနေတယ်။ ခေတ်ကတော့ပြောင်းသွားပြီ။ ဂေါ်ဘာချော့ဗ်နဲ့ ဘက်စုံပြုပြင်ပြောင်းလဲရေး ခေတ်ကိုရောက်နေပြီ။ KGB (ဆိုဗီယက်ပြည်ထောင်စု၏ ပင်မလုံခြုံရေးအေဂျင်စီဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေးကော်မတီ) အကြီးအကဲ မစ္စတာ ဗလာဒီမာ ခရူးရှကော့ဗ်က ပြုန်းစားကြီး ဝါဆောကိုရောက်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ဝန်ကြီးချုပ်ဖြစ်နေပြီ။ ဒါပေမယ့် အစိုးရအဖွဲ့တော့ မဖွဲ့ရသေးဘူး။ ကျွန်တော်သူနဲ့တွေ့ လိုက်ရင်ကောင်းမယ်လို့ပြောကြတယ်။ သူရောက်လာတာ ကြိုပြီးလုပ်မယ့်အပေးအယူတစ်ခုအတွက်လာတာ ဆိုပြီးပြောကြလို့ ကျွန်တော်သူနဲ့တွေ့လိုက်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ မိတ်ဖက်နိုင်ငံဖြစ်သော်လည်း ဆုံးဖြတ်ချက်တွေကတော့ ပိုလန်အစိုးရကလုပ်မှာဆိုတဲ့ ကျွန်တော်တို့တွေ့ဆုံမှုမှာပြောဖြစ်တဲ့အနှစ်သာရကို ဂေါ်ဘာချော့ဗ်ဆီရောက်သွားစေမှာဖြစ်လို့ တွေ့ဆုံမှုကအရေးကြီးတယ်။ အဲဒီအနှစ်သာရက အဓိကသတင်းစကားပဲ။

ကျွန်တော့်ရဲ့ပထမဆုံးနိုင်ငံခြားခရီးစဉ်က ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂နဲ့တွေ့ရမှာမို့ စိတ်အားထက်သန်နေခဲ့တာပေါ့။ ကျွန်တော့်အတွက် အံ့မခန်းအရေးပါတဲ့ခရီးစဉ်ပါ။ ကွန်မြူနစ်ခေတ်တုန်းက နိုင်ငံ့ခေါင်းဆောင်တွေဟာ မော်စကိုပဲသွားလေ့သွားထရှိတယ်။ ကျွန်တော်ကတော့ ရောမကိုသွားခဲ့တယ်။ ကျွန်တော်က မော်စကိုမသွားတော့ကာ ရောမခရီးစဉ်ကပြယုဂ်တော့ဖြစ်သွားတယ်။ ဒါပေမယ့် ပုပ်ရဟန်းမင်းကြီးကိုသွားတွေ့မှာဆိုတော့ ဒီခရီးစဉ်က ပိုပြီးတော့တောင်အရေးပါလာပြီ။ ဒဲ့အပြင် ဝန်ကြီးချုပ်ရုံးကနေ ကျွန်တော်ပထမဆုံးဖုန်းဆက်တာ ပုပ် ရဟန်းမင်းကြီးပဲ။ လွှတ်တော်ကကျွန်တော့်ကို ဝန်ကြီးချုပ်ခန့်လိုက်ပြီးတဲ့အချိန်နဲ့ ကျွန်တော် အစိုးရမဖွဲ့ရသေးခင်စပ်ကြားမှာ ပုပ်ရဟန်းမင်းကြီးကို ဖုန်းဆက်ခဲ့တာ။ (ပိုလန်သာသနာပိုင် ဂိုဏ်းချုပ်) မွန်ဆီညော် ဇစ်ဗစ်က အရင်ဖုန်းကိုင်တယ်။ နောက်တော့ ပုပ်ရဟန်းမင်းကြီးကဖုန်းလာကိုင်တယ်။ သူဖုန်းလာကိုင်တာ ကျွန်တော်ဖြင့်အံ့သြလိုက်တာ။ ဒီနေ့ခေတ် ပုပ်ရဟန်း

မင်းကြီးတွေများ တွစ်တာသုံးနေကြတာမို့လား။ ဒါပေမယ့်အဲဒီတုန်းက ကျွန်တော့်အတွက်ဆန်းနေတယ်။ ဘုန်းတော်ကြီး ဗွာတီဝါ (ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂) အရင်က ပုပ်ရဟန်းမင်းကြီးက ဘုန်းတော်ကြီး ဆာဖီဟာပါ။ သူဆိုရင် ဘယ်တော့မှဖုန်းမကိုင်ဘူးလေ။ ဒီတော့ ဘုန်းတော်ကြီး ဗွာတီဝါ ဖုန်းလာကိုင်တာ အံ့အားသင့်တာပေါ့။ လွှတ်တော်က ကျွန်တော့်ကို ဝန်ကြီးချုပ်ခန့်လိုက်တာ သူသိတယ်။ ကျွန်တော်တို့ ခဏပဲဖုန်းပြောလိုက်ရပေမယ့် အင်မတန်လှိုက်လှိုက်လဲ့လဲ့ ရှိကြတယ်။

အသွင်ကူးပြောင်းမှုမှာ ကျောင်းတော်က အင်မတန်အရေးကြီးတဲ့နေရာကပါခဲ့တယ်။ စစ်အုပ်ချုပ်ရေးခေတ်ကဆို ဒေသနာတွေကို ဘုရားကျောင်းအဆောက်အအုံထဲမှာနာခဲ့ရတာပေါ့။ စားပွဲဝိုင်းစေ့စပ်ဆွေးနွေးမှုတွေရောက်လာတော့ ကျောင်းတော်က ကိုယ်စားလှယ်တွေကလာတက်ခဲ့တယ်။ စားပွဲဝိုင်းဆွေးနွေးပွဲသူတို့လာတက်တာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးတယ်ဗျ။ သူတို့တက်လာတာကြောင့် စေ့စပ်ဆွေးနွေးမှုတွေကို တစ်နည်းတစ်ဖုံ ယုံကြည်ကိုးစားမှုတိုးပွားစေတာကိုး။ သူတို့ဆွေးနွေးပွဲမှာရှိနေတာ တစ်နည်းတစ်ဖုံကျွန်တော်တို့အတွက် အာမခံ ချက်ရစေတယ်လေ။ ဒီတော့ ကျောင်းတော်ရဲ့အခန်းကဏ္ဍက အသွင်ကူးပြောင်းမှုမှာ အရမ်းအရေးကြီးပါတယ်။

Solidarity ကိုပိတ်ပင်ထားတဲ့အချိန်မှာ ဘုန်းတော်ကြီး ဂျွန်ပေါ-၂က ထောက်ခံအားပေးခဲ့တယ်။ ကမ္ဘာ့တိုက်ကြီးပေါင်းစုံက နိုင်ငံပေါင်းစုံမှာ ဒေသနာဟောကြားတဲ့အခါ စည်းလုံးညီညွတ်မှုဆိုတဲ့ အယူအဆကိုသူထည့်ပြီးဟောပါတယ်။ ဒါကြောင့် ကျွန်တော့်အတွက်၊ ကျွန်တော်တို့အစိုးရအတွက်၊ ပိုလန်နိုင်ငံအတွက် သူ့ရဲ့အခန်းကဏ္ဍက အရေးကြီးတယ်။ ကျွန်တော်တို့တိုင်းပြည်အသွင်ကူးပြောင်းမှုမှာ အကျိုးဖြစ်ထွန်းစေတဲ့ အကြောင်းအချက်က ဘာလဲလို့ ပြည်ပစာနယ်ဇင်းသမားတွေကမေးကြတဲ့အခါ ပုပ်ရဟန်းမင်းကြီးရဲ့အခန်းကဏ္ဍ၊ ရော်နယ်လ်ရီဂင်၊ ဂေါ်ဘာချော့ဗ်၊ Solidarity တို့ပါတယ်ဆိုပြီး ကျွန်တော်ဖြေခဲ့တယ်။ ဒီအကြောင်းတရားတွေ အားလုံးက အသွင်ကူးပြောင်းမှုဖြစ်လာတဲ့ သမိုင်းဝင်အခိုက်အတန့်ကို အကျိုးပြုခဲ့တယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်လို့တော့ စတာလင်ရွှေ့ပြောခဲ့တဲ့ နာမည်ကျော်ထေ့လုံးကိုပဲ နမူနာပြရမယ်။ စတာလင်က 'ပုပ်ရဟန်းမင်းကြီးလုပ်ခဲ့တဲ့ စိတ်ဝမ်းကွဲမှုတွေ ဘယ်လောက်များရှိသလဲ'တဲ့။ ပုပ်ရဟန်းမင်းကြီးမှာ စိတ်ဝမ်းကွဲမှုလုံးဝမရှိပါဘူး။ မြင့်မြတ်လှတဲ့ စာရိတ္တဗလပဲရှိတယ်။ ပုပ်ရဟန်းမင်းကြီးက ပိုလန်လူမျိုးဖြစ်နေတဲ့အချက်က ကျွန်တော်တို့တိုင်းပြည်ကို စာရိတ္တဗလသန်စွမ်းစေတယ်။ သက်ဝင်လှုပ်ရှားနေစေတယ်။ တိုင်းပြည်ရဲ့စိတ်အားတက်ကြွမှုကို ထိန်းသိမ်းပေးတယ်။ အသွင်ကူးပြောင်းမှုဟာ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ပြည်သူတွေယုံကြည်သွားစေတယ်။ စာရိတ္တခွန်အားပေးအပ်ရာမှာ ပုပ်ရဟန်းမင်းကြီးဟာ ဘယ်တော့မှနောက်မတွန့်ခဲ့ဘူး။ ၁၉၈၂ ခုနှစ် ဇန်နဝါရီမှာ ကျွန်တော်အထိန်းသိမ်းခံနေရတုန်း ပုပ်ရဟန်းမင်းကြီးဆီ တရားမဝင်စာလှမ်းရေးဖူးတယ်။ ကျွန်တော့်အကျယ်ချုပ်ကျနေတုန်းပဲ ပုပ်ရဟန်း

မင်းကြီးပို့လိုက်တဲ့ ပို့စကတ်တစ်စောင်ကို ကူးထားတာရှိတယ်။ အဲဒီကတ်မှာ 'သားတော်ရဲ့ စာကိုအကြိမ်ကြိမ်ဖတ်ပါတယ်။ သားတော်ရဲ့အတွေးအမြင်တွေနဲ့ ထပ်တူထပ်မျှရှိပါတယ်'လို့ ရေးထားတယ်။ ၁၉၈၀ ပြည့်နှစ်တုန်းက ကျွန်တော်တို့တိုင်းပြည်ရဲ့အောင်မြင်မှုမျိုးပြန်မရဘဲ သိသာထင်ရှားတဲ့အပြောင်းအလဲလုံးဝမဖြစ်နိုင်ဘူးလို့ ကျွန်တော်သူ့ဆီစာရေးခဲ့တယ်။ ပုပ်ရဟန်း မင်းကြီးက တခြားဂိုဏ်းအုပ်တွေလိုမဟုတ်ဘူး။ Solidarity ကိုထောက်ခံမှုကို သူဘယ်တော့မှမ ရုပ်သိမ်းခဲ့ဘူးဆိုတာ ကျွန်တော်ထည့်ပြောရမယ်။ သူ့ကို ကျွန်တော်တို့အားကိုးအားထားပြုလို့ရ တယ်ဆိုတာသိတယ်။ သူဟာကျောက်ဆောင်ပမာပဲ။ ဒါကြောင့် သူ့ရဲ့ထောက်ခံအားပေးမှုဟာ သိပ်ကိုအရေးပါတယ်။

နည်းပညာပြိုင်ဆိုင်မှုမှာ သမ္မတရီဂင် (၁၉၈၁-၁၉၈၉) ကနိုင်သွားတယ်။ ဆိုဗီယက်ပြည်ထောင်စုက အမှီမလိုက်နိုင်ဘူးလို့ ခင်ဗျားပြောလို့ရပါတယ်။ ဂေါ်ဘာချော့ဗ်က သိပ်ကို အရေးပါတယ်။ မျှော်လင့်ချက်တွေမြင့်မားနေချိန်၊ ကြီးကျယ်တဲ့အပြောင်းအလဲဖြစ်နေချိန်၊ ဘက်စုံပြုပြင်ပြောင်းလဲရေးလုပ်နေချိန်ပေါ့။ အဲဒီခေတ်ဟာ ဘရက်ဇ ညက်ဗ်ခေတ်မဟုတ် တော့ဘူး။ ဘက်စုံပြုပြင်ပြောင်းလဲရေးက အခြေအနေသစ်ကိုဖန်တီးပေးလိုက်တယ်။ အဲဒီ ခေတ်တုန်းက ကျွန်တော့်ရဲ့ပထမဆုံးဆိုဗီယက်ခရီးစဉ်မှာဖြစ်ခဲ့တဲ့ ခံစားချက်တွေနဲ့ပတ်သက် ပြီးနောက်ထပ်တစ်ချက်ထည့်ပြောရမယ်။ ဘက်စုံပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်တဲ့သူတွေ အများကြီးပဲဆိုတာ ကျွန်တော်မြင်ခဲ့ရတယ်။ Solidarity မရှိရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး။ Solidarity ဟာ ပိုလန်နိုင်ငံအတွင်းမှာ ဒီအပြောင်းအလဲတွေအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဘက် စုံပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကို အဓွန့်ရှည်စေခဲ့တယ်။ ဒါကြောင့် အဲဒီ အကြောင်းအချက်တွေ အားလုံးဟာ ရိုက်ခတ်မှုရှိခဲ့တယ်လို့ ကျွန်တော်ပြောတာပါ။

ဒီတော့ အပြောင်းအလဲကိစ္စဆီကို ပြန်သွားရအောင်ပါ။ ကျွန်တော်တို့နှစ်နိုင်ငံဟာ မိတ်ဆွေတွေပါ။သို့သော် ဆုံးဖြတ်ချက်တွေကို ပိုလန်မှာပဲချမှတ်မယ်လို့ ဆိုဗီယက်ပြည်ထောင်စု ကို ကျွန်တော်ပြောခဲ့တယ်။ ကျွန်တော်တို့ ဝါဆောအဖွဲ့မှာပါနေတုန်းပဲ။ သို့သော် ကျွန်တော့်ရဲ့ ပထမဆုံးမိန့်ခွန်းမှာ ကျွန်တော်တို့ရဲ့ရပ်တည်ချက်ကို အတိအလင်းပြောခဲ့ပါတယ်။ ကျွန်တော် တို့ရဲ့ပြည်တွင်းရေးကိစ္စတွေနဲ့ပတ်သက်လာရင် လိုသလိုကစားဖို့ ဝါဆော စာချုပ်ဟာ အသုံး ချစရာမဟုတ်ဘူးဆိုတာ မိန့်ခွန်းမှာထည့်ပြောခဲ့တယ်။ တစ်နည်းအားဖြင့်တော့ ဝါဆော စာချုပ် က ရှိနေတုန်းပဲ။ ဥရောပဟာ ပြောင်းလဲသွားမှာပဲလို့ကျွန်တော်တို့ယုံကြည်ခဲ့တယ်။ ပိုလန်က ဖြစ်ရပ်တွေဟာ အကျိုးဆက်အနေနဲ့ဥရောပကိုပြောင်းလဲသွားစေမှာပဲလို့ကျွန်တော်တို့ယုံကြည် ခဲ့တယ်။ သို့သော် ဒါဟာ တဆင့်ချင်းသွားတဲ့ဖြစ်စဉ်လို့လည်းယုံကြည်ခဲ့တယ်။ ဒါကြောင့်ပဲ အ ရှေ့ဘက်အိမ်နီးချင်းဆိုဗီယက်နဲ့ဆက်ဆံရေးဟာ ပြဿနာတကစေမှာမဟုတ်ဘူးလို့ ယူဆ တာပဲ။ ကာလရွှေ့လျောလာတာနဲ့အမျှ ပိုလန်ရဲ့နိုင်ငံခြားရေးမူဝါဒဟာ မော်စလိုနဲ့သံတမန် ဆက်ဆံရေး ထူထောင်နိုင်တဲ့ရလဒ်ထွက်လာရုံမက ဗီလင်နေ (လစ်သူယေးနီးယား)၊ တားလင်း

(အက်စတိုးနီးယား)၊ ရီဂါ (လတ်ဗီးယား)၊ ကိယက်ဗ် (ယူကရိန်း) တို့နဲ့ပါ သံတမန်ဆက်ဆံရေး ထူထောင်လာနိုင်ခဲ့တယ်။ နောင်မှာလွတ်လပ်ရေးရလာတဲ့ ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံ တွေနဲ့ သံတမန်ဆက်ဆံရေး တဖြည်းဖြည်းထူထောင်နိုင်ခဲ့ပါတယ်။

အနောက်နိုင်ငံတွေနဲ့ပတ်သက်ပြီးပြောရရင်တော့ အဲဒီအချိန်က ဥရောပဟာ ပေါင်းစည်း ညီညွတ်မှုဆီကို ဦးတည်ပြီးသွားနေတာဖြစ်ပေမယ့် ကျွန်တော်တို့ကတော့ နယ်ပယ်ချဲ့ထွင်တဲ့ အလားအလာလို့ မြင်ခဲ့တယ်။ အဲဒီတုန်းကဆို အီးယူဝင်ဖို့ကို ဟတောင်မဟခဲ့ကြဘူး။ ဥရောပ ကိုဘယ်လိုပုံဖော်ကြမလဲဆိုတာအတွက် အယူအဆတွေ၊ စိတ်ကူးတွေကတော့ အမျိုးမျိုးပေါ့ လေ။ အနောက်ဒီမိုကရေစီနိုင်ငံတွေနဲ့ ပရိယာယ်ကင်းကင်း ဆက်ဆံ ရေးပြန်တည်ဆောက်ခဲ့ တယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက်ဟာ ဒီမိုကရေစီပြည့်ဝတဲ့စနစ်ကိုဖန်တီးဖို့ပဲဆိုတာ သူတို့ မြင်အောင်ပြခဲ့တယ်။

## စီးပွားရေးပြုပြင်ပြောင်းလဲမှု

*အဲဒီတုန်းကကာလကိုပြန်တွေးကြည့်ရင် ခင်ဗျားချမှတ်ခဲ့ရတဲ့ အခက်ခဲဆုံး ဆုံးဖြတ်ချက် တွေကဘာတွေလဲ။ ဘာကြောင့်ခက်ခဲတဲ့ဆုံးဖြတ်ချက်တွေဖြစ်ခဲ့တာလဲ။*

တာဒဲဝုရ် မာဇိုဗယ့ဲစကီ။ ။အင်မတန်ယေဘုယျကျသလို တိလည်းတိကျတဲ့ ဆုံးဖြတ် ချက်တွေကို ခက်ခက်ခဲခဲ ချခဲ့ရတာရှိတယ်။ ယေဘုယျကျတဲ့ဆုံးဖြတ်ချက်တွေဆိုရင်တော့ လွတ်လပ်သော စျေးကွက်စီးပွားရေးစနစ်ကိုဦးတည်ပြီး ထိန်းကျောင်းသွားဖို့ ဆုံးဖြတ်ချက်ဟာ အင်မတန်အရေးကြီးပြီးခက်ခဲတဲ့ဆုံးဖြတ်ချက်ဖြစ်တာတော့အမှန်ပဲ။စီးပွားရေးစနစ်တစ်ခုလုံးကို လုံးဝဥသုံ့ပြောင်းလဲပစ်ရမှာဗျ။ ကျွန်တော့်ရဲ့ယုံကြည်ချက်တွေက လူသားပမာန ဆိုရှယ်လစ် ဖြေရှင်းချက်တွေဆီကိုတွန်းပို့တယ်။ အဲဒီမှာပဲ အရင်းရှင်စနစ်ကိုပြန်ကျင့်သုံး ဖို့စိန်ခေါ်မှုနဲ့ ရင်ဆိုင်ရလိုက်ရတာ။ ဘယ်သူမှ အဲဒီလိုအရင်းရှင်စနစ်ကိုပြန် ကျင့်သုံးတဲ့ဆီကိုမသွားဘူးလေ။ ကျွန်တော့်ရဲ့အကြံပေးတွေကတော့ စမ်းသပ်ပြီးသား လွတ်လပ်သောစျေးကွက်စီးပွားရေးစနစ် ကိုဦးတည်ပြီး အခြေခံကျတဲ့အပြောင်းအလဲလုပ်ရမယ်လို့ ကျွန်တော့်ကို နားချကြတယ်။ အပြောင်းအလဲကို အကောင်အထည်ဖော်ရင်း ကျွန်တော်သဘောပေါက်လာတာက ဒီအခုံ့မခန်း ဆိုရှယ်လစ်လူဘောင်တွေ၊ အခုံ့မခန်းစက်မှုလုပ်ငန်း အလုပ်ခွင်တွေဟာ ယှဉ်ပြိုင်လုပ်ကိုင်နိုင် စွမ်းမရှိတာကြောင့် ဒေဝါလီခံရမှာပဲဆိုတာပဲ။ သို့သော် အဲဒီဆိုရှယ်လစ်လူဘောင်နဲ့လုပ်ငန်းခွင် တွေဆိုတဲ့ အုတ်မြစ်ပေါ်မှာ Solidarity ကိုတော့တည်ဆောက်ခဲ့တာပဲ။ ဒါကြောင့် အဲဒီ စောင့်စည်းစရာတွေကိုထည့်တွက်ပြီး ဆုံးဖြတ်ချက်ဖို့က ကျွန်တော့်အတွက် တော်တော် ခေါင်းခြောက်ရပါတယ်။ စီးပွားရေးစနစ်ဖွံ့ဖြိုးလာပြီး စနစ်ကိုပြင်ဆင်နိုင်လာပြီဆိုရင် လူမှုရေး ကိစ္စရပ်တွေကို ကျွန်တော်တို့ပိုပြီးအာရုံစိုက်မယ်လို့ ခံယူခဲ့တယ်။ ဒါပေမယ့် အသွင်ကူးပြောင်း မှုမှာ စတေးပေးဆပ်ရတာတွေကတော့ မဖြစ်မနေကြုံရမှာပဲ။ အခုပြောတာ ယေဘုယျ ဆုံးဖြတ်

ချက်အတွက် ဥပမာပါ။ တစ်ခါမှာ ဆန္ဒပြပွဲတွေဖြစ်လာလို့ နိုင်ငံတကာလမ်းမကြီးကို ပိတ်ဆို့သွားတယ်။ ဆန္ဒပြပွဲကို ရဲအင်အားသုံးပြီး ကျွန်တော်ရှင်းလင်းလိုက်ရတယ်။ ဆိုးဆိုးရွားရွား ဘာမှ မဖြစ်ပေမယ့် ရဲအင်အားသုံးဖို့ တော်တော်စဉ်းစားပြီး ဆုံးဖြတ်ခဲ့ရတယ်။

*ခင်ဗျားသာ နောက်တစ်ကြိမ်ပြန်လုပ်ရမယ်ဆိုရင် တစ်မျိုးတစ်မည်လုပ်ရင်လုပ်ဖြစ်မယ့် ဆုံးဖြတ်ချက်တို့ အပြီးသတ်ဆုံးဖြတ်ချက်တို့ရှိခဲ့ဖူးလား။*

တာဒဲဝုရှ် မာဇိုဗယ့်စကီ။ ။ကျွန်တော်တို့လုပ်ခဲ့ရတဲ့ အခက်ခဲဆုံးဆုံးဖြတ်ချက်တစ်ခုကတော့ နိုင်ငံပိုင်လယ်ယာလုပ်ငန်းတွေကို ပိတ်သိမ်းဖို့ပဲ။ အဲဒီလုပ်ငန်းတွေက သက်ဆိုးရှည်တော့မှာမဟုတ်ဘူး။ ဒီလုပ်ငန်းတွေကို နိုင်ငံတော်ဘက်ဂျက်ကနေ အမတော်ကြေးပေးထားရတာကိုး။ အဲဒီအမတော်ကြေးတွေကလည်း ရေရှည်ထောက်ပံ့နိုင်မှာမဟုတ်ဘူး။ ဒီလုပ်ငန်းတွေကို ပိတ်ကိုပိတ်ရမှာပဲ။ စိုက်ပျိုးရေးအလုပ်သမားတွေဟာ မြေပိုင်ယာပိုင်ဖြစ်ချင်မှာပဲလို့ ကျွန်တော်တို့မျှော်လင့်ခဲ့တယ်။ ဒါပေမယ့် သူတို့မြေကိုမလိုချင်ဘူးဆိုတာ သိလိုက်ရတယ်။ မြေယာကို သူတို့မပိုင်ဘူးလို့ပဲယူဆထားကြတယ်။ သူတို့ကိုယ်သူတို့ သူရင်းငှားတွေလို့ပဲ သဘောထားနေကြတာ။ သူတို့မှာ လယ်သမားခံစားချက်မရှိကြတော့ဘူး။ အလားတူအဖြစ်မျိုးချက်ကိုစလိုဗက်ကီးယားမှာ လည်းဖြစ်ခဲ့တယ်။ ရလဒ်ကတော့ လယ်သမားမိသားစုတွေအတွက် အသွင်ကူးပြောင်းမှုက တော်တော်အထိနာစေတယ်။ အဲဒီလယ်ယာလုပ်ငန်းတွေရှိတဲ့ ပိုလန်နိုင်ငံမြောက်ပိုင်းနဲ့ အနောက်ပိုင်းဒေသတွေက ပြည်သူတွေကို တော်တော်အထိနာစေခဲ့တယ်။ ဒီတော့ အဲဒီအချိန်တုန်းက ခုနပြောတဲ့အတွေ့အကြုံကနေရလာတဲ့ အသိကို အကျိုးရှိအောင် အသုံးချခွင့်ရလိုက်ချင်တာ တကယ်ပါ။ အဲဒီလယ်သမားတွေကို နှိုးဆော်တိုက်တွန်းတဲ့ စီမံကိန်းမျိုးကျွန်တော်တို့မှာမရှိခဲ့ဘူး။ သို့သော်လုပ်ရကိုင်ရတာအားလုံးခက်ခဲတာပါပဲ။ နာကျင်ခံစားရတဲ့ နောင်တတွေရှိ နေတုန်းပဲဗျာ။

*စီးပွားရေးအပြောင်းအလဲတွေနဲ့ပတ်သက်ပြီး ပိုလန်အတွေ့အကြုံကနေ ဘာသင်ခန်းစာတွေယူနိုင်မလဲ။*

တာဒဲဝုရှ် မာဇိုဗယ့်စကီ။ ။စီးပွားရေးကိစ္စရပ်တွေနဲ့ နိုင်ငံရေးစနစ်အပြောင်းအလဲတွေ လုပ်တဲ့အခါကျတော့ အုပ်ချုပ်ရေးရဲ့ပထမဆုံးအဆင့်မှာ ဆုံးဖြတ်ချက်တွေ မြန်မြန်ထက်ထက် ချမှတ်ရတယ်။ အဲဒီအပြောင်းအလဲတွေကို နေ့ရွှေ့ညရွှေ့လုပ်လေလေ အပြောင်းအလဲတွေ အကောင်အထည်ဖော်ဖို့ခက်ခဲလေလေပဲ။ ဒီတော့အဲဒီအပြောင်းအလဲတွေကိုဆုံးဖြတ်ပေးရတာ မလွယ်ပါဘူး။ အဲဒီအပြောင်းအလဲတွေကို ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာနဲ့ အစောပိုင်းအဆင့်မှာ ရင်ဆိုင်မှုကိုဖြစ်မယ်။

## အရြေခံမူဝါဒများ

*တချို့ခေါင်းဆောင်တွေက သူတို့အကြံပေးတွေရဲ့ပြောတာကို ကိစ္စအများစုမှာလိုက်လုပ်ကြတယ်။ အကြံပေးတွေက သက်ဆိုင်ရာနယ်ပယ်မှာ ပိုကျွမ်းကျင်ကြတာကိုး။ တချို့ခေါင်းဆောင်တွေကျတော့ အင်မတန် ခဲရာခဲဆစ်ဆုံးဖြတ်ချက်တစ်ခုချရပြီဆို တခြားသူတွေနဲ့ သိပ်တိုင်ပင်တာမျိုးမရှိဘူး။ လွယ်လွယ်နဲ့ချလို့မရတဲ့ဆုံးဖြတ်ချက်တွေကျရင် ခင်ဗျားသုံတဲ့နည်းလမ်းကိုပြောပြပါလား။*

တာဒဲဝုရ် မာဇိုဗယ့ဲစကီ။ ။ဖြစ်ရပ်တော်တော်များများမှာ ပေါင်းစပ်ပါဝင်နေတဲ့ အချက်နှစ်ခုရှိတယ်။ ကျွန်တော့်ယုံကြည်ချက်တွေရယ်၊ သဘောထားအမြင်အမျိုးမျိုးကို နားထောင်ဖို့ ဖွင့်ထားတဲ့စိတ်ရယ်ပဲ။ ဘာသာရေးယုံကြည်မှုကိုပြောမယ်ဆိုရင် ကျွန်တော်တို့ ကက်သိုလစ်ယဉ်ကျေးလိမ္မာသင်တန်းတွေမှာ ဘုရားသခင်ရဲ့စောင်မမှူခံရခြင်း (state of grace) ဆိုတာရှိတယ်။ သဘောက အကြင်သူသည် အရေးကြီးသောတာဝန်တစ်ခုကိုထမ်းဆောင်ရအံ့။ ထိုသူသည် ကူညီစောင်မမှူတစ်မျိုးမျိုးကို ရလတ္တံ့ဆိုတဲ့သဘောပဲ။ အဲဒီကူညီစောင်မမှူမျိုး ကျွန်တော်ရခဲ့တယ်လို့ ခံစားမိတယ်ပြောရမှာပဲ။ ရုပ်ပိုင်းဆိုင်ရာခံစားမှုသက်သက်အဖြစ်လည်း ကူညီစောင်မမှူရခဲ့ဖူးတယ်။ အရင်တုန်းကနေ့ခင်းဘက်တစ်ရေးရတာမျိုး၊ တစ်မိနစ်လောက်အညောင်းဆန့်တာမျိုးလုပ်ပြီးရင် အလုပ်စားပွဲပြန်ထိုင်ဆိုတာမျိုး တစ်ခါမှလုပ်လို့မရဘူး။ ကျွန်တော်နွမ်းနယ်သွားတဲ့အထိ အလုပ်ပဲဆက်တိုက် လုပ်မိနေတတ်တယ်။ ကျွန်တော်ဝန်ကြီးချုပ်ဘဝရောက်တော့ နာရီဝက်လောက်အိပ်ပျော်သွားပြီး အပန်းပြေသွားတယ်။ပြီးရင် လန်းလန်းဆန်းဆန်းနဲ့အလုပ်ပြန်လုပ်တယ်။ ဒါဟာ လောကီဆန်တဲ့ဥပမာလို့များပြောရမလားပဲ။ ကျွန်တော့်အတွက်တော့ အင်မတန်အရေးကြီးတယ်။

ကျွန်တော်အစိုးရအဖွဲ့အစည်းအဝေးထိုင်ရင် တမေ့တမောကြာတတ်လို့ ခဏခဏစောင်းမြောင်းပြီးအပြောခံရတတ်တယ်။ အစည်းအဝေးတွေက ညဉ့်နက်သန်းခေါင်ထိရောက်သွားတတ်တာကိုး။ တနင်္လာနေ့ဆိုရင် ကျွန်တော်အမြဲအစည်းအဝေးတွေလုပ်တယ်။ နေ့ခင်းဘက်ဆိုအစည်းအဝေးတွေစတယ်။ ညဉ့်နက်သန်းခေါင်အထိ ကြာတတ်တယ်။ အစည်းအဝေးတွေကကြာမှာပေါ့။ ဝန်ကြီးတွေကို သူတို့သဘောထားတွေပြောခွင့်ပေးထားတာကိုး။ သူတို့ကို ကျွန်တော်အပ်နှင်းထားတဲ့ တာဝန်ယူမှုတွေကို သူတို့တကယ်ကိုနားလည်သဘောပေါက်စေချင်တယ်။ ကျွန်တော့်မှာ အရေးပါတဲ့အကြံပေးအဖွဲ့လေးရှိတယ်။ အဲဒီအဖွဲ့မှာ စီးပွားရေးအကြံပေး၊ နိုင်ငံရေးအကြံပေးနဲ့ နိုင်ငံခြားရေးအကြံပေးဆိုပြီးပါတယ်။ ဒုတိယဝန်ကြီးချုပ် ဘာတဲလ်ရောဗိချ်၊ အလုပ်သမားဝန်ကြီး ယာဆက် ကူရွန်တို့နဲ့ ကျွန်တော်နဲ့က ရင်းနှီးတယ်။ အလုပ်သမားဝန်ကြီးက ပြည်သူတွေနဲ့အင်မတန်အဆက်အသွယ်ကောင်းတာကြောင့် တော်တော်အရေးပါတဲ့သူပါ။ အစိုးရအဖွဲ့တစ်ခုလုံးက သူတို့ရဲ့တာဝန်ဝတ္တရားကို သိရှိနားလည်ထားရမယ်လို့ ကျွန်တော်ယူဆတယ်။ အစိုးရအဖွဲ့အစည်းအဝေးတွေဆိုတာ မိန့်ခွန်းပြောရုံလောက်နဲ့

ပြီးလို့မရဘူးဗျ၊ အစိုးရအဖွဲ့ထဲမှာ သဘောတူမျှမှုတွေကိုလည်း အစည်းအဝေးကနေထွက်ပေါ်လာစေရမယ်။ ဒါသိပ်အရေးကြီးတယ်။ သို့သော် အပြီးသတ်ဆုံးဖြတ်ချက်ကတော့ ကျွန်တော် ပေးရတာပေါ့ဗျာ။

## နိုင်ငံရေးပါတီများ

*Solidarity က အတိုက်အခံလှုပ်ရှားမှုအနေနဲ့ သိပ်ကိုအရေးကြီးတဲ့နေရာက ပါခဲ့တယ်။ နောက်တော့ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာတွေရှိလာတယ်။ ဗွယ်ဆာရဲ့ထောက်ခံမှုကိုအရင်ကခင်ဗျားရခဲ့တယ်။ နောက်တော့ ခင်ဗျားသမ္မတလောင်း လည်းဝင်ပြိုင်ရော ကွဲကြပြဲကြပါလေရော။ အတိုက်အခံလှုပ်ရှားမှုအနေနဲ့အလုပ်လုပ်တာနဲ့ အစိုးရအနေနဲ့အလုပ်လုပ်တာမှာ ခြားနားချက်ကဘာလဲ။ Solidarity နဲ့ ဗွယ်ဆာတို့ဟာ အတိုက်အခံရဲ့အခန်း ကဏ္ဍကနေ အစိုးရတစ်ရပ်တည်ငြိမ်ဖို့ ကောင်းမွန်တဲ့ညွှန့်ပေါင်းခေါင်းဆောင်အဖြစ်ကို ဘာကြောင့်မပြောင်းလဲ နိုင်ကြရတာလဲ။*

တာဒဲဝုရ် မာဖိုဗယ့်စကီ။ ။ခုနကပြောခဲ့သလိုပဲ Solidarity က အလုပ်သမားသမဂ္ဂသက်သက်မဟုတ်ဘူး။ ကြီးကျယ်ခမ်းနားတဲ့ နိုင်ငံလုံးချီလွတ်မြောက်ရေး လှုပ်ရှားမှုပဲ။ Solidarity အဖွဲ့ထဲမှာ သဘောထားအမြင်တွေ ကွဲလွဲနေတာဒုနဲ့ဒေးပဲလို့ ကျွန်တော်တို့ သဘောပေါက်ထားပြီးသားပါ။ အဖွဲ့ထဲမှာ လက်ဝဲစွန်းရော၊ လက်ယာစွန်းအုပ်စုတွေပါရှိတယ်။ Solidarity ရဲ့ဩဇာက အရမ်းကျယ်ပြန့်တယ်ဆိုတာသိပါတယ်။ နိုင်ငံရေးပါတီတွေ စောစောထောင်ရမယ်ဆိုတာကို ကျွန်တော်အလေးမထားမိခဲ့ဘူး။ ကျွန်တော့်ဘာသာ နိုင်ငံရေးပါတီ မထောင်ခဲ့ဘူး။ ဒါပေမယ့် ကျွန်တော့်ပတ်ဝန်းကျင်မှာ နိုင်ငံရေးပါတီတွေပေါ်လာတယ်။ ကာလတစ်ခုကြာတဲ့အထိ နိုင်ငံရေးပါတီတွေအဖြစ် အစဉ်အလာအရကွဲထွက်တာမျိုး တော်တော်နဲ့ ဖြစ်မှာမဟုတ်ဘူးလို့ ကျွန်တော်ထင်ထားခဲ့တယ်။ ကာလတစ်ခုအထိ Solidarity ဟာ သမ္မဟာဖြစ်တဲ့လှုပ်ရှားမှုအနေနဲ့ဆက်ရှိနေမယ်လို့ ကျွန်တော်ယူဆခဲ့တယ်။ သို့သော် ဒီကွဲပြားမှုတွေဟာ စပြီးပေါ်ပေါက်လာတယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေ ပေါ်ထွက်လာခဲ့တယ်။

ကျွန်တော်တို့အတွက်တော့ အကောင်အထည်ဖော်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ တိုင်းပြည်တစ်ခုလုံးကောင်းစားဖို့ပဲ။ တိုင်းပြည်ကောင်းစားဖို့ကို ဦးစားပေးစဉ်းစားပါတယ်။ ပါတီကောင်းစားဖို့မစဉ်းစားဘူး။ ပါတီစနစ်မထူထောင်မိခဲ့တာ ကျွန်တော်တို့ရဲ့ အားနည်းချက်ပြောလို့ရသလို အားသာချက်ဆိုလည်းဟုတ်တယ်။ ပါတီရဲ့ အကျိုးစီးပွားထက် တိုင်းပြည်ရဲ့အကျိုးစီးပွားကို ရှေ့တန်းတင်တာကြောင့် အားသာချက်ရှိတယ်။ ဝန်ကြီးချုပ် တစ်ယောက်အနေနဲ့ ကိုယ့်တိုင်းပြည် ဘယ်လောက်ချိန့်နေတယ်ဆိုတာ၊ တိုင်းပြည်ကို အင်အားကြီးလာအောင် လုပ်ရမယ်ဆိုတာ သဘောပေါက်တယ်။ တိုင်းပြည်ရဲ့အကျိုးစီးပွားက ပါတီပေါင်းစုံရဲ့အကျိုးစီးပွားထက်ပိုအရေးကြီးတယ်ဆိုတာကျွန်တော်နားလည်ပါတယ်။ကျွန်တော်အဲဒီတရှုချက်အတိုင်း

မမှိတ်မသုန်သွားဖို့ဆန္ဒရှိခဲ့တယ်။ ကျွန်တော့်အစိုးရဲ့ နိုင်ငံရေးစီမံကိန်းကိုသာ သူမတိုက်ခိုက်ခဲ့ဘူးဆိုရင် သမ္မတရွေးကောက်ပွဲမှာ ဗွယ်ဆာနဲ့ ကျွန်တော်ဝင်ပြိုင်မိခဲ့မှာမဟုတ်ဘူး။ ဝင်ပြိုင်တဲ့အချိန်မှာတောင် ကျွန်တော်ချီတုံချတုံဖြစ်ခဲ့ရတယ်။သမ္မတရွေးကောက်ပွဲကို သူဖျက်လိုဖျက်ဆီးလုပ်လိုက်မှာတော့ ကျွန်တော်စိုးရိမ်ခဲ့တယ်။ အစိုးရရဲ့စီမံကိန်းကိုကာကွယ်ချင်တာကြောင့် သမ္မတရာထူးအတွက်ကျွန်တော်ဝင်ပြိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ အစိုးရစီမံကိန်းဆိုတာ တစ်နိုင်ငံလုံးအတွက်လုပ်တာ၊ နိုင်ငံရေးဂိုဏ်းကဏ္ဍတစ်ခုအတွက်လုပ်တာမဟုတ်ဘူး။ ဒါ့အပြင် ဗွယ်ဆာက ပြည်သူတွေအတွက် အကောင်းဆုံးခေါင်းဆောင်လို့ ကျွန်တော်သဘောထားတယ်။ သမ္မတရုံးအတွက်အကောင်းဆုံးပုဂ္ဂိုလ်လို့တော့ ကျွန်တော်မထင်ဘူး။ ဗွယ်ဆာက ပြဿနာရှိနေတာတော့ အမှန်ပဲ။ သူပါဝင်ခဲ့တဲ့ ကြီးကျယ်တဲ့အခန်းကဏ္ဍကိုတော့ ဘယ်သူမှမငြင်းနိုင်ဘူး။ သူနဲ့အံဝင်မယ့်နေရာကို နိုင်ငံရေးအခြေအနေသစ်မှာရှာရတာက ပြဿနာကြီးတစ်ခု ဖြစ်လာတယ်။

## အသွင်ကူးပြောင်းမှုပျိုးထောင်ရာတွင် အာဏာရှင်ခေါင်းဆောင်၏အခန်းကဏ္ဍ

*ကွန်မြူနစ်ပါတီအတွင်း အပြောင်းအလဲတွေ၊ ယာရှဇဲစကီရဲ့အခန်းကဏ္ဍကို ခင်ဗျားဘယ်လို အကဲဖြတ်မိသလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။ဗိုလ်ချုပ်ကြီး ယာရှဇဲစ်ကီဟာ သမ္မတအဖြစ် ကျွန်တော့်အပေါ် သစ္စာရှိတဲ့လုပ်ဖော် ကိုင်ဖက်တစ်ယောက်ပါ။ ပိုလန်ကို စစ်အုပ်ချုပ်ရေးကြေညာဖို့ သူဆုံးဖြတ်ခဲ့တာကိုတော့ ကျွန်တော်လုံးဝသဘောမတူဘူး။ ကျွန်တော်ကဝန်ကြီးချုပ်၊သူကသမ္မတအနေနဲ့တွေ့ကြတုန်းက အဲဒီစစ်အုပ်ချုပ်ရေးကိစ္စကို သူထည့်ထည့်ပြောတတ်တယ်။ သူဒီကိစ္စကို ထည့်ပြောချင်ရတာက စစ်အုပ်ချုပ်ရေးလုပ်တာသူ၊ အကျယ်ချုပ်အဖမ်းခံရတာက ကျွန်တော်ဖြစ်နေလို့ဆိုပြီးပြောတယ်။ ကျွန်တော်တို့တစ်ယောက်နဲ့တစ်ယောက် အမြင်တွေမတူကြ ဘူးလို့ ကျွန်တော်ပြောလိုက်တယ်။ စစ်အုပ်ချုပ်ရေးကိုရှောင်လွှဲဖို့ တခြားလုပ်လို့ရတာတွေအများကြီးရှိတယ်လို့ ကျွန်တော်ယုံကြည်နေတုန်းမို့လို့ပါ။ ဆိုဗီယက်ပြည်ထောင်စုရဲ့ ကြားဝင်စွက်ဖက်မှုကိုတော့ သူစိုးရိမ်တာအမှန်ပဲ။ သမ္မတတစ်ယောက်အနေနဲ့တော့ ကျွန်တော့်ကိုသစ္စာရှိတဲ့လုပ်ဖော်ကိုင်ဖက်ပါ။ သူ့သဘောထားပြောင်းလဲလာခဲ့ပြီး ဒီအသွင်ကူးပြောင်းမှုတွေရဲ့သဘောကိုနားလည်လာခဲ့တယ်။ သူကတော်တော်သစ္စာရှိတဲ့သူဗျ။ ကွန်မြူနစ်ပါတီပြိုကွဲသွားပြီး အရင်ပါတီဝင်ဟောင်းတွေက ပါတီသစ်ထောင်ကြတယ်။ အဖွဲ့အစည်းတွင်းက လေးနက်တဲ့အသွင်ကူးပြောင်းမှုတွေက အချိန်အတော်ကြာယူရတယ်။ အဲဒီလိုအသွင်ကူးပြောင်းမှုတွေဟာ ကွန်မြူနစ်ခေတ်လွန်ပါတီတစ်ခုမှာ အမြဲအကောင်အထည်ဖော်တတ်တာမျိုး မဟုတ်ဘူး။ သို့သော် အသွင်ကူးပြောင်းမှုရဲ့ ထူးခြားအရေးပါမှုကို အဲဒီပါတီဝင်ဟောင်းတွေက သဘောပေါက်တာတော့ အမှန်ပဲ။ သူတို့လုပ်ဆောင်ရမယ့် တာဝန်ကိုယူခဲ့တယ်။

## လုံခြုံရေးတပ်ဖွဲ့များကို ပြုပြင်ပြောင်းလဲခြင်း

*ပိုလန်မှာ အာဏာရှင်အစိုးရတက်လာတော့ လုံခြုံရေးတပ်ဖွဲ့တွေက အရမ်းအရေးကြီးတဲ့ အခန်းကဏ္ဍကနေပါခဲ့တယ်။ နောက်တော့ ပွင့်လင်းတဲ့ ဒီမိုကရေစီစနစ်ကို ပိုလန်နိုင်ငံဟာ အသွင်ကူးပြောင်းနိုင်ခဲ့တယ်။ သို့သော်ဒီမိုကရေစီမှာလည်း လုံခြုံရေးတပ်ဖွဲ့တွေကလိုတာပဲ။ လုံခြုံရေးတပ်ဖွဲ့တွေကို ပြုပြင်ပြောင်းလဲဖို့ ဘယ်လိုလုပ်ခဲ့ရလဲ။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။ အသစ်တက်လာတဲ့အစိုးရအဖွဲ့မှာ ပြည်ထဲရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးဝန်ကြီး ဌာနနှစ်ခုအရင်အတိုင်းပဲဆက်ရှိနေတယ်။ (ထိုဝန်ကြီးဌာနမှ ဝန်ကြီးများသည် ၁၉၉၀ ပြည့်နှစ်များအလယ်အထိ ၎င်းတို့၏ရာထူးတွင် ဆက်ပြီးရှိနေခဲ့ကြသည်။) သို့သော် အဲဒီဝန်ကြီးဌာနတွေမှာလည်း ကျွန်တော်ပြောရေးဆိုခွင့်ရှိချင်တယ်။ ကနဦးအကြံက အရပ်သားတွေပါဝင်တဲ့ နိုင်ငံရေးကော်မတီတစ်ခုကိုဖွဲ့ဖို့ပဲ။ သို့သော် အဲဒီကော်မတီဟာ ဟန်ပြကော်မတီပဲဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ချက်ချင်းနားလည်သွားတယ်။ ဒီတော့ ၁၉၉၀ ပြည့်နှစ်နွေဦးမှာ အဲဒီဝန်ကြီးဌာနတစ်ခုစီကို ဒုတိယဝန်ကြီးတွေခန့်လိုက်တယ်။ ခရစ်တော့ဖ် ကိုဆွာ့ဖ်စကီးကို ပြည်ထဲရေးမှာ၊ ယာန အိုနစ်ကီဗစ်ရ်ကနဲ့ (လက်ရှိသမ္မတ) ဘရော်နစ်ဆွာ့ဖ် ကိုမိုရော့ဖ်စကီးတို့ကို နိုင်ငံတော်ကာကွယ်ရေးမှာ ဒုတိယဝန်ကြီးတွေအဖြစ်ခန့်လိုက်တယ်။ သူတို့သုံးယောက်စလုံးက အဲဒီနယ်ပယ်တွေမှာ ဘာအတွေ့အကြုံမှရှိကြတာမဟုတ်တော့ သူတို့အတွက် တော်တော်နဲ့အသားမကျနိုင်ဘူးပေါ့။ သူတို့ဘာသာဖြစ်မြောက် အောင်လုပ်သင့်တာတွေ၊ ဖြစ်နေတာတွေကိုဖော်ထုတ်ဖို့၊ တဖြည်းဖြည်းအပြောင်းအလဲတွေလုပ်ဖို့ ယေဘုယျလမ်းညွှန်ချက်တွေလောက်ပဲ ကျွန်တော့်ဘက်က အကူအညီအနေနဲ့ပေးနိုင်တာရှိတယ်။

လုံခြုံရေးကိစ္စတွေနဲ့ပတ်သက်ပြီး ခဏလောက်ကျွန်တော်အဓိကထား ပြောပါရစေ။ ပိုလ်ချုပ်ကြီး ဂျက်ဆွာ့ဖ် ကိရှ်တက်ခ် [ပြည်ထဲရေးဝန်ကြီး (၁၉၈၉-၉၀)] ကတင်ပြတဲ့ အပြောင်းအလဲတွေက ဟန်ပြတွေ၊ ကျွန်တော်တို့အတွက် ကျေနပ်လောက်စရာမဟုတ်ဘူး။ အဲဒီတင်ပြချက်တွေကို အစိုးရအဖွဲ့ကပယ်ချလိုက်တယ်။ ၁၉၉၀ပြည့် နှစ်အလယ်မှာ ပိုလ်ချုပ်ကြီး ကိရှ်တက်ခ်ထွက်သွားတယ်။ ခရစ်စတော့ဖ် ကိုဆွာ့ဖ်စကီးက ပြည်ထဲရေးဝန်ကြီး ဖြစ်လာတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက အဲဒီအချိန်မှာ လုံးဝပြောင်းလဲသွားပြီ။ ကိုဆွာ့ဖ်စကီးရောက်လာတော့ လက်ရှိလုံခြုံရေးလုပ်ငန်းတွေကို နိုင်ငံတော်ကာကွယ်ရေးရုံး (UOP) နဲ့ အစားထိုးလိုက်ပြီး၊ အရာရှိတွေကို အရည်အချင်း စစ်စာမေးပွဲဖြေခိုင်းတယ်။ အရာရှိ ၆၀၀၀ လောက်ပြုတ်သွားတယ်။ တချို့ကို အငြိမ်းစားပေးလိုက်တယ်။ တချို့ကတော့ အရည်အချင်းစစ်မှာ ကျလို့ထွက်သွားရတယ်။ UOP ရဲ့ရာထူးအဆင့်ဆင့်မှာ ကွန်မြူနစ်ခေတ်က လုံခြုံရေးလုပ်ငန်းမှာဝင်ခဲ့သူတွေ၊ လုပ်ငန်းအကြောင်းခဏနဲ့နားလည်လာတဲ့ အတွေ့အကြုံမရှိတဲ့လူသစ်တွေရှိနေတယ်။ ဒီလိုနဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှာ အပြောင်းအလဲကို ကျွန်တော်တို့စတင်ခဲ့တယ်။

စစ်တပ်နဲ့ပတ်သက်ပြီးပြောရရင် ဆိုဗီယက်စနစ်ပုံစံအတိုင်းရှိနေတဲ့ နိုင်ငံရေးအရာရှိတွေအုပ်စုကို ဖယ်ရှားလိုက်တယ်။ ကျွန်တော်တို့ဟာ အင်မတန်အစဉ်အလာဆန်တဲ့အခြေခံတွေကို ပြန်လည်ထားရှိခဲ့တယ်။ တိုင်းပြည်၊ စစ်တပ်ရဲ့စစ်သည်တော်ကျင့်ဝတ်စောင့်စည်းမှုတွေနဲ့လုံးဝခွဲမရတဲ့ ပိုလန်စစ်တပ်အစဉ်အလာတွေကိုရည်ညွှန်းပြီး စစ်တပ်ကို တဖြည်းဖြည်းပြောင်းလဲယူခဲ့တယ်။ စစ်တပ်ကို အရပ်ဖက်ထိန်းချုပ်မှုအောက်ရောက်အောင် တဖြည်းဖြည်းလုပ်ခဲ့တယ်။စစ်အရာရှိတစ်ယောက်ကို နောက်တစ်ယောက်နဲ့အစားထိုးလိုက်တာမျိုးလောက်လုပ်တာမဟုတ်ဘူး။ အရပ်ဖက်ကထိန်းချုပ်မှုကိုမိတ်ဆက်ရတာ ဘယ်တုန်းကမရှိခဲ့ဖူးတော့ တော်တော်ခက်တဲ့ လုပ်ငန်းစဉ်ဖြစ်နေတယ်။ ကမ္ဘာ့စစ်ကြီးနှစ်ခုအတွင်းမှာ စစ်တပ်ကို ဘယ်အရပ်သားကမှ မထိန်းချုပ်ခဲ့ဘူး။ နောက်တော့ စစ်တပ်က ထင်ရှားတဲ့ပုဂ္ဂိုလ်တွေက ကိုယ့်လမ်းကိုယ်ဆက်မလျှောက်ကြတော့ပဲ နိုင်ငံရေးထဲဝင်လာကြရော။ ဒါကြောင့် စစ်ဘက်ကိုအရပ်ဘက်ထိန်းချုပ်မှုအောက်ပို့ရတာ ထင်ထားတာထက်ပိုကြာတယ်။

ယေဘုယျပြောရရင် လုံခြုံရေးတပ်ဖွဲ့တွေကို အရည်အချင်းစစ်ဆေးတဲ့နည်းလမ်းကိုသုံးခဲ့တယ်။ အသုံးမကျတဲ့သူတွေ အထူးသဖြင့်ကျောင်းတော်နဲ့ အတိုက်အခံကိုတိုက်ခိုက်ပြီး ကိုယ့်အရှက်ကိုယ်ခွဲတဲ့သူတွေကို ရာထူးကထုတ်ပစ်ခဲ့တယ်။ လူသစ်တွေကိုခန့်ခဲ့တယ်။

*ခင်ဗျားရဲ့အစိုးရမှာ စစ်တပ်ကဝင်ရောက်စွက်ဖက်မှာမျိုးကို စိုးရိမ်ခဲ့မိလား။*

တာဒဲဝုရ် မာဇိုဗယ့်စကီ။ ။မစိုးရိမ်ဘူး။ ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ ကျွန်တော်စိုးရိမ်မိတာက လှုံ့ဆော်မှုတွေလုပ်လာမှာကိုပဲ။ အရင်ကွန်မြူနစ်ခေတ်တုန်းက သိပ်ကြောက်စရာကောင်းတဲ့ပြစ်မှုတစ်ခုကျူးလွန်ခဲ့ဖူးတယ်။ ဘုန်းတော်ကြီး ယာဇီပေါ်ပီလက်ဗ်စကိုဟာ ပြန်ပေးဆွဲခံရပြီး လုံခြုံရေးတပ်ဖွဲ့ထဲက အရာရှိနှစ်ယောက်က သူ့ကို ရက်ရက်စက်စက်သတ်ပစ်လိုက်တယ်။ ကျွန်တော်အဲဒီလို လှုံ့ဆော်လာမှာမျိုးကိုစိုးရိမ်တာ။ အဲဒီလှုံ့ဆော်မှုက ကျွန်တော့်ကို ဒါမှမဟုတ်သူတို့ခေါင်းဆောင်တွေကို ပစ်မှတ်ထားကောင်းထားနိုင်တယ်။ သူတို့ဘက်က ခေါင်းဆောင် တွေက ကျွန်တော်တို့နဲ့ စားပွဲဝိုင်းဆွေးနွေးပွဲမှာထိုင်နေကြပြီလေ။ ဒါကြောင့် ဗိုလ်ချုပ်ကြီးကိရှ် တက်ခ်ကို ပြည်ထဲရေးဝန်ကြီးအဖြစ် ကျွန်တော်ဆက်ထားခဲ့တာ။ အဲဒီလိုဆက်ထားတာ ရန်စ လှုံ့ဆော်မှုကိုကာကွယ်ဖို့ အာမခံချက်မျိုးဖြစ်တယ်လို့ ကျွန်တော်ယူဆတယ်။ ဒါဆိုခင်ဗျားကလည်း- 'အင်း ဟုတ်ပါပြီ။ ဒါပေမယ့် ကွန်မြူနစ်ပါတီကပြိုလဲသွားပြီပဲဥစ္စာ'လို့ပြောမယ်။ ဟုတ်တယ်။ ပြိုလဲသွားပြီ။ ဒါပေမယ့် စစ်တပ်ထဲမှာပါတီရဲ့ဩဇာက အရမ်းကြီးနေတုန်းပဲ။ ကျွန်တော်တို့အဲဒါကို ထည့်တွက်ရမယ်။ စားပွဲဝိုင်းဆွေးနွေးပွဲ သဘောတူညီချက်တွေအတွက် သူတို့ကိုယ်စား ဗိုလ်ချုပ်ကြီး ကိရှ်တက်ခ်ကတာဝန်ယူခဲ့တယ်။ သို့သော် သူ့ဝန်ကြီးဌာနကို ပြုပြင်ပြောင်းလဲရေး လုပ်မယ်လို့တော့ ကျွန်တော်မမျှော်လင့်ခဲ့ဘူး။ အဲဒီပြုပြင်ပြောင်းလဲရေး ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တွေကလုပ်ရမှာ၊ ကျွန်တော့်လူတွေကလုပ်ရမှာလို့သိထားပြီးသားလေ။ တကယ်လည်း အဲဒီအတိုင်းပဲ ဖြစ်လာတာပဲ။

## အခြေခံဥပဒေပြုပြင်ပြောင်းလဲမှု

*အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲမှုဘယ်လိုလုပ်ခဲ့လဲ။*

တာဒေါ်ရှ် မာဇိုဗယ့်စကီ။ ။ ၁၉၈၉ ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်ကြားမှာ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတွေကို စတင်ခဲ့တယ်။ အခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့ အာဏာရှင်ခေတ် ပြဋ္ဌာန်းချက်တွေအားလုံးကို ဖယ်ရှားခဲ့တယ်။ တစ်ခုနားလည်ထားဖို့က ဆိုဗီယက်အုပ်စုဝင်နိုင်ငံတွေရဲ့ အခြေခံဥပဒေတွေက စာရွက်ပေါ်မှာတော့ အင်မတန်ကောင်းတယ်။ အင်မတန်ဒီမိုကရေစီဆန်တယ်။ သို့သော် လက်တွေ့နဲ့တော့ ပြဒါးတစ်လမ်းသံတစ်လမ်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပိုပြီးသာလွန်တဲ့အင်အားစုတွေကရှိနေတယ်။ အဲဒီထဲမှာ ကွန်မြူနစ်ပါတီနဲ့ သူ့အထက်က 'ဆရာကြီး'ဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုရှိတယ်လေ။ ဒီတော့ ကျွန်တော်တို့ဒီမိုကရေစီမဆန်တဲ့ ပြဋ္ဌာန်းချက်တွေကို ပယ်ဖျက်ခဲ့တယ်။ ၁၉၈၉ ဒီဇင်ဘာလကုန်မှာ စတာလင်ဝါဒ လက္ခဏာရပ်တွေဖြစ်နေတဲ့ ဒါမှမဟုတ် ဒီမိုကရေစီမဆန်တဲ့ ဥပဒေပြုရေးကိုကိုယ်စားပြုတဲ့ ပြဋ္ဌာန်းချက်တွေအားလုံးကို ကျွန်တော်တို့ပယ်ဖျက်ပြီးသွားပြီ။ လက်ရှိအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရေးလုပ်ခဲ့ပြီးပြီဖြစ်လို့ ကျွန်တော်တို့အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို လက်ငင်း ဆောင်ရွက်ခဲ့တာပဲ။ ကျွန်တော်တို့အစီအစဉ်တွေရှိပေမယ့် အခြေခံဥပဒေသစ်ကို ကျွန်တော်တို့ မပြဋ္ဌာန်းနိုင်ခဲ့ဘူး။ ကျွန်တော်အခြေခံဥပဒေကို ကတိုက်ကရိုက်မလုပ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီတင်းပြည့်ကျပ်ပြည့်မရှိသေးတဲ့ လွှတ်တော်ကနေ အခြေခံဥပဒေသစ်ကိုပြဋ္ဌာန်းလိုက်မယ်ဆိုရင် အဲဒီအခြေခံဥပဒေဟာ သင့်တော်အပ်စပ်တဲ့အခြေခံဥပဒေမဟုတ်ဘူးဆိုပြီး တစ်ချိန်လုံးစောဒကတွေတက်နေကြမှာကို ကျွန်တော်စိုးရိမ်တယ်။ ဒါကြောင့်မို့ ကတိုက်ကရိုက်မလုပ်ခဲ့တာ။ အခြေခံဥပဒေသစ်ကိုရေးတာ၊ ပြဋ္ဌာန်းတာတွေအတွက် ဒီမိုကရေစီအပြည့်နဲ့ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ပေါ်လာပြီးချိန်အထိ ရွှေ့ဆိုင်းထားသင့်တယ်လို့ ကျွန်တော်တွေးခဲ့တယ်။

## အစိုးရဖွဲ့စည်းပုံ

*ဝန်ကြီးချုပ်ဦးဆောင်တဲ့ အစိုးရစနစ်ကို လွှတ်တော်စနစ်နဲ့ သမ္မတဦးဆောင်တဲ့အစိုးရစနစ်တို့အစား ရွေးချယ်ခဲ့တာနဲ့ပတ်သက်ပြီး တခြားစနစ်ကိုရွေးခဲ့ရင်ကောင်းမှာလို့ စဉ်းစားမိတာရှိခဲ့လား။*

တာဒေါ်ရှ် မာဇိုဗယ့်စကီ။ ။ ကျွန်တော်တို့ကျင့်သုံးတဲ့စနစ်က အစိုးရကိုအခွင့်အရေးပေးထားတယ်။ သမ္မတရဲ့လုပ်ငန်းတာဝန်တွေနဲ့ အစိုးရရဲ့လုပ်ငန်းတာဝန်တွေကြားမှာ မျှခြေတစ်ခုရှိတော့ရှိတယ်။ ဒီစနစ်ကိုတချို့က ဝေဖန်ကြပေမယ့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ရှိမယ်ဆိုကျွန်တော်ကတော့ အလုပ်ဖြစ်တယ်လို့ထင်တယ်။ အဲဒီစိတ်ဓာတ်မျိုးမရှိရင်တော့ ဘယ်ဥပဒေပြဋ္ဌာန်းမှုကမှ သူ့နေရာမှာအစားဝင်လို့ရမှာမဟုတ်ဘူး။ ကွန်မြူနစ်ခေတ်လွန် နိုင်ငံတွေမှာ

လုပ်ခဲ့တဲ့ သမ္မတဦးဆောင်တဲ့အစိုးရစနစ်တိုင်းဟာ သိပ်တောင့်မခံလိုက်နိုင်ဘဲ လူနည်းစုက အာဏာကိုချုပ်ကိုင်ထားတဲ့စနစ်အဖြစ်ကို သက်ဆင်းသွားတော့တယ်။ အဲဒီလိုမျိုးမဖြစ်အောင် ကျွန်တော်တို့ရှောင်နိုင်ခဲ့တယ်။ အခုဒီမှာ ကျွန်တော်တို့ရဲ့ဒီမိုကရေစီအုတ်မြစ်တွေ အခိုင်အမာ ချထားပြီးပြီ။ အနောက်နိုင်ငံတွေက ဒီမိုကရေစီအဆောက်အအုံတွေဖြစ်တဲ့ အီးယူတို့၊ နေတိုးတို့မှာ ကျွန်တော်တို့ အောင်အောင်မြင်မြင်ဝင်ခဲ့ပြီ။ အဲဒီအဖွဲ့တွေမှာ အဖွဲ့ဝင်ဖြစ်ခဲ့တာ ကျွန်တော့်လက်ထက်မှာမဟုတ်ပေမယ့် ကျွန်တော့်လက်ထက်တုန်းက အနောက်ဒီမိုကရေစီ နိုင်ငံတွေကို တံခါးဖွင့်ပေးရမယ်၊ ဒီမိုကရေစီစနစ်ကိုဖန်တီးရမယ်ဆိုတဲ့ အယူအဆရှိခဲ့တယ်။ တစ်ချိန်တည်းမှာ ဆိုဗီယက်ပြည်ထောင်စုက အသွင်ကူးပြောင်းမှုတွေနဲ့ ဂေါ်ဘာချော့ဗ်ရဲ့ ဘက်စုံပြုပြင်ပြောင်းလဲရေးကိုသွားရာလမ်းမှာ ကျွန်တော်တို့က ကန့်လန့်ခံနေမှာကိုအနောက် နိုင်ငံခေါင်းဆောင်တွေက စိုးရိမ်ကြတယ်။ ဒါဟာ အရေးကြီးတဲ့စိုးရိမ်မှုတွေထဲကတစ်ခုပဲ။ ဂေါ်ဘာချော့ဗ်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ကျွန်တော်တို့ လိုလိုလားလားကြိုဆိုခဲ့တယ်။ သူတို့သွားတဲ့လမ်းမှာ ကန့်လန့်ခံမနေခဲ့ပေမယ့် သူလုပ်တဲ့အသွင်ကူးပြောင်းမှုတွေက သူ့အတွက်မနိုင်မနင်းဖြစ်လာတာသိလာရတယ်။

## ပိုလန်အချိန်ပြမျဉ်း

**ဒီဇင်ဘာ ၁၉၇၀။** သဘော်ကျင်းအလုပ်သမားများက အခြေခံစားသောက်ကုန်ဈေးနှုန်းများတက်လာခြင်းကြောင့် ဆန္ဒပြကြသည်။ ပိုလန်အလုပ်သမားညီညွှတ်ရေးပါတီ (PZPR) အစိုးရ၏အမိန့်ဖြင့် ရဲကဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းသည်။

**ဇွန် ၁၉၇၆။** အလုပ်သမားများက စားသောက်ကုန်ဈေးနှုန်းများ ထပ်တက်လာခြင်းကြောင့် ကန့်ကွက်ဆန္ဒပြ သည်။ ဖမ်းဆီးခံရသော တက်ကြွလှုပ်ရှားသူများကို ကူညီရန် ဝါဆောမြို့တော်မှ ပညာတတ်များက အလုပ်သမားကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းသည်။ ထို့နောက် မြေအောက်အဖွဲ့အစည်းအဖြစ် ချဲ့ ထွင်လာခဲ့သည်။

**အောက်တိုဘာ ၁၉۷၈။** ပိုလန်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ကားလ် ဗွာတီဝါသည် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂ ဖြစ်လာသည်။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂ သည် နှစ်ပေါင်း ၄၄၅ နှစ်အတွင်း အီတလီလူမျိုးမဟုတ်သော ပထမဆုံး ပုပ်ရဟန်းမင်းကြီးဖြစ်လာသည်။ ပိုလန်နှင့် ကမ္ဘာ့အခြားနေရာများမှ ဖိနှိပ်မှုများကို ဆန့်ကျင်ကြရန် ပုပ်ရဟန်းမင်းကြီးက အရေးဆိုခဲ့သည်။

**ဇွန် ၁၉۷၉။** ပုပ်ရဟန်းမင်းကြီးအဖြစ် ဂျွန်ပေါလ်-၂ သည်ပိုလန်သို့ ပထမဆုံးကြွလာသည်။ ထိုခရီးစဉ်ကို ကက်သိုလစ်ကျောင်းတော်နှင့် ထောက်ခံသူများကစီစဉ်ခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးကို ဇရာမလူအုပ်ကြီးများက ကြိုဆိုခဲ့ကြပြီး ရုပ်မြင်သံကြားတွင်လည်း ဒေသနာနာကြားသူပရိသတ်များစွာရှိလာသည်။ ဤအခြေအနေသည် ပိုလန်ပြည်သူပေါင်းများစွာက အစိုးရဦးဆောင်မှုမပါဘဲ စနစ်တကျစုဖွဲ့နိုင်စွမ်းကို ယုံကြည်မှုရှိသွားစေခဲ့သည်။

**သြဂုတ် ၁၉၈၀။** အစိုးရက ကုန်ဈေးနှုန်းများတိုးမြှင့်လိုက်သည်။ Gdansk ဆိပ်ကမ်းမြို့ရှိ လီနင်သဘော်ကျင်းကို ဝင်ရောက်သိမ်းပိုက်သည့် သပိတ်များကို အလုပ်သမားတက်ကြွလှုပ်ရှားသူ လက်ခ်ဗွယ်ဆာကဦးဆောင်ပြီးလုပ်သည်။ အနီးအနားရှိလုပ်ငန်းများမှ အလုပ်သမားများလည်း ပါဝင်လာကြသည်။ ဆန္ဒပြသူများနှင့်အကြံပေးများက ကုန်ဈေးနှုန်းများချပေးရန်၊ အကျိုးခံစားခွင့်များပိုမိုပေးအပ်ရန်၊ ဆန္ဒဖော်ထုတ်ခွင့်နှင့် အလုပ်သမားသမဂ္ဂ (Solidarity) ဖွဲ့စည်းခွင့်၊ လွတ်လပ်သော သတင်းမီဒီယာတို့ကို တောင်းဆိုကြသည်။ အစိုးရက Gdansk သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခြင်းဖြင့် စေ့စပ်ဆွေးနွေးခဲ့သည်။ ထိုသဘောတူညီချက်တွင် အလုပ်သမားများ၏တောင်းဆိုမှုများကို လိုက်လျောခဲ့သည်။ ဆန္ဒပြသူများ၊ နောင်ဝန်ကြီးချုပ်ဖြစ် လာမည့် ကက်သိုလစ်ပညာတတ်နှင့် မဂ္ဂဇင်းအယ်ဒီတာ တာဒေးဝုရ် မာဇိုယ့ဗ်စကီအပါအဝင် အကြံပေးများနှင့် စေ့စပ်ညှိနှိုင်းပြီး ထိုသဘောတူညီချက်ကိုရရှိခဲ့ခြင်းဖြစ်သည်။

**စက်တင်ဘာ ၁၉၈၀။** Solidarity အဖွဲ့ခွဲများ ပိုလန်နိုင်ငံတစ်ဝန်းတွင်ပေါ်လာသည်။

အဖွဲ့ဝင်ဦးရေအလျင်အမြန် တိုးပွားလာသည်။ ဆောင်းဦးပေါက်ချိန်တွင် အဖွဲ့ဝင်ဦးရေ ၁၀ သန်းအထိရှိလာသည်။ Solidarity မှထုတ်ဝေသည့်စာအုပ်၊ စာစောင်များထွက်ရှိလာသည်။ နိုင်ငံပိုင်မီဒီယာတွင် ၎င်းတို့၏သတင်းကိုဖော်ပြခံရသည်။ ကျောင်းသားသမဂ္ဂများနှင့် အလုပ်သမားသမဂ္ဂများကို တရားဝင်ခွင့်ပြုပေးခြင်းနှင့်ပတ်သက်ပြီး ပဋိပက္ခများပေါ်ထွက်လာခြင်းကြောင့် Solidarity ကဦးဆောင်သော ဆန္ဒပြပွား၊ သပိတ်များဖြစ်ပွားလာသည်။ PZPR ခေါင်းဆောင် အက်ဒဝပ်ဂီယက် ရာထူးမှဖယ်ရှားခံလိုက်ရသည်။

**အောက်တိုဘာ ၁၉၈၁။** သပိတ်များဆက်လက်ဖြစ်ပွားနေချိန်နှင့် Solidarity ကို ပိတ်ပင်ရန် ဆိုဗီယက်ပြည်ထောင်စုက ဖိအားပေးနေချိန်တွင် ဝန်ကြီးချုပ်နှင့် ယခင်စစ်ဦးစီးချုပ် ဗိုလစ်ချုပ်ကြီး ဗွိုက်ချက် ယာရူဇဲစ်ကီသည် PZPR ၏ခေါင်းဆောင်အဖြစ်ခန့်အပ်ခံရသည်။ ယာရူဇဲစ်ကီက Solidarity နှင့် ကျောင်းတော်ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ သပိတ်မှောက်မှုများ ဆက်လက်ဖြစ်ပွားသည်။

**ဒီဇင်ဘာ ၁၉၈၁။** ဆိုဗီယက်၏ဖိအားပေးမှုအောက်တွင် ယာရူဇဲစ်ကီက စစ်အုပ်ချုပ်ရေးကြေညာသည်။ Solidarity အပိတ်ခံရပြီး ခေါင်းဆောင်များထိမ်းသိမ်းခံရသည်။ တိုင်းပြည်အတွင်းနှင့် ပြည်ပသို့ ဆက်သွယ်ရေးလမ်းကြောင်းများအားလုံးကို ဖြတ်တောက်လိုက်သည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် အမေရိကန်က ပိုလန်ကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်သည်။

**ဇွန် ၁၉၈၃။** ပုပ်ရဟန်းမင်းကြီး ပိုလန်သို့လာရောက်သည်။ ငြိမ်းငြိမ်းချမ်းချမ်းနေကြရန်တောင်းဆိုသည်။ အစိုးရခေါင်းဆောင်များနှင့် ဗွယ်ဆာတို့ကို ပုပ်ရဟန်းမင်းကြီးတွေ့ဆုံသည်။

**ဇူလိုင် ၁၉၈၃။** စစ်အုပ်ချုပ်ရေးအဆုံးသတ်သွားသည်။ သို့သော် အတိုက်အခံခေါင်းဆောင်များစွာကို ထိန်းသိမ်းထားဆဲဖြစ်သည်။ PZPR က ကျောင်းတော်ကိုပိတ်ပင်ကန့်သက်မှုများဖြေလျှော့ပေးခြင်းအပါအဝင် စီးပွားရေးနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်သည်။

**မတ် ၁۹۸۹။** မီခေးလ် ဂေါ်ဘာချေ့ဗ်သည် ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်ဖြစ်လာသည်။ ဆိုဗီယက်၏ နိုင်ငံရေးနှင့်စီးပွားရေးစနစ်ကို မူဝါဒဖြေလျှော့ခြင်း၊ အရှေ့ဥရောပနှင့် ဗဟိုဥရောပတို့ကို ဆိုဗီယက်က ထိန်းချုပ်ထားမှုများအား ဖြေလျှော့ပေးခြင်းတို့ကို ဂေါ်ဘာချေ့ဗ်က ပြုလုပ်ခဲ့သည်။

**စက်တင်ဘာ ၁۹۸۹။** ယာရူဇဲစ်ကီက နိုင်ကျဉ်းများအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ Solidarity ခေါင်းဆောင်များပြန်ပေါ်လာသော်လည်း တရားဝင်အဖွဲ့အစည်းမဖြစ်သေးပေ။ အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအသစ်များကို စတင်သည်။

**မေ ၁၉၈၈၊** ၁၉၈၁ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အုံကြွမှုအရှိဆုံး သပိတ်မှောက်မှုများနှင့်ဆန္ဒပြမှုများဖြစ်ပွားသည်။နွေရာသီတစ်ရာသီလုံးဆက်တိုက်ဆန္ဒပြမှုများဆက်ဖြစ်သည်။ ဆန္ဒပြမှုများတွင် ရည်မှန်းချက်နှင့် ခေါင်းဆောင်ဟူ၍ တိတိပပမရှိပေ။

**သြဂုတ် ၁၉၈၈၊** အစိုးရက Solidarity နှင့် စေ့စပ်ဆွေးနွေးမှုတွင် ကျောင်းတော်ကကြားဝင်ဆောင်ရွက်သူအဖြစ် ဆောင်ရွက်သည်။ ယာရူဇဲစ်ကီက ဗွယ်ဆာနှင့်တွေ့ဆုံဥည်။ ပြည်ထဲရေးဝန်ကြီး ဂျက်ဆွာ့ဖ် ကိရ်တက်ခ်က စေ့စပ်ဆွေးနွေးမှုများမည်သို့လုပ်ဆောင်ရမည်ဆိုသည်နှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများဦးဆောင်ကျင်းပသည်။

**ဇန်နဝါရီ ၁၉၈၉၊** ယာရူဇဲစ်စကီ၊ ကိရ်တက်ခ်နှင့် PZPR ၏အရေးပါသောဝန်ကြီးများက စေ့စပ်ဆွေးနွေးမှုများကို မထောက်ခံလျှင် ၎င်းတို့နုတ်ထွက်မည်ဟု ခြိမ်းခြောက်ကာ PZPR ခေါင်းဆောင်များကို ဖိအားပေးသည်။

**ဖေဖော်ဝါရီ ၁၉၈၉၊** အစိုးရအာဏာပိုင်းများ၏ ကိုယ်စားလှယ်များနှင့် Solidarity တို့ကြား "စားပွဲဝိုင်းစေ့စပ် ဆွေးနွေးမှုများ"စတင်သည်။ အစိုးရပထမဆုံးထုတ်ပြန်ချက်တွင် Solidarity ကိုတရားဝင်အဖွဲ့အစည်းဖြစ်ကြောင်း ကြေညာသည်။

**စက်တင်ဘာ ၁၉၈၉၊** Solidarity ကိုယ်စားလှယ်များကို Sejm အောက်လွှတ်တော်တွင် ၃၅ နေရာဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုလိုက်ပြီး ကျန်ကိုယ်စားလှယ် ၆၅ နေရာကို PZPR ကိုယ်စားလှယ်များနှင့်လက်ဝေခံပါတီကိုယ်စားလှယ်များအတွက် ချန်လှပ်ရန်၊ လွတ်လပ်စွာရွေးကောက်တင်မြှောက်ခွင့်ရှိမည့် အထက်လွှတ်တော်တည်ထောင်ရန်၊ လွှတ်တော်နှစ်ရပ်စလုံးမှကိုယ်စားလှယ်များက ဘက်တော်သားစိတ်မရှိသည့် သမ္မတရွေးကောက်တင်မြှောက်မှုတို့ပြုနိုင်ရန် ခွင့်ပြုလိုက်ခြင်းအားဖြင့် Solidarity ကိုယ်စားလှယ်များပါဝင်ခွင့်ကို အပြီးသတ်သဘောတူညီချက်ဖြင့် စားပွဲဝိုင်းစေ့စပ်ဆွေးနွေးမှုများ ပြီးဆုံးသည်။ စားပွဲဝိုင်းဆွေးနွေးပွဲများတွင်ဆွေးနွေးခဲ့သည့် စီးပွားရေး နှင့် လူမှုရေးကိစ္စရပ်အများစုကို လာမည့်လွှတ်တော်နှင့်အစိုးရက ဖြေရှင်းရန်အတွက် ချန်လှပ်ထားခဲ့သည်။

**ဇွန် ၁၉၈၉၊** ပိုလန်တွင် တစ်စိတ်တစ်ပိုင်းလွတ်လပ်သောရွေးကောက်ပွဲများကျင်းပသည်။ Solidarity မှဝင် ရောက်အရွေးခံသောကိုယ်စားလှယ်များ တောင်ပြိုကမ်းပြို အနိုင်ရသည်။ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၁၀၀ အနက် ၉၉ နေရာ၊ Sejm လွှတ်တော်တွင် ကွန်မြူနစ်ခေတ်ပါတီများတွင် ဝင်မပြိုင်ဖူးသည့်- ကိုယ်စားလှယ်နေရာ ၃၅ နေရာတို့ကို Solidarity ကအနိုင်ရသွားသည်။

**သြဂုတ် ၁၉၈၉၊** PZPR ၏လက်ဝေခံပါတီများက ပါတီလောင်းရိပ်မှထွက်ကာ Solidarity နှင့်ပူးပေါင်းသည်။ PZPR က သြဇာကြီးသော ညွှန့်ပေါင်းမဖွဲ့မနိုင်သောအခါ ဗွယ်ဆာနှင့်

Solidarity ၏အကြံပေး၊ စားပွဲဝိုင်းဆွေးနွေးပွဲခေါင်းဆောင် တာဒဲဝုရှ် မာဇိယဲ့ဝ်စကီသည် ဝါ ဆောစစ်စာချုပ်အဖွဲ့ဝင်နိုင်ငံများအနက် ပထမဆုံး ကွန်မြူနစ်မဟုတ်သော ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ကနဦးကတိများနှင့်အညီ Solidarity က ယာရှုဇစ်ကီကို သမ္မတဖြစ်ရာထူးပေးရန် သဘောတူညီခဲ့သည်။ မာဇိယဲ့ဝ်စကီအစိုးရလက်ထက်တွင် ကျယ်ပြန့် သော နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သည်။

**နိုဝင်ဘာ ၁၉၈၉။** ဘာလင်တံတိုင်းဖြိုဖျက်လိုက်ပြီး ဂျာမနီနှစ်နိုင်ငံပေါင်းစည်းသည်။ မီခေးလ် ဂေါ်ဘာချော့ဗ်က ဆိုဗီယက်ပြည်ထောင်စုသည် မဟာမိတ်ကွန်မြူနစ်အစိုးရများကို ထောက်ခံအားပေးဖို့အတွက် ကြားဝင်စွက်ဖက်မည်မဟုတ်ဟု အတိအလင်းပြောသည်။ ယင်း နှစ်အကုန်တွင် အရှေ့ဥရောပနိုင်ငံများ၌ ကွန်မြူနစ်အုပ်ချုပ်မှု အဆုံးသတ်သွားသည်။

**ဇန်နဝါရီ ၁၉၉၀။** ဘဏ္ဍာရေးဝန်ကြီး လက်ရှက်ခ် ဘားတဲလ်ရောဗိရ်ဦးဆောင်ကာ စီးပွားရေးတည်ငြိမ်စေရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရန်ပြင်ဆင်သည့် (ဘားတဲလ်ရောဗိရ် စီမံကိန်း ဟုခေါ်သည့်) ဈေးကွက်ကိုဦးတည်သော မူဝါဒဖြေလျှော့မှုများဖြင့် 'ရှော့ရိုက်ကုထုံး'က ပိုလန် နိုင်ငံသုံးငွေကြေးတန်ဖိုးကို သိသိသာသာကျဆင်းသွားစေပြီး တစ်ဦးချင်းလုပ်ခလစာတန်ဖိုးများ ကို ကျဆင်းသွားစေသည်။

**ဇန်နဝါရီ ၁၉၉၀။** PZPR ကိုဖျက်သိမ်းလိုက်သည်။ ယခင် စားပွဲဝိုင်းဆွေးနွေးပွဲများကို ခေါင်းဆောင်သူ အာလက်ဆန်းဒါးဆွာညဲ့ဗ်စကီဦးဆောင်သည့် ဒီမိုကရက်တစ် လက်ဝဲမဟာ မိတ် (SLD) သို့ PZPR ၏ ပြုပြင်ပြောင်းလဲရေး နိုင်ငံရေးသမားများကလာရောက်ပူးပေါင်းသည်။

**မေ ၁၉۹၀။** လွတ်လပ်သော ဒေသဆိုင်ရာရွေးကောက်ပွဲများတွင် Solidarity ၏ ကိုယ်စား လှယ်လောင်းများတစ်ခဲနက်အနိုင်ရသည်။ မာဇိယဲ့ဝ်စကီနှင့် ဗွယ်ဆာတို့ကြား တင်းမာမှုများ ဖြစ်ပွားကာ Solidarity ခေါင်းဆောင်ပိုင်း၏ အကွဲအပြြစတင်ဖြစ်ပွားသည်။

**ဒီဇင်ဘာ ၁၉۹၀။** ယာရှုဇစ်စကီနုတ်ထွက်သွားပြီးနောက် တိုက်ရိုက်သမ္မတရွေးကောက် ပွဲများကျင်းပသည်။ Solidarity အကွဲအပြြဖြစ်သည်။ မာဇိယဲ့ဝ်စကီနှင့်အခြားသူများကို အလွယ် ဖြတ်ကျော်ကာ သမ္မတရွေးကောက်ပွဲ၌ ဗွယ်ဆာအနိုင်ရသွားသည်။

**အောက်တိုဘာ ၁၉۹၁။** ပထမဆုံးလွတ်လပ်သော လွှတ်တော်ရွေးကောက်ပွဲများကျင်းပ သည်။ နိုင်ငံရေးပါတီ ၂၉ ပါတီက ကိုယ်စားလှယ်နေရာများအနိုင်ရသည်။ ရှေးရိုးစွဲလူထုကောင်း စားရေးဝါဒီများနှင့် ကွန်မြူနစ်ခေတ်လွန်(စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရေး)ဝါဒီများ အနိုင် ရခဲ့သည်။

**ဒီဇင်ဘာ ၁၉۹၁။** လွှတ်တော်ရွေးကောက်ပွဲများအပြီးတွင် ယန် အိုရှက်ဖ်လ်စကီးကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်သည်။ စစ်ဘက်ရာထူးများခန့်အပ်ခြင်း၊ အတိတ်အကာလက

အလွဲသုံးစားမှုများကို ဖြေရှင်းရေးတို့နှင့်ပတ်သက်ပြီး နောက်နှစ်တွင် အိုရှက်ဖ်စကီးရာထူးမှ နုတ်ထွက်သွားသည့်အချိန်အထိ ဗွယ်ဆာနှင့် အိုရှက်ဖ်လ်စကီးတို့ ထိပ်တိုက်တွေ့ခဲ့ကြသည်။

**ဩဂုတ် ၁၉၉၂။** အိုရှက်ဖ်လ်စကီးနုတ်ထွက်သွားပြီးနောက် Sejm အောက်လွှတ်တော်က 'ပဏာမ အခြေခံဥပဒေ'ကိုပြဋ္ဌာန်းသည်။ ယင်းအခြေခံဥပဒေတွင် သမ္မတနှင့်ဝန်ကြီးချုပ်၏အခွင့်အာဏာများကို သတ်မှတ်ပြဋ္ဌာန်းထားပြီး၊ အောက်လွှတ်တော်တွင်ကိုယ်စားလှယ်နေရာရရန် (အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်အရ) အနိမ့်ဆုံးထောက်ခံမဲရရှိရမည့် ရာခိုင်နှုန်းသတ်မှတ်ချက်ကို တိုးမြှင့်လိုက်သည်။

**စက်တင်ဘာ ၁၉၉၃။** SLD နှင့် ယခင်လက်ဝေခံပါတီဖြစ်ခဲ့သည့် ပိုလန်လယ်သမားပါတီ (PSL) က ပထမအကျော့ လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရသည်။ အထူးသဖြင့် Solidarity ခေတ်လွန် လက်ယာအုပ်စုအတွင်း အုပ်စုများကွဲသွားခြင်းကြောင့် ယင်းသို့အနိုင်ရခြင်းဖြစ်သည်။ SLD လောက်မကြီးသည့် အငြင်းပွားမှုနည်းသည့် PSL ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဖြစ်လာသည်။

**နိုဝင်ဘာ ၁၉၉၅။** SLD ပါတီမှ ဆွာညွှဲဗ်စကီက ဗွယ်ဆာကို သမ္မတရွေးကောက်ပွဲတွင် မဲကွာချက်အနည်းငယ်ဖြင့် အနိုင်ရသွားသည်။

**စက်တင်ဘာ ၁၉၉၇။** အခြေခံဥပဒေသစ်ပြဋ္ဌာန်းသည်။ အခြေခံဥပဒေပြဋ္ဌာန်းချက်အသစ်အရ တည်ဆဲနိုင်ငံရေး အင်စတီကျူးရှင်းအများစုကို ဆက်လက်ထားရှိသည်။ သို့သော် ယခင်တစ်နိုင်ငံလုံးအတိုင်းအတာကိုအခြေခံပြီးရွေးကောက်တင်မြှောက်ရသည့်လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပယ်ဖျက်ကာ သမ္မတ၏အခွင့်အာဏာများကို ကန့်သတ်ထားသည့် အခြေခံဥပဒေဖြစ်သည်။

**ဇူလိုင် ၁၉၉၇။** နေတိုးအဖွဲ့တွင်ပါဝင်ရန် ပိုလန်ကိုဖိတ်ခေါ်သည်။ ဆွာညွှဲဗ်စကီက နေတိုးအဖွဲ့ဝင်ရန် အခိုင်အမာထောက်ခံသည်။ ပိုလန်က နေတိုးအဖွဲ့ဝင်ရန်ကမ်းလှမ်းမှုကိုလက်ခံပြီး နောက် နှစ်နှစ်ကြာဆွေးနွေးမှုများအပြီး ပိုလန်နေတိုးအဖွဲ့ဝင်ဖြစ်လာသည်။

**အောက်တိုဘာ ၂၀၀၀။** အုပ်စုကွဲအလွန်များပြားနေသည့် အတိုက်အခံကိုအနိုင်ရကာ ဆွာညွှဲဗ်စကီ ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။

**မေ ၂၀၀၄။** အဖွဲ့ဝင်ရေးလူထုဆန္ဒခံယူပွဲပြုလုပ်အပြီး တစ်နှစ်အကြာတွင် ပိုလန်သည် အီးယူအဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၀၈ ခုနှစ်အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းအပြီး ဥရောပတွင် ရုတ်တရက်စီးပွားရေး ဖွံ့ဖြိုးလာသည့်နိုင်ငံမှာ ပိုလန်တစ်နိုင်ငံတည်းသာဖြစ်သည်။

**စက်တင်ဘာ ၂၀၀၅။** အရှုပ်တော်ပုံများ အကြိမ်ကြိမ်ဖြစ်ပွားပြီးနောက် SLD ပြိုကွဲသွားသည်။ Solidarity ခေတ်လွန်သဘောထားအမြင်မျှတသည့် လက်ဝဲနှင့် လက်ယာနိုင်ငံရေး

ပါတီများ ထောက်ခံမှုရလာသည်။

**အောက်တိုဘာ ၂၀၀၅။** ဝါဆောမြို့တော်ဝန်ဟောင်း လက်ရှိကာတီနီစကီး သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ သမ္မတသက်တမ်းကန့်သန့်ချက်များကြောင့် ဆွာညဲ့ဝ်စကီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပေ။

**ဧပြီ ၂၀၁၀။** တာတီနီစကီး၊ အခြားအဆင့်မြင့်အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး လေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့ရသည်။ ရာထူးဆက်ခံသူများကို လွယ်ကူချောမွေ့စွာ ခန့်အပ်နိုင်ခဲ့သည်။ သမ္မတ ရွေးကောက်ပွဲအသစ်ကို ရက်သတ်မှတ်သည်။

## ဆက်လက်ဖတ်ရှုရန် စာအုပ်စာတမ်းများ


Ash, Timothy Garton, *The Polish Revolution: Solidarity* [ပိုလန်တော်လှန်ရေး- Solidarity] (New Haven, Conn.: Yale University Press, 1983)

Bernhard, Michael, *The Origins of Democratization in Poland* [ပိုလန်နိုင်ငံ၏ဒီမိုကရေစီတည်ဆောက်ရေး မူလအစ] (New York: Columbia University Press, 1993)

Blejer, Mario I. and Coricelli, Fabrizio, *The Making of Economic Reform in Eastern Europe: Conversations with Leading Reformers in Poland, Hungary, and the Czech Republic* [အရှေ့ဥရောပတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်း- ပိုလန်၊ ဟန်ဂေရီနှင့် ချက်သမ္မတနိုင်ငံများမှ ပြုပြင်ပြောင်းလဲရေးသမားခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်း] (Brookfield, Vt.: Aldershot, 1995)

Castle, Marjorie, *Triggering Communism's Collapse: Perception and Power in Poland's Transition* [ကွန်မြူနစ်ဝါဒ ကျဆုံးမှုကို မောင်းခလုတ်ဖြုတ်လိုက်ခြင်း- ပိုလန် အသွင်ကူးပြောင်းမှုမှ အယူအဆနှင့် ပါဝါ] (Lanham, Md.: Rowman & Littlefield, 2003)

Coughlan, Elizabeth P., 'Democratizing Civilian Control: The Polish Case', [အရပ်ဘက်ထိန်းချုပ်မှုဖြင့် ဒီမိုကရေစီ တည်ဆောက်ခြင်း-ပိုလန်ဖြစ်ရပ်] *Armed Forces & Society*, 24/4 (1998), pp. 519–33

Curry, Jane and Jafjer, Luba (eds), *Poland's Permanent Revolution: People vs. Elites, 1956 to the Present* [ပိုလန်၏ထာဝရတော်လှန်ရေး- ပြည်သူနှင့်အီလစ် လူတန်းစား၊ ၁၉၅၆ မှသည် ယနေ့ခေတ်အထိ] (Washington, D.C.: American University Press, 1996)

Domber, Gregory F., 'International Pressures for a Negotiated Transition, 1981–1989', in Kathryn Stoner and Michael McFaul (eds), *Transitions to Democracy: A Comparative Perspective* [ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း- နှိုင်းယှဉ်လေ့လာမှု ရှုထောင့် စာအုပ်ပါ- 'စေ့စပ်ညှိနှိုင်းထားသည့် အသွင်ကူးပြောင်းမှုအတွက် နိုင်ငံတကာ၏ ဖိအားပေးမှုများ (၁၉၈၁-၁၉၈၉)'] (Baltimore, Md.: Johns Hopkins University Press)

Ekiert, Grzegorz and Kubik, Jan, *Rebellious Civil Society: Popular Protest and Democratic Consolidation in Poland, 1989–1993* [ပုန်ကန်ထကြွသောလူအဖွဲ့

အစည်း-ပိုလန်နိုင်ငံတွင် လူထုဆန္ဒပြမှုနှင့် ဒီမိုကရေစီကြီးခိုင်လာခြင်း (၁၉၈၉-၁၉၉၃)] (Ann Arbor, Mich.: University of Michigan Press, 1999)

Fitzmaurice, John, 'General Wojciech Jaruzelski: Hardline Patriot' in Martin Westlake (ed.), *Leaders of Transition* [အသွင်ကူး ပြောင်းမှူခေါင်းဆောင်များ စာအုပ်ပါ- 'ဗိုလ်ချုပ်ကြီး ဗွိုက်ချက် ယာရူဇဲစ်ကီ- သဘောထားတင်းမာသူ မျိုးချစ်'] (New York: St. Martin's Press, 2000)

Goodwyn, Lawrence, *Breaking the Barrier: The Rise of Solidarity in Poland* [အတားအဆီးများကို ချိုးဖျက်ခြင်း- ပိုလန်တွင် Solidarity နိုးထလာခြင်း] (New York: Oxford University Press, 1991)

Kubik, Jan, 'Who Done it: Workers, Intellectuals, or Someone Else? Controversy over Solidarity's Origins and Social Composition', [သဘောတရားနှင့် လူ့အဖွဲ့အစည်းစာအုပ်ပါ 'အလုပ်သမားများ၊ ပညာတတ်များ၊ နောက်ဘယ်သူက လုပ်ဆောင်ခဲ့သနည်း- Solidarity ၏ မူလအစနှင့် လူမှုရေးပေါင်းစပ်ဖွဲ့စည်းမှု'] *Theory and Society*, 23/3 (1994), pp. 441–66

Lewis, Paul G., 'Political Institutionalisation and Party Development in Post-Communist Poland', [ဥရောပ-အာရှလေ့လာမှုများ စာစောင်ပါ- 'ကွန်မြူနစ်ခေတ်လွန် ပိုလန်နိုင်ငံတွင် နိုင်ငံရေးအစဉ်အလာ ရိုက်သွင်းပုံဖော်ခြင်းနှင့် ပါတီဖွဲ့ဖြိုးမှု'] *Europe-Asia Studies*, 46/3 (1994), pp. 779–99

Michnik, Adam, *The Church and the Left* [လက်ဝဲနိုင်ငံရေးအုပ်စုနှင့် ကျောင်းတော်] (Chicago, Ill.: University of Chicago Press, 1993)

Ost, David, *Solidarity and the Politics of Anti-Politics: Opposition and Reform in Poland since 1968* [Solidarity နှင့် ပင်မရေစီးပြင်ပနိုင်ငံရေးလှုပ်ရှားမှု၏ နိုင်ငံရေး-၁၉၆၈ ခုနှစ်နောက်ပိုင်း ပိုလန်နိုင်ငံ၏ အတိုက်အခံနှင့် ပြုပြင်ပြောင်းလဲရေး] (Philadelphia, Pa.: University of Pennsylvania Press, 1990)

Sachs, Jeffrey, *Poland's Jump to the Market Economy* [ဈေးကွက်စီးပွားရေးစနစ်သို့ ပိုလန်ရုတ်တရက်ဝင်ရောက်လာခြင်း] (Cambridge, Mass.: Massachusetts Institute of Technology Press, 1994)

Szczerbiak, Aleks, 'Dealing with the Communist Past or the Politics of the Present? Lustration in Post-Communist Poland', [ကွန်မြူနစ်ခေတ်ဟောင်း သို့မဟုတ်

မျက်မှောက်ခေတ်နိုင်ငံရေးကို ကိုင်တွယ်ဖြေရှင်းခြင်းလော- ကွန်မြူနစ်ခေတ်လွန်ပိုလန်နိုင်ငံတွင် အတိတ်မှပြစ်မှုများကိုဒဏ်ခတ်ပြီး အစိုးရကိုအယုံအကြည်ရှိအောင် လုပ်ဆောင်ခြင်း] *Europe-Asia Studies*, 54/4 (2002), pp. 553–72

Taras, Raymond, *Consolidating Democracy in Poland* [ပိုလန်နိုင်ငံတွင် ဒီမိုကရေစီကြံ့ခိုင်လာ အောင်လုပ်ဆောင်ခြင်း] (Boulder, Colo.: Westview, 1995) [on events from 1970s onward]

Wałęsa, Lech, *The Struggle and Triumph: An Autobiography* [တိုက်ပွဲနှင့် အောင်ပွဲ- ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ] (New York: Arcade, 1994)

အခန်း (၅)

# စပိန်နိုင်ငံ

# အပေးအယူညှိနှိုင်းခြင်းဖြင့် အသွင်ကူးပြောင်းခြင်း

Charles Powell ရေးသည်။

စပိန်တို့၏ အနိမ့်အမြင့်မျိုးစုံနှင့် နိုင်ငံရေးသမိုင်းမှ 'စပိန် ခြွင်းချက်သီအိုရီ' ဟူ၍ထွက်ပေါ်လာခဲ့သည်။ တည်ငြိမ်သော ဒီမိုကရက်တစ်အင်စတီကျူးရှင်းများမဖွံ့ဖြိုးနိုင်မှုဟု တင်စားစွပ်စွဲနိုင်သည့် အခြေအနေနှင့်ဆက်စပ်မှုရှိနေသော အယူအဆတစ်ရပ်ဖြစ်သည်။ သို့သော်လည်း ဤအချက်မှာ စပိန်၏နိုင်ငံရေးဖွံ့ဖြိုးမှုသည် အခြားဥရောပနိုင်ငံများနှင့် များစွာမတူညီဆိုသော အချက်ကိုတော့ဖြင့် ဝေဝါးသွားစေခဲ့သည်။ ဆယ့်ကိုးရာစုနှင့် နှစ်ဆယ်ရာစုအစောပိုင်းတို့တွင် အတော်အသင့်ယိုယွင်း ပျက်စီးမှုများကိုမြင်တွေ့ခဲ့ရသည်မှာတော့ သေချာသည်။ ၎င်းတို့ထဲတွင် ပြင်းထန်သောဘုရင့်နိုင်ငံအုံကြွမှုများ၊ မကြာခဏစစ် တပ်တွင်းပုန်ကန်ထကြွမှုများနှင့် ပြင်းထန်သောလူမှုရေး နိုင်ငံရေးဆိုင်ရာခြားနားမှုပဋိပက္ခများပါဝင်သည်။ ပါလီမန်ဘုရင်စနစ်မှာ ၁၈၇၄ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်ပေါင်းများစွာကြာအောင် တည်ငြိမ်အေးချမ်းမှုနှင့် ကြွယ်ဝမှုကို ယူဆောင်ပေးနိုင်ခဲ့သော်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးအားထုတ်မှုများမှာတော့ ၁၉၂၃ ခုနှစ်တွင် သွေးထွက်သံယိုမှုမပါသော စစ်တပ်အာဏာသိမ်းမှုကြောင့် ပျောက်ပျယ်သွားခဲ့သည်။ နောက်တက်လာသော 'ပရိုင်မို ဒီရီဗားရား' အာဏာရှင်စနစ်မှာ နက်နက်နဲနဲအမြစ်တွယ်နေသော အဓိကပြဿနာများကိုမဖြေရှင်းနိုင်ဘဲ ခံနိုင်ရည်ကျဆင်းကာ ပြိုလဲသွားခဲ့သည်။ ထို့နောက် ဒုတိယ ရီပက်ဗလစ်နိုင်ငံ (၁၉၃၁-၃၆) ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် စပိန်နိုင်ငံ၏ထမဦးဆုံးအကြိမ်အနေနှင့် ဒီမိုကရေစီအားထုတ်မှုမှာ ဝန်ကြီးအဖွဲ့၏မခိုင်မာမှု၊ ပါတီစနစ်အစိတ်စိတ် အမ္ဘာမ္ဘာပြိုကွဲခြင်းနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာကွဲလွဲမှုပြဿနာများကြောင့် ပျက်စီးသွားခဲ့သည်။ ရည်ရွယ်ချက်မြင့်မြင့်မားမားထားရှိသော လူမှု-စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာလည်း အမှန်တကယ် ဖြစ်ထွန်းမလာခဲ့ပေ။ သို့သော်ငြားလည်း ဒုတိယရီပတ်ဗလစ်နိုင်ငံတော်မှာ သူ့အလိုလိုပျက်စီးခြင်း ရောက်သွားခဲ့သည်တော့မဟုတ်။ ဗိုလ်ချုပ် 'ဖရန်စစ်ဖရန်ကို' မှဦးဆောင်ခဲ့သော တစ်ဝတ်တစ်ပျက်သာအောင်မြင်ခဲ့သည့် စစ်တပ်အာဏာသိမ်းမှုက အကြမ်းဖက်အာဏာဖြုတ်ချခြင်းမှာ ၁၉၃၆ မှ ၁၉၃၉ အထိသုံးနှစ်ကြာ သွေးချောင်းစီး ပြည်တွင်းစစ်ပွဲကိုဖြစ်ပွားစေခဲ့ပြီး အသက်ပေါင်းလေးသိန်းခန့်ဆုံးရှုံးခဲ့ရသည်။

## 'ဖရန်ကိုအစိုးရ'

၁၉၃၉ ခုနှစ် ဇူလိုင်လတွင်ပေါ်ပေါက်ခဲ့သော ရီပတ်ဗလစ်ကန်စစ်တပ်များ၏ရှုံးနိမ့်မှုနောက်ပိုင်းတွင် 'ဖရန်ကို'က အာဏာရှင်နိုင်ငံရေးအစိုးရတစ်ရပ်ကို ထူထောင်ခဲ့သည်။ စပိန်အမျိုးသား

ရေးဝါဒ၊ အလွန်အလွန်ရှေးရိုးဆွဲမှုနှင့် ဘာသာရေးလွှမ်းမိုးမှု ယုံကြည်ချက်ခိုင်မာမှုမရှိသော ပူးပေါင်းဆောင်ရွက်ရေးဝါဒီများနှင့် အစိုးရတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်ခေါင်းဆောင်အဖြစ်၊ စစ်တပ်များ၏ ဗိုလ်ချုပ်မှူးကြီးအဖြစ်၊ ၁၉၃၇ ခုနှစ်တွင် အမိန့်ချတည်ထောင်ထားသော အတုအယောင်တစ်ပါတီ၏ခေါင်းဆောင်အဖြစ် 'ဖရန်ကို'က အထွတ်ထိပ်အာဏာကို ကျင့်သုံးခဲ့သည်။ ယင်းအဖွဲ့အစည်းမှာနောက်ပိုင်းတွင် 'လှုပ်ရှားမှု' အဖြစ်လူသိများလာပြီး အစောပိုင်းတွင်ရှိခဲ့သောလွှမ်းမိုးမှုမှာ တဖြည်းဖြည်းကျဆင်းသွားခဲ့သည်။ 'ဖရန်ကို'၏ နိုင်ငံရေးစနစ်မှာ ပါတီမရှိသော ပြည်ထောင်စုတစ်ရပ်အနေဖြင့်ဖော်ပြခံရသည့် အခြေအနေတစ်ရပ်ကို ကျရောက်သွားခြင်းဖြစ်သည်။ ပြည်တွင်းစစ်ကို မှော်စ်ဝါဒီများနှင့် ဘာသာမဲ့များကိုတိုက်ခိုက်သော 'ဘာသာရေးစစ်ပွဲ' အဖြစ်ရှုမြင်ခဲ့သော ကက်သရစ်ဘုရားကျောင်းခေါင်းဆောင်များမှာ အစောပိုင်းတွင် 'ဖရန်ကို'၏ အားအထားရဆုံးသော မဟာမိတ်များဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ၎င်းတို့၏ထောက်ပံ့မှုအတွက် အလွန်ရက်ရောစွာ 'ကွန်ကောဒက်' သဘောတူစာချုပ်ဖြင့် ပြန်လည်ကျေးဇူးဆပ်ခြင်းခံခဲ့ရသည်။ သို့သော်ဒုတိယ 'ဗတီကန်' ကောင်စီပေါ်ထွက်လာသောအခါ ဘာသာရေးအကြီးအကဲများမှာ အစိုးရနှင့် တဖြည်းဖြည်း ဖယ်ခွာလာခဲ့သည်။ နိုင်ငံတကာတွင် 'ဖရန်ကို' ၏မဟာ့မဟာမိတ်မှာ အမေရိကန်ဖြစ်သည်။ ၎င်းတို့က ၁၉၅၃ ခုနှစ်တွင် စပိန်အခြေစိုက်စခန်းများ ဖွင့်လှစ်ခွင့်ပေးသည့်အတွက် စစ်တပ်အမြောက်အများနှင့် စီးပွားရေးအထောက်အကူများစွာကို ပေးအပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် 'ဝင်ရိုးစွန်းပါဝါ'နှင့်ပူးပေါင်းမှုနှင့် ကျင့်သုံးနေသောအာဏာရှင်စနစ်နှစ်ခုလုံးကြောင့် 'ဖရန်ကိုအစိုးရ' မှာ ဥရောပနိုင်ငံများပူးပေါင်းခြင်းဖြစ်စဉ်တွင် ချန်လှပ်ထားခြင်းခံလိုက်ရသည်။ သို့သော် ၁၉၇၀ တွင်မတော့ ကုန်သွယ်ရေးသဘောတူညီမှုတစ်ရပ် ဦးစားပေးချီးမြှင့်ခံရသည်။

'ဖရန်ကို အစိုးရ'မှာ အင်စတီကျူးရှင်းများ (မဏ္ဍိုင်များ) အကန့်အသတ်ဖြင့် တည်ထောင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအသေး စိတ်ပုံဖော်ခြင်းပြုလုပ်ရာတွင် ရှားပါးသောစံနမူနာဖြစ်သည်။ ၎င်း၏မဏ္ဍိုင်များမှာ ကိုယ်ပိုင်အသက်သွေးကြော မလိုအပ်သော်လည်း အခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များမှာတော့ အလွန်တင်းကျပ်သည်။ အသွင်ပြောင်းလဲရေးကာလတွင် ထိုထဲမှအချို့ပြဋ္ဌာန်းချက်များမှာ အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ အရေးအကြီးဆုံးအချက်မှာ ၁၉၄၇ ခုနှစ်တွင် 'အာဏာဆက်ခံမှုဥပဒေ' အရစပိန်ကို ဘုရင်နိုင်ငံအနေနှင့် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် 'ဖရန်ကို'မှာ ၎င်း၏ အာဏာဆက်ခံသူကို ရွေးချယ်နိုင်ခွင့်ပါဝါရရှိ

အုပ်စိုးသူတစ်ယောက်ဖြစ်လာခဲ့သည်။ (ထိုပြဋ္ဌာန်းမှုကြောင့် ၁၉၆၉ ခုနှစ်တွင် သူ၏အမွေ ဆက်ခံသူအဖြစ် 'ဂျူရန် ကားလိုစ်' ကိုရွေးချယ်ခွင့်ရရှိခဲ့သည်။) ထို့အတူပင် ၁၉၅၈ အခြေခံ နည်းဥပဒေများမှာ 'ရာသက်ပန် မပြောင်းလဲရ' ဟုကြေငြာခဲ့သော်လည်း 'အာဏာ ဆက်ခံမှု ဥပဒေ' ကဏ္ဍသို့ပြဋ္ဌာန်းထားခဲ့သည်။ 'ကော်တီစ်' (ပါလီမန်) ၏ သုံးပုံနှစ်ပုံသဘော တူညီချက်ရှိ ပါက အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးကို ပြုလုပ်နိုင်သည်၊ ထို့နောက်မဲခွဲဆုံးဖြတ်နိုင်သည် ဆိုသောအချက်မှာ အသွင်ကူးပြောင်းရေးကာလတွင် အသုံးဝင်လာခဲ့သည်။

ရှေးရိုးစွဲဝါဒကြီးစိုးသော်လည်း အစိုးရမှာ လူမှုရေးနှင့်စီးပွားရေးအပြောင်းအလဲများကို ကောင်းမွန်စွာလုပ်ဆောင်နိုင်သည့် သက်သေများရှိခဲ့သည်။ အများစုမှာ '၁၉၅၉ ဒြိမ်ဝပ် ပိပြား ရေးအစီအစဉ်' ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် ဖြစ်ပျက်ခဲ့ပြီးအစိုးရ၏အစောပိုင်း စီးပွားရေး ဆိုင်ရာ ပြည်ပဆက်သွယ်မှုကင်းသော ပေါ်လစီမအောင်မြင်မှုကြောင့် ၎င်းအစီအစဉ်ပေါ်ထွက် လာခဲ့ခြင်းဖြစ်သည်။ ထို့နောက်ဆယ့်ငါးနှစ်ခန့်အကြာတွင်စပိန်နိုင်ငံမှာမမျှော်လင့်လောက်သော စီးပွားရေးဖွံ့ဖြိုးမှုကြီးကိုတွေ့ကြုံခဲ့ရသည်။ (၁၉၆၀ မှ ၁၉၇၃ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၇.၃ ရာခိုင်နှုန်းဖြင့်) တစ်ဦးချင်းပျမ်းမျှ ပြည်တွင်းထုတ်ကုန်မှာ အမေရိကန်ဒေါ်လာ သုံးရာမှ သုံး ထောင့်နှစ်ရာခြောက်ဆယ်အထိ တိုးတက်သွားခဲ့သည်။ ၁၉၅၀ နှင့် ၁၉၇၅ အတွင်းတွင် စိုက်ပျိုးရေးတွင်အသုံးပြုနေသော လုပ်အားခွဲဝေမှုမှာ ၄၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိလျော့ ကျသွားခဲ့သည်။ စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍရှိ အလုပ်အကိုင်တိုးတက်မှုမှာ ၃၈ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ အသီးသီးတက်သွားခဲ့သည်။ ထိုပြောင်းလဲမှုများမှာ အလယ် အလတ်တန်းစားဖွံ့ဖြိုးကျယ်ပြန့်လာမှုကို ထူးထူးခြားခြားဖြစ်ပေါ်စေခဲ့သည်။ အလယ်အလတ် တန်းစားလူဦးရေမှာ ၁၄ ရာခိုင်နှုန်းမှ ၄၃ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့သည်။ 'စပန်းနိရာ့ဒ်' များမှာလည်း ပိုပြီးပညာတတ်လာကြပြီး အရွယ်ရောက်ပညာမတတ် နှုန်းထားမှာ ၁၉၃၀တွင် ၄၄ ရာခိုင်နှုန်းရှိခဲ့ရာက ၁၉၇၅ တွင် ၅ ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့သည်။

၁၉၇၀ တွင် စပိန်နိုင်ငံမှာခေတ်မီသော၊ မြို့ပြနိုင်ငံဖြစ်နေနှင့်ပြီး အတော်အသင့်ကြွယ်ဝ သောလူအဖွဲ့အစည်းတစ်ရပ်၊ ၁၉၃၀နှစ်များနှင့်မတူသော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ထွန်း ကားနေပြီဖြစ်သောနိုင်ငံ တစ်ခုအဖြစ် ရပ်တည်နေခဲ့လေပြီ။ ဤပြောင်းလဲမှုမှာ ဒီမိုကရေစီကိုစဉ် ဆက်မပြတ်တောင်းဆိုမှုများဖြစ်ပေါ်စေခဲ့သည်။ ၁၉၆၆ နှင့် ၁၉၇၆ခုနှစ်များတွင် ဒီမိုကရက် တစ်အင်စတီကျူးရှင်းများကိုထောက်ခံမှုမှာ ၃၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိတိုးမြင့်လာခဲ့ သည်။ ဒီမိုကရေစီကိုအလေးပေးသောစိတ်နေသဘောထားများမှာ အလုပ်သမား လူတန်းစား တို့ကြားထဲတွင် အထူးပင်အားကောင်းခဲ့သည်။ ထိုအခြေအနေမှ တော်လှန်ရေးဆိုင်ရာအတွေး ခေါ်များဘက်သို့စောင်းပေးသွားခဲ့သည်။ ခေတ်မှီနိုင်ငံတည်ဆောက်ခြင်းမှာ ဒီမိုကရေစီကြိုဆိုမှု ကို မဖြစ်မနေရလဒ် ဖြစ်ပေါ်စေခဲ့သည်တော့မဟုတ်ချေ။ ထိုမျှမက အမှန်တွင်စီးပွားရေးဖွံ့ဖြိုး လာမှုမှာ အစိုးရကို တိုးပွားလာသော ကြွယ်ဝချမ်းသာလာသူ လူတန်းစားများက ပိုမိုလက်ခံ

သဘောကျသောအခြေအနေတစ်ရပ်သို့ ဆိုက်ရောက်လာခဲ့သည်။

ပြောင်းလဲမှုများမှာ နိုင်ငံတော်၏အခန်းကဏ္ဍနှင့်သဘောသဘာဝ၊ ၎င်းနှင့်အစိုးရကြား ဆက်နွယ်မှုတို့အပေါ်တွင် ထူးထူးခြားခြား သက်ရောက်မှုရှိခဲ့သည်။ စီးပွားရေးခေတ်မီဖွံ့ဖြိုးမှုမှာ တိုးတက်သွားခဲ့သောကြောင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အစည်းမှာ ပိုမိုပရော်ဖက်ရှင်နယ်ဆန်ပြီး အရည်အချင်းအလိုက် ခန့်အပ်တာဝန်ပေးသော အုပ်ချုပ်ရေးဖြစ်လာခဲ့ပြီး နိုင်ငံရေးကို စိတ်ဝင်စားပါဝင်မှုမရှိသလောက်ဖြစ်လာသည်။ ထို့ကြောင့်ပင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဆန့်ကျင်မှုမရှိခဲ့ခြင်းလည်းဖြစ်သည်။ ထို့အတူ နိုင်ငံတော်ဗျူရိုကရေစီတွင် စစ်ဘက်အရာရှိများမှ အရေးပါသောနေရာများတွင် အစောပိုင်းကနေရာယူထားသော်လည်း ၁၉၇၀ အစောပိုင်းလောက်တွင် စစ်ဘက်ဆိုင်ရာ ဝန်ကြီးဌာနများမှလွဲ၍ ကျန်နေရာများအားလုံးတွင် အစားထိုးဖယ်ရှားခံရသည်။ ဤလမ်းကြောင်းများ၏ရလဒ်အဖြစ် အသွင်ကူးပြောင်းမှုတွင် ဗျူရိုကရေစီယန္တရားကို သုတ်သင်ရှင်းလင်းမှုမျိုးမလိုအပ်ခဲ့သည့်အပြင် နိုင်ငံရေးကြိုးပိုင်းတွင်းမှ စစ်တပ်ကို ဖယ်ရှားပစ်ရန်လည်း မလိုအပ်ခဲ့ချေ။

ဤအကျိုးသက်ရောက်မှုများသောပြောင်းလဲမှုများတွင် ရှုပ်ထွေးသောနိုင်ငံရေးအကျိုးဆက်များတော့ရှိခဲ့သည်။ အများစုမှာအစိုးရ မှရည်ရွယ်ထားခြင်းတော့မဟုတ်ပေ။ တက္ကသိုလ်ပညာရေးမှန်မှန်ကျယ်ပြန့်လာမှုက 'ဖရန်ကို' ကိုအဓိကအားဖြင့်ဆန့်ကျင်သော ကျောင်းသားလှုပ်ရှားမှုတစ်ရပ်ပေါ်ပေါက်လာစေခဲ့သည်။ စက်မှုမဏ္ဍိုင်အားကောင်းလာမှုက ယုံကြည်မှုခိုင်မာသော အလုပ်သမားလှုပ်ရှားမှု အသစ်တစ်ရပ်ပေါ်ပေါက်လာစေခဲ့သည်။ ယင်းလှုပ်ရှားမှုကို အလုပ်သမားကော်မတီများကဦးဆောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် တရားမဝင်ကြေငြာခံခဲ့ရသည်။ သီအိုရီအရတရားမဝင်ဆိုသော်ငြားလည်း သပိတ်အရေအတွက်မှာ တဟုန်ထိုး တိုးပွားလာခဲ့သည်။ ၁၉၆၉ တွင် သပိတ်အရေအတွက် ၅၀၀ မှ ၁၉၇၅ တွင် ၃၁၅၆ ခုအထိ တိုးတက်လာခဲ့သည်။ အချို့သပိတ်များကို ရဲမှ အကြမ်းဖက်နှိမ်နင်းမှုများရှိလာခဲ့ရာ ၁၉၆၄ မှ ၁၉၇၄အတွင်း သေဆုံးသူဆယ့်တစ်ယောက်အထိရှိလာခဲ့သည်။ 'ကယ်တလိုနီးယား'နှင့် 'ဘက်စကီးကန်းထရီး' တွင် စပိန်နိုင်ငံ၏ဆင်းရဲသောအပိုင်းမှ ရွှေ့ပြောင်းနေထိုင်သူများ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာရောက်ရှိလာပြီး မကြုံဖူးသောစီးပွားရေးဖွံ့ဖြိုးကြွယ်ဝမှုမှ ဒေသန္တရဘာသာစကားများနှင့် ယဉ်ကျေးမှုများအပေါ်တွင် စိတ်ဝင်စားမှုအသစ်များဖြစ်ပေါ်လာခဲ့သည်။ ၎င်းတို့ကို ဒေသခံကက်သရစ်ဘာသာခေါင်းဆောင်များက တက်ကြွစွာကူညီထောက်ပံ့ပေးခဲ့သည်။ ဤပြန်လည်သက်ဝင်လှုပ်ရှားမှုကြောင့် အစွန်းရောက်သော 'ETA' ကို တက္ကသိုလ်ကျောင်းသားများ ဖွဲ့စည်းဖြစ်ခဲ့ခြင်း၏ အကြောင်းရင်းတစ်စိတ်တပိုင်းလည်းဖြစ်သည်။ 'ETA' မှာ 'ဘက်စကီးအမိမြေလွတ်လပ်ခွင့်' ဆိုသော အဖွဲ့အစည်းဖြစ်ပြီး ၁၉၅၀ နောင်းပိုင်းတွင် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်သည်။ (၁၉၆၀-၇၅) ခုနှစ်အတွင်း လူပေါင်း ၄၅ ဦးခန့်ကို သေကြေပျက်စီးစေခဲ့သော မြို့ပြအကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာခဲ့ပြီးအတော်ပင် ရှုပ်ထွေးခဲ့လေသည်။

အစိုးရ၏ နေဝင်ချိန်နှစ်များတွင် ထူးထူးကဲကဲအတိုက်အခံအင်းအားစုတိုးပွားလာမှုကို လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အင်အားအကြီးမားဆုံးနှင့် အစီအစဉ်အကျနဆုံး အဖွဲ့အစည်း မှာ ကွန်မြူနစ်ပါတီ (PCE) ဖြစ်သည်။ အလုပ်သမားနှင့် ကျောင်းသားလှုပ်ရှားမှုများတွင် ၎င်း၏ အင်အားမှာအကောင်းဆုံးဖြစ်သည်။ ၁၉၆၀ ခုနှစ်များတွင် ပေါ်ပေါက်ခဲ့သော အိမ်နီးချင်းသစ် အဖွဲ့အစည်းများတွင်လည်း ပါဝင်ခဲ့သည်။ PCE မှာ ၁၉၆၀ မှစတင်ကာ အမျိုးသားပြန်လည် သင့်မြတ်ရေးလမ်းစဉ်ကို ဆွေးနွေးညှိနှိုင်းနေခဲ့သည်။ ၁၉၇၀ တွင် လူတန်းစားအလွှာပေါင်းစုံ ၏ရည်မှန်းချက်ဖြစ်သော 'လွတ်လပ်မှုဆိုင်ရာ သဘောတူညီမှု' တစ်ရပ်ကိုပြဋ္ဌာန်းခဲ့သည်။ ထိုကဲ့သို့သော သဘောထားရယူမှုမှ နောက်ဆုံးတွင် 'ဂျန်တာ ဒီမိုကရက်တစ်ကာ' (Junta Democrática) အဖြစ်သို့ရောက်ရှိခဲ့သော်လည်း ဒီမိုကရက်တစ်အတိုက်အခံအင်အားစုတစ်ရပ် လုံးကို စုစည်းရန်ရည်ရွယ်ချက်မှာမူ မအောင်မြင်ခဲ့ပေ။ စပိန်ဆိုရှယ်လစ်အလုပ်သမားများပါတီ PSOE' မှာ ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလတွင် 'ဝွန်ဇေလက်ဖ'၏ ရွေးကောက်ပွဲအပြီး ခေါင်းဆောင်ပါတီအဖြစ် ယခင်ကမအောင်မြင်ခဲ့သည်များကို မြန်မြန်ဆန်ဆန်ကျော် လွှားနိုင်ခဲ့ သည်။ ၎င်းတို့က 'PCE' ၏ စပိန်လက်ဝဲများကိုလွှမ်းမိုးရန်ကြိုးစားမှုကို အထူးမုန်းတီးခဲ့ကြသည်။ ၎င်း၏ညီအမတော် ကုန်သွယ်မှုယူနီယံ 'UTG' မှာလည်း ထိုနည်းလည်းကောင်းပင်။ ကွန်မြူနစ် လွှမ်းမိုးမှုရှိသည်ဟု အလုပ်သမားများကော်မရှင်တွင် အစွပ်အစွဲခံခဲ့ရသည်။ 'ဝွန်ဇေလက်ဖ' မှာ ဒီမိုကရက်တစ် အခွင့်အရေးရယူမှုလုပ်ငန်းစဉ်တွင် 'PCE' နှင့်ယုံကြည်ချက်ခြင်းမတူပေ။ ထို လုပ်ငန်းစဉ်တွင် အစိုးရကိုပြိမ်းချမ်းစွာဖြုတ်ချရန် လူထုမှအစုအဝေးလိုက်စုရုံးလုပ်ဆောင်မှုများ ကို ဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး နယ်မြေအစိုးရကိုယ်စားလှယ်များမှ ဝင်ရောက်အစားထိုးမည်၊ ထို့နောက် ကိုယ်စားလှယ်များအခြေခံဥပဒေမူကြမ်းရေးဆွဲမှု (Constituent Assembly) ပြုလုပ် ရန် ရွေးကောက်ပွဲများကိုတောင်းဆိုမည်။ သို့သော် ဝွန်ဇာလက်က ဖြေးဖြေးမှန်မှန် ချဉ်းကပ်ခြင်း ဖြင့် လွတ်လပ်မှုအစီအစဉ်ကိုရယူနိုင်သည့်နည်းလမ်းကို ပို၍သဘောကျခဲ့သည်။ 'ဂျန်တာ ဒီမို ကရက်တစ်ကာ' ကိုပူးပေါင်းရန် 'ဝွန်ဇေလက်ဖ'ကငြင်းဆိုခဲ့ပြီး ၎င်းအစား ၁၉၇၅ အလယ်ပိုင်း 'ပလက်တာ ဖောမား ဒီကွန်ဗာဂျန်နီးကား ဒီမိုကရက်တိုက်ဇေးရှင်း' ကိုထောက်ပံ့ပေးရန်ဆုံးဖြတ် ခဲ့မှုမှာ အသွင်ကူးပြောင်းရေးကာလတွင် 'PSOE' ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာရရှိရေးတွင် အဓိကအရေးပါသောနေရာသို့ ရောက်ရှိသွားခဲ့သည်။

ဖရန်ကိုအစိုးရ၏ ရုတ်ချင်းဖြစ်ပေါ်လာသောအကျပ်အတည်းများတွင် အကြောင်းအရင်း ပေါင်းများစွာရှိသည်။ ၁၉၆၀ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုများမှာ ၁၉၇၃ ခုနှစ်တွင်ဖြစ်ပေါ်သော လောင်စာဆီအကျပ်အတည်းပဋ္ဌိပက္ခကြောင့် အဆုံးသတ်သွားခဲ့သည်။ 'စီးပွားရေးပိုယွင်းကျဆင်းမှု' နှင့် လူထုအုံကြွမှုများ ပေါ်ပေါက်လာခဲ့သည်။ 'ဖရန်ကို' ၏ကိုယ်ပွား လူယုံတော် ' လူရီးရပ်စ် ကာရဲရီယို ဘလန်ကို' မှာ ၁၉၇၃ ဒီဇင်ဘာတွင် လုပ်ကြံခံရသည်။ သူလုပ်ကြံခံရချိန်မှာ ဝန်ကြီးချုပ်အဖြစ်ရာထူး ခန့်အပ်ခံရပြီး ခြောက်လအကြာဖြစ်သည်။ အစိုးရ ဆက်လက်အုပ်စိုးနိုင်မည့်အလားအလာအပေါ် သံသယများပေါ်ထွက်လာတော့သည်။ ၁၉၇၄

ဇန်နဝါရီလတွင် 'ကာရဲရီယို ဘလန်ကို'ကို 'ကာလိုးစ် အာရီရာစ် နာဗားရိုး' မှ ဆက်ဆံခဲ့သည်။ ၎င်းက ထိန်းချုပ်မှုများကို ဖြေလျှော့မည့် အသွင်ကူးပြောင်းရေးလမ်းကြောင်းများကိုတင်ပြခဲ့သူ ဖြစ်သည်။ သို့သော်ထိုလမ်းကြောင်းမှာ အစိုးရအာဏာတည်မြဲရေးအတွက် 'ဂျူရန် ကားလိုးစ်' ၏လက်အောက်တွင် အာဏာရှင်ဘုရင်စနစ်က ထောက်ပံ့ပေးထားသင့်သည်ဟု ယုံကြည်သော 'အမာခံသဘောထားတင်းမာသူများ' နှင့် အနာဂတ်ဘုရင်အုပ်ချုပ်ရေးမှာ စပိန်နိုင်ငံရေးစနစ်ကို ၎င်း၏ ဥရောပအိမ်နီးချင်းနိုင်ငံများတပြေး ညီတည်းထားရန် လိုအပ်လိမ့်မည်ဟုယူဆသော 'သဘောထားပျော့ပြောင်းသူများ'ကြား အက်ကွဲကြောင်းကိုပိုမိုနက်နဲသွားစေခဲ့သည်။ ၁၉၇၄ ခုနှစ် ဇီပြီတွင်ဖြစ်ပွားသော ပေါ်တူဂီနိုင်ငံ၏ အာဏာရှင်စနစ်ပြိုလဲသွားခြင်းမှာ 'ဖရန်ကို' မှ အကြီးအကျယ်ရှောင်ရှားခဲ့သော ကိုလိုနီစစ်ပွဲများ၏ ရလဒ်ဖြစ်သော်လည်း ၎င်းကို ထူးခြားသောအပြောင်းအလဲများကိုချက်ခြင်း အကောင်အထည်မဖော်ပါက စပိန်တွင်ဖြစ်ပေါ်လာမည့် အရိပ်အမြွက်များအဖြစ် 'စပန်းနီးရာဒ်'အများစုကမှတ်ယူကြသည်။ အဆုံးတွင် ၁၉၇၅ ခုနှစ် စက်တင်ဘာလတွင် အစိုးရဆန့်ကျင်သောစစ်တပ်အဖွဲ့ဝင်ငါးဦးကို သုတ်သင်မှုဖြစ်ပေါ်လာခဲ့သည်။ (၎င်းမှာ 'ဘလန်ကို'ကို လုပ်ကြံမှုအပြီးတွင် မိတ်ဆက်ပြဋ္ဌာန်းလိုက်သော အကြမ်းဖက်မှုဆန့်ကျင်ရေး တရားဥပဒေကြောင့်ဖြစ်သည်။) ထိုသုတ်သင်မှုကြောင့် နိုင်ငံတကာမှအလွန်အလွန်အံ့အားသင့်ဒေါသထွက်ခဲ့ရသည်။ သို့သော်အဆုံးတွင်တော့ ၁၉၇၅ နိုဝင်ဘာတွင် 'ဖရန်ကို' သေဆုံးသွားခဲ့ခြင်းမှ အသွင်ကူးပြောင်းရေးဖြစ်စဉ် စတင်ပေါ်ထွက်လာခဲ့သည်။

## ဒီမိုကရေစီသို့အသွင်ကူးပြောင်းခြင်း

စပိန်နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ 'စေ့စပ်ညှိနှိုင်းခြင်းဖြင့်အသွင်ကူးပြောင်းခြင်း'၏သာဓကပုံဆောင်အခြေအနေတစ်ရပ်ဖြစ်သည်။ယခုအသွင်အပြင်များကြောင့် ဤသို့ ပြောဆိုရခြင်းဖြစ်သည်။ အစိုးရဟောင်း၏မဏ္ဍိုင်ဟောင်းများကိုပင် ဆက်လက်အသုံးပြုခြင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအစပြုရာတွင် တည်ဆဲအခြေခံဥပဒေလမ်းစဉ်များကိုပင်အသုံးပြုခြင်း၊ ထွက်ခွာသွားတော့မည့် အာဏာရှင်အစိုးရ၏ 'သဘောထားပျော့ပြောင်းသူ'များနှင့် အဓိကအတိုက်အခံကိုယ်စားလှယ်များကြားတွင် ဆွေးနွေးညှိနှိုင်းမှုများဖြစ်ပေါ်ခြင်း၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် အဓိကကျသော နိုင်ငံရေးအင်အားစုများအားလုံး၏ ကိုယ်စားလှယ်များ ပါဝင်နေခြင်းတို့အပြင် အလွန်အရေးကြီးလာသောအခြေအနေတစ်ရပ်တွင် လူပုဂ္ဂိုလ်အနည်းငယ်နှင့် မျက်နှာချင်းဆိုင် သီးသန့်ဆွေးနွေးညှိနှိုင်းခြင်းတို့ကိုပါလုပ်ဆောင်ခဲ့သည်။ အချို့က စေ့စပ်ညှိနှိုင်းခြင်းနှင့်အသွင်ကူး ပြောင်းခြင်းများတွင် လူထုလှုပ်ရှားဆောင်ရွက်မှုများ အဆင့်နည်းပါးသည်ကိုကြည့်ရမည်ဟု ဆိုလေ့ရှိသည်။ စပိန်နိုင်ငံ၏ အတွေ့အကြုံမှာတော့ နိုင်ငံရေးလှုပ်ရှားသူများမှ အခြေအနေကို ထိန်းညှိလိုသောဆန္ဒရှိလျှင်သို့မဟုတ်စွမ်းဆောင်နိုင်လျှင်'အထက်မှ' အသိအမှတ်ပြုခွင့်ပြုမှုနှင့်ချိန်ထိုးပြီး အောက်ခြေမှလာသော ဖိအားကိုလည်း လိုအပ်သလိုအသုံးပြုနိုင်သည်ဟု ထင်မြင်စရာရှိလေသည်။ အချို့မှလည်း စေ့စပ်

ညှိနှိုင်းခြင်းဖြင့်အသွင်ကူးပြောင်းယူမှုကို နိုင်ငံရေးအကြမ်းဖက်မှုကင်းမှသာ အောင်မြင်နိုင်သည်ဟုယူဆကြသည်။ သို့သော် စပိန်နိုင်ငံမှာ (၁၉၅၇-၈၀) အတွင်း နိုင်ငံရေးအကြမ်းဖက်မှုတွင် လူပေါင်း ၄၆၀ သေကြေခဲ့သည်။ အမှန်မှာ ဤအကြမ်းဖက်မှုများကြောင့် အသွင်ကူးပြောင်းမှုဖြစ်စဉ် လမ်းကြောင်းချော်သွားမည်ကို စိုးရိမ်သည့်စိတ်ဖြင့် အစောပိုင်းတွင် နိုင်ငံရေးအီလိုက်များ အချင်းချင်း ဆွေးနွေးညှိနှိုင်းမှုပြု ခဲ့ကြခြင်းပင်ဖြစ်သည်။

စပိန်နိုင်ငံ၏ လျင်မြန်သော ဒီမိုကရေစီအသွင်ကူးပြောင်းမှု မှာ အထက်မှစတင်ချီတက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အောက်ခြေမှတရိပ်ရိပ်တက်လာသောဖိအားများကို တုန့်ပြန်ရင်းက အရှိန်အဟုန်မြင့်သွားခဲ့သည်။ ပြည်တွင်းလှုပ်ရှားသူများမှ မဖြစ်မနေဖိအားပေးခြင်းများရှိခဲ့ပြီး ဥရောပအသိုင်းအဝိုင်းမှ အဖွဲ့ဝင်နိုင်ငံများမှအချို့ (အထူးသဖြင့် ဂျာမနီ)တို့မှ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို (၎င်းတို့၏ပါတီများ ကုန်သွယ်ရေးယူနီယံများနှင့် နိုင်ငံရေးအုတ်မြစ်များမှ တစ်ဆင့်) တက်တက်ကြွကြွ အားပေးထောက်ခံခဲ့ကြသည်။ ၎င်းတို့၏မူလအခြေအနေများမှာ ဘုရင် 'ဂျူရန် ကားလိုးစ်' ကြံုတွေ့နေခဲ့ရသော နိုင်ငံရေးပဋ္ဌိပက္ခများနှင့်ဆင်တူခဲ့သည်။ 'ကားလိုးစ်'မှာ ဘုရင်စနစ်အတွက် ဒီမိုကရေစီတရားဝင်မှုအသစ်တစ်မျိုးကို လိုအပ်ခဲ့သည်။ သို့မှသာ နိုင်ငံတော်၏ ဦးဆောင်သူအနေဖြင့် သူ၏အသက်ဆက်လက်ရှင်သန်နိုင်ခွင့်၊ သူ၏ မင်းဆက်ဆက်လက်တည်ရှိနိုင်ခွင့် တို့ကို အာမခံပေးနိုင်မည်ဖြစ်သည်။ (ဂရိတွင် ၁၉၆၇ ၌ ထီးနန်းစွန့်ခဲ့ရသော ယောက်ဖတော်ကွန်စတန်တင်း၏ဖြစ်ရပ်ကလည်း သူ့အတွက် အချိန်မနှောင်းသေးသော သတိပေးခေါင်းလောင်းဖြစ်ခဲ့ဟန်ရှိသည်။) ၁၉၇၅ တွင် ၎င်းအမွေဆက်ခံရရှိသော ဘုရင်စနစ်မှာ ၁၉၃၁ ခုနှစ်ကတည်းက သူ့အဖိုးတော်သူ အယ်လ်ဖွန်ဆို- ၈ တည်ထောင်ခဲ့သော အင်စတီကျူးရှင်းမဟုတ်တော့ပေ။ သူ၏ဘုရင်စနစ်မှာ အဆောင်အယောင်သက်သက်ဖြစ်ပြီး လက်ရှိအစိုးရကို ကျားကန်ရန်ရည်ရွယ်ထားသည့် အာဏာရှင်စနစ်နှင့်တွဲဆက်နေသော ဘုရင်စနစ်သာဖြစ်သည်။ ဂျူအန်ကားလို့စ်သည့် ဖရန်ကို၏ အာဏာများကိုလည်း ဆက်ခံရခြင်းမရှိပေ။ ၁၉၆၇ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော Organic Law of the State က ဘုရင်၏လုပ်ပိုင်ခွင့်များကို တင်းတင်းကျပ်ကျပ်ကန့်သတ်ထားခဲ့သည်။ ဘုရင်သည် ဝန်ကြီးချုပ်နှင့် နိုင်ငံရေးအပေါ်တွင် သြဇာလွှမ်းသော ကော်တီစ် သမ္မတနှစ်ဦးပေါင်းအာဏာ၏ ကန့်သတ်မှုကို အဓိကခံရသည်။ ထို့ကြောင့် အပြင်ဘန်းကြည့်ပါက ဘုရင်သည်လည်း သူ၏လုပ်ပိုင်ခွင့်များကို ရွေးကောက်ခံ မဟုတ်သည့် အာဏာပိုင်များက ကန့်သတ်ထားရန်စီမံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အကျိုးစီးပွားများရှိနေသည်ဟု ထင်ရသည်။

အသွင်ကူးပြောင်းရေး၏ ပထမအဆင့်အဖြစ် သဘောထားတင်းမာသူများနှင့် တစ်တန်းတည်းအထားခံလာရသော ဝန်ကြီးချုပ်နာဗားရိုးက အကန့်အသတ်နှင့်ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲရေးများအတွက် လမ်းညွှန်ကိုထုတ်ပြန်သည်။ ယင်းအစီအစဉ်များတွင် တစ်စိတ်တပိုင်း ဒီမိုကရေစီဖြစ်လာသော ကာတိုစ်များကို ရွေးကောက်တင်မြှောက်ပေးခြင်း၊ ပါတီများ

(PSOE ကဲ့သို့သောပါတီ)ကို တရားဝင်ပြုလုပ်ပေးခြင်းနှင့် အချို့ပါတီများ (PCE ကိုအထူး ရည်ညွှန်းသည်) ကို တရားမဝင်အဖြစ် ဆက်လက်ထားရှိခြင်းများပါဝင်သည်။ ယင်းအစီအမံကို တိုးပွားလာသော အတိုက်အခံများ၊ လူထုစည်းရုံးလှုပ်ရှားမှုများ (တစ်ခါတရံ ၎င်းတို့ထဲတွင် အသက်ဆုံးရှုံးမှုရှိတတ်သည်)၊ မီဒီယာလမ်းကြောင်းအသစ်များနှင့် ဥရောပပါလီမန်တို့ကအပြင်း အထန်ငြင်းဆိုကြလေသည်။ ထိုကာလများတွင် 'ဂွန်ဇလက်ဖ်' တစ်ယောက် လူထုကြားထဲတွင် ပုံမှန်ဆိုသလို ထွက်ပေါ်လာတတ်ပြီး ၁၉၇၆ ပြည်တွင်းစစ်အပြီးတွင် UGT (အလုပ်သားသမဂ္ဂ) မှ လူထုအစည်းအဝေးပွဲကြီးကို ပထမဆုံးကျင်းပနိုင်ခဲ့သော ကာလဖြစ်သည်။

'အာရီရာစ် နာဗားရိုး'အား အသက် (၄၄) နှစ်ရှိပြီဖြစ်သော အစိုးရဟောင်း၏ လက်ဟောင်းအမာခံတစ်ယောက်ဖြစ်သူ၊ ရည်မှန်းချက်ကြီးပြီး လုပ်ရဲကိုင်ရဲရှိမှုကြောင့်နာမည်ကျော်သူ 'အဒေါ်ဖို ဆွာရက်ဖ်' ဖြင့် ၁၉၇၆ ဇူလိုင် တွင်အစားထိုးရန် ဘုရင်ကဆုံးဖြတ်ချက်ချခဲ့သည်။ ၎င်းမှာအရေးပါသော အလှည့်အပြောင်းတစ်ခုဖြစ်ခဲ့သည်။ 'ဆွာရက်ဖ်'က အလျှင်အမြန်ပင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဥပဒေတစ်ရပ်ကိုပြုလုပ်ခဲ့ပြီး အစိုးရအဖွဲ့ဝင်နှစ်ဖွဲ့ ပါဝင်သော 'ကော်တီစ်'ကို မဲခွဲဆုံးဖြတ်ရန် လူတိုင်းမဲပေးခွင့်ရှိသော ရွေးကောက်ပွဲတစ်ခုပြုလုပ်ခဲ့သည်။ အများမဲဖြင့်ရွေးသော ဥပဒေပြုလွှတ်တော်နှင့် အချိုးကျအမတ်ရွေးကောက်မှုစနစ် စည်းမျဉ်းစည်းကမ်းများအရတင်မြှောက်သော အထက်လွှတ်တော် (Congress of Deputies) ကို ရွေးကောက်လိုက်သည်။ ဖရန်ကိုယုံကြည်သူများ၏ အခြေခံစည်းမျဉ်းဥပဒေများက စိတ်ကူးပုံဖော်ထားသော လမ်းစဉ်အတိုင်းလျော်ညီစေရန် အဆိုပြုလွှာကို တည်ဆဲ'ကော်တီစ်'က ထောက်ခံမဲ (၄၂၅) မဲနှင့် ဆန့်ကျင်မဲ (၅၉) နှင့်အတူ နိုဝင်ဘာတွင် ပထမအတည်ပြု လက်ခံလိုက်သည်။ ဒီဇင်ဘာတွင် ပြည်သူ့ဆန္ဒကောက်ခံပွဲပြုလုပ်ရာ မဲပေးခွင့်ရှိသူ၏ ၇၇ ရာခိုင်နှုန်း မဲပေးခဲ့ပြီး (၉၄ ရာခိုင်နှုန်းထောက်ခံမဲဖြင့်) အတည်ပြုလိုက်သည်။ အတိုက်အခံများကတော့ လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ဖယ်ချန်ထားခြင်းခံရသည်ဟုဆိုကာ ရွေးကောက်ပွဲကို သပိတ်မှောက်ရန်ဆုံးဖြတ်ထားခဲ့သည်။ 'ဆွာရက်ဖ်'နှင့် 'ဂွန်ဇလက်ဖ်'တို့အကြား လျှို့ဝှက်စကားပိုင်းများကတော့ ပြည်သူ့ဆန္ဒကောက်ခံပွဲအပြီးတွင် PSOE ကို ၎င်းတို့ပါတီညီလာခံချက်ချင်းကျင်းပမှုကို ဖြစ်ပွားစေခဲ့သည်။ ၎င်းမှာ ၁၉၇၇ တွင် ပါတီကိုတရားဝင်ပြုလုပ်ရေးအတွက် လမ်းကြောင်းထွင်ထားခဲ့ခြင်းဖြစ်သွားစေခဲ့သည်။

ပြည်သူ့ဆန္ဒကောက်ခံပွဲမှာ 'ဆွာရက်ဖ်' ၏ အာဏာချုပ်ကိုင်မှုကို ပိုမိုခိုင်မာလာစေသည်။ ထို့နောက်မှတွင်သာ 'ဂွန်ဇလက်ဖ်' အပါအဝင် အတိုက်အခံများ၏ 'ကိုးဦး ကော်မတီ' (Committee of Nine) နှင့် တရားဝင်တွေ့ဆုံမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးမှုများမှာ အနာဂတ်ရွေးကောက်ပွဲများတွင် အတိုက်အခံဘက်မှ ပါဝင်မည်ဆိုပါက အခြေအနေအရ (၇) ရပ်ကို အတိုက်အခံဘက်မှတောင်းဆိုသည့်အပေါ်တွင် အဓိကထားဆွေးနွေးခြင်းဖြစ်သည်။ ၎င်းအခြေအနေများထဲတွင် နိုင်ငံရေးပါတီများအားလုံးနှင့် ကုန်သွယ်ရေးယူနီယံများကို တရား

ဝင်အသိအမှတ်ပြုပေးရေး၊ နိုင်ငံဝန်ထမ်းများနိုင်ငံရေးတွင်ကြားနေနိုင်ရေး၊ အားလုံးအကျုံးဝင်သော လွတ်ငြိမ်းချမ်းသာခွင့်၊ ရွေးကောက်ပွဲဥပဒေညှိနှိုင်းဆွေးနွေးရေးနှင့် ဒေသဆိုင်ရာနိုင်ငံရေးလှုပ်ရှားသူများကို အသိအမှတ်ပြုပေးရေးစသည့်အခြေအနေများပါဝင်သည်။ 'ဂွန်ဇဲလက်ဖ'က ဤဆွေးနွေးမှုများမှာ တရားဝင်ညှိနှိုင်းဆွေးနွေးမှု အဆင့်အထိမရောက်ခဲ့ပါဟု (နောက်ပိုင်းတွင်) ဝန်ခံခဲ့သည်။ 'ဆွာရက်ဖ' ကတော့ အတိုက်အခံတို့၏တောင်းဆိုမှုများကို အသေအချာနားထောင်ပြီး တရားဝင်ဥပဒေများအဖြစ် လိမ္မာပါးနပ်စွာပြဋ္ဌာန်း၊ သတ်မှတ်ပေးနိုင်ခဲ့သည်။ အရေးအကြီးဆုံးအချက်မှာ ထိုဆွေးနွေးမှုများမှသည် ၁၉၇၇ ဇူလိုင်လတွင် ကွန်မြူနစ်ပါတီကို တရားဝင်ပါတီဖြစ်စေနိုင်ခဲ့သည်။ ကွန်မြူနစ်ပါတီ ချန်လှပ်ခံနေခြင်းကြောင့် စပိန်နိုင်ငံသားများ၏မျက်လုံးထဲတွင် အသွင်ကူးပြောင်းရေး ဖြစ်စဉ်တစ်ရပ်လုံးကို တရားမဝင်ဟု မြင်နေခဲ့ကြသည်။ ဤအခြေအနေမှာ ပထမဆုံးဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် လမ်းကြောင်း ခင်းထားပြီးဖြစ်စေသည်။ ၎င်းကို ၁၉၇၇ ဇွန်လတွင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုရွေးကောက်ပွဲမှ စံပြုလောက်သည့်အခြေအနေတစ်ရပ်ထွက်ပေါ်လာခဲ့သည်။ ရွေးကောက်ပွဲများတွင်ပါဝင်သူ ဂုဏ်ရာခိုင်နှုန်းခန့်ရှိပြီး ယင်းမှာရွေးကောက်ပွဲတရားဝင်မှု၏ သက်သေပင်ဖြစ်သည်။ 'ဆွာရက်ဖ'၏ (UCD) မှာ မဲဆန္ဒ ၃၄ရာခိုင်နှုန်းကိုရရှိခဲ့ပြီး ထိုင်ခုံ ၃၅၀ တွင် ၁၆၅ ခုံကိုရရှိသွားခဲ့ပြီး အစိုးရအဖွဲ့ကို ဆက်လက်ဖွဲ့စည်းနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် PSOE မှအတိုက်အခံခေါင်းဆောင်ပါတီအနေဖြင့် ၂၉ ရာခိုင်နှုန်း မဲဆန္ဒကိုရရှိသွားပြီး ထိုင်ခုံ ၁၁၈ ခုံကိုရရှိသွားခဲ့သည်။ PCE မှာ မဲဆန္ဒ ၉ရာခိုင်နှုန်းကိုသာရရှိပြီး ထိုင်ခုံ ၂၀ ကိုသာရရှိပြီး PSOE နောက်တွင်သာရှိခဲ့သည်။

အသွင်ကူးပြောင်းခြင်းနောက်ဆုံးအဆင့်တွင် နိုင်ငံရေးတွင်အဓိကပါဝင်လှုပ်ရှားသူများ အားလုံးနှင့် သဘောတူညီမှုအဆင့်ဆင့်တို့ပါဝင်သည်။ ပထမဆုံး 'မွန်ကလိုရာ သဘောတူညီမှုများ' ကို ၁၉၇၇ အောက်တိုဘာတွင် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းသဘောတူညီချက်များမှာ စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုဖွံ့ဖြိုးရေးကို ကြိုးပမ်းထိန်းသိမ်းထားရန်နှင့် ငွေကြေးတန်ဖိုးကျဆင်းမှုများကိုထိန်းချုပ်ရန် ရေရှည်ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ခကန့်သတ်မှုညှိနှိုင်းဆွေးနွေးခြင်းတို့ပါဝင်သည်။ ထို့အပြင် ယင်းသဘောတူညီချက်များက တိုက်ရိုက်ဝင်ငွေခွန်စနစ်အသစ်ကိုမိတ်ဆက်ပေးပြီး ၎င်းက စပိန်နိုင်ငံ၏ ထူးထူးခြားခြားဖွံ့ဖြိုးလာသော ကျန်းမာရေးနှင့် ပညာရေးစနစ်များကို ၁၉၈၀ ပြည့်နှစ်များတွင် ငွေကြေးထောက်စီမံပေးနိုင်ခဲ့လေသည်။ အခြားအရေးပါသော စဦးခြေလှမ်းတစ်လှမ်းမှာ နိုင်ငံရေးဘုတ်အဖွဲ့မှသဘောတူညီမှုလိုအပ်ခဲ့သည်။ ၎င်းမှာ လွတ်ငြိမ်းချမ်းသာ ခွင့်ဖြစ်သည်။ ၁၉၇၇ ရွေးကောက်ပွဲများမတိုင်မီက ဖရန်ကိုအစိုးရကိုဆန့်ကျင်လှုပ်ရှားခဲ့သော နိုင်ငံရေးပြစ်မှု ကျူးလွန်သူများအတွက် ဤလွတ်ငြိမ်းချမ်းသာခွင့်က အကျိုးပြုနိုင်သည်။ ၎င်းတို့ထဲတွင် နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုများကျူးလွန်ခဲ့သော ETA အကြမ်းဖက်သမားများလည်း ပါဝင်နေသည်။ ထို့အပြင် အစိုးရ၏ဝန်ထမ်းဟောင်းများအတွက်လည်း ၎င်းတို့ကျူးလွန်ခဲ့မိနိုင်သည့် လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့်ပတ်သတ်၍

စုံစမ်းစစ်ဆေးမှု အပြစ်ပေးထောင်ချမှုများမှ ကင်းလွတ်ခွင့်ကိုလည်း အာမခံပေးခဲ့သည်။ ထို့ကြောင့် လက်နက်ကိုင်အစိုးရတပ်များ၊ ရဲများနှင့် တရားရေးဝန်ထမ်းများကို ပြန်လည်လက်စားချေသုတ်သင်ဖယ်ရှားခြင်းကိစ္စအတွက် စိုးရိမ်ဖွယ်ရာမရှိ ဖြစ်သွားခဲ့သည်။ ဤဥပဒေမှာ ယခုနှစ်များအတွင်းတွင်ပင် ဝေဖန်ခံရမှုမြင့်တက်လျက်ရှိသည်။ သို့သော် ထိုအချိန်က စိတ်အားတက်ကြွမှုအရှိဆုံးနှင့် စေ့စပ်ညှိနှိုင်းမှုပြုလုပ်ခဲ့ကြသူများမှာ အဓိကလက်ဝဲပါတီများပင် ဖြစ်ကြသည်။

ယခုအချိန်ထိ ထိုသဘောတူညီမှုမှရရှိသော အရေးကြီးသည့်ရလဒ်မှာ ပါလီမန်အတွင်းရှိ ပါတီအားလုံး၏ ကိုယ်စားလှယ်များကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဆယ့်ခြောက်လခန့် ကြာမြင့်သောအခါ ဒီမိုကရက်တစ် အခြေခံဥပဒေအသစ်တစ်ရပ် ပေါ်ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၇၈ ဒီဇင်ဘာတွင် ၎င်းအတွက် ပြည်သူ့ဆန္ဒကောက်ခံပွဲကျင်းပခဲ့သည်။ ဤဖြစ်စဉ်အတွင်း အဓိကလွှမ်းမိုးခဲ့သော အငြင်းအခုံမှာ ဒုတိယ ရီပတ်ဗလစ်ကိုပျက်စီးစေခဲ့သော အကြောင်းအရာတွင်သာ ဆက်လက်အခြေခံလေသည်။ သို့သော် ထိုအခိုက်အတန့်တွင်တော့ ပို၍လက်တွေ့ကျကျရင်ဆိုင်ဖြေရှင်းနိုင်ရန် အားထုတ်ခဲ့ကြသည်။ ဆိုရှယ်လစ်များက အစောပိုင်းတွင် ဥပဒေပြင်ဆင်မှုဖြင့် စပိန်နိုင်ငံကို ရီပတ်ဗလစ်နိုင်ငံတော်ဖြစ်စေရန် ဦးစွာတင်ပြခဲ့ကြသည်။ သို့သော် ထိုအဆိုမှာ PCE အပါအဝင် ဘုရင် 'ဂျွမ်ရန် ကားလိုစ်' ကို ထောက်ခံခဲ့ကြသော ပါတီများကြောင့် ရှုံးနိမ့်ခဲ့ရသည်။ ၎င်းတို့၏ တရားဝင်သတ်မှတ်ခွင့်ရရေးအတွက် အပြန်အလှန်အနေနှင့် ဘုရင်ကို အသိအမှတ်ပြုရခြင်းဖြစ်သည်။ ၎င်းတို့က အလျှင်အမြန်ပင် ပါလီမန်ဘုရင်စနစ် အသစ်တစ်မျိုးကို တင်ပြကြပြန်သည်။ အခြေခံဥပဒေက ကက်သရစ် ဘုရားရှိခိုးကျောင်းကို နိုင်ငံရေးနယ်ပယ်မှ ရုတ်သိမ်းလိုက်သည်။ သို့သော် တစ်ပြိုင်နက်တည်းတွင် ကလေးများအားလုံးကို အစိုးရကျောင်းများတွင် ဘာသာရေးဆိုင်ရာ အဆုံးအမခံယူနိုင်ခွင့်ကို အသိအမှတ်ပြုရင်း နိုင်ငံတော်က ဘာသာရေးကျောင်းများကိုထောက်ပံ့ပေးရန် သဘောတူညီလိုက်သည်။ စီးပွားရေးပြဿနာများကို ကိုင်တွယ်ရာတွင် လက်ယာသမားများနှင့် လက်ဝဲသမားများအကြိုက်ကိုထိန်းညှိပေးနိုင်သည့် ပြဋ္ဌာန်းမှုမျိုးပြုလုပ်နိုင်ခဲ့သည်။ ဈေးကွက်စီးပွားရေးနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ကာကွယ်ပေးရန်၊ တရားမဝင်ပြည်သူ့ပိုင်သိမ်းခြင်းမှကာကွယ်ပေးသော အမွေဆက်ခံခွင့် စသည်တို့ကို အသိအမှတ်ပြုခဲ့သည်။ ထို့အပြင် ဆန္ဒပြနိုင်ခွင့်နှင့် လူမှုဝန်ဆောင်မှုများ၊ လူမှုလုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ မသန်စွမ်းနှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်စသည့် လူမှုရေးဘုတ်အဖွဲ့ကို စနစ်တကျစီမံပေးရန်၊ ပိုမိုမျှတကောင်းမွန်သော ဝင်ငွေခွဲဝေဖြန့်ဖြူးမှုတို့ကို အသိအမှတ်ပြုပေးခဲ့သည်။ အခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွန်မြူနတီများထံသို့ ဗဟိုအစိုးရမှ အာဏာခွဲဝေပေးခြင်းနှင့်စပ်လျဉ်းသော သတ်မှတ်ပြဋ္ဌာန်းချက်များလည်းပါဝင်သည်။ ၎င်းမှာ စပိန်နိုင်ငံ၏ အနာဂတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတစ်ဝက် ဖယ်ဒရယ်ပြည်နယ်များဖွဲ့ဖြိုးလာရေးအတွက် လမ်းခင်းထားသကဲ့သို့ရှိခဲ့သည်။ ဤအားထုတ်မှုများမှာ 'ကတ်တလန်' မျိုးချစ်ဝါဒီများ လိုလားချက်များကို လုံလုံလောက်လောက်ဖြည့်ဆည်း

ပေးနိုင်သော်လည်း 'ဘက်စကီ' မျိုးနွယ်များအတွက်တော့ ကျေနပ်မှုမပေးစွမ်းနိုင်ခဲ့ပေ။

## ဒီမိုကရေစီအသစ်ကိုခိုင်မာစေခြင်း။ 'ဗီလပီး ဝွန်ဇဲလက်ဖ်' ၏အခန်းကဏ္ဍ

'ဗီလပီး ဝွန်ဇဲလက်ဖ်'မှာ အသွင်ကူးပြောင်းခြင်းဖြစ်စဉ်မှာထက် ဒီမိုကရေစီနစ်ခိုင်မာစေရန်တည်ဆောက်ရေးတွင် ပိုမိုထည့်ဝင်ခဲ့သူဖြစ်သည်။ အဓိကအားဖြင့် ၎င်း၏ပါတီကို အစိုးရဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုကိုပြုလုပ်ခဲ့သည်။ ၁၉၇၉ မတ်လတွင် ကျင်းပသော ဒုတိယပါလီမန်ရွေးကောက်ပွဲတွင် 'ဆွာရက်ဖ်' ကပ်ရှုံးပြီးနောက် ဇူလိုင်လတွင် PSOE မှ ဒေသတွင်း ရွေးကောက်ပွဲများတွင် အဓိကမြို့ကြီးတော်တော်များများကို ထိန်းချုပ်နိုင်ခဲ့လေသည်။ မမျှော်လင့်ဘဲ မေလတွင် ပါတီခေါင်းဆောင်အဖြစ် 'ဝွန်ဇဲလက်ဖ်' ၏အာဏာကို တိုက်ရိုက်စိန်ခေါ်မှုတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ အကြောင်းအရင်းမှာ PSOE ပရိုဂရမ်မှ မာ့ကစ်ဝါဒနှင့် ဖြောင့်ကျကျဆက်စပ်နေသော အကြောင်းအရာများကို ဖယ်ရှားရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ၎င်းကိုရာထူးမှ နှုတ်ထွက်ရန်ဆန္ဒပြမှုများ ပေါ်ပေါက်လာတော့သည်။ သို့သော် စက်တင်ဘာလတွင် ၎င်း၏ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို ပိုမိုကျယ်ပြန့်စေရန်ဟူသော အကြောင်းပြချက်ဖြင့် သူ၏ပါတီကိုဆက်လက်လှုပ်ရှားစေရန် လွတ်လပ်ခွင့်ပေးထားသည်ဆိုသော နားလည်မှုဖြင့် အထွေထွေအတွင်းရေးမှူးရာထူးကို ပြန်လည်ရွေးကောက် တင်မြှောက်ခံရလေသည်။

UCD အစိုးရအား အားနည်းသွားစေရန် 'ဝွန်ဇဲလက်ဖ်'၏ ကြိုးပမ်းမှုများမှာ အနှုတ်လက္ခဏာဆောင်သော အကျိုးဆက်များကို စပိန်နိုင်ငံရေးတည်ငြိမ်မှုတွင်ဖြစ်ပေါ်စေသည်ဟု ဆိုရမည်။ ဥပမာအနေဖြင့် ၁၉၈၀ အစောပိုင်းတွင် PSOE က 'ဆွာရက်ဖ်' အား 'အန်ဒလူစီးယား' နယ်မြေကို 'ကတ်တလိုနီးယား' နှင့် 'ဘက်စကီး ကန်းထရီး' တို့နှင့်အတူတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်တောင်းဆိုခြင်းအားဖြင့် စိန်ခေါ်ခဲ့လေသည်။ ၎င်းမှာ နယ်မြေအားလုံးသို့ အာဏာခွဲဝေခြင်းချဲ့ထွင်မှုကို ထိရောက်သောသက်ရောက်မှုရှိလေသည်။ ၁၉၇၉ ခုနှစ် ကမ္ဘာ့ရေနံအကျပ်အတည်းတွင် 'ဆွာရက်ဖ်'က စီးပွားရေးကျဆင်းမှုကိုကိုင်တွယ်ခြင်း၊ ETA အကြမ်းဖက်မှုဝါဒကို မနှိမ်နင်းနိုင်ခြင်းတို့နှင့်ပတ်သတ်၍ 'ဝွန်ဇဲလက်ဖ်'မှဝေဖန်မှုကို ဆက်တိုက်ဆိုသလိုပြုလုပ်ခဲ့သည်။ ၁၉၈၀ မေလတွင် မအောင်မြင်နိုင်မှန်းသိသည့် ပါလီမန်ကိုအယုံမကြည်မရှိအဆိုကိုပင် သူတင်သွင်းခဲ့သေးသည်။

'ဆွာရက်ဖ်' နှုတ်ထွက်ခြင်းနှင့် ၁၉၈၁ တွင်ဖြစ်ပွားခဲ့သော အာဏာသိမ်းရန်ကြိုးပမ်းမှုတို့နောက်ပိုင်းတွင် 'ဝွန်ဇဲလက်ဖ်'မှ တည်ငြိမ်အေးချမ်းမှုအားထိန်းသိမ်းထားနိုင်စေရန်အတွက် ၎င်း၏ အာဏာဆက်ခံသူ 'လီယို ပေါလ်ဒိုး ကားလ်ဗို ဆိုတဲလို'ကို ထောက်ခံပေးရန် သဘောတူညီခဲ့သည်။ အထင်ရှားဆုံးမှာ ၁၉၈၂ ဂျူလိုင်တွင် PSOE က ပြည်နယ်များသို့ အာဏာခွဲဝေမှုကို အကန့်အသတ်များကိုဖော်ပြသော အဓိကကျသောဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းခဲ့

သည်။ သို့သော်နောက်ပိုင်းတွင် ထိုဥပဒေထဲမှ အရေးကြီးသောအပိုင်းများမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မလျော်ကန်ဟုကြေငြာခဲ့ကြသည်။အစိုးရ၏အားနည်းချက်များတိုးပွားသထက်တိုးပွား လာသော်လည်း 'ဂွန်ဇဲလက်ဖ်' က NATO အဖွဲ့ဝင်ဖြစ်ခွင့်လျှောက်ထားရန်အစိုးရ၏ဆုံးဖြတ်ချ က်ကို ပြင်းပြင်း ထန်ထန်ဆန့်ကျင်ခဲ့သည်။ ၁၉၈၁ တွင် ထိုဝိရောဓိဆန်လွန်းသောဆုံးဖြတ်ချက် ကို ပါလီမန်ကသဘောတူခဲ့သည်။ ထို့အပြင် ဆိုရှယ်လစ်များက အာဏာရပါတီအတွင်းမှ လက်ဝဲခေါင်းဆောင်တချို့ကို နောင်တက်မည့် PSOE အစိုးရတွင် ရာထူးနေရာများ ကြိုတင် ကမ်းလှမ်းခြင်းအားဖြင့် အာဏာရပါတီအား ပြိုကွဲစေရန်အားထုတ်နေသည်။

'ဂွန်ဇဲလက်ဖ်'မှာ ၁၉၈၂ အောက်တိုဘာလတွင် အပြတ်အသတ်အောင်မြင်မှုရကာ ဝန်ကြီးချုပ်ဖြစ်လာသောအခါတွင်မှ ၎င်းအလိုကျစီမံနိုင်သောအခြေအနေသို့ရောက်လေသည်။ လွှတ်တော်ထဲတွင် သူ၏ပထမဆုံး ဦးစားပေးမှာ ဒီမိုကရေစီခိုင်မာရေးဖြစ်သည်။ သို့သော် သူ၏ ပြုပြင်ပြောင်းလဲရေး၏ဆိုရှယ်ဒီမိုကရက်တစ်အစီအစဉ်ကိုလည်းရှေ့ရောက်စေရန်ကြိုးစားသေ သည်။ သူချက်ချင်းကြုံတွေ့ရသော စိန်ခေါ်မှုမှာ စစ်တပ်အား အရပ်သားထိန်းချုပ်မှုအောက် လုံးလုံးလျားလျားကျရောက်စေရန်ကြိုးပမ်းမှုဖြစ်သည်။ ၁၉၈၄ ကာကွယ်ရေးဥပဒေမှာ လက် နက်ကိုင်စစ်တပ်အပေါ်တွင် သူ၏အာဏာကိုပိုမိုခိုင်မာစေသည်။ ၁၉၈၅ တွင် ပြဋ္ဌာန်းခဲ့သော စစ်ဥပဒေမှာ စစ်တပ်၏လုပ်ပိုင်ခွင့်ကို စစ်ဘက်ဆိုင်ရာအဝန်းအဝိုင်းထဲတွင် ကန့်သတ်ပေးလိုက် နိုင်သည်။ 'ဂွန်ဇဲလက်ဖ်'မှာ ကက်သလစ်ဘုရားကျောင်းအရေး ကိုင်တွယ်ရာတွင်လည်း အောင်မြင်သင့်သလောက် အောင်မြင်လိုက်နိုင်သည်။ သို့သော် သူ၏ပညာရေးပြုပြင်ပြောင်းလဲ မှုနှင့် ၁၉၈၅ တွင် ကိုယ်ဝန်ဖျက်ချမှုတရားဝင်စေခြင်းတို့မှာ ဝိရောဓိများဖြစ်ခဲ့သည်။ အရေး အကြီးဆုံးအချက်မှာ သူ၏အစိုးရက စပိန်နိုင်ငံစီးပွား ရေးကိုအလုံးစုံပြုပြင်ရေးဆောင်ရွက်နိုင်ခဲ့ သည်။ စပိန်နိုင်ငံ၏ထိရောက် ကောင်းမွန်မှုမရှိသော စက်မှုလုပ်ငန်းကြီးများကို အရွယ်အစား လျှော့ချခြင်း၊ ထို့နောက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများနှင့် ဘဏ်လုပ်ငန်းအခန်းကဏ္ဍကိုတရား ဝင်လွတ်လပ်ခွင့်ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ယင်းဖြစ်စဉ်မှာ ဥရောပကွန်မြူနတီမှ အဖွဲ့ဝင်ဖြစ်လာနိုင်သည့် အလားအလာကြောင့်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုရည်ရွယ်ချက် မှာ ၁၉၈၆ ဇန်နဝါရီလတွင် အကောင်အထည်ပေါ်ခဲ့သည်။ အကြီးမားဆုံးအောင်မြင်မှုတစ်ရပ် ဆိုလျှင်လည်း မမှားနိုင်ပေ။ ပြုပြင်ပြောင်းလဲရေးများမှာ (၁၉၈၆-၉၁) ကာလတွင် မမျှော်မှန်း ထားသော ဖွံ့ဖြိုးမှုများကိုယူဆောင်ပေးနိုင်ခဲ့ပြီး စပိန်နိုင်ငံ၏မြေစမ်းခရမ်းပျိုး လူမှုဖူလုံရေး အခြေအနေမှာလည်း မှန်မှန်ကျယ်ပြန့်တိုးတက်လာခဲ့သည်။ သို့သော် (၁၉၉၂-၁၉၉၄) တွင် ပေါ်ပေါက်ခဲ့သော စီးပွားရေးယိုယွင်းမှုမှာတော့ ရှေ့အလားအလာအပေါ် သံသယများပေါ် ထွက်လာစေခဲ့သည်။

'ဂွန်ဇဲလက်ဖ်'ချန်ရစ်ထားခဲ့သည့်အခြားမျက်နှာစာများမှာမူအပေါင်းလက္ခဏာနည်းသည်။ သူက NATO မှဖယ်ခွာမှုကို အစောပိုင်းတွင်ထောက်ခံခဲ့သော်လည်း နောက်ပိုင်းတွင်မမျှော်လင့်

ဘဲပြောင်းပြန် ပြုလုပ်သွားခဲ့သည်။ ၁၉၈၆ မတ်လတွင် လူထုဆန္ဒကောက်ခံပွဲကိုကျင်းပအောင်မြင်ခဲ့ပြီး စပိန်နိုင်ငံမှာအဖွဲ့ဝင်နိုင်ငံ ဖြစ်လာမည်ဟု အတည်ပြုလိုက်သောအခါ ပြည်သူများ မလိုအပ်ဘဲထိတ်လန့်တုန်လှုပ်စေသော ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်သွားခဲ့သည်။ ထို့အပြင် UCD အကြမ်းဖက်မှုကိုဆန့်ကျင်သော တရားမဝင်လှုပ်ရှားမှုများအား ရှုံ့ချပြီးနောက်တွင် (၁၉၈၃-၈၇) သူ့အစိုးရမှာ ETA နှင့်ဖြစ်ပွားသော 'ညစ်ထေးစစ်ပွဲ'ကို ခွင့်ပြုခဲ့သည်။ သို့သော် ၎င်းကိုကိုင်တွယ်ဖြေရှင်းရာတွင်မအောင်မြင်ဘဲ 'တရားဥပဒေစိုးမိုးမှု'ကို ဆိုးဆိုးရွားရွားထိခိုက်စေသည်။ အင်စတီကျူးရှင်းသဘောအရဆိုရလျင် (၁၉၈၂-၈၃) လွှတ်တော်အတွင်းတည်ရှိနေခဲ့သော PSOE ၏ ဆယ်စုနှစ်ကြာ အများစု ပါဝါမှာ တည်ငြိမ်မှုရရှိရန်အလွန်လိုအပ်နေသေးသောအနေအထားဖြစ်သည်။ သို့သော် စပိန်နိုင်ငံ၏ဒီမိုကရေစီနှင့် ပတ်သက်သောအနှုတ်ပြအကျိုးဆက်များမှာ နိုင်ငံပိုင်မီဒီယာတွင်ပေါ်ပေါက်လာပြီး တရားစီရင်ရေးမှာ နိုင်ငံရေးသဘောသက်ရောက်ခြင်းစသောရလဒ်များထွက်လာခဲ့သည်။ အမှန်တွင် လုံလောက်သင့်တော်သော အစစ်အဆေး အထိန်းအကွပ်များမရှိခဲ့ခြင်းကြောင့် အကျင့်ပျက်ချစားမှုများစွာပေါ်ပေါက်ခဲ့ပြီး (၁၉၉၂-၉၄) စီးပွားရေးကျဆင်းမှုတို့နှင့်ပါရောယှက်သွားခဲ့ခြင်းတို့မှာ ၁၉၉၆ ရွေးကောက်ပွဲတွင် 'ဂွန်ဇလက်ဖ်' အရေးနိမ်ခဲ့ရခြင်း အကြောင်းအရင်းများဖြစ်သည်။

စပိန်နိုင်ငံ၏ ဒီမိုကရေစီသို့အသွင်ကူးပြောင်းမှုမှာ ယခုနှစ်များထဲတွင် အလွန်အလွန်စီစစ်ဝေဖန်မှုများ၏ ပစ်မှတ်သဖွယ်ဖြစ်သွားခဲ့သည်။ အချို့က အမှန်တစ်ဝက် စိတ်ကူးထင်မြင်မှု တစ်ဝက်ဖြင့် စပိန်နိုင်ငံ၏ကံဆိုးမိုးမှောင်မှုကို အပြစ်တင်ကြသည်။ ၎င်းတို့ထဲတွင် အတိတ်ကာလကို ကိုင်တွယ်ဖြေရှင်းရာတွင်ပေါ်ပေါက်လာသော အခက်အခဲများ၊ တစ်ဝက် ဖယ်ဒရယ်စနစ်ကျရှုံးမှုနှင့် နိုင်ငံရေးစနစ်အပေါ် လူထုမကျေနပ်မှုများ တိုးပွားလာခြင်းတို့ပါဝင်သည်။ ဝေဖန်မှုတော်တော်များများမှာ မတရားသလိုလွဲမှားမှုများလည်းရှိသည်။ သို့သော် အသွင်ကူးပြောင်းရေးအတွက် သဘောတူပြဋ္ဌာန်းချက်များမှာ ကျောက်သားတွင်ထွင်းထားသကဲ့သို့ တင်းမာလွန်းခြင်း၊ အသွင်ကူးပြောင်းရေး နောက်ပိုင်းစပိန်မျိုးဆက်သစ်များမှာ နိုင်ငံရေးနိုးကြားမှုပျောက်ဆုံးသွားခဲ့ခြင်းစသည်တို့မှာ မငြင်းနိုင်သော အချက်များဖြစ်သည်။

## စပိန်အစိုးရသမ္မတ (၁၉၇၂-၁၉၉၆) ဖီလပီး ဂွန်ဇဲလက်ဇ် ၏ ကိုယ်ရေးအကျဉ်းချုပ် (Club de Madrid အဖွဲ့ဝင်)

Felipe González, by Jose Ballesteros Palencia/EEE

'ဖီလပီး ဂွန်ဇဲလက်ဖ'သည် 'ဆီဗီလီ' တက္ကသိုလ်တွင် ဥပဒေပညာကိုသင်ယူခဲ့သည်။ နောက်ပိုင်းတွင် ဘယ်လဂျီယံနိုင်ငံရှိ လော်ဗိန်းတွင် အလုပ်သမားရှေ့နေတစ်ဦးဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၆၄ တွင် ထိုအချိန်က တရားဝင်မဟုတ်သေးသော စပိန်ဆိုရှယ်လစ် အလုပ်သမားပါတီ PSOE သို့ဝင်ခဲ့သည်။ အသက်နှစ်ဆယ်ကျော်တွင် စပိန်နိုင်ငံနှင့် 'နိုင်ငံတကာ ဆိုရှယ်လစ်' ညီလာခံ (Socialist International) တို့တွင် ထင်ပေါ်ကျော်ကြားလာပြီး ၁၉၇၀ တွင်ကျင်းပသော ပါတီညီလာခံတွင် ခေါင်းဆောင်မှုပိုင်းကို သူစိန်ခေါ်ခဲ့သည်။ 'နိုင်ငံတကာ ဆိုရှယ်လစ်' ညီလာခံမှနောက်ဆုံးတွင် 'ဂွန်ဇဲလက်ဖ' ဦးဆောင်သောအုပ်စုကို အသိအမှတ်ပြုလာခဲ့သည်။ ၁၉۷၄ တွင်ပါတီခေါင်းဆောင်အဖြစ် သူ့အားရွေးချယ်ခဲ့ကြသည်။ ၁၉۷၅ တွင် စပိန်အစိုးရက သူ့ကိုခဏမျှ ဖမ်းဆီးထိန်းချုပ်ခဲ့သေးသည်။ ထိုနှစ်ပိုင်းမှာတွင်ပင် 'မက်ဒရစ်'၌ ဂျာမနီနိုင်ငံမှ 'ဖယ်ဒရစ် အီးဘာ့ထ်' ဖောင်ဒေးရှင်း၏အကူအညီဖြင့် ပါတီဖွဲ့စည်းပုံကိုတည်ထောင်ခဲ့သည်။ 'အိုလက်ဖ် ဖယ်လ်မီ' (Olof Palme) နှင့် 'ဝီလီ ဘရန်းဒ်' (Willy Brandt) တို့မှ လည်း အကြံဉာဏ်ပေးခဲ့ကြသည်။ ကွန်မြူနစ်ထောက်ပံ့ပေးထားသော 'ယန်းတာ ဒီမိုကရက်တစ်ကာ' အဖွဲ့သို့ဝင်ရန် 'ဂွန်ဇဲလက်ဖ' ကငြင်းဆိုခဲ့ပြီး 'ဒီမိုကရက်တစ်လမ်းဆုံ' (Democratic Convergence) အတွက် အပြိုင်ပလက်ဖောင်းတစ်ခုကိုတည်ဆောက်ခဲ့သည်။ 'ဖရန်ကို'သေဆုံးသွားပြီးနောက် သမ္မတဖြစ်လာသူ 'အဒေါ်လ်ဖို ဆွာရက်ဖ' နှင့် ဆက်ဆံရေးကောင်းတစ်ခုကို

ထိန်းသိမ်းထားနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၃၀ နှစ်များတွင်စပိန်နိုင်ငံပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီးနောက် ပထမဦးဆုံးအနေဖြင့် PSOE ၏ ပထမဦးဆုံးလူထုညီလာခံကို ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ 'ဂွန်ဇဲလက်ဖ'မှာ ကိုးဦးကော်မတီအဖွဲ့ဝင်လည်းဖြစ်သည်။ ၁၉၇၇ တွင်ကျင်းပခဲ့သည် ပထမဦးဆုံးလွတ်လပ်သောရွေးကောက်ပွဲများအတွက် စည်းမျဉ်းစည်းကမ်းများကို ထိုကော်မတီနှင့်ညှိနှိုင်းဆွေးနွေးခဲ့ရခြင်းဖြစ်သည်။ 'ဆွာရက်ဖ' နှင့်ဆွေးနွေးညှိနှိုင်းရာတွင် ၎င်းတို့ကော်မတီမှာ အရေးအပါဆုံးသောအခန်းကဏ္ဍမှပါဝင်နေခဲ့သည်။ ၁၉၇၇ နှင့် ၁၉၇၉ ခုနှစ်များတွင် 'ဂွန်ဇဲလက်ဖ'မှာ PSOE ကိုရွေးကောက်ပွဲရလဒ်ကောင်းများရစေရန် ဦးဆောင်နိုင်ခဲ့သည်။ ၁၉၈၂ တွင်မတော့ မဟာအောင်မြင်မှုကြီးရရှိခဲ့ပြီး 'ဂွန်ဇဲလက်ဖ'မှာ သမ္မတအဖြစ်သို့ရောက်ရှိခဲ့လေသည်။

၁၉၈၂-၁၉၉၆ ကာလများတွင် စပိန်နိုင်ငံ၏သမ္မတအနေနှင့် 'ဂွန်ဇဲလက်ဖ'မှာ လက်နက်ကိုင်အစိုးရတပ်များကို အရပ်သားထိန်းချုပ်မှုခိုင်မာစေရန်ဆောင်ရွက်ခဲ့ပြီး 'ကတ်တလိုးနီးယား' နှင့် 'ဘက်စကီး' ပြည်နယ်တို့မှတောင်းဆိုသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိန်းညှိပေးရန် ရှုပ်ထွေးသော တစ်ဝက်ဖယ်ဒရယ်စနစ်ကို အာဏာခွဲဝေပေးရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်။ အလားအလာကောင်းသော ခေတ်မီတိုးတက်ရေးလမ်းစဉ်၊ ၎င်းလမ်းစဉ်ထဲတွင် စီးပွားရေးလွတ်လပ်မှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ၊ ကျန်းမာရေး၊ ပညာရေး၊ ပင်စင်စနစ် အသစ်များ စသည်တို့ပါဝင်သည်။ ဥရောပကွန်မြူနတီထဲသို့ စပိန်နိုင်ငံဝင်ရောက်သွားနိုင်ခဲ့ပြီး ဝိရောဓိဖြစ်စရာအချက်မှာ NATO တွင်အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၆၊ ၁၉၈၉ နှင့် ၁၉၉၃ ရွေးကောက်ပွဲတို့တွင် PSOE မှာအသစ်ပြန်လည်ဖွဲ့စည်းထားပြီး အောင်မြင်စွာမဲဆန္ဒအများစုကိုရယူနိုင်ခဲ့သည်။ ၁၉၉၆ တွင်'ဂွန်ဇဲလက်ဖ'၏ ပါတီအရေးနိမ့်ခဲ့ပြီး စီးပွားရေးဆိုးရွားကျဆင်းမှုနှင့် အကျင့်ပျက်လိမ်လည်ခြစားမှုတို့၏ သားကောင်ဖြစ်ခဲ့ရသည်။ လွှတ်တော်မှ ထွက်ခွာခဲ့ပြီး 'ဂွန်ဇဲလက်ဖ'မှာ နိုင်ငံတော်တော်များများ၏ အသွင်ကူးပြောင်းရေးနှင့် အပြည်ပြည်ဆိုင်ရာအစိုးရအုပ်ချုပ်ရေးနှင့်ဆိုင်သောကိစ္စရပ်များတွင် အတိုင်ပင်ခံအဖြစ်မကြာခဏ ဆောင်ရွက်ပေးခဲ့သည်။

# သမ္မတ ဗီလပီး ဂွန်ဇဲလက်ဇ် နှင့် တွေ့ဆုံမေးမြန်းခြင်း

*ခေတ်ပြိုင်အသွင်ကူးပြောင်းမှုအတွက် စပိန်နိုင်ငံရဲ့အတွေ့အကြုံကနေ ဘယ်လို သင်ခန်းစာတွေရနိုင်သလဲ။*

အရေးကြီးတဲ့သင်ခန်းစာတစ်ခုရတယ်။ အဲဒီသင်ခန်းစာကတော့ နိုင်ငံတိုင်းဟာ သူတို့ရဲ့ လုပ်နည်းလုပ်ဟန်နဲ့လုပ်ကိုင်ခဲ့ကြပြီး အဲဒီလုပ်ဟန်တွေနဲ့ ရင်းနှီးကျွမ်းဝင်နေဖို့လိုတဲ့ အချက် ဖြစ်တယ်။ အကြောင်းကတော့ ဖြစ်စဉ်တွေဟာတစ်ခုနဲ့ တစ်ခုပုံတူဖြစ်မနေလို့ပဲ။ နိုင်ငံတိုင်းမှာ ဖြစ်ခဲ့တဲ့အရာတွေဟာ ကိစ္စတိုင်းမှာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအားတွေကနေ ဘယ်လို ဘယ်ပုံ ဆင်းသက်လာသလဲဆိုတဲ့အပေါ်မှာမူတည်ပြီး အရေးကိစ္စတွေကို တုန့်ပြန်တယ်။ လက်နက်ကိုင်တပ်တွေကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတဲ့ကိစ္စလိုမျိုးမှာပေါ့။

## ဘုရင်ရဲ့အခန်းကဏ္ဍ

စပိန်မှာရှိတဲ့ ဘုရင်တွေရဲ့အခန်းကဏ္ဍကဘာလဲလို့ ပင်လယ်ကွေ့နိုင်ငံကဘုရင်တွေက ကျုပ်ကိုမေးတယ်။ သမိုင်းစာအုပ်တွေထဲမှာ လေ့လာလို့မရခဲ့တဲ့အကြောင်းအရာတစ်ခုကို ကျုပ် အကြံပေးခဲ့တယ်။ အဲဒါကတော့ ဘုရင်ဟာ ဖရန်ကိုရဲ့ စစ်အာဏာရှင်အောက်ကနေအကြွင်းမဲ့ သက်ဦးစံပိုင်ပါဝါတွေအားလုံးကို အမွေဆက်ခံခဲ့တယ်ဆိုတဲ့အချက်ပဲ။ သူဟာ အကြွင်းမဲ့သက် ဦးဆံပိုင်ပါဝါတွေကိုတင်ရရှိခဲ့တာမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသက်ဦးဆံပိုင်ပါဝါတွေကိုလည်း ရရှိခဲ့ တယ်။ ဘုရင်ရဲ့အခန်းကဏ္ဍဟာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းထားတာ မဟုတ်လို့ အတည်တော့မဟုတ်သေးဘူး။ ဘုရင်ဟာ စစ်တပ်ရဲ့ခေါင်းဆောင်ဖြစ်တယ်။ အစိုးရရဲ့ခေါင်း ဆောင် ဖြစ်တယ်။ စစ်သားဘုရင်နဲ့ပိုတူနေတယ်။ အဲဒီကိစ္စဟာ ဖရန်ကိုသေသွားတဲ့အချိန်မှာ ပြဿနာဖြစ်လာတယ်။ သက်ဦးစံပိုင်စနစ်ကို လူတွေထဲချပြတဲ့ကိစ္စဖြစ်လာတယ်။ လ အနည်း ငယ်အတွင်းမှာပဲ ဘုရင်ဟာ အဒို ဖို ဆွာရတ်ဇ်ကို ဝန်ကြီးချုပ်အဖြစ် (၁၉၇၆၊ ၁၉၇၇ ကနေ ၈၁ အထိဆွာရတ်ဇ်အရွေးခံရတယ်။) ခန့်အပ်ဖို့ အခွင့်အရေးရခဲ့တယ်။ စပိန်နိုင်ငံရဲ့ အကူး အပြောင်းကာလမှာ ဒီအဆင့်ကိုသိပ်ပြီးလေ့လာသုံးသပ်မှုမရှိခဲ့ကြဘူး။ အဲဒီအဆင့်ကတော့ ဘုရင်အာဏာရလာပြီး အဲဒီအာဏာကို အကြွင်းမဲ့အသုံးမပြုဖို့ ဆုံးဖြတ်ချက်ချတဲ့အချိန်ကာလ၊ အဲဒီအစား အဒို့ဖို ဆွာရတ်ဇ်ကို ကိုယ်စားလှယ်တင်မြောက်လိုက်တယ်ဆိုတဲ့အချက်ပဲ ဖြစ် တယ်။ ဒါဟာ ဘာနဲ့တူသလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တွန်းအားပေးလိုက်တဲ့ပုံစံပဲ။ ၁၉၇၆ ခုနှစ် ဇူလိုင်လမှာ ဆွာရတ်ဇ်ကိုခန့်အပ်ထားလိုက်တယ်။ ၁၉၇၇ ခုနှစ်အထိ ရွေးကောက်ပွဲ မရှိခဲ့ဘူး။ ဘုရင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သက်ဦးဆံပိုင်ဘုရင်အဖြစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိဘဲအုပ်ချုပ်ခဲ့တယ်။ ဒါဟာအာဏာအများအပြားရှိပေမယ့်အဲဒီအာဏာကိုအသုံးမပြုတဲ့ ဘုရင်ရဲ့ထူးခြားတဲ့ အင်စတီကျူးရှင်းတစ်ခုဖြစ်ခဲ့တယ်။ အဒို့ဖို ဆွာရတ်ဇ် ဟာလည်း သူ့ရဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရအပ်နှင်းထားတဲ့ ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့

စတင်ခဲ့တယ်။ လုပ်ဆောင်ရမယ့်တာဝန်တွေကိုလည်း လုပ်ဆောင်ခဲ့တယ်။ အဲဒီလုပ်ဆောင်ချက်ကြောင့် ဆွာရတ်ဇီဟာ ဖြစ်စဉ်ကြီးတစ်ခုလုံးရဲ့၊ ဒိုင်ယာလော့ခ်တစ်ခုလုံးရဲ့ အဓိကဇာတ်ဆောင်ဖြစ်လာတယ်။ ဒါ့အပြင် စပိန်ပြုပြင်ပြောင်းလဲရေးရဲ့ အဓိကပုဂ္ဂိုလ်ဖြစ်လာတယ်။ ဘုရင်ဟာ စစ်တပ်ကို သင့်တင့်မျှတအောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်အဖြစ်နေရာရလာပြီး ဂုဏ်သိက္ခာလည်းရှိလာတယ်။ ဘုရင်ဟာ စစ်တပ်နဲ့ပတ်သက်ရင် အရေးပါတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာတယ်။

## အာဏာပိုင်တွေထဲက အာဏာအပြောင်းအရွှေ့

သမနိရှည်ကြာတဲ့နိုင်ငံရေးအဖွဲ့အစည်းအားလုံးထဲကလိုပဲ နှစ်ပေါင်းသုံးဆယ်လေးဆယ်ကြာ ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ဟာ ဖရန်ကိုက စပိန်နိုင်ငံမှာ တစ်ဦးတည်းသက်ဦးဆံပိုင်အုပ်ချုပ်ခဲ့သလိုပဲအာဏာပိုင်စနစ်ထဲမှာပဲအတူတကွပူးပေါင်းတည်ရှိနေတဲ့အခြားသောအဖွဲ့အစည်းတွေရှိတာတောင် ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ဖြစ်စဉ်ဟာ ဆက်လက်ပြီးရှင်သန်နေတယ်။ ဒါဟာ ဇီဝဖြစ်စဉ်နဲ့တောင် တူနေတယ်။ ပြုပြင်ပြောင်းလဲရေးသမားတွေဟာ ဇီဝဆိုင်ရာ ဗီဇတွေကို တုန့်ပြန်ရုံကလွဲပြီး အဲဒီစနစ်ထဲမှာ ဘာမှမလုပ်ကြဘူး။ အဲသလိုပြုပြင်ပြောင်းလဲရေးသမားတွေက ရာထူးကိုယူလိုက်တယ်။ ဆိုချင်တဲ့အမိပ္ပါယ်က အဲဒီလူတွေရဲ့ဘဝ သက်တမ်းက အာဏာရှင်စနစ်ကိုယ်စားလှယ်တွေရဲ့ သက်တမ်းထက်ပိုရှည်လို့ဖြစ်တယ်။ ဒါကြောင့် အာဏာရှင်စနစ် ပျောက်ကွယ်သွားပြီးတဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်လာမလဲဆိုတာနဲ့ပတ်သက်ပြီး အလောင်းအစားလုပ်ကြရတာ ဖြစ်တယ်။ ဒါကြောင့်ပြုပြင်ပြောင်းလဲရေးသမားတွေပေါ်လာတယ်။ ပြိုင်ဘက်တွေနဲ့ ဆွေးနွေးညှိနှိုင်းတဲ့ လူတွေပေါ်လာတယ်။ ဒီမိုကရေစီ ကူးပြောင်းတဲ့ဖြစ်စဉ်ကို စဉ်းစားမှုပေါ်ထွက်လာတယ်။ စပိန်နိုင်ငံမှာ အဒိုဆို ဆွာရတ်ဇီ၊ (၁၉၇၅-၇၆ အလုပ်သမားဝန်ကြီး၊ ၁၉၇၆-၇၉ ပြည်ထဲရေးဝန်ကြီး၊ ၁၉၈၁-၈၂ ပြည်နယ်ဝန်ကြီးချုပ်) ရိုဒိုဖို မာတင်ဗီလာတို့ပါတဲ့ အဲဒီအဖွဲ့၊ ဖရန်ကိုရဲ့အဖွဲ့ ထဲမှာပါတဲ့ အသက်လေးဆယ်ငါးနှစ်အရွယ်ပုဂ္ဂိုလ်တော်လေ။ အဲဒီအချိန်မှာ အာဏာရှင်ဖရန်ကိုက အသက်ခုနှစ်ဆယ့်ငါးနှစ်ရှိပြီး အိုမင်းနာမကျန်းဖြစ်တဲ့အချိန်ရောက်နေပြီ။ သူတို့က 'ဖရန်ကိုတို့အတန်းနဲ့ယှဉ်ရင် ငါတို့ဘယ်လောက်နှစ်ကြာကြာ ဆက်နေရဦးမလဲ' လို့တွေးကြတယ်။

ဒီလိုအင်အားတွေဟာ နိုင်ငံအားလုံးမှာအပေါင်းလက္ခဏာဆောင်တဲ့အင်အားတွေအဖြစ် ရှိနေကြတယ်။ ဘုံအရာ ဝတ္ထုအဖြစ်ရှိနေကြတယ်။ တကယ်လို့ တစ်နိုင်ငံက အာဏာရှင်စနစ်ကိုဝေဖန်လိုက်တယ်ဆိုရင် ဥပမာ ကျူးဘား၊ အာဏာကနေ ဘေးရောက်နေတဲ့အသက်ငါးဆယ်၊ ဒါမှမဟုတ် ခြောက်ဆယ်လောက်ရှိတဲ့ နိုင်ငံရေးခေါင်းဆောင်မျိုး ဆက်ရှိနေတာကိုတွေ့နိုင်တယ်။ ဥပမာပြောရမယ်ဆိုရင် ကတ်စ်ထရိုညီနောင်လိုမျိုး သူတို့ရဲ့ဘဝ သက်တမ်းတွေဟာ အဲဒီ ညီနောင်ရဲ့အလွန်ကိုရောက်နေတာကို ဒီခေါင်းဆောင်တွေတွေ့ကြရတယ်။ ဒါကြောင့် သူတို့ဟာ သူတို့ရဲ့အခန်းကဏ္ဍဘယ်လိုရှိမယ်၊ အဲဒီစနစ်ကြီးကို ဖျက်သိမ်းခံရဖို့ အလားအလာ

ရှိလာချိန်မှာ အဲဒီလိုဖျက်သိမ်းခံရတဲ့အထဲ သူတို့ပါမသွားရလေအောင် ဘယ်လို ဘယ်ပုံရှောင်ကြဉ်ဖို့ ပြီးတဲ့နောက်မှာဘာတွေဖြစ်လာမလဲဆိုတဲ့ ပြဿနာတွေကိုတုန့်ပြန်ဖို့ သူတို့ဟာ အရေးကြီးတဲ့ ရာထူးတွေကို အနည်းနဲ့အများယူဖို့ကြိုးစားကြတယ်။ ဒါဟာ ခုခံမှုနဲ့ပတ်သက်ပြီးအပေါင်းလက္ခဏာဆောင်တဲ့ ဒိုင်းနမစ်ကိုဖန်တီးပေးတယ်။ ဒီဖြစ်စဉ်ကို တစ်နိုင်ငံချင်းစီအလိုက် စနစ်တကျလေ့လာသင့်တယ်။

လက်နက်ကိုင်အဖွဲ့အစည်းများအကြောင်း စဉ်းစားတဲ့အခါမှာ ရာထူးအဆင့်အတန်းအရ အခွင့်အရေးနဲ့ အခွင့်ထူးခံမှုနှစ်ခုကို ကျူပ်ခွဲခြားလိုက်တယ်။ မော်ရိုကို ဒါမှမဟုတ် အီဂျစ်တို့လို့ အာရပ်နိုင်ငံတွေကို ကြည့်မယ်ဆိုရင် ရာထူးအဆင့်အတန်းအရအပြင် အထူးအခွင့်အရေးတွေ အများကြီးရှိနေသေးပြီး သူတို့ဟာ အုပ်ချုပ်ခွင့်နဲ့ အာဏာရဲ့ဆက်လက်ရပ်တည်ရေးနဲ့ ဆက်စပ်နေတယ်။ အဲဒီမှာ သူတို့ရဲ့အထူးအခွင့်အရေးတွေ ဆုံးရှုံးမှာကိုကြောက်ရွံ့ရုံသက်သက်နဲ့တော့ မတိုက်မယ့်သူတွေ အများကြီးရှိတယ်။ ဒါပေမယ့် အခွင့်ထူးလောက် မများပေမယ့် ပိုပြီးအရေးကြီးနေတဲ့ သူတို့ရဲ့ရာထူးအဆင့်အတန်းတွေကို ခုခံဖို့ဆိုရင်တော့ သူတို့တိုက်ကောင်းတိုက်ကြလိမ့်မယ်။

စပိန်ရဲ့ပြည်တွင်းလုံခြုံရေးတပ်ဖွဲ့ (စစ်ဘက်ရာထူးအဆင့်အတန်းရှိတဲ့ ဖက်ဒရယ်ရဲတပ်ဖွဲ့) ဒါမှမဟုတ် အီဂျစ် လက်နက်ကိုင်တပ်ဖွဲ့တွေအကြောင်းကို စဉ်းစားကြည့်ရအောင်။ ကျူပ် လက်နက်ကိုင်တပ်ဖွဲ့ရဲ့အကြီးအကဲတွေအကြောင်းကို ပြောနေတာမဟုတ်ဘူးနော်။ ကျူပ်ပြောနေတာက အဲဒီစစ်တပ်အဖွဲ့အစည်းကြီးကိုယ်တိုင်၊ ကော်မရှင်တွေအမျိုးမျိုး၊ အထူးအခွင့်အရေး (ဥပမာ အိမ်ယာ) တွေ အမျိုးမျိုးရနေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကြီးတွေအကြောင်း ပြောနေတာ။ ချီလီမှာလည်း လက်နက်ကိုင်တပ်ဖွဲ့တွေက ရှိရှိသမျှအရာအားလုံးကို ရယူထားတဲ့အပြင် သူတို့ရဲ့ရာထူးအဆင့်အတန်းတွေကိုလည်း ဆက်ပြီးထိန်းသိမ်းထားနိုင်တာကို ခင်ဗျားတို့တွေ့ရမှာပဲ။ စပိန်မှာ အထူးအခွင့်အရေးနဲ့ပတ်သတ်လို့ ကျူပ်တို့ဆင်ခြင်ရှုမြင်ပုံတွေအရ ဒီနေ့ လက်နက်ကိုင်တပ်ဖွဲ့တွေမှာ ကျန်ကမ္ဘာကြီးနဲ့ ထိစပ်ဖို့လမ်းပွင့်သွားတာ ပရော်ဖက်ရှင်နယ်လုပ်သက်အတွက် အခွင့်အရေးတွေ၊ ဖြစ်နိုင်ချေတွေပိုတိုးတက်လာပြီး အရင်ကထက်ပိုကောင်းတဲ့ ဘဝရှင်သန်မှုတွေရှိလာတာကြောင့် ဒါဟာ အထူးအခွင့်အရေးမဟုတ်တော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့အဆင့်အတန်းတွေကို ဆုံးရှုံးရမှာစိုးရိမ်တဲ့စိတ်ဟာ ဒီမိုကရက်တစ်အကူးအပြောင်းကြောင့်ဖြစ်လာမယ့် တခြားစိုးရိမ်စိတ်တွေအားလုံးထက်ပိုကြီးတယ်။ ဒါကြောင့် တစ်ခါတစ်ရံမှာ အပြန်အလှန် သက်ရောက်လွှမ်းမိုးမှုရှိနေတဲ့ နိုင်ငံတစ်ခုချင်းစီရဲ့အလုပ်လုပ်ပုံနဲ့ အပြောင်းအလဲကို ခုခံတုံ့ပြန်နေတဲ့အစိတ်အပိုင်းတွေကို နားလည်ထားရမယ်။ စပိန်မှာဆိုရင် အပြောင်းအလဲကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်ခုခံတုံ့ပြန်နေတဲ့ အဓိကအချက်နှစ်ချက်နဲ့ အခြားမထင်မရှားအချက်တွေရှိတယ်။ အသိသာဆုံးအချက်ကတော့ နောက်ကြောင်းပြန်ဆွဲလိုတဲ့ လက်နက်ကိုင်တပ်ဖွဲ့ရဲ့ အနေအထားဖြစ်ပြီး အဲဒီအောက်မှာ စပိန်ရဲ့စည်းလုံးမှုကို မေးခွန်း

ထုတ်စရာဖြစ်အောင်လုပ်နေတဲ့ အကြမ်းဖက်သမားတွေရဲ့ခြိမ်းခြောက်မှုရှိနေတယ်။ အကြမ်းဖက်သမားတွေက ပိုတိုက်ခိုက်လေ လက်နက်ကိုင်တပ်ဖွဲ့အတွင်းမှာ နောက်ကြောင်းပြန်တဲ့လှုပ်ရှားမှုတွေ ပိုဖြစ်လာလေဆိုတဲ့ဖြစ်ရပ်ဟာ သူ့အလိုလို တုံ့ပြန်နေတဲ့ဖြစ်စဉ်ပဲ။

ကျုပ်အနိုင်ရရှိခဲ့တဲ့ ၁၉၈၂ ခုနှစ် ရွေးကောက်ပွဲကာလမှာ ကျုပ်ပြောခဲ့တဲ့စကား ဒါမှမဟုတ် လမ်းစဉ်တစ်ခုရှိတယ်။ အဲဒါကတော့ ကျုပ်ဟာ ပန်းအိုး ထဲကမြေကိုတောင် နိုင်ငံပိုင်အဖြစ်သိမ်းဖို့ အဆင်သင့်ပဲဆိုတဲ့ စကားပဲ။ မသေချာ၊ မရေရာမှုတွေဖြစ်ပေါ်လာနိုင်တဲ့ အပြောင်းအလဲကို ကြောက်ရွံ့တဲ့မြေပိုင်ရှင်ကြီးတွေ၊ စက်မှုလုပ်ငန်းရှင်တွေရဲ့ ဆန့်ကျင်ခုခံမှုတွေ ရှိခဲ့တယ်။ ဒါကြောင့် ကျုပ်ယူဆတာက နိုင်ငံတိုင်းအနေနဲ့ အနည်းနဲ့အများ အစီအစဉ်တကျဖြစ်လာမယ့် တက်ကြွတဲ့အပြောင်းအလဲမှာ ပါဝင်လာနိုင်တဲ့အင်အားစုတွေက ဘာဖြစ်မလဲ၊ အဲဒီအင်အားစုတွေအနက်ကနေအများဆန္ဒကို ဘယ်လိုတည်ဆောက်ယူနိုင်မလဲဆိုတာနဲ့ ဘယ်လိုဆန့်ကျင်ခုခံမှုမျိုးတွေနဲ့ ရင်ဆိုင်ရနိုင်သလဲဆိုတာကို တွက်ချက်လေ့လာထားဖို့ လိုအပ်တယ်ဆိုတာပါပဲ။

## ဒီမိုကရက်တစ်အကူး ထောက်လှမ်းရေး သတင်းအချက်အလက်စုဆောင်းမှုစွမ်းရည် လိုအပ်ချက်

ကျုပ်မတက်ချင်တာကြောင့် နာရီအနည်းငယ်လောက်နောက်ကျပြီးမှ ရောက်ရှိခဲ့ကြတဲ့ ပီနီ ချေးက အယ်ဝင်ဆီ သမ္မတ စလွယ် ပေးအပ်တဲ့ အခမ်းအနားအပြီး နာရီအနည်းငယ်အကြာမှာ ကျုပ်တို့ဟာ ၁၉၉၀ ချီလီညီလာခံကို တက်ရောက်ခဲ့ကြတယ်။ မကြာသေးခင်ကမှ ခန့်အပ်ခံထားရတဲ့ သမ္မတနဲ့ အခမ်းအနားကိုတက်လာတဲ့ ကျန်နိုင်ငံတွေအားလုံးက ခေါင်းဆောင်ပိုင်းတွေ တွေ့ဆုံခဲ့ကြတယ်။ ကျုပ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် အားပါးတရ မေးဖြေဆွေးနွေးကြတယ်။ အဲဒီအချိန်မှာ အယ်ဝင်က နိုင်ငံအကြီးအကဲဖြစ်နေပြီ။ အဲဒီမှာ ကျုပ်ကသူ့ကို "သမ္မတကြီး။ ကျွန်တော် မလေးမစားလုပ်ချင်တာမဟုတ်ပါဘူး။ ဒါပေမယ့် အစိုးရရဲ့အစဉ်းမှာတင် ကျွန်တော့်ကို စိတ်ပူပန်စေတဲ့ ပြဿနာတစ်ရပ်ကို သမ္မတကြီးဆီတင်ပြချင်ပါတယ်။ အဲဒီ ပြဿနာက စပိန်မှာ ကျွန်တော့်ကို ကောင်းကောင်းဒုက္ခပေးခဲ့ပြီးပါပြီ။ ကျွန်တော်အဲဒါကို ဝန်ကြီးချုပ်အနေနဲ့ အဒယ်ဖို ဆွာရက်ဇိန့် အတူတွေ့ကြုံခဲ့ရတာပါ" လို့ ပြောလိုက်တယ်။ ကျုပ်ဆက်ပြောတယ်။ "သမ္မတကြီး။ ကျွန်တော့်ကိုယ် ကျွန်တော် ပီနိုချက်ရဲ့နေရာမှာ ဝင်နေ ကြည့်ဖို့ ကြိုးစားရတာ အရမ်းခက်ခဲပါတယ်။ ဒါပေမယ့် သမ္မတကြီးကတော့ ကြိုးစားကြည့်သင့်ပါတယ်။ တကယ်လို့ ကျွန်တော်သာ ပီနိုချက်ဖြစ်ပြီး လူထုဆန္ဒခံယူပွဲမှာ ရှုံးနိမ့်ခဲ့မယ်၊ ကျွန်တော့်ရဲ့အုပ်ချုပ်မှုသက်တမ်းကို အဆုံးသတ်ပြီး ဒါမှမဟုတ် ကျွန်တော်ကလက်နက်ကိုင်တပ်ဖွဲ့မှာ အကြီးအကဲ အဖြစ်ဆက်ရှိနေဦးမှာဆိုတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးသက်တမ်းကိုပဲဖြစ်ဖြစ် အဆုံးသတ်ခဲ့တဲ့ ဒီမိုကရက်တစ်ယောက်ကို သမ္မတစလွယ်ပေးလိုက်ရတော့မယ့် အကျပ်အတည်းမျိုးမှာလည်း အခုရောက်နေမယ်ဆိုရင် ခင်ဗျား မိနစ်တိုင်းမိနစ်တိုင်းမှာ ဘာလုပ်နေသလဲ၊ ခင်ဗျားရဲ့ ဝန်ကြီးတွေ ဘာလုပ်နေသလဲ၊ တစ်နိုင်ငံလုံးမှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာကို မဖြစ်မနေ

သိရဖို့ စုံစမ်းမှုတွေလုပ်မှာပဲ။ ကျွန်တော်သာ ပီနိချေး ဖြစ်မယ်ဆိုရင် ကျွန်တော့်မှာ ဒီလိုမျိုး သတင်းထောက်လှမ်းနိုင်တဲ့ စွမ်းဆောင်ရည်တွေရှိတယ်ဆိုတာကို လုံးဝသေချာအောင်လုပ်မှာပဲ။ သူသာ ကျွန်တော်တွေးထားတဲ့လူမျိုး ဖြစ်မယ်ဆိုရင် ပီနိချေးအဲ ဒီလိုမလုပ်တာက တကယ့်ကို မယုံနိုင်စရာဘဲလို့ ပြောရမှာပဲ။"

သူက ကျုပ်ဟာ သူ့ဆီကို တကယ့်ပြဿနာကြီးတစ်ခုယူလာတာပဲလို့ပြောခဲ့ပြီး အဲဒီအတိုင်း ဖြစ်လာမယ်လို့ ကျုပ်တကယ်ကိုထင်သလားလို့ မေးခဲ့တဲ့အတွက် ကျုပ်ကလည်း ဟုတ်တယ်လို့ဖြေခဲ့တယ်။ ကျုပ်တကယ်ကို အဲဒါကိုယုံကြည်ခဲ့တာပါ။ အဲဒါနဲ့ သူကကျုပ်မှာအတွေ့အကြုံရှိပြီးသားဖြစ်လို့ ကျုပ်သူနဲ့ ပူးပေါင်းဖို့တောင်းဆိုခဲ့တယ်။ သမ္မတအယ်ဝင်က လုံးဝဥာဏ်ယုံကြည်မှုနဲ့ တကယ့်ကိုတွေးနေတာက ဒီကိစ္စဟာ လုံးဝဖြစ်မလာနိုင်ဘူးလို့ပေါ့။ ဒါပေမဲ့ ကျွန်တော့်ကမ်းလှမ်းချက်ကိုတော့ မရှတ်သိမ်းခဲ့ဘူး။ သူကကျုပ်ကို ကျေးဇူးတင်နေခဲ့တယ်။ ကျုပ်တို့ တစ်ခြားအကြောင်းအရာတွေအတွက် ဆက်ဆွေးနွေးခဲ့အပြီးမှာ သူ့ကိုကူညီဖို့ ကျွန်တော် နောက်တစ်ကြိမ်ထပ်ပြီးကမ်းလှမ်းခဲ့တယ်။ ခင်ဗျားလျှောက်နေတဲ့လမ်းက အန္တရာယ်ကင်းသလား ဒါမှမဟုတ် မိုင်းတွေပဲရှိသလားဆိုတာကို ခင်ဗျားအဖြေရှာရမှာဖြစ်သလို မိုင်းတွေရှိနေရင်လည်း ခင်ဗျားတတ်နိုင်သမျှ ရှင်းထုတ်ပစ်လိုက်နိုင်ဖို့လိုအပ်တယ်လေ။

ဥပမာပြောရရင် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ ကျုပ် ရွှေကောက်ပွဲမှာ အနိုင်မရခင်တစ်ရက်မှာ စပိန်မှာ အာဏာသိမ်းဖို့ အနီးကပ်ဆုံးနောက်ဆုံးလှုပ်ရှားမှုကိုလုပ်ခဲ့တယ်။ ကယ်လ်ဗိုဆိုလီတို (၁၉၈၁-၈၂) ဝန်ကြီးချုပ်အဖြစ်ရှိနေဆဲ အဲဒီနေ့မှာပဲ အာဏာသိမ်းဖို့ ကြိုးစားတဲ့လုပ်ရပ်တစ်ခုရှိခဲ့ပြီး ချက်ချင်းပဲနှိမ်နင်းခံခဲ့ရတယ်။ အောက်တိုဘာလ ၂၈ ရက်မှာ ကျုပ်ဟာ တကယ့်ကိုလူအများစုရဲ့ထောက်ခံမှုနဲ့ အနိုင်ရရှိခဲ့ပေမယ့် အဲဒီမတိုင်ခင်တစ်ရက်က ဒီလိုဖြစ်မလာနိုင်အောင် တားဆီးဖို့ ကြိုးစားတဲ့လုပ်ရပ်တွေရှိခဲ့သေးတဲ့အတွက် ကျုပ်မှာ နိုးနိုးကြားကြားနေဖို့ အကြောင်းအရာတွေ အများကြီးရှိခဲ့တယ်။

အယ်ဝင် ရာထူးကိုရယူပြီး တစ်နှစ်အကြာမှာ လွတ်တော်အမတ်ဂျင်မီဂက်ဖမန်း(ချီလီ လွတ်တော်အမတ်နဲ့ ပီနိချက်၏အကြံပေး)လုပ်ကြံခံခဲ့ရတယ်။ သမ္မတအယ်ဝင်ဟာ ဥရောပနိုင်ငံတွေဖြစ်တဲ့စပိန်၊ ဘရပ်ဆဲလ်တို့ကိုခရီးသွားဖို့အစီအစဉ်ရှိနေပြီးအဲဒီလုပ်ကြံမှုနဲ့အခြေအနေတွေက သူခရီးကို ဆက်သွားရန်းမသွားရန်းဝေခွဲရခက်စေတဲ့သံသယတွေကို ဖြစ်ပေါ်တိုးပွားလာစေခဲ့တယ်။ နောက်ဆုံးမှာတော့ ဒီလိုရွှေ့ဆိုင်းတာဟာ ဒီလုပ်ကြံမှုကို အလွန်အမင်းအလေးအနက်ထားရာရောက်တယ်၊ ဒီမိုကရေစီကို လမ်းချော်သွားနိုင်တဲ့အထိဖြစ်စေမယ်လို့ အမိပ္ပါယ်ထွက်သွားစေတဲ့အတွက် သူဟာခရီးစဉ်ကို မရွှေ့ဆိုင်းဘူးလို့ဆုံးဖြတ်ခဲ့ပြီး သူလာနေပြီဆိုတာကို ကျုပ်ဆီဖုန်းခေါ် အသိပေးခဲ့တယ်။ သူက ကျုပ်ကို သူ့ရာထူးလက်ခံတဲ့နေ့က ဆွေးနွေးခဲ့တာနဲ့ပတ်သက်လို့ သတိပေးခဲ့ပြီး သူ့စိတ်ထဲမှာရှိနေတဲ့ ဘာတွေဖြစ်နေလဲဆိုတဲ့ မေးခွန်းအတွက် ကျုပ်နဲ့ဆွေးနွေးရမယ့် ကိစ္စတစ်ခုရှိတယ်လို့လည်းပြောခဲ့တယ်။ ကျုပ်တို့ ဆုံကြတဲ့အခါ သူက

ဘယ်နေရာကနေ ထိုးနှက်မှုတွေဖြစ်ပေါ်လာနိုင်သလဲဆိုတဲ့အချက်နဲ့ပတ်သက်လို့ အဆင်မပြေ ဖြစ်နေတယ်ဆိုတာ ကျွေးကိုပြောခဲ့တယ်။ ဘာတွေဖြစ်နေလဲဆိုတာ သူလုံးဝသေချာမသိဘူး။ သူက ကျွေးပူးပေါင်းဆောင်ရွက် ပေးနိုင်မလားလို့တောင်းဆိုခဲ့တယ်။ သူက ကျွေးကို တစ်ခြား အရာတွေ အများကြီးလည်း ပြောပြခဲ့သေးတယ်။ ယခင်ကိုင်တွယ်သွားတဲ့သူတွေမှာ နိုင်ငံရဲ့လုံ ခြုံရေးဆိုင်ရာကိစ္စတွေအတွက် စောင့်ကြည့်လေ့လာတဲ့စနစ်တွေနဲ့ သမ္မတကိုပါ အသံဖမ်းစောင့် ကြည့်နေတာမျိုးတွေရှိနိုင်တယ်ဆိုတာနဲ့ ပတ်သက်လို့ပေါ့။ ကျွေးက သူ့ကိုသမ္မတရဲ့တာဝန် တွေထဲမှာ သတင်းထောက်လှမ်းမှုဆိုင်ရာ အခြေခံတည်ဆောက်မှုတွေလို့ရှိသင့်တယ်လို့ ပြောခဲ့ ပြီး ဒီမိုကရစ်တစ် သမ္မတတစ်ယောက်အတွက် လုံခြုံရေးနဲ့ပတ်သက်လို့ ဆောင်ရွက်စရာတွေ လည်းရှိတယ်ဆိုတာ ပြောပြခဲ့တယ်။ သူ့ရဲ့ရုံးခန်းအတွင်းမှာ ပြုလုပ်တဲ့ဆွေးနွေးမှုတွေက လုံခြုံ ရဲ့လား၊ ချောင်းနားထောင်ခံရတာမျိုး ရှိသလားဆိုတာကို စစ်ဆေးဖို့အတွက် သူ့ဆီကို ကျွေး ယုံကြည်ရတဲ့ လူသုံးယောက်လွှတ်ပေးခဲ့တယ်။ နှစ်ပတ်အကြာမှာတော့ သူဘယ်လိုချောင်းနား ထောင်ခံနေရသလဲ၊ ဘယ်လိုစောင့်ကြည့်ခံနေရသလဲဆိုတဲ့ စနစ်တစ်ခုလုံးရဲ့ ဓါတ်ပုံတွေနဲ့အတူ တော်တော်လေးကို အခြေအနေဆိုးတဲ့ သတင်းပို့ချက်ကို သူရရှိခဲ့တယ်။ ဒီလို ပြဿနာမျိုးဟာ အကူးအပြောင်း ဖြစ်စဉ်မျိုးတွေမှာ အလွန်တွေ့ရလေ့ရှိတဲ့ ပြဿနာပါပဲ။

ဂါစီယာမာကေး(နိဘယ်ဆုရ ကိုလံဘီယာစာရေးဆရာ)ရဲ့အဆိုသာ မှန်မယ်ဆိုရင်တော့ လူသားတွေဟာ ဇာတ်လမ်းတွေ၊ ဖြစ်ရပ်တွေရဲ့နောက်ကမှ အမျိုးအစားတွေကို နားလည်တာ ကြောင့် ဖြစ်ရပ်၊ ဇာတ်လမ်းတွေကိုမှပြောမပြရင် အဲဒီစာအုပ်ဟာ လူတွေကိုဘာဇဟုသုတမှ ပေးနိုင်မှာမဟုတ်ဘူး။ ဥပမာ ရာအူးလ် အယ်ဖွန်ဆင် (အာဂျင်တီးနားသမ္မတ၊ ၁၉၈၃-၈၉)က ဂန္ထဝင်ခေတ်ဟောင်းစတိုင်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ငွေကြေးဖောင်းပွမှုတို့ လိုငွေပြမှုတို့ဟာ တစ်ခြားပညာရှင်တွေအတွက်သာပြဿနာဖြစ်ပြီးတကယ့်နိုင်ငံရေးသမားတစ်ယောက်အတွက် ပြဿနာမဟုတ်ဘူးလို့ထင်မြင်နေတယ်။ ဒါကြောင့် သူဟာ အဲဒီပြဿနာတွေဟာ တစ်ခြားသက် ဆိုင်ရာပညာရှင်တွေ ကိုင်တွယ်ရမယ့်ပြဿနာတွေပဲဖြစ်တယ်။ ဒါဟာဒီမိုကရစ်တစ် ခေတ်ဦး ဖြစ်ပြီး ရှုပ်ထွေးတဲ့အဖြစ်အပျက်တွေအများကြီးကို တွေ့ကြုံခဲ့ရတာကြောင့် သိမြင်နိုင်စွမ်းလို အခြေခံကျတဲ့ နယ်ပယ်တွေမှာ ဒီမိုကရေစီဖြစ်ထွန်းမှုကိုအားပေးဖို့၊ ကိုယ်တိုင်ကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံတွေကိုနားလည်ပြီး ဆက်လက်ဖြန့်ဝေပေးဖို့အတွက် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုတွေပြုလုပ်ဖို့ သဘောထားတွေရှိခဲ့ကြတယ်။ သူကတော့ ကျွေးလုပ်နိုင်ခဲ့တယ်လို့ ပြောပေမယ့် ဒီကိစ္စမှာ ကျွေးဟာ ရာအူးလ်နဲ့ အောင်မြင်အောင်မပူးပေါင်းနိုင်ခဲ့ဘူး။ ကျွေးသူ့ကို လာတာဘလာဒါမှာ လုပ်ကြံမှုဖြစ်လိမ့်မယ်လို့ ကြိုတင်သတိပေးခဲ့တယ်။

ကျွေး ကားလို့စ်အန်းဒရက်စ်ပီရက်ဇ် (ဗင်နီဇွဲလားသမ္မတ၊ ၁၉၇၄-၇၉ နဲ့ ၁၉၈၉-၉၃) ကို လည်း ၁၉၉၁ ခုနှစ် နိုဝင်ဘာလမှာ ကျွေးတို့မှာ အရေးကြီးတဲ့သတင်းအချက်အလက်တွေရထား တယ်လို့ သတင်းပေးပို့ခဲ့သေးတယ်။ လုပ်ကြံမှုဟာ နှစ်ပိုင်းအထိကြာတော့မှာမဟုတ်ဘဲ ရက်

သတ္တပတ်အနည်းငယ်အတွင်းဖြစ်တော့မယ်ဆိုတာကို ကျုပ်တို့သိနေခဲ့တယ်။ ဒါပေမယ့်လည်း သူက ဒီကိစ္စကို သူသိတယ်ဆိုတာနဲ့ စိတ်မပူဖို့လူလ္ဘတ်ပြီး ပြန်ပြောလာတယ်။ ဒါဟာ ဟူဂို ချာဗက်နဲ့အဖွဲ့ နန်းတော်ထဲကို သေနတ်တွေပစ်ဖောက်ပြီးဝင်မလာခင် ငါးပတ်၊ ခြောက်ပတ် လောက်အလိုမှာ ဖြစ်ခဲ့တာဖြစ်ပြီး သူကတော့ ကျုပ်တို့ကို စိတ်မပူဖို့ပဲ တိုက်တွန်းခဲ့တယ်။ ကျုပ်တို့ဟာ ဒီသတင်းတွေကို စပိန်ကနေထုတ်ပယ်ခံလိုက်ရပြီးတဲ့နောက် ဗင်နီဇွဲလားမှာအခြေ ချပြီး ဗင်နီဇွဲလားတပ်မတော်ရဲ့ လုံခြုံရေးစနစ်ထဲမှာဝင်နေတဲ့ ETA (လက်နက်ကိုင်ဘက်ကေး အမျိုးသားရေးဝါဒီနဲ့ ခွဲထွက်ရေးအဖွဲ့များ) က လူတွေကို ခြေရာခံလိုက်နေတဲ့သူ ငါးယောက်စီက ရရှိခဲ့တာဖြစ်တယ်။ ဒါကိုလည်း ကျုပ်ကားလို့စ်အန်းဒရက်စ်ကို ပြောပြခဲ့တယ်။ ဒါပေမယ့် သူကတော့ ဂရုမစိုက်ခဲ့ဘူး။ သမ္မတတိုင်းမှာ သူတို့ရဲ့အကျင့်ကလေးတွေရှိကြတယ်။ ကား လို့စ်မီနမ် (အာဂျင်တီးနားသမ္မတ၊ ၁၉၈၉-၉၉) ကျတော့လည်း ကွဲပြားစွာပဲ သူရဲ့သက်တမ်းစတဲ့ ပထမနေ့ကတည်းက ပြည်တွင်းထောက်လှမ်းရေးလုပ်ငန်းတွေအားလုံးကို ထိန်းချုပ်ဖို့ လိုလား ခဲ့တယ်။

နောက်ထပ် ဒီမိုကရက်တစ်အကူးအပြောင်းဖြစ်စဉ်တွေရဲ့ ကွဲပြားခြားနားချက်တွေကို ထင်ဟပ်စေမယ့် ဇာတ်လမ်းတစ်ပုဒ်က ဗက်လက်ဗ်ဟာဗဲလ် (ချက်ကိုစလိုဗက်ကီးယားရဲ့ နောက်ဆုံးသမ္မတ)၊ ၁၉၈၉-၉၂ နဲ့ ချက်ပြည်ထောင်စုရဲ့ပထမဆုံးသမ္မတ ၁၉၉၃-၂၀၀၃)နဲ့ ကြုံတွေ့ခဲ့တာ။ ခွဲထွက်ရေးကိစ္စတွေ ဖြစ်မလာသေးခင် ချက်နဲ့ဆလိုဗက်ကီးယားတို့ တရားဝင် အတူပူးတွဲရှိနေတုန်းကပေါ့။ ကျုပ်တို့မှာ ယုံကြည်မှုနဲ့ ချစ်ခင်မှုတွေ အပြန်အလှန်ရှိခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူက နိုင်ငံရေးလောကထဲကို ယဉ်ကျေးမှုကမ္ဘာဖြစ်တဲ့ ပြဇာတ်ရုံကနေ ကူးပြောင်းဝင်ရောက်လာလို့ပဲ။ အပြောင်းအလဲဖြစ်စဉ်တွေထဲက ကိစ္စတစ်ခုနဲ့ပတ်သတ်လို့ အသေးစိတ်ဆွေးနွေး၊ သုံးသပ်မှုတွေ ပြုလုပ်နေတဲ့အချိန်မှာ ကျုပ်က အလည်အပတ်ရောက်ရှိ သွားခဲ့တယ်။ ၁၉၆၈ ခုနှစ်မှာ ရုရှားတင့်ကားတွေကြောင့် အစိုးရအဖွဲ့ရဲ့အကြီးအကဲနေရာကနေ ပြုတ်ကျခဲ့တဲ့ အလက်ဇန္ဒာဒူဘာက်ခ် (ချက်ကိုစလိုဗက်ကီးယားကွန်မြူနစ်ပါတီရဲ့ ပထမဆုံး အတွင်းရေးမှူး၊ ၁၉၆၈-၆၉နဲ့ လွတ်တော်ဥက္ကဋ္ဌ၊ ၁၉၈၉-၉၂) ကြောင့် ပြီးဆုံးသွားခဲ့တဲ့ အုပ်ချုပ် ရေးကာလတုန်းက ပြီးခဲ့တဲ့ကွန်မြူနစ်အစိုးရလက်ထက်က အရာရှိတွေရဲ့ နောက်ကြောင်းကို စစ်ဆေးဖို့ ဥပဒေအတွက် ဆွေးနွေးမှုတွေရှိခဲ့တယ်။ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နဲ့ အပြန် အလှန်ဆွေးနွေးမှုတွေ ပေါ်ထွက်လာစေတဲ့ အဲဒီဥပဒေကို ဆွေးနွေးနေတဲ့အချိန်မှာ ဘယ်သူက ပိုပြီး တောင်းဆိုသလဲဆိုတာကို မြင်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ တောင်းဆိုမှုတွေပိုများ လေလေ၊ ဒါဟာ ဒီမိုကရေစီအလိုလားဆုံးသူလို့ ခင်ဗျားပိုမြင်ရနိုင်လို့ပဲဖြစ်တယ်။ ဒါပေမယ့် နောက်ဆုံးတော့ တောင်းဆိုမှုအများဆုံးဆိုတဲ့သူတွေက ဒီမိုကရေစီမဆန်ဆုံး သူတွေပဲဖြစ်ကြ တယ်။ ၁၉၆၈ခုနှစ်မှာ အစိုးရရဲ့အကြီးအကဲတစ်ယောက်အနေနဲ့ ဒူဘာက်ခ်က သူ့လုပ်ခဲ့တာတွေ အတွက် တာဝန်ခံဖို့ကိုပါ တောင်းဆိုခဲ့တာကိုကြည့်ရင် ဆုံးရှုံးစရာပိုများတဲ့သူတွေက တာဝန်ခံမှု ကို ပိုပြီးအသည်းအသန်တောင်းဆိုကြတယ်။ သူဟာ ဥပဒေပြုရေးအပိုင်းမှာ တာဝန်ယူထားရတဲ့

သူဖြစ်တာကြောင့် အရာရှိတွေရဲ့နောက်ကြောင်းကို စစ်ဆေးတဲ့ဥပဒေကို လက်မှတ်ထိုးပြီး အတည်ပြုပေးခဲ့ရတယ်။

ကျုပ်တရားဝင်အလည်အပတ်သွားခဲ့တုန်းက ဆလိုဗက်ဘက်ပိုင်းမှာ ဗက်လက်ဗ်ဟာဗဲလ်နဲ့ တွေ့ဆုံခဲ့တယ်။ သူက ကျုပ်ဒုဘက်ခ်နဲ့ စကားပြောဖူးတယ်ဆိုတာကို သိထားတယ်။ သူက ဒုဘက်ခ်ကို စပိန်ရဲ့အသွင်ကူးပြောင်းရေးကာလအကြောင်း ကျုပ်ဘာတွေပြောပြခဲ့တယ်ဆိုတာ အလွန်စိတ်ဝင်စားကြောင်းပြောပြခဲ့တယ်။ ကျုပ်ကလည်း ဒီဇာတ်လမ်းတွေက စပိန်အသွင် ကူးပြောင်းရေးကာလရဲ့ စရိုက်သဘာဝတွေကို ထုတ်ဖော်ပြသနိုင်တယ်လို့ ယုံကြည်တဲ့အတွက် တုံ့ဆိုင်းခြင်း မရှိဘဲပြောပြခဲ့တယ်။ ကျုပ် ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့မှာ စတင်တာဝန်ထမ်းဆောင်ခဲ့တယ်။ ၁၉၈၃ ဇန်နဝရီလ ၅ ရက်နေ့မှာ ကျုပ်ဇနီးရဲ့အဖေ ဆုံးသွားခဲ့တယ်။ ဒါကြောင့် ကျုပ် ဗျာပနအခမ်းအနားကို တက်ဖို့ သမ္မတသုံးအထူးလေယာဉ်နဲ့ မက်ဒရစ်ကနေ ဆီးဗီးလားကိုသွားခဲ့တယ်။ ကျုပ်ဆီး ဗီးလားလေဆိပ်ကို ရောက်တော့ အကြီးတန်းရဲအရာရှိတစ်ယောက်က ကျုပ်ကိုလာတွေ့ပြီး ကျုပ်အဲဒီမှာရှိနေစဉ်အတွင်း သူက ကျုပ်ရဲ့ လုံခြုံရေးအတွက် တာဝန်ယူပေးမှာဖြစ်တယ်ဆိုတာကို လာပြောတယ်။ ကျုပ်က သူ့နာမည်ကို ခေါ်ပြီးလက်ဆွဲနှုတ်ဆက်လိုက်တယ်။ အဲဒါကြောင့် သူ အံ့အားသင့်သွားပြီး ကျုပ်သူ့ကိုသိလားလို့ သူကမေးတယ်။ ကျုပ်ကလည်း သိတဲ့အကြောင်းဖြေလိုက်တယ်။ သူက ၁၉၇၄ တုန်းက ကျုပ်ကို ဖမ်းခဲ့ဖူးတဲ့သူပဲ။ ဖရန်ကို မသေခင်တစ်နှစ်မှာ သူက ကျုပ် ပေါ်တူဂီကနေ ဆီးဗီးလားကို အရောက်မှာ ဖမ်းခဲ့ဖူးတယ်။ ကျုပ်က နယ်စပ်ကို တရားမဝင်ဖြတ်ကူးခဲ့တာဖြစ်ပြီး သူတို့ကျုပ်ကို စောင့်နေတဲ့ ဆီးဗီးလားကိုအရောက်မှာတော့ ခုနကကိစ္စအတွက် သူတို့ကျုပ်ကိုဖမ်းခဲ့တယ်။ လွန်ခဲ့တဲ့ ၇ နှစ်က သူဖမ်းခဲ့တဲ့လူအတွက် အခုသူက လုံခြုံရေးအကြီးအကဲ အဖြစ်တာဝန်ယူနေရတယ်ဆိုတာကို သဘောပေါက်သွားတဲ့အခါ အဲဒီအရာရှိ ဘာပြောရမှန်းမသိဖြစ်သွားတယ်။ ဗက်လက်ဗ်ဟာဗဲလ်က ကျုပ်ကိုပြောခဲ့တယ်။ "အခုတော့ စပိန်မှာ ဘယ်လိုဖြစ်နေသလဲဆိုတာ ကျွန်တော်ပိုသိသွားပြီ"လို့။ ကျုပ်ကို ကာကွယ်နေတဲ့သူက ခိုးဆိုးလုယက်မှုတွေကို စုံစမ်းရတဲ့ အမျိုးသားရဲတပ်ဖွဲ့က မဟုတ်ဘဲ နိုင်ငံရေးဆိုင် ရာရဲတပ်ဖွဲ့ကဖြစ်တယ်။

ဒါကြောင့် ခင်ဗျားနားလည်ထားရမှာက အပြောင်းအလဲအတွက် ဘယ်အင်အားစုတွေက အပေါင်းလက္ခဏာဆောင်တဲ့ နိုးကြားမှုတွေကို ဖန်တီးပေးနိုင်စွမ်းရှိသလဲဆိုတာပဲ။ အဲဒီအင်အားစုတွေဟာ ခင်ဗျားရဲ့သက်တမ်းအတွင်းနဲ့အလွန်မှာ အာဏာအပြန်အလှန်ဆက်နွယ်အလုပ်လုပ်နေတဲ့အပေါ်မှာ မူတည်တယ်။ အရင်အာဏာရှင်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သူတွေဟာ လုံးဝကို ငြင်းဆန်ပယ်ရှားပစ်ရမယ်လို့ ဆုံးဖြတ်ခဲ့သလား၊ မဆုံးဖြတ်ခဲ့ဘူးလားဆိုတဲ့အပေါ်မှာ လည်း အထိုက်အလျောက်မူတည်တယ်။ အဲဒီလိုသာ ဖြစ်ခဲ့ရင်တော့ နည်းလမ်းကျတဲ့ ဒီမိုကရက်တစ်အကူးအပြောင်းကို ဖြစ်လာစေနိုင်တဲ့ အမျိုးသားသဘောတူညီမှုကြီးဆီ ရောက်ရှိဖို့ အတွက် မကျော်လွှားနိုင်တဲ့ အတားအဆီးဖြစ်လာမှာဖြစ်တယ်။ နေရာတိုင်းမှာ ဒီလိုပဲ ဖြစ်လိမ့်

မယ်လို့ ကျေပ်ပြောတာမဟုတ်ဘူး။ ကျေပ်ပြောချင်တာက ဒီမိုကရက်တစ်အကူးအပြောင်းဟာ အောင်မြင်မှုဘယ်လောက် ရရှိသလဲဆိုတာကိုပါ။

## ကျူးဘားတွင် ဖြစ်လာနိုင်သော အပြောင်းအလဲများ

*ခင်ဗျားက ကျူးဘားကို အုပ်ချုပ်နေသူတွေနဲ့ အနာဂတ်အကြောင်းတွေးခေါ်တဲ့ ပိုင်ယဲတဲ့ မျိုးဆက်တွေကြားက သက်တမ်းခြားနားချက်ကို ညွှန်းခဲ့တယ်နော်။ ကက်စ်ထရိုဗီနောင်က အနာဂတ်ဆီသွားဖို့ ကြိုးစားချင်တဲ့လက္ခဏာ လုံးဝမပြဘူး။ ကျူးဘားအကူးအပြောင်းဖြစ်စဉ်ရဲ့ အနေအထားတွေကို ခင်ဗျားဘယ်လိုမြင်လဲ။*

ကမ္ဘာအနှံ့မှာအောင်မြင်ပြီး နိုင်ငံတွင်းမှာ ကျရှုံးခဲ့တဲ့ ဂေါ်ဘာချော့ဗ်ရဲ့ အာဏာရမှုကနေ ဖြစ်ပေါ်လာတဲ့ ထူးခြားတဲ့ အခြေအနေတွေကို ကျူးဘားမှာမြင်နေရပါတယ်။ သူက သမိုင်းဝင် အပြောင်းအလဲကို ယူဆောင်လာခဲ့တာကြောင့် ကမ္ဘာ့လူထုရဲ့ ၈၀ ရာခိုင်နှုန်းလောက်က သူ့ကို အထင်ကြီးလေးစားထောက်ခံကြပေမယ့် ရုရှားပြည်သူလူထုရဲ့ တစ်ရာခိုင်နှုန်းကသာ သူ့ကို ထောက်ခံခဲ့ကြတာကြောင့် သူတော်တော်နစ်နာသွားလို့ ဆိုရမှာပါ။ ကျူးဘားအစိုးရအဖွဲ့ထဲမှာ လည်း ရုရှားလိုပါပဲ။ သူ့ကို တစ်ရာခိုင်နှုန်းလောက်ကပဲ အသိအမှတ်ပြုကြပါတယ်။ ဂေါ်ဘာ ချော့ဗ်ရဲ့ ပေါ်လစီနဲ့ ဘာလင်တံတိုင်းပြိုကျမှုရဲ့ အကျိုးဆက်တွေကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ ၁၉၉၁ အရေးအခင်းမှာဆိုရင် ကျူးဘားဟာ အခုရုရှားဖြစ်သွားပြီဖြစ်တဲ့ ဆိုဗီယက်ရဲ့ ပစ်ပယ် ထားခြင်းကို ခံလိုက်ရတယ်။ ဗီဒယ်လ်ဟာ ပြဿနာကို သူ့ကိုယ်ပိုင်နည်းနဲ့ အဖြေရှာဖို့ ကြိုးစား လာခဲ့တယ်။ ကွဲပြားတဲ့အမြင်တစ်မျိုးရှိတဲ့ အာဏာမျိုးဆက်တစ်ခု ပေါ်ထွက်လာတာကို သူ အားပေးခဲ့တယ်။ ဒါပေမဲ့ တော်လှန်ရေးလမ်းစဉ်ကိုတော့ ဆက်လက်ထိန်းသိမ်းထားခဲ့တယ်။ ၁၉၉၁-၉၂ လောက်မှာ တံခါးဖွင့်စနစ်ကို ဖော်ဆောင်ဖို့အတွက် ကြိုးစားမှုအမျိုးမျိုး ရှိခဲ့ပေမဲ့ သူတို့ ဦးတည်ချက်ပျောက်သွားခဲ့ပြန်တယ်။ စီးပွားရေးကဏ္ဍမှာ အလွန်ထဲထဲဝင်ဝင်ပါဝင် ပတ်သက်နေတဲ့ ကားလို့စ်ဆော်ချာဂါ (စက်မှုနှင့်စွမ်းအင်ဝန်ကြီး ၁၉၈၂-၈၅) စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ၁၉၈၅-၉၃) လို ကျေပ်တို့ဆီက ပုဂ္ဂိုလ်တစ်ချို့က စီးပွားရေးပွင့်လင်းမှုအဆင့် တစ်ခုရရှိဖို့အတွက် ဗီဒယ်လ်နဲ့ စကားပြောခဲ့ပေမယ့် ပုဂ္ဂလိကဝင်ငွေရှာဖွေမှုအတွက် ခြေလှမ်း စနေတဲ့ လူတွေကြီးပွားနေတာကိုသိပြီး ဗီဒယ်လ်အရမ်းဒေါသထွက်သွားခဲ့တယ်။ အဲဒီအရင်းရှင် ခြစားမှုရဲ့ ရင်းမြစ်တွေကိုလည်းပိတ်ပင်ဖြတ်တောက်ခဲ့ပြီး နောက်ကြောင်းပြန်မှုတွေဖြစ်လာ တော့တယ်။

၁၉၉၅ ခုနှစ်၊ ကျေပ်အစိုးရအဖွဲ့ထဲမှာ နောက်ဆုံးရှိခဲ့တဲ့နှစ်တုန်းက ကျေပ်ဟာ ဥရောပ သမဂ္ဂရဲ့အလှည့်ကျဥက္ကဋ္ဌ နေရာကိုယူခဲ့ရတယ်။ အဲဒီတုန်းက ကျေပ်ဟာအမေရိကန်ရဲ့ ပြင်းထန် တဲ့တားမြစ်ကန့်ကွက်မှုတွေကြားက ကျူးဘားနဲ့ ဥရောပသမဂ္ဂအကြားမှာ နှစ်ဖက်သဘော တူညီမှုရရှိဖို့ ကြိုးစားခဲ့တယ်။ အဲဒါက ဥရောပသမဂ္ဂနဲ့ ဗီယက်နမ်တို့အကြားက နှစ်ဖက်သဘော

တူညီချက်လိုမျိုးရှိပြီးသား သဘောတူညီချက်ပုံစံတွေအပေါ် အခြေခံခဲ့တာဖြစ်တယ်။ ရာအူးလ်ကက်စ်ထရိုဟာ ဗီယက်နမ်ပုံစံကို နှစ်သက်တယ်ဆိုတာကို တွေ့ရှိနိုင်တယ်။ ရာအူးလ်ကက်စ်ထရိုအနေနဲ့ တရုတ်ပုံစံဟာ အလှမ်းဝေးလွန်းနေတယ်လို့ထင်မြင်ခဲ့ပေမဲ့ စီးပွားရေးအရ လျင်လျင်မြန်မြန်တိုးတက်နေပြီး တစ်ပါတီထဲကလည်း အာဏာကိုချုပ်ကိုင်ထားတဲ့အပြင် ဥရောပသမဂ္ဂလို အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်သလို ဥရောပဘဏ်တွေကနေ ချေးငွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ရရှိနေသေးတဲ့ ဗီယက်နမ်ရဲ့အောင်မြင်မှုက အရေးပါတယ်ဆိုတာကိုတော့ သဘောပေါက်ခဲ့တယ်။

ဘာရီလိုချီ (အာဂျင်တီးနား) မှာ ၁၉၉၅ အောက်တိုဘာလအတွင်းကျင်းပခဲ့တဲ့ အီဘာရို-အမေရိကထိပ်သီး ဆွေးနွေးပွဲမှာ ကျုပ်ဟာ ဗီဒယ်လ်ကက်စ်ထရိုနဲ့ ဖြစ်နိုင်ချေရှိတဲ့ သဘောတူညီချက်တွေအတွက် နောက်ဆုံးတစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဒီဇင်ဘာမှာလုပ်မယ့် ဥရောပကောင်စီအစည်းအဝေးဟာ ကျုပ်ရာထူးမလွဲခင်အတွင်း နောက်ဆုံးအစည်းအဝေးဖြစ်ခဲ့တယ်။ ဗီဒယ်လ်နဲ့စကားပြောတဲ့အခါဒီတစ်ကြိမ်ဟာ ဥရောပသမဂ္ဂနဲ့နှစ်ဦးသဘောတူညီချက်မှာ လက်မှတ်ထိုးဖို့ နောက်ဆုံးအခွင့်အရေးဖြစ်တယ်ဆိုတာကို ထည့်ပြောခဲ့တယ်။ အဲဒီလိုလက်မှတ်ရေးထိုးဖို့ကို ကျူးဘားနဲ့ ဆက်ဆံရေးဖွင့်လှစ်ဖို့လက်မခံတဲ့ ဥရောပအရှေ့ဖျားနိုင်ငံတွေက ကန့်ကွက်မှုပေါင်းများစွာ ပြုလုပ်လာနိုင်တဲ့ကြားက ဆွေးနွေးခဲ့တာဖြစ်တယ်။ သဘောတူညီချက်ရဲ့အဓိက သော့ချက်နှစ်ခုကတော့ စီးပွားရေးနဲ့နိုင်ငံရေးပဲ။ ပထမဆုံး ကျူးဘားအနေနဲ့ အခြေခံစီးပွားရေးပွင့်လင်းလာဖို့ အကောင်အထည်ဖော်ရမယ်။ ပြည်သူတွေရဲ့လူမှုဘဝကို တိုးတက်စေခြင်းနဲ့အတူ လျင်မြန်တဲ့ဖွံ့ဖြိုးမှုတွေကို ဖန်တီးပေးနိုင်တဲ့ နိုင်ငံတော်က အရင်းကိုပိုင်ဆိုင်တဲ့စီးပွားရေးပုံစံအပေါ်မှာ အခြေခံထားတဲ့ ဗီယက်နမ်ပုံစံအတိုင်းပေါ့။ နိုင်ငံရေးအရဆိုရင်တော့ ပြုပြင်ပြောင်းလဲဖို့လိုအပ်နေတဲ့ ရာဇဝတ်မှုပုဒ်မတွေကို ပြုပြင်ရမယ့်အချက်ဖြစ်ပြီး ဒီအချက်ကို ဗီယက်နမ်တွေကတော့ လိုလိုလားလားလက်ခံခဲ့တယ်။ တော်လှန်ရေးကိုဆန့်ကျင်တဲ့ ရာဇဝတ်မှုဆိုတာတွေကို ဥပဒေထဲက ဖယ်ရှားပစ်ရမယ်။ ဒီစိတ်ကူးဟာ တစ်ဦးချင်း အလိုက်လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ကို အာမခံချက်ပေးမှာဖြစ်တယ်ဆိုတာ ကျုပ်ပြောနိုင်တယ်။ ပါတီစုံနိုင်ငံရေး စနစ်ကိုတော့ အဲဒီသဘော တူညီချက်ထဲမှာ ထည့်သွင်းမတောင်းဆိုခဲ့ဘူး။ အဲဒီအချက်ကို ဗီယက်နမ်မှာလည်း မတောင်းဆိုခဲ့ဘူး။ အုပ်ချုပ်မှုအပေါ် ဝေဖန်တဲ့ ပြည်သူတွေကို ထောင်ထဲမပို့ဖို့အတွက်ပဲ သဘောတူညီချက်က ရပ်တည်ခဲ့တယ်။ ဒါကြောင့် လွတ်လပ်စွာထုတ်ဖော်ခွင့်နဲ့ လွတ်လပ်စွာဝေဖန်ခွင့်ကို ရရှိမှာဖြစ်တယ်။ အဲဒီသဘောတူညီချက်ကြောင့် တိုးတက်မှုတွေအများကြီးဖြစ်ခဲ့ပြီး ပြင်သစ်နိုင်ငံတော်ကောင်စီက အဲဒီပြုပြင်ပြောင်းလဲရေး အစီရင်ခံစာကို မူကြမ်းအဖြစ်အကောင်အထည်ဖော်ခဲ့တယ်။ တစ်ခြားသော အချက်အလက်တွေကြောင့် ခက်ခဲတဲ့ဆွေးနွေးမှုဖြစ်ခဲ့ပေမယ့် ၁၉၉၅ ဘာရီလိုချီဆွေးနွေးပွဲကနေ သဘောတူညီချက်ဖြစ်ဖို့လမ်းစတွေ ပေါ်လာခဲ့တယ်။

ဒီဇင်ဘာမှာ ကျုပ် ဥရောပကောင်စီကိုသတင်းပို့ခဲ့ပြီး ဖေဖော်ဝါရီလမှာတော့ ဖီဒယ်လ်ဟာ မိုင်ယာမီကနေ ဟာဗားနားအပေါ်ကိုရောက်ရှိလာပြီး ဝါဒဖြန့်တဲ့လက်ကမ်းစာစောင်တွေ ကျဲချတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ လေယာဉ်ငယ် ၂ စင်းကိုပစ်ချဖို့ ဆုံးဖြတ်ခဲ့တယ်။ သူအဲဒီလို လုပ်လိုက်တာနဲ့ တပြိုင်နက်သဘောတူညီချက်ရရှိနိုင်စရာ ဖြစ်နိုင်ချေတွေရော၊ ဆွေးနွေးမှုတွေပါ ပျောက်ကွယ်သွားတော့တယ်။ ဒါဟာ သူမလိုချင်တဲ့ ရရှိလာမယ့်အကျိုး ဆက်တွေအများကြီးပါဝင်တဲ့ ကတိပြုချက်ကို ဖီဒယ်လ်ဘယ်လို ဖြေရှင်းလိုက်သလဲဆိုတာပဲ။ ကျူးဘားမှာမှာ လွတ်လပ်ခွင့် မရှိရင်တောင်မှ လူတွေက ကိုယ့်ဖာသာကျင့်သုံးနေကြတယ်လို့ ဖီဒယ်လ်က ယူဆတယ်။ ဒါဟာ ဗီယက်နမ်နဲ့မတူတဲ့အချက်ပဲ။ ဗီယက်နမ်တို့ တရုတ်တို့ဆိုတာထက် အောက်အုပ်ချုပ်တဲ့ လူအဖွဲ့အစည်းမျိုးဖြစ်ပြီး အုပ်စုဆုံးဖြတ်ချက်က တစ်ဦးချင်းလွတ်လပ်ခွင့်ကို အမြဲတမ်းအနိုင်ရတယ်။ ဒါကြောင့် လွတ်လပ်ခွင့်ကိုတောင်းဆိုတာမျိုးဟာ လူနည်းစုအခြေအမြစ်ကပြောင်းလဲလိုသူတွေကိုသာ ဆွဲဆောင်နိုင်မှာဖြစ်တယ်။ ကျူးဘားကတော့ လုံးဝကွဲပြားခြားနားတဲ့ လူအဖွဲ့အစည်းတစ်ခုပါပဲ။

## ခေတ်ပြိုင် အသွင်ကူးပြောင်းရေးဖြစ်စဉ်များ

*စပိန်ရဲ့အသွင်ကူးပြောင်းရေးအတွေ့အကြုံတွေက ခေတ်ပြိုင်အကူးအပြောင်းဖြစ်စဉ်တွေအတွက် ဘယ်လိုအဆင်ပြေစေသလဲ။*

ဒါကို ခင်ဗျားချုံ့ပြီး ပြောလို့ရမှာမဟုတ်ဘူး။ ဖြစ်စဉ်တစ်ခုချင်းစီက သီးခြားစီဖြစ်တယ်။ ကျုပ် တူနီးရှားရဲ့ အသွင်ကူးပြောင်းရေးမှာ ပါဝင်ခဲ့ဖူးတယ်။ အဲဒါက မော်ရိုကိုမှာ ဖြစ်ခဲ့တာတွေနဲ့ လုံးဝကွဲပြားတယ်။ ချီလီမှာလည်း ဒီလိုပဲ။ အထက်တန်းလွှာကို ကိုယ်စားပြုတဲ့လူအများစုဟာ ချီလီကနေ နှင်ထုတ်ခံထားရတယ်။ လူတစ်ချို့ပဲ အာဏာပိုင်အစိုးရကို ခုခံကြတယ်။ အရေးအကြီးအဆုံးကတော့ နိုင်ငံကနေထွက်သွားဖို့ ဖိအားပေးခံရတာပဲ။ တစ်ခါတစ်ရံ တူနီးရှားမှာလည်း ဒါမျိုးတွေဖြစ်ခဲ့ဖူးတယ်။ လူလတ်တန်းစားတွေက အာဏာပိုင်တွေနဲ့ မပူးပေါင်းခဲ့ကြဘူး။ အစိုးရကလည်း လူလတ်တန်းစားတွေကို ရှင်းထုတ်ပစ်ဖို့ စိတ်မဝင်စားခဲ့ဘူး။ သူတို့ရဲ့တည်မြဲရေး၊ သူတို့ရဲ့လုပ်ငန်းတွေနဲ့ သူတို့ရဲ့ခြစားမှုတွေကိုထိခိုက်မှာ မဟုတ်ဘူးလို့ ယူဆတဲ့အတွက် စိတ်မဝင်စားခဲ့တာ ဖြစ်တယ်။ အစိုးရဟာ သူတို့ကိုဆန့်ကျင်တဲ့လှုပ်ရှားမှုတွေကိုသာ အကြမ်းဖက်သမားတွေအဖြစ်အမည်တပ်ပြီး ရှင်းထုတ်ဖို့ကြိုးစားခဲ့ကြပြီး အဲဒီလုပ်ရပ်ကို တကယ်လည်း ဖြစ်မြောက်အောင် အကောင်အထည်ဖော်ခဲ့ကြတယ်။ အနောက်အုပ်စုကလည်း အဲဒီအတွက် တာဝန်ခံမယ့်သူကို မရှာဖွေခဲ့ဘူး။ အယ်လ်ဂျီးရီးယားမှာ ဖြစ်ခဲ့တဲ့အတွေ့အကြုံတွေပြီးတဲ့ နောက်မှာ အနောက်အုပ်စုဟာ အဲဒီလိုလုပ်ဖို့ အလွန်ဝန်လေးသွားခဲ့တာဖြစ်တယ်။

ပထမပင်လယ်ကွေ့စစ်ပွဲအပြီး ၁၉၉၅ မှာ ငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် မြေထဲပင်လယ်ဒေသနဲ့ ပူးပေါင်းလုပ်ဆောင်မှုပေါ်လစီသစ် သဘောတူညီချက်

တွေမှာ ကျုပ်ပါဝင်ခဲ့တယ်။ ကျုပ်တို့ဟာ မော်ရိုကိုကစလို့ ဆီးရီးယားအထိ စိုးရိမ်စရာအခြေ အနေရှိတဲ့ နိုင်ငံတွေအားလုံးနဲ့ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရရှိနိုင်မယ့် ဥရောပပေါ်လစီကို ပုံစံထုတ်ခဲ့ကြတယ်။ အဲဒီသဘောတူညီချက်မှာ အပိုင်းသုံးပိုင်းပါဝင်တယ်။ ပထမတစ်ပိုင်းမှာ စီး ပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနဲ့လစ်ဘရယ်ပြောင်းလဲ ခြင်းတို့ပါဝင် တယ်။ နောက်တစ်ပိုင်းကတော့ လုံခြုံရေးနဲ့သက်ဆိုင်ပြီး တတိယတစ်ပိုင်းကတော့ ဒီမိုကရက် တစ် အခြေအနေတွေနဲ့ဆိုင်တယ်။ ၁၉၉၀ ခုနှစ်များရဲ့ ဒုတိယပိုင်းမှာ အနောက်အုပ်စုဟာ နိုင်ငံ တကာအကြမ်းဖက်ဝါဒရဲ့ခြိမ်းခြောက်မှုကို တကယ့်ကိုစိုးရိမ်ခဲ့တဲ့အတွက် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းနဲ့ ဒီမိုကရက်တစ်လွတ်လပ်ခွင့်တို့လို တွဲလျက်ရှိနေတဲ့အချက်တွေကို ချန်ထားခဲ့တယ်။ ဒါကြောင့် နိုင်ငံအကြီးအကဲတွေနဲ့ လုံခြုံရေးကို အာမခံချက်ပေးတဲ့ အာဏာ ရှင်တွေကို အနောက်အုပ်စုက လွတ်လပ်မှုနဲ့ပတ်သတ်လို့ မေးခွန်းထုတ်တဲ့အခြားနည်းလမ်း ရှာဖွေခဲ့တယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးမှုဟာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကိုလိုလားတဲ့ အုပ်စိုး သူလူတန်းစားအကြားမှာ အလွန်ကိုရှုပ်ထွေးခဲ့တယ်။ လူနည်းစုအုပ်စုလေးတွေ အများကြီးရှိပေမဲ့ ကျုပ်ကတော့ တွေ့ဆုံဆွေးနွေးမှုကို ရှေ့ဆက်နိုင်အောင် ကြိုးစားခဲ့တယ်။ ပြင်သစ်တို့က တူနီး ရှားကူးပြောင်းရေးဖြစ်စဉ်ကို ထောက်ပံ့ဖို့ပျက်ကွက်ခဲ့တာကြောင့် လစ်ဗျားမှာ ကြားဝင်မှုတွေလုပ် ခဲ့ရတာပဲ။ ဒီမိုကရက်တစ်ဖြစ်စဉ်တွေ ဘေးရောက်သွားပြီဆိုတာ သဘောပေါက်သွားတဲ့အခါ သူတို့တကယ်ကို ဒေါသထွက်ခဲ့ကြတယ်။

လူထုက ပြင်သစ်နဲ့ဘင်အလီ အစိုးရအဖွဲ့တို့ရဲ့ ဆက်ဆံရေးကို လက်မခံခဲ့ကြဘူး။ ပြင်သစ်အတွက်က တူနီးရှားဟာ သူ့ကိုယ်ပိုင်နယ်မြေပဲ။ တူနီးရှားယဉ်ကျေးမှုကလည်း သူတို့ ယဉ်ကျေးမှုပဲ။ တော်လှန်မှုတွေစတင်တဲ့ အခါမှတော့ စပိန်သံအမတ်က ဘာပြဿနာမှမရှိဘဲ ချောချောမွေ့မွေ့ရှိခဲ့ပေမဲ့ ပြင်သစ်သံအမတ်ကို မတွေ့ရတော့ဘူး။ ဒါကြောင့် တော်လှန်ရေးမှာ ပါဝင်နေတဲ့ လူငယ်တွေနဲ့ ကျုပ်တွေ့ဆုံစကားပြောနိုင်ခဲ့တယ်။ ဂျင်နီကို ပုလင်းထဲကထုတ်ခဲ့တဲ့ သူတွေပေါ့။တကယ်တမ်းကျတော့ သူတို့ဟာတော်လှန်ရေးကိုဦးဆောင်နေတဲ့သူတွေမဟုတ်ကြ ဘူး။ ဦးဆောင်နေတာက အဲဒီဒေသမှာ အဖွဲ့အစည်းတွေရှိရင်းစွဲဖြစ်တဲ့ အစွဲလာမ်တွေနဲ့ တစ်ချို့နေရာတွေမှာတော့ ဒေသဆိုင်ရာနိုင်ငံရေးပါတီတွေက ဦးဆောင်နေခဲ့တယ်။ သူတို့ အချင်းချင်းကြားမှာလည်း မယ်မယ်ရရသဘောတူညီမှုရှိမနေဘူး။ အပြောင်းအလဲကာလရဲ့ အဓိကဈာတ်ဆောင်မဖြစ်လာသေးခင်ကတည်းက ကျုပ်သိလာခဲ့တဲ့ အရေးပါတဲ့ပုဂ္ဂိုလ်တွေနဲ့ လည်း ကျုပ်အမြဲထိတွေ့ခဲ့ရတယ်။ သဘောထားမျှတပြီး၊ ဒီမိုကရက်တစ်ဆန်တယ်လို့ မှတ်ယူ ခံရအောင် ကြိုးစားနေတဲ့အစွဲလာမ်အဖွဲ့အစည်းတွေနဲ့ ကျုပ်စကားပြောခဲ့ရတယ်။ ဥပမာအား ဖြင့်ဆိုရင်အာရပ်ကမ္ဘာထဲမှာအခုအချိန်အထိတွေ့ကြုံနေရတဲ့အမျိုးသမီးထုအခွင့်အရေးကိစ္စကို စတေးမပစ်ပါဘူးလို့ ကတိပေးတတ်တဲ့ သူမျိုးတွေပေါ့။ အဲဒီအချိန်အထိ တော်လှန်ရေးရဲ့ အဓိကဈာတ်ဆောင် တွေဟာ အီဂျစ်မှာလိုပဲ ပျောက်ကွယ်နေခဲ့ကြတယ်။ သာရှားရင်ပြင်မှာရှိ နေခဲ့ကြတဲ့သူတွေဟာ သူတို့တောင်းဆိုနေတာက ဘာလဲဆိုတာကို တိတိကျကျမသိဘဲ

အသည်းအသန်တောင်းဆိုနေခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်လှန်ရေးအပြီးပြုလုပ်တဲ့ မဲဆန္ဒခံယူမှုက သဘောထားမျှတသူ ၄၀ ရာခိုင်နှုန်းနဲ့ သဘောထားတင်းမာသူ ၂၀ ရာခိုင်နှုန်း ထောက်ခံတဲ့ အသစ်ပေါ်ပေါက်လာတဲ့အစ္စလာမ်အင်အားစိုကို အုပ်ချုပ်ခွင့်ပေးလိုက်လို့ပဲ။ သဘောထားပြင်းထန်သူတွေတောင် အာဏာကနေဖယ်ရှားခံရနိုင်တဲ့အချိန်မှာ သဘောထားမျှတသူပါဆိုသူတွေက အာဏာတည်မြဲမှုကိုသေ ချာစေဖို့အတွက် အီဂျစ်ရဲ့တကယ့်အာဏာအင်အားစုတွေနဲ့ သဘောတူညီချက်တွေ ပြုလုပ်နိုင်ခဲ့ကြတယ်။ အဲဒါကတော့ အီဂျစ်စစ်တပ်လေ။

ဒါကြောင့် ကိုယ်နဲ့ဆွေးနွေးဘက်က ဘယ်လိုလူတွေပါဆိုတာကို ပြောဖို့ခက်တယ်။ ဥပမာအားဖြင့် မော်ရိုကိုနဲ့ ဆက်ဆံရေးမှာဆိုရင် နှစ်ပေါင်းများစွာအစိုးရတစ်ပိုင်းဖြစ်ခဲ့တဲ့ ကျုပ်ရဲ့ပါဝင်ဆွေးနွေးသူတွေက မော်ရိုကိုဆိုရှယ် ဒီမိုကရက်တွေဖြစ်နေခဲ့တဲ့အတွက် ကျုပ်စိတ်အနောင့်အယှက်ဖြစ်ခဲ့ရတယ်။ သူတို့ဟာ ဘုရင်ဟက်ဆန်- ၂ ကွယ်လွန်ပြီးတဲ့နောက် အတိုက်အခံအဖြစ်ကနေ အစိုးရရဲ့ အစိတ်အပိုင်းတွေအဖြစ်အသွင် ပြောင်းသွားခဲ့တယ်။ သူတို့ဟာ အမျိုးသားရေးဝါဒပါတီနဲ့ ဒီမိုကရက်တစ်အလေ့အကျင့်တစ်ချို့ရှိတဲ့ နိုင်ငံရေးအင်အားစုတွေနဲ့အတူ အာဏာကို အသုံးချခဲ့ကြတယ်။ ဒါပေမဲ့ ကျုပ်နဲ့သူတို့ရဲ့ဆွေးနွေးမှုတွေက တစ်နေရာတည်းက စခဲ့တယ်။ မော်ရိုကိုရဲ့အခြေအနေမှန်က ပြင်သစ်ရဲ့အခြေအနေတွေနဲ့ အနည်းငယ်တူညီပြီး ပြုပြင်ပြောင်းလဲရေးနဲ့ ခေတ်မီတိုးတက်ရေးဖြစ်စဉ်က ဆော်ဘွန်းတက္ကသိုလ်ဆင်းတွေဆီက စတင်လာတာဖြစ်တာကြောင့် သူတို့ဟာ တိုင်းပြည်အတွက် ဆော်ဘွန်းဆန်လွန်းတဲ့ ပညာတတ်အထက်တန်းလွှာလူတန်းစားတွေဖြစ်ကြတယ်ဆိုတဲ့ အချက်ကနေပေါ့။ ကျုပ် မော်ရိုကို,ကိုရောက်တဲ့အချိန်မှာ သူတို့တွေ မဲဆွယ်ရေးကာလမှာတောင်မသွားခဲ့တဲ့ အနီးတဝိုက်မြို့တွေနဲ့ မြို့စွန်မြို့ဖျားတွေကိုသွားခဲ့ပြီး ပြည်သူတွေဘယ်လိုနေကြသလဲ၊ သူတို့ဘဝတွေဟာ ဘယ်လိုမျိုးလဲဆိုတာ လေ့လာကြည့်ခဲ့တာကြောင့် သူတို့အံ့အားသင့်ခဲ့ကြတယ်။ အကျိုးဆက်ကတော့ နောက်ဆုံးရွေးကောက်ပွဲမှာ မဲတွေကို ပထမဆုံးအမှန်တကယ်ရေတွက်ကြတဲ့အခါ အစ္စလာမ်ဝန်ကြီးချုပ်က ရွေးချယ်ခံခဲ့ရတယ်။ လွတ်လပ်တဲ့ရွေးကောက်ပွဲနဲ့ မဲပေးပြီးရွေးချယ်ခံလိုက်ရတဲ့၊ အစိုးရအဖွဲ့ထဲမှာလည်း အရွေးချယ်ခံလိုက်ရတဲ့ ဝန်ကြီးချုပ်ဟာ အစ္စလာမ်မစ်တွေဖြစ်နေလေ့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အစ္စလာမ်တွေက နက်ကတိုင်နဲ့ အနောက်တိုင်းဝတ်စုံဝတ်သူတွေရောက်ပေါက်ဖို့ မလွယ်ကူတဲ့နေရာမှာလည်း အမြဲရှိနေတတ်ကြလို့ပဲ။

## တရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေး

*တရားမျှတမှု၊ ပြန်လည်ရင်ကြားစေ့ရေးနဲ့ လွတ်ငြိမ်းချမ်းသာခွင့်တို့လို့ ကိစ္စတွေမှာ စပိန်တွေ့ကြုံခဲ့ရတဲ့အတွေ့ အကြုံတွေကနေ ရရှိခဲ့တဲ့ဘယ်သင်ခန်းစာတွေက တခြားနိုင်ငံတွေအတွက် အသုံးဝင်ခဲ့သလဲ။*

အခုပြန်သုံးသပ်ပြီး ဝေဖန်ခံနေရတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စမှာ အဲဒီကိစ္စအတွက် တောင်းဆိုခဲ့တဲ့ ကျူပ်တို့ထဲက သူတွေလည်း ETA အကျဉ်းသားတွေအတွက် ဒီကိစ္စက အကျိုးရှိတယ်ဆိုတာ သိခဲ့ပါတယ်။ ကျူပ်တို့ ရှာဖွေနေခဲ့ကြတာက တရားစီရင်မှုကို ရင်ဆိုင်နေရဆဲဖြစ်တဲ့သူတွေကို ဘယ်လိုထောင်ထဲက ထုတ်ရမလဲဆိုတဲ့အချက်ပဲ။ အနှစ် ၂၀ အထိ တိုးမြှင့် ဖို့ကြံနေတဲ့ ၈ နှစ်ပြစ်ဒဏ်အတွက် ကျူပ်ကို အပြစ်ရှိကြောင်းရုံးတော်မှာ တရားစွဲအရာရှိက လျှောက်ထားနေခဲ့တဲ့အချိန်ဖြစ်လို့ အဲဒီအထဲမှာ ကျူပ်တောင်ပါခဲ့တယ်။

ပြည်ထဲရေးဝန်ကြီးဖြစ်တဲ့ မန်နျူရယ်ဖရာဂါဟာ ကျူပ်နဲ့ဆွေးနွေးပြီးတဲ့နောက်မှာ အဲဒီကိစ္စကို ပြန်လည်သုံးသပ်ပြီး ပြစ်မှုကနေ လွှတ်ပေးလိုက်ဖို့ အမိန့်ပေးခဲ့တယ်။ ကျူပ် ဖရာဂါနဲ့ ပထမဆုံးဆုံတာက ညစာစားပွဲမှာပါ။ အဲဒီအချိန်တုန်းက နိုင်ငံရေးပါတီတွေလည်း မရှိသေးသလို၊ ဘာရွေးကောက်ပွဲမှာလည်း ကျင်းပစရာမရှိသေးဘူး။ ကျူပ်တို့ ၁၉၇၆ ဇူလိုင် ၃၀ ရက်နေ့မှာ တွေ့ဆုံခဲ့ကြတာဖြစ်တယ်။ အဲဒီအချိန်က သူကကျူပ်ကို အကြီးအကျယ် ခြိမ်းခြောက်ခဲ့ပြီး ကျူပ်က သူသာကျူပ်ကို အဲဒီလိုလုပ်ချင်တယ်ဆိုရင် ကျူပ်ကို ဘယ်လိုအလွယ်ကူဆုံး ခြိမ်းခြောက်ရမလဲဆိုတာပြမယ်လို့ ပြန်ပြောခဲ့တာကြောင့် တကယ်ကိုတင်းမာနေတဲ့အချိန်ပဲ။ အဲဒီတုန်းက ကျူပ်က သူနောက်နေ့မှာ စီရင် ချက်ချခိုင်းပစ်နိုင်တဲ့ ထောင်ဒဏ် ၈ နှစ် ပြဿနာနဲ့ ရင်ဆိုင်နေရပြီး ခံဝန်ချုပ်နဲ့နေနေရတာဖြစ်တယ်။ ကျူပ်သူ့ကို "ကျွန်တော့်ကို ဆက်ခြိမ်းခြောက်မနေဘဲနဲ့ ကျွန်တော်ဘာပြောခဲ့သလဲ ဆိုတာကို နောက်မမေ့အောင်ကြိုးစားပါ။ လာမယ့် ၈ နှစ်အတွင်းမှာ ကျွန်တော်က အခုခင်ဗျားကို အားကိုးနေရမှာထက်ပိုပြီး ခင်ဗျားကျူပ်ကို အားကိုးနေစေရမယ်ဆိုတာလေ" လို့ပြောခဲ့တယ်။ ဒါကြောင့် ဒီနေ့မြင်ကွင်းမှာ ဖရာဂါလိုလူမျိုးတွေ အပါအဝင် အာဏာရှင်ဖရန်ကိုလက်ထက်က ရာဇဝတ်မှုတွေအတွက် လွတ်ငြိမ်းချမ်းသာခွင့်တွေ ကျွန်တော်တို့ကပေးခဲ့ကြတယ်လို့ မြင်ကောင်းမြင်နိုင်တယ်။ တကယ်တမ်းကတော့ အဲဒီတုန်းကအခြေအနေက ကျူပ်တို့ဟာ ဒီမိုကရေစီရရှိရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ သူတွေကို ထောင်ထဲကလွှတ်ပေးဖို့နဲ့ တရားရေးအရအရေးယူနေခြင်းတွေကို လွတ်ကင်းအောင်ကြိုးစားခဲ့ကြတာက အဓိကဆိုတာကို မမေ့ဖို့လိုတယ်။ အမျိုးသားစေ့စပ်ညှိနှိုင်းရေးနဲ့ ပတ်သတ်ရင်တော့ ကွန်မြူနစ်တွေက ၁၉၆၀ ခုနှစ်တွေကတည်းက စပြောခဲ့တာဖြစ်ပြီး အဲဒီအတွက် အကျိုးရှိမယ့် သဘောတူညီမှုတွေပြုလုပ်ဖို့အတွက်လည်း သူတို့စပြောခဲ့ကြတယ်။ ဒါဟာ သူတို့ရဲ့တင်ပြချက်တွေပဲ။ သူတို့ဟာ ကနဦးစတင်ခဲ့သူတွေ ဖြစ်ကြတယ်။ အဲဒီ အချိန်တုန်းက ကျူပ်တို့တွေဟာ အာဏာရှင်တွေကို ရာဇဝတ်မှုတွေနဲ့ ပြစ်မှုတွေအတွက် တာဝန်ခံမှုရှိဖို့ တောင်းဆိုနေကြတဲ့ဘက်မှာ ရှိခဲ့ကြတယ်။ ဒါဟာ မတွေးဝံ့စရာပဲ။

သိသာတာကတော့ ခင်ဗျားလွတ်ငြိမ်းချမ်းသာခွင့်ရမယ်ဆိုရင် ခွင့်လွှတ်ခြင်းလား၊ လွတ်ငြိမ်းချမ်းသာခွင့်လားဆိုတာ ခွဲခြားနေမှာမဟုတ်ဘူး။ ETA အကျဉ်းသားတွေကို လွတ်ပေးတာက အကြမ်းဖက်အုပ်စုတွေရဲ့ လှုပ်ရှားမှုတွေကို လျော့ကျစေမှာဖြစ်ပြီး အဲဒီအုပ်စုတွေရဲ့ နိုင်ငံကို

ဆန့်ကျင်ဖို့ ကြိုးစားတာတွေလဲ လျော့ကျသွားမှာဖြစ်တယ်လို့ ယူဆခဲ့ရင်တော့ တကယ့်ကို အမှားတစ်ခုပါပဲ။ နိုင်ငံဟာ လွတ်ငြိမ်းချမ်းသာခွင့်တွေကို ခွင့်ပြုပေးခဲ့တာဖြစ်ပြီး ဒီမိုကရေစီရရှိဖို့အတွက် အခြေခံဥပဒေရေးဆွဲဖို့ကို ဆောင်ရွက်နေရုံသက်သက်နဲ့တော့ ETA ကကျေနပ်မှာ မဟုတ်ဘူးလေ။ ၁၉၇၉-၈၀ အဒယ်ဖိုဆွာရက်ဖိုရဲ့အုပ်ချုပ်မှုအောက်မှာ ETA ရဲ့ ပြစ်မှုကျူးလွန်မှုတွေအများကြီးရှိခဲ့တယ်။ တစ်နှစ်ကို ၉၀၊ ၁၀၀ နီးပါးပဲ။ ကျုပ်ရဲ့အုပ်ချုပ်မှုအောက်မှာတော့ တစစလျော့လာခဲ့ပြီး ကျုပ်သက်တမ်းကုန်ဆုံးခါနီးမှာ ပိုပြီး သိသိသာသာလျော့သွားခဲ့တယ်။

လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စမှာ တောင်အမေရိကမှာလည်း တူညီတဲ့အတွေ့အကြုံမျိုးတွေ နေ့စဉ်ရှိတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သမိုင်းအမြင်နဲ့မမြင်ကြဘူး။ ဒါကြောင့် ဆုံးဖြတ်ချက်တွေ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာကို ဆက်စပ်နားမလည်ကြဘူး။ အသွင်ကူးပြောင်းရေးမဟုတ်ဘဲ နောက်ပိုင်းမှာတွေ့ကြုံလာရမယ့် နိုင်ငံရေးဖြစ်စဉ်ရဲ့ပြဿနာကြီးတစ်ခုက အဲဒီဖြစ်စဉ်ကို ဘယ်လိုအကြိမ်ကြိမ် ပြန်ပြင်ဆင်မလဲဆိုတာပဲ။ ဥပမာအားဖြင့် ဥရုဂွေးမှာဆိုရင် ဆန္ဒခံယူပွဲနှစ်ခုပြုလုပ်ခဲ့တယ်။ သမ္မတ (ဟိုဆေးမူယီကာ) ကိုယ်တိုင်ပျောက်ကျားတပ် အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့ပြီး သူကတာဝန်ယူမှုဆိုတာ မျှဝေယူရတယ်ဆိုတာကို နားလည်ခဲ့တယ်။ သူက အရာရှိတွေရဲ့နောက်ကြောင်းကို လိုက်လံစစ်ဆေးဖို့ အလိုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်လည်း သူ့ရဲ့လက်နက်တွေနဲ့ ဥပဒေမဲ့ပစ်ခတ်မှုတွေအတွက် တာဝန်ရှိတယ်လို့ရှုမြင်လို့ပဲ။ စပိန်မှာတော့ အာဏာရှင်ဖရန်ကို လက်ထက်က ရာဇဝတ်မှုတွေကိုတာဝန်ယူစေဖို့အတွက် သက်ဆိုင်သူတွေကိုပြန်ခေါ်ပြီး စစ်ဆေးစေချင်တဲ့ ရည်ရွယ်ချက်တွေမရှိခဲ့တာမဟုတ်ပါဘူး။

## ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း

*ဘတ်စ် ခွဲထွက်ရေးလှုပ်ရှားမှုနောက်မှာ ဒေသအတော်များများက ဗဟိုအစိုးရဆီကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အမျိုးမျိုးကို တောင်းဆိုလာကြတယ်။ အဲဒီတောင်းဆိုမှုတွေကို အစိုးရက ဘယ်လိုချဉ်းကပ်ခဲ့သလဲ။*

ဒီမိုကရေစီရရှိရေးနဲ့ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းတို့က အသွင်ကူးပြောင်းရေးရဲ့ အစိတ်အပိုင်းနှစ်ခုပဲ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အရေးကိစ္စတွေမှာ အကျိုးသက်ရောက်မှုရှိတဲ့ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းကို တကယ်တမ်း တောင်းဆိုတာက ကာတာလိုနီးယား၊ ဘက်ကေးဒေသနဲ့ ဂါလီစီယာက တစ်စိတ်တစ်ပိုင်းတို့လို အဖွဲ့အစည်းနှစ်ခုနဲ့ တစ်ဝက်လောက်ပဲရှိပါတယ်။ ဂါလီစီယာမှာ ရပ်တည်ချက်အခြေခံနည်းပါးသေးတယ်။

ဒုတိယပြည်ထောင်စု (၁၉၃၁-၃၉) အတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဲ့နိဒါန်းတွေရှိခဲ့တဲ့ ကိုယ်ပိုင်ဘာသာစကားရှိတဲ့ ဒေသအဖွဲ့အစည်းတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လူထုက တောင်းဆိုတာမျိုးတွေမရှိပေမယ့် သမိုင်းအစဉ်အလာရှိတဲ့ဒေသအဖွဲ့အစည်းတွေကို ထည့်သွင်းစဉ်းစား

ဖို့ ရည်ညွှန်းပါတယ်။

နိုင်ငံရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းအတွက် အလွန်အပြုသဘောဆောင်တဲ့တက်ကြွမှုတွေရှိခဲ့ပေမယ့် အဲဒါတွေက နှိုင်းယှဉ်မှုသဘောအရ ပြဿနာတွေကိုပြန့်ပွားစေခဲ့တယ်။ ဥပမာပြရရင် ဘာဖြစ်လို့အန်ဒါလူစီယာက ကာတာလိုနီးယားထက် နည်းတဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပဲ ခံစားခွင့်ရှိရမှာလဲဆိုတာမျိုးပေါ့။ ကွဲပြားခြားနားချက်တွေအရ ကက်စတယ် လာမန်ချာဒါမှမဟုတ် မာစီယာစတဲ့ စပိန်ရဲ့ဒေသတော်တော်များများမှာ ကိုယ်ပိုင်အုပ်ချုပ်မှုတောင်းဆိုခွင့်မရှိဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ကိုယ်ပိုင်အုပ်ချုပ်မှုကို အဆင့်နှစ်မျိုးခွဲထားတယ်။ အဆင့်တစ်မျိုးကတော့ သမိုင်းအစဉ်အလာရှိတဲ့အဖွဲ့အစည်းတွေအတွက်ပါ။ နောက်တစ်ခုကတော့ နိုင်ငံရေးအာဏာထက် စီမံအုပ်ချုပ်ခွင့်အာဏာနဲ့ ပိုသက်ဆိုင်ပြီး နံပါတ်တစ်အမျိုးအစားကိုယ်ပိုင်အုပ်ချုပ်မှုလို့ ကျုပ်တို့ခေါ်တဲ့ကိုယ်ပိုင်အုပ်ချုပ်မှုနဲ့ ဆက်သွယ်ထားတဲ့ လမ်းကြောင်းတွေလည်းရှိတဲ့ အာဏာခွဲဝေမှုအပါအဝင် အခြားသောကိုယ်ပိုင်အုပ်ချုပ်မှုတွေ အားလုံးအတွက်ဖြစ်ပါတယ်။ လူတွေကို နံပါတ်တစ်အမျိုးအစား (နိုင်ငံရေးအာဏာ) နဲ့ နံပါတ်နှစ် အမျိုးအစား (စီမံအုပ်ချုပ်ရေးအာဏာ) တို့အတွက် မဲပေးခိုင်းတဲ့အခါ လူတိုင်းက ပထမအမျိုးအစားကို ပိုကြိုက်ကြတယ်။ ဒါကြောင့် တက်ကြွတဲ့အားကျမခံကြိုးစားမှုတွေ ဖြစ်ပေါ်လာပြီး နိုင်ငံရေးအာဏာခွဲဝေခြင်းဟာ ဆက်ပြီးဖြစ်ထွန်းလာတော့တယ်။ ဒါက စပိန်အတွက် နှစ်ပေါင်းများစွာ အပေါင်းလက္ခဏာဆောင်ခဲ့အပြီးမှာ အာဏာခွဲဝေခြင်းက ခွဲဝေပေးလိုက်တဲ့အာဏာတွေဟာ ဘုရင်ငယ်တွေလို နေရာယူလာပြီး နိုင်ငံရဲ့စည်းလုံးညီညွတ်မှုကို အားနည်းလာစေတယ်။ ဒါဟာ စီးပွားရေးကပ်အလွန်မှာ ကျုပ်တို့ ရောက်ရှိနေတဲ့အခြေအနေပဲ။ အခုအရှိန်တောင်ပိုကောင်းလာနေပြီ။

## လူမှုအင်အားစုတွေရဲ့ အခန်းကဏ္ဍ

*ကက်သီလစ်ကျောင်းတော်ရဲ့အခန်းကဏ္ဍက ဘာဖြစ်ခဲ့သလဲ။*

ကက်သလစ်နိုင်ငံလို့ယူဆရတဲ့ နိုင်ငံတွေမှာ ကြီးမားတဲ့တင်းအားတွေရှိခဲ့ပေမယ့် အသွင်ကူးပြောင်းရေးရဲ့ ပထမပိုင်းမှာတော့ ကက်သလစ်ကျောင်းတော်က အရေးကြီးတဲ့ပြဿနာမဟုတ်ခဲ့သေးဘူး။ ဖွဲ့စည်းပုံက ကက်သလစ်ကျောင်းတော်ကို အဓိကဘာသာအဖြစ် အသိအမှတ်ပြုထားခဲ့တယ်။ဒီမိုကရေစီကူးပြောင်းရေးကာလမှာတော့ကက်သလစ်ကျောင်းတော်ဟာ ဖရန်ကိုရဲ့အာဏာအတွက် သဘောတရားရေးရာနဲ့ ဘာ သာတရားဆိုင်ရာ အထောက်အပံ့အဆောက်အဦအဖြစ်ရှိနေရာကနေ တက်ကြွတဲ့အပြောင်းအလဲနဲ့ ဒီမိုကရေစီ ကူးပြောင်းရေးကို အသားပေးတဲ့ အုပ်စိုးသူအလွှာအဖြစ် ပြောင်းလဲသွားတယ်။ ကျောင်းတော်ရဲ့အရေးကိစ္စကို သင့်တော်အောင်ဖြေရှင်းနိုင်ခဲ့ပေမယ့် တိတိကျကျတော့ဖြေရှင်းခဲ့တာမဟုတ်ဘူး။ ပထမပိုင်းမှာတော့ ကျောင်းတော်ဟာ အသွင်ကူးပြောင်းရေးကို လွယ်ကူချောမွေ့စေတဲ့ အခန်းကဏ္ဍမှာ

ရှိခဲ့တယ်။ လက်ယာစွန်းသမားတွေရဲ့ကြွေးကြော်သံကို တစ်ခါတစ်ရံပြန်ပြီး အမှတ်ရမိတယ်။ အဲဒါက တာရန်ကွန် အယ် ပါရီဒွန်ဆိုတာပဲ။ (တာရန်ကွန်ကို ကွပ်မျက်ကြဆိုတဲ့အဓိပ္ပါယ်ထွက်တယ်။ ဘုန်းတော်ကြီးတာရန်ကွန်ဟာ ၁၉၇၁ ကနေ ၁၉၈၃ အထိ မက်ဒရစ်မြို့ရဲ့ ဂိုဏ်းချုပ်ဘုန်းတော်ကြီးဖြစ်ခဲ့ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ ကြားဝင်စေ့စပ်ရေး ကဏ္ဍကနေ ပါဝင်ခဲ့တယ်။) အဲဒါက သူတို့ရဲ့တပ်လှန့်သံဖြစ်တယ်။

ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်- ၂ ရောက်ရှိလာခြင်းဟာ ကျောင်းတော်ရဲ့သြဝါဒတစ်စိတ်တစ်ပိုင်းအရ နောက်ကြောင်းပြန်ခြင်းဖြစ်စဉ်ရဲ့ အစလို့မှတ်ယူရတယ်။ ကျောင်းတော်က ကိုယ်ဝန်ဖျက်ချခြင်း၊ လင်မယားကွဲခြင်းတွေနဲ့ပတ်သက်လို့ တရားစီရင်ရာမှာ ပြင်းထန်ရန်လိုလွန်းတဲ့အတွက် နောက်ကြောင်းပြန်မှုတွေရှိခဲ့တယ်။ အဲဒါတွေဟာ အဒယ်လ်ဖိုဆွာရက်ဇ် လက်ထက်မှာကျုပ်တို့ရဲ့ထောက်ခံမှုတွေကြောင့်စတင်ဖြစ်ပွားခဲ့တာဖြစ်တယ်။သူတစ်ယောက်တည်းကြောင့်ဆိုရင်တော့ ဒါဟာဖြစ်လာခဲ့မှာမဟုတ်ဘူး။ ကျောင်းတော်ဟာ သဘာဝအရဖြစ်ပေါ်လာတဲ့အဲဒီကိစ္စတွေကို ကလန်ကဆန်လုပ်ခဲ့တယ်။ အဲဒီနောက်ပိုင်း လွတ်လပ်ခွင့်တွေ ပိုပေးလာတဲ့ ဇာပါတရိုအုပ်ချုပ်ရေးကာလအတွင်းမှာ လွှတ်တော်မှာ မဲအများစုရခဲ့တဲ့ ဥပဒေကို ဆန့်ကျင်ဖို့ဂိုဏ်းချုပ်တွေရဲ့ ဆန္ဒပြမှုတွေ၊ လမ်းတွေပေါ်ထွက်လာတဲ့ ဘုန်းကြီးတွေနဲ့ အခုအထိ အမည်မဖော်နိုင် သေးတဲ့အရာတွေကို မြင်တွေ့လာရတယ်။

*ကက်သလစ်ကျောင်းတော်နဲ့ ဆက်ဆံရေးကို ကိုင်တွယ်ဖို့ ဘာဖြစ်လို့ခက်ခဲခဲ့တာလဲ။*

ကျောင်းတော်ဟာ သူ့အနေနဲ့ တစ်ခြားနိုင်ငံတွေထက် စပိန်မှာ အာဏာပိုရှိရမယ်လို့ သမိုင်းကြောင်းအရ ခံယူခဲ့တယ်။ ပြည်တွင်းစစ်ကို ခရူးဆိတ်လို၊ ဘုရားမဲ့ဝါဒီတွေနဲ့ဖြစ်တဲ့စစ်ပွဲလို သရုပ်ဖော်တာဟာ အီတလီမှာထက် ပိုများတယ်။ ကျောင်းတော်နဲ့နိုင်ငံရဲ့အပြန်အလှန်ဆက်ဆံရေးဟာ ကျုပ်ရဲ့အစိုးရလက်ထက်အထိ အီတလီ၊ ဘယ်လ်ဂျီယံစတဲ့ ဘယ်ကက်သလစ်နိုင်ငံတွေထက်မဆို စီးပွားရေးရှုထောင့်အရ စပိန်မှာ ကျောင်းတော်အတွက် ပိုပြီးအကျိုးရှိခဲ့တယ်။ အခုတော့ ကျောင်းတော်ဟာ တိုက်ခန်း၊ အထက်တန်းကျောင်း၊ စီးပွားရေးလုပ်ငန်းဒါမှမဟုတ် အငှားချထားတဲ့အဆောက်အဦတွေကို စီးပွားရေးဆန်ဆန် လည်ပတ်လုပ်ကိုင်နေပေမယ့်လည်း သူ့ရဲ့ပိုင်ဆိုင်မှုတွေအတွက် အခွန်မပေးဆောင်တာကြောင့် စီးပွားရေးကပ်အပြီးမှာ အတိုက်အခံအင်အားစုငယ်တစ်ခုရှိလာခဲ့ပြီ။

ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်- ၂ ရွေးကောက်ခံရအပြီးမှာ ၁၉၇၉ ကနေ ၁၉၉၀ အထိ နိုင်ငံရဲ့အတွင်းရေးမှူးအဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒုတိယဗာတီကန်ကောင်စီက အာဂိုစတီနိုကာဆာရိုလီ လာရောက်လည်ပတ်တာကို လက်ခံတွေ့ဆုံခဲ့တဲ့အချိန်တုန်းက ဂျွန်တော်အစိုးရအဖွဲ့ထဲမှာပဲ ရှိသေးတယ်။ သူက အရမ်းကိုခေတ်မီတဲ့သူပဲ။ အသိဉာဏ်လည်း အလွန်ကြွယ်ဝတယ်။ တစ်ရက်တော့ သူဟာ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ပူပန်နေတဲ့အချက်

တွေကို လာပြီးပြောဆိုတယ်။ အဲဒီအကြောင်းအရာထဲမှာ စပိန်ရဲ့ဘုန်းတော်ကြီးသံတမန် မာရီယို တာဂလီယာဖာရီကိုလည်း ထည့်သွင်းထားတယ်။ ကျုပ်သူ့ကို "ကျောင်းတော်ရဲ့ ဘဏ္ဍာရေးနဲ့ပတ်သတ်လို့ ခင်ဗျားစိတ်ပူနေတယ်ဆိုတာကိုကျုပ် သိပါတယ်။ ကျုပ်ဒီပြဿနာကို တစ်ခါတည်းအပြီးဖြေရှင်းမှာပါ။ ဒါကြောင့် ခင်ဗျားကိုအလိမ်အညာသတင်းပေးနေတဲ့သူတွေကို ခင်ဗျားတွေ့ရလိမ့်မယ်" လို့ ပြောခဲ့တယ်။ သူတို့ဟာထုံးစံအတိုင်း သူ့ကို ဝန်းရံထားတယ်ဆိုတာ ကျုပ်သိနေတဲ့အတိုင်းပေါ့။ "ပထမဆုံးအနေနဲ့ သူတို့ကို ဆိုရှယ်လစ်တွေ၊ ကျုပ်လို မယုံကြည်သူတွေ အစိုးရထဲမှာရှိနေတဲ့အချိန်မှာပဲ ကျောင်းတော်ရဲ့တစ်နိုင်ငံလုံးဆိုင်ရာ ဘဏ္ဍာတွေ ဘယ်လောက်တိုးတက်သွားပြီဆိုတာနဲ့ပတ်သက်လို့ သတင်းအချက်အလက်တွေကို မေးကြည့်ပါ" ထပ်ပြီးတော့ ကျောင်းတော်ဟာ နိုင်ငံဘယ်လောက်နဲ့ ထုံးတမ်းအစဉ်အလာအရ သံတမန်ဆက်ဆံရေးရှိသလဲဆိုတာနဲ့ပတ်သက်လို့ ကျုပ်သူ့ကိုမေးကြည့်လိုက်တယ်။ " ၁၀၄ နိုင်ငံနဲ့" လို့ သူကဖြေတယ်။" ဒါဆို ခင်ဗျားကျုပ်ကိုဘယ်ပုံစံက ခင်ဗျားသဘော အကျဆုံးလဲဆိုတာ ပြောစမ်းပါ။ အခု အချိန်ကစပြီး စပိန်နိုင်ငံနဲ့ Holy See တို့ရဲ့ သဘော တူညီချက်တွေကို ခင်ဗျားရွေးချယ်တဲ့ပုံစံနဲ့ကိုက်ညီအောင်ပြောင်းလဲဖို့ကျုပ်တာဝန်ယူပါ့မယ်"သူအဲဒီပြဿနာနဲ့ပတ်သက်လို့ ကျုပ်ကိုထပ်မတင်ပြတော့ဘူး။ အဲဒါက ၁၉၈၆ ခုနှစ်မှာ။ ကျုပ် အဲဒါကိုတစ်ကြိမ်တည်းဆွေးနွေးပြီး တစ်ခါတည်း အပြီးအပြတ်ဖြေရှင်းခဲ့တယ်။

## လူထုတက်ကြွလှုပ်ရှားခြင်း

*အပြောင်းအလဲကာလမှာ လူထုတက်ကြွလှုပ်ရှားခြင်းရဲ့အရေးပါမှုက ဘာဖြစ်မလဲ။ အမျိုးသမီးထုနဲ့ အမျိုးသမီး အဖွဲ့အစည်းတွေက ဘယ်အခန်းကဏ္ဍကနေ ပါဝင်ခဲ့သလဲ။*

စပိန်အသွင်ကူးပြောင်းရေးဖြစ်စဉ် အောင်မြင်ရခြင်းရဲ့ အစိတ်အပိုင်းတစ်ခုကတော့ ကြီးမားကျယ်ပြန့်တဲ့ လူထုအများစုက အဲဒီအတွက်ပြင်ဆင်ခဲ့ကြလို့ပဲ။ ကုန်သွယ်မှုသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ မိတ်ဘက်အဖွဲ့အစည်းတွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေရဲ့ တက်တက်ကြွကြွပါဝင်မှုကြောင့် လူထုတက်ကြွလှုပ်ရှားမှုက အလွန်ပဲသိပ်သည်းခဲ့တယ်။ ဥပမာအားဖြင့် အာဏာရှင်တွေက တရားဝင်ကုန်သည်မှုသမဂ္ဂတွေအပေါ် အသုံးချနေတဲ့ ထိန်းချုပ်မှုတွေရဲ့ ဘောင်အပြင်မှာဆောင်ရွက်နိုင်ခဲ့တဲ့အလုပ်ရှင်-အလုပ်သမားသဘောတူညီချက်တွေရှိခဲ့တယ်။ အမှန်အတိုင်းပြောရရင် ရှေ့နေတစ်ယောက်အနေနဲ့ ကျုပ်ရဲ့ပရော်ဖက်ရှင်နယ်အလုပ်အကိုင်က နိုင်ငံရဲ့နေရာအနှံ့မှာ ဖြန့်ကျက်ထားတဲ့ အလုပ်သမားဥပဒေရုံးမှာ အလုပ်သမားတွေဘက်က ခုခံကာကွယ်တာဖြစ်ပြီး အစိုးရရဲ့တရားဝင်အဖွဲ့အစည်းတွေရဲ့အပြင်ဘက်မှာ အဲဒီအချိန်တုန်းက တရားဝင်မဟုတ်သေးတဲ့ အကြီးဆုံးအဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ အလုပ်သမားကော်မရှင်နဲ့ အထွေထွေအလုပ်သမားသမဂ္ဂတို့နဲ့တွဲကာ အလုပ်လုပ်ခဲ့ဖူးတယ်။ လုပ်ငန်းရှင်တွေရဲ့ကိုယ်စားလှယ်တွေကလည်း သူတို့လာပြီးညှိနှိုင်းမှုတွေလုပ်တဲ့အချိန်မှာ သူတို့ညှိနှိုင်းနေတာ တရားဝင်ကုန်သွယ်မှုသမဂ္ဂမဟုတ်ဘဲ အလုပ်သမားတွေရဲ့ တကယ့်ကိုယ်စားလှယ်အစစ်တွေဖြစ်တယ်

ဆိုတာကို သိခဲ့ကြတယ်။

လက်ယာစွန်းသမားတွေက အကြမ်းဖက်တဲ့လုပ်ရပ်တွေ လုပ်လာကြလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ပေမယ့်လည်း အသွင်ကူးပြောင်းရေးက တော်တော်လေးငြိမ်းချမ်းအေးဆေး ခဲ့တယ်။ လူထုအများစုက ဒီမိုကရက်တစ်ဘဝကို ချောချောမွေ့မွေ့ကူးပြောင်းနိုင်ဖို့ အပြည့်အဝ ပြင်ဆင်ထားခဲ့ကြပြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့အဆင်သင့်ဖြစ်နေခဲ့တယ်။ သူတို့လမ်းတွေ ပေါ်ကိုသွားတဲ့အခါ အမျိုးသမီးအဖွဲ့အစည်းတွေပါဝင်တဲ့ လူထုအဖွဲ့အစည်းတွေ အများကြီး ဖွဲ့စည်းထားပြီး အဲဒီအဖွဲ့အစည်းတွေက အဲဒီလူထုလှုပ်ရှားမှုအများစုကို ဦးဆောင်ခဲ့ကြတယ်။

သူတို့ရဲ့တောင်းဆိုမှုတွေကို ရှေ့ဆက်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြတဲ့ အမျိုးသမီး လှုပ်ရှားမှုတွေအပြင် အမျိုးသမီးတွေဟာ ကုန်သွယ်မှုသမဂ္ဂတွေထဲမှာလည်း ဝင်ရောက်လုပ်ကိုင် နေကြတာရှိတယ်။ ဒီမိုကရေစီတိုးတက်မှု ဖြစ်စဉ်အတွင်းမှာ စပိန်ဟာ ဆွီဒင်၊ နော်ဝေစတဲ့ နော်ဒစ်နိုင်ငံတွေနဲ့ ယှဉ်နိုင်လောက်အောင် အာဏာပိုင်အဖွဲ့အစည်းအတွင်း အမျိုးသမီးကိုယ်စား လှယ်တွေရဲ့ တန်းတူညီမျှမှု အလျင်မြန်ဆုံးတိုးတက်ခဲ့တဲ့ နိုင်ငံဖြစ်ခဲ့တာဟာ အမျိုးသမီးတွေရဲ့ အသိအမှတ်ပြုလောက်တဲ့ ပါဝင်လှုပ်ရှားမှုလို့ ဆိုရမှာဖြစ်တယ်။ အမျိုးသမီးတွေဟာ မစွမ်း ဆောင်နိုင်သူတွေအဖြစ် အသတ်မှတ်ခံရရာကနေ သူတို့ရဲ့အခွင့်အရေးတွေကို ပြန်ရယူနိုင်ခဲ့ တာကြောင့် ဒီမိုကရက်တစ်အပြောင်းအလဲမှာ သူတို့ဟာ တိုက်ရိုက်ကို အကျိုးကျေးဇူ ခံစားခဲ့ ရတယ်။ ဖရန်ကိုလက်အောက်မှာတုန်းကဆိုရင် အမျိုးသမီးတွေဟာ တိုက်ခန်း ဒါမှမဟုတ် ကားဝယ်ဖို့ မဖြစ်နိုင်သလို ငွေချေးယူဖို့လည်း မဖြစ်နိုင်ဘူး။ သူတို့အနေနဲ့ လင်သား ဒါမှမဟုတ် ဖခင်ရဲ့အထောက်အပံ့ကို ရရှိဖို့လိုအပ်တယ်။ အဲဒါတွေကို ဒီမိုကရက်တစ်အသွင်ကူးပြောင်းရေး နဲ့ အတူ စပိန်မှာ ဖြေရှင်းနိုင်ခဲ့တယ်။

## စီးပွားရေးကပ်ကို တုံ့ပြန်ခြင်း

*စီးပွားရေးအခြေအနေတွေက အသွင်ကူးပြောင်းရေးကို ဘယ်လိုအကျိုးသက်ရောက်စေ ခဲ့သလဲ။ ပြီးတော့ မွန်ကလိုအာသဘောတူညီချက်ရဲ့အရေးပါမှုက ဘာဖြစ်ခဲ့သလဲ။*

မွန်ကလိုအာအစည်းအဝေးဟာ အခြေခံဥပဒေဆိုင်ရာသဘောတူညီချက်တွေအတွက် လမ်းခင်းပေးခဲ့တယ်။ ကြီးထွားလာနေတဲ့နိုင်ငံရေး အရဆန့်ကျင်သူအင်အားစုတွေရဲ့ အန္တရာယ် တွေကို တင်ပြခဲ့တဲ့ နိုင်ငံရေးဆိုင်ရာကဏ္ဍတွေနဲ့အတူ အလွန်ပြင်းထန်ဆိုးရွားတဲ့ စီးပွားရေး ပြဿနာကို ဖြေရှင်းဖို့က တစ်နိုင်ငံလုံးဆိုင်ရာသဘော တူညီချက်ပဲ။ အဲဒီသဘောတူညီချက်ရဲ့ ထင်ရှားတဲ့အချက်ကတော့ စီးပွားရေးဆိုင်ရာပုဒ္ဓာပဲ။ လစာညှိနှိုင်းမှုတွေဟာ အတိတ်ကငွေကြေး ဖောင်းပွမှုအပေါ်မှာအခြေမခံဘဲ ဖြစ်လာမယ့်ငွေကြေးဖောင်းပွမှုတွေအပေါ်မှာ အခြေခံမှာဖြစ် တာကြောင့် စပိန်နိုင်ငံရဲ့စီးပွားရေးကို ဖျက်စီးနေတဲ့ငွေကြေးဖောင်းပွမှုဖြစ်စဉ်ကို အဆုံးသတ် နိုင်ဖို့ အဲဒီသဘောတူညီချက်ကို လက်ဝဲဝါဒီတစ်ချို့နဲ့ ကုန်သွယ်မှုသမဂ္ဂတစ်ချို့က သဘောတူ

ခဲ့ကြတယ်။ ဒါဟာ ပထမဆုံးအကြိမ်အနေနဲ့ လုံးဝအတိမ်းအစောင်းမခံတဲ့ကိစ္စဖြစ်တာကြောင့် အာဏာရှင်ဖရန်ကို ခေတ်ကတည်းက ကျန်နေခဲ့ပြီး အစိုးရအဖွဲ့ကို ဦးဆောင်နေတဲ့သူတွေဟာ စနစ်အပြင်ဘက်က ခေါင်းဆောင်တွေနဲ့အတူ အစည်းအဝေးထိုင်ခဲ့ကြတယ်။ ၁၉၇၇ ဖွန်လမှာ ပြုလုပ်ခဲ့တဲ့ ပထမဆုံးရွေးကောက်ပွဲအပြီး အောက်တိုဘာလအတွင်းမှာ သူတို့ဟာ တိုင်းပြည်ကို စီးပွားရေးကပ်အတွင်းကနေကယ်ဆယ်ဖို့အတွက် သဘောတူညီချက်တွေရရှိအောင် ချက်ချင်းပဲ အစည်းအဝေးထိုင်ခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ စီးပွားရေး ပေါ်လစီကို အတိုက်အခံတွေရဲ့သဘောတူညီမှုမပါဘဲ စတင်ကျင့်သုံးဖို့ လိုအပ်တဲ့အခွင့်အာဏာ အစိုးရမှာမရှိသလို အစိုးရက လုံလုံလောက်လောက်လည်း အင်အားမကောင်းတာကြောင့် ဖြစ်တယ်။

စီးပွားရေးအခြေအနေပိုမို ဆိုးရွားလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေရှိလာခဲ့တယ်။ အဲဒီအပြင် အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုတွေကလည်း ပိုရှုပ်ထွေးလာစေခဲ့တယ်။ အဲဒါတွေ ပေါင်းစပ်လိုက်တဲ့အခါမှာတော့ နောက်ကြောင်းပြန်ရွှေ့ဖို့အန္တရာယ်တွေဖြစ်လာခဲ့တယ်။ ဝန်ကြီးချုပ်အဒယ်ဖိုဆွာရက်ဇိအတွက် အဓိကအရေးကြီးတဲ့ ဦးစားပေးကဏ္ဍကတော့ နိုင်ငံရေးပဲ။ အပြောင်းအလဲကို ခိုင်မာအောင်ပြုလုပ်ပြီး ဥပဒေကြမ်းရေးဆွဲတာ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုအကောင်အထည်ဖော်တာတွေ ပြုလုပ်နိုင်ဖို့အတွက် မထင်မှတ်ထားတဲ့ နိုင်ငံရေး အန္တရာယ်တွေကို ကျော်ဖြတ်နိုင်ဖို့လိုတယ်။ စီးပွားရေးကဏ္ဍက ဒုတိယဦးစားပေးပဲ။ အလွန်ကိုင်တွယ်ဖို့ ခက်ခဲတဲ့စီးပွားရေးအခြေအနေတွေရဲ့အလယ်မှာ နိုင်ငံရေးပြဿနာတွေထဲကို ကြီးမားတဲ့ သပိတ်မှောက်မှုတွေ၊ ပဋိပက္ခတွေလိုမျိုး လူမှုပြဿနာတွေ ထပ်ပြီးပါဝင်လာမှာကို သူမလိုလားခဲ့ဘူး။ ဒါကြောင့် သူတစ်ယောက်တည်းမဖြေရှင်းနိုင်တဲ့ အချိန်မှာ အဲဒီလိုသဘောတူညီချက်တွေကို သူရှာဖွေခဲ့တာပဲ။

မွန်ကလိုအာသဘောတူညီချက်ရဲ့ ကြီးမားတဲ့အောင်မြင်မှုကတော့ ရှေ့ဆက်သွားနိုင်ဖို့ အတွက် အများဆန္ဒလိုအပ်နေတဲ့နယ်ပယ်တွေကို သတ်မှတ်နိုင်ဖို့ ကွန်မြူနစ်ကနေ ဆိုရှယ်လစ်နဲ့ ခရစ်ယာန်ဒီမိုကရက်တွေအထိ အတိုက်အခံတွေအားလုံးနဲ့ စနစ်ကိုပြုပြင် ပြောင်းလဲခဲ့ကြသူတွေအကြား သဘောတူညီချက်ရရှိသွားပြီဆိုတာကို တစ်နိုင်ငံလုံးကို အချက်ပြနိုင်လိုက်တာပဲဖြစ်တယ်။ ပုဂ္ဂလိကပိုင်ဆိုင်မှုငွေစာရင်းတွေထဲက ကြီးမားတဲ့မညီမျှမှုကြီးတွေနဲ့အတူ ငွေကြေးဖောင်းပွမှုက ၂၆ ရာခိုင်နှုန်းကနေ ၂၇ ရာခိုင်နှုန်းအထိ ဆက်တိုက်တက်သွားတဲ့ အချိန်မှာ ဒီအချက်က လူမှုပဋိပက္ခတွေကို ထူးထူးခြားခြားရပ်တန့်သွားစေခဲ့တယ်။ ပထမအကြိမ် စက်သုံးဆီ ပြဿနာအပြီးမှာပဲ ဖရန်ကို ရုတ်တရက်ကြီး သေဆုံးသွားတာကို အမှတ်ရသင့်တယ်။ စက်သုံးဆီပြဿနာ မတိုင်ခင်က နယ်သာလန်သို့မဟုတ် ဂျာမနီမှာ ဖော်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုမျိုးကို စပိန်မှာပြုလုပ်ခဲ့တာမဟုတ်ပါဘူး။ ဒါကြောင့် စွမ်းအင်အတွက်ကုန်ကျမှုဟာ မျှော်လင့်ထားတာထက် ပိုကြီးမားခဲ့ပြီး နိုင်ငံရေးအခက်အခဲတွေကို ဖြစ်ပေါ်စေတဲ့ စီးပွားရေး ကျရှုံးမှုကို ကျုပ်တို့တွေ့ကြုံလေ့လာခဲ့ရတယ်။ အကောင်းဆုံးကတော့ မွန်ကလိုအာသဘော

တူညီချက်ဟာ ပြည်သူတွေနဲ့ဆက်စပ်နေတဲ့ ရှင်းလင်းတဲ့သဘောဆန္ဒဖော်ပြချက်တွေကို ဖြစ်ပေါ်စေခဲ့တာဖြစ်ပြီး အဲဒါကို ဘယ်အခြေခံကပဲ လာတဲ့နိုင်ငံရေးအင်အားစုတွေကဖြစ်ဖြစ် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ နေရာလို့အဓိပ္ပါယ်ဖွင့်ဆိုကြတယ်။

နိုင်ငံကို အင်အားကောင်းစေတဲ့ အများဆန္ဒမှာ ဘာတွေပါဝင်သလဲ။ အဲဒါက မိဘကောင်းတစ်ယောက်လို ဘာစားရမလဲဆိုတာကို သတ်မှတ်နိုင်ဖို့အတွက် သိသင့်တာတွေ သိလာစေပြီး ခင်ဗျားစားနေတဲ့ အစားအစာကို တစ်ခြားတစ်ယောက်က လာမကစားစေဖို့လည်း ဆုံးဖြတ်ပေးတယ်။ ကမ္ဘာပေါ်က ခိုင်မာတဲ့ဒီမိုကရေစီစနစ် ရှိနေပြီဖြစ်တဲ့ နိုင်ငံတိုင်းမှာ ကြိုတင်ညှိနှိုင်းထားတာမျိုးမရှိပေမယ့် ဒီအတိုင်းပဲလုပ်ဆောင်ကြတယ်ဆိုတာ ခင်ဗျားတွေ့ရမယ်။ အမေရိကန်၊ ပြိတိန်နဲ့ တစ်ခြားနိုင်ငံတွေမှာ ဒီအတိုင်းပဲလုပ်ကြတယ်။ ပါတီတစ်ခုချင်းရဲ့ စိတ်ဝင်စားမှုကိုကျော်ပြီး အမျိုးသားစိတ်ဝင်စားမှုဖြစ်သွားတဲ့အရေးကိစ္စတွေရှိတယ်ဆိုတာ သံသယဖြစ်စရာမရှိဘူး။ အဲဒါကို ကျုပ်က ခင်ဗျားတာရှည်ခံအောင် ထိန်းသိမ်းထားရမယ့် ခင်ဗျားစားနေတဲ့အရာလို့ ခေါ်တယ်။ နိုင်ငံခြားရေးပေါ်လစီဆွဲတဲ့အခါမှာ၊ ကြီးမားတဲ့ စီးပွားရေးမည်မျှမှုတွေ ဒါမှမဟုတ် နိုင်ငံရဲ့အာဏာဖြန့်ဝေမှုအပိုင်းမှာ လိုအပ်နေတဲ့ သဘောတူညီချက်မျိုးတွေကို ရှာဖွေတဲ့အခါမျိုးမှာ ဒါဟာလိုအပ်တယ်။ ဒါဟာ ဘာကြောင့် မွန်ကလိုအာသဘောတူညီချက်က ကျုပ်တို့ကို ဖွဲ့စည်းပုံရေးဆွဲရေးဆိုင်ရာ ဆွေးနွေးမှုအတွက် ပြင်ဆင်ပေးလိုက်တာလဲဆိုတာပဲ။

## ဖွံ့ဖြိုးရေးအတွက် စီးပွားရေး စိမ်ခန့်ခွဲမှု

*အခုလတ်တလောဖြစ်နေတဲ့စပိန်ရဲ့စီးပွားရေးပြဿနာတွေမှာအဲဒီလို သဘောတူညီချက်က မဖြစ်မနေလိုအပ် သေးတယ်လို့ ခင်ဗျားထင်လား။ အဲဒါက ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဦးမယ်လို့ ခင်ဗျားထင်လား။*

အရင်ကထက် ပိုပြီးလိုအပ်တာတော့မှန်ပေမယ့် လုံးဝကြီးမဖြစ်မနေတော့လည်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ကဏ္ဍပေါင်းစုံကို သက်ရောက်တာကိုး။ စပိန်မှာ အပြောင်းအလဲကာလဆုံးခန်းတိုင်ဖို့ ဘယ်လောက်ကြာမြင့်ခဲ့သလိုဆိုတဲ့ မေးခွန်းအမြဲရှိတယ်။ ကျုပ်အထင်တော့ ကျုပ်တို့မှာ အခြေခံဥပဒေတစ်ခုရှိပြီး အာဏာမှာ ဒီမိုကရက်တစ်အပြောင်းအလဲတွေရှိနေသေးရ၍ အဲဒါက ဆုံးခန်းတိုင်ဦးမှာမဟုတ်ပါဘူး။ ကျုပ်တို့ အစိုးရအဖွဲ့ထဲကို ဝင်လာတုန်းက အသွင်ကူးပြောင်းရေးဆိုတဲ့ ကစားပွဲရဲ့ဥပဒေက တည်ရှိနေပြီးသားပါ။ ကျုပ်တို့ ကာလတုန်းက လုပ်ခဲ့တဲ့အရာတွေက အပြောင်းအလဲကို (အောင်မြင်စွာ) အဆုံးသတ်လိုက်ဖို့ရည်ရွယ်တာဖြစ်တယ်။ ဒါတွေက အဒယ်ဖိုဆွာရက်ဖိုနဲ့ ကျုပ်တို့လုပ်ပြီးခဲ့တဲ့အရာတွေပါ။ အဓိကဏာတ်ဆောင်က အဒယ်ဖိုဆွာရက်ဖိုဖြစ်ပြီး ကျုပ်တို့ (PSOE အဖွဲ့ဝင်) တွေက ကျုပ်တို့ တတ်နိုင်သလောက်ကူညီခဲ့တာပါပဲ။ မွန်ကလိုအာသဘောတူညီမှု၊ သဘောတူညီမှုရရှိခဲ့တဲ့ ဖွဲ့စည်းပုံဥပဒေ အစရှိသဖြင့်ပေါ့။

ကျုပ်တို့ဟာ နိုင်ငံကို ကမ္ဘာ့ဆီတံခါးဖွင့်ပေးနိုင်ခဲ့တဲ့အပြင် ဒီမိုကရေစီစနစ် ခိုင်မာအောင် လုပ်ဆောင်နိုင်ခဲ့ပြီး နိုင်ငံကိုခေတ်မီတိုးတက်အောင်လည်း လုပ်ပေးနိုင်ခဲ့တယ်။ ကျုပ်ပါဝင်ဦးဆောင်ခဲ့ရတဲ့ ကျုပ်တို့အစိုးရကာလကို ဖော်ပြစရာတစ်နည်းပဲရှိပါတယ်။ ဒီမိုကရေစီဝါဒကိုခိုင်မာစေခြင်း၊ စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီကိုအခြေခိုင်စေခြင်းတို့အပြင် ကမ္ဘာတစ်ဝှမ်းလုံးနဲ့ဆက်ဆံရေး ဖွင့်လှစ်နိုင်ခြင်း ဥရောပသမဂ္ဂနဲ့ ပူးပေါင်းခြင်း၊ ကျုပ်တို့အတွက် အရေးပါတဲ့ဒေသတွေဖြစ်တဲ့ လက်တင်အမေရိက၊ မြေထဲပင်လယ်ဒေသတို့နဲ့ ဆက်ဆံရေး ဖွင့်လှစ်နိုင်ခြင်း၊ စပိန်ရဲ့ကုန်ထုတ်လုပ်မှုအဆောက်အဦးကို ခေတ်မီစေတဲ့ စက်မှုဆိုင်ရာပြန်လည်တည်ဆောက်မှုတွေပါဝင်တဲ့ စပိန်ကုန်ထုတ်လုပ်မှုအဆောက်အဦးကို ခေတ်မီအောင်ပြုပြင်နိုင်ခြင်းစတဲ့ အချက်တွေနဲ့ပေါ့။ ကျုပ်ကို "မင်းကိုယ်မင်းအရှုံးမလုပ်စမ်းနဲ့။ စပိန်မှာ အခြေခံအဆောက်အဦပိုင်း အကြောင်းအရင်းတွေကြောင့် ငွေကြေးဖောင်းပွမှုဟာ ကိန်းနှစ်လုံးထက်ပိုပြီးနည်းမှာမဟုတ်ဘူး"လို့ ပြောခဲ့ဖူးတဲ့ လီယိုပိုဒိုဆိုတဲလို (ဝန်ကြီးချုပ်၊ ၁၉၈၁-၈၂) ရဲ့ အုပ်ချုပ်မှုပုံစံကို ကျုပ်ဆက်ခံရရှိခဲ့တယ်။ လီယိုပိုဒိုက ကျုပ်တို့ဟာ ဂျာမနီနဲ့ ပြင်သစ်တို့လိုပဲ နှုန်းနိမ့်တဲ့ ငွေကြေးဖောင်းပွမှုမျိုး ဘယ်တော့မှဖြစ်မှာမဟုတ်ဘူးလို့ ပြောခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ကို ကိန်းနှစ်လုံးထက်နည်းတဲ့ ငွေကြေးဖောင်းပွမှုအောက်ကို ကျစေဖို့ခွင့်မပြုတဲ့ အင်စတီကျူးရှင်းဆိုင်ရာ ပြဿနာနဲ့ ယဉ်ကျေးမှုပြဿနာရှိနေလို့ပဲ။ ဒါကြောင့် သူက အင်စတီကျူးရှင်းပိုင်းနဲ့ ယဉ်ကျေးမှုပိုင်းအတွက် အလုပ်လုပ်သင့်တယ်လို့ ကျုပ်ကိုပြောခဲ့တယ်။ ကျုပ်ရွေးကောက်ခံလိုက်ရတဲ့အချိန်မှာ ငွေကြေးဖောင်းပွမှုက ၁၄ ရာခိုင်နှုန်းမှာရှိနေခဲ့တယ်။ မွန်ကလိုအာ သဘောတူညီချက်ရဲ့ကျေးဇူးကြောင့် ကျုပ်တို့ဟာ ငွေကြေးဖောင်းပွမှုကို ၂၆ ရာခိုင်နှုန်းအောက်ရောက်အောင် ချနိုင်လိုက်တယ်။ ကျုပ်အစိုးရအဖွဲ့က ထွက်တဲ့အချိန်မှာ ငွေကြေးဖောင်းပွမှုကအက်ဖိနာ (ဝန်ကြီးချုပ်၊ ၁၉၉၆-၂၀၀၄) ရဲ့သက်တမ်းအကုန်မှာရှိခဲ့တဲ့နှုန်းနဲ့ တူညီနေပြီး ဇာပါထရို (ဝန်ကြီးချုပ်၊ ၂၀၀၄-၁၁) ရဲ့သက်တမ်းအကုန်မှာရှိခဲ့တဲ့နှုန်းနဲ့လည်းတူညီနေတယ်။ (၃.၇ ရာခိုင်နှုန်း) အဲဒါဟာ ကျုပ်အတွက်တော့ အတော်ကိုမြင့်မားလွန်းတဲ့ရလဒ်ပါပဲ။

## အမြစ်တွယ်နေသည့် ကိုယ်ကျိုးစီးပွားအုပ်စုများ၏ စိန်ခေါ်မှု

*ဖရန်ကိုအစိုးရလက်ထက်ကနဲ့ နီးစပ်နေတဲ့ စီးပွားရေးလုပ်ပိုင်ခွင့် ရရှိထားသူတွေက အပြောင်းအလဲကို ခြိမ်းခြောက်ခဲ့သလား။*

ရွေးကောက်ပွဲကာလတုန်းကတော့ သူတို့က တကယ်ကိုအရမ်းပဲ ရန်လိုခဲ့ကြတာပါ။ အရပ်သားတွေတောင်ပါဝင်ခဲ့တဲ့ ၁၉၈၁ ခုနှစ် စစ်ရေးခြိမ်းခြောက်မှုကို အနက်ကောက်ကြည့်မယ်ဆိုရင် သူတို့ဟာ လက်ဝဲဝါဒီတွေအစိုးရထဲကို ရောက်ရှိလာလိမ့်မယ်လို့ တကယ်ကိုယူဆထားတာကြောင့် အဲဒီလိုမဖြစ်အောင် ကြိုးစားခဲ့ကြတာပဲဖြစ်တယ်။ ဒါပေမယ့် အခက်ခဲဆုံးကာလကတော့ အဒယ်ဖိုဆွာရက်ဖ်ရဲ့ပါတီဖြစ်တဲ့ ဒီမိုကရက်တစ်ဗဟို သမဂ္ဂကျရှုံးသွားခဲ့တဲ့အချိန်ဖြစ်ပြီး လုပ်ငန်းရှင်အသိုင်းအဝိုင်းက ကျုပ်တို့ရဲ့အောင်မြင်မှုကို ရှောင်လွှဲလို့မရတော့ဘူး

ဆိုတာ သဘောပေါက်သွားခဲ့ကြတယ်။ သူတို့ ၁၉၈၂ ရွေးကောက်ပွဲကာလမှာ ပြောခဲ့တဲ့ စကားတစ်ခွန်းက သူတို့ဟာ ပန်းအိုးထဲကမြေကိုတောင် နိုင်ငံပိုင်သိမ်းပစ်မယ်ဆိုတဲ့စကားပဲ။ အဲဒီကြေညာချက်နဲ့အတူ ပုပ်နေတဲ့ပန်းသီးကို ပိုးစားနေတဲ့ပုံကို သတင်းစာတွေမှာ ထည့်သွင်း ဖော်ပြတာဟာ အလွန်ရက်စက်ပြီး အလွန်အပျက်သဘောဆောင်တဲ့ လှုပ်ရှားမှုဖြစ်တယ်။ အဲဒါဟာ အသုံးမဝင်တဲ့လှုပ်ရှားမှုဖြစ်ပြီး ကျုပ်လုံးဝစိတ်ဝင်စားခဲ့ခြင်း မရှိဘူး။

ကျုပ်အစိုးရအဖွဲ့ထဲကို ရောက်ရှိလာတဲ့အချိန်မှာ လူတွေဘယ်တုန်းကမှ မကြုံဖူးခဲ့တဲ့ လုပ်ဆောင်ချက်တစ်ချို့ကို ကျုပ်လုပ်ခဲ့တယ်။ ၁၉ ရာစုကတည်းက ရွေးကောက်ပွဲနိုင်အစိုးရရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးဝန်ကြီးဟာ ဘဏ်တွေရဲ့အမည်တင်သွင်းမှုမရှိရင် ခန့်အပ်လို့မရသလို၊ လျှပ်စစ်စွမ်းအားထုတ်လုပ်ရေးကုမ္ပဏီတွေရဲ့ ကျောထောက်နောက်ခံမရှိရင်လည်း စက်မှု ဝန်ကြီးဌာနဝန်ကြီးကို ခန့်အပ်လို့မရခဲ့ဘူး။ အဲဒီ ထုံးစံတွေကို ကျုပ်တို့ချိုးဖျက်ပစ်လိုက်ပြီး အဲဒီဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့လိုအပ်တဲ့လုပ်ဆောင်ခွင့်ကို ကျုပ်ယူခဲ့တယ်။

နိုကိုးလက်စ်ရီဒွန်ဒို (အထွေထွေအတွင်းရေးမှူးချုပ်၊ UGT၊ ၁၉၇၁-၉၄) ထိန်းချုပ်မှု အောက်မှာရှိတဲ့ အခြားသမဂ္ဂတွေနဲ့ ပဋိပက္ခဖြစ်ပွားခဲ့တာကြောင့် ကုန်သွယ်မှုသမဂ္ဂတွေကို နဲ့ပတ်သက်ရင် အစိုးရရဲ့ကိုယ်ပိုင်လုပ်ပိုင်ခွင့်တွေကို တည်ဆောက်ရတာဟာအလွန် ခက်ခဲခဲ့ တယ်။ အဲဒီသမဂ္ဂတွေက အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနဲ့ လူမှုရေးရာဝန်ကြီး ဌာနဝန်ကြီး နေရာတွေမှာ ဘယ်သူတွေကိုခန့်အပ်ရမလဲဆိုတာနဲ့ပတ်သက်လို့ ဆုံးဖြတ်ပိုင်ခွင့်ကို ဆက် လက်ထိန်းသိမ်းထားလိုခဲ့ကြတယ်။ ကျုပ်သူတို့ကို ဒီမှာဘယ်သူ့အတွက်မှ ဝေစုဆိုတာမရှိဘူး။ ကျုပ်ကိုယ်တိုင်လည်း အစိုးရအဖွဲ့ရဲ့တစ်စိတ်တစ်ပိုင်းဖြစ်နေဖို့နဲ့ဖွဲ့စည်းပုံက လိုအပ်တဲ့သူမျိုးပဲ ဖြစ်ဖို့ ဆုံးဖြတ်ထားတယ်လို့ ပြောခဲ့တယ်။ တကယ်ပဲ တင်းအားတွေရှိလာတာပေါ့။ ဒါပေမဲ့လည်း ဒုတိယသက်တမ်းအကုန်မှာတော့ စီးပွားရေးအကျိုးစီးပွားတွေနဲ့အစိုးရကြား ထိပ်တိုက်တွေ့ မှုတွေ စပြီးဖြစ်လာတော့တာပဲ။

ရီကာဒိုလာဂို့စ်က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဆက်ဆံတဲ့နေရာမှာ သူ့ကိုကျုပ်နဲ့နှိုင်းခဲ့ ကြတာကို မှတ်မိနေသေးတယ်။ အစည်းအဝေးတစ်ခုမှာ သူက "ခင်ဗျား စီးပွားရေးအမှုဆောင် တွေ ပြောတဲ့အတိုင်းပြောရရင် ဖီလစ်ပီဂွန်ဇဲလက်က ညွှန်းဆိုစရာ စံနမူနာဖြစ်မယ်ဆိုရင် သူအစိုးရထဲမှာ ရှိနေတဲ့နှစ်တိုင်းနှစ်တိုင်းမှာ အခွန်ဝန်ထုပ်က ပြည်တွင်းကုန်ထုတ်လုပ်မှုအချိုး ရဲ့ တစ်ရာခိုင်နှုန်း၊ တစ်ရာခိုင်နှုန်းတိုးလာတယ်ဆိုတာ မမေ့ပါနဲ့တဲ့" လို့ သူကကျုပ်ကို ပြောခဲ့တယ်။ အဲဒါက အတိအကျကိုဖြစ်ခဲ့တာပါ။ ကျုပ်အစိုးရအဖွဲ့ထဲမှာ ၁၄ နှစ်ရှိနေခဲ့ပြီး ကျုပ်ထွက်သွားတဲ့အခါမှာ အခွန်ဝန်ထုပ်က ကျုပ်အစိုးရအဖွဲ့ထဲမှာရှိနေခဲ့တဲ့အချိန်အတိုင်းပဲ ၁၄ ရာခိုင်နှုန်းကို ရောက်ရှိနေပါပြီ။ အဲဒီလိုမှ ကျုပ်တို့မလုပ်ရင်လည်း အများပြည်သူအတွက် အခမဲ့ပညာရေးစနစ်တို့၊ အခမဲ့ကျန်းမာရေးဝန်ဆောင်မှုတို့ကို ဘယ်ကငွေတွေနဲ့ လုပ်ပေးလို့ရ မှာလဲ။ ၁၉၈၈ ခုနှစ်မှာ စီးပွားရေးကဏ္ဍက အစိုးရကိုရွေးကောက်ပွဲမတိုင်ခင်မှာ ပြောင်းလဲဖို့

ကြိုးစားခဲ့တယ်။ သမဂ္ဂတွေကလည်း အထွေထွေသပိတ်တွေမှောက်ဖို့ လှုံ့ဆော်ခဲ့ပြီး အလုပ်သမားတွေကလည်း လေလွင့်ချိန်တွေအတွက် ပြန်အစားထိုးလုပ်ပေးရမယ့် အချက်ပါနေတာတောင် အလုပ်ရှင်တွေဘက်က ရပ်တည်ခဲ့တာကြောင့် အဲဒီသပိတ်တွေဟာ အရမ်းကို အောင်မြင်ခဲ့တယ်။ အလုပ်ရှင်တွေက သပိတ်တွေကို ဖြစ်မြောက်အောင်ပံ့ပိုးပေးနေပြီး အဲဒီသပိတ်တွေကြောင့်ပဲ နိုင်ငံဟာရပ်ဆိုင်းသွားခဲ့ရတယ်။ အစိုးရဝိုင်အက်စ်ပန်နိုလာရုပ်သံလိုင်းတောင် ပိတ်သွားခဲ့တယ်။ ၁၉၈၉ ခု နှစ်မှာ ရွေးကောက်ပွဲနောက်တစ်ကြိမ်ပြန်လုပ်ခဲ့ပြီး ကျုပ်က မဲအများစုရရှိပြီး အနိုင်ရရှိခဲ့တယ်။

## အတိုက်အခံများအတွင်း ခြားနားချက်များ

*နိုင်ငံရေးပါတီတွေနဲ့စပ်လျဉ်းပြီး 'ဒီမိုကရက်တစ်ဗဟိုသမဂ္ဂ (UCD၊ အယ်ဒိုဖိုဆွာရက်ဦးဆောင်သော ညွှန့်ပေါင်းအစိုးရ) ဟာ ကွယ်ပျောက်ခဲ့ရပြီး လူကြိုက်များတဲ့ ဖရာဂါအလီယန့်ဖ် နေရာဆက်ခံသူ လူကြိုက်များတဲ့ ပတ်ထရီဒိုရဲ့ လက်ယာဝါဒီပါတီတွေ ပေါ်ထွက်လာတာ ဘာကြောင့်ပါလဲ။ ကွန်မြူနစ်ပါတီတွေနဲ့ဆက်ဆံရာမှာ ခင်ဗျား ဘယ်လိုစီစဉ်ဆောင်ရွက်ပါသလဲ။*

ကျွန်တော်ကွန်မြူနစ်တွေကို မယုံကြည်ခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်ကွန်မြူနစ်ဆန့်ကျင်သူတစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်သူတို့တွေနဲ့ဆက်ဆံရာမှာ ပွင့်ပွင့်လင်းလင်းပါပဲ။ ကျွန်တော်ဟာ နှစ် (၃၀) ပြီးနောက် ပထမဆုံးအကြိမ် ပြင်သစ်မှာ ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ဆန်တီရာဂိုကာရေလိုနဲ့ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး ရလဒ်ကတော့ စာချုပ်ကို ဖျက်သိမ်းဖို့ ပြည်ပနဲ့တစ်ချို့စပိန်က လုပ်ဖော်ကိုင်ဖက်တွေရဲ့ လပေါင်းများစွာသော ပေးစာတွေကို လက်ခံရရှိခြင်းပါပဲ။

အဲဒီအချိန်မှာ ကျွန်တော်ဟာ လက်ဝဲအဖွဲ့အစည်းရဲ့ မစ်တာရန်းသဘောတရားကို လက်ခံသူမဟုတ်ပါဘူး။ ဒါကို မာရီယိုဆာရက်စ် (ပေါ်တူဂီဆိုရှယ်လစ်ဝန်ကြီးချုပ် ၁၉၇၆-၇၈, ၁၉၈၃-၈၅ နှင့် သမ္မတ ၁၉၈၆-၉၆) က ပေါ်တူဂီမှာ လက်ခံခဲ့ပါတယ်။ ဒါဟာသူ့ရဲ့သမ္မတရာထူးကို ရရှိစေမယ့် ဖိအားပေးမှုဖြစ်ပြီး သူဟာပေါ်တူဂီနဲ့ တောင်ဥရောပနိုင်ငံအားလုံးကို လက်ဝဲဝါဒီမူဝါဒ ဖြစ်စေချင်ခဲ့တာပါ။ မစ်တာရန်းဟာ ပထမအကြိမ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ဆိုရှယ်လစ်အလုပ်သမားပါတီ (၃၀) ရာခိုင်နှုန်းရရှိပြီး ကွန်မြူနစ်ပါတီက (၉) ရာခိုင်နှုန်းပဲ ရရှိတာကို မယုံကြည်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ဟာ (၁၂) ရာခိုင်နှုန်း ဒါမှမဟုတ် (၂၄) ရာခိုင်နှုန်းရပြီး ကွန်မြူနစ်ပါတီက (၂၄) ရာခိုင်နှုန်း ဒါမဟုတ် (၂၅) ရာခိုင်နှုန်းနဲ့အနိုင်ရမယ်လို့ သူထင်နေခဲ့တာပါ။ ကျွန်တော်မစ်တာရန်းကို ပြင်သစ်ဟာ စပိန်မဟုတ်ဘူးဆိုတာကို တော်တော်ရှင်းပြခဲ့ပါတယ်။ အဖြစ်မှန်က ကွန်မြူနစ်အတွက် တစ်မဲစီတိုင်းမှာ ကျွန်တော်တို့ အတွက်သုံးမဲရနေတာဖြစ်ပြီး ဒါကို သူ ၁၉၇၇ ဇူလိုင် (၁၅) ရွေးကောက်ပွဲအထိ သူမယုံခဲ့ပါဘူး။ နောက်တော့ သူ့အမြင်တွေ လုံးဝပြောင်းလဲသွားခဲ့ပြီး (၄) ရက်အကြာမှာတော့ သူ့ရဲ့ပါတီက ပါတီလုံးကျွတ်အစည်းအဝေး

တက်ဖို့ ကျွန်တော့်ကို ဖိတ်ကြားခဲ့ပါတယ်။

မစ်တာရန်းဟာ ဥက္ကာအလွန်ကောင်းပြီး တစ်ချိန်ထဲမှာပဲ စဉ်းလဲပါတယ်။ သူဟာ ကွန်မြူနစ်ပါတီကို သူအာဏာရဖို့ကိစ္စအတွက် ဆွဲသွင်းနိုင်ခဲ့တယ်။ သူအာဏာရပြီးတဲ့နောက်မှာတော့ ကွန်မြူနစ်ပါတီကို ထိုးနှက်ခဲ့ပါတယ်။ အာဏာရပြီးနောက်မှာ သူဟာနိုင်ငံပိုင်အဖြစ်သိမ်းယူဖို့ကျန်ရှိနေတဲ့ ဘဏ်စနစ်၊ ပြင်သစ်မှာရှိတဲ့အဆင့်မြင့်နည်းပညာကုမ္ပဏီတွေနဲ့ နည်းပညာကုမ္ပဏီကြီးတွေကို နိုင်ငံပိုင်သိမ်းယူခဲ့ပါတယ်။ အထက်က သူနိုင်ငံပိုင်သိမ်းယူခဲ့တဲ့ အရာအားလုံးဟာ ရွေးကောက်ပွဲမှာ သူ့ကိုမကူညီခဲ့တဲ့ ကုမ္ပဏီတွေအများစုဖြစ်တယ်။ တချို့တော့ ခြွင်းချက်ရှိတာပေါ့။

၁၉၈၂ ဇူလိုင်မှာ ကျွန်တော်ဟာ ကစ်ဆင်ဂျာကို သူနောင်တစ်ချိန်မှတ်တမ်းပြန်ရေးရတဲ့ အဖြစ်အနေနဲ့ မက်ဒရစ်မြို့မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ရှည်လျားတဲ့ စကားလက်ဆုံကျမှုမှာ "ခင်ဗျားက မစ်တာရန်းလုပ်ခဲ့တဲ့အရာတွေဟာ လုပ်ဆောင်ဖို့ရည်ရွယ်နေတာပဲ၊ ဘဏ်စနစ်ကို နိုင်ငံပိုင်သိမ်းဖို့ ရည်ရွယ်နေတာပဲ" သူက ပြောခဲ့တယ်။ အမေရိကန်ဟာ မစ်တာရန်းရဲ့ နိုင်ငံရေးပုံစံကို ကြောက်ရွံ့ပါတယ်။ ပြင်သစ်မှာသူတို့အောင်နိုင်မှုကြောင့်ဖြစ်ပြီး ဒါဟာ လက်ဝဲအဖွဲ့အစည်းတွေရဲ့ ဗျူဟာနဲ့ကွန်မြူနစ်ပါတီရဲ့လက်ထဲမှာ ဂရီ၊ ပေါ်တူဂီနဲ့ တောင်ဥရောပနိုင်ငံတွေအများအားဖြင့် ကျရောက်နေကြရပြီး အီတလီမှာ သူတို့ဘယ်လိုလုပ်ဆောင်တယ်ဆိုတာပဲဖြစ်ပါတယ်။ ကစ်ဆင်ဂျာကို စပိန်မှာဘာတွေဖြစ်နေခဲ့လဲဆိုတာ စနည်းနာဖို့ စပိန်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက လွှတ်လိုက်တာဖြစ်ပြီး ကျွန်တော်ဘယ်လိုလူမျိုးလည်းဆိုတာ သိပ်မသိကြဘူး။ အစိုးရဟာ ဘယ်လမ်းကြောင်းကိုရွေးမယ်၊ ဘာတွေဆက်လုပ်မယ်ဆိုတာ သူတို့သိချင်နေပါတယ်။ "ဘဏ်စနစ်တွေကို နိုင်ငံပိုင်မသိမ်းဘူးဆိုရင် မင်းဟာ ဆိုရှယ်လစ်တစ်ယောက်မဟုတ်ဘူး"လို့ ရယ်စရာမှတ်ချက်တစ်ခု ကျွန်တော့်ကိုပြောပြီး စကားပိုင်းကို အဆုံးသတ်ခဲ့ပါတယ်။ ကျွန်တော်သူ့ကို ပြောခဲ့တာကတော့ ခင်ဗျားပြဿနာက ဆိုရှယ်လစ်ဝါဒီတွေကို အရူးတွေလို့ သဘောထားတာဖြစ်ပြီး သူတို့ဟာ အမြဲတမ်းမတူညီကြပါဘူး။ ကျွန်တော် လုပ်ဆောင်မယ့်အရာတွေက စည်းစနစ်တင်းကြပ်မှုနဲ့ ဘဏ်တွေကို တစ်ခုနှင့်တစ်ခုယှဉ်ပြိုင်စေပြီး ဗဟိုဘဏ်ကို ကိုယ်ပိုင်အုပ်ချုပ်မှုပေးအပ်ဖို့ဖြစ်တယ်။ ဒါပေမယ့် ဘဏ်တွေကို ကျွန်တော်နိုင်ငံပိုင်သိမ်းမှာမဟုတ်ပါဘူး။ ကျွန်တော်ဟာ ဘဏ်တွေကို တင်းကြပ်စွာမချုပ်ကိုင်ချင်သလို ငွေချေးတဲ့ကိစ္စကို ဗျူရိုကရေစီရဲ့လက်ထဲထည့်ပြီး ခက်အောင်လည်းမလုပ်ချင်ပါဘူး။ ဖရန်ကိုအစိုးရ၏ နိုင်ငံပိုင်သိမ်းထားတဲ့ စက်မှုလုပ်ငန်းတွေကိုလည်း ပုဂ္ဂလိကအဖြစ် ပြောင်းလဲဖို့တောင် အစီအစဉ်ရှိပါတယ်။ ကားတွေကို နိုင်ငံပိုင်လုပ်ငန်း SEAT ကနေထုတ်နေပြီး ပုဂ္ဂလိကကုမ္ပဏီတွေ အဝေးပြေးလမ်းတွေ ဖောက်လုပ်တာဟာ ကျွန်တော့်အတွက်တော့ လက်ခံနိုင်စရာမရှိပါဘူး။ ကျွန်တော်ဟာ ဆန့်ကျင်ဘက်ကို လိုလားပါတယ်။ တောင်ဥရောပမှာ ဖြစ်ပျက်နေတဲ့အရာတွေကို ပြောဆိုတာဟာ အကျိုးသက်ရောက်မှုအများကြီး သူ့အတွက် ဖြစ်စေပါတယ်။

ဒါဟာ ပုံမှန်သီးသန့်နိုင်ငံရေးထက် ဖွံ့ဖြိုးတိုးတက်တဲ့ စိတ်ဝင်စားစရာဖြစ်ရပ်တစ်ခုပါ။ အာဏာရှင်စနစ် နှစ်များစွာ ကြာပြီးနောက် ၁၉၇၇ ပထမဆုံးရွေးကောက်ပွဲမှာ လက်ဝဲဝါဒီတွေဟာ လက်ယာဝါဒီတွေကို ဆန္ဒမဲပေးတဲ့ ပုံစံတွေဟာ ဥရောပနိုင်ငံတွေရဲ့ အချိန်ကြာမြင့်စွာ မဲပေးခဲ့ကြတဲ့ပုံစံနဲ့တူညီပါတယ်။ လူမှုအဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်ဟာ ပုံစံတူပါတယ်။ ပထမအကြိမ် ရွေးကောက်ပွဲမှာ ဆွာရက်က (၃၄) ရာခိုင်နှုန်းရခဲ့ပြီး ကျွန်တော်က (၂၉) ရာခိုင်နှုန်းရခဲ့ပါတယ်။ (၄.၄) ရာခိုင်နှုန်းသာရရှိခဲ့တဲ့ တီယာနိဂယ်ဗန်ရဲ့ ဆိုရှယ်လစ်ပါတီ ရှိနေဆဲဖြစ်ပြီး အလယ်အလတ်ပါတီတစ်ခုပါ။ ဒါကြောင့် ဆိုရှယ်ဒီမိုကရက်တွေက ဆွာရက်ရဲ့ ဒီမိုကရက်တစ်ဗဟိုသမဂ္ဂထက် (၁) ရာခိုင်နှုန်းအသာ ရခဲ့တာဖြစ်ပါတယ်။ ကွန်မြူနစ်တွေဟာ နောက်ပိုင်းမှာ လူကြိုက်များတဲ့ ပတ်ထရီဒိုရဲ့ ပြည်သူ့ပါတီဖြစ်လာမယ့် လူထုအကြိုက်အလီယန်ဇာနဲ့ ဖရာဂါထက် မဲပိုမိုရရှိခဲ့ပါတယ်။ သို့ပေမယ့် ကွန်မြူနစ်ပါတီဟာ ကတ္တလန်အမျိုးသားတပ်ဖွဲ့နဲ့အတူ ပါတီငယ်အဖြစ် ရှေ့ဆက်ခဲ့ပါတယ်။

ဒါဟာ ရွေးကောက်ပွဲဥပဒေက ဆွာရက်ကို အာဏာပေးခဲ့တာဖြစ်ပြီး သူလိုချင်တဲ့မဲတွေကိုတော့ ပေးခဲ့တာမဟုတ်ပါဘူး။

ဒါဟာ စပိန်ကို နားလည်ဖို့အဓိကသော့ချက်ပါပဲ။ ဆန္ဒမဲတစ်ဦးချင်းဆီနဲ့ သက်ဆိုင်တဲ့ ကိုယ်ပိုင်အချုပ်အချာကို ကိုယ်စားပြုပါတယ်။ ခင်ဗျား ဆန္ဒမဲပြုရမှာက ရင်းနှီးနေကြဖြစ်တဲ့ နိုင်ငံရေးအတွေးအခေါ် နှစ်ခြိုက်မှု၊ အစဉ်အလာနဲ့ အတိုကောက်စကားလုံးတွေကို ဆန္ဒပြုရမှာ ဖြစ်ပြီး ခင်ဗျားယုံကြည်မှုထက်သန်သည်ဖြစ်စေ၊ မထက်သန်သည်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဖွဲ့တည်းကိုပဲ မဲပေးခွင့်ရှိပါတယ်။ ဘုရင်ရဲ့ကြီးမြတ်တဲ့ ပြီးပြည့်စုံမှုဟာ ဒါပါပဲ။ ဆွာရက်ဟာ လူပ်ရှားမှုမှာ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့ရင်တောင်မှ လူများစုက ဖရန်ကိုအစိုးရအတွက် သူပါတာဝန်ခံရမယ်လို့ မယူဆစေပါဘူး။ စစ်ပွဲဒါမှမဟုတ် နောက်ဆက်တွဲအကျိုးဆက်တွေကိုပေါ့။ ဒါဟာ သက်ဆိုင်တဲ့ရွေးချယ်ခွင့်ပါပဲ။ ဆွာရက်နဲ့ကျွန်တော်ဟာ စစ်ပြီးခေတ်မျိုးဆက်တွေဖြစ်တယ် ဆိုတာရှင်းပါတယ်။ ကျွန်တော်တို့ကို ဥပဒေပြုကိုယ်စားလှယ်တွေရဲ့ သုံးပုံနှစ်ပုံမဲတွေကို ရရှိခဲ့ကြပါတယ်။ ခေါင်းမာတဲ့ ကွန်မြူနစ်ပါတီကို ကိုယ်စားပြုတဲ့ ကာရီလိုက (၄) ရာခိုင်နှုန်းရပြီး ဖရာဂါက (၈) ရာခိုင်နှုန်းရပါတယ်။ အခြားနည်းလမ်းတွေအရဆိုရင် အတိတ်ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေက မဲမရပဲ စပိန်ရဲ့အနာဂတ်ကို ကိုယ်စားပြုသူတွေက ဒီမိုကရေစီနည်းလမ်းအရ မဲနိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါဟာ မျိုးဆက်ပိုင်းဆိုင်ရာ ပြောင်းလဲမှုပါ။ အတိတ်ကို ကြည့်ပြီးမဲမပေးကြတော့ပဲ အနာဂတ်ကိုကြည့်ပြီး မဲပေးလာကြပါတယ်။ ကာရီလိုနဲ့ ဖရာဂါဟာ အတိတ်ပါပဲ။

## ခေါင်းဆောင်မှုစွမ်းရည်များ

*ခေါင်းဆောင်တစ်ယောက်ရဲ့ နိုင်ငံရေးနဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေက သင်ယူထားတာ*

*လား၊ ဒါမှမဟုတ် မွေးရာပါလားဆိုတာကို ခင်ဗျားသိပါသလား၊ တကယ်လို့ သင်ယူထားတာ ဆိုရင် ခင်ဗျားဘယ်လို သင်ယူပါသလဲ။*

ဒီအတွက်ကျောင်းမရှိပါဘူး။ နိုင်ငံရေးအာဏာနဲ့ ကြုံတွေ့တဲ့အခါမှာ ခင်ဗျားရဲ့အဖွဲ့ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်ဟာ ခင်ဗျားကို ခေါင်းဆောင်မှု သဘောတရားတွေတင်ပြမှာမဟုတ်ပါဘူး။ နိုင်ငံရေးသိပ္ပံကိုသင်ယူခဲ့တဲ့ လူနည်းစုတွေထဲက တစ်ယောက်ဖြစ်တဲ့ ကနေဒီ (အမေရိကန်သမ္မတ) ဟာ သူ့ရဲ့ ကာကွယ်ရေးအတွင်းရေးမှူးနဲ့ စကားပြောခဲ့တာကို အမှတ်ရတာဟာ တန်ဖိုးရှိပါတယ်။

မတ်နာမာရာ ကာကွယ်ရေး ဝန်ကြီးနေရာမှာ ခန့်ဖို့စီစဉ်တဲ့အခါ သူ့ကို ကုန်သွယ်ရေးကဏ္ဍမှာသာ ခန့်အပ်ဖို့ကနေဒီကိုပြောခဲ့တယ်။ အကြောင်းကတော့ ကာကွယ်ရေးနဲ့ပတ်သက်ပြီး နည်းနည်းကလေးမှ မသိတာကြောင့်လို့ ဆိုခဲ့ပါတယ်။ "ခင်ဗျားက ကာကွယ်ရေးဝန်ကြီးလုပ်ဖို့ မပြင်ဆင်ထားဘူးလို့ပြောတယ်။ ကျွန်တော်လည်း အမေရိကန်သမ္မတလုပ်ဖို့ မပြင်ဆင်ထားပါဘူး"လို့ ကနေဒီက သူ့ကိုပြန်လည်ပြောဆိုခဲ့တယ်။ တစ်ယောက်နှစ်ယောက်ကလွဲပြီး နိုင်ငံရေးသိပ္ပံကလာတဲ့ သူတွေ တိုင်းပြည်ရဲ့ခေါင်းဆောင်တွေ ဖြစ်လာတာမျိုးမတွေ့ဘူးပါဘူး။ သူတို့ဟာ နိုင်ငံရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာရာမှာထူး ရွှန်သူဖြစ်ရင်ဖြစ်၊ မဟုတ်ရင် နောက်ကွယ်ကနေ တိုင်းပြည်ကိုညွှန်ကြားချက်ပေးရမယ့် နံပါတ် (၂) လူလည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် ခေါင်းဆောင်မှုအတွက် ကျောင်းဆိုတာမရှိဘူး။

နိုင်ငံရေးခေါင်းဆောင်ဟာ သူ သို့မဟုတ် သူမတင်ပြထားတဲ့ အရာတွေကို ပြင်းထန်တဲ့ တာဝန်ယူစိတ်ရှိရမှာဖြစ်ပြီး အကျိုးမက်တဲ့စိတ်လည်း အနည်းဆုံးမှာ ရှိနေရပါမယ်။ ခေါင်းဆောင်တစ်ယောက်ဟာ နိုင်ငံရေးခေါင်းဆောင်သီးသန့်သာမက ကာလ်ကတ္တာရဲ့ မာသာထရီဇာလို ဘာသာရေးခေါင်းဆောင်လည်း ဖြစ်သင့်ပါတယ်။ သူမဟာ သူမရဲ့ဘဝတစ်ခုလုံးကို ငွေမမက်ပဲ ဘာမဟုတ်တာအတွက်နဲ့ လဲလှယ်ခဲ့တာပါ။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အခြေခံစိတ်ဓာတ်ဟာ အများအားဖြင့် ကိုယ်ပိုင်ကိုယ်ကျိုးအတွက် ပြုလုပ်ခြင်းမရှိဘဲ ရည်ရွယ်ချက်ကို ယုံကြည်ပြီးအပြင်းအထန်ကြိုးစားမှုကို အခြေခံထားတာဖြစ်ပါတယ်။

နိုင်ငံရေးခေါင်းဆောင်ရဲ့ ဒုတိယဝိသေသလက္ခဏာဟာ အခြားသူတွေရဲ့စိတ်ခံစားမှုကို ဖြည့်တင်းနိုင်ရမှာဖြစ်တယ်။ ဥပမာအားဖြင့် ဇာပါတီအိုရဲ့အမှားဟာ ဘာပါလဲ။ ကြောက်မက်ဖွယ်ကောင်းတဲ့ အကြပ်အတည်းကို တစ်နိုင်ငံလုံးကြောက်ရွံ့နေချိန်မှာ သူမကြာခဏပေါ်လာပြီး အကြပ်အတည်းမကြုံတွေ့ကြောင်းနှင့် ကြောက်မက်ဖွယ်အားလုံး မဟုတ်ကြောင်း သူပြောခဲ့ပါတယ်။ လူတွေဟာ လူတွေရဲ့ခံစားချက်ကို လက်ခံစဉ်းစားဖို့ သူကိုယ်တိုင် လက်မခံခဲ့ပါဘူး။ ဒါဟာ အပျက်သဘောဆောင်တာဖြစ်ရင် အကောင်းသဘော ဆောင်လာအောင် ပြုလုပ်ရမှာဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက်ဟာ ပြည်သူတွေရဲ့စိတ်ခံစားမှုကို မဖြည့်တင်းနိုင်ဖူး

ဆိုရင် ဒါကို ဘယ်သူမှလုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။ အဓိကအားဖြင့် နိုင်ငံရေးအမှားများဟာ တူညီကြပါတယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်ဟာ လူတွေရဲ့စိတ်ခံစားမှုကို တွေးတောမယ်ဆိုရင် အဖြေပေးနိုင်ဖို့ အပြင်းအထန်တာဝန်ယူရမှာဖြစ်ပြီး ပြောင်းလဲရာတွေမှာလည်း ဘာမဟုတ်တဲ့ အရာတွေအတွက် အရာအားလုံးကို အရှုံးအနိုင်ဖြစ်စေနိုင်ကာ သူ သို့မဟုတ် သူမဟာ အပျက်သဘောဆောင်တဲ့ စိတ်ဓာတ်ကနေ အကောင်းသဘောဆောင်တဲ့ စိတ်ဓာတ်ကို ပြောင်းလဲပေးနိုင်ရမှာဖြစ်တယ်။ ဒီနေရာမှာ နိုင်ငံရေးပဏ္ဍိတတွေ ရှိနေပါသေးတယ်။ အဆုံးတစ်နေ့မှာတော့ အာဏာရဆိုတာဟာ မျှော်လင့်ချက်တွေကို စီမံခန့်ခွဲရတာထက် မပိုပါဘူး။

တတိယအခြေအနေကတော့ လက်တွဲမယ့်လူတွေကို ရွေးချယ်တာဖြစ်ပြီး ခြိမ်းခြောက်မှုမပါဘဲ ကိုယ်ကျင့်တရားသြဇာနဲ့ဆွဲဆောင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တယ်။ ဒါဟာ အာဏာရလာတဲ့အခါမှာ ဝန်ကြီးအဖွဲ့ရာထူးကို ဘယ်သူ့ကိုခန့်ပြီး ဘယ်သူ့ကို ဖြုတ်မလဲဆိုတာကို ဆုံးဖြတ်ရမှာဖြစ်တယ်။ အရည်အချင်းရှိတဲ့ လူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ ရာထူးခန့်အပ်ဖို့ နိုင်ငံရေးအာဏာသာမက ကိုယ်ကျင့်တရား သြဇာရှိသူအဖြစ် သူတို့ခင်ဗျားကို လေးစားဖို့လည်းလိုပါတယ်။ အယ်ဒိုဖို ရှုံးနိမ့်ပြီး ဒီမိုကရက်တစ်ဗဟိုသမဂ္ဂပျက်ဆီးသွားတာဟာ ဒါကြောင့်ပဲဖြစ်တယ်။ သူဟာ သူရဲ့အဖွဲ့အစည်းပေါ်မှာ ကိုယ်ကျင့်တရားသြဇာဆုံးရှုံးခဲ့တယ်။ သူတို့ဟာ သူ့ကိုတန်ဖိုးမထားတော့ပဲ ကိုယ်ကျင့်တရားသြဇာရှိသူတစ်ယောက်လို မလေးစားကြတော့ပါဘူး။ ကျွန်တော့်မှာ ကျွန်တော့်ရဲ့အဖွဲ့အစည်းရှိပါတယ်။ အဖွဲ့ဝင်တွေဟာ သူတို့ရဲ့နယ်ပယ်မှာ ကျွန်တော့်ထက်ပိုပြီးထက်မြက်ပါတယ်။ မီဂယ်ဘွိုင်ရာ(စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ဘဏ္ဍာရေးဝန်ကြီး ၁၉၈၂-၈၅) အယ်ဖွန်ဆိုဂါရာ (လက်ထောက်ဝန်ကြီးချုပ် ၁၉၈၂-၉၁)နဲ့ ဂျို့စ်မာရီယာမာရာဗယ် (သိပ္ပံနဲ့ပညာရေးဝန်ကြီး ၁၉၈၂-၈၈) စတဲ့သူတွေဟာ ပထမတန်းစားတွေပါပဲ။ တစ်စုံတစ်ယောက်က ကျွန်တော့်ကိုပြောတယ်။ အုပ်ချုပ်ရေးမှာ ခင်ဗျားနဲ့အတူ လိုက်ပါဖို့ ထက်မြက်တဲ့လူတွေအပါအဝင် လူတော်တွေကို ရွေးချယ်ရမှာဖြစ်တယ်။ ပါရမီရှင်တွေဟာ သူတို့ရဲ့နဂိုစိတ်ရင်းရှိပြီး ဒါကိုခင်ဗျားသိဖို့လိုတယ်။ သူတို့ကို သည်းညည်းခံတာဟာ အလွန်ခက်ခဲပြီး ခင်ဗျားအင်မတန်စိတ်ရှည်ရပါမယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ အကြံပါပဲ။ ခင်ဗျားမှာ ဘွိုင်ရာလို ပထမတန်းစားတစ်ယောက်လောက်ရှိမယ်ဆိုရင် မျှော်လင့်ထားတဲ့ လူတစ်ယောက်ရဲ့ မာနကြီးမှုကို ခင်ဗျားဘယ်လိုကန့်သတ်မလဲ။ ခင်ဗျားမှာ သူတို့ရဲ့ အကြံအဉာဏ်တွေကိုဆုံးဖြတ်နိုင်မယ့် ကိုယ့်ကျင့်တရား သြဇာလည်းမရှိသေးဘူးဆိုရင်ပေါ့။ ဒါပေမယ့် အခြားအစီအစဉ်တစ်ခုနဲ့ဆွေးနွေးပြီး ဖြေရှင်းမလား၊ ဒါမဟုတ် တခြားလမ်းကိုဘယ်လို ရွေးမလဲ။

တချို့နိုင်ငံရေးခေါင်းဆောင်တွေရဲ့အမှားဟာသူတို့မှာသူတို့ထက်ထက်မြက်သူ၊ သူတို့ကို အရိပ်ထိုးနိုင်မယ့် ပူပေါင်းဆောင်ရွက်သူတယောက်မှ မရှိစေချင်ကြပါဘူး။ ဒါကြောင့် လုပ်ဖော်ကိုင်ဖက်တွေကို အုပ်ချုပ်ရာမှာ ကိုယ်ကျင့်တရားသြဇာရှိတယ်လို့ သူတို့မခံစားရတာဖြစ်တယ်။

ဒါဟာ ဆန့်ကျင်ဘက်ဖြစ်ရမှာပါ။ ဆန့်ကျင်ဘတ် ဥပမာကတော့ နေရာအားလုံးလိုလိုမှာ ဗဟုသုတစုံလင်မှုမရှိတဲ့ သမ္မတရေဂင်ပါပဲ။ ဒါပေမယ့် သူအင်မတန်မှ တော်တဲ့နေရာ တစ်ခုရှိတယ်။ သူ့မှာ ရှင်းလင်းတဲ့ဦးစားပေးမှုရှိပြီး သူဟာပထမတန်းစားအဆင့် လူတွေကိုရွေးချယ်ပြီး အကောင်အထည်ဖော်ရန် သူ့ကိုအရိပ်ထိုးနိုင်မယ့် သူကိုခိုင်းလေ့ရှိတယ်။ သူဟာ ပထမတန်းစားအဆင့်လူတွေကိုရွေးချယ်ပြီး နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးစတဲ့ တာဝန်ထမ်းဆောင်စေတယ်။ ပါရာဂွေးနဲ့အာဂျင်တီးနားဆက်စပ်တဲ့နေရာကို သူမသိပါဘူး။ ဒါပေမယ့် သူ့မှာ အလွန်လေ့ကျင့်ပြင်ဆင်ထားတဲ့ အဖွဲ့ရှိပါတယ်။ သူဟာ ဗဟုသုတနည်းပါးပေမယ့် ဒါကို သိနေတာကြောင့် "ငါဘာမှ မသိဘူးဆိုတာ ငါသိနေတယ်"ဆိုတဲ့ စကားဟာ အသိဉာဏ်ရဲ့ ရေသောက်မြစ်လိုဖြစ်နေတယ်။

ခေတ်ပေါ်လူ့အဖွဲ့အစည်းကို သတင်းအချက်အလက် နည်းပညာတော်လှန်ရေးနဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်တွေက ပြန်လည်ပုံဖော်နေကြတာဖြစ်ပြီး နိုင်ငံရေးအာဏာသမိုင်းနဲ့ လူ့သမိုင်းအတွင်း ပထမဆုံး အဖြစ် "သတင်းအချက်အလက်ဟာ အာဏာဖြစ်တယ်" ဆိုတဲ့ ဖွင့်ဆိုချက်ဟာ ပြောင်းလဲသွားပါပြီ။ ယနေ့ခေတ် နည်းပညာဟာ လူတိုင်းထံသို့ရောက် ရှိစေနိုင်မယ့် လေထုလိုပဲ အသုံးခံပစ္စည်းတစ်ခုပါ။ လျှို့ဝှက်ဆုံးအကြောင်းအရာတွေ အပါအဝင် အဖြစ်အပျက်အားလုံးကို သိနိုင်ပါပြီ။ ဝီကီလီစ်အရှုပ်တော်ပုံဟာ ဖော်ထုတ်မှုတစ်ခုကြောင့် မဟုတ်ဘဲ ဖုံးကွယ်မှုအားလုံးကို ဖော်ထုတ်လိုက်တဲ့ အရှုပ်တော်ပုံဖြစ်ပါတယ်။ တစ်ယောက်ယောက်ဟာ လျှို့ဝှက်ချက်ကိုဖော်လိုက်ရင် ဒါကိုအားလုံးတပြေးညီသိရှိကြမှာပါ။ သတင်းအချက်အလက်ဟာ တစ်ချိန်တည်းမှာပဲ အားလုံးကိုရရှိစေပြီး ပိုင်ရှင်မရှိတဲ့ရေလိုပါပဲ။ ပြဿနာက ခင်ဗျားအတွက် အကျိုးကျေးဇူးရရှိဖို့ သတင်းအချက်ကို ဘယ်လိုစနစ်တကျပြုလုပ်မလဲ။ ခေါင်းဆောင်မှုအတွက် သတင်းထောက်လှမ်းရေးဆိုတာဟာ အင်မတန်ပေါများနေတဲ့ သတင်းအချက်အလက်တွေထဲကနေ ခင်ဗျားအတွက်အလုပ်ဖြစ်တဲ့ ဖွင့်ဆိုချက်တစ်ခုခုထွက်လာနိုင်ဖို့ ဖြစ်ပါတယ်။

ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားခဲ့သော စက်တင်ဘာ (၁၁) တိုက်ခိုက်မှု မတိုင်ခင်ကတည်းက ဒီလိုဖြစ်နိုင်တယ်ဆိုတာကို သတင်းအများအပြားက ညွှန်ပြနေတာပါ။ ဒါဟာ လွှတ်တော်နဲ့ဆိုင်သော စုံစမ်းရေးကော်မရှင်ရဲ့ကြီးမားတဲ့ ရှာဖွေတွေ့ရှိမှုဖြစ်ပြီး အမေရိကန်ဟာ သတင်းအချက်အလက်တွေရယူရာမှာ ကောင်းမွန်ပါတယ်။ သူတို့မှာ သတင်းအချက်အလက်အများအပြားရှိပြီး သူတို့ဟာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့နဲ့လက်ဦးမှုရယူဖို့ ဆက်စပ်နေသော အချက်အလက်တွေကို သတိမပြုမိနိုင်ဖြစ်နေတာပါ။ ဒါကြောင့် ပြဿနာက သတင်းအချက်အလက်ဟာ အာဏာမဟုတ်ပါဘူး။ အာဏာဆိုတာ လည်ပတ်နေတဲ့ အစိုးရထဲမှာ ခင်ဗျားရဲ့ရည်ရွယ်ချက်အတွက် ဆက်စပ်မှုရှိတဲ့ သတင်းအချက်အလက်တွေကို ချိတ်ဆက်ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ဖြစ်ပွားခဲ့တဲ့ ကြီးမားတဲ့တော်လှန်ရေးဖြစ်ပြီး ခေါင်းဆောင်မှုကို

တိုက်စားသွားတဲ့ အဓိကအကြောင်းပြချက်လည်းဖြစ်ပါတယ်။

ဒါဟာ ခေါင်းဆောင်မှုပဋိပက္ခရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ခေါင်းဆောင်တွေမှာ တူညီတဲ့ အာဏာရှိကြတယ်။ အဲဒီတူညီတဲ့အာဏာဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကရှိခဲ့တဲ့ အာဏာပဲဖြစ်တယ်။ အခုရင်ဆိုင်နေရတဲ့လူ့အဖွဲ့အစည်းနဲ့ပတ်သက်ရင်တော့ အဲဒီအာဏာရဲ့ တန်ခိုးဟာလျော့ကျသွားတယ်။ဖိနှိပ်မှုကလာတဲ့အာဏာ၊တူညီတဲ့အာဏာဟာတည်ရှိနေတယ်။ အဲသလိုပဲ အာဏာနဲ့ဂုဏ်သိက္ခာရဲ့ပဋိပက္ခလည်းရှိနေတယ်။ သြဇာနဲ့ ဂုဏ်သိက္ခာမရှိပဲ ခြိမ်းခြောက်မှုကလာတဲ့ အာဏာတစ်မျိုးတည်းရှိတဲ့ ခေါင်းဆောင်မှုဆိုတာကတော့ ကျိုးလွယ်ကျေ လွယ်တဲ့ခေါင်းဆောင်မှုဖြစ်တယ်။ အဲဒီခေါင်းဆောင်တွေဟာ အာဏာနဲ့အတူတူ ခေါင်းဆောင် အဖြစ် ကနေလျော့ကျသွားတဲ့အချိန်ရှိတယ်။ အဲဒီခေါင်းဆောင်တွေဟာ ခေါင်းဆောင် ဟောင်း တွေတောင်မဖြစ်တော့ပဲ အရင်လူတွေသာဖြစ်နိုင်တော့တယ်။ အဲသလိုနိုင်ငံရေးခေါင်းဆောင် ဟောင်းတွေ ကျုပ်တို့ကမ္ဘာပေါ်မှာ အများကြီးရှိခဲ့တယ်။

လူတစ်ယောက်ဟာ ခေါင်းဆောင်မှုအရည်အသွေးအတွက်လေ့ကျင့်ယူရတယ်။ ဒါဟာ သိပ်ကိုရှင်းလင်းတယ်။ အဲဒီလိုလေ့ကျင့်တဲ့နေရာမှာ အဲဒီလိုလူတွေရဲ့အရည်အသွေးဟာ အဲဒီ နယ်ပယ်မှာ ကောင်းချင်လည်းကောင်းမယ်၊ ဆိုးချင်လည်းဆိုးမယ်။ ဒါကိုငြင်းလို့မရဘူး။ ဒါပေမဲ့ လူတစ်ယောက်ဟာ ခေါင်းဆောင်မှုအရည်အသွေးကို စာအုပ်တွေထဲကလေ့လာလို့မရဘူး။ ခေါင်းဆောင်မှုနဲ့ပဲ ကိုယ့်ကိုယ်ကိုယ်လေ့ကျင့်လို့ရတယ်။ ဥပမာ ဆယ်စက္ကန့်မှာ လူတစ်ယောက် တစ်ရာမီတာပြေးနိုင်တယ်ဆိုပြီး စာအုပ်ထဲကနေ ကလေးတွေကိုခင်ဗျား ရှင်းပြလို့ရတယ်။ ဒါပေမဲ့ အဲဒီကလေးတွေကို မပြေးခိုင်းဘူးဆိုရင်တော့ သူတို့တွေအဲဒီလိုဘယ်တော့မှလုပ်နိုင်မှာ မဟုတ်ဘူး။

## နိုင်ငံတကာသြဇာလွှမ်းမိုးမှု

*ခင်ဗျားမှာ ပြုပြင်ပြောင်းလဲမှုကာလအတွင်း နိုင်ငံတကာနဲ့အဆက်အသွယ်တွေအများ ကြီးရှိခဲ့တယ်။ အဲဒီအဆက်အသွယ်တွေထဲမှာ (ဂျာမနီနိုင်ငံရဲ့ ၁၉၆၉-၇၄ ခုနှစ်ရဲ့ ဆိုရှယ်ဒီမိုက ရက်တစ်ဝန်ကြီးချုပ်၊ ၁၉၆၆-၆၉ ခုနှစ် ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့တဲ့) ဝီလီဘရန့်၊ မာရီရှိဆိုရေး၊ (ဆွီဒင်နိုင်ငံရဲ့ ၁၉၆၉-၇၆၊ ၁၉၈၂-၈၆ ဆိုရှယ်ဒီမိုကရက် တစ်ဝန်ကြီးချုပ်ဖြစ်တဲ့) အိုလတ်ဖ်ပါမင်း၊ (ပြင်သစ်နိုင်ငံရဲ့ ၁၉၈၁-၉၅ ဆိုရှယ်လစ်သမ္မတ) ဖရန်ကိုစ် မစ်တာရန်းတို့လည်းပါတယ်။ ဒုံအပြင် ဥရောပသမဂ္ဂ နဲ့နေတိုးအဖွဲ့က လူတွေနဲ့လည်း ခင်ဗျားအဆက်အသွယ် ရှိခဲ့တယ်။ စပိန်နိုင်ငံမှာ ပြင်ပက နိုင်ငံရေးဏတ်လိုက်တွေရဲ့သက်ရောက်မှုကဘာလဲ။ ဒီကနေ့အကူး အပြောင်းကာလအတွက် ဘယ်လိုနိုဂုံးမျိုးကိုခင်ဗျားဆွဲချင်သလဲ။*

စပိန်နိုင်ငံသားတွေဟာ တခြားသောဥရောပသားတွေလိုပဲဖြစ်ချင်ကြတယ်။ ဆိုချင်တဲ့ အဓိပ္ပါယ်က စီးပွားရေးအကျပ်အတည်းတွေကနေလွန်မြောက်ချင်ကြတယ်။ ၁၉၆၀ ခုနှစ်တွေက

(စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ အလုပ်အကိုင်ဆုံးရှုံးမှုကြောင့်) လုပ်ငန်းခွင်ကနေ အတင်းအကျပ်နှင်ထုတ်ခံရတဲ့ စပိန်နိုင်ငံသားပေါင်း ၁.၅ သန်းရှိတယ်။ အဲဒီစပိန်လူမျိုးတွေမှာ အလုပ်သမားသမဂ္ဂလွတ်မြောက်မှု၊ လွတ်လပ်စွာထုတ်ဖော်မှု၊ နိုင်ငံရေးပါတီများ၏လွတ်လပ်မှုစတဲ့ ဥရောပအတွေ့အကြုံတွေရှိတယ်။ နောက်ဆုံးမှာ သူတို့တွေဟာ သူတို့ရဲ့မိသားစုပေါင်း ၁၀ သန်းကို ဦးဆောင်ခေါ်ဆောင်သွားနိုင်ခဲ့တယ်။ ဒါကြောင့်ဥရောပသမဂ္ဂထဲကိုဝင်ခွင့်ရဖို့ ချုပ်ဆိုတဲ့စာချုပ်ကို ဥပဒေပြုအဖွဲ့ကနေ လက်ခံခဲ့တယ်။ တကယ်တော့ အဲဒီစာချုပ်ဟာ သိပ်ကိုအရေးကြီးပြီး ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ရတယ်။ အကြောင်းကတော့ ဥရောပသမဂ္ဂထဲကိုဝင်ဖို့ ကိုယ့်ဘက်ကဘာတွေ ကိုလိုက်လျောမလဲဆိုတဲ့ ကိစ္စဖြစ်နေလို့ပဲ။ ဥရောပကိုမယုံကြည်တဲ့သူတွေဟာ စပိန်ဒဿနပညာရှင်ဖြစ်တဲ့ အော်တေးဂါး ဝိုင် ဂဲလ်ဆတ်ရဲ့ (ရွှေ့ပြောတဲ့)' စပိန်ဟာပြဿနာဖြစ်တယ်။ ဥရောပဟာ အဖြေဖြစ်တယ်' ဆိုတဲ့စကားရဲ့လွှမ်းမိုးမှုအောက်ကိုရောက်သွားကြတယ်။ ဒီစကားဟာ သိပ်ကိုလှတယ်။

စပိန်အတွက်တော့ ဥရောပဟာ နိုင်ငံတကာသြဇာလွှမ်းမိုးမှုဖြစ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလွှမ်းမိုးမှုကို လက်ရှိအခြေအနေအတွက် ဘယ်လိုပြန်ပြီးကူးပြောင်းပေးနိုင်မလဲ။ ဥရောပဟာ အမေရိကန်လိုပဲ တဖြည်းဖြည်းနဲ့သြဇာကျဆင်းလာတယ်။ ၂၀၁၁ အောက်တိုဘာမှာ ဘရာဇီးသမ္မတလူလာကအခုလိုပြောခဲ့တယ်။ 'ခင်ဗျားတို့ဟာ ဥရောပဒီမိုကရက်တစ်နဲ့ ဆိုရှယ်ပုံစံကို တည်ထောင်ခဲ့တယ်။ အဲဒီပုံစံကိုကျုပ်တို့ကလူသားရဲ့ အမွေအနှစ်အဖြစ် တွေးတောခဲ့တယ်။ ဒါကိုခင်ဗျားတို့မှာ ဖျက်ဆီးပိုင်ခွင့်မရှိဘူး။' လို့ လူလာကပြောခဲ့တာဖြစ်တယ်။ ဒါပေမဲ့ အခုကျုပ်တို့ကဒါကိုဖျက်ဆီးနေတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဥရောပဟာ တဖြည်းဖြည်းနဲ့ ကျဆုံးနေတယ်။ 'ယူရေးရှား' ရဲ့အနောက်တောင်ပိုင်းကွက်ကွက်လေးတစ်ခုပဲဖြစ်လာနေပြီး အဲဒီအပိုင်းကလေးဟာလည်း အဆက်တဖြည်းဖြည်းပြတ်တောက်လာတယ်။ ဒုံအပြင် ဒီအပိုင်းကလေးဟာ ဆိုရှယ်ဒီမိုကရေစီနဲ့ ခရစ်ယာန်ဒီမိုကရေစီစနစ်ကိုပဲကိုင်ဆွဲထားတယ်။ အများကောင်းကျိုးနဲ့ တွဲစပ်နေတဲ့လူအဖွဲ့အစည်းတွေ ပါဝင်နေတဲ့နိုင်ငံရေး စွမ်းအားတွေအတွက်ပဲ ဖြစ်နေတယ်။ ဒါဟာ ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းမှာ ဥရောပရဲ့အောင်မြင်မှုဖြစ်တယ်။ ဥရောပဟာကျဆုံးနေတယ်။ အခုအချိန်မှာလည်း ဆက်ပြီးကျဆုံးနေတယ်။ အကြောင်းကတော့ ဝေမျှနိုင်တဲ့ပြည်သူ့နေရာတွေကိုတည်ဆောက်တဲ့နေရာမှာ ရှေ့နောက်ညီညွှတ်မှုမရှိလို့ပဲဖြစ်တယ်။ ဒါကိုကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်တဲ့အခါမှာ တွေ့နိုင်တယ်။ ဒါဟာ အမေရိကားနဲ့ ဥရောပနှစ်ခုပေါင်းအနောက်လို့ခေါ်တဲ့ ဖွဲ့ဖြိုးပြီးအနောက်တိုင်းရဲ့ အခြေအနေဖြစ်တယ်။ အကြောင်းကတော့ လက်တင်အမေရိကဟာ ဖွဲ့ဖြိုးဆဲအနောက်ဖြစ်တယ်။ ဆက်လက်ဖွဲ့ဖြိုးနိုင်ခြေလည်းရှိတယ်။ လက်တင်အမေရိကဟာနောက်နှစ်ပေါင်းနှစ်ဆယ်ငါးနှစ်အတွင်းမှာ ပေးဆပ်ရမယ့်အရာတွေကို သုံးပစ်နေတယ်။ ဒါပေမဲ့ပေါ်ထွန်းစအရှေ့နဲ့အနောက်စီးပွားရေးတွေကတော့ နောက်နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်အတွင်းမှာ ဝယ်ယူလို့ရမယ့်အရာတွေအတွက် စုဆောင်းနေကြတယ်။ ဒါဟာ ကမ္ဘာ့ဈာတ်ခုံကြီးရဲ့ ကြီးမားတဲ့အပြောင်းအလဲဖြစ်တယ်။

ဒီလိုအပြောင်းအလဲကြောင့် ဥရောပဟာ တဖြည်းဖြည်းနဲ့သြဇာကျဆင်းလာတယ်။ ဒါကြောင့် တူနီရှားနိုင်ငံသားတွေဟာလည်း သူတို့ရဲ့ကိုယ်ပိုင်သရုပ်သဏ္ဌာန်နဲ့ဥရောပလိုဖြစ်ချင်လာတယ်။ ဒီဆန္ဒဟာ သူတို့တွေပြောင်းရွှေ့လာတဲ့အချိန်မှာ မက်ခဲ့တဲ့အိပ်မက်ပဲဖြစ်တယ်။ အခုတော့ အဲဒီအိပ်မက်ဟာ တဖြည်းဖြည်းနဲ့အားနည်းလာပြီး အဓိပ္ပါယ်မရှိတော့ဘူးဆိုတာကိုလည်းမြင်လာတယ်။ ဒီကိစ္စမှာ ဥရောပသမဂ္ဂကိုဝင်ရောက်ဖို့ကြိုးစားနေတဲ့ အီဂျစ်နိုင်ငံသားတွေ၊ မော်ရိုကိုနိုင်ငံသားတွေဟာလည်းဒီအတိုင်းပဲ။ မော်ရိုကိုနိုင်ငံဟာ ဥရောပရဲ့ အစိတ်အပိုင်းတစ်ပိုင်းဖြစ်ချင်တဲ့ တစ်ခုတည်းသော အာရပ်နိုင်ငံဖြစ်တယ်။ တူရကီနိုင်ငံသားတွေအတွက်တော့ အာရပ်လူမျိုးတွေမဟုတ်ဘူး။ သူတို့တွေဟာ ဥရောပတိုက်ကြီးရဲ့အစိတ်အပိုင်းတစ်ခုသာဖြစ်နေတယ်။ ဒါပေမဲ့ ဥရောပသားတွေရဲ့အမှားအယွင်းကြောင့် တူရကီဟာ ဥရောပသမဂ္ဂနဲ့ပေါင်းစည်းဖို့ စိတ်ဝင်စားမှုလျော့နည်းလာတယ်။ အကြောင်းကတော့ တူရကီဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ ဥရောပသမဂ္ဂကတော့ ဆုတ်ယုတ်လာလို့ပဲဖြစ်တယ်။ ဒါကြောင့် ဥရောပထဲကိုပေါင်းစည်းဝင်ရောက်ဖို့ကိစ္စဟာ တစ်ချိန်ကတူရကီအတွက် မိုးကုတ်စက်ပိုင်းဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ စိတ်ကူးယဉ်စရာတော့ မဟုတ်တော့ဘူး။

အထူးသဖြင့် အယူအဆသဘောအရ ဥရောပဟာ အခုအချိန်မှာ ကျုပ်တို့တွေ့နေရတဲ့ ဒီမိုကရေစီ အကူးအပြောင်းကာလဖြစ်စဉ်အပေါ် ကြီးကြီးမားမားလွှမ်းမိုးနိုင်မှုစွမ်းရည်ကျဆုံးခဲ့တယ်။ အမေရိကန်နိုင်ငံဟာလည်း ဒီလိုစွမ်းရည်နဲ့ပတ်သက်ရင်ကြီးကြီးမားမားကျဆုံးခဲ့တယ်။ သတင်းစာစောင်တစ်ခုက ဟီလာရီကလင်တန်ကို တစ်ခုမေးခဲ့တယ်။ အဲဒီအချိန်မှာ ဟီလာရီကလင်တန်ဟာ အိုးဘားမားတရုတ်နိုင်ငံကိုသွားရောက်လည်ပတ်ဖို့ စီစဉ်ပေးနေရတဲ့အချိန်ဖြစ်တယ်။ အိုဘားမားဟာ တရုတ်နိုင်ငံမှာ လူ့အခွင့်အရေးပြဿနာကို အရှိန်မြှင့်ပေးနိုင်မလားလို့ ဟီလာရီကလင်တန်ကိုမေးခဲ့တာဖြစ်တယ်။ 'ခင်ဗျားဟာ ကိုယ့်ကိုငွေထုတ်ပေးနေတဲ့ ငွေရှင်ကို ဘယ်တော့မှာ အနှောင့်အယှက်ပေးမှာ မဟုတ်ဘူး၊ မဟုတ်လား။' လို့ ပြန်ဖြေခဲ့တယ်။

စပိန်ဟာ ဒီလိုအကူးအပြောင်းကာလကြောင့်သာမကဘဲ ကျန်ခဲ့တဲ့နှစ်သုံးဆယ်ကအောင်မြင်မှုကြောင့်ပါ ရည်ညွှန်းကိုးကားခံထားရတာဖြစ်တယ်။ ကျုပ်အစိုးရအဖွဲ့ထဲကိုရောက်တဲ့အခါမှာ ကျုပ်ရဲ့တစ်နှစ်ဝင်ငွေဟာ ဒေါ်လာလေးထောင့်ငါးရာရှိခဲ့တယ်။ အစိုးရအဖွဲ့ထဲက ကျုပ်ထွက်သွားတဲ့အခါမှာ ဒေါ်လာတစ်သောင်းခွဲ ဖြစ်လာတယ်။ ပဋ္ဌိပက္ခတွေအပြင်းအထန်ဖြစ်နေတဲ့အချိန်မှာ ဒေါ်လာသုံးသောင်းထိဖြစ်လာတယ်။ တကယ်လို့ကျုပ်တို့ဟာ စီးပွားပျက်ကပ်ကြောင့် ဒေါ်လာနှစ်သောင်းခွဲထိဖြုတ်ချလိုက်မယ်ဆိုရင်တောင် ဒေါ်လာလေးထောင်ငါးရာကနေနှစ်သောင်းခွဲအထိတက်လာတာဟာ အလွန်ကြီးမားတဲ့ပြောင်းလဲမှုကြီးဖြစ်တယ်။ ဒီလိုအောင်မြင်မှုကို ရှုပ်ပိုင်းငွေကြေးနဲ့ဖော်ပြထားတယ်။ ဒါဟာလက်တင်အမေရိကားနဲ့ မြောက်အမေရိကားမှာရှိတဲ့ ရည်ညွှန်းကိုးကား အမှတ်ထဲမှာပါတဲ့ လူသားအရင်းဆင့်ကဲဖြစ်စဉ်ဖြစ်တယ်။ ဒါပေမဲ့ စပိန်ကိုမိုဒယ်တစ်ခုအဖြစ်ယူဆဖို့ဆိုတာကတော့ မဖြစ်နိုင်တော့ပါဘူး။

စပိန်လိုပဲ ဥရောပဟာ သူ့ရဲ့ပတ်သက်ဆက်နွယ်မှုပျောက်ဆုံးနေတယ်။ အီတလီနိုင်ငံဟာ အခုအချိန်မှာ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကထက်ပိုပြီးတော့ ဂျီဒီပီတိုးနှုန်းဟာ ၁ ရာခိုင်နှုန်းအောက် လျော့ကျသွားတယ်။ စပိန်ကတော့ ဂျီဒီပီမှာ အီတလီနိုင်ငံထက်ကျော်သွားတယ်။ ပြိတိန်နိုင်ငံဟာ စက်မှုလက်မှုမှာ ပျက်စီးသွားတဲ့နိုင်ငံဖြစ်တယ်။ ဒါကြောင့် လူလာပြောခဲ့သလိုပဲ ဥရောပနဲ့ ဒီမိုကရက်တစ်လူမှုစီးပွားပုံစံဖြစ်ခဲ့တဲ့ လူသားအမွေအနှစ်ဟာ သိမ်မွေ့တဲ့ပဋ္ဌိပက္ခထဲမှာရောက်နေပြီ၊ ဥရောပခေါင်းဆောင်တွေကတော့ အဲဒီပဋ္ဌိပက္ခထဲကနေဘယ်လို ရုန်းထွက်ရမလဲဆိုတာကို မသိသေးဘူး။ ကျုပ်ဟာ မစ်တာရန်း၊ ဟဲမ့်ခိုး (အနောက်ဂျာမနီရဲ့ ၁၉၈၂-၉၀ ဝန်ကြီးချုပ်၊ ၁၉၉၀-၉၈ ဂျာမနီနိုင်ငံရဲ့ဝန်ကြီးချုပ်)၊ ယက်ဒယ်လိုးစ် (ဥရောပကော်မရှင် ၁၉၈၅-၉၅ ရဲ့ ဥက္ကဋ္ဌ) စတဲ့လူတွေနဲ့အတူတူ ဥရောပကော်မရှင်မှာ ဆယ်နှစ်ကြာရှိခဲ့တယ်။ ကျုပ်တို့ဟာ ဆုံးဖြတ် ချက်တွေကိုဘယ်လို ဘယ်ပုံခက်ခက်ခဲခဲထိထိရောက်ရောက်ပုံဖော်ခဲ့သလဲဆိုတာကို သိခဲ့ရတယ်။ ဒီလိုအခြေအနေတွေဟာ အခုအချိန်မှာ လုံးဝပျောက်ဆုံးသွားပြီ။

ဒီလိုဥရောပနိုင်ငံတွေရဲ့ အသံဟာ အီဂျစ်မှာမရှိတော့ဘူး။ တူနီရှားမှာပဲရှိတော့တယ်။ အမေရိကားလိုပဲ ကျုပ်တို့ဟာ ဒီမိုကရက်တစ်ဖြစ်စဉ်တွေနဲ့ပတ်သက်လို့ ကူညီရမယ့်အချိန် ရောက်တိုင်း ရှုပ်ထွေးတဲ့အခြေအနေထဲမှာ ရောက်ရောက်နေတတ်တယ်။ ဆော်ဒီတွေဟာ သင်ခန်းစာတစ်ခုရလိုက်တယ်။ ဘာသင်ခန်းစာလည်းဆိုတော့ မူဘာရတ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အနှစ်သုံးဆယ်အပြီးမှာ အမေရိကားဟာ သူ့ကိုဘုရားပြီး ငြမ်းဖျက်လုပ်ခဲ့တာကိုမြင် တယ်။ အာရပ်တွေဟာ သူတို့ဘာသာသူတို့စောင့်ရှောက်ကြ ရမယ်ဆိုတာကိုမြင်ပြီး ဆော်ဒီတွေ အမြင်မှန်ရသွားတာဖြစ်တယ်။သူတို့တွေဟာ တခြားအရာတွေကြားထဲမှာပဲ တရုတ်နဲ့သဘော တူညီမှု ယူခဲ့တယ်။ ဒုံအပြင် ရေနံနဲ့ လက်နက်အလဲအလှယ်တွေပါဝင်တဲ့ လုံခြုံရေးသဘောတူညီမှုတွေ လည်း ယူခဲ့တယ်။ ဒါဟာ ကမ္ဘာပေါ်မှာသိပ်ကို ကြီးမားတဲ့အပြောင်းအလဲဖြစ်တယ်။ ဒီမိုကရေစီ ပုံဖော်နေတဲ့တွန်းအားတွေပါတဲ့တော်လှန်ရေးတွေရှိတယ်။ အများအားဖြင့် လစ်ဗျားနဲ့ ဆီရီးယား အတွက် ငြိမ်းချမ်းတဲ့မျှော်လင့်ချက်တွေပေါ့။ ဒါတွေဟာ အာဏာရှင်လမ်းကြောင်းနဲ့ အကြွင်းမဲ့ ချစားမှုကို လူတွေစိတ်ပျက်နေကြသလိုပဲ။ အသက်သုံးဆယ့်ငါးနှစ်အောက် နိုင်ငံသားတွေရဲ့ရှစ်ဆယ်ရာခိုင်နှုန်းဟာ မျှော်လင့်ချက်မဲ့နေတယ်။ အကူအညီမဲ့နေတယ်။ သူတို့မှာ ဦးတည်ချက်ကင်းမဲ့နေတယ်။ အဲဒီလိုလူတွေကို စောစောက တော်လှန်ရေးတွေကမျက်ကွယ်ပြုထားတယ်။

ဒီလိုအကြောင်းပြချက်တွေအားလုံးအတွက် အနိမ့်ဆုံးဥရောပနဲ့ အမေရိကားရဲ့ နိုင်ငံတကာအပေါ် သြဇာလွှမ်းမိုးမှု အခန်းကဏ္ဍဟာ အနာဂတ်မှာ ပိုပိုပြီးလျော့နည်းလာလိမ့်မယ်။ ဖြစ်ပျက်ခဲ့တာတွေရဲ့ ၁၅ ရာခိုင်နှုန်းအတွက် ပြင်ပသြဇာလွှမ်း မိုးမှုတွေကို အတိတ်ကာလတုန်းကထည့်သွင်းစဉ်းစားခဲ့တယ်။ ဒါပေမဲ့ အတွင်းအကြောင်းတရားတွေနဲ့ ပတ်သက်လို့တော့ ၈၅ ရာခိုင်နှုန်းသတ်မှတ်ခဲ့တယ်။

## စပိန်နိုင်ငံ၏ အချိန်ပြများ

**ဇူလိုင် - ၁၉၃၉။** ဖရန့်စစ်ဖရန်ကိုရဲ့ အမျိုးသားတပ်ဖွဲ့အောင်နိုင်မှုဖြင့် စပိန်ပြည်တွင်းစစ် အဆုံးသတ်သည်။

**ဇန်နဝါရီ - ၁၉၆၈။** ဘက်စ်ကွက်ရဲ့မွေးရပ်မြေနဲ့ လွတ်လပ်မှုခွဲထွက်ရေးတပ်ဖွဲ့ (ETA) က ရဲတစ်ယောက်အား သတ်ဖြတ်ခြင်းဖြင့်ဖရန်ကိုအစိုးရအား ပြင်းထန်သော ပုန်ကန်မှုစတင်သည်။

**ဇူလိုင် - ၁۹۶۹။** ဖရန်ကို အသက် (၇၆) နှစ်သည် နိုင်ငံရဲ့အကြီးအကဲရာထူးအား ဆက်ခံရန် မင်းသားဂျူအန်ကားလို့စ်အားခန့်အပ်သည်။ ဝန်ကြီးချုပ်အား အခြားအာဏာများ ပေးအပ်ရန် စီစဉ်သည်။

**ဒီဇင်ဘာ - ၁۹۷၀။** ရဲ (၃) ယောက်သေဆုံးမှုတွင် စွပ်စွဲခံနေရသော ဘုန်းကြီး (၂) ပါး အပါအဝင် ETA တပ်ဖွဲ့ ထောက်ခံသူ (၁၆) ယောက်အား ဘာရှဂိုရယ် ရုံးတင်စစ်ဆေးမှုပြုလုပ်သည်။ ခရစ်ယာန်ကျောင်းတော်နဲ့နိုင်ငံခြားအစိုးရများ၏ဖိ အားပေးမှုအောက်တွင် သေဒဏ်ပြစ်ဒဏ်အား နောက်ဆုံးတွင် အနည်းငယ်လျော့ပေါ့ပေးခဲ့သည်။

**ဒီဇင်ဘာ - ၁۹۷၃။** ETA က ကားလို့စ်အရီယာနာဗာရိုရဲ့ နေရာဆက်ခံသူ ဖရန်ကိုရဲ့ ညာလက်ရုံး ဝန်ကြီးချုပ်လူးဝစ်ကာရီယီ အားသတ်ခဲ့သည်။

**ဖေဖော်ဝါရီ - ၁۹۷۶။** ဖရန်ကိုရဲ့ကျန်းမာရေးယိုယွင်းလာမှု၊ စီးပွားရေးအကျပ်အတည်းနှင့်အတူ နာဘာရိုက လုံးဝမအောင်မြင်သော၊ တင်းကျပ်သော အုပ်ချုပ်မှုစနစ် အသင့်အတင့် လျော့ချရန်ကြိုးပမ်းခဲ့သည်။

**ဇူလိုင် - ၁۹۷۶။** ပေါ်တူဂီရဲ့ လက်ယာပါတီအစိုးရကို လက်ဝဲပါတီရဲ့စစ်ဘက်အောင်နိုင်မှုဖြင့် ဖြုတ်ချခဲ့ပြီး ပေါ်တူဂီရဲ့ ဒီမိုကရေစီစနစ်စတင်ခဲ့သည်။

**ဂျူလိုင် - ၁۹۷۶ ။** စပိန်ကွန်မြူနစ်ပါတီက နိုင်ငံရေးပေါ်လစီကို ဆန့်ကျင်သောအဖွဲ့တစ်ဖွဲ့အားဖွဲ့စည်းခဲ့သည်။

**စက်တင်ဘာ - ၁۹۷۶။** အစိုးရသည် ရွေးကောက်ပွဲတွင် ဘက်စကွက်ပါတီပါဝင်ရာတွင် အားကောင်းရန်ရည်ရွယ်ပြီး တစ်စိတ်တစ်ပိုင်း လွတ်ငြိမ်းချမ်းသာခွင့်ကို သဘောတူခဲ့ကာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတစ်ခုကို တရားဝင်ဖြစ်စေခဲ့သည်။

**ဒီဇင်ဘာ - ၁۹۷۷။** ဆွာရတ်သည် သက်ဦးဆံပိုင်စနစ်နှင့် ရွေးကောက်ပွဲသဘောတူညီမှုအတွက် ပြောင်းလဲရာတွင် စပိန်ကွန်မြူနစ်ပါတီကို ဥပဒေနှင့်အညီဖြစ်စေသည်။ စစ်တပ်သည် ဆုံးဖြတ်ချက်ကို ငြိမ်းချမ်းစွာဝေဖန်သည်။

**ဇန်နဝါရီ - ၁၉၇၇။** ၁၉၃၆ ခုနှစ်မှစ၍ ပထမဦးဆုံးအကြိမ်လွတ်လပ်သော အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည်။ ဒီမိုကရက်တစ် ဗဟိုအဖွဲ့အစည်းအတွင်း ဆွာရတ်ဇိနှင့် ဖရန်ကို ခေတ်ပြန်လည်ပြုပြင်ရေးသမားများ အများစုအနိုင်ရသည်။ ဆိုရှယ်လစ်အလုပ်သမားများပါတီသည် အဓိကအတိုက်အခံပါတီဖြစ်လာသည်။ စပိန်ကွန်မြူနစ်ပါတီနှင့် လက်ယာဝါဒီမဟာမိတ်ပါတီများမှာ ၁၀ ရာခိုင်နှုန်းအောက်သာရရှိခဲ့သည်။

**ဂျူလိုင် - ၁၉၇၇။** ပါလီအမတ်၊ ဝန်ကြီးချုပ် ဂူတီရာရတ် မယ်လာဒိုလက်အောက်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသစ်အား ဖွဲ့စည်းသည်။

**ဂျူလိုင် - ၁၉၇၇။** စပိန်သည်ဥရောပအဖွဲ့ဝင်နိုင်ငံဖြစ်ရန်လျှောက်ထားသည်။

**စက်တင်ဘာ - ၁၉၇၇။** ဆွာရတ်သည် စပိန်ဒေသနှင့် သက်ဦးဆံပိုင်အုပ်ချုပ်မှုကတ္တလန်ဒေသခေါင်းဆောင်များ၏ အပြောင်းအလဲတွင် အသိအမှတ်ပြုခြင်းအတွက် ကတ္တလန်ဒေသကိုယ်ပိုင်အုပ်ချုပ်ရေးအစီအစဉ်ကို သဘောတူခဲ့သည်။

**အောက်တိုဘာ - ၁၉၇၇။** ရပ်တန့်နေသောစီးပွားရေးအား ပြန်လည်အသက်ဝင်စေရန် ပြည်သူလူထုအကျိုးကျေးဇူးအတွက် ပြောင်းလဲရာတွင် ပုံသေလုပ်ခတိုးမြှင့်ခြင်း အသုံးစရိတ်ဖြတ်တောက်ခြင်း အခွန်တိုးကောက်ခြင်းတွေကိုကန့်သတ်ရန် မွန်ကလာသဘောတူစာချုပ်အား အစိုးရနှင့်အတိုက်အခံများကြားသဘောတူညီခဲ့သည်။

**အောက်တိုဘာ - ၁၉၇၇။** လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ရွေးကောက်မြောက်တင်မြှောက်ထားသည့် ပါလီမာန်ကဒီမိုကရေစီနည်းလမ်းဖြင့်ထောက်ခံခဲ့သည်။

**နိုဝင်ဘာ - ၁၉၇၈။** အစိုးရက စစ်ဘက်ဆိုင်ရာလုပ်ကြံမှုဖြစ်သော ဂလက်ဆီရာဖြစ်စဉ်ကြီးကို ဖော်ထုတ်ခဲ့သည်။ အစိုးရသည်စစ်တပ်၏ဒေါသကိုရှောင်လွှဲရန် အာဏာသိမ်းရန်ကြံစည်သော စစ်ဘက်ခေါင်းဆောင်များအား ပေါ့လျော့သောပြစ်ဒဏ်ချမှတ်ပြီး ပူးပေါင်းပါဝင်သူများကို တရားစွဲဆိုခြင်းမပြုလုပ်ခဲ့ပေ။

**ဒီဇင်ဘာ - ၁၉၇၈။** လွှတ်တော်မှရေးသားသည့် ဒီမိုကရက်တစ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ပြည့်သူ့ဆန္ဒဖြင့် အတည်ပြုသည်။

**မတ် - ၁၉၇၉။** ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ဗဟိုသမဂ္ဂပါတီအများစု အနိုင်ရသည်။ ဆိုရှယ်လစ်အလုပ်သမားပါတီသည် အဓိကအတိုက်အခံပါတီတစ်ခုအဖြစ် ခိုင်မာလာသည်။ စပိန်ကွန်မြူနစ်ပါတီနှင့် ပြည့်သူ့ပါတီတို့မှာ မဲအနည်းငယ်သာရရှိသည်။

**ဧပြီ - ၁၉۷۹။** ပထမအကြိမ် ကိုယ်ပိုင်အုပ်ချုပ်မှုရွေးကောက်ပွဲကျင်းပသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီမိုကရက်တစ်ဗဟိုသမဂ္ဂပါတီအနိုင်ရခဲ့ပေမယ့် စပိန်ကွန်မြူနစ်ပါတီနှင့်ဆို

ရှယ်လစ်အလုပ်သမားပါတီတို့သည် အဓိကမြို့တော်များကိုအုပ်ချုပ်ရန် သဘောတူညီချက်ရရှိသည်။

**မေ - ၁၉၇၉။** ပါတီညီလာခံမက်စ်ဝါဒီပုံစံကို ရယူထားသော ဗီလဗီကွန်ဆာလက်မဲရုံးနိမ့်ပြီးနောက် ခေါင်းဆောင်အဖြစ်မှနတ်ထွက်ခဲ့သည်။ ကွန်ဆာလက်သည် စက်တင်ဘာတွင် သူ၏ကိုယ်ပိုင်အချက်အလက်များဖြင့် ပြန်လည်ရွေးကောက်ခံသည်။

**အောက်တိုဘာ - ၁၉၇၉။** ဗက်စကွက်နှင့် ကတ္တလန်တာမဲပေးသူများမှ ထောက်ခံမှုဖြင့် ဗက်စကွက်ဒေသနှင့်ကတ္တလန်ဒေသတို့ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ပင်မအမျိုးသားရေးပါတီ ကိုယ်စားလှယ်များ၏ ထောက်ပံ့မှုဖြင့်အတည်ပြုခဲ့သည်။

**မတ် - ၁၉၈၀။** ပထမအကြိမ်ဒေသဆိုင်ရာ ရွေးကောက်ပွဲကို ဗက်စကွက်ဒေသနှင့် ကတ္တလန်ဒေသတွင် ကျင်းပသည်။ ဒေသနှစ်ခုစလုံးတွင်အစိုးရမှ ပင်မအမျိုးသားရေးဝါဒီများပါဝင်ခဲ့သည်။

**မေ - ၁၉၈၀။** စပိန်ကွန်မြူနစ်ပါတီ လူကြိုက်များမှုလျော့နည်းလာသည့်အလျောက် ဆွာရတ်သည် ဆိုရှယ်ဒီမိုကရက်များထက်ကွန်ဆာဗေးတစ်များကို မျက်နှာသာပေးပြီး ဝန်ကြီးအဖွဲ့ဝင်များကို အပြောင်းအလဲလုပ်သည်။ စပိန်အလုပ်သမား ဆိုရှယ်လစ်ပါတီသည် လွှတ်တော်တွင်အယုံအကြည်မရှိအဆိုကိုတင်သွင်းသော်လည်း ကျဉ်းမြောင်းသောကွာဟမှုဖြင့် ဆွာရတ်ဆက်လက်ရပ်တည် နိုင်ခဲ့သည်။

**ဇန်နဝါရီ - ၁၉၈၁။** ဆွာရတ်သည် ပါတီတွင်းအကွဲအပြားများနှင့် စီမံခန့်ခွဲမှုအမှားများကြောင့်နတ်ထွက်ခဲ့သည်။

**ဖေဖော်ဝါရီ - ၁၉၈၁။** ဖေဖော်ဝါရီ ၂၃တွင် ပါလီမန်ပြုလုပ်နေစဉ်အတွင်း တော်ဝင်မိသားစုထောက်ခံမှုဖြင့် တီဂျီအိုဇီ၏အောင်မြင်သောကြိုးပမ်းမှုဖြင့် ဘလင်ဆီယာတွင် စစ်ဘက်အရာရှိများနှင့် စစ်ဘက်မှတရားမဝင်စုဆောင်းထားသူများက မြို့ကိုထိန်းချုပ်ခဲ့သည်။ ဘုရင်ဂျုအန် ကားလိုးစ်သည် လှုပ်ရှားမှုကိုရပ်တန့်ရန်စီမံကိန်းချပြီး ဖြစ်ရပ်တွင်ပါဝင်သော အရာရှိများကို ဖြိုခွင်းခဲ့သည်။ စပိန်ကွန်မြူနစ်ပါတီဝန်ကြီးဟောင်း ဆိုတီလိုသည် ဆွာရတ်၏နေရာတွင် ဝန်ကြီးချုပ် အဖြစ်ခန့်အပ်ခံရသည်။

**အောက်တိုဘာ - ၁၉၈၁။** ပါလီမန်သည် အနောက်နိုင်ငံစစ်တပ်များနှင့် စပိန်စစ်ဘက်ဆိုင်ရာ ပူးပေါင်းမှုကိုချေ့ထွင်ခြင်းဖြင့် စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီနှင့် ဆိုရှယ်လစ်ပါတီတို့က ကန့်ကွက်သော်လည်း နေတိုးနှင့် ပူးပေါင်းရန်မဲပေးခဲ့သည်။

**ဖေဖော်ဝါရီ - ၁၉၈၂။** ဖေဖော်ဝါရီ ၂၃ လှုပ်ရှားမှု သစ္စာဖောက်သူများအတွက် ရုံးတင်စစ်ဆေးမှုစတင်သည်။ လှုပ်ရှားမှုခေါင်းဆောင်သူအား ထောင်ဒဏ် နှစ် ၃၀ ချမှတ်ပြီး အခြား

တရားခံများကို ပေါ့လျော့သောပြစ်ဒဏ်များချမှတ်ခဲ့သည်။

**အောက်တိုဘာ - ၁၉၈၂။** စပိန်အမျိုးသားဆိုရှယ်လစ်အလုပ်သမားပါတီသည်ရွေးကောက်ပွဲတွင်တခဲနက်အောင်ပွဲခံပြီးဂွန်ဇလက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ဆိုရှယ်လစ်ပါတီသည် စပိန်ဒီမိုကရက်တစ် ဗဟိုသမဂ္ဂပါတီတို့ပြိုလဲသွားပြီး ပြည့်သူ့ပါတီအလယ်အလတ်အဖြစ် ဒုတိယနေရာကိုရောက်လာသည်။ ဂွန်ဇလက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆုပ်ကိုင်ဦးဆောင်ခြင်းဖြင့် လူမှုသက်သာချောင်ချိရေးနှင့် စီးပွားရေးလွတ်လပ်မှုကို တိုးမြှင့်ပေးသည်။

**ဇန်နဝါရီ - ၁၉၈၆။** ပေါ်တူဂီနှင့် စပိန်အပါအဝင် ဥရောပအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီကြိုးပမ်းမှုကို အုတ်မြစ်ချနိုင်ရန်လုံ့ဆော်သည်။

**မတ် - ၁၉၈၆ ။** ရွေးကောက်ပွဲတွင်မဲပေးသူများက နေတိုးနှင့်ဆက်လက်ပူးပေါင်းရန်ထောက်ခံပြီး စပိန်အလုပ်သမားဆိုရှယ်လစ်ပါတီသည် အဖွဲ့ဝင်များကို ဆက်လက်ထားရှိရန်အတွက် လှုပ်ရှားမှုတွင် ရာထူးများအထက်အအောက်ပြောင်းလဲခဲ့သည်။

**ဇွန် - ၁၉၈၆။** စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီသည် အထွေထွေရွေးကောက်ပွဲတွင် ဒုတိယအကြိမ် အပြည့်အဝအနိုင်ရသည်။

**ဒီဇင်ဘာ - ၁၉၈၈။** ဆိုရှယ်လစ်အလုပ်သမားပါတီအစိုးရ စီးပွားရေးမူဝါဒကို အထွေ ထွေရိုက်ခတ်မှုများကစပိန်ကိုလုံးဝရပ်ဆိုင်းသွားစေသည်။

**အောက်တိုဘာ - ၁၉၈၉။** ဆိုရှယ်လစ်အလုပ်သမားပါတီ ရွေးကောက်ပွဲတွင် တတိယအကြိမ် အနိုင်ရခဲ့သော်လည်း လွှတ်တော်သည်အဓိကနေရာများကို ကျဉ်းမြောင်းစွာဆုံးရှုံးနေသည်။

**ဇန်နဝါရီ - ၁၉၉၃။** စပိန်အလုပ်သမားဆိုရှယ်လစ်ပါတီ စတုတ္ထအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရသည်။ သို့ပေမဲ့ အရေးပါသောရာထူးများ လျော့ပစ်ခဲ့သည်။

**မတ် - ၁၉၉၆။** စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီသည် လူကြိုက်များသောပြည်သူ့ပါတီ ခေါင်းဆောင်သစ် အန်ဇာအားရှုံးနိမ့်ခဲ့သည်။ ဂွန်ဇလက်သည် တစ်နှစ်ကြာပြီးနောက် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သည်။

## စပိန်နိုင်ငံနှင့်ပတ်သက်၍ ဆက်လက်ဖတ်ရှုသင့်သောစာအုပ်များစာရင်း


Aguilar, Paloma, *Memory and Amnesia: The Role of the Civil War in the Transition to Democracy* [ဒီမိုကရေစီသို့ အကူးအပြောင်းကာလအတွင်းမှ ပြည်တွင်းစစ်၏ အခန်းကဏ္ဍ] (New York: Berghahn Books, 2002)

Bermeo, Nancy, 'Sacrifice, Sequence, and Strength in Successful Dual Transitions: Lessons from Spain' [အောင်မြင်သော အပြိုင်အကူးအပြောင်းကာလအတွင်းမှစွန့်လွှတ်မှု၊ အကျိုးဆက်နှင့်စွမ်းအား၊ စပိန်နိုင်ငံမှသင်ခန်းစာများ], *Journal of Politics*, 56/3 (1994), pp. 601–27

Encarnación, Omar G., 'Social Concertation in Democratic and Market Transitions: Comparative Lessons from Spain' [ဒီမိုကရေစီနှင့်ဈေးကွက်အကူးအပြောင်းအတွင်းမှ လူမှုရေးဆိုင်ရာသဘောတူညီမှုများ၊ စပိန်နိုင်ငံမှသင်ခန်းစာများကို နှိုင်းယှဉ်လေ့လာခြင်း], *Comparative Political Studies*, 30/4 (1997), pp. 387–419

Fishman, Robert, *Working-Class Organization and the Return to Democracy in Spain* [စပိန်နိုင်ငံမှ အလုပ်သမားလူတန်းစားအဖွဲ့အစည်းနှင့် ဒီမိုကရေစီသို့ အပြန်ခရီး)] (Ithaca, N.Y.: Cornell University Press, 1990)

Gunther, Richard, Montero, José Ramón and Botella, Joan*, Democracy in Modern Spain* [မော်ဒန်စပိန်နိုင်ငံမှ ဒီမိုကရေစီ] (New Haven, Conn.: Yale University Press, 2004)

Gunther, Richard, Montero, José Ramón and Wert, José Ignacio, 'The Media and Politics in Spain: From Dictatorship to Democracy' [စပိန်နိုင်ငံမှ မီဒီယာနှင့်နိုင်ငံရေး၊ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့], in Richard Gunther and Anthony Mughan (eds), *Democracy and the Media: A Comparative Perspective* [ဒီမိုကရေစီနှင့် မီဒီယာ၊ နှိုင်းယှဉ်လေ့လာချက်အမြင်များ] (Cambridge, UK: Cambridge University Press, 2000)

Harrison, Joseph, 'Economic Crisis and Democratic Consolidation in Spain, 1973–1982' [၁၉၇၃-၁၉၈၂ စပိန်နိုင်ငံမှ စီးပွားရေးပဋ္ဌိပက္ခနှင့် ဒီမိုကရက်တစ်ပေါင်းစည်းညီညွှတ်မှု], Working Papers in Economic History, Universidad Carlos III de Madrid (Madrid, Spain: 2006)

Linz, Juan J., 'Innovative Leadership In the Transition to Democracy and a New Democracy: The Case of Spain' [ဒီမိုကရေစီအကူးအပြောင်းနှင့် ဒီမိုကရေစီအသစ်အတွင်းမှ တီထွင်ဆန်းသစ်သော ခေါင်းဆောင်မှု], in Gabriel Scheffer (ed.), *Innovative Leaders in International Politics* [နိုင်ငံတကာ နိုင်ငံရေးမျက်နှာစာမှ တီထွင်ဆန်းသစ်တတ်သော ခေါင်းဆောင်များ] (Albany, N.Y.: State University of New York Press, 1993)

Linz, Juan J. and Stepan, Alfred, 'The Paradigmatic Case of Reforma Pactada-Ruptura Pactada: Spain' [ရီဖော်မာ ပက်တာဒါး-ရက်ပ်တူရာ ပက်တာဒါး၏ ပါရာဒိုင်းအရွေ့အပြောင်းကိစ္စ], in Juan Linz and Alfred Stepan (eds), *Problems of Democratic Transition and Consolidation: Southern Europe, South America, and Post-Communist Europe* [ဒီမိုကရက်တစ်အကူးအပြောင်းနှင့် စည်းလုံးညီညွတ်မှုပြဿနာများ၊ ဥရောပတောင်ပိုင်း၊ အမေရိကတောင်ပိုင်းနှင့် ကွန်မြူနစ်အလွန်ဥရောပ] (Baltimore, Md.: Johns Hopkins University Press, 1996)

McDonough, Peter, Barnes, Samuel H. and López Pina, Antonio, *The Cultural Dynamics of Democratization in Spain* [စပိန်နိုင်ငံမှ ဒီမိုကရေစီကူးပြောင်းဖော်ဆောင်ခြင်းဆိုင်ရာ ယဉ်ကျေးမှုဒိုင်းနမစ်များ] (Ithaca, N.Y.: Cornell University Press, 1998)

Muro, Diego and Alonso, Gregorio (eds), *The Politics and Memory of Democratic Transition: The Spanish Model* [ဒီမိုကရေစီကူးပြောင်းဖော်ဆောင်မှု၏ နိုင်ငံရေးနှင့် အမှတ်သညာ၊ စပိန်ပုံစံ] (New York: Routledge, 2010)

Pérez-Díaz, Victor, *The Return of Civil Society: The Emergence of Democratic Spain* [ပြည်သူ့လူ့အဖွဲ့အစည်းများသို့အပြန်၊ ဒီမိုကရက်တစ် စပိန်ပေါ်ထွန်းလာခြင်း] (Cambridge, Mass.: Harvard University Press, 1993)

Preston, Paul, *The Triumph of Democracy in Spain* [စပိန်နိုင်ငံမှ ဒီမိုကရေစီအောင်ပွဲ] (London: Methuen & Company, 1986)

Powell, Charles, *Juan Carlos of Spain: Self-Made Monarch* [ကိုယ်တိုင်တင်မြှောက်ထားတဲ့ သက်ဦးဆံပိုင်ဘုရင်၊ ဂျူအန် ကားလို့စ်] (New York: Palgrave, 1996)

Powell, Charles, 'International Aspects of Democratization: The Case of Spain' [နိုင်ငံတကာ၏ ဒီမိုကရေစီ ကူးပြောင်းဖော်ဆောင်ခြင်းအမြင်များ၊ စပိန်ကိစ္စ], in

Laurence Whitehead (ed.), *The International Dimensions of Democratization: Europe and the Americas* [ဒီမိုကရေစီကူးပြောင်း ပုံဖော်ခြင်းနှင့်ပတ်သက်သော နိုင်ငံတကာဒိုင်မင်းရှင်းများ၊ ဥရောပနှင့်အမေရိက] (Oxford, UK: Oxford University Press, 2001)

Serra, Narcis, *The Military Transition: Democratic Reform of the Armed Forces* [စစ်တပ်အကူးအပြောင်း၊ လက်နက်ကိုင်စစ်တပ်၏ ဒီမိုကရက်တစ်ပြန်လည်ပြုပြင်ရေး] (Cambridge, UK: Cambridge University Press, 2010) [by former defense minister]

Tezanos, José Félix, Cotarelo, Ramon, and de Blas, Andrés (eds), *La Transición Democrática Española* [The Spanish Democratic Transition] [စပိန်နိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းပုံဖော်ခြင်း] (Madrid, Spain: Sistema, 1989)

အခန်း (၆)

# ဒီမိုကရေစီ
# အသွင်ကူးပြောင်းမှုများတွင်
# ပါဝင်ခဲ့သည့် အမျိုးသမီး
# တက်ကြွလှုပ်ရှားသူများ

# ဒီမိုကရေစီအသွင်ကူးပြောင်းမှုများတွင် ပါဝင်ခဲ့သည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ

Georgina Waylen ရေးသည်။

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ANC | အာဖရိကအမျိုးသားကွန်ဂရက် (တောင်အာဖရိက) |
| NGO | အစိုးရမဟုတ်အဖွဲ့အစည်း (မြန်မာ) |
| PCA | People's Consultative Assembly (အင်ဒိုနီးရှား တိုင်းပြုပြည်ပြုလွှတ်တော်) |
| PSOE | Partido Socialista Obrero España (စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီ-စပိန်နိုင်ငံ) |
| NETRIGHT | အမျိုးသမီးအခွင့်အရေးကွန်ရက် (ဂါနာနိုင်ငံ) |
| SERNAM | Servicio Nacional de la Mujer (နိုင်ငံလုံးဆိုင်ရာအမျိုးသမီးများ၏ဝန်ဆောင်မှု၊ ချီလီနိုင်ငံ) |
| UDF | ညီညွတ်သောဒီမိုကရေစီတပ်ဦး (တောင်အာဖရိက) |

## မိတ်ဆက်

အာဏာရှင်အုပ်ချုပ်ရေးမှသည် ပိုပြီးဒီမိုကရေစီဆန်သည့်အုပ်ချုပ်ရေးသို့ အသွင်ကူးပြောင်းမှုတွင် အမျိုးသမီးလှုပ်ရှားမှုများနှင့် အဓိကကျသည့် အမျိုးသမီးလှုပ်ရှားသူများပါဝင်ခဲ့သည့် အခန်းကဏ္ဍကို ဤအခန်းတွင် သုံးသပ်တင်ပြထားပါသည်။ အမျိုးသမီးအစုအဖွဲ့ပေါင်းစုံ၏ နိုင်ငံရေးအရပါဝင်ဆောင်ရွက်မှုကို အမျိုးသမီးလှုပ်ရှားမှုများနှင့် အဓိကကျသည့် အမျိုးသမီးလှုပ်ရှားသူများက မြှင့်တင်ပုံ၊ ထောက်ခံအားပေးပုံကို ဤအခန်းတွင် ဆန်းစစ်ထားသည်။ ထို့အပြင် အမျိုးသမီးအခွင့်အရေးနှင့် ကျားမ တန်းတူညီမျှမှုကို ထိုအမျိုးသမီးတက်ကြွလှုပ်ရှားသူများက မြှင့်တင်အားပေးခဲ့ပုံကို ဆန်းစစ်ထားသည်။ Democratic Transitions စီမံချက်တွင် ဆန်းစစ်ထားသည့် အသွင်ကူးပြောင်းမှုများသည် 'အောင်မြင်ခဲ့သည်' ဟုအကျယ်အပြန့်ယူဆထားသည့် အသွင်ကူးပြောင်းမှုများဖြစ်သည်။ သို့သော် ယင်းအသွင်ကူးပြောင်းမှုများ၏ ကျားမလူမှုရေးရာ ရလဒ်များအရမူ လွန်စွာကွဲပြားခြားနားနေသည်။ ကျားမ လူမှုရေးရာရလဒ်သည် အသွင်ကူးပြောင်းမှုကို အစဉ်အလာ ဆန်းစစ်လေ့လာသူတော်တော်များများက လျစ်လျူရှုခဲ့သည့် မျက်နှာစာတစ်ခုဖြစ်သည်။ စင်စစ်အသွင်ကူးပြောင်းမှုအသီးသီး၏ ကျားမလူမှုရေးရာ မျက်နှာစာကို ထည့်သွင်းစဉ်စားမည်ဆိုပါက အသွင်ကူးပြောင်းမှုတစ်ခုလုံး အကျုံးဝင်သည့်

အောင်မြင်မှုကို သီးခြားအကဲဖြတ်ဆန်းစစ်မှု ပြုနိုင်လာနိုင်ဖွယ်ရှိသည်။[i] အပြည်ပြည်ဆိုင်ရာ IDEA ၏ Democratic Transitions စီမံချက်တွင် တွေ့ဆုံမေးမြန်းခဲ့သည့်ခေါင်းဆောင်များအား လုံးမှာအမျိုးသားများဖြစ်သည်။ အသွင်ကူးပြောင်းမှုများပြီးပြီးချင်းကာလတွင် အမျိုးသမီးအနည်းငယ်သာ အစိုးရအဖွဲ့ခေါင်းဆောင်များဖြစ်လာခဲ့သည်။ ထိုအမျိုးသမီးအနည်းငယ် (ဖိလစ်ပိုင်မှ ကိုရီ အကွီနို [ယခုကွယ်လွန်] နှင့် အင်ဒိုနီးရှားမှ မီဂါဝတီ ဆူကာနိုပူ ထရီတို့လိုခေါင်းဆောင်များ) သည်၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက် သို့မဟုတ် (ကျား၊မလူမှုရေးရာအရ ဆက်နွယ်မှုရှိသော သို့မဟုတ်မရှိသော) ပါတီအဆက်အစပ်များသက်သက်ကို အခြေခံပြီးရွေးကောက်တင်မြှောက်ခံကြရသူများမဟုတ်ပါ။ ယခင်နိုင်ငံရေးခေါင်းဆောင်များနှင့် ဆွေမျိုးတော်စပ်မှုကလည်း ရွေးကောက်တင်မြှောက်ခံရခြင်း၏ အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ သို့တိုင် နိုင်ငံရေးလုပ်ငန်းစဉ်များအားလုံးကဲ့သို့ပင်အသွင်ကူးပြောင်းမှုများသည်ကျား၊မလူမှုရေးရာခွဲခြားမှုရှိနေသည်။ အသွင်ကူးပြောင်းမှုများထဲတွင် အမျိုးသမီးများနှင့် အမျိုးသားများက ကွဲပြားသောအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ကြသည်။ နိုင်ငံရေးလုပ်ငန်းစဉ်များက အမျိုးသမီးနှင့် အမျိုးသားများကို ကွဲပြားသောသက် ရောက်မှုများရှိသည်။[ii] အမျိုးသမီးများသည် အသွင်ကူးပြောင်းမှုအများအပြားတွင် ထူးခြားအရေးပါသည့်နေရာမှပါဝင်ခဲ့ပြီး ၎င်းတို့၏ ကြိုးပမ်းမှုများသည် အမျိုးသမီးများကို မျက်နှာသာပေးမည့် ရလဒ်များအဖြစ်သေချာစေရေးအတွက် အားထုတ်လုပ်ကိုင်ခဲ့ကြသည်။ သို့သော် အောင်မြင်မှုဒီဂရီတစ်ခုနှင့်တစ်ခု မတူကြပေ။ အောင်မြင်မှုဒီဂရီကွဲလွဲရခြင်း၏ အကြောင်းရင်းအမျိုးမျိုးရှိသည်။ ယင်းတို့မှာ အမျိုးသမီးများစုဖွဲ့မှု၏အရေးပါမှု၊ အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ဥပဒေပြုလွှတ်တော်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းတို့မှ မဟာမိတ်များ ပါဝင်သည့်ကျယ်ပြန့်သောညွှန့်ပေါင်းအဖွဲ့များကို အမျိုးသမီးတက်ကြွလှုပ်ရှားသူများက တည်ဆောက်နိုင်စွမ်း၊ ၎င်းတို့၏ အရေးကိစ္စများကို တက်ကြွလှုပ်ရှားသူများက ပီပိပြင်ပြင်ဆက်စပ်ပုံဖော်နိုင်စွမ်းတို့ဖြစ်သည်။ အသွင်ကူးပြောင်းမှုများတွင် အပြုသဘောဆောင်သည့်ကျား၊မ ရေးရာမတူကွဲပြားမှု ရလဒ်များသေချာစွာဖြစ်ပေါ်လာစေရန် တက်ကြွစွာကြိုးပမ်းသည့် အမျိုးသမီးများစွာသည် ရွေးကောက်ပွဲကျင်းပသည့်အခါ သမ္မတဖြစ်ကုန်ကြသည့် အမျိုးသားများ၏ အတွင်းစည်းများ သို့မဟုတ်နိုင်ငံရေးပါတီများတွင်သာ (ဤအခင်းအကျင်းများနှင့်နီးစပ်ပတ်သက်မှုရှိသဖြင့်) တက်ကြွစွာပါဝင်နေခြင်းမဟုတ်ပါ။ လူမှုရေးလှုပ်ရှားမှုများ၊ အစိုးရဌာနဆိုင်ရာများ၊ ပညာရပ်နယ်ပယ်များတွင်လည်း တက်ကြွစွာပါဝင်နေကြပါသည်။ အမျိုးသမီးများ၏

အသွင်ကူးပြောင်းမှုတွင်ပါဝင်သည့် အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်သည့်ရေးသားတင်ပြမှုများတွင်အခြေခံထားသည့်ဤလေ့လာချက်တွင် ထင်ရှားသည့်အမျိုးသမီးတက်ကြွလှုပ်ရှားသူအချို့ကိုတွေ့ဆုံမေးမြန်းမှုများကို ပေါင်းစပ်ထည့်သွင်းထားသည်။ ၎င်းတို့ အသုံးပြုခဲ့သည့် မဟာဗျူဟာများနှင့် ထိုမဟာဗျူဟာများ၏ အကျိုးသက်ရောက်မှုကိုအကဲဖြတ်နိုင်ရန် တွေ့ဆုံမေးမြန်းမှုများကို ပေါင်းစပ်ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

'အာရပ်နွေဦး'နှင့်မြန်မာနိုင်ငံမှဖြစ်ရပ်များ၏အကျိုးဆက်အဖြစ်အသွင်ကူးပြောင်းမှုများကို ယနေ့ခေတ်တွင် တစ်ကျော့ပြန်စိတ်ဝင်စားလာကြသည်။ ကနဦးလေ့လာချက်အရ အသစ်ဖြစ်ပေါ်လာသည့် အသွင်ကူးပြောင်းမှုများစွာသည် ဟိုးတစ်ချိန်က အမျိုးသမီးထု၏တက်ကြွလှုပ်ရှားမှုနှင့် နောက်ဆက်တွဲဖြစ်လာသည့်ချန်လှပ်ခံရမှုပုံစံများ ထပ်တလဲလဲဖြစ်ပေါ်နေခြင်းဟု ထင်ရသည်။ ဥပမာ အီဂျစ်နှင့် တူနီးရှားနိုင်ငံများတွင် အာဏာရှင်အစိုးရများကိုဖြုတ်ချနိုင်ခဲ့သည့် ဆန္ဒပြပွဲများစွာတွင် အမျိုးသမီးများပါဝင်ခဲ့ကြသည်။ သို့သော် (အစောဆုံးအသွင်ကူး ပြောင်းမှုများတွင်ဖြစ်ခဲ့သလို) အမျိုးသမီးတစ်ဦးစ နှစ်ဦးစသာ 'အုတ်မြစ်ချရွေးကောက်ပွဲများ'တွင်ရွေးချယ်ခံရခြင်း၊ အစိုးရအဖွဲ့တွင်ပါဝင်လာခြင်း၊ အခြေခံဥပဒေဆိုင်ရာ ကော်မရှင်များတွင် ခန့်အပ်ခံရခြင်းတို့ရှိသည်။ အီဂျစ်နိုင်ငံ၏အသွင်ကူးပြောင်းမှုတွင် ပထမအကြိမ်လွှတ်တော်၊ ၂၀၁၂ သမ္မတရွေးကောက်ပွဲနှင့် မွတ်ဆလင်ညီရင်းအစ်ကိုအသင်းမှ သမ္မတကို ၂၀၁၃ ခုနှစ်ဇူလိုင်လတွင် စစ်တပ်ကဖယ်ရှားမှုတို့ကြားကာလတွင် ဘာသာရေးကိုင်းရှိုင်းမှုနည်းသည့် ရပ်ရွာအသိုင်းအဝိုင်းနှင့်ဘာသာရေးနယ်ပယ်ကြားတွင် နိုင်ငံရေးရပ်တည်ချက် အပြင်းအထန်ကွဲလွဲမှုများဖြစ်ပေါ်လာခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမြင့်တက်လာခဲ့သည်။ ကျားမရေးရာ မတူကွဲပြားမှုကို မြှင့်တင်ခြင်းမရှိသည့် အခြေခံဥပဒေကိုအတည်ပြုခဲ့သည်။ အိမ်ထောင်ပြုရန် အနိမ့်ဆုံးအသက်အရွယ်သတ်မှတ်ချက်ကဲ့သို့ အမျိုးသမီးများကို သိသိသာသာရိုက်ခတ်သည့်မူဝါဒများကို အကြံပြုခဲ့ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်ရပ်များက အမျိုးသမီးများ ခြိမ်းခြောက်ခံရဖွယ်ရှိနေသည်ကိုညွှန်းဆိုနေသည်။ (ဘာသာရေး ကျင့်ဝတ်စည်းကမ်းများချိုးဖောက်ခြင်းနှင့် လူမှုရေးစည်းမျဉ်းများကိုချိုးဖောက်ခြင်းကြားတွင် ကန့်သတ်ချက်မထားရှိသည့်) ရှာရီယာ မွတ်ဆလင် ဘာသာရေးဥပဒေကို အတင်းအကျပ်ပြဋ္ဌာန်းရန် ကြိုးစားမှုများကြောင့် တစ်ချိန်တုန်းက တက်ကြွလှုပ်ရှားသူများရင်ဆိုင်ခဲ့ရသည်ထက်များသည့်စိန်ခေါ်မှုများကို ယနေ့ခေတ်အမျိုးသမီးများရင်ဆိုင် လာရသည်။

IDEA ၏စီမံချက်တွင်အကြီးဝင်သည့်အသွင်ကူးပြောင်းမှုများအတွင်း အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၏ အတွေ့အကြုံကို ဤလေ့လာချက်တွင် ဆန်းစစ်ထားသည်။ အမျိုးသမီးများ၏ တန်းတူညီမျှမှုကို လိုလားမှုပြသည့် (အခြေခံဥပဒေဆိုင်ရာ၊ မူဝါဒနှင့်စီမံကိန်းအပြောင်းအလဲများအပါအဝင်) ရလဒ်များကိုရရှိစေရန် အချို့က ဘာကြောင့်ဆောင်ရွက်နိုင်ပြီး အချို့ကဘာကြောင့်မဆောင်ရွက်နိုင်သည်ကို ပေါ်လွင်ထင်ရှားစေရန် ထိုသို့ဆန်းစစ်ကြည့်ခြင်းဖြစ်သည်။

များမြောင်ရှုပ်ထွေးလှသည့် ရလဒ်များကို ရှင်းပြနိုင်ရန် အမျိုးသမီးများ၏လှုပ်ရှားမှုများ၊ အင်စတီကျူးရှင်းအဆောက်အအုံများနှင့် ၎င်းတို့၏ အပြန်အလှန်ပက်သက်ဆက်နွယ်မှုများကို ဆန်းစစ်ခြင်းထက်ပိုသည့် ပမာဏကျယ်ပြန့်သော ဆန်းစစ်လေ့လာမှုများလိုသည်။ အမျိုးသမီးများ၏ လှုပ်ရှားမှုများ၊ အင်စတီကျူးရှင်းအဆောက်အအုံများနှင့်ပတ်သက်ဆက်နွယ်မှုများသည်ကျားမ ရေးရာမတူကွဲပြားမှုနှင့် အသွင်ကူးပြောင်းမှုဆိုင်ရာ ရေးသားတင်ပြမှုများစွာ၏အစောပိုင်းက အဓိကထားလေ့လာမှုဖြစ်ခဲ့သည်။ အသွင်ကူးပြောင်းမှုမတိုင်ခင်ရှိခဲ့သည့် အာဏာရှင် အုပ်ချုပ်ရေး၏ သဘောသဘာဝမှထွက်ပေါ်လာသည့် (အသွင်ကူးပြောင်းမှု၏ သက်ဝင်လှုပ်ရှားမှုနှင့်ဖြစ်ရပ်တစ်ခုပြီးတစ်ခုဖြစ်ပျက်မှုများမှ ထွက်ပေါ်လာသည့်) အခွင့်အလမ်းများ၊ အကန့်အသတ်များကို မိမိတို့အကဲဖြတ်ဆန်းစစ်ဖို့လိုသည်။ လူတန်းစား၊ မျိုးနွယ်၊ လူမျိုး၊ လိင်အလိုက် ကွဲပြားသွားသည့် အမျိုးသမီးအစုအဖွဲ့အမျိုးမျိုးကို အပြောင်းအလဲများက သက်ရောက်မှုများကိုလည်းကြည့်ဖို့လိုသည်။

၁၉�># ၁၀ ပြည့်နှစ်များမှ ၁၉၉၀ ပြည့်နှစ်များအထိဖြစ်ပွားခဲ့သည့် 'တတိယလှိုင်း' အသွင်ကူးပြောင်းမှုများ၏ အခင်းအကျင်းကို ဤအခန်းတွင် ဆန်းစစ်လေ့လာထားသည်။ အချို့အသွင်ကူးပြောင်းမှုများက မြန်ဆန်လှသည်။ အချို့က တဖေ့တဖောကြာသည်။ အချို့အသွင်ကူးပြောင်းမှုများတွင် တရားဝင်သဘောတူညီချက်များရကြသည်။ အချို့ကမရကြ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်ပြီးသားနိုင်ငံများတွင် ထပ်ဖြစ်သည့်အသွင်ကူးပြောင်းမှုများလည်းရှိသည်။ အချို့နိုင်ငံများတွင် နည်းယူစရာ ဒီမိုကရေစီအတွေ့အကြုံမရှိသလောက်ဖြစ်ခဲ့သည်။ အချို့အသွင်ကူးပြောင်းမှုများက လူ့အခွင့်အရေးနှင့် အမျိုးသမီးများအပါအဝင် အပယ်ခံအစုအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကိုအလေးထားသည့် နောက်ခံအခြေအနေတွင် ဖြစ်ပျက်ခဲ့သည်။ ထိုအသွင်ကူးပြောင်းမှုဖြစ်ရပ်များတွင် အမျိုးသမီးများ၏ လူထုစည်းရုံးလှုပ်ရှားမှုဒီဂရီအမျိုးမျိုးပါဝင်နေသည်။ အာဏာရှင်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများထင်သာမြင်သာရှိမှုသည်လည်း ရေချိန်အနိမ့်အမြင့်များရှိသည်။ ဖြစ်ရပ်သုံး လေးခုလောက်တွင်သာ ကျားမ လူမှုရေးရာပြုပြင်ပြောင်းလဲမှုကို အသွင်ကူးပြောင်းမှုအလွန်တွင် ရွေးကောက် တင်မြှောက်ခံရသည့်အစိုးရ၏ စာနာနားလည်ပေးခြင်းက အရေးကြီးသည့်နေရာမှပါဝင်တတ်သည်။ အချို့ဖြစ်ရပ်များတွင်မူ အသွင်ကူးပြောင်းမှုက လက်ငင်းအောင်မြင်မှုများကိုဆောင်ကျဉ်းလာတတ်သည်။ အချို့ဖြစ်ရပ်များတွင်မူ လက်ငင်းအောင်မြင်မှုက တော်တော်နဲ့ဖြစ်ပေါ်မလာတတ်ပေ။ အစောပိုင်းရလာသည့် အောင်မြင်မှုများ ဆုတ်ယုတ်သွားတတ်ခြင်းသည်လည်း ထူးခြားဖြစ်စဉ်မဟုတ်ပဲ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်သည်။ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များ၏ရလဒ်များသည် အမျိုးသမီးများချဉ်ခြင်းတပ်သော အောင်မြင်မှုများအဖြစ်ပေါ်ပေါက်မလာခြင်းကြောင့် ထိုရလဒ်များသည် ဂေ့ဂွတ်ယဝါဒီများအတွက် မှန်းချက်နှင့်နှမ်းထွက်မကိုက်ဖြစ်လာသည်ကများလာသည်။ ထိုသို့ထင်ထားသလိုဖြစ်မလာခြင်းများကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများသည် အမျိုးသမီးများကို ယေဘုယျအားဖြင့် သို့မဟုတ် တိုက်ရိုက်စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့

သဖြင့် ဒီမိုကရေစီကပေးလိုက်သည့် ကတိကဝတ်အတိုင်း ဖြည့်ဆည်းမှုမရကြဟု ကောက်ချက်ဆွဲလာကြသည်။

ချီလီနိုင်ငံ၏အသွင်ကူးပြောင်းမှုသည် အောင်မြင်မှုရော လုပ်သလောက်ခရီးမရောက်ခြင်းအတွက် ဥပမာကောင်းတစ်ခုဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် ပီနိုချေးကိုဆန့်ကျင်သည့် ကျယ်ပြန့်သောလှုပ်ရှားမှုတွင် အမျိုးသမီးများ၏ စနစ်တကျစုဖွဲ့ထားသော အဖွဲ့များက အရေးကြီးသည့်နေရာမှပါဝင်ခဲ့ကြသည်။ လူ့အခွင့်အရေးနှင့် လူထုလူတန်းစားအဖွဲ့အစည်းများတွင် အမျိုးသမီးဦးရေအများအပြားပါဝင်ခဲ့သည်။ သို့သော် ထိုအမျိုးသမီးများ အားလုံးသည် ဂျာကိုဗိုယ ဝါဒီများမဟုတ်ကြသလို လက်ဝဲနိုင်ငံရေးအုပ်စုမှလည်းမဟုတ်ကြပေ။[iii] အမျိုးသမီးများ၏ တောင်းဆိုချက်များကို ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးအမြင်မျှတသည့် လက်ဝဲအုပ်စုညွှန့်ပေါင်း၏ကြေညာစာတမ်းတွင်ပါရှိလာစေရန် ၁၉၈၉ ခုနှစ်ရွေးကောက်ပွဲမတိုင်ခင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများစုဖွဲ့ခဲ့ကြသည်။ အစိုးရသစ်တက်လာပြီး အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဝန်ကြီးဌာနအဆင့် အဖွဲ့အစည်း SERNAM ကိုတည်ထောင်လိုက်သည့်အခါ မျှော်လင့်ချက်များမြင့်တက်သွားသည်။ သို့သော်အခြားအသွင်ကူး ပြောင်းမှုဖြစ်စဉ်များနှင့်မတူသည်က အခြေခံဥပဒေဆိုင်ရာသဘောတူညီချက်မရှိသည့်အပြင် အသွင်ကူးပြောင်းမှုအပြီး ပထမဆယ်နှစ်တွင် ပြုပြင်ပြောင်းလဲမှုများစွာသည် အောင်မြင်အောင်လုပ်ရန် ပိုပြီးခက်ခဲလာသည်ကို ကြုံလာရသည်။ ဥပမာ ဒေသတွင်းနိုင်ငံများတွင် ကွာရှင်းပြတ်စဲမှုသည် တရားဝင်သော်လည်း ချီလီတွင် ၂၀၀၄ ခုနှစ်မတိုင်ခင်အထိ တရားမဝင်သေးပေ။[iv] တောင်အာဖရိကဏ္ဍ၏ အတွေ့အကြုံကတော့ ချီလီ၏အတွေ့အကြုံနှင့်မတူပါ။ တောင်အာဖရိကတွင် အသွင်ကူးပြောင်းမှုအလွန်ကာလရောက်သည်နှင့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ လိုချင်သည့် ရည်မှန်းချက်များရရှိခဲ့သည်ဟုယူဆရသည်။ ထိုရည်မှန်းချက်များထဲတွင် အမျိုးသမီးများ၏ မျိုးဆက်ပွားအခွင့်အရေးနှင့်ဆက်နွယ်သည့် ကျားမလူမှုရေးရာ မူဝါဒများလည်ပတ်ဆောင်ရွက်ပုံနှင့် မူဝါဒပြုပြင်ပြောင်းမဲမှုများပါဝင်သည်။[v] တောင်အာဖရိကတွင် လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးအရေအတွက်အလွန်များပြားသည်။ အခြေခံဥပဒေသစ်တွင် ကျားမရေးရာတန်းတူညီမျှမှုဆိုင်ရာ ပြဋ္ဌာန်းချက်အပိုဒ်များပါဝင်လာသည်။ သို့သော် အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် အသွင်ကူးပြောင်းမှုအသီသီးတွင် အခွင့်အလမ်းနှင့်စိန်ခေါ်မှုမျိုးစုံ၊ အင်စတီကျူးရှင်းအဆောက်အအုံဆိုင်ရာ၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကန့်အသတ်များကိုကြုံရသည်။ ထိုသို့ကြုံရခြင်းကြောင့် အချို့ပြုပြင်ပြောင်းလဲမှုများပေါ်ပေါက်လာသလို ပျောက်ပျက်သွားသည်များလည်းရှိသည်။ အဆိုပါစိန်ခေါ်မှုများနှင့် ယင်းစိန်ခေါ်မှုများဖြစ်ပေါ်ခဲ့သည့် နောက်ခံအခြေအနေကို ကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ အသုံးပြုခဲ့သည့် မဟာဗျူဟာများကို ဤအခန်းတွင် စူးစမ်းလေ့လာထားသည်။ ဒီမိုကရေစီနှင့် ကျားမရေးရာတန်းတူညီမျှမှုကိုမြှင့်တင်ရန် နိုင်ငံတကာ၏ဝိုမိုကျယ်ပြန့်သောကြိုးပမ်းဆောင်ရွက်မှုများ၏ အရေးပါမှုကိုလည်း ဤအခန်းတွင် မီးမောင်းထိုးဖော်ပြထားသည်။

၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်နှစ်များအတွင်းက စိန်ခေါ်မှုများသည် ယနေ့ခေတ်၏ စိန်ခေါ်မှုများနှင့် ထူးခြားအရေးပါသည့်အသွင်ဖြင့် ကွဲပြားခြားနားလျက်ရှိသည်။ စစ်အေးတိုက်ပွဲ အဆုံးသတ်သွားပြီးနောက် ပထဝီနိုင်ငံရေးနောက်ခံအခြေအနေအပြောင်းအလဲများ၊ နိုင်ငံတော် ဆိုရှယ်လစ်စနစ်ကျဆုံးသွားခြင်းတို့သည် လက်ဝဲနှင့် လက်ယာနိုင်ငံရေးအုပ်စုတို့ကြားက အိုင်ဒီ ယော်လော်ဂျီသဘောတရားရေး စိတ်ဝမ်းကွဲမှုကို ပြောင်းလဲပစ်လိုက်သည်။ တန်းတူ ညီမျှမှု မရှိခြင်း ရေချိန်အနိမ့်အမြင့်များကို ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာပြုဖြစ်စဉ်က ရိုက်ခတ်ခဲ့သည်။ (အစိုးရစွက်ဖက်မှုလျော့ကာ ဗဟိုချုပ်ကိုင်မှုမရှိသော၊ စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရှိသော ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းဟူသည့်) နီယိုလစ်ဘရယ် စီးပွားရေးပြုပြင်ပြောင်းလဲမှုများက တိုင်းပြည်အစိုးရ၏အခန်းကဏ္ဍကို လျော့ချပစ်လိုက်သည်။ အမျိုးသမီးများအတွက် သိသာထင်ရှားသည့် အကျိုးဆက်များဖြစ်ပေါ်လာခဲ့သည်။ 'အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်' ကြောင့်ပြောင်းလဲသွားသည့် လုံခြုံရေးပတ်ဝန်းကျင်သည် စစ်ဘောင်ချဲ့ခြင်းနှင့် လုံခြုံရေးဘောင်ချဲ့ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ အစောပိုင်းအသွင်ကူး ပြောင်းမှုများတွင် လက်ဝဲအုပ်စု၊ ဆိုရှယ်ဒီမိုကရက် နိုင်ငံရေးသက်ဝင်ယုံကြည်မှုများ၊ ပါတီများနှင့် နိုင်ငံရေးကျင့်စဉ်များဖြင့်ဆက်နွယ်မှုများပေါ်တွင် တက်ကြွလှုပ်ရှားသူအများစုက အားပြုခဲ့ကြသည်။ ဥပမာ စပိန်ဆိုရှယ်လစ် ကာလိုတာ ဘက်စတယ်လိုသည် ၁၉၆၀ ပြည့်နှစ်များအတွင်း ပြင်သစ်နိုင်ငံတွင်နေထိုင်စဉ်ဆီမွန်ဒီဘိုးဗွာ၏စာပေလက်ရာများနှင့်မိတ်ဆက်ခံခဲ့ရသည်။ ချီလီဂျာ့ထ္ထိယ ဝါဒီတက်ကြွလှုပ်ရှားသူနှင့် ဆိုရှယ်ပါတီဝင်အောက်လ္ဘတ်တော်ကိုယ်စားလှယ် အာဒရီ ယာနာ မူနော့ဂ သြစတြီးယားနိုင်ငံတွင် ပြည်ပရောက်အဖြစ်နေထိုင်စဉ် သူမ၏ 'နိုင်ငံရေးအသွင်ပြောင်းလဲခြင်း' ကိုထုတ်ဖော်ပြောကြားဖူးသည်။ မူနော့သည် 'ဆိုရှယ်လစ်ပါတီ၏ မာ့စ်ဂ်-လီနင်ဝါဒီအုပ်စု' မှလာသူဖြစ်သော်လည်း ဥရောပရှိ ဂျာ့ထ္ထိယဝါဒီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ပြီးနောက် ' နိုင်ငံရေးကို အခြားနည်းလမ်းဖြင့်လုပ်ဆောင်နည်းကို စတင်နားလည်လာခဲ့ပြီး မာ့စ်ဂ်လီနင်ဝါဒကိုစွန့်လွှတ်ခဲ့သည်။' ချီလီသို့ပြန်ရောက်သည့်အခါ 'နိုင်ငံရေးအမြင်သစ်၊ နိုင်ငံရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏နေရာ၊ အဆင့်အတန်း၊ရေပ်တည်ချက်တို့အတွက် အမြင်သစ်ဖြင့် ပြည်ပမှပြန်လာသည့် အမျိုးသမီးများနှင့် အတူစနစ်တကျ စတင်စုဖွဲ့လုပ်ကိုင်လာခဲ့သည်။'

၁၉၉၅ ခုနှစ်တွင် ပေကျင်းမြို့တော်၌ကျင်းပသည့် ကုလသမဂ္ဂအမျိုးသမီးကွန်ဖရင့်သည် နိုင်ငံတကာအမျိုးသမီးလှုပ်ရှားမှု၏ မြင့်မားသည့်ရေချိန်ကိုပြသည့် အထိမ်းအမှတ်ဖြစ်သည်။[vi] ၁၉၉၀ ပြည့်နှစ်အစောပိုင်းရောက်သည့်အခါ အမျိုးသမီးအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် ပုံဖော်ခြင်းနှင့် အမျိုးသမီးများကိုအကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းဟု သတ်မှတ်ခြင်းတို့တွင် ကမ္ဘာ့အမျိုးသမီးလှုပ်ရှားမှုများက အောင်မြင်မှုရရှိလာကြသည်။ ထိုသို့ အောင်မြင်လာခြင်းကြောင့် အသွင်ကူးပြောင်းမှုတွင်ပါဝင်သည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၏ ကျား၊မလူမှုရေးရာတောင်းဆိုမှုများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မြှင့်တင်ပေး

ခဲ့သည်ဟု အလေးထားပြောဆိုရန် ပိုမိုလွယ်ကူလာခဲ့သည်။ အချို့သော အာဏာရှင်အုပ်ချုပ်ရေး စနစ်များတွင် တိုင်းပြည် အစိုးရ၏အကြမ်းဖက်မှုကို အဆုံးသတ်ရန် အရေးဆိုလှုပ်ရှားသည့် ဒီမိုကရက်တစ်အတိုက်အခံတို့တွင် ဣတ္ထိယဝါဒီများပါဝင်လာကြသည်။ အမျိုးသမီးအခွင့်အရေး နှင့် လူ့အခွင့်အရေးကိုချိတ်ဆက်လိုက်ခြင်းသည်အသွင်ကူးပြောင်းမှုအလွန် ဒီမိုကရေစီများစွာ၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ကျား၊မလူမှုရေးရာကိစ္စရပ်များပါဝင်လာစေခဲ့သည်။[vii] ဆန့်ကျင်ဘက် အနေဖြင့် အရှေ့ဥရောပနှင့် ဗဟိုဥရောပရှိ အသွင်ကူးပြောင်းမှုများတွင် 'ကျားမတန်းတူညီမျှမှု' ရှေ့တန်းတင်သော ဆိုရှယ်လစ်စနစ်၏ မူဝါဒများစွာ ကိုဖျက်သိမ်းပစ်ခြင်း၊ လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ်ဦးရေအချိုးကို ဖျက်သိမ်းပစ်ခြင်း၊ ကိုယ်ဝန်ဖျက်ချခွင့်ကို အပြင်း အထန်ကန့်သတ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများသည် အလုပ်အကိုင်အခွင့် အလမ်းများနှင့် နိုင်ငံတော်မှရန်ပုံငွေထောက်ပံ့သော နေ့ကလေးထိန်းဝန်ဆောင်မှုများကိုလည်း ဆုံးရှုံးကြသည်။[viii] ကမ္ဘာ့လုံးဆိုင်ရာ လူ့အခွင့်အရေးအယူအဆကို လက်ခံနိုင်စွမ်းသည် ပျက်စီး ယိုယွင်းသွားခဲ့ပြီဖြစ်၍ ယနေ့ခေတ် ဣတ္ထိယဝါဒီများသည် အကန့်အသတ်သစ်များကို ရင်ဆိုင် လာရသည်။ သို့သော် (မျိုးဆက်ပွားခြင်းဆိုင်ရာ အခွင့်အရေးများတိုးတက်လာခြင်းကဲ့သို့) ကျား၊မ လူမှုရေးရာ ဖြစ်ပေါ်တိုးတက်မှုအစီအမံများကို ဆန့်ကျင်မှုများတိုးပွားလာခြင်းနှင့်လည်း ဣတ္ထိယဝါဒီများ ရင်ဆိုင်ရာလာရသည်။ ထိုအစီအမံများကို ဆန့်ကျင်မှုသည် အထူးသဖြင့် လက်ယာနိုင်ငံရေးအုပ်စုနှင့် ဘာသာရေးအဖွဲ့အစည်းများစွာထံမှ ထွက်လာခြင်းဖြစ်သည်။ စင်စစ် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများစွာတွင် အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှု၊ လှုပ်ရှားမှု၊ ခန္ဓာပိုင်စိုးမှုတို့ကဲ့သို့ ကိစ္စရပ်များကို အလွန်ပင်အငြင်းပွားစရာကောင်းသော ကိစ္စများအဖြစ် မှတ်ယူလာကြသည်။ အထူးသဖြင့် တင်းကျပ်သောဘာသာရေးဝါဒီတို့၏ ဘာသာရေးဆိုင်ရာ ယုံကြည်မှုများ အကြီးအကျယ်လွှမ်းမိုးသည့် နေရာဒေသများတွင် အငြင်းပွားကြခြင်းဖြစ်သည်။

ကျိုးကြောင်းဆက်နွှယ်မှုပုံစံများသည် အစောပိုင်းအသွင်ကူးပြောင်းမှုများ၏ ကျား၊မလူမှု ရေးရာ ရလဒ်များတွင် ကွဲပြားခြားနားမှုများစွာကို ရှင်းပြနိုင်သည်။ အသွင်ကူးပြောင်းမှုတစ်ခု ချင်းစီကို ဆန်းစစ်လေ့လာကြည့်ပါ။ ထိုသို့ လေ့လာကြည့်လျှင် တက်ကြွလှုပ်ရှားသူများ ကိုင်စွဲ ခဲ့ကြသည့် မဟာဗျူဟာများနှင့် အသွင်ကူးပြောင်းမှုအသီးသီးရှိ နိုင်ငံရေးအခွင့်အလမ်းဖွဲ့စည်းပုံ တို့ကိုတွေ့ကြရမည်။ ထိုနိုင်ငံရေးအခွင့်အလမ်းနှင့်မဟာဗျူဟာများသည် အခြေခံဥပဒေ၊ ရွေး ကောက်ပွဲ၊အစိုးရဌာနဆိုင်ရာများ၊ မူဝါဒအခင်းအကျင်းများတွင် ကျား၊မ လူမှုရေးရာရလဒ်များ ၏ပမာဏကို သိရှိနားလည်စေရန် အထောက်အကူပြုသည်။ အဆိုပါကျိုးကြောင်းဆက်နွှယ်မှုပုံ စံများသည် ယခင်က အသွင်ကူးပြောင်းမှုများ၏ အမျိုးသမီးများ၏တွေ့ကြုံခံစားမှုက အမျိုးသမီး အခွင့်အရေးကို မည်သို့ရိုက်ခတ်သနည်းဟု အကဲဖြတ်ဆန်းစစ်နိုင်စေသည်။ ထို့အပြင် အမျိုး သမီးများ၏ လက်ရှိနှင့်နောင်အနာဂတ် အသွင်ကူးပြောင်းမှုများကို သက်ရောက်မှုများကိုလည်း အကဲဖြတ်ဆန်းစစ်နိုင်စေသည်။

## အသွင်ကူးပြောင်းမှုတွင်ပါဝင်သည့် အမျိုးသမီးအဖွဲ့အစည်းများ

ဤအခန်းတွင်ပါရှိသည့် ဖြစ်ရပ်အများစုတွင် အာဏာရှင်အစိုးရများကို ပြည်သူတစ်ရပ်လုံးကဆန့်ကျင်မှု၏ အစိတ်အပိုင်းအဖြစ် တက်ကြွပြီးထင်သာမြင်သာရှိစွာ အမျိုးသမီးများပါဝင်ခဲ့ကြသည်။ (ဖိလစ်ပိုင်မှ 'ပြည်သူ့အာဏာ' လူထုဆန္ဒပြပွဲများကဲ့သို့) လူထုဆန္ဒပြပွဲကြီးများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်ဆန်းကာ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ထိုဆန္ဒပြပွဲများသည် ဒီမိုကရေစီမဟုတ်သော အုပ်ချုပ်ရေးကျဆုံးပျက်စီးခြင်းကို ဖြစ်ပေါ်စေခဲ့သည်။[ix] သို့သော် အမျိုးသမီးဆန်ဆန် ဖွဲ့စည်းထားသည့် အမျိုးသမီးအဖွဲ့အစည်းအရေအတွက်မှာ အသွင်ကူးပြောင်းမှုတစ်ခုခြင်းစီ၏ ကွဲပြားခြားနားသော အဆင့်များအတွင်း ပြောင်းလဲသွားခြင်း၊ ပိုမိုနည်းပါးလာခြင်းတို့ရှိသည်။ ရပ်ရေးရွာရေးကိစ္စရပ်များနှင့်စီးပွားရေးအရ ရပ်တည်မှုအတွက် ဖွဲ့စည်းထားသည့် ရပ်ရွာအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများမှသည် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပေါ်လွင်ထင်ရှားသည့် ဂျာတ္တိယဝါဒီအဖွဲ့အစည်းများအထိ အမျိုးသမီးအဖွဲ့အစည်းများ၏ပုံစံများမှာ လွန်စွာကွဲပြားခြားနားလျက်ရှိသည်။ လက်တင်အမေရိကတွင် နိုင်ငံရေးရပ်ဝန်းကိုဖိနှိပ်မှုသည် အမျိုးသမီးများ၏ စုဖွဲ့မှုဖွံ့ဖြိုးလာခြင်းကို ချောမွေ့လွယ်ကူစေခဲ့သည်။ အကြောင်းမှာ လူမှုရေးလှုပ်ရှားမှုများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းတို့သည် ခုခံတော်လှန်မှုနှင့် အတိုက်အခံပြုလုပ်မှုတို့ဖြစ်ပေါ်ရာနေရာများ ဖြစ်လာသောကြောင့်ပင်။[x] ပျောက်ဆုံးသွားသည့် ဆွေမျိုးသားချင်းများ ပြန်လာနိုင်ရေးကိုတောင်းဆိုသည့် လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် အမျိုးသမီးတို့၏တက်ကြွလှုပ်ရှားမှု၊ နိုင်ငံတကာအမျိုးသမီးများနေ့ ချီတက်ဆန္ဒပြပွဲများတွင် 'တိုင်းပြည်အတွင်းနှင့် မိသားစုအတွင်း' ဒီမိုကရေစီရရှိရေးတောင်းဆိုမှုတို့ကဲ့သို့ ဂျာတ္တိယဝါဒီတို့၏တက် ကြွလှုပ်ရှားမှုတို့သည် ချီလီနိုင်ငံတွင် အာဏာရှင်စနစ်ကို ပြည်သူလူထုကဆန့်ကျင်မှု၏ အရေးကြီးသည့် အစောပိုင်းသာဓကများဖြစ်သည်။[xi] အာဂျင်တီးနားနိုင်ငံမှ (အာဏာရှင်အုပ်ချုပ်ရေးကာလက ပျောက်ဆုံးသွားသည့်သားသမီးများ၏ အမေများအဖွဲ့) The Mothers of Plaza de Mayo ကဲ့သို့အဖွဲ့အစည်းများလိုဖြစ်ရပ်များတွင် အမျိုးသမီးများ၏တက်ကြွလှုပ်ရှားမှုသည် အရေးကြီးသည့် နိုင်ငံရေးဆိုင်ရာသက်ရောက်မှုရှိသော်လည်း ဂျာတ္တိယဝါဒီဆန်သောအမြင်များကို ရှေ့တန်းသို့တကယ်ရောက်ရှိလာစေခြင်းမရှိခဲ့ပါ။

သို့သော် ဘရာဇီး၊ ချီလီ၊ တောင်အာဖရိကနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် အမျိုးသမီးအဖွဲ့အစည်းများသည် ဂျာတ္တိယဝါဒီအရေးကိစ္စများကို အသွင်ကူးပြောင်းမှုမဖြစ်မီကပင် ၎င်းတို့၏ လုပ်ငန်းစဉ်တွင်ထည့်သွင်းခဲ့ကြသည်။[xii] တောင်အာဖရိကနိုင်ငံမြို့တော် ကိပ်တောင်းရှိ United Women's Organization တွင် ၁၉၈၀ ပြည့်နှစ်များအတွင်း တက်ကြွစွာပါဝင်လုပ်ဆောင်နေသည့် တောင်အာဖရိကနိုင်ငံသူ ရှိလာ မင်ဂျက်စ်က အောက်ပါအတိုင်းရေးသားခဲ့သည်။

> အသွင်ကူးပြောင်းမှုကာလ၌ လူမျိုးရေးခွဲခြားမှုဆန့်ကျင်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး အဖွဲ့အစည်းများအဖြစ်ရော United Democratic Front (UDF) တွင်ပါဝင်သော

ရပ်ရွာလူမှုရေးအသင်းအနေဖြင့်ပါ စနစ်တကျစုဖွဲ့မှုဖြင့် ပါဝင်ခဲ့ကြသည်။ အမျိုးသမီးများသည် ကျားမရေးရာတန်းတူညီမျှမှုနှင့် ကိုယ်ရည်ကိုယ်သွေးအသွင်ပြောင်းလဲခြင်းတို့ကို UDF တွင်တောင်းဆိုမှုများပြုလုပ်လာခြင်းမှာ အလွန်ထူးခြားအရေးပါသည်။ ကျားမ ရေးရာတန်းတူညီမျှမှုအတွက်တောင်းဆိုခြင်းသာမကဘဲ အမျိုးသမီးများကို လူပုံအလယ်တွင်ရော မိသားစုအတွင်းတွင်ပါ တန်းတူရည်တူဆက်ဆံရန်လိုအပ်သည်ဟူသော အချက်လည်း မည်ပေသည်။

၁၉၇၀ ပြည့်နှစ်များက ဘရာဇီးဂျာတ္တိယဝါဒီ တက်ကြွလှုပ်ရှားသူ ယက်လင်း ဝီတန်ဂီက 'ဘရာဇီးမှာပေါ်ပေါက်ခဲ့သော အမျိုးသမီးလှုပ်ရှားမှုဟာ ဒီမိုကရေစီနဲ့လူမှုရေးတရားမျှတမှုအတွက် ဆွေးနွေးမှုတွေ၊ ဥပဒေအရ အမျိုးသမီးများတန်းတူညီမျှမှုမရှိခြင်း၊ အထူးသဖြင့် အမျိုးသမီးများအကြမ်းဖက်ခံရမှုအရေးနဲ့ မျိုးဆက်ပွားအခွင့်အရေးတို့လို ကိစ္စရပ်များနဲ့တန်းတူညီမျှမှုမရှိတဲ့အသိုက်အဝန်းမှာရှိနေတဲ့ အမျိုးသမီးများကြောင်းကိုဆွေးနွေးမှု တွေဖြစ်ပေါ်လာအောင်လုပ်ဆောင်တဲ့ ပထမဆုံးလူမှုရေးလှုပ်ရှားမှုဖြစ်တယ်' ဟုတရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် အချို့သောအသွင်ကူးပြောင်းမှုများတွင် လူ့အခွင့်အရေးနှင့် တန်းတူညီမျှမှုဆိုင်ရာကိစ္စတို့ကဲ့သို့သောသြဇာကြီးသည့် အယူအဆများအောက်တွင် ကျားမလူမှုရေးရာကိစ္စရပ်များကို မဟာဗျူဟာမြောက်ပုံဖော်ရန်ဖြစ်နိုင်ချေရှိသည်။ သို့သော် အရှေ့ဥရောပနှင့်ဗဟိုဥရောပတွင်မူ အခြေအနေက ဆန့်ကျင်ဘက်အနေအထားဖြစ်သည်။ အကြောင်းမှာ အမျိုးသမီးတက်ကြွလှုပ်ရှားသူများစွာက ဂျာတ္တိယဝါဒကို နောက်ထပ် 'ဝါဒ' တစ်ခုဆိုပြီး ငြင်းပယ်ကြသည်။ 'အမျိုးသမီးတို့၏တန်းတူညီမျှမှု' ကို အမိန့်ပေးအမိန့်ခံစနစ်ဖြင့် ချမှတ်ခြင်းသည် ဒုတိယကမ္ဘာစစ်လွန်ကာလ ဆိုရှယ်လစ်အစိုးရများနှင့် ဆက်နွယ်နေသည်ဟုဆိုကာ အမျိုးသမီးတက်ကြွလှုပ်ရှားသူများက ဆန့်ကျင်ကန့်ကွက်ကြသည်။[xii] အမျိုးသမီးအဖွဲ့အစည်းများ၏စုဖွဲ့မှုသည် ရေရှည်ရပ်တည်မှုနှင့် ကျယ်ပြန့်မှုနည်းပါးသည့်နေရာဒေသများတွင် အသွင်ကူးပြောင်းမှုကာလအတွင်းနှင့် ယင်းမတိုင်မီ လက်ငင်းဖြစ်ပွားခဲ့သည့် မူဝါဒဖြေလျှော့ရေးကာလများသည် ဂျာတ္တိယဝါဒီအဖွဲ့အစည်းများအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများ၏အရေအတွက် အလွန်အမင်းတိုး ပွားလာခြင်းကိုဖြစ်ပေါ်စေခဲ့သည်။ ဂါနာကဲ့သို့နိုင်ငံများတွင် ယခင်ကရှိပြီးသား အမျိုးသမီးအဖွဲ့အစည်းများ၏ အရေအတွက်နည်းပါးသည့်တိုင် မူဝါဒဖြေလျှော့ရေးကာလများကြောင့် အဖွဲ့အစည်းအရေအတွက် များစွာတိုးလာသည်။ စပိန်အာဏာရှင် ဖရန်ကိုကွယ်လွန်ပြီး နှစ်ပတ်အကြာတွင် ကာလိုတာ ဘက်စတီလိုက အောက်ပါအတိုင်းရေးသားဖော်ထုတ်ခဲ့သည်။

ပထမဆုံး အမျိုးသမီးများလွတ်မြောက်ရေး နိုင်ငံလုံးဆိုင်ရာကွန်ဖရင့်ကို မက်ဒရင့်မြို့တွင် ခိုးကြောင်ခိုးဝှက်ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်သို့ တစ်တိုင်းပြည်လုံးမှ အမျိုးသမီး ၅၀၀ ခန့်တက်ရောက်သည်။ နောက်ဆုံးတွင် (အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရေး) ဂျာတ္တိယဝါဒီ ကြေညာစာတမ်းနှင့် အမျိုးသားနှင့်အမျိုးသမီးတို့၏ အခွင့်အရေးများ

> ဆန်တုတ်တိုက်မရမှုကိုလက်ခံသော ဣတ္ထိယဝါဒီ (Difference Feminist) ကြေညာစာတမ်းဟူ၍ ကြေညာစာတမ်းနှစ်စောင်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ ကြေညာစာတမ်းမှာ နှစ်စောင်ဖြစ်နေသော်လည်း အချို့တောင်းဆိုချက်များတွင်မူ နှစ်ဘက်စလုံးက သဘောတူညီကြသည်။ ထိုကြေညာစာတမ်းများကို နိုင်ငံရေးပါတီများထံသို့တင်ပြခဲ့ကြပြီးနောက် ထိုကြေညာစာတမ်းများကိုအတည်ပြုခြင်း မွမ်းမံခြင်းများထပ်မံ လုပ်ဆောင်ခဲ့သည်။ ထိုနည်းအားဖြင့် ဣတ္ထိယဝါဒသည် စပိန်နိုင်ငံတွင်လည်းရှိနေပြီဆိုသည်ကို နိုင်ငံရေးပါတီများအား သိရှိနားလည်သွားစေခဲ့သည်။ ရလဒ်အနေဖြင့် အမျိုးသမီးများ၏ လက်ရှိတောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားသင့်သည်ဆိုသည်ကိုလည်း နိုင်ငံရေးပါတီများအား သိရှိနားလည်သွားစေခဲ့သည်။[xiv]

အင်ဒိုနီးရှားတွင် ပထမဆုံးအမျိုးသမီးညီလာခံကို ၁၉၉၈ ခုနှစ် အသွင်ကူးပြောင်းမှုကာလတွင် ကျင်းပသည်။ ထိုညီလာခံတွင် ပြည်နယ်ပေါင်း ၂၅ ပြည်နယ်မှအမျိုးသမီးများတက်ရောက်ခဲ့ပြီး တရားမျှတမှုနှင့် ဒီမိုကရေစီအရေး အမျိုးသမီးညွှန့်ပေါင်းအဖွဲ့ (WCJD) ကိုဖွဲ့စည်းသည့်ရလဒ်ထွက်ပေါ်လာခဲ့သည်။[xv] ယင်းအဖွဲ့အစည်းကိုတည်ထောင်သူ နာဆီရာဘာနီ ကက်ဂျာ ဆွန်ကာနက အောက်ပါအတိုင်းပြောပြခဲ့သည်။

> ဆန္ဒပြပွဲတွေက နေ့တိုင်းရှိတယ်။ နောက်တော့ကျောင်းသားတွေပါ ရောက်လာတယ်။ နောက်တော့ ဆန္ဒပြပွဲတွေကြီးသထက်ကြီးလာပြီး ၁၉၉၈ ခုနှစ် မေလမှာ ဆူဟာတိုကိုရာထူးကဆင်းအောင်လုပ်နိုင်ခဲ့တယ်။ နောက်တော့ လူထုအဖွဲ့အစည်းတစ်ခုဖွဲ့ဖို့အကြံရလာကြတယ်။ ကျွန်မနဲ့တခြားတက်ကြွလှုပ်ရှားသူတွေ ထပ်ဆွေးနွေးကြပြီး ဂျကာတာက ကျွန်မစိတ်ထင် အမျိုးသမီးတက်ကြွလှုပ်ရှားသူ ၁၂ ယောက်လောက်ပါတဲ့ ကော်မတီကိုဖွဲ့ လိုက်တယ်။ အဲဒီအဖွဲ့ကိုဖွဲ့ပြီး ပထမဆုံးအမျိုးသမီးအဖွဲ့အစည်းလူထုဆွေးနွေးပွဲကို ကျင်းပဖို့ ပြင်ဆင်ကြတယ်။ အဲဒီဆွေးနွေးပွဲဟာ နိုင်ငံရေးမှာအမျိုးသမီးတွေပါဝင်ဆောင်ရွက်မှုနဲ့ ကိုယ်စားပြုမှုကိုတိုးမြှင့်ပေးဖို့ကို အဓိကထားမယ့် ဆွေးနွေးပွဲပေါ့။ ဒါနဲ့ဒီဇင်ဘာလရောက်တော့ အင်ဒိုနီးရှားတစ်နိုင်ငံလုံးက အမျိုးသမီး ၆၀၀ နီးပါးတက် ရောက်တဲ့ ဆွေးနွေးပွဲကိုကျင်းပနိုင်ခဲ့တာကြောင့် အင်ဒိုနီးရှားအမျိုးသမီးထု လှုပ်ရှားမှုသမိုင်းကို ရေးထိုးနိုင်ခဲ့ပါတယ်။

ဂါနာနိုင်ငံတွင် ၁၉၉၀ပြည့်နှစ်များနောင်းပိုင်းက အမျိုးသမီးပေါင်းမြောက်များစွာ သတ်ဖြတ်ခံရမှုကလည်း အမျိုးသမီးများစုဖွဲ့မှုကိုဖြစ်ပေါ်လာစေရန် အထောက်အကူပြုခဲ့သည်။[xvi] ထိုဖြစ်ရပ်မှသည် ဂါနာအမျိုးသမီးအခွင့်အရေးကွန်ရက် (NETRIGHT) ကဲ့သို့ ကျယ်ပြန့်သောမဟာမိတ်အဖွဲ့အစည်းများကို ၂၀၀၀ ပြည့်နှစ် ဂါနာရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန်တွင် ဖွဲ့စည်းနိုင်ခဲ့သဖြင့် အာဖရိကသမိုင်းအဖွဲ့ခေါင်းဆောင်ဟောင်း ဂျယ်ရီ ရောလင်းက လျှာထားသည့် သမ္မတရာထူးဆက်ခံမည့် ကိုယ်စားလှယ်လောင်းကို အတိုက်အခံကိုယ်စားလှယ်လောင်း

ဂျနိုက္ကဖူးကအနိုင်ရရှိသွားခဲ့သည်။[xvii] စစ်စစ် ဂါနာနိုင်ငံတွင် အသွင်ကူးပြောင်းမှုနှစ်ခုရှိခဲ့သည်ဟု NETRIGHT ကိုတည်ထောင်သူ ဇော်ဇီ ဆီကာတာကပြောသည်။ ၁၉၉၂ ခုနှစ် ပထမအကြိမ် အသွင်ကူးပြောင်းမှုတွင် အမျိုးသမီးများပါဝင်ခဲ့ရခြင်းမရှိဘဲ ၂၀၀၀ ပြည့်နှစ် အသွင်ကူးပြောင်းမှုတွင် အမျိုးသမီးများ ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်လာသည်ဟုပြောပြခဲ့သည်။

> အခြေခံဥပဒေအရအုပ်ချုပ်မှုဟာ အောက်ခြေကို တဖြည်းဖြည်းလမ်းဖွင့်ပေးလာခဲ့တယ်။ အသင်းအဖွဲ့ငယ်လေးတွေကိုစပြီး တည်ထောင်လာကြတယ်။ မူဝါဒတွေကို ပိုပြီးမေးခွန်းထုတ်လာကြပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်းပိုရှိလာကြတယ်။ အခြေခံဥပဒေအရ အုပ်ချုပ်မှုရှိသွားပြီကိုး။ လူတွေက အခွင့်အရေးတွေကို စပြီးစမ်းသပ်လာကြတယ်။ အနည်းငယ်ပိုပြီး လမ်းဖွင့်ပေးလာကြတယ်။ ဒီအခြေအနေက အမျိုးသမီးတွေကို အကျိုးပြုမယ်ထင်တယ်။ ဒီတော့ အခြားသောတစ်ဦးချင်း လွတ်လပ်ခွင့်များနဲ့အတူ အမျိုးသမီးအဖွဲ့အစည်းတွေဟာ စတင်တိုက်ပွဲဝင်လာကြတယ်။ အမျိုးသမီးအခွင့်အရေးကို ပိုပြီးမြှင့်တင်ရေးအတွက် တွန်းအားပေးရေး၊ အမျိုးသမီးများစိတ်ပါဝင်စားတဲ့ သီးခြားအရေးကိစ္စများကို ပိုပြီးအာရုံစိုက်လာစေရေးတို့ကို လုပ်ဆောင်လာကြတယ်။ အမျိုးသမီးတွေကို အကြမ်းဖက်မှုကို ကြီးကျယ်တဲ့အရေးကိစ္စအဖြစ် ဆွေးနွေးလာကြတယ်။ အဖွဲ့အစည်းတွေအားလုံးက သူတို့ရဲ့အားနည်းချက်တွေကို နည်းနည်းပိုပြီး သိရှိနားလည်လာကြတယ်။ အဲဒီအားနည်းချက်တွေကတော့ အဖွဲ့အစည်းတွေက သေးငယ်တာ၊ လူထုကအလုံးအရင်းနဲ့ အဖွဲ့ဝင်ထားကြတဲ့ အဖွဲ့အစည်းတွေမဟုတ်တာ၊ တိုင်းပြည်အစိုးရကို လွှမ်းမိုးမှုမရှိတာတွေပဲ။ ဒီလိုအားနည်းချက်တွေရှိတာကြောင့် သူတို့ရဲ့သြဇာကိုတိုးပွားလာအောင် လို့ဆိုပြီး အမျိုးသမီးအဖွဲ့အစည်းတွေကြား ညွှန့်ပေါင်းအဖွဲ့အစည်းတွေကို စတင်တည်ထောင်ဖို့ ဆုံးဖြတ်ချက်ချလာကြတယ်။

ထိုဖြစ်ရပ်များကိုကြည့်လျှင် အသွင်ကူးပြောင်းမှုအတွက် အရပ်ဖက်လူ့အဖွဲ့အစည်း၏ ဖိအားပေးမှုများဖြစ်ပေါ် လာစေရေးကို အမျိုးသမီးအဖွဲ့အစည်းများက သိသိသာသာအကျိုးမပြုသည့်အချိန်မှာပင် အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်ကိုယ်၌က တခါတရံတွင် ကျယ်ပြန့်သောမဟာမိတ်အဖွဲ့များနှင့် စုပေါင်းအဖွဲ့အစည်းများအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများပေါ်ထွန်းလာရေးကို အထောက်အကူပြုစေတတ်ကြောင်း ရည်ညွှန်းလျက်ရှိပေသည်။

ဖြစ်ရပ်များစွာတို့တွင် အသွင်ကူးပြောင်းမှုလွန်ကာလသည် အမျိုးသမီးတို့၏လှုပ်ရှာမှုများ အပါအဝင် လူထု၏ လူမှုရေးလှုပ်ရှားမှုများ၏ဆောင်ရွက်ချက်ကိုတော့ ကျဆင်းသွားစေတတ်သည်။ (နိုင်ငံရေးပါတီများကို လူမှုရေး လှုပ်ရှားမှုထက်ပိုပြီးလိုလားသည့်) 'လမ်းရိုးနိုင်ငံရေး' ကနိုင်မာအားကောင်းသည့် အမျိုးသမီးအဖွဲ့အစည်းများကိုပင် သက်ရောက်မှုများရှိလာစေသည်။ ဘရာဇီး၊ ချီလီနှင့် တောင်အာဖရိကနိုင်ငံများတွင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများက (အသစ်ဖန်တီးလိုက်သည့် အမျိုးသမီးဝန်ကြီးဌာနများ အပါအဝင်) တိုင်းပြည်အစိုးရအဖွဲ့နှင့်

တိုင်းပြည်အဆင့်လွှတ်တော်များအတွင်းသို့ဝင်ရောက်သွားကြသဖြင့် အမျိုးသမီးအဖွဲ့အစည်းများသည် ၎င်းတို့၏ခေါင်းဆောင်ပိုင်းကို လက်လွှတ်ဆုံးရှုံးလိုက်ရသည်။[xviii] ထိုကိစ္စရပ်နှင့်ပတ်သက်ပြီး ချီလီ ဂျာတ္တိယဝါဒီ တီရီဆာ ဘာလ်ဒက်စ်က ဒီလိုပြောပြသည်။

> အမျိုးသမီးတော်တော်များများက အမျိုးသမီးထုလှုပ်ရှားမှုကနေ ဗဟိုအစိုးရတို့၊ ဝန်ကြီးဌာနတွေတို့၊ ဒေသဆိုင်ရာအစိုးရအဖွဲ့တို့တွေထဲကို ရောက်သွားကြတယ်။ ဒီတော့ ဒီမိုကရေစီအစိုးရတစ်ခု တည်ထောင်ဖွဲ့စည်းခြင်းကြောင့် အဖွဲ့အစည်းတော်တော် များများမှာ ခေါင်းဆောင်က မကျန်တော့ဘူး။ ဒါက အမျိုးသမီးထုလှုပ်ရှားမှုကို ဆိုးကျိုးသက်ရောက်မှုပဲ။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေက အရပ်ဖက်အဖွဲ့အစည်းတွေကို အရင်လိုအထောက်အပံ့တွေမပေးတော့ဘဲ တိုင်းပြည်အစိုးရကိုပဲ ပေးလာကြတယ်။

တောင်အာဖရိကမှ ပရက်ဂ်စ် ဂိုဗင်ဒါက 'ရွှေကောက်ပွဲကျင်းပတာနဲ့ အဖွဲ့အစည်းတွေ အားလုံးအဲဒီလိုဖြစ်ကုန် ကြတာပဲ။ ၁၉၉၄ ခုနှစ်မှာ အစိုးရအဖွဲ့ထဲကိုပထမဆုံး ဝင်ကုန်ကြတယ်။ နိုင်ငံရေးလှုပ်ရှားမှုအချို့၊နိုင်ငံရေးအဖွဲ့ အစည်းအချို့၊ ရပ်ရေးရွာရေးလှုပ်ရှားမှုတွေဟာ အစိုးရနဲ့လွှတ်တော်ထဲကိုဝင်သွားကြတယ်။ အဲဒီအဖွဲ့အစည်းတွေရဲ့ဦးဆောင်မှုဟာ လျော့ပါးပျောက်ကွယ်လာခဲ့တယ်။ ကျွန်မတို့မှာလည်း ဒီကိစ္စကိုကိုင်တွယ်ဖြေရှင်းဖို့ သင့်တော်တဲ့စီမံကိန်းမရှိခဲ့ဘူးထင်ပါတယ်။ ဒါကိုဖြေရှင်းဖို့ စီမံကိန်းဆွဲလို့မရဘူးရှင့်' ဟုပြောပြခဲ့သည်။

အမျိုးသမီးအဖွဲ့အစည်းများစွာကို လှုပ်ရှားမှုအဖြစ်မှ ပရော်ဖက်ရှင်နယ်အဖွဲ့အစည်းအသွင်ပြောင်းခြင်း သို့မဟုတ် 'အန်ဂျီအိုအဖြစ်ရပ်တည်လာစေခြင်း'တို့အပြင် (အမျိုးသမီးအဖွဲ့အစည်းများရဲ့ တိုင်းပြည်အစိုးရ သို့မဟုတ် နိုင်ငံတကာကပေးအပ်တဲ့ ငွေကြေးထောက်ပံ့မှုများကိုမှီခိုနေရခြင်း) တို့က ယင်းအဖွဲ့အစည်များ၏ စရိုက်လက္ခဏာကို ပြောင်းလဲပစ်လိုက်သည်။ အခြေခံလူတန်းစားများနှင့်ကင်းကွာသွားစေသည်။ ဝန်ဆောင်မှုများပေးရန် အချို့အဖွဲ့အစည်းများကတိုင်း ပြည်အစိုးရနှင့် လက်တွဲလိုက်ကြရသည်။ ကျဆင်းလာသော နိုင်ငံတကာ၏ထောက်ပံ့ကူညီမှုများအတွက် အဖွဲ့အစည်းအားလုံးက ယှဉ်ပြိုင်လာရသည်။[xix] 'အရပ်ဖက်အဖွဲ့အစည်းထဲမှာ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများနဲ့ဆက်ဆံရေးကို အစိုးရက ထူထောင်လိုက်ခြင်းဟာ ကျွန်မတို့က ဒီဘာသာရပ်မှာ ကျွမ်းကျင်သူများ၊ နည်းပညာဆိုင်ရာပညာသည်များဖြစ်နေလို့သာလျှင်ဖြစ်တယ်။ ကျွန်မတို့ တင်ပြတဲ့ဟာရဲ့ နိုင်ငံရေးအကြောင်းအရာကို ဖယ်ထုတ်လိုက်ပြီးမှသာလျှင်ဖြစ်ပေါ်လာတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။'ဟု ဘားလ် ဒက်စ်ကပြောသည်။ ထိုအချက်များအားလုံးသည် အမျိုးသမီးအဖွဲ့အစည်းများ၏ တက်ကြွလှုပ်ရှားမှုစွမ်းရည်ကို လျော့ချပစ်ခဲ့သည်။

သို့တိုင် အမျိုးသမီးများ၏နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်မှုတိုးမြင့်လာမည်ဟု အမျိုးသမီး

များစုရုံးမှုသက်သက်ဖြင့် အာမမခံနိုင်ပါ။ ထို့အပြင် ကျား၊မ လူမှုရေးရာတိုးတက်ဖြစ်ထွန်းမှုရှိသော အစီအမံများကို ကျင့်သုံးလာမည်ဟုလည်း အာမမခံမပါ။ အပြုသဘောဆောင်သော ရလဒ်များနှင့် ခြိမ်းခြောက်မှုအသွင်ဆောင်သည့် အဖွဲ့အစည်းအင်အားကျုံ့သွားခြင်းမျိုးကို အဓိကကျသည့်လှုပ်ရှားသူများက မဟာဗျူဟာမြောက်စုဖွဲ့မှုနှင့် လိုလားဖွယ်အင်စတီကျူးရှင်းအဆောက် အအုံဆိုင်ရာ နောက်ခံအခြေအနေနှစ်ခုစလုံးသည် အရေးအကြီးဆုံးဖြစ်သည်။ အချို့ဖြစ်ရပ်များတွင်အသွင်ကူးပြောင်းမှုစစချင်းကျင်းပသည့် ရွေးကောက်ပွဲမတိုင်မီ အမျိုးသမီးအဖွဲ့အစည်းများက ညွှန့်ပေါင်းဖွဲ့ကြသည်။ ဖြစ်လေ့ဖြစ်ထရှိသည်ကတော့ အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့ သီးခြားအရေးကိစ္စများအတွက် မူဝါဒသစ်များဖြစ်ပေါ်လာစေရန် အရေးဆိုလှုပ်ရှားသည့် ကျယ်ပြန့်သောမဟာမိတ်အဖွဲ့ကို အမျိုးသမီးအဖွဲ့အစည်းများအတူတကွဖွဲ့စည်းကြခြင်းဖြစ်သည်။ ကျား၊မလူမှုရေးရာ တက်ကြွလှုပ်ရှားသူများကလည်း လွှတ်တော်၊ အစိုးရ၊ နိုင်ငံရေးပါတီ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် စုပေါင်းအဖွဲ့အစည်းများအပါအဝင် ကွဲပြားခြားနားသော အခင်း အကျင်းများတွင် (စာနာထောက်ထားမှုရှိသော အမျိုးသားများ) အမျိုးသမီးများနှင့် မဟာဗျူဟာမြောက် မဟာမိတ်အဖွဲ့များ ဖွဲ့စည်းကြသည်။ ချွင်းချက်အချို့တော့ရှိသည်။ အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် နိုင်ငံရေးနှင့်စီးပွားရေးအီလစ်လူတန်းစားမှလာသူများဖြစ်သဖြင့် ၎င်းတို့သည် အမျိုးသားခေါင်းဆောင်များနှင့် အဆက်အသွယ်ရသွားကြခြင်းကြောင့် အမျိုးသမီးခေါင်းဆောင်များနှင့် နောက်လိုက်လူထုကြားတွင် စိတ်ဝမ်းကွဲမှုများကို ဖြစ်ပေါ်လာစေနိုင်သည်။ အသွင်ကူးပြောင်းမှုများဖြစ်ပေါ်စဉ်ကာလအတွင်း အမျိုးသမီးများကိုလမ်းပေါ် ထွက်လာစေခဲ့သည့် လူ့အဖွဲ့အစည်းတစ်ခုလုံးကို လွှမ်းခြုံသည့်စုဖွဲ့မှုရှိခဲ့သည်။ အသွင်ကူးပြောင်းမှုအပြီး ကျား၊မ လူမှုရေးရာကိစ္စရပ်များအတွက် ဥပဒေသစ်ရေးဆွဲခြင်း၊ ပြည်သူတို့၏တုံ့ပြန်မှုအမျိုးမျိုးပေါ်ထွက်လာခြင်းကို တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကိုအားစိုက်လုပ်ဆောင် လူထုထောက်ခံမှုရဖို့ အဆိုပါစုဖွဲ့မှုအတိုင်းထပ်တူဖြစ်ပေါ် အောင်လွယ်လွယ်လုပ်ဆောင်၍ မရနိုင်ပါ။ အသွင်ကူးပြောင်းမှုများတွင်ပါဝင်ခဲ့သည့် သို့မဟုတ် (အသွင်ကူးပြောင်းမှုမှထွက်ပေါ်လာခဲ့သည့်) အမျိုးသမီးများ၏လှုပ်ရှားမှုသည် လူတန်းစား၊ မျိုးနွယ်၊ လိင်နှင့်ဘာသာရေးအမှတ်လက္ခဏာအမျိုးမျိုးရှိသည့် အမျိုးသမီးများအပါအဝင် အလွန်ပင်သောင်းပြောင်းထွေလာ ရောနှောနေသည့် လှုပ်ရှားမှုများဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဂျာတ္တိယဝါဒီများသည် အရပ်ဘက်မှရော ဘာသာရေး အသိုင်းအဝိုင်းမှပါပါဝင်နေသည်။ တောင်အာဖရိကတွင် မျိုးနွယ်နှင့်လူတန်းစားတို့သည် သီသာထင်ရှားသည့် အရေးကိစ္စများဖြစ်သည်။[xx] အမျိုးသမီးတက်ကြွလှုပ်ရှားသူများအတွက် သူ၏အမှတ်ရချက်ကို တောင်အာဖရိကနိုင်ငံသူ အာဖရိကအမျိုးသားကွန်ဂရက်ပါတီ ဒုတိယအတွင်းရေးမှူး သန်ဂျီဝီ တန်စတိုက 'မျိုးနွယ်နဲ့ပတ်သက် ပြီးကျွန်မတို့ကြားမှာ ပြဿနာရှိတယ်။ လူဖြူအမျိုးသမီးနဲ့လူမည်းအမျိုးသမီးပေါ့။ ဒါပေမယ့် လူမည်းအမျိုးသမီး တွေကြားမှာတောင် လူတန်းစားခွဲခြားမှုကရှိနေတယ်' ဟုဆိုလေသည်။

ထိုကဲ့သို့သော နောက်ခံအခြေအနေ၊ ယုံကြည်မှုများ၊ အတွေ့အကြုံများကွဲပြားခြားနားမှု

ရှိနေခြင်းကြောင့် ကွဲပြားသော အမျိုးသမီးလှုပ်ရှားသူများနှင့် ရည်မှန်းချက်များ၊ နည်းဗျူဟာများနှင့် မဟာဗျူဟာနှင့်ပတ်သက်ပြီး အမျိုးသမီးတို့၏လှုပ်ရှားမှုများ၏နယ်ပယ်မျိုးစုံတို့ကြား ပဋိပက္ခများရံဖန်ရံခါဖြစ်ပေါ်တတ်သည်။ အသွင်ကူးပြောင်းမှုကာလ ပြင်ဆင်စုရုံးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအားလုံးက ဣတ္ထိယဝါဒီများ၏ ရည်မှန်းချက်များ (ထိုရည်မှန်းချက်များ၏အနက်အဓိပ္ပာယ်သည် ပွဲဆူစေသည့်အကြောင်းအရာဖြစ်ခဲ့သည်) ကို ထောက်ခံအားပေးခြင်းမပြုခဲ့ကြပါ။ အထူးသဖြင့် မျိုးဆက်ပွားအခွင့်အရေးနှင့်ပတ်သက်သည့် ရည်မှန်းချက်များကို ထောက်ခံအားပေးခြင်းမပြုခဲ့ကြပါ။ အချို့ဖြစ်ရပ်များတွင် 'အီလစ်လူတန်းစား' အမျိုးသမီးများနှင့်သာ သက်ဆိုင်သည့် အနောက်တိုင်းအယူအဆဟု ဣတ္ထိယဝါဒကို သဘောထားကြသည်။ (ကျား၊မရေးရာ တန်းတူ ညီမျှမှုဆိုင်ရာကော်မရှင်နာမင်းကြီးဟောင်း) ရှီလာ မင့်ဂျက်စ်က 'လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေးအမျိုးသမီးအဖွဲ့အစည်းများကြားမှာ ဣတ္ထိယဝါဒဟာ အာဖရိကန် အမျိုးသမီးတွေနဲ့အများကြီးမသက်ဆိုင်တဲ့ အနောက်နိုင်ငံကသွင်းကုန်ဆိုတဲ့ခံစားမှုကလည်းရှိနေတယ်။ အနောက်နိုင်ငံကအမျိုးသမီးတွေပြောပြောနေတဲ့ ပြဿနာ တွေနဲ့တစ်ထပ်တည်း အာဖရိကန်အမျိုးသားတွေနဲ့သူတို့နဲ့ကြားမှာ အာဖရိကန်အမျိုးသမီးတွေအတွက် ရှိမနေဘူး'။ အချို့သောဖြစ်ရပ်များတွင်မူ မလွဲမသွေ ဖခင်အုပ်စိုးမှုဆိုင်ရာ၊ အမျိုးသားများလွှမ်းမိုးသည်ဟုမြင်သော နိုင်ငံရေးစနစ်ထဲမှ 'မိမိကိုယ်ကိုယ်ပိုင်စိုးမှု'ကို ရရှိအောင်လုပ်သူများနှင့် မိမိကိုယ်ကို ဣတ္ထိယဝါဒီနှင့် ပါတီတက်ကြွလှုပ်ရှားသူများအဖြစ်မြင်ကာ အပြည့်အဝပါဝင်ဆောင်ရွက်လိုသည့်သူများကြားတွင် ပဋိပက္ခရှိတတ်သည်။

ဘရာဇီးနှင့် ချီလီတွင်လည်းကောင်း (စပိန်တွင်အတိုင်းအတာတစ်ခုထိုလည်းကောင်း) နိုင်ငံရေးပါတီများကြား ကွဲပြားခြားနားမှုများက ပါတီရပ်တည်ချက်အတိုင်း အမျိုးသမီးတက်ကြွလှုပ်ရှားသူများကို စိတ်ဝမ်းကွဲစေခဲ့သည်။ တီရီဆာ ဘားလဒက်စ်ကအောက်ပါအတိုင်း ပြန်ပြောပြခဲ့သည်။

> ကျွန်မအဖွဲ့ဝင်ထားတဲ့ Mujeres Por La Vida အဖွဲ့မှာ သိပ်ကိုအနေရခက်တဲ့ကာလတစ်ခုရှိခဲ့တယ်။ [ပီနိုချေးကို ထောက်ခံမဲပေးမလား၊ ကန့်ကွက်မဲပေးလားဆုံးဖြတ်ရမယ့်] ၁၉၈၈ လူထုဆန္ဒခံယူပွဲကို ကွန်မြူနစ်ပါတီနဲ့ လက်ဝဲနိုင်ငံရေးအုပ်စုက လူတွေက ပယ်ချခဲ့လို့ပါ။ အတိအကျပြောရမယ်ဆို [စစ်အုပ်ချုပ်ရေးကာလမှာ ပြဋ္ဌာန်းခဲ့တဲ့] ၁၉၈၀ အခြေခံဥပဒေမှာ အဆိုပြုထားတဲ့ အာဏာရှင်စနစ်ကနေ အဆောက်အအုံဆိုင်ရာလမ်းကြောင်းကို လက်ခံဖို့ သူတို့ကသဘောမတူကြဘူးလေ။ ဒါကြောင့် ကျွန်မတို့အဖွဲ့ထဲမှာ အင်မတန်ဝမ်းနည်းစရာကောင်းပြီး နိုင်ငံရေးအရခက်ခဲတဲ့ ဆောင်ရွက်ချက်တစ်ခုကိုလုပ်လိုက်ရတယ်။ ကျွန်မတို့အဖွဲ့ရဲ့စည်းလုံးမှုကိုရွေးမလား၊ ဖွဲ့ပြီးသားညွှန့်ပေါင်းအဖွဲ့ထဲက နိုင်ငံရေးအရ ထောက်ခံမှုကိုရွေးမလား ဖြစ်လာတယ်။ ညွှန့်ပေါင်းအဖွဲ့ထဲ နိုင်ငံရေးအရထောက်ခံမှုလမ်းကြောင်းကိုရွေးမယ်ဆိုရင် ရာဒီကယ်ပါတီနဲ့ တော်လှန်ရေးလက်ဝဲအုပ်စုရဲ့ ပါတီကို ဘေးဖယ်ထုတ်လိုက်တာပဲ။

လေ့လာဆန်းစစ်ပြီးသော ဖြစ်ရပ်များတွင် အခြားသောအကြောင်းအချက်များကလည်း အမျိုးသမီးတက်ကြွလှုပ်ရှားမှု၏ ပုံသဏ္ဌာန်နှင့် အတိုင်းအတာကို ရိုက်ခတ်မှုရှိခဲ့သည်။ ဒီမိုကရေစီမဆန်သည့် အစိုးရများ၏ အဆောက်အအုံဆိုင်ရာအစဉ်အလာ(နှင့် ထိုအစိုးရအသီးသီးက ကိုယ်စားပြုသည့် ကျား၊မလူမှုရေးရာအုပ်စိုးမှု) သည် အလွန်ပင်ကွဲပြားခြားနားနေသည်။ ဥပမာ ချီလီနှင့်စပိန်နိုင်ငံများနှင့် (ၫင်းတို့ထက်လျော့နည်းသည့် ဒီဂရီဖြင့် ဘရာဇီး) တွင်ဖြစ်ပေါ်ခဲ့သည့် အာဏာရှင်စနစ်သည် ကျား၊မ လူမှုရေးရာ ဆက်နွယ်ချက်များတွင် အလွန်ရှေးရိုးစွဲသည့်အမြင်များရှိသည်။ အခြားသော ဒီမိုကရေစီမဆန်သည့် (အထူးသဖြင့် နိုင်ငံတော် ဆိုရှယ်လစ်အစိုးရများကဲ့သို့) အစိုးရများသည် အမျိုးသမီးများကို အကျိုးပြုသည့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများကို စတင်ပြဋ္ဌာန်းခဲ့သည်။[xxi] အဆိုပါကွဲပြားခြားနားသော ဒီမိုကရေစီမဆန်သည့် အစိုးရများသည် အမျိုးသမီးများ၏စုဖွဲ့မှု ရေရှိန်အနိမ့်အမြင့်များကိုလည်း ချောမွေ့စေခဲ့သည်။ နိုင်ငံတော်ဆိုရှယ်လစ်အစိုးရများသည် အမျိုးသမီးများဘာသာအုပ်ချုပ်စီမံသည့် စုဖွဲ့မှုအတွက် အခွင့်အလမ်းများကို မပေးသလောက်ဖြစ်သည်။[xxii] ဥပမာ ပိုလန်တွင် အမျိုးသမီးအဖွဲ့ချုပ် (Women's League) ကဲ့သို့ ရပ်တည်ခွင့်ရထားသည့် တစ်ခုတည်းသော အမျိုးသမီးအဖွဲ့အစည်းသည် တိုင်းပြည်အစိုးရ၏ခွင့်ပြုမှုရပြီး ကွန်မြူနစ်ပါတီ၏ လက်အောက်ခံအဖွဲ့တစ်ခုဖြစ်သည်။ အချို့သောအာဏာရှင်အစိုးရများက ကိုယ့်နည်းကိုယ့်ဟန်စီမံခန့်ခွဲမှုဖြင့် စုဖွဲ့မှုအတွက် လွတ်လပ်ခွင့်ပေးထားသော်လည်း အခြားသောအစိုးရများက ထင်ရှားသည့် အမျိုးသမီးအဖွဲ့အစည်းကြီးများကို အစိုးရလက်အောက်ခံအဖြစ်သို့ သွတ်သွင်းလိုက်သဖြင့် ကိုယ်ပိုင်အုပ်ချုပ်စီမံသော အဖွဲ့အစည်းများ ဖွံ့ဖြိုးမှုအတွက်စွမ်းရည်ကို လျော့ချပစ်ခဲ့သည်။[xxiii] အင်ဒိုနီးရှားတွင် 'လွတ်လပ်ရေးပြီးနောက်ပိုင်း တိုးတက်မှုအရှိဆုံးသော အမျိုးသမီးအဖွဲ့အစည်းဖြစ်တဲ့ ကိုဝါနီအဖွဲ့ကို ဆူဟာတိုက အစိုးရလက်အောက်ခံအဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။ ထို့နောက် ဓမ္မဝါနိတ အမည်ရှိ အမျိုးသမီးလှုပ်ရှားမှုကို ဆူဟာတိုက ကမကထပြုခဲ့သည်။

ဓမ္မဝါနိတအဖွဲ့အစည်းက အီဘူဝါဒကို မြှင့်တင်အားပေးတယ်' ဟု အမျိုးသမီးတက်ကြွလှုပ်ရှားသူ နျူဆီယာဘာနီ ကက်ဂျာဆောင်ကနားကပြောသည်။ (အမျိုးသမီးများသည် ပထမဇနီးသည်၊ဒုတိယ မိခင်၊ တတိယ သားသမီးများကို သွန်သင်သူ၊ စတုတ္ထ လူမှုရေးလုပ်သား၊ ပဉ္စမ နိုင်ငံသားဟူ၍ဖြစ်ရမည်ဟူသော နိုင်ငံတော်အခြေခံမူဝါ ဒသည် အီဘူဝါဒဖြစ်သည်။)

ဂါနာနိုင်ငံတွင်လည်း အလားတူဖြစ်ပျက်ခဲ့သည်။ ဂါနာတွင် အစိုးရက ကမကထလုပ်သည့် ဒီဇင်ဘာ ၃၁ လှုပ်ရှားမှုသည် နှစ်ပေါင်းများစွာကြာအောင် လွှမ်းမိုးသည့်နေရာကပါဝင်ခဲ့ပြီး အသွင်ကူးပြောင်းမှု အောင်မြင်စွာဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင်ပင် လွှမ်းမိုးမှုရှိနေဆဲဖြစ်သည်။[xxiv] ဂါနာဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဆီကာတာက အောက်ပါအတိုင်းပြောပြခဲ့သည်။

> အစိုးရကို ပိုပြီးတိုက်ရိုက်ကျကျထောက်ခံတဲ့ အဖွဲ့အစည်းတွေကဆက်စပ်မှု မဆိုစလောက်နည်းတဲ့ ဒါမှမဟုတ် နဲနဲပိုပြီးလွတ်လပ်တဲ့အဖွဲ့အစည်းတွေထက် သုံးနိုင်ဖြန်း

နိုင်တယ်။ ၁၉၈၄-၈၅ ခုနှစ်ရောက်တဲ့အခါ တစ်ခုတည်းကျန်တဲ့ အမျိုးသမီးအဖွဲ့အစည်းက ဒီဇင်ဘာ ၃၁ အမျိုးသမီးလှုပ်ရှားမှုအဖွဲ့ပဲရှိတော့တယ်။ ဒီအဖွဲ့ကို သမ္မတကတော်ကဦးဆောင်လာခဲ့တယ်။ အဲဒီအဖွဲ့က အခွင့်အရေးသူများထက်ပိုရတယ်။ တိုင်းပြည်အစိုးရရဲ့ထောက်ခံမှုရတယ်။ တခြားအခွင့်ထူးတွေအားလုံးလည်းရတယ်။ ဒီတော့နိုင်ငံရေးမြင်ကွင်းထဲမှာ လွှမ်းမိုးလာခဲ့တယ်။ အလှူရှင်တွေကလည်း ဒီအဖွဲ့ကိုအထောက်အပံ့တွေပေးတယ်။ သိပ်မကြာခင်မှာ ဒီအဖွဲ့ဟာ မီဒီယာမှာဖော်ပြခံရတဲ့ တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်လာခဲ့တယ်။ ဒါကြောင့် တစ်နည်းပြောရရင် လုပ်ပိုင်ခွင့်အားလုံးကို ဒီအဖွဲ့ကယူသွားတာပဲ။ အမျိုးသမီးအဖွဲ့အစည်းတွေအများကြီးက သူတို့ရဲ့အရေး ကိစ္စတွေကို ထုတ်ဖော်ဖို့ ဒါမှမဟုတ် သူတို့ရဲ့လှုပ်ရှားမှုတွေကို လူသိရှင်ကြားလုပ်ဖို့ ခက်လာတယ်။ တော်တော်ကြာတဲ့အချိန်အထိ တိုင်းပြည်ထဲမှာ တစ်ခုတည်းသောအဖွဲ့အစည်းလို့ယူဆရတယ်။ အာဏာကို သူတကာထက်သာအောင်ရရှိထားတာက အမျိုးသမီးလှုပ်ရှားမှုမှာ သူ့ရဲ့လွှမ်းမိုးမှုအတွက် သိပ်သေချာတဲ့သော့ချက်ပဲ။

ကျားမ လူမှုရေးရာ စိုးရိမ်ပူပန်မှုတွေကို ထုတ်ပြောနိုင်တဲ့လွတ်လပ်ခွင့်ဟာ ဒီမိုကရေစီမဆန်သောအုပ်ချုပ်ရေးကို ဆန့်ကျင်တဲ့အတိုက်အခံအုပ်စုအတွင်းမှာလည်း ကြီးမားစွာကွဲပြားလျက်ရှိသည်။ အချို့သော အတိုက်အခံပါတီများနှင့် လှုပ်ရှားမှုများ ဥပမာ လက်ဝဲအုပ်စုနှင့် လူ့အခွင့်အရေးချီးဖောက်မှုများအတွက်စုဖွဲ့ထားသည့်လှုပ်ရှားမှုများသည်အမျိုးသမီးများ၏အရေးကိစ္စအတွက် ပိုပြီးပွင့်လင်းမှုရှိကြသည်။ အမျိုးသမီးများ၏ အရေးကိစ္စသည် ၎င်းတို့၏တန်းတူညီမျှမှု၊ အခွင့်အရေးနှင့် တရားမျှတမှုတို့၏ ပိုမိုကျယ်ပြန့်သောလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ရှုမြင်ကြသည်။ စပိန်နှင့် ချီလီဆိုရှယ်လစ်ပါတီဝင်များကဲ့သို့ နိုင်ငံရေးပါတီဝင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၊ ဘရာဇီးဆိုရှယ်ဒီမိုကရက်ပါတီ၊ ဘရာဇီးအလုပ်သမားပါတီ၊ တောင်အာဖရိကမှ အာဖရိက အမျိုးသားကွန်ဂရက် (ANC) တို့သည် သီးခြားအမျိုးသမီးအဖွဲ့အစည်းများအဖြစ်တင်မကဘဲ ပါတီတွင်းမှာပင် ကျယ်ပြန့်စွာစုဖွဲ့မှုရှိကြသည်။[xxv] စပိန်နိုင်ငံသို့ပြန်ရောက်သည့်ကာလလှုပ်ရှားမှုကို ကာလိုတာ ဘက်စတီလိုက အောက်ပါအတိုင်းပြန်ပြောပြသည်။

> စပိန်ဆိုရှယ်လစ်အလုပ်သမားပါတီ (PSOE) နဲ့ ကျွန်မအဆက်အသွယ်ရတယ်။ ပါတီမှာ ကျွန်မတို့အမျိုးသမီးတစ်ခုက 'အမျိုးသမီးနှင့်ဆိုရှယ်လစ်စနစ်'အုပ်စုကိုဖွဲ့ထားတယ်။အဲဒီအဖွဲ့ကနေ အမျိုးသမီးများနဲ့ပတ်သက်တဲ့ ပါတီမူဝါဒကို လွှမ်းမိုးဖို့ဆန္ဒရှိခဲ့တယ်။ ကျွန်မတို့ ဆွေးနွေးကြ၊ ဆောင်ရွက်ကြရင်း ပိုပြီးဂျက္ကတ္ထိယဝါဒီပိုဆန်လာတယ်၊ တိုက်ရဲခိုက်ရဲပိုဖြစ်လာကြတယ်။ ပါတီရဲ့ပညာရေးဌာနအတွင်းရေးမှူးဖြစ်ပြီး PSOE ရဲ့လက်ဝဲယိမ်းအုပ်စုက လူအစ်ဂိုမက်ဇိက သူ့ရဲ့အသုံးစရိတ် တစ်စိတ်တစ်ပိုင်းကိုပေးတယ်။ အသစ်ပေါ်လာတဲ့အဖွဲ့တွေကို ပုံဖော်ရာမှာ ကျွန်မတို့ရဲ့ကြိုးပမ်းမှုတွေကို အကျိုးပြုနိုင်အောင် အားပေးတိုက်တွန်းတတ်တယ်။ ကျွန်မတို့က မက်ဒရစ်မြို့ပေါ်က မြို့နယ်ပေါင်းစုံကိုသွားပြီး

ပို့ချချက်ဒါမှမဟုတ်ဆွေးနွေးပွဲတွေကိုလူမသိအောင်လုပ်ပြီးအဖွဲ့ကလေးတွေဖြစ်ပေါ်လာအောင် ပုံဖော်ခဲ့ကြတယ်။ လက်ကမ်းကြော်ငြာကလေးတွေ၊ ကက်ဆက်ခွေတွေထုတ်ပြီး ကျွန်မတို့ရဲ့ ဣဒ္ဓိယဝါဒအယူအဆတွေပြန့်နှံ့အောင်လုပ်ဖို့ ကျွန်မတို့မှာငွေနည်းနည်းရှိတယ်။ အဲဒီစာရွက်တွေ၊ တိပ်ခွေတွေကို ပိုပြီးပြန့်နှံ့ဖို့ အခြားသူတွေကဖြန့်ပေးနိုင်အောင် လုပ်ပေးခဲ့တယ်။

သန်ဂျီတန်ဆို (ထိုစဉ်က ANC/Umkhonto weSizwe အဖွဲ့၏ ပြည်ပရောက် တက်ကြွလှုပ်ရှားသူ) က ၁၉၈၀ ပြည့်နှစ်များတွင် ANC ပါတီ၏ပါတီဝင်အမျိုးသမီးအုပ်စုသည် 'ကျားမလူမှုရေးရာနှင့် အားလုံးပါဝင်ခွင့်အတွက်တိုက်ပွဲမှာ အလွန်အရေးကြီးသောခြေလှမ်းကိုလှမ်းခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လွတ်မြောက်ရေးလှုပ်ရှားမှုကိုယ်ဌမှာ ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးတွေကို ကျားမလူမှုရေးရာနဲ့အားလုံးပါဝင်ခွင့်က စည်းရုံးလိုက်တာကြောင့်ပါပဲ။ အမျိုးသမီးများရဲ့နေရာ၊ အခန်းကဏ္ဍ၊ အဆင့်အတန်းနဲ့ပတ်သက်ပြီး လွတ်မြောက်ရေးလှုပ်ရှားမှုကို သိရှိနားလည်မှုမြှင့်တင်ခဲ့တယ်။ အမျိုးသမီးတွေရဲ့လွတ်မြောက်မှုနဲ့ကျား၊မရေးရာတန်းတူညီမျှမှုတွေဟာ ဘေးထွက်ပစ္စည်းမဖြစ်စေအောင်လုပ်ဆောင်ရေး လိုအပ်ချက်ကိုမြှင့်တင်ပေးခဲ့တယ်။'ဟုပြောခဲ့သည်။ ချီလီမှ အက်ဒရီယာနာ မွန်ဇိုက အောက်ပါအတိုင်းပြောပြသည်။

တချို့ဣဒ္ဓိယဝါဒီတွေက နိုင်ငံရေးပါတီတွေထဲမှာ အခြေချသွားတယ်။ တချို့ကတော့ အပြင်မှာရှိနေတုန်းပဲ။ ကျွန်မတို့လို နိုင်ငံရေးပါတီတွေထဲရောက်သွားသူတွေက ညှိနှိုင်းစေ့စပ်မှုတွေလုပ်ကြတဲ့ပါတီအတွင်းမှာ ရှိကိုရှိရမယ်လို့တွေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချီလီရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အမိပ္ပာယ်ဖွင့်ဆိုခွင့် ယောက်ျားတွေပဲရထားတာလေ။ အဲဒီထဲမှာ အမျိုးသမီးတွေရဲ့လုပ်ငန်းစဉ်ကမပါဘူးဆိုတာ ကျွန်မတို့သေချာသိတယ်။ ဒါကြောင့် ပါတီမှာအာဏာရှိတဲ့အဆင့်တိုင်းမှာ ကျွန်မတို့ကိုယ်စားပြုနိုင်အောင် ကြိုးစားရုန်းကန်ကြတယ်။ ကျွန်မက ဆိုရှယ်လစ်ပါတီနဲ့ ဒီမိုကရေစီပါတီတို့မှာ လှုပ်ရှားတယ်။ တခြားအမျိုးသမီးတွေနဲ့အတူကျွန်မတို့ဟာ အစီအစဉ်ဆွဲတဲ့ကော်မရှင်အားလုံးမှာ ပါဝင်ပတ်သက်လာကြတယ်။ ကျွန်မတို့အမျိုးသမီးများရဲ့ လုပ်ငန်းစဉ်နဲ့ အမျိုးသမီးအခွင့်အရေးတို့အတွက် အရေးဆိုခဲ့တယ်။

ရိုမန်ကက်သိုလစ်ကျောင်းတော်ကဲ့သို့အချို့သောယဉ်ကျေးမှုအရအစဉ်အလာဆန်သော ဘာသာရေးအဖွဲ့များသည် အာဏာရှင်အုပ်ချုပ်ရေးကိုဆန့်ကျင်ကြသည်။ သို့သော် ကျား၊မလူမှုရေးရာတောင်းဆိုမှုများတွင် ပွင့်လင်းမှုနည်းပြီး ဘရာဇီးနှင့် ချီလီတွင်ဖြစ်ပေါ်ခဲ့သည့်အတိုင်း (ထိုတောင်းဆိုမှုများကို ကန့်ကွက်ရန်စည်းရုံးလှုံ့ဆော်ကြမည့် အလားအလာရှိသည်) ပင်ဖြစ်သည်။

အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ ၏အမြန်နှုန်းသည်လည်း အကြောင်းအချက်တစ်ခုဖြစ်

သည်။ ချင်းချက်အဖြစ် အာဏာရှင်အစိုးရဟောင်းက လျင်မြန်စွာပြုတ်ကျသွားသည့် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်မှလွဲလျှင် ဤစာအုပ်တွင် သုံးသပ်ဖော်ပြထားသည့် အသွင်ကူးပြောင်းမှုအများစုသည် အတော်ပင်နှေးကွေးပြီး အတော်ပင်စေ့စပ်ညှိနှိုင်းခဲ့ရသည်။ သဘောတူညီချက်ရအောင် သို့မဟုတ် 'လမ်းညွှန်မှုရအောင်'အတော်လုပ်ခဲ့ရသည်။ ထိုနိုင်ငံများထဲတွင် တောင်အာဖရိက၊ စပိန်၊ဘရာဇီး၊ချီလီနှင့် ဂါနာနိုင်ငံများပါဝင်သည်။ သဘောတူညီချက်ရယူထားသည့် အသွင်ကူးပြောင်းမှုများသည် အလွန်ကျဉ်းမြောင်းသော အီလစ်လူတန်းစားကြားတွင် စေ့စပ်ညှိနှိုင်းမှုများပါဝင်ခဲ့သည်။ သို့သော် အချို့အသွင်ကူးပြောင်းမှုများမှာ လူမှုရေးလှုပ်ရှားမှုများ၏တောင်းဆိုမှုများကိုပါ ပေါင်းစပ်ပါဝင်ခွင့်ပေးရန် လမ်းဖွင့်ပေးခဲ့သည်။ စပိန်၊ ချီလီ၊ ပိုလန်နှင့် ဂါနာနိုင်ငံများတွင် အစိုးရဟောင်းနှင့် ယင်း၏မဟာမိတ်များက အသွင်ကူးပြောင်းမှုကို ကြီးမားစွာထိန်းချုပ်မှု ကိုင်စွဲထားသည်။ စေ့စပ်ညှိနှိုင်းမှုများကိုလည်း ပိတ်ပင်ထားသည်။ (သို့မဟုတ် လျှို့ဝှက်၍ပင်ထားတတ်သည်။) သို့ဖြစ်၍ အမျိုးသမီးအနည်းငယ်သာ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။ ဘရာဇီးနှင့် တောင်အာဖရိကတို့သည် အခြားနိုင်ငံများနှင့်နှိုင်းစာပါက ပိုပြီးပွင့်လင်းမှုရှိသည်။ ပါဝင်ဆောင်ရွက်ခွင့်ရှိသော စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်များရှိသည်။ အမျိုးသမီး အစုအဖွဲ့များပုံစံဖြင့်စုဖွဲ့မှုများသည် အခွင့်အရေးရရန် အလားအလာပိုပြီးကြီးမားသည်။ အဆိုပါကွဲပြားခြားနားမှုများကိုကြည့်လျှင် လုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏အရေးကိစ္စပါအောင် အမျိုးသမီးလှုပ်ရှားမှုများက လုပ်ဆောင်နိုင်ရခြင်းအကြောင်းအရင်းကို နားလည်နိုင်စေသည်။ ကျားမလူမှုရေးရာနှင့်ရင်းနှီးကျွမ်းဝင်သည့် မူဝါဒအပြောင်းအလဲနှင့် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဒီဂရီအချို့ကို ဖြစ်ထွန်းအောင်လုပ်ရာတွင်လည်း အမျိုးသမီးလှုပ်ရှားမှုများအတွက် တစ်ခါတစ်ရံဖြစ်နိုင်ခြေရှိမှုကို နားလည်လာစေသည်။ အခြားသောနောက်ခံအခြေအနေများတွင် ကျားမလူမှုရေးရာပြုပြင် ပြောင်းလဲမှုများကို ပိတ်ပင်ခံရခြင်း၊ ကျရှုံးသွားခြင်းများကိုလည်း နားလည်လာစေသည်။

## ရလဒ်များ

### အခြေခံဥပဒေဆိုင်ရာနယ်ပယ်

အင်စတီကျူးရှင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲမှုသည် စေ့စပ်ညှိနှိုင်းရသော၊ သဘောတူညီချက်ယူရသော အသွင်ကူးပြောင်းမှုများတွင်ဖြစ်ပေါ်ခဲ့သည် စေ့စပ်ညှိနှိုင်းမှုများစွာ ၏ဗဟိုချက်ဖြစ်ခဲ့သည်။ အချို့ဖြစ်ရပ်များတွင် အခြေခံဥပဒေဆိုင်ရာ ညီလာခံများအဖြစ် အသစ်တင်မြှောက်လိုက်သည့်လွှတ်တော်များက ဆောင်ရွက်ကြသည်။ အခြေခံဥပဒေသစ်များကို ဒီဇိုင်းရေးဆွဲကာ အသွင်ကူးပြောင်းမှု၏ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်များကို ဆောင်ရွက်ကြသည်။ အချို့ဖြစ်ရပ်များတွင်မူ တည်ဆဲအခြေခံဥပဒေများ၏ ပြင်ဆင်ထားသောမူများ သို့မဟုတ် ယခင်မူများကိုထိန်းသိမ်းထားသည်။ သို့မဟုတ် ချီလီတွင်ဖြစ်ပေါ်ခဲ့သလို သိသာထင်ရှားသည့် အခြေခံဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုံးဝမရှိပေ။ ၁၉၈၀ ပြည့်နှစ်တွင် စစ်တပ်ကပြဋ္ဌာန်းသည့်

အခြေခံဥပဒေအရ လုပ်ဆောင်သည့် ရွေးကောက်ပွဲစနစ်ကို ချီလီတွင်ကျင့်သုံးခဲ့သည်။ အမျိုးသမီးဆန်ဆန်စုဖွဲ့ထားသည့် အမျိုးသမီးများသည် အခြေခံဥပဒေဒီဇိုင်းရေးဆွဲမှုလုပ်ငန်းစဉ်တွင် ပါဝင်သည့်ပမာဏမှာ ကျယ်ပြန့်စွာကွဲပြားခြားနားသည်။ ဘရာဇီးနှင့် တောင်အာဖရိကတွင် စုဖွဲ့ထားသည့်အမျိုးသမီးများသည် တိုင်းပြုပြည်ပြုလွှတ်တော်များကိုဖွဲ့စည်းထားသည့် လွှတ်တော်များနှင့် တရားဝင် လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ကျား၊မလူမှုရေးရာကိုနားလည်ခံစားမှုရှိသည့် အခြေခံဥပဒေများ ဖွံ့ဖြိုးလာအောင် အထောက် အကူပြုခဲ့ကြသည်။ စပိန်နှင့် ဖိလစ်ပိုင်တို့တွင် စုဖွဲ့ထားသည့်အမျိုးသမီးများနှင့် ဣတ္ထိယဝါဒီများက ပြင်ပမှဆွယ်တရားဟောကြသော်လည်း ရွေးကောက်ပွဲဒီဇိုင်းဆွဲခြင်းလုပ်ငန်းစဉ်များတွင် တိုက်ရိုက်ပါဝင်ပတ်သက်သည့် အမျိုးသမီးဦးရေနည်းသည်။ လူထုဆန္ဒခံယူပွဲအပြီးဖြစ်ပေါ်လာသည့် ကန့်သတ်ထားသည့် ချီလီနိုင်ငံ၏အခြေခံဥပဒေဆိုင်ရာ ဧစ္စစပ်ညှိနှိုင်းမှုများတွင် (တက်ကြွသည့် အမျိုးသမီးလှုပ်ရှားမှုရှိနေသည့်တိုင်) စုဖွဲ့ထားသည့် အမျိုးသမီးများ၏ပါဝင်မှု လုံးဝပင်မရှိခဲ့ချေ။ ဂါနာနိုင်ငံ၏ အခြေခံဥပဒေသစ်ရေးဆွဲရာတွင် တက်ကြွစွာဆောင်ရွက်ခဲ့သည့်အမျိုးသမီးလည်း မရှိခဲ့ချေ။ ပိုလန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စပိန်နိုင်ငံများရှိ အခြေခံဥပဒေများသည် ကျား၊မရေးရာတန်းတူညီမျှမှုအပိုဒ်အချို့ ထည့်သွင်းပြဋ္ဌာန်းမှုရှိသော်လည်း အမျိုးသမီးအဖွဲ့အစည်းများ၏ ဩဇာလွှမ်းနိုင်မှုမှာ မဆိုစလောက်သာရှိသည်။

ဘရာဇီးနှင့်တောင်အာဖရိက နှစ်နိုင်ငံစလုံးတွင် သဘောတူညီထားသည့် တဖြည်းဖြည်းအသွင်ကူးပြောင်းမှုအရ အခြေခံဥပဒေကို မူကြမ်းရေးဆွဲခြင်းလုပ်ဆောင်ခဲ့သည်။ ယာယီအခြေခံဥပဒေကို မူကြမ်းရေးဆွဲခြင်းသည် ANC နှင့် ၁၉၉၂-၁၉၉၄ လူမျိုးရေးခွဲခြားသည့် လူဖြူအစိုးရက လွှမ်းမိုးခဲ့သည့် ပါတီပေါင်းစုံစေ့စပ်ညှိနှိုင်းမှုများတွင် အဓိကကျသည့်အချက် ဖြစ်ခဲ့သည်။ ဒီမိုကရက်တစ်တောင်အာဖရိကနိုင်ငံအတွက် သဘောတူညီချက်တွင် ကနဦး စေ့စပ်ညှိနှိုင်းမှုများတွင် အမျိုးသမီးအနည်းငယ်ပါဝင်ခဲ့ကြပြီးနောက် အမျိုးသမီးများ(အထူးသဖြင့် ANC ပါတီဝင်အမျိုးသမီးများသည်) နောင်ပေါ်ပေါက်လာသည့် ပါတီပေါင်းစုံဆွေးနွေးပွဲများတွင် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များအားလုံးတွင် ပါဝင်မှုသေချာစေရေးအတွက် တိုက်ပွဲဝင်ခဲ့ကြ သည်။ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးညွှန့်ပေါင်းအဖွဲ့ (WNC) ကိုဖွဲ့စည်းလိုက်သည်။ ယင်းညွှန့်ပေါင်းအဖွဲ့သည် အမျိုးသမီးအဖွဲ့အစည်းများ၏ ကျယ်ပြန့်သောလွှတ်လပ်သည့်မဟာမိတ်အဖွဲ့ ဖြစ်သည်။[xxvi] WNC ၏ညှိနှိုင်းရေးမှူးအဖြစ် ၁၉၉၂ မှ ၁၉၉၄ အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ပရက်ဂ် ဂိုဗင်ဒါက အောက်ပါအတိုင်းတင်ပြသည်။

> WNC ဟာ ANC အမျိုးသမီးအသင်းချုပ်ကလုပ်တဲ့ တစ်နိုင်ငံလုံးက အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများက အမျိုးသမီးများနဲ့တွေ့ဆုံမှုကနေစတင်ခဲ့တယ်။ အဲဒီအမျိုးသမီးတွေဟာ နောက်ခံအခြေအနေအမျိုးမျိုးကနေလာခဲ့ကြတာ။ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်မှာ အမျိုးသမီးတွေချန်လှပ်ထားခံရတဲ့ကိစ္စကိုလေ့လာဖို့ တွေ့ဆုံကြတာဖြစ်တယ်။ လူမျိုး

ရေးခွဲ ခြားမှုကိုဆန့်ကျင်ရာမှာ အမျိုးသမီးတွေဟာ အလွန်တက်ကြွခဲ့ကြသော်လည်း အမျိုးသမီးများကိုတိုက်ရိုက်သက်ရောက်တဲ့၊ အမျိုးသမီးများဘဝကို ရိုက်ခတ်တဲ့အရေးကိစ္စတွေဟာ ဆွေးနွေးပွဲစားပွဲဝိုင်းမှာ မပါမှာကိုစိုးရိမ်လို့ အမျိုးသမီးများတွေ့ဆုံရခြင်းဖြစ်တယ်။ အဲဒီအရေးကိစ္စတွေထဲမှာ လိင်အခြေခံပြီးခွဲခြားမှုမပြုရေး၊ ကျား၊မရေးရာတန်းတူညီမျှမှုရှိရေးတို့လို ကိစ္စရပ်တွေပါတယ်။ ကျယ်ပြန့်တဲ့ ကျား၊မရေးရာတန်းတူညီမျှမှု၊ လူမှုစီးပွားရေးအခွင့်အရေးများ၊ မိမိခန္ဓာမိမိကိုယ်ပိုင်စိုးခွင့်၊ မျိုးဆက်ပွားအခွင့်အရေးတွေဟာ အခြေခံဥပဒေမှာပါမလာမှာကို စိုးရိမ်ကြတယ်။ စေ့စပ်ညှိနှိုင်းကြတဲ့သူတွေ၊ ရှေ့နေတွေ၊ သုတေသီတွေ၊ အမျိုးသမီးလှုပ်ရှားမှုကိုတည်ဆောက်ခြင်းနဲ့ စည်းရုံးခြင်းမှာကျွမ်းကျင်သူတွေကိုပေါင်းစပ်လိုက်ခြင်းဟာ အလွန်ထိရောက်ပီပြင်တဲ့ပုံစံနဲ့ ပေါင်းစည်းလာခဲ့တယ်။

ဓလေ့ထုံးတမ်းဥပဒေနှင့် တန်းတူညီမျှမှုအပိုဒ်များကြားဆက်သွယ်ချက်အတွက် အစဉ်အလာခေါင်းဆောင်များ ပါဝင်သည့်စေ့စပ်ညှိနှိုင်းမှုတွင် WNC သည်အဓိကျသည့်နေရာမှ ပါဝင်ခဲ့သည်။[xxvii] WNC ၏သုတေသီကြီးကြပ်ရေးအဖွဲ့တွင်ပါဝင်သည့် ရှီလာ မင့်ဂျက်စ်က ထိုစေ့စပ်ဆွေးနွေးမှုသည် 'ဓလေ့ထုံးတမ်းဥပဒေသည် ခေါင်းဆောင်များဆန္ဒရှိသည့်အတိုင်း အခြေခံဥပဒေကိုလက်တစ်လုံးခြားမလုပ်မိစေရေးသေချာစေရန် ညှိနှိုင်းပေါင်းအဖွဲ့အတွက် အလွန်အလွန်အရေးကြီးသည်။ ဓလေ့ထုံးတမ်းဥပဒေတွင်ပါရှိသော အခွင့်အရေးများကို အခြေခံဥပဒေပါရပိုင်ခွင့်များအဖြစ် ခေါင်းဆောင်များကပြဋ္ဌာန်းလိုသော်လည်း ဓလေ့ထုံးတမ်းဥပဒေက အာဖရိကန်အမျိုးသမီးများအားလုံးကို ဥပဒေအရအောက်တွင် အားလုံးတန်းတူညီတူရှိကြမည်' ဟုရေးသားခဲ့သည်။ အဆိုပါယာယီအခြေခံဥပဒေကို အသစ်တင်မြှောက်လိုက်သည့်လွှတ်တော်ကတိုင်းပြုပြည်ပြုလွှတ်တော်အဖြစ်ဆောင်ရွက်ကာ စဉ်းစားသုံးသပ်ခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအထူးသဖြင့် ANC မှအမျိုးသမီးကိုယ်စားလှယ်များက အချို့သောတိကျသည့် ပြဋ္ဌာန်းချက်များ ဥပမာအိမ်တွင်းအကြမ်းဖက်မှုနှင့်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကျား၊မ ရေးရာတန်းတူညီမျှမှုအတွက် ယေဘုယျအားဖြင့် တစိုက်မတ်မတ် လုပ်ဆောင်မှုနှင့် အတူ ထည့်သွင်းပြဋ္ဌာန်းနိုင်ရန် အောင်မြင်စွာတွန်းအားပေးနိုင်ခဲ့သည်။

၁၉၈၅ ခုနှစ်တွင် အရပ်သားသမ္မတ၏ရွေးကောက်ပွဲအပြီးတွင် အသစ်ရွေးကောက်တင်မြှောက်သည့် လွှတ်တော်က တိုင်းပြုပြည်ပြုလွှတ်တော်အဖြစ် ၁၉၈၆မှ ၁၉၈၈ ခုနှစ်ကြားတွင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးပါတီများမှ အမျိုးသမီးပါတီဝင်များသည် လွှတ်တော်အစည်းအဝေးများအတူတက်ပြီး အရပ်ဖက်လူ့အဖွဲ့အစည်းမှ အမျိုးသမီးများနှင့် အတူတကွဆွယ်တရားဟောခဲ့ကြသည်။ (အမျိုးသမီးအခွင့်အရေး နိုင်ငံလုံးဆိုင်ရာကောင်စီ) ဟုခေါ်ဆိုသည့် ပြည်ထောင်စုအမျိုးသမီးအဖွဲ့သစ်တွင် တိုင်းပြည်အစိုးရနှင့်အရပ်ဖက် လူ့အဖွဲ့အစည်းနှစ်ခုစလုံးမှ ကိုယ်စားလှယ်များပါဝင်သည်။ အမျိုးသမီးတို့၏ဆွယ်တရားဟောခြင်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုအဖွဲ့အစည်းက အမျိုးသမီးအဖွဲ့အစည်းများ၊ ဣတ္ထိယဝါဒီတက်ကြွလှုပ်ရှားသူများ

နှင့် ပူးပေါင်းဆောင်ရွက်ကာ တိုင်းပြုပြည်ပြုလွှတ်တော်အဖြစ် ကွန်ဂရက်လွှတ်တော်ကိုဖိအားပေးခဲ့သည်။[xxviii] CNDM ဥက္ကဋ္ဌ ယက်ကလင်း ပီတန်ဂီ က အခြေခံဥပဒေအတွက်အလုပ်လုပ်ရန် ဌာနတစ်ခုကိုသီးသန့်ဖွဲ့စည်းခဲ့ပုံကိုရှင်းပြသည်။ 'ကျွန်မတို့အရင်ဦးဆုံး ပြည်နယ်အဆင့်ကိုသွားတယ်။ အဲဒီမှာပြည်နယ်တစ်ခုချင်းစီက အမျိုးသမီးအစုအဖွဲ့တွေကို စာရင်းချလိုက်တယ်။ ဒါကြောင့် ပြည်နယ်တစ်ခုချင်းစီမှာ စည်းရုံးလှုပ်ရှားမှုကိုစဖို့ ကျွန်မတို့ပူးပေါင်းလုပ်ဆောင်နိုင်တာ။ ဒီစည်းရုံးလှုပ်ရှားမှုက CNDM ရဲ့စည်းရုံးလှုပ်ရှားမှုဖြစ်သော်လည်း မူပိုင်ကတော့ ပြည်နယ်အဆင့်မှာပေါ့။" ဟုပြောပြခဲ့သည်။ ၎င်းတို့၏ကြိုးပမ်းမှုများထဲတွင် နိုင်ငံလုံးဆိုင်ရာညီလာခံ(နှင့် ပြည်နယ်အသီးသီး)သို့တင်ပြခဲ့သည့် အမျိုးသမီး အဖွဲ့အစည်းများမှရယူထားသည့် တောင်းဆိုချက်များကိုဖော်ပြထားသည့် ' အမျိုးသမီးများ၏ပေးစာ'ဖြစ်သည်။ ညီလာခံအဖွဲ့ဝင်များသည် မဲဆန္ဒနယ်၊ဒေသဆိုင်ရာနှင့် ပြည်ထောင်စုအဆင့်တွင် မဟာဗျူဟာမြောက် မဲဆွယ် လှုပ်ရှားမှုပြုလုပ်ကြသည်။ ပီတန်ဂီက 'ကွန်ဂရက်လွှတ်တော်အတွင်း မျက်နှာချင်းဆိုင်အလုပ်လုပ်ရပုံ'ကိုရှင်းပြခဲ့သည်။

> နေ့စဉ်နေ့တိုင်း နိုင်ငံလုံးဆိုင်ရာကွန်ဂရက်လွှတ်တော်ထဲမှာထိုင်ပြီး နိုင်ငံရေးပါတီတွေက ခေါင်းဆောင်တွေနဲ့ ဆွေးနွေးရတယ်။ စကြံ့တွေကလျှောက်သွားရတာကိုသတိရမိတယ်။ တစ်ချိန်လုံးလိုလိုပါပဲ။ ပြည်နယ်တွေကနေ ကြေးနန်းတွေဝင်လာတယ်။ ဒေသဆိုင်ရာ အမျိုးသမီးအဖွဲ့တွေနဲ့ ကျွန်မတို့ကတစ်ချိန်လုံး အဆက်အသွယ်ရှိတယ်။ ဒီစည်းရုံးလှုပ်ရှားမှုဟာ ပြည်နယ်ပေါင်းစုံနဲ့ဆိုင်တဲ့ အဆင့်တင်မကပါဘူး တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ စည်းရုံးလှုပ်ရှားမှုလည်းဖြစ်ပါတယ်။ ဒီတော့ တစ်နေရာကကိုယ်စားလှယ်တစ်ယောက်ကိုသွားတွေ့၊ သူက ဒီကိစ္စမှာ ပေလယျကံထားနေသလဲဆိုတာ စနည်းနာရတယ်။ ဒီတော့ သက်ဆိုင်ရာပြည်နယ်က အမျိုးသမီးအစုအဖွဲ့များနဲ့ ချက်ချင်းဆက်သွယ်ရတယ်။

(နှုတ်ခမ်းနီမဲဆွယ်စည်းရုံးမှုဟုခေါ်ကြသည့်) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ညီလာခံတွင် ပူးပေါင်းဆောင်ရွက်ကြပြီး CNDM နှင့်အတူလုပ်ကိုင်ကြသည့် နိုင်ငံရေးပါတီအသီးသီးမှ ပါတီဝင်များဖြစ်သည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏တောင်းဆိုမှုအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် ၁၉၈၈ ခုနှစ် အခြေခံဥပဒေတွင် ပါရှိလာခဲ့သည်ကို ပီတန်ဂီသတိပြုမိသည်။ 'အသက်ရှင်သန်ခွင့်'ကို ဦးစားပေးရန်ကြိုးပမ်းမှုများ ရှုံးနိမ့်သွားခဲ့သည်ကိုလည်း သတိပြုမိခဲ့သည်။ သို့သော် ထွက်ပေါ်လာသည့်အခြေခံဥပဒေသည် ကိုင်တွယ်ရခက်ခဲသည့် စာရွက်စာတမ်းတစ်ခုဖြစ်နေပြီး အသက်ဝင်စေရန် အထောက်အကူပြုမည့်ဥပဒေရေးဆွဲမှုလိုအပ်နေသည်။

စပိန်နိုင်ငံ၏ သဘောတူညီမှု၊ ညှိနှိုင်းမှုဖြင့်သွားသည့် အသွင်ကူးပြောင်းမှုတွင် အခြေခံဥပဒေကို ရွေးကောက်တင်မြှောက်ခံလွှတ်တော်က ၁၉၇၇-၇၈ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်အဖြစ်ဆောင်ရွက်ကာ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲဝင်ညွှန့်ပေါင်း(နောင်ပါတီ) Union of the Democratic Centre ၏ခေါင်းဆောင် ဝန်ကြီးချုပ် အဒိုဖို ဆွာရက်ဇီဦးဆောင်သည့်

အီလစ်တို့တွန်းအားပေးသည့် ပွင့်လင်းမှုမရှိသည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်ခဲ့ရသည်။[xxix] (အခြေခံဥပဒေရေးဆွဲရေးညီလာခံအဖြစ်ဆောင်ရွက်စဉ်က စပိန်လွှတ်တော်ဖြစ်သည့်) Constituent Cortes ၏ အဖွဲ့ဝင်များထဲမှ အမျိုးသားများချည့်သာပါဝင်သော ကျွမ်းကျင်ပညာရှင်အဖွဲ့က အခြေခံဥပဒေကိုရေးဆွဲခဲ့သည်။ အဆိုပါအဖွဲ့ဝင် ဂဏန်းအနက်သုံးဦးသည် အာဏာရနိုင်ငံရေးအမြင်မျှတသည့်လက်ဝဲအုပ်စု UCD ပါတီမှဖြစ်သည်။ တစ်ဦးမှာ PSOE မှဖြစ်သည်။ ၎င်းတို့ရေးဆွဲ သည့်အခြေခံဥပဒေကို အဖွဲ့ဝင် ၃၅ ဦးပါသော လွှတ်တော် အခြေခံဥပဒေဆိုင်ရာကော်မတီက ဖတ်ကြားဆွေးနွေးသည်။ ထိုကော်မတီတွင် အမျိုးသမီး တစ်ဦးသာပါပြီး အခြေခံဥပဒေမူကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခြင်းဖြစ်သည်။ လွှတ်တော်နှစ်ရပ်စလုံးတွင် အမျိုးသမီးဦးရေ ၂၇ ဦးသာရှိသည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို လွှတ်တော်ပြင်ပမှ မဲဆွယ်စည်းရုံးသည့် ဣတ္ထိယဝါဒီအဖွဲ့အစည်းများရိုခဲ့သည်။ အချို့သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဘက်စတယ်လိုက သူမသည် ' တန်းတူညီမျှမှုကိုရည်ညွှန်းထားသည့် ပုဒ်မ ၉ နှင့် ပုဒ်မ ၁၄ တို့ကိုမူကြမ်းရေးဆွဲရသည့် စုံညီအဖွဲ့တစ်ခုတွင် ပူးပေါင်းပါဝင်ခဲ့ရသည်' ဟုပြောသည်။ သို့ဖြစ်၍ တန်းတူညီမျှမှုနှင့် ကွာရှင်းပြတ်စဲမှု ဆိုင်ရာပြဋ္ဌာန်းချက်များကိုထည့်သွင်းခဲ့သည်။ မျိုးဆက်ပွားအခွင့်အရေးနှင့် သားကြီးသြရသ(အမွေဆက်ခံခွင့်) ဆိုင်ရာစည်းမျဉ်းများနှင့်ပတ်သက်သည့် ကြိုးပမ်းမှုများ အောင်မြင်မှုမရှိဖြစ်ခဲ့သည်။[xxx]

ဖိလစ်ပိုင်တွင် အသစ်ရွေးကောက်တင်မြှောက်ခံရသည့် ကိုရာဇွန် အကွီနိုသည် (အမျိုးသမီး ၁၅ ရာခိုင်နှုန်းပင် မပါသော်လည်း အမျိုးသမီးဥက္ကဋ္ဌလုပ်သည့်) အဖွဲ့ဝင် ၅၀ ဦးပါ အခြေခံဥပဒေဆိုင်ရာကော်မရှင်ကို အခြေခံဥပဒေသစ်မူကြမ်းရေးဆွဲရန် ခန့်အပ်ခဲ့သည်။ အစောဆုံး ဣတ္ထိယဝါဒီအဖွဲ့အစည်း Gabriela အပါအဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ ကျယ်ပြန့်သော မဟာမိတ်အဖွဲ့က မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်ခဲ့သော်လည်း ရောထွေးသည့်ရလဒ်များ ထွက်လာခဲ့သည်။ တန်းတူညီမျှမှုပြဋ္ဌာန်းချက်တစ်ခုပါလာသော်လည်း ထိုပြဋ္ဌာန်းချက်သည် အမျိုးသမီးအဖွဲ့အစည်းများက အဆိုပြုတင်ပြသည့်ပြဋ္ဌာန်းချက်လောက် ခရီးမရောက်ပေ။ ကိုယ်ဝန်ဖျက်ချခြင်း ကိုဆန့်ကျင်သည့်ပြဋ္ဌာန်းချက်တစ်ခုကို ခရစ်ယာန်ကျောင်းတော်နှင့် ကိုယ်ဝန်ဖျက်ချမှုဆန့်ကျင်ရေး အမျိုးသမီးအဖွဲ့၏ ခိုင်မာအားကောင်းသော စည်းရုံးမှုဖြင့် ထောက်ခံအားပေးမှုရရှိကာ အတည်ပြုခဲ့သည်။ သို့သော် အမျိုးသမီးအဖွဲ့အစည်းများကို လိုက်လျောသည့်အနေဖြင့် မိခင်၏အသက်ရှင်သန်ခွင့်အပြင် ကိုယ်ဝန်ဆောင်ထားရသည့် ကလေးအတွက် အသက်ရှင်သန်ခွင့်ကိုပါ ရည်ညွှန်းဖော်ပြချက်ပါရှိသည်။[xxxi]

အင်ဒိုနီးရှားတွင် အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုသည် တဖြည်းဖြည်းဖြစ်ပေါ်လာခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် အချို့သောအမျိုးသမီးများကို တိုင်းပြုပြည်ပြုလွှတ်တော် (PCA) ၏အဖွဲ့ဝင်များအဖြစ်ခန့်အပ်ခဲ့

သည်။ PCA က ၁၉၉၉ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်ကြားတွင် အပြောင်းအလဲများဖော်ဆောင်ခဲ့သည်။ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတွင် လူမျိုးအသားအရောင်ခွဲခြားမှုကို ပါဝင်စေရန် ဣတ္ထိယဝါဒီများက ကြိုးပမ်းခဲ့ကြသည်။ သို့သော် တိကျပြတ်သားသည့် အောင်မြင်မှုများမရရှိခဲ့ပေ။ PCA တွင် ရှေ့နေများအသင်းဏ်ကိုယ်စားလှယ်အဖြစ်ပါဝင်သူ နာဆီယာဘာနီ ကက်ဂျာဆန်ကာနာက လူမျိုး ရေးခွဲခြားမှုမရှိရေး အခြေခံမူနှင့် လူမျိုးအသားအရောင်ကြောင့် အနိမ်ခံရခြင်းကို ကျော်လွှားသည့်ကျင့်စဉ်တို့ အပါအဝင် တောင်အာဖရိကနိုင်ငံ၏အတွေ့အကြုံများထဲမှသင်ခန်းစာယူကာ ခွဲခြားဆက်ဆံမှုမပြုခြင်းဥပဒေသနှင့် ခွဲခြားဆန့်ကျင်ခံခဲ့ရသူများအတွက် အထူးရပိုင်ခွင့်များဖန်တီးပေးသည့် ဥပဒေသများပါဝင်သော လူ့အခွင့်အရေးအခြေခံများကိုအခြေခံဥပဒေတွင် ထည့်သွင်းနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆန့်ကျင်ဘက်/အခြားတစ်ဖက်တွင်မူ အမျိုးသမီးများသည် ၁၉၈၀ ပြည့်နှစ်တွင် စစ်တပ်ကထုတ်လုပ်ခဲ့သည့် ကနဦးအခြေခံဥပဒေတွင် ပါဝင်ပတ်သက်ခြင်းမရှိခဲ့ပေ။ ထိုအခြေခံဥပဒေသည် ကျား၊မလူမှုရေးရာ များကို ထည့်သွင်းစဉ်းစားထားခြင်းမရှိသောကြောင့်ဖြစ်သည်။ ၁၉၈၉ ခုနှစ် သမ္မတရွေးကောက်ပွဲနှင့်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အဓိကနိုင်ငံရေးပါတီများနှင့် စစ်အစိုးရတို့ကြား လူထုဆန္ဒခံယူပွဲအပြီး ဖြစ်ပေါ်လာသည့် ပွင့်လင်းမှုမရှိသော အခြေခံဥပဒေဆိုင်ရာ (အဆင့်နိမ့်) စေ့စပ်ညှိနှိုင်းမှုများတွင် အမျိုးသမီးများ လုံးဝပါဝင်ခဲ့ခြင်းမရှိပေ။ အထူးသဖြင့် Mujeres por la Vida နှင့် Concertación အမျိုးသမီးအဖွဲ့ကဲ့သို့ သက်တမ်းရင့်စုပေါင်းအဖွဲ့အ စည်းများအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများစွာ၏ တက်ကြွသောအခန်းကဏ္ဍ ရှိသော်လည်း ဤသို့အမျိုးသမီးများကို ဘေးဖယ်ထုတ်ထားခြင်း ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသည့် အမျိုးသမီးဦးရေနိမ့်ကျနေခြင်းကို တုံ့ပြန်သည့် အနေဖြင့် Concertación ၏လုပ်ငန်းစဉ်တွင် ကျား၊မရေးရာ တန်းတူညီမျှမှုပါရှိစေရေးအတွက် Concertación အမျိုးသမီးအဖွဲ့ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[xxxii]

ဂါနာနိုင်ငံတွင် ၁၉၉၁ ခုနှစ်၌ အာဏာရှင် ရောလင်းအစိုးရလက်ထက် အစိုးရကဦးဆောင်သည့်အသွင်ကူး ပြောင်းရေးလုပ်ငန်းစဉ်တွင် အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် စောစီးစွာဖြင့် ဖန်တီးလိုက်သည့် အတိုင်ပင်ခံညီလာခံ၌ အခြေခံဥပဒေသစ်ကို ရေးဆွဲလိုက်သည်။ သို့ဖြစ်၍ အနည်းငယ်သော အမျိုးသမီးအဖွဲ့အစည်းများသာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးရန် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ ထွက်ပေါ်လာသည့် အခြေခံဥပဒေတွင် ကျား၊မလူမှုရေးရာကိစ္စရပ်များ မပါရှိလာပေ။ ဇော်ဇီ ဆီကာတာက 'အခြေခံဥပဒေမှာ ကျွန်မတို့ရဲ့အရေးကိစ္စတွေအများကြီးမပါခဲ့ဘူး။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ ကျွန်မတို့အရမ်းမတက်ကြွခဲ့ကြဘူးလေ။ အမျိုးသမီးတက်ကြွလှုပ်ရှားသူများမရှိဘဲဖြစ်နေခဲ့တယ်။ အခြေခံဥပဒေအကြောင်းဆွေးနွေးတာရှိတယ်လို့ မမှတ်မိဘူး'ဟုပြောသည်။

ပိုလန်တွင် နိုင်ငံတော်ဆိုရှယ်လစ်စနစ်မှ အသွင်ကူးပြောင်းမှု၏ ကွဲပြားခြားနားသော

နောက်ခံ အခြေအနေမျိုးတွင် စုဖွဲ့ထားသည့်အမျိုးသမီးများသည် ၁၉၉၇ ခုနှစ်အခြေခံဥပဒေ ရေးဆွဲရာ တွင် သိသာထင်ရှားသည့် သက်ရောက်မှုမရှိခဲ့ပေ။ သို့သော် Women's Rights Centre ကဲ့သို့ အမျိုးသမီးများ၏ အန်ဂျီအိုအချို့က အဆိုပြုတင်ပြချက်များပေးခဲ့ကြသည်။[xxxiii] အပြီးသတ်ရေးဆွဲရရှိသည့် အခြေခံဥပဒေတွင် အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးကို အာမခံသည့်ပြဋ္ဌာန်းချက်များပါသော်လည်း ထိုပြဋ္ဌာန်းချက်များကို သီးခြားဥပဒေပြဋ္ဌာန်းခြင်း သို့မဟုတ် တရားမကြောင်း ဥပဒေများပြဋ္ဌာန်းခြင်းတို့ဖြင့် ကျားကန်ပေးမထားသဖြင့် အသက်ဝင်ရန် မလွယ်ဖြစ်နေသည်။ အလုပ်သမားဥပဒေကဲ့သို့ ဥပဒေများတွင် ဥပဒေဟောင်းသည် အခြေခံဥပဒေနှင့်တိုက်ရိုက်ပင် ဆန့်ကျင်နေသည်။ အခြားသော အရှေ့ဥရောပနိုင်ငံများ၏ဖြစ်ရပ်များနည်းတူ ကိုယ်ဝန်ဖျက်ချခြင်းနှင့် မိမိအသက်ကိုနှုတ်ယူခွင့်တို့ကို တားမြစ်သည့်ပြဋ္ဌာန်းချက်ပါဝင်သည်။အပြင်းအထန်ငြင်းခုံဆွေးနွေးပြီးမှထိုပြဋ္ဌာန်းချက်ကိုထည့်သွင်းခဲ့ခြင်းဖြစ်သည်။ သန္ဓေသားကိုကာကွယ်စောင့်ရှောက်သည့် စကားရပ်ထည့်သွင်းပြဋ္ဌာန်းရာတွင် ကက်သိုလစ်ကျောင်းတော်က အောင်မြင်သွားခဲ့သည်။ နောက်တစ်ဆင့်တွင် အခြေခံဥပဒေခုံရုံးက ယင်းပြဋ္ဌာန်းချက်ကို လက်ခံလိုက်သည်။[xxxiv]

## ရွေးကောက်ပွဲအခင်းအကျင်း

အသွင်ကူးပြောင်းမှုကာလအလွန် အမျိုးသမီးများ၏လွှတ်တော်တွင် ကိုယ်စားပြုမှုအရေအတွက်သည် လွန်စွာကွဲပြားခြားနားမှုရှိနေသည်။ ချီလီ၊ ဂါနာ၊ စပိန်၊ ဘရာဇီး၊ ပိုလန်နှင့် အင်ဒိုနီးရှားနိုင်ငံများတွင် အမျိုးသမီးများ၏ ကနဦးကိုယ်စားပြုမှုသည် နိမ့်ကျခဲ့သည်။ (၁၀ ရာခိုင်နှုန်းသို့မဟုတ် ယင်းအောက်တွင်ရှိသည်) တောင်အာဖရိကနိုင်ငံက မှတ်သားလောက်ဖွယ်ချွင်းချက်ဖြင့် ၂၇ ဒသမ ၇ ရာခိုင်နှုန်းကိုယ်စားပြုမှုရှိသည်။ တတိယလှိုင်း အသွင်ကူးပြောင်းမှုများထုံးစံအတိုင်း နိုင်ငံလုံးဆိုင်ရာလွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးဦးရေသည် အချိန်ကြာလာသည်နှင့်အမျှ တိုးပွားလာသည်။ အထူးသဖြင့် ထိရောက်သည့် ကိုယ်စားလှယ်ခွဲတမ်းများသတ်မှတ်လိုက်သည့်နေရာများတွင် အမျိုးသမီးကိုယ်စားလှယ်အရေအတွက်တိုးလာသည်။ ဥပမာ တောင်အာဖရိကတွင် ANC က ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်ခွဲတမ်း ၃၃ ရာခိုင်နှုန်းကို အမျိုးသမီးများအတွက် စတင်သတ်မှတ်ခဲ့သည်။ အချို့ဖြစ်ရပ်များတွင် ရွေးကောက်ပွဲဆိုင်ရာခွဲတမ်းများ (အနည်းဆုံးအမျိုးသမီးကိုယ်စားလှယ်အရေအတွက်သတ်မှတ်မှု) သည် အဆောက်အအုံဆိုင်ရာ သိသာထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုများအဖြစ် သတ်မှတ်မှုဖြစ်သည်။ ဘရာဇီးနိုင်ငံတွင်မူ ပြီးစလွယ်ရေးဆွဲထားပြီး အကောင်အထည်ဖော်သည့် ကိုယ်စားလှယ်ခွဲတမ်းသတ်မှတ်မှုသည် အမျိုသမီးများ၏ကိုယ်စားပြုမှုကို သက်ရောက်မှုလုံးဝမရှိခဲ့ပေ။ စင်စစ်အမျိုးသမီးကိုယ်စားပြုမှုသည် (ကျား၊မလူမှုရေးရာခွဲတမ်းမရှိသည့်) အထက်လွှတ်တော်တွင် (ကျားမလူမှုရေးရာခွဲတမ်းရှိသည့်) အောက်လွှတ်တော်ထက်များပြားနေခဲ့သည်။[xxxv] အမျိုးသမီးများ၏ကိုယ်စားပြုမှုများသည်လည်း ရွေးကောက်

ပွဲစနစ်ရော နိုင်ငံရေးပါတီများ၏ ပုံမှန်အစဉ်အလာကိုတည် ထောင်ခြင်းဒီဂရီနှင့်ပါ ဆက်နွယ်လျက်ရှိသည်။[xxxvi] လက်ဝဲအုပ်စုနိုင်ငံရေးပါတီများက လက်ယာအုပ်စုနိုင်ငံရေးပါတီများထက် အမျိုးသမီးများကို အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်းပိုမိုများပြားသည်။ လက်ဝဲအုပ်စုနိုင်ငံရေးပါတီများ၏ သာတူညီမျှကောင်းစားမှုပိုမိုရရှိရေး သဘောတရားများက ဘေးဖယ်ထုတ်ခံအုပ်စုများကိုရွေးချယ်မှုနှင့် ကိုယ်စားပြုမှုတို့တိုးမြင့်လာစေသည့် အပြုသဘောအစီအမံများကိုကျင့်သုံးရန် အလားအလာပိုမိုများပြားသွားစေသည်။ ဣတ္ထိယဝါဒီတို့၏တက်ကြွလှုပ်ရှားမှုအတွက် စာနာနားလည်မှုပိုရှိသောဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက်လည်း ပိုပြီးအလားအလာရှိလာစေသည်။

သို့သော် အမျိုးသမီးများ၏ကိုယ်စားပြုမှုကို အရေအတွက်အရသာမကြည့်သင့်ပါ။ အသွင်ကူးပြောင်းမှု အသီးသီးတွင် 'အမျိုးသမီးများအတွက်' (သီးခြားအစုအဖွဲ့အတွက်အရေးဆိုရန် ကိုယ်စားပြုသည့်) အမျိုးသမီးဥပဒေပြု ကိုယ်စားလှယ်များက ဆောင်ရွက်လုပ်ကိုင်ပေးသည့် ပမာဏကို ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးပါသည်။ အမျိုးသမီးအရေးကိုယ်စားပြုအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ဆောင်ရွက်ချက်သည် ပုံစံအမျိုးမျိုးဖြင့်ရှိနိုင်သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသမီးအခွင့်အရေးများနှင့် ကျားမ ရေးရာတန်းတူညီမျှမှု ခိုင်မာအားကောင်းစေမည့် ဥပဒေကြမ်းများတင်သွင်းခြင်း၊ သို့မဟုတ် ခေတ်နောက်ပြန်ဆွဲသောအစီအမံများအကောင်အထည်ဖော်ခြင်းကို တားဆီးရန်ကြိုးပမ်းခြင်းတို့ပြုလုပ်ဖွယ်ရှိသည်။ လွှတ်တော်အတွင်း ပါတီများကြားစုဖွဲ့မှုတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် အရပ်ဖက်လူ့အဖွဲ့အစည်းအတွင်းမှ အမျိုးသမီးအဖွဲ့အစည်းများနှင့် မဟာမိတ်များဖွဲ့စည်းခြင်းတို့တွင်လည်း ပါဝင်ဆောင်ရွက်နိုင်သည်။ သီးခြား အစုအဖွဲ့အတွက် အရေးဆိုကိုယ်စားပြုသည့်ဒီမိုကရေစီသည် မိမိတို့လေ့လာထားသည့် တစ်နိုင်ငံချင်းစီ၏ဖြစ်ရပ်အလိုက် ကွဲပြားသည်။ ဥပမာ ဂါနာနိုင်ငံတွင် အမျိုးသမီးအနည်းငယ်သာရွေးကောက်တင်မြှောက်ခံရပြီး ဣတ္ထိယဝါဒီခံယူချက်ရှိသူနည်းသည်။ လွှတ်တော်ပြင်ပရှိ စုဖွဲ့ထားသည့်အမျိုးသမီးများနှင့် အဆက်အသွယ်နည်းသည်။ ထို့ကြောင့် ကျားမလူမှုရေးရာ ကိစ္စရပ်များတွင် လှုပ်ရှားဆောင်ရွက်မှုမရှိသလောက်ဖြစ်သည်။ စင်စစ် အဆိုပါချိတ်ဆက်မှုများမရှိရခြင်းမှာ တစ်လမ်းသွားဖြစ်နေခြင်းကြောင့်ဟု ဇိုဇီ ဆီကာတာကဆိုပါသည်။ လွှတ်တော်အတွင်းရှိအမျိုးသမီးများနှင့်ဆက်သွယ်ရန်ကြိုးစားခဲ့သည် တက်ကြွလှုပ်ရှားသူများရှိခဲ့ပြီး အခြားနည်းလမ်းဖြင့် ဆက်သွယ်မှုမရှိခဲ့ဟု သူမကပြောသည်။

အင်ဒိုနီးရှား၊ ချီလီ၊ ဘရာဇီးနှင့် စပိန်တို့တွင် အမျိုးသမီးအနည်းငယ်သာ ရွေးကောက်တင်မြှောက်ခံရသည်။ သို့သော် တိုးတက်သော ကျားမ လူမှုရေးရာဥပဒေပြုမှုများအတွက် အဓိကကျသည့် ဣတ္ထိယဝါဒီ ကိုယ်စားလှယ်အချို့က တွန်းအားပေးခဲ့သည်။ သူတို့အောင်မြင်ခြင်း ရှိ/မရှိဆိုသည်မှာမူ လက်ရှိအာဏာရအစိုးရက ဘယ်လောက်စာနာနားလည်မှုပေးသနည်း

ဆိုသည်၌သာတည်မီနေသည်။[xxxvii] ၂၀၀၄-၂၀၀၉ခုနှစ်အတွင်းအင်ဒိုနီးရှားလွှတ်တော်တွင်ရှိစဉ် သူမ၏ပါတီမှ တိုးတက်သောအမျိုးသမီးတစ်စုနှင့်အခြားသူများစွာ (ၢင်းတို့အနက် တက်ကြွလှုပ်ရှားမှုနောက်ကြောင်းရှိသူများပါသည်) တို့က ဥပဒေ ၁၄ ခုထက်မနည်းကိုပြဋ္ဌာန်းအောင်လုပ်နိုင်ခဲ့ကြသည်ဟု နာဆီယာဘာနီ ကက်ဂျာဆန်ကာနာက ပြောသည်။ ဘရာဇီးနှင့်တောင်အာဖရိကနိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီးများ၏ စုဖွဲ့မှုသည် အချို့သောဖြစ်ရပ်များတွင် ထူးခြားအရေးပါလာခဲ့သည်။ ဘာရာဇီးအခြေခံဥပဒေကိုပုံဖော်ရာတွင် အမျိုးသမီးများ၏ စည်းရုံးမှုက အထောက်အကူပြုခဲ့ခြင်းမျိုးဖြစ်သည်။ ပထမဆုံးအကြိမ် လူမျိုးစုပေါင်းစုံ တောင်အာဖရိကလွှတ်တော်တွင် အရပ်ဖက်အဖွဲ့အစည်းနှင့် ဣတ္ထိယဝါဒီစုဖွဲ့မှုနောက်ခံသမိုင်းရှိကြသည့် (WNC ကဲ့သို့ ယခင်ကတက်ကြွလှုပ်ရှားမှုတွင် တစ်ဦးနှင့်တစ်ဦးသိကျွမ်းထားကြသည့်) အမျိုးသမီး ကိုယ်စားလှယ်များစွာက ပါတီပေါင်းစုံမှအမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ကိုဖွဲ့စည်းကြသည်။ ထိုအဖွဲ့က အကြမ်းဖက်မှုအပါအဝင် ကျယ်ပြန့်သောကျားမလူမှုရေးရာကိစ္စရပ်များတွင် လက်ဦးမဆွကပင် တက်ကြွစွာပါဝင်ခဲ့ကြသည်။[xxxviii] ANC ပါတီမှ ပထမဆုံးလွှတ်တော်၏ အမျိုးသမီးကိုယ်စားလှယ် သန်ဂျီ မင့်ဆိုက WNC ၏ ရေရှည်အကျိုးသက်ရောက်မှုအကြောင်းပြောပြခဲ့သည်။

> တစ်ဦးနဲ့တစ်ဦးတွေ့ဆုံနိုင်မယ့် နိုင်ငံရေးပါတီအသီးသီးကကိုယ်စားလှယ်များနဲ့ အမျိုးသမီးအဖွဲ့ဆိုပြီးရှိပါတယ်။ အဲဒီတုန်းက အမျိုးသမီးများ၏ဘဝအဆင့်အတန်း၊ အရည်အသွေးမြှင့်တင်ရေးကော်မတီ ဆိုတာလည်းရှိတယ်။ အဲဒီ ကော်မတီက သိပြီးသားကော်မတီတွေနဲ့မတူပါဘူး။ ဒါပေမယ့်အဲဒီကော်မတီမျိုးဖွဲ့ဖို့ ကျွန်မတို့တောင်းဆိုခဲ့ကြတယ်။ ကျွန်မတို့အရင်ကလုပ်ခဲ့တဲ့ စေ့စပ်ညှိနှိုင်းမှု၊ အမျိုးသမီးညွှန့်ပေါင်းအဖွဲ့နဲ့ အမျိုးသမီးများဆိုင်ရာပဋိညာဉ်စတဲ့အဖွဲ့အစည်းတွေကြောင့် ဒီကော်မတီကိုဖွဲ့စည်းဖို့ လွယ်ကူစေခဲ့ပါတယ်။

ဣတ္ထိယဝါဒီလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ပြင်ပမှ အမျိုးသမီးအဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်သောချိတ်ဆက်ဆောင်ရွက်မှုများရရှိတတ်သည်။ ဣတ္ထိယဝါဒီလွှတ်တော်ကိုယ်စားလှယ်များသည် လက်ဝဲနိုင်ငံရေးပါတီဝင်များဖြစ်နေသည်က ပိုများသည်။ ပါတီစည်းကမ်းကောင်းမွန်မှုနှင့် ပါတီဖွဲ့စည်းပုံ လည်ပတ်မှုတို့သည်လည်း သက်ရောက်မှုတစ်ခုရှိနိုင်သည်။ပါတီဖွဲ့စည်းပုံများလျော့လျဲနေပြီး ပါတီစည်းကမ်းမတင်းကျပ်သည့် အခါမျိုးတွင် ပါတီ အချင်းချင်းကြားစုဖွဲ့မှုပိုလွယ်တတ်သည်။ ဥပမာ ဘရာဇီးတွင် ပါတီအချင်းချင်းကြားဖွဲ့ထားသည့်အမျိုးသမီးအဖွဲ့ဖွဲ့စည်းရန် အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် ပိုပြီးလွယ်သည်။ သို့သော် တောင်အာဖရိကတွင် ပိုပြီးခက်သည်။ အထူးသဖြင့် ပါတီစည်းကမ်းနှင့်သစ္စာခံမှုက အစောပိုင်းနှစ်အနည်းငယ်အတွင်း ခိုင်မာလာပြီးနောက်တွင် ပိုပြီးခက်လာသည်။ တောင်အာဖရိကမှ ANC မှလွဲပြီးပါတီများအတွင်းပီပြင်သောအမျိုးသမီးအစုအဖွဲ့များကို သာဓကအနည်းငယ်ပြနိုင်သည်။

တရားဝင်ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီဖြစ်သည့် အမျိုးသမီးများ၏ဘဝနေမှုနှင့် အဆင့်အတန်း စောင့်ကြည့်လေ့လာရေးပူးတွဲကော်မတီသည် ပထမဆုံးအကြိမ်ကျင်းပသည့် လူမျိုးရေးမခွဲခြားသောလွှတ်တော်တွင် ပရက်ဂိုဗန်ဒါကဲ့သို့ ထင်ရှားသည့် ဂ္ဂတ္ထိယဝါဒီကိုယ်စားလှယ်များထံမှ ပီပြင်သောခေါင်းဆောင်မှုကြောင့် အကျိုးဖြစ်ထွန်းခဲ့သည်။ ၁၉၉၉ ခုနှစ် ရောက်ချိန်တွင် ၎င်းတို့၏လုပ်ငန်းစဉ်တွင်ပါရှိသည့် ကျားမလူမှုရေးရာဥပဒေပြုမှု ၈၀ ရာခိုင်နှုန်းကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည်ဟု ပရက် ဂိုဗန်ဒါကယူဆခဲ့သည်။

ပါတီအချင်းချင်းကြားစုဖွဲ့မှုသည်လည်း အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့ကိစ္စရပ်များတွင် ပိုပြီးလွယ်ကူလာသည်။ မျိုးဆက်ပွားအခွင့်အရေးကဲ့သို့ အမျိုးသမီးနှင့် အမျိုးသားများ သဘောထားချင်းမတိုက်ဆိုင်သည့် ကိစ္စရပ်များတွင် ပါတီချင်းစုဖွဲ့မှုရရန်ခက်သည်။ ဥပမာ မျိုးဆက်ပွားအခွင့်အရေးကိစ္စရပ်တွင် နက်ရှိုင်းစွာသဘောထားကွဲလွဲကြသော်လည်း ကလေးထိန်းခြင်းအတွက် အစီအမံများကိုထောက်ခံသည့် မဟာမိတ်များကို ချီလီနိုင်ငံမှ လက်ဝဲနှင့်လက်ယာနိုင်ငံရေးအင်အားစုမှ အမျိုးသမီးများကဖွဲ့စည်းနိုင်ကြသည်။ အင်ဒိုနီးရှားတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ကိစ္စရပ်များစွာတွင် အတူတကွစုဖွဲ့နိုင်ကြသည်။ သို့သော် ဘာသာရေးမဆန်သည့် အမျိုးသမီးနိုင်ငံရေးသမားများနှင့် သဘောထားပျော့ပြောင်းသည့် အစွလာမ္မစ် အမျိုးသမီးနိုင်ငံရေးသမားများကို စိတ်ဝမ်းကွဲစေသည့် ညစ်ညမ်းစာပေ၊ရုပ်ရှင်တိုက်ဖျက်ရေးဥပဒေကြမ်းကိစ္စတွင် စုဖွဲ့နိုင်ခြင်းမရှိပေ။[xxxix] နာဆီယာဘာနီ ကက်ဂျာဆန်ကာနာ၏ ပါတီက ထိုဥပဒေကြမ်းနှင့်ပတ်သက်ပြီး စိတ်ဝမ်းကွဲခဲ့သည်။ သူမတစ်ဦးတည်းအနေဖြင့် ထိုဥပဒေကို သဘောမတူပါ။ ထိုဥပဒေသည်ကို 'လွှတ်တော်အတွင်းဆွေးနွေးမှုသည် ဘဝတွင် ကျဉ်းထဲကျပ်ထည်းရောက်သွားရသည့် ကာလတစ်ခုဖြစ်သည်'ဟု သူကပြောခဲ့သည်။

## အစိုးရဌာနဆိုင်ရာလောက

အစိုးရဌာနဆိုင်ရာလောကတွင် ကျားမလူမှုရေးရာ အပြောင်းအလဲဖြစ်ပေါ်မှုပမာဏနှင့် ပုံစံများသည် အသွင်ကူးပြောင်းမှုကာလအလွန်ဖြစ်ရပ်များအနက် လွန်စွာကွဲပြားသည်။ အချို့ဖြစ်ရပ်များတွင် အမျိုးသမီးများ၏ မူဝါဒကိုယ်စားပြုအဖွဲ့များကို (WPAs သို့မဟုတ် ကုလသမဂ္ဂ၏အသုံးအတိုင်းဆိုလျှင် 'အမျိုးသမီးလုပ်ငန်းအဖွဲ့များ') သည် ၁၉၇၀ ပြည့်နှစ်များက ကုလ၏ လွှမ်းမိုးမှုကိုတုံ့ပြန်သည့်အနေဖြင့် ယခင်အစိုးရများက မဖွဲ့စည်းပဲထားခဲ့သည်။ ထိုသို့မဖွဲ့စည်းပဲထားသည့်နိုင်ငံများတွင် ဂါနာနှင့်ဖိလစ်ပိုင်တို့ပါဝင်သည်။ ဖိလစ်ပိုင်တွင် ထိုကိုယ်စားပြုအဖွဲ့အစည်းကို အီမယ်လ်ဒါ မားကို့စ်ကဦးဆောင်သည်။ ကာလရှေ့လျောလာသည့်အခါ WPA ကိုဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်အစားထိုးဖွဲ့စည်းခြင်းများကို နိုင်ငံအားလုံးတွင် လုပ်ဆောင်လာသည်။ ၁၉၉၅ ခုနှစ် ပေကျင်းမြို့တော်တွင်ကျင်းပသည့် ကုလကွန်ဖရင့်အပြီး နိုင်ငံတကာဆက်ဆံရေး အခြေအနေပိုမိုကောင်းမွန်လာခြင်းက ထိုသို့ ဖွဲ့စည်းနိုင်ခြင်းမှာ လွယ်ကူချောမွေ့လာစေခဲ့သည်။ သို့သော် WPAs သည် အလွန်ခြား နားသည့်အကြောင်းရင်းများ၊

ခြားနားသည့် ဖွဲ့စည်းပုံများ၊ အာဏာများ၊ အထောက်အပံ့များဖြင့် တည်ထောင်ဖွဲ့စည်းသည့် အဖွဲ့အစည်းများဖြစ်သည်။ သို့ဖြစ်၍အမျိုးသမီးများ၏အကျိုးစီးပွားကို ကိုယ်စားပြုရန် ကွဲပြားသည့် စွမ်းဆောင်ရည်များ မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင်ပါဝင်နေသည်။ ဥပမာ အရှေ့ဥရောပတွင် အချို့အစိုးရများက ဥရောပသမဂ္ဂသို့ဝင်ခွင့်ရရေးကို အကူအညီပေးရန် WPAs ကို အစိုးရအချို့ကဖွဲ့စည်းကြသည်။ WPAs ၏ အသုံးဝင်မှုနှင့်ထိရောက်ပီပြင်မှုတို့ကို အကဲဖြတ်ရန် ဖွဲ့စည်းပုံနှင့်ဖွဲ့စည်းရသည့်အကြောင်းရင်းတို့ကိုလေ့လာရမည်။ ခွဲဝေထားသည့် ရင်းမြစ်များကို လေ့လာရမည်။ ယင်းအဖွဲ့အစည်းများက တိုင်းပြည်ပြင်ပရှိအစုအဖွဲ့များတွင် ပါဝင်ဆောင်ရွက်မှု၊ တာဝန်ခံမှုတို့ကိုလေ့လာရမည်။ ယင်းအဖွဲ့အစည်းများ ဝင်ရောက်လုပ်ကိုင်နေသည့် ကျယ်ပြန့်သော နိုင်ငံရေးနောက်ခံအခြေအနေကိုလည်းလေ့လာရမည်။

ဘရာဇီး၊ ချီလီနှင့် တောင်အာဖရိကတို့တွင် အသွင်ကူးပြောင်းမှုကာလအတွင်းနှင့်ယင်းကာလမတိုင်မီ စုဖွဲ့ထားသည့်အမျိုးသမီးများ၏ လှုပ်ရှားမှုများမှတိုက်ရိုက်ဖြစ်လာသည့် ရလဒ်များအဖြစ် WPAs များကိုတည်ထောင်ကြသည်။ စပိန်တွင်မူ (ကာလိုတာ ဘက်စတီလိုဦးဆောင်ပြီး) ဆိုရှယ်လစ်အစိုးရ၏ ရွေးကောက်ပွဲအပြီးတွင် WPA တစ်ဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ နိုင်ငံရေးပါတီ၊ လွှတ်တော်နှင့် အမျိုးသမီးအဖွဲ့အစည်းများထဲမှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများက စည်းရုံးလှုံ့ဆော်ခြင်းများ၏ ရလဒ်အဖြစ် စာနာထောက်ထားမှုရှိသည့် အသစ်တက်လာသော အစိုးရများက WPA အဖွဲ့များကိုဖွဲ့စည်းပေးကြသည်။ ချီလီတွင် ရွေးကောက်ပွဲမကျင်းပမီ အမျိုးသမီးများအတွက် ဝန်ကြီးဌာနတစ်ခုဖွဲ့စည်းရန် Women's Concertación ညွှန့်ပေါင်းအဖွဲ့က တောင်းဆိုခဲ့သည်။[xl] ဂျာမဏီယ ဝါဒီတက်ကြွလှုပ်ရှားသူနှင့် သုတေသီ ထရီဆာဘားလက်စ်က Women's Concertación အတွင်းအမျိုးသမီးများဆိုင်ရာ စီမံကိန်းတစ်ခုအတွက်ပြင်ဆင်နေသည့် ကော်မတီတစ်ခုသည် အမျိုးသမီးများအတွက် အဆောက်အအုံဆိုင်ရာ မူဘောင်ကို ရရှိအောင် အဆိုပြုချက်တစ်ခုကိုဖော်ထုတ်ခဲ့ပုံကို ပြန်ပြောပြခဲ့သည်။ ထိုမူဘောင်သည် ဝန်ကြီးဌာနတစ်ခုသို့မဟုတ် လုပ်ငန်းတစ်ခုအဖြစ်နားလည်သိရှိပြီးသားဖြစ်သည်ဟု ၎င်းကပြန်ပြောပြခဲ့သည်။ ဘရာဇီးနိုင်ငံမှ Women's Council နှင့် စပိန်နိုင်ငံမှ Instituto de la Mujer အဖွဲ့များ၏အတွေ့အကြုံများအပြင် ပြည်ပမှပြန်ရောက်လာသည့်အမျိုးသမီးများ၏ အတွေ့အကြုံမှ သင်ခန်းစာယူနိုင်ခဲ့သည်ဟု သူကပြောပြသည်။ တောင်အာဖရိကတွင် အခြားနိုင်ငံများ၏ အတွေ့အကြုံကို အသေးစိတ်လေ့လာသုံးသပ်ခြင်းကြောင့် တိုင်းပြည်အစိုးရဌာနများနှင့် လွှတ်တော်တို့တွင် စီမံကိန်းအစုအဝေး၏ ဆုံချက်များကိုရေးဆွဲနိုင်စေခဲ့သည်။

ဂါနာနိုင်ငံတွင် သမ္မတ ကူဖူက အမျိုးသမီးအဖွဲ့အစည်းများ၏ဆန္ဒနှင့်ဆန့်ကျင်ကာ အမျိုးသမီးဝန်ကြီးဌာန (MOWAC) ကိုဖွဲ့စည်းသည်။[xli] ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီက အစိုးရဆန့်ကျင်ရေး အမျိုးသမီးများ၏ စည်းရုံးလှုပ်ရှားမှုများကို တာဆီကာက အောက်ပါအတိုင်းပြောပြခဲ့သည်။

အစိုးရသစ်က ဒီဝန်ကြီးဌာနကိုဖွဲ့ပြီး အမျိုးသမီးတွေကို ချီးမြှောက်သွားမယ်တဲ့။ ဒီအာဖရိကတိုက်ပေါ်က တခြားဝန်ကြီးဌာနတွေက အတွေ့အကြုံတွေကိုအခြေခံပြီး ကျွန်မတို့လိုတာ ဝန်ကြီးဌာနမဟုတ်ဘူး၊ ဘက်ဂျက်မရှိရင် ဝန်ကြီးဌာနတွေဆိုတာ အားကောင်းမောင်းသန်ဖြစ်မှာမဟုတ်ဘူးလို့ အမျိုးသမီးအဖွဲ့တွေကပြောလာကြတာကြောင့် ကျွန်မတို့က တင်းမာတဲ့သဘောထားနဲ့ တုံ့ပြန်ခဲ့ကြတာပဲ။ ဒီလိုတုံ့ပြန်တဲ့တင်ပြပြောဆိုမှုတွေ လုပ်ခဲ့တယ်။ အဲဒီဝန်ကြီးဌာနကိုဖြုတ်ချဖို့ ကျွန်မတို့ရဲ့ ကြိုးပမ်းမှုတွေကို ဝန်ကြီး အဖြစ်ခန့်အပ်ခံရမယ့်သူက ဝန်ကြီးဌာနမဖွဲ့သေးခင်ကတည်းက သဘောမကျဘူးထင်ပါတယ်။ ဒီတော့ ကျွန်မတို့ ချင်းဆက်ဆံရေးက တင်းမာသွားတာပေါ့။ တော်တော်ကြာလာတဲ့အထိ အခြေအနေတွေက သိပ်ဆိုးနေတယ်။

ဂ္ဂတ္ထိယ ဝါဒီဆန့်ကျင်ရေးသမား ဝန်ကြီးတစ်ပါးဦးဆောင်သည့် MOWAC သည် ၂၀၀၁-၂၀၀၅ ခုနှစ်အစိုးရ သက်တမ်းတစ်လျှောက်လုံး အမျိုးသမီးအဖွဲ့အစည်းများနှင့် တိုက်ပွဲဝင်ခဲ့သည်။ သို့သော် အမျိုးသမီးတက်ကြွလှုပ်ရှားသူများကထောက်ခံအားပေးသည့်အဖွဲ့အစည်းများသည်ပင် ပြဿနာများနှင့်ရင်ဆိုင်ရသည်။ နည်းပါးသည့် အထောက်အပံ့များနှင့် မဆိုစလောက် အာဏာရှိသည့် WPA အဖွဲ့များသည် မြင့်မားသည့်မျှော်လင့်တောင့်တမှုများနှင့်ရင်ဆိုင်ရသလို တိုင်းပြည်အစိုးရပြင်ပ အဖွဲ့များနှင့်လည်း အယက်အကန်ဆက်ဆံရေးများ ဖြစ်ပေါ်စေခဲ့သည်။ WPA များက အထောက်အပံ့ရင်းမြစ်များကိုထိန်းချုပ်မှုသည် အမျိုးသမီးအဖွဲ့အစည်းများ၏ အန်ဂျီအိုအသွင်ဖြင့်လုပ်ကိုင်လာရခြင်းကိုဖြစ်ပေါ်စေခဲ့သည်။ အမျိုးသမီးအဖွဲ့အစည်းများသည် အစိုးရနှင့် နိုင်ငံတကာအထောက်အပံ့ကို ပိုမိုဖိုခိုရပြီး အောက်ခြေအဆင့်စည်းရုံးလှုပ်ရှားမှုကို မှီခိုမှုနည်းပါးသည်။ WPA များ လုပ်ငန်းလည်ပတ်ရသည့် နိုင်ငံရေးနောက်ခံအခြေအနေကလည်းအရေးပါသည်။နိုင်ငံရေးစနစ်များက အစဉ်အလာပုံစံချမှတ်မှုနည်းပါးသည်ဆိုပါက အစိုးရနှင့်ပိုပြီးအပြောကျယ်သော သဘောတရားရေးဆိုင်ရာလမ်းကြောင်းများ၏အပြောင်းအလဲသည် WPA များကို အဆိုးဘက်မှသက်ရောက်နိုင်သည်။ အစိုးရသစ်များ သို့မဟုတ် စာနာထောက်ထားမှုမရှိသည့်အစိုးရများသည် ရန်ပုံငွေများကိုပြန်ယူခြင်း၊ ဖြတ်တောက်ခြင်းတို့ ပြုလုပ်နိုင်ပြီး WPA တို့၏အဆင့်လျှောကျအောင်လုပ်ဆောင်နိုင်သည်။ (ကျား၊မရေးရာတန်းတူညီမျှမှုကော်မရှင်၏ ပထမဆုံးခေါင်းဆောင် သန်ဂျီမင့်ဆို၏အမြင်အရ) တောင်အာဖရိက ကျား၊မလူမှုရေးရာ ချိတ်ဆက်အဖွဲ့အစည်းသည် အသုံးစရိတ်ဖြတ်တောက်မှုများ၊ဥပဒေခွာပြုမှုများ၊ ဖယ်ကျဉ်မှုများကြောင့် အားနည်းသွားခဲ့ရသည်။ အလားတူအဖြစ်အပျက်မျိုး ၁၉၈၀ ပြည့်နှစ်များကုန်ခါနီးက ဘရာဇီးတွင်ဖြစ်ပျက်ခဲ့သည်။ ပီတန်ဂီနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များ အုံ့နှင့်ကျင်းနှင့် WPA မှ နုတ်ထွက်သွားခဲ့ကြသည်။ ပိုလန်တွင် အစိုးရအကြိမ်ကြိမ်ပြောင်းလဲမှုများကြောင့် WPA များ အားနည်းသွားခဲ့ရမှာ အကြိမ်ကြိမ်ဖြစ်သည်။ အထူးသဖြင့် ၁၉၉၇ ခုနှစ်တွင် ဒီမိုကရက်တစ်လက်ဝဲမဟာမိတ်နိုင်ငံရေးအဖွဲ့ကို လက်ယာအုပ်စု စည်းလုံးညီညွတ်သော ရွေးကောက်ပွဲမဟာမိတ် နိုင်ငံရေးအဖွဲ့ကအနိုင်ရလိုက်ပြီးနောက် WPA များအားနည်းသွားခဲ့သည်။[xliii] ထို့ကြောင့်

WPA သည် ကျားမရေးရာတန်းတူညီမျှမှုလုပ်ငန်းစဉ်ကို စာနာထောက်ထားမှုရှိသည့် အစိုးရ၏ အစိတ်အပိုင်းဖြစ်လျှင် ပိုပြီးထိရောက်ပီပြင်မှုရှိမည့် အလားအလာရှိသည်။ စပိန်၊ ချီလီနှင့် တောင်အာဖရိကတို့တွင် ဖြစ်ပျက်ခဲ့သည့်အတိုင်းပင်ဖြစ်သည်။ အစိုးရ စာနာထောက်ထားမှုရသည့်အချိန်တွင်ပင် သိသာထင်ရှားသည့်ပြဿနာများကို ရင်ဆိုင်ရနိုင်သည်။

## ကျားမလူမှုရေးရာမူဝါဒပြုပြင်ပြောင်းလဲမှု

ကျားမလူမှုရေးရာ အခွင့်အရေးများသည် တစ်ခုတည်း တစ်သမတ်တည်း အမျိုးအစားခွဲ၍မရပါ။ အချို့သော ငြင်းခုံမှုနည်းသည့် ကျားမရေးရာအခွင့်အရေးနယ်ပယ်အချို့တွင် မူဝါဒပြုပြင်ပြောင်းလဲမှုရရှိရန် လွယ်ကူသည်။[xliii] ယေဘုယျအားဖြင့် ကျားမလူမှုရေးရာအခြေခံအကြမ်းဖက်မှု၊ ကွာရှင်းပြတ်စဲမှု ရွေးကောက်ပွဲဝင် အမျိုးသမီး ကိုယ်စားလှယ်ခွဲတမ်းသတ်မှတ်ခြင်း၊ ပိုင်ဆိုင်မှုအခွင့်အရေးများသည် မျိုးဆက်ပွားအခွင့်အရေးများထက် ဖြေရှင်းရပိုမိုလွယ်ကူသည်။ အချို့သော ကျားမလူမှုရေးရာ အခွင့်အရေးများက ဘာသာရေးအဖွဲ့အစည်းနှင့် ထိုအခွင့်အရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများထံမှ ဆန့်ကျင်ကန့်ကွက်မှုထွက်ပေါ်လာစေသည်။ ဥပမာအားဖြင့် ထိုပြုပြင်ပြောင်းလဲမှုများသည် မြတ်နိုးတန်ဖိုးထားစရာမိသားစုဘဝကို ခြိမ်းခြောက်မှုဖြစ်သည်ဟု ရှုမြင်ကြသည်။ ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် အသွင်ကူပြောင်းမှုကာလအလွန် အုပ်ချုပ်ရေးများအတွက် သိသိသာသာအဆုံးအဖြတ်ပေးသည့်အရာဖြစ်သည်။ စည်းရုံးလှုပ်ရှားမှုနှင့် ဆွယ်တရားဟောခြင်းရှိသည့်တိုင် ထိုပြုပြင်ပြောင်းလဲမှုသည် အောင်မြင်ရန်ခဲယဉ်းသည်။ ဤစာအုပ်တွင် ဆန်းစစ်လေ့လာခဲ့သည့် အခြားသော နိုင်ငံများအနက် အသွင်ကူးပြောင်းမှုပြီးပြီးချင်း တောင်အာဖရိကနိုင်ငံနှင့် (ဆိုရှယ်လစ်အစိုးရ အောင်ပွဲရပြီးနောက်) စပိန်နိုင်ငံတွင် ဆယ်နှစ်ကြာသည့်အခါမှသာ ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ အခွင့်အရေးရရှိခဲ့ကြသည်။ ရှုံးနိမ့်ပျက်ပြားမှုဥပမာများလည်းရှိသည်။ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း အရှေ့ဥရောပတွင် အနည်းဆုံးစာရွက်ပေါ်တွင်ရေးထားသည့် အခွင့်အရေးများစွာကို ဆိုရှယ်လစ်အစိုးရလက်အောက်တွင် အမျိုးသမီးအဖွဲ့အစည်းများ ဆုံးရှုံးခဲ့ရသည်။ ပိုလန်နိုင်ငံတွင် ယခင်ကကျယ်ပြန့်စွာကျင့်သုံးသည့် ကိုယ်ဝန်ဖျက်ချခွင့်သည် ၁၉၉၃ ခုနှစ်တွင် အလွန်အမင်း ကန့်သတ်ခံလာရသည်။[xliv] ၁၉၉၆ ခုနှစ်တွင် မူဝါဒဖြေလျှော့မှုအချို့ရှိလာသည့်တိုင် ကိုယ်ဝန်ဖျက်ချမှုရေချိန်သည် နိမ့်ကျနေဆဲဖြစ်သည်။ အင်ဒိုနီးရှားတွင် ဗဟိုချုပ်ကိုင်မှုလျော့ချ ရေးစီမံချက်သည် အချို့သောဒေသန္တရ အုပ်ချုပ်ရေးနယ်မြေများတွင် အမျိုးသမီးများကို ကန့်သတ်မှုများတိုးပွားလာစေသည်။ ထိုဒေသများတွင် (ရံဖန်ရံခါ အစ္စလာမ္မစ်ပိုဆန်သည့်) ဒေသဆိုင်ရာအစီအမံများကို စတင်ခဲ့သည်။[xlv] အမျိုးသမီး ဥပဒေထောက်ကူအဖွဲ့ APIK ကို တည်ထောင်သူ နာဆီရာဘာနီ ကက်ဂျာဆန်ကာနာက 'အမျိုးသမီးများအား အကြမ်းဖက်မှု တိုက်ဖျက်ရေး နိုင်ငံလုံးဆိုင်ရာကော်မရှင်ရဲ့အဆိုအရ ပြည်သူတွေကို ခွဲခြားဆက်ဆံထားတဲ့ တင်းကျပ်သော နည်းဥပဒေ ၂၅၀ ခန့်ရှိပြီး၊ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတဲ့နည်းဥပဒေက

၇၈ ခုရှိပါတယ်။ ဥပမာ အဝတ်အစား၊ ခြေထည် ဒါမှမဟုတ် ယောက်ျားလေးဆွေမျိုးမပါဘဲ အမျိုးသမီးတွေအိမ်အပြင်ထွက်လို့မရဘူးဆိုတာလို၊ ခြံထည်မဝတ်ရင် မြေယာပိုင်ဆိုင်မှုစာရွက်စာတမ်းတွေတို့ မှတ်ပုံတင်တို့ မရကြတာတွေရှိတယ်' ဟုပြောပြသည်။ အိမ်တွင်းအကြမ်းဖက်မှုကို တန်ပြန်တိုက်ဖျက်ရန် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အစီအမံများကို ပြောင်းလဲမှုများ သည်ပင်လျှင် အပြင်းအထန်ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရတတ်သည်။

ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာသည့်နေရာများတွင် အစိုးရဌာနဆိုင်ရာ၊ လွှတ်တော်၊ အရပ်ဖက်လူ့အဖွဲ့အစည်းတို့တွင် အဓိကကျသည့်အမျိုးသမီးများက မဟာမိတ်အဖွဲ့များဖွဲ့ စည်းရန်စတင်ဆောင်ရွက်မှုများနှင့် ယင်းသို့ဖွဲ့စည်းမှုကို လိုလားမှုရှိသည့်နိုင်ငံရေးနောက်ခံ အခြေအနေတွင်လုပ်ကိုင်ရခြင်းတို့သည် အရေးအကြီးဆုံးအချက်များဖြစ်သည်။[xlvi] အိမ်တွင်း အကြမ်းဖက်မှုဥပဒေပြုရေးက ထိုအချက်ကိုထင်သာမြင်သာရှိစေသည်။ အိမ်တွင်းအကြမ်းဖက် မှုတိုက်ဖျက်ရေးဥပဒေသည် အမျိုးသမီးများကထောက်ခံသည့် အရေးကိစ္စဖြစ်ပြီး လူတန်းစား နှင့်သဘော တရားရေးဆိုင်ရာရပ်တည်ချက်အသီးသီးရှိသူ အမျိုးသမီးများ၏ ကျယ်ပြန့်သော ထောက်ခံမှုရသည်။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ကုလဆယ်စုနှစ်လှုပ်ရှားမှု (UN Decade) စတင်ချိန်ကစပြီး ထိုအရေးကိစ္စများကို ရင်ဆိုင်ရန်လိုအပ်ချက်၊ ထိုသို့ရင်ဆိုင်ရန်လိုအပ်သည့် ချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့အစည်းတို့နှင့်ပတ်သက်ပြီးအပြည်ပြည်ဆိုင်ရာသဘောတူညီချက် များ တိုးပွားလာသည်။ သို့သော် အသွင်ကူးပြောင်းမှုကာလလွန်အစိုးရများက ပြဋ္ဌာန်းသည့် အိမ်တွင်းအကြမ်းဖက်မှုတားဆီးရေး၊ယင်းသို့တားဆီးမှုကိုမြှင့်တင်ရေးအကောင်အထည်ဖော်မှု၊ ဆန့်ကျင်မှုကိုမြှင့်တင်သည့် ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးမှုတို့၏ ပမာဏနှင့်မြန်နှုန်းတို့တွင် ကွဲပြားခြားနားမှုများ ရှိနေသည်။ ဖြစ်ရပ်တိုင်းတွင် တက်ကြွလှုပ်ရှားသူများ၏ညွှန့်ပေါင်းအဖွဲ့ များကိုဖွဲ့စည်းလိုက်ကြသည်။ သို့သော် အချို့ညွှန့်ပေါင်းအဖွဲ့များက အခြားအဖွဲ့များထက် ပိုပြီးထိရောက်ပီပြင်ကြသည်။ ဂါနာနိုင်ငံတွင် အိမ်တွင်းအ ကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာမိတ် အဖွဲ့တစ်ဖွဲ့ကို အဖွဲ့အစည်းပေါင်းမြောက်များစွားပေါင်းစပ်ကာ ၂၀၀၂ ခုနှစ် တွင်ဖွဲ့စည်းခဲ့သည်။ သို့တိုင်၎င်းတို့၏အရေးဆိုလှုပ်ရှားမှုသည် ရှေ့နေချုပ်၏ထောက်ခံမှုရရှိခဲ့သော်လည်း ဆန့်ကျင် သည့်အဖွဲ့အစည်းများထဲတွင် MOWAC မှအငြင်းပွားဖွယ် အမျိုးသမီးရေးရာဝန်ကြီးက အဓိက ဆန့်ကျင်သူ ဖြစ်နေသဖြင့် ချိန့်ယိမ်းယိုင်သွားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ယခင်ဝန်ကြီးထက် ငယ်ရွယ်ပြီး (ပို၍တိုးတက်သော) ဝန်ကြီးတစ်ဦးကိုအစားထိုးခန့်အပ်လိုက်သည့်အခါမှသာ အိမ် တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။[xlvii] MOWAC နှင့်ဆက်ဆံရေး ဆိုးရွားလာခြင်းနှင့်ပတ်သက်ပြီး ဆီကာတာက အောက်ပါတိုင်းပြောပြခဲ့သည်။

> ဆက်ဆံရေးက အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအတွက် ကြိုးစားရုန်းကန်ရာမှာ ပိုပြီးဆိုးလာတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အမျိုးသားတွေအတွက် ဥပဒေထဲမှာ မကောင်းတဲ့အချက်တွေပါနေတယ်ဆိုတာကို အာရုံစိုက်လာအောင် လုပ်တဲ့သူတွေထဲမှာ

> ဝန်ကြီးတစ်ယောက်ပါနေတယ်ဆိုကတည်းက မဟုတ်တော့ဘူးလေ။အိမ်တွင်းအကြမ်းဖက်မှုဥပဒေကို အတည်ပြုပြဋ္ဌာန်းဖို့ ညွှန့်ပေါင်းအဖွဲ့က ခုနှစ်နှစ်တောင်အချိန်ယူခဲ့ရတယ်။ ညွှန့်ပေါင်းမှာပါတဲ့ အဖွဲ့တွေအားလုံးက အပူတပြင်းနဲ့တွန်းအားပေးခဲ့ကြတယ်။ အစိုးရကတော့ ညွှန့်ပေါင်းအဖွဲ့ရဲ့အင်အား၊ သူတို့ရဲ့တောင်းဆိုမှုတွေကို ဖြိုတောင်မဖြိုဘူး။ ဥပဒေကိုပြဋ္ဌာန်းဖို့ ဟိုလိုလိုဒီလိုလိုလုပ်နေခဲ့တာပဲ။

ချီလီတွင် လွှတ်တော်တွင်းနှင့်လွှတ်တော်ပြင်ပက အခက်အခဲကြုံရတတ်သည့် ဣတ္ထိယဝါဒီမဟာမိတ်အဖွဲ့၊ အမျိုးသမီးများဆိုင်ရာဝန်ကြီးဌာန SERNAM တို့သည် အိမ်တွင်းအကြမ်းဖက်မှုဥပဒေပြဋ္ဌာန်းမှုကို ၁၉၉၄ ခုနှစ်တွင် အောင်မြင်ခဲ့သည်။[xlviii] သို့သော် အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၏ နောက်ဆုံးအဆင့်မူကြမ်းကို SERNAM ကသူ့သဘောနှင့်သူပြင်ဆင်မှုများပြုလုပ်ခဲ့သည်ဟု အမျိုးသမီးအဖွဲ့အစည်းများနှင့် ဣတ္ထိယဝါဒီ လွှတ်တော်အမတ်များက ယူဆကြသည်။ SERNAM သည် ရှေးရိုးစွဲနိုင်ငံရေးနောက်ခံအခြေအနေတွင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး အာဂျာရ Concertación ညွှန့်ပေါင်းအစိုးရထဲမှ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်များ၏ လွှမ်းမိုးမှုရှိခဲ့သည်။ Concertación သည်လည်း ကက်သိုလစ်ကျောင်းတော်ထံမှ ဖိအားများအောက်တွင်ကျရောက်နေခဲ့သည်။ မူလဥပဒေမူကြမ်းကိုအဆိုပြုခဲ့သည့် ဆိုရှယ်လစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် အက်ဒ ရီယာနာ မွန်ဇိုက အောက်ပါအတိုင်းတင်ပြခဲ့သည်။

> ကျွန်မတို့က သဘောထားမျှတတဲ့ လက်ဝဲနိုင်ငံရေးမဟာမိတ်အဖွဲ့ဖြစ်နေခြင်းက အကြီးဆုံးပြဿနာဖြစ်နေတယ်။ 'မိသားစုအတွင်းအကြမ်းဖက်မှု'အတွက် ဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့တယ်။ ကျွန်မတင်ပြခဲ့တဲ့ဥပဒေကကျ အမျိုးသမီများကို အကြမ်းဖက်မှုကို တားမြစ်တဲ့ဥပဒေ (မိန်းမတွေရဲ့ကျားမလူမှုရေးရာကြောင့် သူတို့ကိုအကြမ်းဖက်တာကို ပြောတာ) ပါ။ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ ဘာမှဆက်လုပ်လို့မရနိုင်ဘူး။ ဘာလို့လဲဆိုရင် ဒီပြဿနာဟာ အိမ်တွင်းရေးပြဿနာဆိုပြီး အလေးထားဖို့လိုတယ်လို့ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်အမျိုးသမီးတွေက ယူဆလို့ပါပဲ။ ကျွန်မတို့လက်လျှော့လိုက်ရတယ်။ ဒါကအလျှော့ပေးလိုက်လျောလိုက်တာပဲ။ ကျွန်မတို့ဘာမှရှေ့ဆက်လုပ်မရဘူးလေ။ ကျွန်မတို့က လွှတ်တော်ထဲမှာလိုအပ်တဲ့ထောက်ခံမဲမှ မရကြတာကိုး။ အဲဒီလက်ယာအုပ်စုက ခလုတ်ကန်သင်းပဲ။ သေတဲ့အထိရှိနေမယ့် အတိုက်အခံပဲ။ ခရစ်ယာန်ဒီမိုကရက်ပါတီဝင်တွေဆီကနေ ကျွန်မတို့တတ်နိုင်သလောက် ရှေ့ဆက်တိုးနိုင်မယ့် မဲတွေကိုရဖို့ ဣတ္ထိယဝါဒီတွေနဲ့ လက်ဝဲနိုင်ငံရေးအုပ်စုက အမျိုးသမီးတွေအတွက် သေရေးရှင်ရေးဖြစ်နေတယ်။

အင်ဒိုနီးရှားနိုင်ငံတွင် နာဆီရာဟာဘာနီ ကက်ဂျာဆန်ကာနာပြောပြချက်အရအောက်ပါအတိုင်းဖြစ်ပျက်ခဲ့သည်။

ဖြစ်ချင်တော့ အိမ်တွင်းအကြမ်းဖက်မှုအက်ဥပဒေကို APIK ကမူကြမ်းရေးခဲ့တယ်။ ကျွန်မနဲ့တခြားသူတွေ (တခြားအဖွဲ့တွေနဲ့ သုတေသီတွေကိုမေးမြန်းခဲ့ရတာပေါ့) က 'ဖိခနောက်ဆိုင်လုပ်ပိုင်ခွင့်ပေးအပ်ခြင်း'ဆိုပြီး သုတေသီအမျိုးသမီး၊ တက်ကြွလှုပ်ရှားသူအမျိုးသမီး၊ အမျိုးသမီးဒီမိုကရက်အုပ်စုသုံးစုနဲ့ အပြောင်းအလဲအတွက် အတူတူလုပ်ကိုင်ခဲ့ကြတယ်။ အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးအက်ဥပဒေကို မြှင့်တင်အားပေးဖို့ ညွှန့်ပေါင်းအဖွဲ့ကို ကျွန်မတို့ဖွဲ့နိုင်ခဲ့တယ်။ သို့သော်စစချင်းမှာ ဒီဥပဒေဟာ ကျွန်မတို့မိသားစုတွေရဲ့ သဟဇာတဖြစ်မှု၊ မိသားစုအယူအဆစတာတွေကို ပျက်စီးသွားစေမယ်လို့ ပြောတဲ့ ဘာသာရေးအဖွဲ့အစည်းတွေထံကနေ စိန်ခေါ်မှုပေါ်လာတယ်။ ဒါနဲ့ ၁၉၉၇ ခုနှစ်မှာ အဲဒီဥပဒေကို မူကြမ်းရေးပြီးခဲ့တာ နောက်ဆုံး ၂၀၀၄ ခုနှစ်မှာပြဋ္ဌာန်းနိုင်တဲ့အထိ ခုနှစ်နှစ်ကြာသွားတယ်။

တောင်အာဖရိကနှင့် ဘရာဇီးတို့တွင် အိမ်တွင်းအကြမ်းဖက်မှုဆန့်ကျင်ရေး ဥပဒေများကို ၎င်းတို့၏အသွင်ကူး ပြောင်းမှုအလွန်ကာလများတွင် ပိုပြီးလွယ်ကူစွာပြဋ္ဌာန်းနိုင်ခဲ့သည်။ နှစ်နိုင်ငံစလုံးတွင် အသွင်ကူးပြောင်းမှုအတွင်းနှင့် ယင်းမတိုင်ခင်ကတည်းက ၎င်းတို့၏လုပ်ငန်းစဉ်တွင် အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးကို တက်ကြွလှုပ်ရှားသူများက ထည့်သွင်းထားခဲ့သည်။ တောင်အာဖရိကတွင် ထိုလှုပ်ရှားမှုကို WNC၊ ANC ပါတီတွင်းမှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၊ ANC ၏ အမျိုးသမီးအဖွဲ့ချုပ်တို့ကလုပ်ဆောင်သည်။ အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးအကြောင်းအရာအတွက် စာတမ်းတစ်ခုကို အခြေခံဥပဒေဆိုင်ရာ ဧစ္စစပ်ညှိနှိုင်းမှုများတွင် ANC ကတင်သွင်းခဲ့သည်။ ထို့အပြင် ပေကျင်းတွင်ကျင်းပမည့် အမျိုးသမီးကွန်ဖရင့်အတွက် ပြင်ဆင်မှုများ၏ အစိတ်အပိုင်းအဖြစ် ANC အစိုးရက နိုင်ငံလုံးဆိုင်ရာကွန်ရက်ဖြင့် ပူးပေါင်းကာ လက်တွေ့တာဝန်ယူဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများဆိုင်ရာ လွှတ်တော်ကော်မတီက ယင်း၏ပထမအကြိမ်လွှတ်တော်တွင် ဥပဒေတစ်ခုကိုပြဋ္ဌာန်းရမည်ဖြစ်ပြီး ANC ၏အမျိုးသမီးကိုယ်စားလှယ်အစုအဖွဲ့က ထိုဥပဒေပြဋ္ဌာန်းမှုကို အဆောတလျင်ဆောင်ရွက်ရန်တင်ပြခဲ့သည်။[xlix] ဘရာဇီးနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးပြဋ္ဌာန်းချက်ကို အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ဆော်ပေါ်လိုမြို့တွင် အမျိုးသမီးများအတွက် ရဲကင်းများချထားခြင်းကဲ့သို့ ပြည်နယ်အဆင့်နှင့် နိုင်ငံလုံးချီအဆင့် အစီအမံများစွာကိုလုပ်ဆောင်ခဲ့သည်။ ထိုအစီအမံများကို လုပ်ဆောင်နိုင်ခဲ့ခြင်းသည် နိုင်ငံရေးပါတီများနှင့် တိုင်းပြည်အစိုးရ၏ပြင်ပနှင့်အတွင်းစည်းနှစ်ခုစလုံးတွင် ဣတ္ထိယဝါဒီတက်ကြွလှုပ်ရှားမှု၏ အကျိုးဆက်ဖြစ်သည်။ ဘရာဇီးနိုင်ငံသူ ဣတ္ထိယဝါဒီများသည် အိမ်တွင်းအကြမ်းမှုကိစ္စရပ်ကို အပြည်ပြည်ဆိုင်ရာအဆင့်သို့ တင်ပြရာတွင် အဓိကနေရာမှပါဝင်ခဲ့သည်။[l] သို့သော် ၁၉၈၀ ပြည့်နှစ်များတွင် အမျိုးသမီးကောင်စီ (CNDM) ယိမ်းယိုင်လာခြင်း၏သည် ဘရာဇီးဣတ္ထိယဝါဒီများ၏ လုပ်ဆောင်ချက်များစွာ၏ ထိရောက်အကျိုးရှိမှုကို ဆုတ်ယုတ်ကျဆင်းစေခဲ့သည်။ အခြားသောဥပဒေများနှင့် အခြေခံဥပဒေဆိုင်ရာ အစီအမံများကဲ့သို့ပင် အမျိုးသမီးများ၏အခွင့်အရေးပါဝင်နေသည့် ဥပဒေများ

သည် ထိရောက်ပီပြင်သည့် ပြဋ္ဌာန်းမှုတွင် မူတည်နေသည်။ အောက်တွင်သုံးသပ်ထားသည့် ဖြစ်ရပ်များတွင် အဆိုပါဥပဒေများကို ထိရောက်ပီပြင်စွာပြဋ္ဌာန်းမှုသည် ကြီးကြီးမားမား ကွဲပြားခြားနားလျက်ရှိသည်။

## နိဂုံး - သင်ခန်းစာရခဲ့ပြီလော။

ဖြစ်ရပ်များအားလုံးက အမျိုးသမီးများ၏စနစ်တကျစုဖွဲ့မှု အဓိကအရေးပါပုံကို အထင်အရှားပြနေသည်။ ချီလီတွင် 'လမ်းမတွေပေါ်မှာ၊ အခြေအနေအမျိုးမျိုးမှာ ဒီလိုအင်အားပြတာ မျိုးမရှိခဲ့ဘူးဆိုရင် အသွင်ကူးပြောင်းမှုကနေ ကျွန်မတို့ရရှိခဲ့တာကိုရဖို့ဆိုတာ မဖြစ်လာနိုင်ပါဘူး။ လူမှုရေးနဲ့နိုင်ငံရေးလောကတွေကို ချိတ်ဆက်ထားလိုက်တာကြောင့် အမျိုးသမီးတွေရဲ့ဒီမိုက ရေစီရေးအဆိုပြုတင်ပြချက်တွေဟာ ပါထရီဆီယို အဲလွင်အစိုးရရဲ့ စီမံကိန်းမှာ ပါဝင်လာခဲ့တယ်'ဟု ဘားလ်ဒက်စ်ကပြောသည်။ ဘရားဇီးအရပ်ဖက်လူ့အဖွဲ့အစည်းအတွင်း စုဖွဲ့မှုဖြစ်လာသည့်အမျိုးသမီးထုလှုပ်ရှားမှု၏အဓိကကျသောအရေးပါမှုကိုပီတန်ဂီကဇောင်းပေးပြောခဲ့သည်။ သို့သော် တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူနိုင်ငံရေးသမားများက အမျိုးသမီးလှုပ်ရှားမှုများ၏ အောက်ခြေလူထုနှင့်ကင်းကွာမှု အန္တရာယ်ကို အလေးထားပြောခဲ့ကြသလို အစိုးရအဖွဲ့ဝင်ရာထူးများတွင် အမျိုးသမီးခေါင်းဆောင်များဝင်ရောက်သွားခြင်းကြောင့် အရှိန်အဟုန်နှင့် တစိုက်မတ်မတ်လုပ်ဆောင်မှုတို့ ပျောက်ဆုံးသွားပုံတို့ကို အလေးပြောခဲ့ကြသည်။ အခက်အခဲဆုံးစိန်ခေါ်မှုတစ်ခုဖြစ်သည့် အမျိုးသမီးများ စည်းရုံးလှုပ်ရှားမှုကို တည်တံ့စေခြင်းသည် ရေရှည်တွင် အပြုသဘောဆောင်သည့် ကျား၊မလူမှုရေးရာရလဒ်ကိုရရှိအောင် လုပ်ရာတွင် အရေးကြီးကြောင်း သက်သေပြခဲ့သည်။

ပညာရပ်နယ်ပယ်များ၊ လှုပ်ရှားမှုတွင်ပါသည့် တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမား အမျိုးသမီးများ (ဗောင်အာဖရိကတွင် 'ဖိုခနောက်မဟာမိတ်' ဟုခေါ်ကြသည့်) ကျယ်ပြန့် သောညွှန့်ပေါင်းဖွဲ့စည်းမှုတည်ဆောက်ခြင်းသည် (ဗောင်အာဖရိကနှင့်အင်ဒိုနီးရှားတို့ လုပ်ငန်းစဉ်မအောင်မြင်ခဲ့သည့်တိုင်) အသိပညာအမျိုးမျိုးကို ပေါင်းစည်းအောင်လုပ်ရာတွင် အလွန်ပင် အရေးကြီးသည်။ နာဆီရာဘာနီ ကက်ဂျာဆန်ကာနာကတော့ ကွဲပြားခြားနားမှုများရှိသည့်တိုင် ဘာသာရေးမရောယှက်သည့် ဣတ္ထိယဝါဒီများနှင့် အစ္စလာမ္မစ်ဣတ္ထိယဝါဒီများသည် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြကြောင်း အလေးထားပြောသည်။ ပရက်စ် ဂိုဗင်ဒါက WNC ၏ အားသာချက်ကို အလေးထားပြောသည်။ ယင်းညွှန့်ပေါင်းအဖွဲ့က တစ်ဦးချင်းစီ၏ စွမ်းရည်၊ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုတို့ကို ဖြည့်စည်းနိုင်စွမ်း၏ အရေးကြီးပုံကို ဂိုဗင်ဒါက အလေးထားပြောသည်။ ကွဲပြားသည့်ထည့်ဝင်ဆောင်ရွက်မှုများ အားလုံးကိုတန်ဖိုးထားနိုင်စွမ်း၊ စိတ်ဝမ်းကွဲမှုများကြားမှ အတူတကွလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းတို့ကို အလေးထားပြောပြသွားခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူများထဲမှ အများစု (ဥပမာတောင်အာဖရိကမှ) သည် အသွင်ကူးပြောင်းမှုမတိုင်ခင် အတူလုပ်ကိုင်ဆောင်ရွက်မှုရှိထားခြင်းက ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီး

လွယ်ကူစေကြောင်း အလေးထားပြောခဲ့သည်။ သူ့အဆိုအရ အလွန်ခြားနားသည့် နောက်ခံသမိုင်းကြောင်းနှင့်အမြင်များရှိသည့် အမျိုးသမီးများကြားတွင်ပင်သည် အသွင်ကူးပြောင်းမှုမတိုင်ခင် အတူလုပ်ကိုင်ဆောင်ရွက်မှုရှိထားခြင်းက ပူးပေါင်းဆောင်ရွက်ရန်ပိုပြီးလွယ်ကူစေသည်ဟု သိရသည်။

အမျိုးသမီးများစွာ၏ စာနာမှုကိုရရှိပြီး (ဇင်းတို့ကိုစည်းရုံးနိုင်သည့်) တူညီသောလုပ်ငန်းစဉ်ဖြစ်ပေါ်လာစေရေးအတွက် ကျယ်ပြန့်သော မဟာမိတ်များဖွဲ့ခြင်းသည်လည်း အရေးကြီးသည်။ အကောင်းဆုံးမှာ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုလွှမ်းခြုံသည့် ညွှန့်ပေါင်းများနှင့် စုပေါင်းအဖွဲ့အစည်းများတွင် ဣတ္ထိယဝါဒီများနှင့် ဣတ္ထိယဝါဒီမဟုတ်သူများ၊ ခြားနားသော နိုင်ငံရေးနှင့် ဘာသာရေးရှိသည့် အမျိုးသမီးများကို ဆွဲဆောင်စည်းရုံးမှုများပါဝင်သည်။ ထိုအချက်များသည် ချီလီ၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနိုင်ငံများတွင် သီးခြားအရေးကိစ္စများအတွက် ထိရောက်ပြင်သည့် အရေးဆိုလှုပ်ရှားမှုများ၏အခြေခံပင်ဖြစ်သည်။ WNC အဖွဲ့ထဲမှာ 'ကျား၊မရေးရာတန်းတူ ညီမျှမှုကို အသိအမှတ်ပြုတာက ကျွန်မတို့ကိုညီညွတ်စေတယ်။ ကျွန်မတို့မှာတစ်သက်လုံးရှိနေမယ့် မတူကွဲပြားမှုတွေရှိနေတယ်။ ကျွန်မတို့တစ်သက်လုံးအဲဒါတွေနဲ့နေသွားရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ဒါကနိုင်ငံရေးလေ။ ကျား၊မရေးရာတန်းတူညီမျှမှုကို အခြေခံဥပဒေထဲမှာမထည့်နိုင်ဘူးဆိုရင် ကျွန်မတို့စုံးစုံးမြုပ်သွားမှာပဲ' မင့်ဂျက်စ်က မှတ်ချက်ပြုသည်။ ချီလီမှ Concertación ၏အမျိုးသမီးညွှန့်ပေါင်းအဖွဲ့အတွင်းမှာပင် နိုင်ငံရေး သဘောထားအမြင်မတူသည်များရှိသည်ဟု မွန်ဇိုက ထောက်ပြသည်။

> ကျွန်မတို့ဆိုရှယ်လစ်ဣတ္ထိယဝါဒီတွေက ကိုယ်ဝန်ဖျက်ချခြင်းနဲ့ ကွာရှင်းပြတ်စဲမှုတို့လိုရာဒီကယ်အခွင့်အရေးတွေကိုပိုပြီး လိုချင်ကြတယ်။ သို့သော် နိုင်ငံရေးအမြင်မျှတတဲ့ လက်ဝဲညွှန့်ပေါင်းအဖွဲ့ဆိုတော့ ခရစ်ယာန်ဒီမိုကရက်ပါတီဝင် အမျိုးသမီးတွေက သူတို့အမြင်နဲ့သူတို့ဖြစ်နေကြတော့ ဘုံရပ်တည်ချက်ကိုယူလိုက်ကြတယ်။ အဲဒီအချိန်တုန်းက အရေးကြီးတာက ဒီမိုကရေစီအတွက် နိုင်ငံရေးပါတီတွေညွှန့်ပေါင်းဖွဲ့ဖို့ရယ်၊ Women's Concertación for Democracy အမျိုးသမီးညွှန့်ပေါင်းဖွဲ့ဖို့ရယ်ပဲ။ အဲဒီလိုဖွဲ့တာ ကျွန်မတို့ပါတီတစ်ခုချင်းစီထဲက အမျိုးသမီးတွေအတွက် ဒီမိုကရေစီကိုမြှင့်တင်မယ်၊ လုပ်ပိုင်ခွင့်အာဏာတွေအများကြီးရလာအောင်လုပ်မယ်ဆိုပြီး ရည်ရွယ်ပြီးဖွဲ့ခဲ့တာပါ။ ကျွန်မတို့ကလက်တွေ့ကျကျပဲ။ 'အရေးကြီးတာ ညီညွတ်ရေး၊ ညီညွတ်တဲ့ရပ်တည်ချက်ရရေးပဲ၊ တို့ကိုစိတ်ဝမ်းကွဲစေမယ့် အရာတွေမှန်သမျှကို ဘေးဖယ်ထားခဲ့မှာပဲ'လို့ ကျွန်မတို့ပြောလေ့ရှိတယ်။ ဒီတော့ ကွာရှင်းပြတ်စဲမှု၊ လင်ပိုင်းဆိုင်ရာ၊ မျိုးဆက်ပွားအခွင့်အရေးတွေ၊ ကိုယ်ဝန်ဖျက်ချတာ စတာတွေလို အရေးကိစ္စတွေအများကြီးကို ဘေးချိတ်ထားခဲ့ရတယ်။ Concertación ညွှန့်ပေါင်းရဲ့နိုင်ငံရေး ဗဟိုချက်နဲ့ဆန့်ကျင်ပြီး လက်ဝဲအုပ်စုရယ်၊ ဣတ္ထိယဝါဒီပိုဆန်တဲ့အုပ်စုတွေရယ်ကြားမှာ ပွဲဆူတဲ့အရေးကိစ္စတွေအားလုံးကို ကျွန်မတို့ဘေး

ချိတ်ထားပြီး ကျွန်မတို့ကိုလုံလောက်သော လုပ်ပိုင်ခွင့်အာဏာပေးမယ့် ညီညွှတ်သော စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြနိုင်ဖို့လုပ်ခဲ့တယ်။ အသွင်ကူးပြောင်းမှုလုပ်ငန်းထဲက စေ့စပ်ညှိနှိုင်းမှုတွေမှာ နိုင်ငံရေးပါတီတစ်ခုချင်းစီဟာ သူတို့ရဲ့ ရည်မှန်းတွေကို ကိုယ်စီ ကိုယ်ဌမြှင့်တင်အားပေးနိုင်လာမယ့် လုပ်ပိုင်ခွင့်အာဏာရအောင် ဦးတည်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အထူးသဖြင့် ချီလီနိုင်ငံ၏ဖြစ်ရပ်တွင် ကလေးသူငယ်အခွင့်အရေးနှင့် ၎င်းတို့ကိုအကြမ်းဖက်မှုအရေးကိစ္စများအား မိသားစုဘဝခိုင်မာအားကောင်းလာစေရေးအသွင်ဖြင့် ပုံဖော်သတ်မှတ်ခြင်းသည် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြားတွင် ပြုပြင်ပြောင်းလဲရေးအတွက် အားဖြည့်ထောက်ကူပေးရန် အထောက်အကူပြုခဲ့သည်ကိုတွေ့ရှိရသည်။ ထိုသို့ပုံဖော်သတ်မှတ်ခြင်းသည် လူမှုစီးပွားရေးအပြောင်းအလဲ၊ လူမှုစီးပွားရေးဆိုင်ရာ အခွင့်အရေးများအညီအမျှခွဲဝေပေးခြင်း၊ (အမျိုးသမီးများရော အမျိုးသားများကိုပါ လုပ်ပိုင်ခွင့်အာဏာ ပေးအပ်မှုအပါအဝင်) ကျား၊မရေးရာဆက်သွယ်ချက်များ ပိုမိုနက်ရှိုင်းစွာပြောင်းလဲမှုကဲ့သို့ အရေးကိစ္စများကို မဖြေရှင်းပေးခဲ့ဟု ဣတ္ထိယဝါဒီများစွာက ယူဆသည့်သဘောသက်ဝင်သည့်တိုင် အထောက်အကူပြုခဲ့သည်ကို တွေ့ရှိရသည်။

အမျိုးသမီးများသည် သူတို့၏ရပ်တည်ချက်များ၊ အဆိုပြုတင်ပြချက်များ၊ တောင်းဆိုမှုများသည် နိုင်ငံရေးလုပ်ငန်းစဉ်များထဲသို့ လုံးဝဝင်ရောက်စွက်ဖက်ခြင်းမပြုမီတွင် ဖွံ့ဖြိုးလာပါက အမျိုးသမီးအဖွဲ့အစည်းများသည် ပိုပြီးထိရောက်ပီပြင်တတ်သည်။ အမျိုးသမီးအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး ပီတန်ဂီက -

> အမျိုးသမီးအဖွဲ့အစည်းတွေက သူတို့အချင်းချင်း မဟာမိတ်ဖွဲ့ကြရမယ်။ ဈေးဆစ်၍မရသော အဆိုပြုတင်ပြချက်များနှင့် တောင်းဆိုမှုများ၊ ညှိနှိုင်း၍ရသော အဆိုပြုတင်ပြချက်များကို အဆင်သင့်ပြင်ကာ အခြေခံဥပဒေသို့ရောက်အောင်သွားကြရမယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုဖြတ်သန်းနေတဲ့ တိုင်းပြည်များက အမျိုးသမီးလှုပ်ရှားမှုတိုင်းအတွက် ပထမဆုံးလုပ်ရမယ့်ဟာကအများသဘောတူညီမှုအခြေခံကို သူတို့အချင်းချင်းကြားရဖို့ပဲ။ သူတို့အနေနဲ့ အချိန်၊လုံ့လဥာဏဟန့်ခွန်အားတွေ မဖြုန်းတီးအပ်ဘူး။ သမူဟာဖြစ်တဲ့အဖွဲ့အနေနဲ့ နိုင်ငံရေးလောကထဲကို သူတို့ဝင်လာကြရမယ်။

အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် 'အခြေခံဥပဒေလုပ်ငန်းစဉ်၏အစိတ်အပိုင်းဖြစ်ရမည်'ဟု ပီတန်ဂီက အလေးထားပြောသည်။ အတိုက်အခံနှင့် အသွင်ကူးပြောင်းမှု အလွန်ကာလတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသည် ကျား၊မလူမှုရေးရာတောင်းဆိုချက်များကို အောင်မြင်စွာဆုပ်ကိုင်ပြောကြားနိုင်ရေးအတွက် အဆုံးစွန် ပမာနကျသော အခြေအနေဖြစ်သည်။ ထိုသို့တက်ကြွစွာပါဝင်ဆောင်ရွက်မှုအားနည်းသည့် ဂါနာနှင့်ပိုလန်နိုင်ငံများတွင် အပြု

သဘောဆောင်သော ကျား၊မလူမှုရေးရာရလဒ်များ ပေါ်ပေါက်မှုနည်းပါးခဲ့သည်။ သိမ်းသွင်းခံရ မည်ကိုစိုးရိမ်မှုများရှိသည့်တိုင် အမျိုးသမီးများသည် အသွင်ကူပြောင်းမှု၏ အစောဆုံးကာလ များကတည်းက ပါဝင်ဆောင်ရွက်သင့်သည်ဟု အချို့သောတက်ကြွလှုပ်ရှားသူများက ယူဆ သည်။ စစချင်းကတည်းက လူ့အဖွဲ့အစည်းတွင် ကျား၊မလူမှုရေးရာ ပါဝါ ဆက်သွယ် ချက်များကို အသွင်ပြောင်းလဲခြင်းကိစ္စရပ်သည် သဘောတရားရေးရာ၊ လက်တွေ့ရေးရာ၊ သင်းဖွဲ့ဖွဲ့စည်းမှု ရေးရာ စဉ်းစားသုံးသပ်မှုများ၏ အစိတ်အပိုင်းဖြစ်ရမည်။ အကြောင်းမှာ 'ထိုစဉ်း စားသုံးသပ်မှုများ ဖြစ်မလာပါက ပြောင်းလဲမှု၏အသွင်ပြောင်းခြင်းအဆင့်တွင် ယင်းစဉ်းစားသုံးသပ်မှုများကိုပေါင်း စပ်ပါဝင်အောင်လုပ်ရန် အလွန်ခက်ခဲစေနိုင်သောကြောင့်ဖြစ်သည်။ အသင့်ပြင်ထားရမည်။ ANC တွင်လုပ်ဆောင်စဉ်က ကျွန်မတို့အသင့်ပြင်ထားနိုင်ခဲ့သည်။ ကျေနပ်အားရဖွယ်မဟုတ် သည့်တိုင် ကျွန်မတို့ အောင်မြင်အောင်လုပ်နိုင်ခဲ့သည်။ အသင့်ပြင်ထားခြင်းက အခြေခံဥပဒေ၊ ဥပဒေပြုရေး၊ အင်စတီကျူးရှင်း အဆောက်အအုံများဟူသည့် ရလဒ်ကိုအများကြီးလွှမ်းမိုးမှုရှိစေ ခဲ့သည်'ဟု မင့်ဆိုကတင်ပြခဲ့သည်။ 'အသင့်ပြင်သည့်အခိုက်အတန့်ကို လက်လွတ်ဆုံးရှုံးမခံဖို့ သိပ်အရေးကြီးပါတယ်။ ချိန်သားကိုက်မှုအတွက် စနစ်တကျ စုဖွဲ့ထားရမယ်။ ပွဲမဝင်ခင် အပြင် ကကျင်းပထားရမယ်'ဟု ပီတန်ဂီကလည်း ယူဆကြောင်း ပြောပြခဲ့သည်။

အောင်မြင်သော ပါဝင်စွက်ဖက်မှုများအားလုံးအတွက် လိုအပ်သောအခြေအနေများ ရှိသည်။ ပထမဆုံး သင့်တော်သည့် မဟာဗျူဟာများနှင့် နည်းဗျူဟာများကို ရေးဆွဲရမည်။ ဥပမာ ဘရာဇီးနှင့် တောင်အာဖရိကအခြေခံ ဥပဒေများကိုပုံဖော်ရန် ကြိုးပမ်းမှုများသည် ပစ် မှတ်ထားသည့် ဆွယ်တရားဟောခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကြောင့် အခြားနိုင်ငံများ နှင့်နှိုင်းစာလျှင် အောင်မြင်မှုရခဲ့သည်ဟု တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်သူများက ယူဆကြသည်။ 'တာဝန်တစ်ခုနဲ့ရောက်လာတယ်။ သို့သော်ဘယ်လိုစေ့စပ်ညှိနှိုင်းရမယ်ဆိုတာ ကျွန်မတို့ သိ တယ်။ မဟာမိတ်ဘယ်လိုဖွဲ့ရလဲဆိုတာသိတယ်။ တစ်နည်းပြောရရင် ကျွန်မတို့က နိုင်ငံရေး သမားတွေပဲ။ ကျွန်မတို့နိုင်ငံရေးလုပ်နေကြတာ။ နိုင်ငံရေးရဲ့ လက်နက်ကိရိယာတွေနဲ့အလုပ် လုပ်နေကြတာဆိုတာ သိတယ်မို့လား။ အာဏာရှင်စနစ်တို့၊ အစွန်းရောက်ဝါဒတို့ရဲ့လက်နက် ကိရိယာတွေနဲ့အလုပ်လုပ်နေကြတာမဟုတ်ဘူး။ အဲဒီလက်နက်ကိရိယာတွေကို ကျွန်မတို့ဆန့် ကျင်တယ်။ အစိုးရအတွင်းမှာ ဘယ်လိုမဟာမိတ်တွေဖွဲ့ရမယ်၊ ဘယ်လိုညှိနှိုင်းရမယ်ဆိုတာ ကျွန်မတို့သိတယ်' ဟုပီတန်ဂီကပြောခဲ့သည့်အတိုင်းပင်ဖြစ်ပါသည်။

'ကိုယ်ဝန်ဖျက်ချခွင့်ပိတ်ပင်သည့်' ပြဋ္ဌာန်းချက်လိုအမျိုးသမီးအခွင့်အရေးကိုခြိမ်းခြောက် တဲ့ အစီအမံတွေစတင်လာခြင်းနှင့် အခွင့်အရေးကို လျှော့ချဖြတ်တောက်မှု တွေတားဆီးဖို့ မဟာမိတ်တည်ဆောက်ခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်း မဟာဗျူဟာများလိုအပ်သည်။ အင်ဒို နီးရှားကဲ့သို့နိုင်ငံများတွင်သာမက အရှေ့ဥရောပနှင့် ဗဟိုဥရောပ၊ လက်တင်အမေရိကရှိ နိုင်ငံ များလို ကက်သိုလစ်ကျောင်းတော်က ဆန့်ကျင်ကန့်ကွက်မှုတွင် တက်တက်ကြွကြွရှိသည့်

နေရာဒေသများတွင် ဘာသာရေးရေးရိုးစွဲများသည် ထောက်ခံအားပေးမှုမြင့်မြင့်မားမားရကြသည်။ သို့ဖြစ်ရာ အခွင့်အရေးများ လျှော့ချဖြတ်တောက်ခံရခြင်းကို ရှောင်လွှဲဖို့ခက်သည်။ ထို့ကြောင့် သြဇာကြီးသည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်များ၊ အစိုးရဌာနများ သို့မဟုတ် အဓိကကျသည့်ဝန်ကြီးဌာနများကဲ့သို့ နေရာဌာနများတွင် မဟာမိတ်များဖွဲ့ခြင်းသည် အင်မတန်အရေးကြီးသည်။ ကျားမလူမှုရေးရာတက်ကြွလှုပ်ရှားသူများသည် နိုင်ငံရေးပါတီများတွင် ပါဝင်ရန် အလွန်အရေးကြီးသည်။ ထိုပါတီများကို အတွင်းစည်းမှုပြောင်းလဲရန် စည်းရုံးလှုံ့ဆော်ရာတွင် ပါဝင်ရန်အလွန်အရေးကြီးပေသည်။ အာဏာရအစိုးရနှင့်သြဇာရှိနိုင်ငံရေးပါတီများသည် ကျားမလူမှု ရေးရာတိုးတက်မှုရှိသော အစီအမံများကို စာနာနားလည်မှု ပိုရှိမည်ဆိုပါက မူဝါဒအပြောင်းအလဲကိုရရှိရန် ပိုပြီးလွယ်ကူသည်။ ထို့ကြောင့် အသွင်ကူးပြောင်းမှုအချို့သည် အခြားအသွင်ကူးပြောင်းမှုများထက်ပိုပြီး ပွင့်လင်းသည်။ ထိုသို့ပွင့်လင်းမှုရှိခြင်းကြောင့် အမျိုးသမီးများ၏စုဖွဲ့မှုက အပြုသဘောသက်ရောက်မှုများရှိလာရန် ပိုပြီးအလားအလာရှိသည်။ သို့ဖြစ်၍နိုင်ငံရေးပါတီများသည် အမျိုးသမီးများပါဝင်လှုပ်ရှားမှုလုပ်ငန်းစဉ်တွင် အဓိကျသည့် နေရာကပါနေသည်။ ပါတီများက အမျိုးသမီးတက်ကြွလှုပ်ရှားသူများနှင့် ကျားမလူမှုရေးရာ ကိစ္စရပ်များကို ကန့်သတ်ပိတ်ပင်မှုမရှိခြင်းသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ လွန်စွာကွဲပြားသည်။ အချို့နိုင်ငံရေးပါတီများက အခြားနိုင်ငံရေးပါတီများထက် ပိုပြီးအပြုသဘောဆောင်သော ပတ်ဝန်းကျင်ကိုပေးအပ်သဖြင့် အမျိုးသမီးများသည် ပါတီများ၏အတွင်းရော အပြင်ကပါ အပြောင်းအလဲအတွက် ပီပီပြင်ပြင်စုဖွဲ့လုပ်ဆောင်နိုင်ကြသည်။ အချို့သောဖြစ်ရပ်များတွင် ထူးခြားအရေးပါသည့်ရလဒ်များကိုရရှိအောင်လုပ်နိုင်ခဲ့ကြသည်။

အချုပ်အားဖြင့်ပြောရလျှင် လိုလားဖွယ် အပြည်ပြည်ဆိုင်ရာ နောက်ခံအခြေအနေ၏ အရေးပါမှုက ထင်ရှားသည်။ အခြားနိုင်ငံများမှ အတွေ့အကြုံများကို သင်ခန်းစာယူခြင်း အကြောင်း အမျိုးသမီးတက်ကြွလှုပ်ရှားသူများစွာက ပြောကြားကြသည်။ ဥပမာ ထိရောက်ပီပြင်သော WPA အဖွဲ့များ ဖွဲ့စည်းပုံဖွဲ့စည်းနည်းဖြစ်သည်။ အခြားနိုင်ငံများမှ တက်ကြွလှုပ်ရှားသူများနှင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနီးနှောဖလှယ်ပွဲများတွင် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများသည် ၎င်းတို့ကိုအားသစ်လောင်းပေးသည်ကို အမျိုးသမီးတက်ကြွလှုပ်ရှားသူများ ဇောင်းပေးပြောကြသည်။ ၎င်းတို့၏ဒေသဆိုင်ရာနိုင်ငံရေးနှင့်ယဉ်ကျေးမှုအခြေအနေများနှင့်ကိုက်ညီသည့် ဖြစ်နိုင်ချေရှိသော ရည်မှန်းချက်များဖွံ့ဖြိုးလာအောင်လုပ်ရန်နှင့် မဟာဗျူဟာများကိုမျှဝေရန် အပြည်ပြည်ဆိုင်ရာနီးနှောဖလှယ်ပွဲများတွင် အခွင့်အရေးရလာစေသည်ဟု တက်ကြွလှုပ်ရှားသူများက အလေးထားပြောပြကြသည်။ နိုင်ငံလုံးဆိုင်ရာအဖွဲ့များက တိုင်းပြည်၏အခြေခံဥပဒေများအတွက် လုပ်ကိုင်ဆောင်ရွက်နေသည့်တိုင် အပြန်အလှန်အားဖြည့်ထောက်ကူသည့် အသွင်ကူးပြောင်းမှုကာလ မဟာမိတ်များ၏ ထူးခြားအရေးပါမှုကို ပီတန်ဂီကပြောပြခဲ့သည်။ ဂါနာနိုင်ငံမှ အမျိုးသမီးအဖွဲ့များသည် အခြားအာဖရိကနိုင်ငံများမှ အဖွဲ့များနှင့် အနီးကပ်ဆက်ဆံရေးရှိကြသည်။ ဘော့စဝါနာ၊ တောင်အာဖရိက၊ နိုင်ဂျီးရီးယားတို့မှ

သင့်တော်သင့်နမူနာပုံစံများကိုလေ့လာကြသည်။ ဘော့စဝါနာ၏သာဓကအရေးပါပုံကို ဆီကာတာက အလေးထားပြောပြသည်။ ဘော့စဝါနာနိုင်ငံ သည်နိုင်ငံရေးပါတီများသို့တင်ပြခဲ့သည့် အမျိုးသမီးများ၏ကြေညာစာတမ်းအတွက် စိတ်ကူးဉာဏ်ပေးသော နိုင်ငံဖြစ်သည်။ နာဆီယာဘာနီ ကက်ဂျာဆန်ကာနာ၏အဆိုအရ Women's Decade (၁၉၇၆ ခုနှစ်တွင်စတင်ခဲ့သည့် အမျိုးသမီးများအတွက် တန်းတူညီမျှမှုနှင့် အခွင့်အလမ်းများ မြှင့်တင်ရေးကုလကွန်ဖရင့်များ)၊ CEDAW (အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို ဖယ်ရှားရေး ကုလသဘောတူညီချက်)၊ Beijing Platform for Action (အမျိုးသမီးများတန်းတူညီမျှမှုနှင့်အခွင့်အလမ်းပိုမို ရရှိရေးအပြည်ပြည်ဆိုင်ရာကုလကွန်ဖရင့်) တို့က အင်ဒိုနီးရှားတက်ကြွလှုပ်ရှားသူများကို များစွာလွှမ်းမိုးခဲ့သည်။ အလားတူ အိန္ဒိယဣတ္ထိယဝါဒနှင့်အယူအဆများကလည်း ၎င်းတို့ကိုလွှမ်းမိုးခဲ့သည်ဟု နာဆီယာဘာနီကဆိုသည်။ ချီလီ၏ဣတ္ထိယဝါဒသည် ဘရာဇီးနှင့်စပိန်တို့ ၏အတွေ့အကြုံများကိုအခြေခံနည်းမီးခဲ့သည်။ စင်စစ်နိုင်ငံတကာ၏ကူညီထောက်ပံ့မှုသည် ဘဏ္ဍာရေးအကူအညီသက်သက်သာမဟုတ်ဘဲ အသိပညာမျှဝေမှုကို လွယ်ကူချောမွေ့စေခဲ့သည့် နိုင်ငံတကာ၏ ထောက်ခံအားပေးမှုအားလုံး၏အရေးပါပုံကို အများစုကအလေးထားပြောကြသည်။ အသွင်ကူးပြောင်းမှုအလွန်ကာလတွင် အန်ဂျီအိုများအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးထောက်ပံ့မှုလျော့ချလိုက်ခြင်းသည် အမျိုးသမီးအဖွဲ့အစည်းများကို အထိနာစေခဲ့သည်ဟု ဂါနာ၊ တောင်အာဖရိက၊ အင်ဒိုနီးရှားနိုင်ငံများမှ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားခဲ့သူများက ဆိုသည်။ ထိုအထောက်ပံ့ခံနိုင်ငံများသည် နိုင်ငံတာအလှျှရှင်များအတွက် ဦးစားပေးနိုင်ငံများ အဖြစ်မှရပ်တံ့သွားကာ အခြားဒေသများသို့ အာရုံစိုက်မှုရွှေ့လျောသွားခြင်းကြောင့်လည်းကောင်း၊ သို့မဟုတ် ထိုအထောက်ပံ့ခံနိုင်ငံများသည် ဆက်လက်အထောက်အပံ့ပေးအပ်ရန်မလိုလောက်အောင် ပြည့်စုံကြွယ်ဝလွန်းနေ၍လည်းကောင်း ဘဏ္ဍာရေးထောက်ပံ့မှုလျော့ချလိုက်ခြင်းဖြစ်ပေါ်လာတတ်သည်။ နိုင်ငံတကာ နောက်ခံအခြေအနေသည် ၁၉၇၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အမျိုးသမီးများ၏အရေးကိစ္စများကို အခြားကာလများနှင့်နှိုင်းယှဉ်ပါက ပိုပြီးမျက်နှာသာပေးလာခဲ့သည်ဟုယူဆရသည်။ ထိုကာလတွင် အထက်ပါအစောပိုင်း အသွင်ကူးပြောင်းမှုများဖြစ်ပေါ်နေသည်။ ထိုအချိန်မှစပြီး လူမှုရေးကိစ္စများတွင် ကက်သိုလစ်ကျောင်းတော်က ရှေးရိုးစွဲရပ်တည်ချက်အတိုင်းဆက်ရှိနေခြင်း၊ ဘာသာရေးနှင့် လူမျိုးရေးအမှတ်လက္ခဏာ နိုင်ငံရေး၏ အရေးပါမှုတိုးပွားလာခြင်းစသည့် အကြောင်းအချက်များသည် ယနေ့ခေတ်ကျား၊မ ရေးရာ တန်းတူညီမျှမှုအတွက် တိုက်ပွဲဝင်မည့်သူများကိုပံ့ပိုးမှုလျော့ချသည့် နိုင်ငံတကာ နောက်ခံအခြေအနေကို ရည်ညွှန်းနေသည်။

အသွင်ကူးပြောင်းမှုတွင် အစောဆုံးအဆင့်များကတည်းက အဓိကပါဝင်ဆောင်ရွက်ခဲ့သူများသည် အပြုသဘောဆောင်သော ကျား၊မလူမှုရေးရာရလဒ်များကို ပံ့ပိုးပေးသည်။ အရပ်ဖက်လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်သည့် ညွှန့်ပေါင်းအဖွဲ့များကထောက်ခံပြီး ပါဝင်ဆောင်ရွက်သူများစွာက ဖွံ့ဖြိုးအောင်လုပ်ခဲ့သည့် ရှင်းလင်းသောလုပ်ငန်းစဉ်များ အမျိုးသမီးအဖွဲ့အစည်းများ

အတွက် လိုအပ်သည်။ ၎င်းတို့သည် မဟာဗျူဟာမြောက်မဟာမိတ်များနှင့် အတူလုပ်ကိုင်ဆောင်ရွက်ရန်ကြိုးစားအားထုတ်သင့်သည်။ သာဓကအားဖြင့် စာနာထောက်ထားမှု အလားအလာရှိသော နိုင်ငံရေးပါတီများ၊ အစိုးရများနှင့် အစိုးရဌာနဆိုင်ရာများသည် အသွင်ကူးပြောင်းမှု၏လွှမ်းမိုးကြီးစိုးသောအယူအဆများနှင့် အံဝင်ခွင်ကျဖြစ်မည့်နည်းလမ်းများဖြင့် အရေးကိစ္စများကိုပုံဖော်ရန် မဟာဗျူဟာမြောက်မဟာမိတ်များနှင့် ဖြစ်နိုင်လျှင် အတူအားထုတ်ကြိုးပမ်းသင့်သည်။ ဒီမိုကရေစီမဟုတ်သည့် အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းမှုများသည် နိုင်ငံရေးလုပ်နည်းလုပ်ဟန်အယူအဆ (rules of the game) များကိုပြန်လည်ပုံဖော်ရန်ကြိုးစားသည့်လူမှုရေးလှုပ်ရှားမှုများအတွက် အရေးကြီးသောအခွင့်အလမ်းကိုပေးအပ်နိုင်သည်။ ကျရှုံးမှုများနှင့်စိတ်အနှောက်အယှက်ဖြစ်စရာများရှိသည့်တိုင် ထိရောက်ပီပြင်မည့်အလားအလာရှိသော မဟာဗျူဟာများကို လေ့လာသင်ယူနိုင်သည့် သင်ခန်းစာများရှိသည်။ ယနေ့ခေတ်အသွင်ကူးပြောင်းမှုများသည် သစ်လွင်သော ကွဲပြားခြားနားသော စိန်ခေါ်မှုများကိုတင်ပြလာသည်။ သို့သော် မဟာဗျူဟာမြောက်ပါဝင်စွက်ဖက်မှုနှင့်လုပ်ဆောင်ချက်တို့အတွက်အရေးပါသည့်အခွင့်အလမ်းအချို့ကိုလည်း ပေးအပ်နိုင်ပါသည်။

## မူဝါဒဆိုင်ရာလုပ်ဆောင်ချက်အတွက်ရွေးစရာနည်းလမ်းများ

### တက်ကြွလှုပ်ရှားသူများနှင့် အရေးဆိုသူများ

- အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များတွင် စောနိုင်သမျှအစောဆုံး စုဖွဲ့ဆောင်ရွက်ပါ။ အမျိုးသမီးများသည်စုဖွဲ့မှုကို စောစီးစွာဆောင်ရွက်လေလေ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အပြုသဘောလွှမ်းမိုးမှုအခွင့်အလမ်းများ ပိုမိုရရှိလေလေဖြစ်သည်။ အကောင်းဆုံးအခြေအနေမှာ 'တရားဝင်' လုပ်ငန်းစဉ်မစမီ အမျိုးသမီးများက စတင်စုဖွဲ့ကြရပေမည်။ သို့မှသာ 'အကြိုစေ့စပ်ညှိနှိုင်းမှု' ကာလ (ဆွေးနွေးမှုများမည်သို့ဆောင်ရွက်သင့်သည် ကိုဆွေးနွေးခြင်း) တွင် ပါဝင်ပတ်သက်ဆောင်ရွက်ကြရန်အဆင်သင့်ဖြစ်ပေလိမ့်မည်။ ဤသို့အသင့်ပြင်ထားခြင်း စုဖွဲ့မှုဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ယုံကြည်မှုနှင့် မိမိကိုယ်ကိုယ်ယုံကြည်မှုတည်ဆောက်ခြင်း၊ တူညီသော လုပ်ငန်းစဉ်နှင့်မဟာဗျူဟာကို ရှာဖွေသတ်မှတ်ခြင်းတို့အတွက် အချိန်ရရှိမည်ဖြစ်သည်။

- မဟာမိတ်များ ကျယ်ပြန့်စွာဖွဲ့စည်းပါ။ မူဝါဒအတွက်ဆောင်ရွက်နေသူ အမျိုးမျိုးနှင့် မဟာမိတ်များဖွဲ့စည်းသည့်လှုပ်ရှားမှုများသည်ပိုပြီးကြီးသောကွန်ရက်များကိုအပြည့်အဝ အသုံးချနိုင်စေသည်။ ထိုကွန်ရက်များက မူဝါဒအတွက်ဆောင်ရွက်မှုများတွင် လူအရေအတွက်ပိုများအောင် စည်းရုံးနိုင်စေသည်။ အရေးကြီးသည့် အဆောက်အအုံများနှင့် လူတစ်ဦးချင်းစီကို ဖိအားပေးနိုင်စေသည်။ ပင်ကိုယ်အရည်အချင်းနှင့်ရင်းမြစ် အခင်း

အကျင်းကို အသုံးချခွင့်ရလာစေသည်။ ကျယ်ပြန့်သည့်မဟာမိတ်များထဲတွင် အမျိုးသမီး အုပ်စုများနှင့် တက်ကြွလှုပ်ရှားသူအမျိုးမျိုး (ထိုသူများသည် လူမှုရေးတရားမျှတမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များကဲ့သို့ မဟာဗျူဟာမြောက်အထောက် အပံ့ကိုပေး အပ်နိုင်သည့် အုပ်စုများအပါအဝင် အရပ်ဖက်လူ့အဖွဲ့အစည်းအတွင်းမှ ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံးရယူရမည်)၊ ဣတ္ထိယဝါဒီနိုင်ငံရေးသမားများ၊ ပညာရှင်များ၊ ရှေ့နေများ၊ နိုင်ငံရေးပါတီများမှ စာနာနားလည်မှုရှိသည့် မဟာမိတ်များ၊ အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကဲ့သို့ အုပ်ချုပ်ရေးဝန်ထမ်းများပါဝင်သည်။

- နိုင်ငံရေးလုပ်ငန်းစဉ် အခင်းအကျင်းများအားလုံးတွင် ကြားဝင်ဆောင်ရွက်ပါ။ အခြေခံ ဥပဒေရေးဆွဲခြင်း၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဒီဇိုင်းဆွဲခြင်းနှင့်အကောင်အထည် ဖော်ခြင်းဟူသည့် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏ အဆင့်များအားလုံးတွင် ပါဝင် ဆောင်ရွက်ပါ။ ထိုသို့ပါဝင်ဆောင်ရွက်ရာတွင် အခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မ တီများ၏အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ နည်းပညာပိုင်းနှင့် မူကြမ်းရေးဆွဲမှုအပိုင်း ကော်မတီများ၊ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးလွှတ်တော်အစည်းအဝေး၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဆွယ်တရားဟောပေးသူများ၊ အရေးဆိုထောက်ခံသူများအဖြစ် နိုင်ငံရေးအခင်းအကျင်းများတွင် ပါဝင်ဆောင်ရွက်ပါ။ ကျား၊မ လူမှုရေးရာကိစ္စရပ်များကို စာနာနားလည်ဖွယ်ရှိသည့် နိုင်ငံရေးပါတီများအတွင်း တက်ကြွလှုပ်ရှားမှုသည်အမျိုး သမီးများကို ကိုယ်စားလှယ်လောင်းများနှင့်ခန့်အပ်ခံများအဖြစ် ရွေးချယ်ခြင်းကို အားပေး ရာရောက်သည်။ အရေးကြီးသည့် စေ့စပ်ညှိနှိုင်းမှုများစွာသည် တရားဝင်ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများအပြင်ဘက်တွင် ဖြစ်ပေါ်ခြင်းတော့ရှိသည်။ အလွတ်သဘော ဆုံး ဖြတ်ချက်ချမှတ်မှုနေရာများတွင် အမျိုးသမီးများပါဝင်ခွင့်သည် ၎င်းတို့တည်ဆောက် ထားသည့် မဟာမိတ်များကိုခင်းကျင်းထားမှုအပေါ်တွင် တစ်စိတ်တစ်ပိုင်းမူတည်သည်။

- အမျိုးသမီးအုပ်စုအမျိုးမျိုးကို ညီညွတ်စေသည့်ရပ်တည်ချက်ဖွံ့ဖြိုးအောင်လုပ်ပါ။ နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် ဖြစ်နိုင်ချေရှိသည့်ရပ်တည်ချက်အခင်းအကျင်း တစ်ခုရှိသည်။ ရည်မှန်းချက်တိုင်းကို သဘောတူညီဖို့မဖြစ်နိုင်ပါ။ သို့သော် ကျယ်ပြန့် သောမဟာမိတ်ထိန်းသိမ်းထားရန်နှင့် အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များတွင် မဟာ ဗျူဟာမြောက် ကြားဝင်ဆောင်ရွက်ရန်အလို့ငှာ မူဝါဒအတွက်ဆောင်ရွက်သူများကို ညီညွတ်အောင်လုပ်ခြင်းနှင့် အရေးဆိုလှုပ်ရှားကာ ကြိုးပမ်းမှုများကိုအဓိကထားခြင်းတို့ အတွက် ရည်မှန်းချက်များ၊ အထိုင်များ၏ တူညီသောရပ်တည်ချက်ကို ရှာဖွေဖော်ထုတ် ခြင်းသည် အထောက်အကူပြုပါသည်။

- ကြံ့ခိုင်အောင်လုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကာလ အပိုင်းအခြားများအတွင်း အရှိန်အဟုန်ကိုထိန်းပါ။ အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် ပညာရှင်

များသည် အစိုးရရာထူးများတွင် ခန့်အပ်ခံရသဖြင့် လူပ်ရှားမှုများ 'ခါးဆက်ပြတ်' မသွားစေရန်၊ အရှိန်အဟုန်ကို အသွင်ကူးပြောင်းမှုအလွန်ကာလတွင် ဆက်လက်တည်တံ့နေစေရန် အဖွဲ့အစည်းများအတွင်း သင့်လျော်သည့် ရာထူးဆက်ခံမှုစီမံကိန်းနှင့်မျိုးဆက်တစ်ခုနှင့်တစ်ခုကြား အပြန်အလှန်ဆက်သွယ်မှုများသည် အရေးအကြီးဆုံးဖြစ်သည်။ အဖွဲ့အစည်းများသည် ပညာသည်ပိုဆန်လာသည်နှင့်အမျှ အောက်ခြေလူပ်ရှားမှုများနှင့် ချိတ်ဆက်မှုများကို ထိန်းသိမ်းထားမှသာ အဆင့်တိုင်းတွင်ရှိသည့် အမျိုးသမီးများ၏လိုအပ်ချက်များနှင့် အောက်ခြေလူပ်ရှားမှုများ၏ ဆက်စပ်ပတ်သက်မှုသည် ရှိမြဲရှိနေပေလိမ့်မည်။

## ခေါင်းဆောင်များနှင့်နိုင်ငံရေးပါတီများ

- အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များအားလုံးသည်မူဝါဒအတွက်ဆောင်ရွက်သူအမျိုးသမီးများကို အစွမ်းကုန်လမ်းဖွင့်ပေးထားပါစေ။ အထူးသဖြင့် ခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီများသည် အမျိုးသမီးများကို ပါတီများ၊ စေ့စပ်ညှိနှိုင်းမှုများ၊အစိုးရများတွင်ပါဝင်မှုရှိစေရမည်။ အဆင့်တိုင်းတွင် အမျိုးသားများနှင့်အတူ တပြေးညီပါဝင်ဆောင်ရွက်စေရမည်။ ထိုသို့ပါဝင်ဆောင်ရွက်ခွင့်မရှိဟုယူဆရပါက အခွင့်အာဏာဖြင့်ပေးအပ်သည့် ခွဲတမ်းကို ထိရောက်ပီပြင်သည့် တရားဝင်ခွင့်ပြုချက်များဖြင့် အကောင်အထည်ဖော်ခြင်းကို ထည့်သွင်းစဉ်းစားကာ တက်ကြွသော၊ ပြောဆိုဆွေးနွေးသော အခန်းကဏ္ဍများတွင် အမျိုးသမီးများလူလုံးပြနိုင်စေရန် လုပ်ဆောင်သင့်သည်။ ဥပမာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များအတွက် အမျိုးသမီးများပါဝင်စေရေး။

- အသွင်ကူးပြောင်းမှုကာလအလွန်အခြေခံဥပဒေများ၊ မူဝါဒများနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာဒီဇိုင်းများသည် တန်းတူညီမျှရေးကိစ္စရပ်ကို ထင်ဟပ်စေရမည်။ ဤကိစ္စရပ်များကို တာရှည်ခံသည့်၊ အဓိပ္ပာယ်ရှင်းလင်းသည့်၊ အသက်ဝင်နိုင်သည့်နည်းလမ်းများဖြင့် အသေးစိတ်မူကြမ်းရေးဆွဲကာ တရားဝင်ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

## နိုင်ငံတကာမှမူဝါဒအတွက်ဆောင်ရွက်သည့်အဖွဲ့အစည်းများ

- ကျား၊မလူမှုရေးရာကိစ္စရပ်များသည် အသွင်ကူးပြောင်းမှုတွင်ပါဝင်စေရန်လုပ်ကိုင်ဆောင်ရွက်နေသည့် တက်ကြွလူပ်ရှားသူများကို ပံ့ပိုးကူညီပါ။ ဤပံ့ပိုးကူညီမှုတွင် ဘဏ္ဍာရေးအကူအညီ၊ တက်ကြွလူပ်ရှားသူများကြား (ဒေသတွင်းရော၊အပြည်ပြည်ဆိုင်ရာတွင်ပါ) အသိပညာနီးနှောဖလှယ်မှုနှင့် မျှဝေမှုကို လွယ်ကူချောမွေ့စေခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်းစီမံချက်များပါဝင်သည်။

- ကျား၊မလူမှုရေးရာ တက်ကြွလူပ်ရှားသူများအတွက် ပံ့ပိုးကူညီမှုကို ပိုပြီးကျယ်ပြန့်သော

တိုင်းပြည်တစ်ခုလုံး အတွက်ပံ့ပိုးကူညီမှုမှ သီးခြားခွဲထုတ်ထားပါ။ ကျားမရေးရာတက်ကြွ လှုပ်ရှားသူများကို ပံ့ပိုးကူညီမှုသည် နိုင်ငံတကာအကူအညီရရန် တိုင်းပြည်တစ်ခုအတွက် သတ်မှတ်ချက်ပြည့်မီမှု (ဥပမာ ဂျီဒီပီအဆင့် စသည်) အပေါ်တွင် မမူတည်သင့်ပါ။ ဤ အချက်သည် ပြောင်းလဲနေသော အလှူရှင်မျက်စိကျမှုများကြောင့် ကျားမလူမှုရေးရာ တက်ကြွလှုပ်ရှားသူများနှစ်နာရနိုင်ခြေကိုလျော့ပါးစေနိုင်သည်။ အောင်မြင်မှုများခိုင်မာ ရေးကို အထောက်အကူဖြစ်စေပြီး ဆုတ်ယုတ်ကျဆင်းမှုကိုတားဆီးနိုင်သည်။

- မူဝါဒအတွက်ဆောင်ရွက်သည့်အခြားသူများကို ဖိအားပေးမှုကျင့်သုံးပါ။ ကျားမလူမှု ရေးရာကိစ္စရပ်များနှင့် မူဝါဒအတွက်ဆောင်ရွက်သည့် အမျိုးသမီးများကို အသွင်ကူး ပြောင်းမှုလုပ်ငန်းစဉ်များနှင့် ရလဒ်များတွင်ပါဝင်ဆောင်ရွက်စေရန် နိုင်ငံရေးမူဝါဒ အတွက်ဆောင်ရွက်သူများကို နိုင်ငံတကာအဖွဲ့အစည်းများက ဖိအားပေးနိုင်သည်။

---

i Paxton 2000

ii Waylen 2007

iii Baldez 2002

iv Haas 2010

v Waylen 2010

vi Molyneux and Razavi 2005

vii Waylen 1994

viii Jaquette and Wolchik 1998

ix Roces 2010

x Jaquette 1994

xi Waylen 1994

xii Alvarez 1990; Baldez 2002; Hassim 2006; Aquino 1994; Quindoza Santiago 1995

xiii Einhorn 1993; Gal and Kligman 2000

xiv See also Duran and Gallego 1986

xv Blackburn 1999

xvi Fallon 2003

xvii Mama 2005

xviii Alvarez 1990; Franceschet 2005; Hassim 2006

xix Alvarez 1999

xx Blackburn 2010

xxi Htun 2003; Threlfall 2004

xxii Einhorn 1993

xxiii See Blackburn 2010

xxiv Mama 2005

xxv Valiente 2003; Waylen 2007

xxvi Albertyn 1994

xxvii Albertyn 1994

xxviii Alvarez 1990; Htun 2003

xxix Threlfall 2004

xxx Bonime-Blanc 1987, p. 95

xxxi Abao and Yang 2001

xxxii Baldez 2002

xxxiii Waylen 2007

xxxiv Waylen 2007

xxxv Marx, Borner and Caminiotti 2009

xxxvi Waylen 2007

xxxvii Valiente 2003; Haas 2010; Blackburn 2010

xxxviii Geisler 2000

xxxiv Wieringa 2006; Brenner 2011

xl Franceschet 2005

xli Mama 2005

xlii Matynia 2003

xliii Htun and Weldon 2010

xliv Zielinska 2000

xlv Wieringa 2006; Brenner 2011

xlvi Tripp 2013

xlvii Tsikata 2009

xlviii Haas 2010

xlix Hassim 2006

l Alvarez 1990

## တွေ့ဆုံမေးမြန်းမှုများအညွှန်း

ကာလိုတာ ဘက်စတီလိုနှင့်စာရေးသူ၏ စာအဆက်အသွယ်၊ ဇပြီ ၂၀၁၃။

ပရက်ဂယ်လက်စ်မီ ဂိုဗင်ဒါနှင့်စာရေးသူ၏တွေ့ဆုံမေးမြန်းချက်၊ ဇန်နဝါရီ ၂၀၁၃။

နာဆီယာဘာနီ ကက်ဂျာဆန်ကာနာနှင့်စာရေးသူ၏တွေ့ဆုံမေးမြန်းချက်၊ ဇန်နဝါရီ ၂၀၁၃။

ရှီလာ မင့်ဂျက်စ်နှင့် စာရေးသူ၏တွေ့ဆုံမေးမြန်းချက်၊ ဇန်နဝါရီ ၂၀၁၃။

သန်ဂျီပီ မင့်ဆိုနှင့် စာရေးသူ၏တွေ့ဆုံမေးမြန်းချက်။ ဇန်နဝါရီ ၂၀၁၃။

အက်ဒရီယာနာ မွန်ဗိုနှင့် စာရေးသူ၏တွေ့ဆုံမေးမြန်းချက်။ ဒီဇင်ဘာ ၂၀၁၂။

ယက်ကလင်း ပီတန်ဂီနှင့် စာရေးသူ၏တွေ့ဆုံမေးမြန်းချက်။ ဒီဇင်ဘာ ၂၀၁၂။

ဇော်ဇီ ဆီကာတာနှင့်စာရေးသူ၏တွေ့ဆုံမေးမြန်းချက်။ ဒီဇင်ဘာ ၂၀၁၂။

တီရီဆာ ဘားလ်ဒက်စ်နှင့်စာရေးသူ၏တွေ့ဆုံမေးမြန်းချက်။ ဒီဇင်ဘာ ၂၀၁၂။

## အကိုးအကားနှင့်ရည်ညွှန်းစာအုပ်စာတမ်းများ


Abao, Carmel and Yang, Elizabeth, *Women in Politics, Limits and Possibilities: The Philippines Case* [နိုင်ငံရေးနယ်ပယ်မှ အမျိုးသမီးများ၊ ကန့်သတ်ချက်များနှင့် ဖြစ်နိုင်ခြေများ- ဖိလစ်ပိုင်ဖြစ်ရပ်] (Manila: Friedrich Ebert Stiftung, 2001)

Albertyn, Cathi, 'Women and the Transition to Democracy in South Africa', [တောင်အာဖရိကရှိ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် အမျိုးသမီးများ] in Felicity Kaganas and Christina Murray (eds), *Gender and the New South African Legal Order* (Cape Town: Juta 1994) pp. 39–63

Alvarez, Sonia, *Engendering Democracy in Brazil* [တောင်အာဖရိကတွင် ဒီမိုကရေစီဖြစ်ထွန်းစေခြင်း] (Princeton, N.J.: Princeton University Press, 1990)

Alvarez, Sonia, 'Advocating Feminism: The Latin American Feminist NGO Boom', [ဣတ္ထိယဝါဒကို ထောက်ခံအားပေးခြင်း-လက်တင်အမေရိကရှိဣတ္ထိယဝါဒီအန်ဂျီအိုများ ထွန်းကားလာခြင်း] *International Feminist Journal of Politics,* 1/2 (1999), pp. 181–209

Aquino, Belinda, 'Philippine Feminism in Historical Perspective', in Barbara Nelson and Najma Chowdhury (eds), *Women and Politics Worldwide* [ကမ္ဘာ့နိုင်ငံရေးနှင့်အမျိုးသမီးစာအုပ်မှ- သမိုင်းရေးရှုထောင့်ဖြင့် ဖိလစ်ပိုင်ဣတ္ထိယဝါဒကို ကြည့်ခြင်းအခန်း] (New Haven: Yale University Press, 1994), pp. 591–604

Baldez, Lisa, *Why Women Protest: Women's Movements in Chile* [အမျိုးသမီးများ ကန့်ကွက်ဆန္ဒပြရခြင်း အကြောင်းရင်း- ချီလီနိုင်ငံမှ အမျိုးသမီးလှုပ်ရှားမှုများ] (Cambridge, UK: Cambridge University Press, 2002)

Blackburn, Susan, 'Gender Violence and the Indonesian Political Transition', [ကျားမလူမှုရေးရာ အကြမ်းဖက်မှုနှင့် အင်ဒိုနီးရှားနိုင်ငံရေးအသွင်ကူးပြောင်းမှု] *Asian Studies Review*, 23/4 (1999), pp 433–48

Blackburn, Susan, 'Feminism and the Women's Movement in the World's Largest Islamic Nation', in Mina Roces and Louise Edwards (eds), *Women's Movements in Asia* [အာရှတိုက်ရှိ အမျိုးသမီးလှုပ်ရှားမှုများစာအုပ်မှ - ကမ္ဘာ့အကြီးဆုံးမွတ်ဆလင်နိုင်ငံမှ ဣတ္ထိယဝါဒနှင့်အမျိုးသမီးလှုပ်ရှားမှု] (London: Routledge 2010), pp. 21–33

Bonime-Blanc, Andrea, *Spain's Transition to Democracy: The Politics of Constitution Making* [စပိန်နိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းမှု-အခြေခံဥပဒေတည်ဆောက်ခြင်းဆိုင်ရာနိုင်ငံရေး] (Boulder, Colo.: Westview Press, 1987)

Brenner, Susanne, 'Private Moralities in the Public Sphere: Democratization, Islam and Gender in Indonesia', [အများပြည်သူရပ်ဝန်းမှ တစ်ကိုယ်ရေကျင့်ဝတ်စောင့်စည်းမှုများ- အင်ဒိုနီးရှားဏ၏ ဒီမိုကရေစီတည်ဆောက်ခြင်း၊အစ္စလာမ်ဘာသာနှင့် ကျား၊မလူမှုရေးရာ] *American Anthropologist,* 113/3 (2011), pp. 478–90

Duran, Maria Angeles and Gallego, Maria Teresa, 'The Women's Movement and the New Spanish Democracy', in Drude Dahlerup (ed.), *The New Women's Movement* [အမျိုးသမီးများ၏လှုပ်ရှားမှုသစ်စာအုပ်ပါ- အမျိုးသမီးများ၏လှုပ်ရှားမှုနှင့် စပိန်ဒီမိုကရေစီသစ်] (London: Sage, 1986), pp. 200–16

Einhorn, Barbara, *Cinderella Goes to Market: Citizenship, Gender and Women's movements in East Central Europe* [စင်ဒရဲလား ဈေးသွားဝယ်ခြင်း-အရှေ့ဥရောပရှိနိုင်ငံသားအခွင့်အရေး၊ ကျား၊ မလူမှုရေးရာနှင့် အမျိုးသမီးလှုပ်ရှားမှုများ] (London: Verso, 1993)

Fallon, Kathleen M., 'Transforming Women's Citizenship Rights within an Emerging Democratic State The Case of Ghana', [ကျား၊မလူမှုရေးရာနှင့်လူ့အဖွဲ့အစည်းစာအုပ်ပါ- ထွန်းသစ်စဒီမိုကရေစီ တိုင်းပြည်တွင် အမျိုးသမီးများ၏နိုင်ငံသားအခွင့်အရေး၊ ဂါနာနိုင်ငံ၏ဖြစ်ရပ်] *Gender & Society,* 17/4 (2003), pp 525–43

Franceschet, Susan, *Women and Politics in Chile* [ချီလီနိုင်ငံတွင် အမျိုးသမီးများ၏နိုင်ငံရေး] (Boulder, Colo.: Lynn Rienner, 2005)

Gal, Susan and Kligman, Gail (eds), *Reproducing Gender: Politics, Publics, and Everyday Life after Socialism* [ကျား၊မ လူမှုရေးရာကို ပြန်လည်ထုတ်လုပ်ခြင်း-ဆိုရှယ်လစ်ခေတ်အလွန် နိုင်ငံရေး၊ ပြည်သူလူထုနှင့် နေ့စဉ်ဘဝ] (Princeton, NJ: Princeton University Press, 2000)

Geisler, Gisela, '"Parliament is Another Terrain of Struggle": Women, Men and Politics in South Africa', *The Journal of Modern African Studies*, [လွှတ်တော်သည် တိုက်ပွဲဝင်စရာ နောက်ထပ်နယ်မြေ-တောင်အာဖရိကမှ အမျိုးသမီး၊အမျိုးသားနှင့်နိုင်ငံရေး] 38/4 (2000), pp. 616–19

Haas, Liesl, *Feminist Policymaking in Chile* [ချီလီနိုင်ငံတွင် ဣတ္ထိယဝါဒမူဝါဒီချမှတ်မှု] (University Park: Penn State University Press, 2010)

Hassim, Shireen, *Women's Organizations and Democracy in South Africa: Contesting Authority* [တောင်အာဖရိကရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် ဒီမိုကရေစီ-လုပ်ပိုင်ခွင့်အာဏာကို ဖက်ပြိုင်ခြင်း] (Madison: University of Wisconsin Press, 2006)

Htun, Mala, *Sex and the State: Abortion, Divorce, and the Family Under Latin American Dictatorships and Democracy* [လိင်နှင့်တိုင်းပြည်-လက်တင်အမေရိကအာဏာရှင်စနစ်များနှင့် ဒီမိုကရေစီအောက်ရှိ ကိုယ်ဝန်ဖျက်ချခြင်း၊ ကွာရှင်းခြင်းနှင့် မိသားစု] (Cambridge, UK: Cambridge University Press, 2003)

Htun, Mala and Weldon, Laurel, 'When Do Governments Promote Women's Rights: A Framework for the Comparative Analysis of Sex Equality Policy', [အမျိုးသမီးအခွင့်အရေးများကို ဘယ်အချိန်တွင်အစိုးရက မြှင့်တင်သနည်း။ လိင်တန်းတူညီမျှမှု မူဝါဒကိုနှိုင်းယှဉ်ပြီးဆန်းစစ်လေ့လာ ခြင်းအတွက်မူဘောင်] *Perspectives on Politics*, 8/1 (2010), pp. 210–17

Jaquette, Jane (ed.), *The Women's Movement in Latin America: Participation and Democracy* [လက်တင်အမေရိကရှိ အမျိုးသမီးလှုပ်ရှားမှု-ပူးပေါင်းပါဝင်မှုနှင့် ဒီမိုကရေစီ] (Boulder, Colo.: Westview Press, 1994)

Jaquette, Jane and Wolchik, Sharon (eds), *Women and Democracy: Latin America and Central and Eastern Europe* [အမျိုးသမီးနှင့်ဒီမိုကရေစီ- လက်တင်အမေရိက၊ဗဟိုနှင့်အရှေ့ဥရောပ] (Baltimore, Md.: Johns Hopkins University Press, 1998)

Mama, Amina, 'In Conversation: The Ghanaian Women's Manifesto Movement', [ဂါနာနိုင်ငံသူ အမျိုးသမီးများ၏ ကြေညာစာတမ်းလှုပ်ရှားမှုအကြောင်း ပြောဆိုခြင်း] *Feminist Africa*, 4 (2005)

Marx, Jutta, Borner, Jutta and Caminiotti, Maria, 'Gender Quotas, Candidate Selection and Electoral Campaigns', in Jane Jaquette (ed.), *Feminist Agendas and Democracy in Latin America* [လက်တင်အမေရိကရှိ ဣတ္ထိယဝါဒီလုပ်ငန်းစဉ်များနှင့်ဒီမိုကရေစီ] (Durham, N.C.: Duke University Press, 2009), pp. 45–64

Matynia, Elizabieta, 'Provincializing Global Feminism the Polish Case', [ပိုလန်နိုင်ငံ၏ ဖြစ်ရပ်တွင် ကမ္ဘာ့ဂျာတ္ထိယဝါဒကို ဒေသဆိုင်ရာအဆင့်သို့ လျော့ချကြည့်ခြင်း] *Social Research*, 70/2 (2003), pp. 454–71

Molyneux, Maxine and Razavi, Shahra, 'Beijing Plus Ten: An Ambivalent Record on Gender Justice', [ပေကျင်းအပေါင်းတစ်ဆယ်-ကျားမလူမှုရေး ရာတရားမျှတမှု ဒွိဟာမှတ်တမ်း] *Development and Change*, 36/6 (2005), pp. 983–1010

Paxton, Pamela, 'Women's Suffrage in the Measurement of Democracy: Problems of Operationalization', [ဒီမိုကရေစီတိုင်းထွာမှုတွင် အမျိုးသမီးများ၏မဲပေးပိုင်ခွင့်၊ လုပ်ငန်းဆောင်တာသတ်မှတ်ခြင်း၏ပြဿနာများ] *Studies in Comparative International Development*, 35 (2000)

Quindoza Santiago, Lilia, 'Rebirthing Babaye: The Women's Movement in the Philippines', in Amrita Basu (ed.), *The Challenge of Local Feminisms* [ဒေသဆိုင်ရာ ဂျာတ္ထိယဝါဒ၏စိန်ခေါ်မှုစာအုပ်ပါ - ဖိလစ်ပိုင်နိုင်ငံမှ အမျိုးသမီးလှုပ်ရှားမှု] (Boulder, Colo.: Westview, 1995), pp. 110–30

Roces, Mina, 'Century of Women's Activism in the Philippines', in Mina Roces and Louise Edwards (eds), *Women's Movements in Asia: Feminisms and Transnational Activism* [အာရှမှအမျိုးသမီးလှုပ်ရှားမှုများ- ဂျာတ္ထိယဝါဒနှင့် နိုင်ငံဖြတ်ကျော်တက်ကြွလှုပ်ရှားမှု စာအုပ်ပါ- ဖိလစ်ပိုင်နိုင်ငံမှ ရာစု နှစ်အမျိုးသမီးများ၏တက်ကြွလှုပ်ရှားမှု] (London: Routledge, 2010)

Threlfall, Monica, 'Gendering the Transition to Democracy: Reassessing the Impact of Women's Activism', in Monica Threlfall, Christine Cousins and Celia Valiente, *Gendering Spanish Democracy* [စပိန်ဒီမိုကရေစီကို ကျားမခံယူချက်သတ်မှတ်ပေးခြင်းစာအုပ်ပါ- ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ကျားမ ခံယူချက်သတ်မှတ်ပေးခြင်း- အမျိုးသမီးများ၏ တက်ကြွလှုပ်ရှားမှု ရိုက်ခတ်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း] (London: Routledge, 2004)

Tripp, Aili Mari, 'Political Systems and Gender', in Georgina Waylen, Karen Celis, Johanna Kantola and Laurel Weldon (eds), *Oxford Handbook of Gender and Politics* [ကျားမ လူမှုရေးရာ နှင့်နိုင်ငံရေး အောက်စဖို့ဒ်လက်စွဲစာအုပ်ပါ- နိုင်ငံရေးစနစ်များ နှင့် ကျားမ လူမှုရေးရာ] (Oxford: Oxford University Press, 2013), pp. 514–29

Tsikata, D., 'Women's Organizing in Ghana Since the 1990s: From Individual Organizations to Three Coalitions', [၁၉၉၀နောက်ပိုင်း ဂါနာရှိ အမျိုးသမီးများ၏စုဖွဲ့မှု-သီးခြားအဖွဲ့မှသည် ညွှန့်ပေါင်းသုံးခုဆီသို့] *Development*, 52/2 (2009), pp. 185–192

Valiente, Celia, 'The Feminist Movement and the Reconfigured State in Spain', in Lee Ann Banaszak, Karen Beckwith and Dieter Rucht, *Women's Movements Facing the Reconfigured State* [စပိန်နိုင်ငံမှ ဣတ္ထိယဝါဒလှုပ်ရှား မှုနှင့်တိုင်းနိုင်ငံကို ပြန်လည်ပုံဖော်ကြည့်ခြင်း] (Cambridge, UK: Cambridge University Press, 2003), pp. 30–47

Waylen, Georgina, 'Women and Democratization: Conceptualizing Gender Relations in Transition Politics', [ဒီမိုကရေစီ တည်ဆောက်ခြင်းနှင့် အမျိုးသမီးများ- အသွင်ကူးပြောင်းမှု နိုင်ငံရေးတွင် ကျားမ လူမှုရေးရာဆက်ဆံရေးကို ရှုပ်လုံးဖော်ကြည့်ခြင်း] *World Politics*, 46/3 (1994), pp. 327–54

Waylen, Georgina, *Engendering Transitions: Women's Mobilization, Institutions and Gender Outcomes* [အသွင်ကူးပြောင်းမှုများကို သန္ဓေတည်စေခြင်း- အမျိုးသမီးများ၏ စည်းရုံးလှုပ်ရှားမှု၊ အဆောက်အအုံနှင့် ကျားမလူမှုရေးရာရလဒ်များ] (Oxford: Oxford University Press, 2007), p. 163

Waylen, Georgina, 'Gendering Policy and Politics in Transitions to Democracy: Chile and South Africa Compared', [ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် မူဝါဒနှင့်နိုင်ငံရေးကို ကျားမခံယူချက်သက်ဝင်စေခြင်း- ချီလီနှင့်တောင်အာဖရိကနှိုင်းယှဉ်လေ့လာချက်] *Policy and Politics*, 38/3 (2010), pp. 337–52

Wieringa, Saskia, 'Islamization in Indonesia: Women Activists' Discourses', [အင်ဒိုနီးရှားတွင် အစ္စလာမ်သာသနာပြန့်ပွားစေခြင်း-အမျိုးသမီးတက်ကြွလှုပ်ရှားသူများ ၏ ရေးသားပို့ချမှုများ] *Signs*, 32/1 (2006), pp. 1–8

Zielinska, E., 'Between Ideology, Politics and Commonsense: The Discourse of Reproductive Rights in Poland', [ကျားမ လူမှုရေးရာကို ပြန်လည်ထုတ်လုပ်ခြင်း- ဆိုရှယ်လစ်ခေတ်အလွန် နိုင်ငံရေး၊ ပြည်သူ့လူထုနှင့် နေ့စဉ်ဘဝစာအုပ်ပါ- ဝါဒသဘောတရား၊ နိုင်ငံရေးနှင့်သာမန်သိ-ပိုလန်နိုင်ငံမှ မျိုးဆက်ပွားအခွင့်အရေးဆိုင်ရာရေးသားပို့ချချက်] in Susan Gal and Gail Kligman (eds), *Reproducing Gender: Politics, Publics, and Everyday Life after Socialism* (Princeton: Princeton University Press, 2000)

# တွေ့ဆုံမေးမြန်းခဲ့သူများ၏ ကိုယ်ရေးအကျဉ်း

## ကာလိုတာဘက်စတီလို

ကာလိုတာဘက်စတီလိုသည် စပိန်နိုင်ငံရေးသမားနှင့် အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူဖြစ်သည်။ ၁၉၇၀ ခုနှစ်များမှစပြီး စပိန်နိုင်ငံတွင် လက်ဝဲဂျာကွတ်ထွယဝါဒီလှုပ်ရှားမှုအတွင်း ဦးဆောင်ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ စပိန်အမျိုးသမီးလွတ်မြောက်ရေးတပ်ဦး ဖွဲ့စည်းရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် စပိန်အလုပ်သမားပါတီ (PSOE) သို့ဝင်ခဲ့သည်။ ၁၉၇၇-၇၉ ခုနှစ်ကာလတွင် စပိန်နိုင်ငံ၏အခြေခံဥပဒေသစ်ကိုမူကြမ်းရေးဆွဲရသည့် တိုင်းပြုပြည်ပြုလွှတ်တော် Cortes constituyentes ၏အဖွဲ့ဝင်ဖြစ်သည်။ အမျိုးသမီးများ၏ လိင်ပိုင်းနှင့် မျိုးဆက်ပွားအခွင့်အရေးများကို အခြေအတင်ဆွေးနွေးမှုအတွက် အကျိုးပြုလုပ်ဆောင်ခဲ့သည်။ နိုင်ငံရေး ပါတီများထဲတွင် ကျားမ ကိုယ်စားလှယ်ခွဲတမ်းနှင့်ဘက်ညီမှုအတွက် ကွန်ဂရက်လွှတ်တော်တွင် အခိုင်အမာအရေးဆိုခဲ့သည်။ ၁၉၈၃ ခုနှစ် ကွာရှင်းပြတ်စဲမှုအက်ဥပဒေရေးရာတွင် အဓိကနေရာမှပါခဲ့သည်။ ၁၉၈၃ မှ ၁၉၈၈ ခုနှစ်အထိ အမျိုးသမီးများနှင့်အမျိုးသားများကြား တူညီသောအခွင့်အလမ်းများကိုမြှင့်တင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် Instituto de la mujer ၏ ပထမဆုံးအထွေထွေညွှန်မှူးတာဝန်ထမ်းဆောင်သည်။ အမျိုးသမီးများအား အကြမ်းဖက်မှုပုံစံအားလုံးကိုဖယ်ရှားရေး ကုလသဘောတူညီချက် (CEDAW) တွင် အဖွဲ့ဝင်ဖြစ်သည်။

## ပရက်ဂယ်လက်စ်မီ (ပရက်ဂ်) ဂိုဗင်ဒါ

ပရက်စ်ဂိုဗင်ဒါသည် တောင်အာဖရိကလူ့အခွင့်အရေးကော်မရှင်တွင် ၂၀၀၉ ခုနှစ်မှစပြီး ဒုတိယဥက္ကဋ္ဌအဖြစ် လူမှုစီးပွားရေးဆိုင်ရာအခွင့်အရေးများနှင့်ပတ်သက်သည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ CEDAW နှင့်သတင်းအချက်အလက် ရရှိခွင့်အက်ဥပဒေတို့ကို ဦးဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှစပြီး လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် အလုပ်သမားသမဂ္ဂလှုပ်ရှားမှုတွင်ပါဝင်ခဲ့သည်။ တောင်အာဖရိက၏ပထမဆုံး အလုပ်သမားကောလိပ်ကို ဦးဆောင်ခဲ့သည်။ တိုင်းပြည်၏အသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံလုံးဆိုင်ရာအမျိုးသမီးညွှန့်ပေါင်းအဖွဲ့ကို စီမံခန့်ခွဲခဲ့သည်။ ထိုအဖွဲ့သည် အမျိုးသမီးတို့၏တောင်းဆိုချက်များကို အခြေခံဥပဒေကဖြေရှင်းပေးစေရန် တောင်အာဖရိကနိုင်ငံသူ အမျိုးသမီးများကိုစုစည်းညီညွတ်စေခဲ့သည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (RDP) ရုံးတွင်လည်း အလုပ်လုပ်ကာ RDP တွင်အမျိုးသမီးတို့၏ကိစ္စရပ်များ

ကိုပေါင်းစပ်ပါဝင်စေခဲ့သည်။ အာဖရိကအမျိုးသားကွန်ဂရက်ပါတီဝင်ဖြစ်သူ ဂိုဗင်ဒါသည် ၁၉၉၄ ခုနှစ်တွင် လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခံရသည်။ အမျိုးသမီးလွှတ်တော် ကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး (အစိုးရဌာနများအားလုံးက တောင်အာဖရိကနိုင်ငံသူများအတွက်သုံးစွဲသည့် အသုံးစရိတ်ကို ဆန်းစစ်လေ့လာသည့်) Women's Budget သုတေ သနစီမံကိန်းကိုဦးဆောင်ခဲ့သည်။ သမ္မတ မက်ဘီကီလက်ထက်တွင် HIV/AIDS လူထုကြားနာစစ်ဆေးမှုများတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ် အစိုးရအသုံးစရိတ် မဲခွဲဆုံးဖြတ်မှုတွင် လက်နက်ဝယ်ယူရေးအစီအစဉ်ကို ကန့်ကွက်မဲပေးခဲ့သည့် တစ်ဦးတည်းသော လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ ထို့နောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

## နူဆီယာဘာနီ ကက်ဂျာဆန်ကာနာ

အင်ဒိုနီးရှားလူ့အခွင့်အရေးရှေ့နေ၊ လွှတ်တော်ကိုယ်စားလှယ်ဟောင်း၊ ကျား၊မလူမှုရေးရာ တက်ကြွလှုပ်ရှားသူဖြစ်သည်။ လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များအတွက် အန်ဂျီအိုများတွင် နှစ်ပေါင်း ၃၀ ကြာလုပ်ကိုင်ခဲ့သည်။ တရားမျှတမှုနှင့်ဒီမိုကရေစီအရေးဆိုင်ရာ အင်ဒိုနီးရှားအမျိုးသမီးညွှန့်ပေါင်းအဖွဲ့၏ ပထမဆုံးအထွေထွေအတွင်းရေးမှူးဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ၁၉၆၅ ခုနှစ် နောက်ပိုင်း အင်ဒိုနီးရှားတွင် အမျိုးသမီးများအုံ့နှင့်ကျင်းနှင့်ပါဝင်သည့် ပထမဆုံးအဖွဲ့အစည်းဖြစ်သည်။ တရားမျှတမှုဆိုင်ရာ အင်ဒိုနီးရှားအမျိုးသမီးအဖွဲ့အစည်းကို ပူးတွဲတည်ထောင်သူဖြစ်သည်။ အာရှဒေသတွင် Kartini Network for Women's/Gender Studies သုတေသနအဖွဲ့ကို ပူးတွဲတည်ထောင်သူဖြစ်ပြီး အမျိုးသားလူ့အခွင့်အရေးကော်မရှင် အကြံပေးဘုတ်အဖွဲ့တွင်အဖွဲ့ဝင်ဖြစ်သည်။ CEDAW ကိုဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းရေး အင်ဒိုနီးရှားအစိုးရ၏ အကောင်အထည်ဖော်မှုကိုစောင့်ကြည့်လေ့လာသည့် အမျိုးသမီးအန်ဂျီအိုကွန်ရက်ကို ပူးတွဲတည်ထောင်ခဲ့သည်။ ၁၉၉၈ မှ ၂၀၀၅ ခုနှစ်အထိ အမျိုးသမီးများကိုအကြမ်းဖက်မှု ဆန့်ကျင်ရေးကော်မရှင်တွင် ကော်မရှင်နာတစ်ဦးဖြစ်သည်။ အင်ဒိုနီးရှားတိုင်းပြုပြည်ပြုလွှတ်တော် (၁၉၉၉-၂၀၀၉) တွင် ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်ဖြစ်သည်။ ထိုကာလတွင် အိမ်တွင်းအကြမ်းဖက်မှုအက်ဥပဒေကို မူကြမ်းရေးဆွဲ ခဲ့သည်။

## ရှီလာမင့်ဂျက်စ်

တောင်အာဖရိကနိုင်ငံသူ ပညာရှင်နှင့်အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူဖြစ်သည်။ ၁၉၇၀ ခုနှစ်များမှစပြီး ဂ္ဂလတ္ထိယဝါဒီနှင့် အမျိုးသမီးနိုင်ငံရေးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ လူ

မျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအဖွဲ့များထဲတွင် အထင်ရှားဆုံးအဖွဲ့တစ်ခုဖြစ်သည့် ညီညွတ်သော ဒီမိုကရက်တစ်တပ်ဦးနှင့်ပေါင်းစပ်ဖွဲ့စည်းထားသည့် လူထုအခြေပြုရပ်ရွာအဖွဲ့အစည်း United Women's Organisation တွင် ၁၉၈၀ ပြည့်နှစ်များအတွင်း အဖွဲ့ဝင်ဖြစ်သည်။ ၁၉၈၉ ခုနှစ်မှ စပြီး ဂျိုအန်းနက်စ်ဘာ့ဂ်မြို့တော်တွင် Witwatersrand တက္ကသိုလ်၌ ကထိကဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးညွှန့်ပေါင်းအဖွဲ့၏ သုတေသနရေးရာညှိနှိုင်းဆောင်ရွက်သူဖြစ်သည်။ ထိုညွှန့်ပေါင်းအဖွဲ့သည် တောင်အာဖရိကဒီမိုကရေစီအသွင်ကူးပြောင်းမှု အစိတ်အပိုင်းဖြစ်သည့် စေ့စပ်ညှိနှိုင်းမှုများတွင် အရေးကြီးသည့်နေရာမှပါဝင်ဆောင်ရွက်ခဲ့သည်။ ကျားမရေးရာတန်းတူညီမျှမှုကော်မရှင် (၂၀၀၁-၂၀၀၄) တွင် ကော်မရှင်အဖြစ်ခန့်အပ်ခံရသည်။ အုပ်ချုပ်ရေးအစီအစဉ်အတွက် ထိုကော်မရှင်ကိုဦးဆောင်ခဲ့သည်။ ဂူတန်ပြည်နယ်ဆိုင်ရာ ကော်မရှင်ကို တာဝန်ယူခဲ့သည်။ Wits တက္ကသိုလ်တွင် ပါမောက္ခဖြစ်သည်။ ပဒေသာယဉ် ကျေးမှုလူ့အဖွဲ့အစည်းများ၊ ဂ္ဂတ္ထိယဝါဒသီဝရီ၊ ကျားမလူမှုရေးရာနိုင်ငံရေး၊ အကြမ်းဖက်မှုနှင့်ပဋိပက္ခအသွင်ကူးပြောင်းရေးတို့သည် သူမသုတေသနလုပ်ရန်စိတ်ပါဝင်စားသည့်ဘာသာရပ်များဖြစ်သည်။

## သန်ဂျီဝီ မင့်ဆို

တောင်အာဖရိကနိုင်ငံရေးပါတီခေါင်းဆောင်၊ သံအမတ်ဟောင်းနှင့် အမျိုးသမီးအခွင့်အရေးကာကွယ်သူဖြစ်သည်။ ဆိုအီတိုမြို့တွင်မွေးဖွားခဲ့သူ မင့်ဆိုသည် တောင်အာဖရိကကျောင်းသားအဖွဲ့၊ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအဖွဲ့ (Black Consciousness Movement) တို့တွင် ကျောင်းသားဘဝ၌ တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ၁၉၇၀ ပြည့်နှစ်များတွင် တက္ကသိုလ်မှအထုတ်ခံရကာ ဖမ်းစီးနှိပ်စက်ခံရသည်။ ၁၉၇၈ ခုနှစ်တွင် ပြည်ပသို့တိမ်းရှောင်ခဲ့ပြီး ANC နှင့် Umkhonto weSizwe အဖွဲ့အစည်းများ တွင် ပါဝင်ခဲ့သည်။ Unkhonto (ANC ၏လက်နက်ကိုင်အဖွဲ့) တွင် ဗိုလ်မှူးကြီးဖြစ်လာသည်။ ၁၉၉၂ ခုနှစ်တွင် တောင်အာဖရိကသို့ပြန်လာကာ အသွင်ကူးပြောင်းရေးဆိုင်ရာအမှုဆောင်ကော်မတီတွင် ခန့်အပ်ခံရသည်။ လူမျိုးရေးခွဲခြားမှုတိုက်ဖျက်ရေးအဖွဲ့အစည်း (CODESA) ၏ စေ့စပ်ညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ ပထမဆုံးရွေးကောက်ပွဲကျင်းပသည့် ၂၀၀၄ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျားမရေးရာတန်းတူညီမျှမှုဆိုင်ရာကော်မရှင်၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် ANC ၏ရွေးကောက်တင်မြှောက်ခံ ပထမဆုံးလက်ထောက်အထွေထွေအတွင်းရေးမှူးဖြစ်လာသည်။ ANC ပါတီ၏ နိုင်ငံလုံးဆိုင်ရာအမှုဆောင်ကော်မတီအဖွဲ့ဝင်၊ ကျူးဘားနှင့် အီတလီနိုင်ငံဆိုင်ရာ တောင်အာဖရိကသံအမတ်အဖြစ် တာဝန်များထမ်းဆောင်ခဲ့သည်။

## အက်ဒရီယာနာမွန်ဖို

ချီလီနိုင်ငံသူ နိုင်ငံရေးသမား၊ လူမှုဗေဒပညာရှင်၊ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူဖြစ်သည်။ ၁၉၆၇ တွင် ချီလီဆိုရှယ်လစ်ပါတီသို့ဝင်ခဲ့သည်။ ၁၉۷၃ ခုနှစ် အာဏာသိမ်းမှုအပြီးဩစတြီးယားသို့တိမ်းရှောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ချီလီသို့ပြန်လာသည်။ ချီလီဆိုရှယ်လစ်ပါတီ၏နိုင်ငံရေးကော်မရှင်သို့ ၁၉၈၆ ခုနှစ် တွင်ဝင်ရောက်သည်။ ၁၉၈၇ တွင် ဒီမိုကရေစီပါတီ (PPD) တည်ထောင်ရာတွင်ပါဝင်သည်။ ၁၉၈۹မှ ၁၉၉၀ပြည့် နှစ်ကာလအတွင်း ဆိုရှယ်လစ်အမျိုးသမီးများအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သည်။ PPD ၏ဒုဥက္ကဋ္ဌအဖြစ် ၁၉၉၁ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်ကြားတာဝန်ထမ်းဆောင်သည်။ ၁၉၉၀-၉၄ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် နောက်တစ်ကြိမ် ချီလီအောက်လွှတ်တော်အတွင်း PPD ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သည်။ အောက်လွှတ်တော်၏ ပထမဆုံးအမျိုးသမီးဥက္ကဋ္ဌ (၂၀၀၂-၂၀၀၃) အဖြစ်ဆောင်ရွက်ခဲ့သည်။ အောက်လွှတ်တော်တွင် အမျိုးသမီးများအတွက်အရေးဆိုလှုပ်ရှားသူအနေဖြင့် ကွာရှင်းပြတ်စဲမှု၊ကိုယ်ဝန်ဖျက်ချခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုစသည့်ကိစ္စရပ်များအတွက် ဥပဒေများတင်သွင်းခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာတွင် အထက်လွှတ်တော်သို့ကိုကင်ဘိုဒေသကိုယ်စားပြုကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ သုတေသီအဖြစ်လုပ်ကိုင်ခဲ့ပြီး ကျား၊မလူမှုရေးရာနှင့် ဆက်နွယ်သည့်ကိစ္စရပ်များတွင် စီမံကိန်းများစွာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။

## ယက်ကလင်း ဝီတန်ဂီ

ဘရာဇီးနိုင်ငံသူ ပညာရှင်၊မူဝါဒချမှတ်သူနှင့် ကျား၊မရေးရာတက်ကြွလှုပ်ရှားသူဖြစ်သည်။ ဘရာဇီးတွင်နာမည် အကျော်ကြားဆုံး ဣတ္ထိယဝါဒီတစ်ဦးဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် စစ်အာရှင်အုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ဖျက်သူဖြစ်ပြီး တိုင်းပြည်၏ဒီမိုကရေစီတည်ဆောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ တစ်ပြိုင်နက်တည်းတွင် အမျိုးသမီးများ၏အခွင့်အရေးအတွက်လည်း ရုန်းကန်ကြိုးစားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဒီမိုကရေစီအုပ်ချုပ်ရေး ပြန်ရပြီးနောက်ပိုင်းအခြေခံဥပဒေသစ်တွင် အမျိုးသမီးတို့၏စိုးရိမ်ပူပန်မှုအရေးကိစ္စများပါဝင်စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ နိုင်ငံလုံးချီကောင်စီ၏ ဥက္ကဋ္ဌဖြစ်သည်။ ထိုရာထူး သည်အစိုးရအဖွဲ့ဝင်ရာထူးဖြစ်ပြီး ၁၉၈၆ မှ ၁၉၈၉ အထိတာဝန်ထမ်းဆောင်သည်။ တာဝန်ထမ်းဆောင်စဉ်ကာလတွင် အမျိုးသမီးများ၏ဘဝအခြေအနေတိုးတက်လာစေရေးမူဝါဒများကိုရေးဆွဲပြဋ္ဌာန်းခဲ့သည်။ (နိုင်ငံသားအခွင့်အရေး၊ လေ့လာမှု၊ သတင်းနှင့်လှုပ်ရှားမှု) CEPIA အဖွဲ့၏ ပူးတွဲအမှုဆောင်ညွှန်မှူးဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ၁၉၉၀ ပြည့်နှစ်တွင်တည်ထောင်ခဲ့ပြီး ကျန်းမာရေး၊ လိင်နှင့်မျိုးဆက်ပွားအခွင့်အရေး၊ အကြမ်းဖက်မှုနှင့် တရားမျှတမှု

ရရှိရေး၊ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရရှိမှုတို့ကို ကျား၊မလူမှုရေးရာမျက်နှာစာမှ အာရုံစိုက်လုပ်ကိုင်သည့် အန်ဂျီအိုဖြစ်သည်။

## ဇုဇု ဆီကာတာ

ဂါနာနိုင်ငံသူပညာရှင်၊ ကျား၊မလူမှုရေးရာ အရေးဆိုလှုပ်ရှားသူဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များမှစပြီး ဂါနာအမျိုးသမီးလှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်သည်။ ဂါနာနိုင်ငံမှ အမျိုးသမီးအခွင့်အရေးကွန်ရက်ကို တည်ထောင်သည့် အဖွဲ့ဝင်များထဲတွင်ပါသည်။ ယင်းကွန်ရက်၏ညီလာခံဖြစ်မြောက်ရေးစီစဉ်သူလုပ်ခဲ့ပြီး ယခုအခါ ကွန်ရက်၏ဦးဆောင်ကော်မတီတွင် အဖွဲ့ဝင်ဖြစ်သည်။ စာရင်းအင်း၊ လူမှုရေးနှင့် စီးပွားရေးသုတေသနသိပ္ပံတွင် တွဲဖက်ပါမောက္ခဖြစ်သည်။ ဂါနာတက္ကသိုလ်၏ ကျား၊မလူမှုရေးရာလေ့လာမှုနှင့် အရေးဆိုလှုပ်ရှားမှုဌာန ညွှန်မှူးဟောင်းဖြစ်သည်။ ကျား၊မလူမှုရေးရာနှင့်အသက်မွေးဝမ်းကျောင်းမှု၊ ကျား၊မလူမှုရေးရာနှင့်ဖွံ့ဖြိုးရေးမူဝါဒများ၊ကျင့်စဉ်များ၊ ကျေးလက်နှင့်မြို့ပြအသက်မွေးဝမ်းကျောင်းမှုစနစ်များ၊ မြေယာပိုင်ဆိုင်ခွင့် နိုင်ငံရေးစသည်တို့သည် သူမသုတေသနပြုရန်စိတ်ပါဝင်စားသည့် ဘာသာရပ်များဖြစ်သည်။

## တီရီဆာ ဘားလ်ဒက်စ်

ချီလီလူမှုရေးဗေဒပညာရှင်၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူနှင့် အမျိုးသမီးအခွင့်အရေးအတွက် အရေးဆိုလှုပ်ရှားသူဖြစ်သည်။ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ပိနိုချေးအစိုးရက သူ့ကိုထောင်ချခဲ့သည်။ ထောင်မှလွတ်သည့်အခါ အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင်ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် Women for Life အဖွဲ့ကိုပူးတွဲတည်ထောင်သည်။ ယင်းအဖွဲ့သည် အာဏာရှင်စနစ်ကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများစီစဉ်ကျင်းပခဲ့သည်။ လက်တင်အမေရိက လူမှုရေးသိပ္ပံပညာဌာနတွင် သုတေသီနှင့်ပါမောက္ခအဖြစ် ၂၅ နှစ်တာတာဝန် ထမ်းဆောင်သည်။ ထိုဌာနတွင် Gender Studies Area ကိုတည်ထောင်သူနှင့်ညှိနှိုင်းဆောင်ရွက်သူဖြစ်သည်။ ချီလီနိုင်ငံမှ အမျိုးသမီးများဖွံ့ဖြိုးရေးနှင့်လေ့လာရေးဗဟိုဌာန၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည်။ လွတ်လပ်သော သုတေသနနှင့်အရေးဆိုလှုပ်ရှားမှုအဖွဲ့ဖြစ်သည့် ကျား၊မရေးရာတန်းတူညီမျှမှု လေ့လာရေးအဖွဲ့ (Gender Equality Observatory) တွင် ညှိနှိုင်းဆောင်ရွက်သူအဖြစ် လက်ရှိလုပ်ကိုင်နေသည်။

အခန်း (၇)

# အာဏာရှင်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့

## အနာဂတ်ကိုပုံဖော်ရန် နိုင်ငံရေးခေါင်းဆောင်များထံမှ သင်ယူလေ့လာခြင်း

# အာဏာရှင်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးဆီသို့ - အနာဂတ်ကိုပုံဖော်ရန် နိုင်ငံရေးခေါင်းဆောင်များထံမှ သင်ယူလေ့လာခြင်း

Sergio Bitar နှင့် Abraham F. Lowenthal ရေးသည်။

အီဂျစ်၊တူနီးရှား၊ယီမင်နှင့် မြန်မာနိုင်ငံတို့ကဲ့သို့ ကမ္ဘာ့အရပ်ရပ်ရှိနိုင်ငံများမှ အာဏာရှင်အစိုးရများကို ဒီမိုကရေစီကိုတောင်းဆိုလေ့ရှိသည့် အတိုက်အခံလှုပ်ရှားမှုများက စိန်ခေါ်ခဲ့ကြသည်။ထိုနိုင်ငံအစိုးရများအနက်အချို့က တောင်းဆိုမှုကိုလက်သင့်ခံခဲ့ကြပြီး အချို့အစိုးရများကနောက်နွားဖြောင့်ဖြောင့်လိုက်လာဖွယ်ရှိသည်။ အကြောင်းမှာ ကျူးဘား၊ အရှေ့နှင့်အနောက်အာဖရိက၊ မြောက်အာဖရိကနှင့် ဆာဟာရအောက်ပိုင်းအာဖရိကဒေသတို့မှ ဒီမိုကရေစီမဆန်သောအစိုးရများသည် ပြည်သူ့အများပါဝင်ဆောင်ရွက်ခွင့်နှင့်ကိုယ်စားပြုခွင့်တို့အတွက် တောင်းဆိုမှုများ တိုးပွားလာခြင်းနှင့် တိုး၍ရင်ဆိုင်လာရခြင်းကြောင့်ဖြစ်ပါသည်။

အဆိုပါအစိုးရများနေရာတွင် ဒီမိုကရေစီကိုအစားထိုးတည်ဆောက်ရခြင်းသည် မလွယ်ကူ၊ မမြန်ဆန်ခဲ့သလို လွယ်ကူမြန်ဆန်ဦးမည်လည်းမဟုတ်ပါ။ သို့တိုင် ကမ္ဘာ့နေရာများစွာ၌ ဖြစ်ပေါ်ခဲ့သည့် အပြောင်းအလဲလှိုင်းလုံးများ၊ ရံဖန်ရံခါ အောက်ခြေရေစီးကြောင်းများအတိုင်းလိုက်ပါပြောင်းလဲခဲ့မှုများသည် ပိုမိုပွင့်လင်းသော၊ ပြည်သူ့အများပါဝင်ဆောင်ရွက်ခွင့်ရှိသော၊ ပို၍တာဝန်ခံမှုရှိသော နိုင်ငံရေးစနစ်သို့ယေဘုယျအားဖြင့် ရွှေ့လျောသွားခဲ့သည်။ ပဂ္ဂလဘဝ ပိုင်စိုးမှုနှင့်နိုင်ငံရေးဆိုင်ရာ ဆန္ဒထုတ်ဖော်မှုတို့သည် မြို့ပြများထွန်းကားလာခြင်း၊ ဝင်ငွေ၊ ပညာရေး၊ စာတတ်မြောက်မှုတို့ပိုမိုမြင့်မားလာခြင်းတို့၏တွန်းအားပေးမှုကိုခံလာရသည်။ အဆိုပါတိမ်းညွှတ်မှုများကို နောက်တစ်ဆင့်တွင် အတိုက်အခံလှုပ်ရှားမှုများ စည်းရုံးလှုပ်ရှားရန်ပိုမိုလွယ်ကူစေသည့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာသစ်များက အရှိန်အဟုန်မြှင့်တင်ပေးလိုက်သည်။

ကမ္ဘာ့အနှံ့မှပြည်သူများသည် ၎င်းတို့၏ထုတ်ဖော်ပြောဆိုမှုများကို နားစိုက်ထောင်စေလိုကြသည်။ ဤနိုင်ငံရေး ဆန္ဒထုတ်ဖော်ခွင့်အတွက် ပြင်းပြသောဆန္ဒသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းမှုများဟူသည့် ပုစ္ဆာကို အပြည်ပြည်ဆိုင်ရာလုပ်ငန်းစဉ်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်သွားစေခဲ့သည်။ လက်ဦးမဆွက ဖြစ်ပျက်ခဲ့သည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ မည်သို့အောင်မြင်မှုရခဲ့သည်ကိုလည်း အချိန်ကိုက်လေ့လာ မိစေခဲ့သည်။ လက်ဦးမဆွကရှိခဲ့သော အသွင်ကူးပြောင်းမှုများသည် မလွှဲသာမရှောင်သာဖြစ်ပျက်ခဲ့ခြင်းမဟုတ်ဘဲ မမျှော်လင့်ပဲဖြစ်ပျက်လာသည်ကများသဖြင့် အချိန်ကိုက်လေ့လာမှုသည် အထူးအရေးကြီးပေသည်။

ဤဆောင်းပါးတွင် နိုင်ငံပေါင်းကိုးနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင် ၁၃ ဦး (ယခင်သမ္မတောင်း ၁၂ ဦးနှင့် ဝန်ကြီးချုပ်ဟောင်းတစ်ဦး) နှင့်မိမိတို့တွေ့ဆုံမေးမြန်းမှုများကိုအနှစ်ချုပ်သုံးသပ်ရေးသားထားပါသည်။ ထိုနိုင်ငံရေးခေါင်းဆောင် ၁၃ ဦးသည် ၎င်းတို့၏နိုင်ငံများတွင် ၂၀ ရာစု၏နောက်ဆုံး၂၅ နှစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများ အဆုံးသတ်စေရန်ကူညီခဲ့ကြပြီး ဒီမိုကရေစီကို ရုပ်လုံးပေါ်အောင်လုပ်ဆောင်ခဲ့ကြသည်။[1] အဆိုပါကိုးနိုင်ငံစလုံးသည် ဒီမိုကရေစီအုပ်ချုပ်ရေးကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူညီတူရရှိခဲ့ခြင်းမဟုတ်ဘဲ အချို့ဖြစ်ရပ်များတွင် ဒီမိုကရေစီအုပ်ချုပ်ရေး တစ်လုံးတစ်ဝတည်းရရှိခဲ့ခြင်းမရှိသော်လည်း နောက်ကြောင်းပြန်ခြင်းမရှိခဲ့ပေ။

ဒီမိုကရေစီသို့အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများ အခြားသောနိုင်ငံများတွင် အောင်မြင်မှုမရခဲ့ကြသည့်တိုင် ခေါင်းဆောင်များ၏စူးရှထက်မြက်သောဉာဏ်ပညာကို ဖမ်းဆုပ်မိစေရန် အလို့ငှာ ဤစာအုပ်ပါ အောင်မြင်သည့် ဖြစ်ရပ်ကိုးခုကိုအဓိကထားတင်ပြခြင်းဖြစ်ပါသည်။ ထိုခေါင်းဆောင်များအနက် အများစုသည် ပါတီနိုင်ငံရေးတိုက်ပွဲများမှ အနားယူခဲ့သည်မှာကြာမြင့်ခဲ့ပြီဖြစ်သည်။ ၎င်းတို့၏တိုင်းပြည်များကို ဒီမိုကရေစီသို့လမ်းပြရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှပါဝင်ခဲ့ကြသည်။ နောင်အနာဂတ်အသွင်ကူးပြောင်းမှုများကို လိုလားသူများအတွက် အထောက်အကူရစေနိုင်မည့် မူဝါဒများထုတ်နုတ်ရရှိအောင် ရည်ရွယ်တင်ဆက်ထားပါသည်။[2]

အဆိုပါ အသွင်ကူးပြောင်းမှုကိုးခု၏ကောက်ကြောင်းအချို့ကိုတင်ပြမှုဖြင့်စတင်ထားပြီး ၎င်းတို့၏မြင်သာသော တူညီမှုများ၊ကွဲပြားမှုများကိုကို မီးမောင်းထိုးဖော်ပြထားသည်။ ပုံသဏ္ဌာန်မျိုးစုံဆောင်သော်လည်း အကြိမ်ကြိမ်ပြန်လည်ဖြစ်ပေါ်လာတတ်သည့် ခက်ခဲသောကိစ္စရပ်များစွာကို မီးမောင်းထိုးဖော်ပြထားသည်။ အာဏာရှင်အစိုးရများတွင် တာဝန်ထမ်းဆောင်ဆဲ

1 စာရေးသူတို့သည် ၂၀၁၂ ဇန်နဝါရီမှ ၂၀၁၃ ဇွန်အထိကြာသည့်ကာလတွင် လူကိုယ်တိုင်တွေ့ဆုံမေးမြန်းမှုများကို ဘရာဇီးသမ္မတ ကာဒိုဆို၊ ချီလီမှ ပါထရီစီယို အဲလွင်နှင့်ရီကာဒိုလာဂွိစ်၊ ဖိလစ်ပိုင်မှ ဖီဒယ်လ်ရာမို့စ်၊ ပိုလန်မှ အာလက်ဆန်းဒါး ဆွာညဲ့ဗ်စကီနှင့် တာဒေးဝုရှ် မာဇိယဲ့ဗ်စကီ၊ တောင်အာဖရိကမှ အက်ဖ်၊ဒဗလျူ၊ ဒီကလက်၊ သာဘို အမ်ဘီကီ၊ စပိန်မှ ဖိလစ်ဝွန်ဇာလက်တို့နှင့် ပြုလုပ်ခဲ့သည်။

2 ဤအက်ဆေးကို နိုင်ငံရေးသိပ္ပံသဘောတရားအနေဖြင့် ရေးသားခြင်းမဟုတ်ပါ။ နိုင်ငံရေးသိပ္ပံသီဝရီအတွက် အခြားသော နည်းလမ်းများနှင့် နောက်ထပ်ဖြစ်ရပ်များလိုအပ်မည်ဖြစ်သည်။ အောင်မြင်သည့်အသွင်ကူးပြောင်းမှုများကို အရေးပါအရာရောက်စွာအကျိုးပြုခဲ့သည့် ထင်ရှားသောခေါင်းဆောင်များထံမှ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအကြောင်း လေ့လာသင်ယူကြရန်သာ ရည်ရွယ်ပါသည်။

ဖြစ်သော်လည်း ဒီမိုကရေစီသို့အသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးရန် အသင့်ရှိသူနိုင်ငံရေးခေါင်းဆောင်များရှိသကဲ့သို့ ထိုအသွင်ကူးပြောင်းမှုများကို အောင်မြင်စေရန်ရည်ရွယ်သည် အတိုက်အခံလှုပ်ရှားမှုများမှစိန်ခေါ်သူနိုင်ငံရေးခေါင်းဆောင်များလည်းရှိသည်။ ထိုခေါင်းဆောင်များအားလုံးက ထပ်ပြန်တလဲလဲဖြစ်ပေါ်သည့် ကိစ္စရပ်များကို မည်သို့ယူဆသည်၊ မည်သို့ဖြေရှင်းခဲ့သည်ကိုနောက်တစ်ဆင့်တွင်မိမိတို့ပြသထားပါသည်။ ထိုနိုင်ငံရေးခေါင်းဆောင်များအကောင်အထည်ဖော်ခဲ့သည့် မဟာဗျူဟာများ၊ ၎င်းတို့ရင်ဆိုင်ခဲ့ရသည့် အတားအဆီးများ၊ ၎င်းတို့၏အတွေ့အကြုံမှရယူနိုင်သည့်သင်ခန်းစာများကို မိမိတို့က ဆန်းစစ်လေ့လာထားပါသည်။ ၂၀ ရာစုနောင်းပိုင်းက အသွင်ကူးပြောင်းမှုများနှင့် နောင်အနာဂတ်အသွင်ကူးပြောင်းမှုများ၏ အခြေအနေများမည်သို့ကွဲပြားခြားနားသွားမည် အနာဂတ်တွင် ထိုကွဲပြားမှုများက မည်သို့ဂယက်ရိုက်မည်ကို စဉ်းစားသုံးသပ်ထားပါသည်။ တွေ့ဆုံမေးမြန်းမှုများတွင် အထင် အရှားတွေ့မြင်ခဲ့ရသည့် ထူးခြားထင်ရှားသောနိုင်ငံရေးခေါင်းဆောင်မှု အရည်အချင်းများကို နိဂုံးပိုင်းတွင် ရှာဖွေဖော်ထုတ်ပြထားသည်။ ထိုနိုင်ငံရေးခေါင်းဆောင်မှုများသည် ယနေ့ခေတ်တွင် အလွန်ပင်လိုအပ်နေသည်။ ဒီမိုကရေစီဖြစ်ထွန်းအောင် ခေါင်းဆောင်များကချည်းမလုပ်ဆောင်နိုင်သော်လည်း ၎င်းတို့၏ တာဝန်ယူဆောင်ရွက်မှုများက အလွန်အရေးပါ ပါသည်။

## အောင်မြင်သော အသွင်ကူးပြောင်းမှုကိုးခုတွင် အပေါ်စီးမှမြင်ရသည့်အချက်များ

- အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ဤအသွင်ကူးပြောင်းမှုအများစုသည် တစ်ခါတည်းဖြစ်ပျက်ခြင်းမဟုတ်ဘဲ ရှည်လျားသောလုပ်ငန်းစဉ်များဖြစ်သည်။ မြင်သာသည့်အပြောင်းအလဲများ၏ ထူးခြားထင်ရှားအခိုက်အတန့် များဖြစ်ကြသည့် တောင်အာဖရိကတွင် နယ်လ်ဆင်မင်ဒေလား သမ္မတဖြစ်လာခြင်း၊ ဖိလစ်ပိုင်တွင် ပြည်သူ့အာဏာလှုပ်ရှားမှု ဝုန်းကနဲထွက်ပေါ်လာခြင်း၊ ၁၉၉၈ ခုနှစ် ချီလီလူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးရေးအပြတ်အသတ်အောင်ပွဲခံခြင်း၊ အပြည့်အဝလွတ်လပ်ခြင်းမရှိသည့် ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲတွင် ပိုလန်ကွန်မြူနစ်များ အံ့အားသင့်စဖွယ် ရှုံးနိမ့်သွားခြင်းတို့သည် တစ်ကမ္ဘာလုံး၏အာရုံစိုက်မှုကို သိမ်းကြုံးရယူနိုင်ခဲ့သည်။ သို့သော် ဤအသွင်ကူးပြောင်းမှုကိုးခုနှင့် အခြားသောအသွင်ကူးပြောင်းမှုအများစုသည် အလွန်ပင်ကြာညောင်း သည့်ကာလအတွင်း တဖြည်းဖြည်းဖြစ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံရေးအသွင်ကူးပြောင်းမှုကို ထင်သာမြင်သာဖြစ်စေသည့် သို့မဟုတ် အရှိန်အဟုန်မြင့်စေသည့်နေရာမှ ပြယုဂ်ဖြစ်ရပ်များ အမိကပါဝင်နိုင်သော်လည်း ဒီမိုကရေစီသို့သွားသည့် ခရီးလမ်းသည် အဆိုပါဖြစ်ရပ်များမတိုင်မီနှင့် (ယင်းဖြစ်ရပ်များအပြီးနှစ်များစွာအကြာ၌) လမ်းစပေါ်လာလေ့ရှိသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို ထောက်ခံအားပေးသူ၊ တာဝန်ယူဆောင်ရွက် သူလိုသူများသည် ဤအချက်ကိုနှလုံးသွင်းထားသင့်သည်။

ဤစာအုပ်ပါ အသွင်ကူးပြောင်းမှုများသည် အာဏာရှင်စနစ်နိဂုံးချုပ်သွားသည့် အောက်မေ့ဖွယ်အခိုက်အတန့်မတိုင်မီက ကာလရှည်ကြာစွာကတည်းက မူလအစများရှိနေသည်ချည်းသာဖြစ်သည်။ အသွင်ကူးပြောင်းမှုကိုဦးတည်သည့် ပထမခြေလှမ်းများသည် မသိမသာဖြစ်ပွားတတ်သည့်အပြင် ထင်သာမြင်သာပင်မရှိပေ။ ထိုပထမခြေလှမ်းများသည် နိုင်ငံရေး အတိုက်အခံအုပ်စုအတွင်းတွင်လည်းကောင်း၊ အာဏာရှင်အစိုးရအတွင်းတွင်လည်းကောင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းသို့မဟုတ် နေရာအနှံ့အပြားတွင်လည်းကောင်း ထင်သာမြင်သာမရှိဘဲ မသိမသာပေါ်ပေါက်လာတတ်သည်။

အဆိုပါ အသွင်ကူးပြောင်းမှုအကြိုကာလ အပိုင်းအခြားများတွင်နိုင်ငံရေးပါတီများ၊ လေ့လာရေးအဖွဲ့များ၊ အတိုင်ပင်ခံပညာရှင်အဖွဲ့များ၊ အလုပ်သမားသမဂ္ဂများ၊ အမျိုးသမီးများနှင့်ကျောင်းသားများ၏ လှုပ်ရှားမှုများ၊ အခြားပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့များ (NGOs) ပါဝင်သည်။ အတိုက်အခံလှုပ်ရှားမှုများအတွက်မူ အဆိုပါ အသွင်ကူး ပြောင်းမှုအကြိုကာလအပိုင်းအခြားများသည် ပုဂ္ဂိုလ်ရေးအဆက်အသွယ်များကို နက်ရှိုင်းစေပြီး အမျိုးမျိုးသောအတိုက်အခံအုပ်စုများကြားတွင်ယုံကြည်မှုကိုဖြစ်ထွန်းစေနိုင်သည်။ အချို့ဖြစ်ရပ်များတွင် အာဏာရှင်အစိုးရနှင့် အတိုက်အခံဘက်ရှိ ခေါင်းဆောင်များထဲမှ ထင်ရှားသည့်ပုဂ္ဂိုလ်များကြား အပြန်အလှန်နားလည်မှုကိုဖွံ့ဖြိုးစေပြီး အဆက်အသွယ်များကိုလည်း အသွင်ကူးပြောင်းမှုအကြိုကာလ အပိုင်းအခြားများက တိုးတက်စေနိုင်သည်။

- အသွင်ကူးပြောင်းမှုများသည် စတင်ဖြစ်ပွားသည်နှင့် အရှိန်အဟုန်အမျိုးမျိုးဖြင့် ဆက်လက်ဖြစ်ပေါ်တတ်သည်။ တိုးတက်မှုများရှိသလို ဆုတ်ယုတ်မှုများလည်းရှိသည်။ တခါတရံ မြွေလိမ်မြွေကောက်ဖြစ်ပေါ်လာတတ်သည်။ မမျှော်လင့်ဘဲပေါ်လာသည့် ဖြစ်ရပ်များက ကြီးကျယ်သည့်သက်ရောက်မှုများရှိသည်။ ၁၉၈၅ ခုနှစ် တိုက်ရိုက်မဟုတ်သော သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံလှုပ်ရှားမှုက ၎င်းတို့၏ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံရသည့် ရွေးကောက်တင်မြှောက်ခံ ဘရာဇီးသမ္မတ တန်ခရီဒို နီဗက်စ်သည် စစ်အုပ်ချုပ်ရေးနှစ်နှစ်ဆယ်ကြာအပြီးပထမဆုံးအရပ်သားသမ္မတအဖြစ် တာဝန်ယူသည့်နေ့တွင်ပင် သေလုမျောပါးနာမကျန်းဖြစ်ခဲ့သည်။ အတိုက်အခံ၏ ရွေးကောက်ပွဲအနိုင်ရရေးအလားအလာများကို တိုးမြင့်လာစေရန်လုပ်ဆောင်ခဲ့သည့် နိုင်ငံရေး သဘောတူညီချက်ရလဒ်အဖြစ် နီဗက်စ်ကွယ်လွန်ခြင်းက ဒုတိယသမ္မတ ဟိုဆေးဆာနေကို သမ္မတ ဖြစ်လာစေခဲ့သည်။ ဟိုဆေးဆာနေသည် စစ်အစိုးရမှ အရပ်ဘက်ရွေးရိုးစွဲ ထင်ရှားသည့်ပုဂ္ဂိုလ်ဖြစ်သည်။ ထိုရာ ထူးအပြောင်းအလဲက အသွင်ကူးပြောင်းမှုကိုနှေးကွေးသွားစေသော်လည်း တစ်နည်းတစ်ဖုံလွယ်ကူချောမွေ့ သွားစေခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ချီလီ၌ ဩဂုတ်စတိ ပိနိုချေးကို လက်ဝဲအစွန်းရောက်များက လုပ်ကြံမှုမအောင်မမြင်ဖြစ်သွားခဲ့ခြင်းက အကြမ်းဖက်မှုနည်းလမ်းကိုအသုံးပြုလိုသူများနှင့် ဒီမိုကရေစီလိုလားသူ

အတိုက်အခံတို့ကို အပြီးအပိုင်လမ်းခွဲသွားစေခဲ့သည်။ စပိန်နိုင်ငံတွင် လူဝစ်ကာရီယို ဘလွန်ကိုလုပ်ကြံခံရခြင်း၊ တောင်အာဖရိကတွင် ခရစ်ဟာနီ လုပ်ကြံခံရခြင်း၊ ဖိလစ်ပိုင်တွင် ဘင်နစ်နိုအကွီနို လုပ်ကြံခံရခြင်း (ဖိလစ်ပိုင်နိုင်ငံ၌ မားကို့စ်အစိုးရကိုဆန့်ကျင်သည့် နိုင်ငံ့ရေးအတိုက်အခံခေါင်းဆောင်ဖြစ်ပြီး ၁၉၈၃ ခုနှစ်၌ ပြည်ပတွင်တိမ်းရှောင်နေရာမှ မနီလာမြို့တော်သို့ပြန်လာစဉ် လေဆိပ်ချဉ်းကပ်လမ်း၌ လုပ်ကြံသတ်ဖြတ်ခံရသည်) တို့သည် အရေးကြီးသည့် နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များကိုဖြစ် ပေါ်လာစေခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဘာလင်တံတိုင်းကိုဖြိုဖျက်လိုက်ခြင်းနှင့် ဆိုဗီယက်ပြည်ထောင်စုအတွင်း အပြောင်းအလဲများဖြစ်လာပြီးနောက် ပြိုကွဲသွားခြင်းတို့သည် ပိုလန်နှင့် တောင်အာဖရိက တို့တွင် အပြောင်းအလဲဖြစ်ပေါ်ရန် နောက်ခံအခြေအနေကိုပြောင်းလဲစေခဲ့ပြီး၊ ၁၉၉၇-၉၈ အာရှဘဏ္ဍာရေးအကျပ်အတည်းက အင်ဒိုနီးရှားတွင် ဆူဟာတိုအစိုးရကို ချိန့်သွားစေခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များက အဆိုပါရုတ်တရက်ဖြစ်ရပ်များကို လုံးဝမမျှော်လင့်ထားကြပေ။ အဆိုပါဖြစ်ရပ်အများစုသည် ကြိုမမြင်နိုင်သောအတားအဆီးများကိုဖြစ်ပေါ်လာစေသည်။ ထိုဖြစ်ရပ်များတွင် သိမ်မွေ့ကျင်လည်သောတုံ့ပြန်မှုလိုသည်။ သို့သော် ဒီမိုကရေစီရရှိအောင်လုပ်ရန် အလားအလာများကို လမ်းကြောင်းလွဲမသွားစေခဲ့ပေ။

- ဖြစ်တောင့်ဖြစ်ခဲ့အခြေအနေတွင် စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်ရချိန်တွင် ၁၉၉၈ ခုနှစ်က အင်ဒိုနီးရှားတွင်ဖြစ်ခဲ့သလို အာဏာရှင်အစိုးရများ ရုတ်တရက်ပြိုလဲသွားခဲ့ခြင်း၊ သို့မဟုတ် ၁၉၈၆ ခုနှစ်တွင် မားကို့စ်ကျင်းပသည့် မသမာမှုထူပြောသော ကြားဖြတ်ရွေးကောက်ပွဲအပြီး အကွီနိုလုပ်ကြံခံရခြင်းကဲ့သို့ မီးလောင်ရာလေပင့် ဖြစ်ရပ်များကြောင့် ပြည်သူများဒေါသူပုန်ထသွားစေကာ အာဏာရှင်အစိုးရပြုတ်ကျခြင်းတို့ ဖြစ်ပွားလေ့ရှိသည်။[3] ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အခြေအနေများတွင်ပင် အာဏာရှင်ဆန့်ကျင်သည့် ကျယ်ပြန့်သော လူထုစည်းရုံးလှုပ်ရှားမှုလုပ်ငန်းစဉ်နောက်တွင် လျှို့ဝှက်ဆောင်ရွက်သော သို့မဟုတ် အများသိတွေ့ဆုံဆွေးနွေးမှုက ဒီမိုကရက်တစ်အုပ်ချုပ်ရေးအလားအလာ ဖြစ်ထွန်းအောင်လုပ်ရန် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်မူဝါဒများကို သဘောတူညီမှုများဖြစ်ပေါ်လာစေရေးကို အထောက်အကူပြုလေ့ရှိသည်။ မည်မျှပင်ကြီးကျယ် ပြောင်မြောက်သည်ဖြစ်စေ လမ်းမပေါ်ကလူအုပ်များထံမှ ဒီမိုကရေစီသည် တိုက်ရိုက် ထွက်ပေါ်လာခြင်းမဟုတ်ပေ။

3 ဂရီပေါ်တူဂီ၊အာဂျင်တီးနားတို့တွင်ဖြစ်ခဲ့သလို စစ်တပ်ကျရှုံးသွားပြီးနောက် အာဏာရှင်အစိုးရများ ပြိုလဲသွားခြင်းမျိုးကို စာရေးသူတို့က လေ့လာသုံးသပ်ခဲ့ခြင်းမရှိပါ။ ဖိလစ်ပိုင်နိုင်ငံမှ ပြည်သူ့တပ်မတော်သစ် (New People's Army) လက်နက်ကိုင်တော်လှန်မှု အင်အားကောင်းလာခြင်းသည် မားကို့စ်အစိုးရကို အားနည်းလာစေခဲ့ပြီး 'လက်နက်ကိုင်တပ်များ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု'ကို အထောက်အကူပြုခဲ့သည်ဟူသောယူဆချက်သည် မားကို့စ်ကိုဖြုတ်ချရန် အထောက်အကူပြုခဲ့သည်။

- ဤစာအုပ်ပါအသွင်ကူးပြောင်းမှုအများစုသည် ရင့်မာသည့်အဆင့်နှင့် စနစ်တကျ ကျင့်သားရအောင် လုပ်သည့်အဆင့် (institutionalization) သို့ ရောက်ရန် နှစ်ပေါင်းများစွာ အချိန်ယူရသည်။ ဘရာဇီး၊ ချီလီ၊ ဖိလစ်ပိုင်၊ ပိုလန်၊ တောင်အာဖရိကနှင့်စပိန်နိုင်ငံများအပါအဝင် အချို့နိုင်ငံများတွင် အာဏာရှင်အုပ်ချုပ်ရေးအဆုံးသတ်ရန် အတိုက်အခံလှုပ်ရှားမှုများမှ တောက်လျှောက်ဖိအားပေးဆန့်ကျင်မှုများ နှစ်ပေါင်းများစွာလုပ်ရန်လိုအပ်သည်။အဆင့်ပေါင်းများစွာရှိပြီး ရံဖန်ရံခါကျရှုံးမှုများလည်းရှိခဲ့သည်။ တောင်အာဖရိက၊ဂါနာ၊ပိုလန်နှင့်ဘရာဇီးတို့တွင် အာဏာရှင်အစိုးရများ (သို့မဟုတ် ယင်းတို့အထဲမှ အစုအဖွဲ့များ) က ရပ်တည်ချက်ပျော့ပြောင်းသော အတိုက်အခံအင်အားစုများနှင့်ထိတွေ့ ဆက်ဆံလာကြသည့်အကြောင်းအရင်းမှာ နိုင်ငံတကာတွင် တရားဝင်မှုမြင့်တက်လာစေရန် သို့မဟုတ် ပြည်တွင်းမှဖိအားများကို တုံ့ပြန်နိုင်ရန်လည်းပါသည်။ ထို့အပြင် အာဏာရှင်အစိုးရများဘက်က တံခါးဖွင့်လာခြင်းကို စေ့စပ်ဆွေးနွေးရန်လိုလားသည့် အတိုက်အခံအင်အားစုများနှင့် ဆက်ဆံရေးတည်ဆောက်ရန်လည်းပါသည်။ ဥပမာ စပိန်၊ တောင်အာဖရိကနှင့်ပိုလန်တို့တွင် တစ်ဘက် သို့မဟုတ် နှစ်ဘက်စလုံးက အခါအားလျော်စွာ အားစမ်းမှုများနှင့်အတူ အီလစ်လူတန်းစားများကြား ဒိုင်ယာလော့နှင့် စေ့စပ်ဆွေးနွေးမှု အယူအဆများဖြစ်ပေါ်ရေး ရှည်ကြာသောလုပ်ငန်းစဉ်များသည် ရှည်လျားသောပဋိပက္ခများမှ ထွက်ပေါ်လာသည်။ အဆိုပါ စေ့စပ်ဆွေးနွေးမှုများက စည်းဘောင်ကလနားများကို ချမှတ်လိုက်ပြီး ဒီမိုကရေစီလှုပ်ရှားမှုများကို ထောက်ခံအားပေးမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိစေကာ နောက်ဆုံး၌အမြစ်တွယ်ခိုင်မာသွားစေမည့် စေ့စပ်ညှိနှိုင်းမှု၏ ပင်မအခြေခံမူများ၊ ဥပဒေသများ တဖြည်းဖြည်းဖြစ်ထွန်းလာစေနိုင်သည်။

- အသွင်ကူးပြောင်းမှုများတွင် ဘုံလက္ခဏာရပ်အချို့ရှိသည့်တိုင် အစပျိုးမှု၊ အဆင့်လိုက်ဖြစ်ပေါ်မှုနှင့် ဆက်လက်ဖြစ်ပေါ်မှုလမ်းကြောင်းများမှာမူ မတူကြပေ။ ထိုအသွင်ကူးပြောင်းမှုများဖြစ်ပေါ်ထွက်လာခဲ့သည့် အခြေအနေများကိုကြည့်လျှင် စပိန်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့တွင် စစ်တပ်ကျောထောက်နောက်ခံမှုရသည့် လူပုဂ္ဂိုလ်တစ်ဦးတည်းက ချုပ်ကိုင်ထားသည့်အာဏာရှင်စနစ်များ၊ ဘရာဇီးနှင့်ချီလီတို့တွင်အင်စတီကျူးရှင်းဆိုင်ရာ စစ်ဘက်အုပ်ချုပ်မှု၊ ဂါနာတွင် ပုဂ္ဂိုလ်ရေးသြဇာတိက္ကမရှိသည့် အာဏာရှင်စနစ်ဖြင့် စစ်တပ်ကတစ်စိတ်တစ်ပိုင်းအုပ်ချုပ်မှု၊ မက္ကဆီကိုနှင့်ပိုလန်တို့၌ အလွန်ကွဲပြားသည့်ပုံစံဖြင့် တစ်ပါတီထဲကလွှမ်းမိုးထားသည့်စနစ်၊ တောင်အာဖရိကတွင် လူများစုလူမည်းများကို နှစ်ပေါင်းများစွာဖိနှိပ်ခဲ့သည့် လူဖြူလူနည်းစုက ခွဲခြားဆက်ဆံအုပ်ချုပ်မှု စသည့် အခြေအနေများကိုတွေ့ရမည်ဖြစ်သည်။[4] ပိုလန်ဖြစ်ရပ်တွင် ဆိုဗီယက်ပြည်ထောင်စုထံမှ ထောက်ခံအားပေးမှုက ကန့်သတ်မှုရော၊ ဖေးမကူညီမှုပါပေးခဲ့သည်။

---

4 အချို့ဖြစ်ရပ်များတွင် ပြည်တွင်းစစ်များအပြီး သို့မဟုတ် ပြည်ပကျူးကျော်မှုအပြီး သို့မဟုတ် ဘုရင်စနစ်များ၊ အရှိက်အရာဆက်ခံမှုဖြင့်တက်သည့် အစိုးရများမရှိသည့်နောက်ပိုင်းတွင် အသွင်ကူးပြောင်းမှုများဖြစ်ပွားသည်။ ဖော်ပြပါ အသွင်ကူးပြောင်းမှုတစ်ခုစီသည် ထူးခြားသည့်ကိစ္စရပ်များကိုဖော်ပြနေပြီး ဤနေရာတွင်ထည့်သွင်း စဉ်းစားထားသည့် ထပ်ခါတလဲလဲဖြစ်သော စိန်ခေါ်မှုများစွာသည်လည်း ဆက်နွယ်မှုရှိနေသည်။

ထိုအာဏာရှင်အစိုးရများ နိုင်ုံးချုပ်ပုံနှင့် ဒီမိုကရေစီအလားအလာများကို အခြေအနေ ပေးလာပုံကို လွှမ်းမိုးသည့်နည်းလမ်းပေါင်းများစွာသည် အာဏာရှင်အစိုးရတစ်ခုနှင့်တစ်ခု ကြုံရပုံချင်းမတူပေ။ တိုင်းရင်းသားလူမျိုးစု နောက်ခံအမျိုးမျိုး၊ ဘာသာရေးယုံကြည်မှု အမျိုးမျိုး၊ ဒေသတွင်းသစ္စာခံအမျိုးမျိုး၏ သစ္စာစောင့်သိမှုကိုရယူနိုင်စွမ်း၊ အာဏာရှင်များက ၎င်းတို့၏တိုင်းပြည်နယ်နိမိတ်ကိုထိန်းချုပ်နိုင်စွမ်းတို့အပေါ်မူတည်၍ အာဏာရှင်စနစ် တစ်ခုနှင့်တစ်ခုကွဲပြားသည်။ ထိုကွဲပြားမှုများသည် စပိန်၊ တောင်အာဖရိက၊ ဂါနာ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် အသွင်ကူးပြောင်းမှုများကို သိသိသာသာ လွှမ်းမိုးခဲ့သည်။ ထိုနိုင်ငံများတွင် သီးခြားရှိနေသည့် ဒေသများနှင့်တိုင်းရင်းသားလူမျိုး အုပ်စုများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်သယံဇာတခွဲဝေမှုတို့ကို ပိုမိုရရှိရန် တောင်းဆိုခဲ့ကြသည်။

အနိမ့်ဆုံးအဆင့် လူ့အဖွဲ့အစည်းအတွင်း အင်အားကြီးသော အုပ်စုများအတွက်ဖြစ်စေ၊ စီးပွားရေးဖွံ့ဖြိုးမှုကိုအောင်မြင်အောင်လုပ်ခြင်း၊ လူမှုဖူလုံရေးကိုမြှင့်တင်ခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့အား လိုအပ်ချက်များဖြည့်ဆည်းပေးခြင်းအား ကာကွယ်စောင့်ရှောက်ခြင်းတို့ ဆောင်ရွက်ပေးရာတွင် လက်ခံနိုင်သည့်အတိုင်းအတာအထိ အောင်မြင်သော အာဏာ ရှင်အစိုးရပေါင်းများစွာရှိသည်။ အောင်မြင်အောင်မလုပ်နိုင်သည့် အာဏာရှင်အစိုးရ များလည်းရှိသည်။ လက်ခံနိုင်သည့်အတိုင်းအတာထိ အောင်မြင်သော အစိုးရများထံမှ အသွင်ကူးပြောင်းမှုနှင့် ဆိုးရွားစွာကျရှုံးခဲ့သည့် အစိုးရများထံမှ အသွင်ကူးပြောင်းမှုများ သည် ကွဲပြားသောလမ်းကြောင်းများအတိုင်းသွားကြပြီး အတိုက်အခံအင်အားစုများနှင့် နှိုင်းယှဉ်နိုင်သည့်အစိုးရ၏ နှိုင်းရပါဝါက ထိုလမ်းကြောင်းများကိုပုံဖော်သည်။ နိုင်ငံသား တို့ ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း (citizen security) နှင့် စီးပွားရေးဖွံ့ဖြိုးမှု တို့ပေးအပ်ရာတွင် တည်ဆဲအာဏာရှင် အစိုးရ၏အများသိပြီးသား အောင်မြင်မှုက ဘရာဇီး၊ ချီလီနှင့် စပိန်တို့မှ အသွင်ကူးပြောင်းမှုများကို သက်ရောက်မှုရှိခဲ့သည့် သာဓကရှိ သည်။

စစ်တပ်၊ရဲ၊ ထောက်လှမ်းရေးနှင့် အခြားလုံခြုံရေးအဖွဲ့အစည်းများကို ပြည်သူလူထု၏ ထောက်ခံမှုရေချိန်နှင့် ထိုအဖွဲ့အစည်းများ၏ ပညာသည်ဆန်သော စည်းကမ်းရှိမှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ပေါင်းစည်းမှုရှိခြင်း အတိုင်းအတာကလည်း ဤအသွင်ကူးပြောင်းမှုများ ကိုပုံဖော်သည်။ အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် နိုင်ငံရေးပါတီများ၊ ဥပဒေပြုလွှတ်တော် များနှင့် တရားစီရင်ရေးအဖွဲ့အစည်းများအပါအဝင် အရပ်ဘက်အင်စတီကျူးရှင်းများ၏ ခိုင်မာအားကောင်းမှုကလည်း အသွင်ကူးပြောင်းမှုများဖြစ်ပေါ်လာရန် အခြေအနေပေး သည်။ ချီလီနှင့်ဘရာဇီး အသွင်ကူးပြောင်းမှုများသည် ရှိပြီးသားနိုင်ငံရေးပါတီများ၊ အင်စတီကျူးရှင်းများ၊ အစဉ်အလာများကို ပြန်လည်ရရှိလာခြင်းနှင့် ယင်းတို့တစ်စိုက် မတ်မတ်ဖြစ်ပေါ်လာခြင်းကြောင့် လွယ်ကူချောမွေ့ခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဂါနာ၊

မက္ကဆီကိုနှင့် စပိန်နိုင်ငံများတွင် ကြိုတင်ရှိထားပြီးသား အခြေခံဥပဒေ သို့မဟုတ် ဥပဒေစံနှုန်းများ၊ ကွန်ရက်များသည်လည်းရေးပါခဲ့သည်။ အချို့နိုင်ငံများတွင် လတ်တလောဖြစ်ပေါ်သည့် အကြမ်းဖက်မှုအတွေ့အကြုံ၊ ဖိနှိပ်မှုနှင့်/သို့မဟုတ် အဂတိလိုက်စားမှုတို့ကို ဆက်ဆုပ်ရွံရှာမှု သို့တည်းမဟုတ် အတိတ်ကာလမှ တန်ဖိုးထားခံရသော ဝိသေသများကို ပြန်လည်တမ်းတမှုတို့သည် အသွင်ကူးပြောင်းမှုများကို ရိုက်ခတ်မှုရှိခဲ့သည်။

အလုပ်သမားသမဂ္ဂများ၊ ဘာသာရေးအသိုင်းအဝိုင်းများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ အမျိုးသမီးအစုအဖွဲ့များ အရပ်ဖက်အဖွဲ့အစည်းများ (CSOs) ၏ ထင်ရှားသော အရည်အသွေးများနှင့် နှိုင်းရအားသာချက်များကလည်း အသွင်ကူးပြောင်းမှုကို အနည်းနှင့်အများ လွှမ်းမိုးမှုရှိသည်။ အဆိုပါအဖွဲ့အစည်းများနှင့် အာဏာရှင်အစိုးရ၊ လုံခြုံရေးတပ်ဖွဲ့များ၊ စီးပွားရေးနယ်ပယ်များ၏ ဆက်စပ်မှုရှိနေပုံကလည်း အရေးကြီးသည်။ တောင်အာဖရိကနိုင်ငံမှ အာဖရိကအမျိုးသားကွန်ဂရက် (ANC)၊ ချီလီနိုင်ငံမှကန့်ကွက်မဲပေးရေး ညွှန့်ပေါင်းလူပ်ရှားမှုနှင့် နောင် ပေါ်လာသည့် Concertación ညွှန့်ပေါင်းအဖွဲ့၊ စပိန်နိုင်ငံမှ ဆိုရှယ်လစ်ပါတီ (PSOE) နှင့် ကွန်မြူနစ်ပါတီ (PCE)၊ ပိုလန်နိုင်ငံမှ Solidarity သမဂ္ဂလူပ်ရှားမှုနှင့် အခြားပါတီများအပြင် အခြားနိုင်ငံများမှ CSO များနှင့်နိုင်ငံရေးလူပ်ရှားမှုများသည် အာဏာရှင်အစိုးရများကို ဖိအားပေးရန် စည်းရုံးလူပ်ရှားမှုများကို အထောက်အကူပြုခဲ့ကြသည်။ အတိုက်အခံလူပ်ရှားမှုနှင့်ယင်း၏ဦးဆောင်မှုကို စနစ်တကျထောက်ခံမှု ပိုမိုကျယ်ပြန့်လေလေ အာဏာရှင်အစိုးရနှင့်ထုတ်မပြောသော သို့မဟုတ် အများသိဖြစ်သော အရေးကြီးသဘောတူလိုက်လျောမှုများရရှိရန် ပိုပြီးဖြစ်နိုင်ချေရှိလေလေဖြစ်သည်။

- ဤအသွင်ကူးပြောင်းမှုများထဲမှအချို့သည် အတိုက်အခံအင်အားစုများနှင့် အာဏာရှင်အစိုးရ၏ အဆင့်မြင့်ရာထူးရှိသူ အစုအဖွဲ့များကြားတွင် အပြန်အလှန်နီးစပ်ပတ်သက်မှုလောက်ဖြင့်လည်း စတင်ဖြစ်ပေါ်လာတတ်သည်။ ထိုသို့သောအသွင်ကူးပြောင်းမှုစတင်ခြင်းများကို ဘရာဇီး၊ စပိန်၊ မက္ကဆီကို၊ ပိုလန်နှင့် ဂါနာနိုင်ငံတို့တွင် တွေ့ရသည်။ တစ်ဖက်တွင် အောက်ခြေတွင်စုဖွဲ့လုပ်ကိုင်လာသည့် လူထုစည်းရုံးလူပ်ရှားမှုမှ ဖိအားများကို အာဏာရှင်အစိုးရက အဓိကထားတုံ့ပြန်ဆောင်ရွက်မှုများအား ပိုလန်၊ အင်ဒိုနီးရှား၊ ချီလီ၊ ဖိလစ်ပိုင်၊ တောင်အာဖရိကတို့တွင်တွေ့မြင်ခဲ့ရသည်။ တည်ဆဲအစိုးရနှင့် အတိုက်အခံတို့၏ အင်အားစုများကြားထုတ်မပြောသော သို့မဟုတ် အများသိဖြစ်သော စေ့စပ်ဆွေးနွေးမှုများမှ အသွင်ကူးပြောင်းမှုများသည် စပိန်၊ ဘရာဇီး၊ တောင်အာဖရိက၊ ချီလီ၊ အင်ဒိုနီးရှား၊ မက္ကဆီကိုနှင့် ပိုလန်နိုင်ငံများတွင် သူ့နည်းသူ့ဟန်ဖြင့် ပေါ်ပေါက်ခဲ့သည်။ စပိန်နိုင်ငံတွင် နောင်တစ်ချိန် နိုင်ငံရေးသဘောတူညီချက်များသို့ ဦးတည်သွားခဲ့သည့် စီးပွားရေးမူဝါဒ ဆိုင်ရာ မွန်ကိုလာပဋ္ဌာဥ်ကဲ့သို့ အီလစ်လူတန်းစားများကြား တရားဝင်သဘောတူညီချက်များပါဝင်သည့်အသွင်ကူးပြောင်းမှု တစ်ခုစနစ်ခုစလည်းရှိသည်။

- ဤအသွင်ကူးပြောင်းမှုအားလုံးသည် ပြည်တွင်းအင်အားစုများနှင့် ပြည်တွင်းရှိလုပ်ငန်းစဉ်များ၏ရလဒ်များဖြစ် သည်။ သို့သော် ကျယ်ပြန့်သော နိုင်ငံတကာ နောက်ခံအခြေအနေနှင့် နိုင်ငံပြင်ပမှ အရေးပါသူအချို့တို့ကလည်း သူတို့နည်းသူတို့ဟန်ဖြင့် ဤအသွင်ကူးပြောင်းမှုများကို သက်ရောက်မှုရှိခဲ့သည်။ ဒေသဆိုင်ရာ တိမ်းညွှတ်မှုများ၊ လွှမ်းမိုးကြီးစိုးနေသော အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးလမ်းစဉ်များ၊ ရှေးကတည်းက အခိုင်အမာရှိခဲ့သည့် ဒီမိုကရေစီများနှင့် ချိတ်ဆက်မှုများသည်လည်း ဆက်စပ်ပတ်သက်လျက်ရှိသည်။ တိုင်းပြည်တစ်ခုချင်းစီ၏ ကမ္ဘာ့စီးပွားရေးအတွင်းသို့ ပေါင်းစည်းခြင်း အတိုင်းအတာနှင့် သဘောသဘာဝကလည်း ဆက်စပ်ပတ်သက်လျက်ရှိသည်။[5] အင်အားကြီးနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအင်စတီကျူးရှင်းများ၊ NGO များ၊ စီးပွားရေး၊ အလုပ်သမားနှင့်မီဒီယာအဖွဲ့အစည်းများ၊ ပြည်ပသို့အကြောင်းအမျိုးမျိုးဖြင့် လွှင့်စင် ရောက်ရှိသွားသည့် အသိုက်အဝန်းများအပါအဝင် ပြင်ပမှမူဝါဒရေးရာလှုပ်ရှားဆောင်ရွက်သူများသည်လည်း အသွင်ကူးပြောင်းမှုများကို သက်ရောက်မှုရှိသည်။ တိုင်းပြည်အများစုတွင် နိုင်ငံကို စွန့်ခွာထွက်ပြေးရသည့်အချိန်၌ကြုံခဲ့ရသော နိုင်ငံရေးခေါင်းဆောင်များ၏ ပြည်ပအတွေ့အကြုံနှင့်အယူအဆများ၊ အဆက်အသွယ်များက အသွင်ကူးပြောင်းမှုနှင့် ဆက်စပ်ပတ်သက်နေသည်ကို ကာဒိုဆို၊ လာဂို့စ်၊ မက်ဘီကီနှင့် ဟာဘီဘီတို့နှင့် တွေ့ဆုံမေးမြန်းမှုများတွင် တွေ့ရှိရသည်။

(အသွင်ကူးပြောင်းမှုအားလုံးမဟုတ်သော်လည်း) အချို့ဖြစ်ရပ်များတွင် ရှေ့ကရှိနှင့်ပြီးသား အသွင်ကူးပြောင်းမှုများ၏အတွေ့အကြုံများမှနေပြီး နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့် အခြားသောပူးပေါင်းပါဝင်သူများက လေ့လာနည်းမှီးကြခြင်း၊ နိုင်ငံတကာနှင့်အယူအဆများ နီးနှောဖလှယ်ခြင်းများလုပ်ဆောင်ကြသည်ကို တွေ့ရသည်။ တောင်အာဖရိကတွင် ANC ၏တွေးပုံခေါ်ပုံကို တန်ဇန်နီးယားသမ္မတ ဂျူလီယက်စ် နီရီရီ၏အခြေ ခံဥပဒေသစ်တည်ဆောက်ရာတွင် အကြံပြုချက်က မည်သို့မည်ပုံလွှမ်းမိုးမှုရှိခဲ့သည်ကို တောင်အာဖရိက သမ္မတအမ်ဘီကီက အထူးပြုပြောကြားခဲ့သည်။ ထို့အပြင် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ဖွဲ့စည်းမှုတွင် ချီလီ၏အတွေ့အကြုံက တောင်အာဖရိက၏ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုရရှိရေး တောင်အာဖရိက နိုင်ငံ၏လုပ်ဆောင်ချက်များအတွက် အချက်အလက်များပေးအပ်ခဲ့ပုံကိုလည်း အမ်ဘီကီက အထူးပြုပြောခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊ရဲနှင့် ထောက်လှမ်းရေးများကို ချီလီ နိုင်ငံသားများ မည်သို့မည်ပုံကိုင်တွယ် ဆောင်ရွက်သင့်သည်ကို စပိန်သမ္မတ ဂွန်ဇာလက်၏အကြံပြုချက်သည် မည်သို့မည်ပုံအရေးပါသည်ကို ချီလီသမ္မတ လာဂို့စ်က မှတ်ချက်

5 ဒီမိုကရေစီအသွင်ကူးပြောင်းမှုများတွင် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို နှိုင်းယှဉ်လေ့လာထားသည့်အမြင်များဖတ်ရှုလိုလျှင် Stoner, K. and McFaul, M., *Transitions to Democracy: A Comparative Perspective* [ဒီမိုကရေစီအသွင်ကူးပြောင်းမှု နှိုင်းယှဉ်လေ့လာချက်] (Baltimore, Md.: Johns Hopkins University Press, 2013). ကိုဖတ်ပါ။

ပြခဲ့သည်။ ချက်ကိုစလိုဗက်ကီးယားနှင့် ဟန်ဂေရီကို ဆိုဗီယက်ကျူးကျော်မှုသည် ပိုလ်ချုပ်ကြီး ယာရူဇဲစကီနှင့် ပိုလန်အတိုက်အခံများ၏ လုပ်ပုံကိုင်ပုံများကို မည်သို့သက်ရောက်မှုရှိခဲ့သည်ကို ပိုလန်ဝန်ကြီးချုပ် မာဇိယဲ့ဗ်စကီနှင့် သမ္မတ ခွာညဲ့ဗ်စကီတို့နှစ်ဦးစလုံးက ဖော်ထုတ်ပြသခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုနှင့်ဆိုဗီယက်ပြည်ထောင်စုကြား စစ်အေးပြိုင်ဆိုင်မှု၊ စစ်အေးနိုဂုံးချုပ်မှုတို့သည် ဤစာအုပ်ပါ အသွင်ကူးပြောင်းမှုအားလုံးကို လေးနက်စွာသက်ရောက်မှုရှိခဲ့သည်။ ထိုအသွင်ကူးပြောင်းမှုများအား လုံးတွင် နိုင်ငံတကာမှ မူဝါဒရေးရာလှုပ်ရှားဆောင်ရွက်သူများသက်သက်ဖြင့်သာ မပြီးပြတ်ဘဲ အာဏာရှင်အစိုးရကို ပြည်ပက ထောက်ခံအားပေးမှု ရုပ်သိမ်းလိုက်ခြင်းနှင့်/သို့မဟုတ် ပြည်တွင်းအတိုက်အခံဆောင်ရွက်သူများကို နိုင်ငံတကာက အားဖြည့်ထောက်ကူမှုတို့သည် ဤအသွင်ကူးပြောင်းမှုအားလုံးတွင် တကယ်ပင်အရေးကြီးလှသည်။

ဖွဲ့စည်းပုံဆိုင်ရာအရ၊ သမိုင်းကြောင်းအရ၊ နောက်ခံအခြေအနေအရ ဖြစ်ပျက်မှုများသက်သက်က အာဏာရှင်စနစ် ဘယ်အချိန်တွင် ဘယ်ပုံဘယ်နည်းအဆုံးသတ်မည်ကို၊ ဒီမိုကရေစီကို မည်သို့မည်သို့မည်ပုံ တည်ဆောက်မည်ဆိုသည်ကိုတော့ အဆုံးအဖြတ်မပေးပါ။ အစိုးရများ၊ ပါတီများ၊ လှုပ်ရှားမှုများတွင်ပါဝင်သည့် နိုင်ငံရေးခေါင်းဆောင်များက လူကြိုက်မများလှသည့် ရွေးချယ်စရာများထဲမှသေရေးရှင်ရေး ဆုံးဖြတ်ချက်များကို ချမှတ်ရလေ့ရှိသည်။ ဆုံးဖြတ်ချက်ချရာတွင် ကျွမ်းကျင်မှုရော ကံဖေးမမှုကပါ စကားပြောသည်။

အဆိုပါနိုင်ငံကိုးနိုင်ငံစလုံးတွင် အာဏာရှင်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းမှုများအားလုံးသည် အခြေခံဥပဒေအရအုပ်ချုပ်သည့် ဒီမိုကရေစီများသို့ ဦးတည်သွားခဲ့သည်။ ပုံမှန်ကျင်းပသည့် အများအားဖြင့်လွတ်လပ်ပြီး လက်သင့်ခံနိုင်လောက်သည့် တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြင့် စနစ်တကျကျင့်သားရအောင်လုပ်ထားသည့် ထိုဒီမိုကရေစီစနစ်များတွင် အုပ်ချုပ်ရေးအာဏာကို ပီပြင်စွာထိန်းချုပ်ကန့်သတ်မှုများနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုရုံးခွင့်၊ တစ်ဦးချင်းလွတ်လပ်ခွင့်များအပါအဝင် နိုင်ငံရေးဆိုင်ရာအခြေခံအခွင့်အရေးများကို လက်တွေ့ကျကျအာမခံမှုများအားပေါင်းစပ်ပြီး ကျင့်သားရအောင်စနစ်တကျလုပ်ထားသည့်ဒီမိုကရေစီများသို့ ထိုအသွင်ကူးပြောင်းမှုများကဦးတည်သွားခဲ့ခြင်းဖြစ်သည်။[6] ထိရောက်ပီပြင်သည့် ဒီမိုကရေစီအုပ်ချုပ်ရေး၏ ဒီဂရီ သို့မဟုတ်

6 ဤနစ်များအတွင်း အခြားအသွင်ကူးပြောင်းမှုများက ကွဲပြားခြားနားသော ရလဒ်များကိုဖြစ်ပေါ်စေခဲ့သည်။ ထိုရလဒ်များထဲတွင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများကို ကြီးလေးစွာဆက်လက်ချီးဖောက်မှုများဖြင့် ယှဉ်ပြိုင်နိုင်သော ရွေးကောက်ပွဲများကို ပေါင်းစပ်ကျင်းပသည့်၊ အာဏာရှင်စနစ်တစ်ဝက်ကျင့်သုံးသည့် အစိုးရများ၊ မျိုးစပ်အစိုးရများ၊ နောက်ကြောင်းပြန်သွားခဲ့ရသည့် ဒီမိုကရေစီမစုံလင်သော အလွန်မတည်မငြိမ်ဖြစ်သည့် အစိုးရများကိုလည်း ထွက်ပေါ်လာစေခဲ့သည့် အသွင်ကူးပြောင်းမှုများဖြစ်သည်။ Levitsky, S. and Way, L.A., *Competitive Authoritarianism: Hybrid*

သဘောသဘာဝ (သို့မဟုတ် ယင်းကိုကန့်သတ်မှုများ) နှင့်ဆက်နွယ်နေသည့် အရေးကြီးကိစ္စရပ်များသည် ထိုနိုင်ငံအချို့တွင်ရှိနေသေးသော်လည်း နိုင်ငံကိုးနိုင်ငံစလုံးတွင် အခြေခံဒီမိုကရေစီအင်စတီကျူးရှင်းများက နေရာတကျရှိနေပြီဖြစ်သည်။ မျိုးဆက်တစ်ဆက် (သို့မဟုတ်ထို့ထက်ပိုကြာသည့်ကာလ) အတွင်းအခြေခံဥပဒေအရအုပ်ချုပ်သည့် နောက်ကြောင်းမပြန်ခဲ့သော ဒီမိုကရေစီများကို အောင်အောင်မြင်မြင်ရရှိအောင် ထိုကိုးနိုင်ငံစလုံးကလုပ်ဆောင်နိုင်ခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့်ပင်လျင် ထိုသမိုင်းဝင်အသွင်ကူးပြောင်းမှုများကို လမ်းညွှန်ပေးခဲ့ကြသည့် နိုင်ငံရေးခေါင်းဆောင်များထံမှ လွန်စွာအသုံးတည့်သည့် သင်ခန်းစာများရရှိခဲ့သည်ဟု ဆိုရခြင်းဖြစ်သည်။

ဒီမိုကရေစီသို့ အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုလုပ်ခဲ့သည့် ထိုနိုင်ငံကိုးနိုင်ငံ၏ အခြေအနေအမျိုးမျိုးနှင့် လားရာလမ်းကြောင်းအမျိုးမျိုးကိုထောက်ရှုမည်ဆိုပါက ထိုသို့သော အသွင်ကူးပြောင်းမှုများအတွက် 'အကောင်းဆုံးသောကျင့်စဉ်များ' ၏ 'အားလုံးနှင့်ကိုက်ညီသော' နမူနာပုံစံ သို့မဟုတ် နားလည်လွယ်သော လက်စွဲဟူ၍တစ်ခုမျှ ရှိနိုင်မည်မဟုတ်ပေ။ သို့သော အဆိုပါအသွင်ကူးပြောင်းမှုများကို ပုံဖော်ခဲ့ကြသည့် ခေါင်းဆောင်များထံမှအများကြီးသင်ခန်းစာယူနိုင်သည်။ အသွင်ကူးပြောင်းမှုဖြစ်ရပ်တိုင်းတွင် တကယ်ပင်ထွက်ပေါ်လာသည့် အဓိကအရေးကိစ္စများကို ထိုခေါင်းဆောင်များက မည်သို့ ကိုင်တွယ်ဖြေရှင်းသည်၊ သိမြင်နားလည်သည်ဆိုသည်ကို လေ့လာစူးစမ်းခြင်း၊ ထုတ်ဖော်ခြင်း တိုပြုပြုလုပ်ခြင်းအားဖြင့် အများကြီးလေ့လာသင်ယူနိုင်ပေသည်။

## အသွင်ကူးပြောင်းမှုများ၏ထပ်ပြန်တလဲလဲဖြစ်ပေါ်တတ်သော စိန်ခေါ်မှုများ

သိသာထင်ရှားစွာပေါ်ထွက်လာသည့် ကျယ်ပြန့်သောစိန်ခေါ်မှုအပေါင်းအစု လေးခုရှိပါသည်။ ယင်းတို့မှာ အသွင်ကူးပြောင်းမှုအတွက် ပြင်ဆင်ကြခြင်း၊ အာဏာရှင်အုပ်ချုပ်ရေးအဆုံးသတ်ခြင်း၊ အာဏာလွှဲပြောင်းခြင်းကို ဖြစ်ပေါ်စေခြင်းနှင့် ယင်းကိုစီမံခန့်ခွဲခြင်း၊ ထွန်းသစ်ဒီမိုကရေစီကို တည်ငြိမ်အောင်လုပ်ခြင်းနှင့် အသားကျအောင် စနစ်တကျလုပ်ဆောင်ခြင်းတို့ဖြစ်သည်။ ထိုစိန်ခေါ်မှုများသည် ဖြောင့်ဖျူးသည့်ပုံစံဖြင့် သို့မဟုတ် အခြေခံကျကျကာလစဉ်အတိုင်းပေါ်ပေါက်လာခြင်း မဟုတ်ပေ။ အသွင်ကူးပြောင်းမှုကိုးခုစလုံးတွင် ယင်းစိန်ခေါ်မှုများ ပေါ်ထွက်လာခဲ့ပြီး အနာဂတ်အသွင်ကူးပြောင်းမှုများတွင် ယင်းစိန်ခေါ်မှုများထပ်ဖြစ်လာဖွယ်ရှိနေသည်။

### အသွင်ကူးပြောင်းမှုအတွက်ပြင်ဆင်ကြခြင်း

အာဏာရှစ်စနစ်ကို အဆုံးသတ်ရန်ကြိုးပမ်းကြသည့် ပြည်တွင်းအင်အားစုများသည်

---

*Regimes after the Cold War* [ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အာဏာရှင်စနစ်: စစ်အေးခေတ်နောက်ပိုင်း မျိုးစပ်အစိုးရများ] (New York: Cambridge University Press, 2010). တွင်ကြည့်ပါ။

အာဏာရှင်အစိုးရ၏အုပ်ချုပ် ရေးစွမ်းရည်ကို စိန်ခေါ်ရန်နှင့် တိုင်းပြည့်အာဏာအတွက် ယှဉ်ပြိုင်နိုင်သော အလားအလာရှိသည့် ပြိုင်ဘက်များဖြစ်လာရန် ထောက်ခံအားပေးမှု၊ ကျိုးကြောင်းခိုင်လုံမှု၊ တရားဝင်မှု၊နှင့်အခြား အထောက်အပံ့များ ကျယ်ကျယ်ပြန့်ပြန့်ရဖို့ မဖြစ်မနေ လိုအပ်လေ့ရှိသည်။ အချို့အသွင်ကူးပြောင်းမှုများတွင် ဖြစ်နိုင်ခြေရှိသော ထွက်ရပ်လမ်းမဟာ ဗျူဟာကို လွယ်ကူချောမွေ့စေမည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးကို လိုအပ်သည်ဟု သဘောပေါက်နားလည်သော အာဏာရှင်အစိုးရအတွင်းကလူများအတွက် ယင်းပြည်တွင်းအင်အားစုများသည် အလုပ်ဖြစ်မည့် ပါဝင်ဆွေးနွေးသူများဖြစ်လာရပေမည်။ တခါတရံတွင် အသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးလိုသည့် နိုင်ငံတကာမှ မူဝါဒရေးရာလှုပ်ရှားဆောင်ရွက်သူများအတွက် ယုံကြည်ကိုးစားနိုင်သည့်သူများလည်း ဖြစ်စေရမည်။ ထိုရည်မှန်းချက်များကို အောင်မြင်အောင် လုပ်ခြင်းသည် အာဏာရှင်အစိုးရကို ဆန့်ကျင်နေသူများကြားတွင် ရည်မှန်းချက်များ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ခေါင်းဆောင်မှုတို့နှင့်ပတ်သက်၍ အလေးအနက်သဘောထားမတိုက်ဆိုင်မှုများကို ပေါင်းကူးပေးခြင်းလိုအပ်တတ်သည်။ အာဏာရှင်အစိုးရကို ရင်ဆိုင်ရန် အလို့ငှာ ကြီးကျယ်သည့်ကွဲပြားခြားနားမှုများကို အဖြေထုတ်နိုင်ဖို့ အကွဲကွဲအပြားပြားဖြစ်နေသော အတိုက်အခံအုပ်စုများကို နားချရသည်မှာမလွယ်လှပါ။ အာဏာရှင်စနစ်ကိုဖြုတ်ချနိုင်စွမ်းရှိပြီး ဒီမိုကရေစီတန်ဖိုးများကို အခိုင်အမာစောင့်ထိန်းမှုရှိသည့် ကျယ်ပြန့်သောညွှန့်ပေါင်းတည်ဆောက်ခြင်းသည် အတိုက်အခံအတွင်း စိတ်ဝမ်းကွဲမှုများကိုကျော်လွှားရန် လုံ့လဝီရိယရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်မှုလိုပေသည်။ တစ်ချိန်တည်းတွင် အာဏာရှင်အစိုးရအတွင်း တိမ်မြုပ်နေသော သို့မဟုတ် သိသာသောစိတ်ဝမ်းကွဲမှုများကိုနားလည်ပြီး အကျိုးရှိအောင်အသုံးချဖို့ လိုပေသည်။ အတိုက်အခံကိုစုစည်းရန်နှင့် တည်ဆဲအာဏာရှင်အစိုးရကိုပြိုကွဲအောင်လုပ်ခြင်းကိုသိနားလည်ခြင်းသည် အထက်တွင်ဆွေးနွေးခဲ့သည့် ကာဒိုဆို (ကြုံခဲ့ရသော) သာဓက အတိုင်း အသွင်ကူးပြောင်းမှုများစွာ၏ ဗဟိုချက်တွင်ရှိနေလေသည်။ စစ်တပ်ကိုဖယ်ရှားရန် မဟုတ်၊ စစ်တပ်၏ထွက်ရပ်လမ်းရှာဖွေသည့်ဖြစ်စဉ်ကို ပံ့ပိုးကူညီပေးရန်သာဖြစ်သည်ဟူသည့် ၎င်း၏ပင်မ မဟာဗျူဟာကို ကာဒိုဆို (ဘရာဇီးသမ္မတဟောင်း) က အလေးအနက်ပြောခဲ့သည်။

## အာဏာရှင်အုပ်ချုပ်ရေးကိုအဆုံးသတ်ခြင်း

အာဏာစွန့်လွှတ်ခြင်းသည် မလိုလားအပ်သော ကြီးလေးသည့်အကျိုးဆက်များကို ရှောင်လွှဲရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု အာဏာရှင်အစိုးရအတွင်းရှိ အရေးကြီးသော အစုအဖွဲ့တစ်ခုလောက်က မမြင်မချင်း ၎င်းတို့အာဏာစွန့်လွှတ်လေ့မရှိပေ။ ထိုကြီးလေးသည့် အကျိုးဆက်များထဲတွင် အများပြည်သူ၏ထောက်ခံမှု ဆိုးရွားစွာကျဆင်းခြင်း၊ မြို့ရွာများတွင်အကြမ်းဖက်မှုဖြစ်ခြင်း၊ လက်နက်ကိုင်တပ်များသူတလူ ငါတစ်မင်းဖြစ်ကုန်ခြင်း၊ စီးပွားရေးချွတ်ခြုံကျခြင်း၊ နိုင်ငံတကာမှ အဖက်မလုပ်တော့ခြင်း၊ တိုင်းပြည်၏ပိုင်နက် နယ်မြေပြိုကွဲရန် ခြိမ်းခြောက်မှုများ ရှိလာခြင်းတို့ပါဝင်သည်။ စစ်ဘက်ကျရှုံးမှု၏ အရှက်တကွဲအကျိုးနည်းဖြစ်ရ

ခြင်း၊ စီးပွားရေးကျဆင်းမှု သို့မဟုတ် ရွေးကောက်ပွဲတွင်ခွက်ခွက်လန်အောင်ရှုံးခြင်းတို့သည် အာဏာရှင်အစိုးရ တစ်ရပ်၏ကယ်ပေါက်ကို နောင့်နှေးသွားစေလေ့ရှိသည်။ အာဏာရှင်အစိုးရ၏အစုအဖွဲ့များက အတိုက်အခံ၏ဒီမိုကရေစီအတွက် တောင်းဆိုမှုများကို သည်းခံလိုက်လျောခြင်း သို့တည်းမဟုတ် အားပေးထောက်ခံခြင်းများပြုသည့်အခါမှသာလျှင် ကယ်ပေါက်ကို နောင့်နှေးစေသည့် တအုံ့နွေးနွေးဒဏ်ရာများက ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆီသို့ ဦးတည်သွားလေ့ရှိသည်။

အာဏာရှင်အစိုးရအတွင်း ထိုသို့သောအင်အားစုများက အသွင်ကူးပြောင်းမှုသို့လမ်းဖွင့်ပေးစေနိုင်သည့် လုပ်နည်းလုပ်ဟန်များကို အတိုက်အခံအင်အားစုများက ရှုပ်လုံးဖော်ပေးကြရမည်။ ယခင်အုပ်စိုးသူများနှင့် သူတို့ကိုအဓိကထောက်ခံသူများအား စုပြုံပြီးလက်စားချေခြင်းမျိုးကို လုပ်ဆောင်မည်မဟုတ်ကြောင်း (ပြောင်းလဲမှုလို လားသည့်အာဏာရှင်အစိုးရအတွင်းက) ထိုအင်အားစုများကို စိတ်ချလက်ချရှိအောင်လုပ်ဖို့လိုသည်။ ရှိပြီးသားပါဝါဗဟိုချက်မများ၏ စီးပွားရေးနှင့်အခြားအကျိုးစီးပွားများကို လေးစားသည့်အထာထားမည်ဖြစ်သော်လည်း ဖြောင့်ကျကျ အဂတိလိုက်စားမှုနှင့် အလွန်အမင်းအခွင့်ထူးခံမှုများကိုတော့ လက်သင့်ခံမည်မဟုတ်ကြောင်း ထိုအင်အားစုများကို အသေအချာပြောပြထားရမည်။ လုပ်ပိုင်ခွင့်အာဏာရှိသူအသစ်များ အာဏာရယူသည်နှင့် ယခင်အုပ်စိုးသူလူတန်းစားသစ်များ၏ တစ်ဦးချင်းရပိုင်ခွင့်များကို ဥပဒေအရ အကာအကွယ်ပေးမည်ဆိုသည်ကို အသေအချာပြောပြထားရမည်။ သို့သော် အာဏာရှင်အစိုးရကိုတိုက်ပွဲဝင်ရန် ကြီးမားသောအန္တရာယ်ကိုမမှုခဲ့ကြသည့် အချိန်ကြာမြင့်စွာ အပယ်ခံဖြစ်ခဲ့သည့် အတိုက်အခံအင်အားစုများ၏ ပြင်းပြသည့်ဆန္ဒများကို နားလည်နိုင်သော်လည်း ယင်းဆန္ဒများနှင့် အာဏာရှင်ဟောင်းများကို အာမခံပေးမှုများအကြားတွင် ကြားချရေးမှာမူမလွယ်လှပါ။ ဖြစ်အောင်တော့ ရင်ကြားစေ့နိုင်ခဲ့သည်။ ထိုသို့ရင်ကြားစေ့အောင်လုပ်ခြင်းသည် တည်ဆဲအစိုးရများနှင့် အတိုက်အခံလှုပ်ရှားမှုနှစ်ခုစလုံးမှ အသွင်ကူးပြောင်းမှုခေါင်းဆောင်များအတွက် မလွှဲမရှောင်သာကိစ္စဖြစ်သည်ဟု သတ်မှတ်နိုင်ပြီး ဖြစ်နိုင်ချေလည်းရှိသည်။

## အာဏာလွှဲပြောင်းမှုလုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

အောင်မြင်သော အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်ရာတွင် အပြန်အလှန်ယှက်နွယ်နေလေ့ရှိသော တင်းမာမှုများနှင့် အကျပ်အတည်းပေါင်းမြောက်များစွာကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။ အာဏာရသွားသည့်သူများက အရပ်ဘက်ဒြိမ်ဝပ်ပိပြားမှုကို မြေတောင်မြှောက်ပေးခြင်းနှင့် အကြမ်းဖက်မှုနိုဂုံးချုပ်စေခြင်းတို့ကို လုပ်ရမည်။ တစ်ပြိုင်နက်တည်းတွင် အတိတ်တုန်းက ဖိနှိပ်မှုများတွင်ဗဟိုချက်မှပါဝင်ခဲ့ကြသည့် သူအချို့အပါအပါအဝင် လုံခြုံရေးနှင့် ထောက်လှမ်းရေးတပ်ဖွဲ့များအားလုံးသည် ယခုအချိန်မှစပြီး ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အသစ်တက်လာသော အရပ်သားအစိုးရ၏ ထိန်းကွပ်မှုကိုခံယူရမည်ဖြစ်သည်ကို သေချာအောင်ပြောထားရမည်။

အရပ်သားအစိုးရသစ်သည် ပြည်တွင်းမှယုံကြည်မှုကို နှိုးဆော်တိုက်တွန်း ပေးရမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ တရားဝင်မှုကိုရရှိအောင်လုပ်ရမည်။ အသွင်ကူးပြောင်းမှုအများစုတွင် ထိုသို့လုပ်ဆောင်ရာ၌ မဲဆန္ဒရှင်အများစု၏ အလိုဆန္ဒကိုမှတ်တမ်းတင်ထားကာ လေးစားမှုရှိကြောင်း သေချာစေရန် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများ ပေါ်ထွက်လာအောင်လုပ်ဆောင်ခြင်းပါဝင်သည်။ ထို့အပြင် (ထွက်တော်မူ နန်းကစွာတော့မည့် အာဏာရှင်အစိုးရနှင့်ပတ်သက်သည့် သူအချို့အပါအဝင်) အဓိကကျသည့် နိုင်ငံရေးလူနည်းစုများ ကိုယ်စားပြုခွင့်ရမည်ဖြစ်ပြီး ၎င်းတို့၏အကျိုးစီးပွားများကိုလည်း ဥပဒေနှင့်အညီအကာအကွယ်ပေးမည်ဆိုသည်ကိုပါအာမခံပေးခြင်းပါဝင်သည်။

တတိယလိုအပ်ချက်မှာ အသစ်တက်လာသည့်အစိုးရအဖွဲ့ဝင်များသည် နိုင်ငံရေးနှင့်လုပ်နည်းလုပ်ဟန်ပိုင်းအရ ၎င်းတို့၏အုပ်ချုပ်ရေးဆိုင်ရာ တာဝန်သစ်များအတွက် စနစ်တကျပြင်ဆင်ထားပြီးဖြစ်သည်ကို သေချာစေရမည်။ လိုအပ်သော သင်တန်းများနှင့်စွမ်းရည်များ လေ့လာဆည်းပူခြင်း၊ အုပ်ချုပ်ရေးစွမ်းရည်ရှိပြီးသား အစိုးရအရာရှိများကို သိမ်းသွင်းခြင်းနှင့်/သို့မဟုတ် ယခင်အစိုးရလက်ထက်က တာဝန်ရှိသူအချို့ကို ဆက်လက်ခန့်အပ်ခြင်းကဲ့သို့ လုပ်ဆောင်ချက်များဖြင့် ဂွန်ဇာလက်၊ မာဇိယဲ့ဗ်စကီ၊ အမ်ဘီကီတို့ အလေးထားပြောခဲ့ကြသည့်အတိုင်း စနစ်တကျပြင်ဆင်သွားရမည်ဖြစ်သည်။ မာခရိုစီးပွားရေးမူဝါဒများမှသည် လူမှုဝန်ဆောင်မှုပေးအပ်ခြင်း၊ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုကိုရှာဖွေခြင်းတို့အထိ ကိစ္စရပ်များစွာတွင် အတိုက်အခံတို့ နှင့်မတူသည့်ရှုထောင့်များ၊ အရည်အချင်းများနှင့်ကျွမ်းကျင်မှုတို့ကို အုပ်ချုပ်ရေးလုပ်ငန်းတွင်လိုအပ်လာသည်။ ဖြစ်ရပ်များစွာတို့တွင် လုပ်ရင်းကိုင်ရင်း လေ့လာသင်ယူသွားရသည့်သဘောသာဖြစ်သည်။

အတိုက်အခံမှဖြစ်လာသော အစိုးရများသည် အစိုးရဟောင်း၏လွှမ်းမိုးရန်ကြိုးစားမှုကို ဟန့်တားရင်း တစ်ဘက်တွင် အစိုးရအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်နှင့်ဆိုင်သော၊ တတ်သိပညာရှင်ခန့်ထားမှုဆိုင်ရာ၊ လုံခြုံရေးနှင့်တရားစီရင်ရေးဆိုင်ရာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်မှု လိုအပ်ချက်တို့ကို မျှတအောင်လုပ်ရမည်။ အဆင့်ဆင့်အုပ်ချုပ်ရေးစနစ်၊ လုံခြုံရေးနှင့်ရဲတပ်ဖွဲ့များကို တိုင်းသူပြည်သားများအား ကြိုးကိုင်နေခြင်းမှ နိုင်ငံသားများကို အလုပ်အကျွေးပြုသူများအဖြစ်သို့ ပြောင်းလဲပေးရမည်။ နောက်တစ်ဆင့်မှာ နိုင်ငံတော်အပေါ် နိုင်ငံသားများ၏ ယုံကြည်မှုဖြစ်သည်။ များသောအားဖြင့် အာဏာရှင်စနစ်အောက်တွင်ကြာမြင့်စွာနေခဲ့သော နိုင်ငံသားများသည် နိုင်ငံတော် (အစိုးရ) အား တရားမဝင်ပဲ ၎င်းတို့အပေါ်ရက်စက်ဖိနှိပ်သည့် ယန္တရားတစ်ခု အဖြစ်သာမြင်ခဲ့ကြရာမှာ နိုင်ငံတော်ကို စတင်လက်ခံယုံကြည်လာအောင် ဒီမိုကရေစီအသွင်ပြောင်းအစိုးရက ဆောင်ရွက်ပေးရမည်။

ယခင်အစိုးရများက လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသည့်သူများကို တုံ့ပြန်ဖြေရှင်းပေးရာတွင်လည်း ဆန့်ကျင်ဘက်တွန်းအားနှစ်ခုကို ထိန်းညှိဆောင်ရွက်ရခြင်းပင်ဖြစ်သည်။ တစ်ဘက်

တွင်ယခင်အစိုးရများလက်ထက်ကလူ့အခွင့်အရေးအကြီးအကျယ်ချိုးဖောက်ခံရသူများအတွက် တရားမျှတမှုကို ရှာဖွေပေးရမည်ဖြစ်ပြီး ကြီးလေးသော ချိုးဖောက်မှုများကို ကျူးလွန်သူများ အားတာဝန်ခံစေခြင်း ပြုရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် (လုံခြုံရေးတပ်ဖွဲ့ဝင်များအနက် အချို့သည် ထိုပြစ်မှုကျူးလွန်မှုများတွင်ပါဝင်ခဲ့ကြသည်) လုံခြုံရေးတပ်ဖွဲ့များ၏ သစ္စာစောင့်သိမှုကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ တစ်ပြိုင်နက်တည်းတွင် ထိုလုံခြုံရေးတပ်ဖွဲ့များသည် မှုခင်း၊ အကြမ်းဖက်မှုနှင့် အချို့ဖြစ်ရပ်များတွင် ခွဲထွက်ရေးနှင့် ပုန်ကန်ထကြွရေးလှုပ်ရှားမှုများကို ပီပီပြင်ပြင်ကိုင်တွယ်နိုင်သည်ဆိုသည်ကို နိုင်ငံသားများအား အသွင်ကူးပြောင်းမှုခေါင် ဆောင်များကအာမခံရမည်။ တစ်ချိန်က ခါးသီးသည့်ရန်သူများက ငြိမ်းချမ်းစွာဖြင့် အပြန်အလှန် လက်ခံမှုဖြစ် ထွန်းလာစေရန်နည်းလမ်းများကို ခေါင်းဆောင်များကရှာဖွေရမည်။ ထိုသို့ရှာဖွေ ခြင်းမှာ မလွယ်လှပါ။

အသစ်တက်လာသည့်အစိုးရတာဝန်ရှိသူများသည် အရိုးစွဲနေသည့် အဂတိလိုက်စားမှုနှင့် ပြစ်မှုကျူးလွန်သော်လည်း အရေးယူခံရလေ့မရှိသည့် အစဉ်အလာဆိုးကို အမွေခံရလေ့ရှိသည်။ နိုင်ငံလုံးဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့်အခြားသူများကို တာဝန်ခံအောင်လုပ်နိုင်သည့် လွတ်လပ်သော သတင်းမီဒီယာနှင့် လွတ်လပ်သောတရားစီရင်ရေးအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်နှင့် အမှီအခိုကင်းပစွာအုပ်ချုပ်စီမံမှုတို့ကို အကာအကွယ်ပေးခြင်း သို့မဟုတ် တည်ထောင်ပေး ခြင်းတို့ကို အသွင်ကူးပြောင်းမှုခေါင်းဆောင်များကပြုလုပ်ပေးရန်လိုသည်။ အစိုးရသစ်၏ ဦးဆောင်ဦးရွက်ပြုမှုများအားလုံးကို တားဆီးပိတ်ဆို့စေမည့် တစ်ချက်လွှတ်အာဏာ ဗဟိုချက်များ ဖန်တီးခြင်းကို ရှောင်ရှားအပ်သည်။

စီးပွားရေးဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ပေါများမှု၊ ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်မှုတို့ အောင်မြင်အောင် လုပ်ဆောင်ရန်လိုသလို အိမ်ယာ၊ ကျန်းမာရေး၊ ပညာရေး၊ အချိန်အကြာကြီး ချောင်ထိုးထားခဲ့သည့် ဆင်းရဲသားများ၏လိုအပ်ချက်ကိုဖြည့်ဆည်းရန် အစိုးရအသုံးစရိတ်များကို တိုးချဲ့ခြင်းတို့ လုပ်ဆောင်ရန်လိုသည်။ ထိုသို့လုပ်ဆောင်ခြင်းရာတွင် အခွင့်ထူးခံများကိုသာ လက်ဝါးကြီးအုပ်ခွင့်ပေးသည်ဟူသော စိုးရိမ်မှုများကို တိုးပွားလာစေခြင်းမရှိစေဘဲ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရက ညှိနှိုင်းဆောင်ရွက်ဖို့လိုသည်။ အသစ်တက်လာသော အစိုးရများသည် မက်ခရိုစီးပွားရေးမူဝါဒများကို ပြည်သူလူထုထောက်ခံမှုရရှိဖို့ လိုအပ်လေ့ရှိ သည်။ ထိုမူဝါဒများသည် ရေရှည်အကျိုးခံစားခွင့်များထွက်ပေါ်လာစေရန်ရည်ရွယ်သော်လည်း ရေတိုတွင် အထိနာစေသည့် ပေးဆပ်ရခြင်းများနှင့် မရေရာမှုများကို ဖြစ်ပေါ်စေတတ်သည်။ အသွင်ကူးပြောင်းမှုကိုးခုစလုံးမှ ခေါင်းဆောင်များသည် ဈေးကွက်ကိုဦးတည်သော လုပ်နည်း လုပ်ဟန်များနှင့် နှိုင်းချိန်ချုပ်တည်းသော ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများကိုကျင့်သုံးခဲ့ကြ သည်။ ထိုသို့ကျင့်သုံးမှုများသည် ကမ္ဘာ့အနှံ့ပိုမိုကျယ်ပြန့်လာသည့် စီးပွားရေးတွင်လိုအပ်သည့် ကျင့်သုံးမှုများဖြစ်သည်ကို မူလကသိပ်တိမ်းညွှတ်မှုမရှိသည့်သူများပင်လျှင် လက်ခံခဲ့ကြသည်။

တန်းတူညီမျှမှုပိုရှိသည့် စီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်ပေါ်စေသည့် ခိုင်မာသောလူမှုရေးမူဝါဒများနှင့် ၎င်းတို့ကို ချိန်ထိုးကျင့်သုံးရမည်ကို လည်းလက်ခံကြသည်။

## ထွန်းသစ်စဒီမိုကရေစီကို စနစ်တကျကျင့်သားရအောင်လုပ်ခြင်းနှင့် တည်ငြိမ်အောင်လုပ်ခြင်း

ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ အခြေခိုင်လာသည်နှင့်အမျှ အခြားသောအခက်အခဲ အမျိုးအစားသစ်များကို နိုင်ငံရေးခေါင်းဆောင်များရင်ဆိုင်ရလေ့ရှိသည်။ နှစ်အနည်းငယ်အကြာ ၌ ပြည်သူလူထုက စီးပွားရေးသို့မဟုတ် နိုင်ငံရေးဆိုင်ရာ မျှော်လင့်တောင့်တမှုများကို ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အတွက် ဒီမိုကရက်တစ်ခေါင်းဆောင်များကို အပြစ်မြင်လာကြပြီး ဒီမိုကရေစီကိုပင် တခါတရံအပြစ်မြင်လာတတ်ကြသည်။ အာဏာရှင်အစိုးရကို ဆန့်ကျင်ရာတွင် စည်းလုံးညီညွတ်ခဲ့ကြသည့် လူပ်ရှားမှုများအစိတ်စိတ်အမွှာမွှာကွဲပြားသွားတတ်ပြီး အစိုးရများ အတွက် စိန်ခေါ်မှုများဖြစ်ပေါ်လာစေသည်။ သို့တည်းမဟုတ် အချင်းချင်းဘုတ်ကျီးမြှောက်၊ ကျီးဘုတ်မြှောက်လုပ်နေခြင်း၊ ကိုယ့်ဘာသာအဟုတ်ကြီးထင်ခြင်းအဖြစ်သို့အချိန်ကြာလာသည် နှင့်အမျှ ယိုယွင်းပျက်စီ သွားတတ်သည်။

အလားတူပင် အာဏာရှင်ဆန့်ကျင်ရေး အတိုက်အခံအုပ်စုကို အကျိုးပြုရာတွင် အရေးပါ ခဲ့သည့် လူအခွင့်အရေးအဖွဲ့များ၊ အမျိုးသမီးလှုပ်ရှားမှုများအပါအဝင် အရပ်ဖက်အဖွဲ့အစည်း များသည် တခါတရံတွင် မှားမှိန်သွားတတ်သည်။ သို့မဟုတ် အထက်မြက်ဆုံးနှင့် လက်တွေ့ အကျဆုံးခေါင်းဆောင်အများစုက အစိုးရ သို့မဟုတ် ပါတီနိုင်ငံရေးသို့ဝင်ရောက်သွားပြီးနောက် အစွမ်းရောက်အုပ်စုများနှင့် အပြုသဘောလုံးဝမဆောင်သော အနောက်အယှက်သမားများသာ မင်းမူပြီးကျန်ရစ်တတ်သည်။ ဤအခြေအနေများတွင် တက်ကြွလွတ်လပ်သော အစိုးရမဟုတ် သည့် အဖွဲ့အစည်းများအဖြစ်ထိန်းထားနိုင်ရန် မလွယ်လှပေ။ အစိုးရသစ်နှင့် အတိုက်အခံ အင်အားစုအသစ်များ (ရံဖန်ရံခါတွင် ယခင်အစိုးရတာဝန်ရှိသူများပါဝင်သည်) ကြားတွင် အပြန် အလှန်အကျိုးရှိသောဆက်ဆံရေးကို တည်ဆောက်ခြင်းနှင့် လွတ်လပ်သောလူမှုရေး အင်အားစု များနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ထိုသို့သောဆက်ဆံရေးတည်ဆောက်ခြင်းသည်တို့မှာ ထွေပြားသည်။ ထိုသို့တည်ဆောက်ရာတွင် အထူးသဖြင့် ခံစားနားလည်မှုရှိသော ရေရှည်အကျိုး ဖြစ်ထွန်းစေသော တူရူချက်ရှိဖို့လိုသည်။

## နိုင်ငံရေးခေါင်းဆောင်များထံမှ သင်ယူလေ့လာခြင်း

အသွင်ကူးပြောင်းမှုများ၏ မရေရာသောအခြေအနေတစ်ခုချင်းစီတွင် နိုင်ငံရေးခေါင်း ဆောင်များသည် ဆုံးဖြတ်ချက်များကိုမလုံလောက်သောသတင်းအချက်အလက်များ သို့မဟုတ် မည်သည့်အကျိုးဆက်ဖြစ်လာမည်ကို အသေအချာမသိရသော အခြေအနေများအောက်တွင် မဖြစ်မနေချမှတ်ကြရသည်။[7] အသွင်ကူးပြောင်းမှုကာလနှင့် (နောင်မျိုးဆက်များမှအချို့က)

7 Guillermo O'Donnell နှင့် Philippe Schmitter တို့၏ ရှေ့ဆောင်လမ်းပြ အာဏာရှင်အုပ်ချုပ်ရေးမှ အသွင်ကူး

စိုးရိမ်မှုလွန်ကဲလှသည်ဟု ဝေဖန်ကြသည့် ညီနှိုင်းသဘောတူမှုများကို အဆိုပါ ခေါင်းဆောင်များစွာတို့က ဆောင်ရွက်ခဲ့ကြသည်။ အမှန်စင်စစ်ထင်းတို့က ထင်းတို့ကြုံရသည့် မရေရာ/စိုးထိတ်ရမှုများကိုအခြေခံ၍ အပေးအယူလုပ်ခြင်းသာဖြစ်သည်။ အရပ်ဖက်-စစ်ဘက်ဆက်ဆံရေး၊ အသွင်ကူးပြောင်းမှုကာလတရားမျှတမှု၊ (အာဏာရှင်ဟောင်းများအတွက်) သီးသန့်ချန်ထားပေးသည့် လုပ်ပိုင်ခွင့်များကဲ့သို့ ပုစ္ဆာများနှင့်ပတ်သက်ပြီး ခက်ခက်ခဲခဲဆုံးဖြတ်ရခြင်းများကို မည်သို့လုပ်ခဲ့ရသည်၊ အဘယ်ကြောင့်လုပ်ခဲ့ရသည်ကို အသွင်ကူးပြောင်းမှုကာလခေါင်းဆောင်များ၏ ဝန်ခံပြောကြားမှုများထဲတွင် အထင်အရှားတွေ့နိုင်သည်။[8] နောက်ကြောင်းပြန်ခြင်းသို့မဟုတ် အကြမ်းဖက်မှုကို စိုးရိမ်မှုသည် ခေါင်းဆောင်များက အခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲစနစ်များ၊ စီးပွားရေးမူဝါဒများကိုရေးဆွဲသည့်နေရာတွင် လွှမ်းမိုးမှုရှိသည်။ အန္တရာယ်များ၊ မသေချာမရေရာမှုများ၊ ဆုံးဖြတ်ရခက်ခြင်းများကို မလွှဲမရှောင်သာ ကြုံရမည်ဖြစ်သည်။ သို့သော် ရှေ့မတိုးနောက်မဆုတ်အခြေအနေကို ကျော်လွှားထိုးဖောက်နိုင်သည့် ဆောက်ရွက်ချက်များလုပ်ရာတွင် ခေါင်းဆောင်များကို တကယ်တမ်းတားဆီးနိုင်ခြင်းမရှိပါ။

## တစ်လှမ်းချင်းရှေ့ဆက်ခြင်း

(မသေချာသော်လည်း) ပိုပြီးကြီးကျယ်မည့် အလားအလာရှိသော အပြောင်းအလဲကို လုပ်ဆောင်နိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် တစ်လှမ်းချင်းလှမ်းရမည့် ဖြစ်ပေါ်တိုးတက်မှုကို ပစ်ပယ်ခြင်းထက် မဆိုစလောက် အခွင့်အလမ်းများကိုပင် အကျိုးရှိအောင်အသုံးချခြင်းသည် အရေးကြီးကြောင်း ကိုးနိုင်ငံခေါင်းဆောင်များအားလုံးက ယုံကြည်ကြသည်။ ၎င်းတို့၏ အွန္တမရည်မှန်းချက်များဆီသို့ဖြစ်ပေါ်တိုးတက်မှုကို နေးကွေးစေသည့်ခက်ခဲလွန်းသော အကန့်အသတ် များ ပပျောက်သွားစေလိုသည့် သို့မဟုတ် တစ်ကနေစရန် နည်လမ်းတစ်ခုကို စိတ်ကူးခြင်းထက် အဆိုးထဲမှအကောင်းကို တတ်နိုင်သမျှရှာဖွေရန်သာ အခိုင်အမာဆုံးဖြတ်ထားမှုကို ထိုခေါင်းဆောင်များက အလေးထားပြောကြသည်။

၁၉၈၈ ခုနှစ် ချီလီလူထုဆန္ဒခံယူပွဲတွင် ပါဝင်ခြင်းပြုမပြုနှင့် (မည်သည့်ဘောင်အတွင်းက ပါဝင်မည်) ဆိုသည်ကို အတိုက်အခံအုပ်စုအတွင်း အခြေအတင်ဆွေးနွေးမှုအကြောင်းအဲလွင်

---

ပြောင်းမှုများ လေ့လာချက်တွင် ထိုသို့သော အသွင်ကူးပြောင်းမှုများ၏ ထူးခြားသောမရေရာမှုများ၊ ထိုမရေရာမှုများသည် 'စံကိုက်နိုင်ငံရေး'မှ မည်သို့မည်ပုံကွာခြားသည်၊ ဘာကြောင့်ကွာခြားသည်ဆိုသည်ကို အလေးထားတင်ပြထားသည်။

O'Donnell, G. and Schmitter, P.C., *Transitions from Authoritarian Rule: Tentative Conclusions about Uncertain Democracies* [အာဏာရှင်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းမှုများ၊ မရေရာသည့်ဒီမိုကရေစီများကို ယာယီကောက်ချက်ချကြည့်ခြင်း] (Baltimore, Md.: Johns Hopkins University Press, 1986; republished with a new preface by Cynthia Arnson and Abraham F. Lowenthal, Johns Hopkins University Press, 2013). ကိုကြည့်ပါ။

8 သီးသန့်နယ်ပယ်များသည် ယခင်အာဏာရှိလူစုများ ၎င်းတို့၏အခွင့်ထူးများထိန်းသိမ်းနိုင်ရန် အထူးလိုက်လျောပေးထားမှုများဖြစ်သည်။ ထိုလိုက်လျောပေးထားမှုများထဲတွင် စစ်ဘက်အင်စတီကျူးရှင်းများ၏ အသုံးစရိတ်ပမာဏများကို အာမခံခြင်း၊ တိုင်းပြည်စီးပွားရေး၏ အစိတ်အပိုင်းအချို့ကို အချို့အုပ်စုများအား ထိန်းချုပ်ခွင့်ပေးခြင်း၊ ခန့်အပ်ခံပုဂ္ဂိုလ်များ၊ အင်စတီကျူးရှင်းများ၊ အရေးဆိုလှုပ်ရှားမှုအဖွဲ့အစည်းများကို နိုင်ငံရေးအရ ကိုယ်စားပြုခွင့် အာမခံချက် ပေးခြင်းတို့ပါဝင်သည်။

ကဆွေးနွေးခဲ့သည်ကို သာဓကအဖြစ် ကြည့်နိုင်သည်။ ထိုလူထုဆန္ဒခံယူပွဲသည် ၁၉၈၀ ပြည့်နှစ်တွင် ပီနိုချေးပြဌာန်းခဲ့သည့် အခြေခံဥပဒေအရ ကျင်းပခြင်းဖြစ်ပြီး ယင်းဆန္ဒခံယူပွဲ၏ တရားဝင်မှုကင်းမဲ့ခြင်းကို ဆက်ပြီးမရမကပြောမနေတော့ဘဲ အာဂျာရှင် အစိုးရ၏ဥပဒေများထဲမှပင် အာဂျာရှင်ကိုစိန်ခေါ်ရန်ကို အဲလွင်ကဆွေးနွေးခဲ့ခြင်းအား သာဓကအဖြစ်ကြည့်နိုင်သည်။ ၎င်း၏အယူအဆသည် နောက်ဆုံးတွင်အောင်ပွဲခံခဲ့သည်။ နောက်ထပ်တောင်းဆိုမှုအသစ်များ အကြောင်းမပြောမီ 'လက်ရှိအကျပ်အတည်းက ရုန်းထွက်ဖို့' (ဆိုလိုသည်မှာ အားသာချက်နှင့် အခွင့်အရေးကိုအပြည့်အဝအသုံးချနိုင်စွမ်း) နှင့်ပတ်သက်ပြီး စပိန်ဝန်ကြီးချုပ် ဖီလစ် ဂွန်ဇာလက်စ် က သူနှင့်သူ၏လုပ်ဖော်ကိုင်ဖက်များကို အကြံပြုခဲ့ပုံအကြောင်း ချီလီသမ္မတ လာဂို့စ်က ပြန်လည်ပြောပြခဲ့သည်။ စစ်အစိုးရက ခွင့်ပြုမည်မဟုတ်သော တိုက်ရိုက်သမ္မတရွေး ကောက်ပွဲကို တောင်းဆိုနေမည့်အစား ၁၉၈၅ ခုနှစ်ရွေးကောက်ပွဲတွင် အစိုးရ၏ စည်းမျဉ်းများအတွင်းမှပင်ဝင် ရောက်လုပ်ကိုင်ရန် သူ၏တိမ်းညွှတ်မှုကို ဘရာဇီးသမ္မတဟောင်း ကာဒိုဆို က ရှင်းပြခဲ့သည်။ ထိုစဉ်က အကြီးအကျယ်ဝေဘန်ရှုတ်ချခံခဲ့ရသော အယူအဆဖြစ်သည်။

ပထမဆုံးအကြိမ် ပြည်လုံးကျွတ် ဒီမိုကရေစီရွေးကောက်ပွဲများမတိုင်မီ ပြဌာန်းအခြေခံဥပဒေတစ်ခုအတွက် အခြေခံမူများကို နောင်ရွေးကောက်တင်မြှောက်ခံရမည့် ကွန်ဂရက်လွှတ်တော်တွင် ဆွေးနွေးခြင်း၊ ပိုကောင်းအောင်ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းတို့ လုပ်ရန်သဘောတူညီချက်အကြောင်းကို တောင်အာဖရိကသမ္မတဟောင်းများဖြစ်သည့် ဒီကလက်နှင့် အမ်ဘီကီတို့က ဆွေးနွေးခဲ့ကြသည်။ ဆင့်ကဲပြောင်းလဲတိုးတက်မှုကိုအာမခံနိုင်ရန် ကွန်မြူနစ်များကို လွှတ်တော်ကိုယ်စားလှယ်နေရာ အများစုပေးခြင်း၊ ဗိုလ်ချုပ်ကြီး ယာရှုဇစ်ကီကို သမ္မတအဖြစ်အတည်ပြုခြင်းစသည့် အာမခံချက်များပေးရန် စည်းကမ်းချက်များဖြင့် ၁၉၈၉ ခုနှစ်တွင် ကျင်းပသည့် အနည်းငယ်လွတ်လပ်သော 'ပဋ္ဌာဉ်ခံ'ရွေးကောက်ပွဲအတိုင်း ဆက်လုပ်သွားကြရန် သဘောတူညီချက်ကို ပိုလန်ဝန်ကြီးချုပ်နှင့်သမ္မတဟောင်းများဖြစ်ကြသော မာဇိယဲ့ဗ်စကီနှင့် ဆွာညဲ့ဗ်စကီတို့နှစ်ဦးစလုံးက အလေးအနက်ထားပြောခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ် ဂါနာရွေးကောက်ပွဲကို သူ၏ပါတီက သပိတ်မှောက်ခြင်းကို ပယ်ချခဲ့ရသည့်အကြောင်းရင်းကို ဂါနာသမ္မတဟောင်း ကူးဖော်က ရှင်းလင်းပြောပြခဲ့သည်။ ၎င်းသမ္မတမဖြစ်မီ ရှေ့နှစ်ပေါင်းများစွာအတွင်း အာဂျာရပါတီ PRI ကလက်ခံခဲ့ပြီး အတိုက်အခံပါတီ PAN ကအဆိုပြုသည့် ရွေးကောက်ပွဲဥပဒေများတွင် တစ်ဆင့်ချင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၏ အရေးပါမှုကို ဘရာဇီးသမ္မတ ဇီဒီယိုက အလေးထားပြောပြခဲ့သည်။ ဇီဒီယိုသမ္မတဖြစ်ချိန်မတိုင်ခင်အထိ အာဂျာရပါတီ PRI သည် တိုင်းပြည့်အာဏာကိုစွန့်လွှတ်မည့်အလားအလာများကို လုံးဝမမြင်တွေ့ ခဲ့ရပေ။

အဓိကဦးစားပေး ရည်မှန်းချက်များ အချို့အဝက်သာ အောင်မြင်မှုရရှိနိုင်သည့်အချိန်၊ ၎င်းတို့ကိုသက်ဆိုးမရှည်နိုင်ဟု အရေးပါသည့်ထောက်ခံသူများနှင့် မဲဆန္ဒနယ်များက အခိုင်အ

မာပြောဆိုနေကြချိန်တွင်ပင် အခွင့်သာသည့်နေရာတိုင်းတွင် ခြေကုပ်ရယူရန် ကိုးနိုင်ငံခေါင်းဆောင်များက တစိုက်မတ်မတ်ဦးစားပေးခဲ့ကြသည်။ နှစ်လိုဖွယ်ကောင်းသော်လည်း လက်တွေ့မကျသည့် အခြေခံမူများကို လိုက်နာနေခြင်းသို့မဟုတ် အောင်မြင်မှုရရေးရည်မှန်းချက်များကို လိုက်နာဆောင်ရွက်နေခြင်းထက် အမြင့်ဆုံးအောင်မြင်မှုမျှော်လင့်ချက်ကို စွန့်လွှတ်သည့်ဆုံးဖြတ်ချက်သည် ပိုမိုလက်တွေ့ကျပြီး နိုင်ငံရေးအရသတ္တိများစွာလိုအပ်သည်။

ဖိနှိပ်မှုကိုတိုက်ဖျက်ပြီး အခွင့်အလမ်းများအတွက် တွန်းအားပေးနိုင်ရန်အလို့ငှာ အတိုက်အခံခေါင်းဆောင်များသည် ကန့်ကွက်ဆန္ဒပြမှုများကို စည်းရုံးလှုပ်ရှားခြင်း၊ တည်ဆဲ အခင်းအကျင်းနှင့်ဥပဒေများကို စိန်ခေါ်ခြင်း၊ နိုင်ငံရေးသဘောထားအမြင်ကွဲလွဲသူများကို နယ်နှင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ထောင်ချခြင်းတို့ကိုရှုံ့ချခြင်း၊ အာဏာရှင်အစိုးရ၏ ပြည်တွင်း၊ ပြည်ပ တရားဝင်မှုကို တိုက်ဖျက်ခြင်းတို့ကို လုပ်ဆောင်အပ်ပေသည်။ ၎င်းတို့၏ ရပ်တည်ချက်ကို တိုးတက်ကောင်းမွန်စေသည့် ညှိနှိုင်းသဘောတူညီချက်များကိုလုပ်ရန်အတွက်တော့ ထိုအတိုက်အခံခေါင်းဆောင်များက အမြဲအသင့်ဖြစ်နေရသည်။ အတိုက်အခံဘက်တော်သားများအတွက်လည်းနေရာပေးလိုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုလမ်းဖွင့်ပေးပြီး တပြိုင်နက်တည်းတွင် လုပ်ပိုင်ခွင့်အာဏာနှင့် ၎င်းတို့၏ အမာခံထောက်ခံမှုများကို ဆက်ထိန်းထားရန် အာဏာရှင်အစိုးရအဖွဲ့အတွင်းက လက်ရှိတာဝန်ရှိသူများက နည်းလမ်းများရှာကြရသည်။ ထိုသို့နည်းလမ်းများရှာရာတွင် ထိုအာဏာရှင်အစိုးရတာဝန်ရှိသူများက စွန့်စားရန်လိုလိုလားလားရှိဖို့လိုသည်။ သာဓကအားဖြင့် ANC ပါတီနှင့်စေ့စပ်ညှိနှိုင်းမှုများအတွက် သူ၏လုပ်နည်းလုပ်ဟန်များကိုထောက်ခံမှုရရန် လူဖြူသီးသန့် လူထုဆန္ဒခံယူပွဲကျင်းပရေးတောင်းဆိုပြီး ဒီကလပ် အနိုင်ရသွားခဲ့ခြင်းကိုကြည့်နိုင်သည်။ ဘက်နှစ်ဘက်စလုံးမှ ခေါင်းဆောင်များသည် နှစ်ဦးသဘောတူပြေငြိမ်းမှုများထွက်ပေါ်လာအောင်လုပ်ရန် တကယ့်စိတ်စေတနာနှင့် တစိုက်မတ်မတ်ဖိအားပေးမှုများကျင့်သုံးခြင်းကို ပေါင်းစပ်လုပ်ဆောင်ရမည်ဆိုသည်ကို မာဇို ယဲ့ဝ်စကီ၊ ဂွန်ဇာလက်၊ ဒီကလက်၊ အမ်ဘီကီ၊ ကာဒိုဆို၊အဲလွင်၊ လာဂို့စ်တို့အားလုံးက ၎င်းတို့၏ရှုထောင့်အသီးသီးမှ အလေးထားပြောပြခဲ့ကြသည်။ အသွင်ကူးပြောင်းမှုဖြစ်လာအောင်လုပ်ရခြင်းသည် တရားသေဆန်ရမည့် လုပ်ငန်းဆောင်တာမဟုတ်ပါ။

## မျှော်လင့်ချက်အပြည့်ရှိပြီး အားလုံးပါဝင်အောင်ဆောင်ရွက်ရမည်ဟူသော အမြင်လိုအပ်ခြင်း

အသွင်ကူးပြောင်းမှုသည် မည်သည့်အဓိပ္ပာယ်ဆောင်မည်ကို ကျယ်ပြန့်ပြီးမျှော်လင့်ချက်ရှိသောအမြင်ကို တစိုက်မတ်မတ်တင်ပြရန်လိုအပ်ချက်ကို ထိုခေါင်းဆောင်များအားလုံးက နားလည်ကြသည်။ တခါတရံ စိတ်ပျက်ဖွယ်အပေးအယူများလုပ်ရသည်မှန်သော်လည်း ခေါင်းဆောင်များက အထက်ပါအတိုင်းနားလည်မှုရှိကြသည်။ အတိတ်ကာလက နစ်နာဆုံးရှုံးမှုများကို အလေးထားခြင်းထက် ရှေ့ဆက်ရမည့်နည်းလမ်းကို ၎င်းတို့က အလေးထားကြသည်။ ပိုပြီး လက်ငင်းကျသည့် အောင်မြင်မှုများအတွက် နှိမ့်ချမှုရှိသော ကတိကဝတ်များနှင့်ပေါင်းစပ်ပြီး

လူ့အဖွဲ့အစည်းတစ်ခုလုံး၏ နောင်ရေးအတွက် ခွန်အားသတ္တိပြည့်ဝသော အမြင်သည် အန္တရာယ်များ၊ ဆုံးရှုံးမှုများ၊ စိတ်ပျက်လက်ပျက်ဖြစ်ရခြင်းများပါဝင်နေသည့် ခက်ခဲလှသော ကာလများကို ဖြတ်သန်းနိုင်ရန် အထောက်အကူပြုပါသည်။ အရပ်ဘက်အဖွဲ့အစည်းများကို စည်းရုံးမှုပျက်ပြားစေနိုင်ပြီး ပြည်သူများကိုချိန်ခွဲသွားစေနိုင်သည့် အကြောက်တရားကိုတိုက်ဖျက်ရန် ထိုသို့သောအမြင်များ လိုအပ်ပေသည်။ လာဂို့စ်၊ ဒီကလက်၊မာဇိုယဲ့ဗ်စကီနှင့် ဂွန်ဇာလက်တို့ အလေးထားပြောကြားခဲ့ကြသည့်အတိုင်း ခေါင်းဆောင်တော်တော်များများအတွက် ကြီးမားသည့်စိန်ခေါ်မှုသည် သက်ဆိုးရှည်နေသော အကြောက်တရားများပင်ဖြစ်သည်။ နိုင်ငံရေးရပ်တည်ချက်များ အပြင်းအထန် ကွဲလွဲမှုသို့ပြန်မသွားနိုင်စေရန်အလို့ငှာ ကွန်ဆာဗေးတစ် ကိုယ်စားလှယ်လောင်းကိုမဲပေးရန် ဆိုရှယ်လစ်ပါတီကို ထောက်ခံသည့်အမျိုးသမီးကြီးတစ်ဦးက ချီတုံချတုံဖြင့် ဆုံးဖြတ်လိုက်သည့်အကြောင်း လာဂို့စ်ပြောပြသည့် ကိုယ်တွေ့ဇာတ်လမ်းသည် (ဤနေရာတွင်ထည့်ပြောရန်) အထူးသင့်တော်သည့်ဖြစ်ရပ်ဖြစ်သည်။

## ပေါင်းစည်းမှုနှင့်ညွှန့်ပေါင်းများတည်ဆောက်ခြင်း

အတိုက်အခံအင်အားစုများကြားတွင် ညွှန့်ပေါင်းများတည်ဆောက်ခြင်း၊ သဘောတူမှုမှုများရရှိအောင်လုပ်ခြင်း၊ ပေါင်းစည်းမှုကို အားပေးခြင်းတို့သည် ဒီမိုကရေစီအုပ်ချုပ်ရေးတည်ဆောက်မှုအစပျိုးခြင်းနှင့် ထိုအသွင်ကူးပြောင်းမှုများအောင်မြင်အောင်လုပ်ဆောင်ခြင်းနှစ်ခုစလုံးအတွက် အဓိကကျသည်။ အတိုက်အခံ၏အားလုံးကို လွှမ်းခြုံနိုင်သော ရည်မှန်းချက်များအောင်မြင်အောင်လုပ်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းလုပ်ငန်းစဉ်တွင် အလုပ်သမားများ၊ ကျောင်းသားများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ ဘာသာရေးအင်စတီကျူးရှင်းများအပါအဝင် လူမှုရေးလှုပ်ရှားမှုများနှင့်အတိုက်အခံနိုင်ငံရေးလှုပ်ရှားသူများကိုချိတ်ဆက်ပေးရန်အရေးကြီးသည်။ အတိုက် အခံအင်အားစုများသာမက ဆန့်ကျင်နေသည့်အင်အားစုများကြား၊ အစိုးရအပြောင်းအလဲကို ဆန့်ကျင်သူအချို့ကြားတွင်ပါရှိနေသည့် အီလစ် လူတန်းစားအချင်းချင်းကြားရှိ အဆက်အသွယ်များက အရေးကြီးသည်မှာ အမှန်ပင်ဖြစ်သည်။ ဒီမိုကရေစီအရေး လှုပ်ရှားမှုများသည် ပါဝင်သင့်သူအားလုံး အမှန်ပင်ပါဝင်ပြီး သီးခြားလူတစ်ဦးချင်းစီ သို့မဟုတ် အစုအဖွဲ့တစ်ခုချင်းစီအတွက် အသုံးတော်ခံမှုသက်သက်မဟုတ်ဆိုသည်ကို လူထုကြီးတစ်ရပ်လုံးက သိမြင်နားလည်မှုသည်လည်း အဓိကကျသည်။ အာဏာရှင်အစိုးရကို ဆန့်ကျင်မှုအား စည်းရုံးပြီးနောက် အခြေခံဥပဒေသစ်ရေးဆွဲခြင်း၊ လူ့အခွင့်အရေးကိုကာကွယ်ခြင်း၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူ့အ ဖွဲ့အစည်းကိုတည်ဆောက်ခြင်းတို့ လုပ်ဆောင်ရာတွင် ပြည်သူ့လှုပ်ရှားမှုများ၏ ပူးပေါင်းပါဝင်မှုကို အခြေတည်သွားရန် အရေးကြီးသည်။ အသွင်ကူးပြောင်းမှု တော်တော်များများတွင် အထက်ပါရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အမျိုးသမီးများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း ဟာဘီဘီ၊ အမ်ဘီကီ၊ ကာဒိုဆို၊ ရောလင်းစ်၊ လာဂို့စ်နှင့် ရာမို့စ်တို့က ထုတ်ဖော်ပြောကြားခဲ့ကြသလို၊ ပါမောက္ခ

ကျော်ကျီယားနား ဝေလင်းရေးသားသည့် အခန်းတွင်လည်း အသေးစိတ်ဖော်ပြထားသည်။

အဲလွင်၊ဝွန်ဇာလက်စ်နှင့် အခြားခေါင်းဆောင်များ အလေးထားပြောကြသည့်အတိုင်း ပြည်သူများကို စိတ်ဝမ်းကွဲစေမှုအပေါ်တွင်တည်ဆောက်ခြင်းထက် ပြည်သူများကိုညီညွတ်စေသည့်အရာပေါ်တွင် အလေးထားခြင်းက ပိုမိုလိုအပ်သည်။ သို့သော် အကြမ်းဖက်မှုကိုစွန့်လွှတ်ရန်လက်မခံသော၊ သို့မဟုတ် ဒေသဆိုင်ရာ၊ လူမျိုးစုဆိုင်ရာ၊ လူတစ်စုကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် စေ့စပ်ညှိနှိုင်း၍မရသော တောင်းဆိုမှုများကို မရမကတောင်းနေသည့် အစုအဖွဲ့များကို ဖယ်ချန်ရန်ခက်ခဲသော ဆုံးဖြတ်ချက်များချဖို့လည်း ပေါင်းစည်းမှုအောင်မြင်အောင်လုပ်ရာတွင် လိုသည်။ အဆိုပါအုပ်စုများကို ကြိုတင်ဖယ်ထုတ်ထားနိုင်ခြင်းမရှိခဲ့ပါက စပိန်၊ တောင်အာဖရိက၊ ချီလီ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများ၏ အောင်မြင်သော အသွင်ကူးပြောင်းမှုအတွက် အခွင့်အလမ်းကို များစွာထိခိုက်သွားစေနိုင်သည်။ အာဏာရှင်အစိုးရကို အတူတကွ ဆန့်ကျင်လေ့ရှိသူများကြားတွင် အပြန်အလှန်လက်သင့်ခံမှု ပျိုးထောင်ပေးရန်နှင့် တည်ဆဲအစိုးရနှင့်သူ့ကိုထောက်ခံသူများထံမှ အပြန်အလှန်သဘောထားကြီးသည်းခံမှုအတွက် အခြေခံချမှတ်ခြင်း သို့မဟုတ် ကွဲပြားနေသော ရပ်တည်ချက်များကိုသင့်မြတ်စေခြင်းတို့အတွက်နည်းလမ်းများရရှိရန် နိုင်ငံရေးခေါင်းဆောင်များက လုပ်ဆောင်အပ်သည်။ တစ်ပြိုင်နက်တည်းတွင် ဘက်နှစ်ဘက်စလုံးမှ ခေါင်းမာနေဆဲသူများကို သီးခြားထားရစ်ဖို့လည်း နိုင်ငံရေးခေါင်းဆောင်များက လုပ်ဆောင်ရမည်။

အစိုးရဟောင်းအတွင်းက သဘောထားပျော့ပြောင်းသည့် အင်အားစုများနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ ပါဝါဗဟိုချက်မများ အထူးသဖြင့် အဓိကကျသောစီးပွားရေးဆိုင်ရာအကျိုးစီးပွားများကို နိုင်ငံရေးခေါင်းဆောင်များက ပေါင်းကူးဆက်သွယ်မှုများလုပ်ပေးကြရသည်။ အသွင်ကူးပြောင်းမှုအများစုတွင် တိုင်းပြည်အတွင်း စုဖွဲ့ထားသူများနှင့် ပြည်ပရောက် (သို့မဟုတ် လတ်တလောပြန်ရောက်လာသည့်) အတိုက်အခံအဖွဲ့ဝင်များ၏ အမြင်များကို စေ့စပ်ညှိနှိုင်းပေးရန်ကြိုးစားဖို့လည်း လိုအပ်ခဲ့သလိုတစ်ခါတရံ အမြင်တစ်ခုကိုသာ ရွေးချယ်ရသည်လည်းရှိသည်ဟု မက်ဘီကီ၊လာဂို့စ်၊ ကာဒိုဆို၊ ဝွန်ဇာလက်တို့၏ သုံးသပ်ပြောကြားမှုများတွင် တွေ့ရသည်။

သဘောတူမျှမှုများတည်ဆောက်ရာတွင် တစ်ဦးချင်းအမှုအကျင့်နှင့် ညှာတာထောက်ထားစိတ်တို့ကလည်း အရေးပါခဲ့သည်။ ဆူဟာတိုပြုတ်ကျသွားပြီးပြီးချင်း တိုင်းပြုပြည်ပြုလွှတ်တော်၏ ထောက်ခံမှုရရန် ဟာဘီဘီက လွှတ်တော်တို့ကိုယ်တိုင်သွားခဲ့သည်။ ဆူဟာတိုပေးအပ်ခဲ့ထားခဲ့သည့် အရေးပေါ်ကာလအထူးအခွင့်အာဏာများကို ဗိုလ်ချုပ်ကြီးဝီရန်တိုက ဆက်လက်ကိုင်စွဲထားရန် ဟာဘီဘီက အခွင့်အာဏာပေးခဲ့ခြင်းဖြင့် ဝီရန်တို့၏ သစ္စာခံမှုကို ရသွားခဲ့သည်။ မူဝါဒရေးဆွဲရာတွင် ရာမို့စ်သည် အလွန်ညှိနှိုင်းတိုင်ပင်မှုရှိပြီး အလေးအနက်သုံးသပ်တတ်သည့် လုပ်ပုံကိုင်ပုံကိုကျင့်သုံးခဲ့သည်။ နောင်တစ်ချိန်တွင် အစိုးရအဖွဲ့မှ စစ်ဗိုလ်

ချုပ်ကြီးများကိုဖယ်ရှားပြီး အရပ်သားကာကွယ်ရေးဝန်ကြီးခန့်အပ်မှုကို ဆက်လက်လုပ်ဆောင်ရာတွင် လိုအပ်လာမည့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုခိုင်မာစေရန် ဘရာဇီးစစ်ဘက်အရာရှိများ၏ ရာထူးတိုးအခမ်းအနားသို့ ဇနီးသည်နှင့်အတူ ဘရာဇီးသမ္မတ ကာဒို ဆိုကတက်ရောက်ခဲ့သည်။ ချီလီနိုင်ငံ၏ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်အဖွဲ့ဝင်များကို နယ်ပယ်အသီးသီးတွင် ယုံကြည်ကိုးစားခံရသူများဖြင့် ချီလီသမ္မတ အဲလွင်က ဖွဲ့စည်းခဲ့ပြီး ကိုယ်တိုင် ၎င်းတို့၏ နေအိမ်များသို့ ရံဖန်ရံခါသွားရောက်ခဲ့သည်။ သူ၏အစိုးရအဖွဲ့တွင် သဘောတူမျှမှုတည်ဆောက်ရေး အစည်းအဝေးများကို ညဉ့်နက်သည်အထိ မာဇိယဲ့ပ်စကီကပြုလုပ်ခဲ့ပြီး သူ၏အစိုးရအဖွဲ့တွင် ပါဝင်သင့်သူအားလုံးပါရန် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ ရွေးကောက်ပွဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကိုပြောင်းလဲရန် အတိုက်အခံ PAN နှင့် PRD ပါတီများထံမှ အဆိုပြုတင်ပြချက်များကို သမ္မတ ဇီဒီယိုက လက်ခံခဲ့သည်။ အထက်ပါဦးဆောင်ဦးရွက်ပြုမှုများအားလုံးတွင် မိမိကိုယ်ကို ယုံကြည်မှု၊ အမြော်အမြင်၊ စိတ်ရှည်မှု၊ ဖွဲ့ကောင်းမှု၊ တန်ဖိုးရှိသည့်အချိန်ကို အသုံးချမှုတို့ပါဝင်ခဲ့သည်။ အစိုးရသစ်တွင် ၎င်းတို့၏အကျိုးစီးပွားများလည်းရှိနေကြောင်းကိုဘက်ပြိုင်အင်အားစုများကိုအချက်ပေးရန်သတိရှိရှိဖြင့် အလေးအနက်စဉ်းစားထားသော ကြိုးပမ်းချက်များသည်လည်း အရေးကြီးသည်။

## ဒိုင်ယာလော့အတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် ယင်းတို့ကိုကာကွယ်ပေးခြင်း

အတိုက်အခံအုပ်စုများကြား၊ အစိုးရနှင့် အတိုက်အခံခေါင်းဆောင်များကြား တိုက်ရိုက်ဒိုင်ယာလော့များအတွက် အခွင့်အလမ်းများကို ကာကွယ်ပေးခြင်းနှင့် ဖန်တီးပေးခြင်းသည် အရေးကြီးသည့်ဆောင်ရွက်ချက်ဖြစ်လေ့ရှိသည်။ ထိုဆောင်ရွက်ချက်များသည် အတိုက်အခံအုပ်စုများကြား မယုံကြည်မှုကို အခိုက်အတန့်ဆိုးရွားသွားစေတတ်သည့် လျှို့ဝှက်သိုသိပ်မှုရံဖန်ရံခါတွင်လိုအပ်သည်။ အစောပိုင်းက အာဏာရှင်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း နောင်တွင် ကြားနေရန်သာမက ဘက်ပြောင်းလိုက်ရန်ပင် အသင့်ဖြစ်နေသည်ဟုထင်ရသည့် စီးပွားရေးအသင်းအဖွဲ့များ၊ သက်မွေးပညာအလိုက်ဖွဲ့ထားသည့်အဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများအပါအဝင် နိုင်ငံရေးလှုပ်ရှားမှုများနှင့် အခြားကဏ္ဍများကြားတွင် ပေါင်းကူးဆက် သွယ်မှုများလုပ်ပေးဖို့သည်လည်း အဓိကကျသည်ကိုတွေ့ရသည်။ အတိတ်ကာလနှင့်ပတ်သက်ပြီး အငြင်းပွားမှုများကိုဖြေရှင်းခြင်းထက် အနာဂတ်ကိုမျှော်ကြည့်သည့်ဆက်ဆံရေးများကိုပျိုးထောင်ခြင်းကပိုပြီးအရေးကြီးသည်ဟုကိုးနိုင်ငံခေါင်းဆောင်များကယူဆခဲ့ကြသည်။ ထိုသို့အနာဂတ်ကိုဦးတည်သည့် ဒိုင်ယာလော့များသည် အတိုက်အခံတို့၏အမြော်အမြင်နှင့် စီမံကိန်းများကို ပိုမိုထက်မြက်စေပြီး သဘောတူမျှမှုများကို အစပြုစေသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တစိုက်မတ်မတ်လုပ်ဆောင်မှုများကို ဖွံ့ဖြိုးစေသည်။ စေ့စပ်ညှိနှိုင်းရန် အခက်ခဲဆုံးဖြစ်မည့်အရေးကိစ္စများကို ဖြေရှင်းရန်လည်း အထောက်အကူပြုသည်။ အယူအဆများနှင့် စိတ်ဖြာသုံးသပ်မှုများကို ထိုဒိုင်ယာလော့များက ပေးအပ်သည့်အပြင်

နောက်ဆုံးတွင်ဖြစ်ပေါ်လာမည့် ဒီမိုကရေစီအုပ် ချုပ်ရေးအတွက် နိုင်ငံရေးလုပ်နည်းလုပ်ဟန် အယူအဆများ၊ စံနှုန်းများကိုပုံဖော်ရန် အထောက်အကူပြုသည်။ ဤအချက်ကို အစိုးရ တာဝန်ရှိသူများနှင့် ANC ပါတီခေါင်းဆောင်များ၏ တောင်အာဖရိကနိုင်ငံပြင်ပတွင် ကျင်းပ သော 'ဆွေးနွေးမှုများအတွက် ဆွေးနွေးခြင်း' လျှို့ဝှက်တွေ့ဆုံမှုများတွင် အထင်အရှားတွေ့ရ သည်။ အလားတူ ANC နှင့်စေ့စပ်ဆွေးနွေးမှုများအတွက် သဘောတူမျှမှုတည်ဆောက်ရန် National Party ခေါင်းဆောင်များနှင့် ' ချုံပုတ်အတွင်း အနားယူမှု' ဟုတင်စားရသည့် ဆွေးနွေး ပွဲများကျင်းပခြင်းတွင်လည်း အထင်အရှားတွေ့ရသည်။ အခြားသာဓကများအဖြစ် ချီလီမှ 'Group 24' 'Center for Christian Humanism' 'CIEPLAN' ' Vector'၊ ဘရာဇီးတွင် CEBRAP နှင့် အခြားစင်တာများ တွေ့ဆုံဆွေးနွေးရေးနေရာဌာနများ၊ ပိုလန်တွင် Solidarity နှင့် ကွန်မြူနစ်အစိုးရတို့ ဝါဆောမြို့တော် Magdalenka အရပ်တွင် သီးသန့်တွေ့ဆုံသည့် စားပွဲ ဝိုင်းဆွေးနွေးမှု၊ စပိန်နိုင်ငံတွင် အဒိဖိုလ် ဆွာရက်ဇ် (နောင်တွင်စပိန်ဝန်ကြီးချုပ်ဖြစ်လာသူ) နှင့် Committee of Nine တို့ ၁၉၉၇ ခုနှစ်ရွေးကောက်ပွဲ မတိုင်မီတွေ့ဆုံခြင်း၊ အင်ဒိုနီးရှားမှ အစ္စလာမ်မစ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ဂါနာမှ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဥပဒေ ပညာရှင်များအသင်း (Lawyers' Association) တို့၏ အခန်းကဏ္ဍတို့တွင် ဒိုင်ယာလော့ အတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် ယင်းကိုကာကွယ်ပေးခြင်းတို့ကို ထင်ရှားစွာတွေ့ ရသည်။ ညွှန့်ပေါင်းများတည်ဆောက်ခြင်းနှင့် သဘောတူမျှမှုများကို ပုံဖော်ပေးခြင်းတို့အတွက် ရှည်ကြာသောတွေ့ဆုံဆွေးနွေးမှုများကို ရောက်သည့်နေရာတွင် ရပ်ပစ်လိုက်ခြင်း သို့မဟုတ် အကျိုးဖြစ်ထွန်းမှုမရှိအောင်လုပ်ခြင်းတို့ မပြုမိရန်အရေးကြီးသည်။

## အခြေခံဥပဒေရေးဆွဲခြင်း

အခြေခံဥပဒေသစ်ကို မူကြမ်းရေးဆွဲခြင်း သို့မဟုတ် ရှိပြီးသားအခြေခံဥပဒေကို ပြင်ဆင် ခြင်းသည် မရှိမဖြစ်လို အပ်တတ်သော်လည်း ခက်ခဲသည့်အပြင် အန္တရာယ်ပင်ကျရောက် တတ်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အခြေခံအရေးကိစ္စရပ်များဖြစ်သည့် လူမှုရေးနှင့် စီးပွားရေး ရပိုင်ခွင့်များမှသည် ရွေးကောက်ပွဲစနစ်ကို အသေးစိတ်ရေးဆွဲခြင်းထိကိစ္စရပ်များ၊ စစ်တပ်၏ အခန်းကဏ္ဍမှသည် တရားစီရင်ရေးစနစ်ပြုပြင်ပြောင်းလဲရေးအထိ ကိစ္စရပ်များ၊ အချို့အသွင် ကူးပြောင်းမှုများတွင်တွေ့ရသည့် ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိစ္စရပ်တို့နှင့်ပတ်သက်ပြီး အရေးပါသော အခြေအနေဆွေးနွေးမှုများကို အခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် မဖြစ် မနေ လမ်းဖွင့်ပေးရသည်။ ရွေးကောက်ပွဲစနစ်များနှင့် လုပ်ငန်းစဉ်များသည် အလွန်အမင်းအငြင်း ပွားရသည့်ကိစ္စရပ်များဖြစ်လေ့ရှိသည်။ အလားတူ တော်လှန်ပုန်ကန်သော လမ်းစဉ်ကျင့် သုံးသည်ဟု အာဏာရှင်အစိုးရများက သတ်မှတ်သည့် ယခင်ပိတ်ပင်ထားသော နိုင်ငံရေးအဖွဲ့ အစည်းများကို တရားဝင်ရပ်တည်ခွင့်ပေးခြင်းသည်လည်း အလွန်အငြင်းပွားရသည့် ကိစ္စဖြစ် တတ်သည်။

အခြေခံဥပဒေသစ်ရေးဆွဲရေး တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ခြင်း၊ လွှတ်တော်တွင် အခြေခံဥပဒေရေးဆွဲရေးတာဝန်ပေးအပ်သည့် အထူးကော်မရှင် သို့မဟုတ် ကိုယ်စားလှယ်အဖွဲ့ကိုဖွဲ့စည်းခြင်း၊ ထွက်ပေါ်လာသည့်အခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲဖြင့် အတည်မပြုမီ ပြည်သူလူထုထံတင်ပြခြင်းတို့သည် အခြေခံဥပဒေသစ်ရေးဆွဲခြင်းရာတွင် ကျင့်သုံးခဲ့ကြသည့် ရွေးချယ်ဖွယ်ရာနည်းလမ်းများပင်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တစ်ရပ်ချင်းစီသည် သက်ဆိုင်ရာနောက်ခံအခြေအနေတွင် အသုံးတည့်ခဲ့သည့် လုပ်ငန်းစဉ်များဖြစ်သည်။ မည်သည့် လုပ်ငန်းစဉ်ကိုရွေးချယ်သည်ဖြစ်စေ အခြေခံဥပဒေကို မူကြမ်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်သူများစွာနှင့် ထိတွေ့ဆက်ဆံခြင်း၏ အရေးပါမှုကိုခေါင်းဆောင်များက အလေးထားပြောကြသည်။ ထို့အပြင် အဓိကကျသည့် ပြိုင်ဘက်အုပ်စုများ၏ ပဓာနကျသော တောင်းဆိုမှုများကို လိုက်လျောညီထွေဖြစ်အောင်လုပ်ရန် အင်တိုက်အားတိုက်ကြိုးပမ်းမှု၏ အရေးပါပုံကို လည်း ခေါင်းဆောင်များက အလေးထားပြောကြသည်။

ချီလီ၏ ဒီမိုကရေစီမဆန်သော အခြေဥပဒေပြဋ္ဌာန်းချက်များကဲ့သို့ ဝန်လေးစရာ လုပ်ထုံးလုပ်နည်းများကို (ယာယီပင်ဖြစ်စေ) အောင့်သက်သက်ဖြင့်လက်ခံထားရသည့်သဘောပင်ဖြစ်စေကာမူ အခြေခံဥပဒေရေးဆွဲရာတွင် အထက်ပါဆောင်ရွက်ချက်များက အရေးကြီးသည်။ ချီလီအခြေခံဥပဒေအရ ပီနိုချေးခန့်အပ်သည့် အထက်လွှတ်တော်ကိုယ်စားလှယ်များ အထူးသဖြင့် သူ၏သမ္မတသက်တမ်းကုန်ပြီးနောက်တွင် စစ်ဦးစီးချုပ်အဖြစ် ရှစ်နှစ်ကြာတာဝန်ထမ်းဆောင်ရန်နှင့် ရာသက်ပန်အထက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်တို့သည် ပီနိုချေးခေတ် အခြေခံဥပဒေ၏ ဒီမိုကရေစီမကျသော ပြဋ္ဌာန်းချက်များဖြစ်သည်။ အချို့အသွင်ကူးပြောင်းမှုများတွင် အခြေခံဥပဒေသစ်အတွက် ကျယ်ပြန့်သောထောက်ခံမှုတည်ဆောက်ခြင်းသည် နောင်တစ်ချိန်တွင် ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်ကောင်းလိုအပ်မည့် အချို့သော အစွဲအလမ်းများကိုလည်း ထည့်သွင်းဖို့လိုအပ်သည်ဟု အသွင်ကူးပြောင်းမှုကာလ ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြသည်။ ဘရာဇီး ၁၉၈၈ အခြေခံဥပဒေတွင်ပါရှိသည့် အထင်ကြီးစရာဖြစ်သော်လည်း ဘဏ္ဍာရေးအရရေရှည်တွင် တွက်ချေမကိုက်သည့် လူမှုစီးပွားရေးဆိုင်အာအာမခံချက်များသည်လည်း အထက်ပါအစွဲမကျွတ်သည့် ပြဋ္ဌာန်းချက်များပင်ဖြစ်သည်။ ဘရာဇီးအခြေခံဥပဒေတွင် အလားတူပြဋ္ဌာန်းချက်တစ်ခုမှာ အစိုးရအဖွဲ့တွင် စစ်တပ်ပေါင်းစုံမှ ပုဂ္ဂိုလ်များကို ခန့်အပ်ခွင့်ပြဋ္ဌာန်းထားပြီး ထိုပြဋ္ဌာန်းချက်ကို ကာဒိုဆို၏သမ္မတသက်တမ်းတွင် ပြင်ဆင်ခဲ့သည်။

တခါတရံ၌ အဆင့်ပေါင်းများစွာကိုဖြတ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားဖို့လိုအပ်သည်။ စပိန်နိုင်ငံတွင် ဆွာရက်ဇ ဦးဆောင်သည့်အစိုးရသည် အာဏာရှင်ဟောင်းဖရန်စစ္စကို ဖရန်ကိုအား ထောက်ခံသူများလွှမ်းမိုးထားဆဲဖြစ်သည့် လွှတ်တော်မှ ဒီမိုကရေစီဆန်သော ရွေးကောက်ပွဲများကျင်းပရန် ပြဋ္ဌာန်းချက်များကို အတည်ပြုချက်ရအောင်လုပ်နိုင်ခဲ့ပြီး အခြေခံဥပဒေသစ်

ရေးဆွဲခြင်းကို ထိုရွေးကောက်ပွဲများပြီးချိန်အထိရွှေ့ဆိုင်းခဲ့သည်။ ပိုလန်၌ကျင်းပဆဲလွှတ်တော်မှအတည်မပြုသည့် အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအဆိုပြုချက်များကို သမ္မတ ဆွာ ညွှေ့ပ်စကီက ပြန်လည်သုံးသပ်ကြည့်ခဲ့ပြီး ဒီမိုကရေစီနည်းတကျ ရွေးကောက်တင်မြှောက်သည့် နောက်လွှတ်တော်သက်တမ်းတွင်တင်ပြပြီး (အတည်ပြု) ခဲ့သည်။ တောင်အာဖရိက အတွေ့အကြုံက အရှုပ်ထွေးဆုံးဟု ဆိုနိုင်သည်။ ဒီကလက်အစိုးရနှင့် ANC တို့က အချက် ၃၄ ချက် ပါဝင်သည့် မူဝါဒများပေါ်တွင်အခြေခံကာ ယာယီအခြေခံဥပဒေကို ညှိနှိုင်းရေးဆွဲနိုင်ခဲ့သည်။ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းတကျ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကအခြေခံဥပဒေရေးဆွဲရေးတိုင်းပြုပြည်ပြုလွှတ်တော်အဖြစ်ဖွဲ့စည်းပြီးမှသာ အပြီးသတ်အခြေခံဥပဒေကိုမူကြမ်းရေးဆွဲရန် ၎င်းတို့က အချိန်ရွှေ့ဆိုင်းခဲ့ကြသည်။ ထို့နောက် ထိုအပြီးသတ်အခြေခံဥပဒေသည် မူဝါဒ ၃၄ ချက်နှင့်ကိုက်ညီခြင်းရှိမရှိ သေချာစေရန် အခြေခံဥပဒေခုံရုံး၏ အတည်ပြုချက်ရယူခဲ့သည်။

အခြေခံဥပဒေအရေးအသားသည် ရာသက်ပန် တကယ်တည်မြဲခြင်းရှိမရှိဆိုသည့်အချက်သည် ဥပဒေကိုရေးဆွဲသူများက အခြေခံဥပဒေပါ အဓိကသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် တရားဝင်မှုအတွက် ကျယ်ပြန့်သည့် 'ထောက်ခံအားပေးမှု'ရရှိခြင်းရှိမရှိဆိုသည့်အချက်လောက် အရေးမကြီးဆိုသည်ကို ကိုးနိုင်ငံခေါင်းဆောင်များအားလုံးက သဘောပေါက်နားလည်ခဲ့ကြသည်။ ထို့အပြင် နောင်တစ်ချိန် ခိုင်လုံသွားသည့်အဆင့်၌ အခြေခံဥပဒေကို လွယ်လည်းမလွယ်လွန်းလက်တွေ့တွင်လည်း မခက်ခဲလွန်းသည့်နည်းလမ်းဖြင့်ပြင်ဆင်ရန် ယင်းကိုရေးဆွဲသူများက သဘောတူခြင်းရှိမရှိ၊ ရှေ့ဆက်သွားရန် မူဘောင်တစ်ရပ်အတွက် သဘောတူမျှမှုရအောင်လုပ်နိုင်ခြင်းရှိမရှိဆိုသည့်အချက်လောက် အရေးမကြီးဆိုသည်ကိုလည်း ကိုးနိုင်ငံခေါင်းဆောင်များက သဘောပေါက်နားလည်ခဲ့ကြသည်။ အခြေခံဥပဒေ၏ အရေးအသားနှင့် အသုံးအနှုန်းတစ်ခုချင်းစီကအရေးကြီးသည်မှာ အမှန်ပင်ဖြစ်သော်လည်း အခြေခံဥပဒေကို မည်သို့ကျင့်သုံးသည်၊ မည်သည့်အချိန်တွင် မည်သူတို့က ကျင့်သုံးသည်တို့သည်လည်း အရေးကြီးသည်။[9]

ယခင်အစိုးရကိုထောက်ခံသူများနှင့် အစိုးရ၏အင်အားစုများ၏ စီးပွားရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ အကျိုးစီးပွားများအပြင် တစ်ဦးချင်းရပိုင်ခွင့်များကိုလည်း အကာအကွယ်ပေးမည်ဟု အာမခံချက်ပေးအပ်ခြင်းသည် အခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်တွင် အဓိကကျသည့်အချက်ဖြစ်တတ်သည်။ ယင်းအာမခံချက်များသည် ယခင်က (ဖိနှိပ်ခံခဲ့ရဖူးပြီး) အပယ်ခံဖြစ်ခဲ့ရသည့်သူများကြားတွင် ကန့်ကွက်မှုများဖြစ်ပေါ်ရန်လှုံ့ဆော်မည်ကို ကြိုမြင်နိုင်သည့်တိုင် ထိုသို့အာမခံချက်များကိုပေးအပ်ခြင်းက အရေးကြီးသည်။ အထက်ပေါ်ပြပါလုပ်ငန်းစဉ်များနှင့် အညီ နောင်တစ်ချိန်တွင် ထပ်မံသုံးသပ်မှုအလားအလာ ဖြစ်ပေါ်လာစေရန်အလို့ငှာ အဆိုပါ

9 'နိုင်ငံရေးအင်ဂျင်နီယာအတတ်ပညာကို နည်းအမျိုးမျိုးနှင့် အသုံးချမှုများ၊ အခြေခံဥပဒေကိုလိုက်နာလုပ်ဆောင်စေခြင်းနှင့် ဒီမိုကရေစီတည်ဆောက်ခြင်း'ဟူသည့် မထုတ်ဝေဖြစ်သည့် စာမူ (ဖေဖော်ဝါရီ ၂၀၀၁) တွင် Philippe Schmitter ဤအချက်ကို အလေးပေးပြောခဲ့သည်။

အာမခံချက်များသည် ဒီမိုကရေစီနှင့်အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီပြီး ပွင့်လင်းမြင်သာမှု ရှိသင့်သည်ဟူသောအချက်သည် အရေးကြီးသည့် အခြေခံမူဖြစ်သည်။ အကူးအပြောင်း ကာလတရားမျှတမှုနှင့် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကဲ့သို့သော ကိုင်တွယ်ရခက်သည့်ကိစ္စရပ်များကို တစ်ဆင့်တည်းဖြင့် မဖြစ်မနေဖြေရှင်းရမည်မဟုတ်ဘဲ အချိန်ယူပြီး ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။ သာဓကအားဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ချီလီ၌ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ကို ဖွဲ့စည်းကြောင်းကြေညာစဉ်က 'ဖြစ်နိုင်သမျှပမာဏအထိ' သာ တရားမျှတမှုရရှိဖို့ ကြိုးပမ်းမယ်လို့ သမ္မတအဲလွင်က ကတိပေးခဲ့သည်။ သို့သော် 'ဖြစ်နိုင်သမျှ ပမာဏအထိ' သည် အချိန်ကြာလာသည်နှင့်အမျှ ချဲ့ထွင်လာနိုင်မည့် အလားအလာရှိသည်ဟု အဲလွင်ကမျှော်လင့်ခဲ့ပြီး သူမျှော်လင့်ခဲ့သလိုပင် ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံရေးအာဏာကိုရရှိနိုင်သည့် နိုင်ငံရေးအာဏာကိုစိန်ခေါ်နိုင်သည့် လုပ်ထုံးလုပ်နည်းများကိုသဘောတူညီမှုရရှိရန်လုပ်ဆောင်ရခြင်းသည်နိုင်ငံရေးအရကိုယ်စားပြုမှုဆိုင်ရာ အသေးစိတ်အချက်များကို အတိအကျကြိုတင်သတ်မှတ်ခြင်းထက် ပိုမိုအရေးကြီးသည်။ နိုင်ငံရေးဖြစ်စဉ်တွင် ကျယ်ပြန့်သော ပူးပေါင်းပါဝင်မှုရရှိခြင်းသည် ရွေးကောက်တင်မြှောက်ခံ အစိုးရတာဝန်ရှိသူများ၏ လုပ်ပိုင်ခွင့်အာဏာကို လျော့ကျစေကာ နောင်တစ်ချိန်တွင် ပြင်ဆင်မှုများ ထပ်လုပ်ရန်လိုအပ်ချက်ကို ဖြစ်ပေါ်စေသည့်တိုင် ထိုပူးပေါင်းပါဝင်မှုကိုရရှိအောင် နှစ်ဘက်သဘောတူစေ့စပ်ပြေပြိမ်းမှုများ လိုအပ်လေ့ရှိသည်။

အဆိုပါနှစ်ဘက် စေ့စပ်ပြေပြိမ်းမှုများသည် လိုသည်ထက်ပိုသွားခြင်းရှိမရှိဆိုသည်ကို ငြင်းခုံဆွေးနွေးမှုများ ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ သာဓကအနေဖြင့် ၁၉၈၈ ခုနှစ် ချီလီ လူထုဆန္ဒခံယူပွဲအပြီး ပိနိုချေးလက်ထက်တွင် ကျင့်သုံးခဲ့သည့် ဒီဟွန့်ပုံသေနည်းဖြင့်ရွေးကောက်တင်မြှောက်သည့် အချိုးကျကိုယ်စားပြုစနစ်ရွေးကောက်ပွဲစနစ်သည် Concertación အတိုက်အခံညွှန့်ပေါင်းအစိုးရ အာဏာမရမီ ၂၀၀၅ ခုနှစ် အခြေခံဥပဒေလေ့လာသုံးသပ်မှုတွင် ပြင်ဆင်ခြင်းမပြုခဲ့ပေ။ ထိုရွေးကောက်ပွဲစနစ်အရ ကွန်ဂရက်လွှတ်တော်တွင် မဲဆန္ဒနယ်ကိုယ်စားပြုရာ၌ ထောက်ခံမဲအားလုံး၏ သုံးပုံတစ်ပုံရသည့် ပါတီသည်လည်း ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းရသည့် လူများစုထောက်ခံသောပါတီ၏ မဲဆန္ဒနယ်ကိုယ်စားပြုခွင့်နှင့် တန်းတူဖြစ်သွားစေခဲ့သည်။ ထို့ကြောင့် လွှတ်တော်တွင် ဥပဒေပြုရာ၌ မည်သည့်သမ္မတမှ လွယ်လွယ်နှင့် အများစုထောက်ခံမှုမရနိုင်တော့ပေ။ ထိုရွေးကောက်ပွဲစနစ် ပြဋ္ဌာန်းချက်ကိုပြန်လည်ပြင်ဆင်ခြင်းသည် အငြင်းပွားဖွယ်ဖြစ်နေဆဲဖြစ်ပြီး ချီလီ၏လက်ရှိနိုင်ငံရေးလုပ်ငန်းစဉ်တွင် အရေးကြီးကိစ္စရပ်ဖြစ်နေဆဲဖြစ်သည်။ သို့သော် အထက်ပါကျယ်ပြန့်သောပူးပေါင်းပါဝင်မှုရရှိရေး နှစ်ဘက်သဘောတူစေ့စပ်ပြေပြိမ်းမှုများသည် ရပ်တည်ချက်အပြင်းအထန်ကွဲလွဲနေသည့် လှုပ်ရှားမှုများကို ငြိမ်းချမ်းစွာရွေးကောက်ပွဲတွင်ပါ ဝင်ယှဉ်ပြိုင်ခြင်းဆီသို့ဆွဲခေါ်ရန်အထောက်အကူပြုသည်မှာအမှန်ပင်ဖြစ်သည်။ ထိုသို့ အထောက်အကူပြုသဖြင့် နောင်တစ်ချိန်တွင် ဆင့်ကဲဖြစ်ပေါ်

တိုးတက်မှုများ ထပ်မံဖြစ်ပေါ်ရန်လမ်းဖွင့်ပေးသည့် တည်ငြိမ်သောဒီမိုကရေစီတည်ဆောက်ရာတွင် အထောက်အကူပြုသည်။

## အသွင်ကူးပြောင်းမှု၏ နိုင်ငံရေးဘာဂဗေဒ

၁၉၉၇-၉၈ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းသည် ဆူဟာတိုအစိုးရကိုဝုန်းကနဲပြုတ်ကျသွားစေခဲ့ပြီး အင်ဒိုနီးရှား၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုဖြစ်ပေါ်စေခဲ့သည်။ ဘရာဇီး၊ တောင်အာဖရိက၊ ပိုလန်နိုင်ငံများတွင် ရေရှည်စီးပွားရေးတိုးတက်မှုမရှိခြင်း၊ ရေတိုစီးပွားရေးကျဆင်းခြင်းနှင့် သို့မဟုတ် ဘဏ္ဍာရေးလိုင်ငွေပြုခြင်းများ၊ ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းများက အာဏာရှင်လက်ထက်တွင်ကြီးပွားခဲ့ကြသည့် အရေးပါသော စီးပွားရေးအုပ်စုများအတွက် နိုင်ငံရေးအပြောင်းအလဲလိုအပ်ပြီဟုမဆိုနိုင်လျှင်တောင်မှ လက်ခံရတော့မည်ဆိုသည်ကို သဘောပေါက်သွားစေခဲ့ကြောင်း ကာဒိုဆို၏ဆွေးနွေးတင်ပြမှုတွင်မြင်ခဲ့ရသည်။ အလုပ်လက်မဲ့နှုန်း၊ စီးပွားရေးကျဆင်းမှုများနှင့် အချို့ဖြစ်ရပ်များတွင် ငွေကြေးဖောင်းပွမှုတို့က အာဏာရှင်အစိုးရများကို ဆန့်ကျင်ရန်ပြည်သူများစွာကို စည်းရုံးလှုပ်ရှားမှုဖြစ်ပေါ်စေခဲ့သည်။ အသွင်ကူးပြောင်းမှုကို ချက်ချင်းလက်ငင်းဖြစ်ပေါ်စေသော အကြောင်းအရာများသည် အကောင်အထည်သိသာခြင်းမရှိဘဲ နိုင်ငံရေးပိုဆန်လေ့ရှိသည်။ သို့သော် ဆိုးကျိုးသက်ရောက်မှုရှိသည့် စီးပွားရေးအခြေအနေများသည် အာဏာရှင်အစိုးရအချို့ကို အင်အားချည့်နဲ့စေသည်မှာ အမှန်ပင်ဖြစ်သည်။

အသွင်ကူးပြောင်းမှုမည်သို့ပင်စတင်သည်ဖြစ်စေ အစိုးရသစ်တက်သည်နှင့်တစ်ပြိုင်နက် စီးပွားရေးကိစ္စရပ်များက ဦးစားပေးစရာများဖြစ်လာသည်။ ပိုလန်နိုင်ငံနှင့် (အခြားကွန်မြူနစ်နိုင်ငံများ၏ စီးပွားရေးစနစ်များ) တွင် အစိုးရအသုံးစရိတ်တွင် ကြွေးမြီနှင့်ပိုင်ဆိုင်မှုခြားနားချက်မျှတစေရန်အလို့ငှာ ပြည်သူ့အများစုအတွက် လူမှုဖူလုံရေး အထောက်အပံ့များကို လျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ လုပ်ဆောင်ခဲ့ရသည်။ နောက်ထပ် စီးပွားရေးဖွံ့ဖြိုးမှုများမြှင့်တင်ပေးရန်အလို့ငှာ ရေရှည်ဘဏ္ဍာရေးအခြေအနေကောင်းရန်နှင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုချောမွေ့အောင် အစိုးရ၏လုပ်ဆောင်နိုင်စွမ်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ချမှတ်ရန်လိုအပ်ချက်နှင့် နိုင်ငံအများစုမှ ဘဏ္ဍာရေးအကျပ်အတည်းများ၊ အလုပ်လက်မဲ့နှုန်းထားများနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်၊ ဆင်းရဲမွဲတေမှုလျှော့ချရန်အလိုအပ်ချက်တို့သည် ပဋ္ဌိပက္ခဖြစ်ခဲ့ကြသည်ဟု အမ်ဘီကီ၊ ဟာ ဘီဘီနှင့်အခြားသူများက အလေးထားပြောကြားခဲ့ကြသည်။ သို့သော် ဇီဒီယိုနှင့် မာဇိယဲ့ဝ်စကီတို့ထောက်ပြခဲ့ကြသည့်အတိုင်း ဘဏ္ဍာရေးအသုံးစရိတ်ခြိုးခြံချွေတာခြင်းသည် ပြင်းထန်သည့် နိုင်ငံရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေမည့် အန္တရာယ်ရှိသည်။ နိုင်ငံရေးအပြောင်းအလဲအတွက် ခိုင်မာသော လူထုထောက်ခံမှုရှိနေချိန်တွင် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တာဝန်ယူဆောင်ရွက်ရန် အလျင်အမြန်လုပ်ဖို့လိုအပ်ချက်ကို ဟာဘီဘီ၊ မာဇိယဲ့ဝ်စကီနှင့် ဝွန်ဇာလက်စ်တို့က

ဇောင်းပေးပြောပြခဲ့ကြသည်။ Concertación ညွှန့်ပေါင်းအစိုးရက ဆင်းရဲမွဲတေမှု လျော့ချရေးနှင့် 'အခွင့်အလမ်းညီမျှသည့် စီးပွားရေးဖွံ့ဖြိုးမှု' ရရှိအောင်လုပ်ဆောင်ခြင်းကို စီးပွားရေးလုပ်ငန်းများ ရော အလုပ်သမားများကပါ ထောက်ခံခဲ့ကြချိန်တွင် အစိုးရ အနေနှင့်လည်း ဥပမာသြဇာရှိသည့် သတ္တုတွင်းအလုပ်သမားသမဂ္ဂမှ လုပ်ခလစာတောင်းဆိုမှုများကို ထိန်းချုပ်ရန်လိုအပ်ပုံကို အဲလွင်နှင့်လာဂို့တို့က ပြောပြခဲ့သည်။[10] အသွင်ကူးပြောင်းမှု အများစုတွင် လက်ထဲခြေးတစ်ပြား မရှိသည့်သူများခံစားရသည့် ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေရန် အထူးလူမှုရေးအစီ အမံများ လိုအပ်သည်ကိုတွေ့ရသည်။

## နိုင်ငံရေးပါတီများ၏အရေးပါမှု

အသွင်ကူးပြောင်းမှုကိုးခုစလုံးနီးပါးတွင် နိုင်ငံရေးပါတီသစ်၊ ပါတီဟောင်းများသည် အဓိကကျသည့်နေရာမှ ပါခဲ့ကြသည်။ ယင်းပါတီများသည် လူထုလှုပ်ရှားမှုများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ဆက်ဆံရေးထူထောင်ပြီး ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ ကွန်ရက်များ ကိုတည်ထောင်ခဲ့ခြင်းသည် အာဏာရှင်အုပ်ချုပ်ရေးကို တိုက်ဖျက်ရန် မဟာဗျူဟာများကိုအ ကောင်အထည်ဖော်နိုင်စေပြီး နိုင်ငံတကာ၏ထောက်ခံအားပေးမှုကို စည်းရုံးနိုင်စေသည်။ ရွေး ကောက်ပွဲမဲဆွယ်စည်းရုံးမှုများလုပ်ရန်နှင့်စုဖွဲ့ရန် ကိုယ်စားလှယ်လောင်းများကိုရွေးခြင်း၊ ရွေး ကောက်ပွဲယှဉ်ပြိုင်မှုနှင့် အုပ်ချုပ်ရေးအတွက် စီမံကိန်းများနှင့် ရပ်တည်ချက်များကိုပြင်ဆင်ခြင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ် အမြဲတမ်းတာဝန်ထမ်းဆောင်မည့်သူများကို သင်တန်းပေးခြင်း၊ နိုင်ငံရေး မဟာမိတ်များကြား ပဋိပက္ခများကို လျော့ပါးအောင်လုပ်ပေးခြင်း၊ အောက်ခြေလူထုနှင့် အစိုးရ ကင်းကွာမှုမရှိစေရန် သေချာအောင်လုပ်ခြင်းတို့ကို နိုင်ငံရေးပါတီများက ကူညီပံ့ပိုးပေးသည်။

အာဏာရှင်အစိုးရများက နိုင်ငံရေးပါတီများကို ပိတ်ပင်ခြင်း၊ အားနည်းအောင်၊ ပျက်စီး သွားအောင်လုပ်ခြင်းများကို လုပ်ဆောင်လေ့ရှိသည်။ ချွင်းချက်အနေဖြင့် ဘရာဇီးနှင့်အင်ဒိုနီးရှား၌ အာဏာရှင်အစိုးရကိုထောက်ခံမှုရရှိရန် 'တရားဝင်' နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပေးထား ခဲ့သည်။ တခါတရံတွင် အာဏာရပါတီ၏လွှမ်းမိုးကြီးစိုးမှုကို တရားဝင်မှုရှိစေရန် ပိုလန်နှင့် မက္ကဆီကိုကဲ့သို့နိုင်ငံများ၌ တရားဝင် 'အတိုက်အခံ' ပါတီလှုပ်ရှားမှုကို အကန့်အသတ်ဖြင့် အာဏာရှင်အစိုးရများက ခွင့်ပြုပေးခဲ့ကြသည်။ ထိုတရားဝင်အတိုက်အခံပါတီများ၏ မဲဆွယ် စည်းရုံးမှု ရန်ပုံငွေရှာဖွေရေး၊ မီဒီယာနှင့်ထိတွေ့ခွင့်တို့ကို အာဏာရှင်အစိုးရများက ကန့်သတ် ထားသည်။ တခါတရံတွင် အတိုက်အခံခေါင်းဆောင်များကို ဖိနှိပ်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက် ခြင်းများရှိသည်။ ၎င်းတို့သည် နိုင်ငံရေး၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို အနှောက်

10 ဈေးကွက်ကို တံခါးဖွင့်ပေးသည့် အသွင်ကူးပြောင်းမှုများ၏ နိုင်ငံရေးဘောဂဗေဒကို ပညာယူဖွယ်ဆွေးနွေးတင်ပြထား သည့် Besley, T. and Zagba, R., eds, *Development Challenges in the 1990s: Leading Policymakers Speak from Experience* [၁၉၉၀ပြည့်နှစ်များက ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ၊ ဦးဆောင်မူဝါဒချမှတ်သူများက ၎င်းတို့ အတွေ့ အကြုံကိုပြောပြခြင်း] (Washington, D.C. and New York: World Bank and Oxford University Press, 2005).

အယှက်ပေးခြင်း၊ အယုံအကြည်ကင်းမဲ့အောင်လုပ်ခြင်းတို့ကို လုပ်ဆောင်လေ့ရှိသည်။

အာဏာရှင်အုပ်ချုပ်ရေးများ အဆုံးသတ်စေပြီး ဒီမိုကရေစီအုပ်ချုပ်ရေး ပျိုးထောင်ရန် လုပ်ဆောင်သည့် ခေါင်းဆောင်အများစုသည် နိုင်ငံရေးပါတီများတည်ထောင်ခြင်း သို့မဟုတ် နိုင်ငံရေးပါတီများကို ပြန်လည်အသက်သွင်းခြင်းတို့ဖြင့် စတင်လုပ်ဆောင်လေ့ရှိသည်။ ၎င်းတို့က နိုင်ငံရေးပါတီများကိုတရားဝင်စေရန်ကြိုးပမ်းကြပြီး မီဒီယာနှင့်တရားသဖြင့်ထိတွေ့ခွင့်၊ မဲဆွယ်စည်းရုံးမှုရန်ပုံငွေရှာဖွေရေးတို့ကိုရရှိအောင် ကြိုးပမ်းကြသည်။ နိုင်ငံရေးပါတီများ သေးသိမ်သွားခြင်း၊ စိတ်ဝမ်းကွဲခြင်းနှင့် အပယ်ခံဖြစ်ရခြင်းတို့ကိုလျှော့ချရန် ထိုနိုင်ငံရေးခေါင်းဆောင်များက ကြိုးပမ်းကြသည်။ နိုင်ငံတကာမှ တစ်စည်းတစ်လုံးဖြင့် အထက်ပါရည်ရွယ်ချက်များအားလုံးကိုထောက်ခံမှုရရန် အသွင်ကူးပြောင်းမှုခေါင်းဆောင်များစွာက စည်းရုံးလှုပ်ရှားကြသည်။ ရွေးကောက်ပွဲဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဖွံ့ဖြိုးအောင်လုပ်ပြီး နိုင်ငံရေးပါတီများ၏ စိတ်ဝမ်းကွဲမှုကိုရှောင်ရှားနိုင်ရန်နှင့် ပါတီများ၏ သြဇာနှင့် အရေးပါမှုကို စနစ်တကျကျင့်သားရအောင်လုပ်ခြင်းနှင့် ပြန့်ပွားစေခြင်းတို့အတွက် တစိုက်မတ်မတ်လုပ်ကိုင်ကြသည်။ အဲလွင်၊လာဂို့စ်၊ကာဒိုဆို၊ရော လင်းစ်၊ ကူးဖော်၊ အမ်ဘီကီ၊ ဒီကလက်၊ ဝွန်ဇာ လက်စ်၊ ရာမို့စ်နှင့် ဟာဘီဘီတို့အားလုံးသည် ပါတီတည်ဆောက်ရေးကြိုးပမ်းမှုများကို အင်တိုက်အားတိုက်ပုံအောခဲ့ကြသည်။ (တိုတောင်းသော ဝန်ကြီးချုပ်သက်တမ်းတွင် မာဇို ယဲ့ဗ်စကီသည် ပါတီတည်ဆောက်ရေးရည်မှန်းချက်ကို ဦးစားမပေးခဲ့ခြင်းသည် သူ့အမှားဖြစ်သည်ဟု ပြန်လည်သုံးသပ်ကြည့်သည့်အခါ လေ့လာတွေ့ရှိခဲ့သည်။) နှစ်ပေါင်းများစွာ အာဏာရပါတီဖြစ်ခဲ့သည့် Institutional Revolutionary Party (PRI) မှ ဇီဒီယိုသည် အတိုက်အခံပါတီများအတွက် ပိုအခွင့်သာစေသည့်အခြေအနေများကိုဖန်တီးပေးသည့် ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးခြင်းဖြင့် မက္ကဆီကိုနိုင်ငံ၏ အသွင်ကူးပြောင်းမှုတွင် အရေးကြီးသည့်နေရာမှပါခဲ့သည်။ ဇီဒီယိုသည် PRI ပါတီ၏သမ္မတလောင်းကိုရွေးချယ်သည့် နည်းလမ်းအဖြစ် ပဏာမရွေးကောက်ပွဲကိုစတင်ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲကျင်းပမှုကြောင့် နှစ်ပေါင်းခြောက်ဆယ်ကြာ ရာထူးဆက်ခံမည့်သူကို ကိုယ်တိုင်ကိုယ်ကျရွေးချယ်ခဲ့ကြသည့် မက္ကဆီကိုသမ္မတများကျင့် သုံးခဲ့သော (အာဏာကိုစိတ်ထင်တိုင်းကျင့်သုံးခြင်း) dedocracia ကိုအဆုံးသတ်စေရန် 'ခြေမမကောင်း ခြေမ လက်မမကောင်း လက်မဖြတ်ပစ်ရသည့်'လုပ်ရပ်ကို လုပ်ခဲ့ခြင်းပင်ဖြစ်သည်။

အင်ဒိုနီးရှား၊ဂါနာ၊ပိုလန်နှင့် ဖိလစ်ပိုင်နိုင်ငံများအားလုံးတွင် အင်အားကြီးပါတီများ မဖွံ့ဖြိုးသည့်အခါ၌ ဒီမိုကရေစီက ကြုံရသည့်ပြဿနာများကိုမြင်ရသည်။ ရင့်ကျက်ခိုင်မာပြီးသား ဒီမိုကရေစီနိုင်ငံများတွင်ပင် နိုင်ငံရေးပါတီများသည် ယုံကြည်ကိုးစားနိုင်စွမ်းနှင့် အင်အားကျဆင်းသွားခဲ့ကြပြီး အင်အားကြီးပါတီများကသာ လွှမ်းမိုးထားသည့်အစိုးရများကို ဝေဖန်တိုက်ခိုက်မှုများ နိုင်ငံများစွာတွင် အသားကျနေပြီဖြစ်သည်။ သို့သော် ပါတီများသည် နိုင်ငံရေးအရအထင်ကရပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် ၎င်းတို့၏ခရိုနီများအတွက် အသုံးချခံသက်သက်မဟုတ်ပါက အပြု

သဘောဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ခဲ့ကြသည်။ ပါတီများကို စနစ်တကျကျင့်သား ရအောင်လုပ်ခြင်းသည် အချိန်ယူရနိုင်ပြီး စိုက်လိုက်မတ်တပ် အာရုံစိုက်မှုရှိရသည်။ သို့သော် ရေရှည်အကျိုးရှိမည့်ပြုစုပျိုးထောင်မှုများ စောစီးစွာလုပ်ဆောင်ပါက အကျိုးခံစားခွင့်များ တပုံ တခေါင်းရနိုင်သည်။

## စစ်တပ်၊ ရဲနှင့်ထောက်လှမ်းရေးအဖွဲ့များကို ဒီမိုကရေစီ အရပ်သားအစိုးရက ထိန်းချုပ်ခြင်း

အသွင်ကူးပြောင်းမှုအားလုံးနီးပါးတွင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အခြားလုံခြုံရေး အင်စတီကျူးရှင်း အဆောက်အအုံများကို အရပ်သားလုပ်ပိုင်ခွင့် အာဏာအောက်သို့သွင်းခြင်း သည် အရေးကြီးသည့် စိန်ခေါ်မှုဖြစ်သည်။ ထိုတပ်ဖွဲ့များ၏ တရားဝင်အခန်းကဏ္ဍများ၊ အတိုင်း အတာတစ်ခုအထိ သင့်လျော်သောအထောက်အပံ့ကို ယင်းတပ်ဖွဲ့များကတောင်းဆိုမှု၊ ယခင် အတိုက်အခံအင်အားစုများက လက်စားချေမှုမှင်ပင်တို့ကိုအကာ အကွယ်ပေးခံရရန် လိုအပ်ချက် တို့ကို အသိအမှတ်ပြုခြင်းတော့ ရှိရမည်ဖြစ်သည်။[11] ဤအရေးကိစ္စများကို ဖြစ် ရပ်တစ်ခုနှင့် တစ်ခု သီးခြားစီကိုင်တွယ်ဖြေရှင်းခဲ့ကြသည်။ သို့သော် ညှင်းပမ်းနှိပ်စက်မှုနှင့် ရက်စက်သော ဖိနှိပ်မှု များအတွက်တာဝန်ရှိသည့် ထိပ်တန်းတာဝန်ရှိသူများကို ရာထူးမှဖယ်ရှားခြင်း သို့မဟုတ် အငြိမ်းစားပေးခြင်း၊ ထိပ်တန်းစစ်ဘက်အရာရှိများကို အရပ်သားကာကွယ်ရေးဝန်ကြီးများ၏ တိုက် ရိုက်လုပ်ပိုင်ခွင့်အာဏာအောက်သို့ထားရှိခြင်း၊ တာဝန်ထမ်းဆောင်ဆဲ စစ်အရာရှိများနိုင် ငံရေးစကားများပြောခြင်းနှင့် ဘက်တော်သားအဖြစ် ပါဝင်ပတ်သက်မှုတို့မှ လုံးလုံးလျားလျား ရှောင်ကျဉ်ကြရန် အခိုင်အမာတိုက်တွန်းလှုံ့ဆော်ထားခြင်းတို့ကို ယေဘုယျအားဖြင့် လုပ်ခဲ့ရ သည်။ ဤသို့သောအရေးကြီးသည့် ရည်မှန်းချက်များကို အလွန်စုံလင်ကွဲပြားသော အခြေအနေ များအတွင်း အောင်မြင်အောင်မည်သို့လုပ်ခဲ့ကြရသည်ကို အဲလွင်၊ လာဂို့စ်၊ ကာဒိုဆို၊ ဂွန်ဇာ လက်စ်၊ ဒီကလက်၊ အမ်ဘီကီ၊ ကူးဖော်၊ မာဇိယဲ့ဝ်ဗစကီ၊ ဆွာညဲ့ဝ်ဗစကီ၊ဟာဘီဘီ၊ ရာမို့စ်တို့က အတိအလင်းထုတ်ဖော်ပြောဆိုမှုများမှာ အင်မတန်စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။ အဆိုပါ ခေါင်းဆောင်များ ပြန်ပြောင်းပြောပြသည့် စစ်ဘက်ခေါင်းဆောင်များနှင့် ၎င်းတို့၏ဆက်ဆံရေး အကြောင်းကိုယ်တွေ့ဇာတ်လမ်းများသည်ဤအရပ်ဘက်ကစစ်ဘက်ကိုထိန်းချုပ်ခြင်းကိစ္စအား စီမံခန့်ခွဲရန် လိုအပ်သောအရည်အချင်းများအကြောင်းကို အများကြီးပြောပြနိုင်ပါသည်။ ရာထူး ရာခံရှိသည့် အရာရှိတစ်ယောက်ကိုမည်သည့်အချိန်တွင် ဖြုတ်မည်၊ မည်သည့်အချိန်တွင် မဖြုတ်ဘဲ တခြားနည်းလမ်းရွေးမည်ဆိုသည်နှင့် ပိုပြီးယေဘုယျကျကျပြောရလျှင် ဒီမိုကရေစီ အုပ်ချုပ်ရေး ခိုင်မာအားကောင်းစေရန် စစ်ဥပဒေများကို ထိန်းချုပ်ခြင်းအား အကောင်းဆုံး

11 ဒီမိုကရေစီကြီ့ခိုင်အောင်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးနှင့် ၎င်းတို့၏ အရေးပါပုံကို ကျယ်ကျယ်ပြန့်ပြန့် မကြာသေးမီက လေ့လာချက်တစ်ခုမှာ Barany, Z., *The Soldier and the Changing State: Building Democratic Armies in Africa, Asia, Europe and the Americas* [စစ်သားနှင့် ပြောင်းလဲလာသော နိုင်ငံတော်၊ အာဖရိက၊အာရှနှင့် အမေရိကတိုက်များတွင် ဒီမိုကရေစီစစ်တပ်များ တည်ဆောက်ခြင်း] (Princeton, N.J.: Princeton University Press, 2012) ဖြစ်သည်။

ဖြစ်အောင် မည်သို့လုပ်ဆောင်မည်ဆိုသည်တို့ကို ဆုံးဖြတ်ရန်ချင့်ချိန်မှုနှင့် သတ္တိတို့လိုအပ်သည်ကို တွေ့ရသည်။

လက်နက်ကိုင်တပ်ဖွဲ့များ၏ ပညာသည်ဆန်မှုနှင့် မိမိကိုယ်ကိုတန်ဖိုးထားမှုအား မြှင့်တင်အားပေးခြင်းနှင့် အသိအမှတ်ပြုခြင်းတို့လိုအပ်သည်။ ပြည်တွင်းလုံခြုံရေးထက် ပြည်ပရန်ကာကွယ်ရေးကို အာရုံစိုက်ရန် ၎င်းတို့အားကူညီပေးဖို့လိုသည်။ ၎င်းတို့လိုအပ်သည့် ပစ္စည်းကိရိယာများနှင့် အသုံးအဆောင်များကို ဖြည့်ဆည်းပေးဖို့လိုအပ်သည်။ ကာကွယ်ရေးမူဝါဒကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးအပ်ထားသည့် အရပ်ဘက်အဆင့်မြင့်တာဝန်ရှိသူများသည် လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဗဟုသုတရှိရမည်ဖြစ်ကာ မိမိတို့နည်းတူတိုင်းပြည်တာဝန်ထမ်းဆောင်နေသည့် စစ်မှုထမ်းများကို လေးစားမှုရှိခြင်းသည်လည်း အရေးကြီးပါသည်။ ဤအချက်သည် ဒီမိုကရေစီအရေးလှုပ်ရှားမှုများက လက်နက်ကိုင်တပ်ဖွဲ့များနှင့် အကြမ်းဖက် ထိပ်တိုက်တွေ့မှုများရှိခဲ့ပြီး အပြန်အလှန်မယုံကြည်မှုအပြင် မနှစ်မြို့ခြင်းပင်အားကောင်းနေသည့် နိုင်ငံများတွင်မူ ထင်သလောက်မလွယ်ခဲ့ပါ။

ရဲနှင့် ပြည်တွင်းထောက်လှမ်းရေးလုပ်ငန်းများကို စစ်တပ်မှခွဲထုတ်ရန် လိုအပ်ချက်အား ဟာဘီဘီ၊ ရာမ်ဖို့စ်၊ဂွန်ဇာ လက်စ်နှင့် အမ်ဘီကီတို့အားလုံးက အရေးကြီးကြောင်းပြောခဲ့ကြသည်။ ပြည်သူလူထုအပေါ် သဘောထားအမြင်သစ်များကို နလုံးသွင်းစေခြင်း၊ ဖိနှိပ်မှုနေရာ၌ ကာကွယ်စောင့်ရှောက်မှုကို အစားထိုးခြင်းတို့လုပ်ဆောင်ခြင်းအားဖြင့် ရဲတပ်ဖွဲ့၏အခန်းကဏ္ဍကို ကန့်သတ်ခြင်း၊ အဓိပ္ပာယ်ပြန်လည်ဖွင့်ဆိုခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းတို့လုပ်ရန်အရေးကြီးသည်။ ထိုသို့လုပ်ဆောင်ရင်း အကြမ်းဖက်အဖွဲ့အစည်းများကို ဖြိုခွင်းသည့် ရဲတပ်ဖွဲ့၏စွမ်းရည်အားအားပေးအားမြှောက်ပြုရန်လည်းအရေးကြီးသည်ကိုတွေ့ရှိရသည်။ပြည်တွင်းထောက်လှမ်းရေးအဖွဲ့အစည်းများကိုလည်း အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ ထားရှိသွားရမည်ဖြစ်သည်ကိုတွေ့ရသည်။ အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ထားရှိခြင်းမှာ လုံးဝလွယ်ကူသည်တော့ မဟုတ်ပါ။ အရပ်သားများကို ယခင်ကလျော်ကန်သည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဟု မမြင်ကြသည့် ထောက်လှမ်းရေးအဖွဲ့အစည်းများထဲသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန်အားပေးရမည်ဟု ဂွန်ဇာလက်စ်ကလည်း အလေးထားပြောပြခဲ့သည်။

အထက်ဖော်ပြပါအချက်များအားလုံးကို ပြန့်ပွားအောင်လုပ်ခြင်း၊ ကျိုးကြောင်းညီညွတ်စွာ သိသာထင်ရှားစေခြင်း၊ သိရှိနားလည်ခြင်းတို့သည် ဒီမိုကရေစီအုပ်ချုပ်ရေးတည်ဆောက်ရန်အတွက် အရေးအကြီးဆုံးဖြစ်သည်။ လုံခြုံရေးနှင့် ထောက်လှမ်းရေးတာဝန်ရှိသူများအားလုံး အရပ်ဘက်၏ အခိုင်အမာထိန်းချုပ်မှုအောက်သို့ ထားရှိလိုက်ခြင်းသည် ဒီမိုကရေစီတိုင်းပြည်သစ်များကြုံရသည့် အချိန်အယူရဆုံးစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်လေ့ရှိသည်။ တခါတရံတွင် အရပ်ဘက်ထိန်းချုပ်မှု အခိုင်အမာတည်ဆောက်ရန် လက်နက်ကိုင်တပ်ဖွဲ့များနှင့် သို့မဟုတ် ထောက်လှမ်းရေးနှင့် ရဲဌာနများ၏ တခါတရံတွင် ထင်သာမြင်သာရှိပြီး တခါတရံ မသိသာသည့်

အထပ်ထပ်အခါခါ ထိပ်တိုက်တွေ့ဆုံမှုများ နစ်ပေါင်းများစွာကြာ အောင်ဖြစ်ပေါ်လာလေ့ရှိသည်။ ဥပမာ ၎င်း၏ကိုယ်ပိုင်ထောက်လှမ်းရေးစွမ်းရည်ကို တည်ဆောက်ရန် ဝွန်ဇာလက်ထံမှ အဲလွင်က အစတွင် အကြံဉာဏ်မယူခဲ့သော်လည်း နောက်ပိုင်းတွင် ဝွန်ဇာလက်၏အမြော်အမြင်ရှိမှုမှ သင်ယူလေ့လာခဲ့ရသည်။

## အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုရရှိရေး

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သိသာထင်ရှားသည့် အဂတိလိုက်စားမှုများအတွက် အာဏာရှင်အစိုးရ ဟောင်း၏အဖွဲ့ဝင်များက တာဝန်ခံစေရန် နိုင်ငံရေးနှင့်လူမှုရေးအရ ဖိအားပေးမှုများ အသွင်ကူးပြောင်းမှုတိုင်းတွင်ရှိခဲ့သည်။ သို့သော် အာဏာကိုစွန့်လွှတ်သွားသူများကို လုံခြုံရေးနှင့် အာမခံချက်များပေးရန်လိုအပ်ချက်နှင့် အမှန်တရားနှင့်တရားမျှတမှုအတွက် လိုအပ်ချက်တို့ကြားတွင် မျှတမှုရှိအောင်လုပ်ဖို့တော့အရေးကြီးသည်ကို တွေ့ရသည်။ အချို့ဖြစ်ရပ်များတွင် ထိုသို့မျှတမှုရှိအောင်လုပ်ခြင်းသည် အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး အမှန်တရားကို(အဖြစ်နိုင်ဆုံးပမာဏအထိ)ထွက်ပေါ်လာစေရန်၊ ဓားစာခံဖြစ်ရသူများကို အသိအမှတ်ပြုခြင်းနှင့် နစ်နာမှုကိုကုစားပေးရန်တို့အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေရေးရာလုပ်ငန်းစဉ်များပါဝင်သည်။ ဖြစ်မြောက်နိုင်စွမ်းရှိသည့်အခါမျိုးတွင် ကြီးလေးသည့်ပြစ်မှုကျူးလွန်သူများကို ရုံးတင်စစ်ဆေးရန် ပွင့်လင်းမြင်သာသော ဥပဒေရေးရာလုပ်ငန်းစဉ်များ ပါဝင်လာခဲ့သည်။ ယခင်အစိုးရတာဝန်ရှိသူများကို အစုလိုက်အပြုံလိုက် ရုံးတင်စစ်ဆေးမှုရှိလိမ့်မည်မဟုတ်ဆိုသည်ကို အာဏာစွန့်လွှတ်သွားတော့မည်သူများကို အာမခံရန်အရေးကြီးသည်။

ဤသို့သော များမြောင်ရှုပ်ထွေးသည့်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် လွယ်ကူသည့် ပုံသေနည်းဟူ၍မရှိပါ။ ဤစာအုပ်ပါတွေ့ဆုံမေးမြန်းမှုများသည် ထိုအရေးကိစ္စများကို ပွင့်လင်းစွာ ကိုင်တွယ်ဖြေရှင်းခြင်း၊ နစ်နာဆုံးရှုံးရသူများကိုအသိအမှတ်ပြုခြင်းနှင့် ရင်ကြားစေ့ခြင်း မရှိသည့်တိုင် အပြန်အလှန် ခွင့်လွှတ်သဘောထားကြီးခြင်းနှစ်ခုစလုံးကို အလေးထားခြင်းတို့သည် မည်မျှအရေးကြီးကြောင်း မြင်သာအောင်ပြသနေသည်။ ဘရာဇီးနှင့်စပိန်တို့တွင် လွတ်လပ်စွာနိုင်ငံရေးအရ ယှဉ်ပြိုင်မှုအတွင်းသို့ဝင်ရန် မြေအောက်လုပ်ငန်းဆောင်ရွက်နေခဲ့ရသည့် ဒီမိုကရေစီလိုလားသည့် အတိုက်အခံအဖွဲ့ဝင်များကို လွတ်ငြိမ်းချမ်းသာခွင့်များပေးအပ်ခဲ့သည်။ ချီလီ၊ တောင်အာဖရိကနှင့် ဂါနာတို့တွင် အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်များ၊ အခွင့်အရေးချိုးဖောက်မှုများကို အသိအမှတ်ပြုခြင်းတို့သည် အရေးကြီးသည့် ခြေလှမ်းများဖြစ်သည်။ (မာဇိယဲ့ဝ်စကီနှင့် ခွာညဲ့ဗ်စကီတို့ အရေးလုပ်ပြီးပြောခဲ့သလို) အတိတ်နှင့် ပစ္စုပ္ပန်ကြားတင်းမာမှုကို 'စည်းထူထူ' တားလိုက်ခြင်း၊ ယခင်ကဖြစ်ခဲ့သည့် မသမာမှုများကို အသိအမှတ်ပြုခြင်းနှင့် အောက်မေ့သတိရခြင်းအားဖြင့် နောက်နောင်ထိုသို့ထပ်မံမဖြစ်စေရန် လုပ်ဆောင်ခြင်းတို့သည် (အဲလွင်၊ လာဂို့စ်၊ ဒီကလက်နှင့် အမ်ဘီကီတို့အရေးတယူပြောခဲ့သည့် အတိုင်း) လွယ်လွယ်နှင့်ဖြေရှင်း၍ရနိုင်မည်မဟုတ်ပေ။ ထိုခေါင်းဆောင်အများစုသည် အထက်

ပါရည်မှန်းချက်နစ်ရပ်စလုံးကို ရင်ကြားစေ့ရန်နှင့် လေးစားမှုရှိစေရန် ရှန်းကန်ကြိုးစားခဲ့ကြ ရသည်။ အင်ဒိုနီးရှားတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ချောင်ထိုးပစ်ခဲ့ကြသည်။ မဖြေရှင်း ဘဲထားထားသည့် အရေးကိစ္စများသည် ပြဿနာရှိနေဆဲဖြစ်သည်။

## ပြည်ပမှထောက်ခံအားပေးမှုကို စုဆောင်းစည်းရုံးခြင်း

အစိုးရများ၊နိုင်ငံတကာနှင့် နိုင်ငံစုံအင်စတီကျူးရှင်းများ၊ ကော်ပိုရေးရှင်းများ၊ အလုပ် သမားသမဂ္ဂများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများဆိုင်ရာ နိုင်ငံတကာအဖွဲ့ အစည်းများ၊ အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည့် ပြည်ပမှမူဝါဒရေးရာလှုပ်ရှား ဆောင်ရွက်သူများသည် အသွင်ကူးပြောင်းမှုအများစုကို ထောက်ခံအားပေးခဲ့ကြသည်။ အချို့ ဖြစ်ရပ်များတွင် အတိုက်အခံအုပ်စုအမျိုးမျိုးကြား၊ အတိုက်အခံနှင့် အာဏာရှင်အစိုးရ ကိုယ်စား လှယ်များ၊ အခြားလူမှုရေးအင်အားစုများကြားတွင် ဒိုင်ယာလော့လုပ်ရန် လိုအပ်သော အခြေ အနေများနှင့် အခင်းအကျင်းများကို ၎င်းပြည်ပအဖွဲ့အစည်းများက ပေးအပ်ကြသည်။ ထိုအ ထောက်အပံ့များကိုတောင်အာဖရိကတွင်အထင်အရှားတွေ့မြင်ရသည်။ တောင်အာဖရိကတွင် အကြီးစားသတ္တုတွင်းလုပ်ငန်းကြီးများက ANC ခေါင်းဆောင်များနှင့် အစိုးရတာဝန်ရှိသူများ၏ လျှို့ဝှက်တွေ့ဆုံဆွေးနွေးမှုများ ပြည်ပတွင်လုပ်ဆောင်ရန် လုံခြုံသောနေရာများနှင့် ဘဏ္ဍာ ငွေကြေးများကိုပံ့ပိုးပေးခဲ့ကြသည်ဟု မက်ဘီကီ၏ဆွေးနွေးမှု တွင်ပါရှိခဲ့သည်။ သို့သော် ထို အထောက်အပံ့များကို စပိန်နှင့်ချီလီတို့တွင်လည်း သိသာထင်ရှားစွာတွေ့မြင်ခဲ့ရသည်။

ပြည်ပမှဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သူများသည် ကျွမ်းကျင်မှုကိုမျှဝေခြင်းနှင့် အားပေးလှုံ့ ဆော်ခြင်း၊ ထောက်ခံအားပေးခြင်းတို့ဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများကို အားဖြည့်ပေးသည်။ ရံဖန်ရံခါတွင် အာဏာရှင်အစိုးရကို စိန်ခေါ်မှုမြင့်တက်မလာမီ သို့မဟုတ် အာဏာရှင်အစိုးရ ပြုတ်ကျသည့်အချိန်ကျရောက်သည့်အခါ ၎င်းတို့ကပံ့ပိုးကူညီကြသည်။ နိုင်ငံရေးပါတီဖွဲ့စည်း ခြင်း၊ ရွေးကောက်ပွဲစနစ်များနှင့်ကျင်းပပုံ၊ ညွှန့်ပေါင်းတည်ဆောက်ခြင်း၊ အခြေခံဥပဒေရေးဆွဲ ခြင်း၊ အမျိုးသမီးများ၏အခွင့်အရေးများကို တိုးတက်အောင်လုပ်ခြင်းတို့နှင့်ပတ်သက်ပြီး နိုင်ငံ ပေါင်းစုံမှ အတွေ့အကြုံများကို နီးနော်ဖလုယ်မှု လွယ်ကူချောမွေ့အောင် ပြည်ပမှမူဝါဒရေးရာ ဆောင်ရွက်သူများက လုပ်ဆောင်ပေးခဲ့ကြသည်။ ရပ်ရွာအဖွဲ့အစည်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ လူထုသဘောထားအမြင်စစ်တမ်းကောက်ခြင်း၊ မဲထည့်ပြီးသူများကို တွေ့ဆုံပြီး မဲရလဒ်ခန့်မှန်းခြင်း၊ လုပ်အားပေးရာ ဂဏန်းမှထောင်ဂဏန်းသုံးကာ မဲရုံစောင့်ကြည့် ခြင်းနှင့်သတင်းအချက်အလက်ရယူခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊ ဒီမိုကရေစီ တည်ဆောက်ခြင်း၏ လက်တွေ့ကျသော အခြားမျက်နှာစာများ စသည်တို့နှင့် ပတ်သက်ပြီး ပြည်ပအဖွဲ့အစည်းများက သင်တန်းများပေးခဲ့ကြသည်။ အချို့နိုင်ငံများတွင် ရွေးကောက်ပွဲများ နှင့် ရွေးကောက်ပွဲရလဒ်များ၏ ယုံကြည်ကိုးစားနိုင်စွမ်းကို အထောက်အကူပြုရန် နိုင်ငံတကာ ရွေးကောက်ပွဲစောင့် ကြည့်လေ့လာရေးအဖွဲ့များက ကူညီခဲ့ကြသည်။ အတိုက်အခံကေဒါများ

နောင်တစ်ချိန်တွင် အစိုးရ၏လုပ်ငန်း တာဝန်များအတွက် ပြင်ဆင်ကြရန်အထောက်အကူပြုမည့် လက်ငင်းဖြစ်ပေါ်နေသည့် အရေးကိစ္စများနှင့်ပတ်သက်ပြီး ပညာရေးနှင့်ကွန်ရက်ဖွဲ့ခြင်းဆိုင်ရာ အခွင့်အလမ်းများကိုလည်း ပြည်ပအဖွဲ့အစည်းများက ပံ့ပိုးခဲ့ကြသည်။ ဤဆောင်ရွက်ချက်များမှာ အရေးပါခဲ့သည်။ သာဓကအားဖြင့် အစိုးရကဗဟိုချုပ်ကိုင်မှုဖြင့်သွားသည့် စီးပွားရေးကို မူဝါဒဖြေလျှော့ရန်နှင့် စျေးကွက်များကို မြှင့်တင်အားပေးရန် လုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်ပြီး ပိုလန်ဘောဂဗေဒပညာရှင်မျိုးဆက်တစ်ခုကို ပြည်ပတွင်ပညာသင်ယူစေခဲ့ခြင်းမျိုးဖြစ်သည်။ စျေးကွက်စီးပွား ရေးကိုတည်ဆောက်ရန် မူဝါဒဆုံးဖြတ်ချက်ကိုပိုလန်တွင် ချမှတ်ခဲ့ခြင်းဖြစ်သော်လည်း ယင်းကိုအကောင်အထည်ဖော်ခြင်းအား ဖြစ်မြောက်စေရန် နိုင်ငံတကာ၏ပူးပေါင်းပါဝင်မှုက အကူအညီပေးခဲ့သည်။

အသွင်ကူးပြောင်းမှုကို အွန္တရာယ်ကျရောက်စေတတ်သည့် အဖန်တလဲလဲဖြစ်ပေါ်သည့် အရေးကိစ္စများတွင် ယခင်ကရရှိထားသည့်အတွေ့အကြုံကို အသုံးချခွင့်အား နိုင်ငံတကာ အဖွဲ့အစည်းများက ပံ့ပိုးပေးခဲ့ကြသည်။ အဆိုပါအရေးကိစ္စများမှာ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး၊ အသွင်ကူးပြောင်းကာလ တရားမျှတမှု၊ ယုံကြည်လောက်သော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ အစည်းများကို ကြီးကြပ်ခြင်း၊ ဒီမိုကရေစီကို ရန်လိုသည့်စောင့်ကြည့်မှုနှင့် ထောက်လှမ်းရေးလှုပ်ရှားမှုကွန်ရက်များကို ဖျက်သိမ်းရန် အသေးစိတ်စီစဉ်ရေးဆွဲခြင်းတို့ဖြစ်ပြီး ယင်းတို့ကို ဝွန်ဇာလက်စ်က အသေးစိတ်ပြောပြခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊ စီးပွားရေးနှင့်အလုပ်သမားရေးရာအဖွဲ့များ၊ သက်မွေးပညာသည်အဖွဲ့အစည်းများနှင့် အခြားကဏ္ဍများမှ အဆင့်တူပုဂ္ဂိုလ်များနှင့် အုပ်စုဖွဲ့ဆက်သွယ်ရေးနှင့် လေ့ကျင့်သင်ကြားရေးအခွင့်အလမ်းများကို ပြည်ပအဖွဲ့အစည်းများက မြှင့်တင်ပေးခဲ့ကြသည်။ ထိုသို့မြှင့်တင်ပေးခြင်းသည် ဒီမိုကရေစီအလေ့အကျင့်များနှင့် အပြုအမူများ အထက်ပါအဖွဲ့အစည်းများကြား ခိုင်မာအားကောင်းလာစေရန် အထောက်အကူပြုသည်။ ထိုပြည်ပအဖွဲ့အစည်းများက ထပ်မံအာမခံပေးမှုနှင့် ကျယ်ပြန့်သော အကြံပြုချက်အပြင် ရံဖန်ရံခါအသေးစိတ်လက်တွေ့ အကြံပြုချက်ကိုပေးအပ်လေ့ရှိသည်။[12]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ်စွာစုဝေးခွင့်တို့အပါအဝင် လူ့အခွင့်

12 မြန်မာခြောက်ခံရသည့် အတိုက်အခံခေါင်းဆောင်များ၊ နောင်တွင်ထွက်ခွာတော့မည့် အာဏာရှင် အစိုးရအဖွဲ့ဝင်များကို နိုင်ငံခြားအစိုးရများက ဒုက္ခသည်ခိုလှုံခွင့်လည်းပေးခဲ့သည်။ (ဖိလစ်ပိုင်မှ မားကို့စ်ကို ခိုလှုံခွင့်ပေးခဲ့ခြင်းမျိုးဖြစ်သည်။) အဆင့်မြင့် မဲပေးစက်များနှင့် မည်သူမည်ဝါမှတ်ပုံတင်သည့် နည်းပညာများကို (ဥပမာဂါနာတွင်) သန့်ရှင်းသောရွေးကောက်ပွဲများကို အထောက်အကူပြုရန် နိုင်ငံခြားအစိုးရများက ထောက်ပံ့ပေးခဲ့သည်။ (၁၉၈၈ ရီုလီလူထုဆန္ဒခံယူပွဲ တုန်းကလို) အတိုက်အခံသည် မီဒီယာနှင့်လက်ခံနိုင်ဖွယ်ဖြစ်သော ဆက်သွယ်ခွင့်ရရှိရေး ပြည်တွင်းအာဏာပိုင်များက အာမခံရန် နိုင်ငံခြားအစိုးရများက ဖိအားပေးခဲ့သည်။ (အင်ဒိုနီးရှားတွင် ဂျာမန်ဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ လုပ်ဆောင်ခဲ့သလို) စီးပွားရေးစီမံခန့်ခွဲမှုအတွက် နိုင်ငံတကာအဖွဲ့အစည်းများက နည်းပညာအကူအညီများပေးခဲ့ကြသည်။ (ဂါနာနှင့်မက္ကဆီကိုတွင်)လွတ်လပ်၍တရားမျှတသော ပါတီစုံရွေးကောက်ပွဲများအတွက် ပြည်တွင်း ဖိအားပေးမှုများကို ပံ့ပိုးပေးခဲ့သည်။

အရေးများကို လေးစားခြင်းနှင့် ဖိနှိပ်မှုကိုတားဆီးခြင်းတို့အတွက် ပြည်ပမှစုပေါင်းဖိအားပေးမှု သည် အရေးပါလေ့ရှိခဲ့သည်။ တောင်အာဖရိကနှင့် ပိုလန်တို့တွင် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှု များက အရေးအကြီးဆုံးဖြစ်သည်။ ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှု၊ အကူအညီနှင့်ပူးပေါင်းဆောင် ရွက်ရေး စီမံချက်ပေါင်းများစွာသည် ပိုလန်၊ အင်ဒိုနီးရှား၊ ဂါနာနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ထူးခြားအရေးပါမှုရှိခဲ့သည်။ ဖိအားပေးမှုအပြင် ပါတီစုံရွေးကောက်ပွဲ၊ လက်ခံနိုင်လောက်အောင် တရားမျှတမှုရှိသည့် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများ၊ သမ္မတသက်တမ်း ကန့်သတ်ချက် တို့ကို ဂါနာသမ္မတရောလင်းကလက်ခံခဲ့ခြင်းကို နိုင်ငံတကာက အသိအမှတ်ပြုခဲ့သည်။ ထို အချက်ကြောင့် ဂါနာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ရောလင်းက အကျိုးပြုမှုများ အတွက် ခိုင်မာအားကောင်းစေခဲ့သည်။

အချုပ်ပြောရလျှင် အသွင်ကူးပြောင်းမှုကာလများအတွင်း အရေးကြီးသည့် လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရ များ၊ ဖောင်ဒေးရှင်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အရေးကြီးသည့်နေရာ များမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ စပိန်၊ တောင်အာဖရိက၊ ဂါနာနှင့် ပိုလန်တို့တွင် ရှောင်လွှဲ မရသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ လူမှုရေးအရ (ဆိုးကျိုး) သက်ရောက်မှု ကို လျော့ပါး သက်သာစေရန် အထောက်အပံ့များကို နိုင်ငံတကာအဖွဲ့အစည်းများက ပေးအပ်ခဲ့ကြသည်။ အခြေ ခံအဆောက်အအုံဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံခဲ့ကြ သည်။ အခြားသော ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာအထောက်အကူများကိုပေးအပ်ခဲ့ကြ သည်။ ၁၉၉၀ ပြည့်နှစ်များတွင် ဒီမိုကရေစီသို့ပြောင်းလဲသွားကြသည့် ပိုလန်နှင့် (အခြားဗဟိုနှင့် အရှေ့ဥရောပနိုင်ငံများ) ကို အကူအညီပေးရာတွင် ဥရောပသမဂ္ဂနှင့် အမေရိကန်အစိုးရတို့သည် အလွန်အရေးပါခဲ့သည်။ ထိုသို့သောနိုင်ငံတကာ စီးပွားရေးအကူအညီသည် ပြည်တွင်းလိုအပ် ချက်များကို တုံ့ပြန်သည့်အနေဖြင့် ပေးအပ်ရာတွင်လည်းကောင်း၊ ပြည်တွင်းအဖွဲ့ အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း အရေးအကြီးဆုံးဖြစ်ပြီး ပြည်တွင်းနိုင်ငံရေး ငြင်းခုံဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်များအတွက် မူဝါဒအရရွေးချယ်စရာများကို ပေးအပ်သည်။

ဆန္ဒပြင်းပြစွာဖြင့် အသွင်ကူးပြောင်းမှုကိုလုပ်ဆောင်သူများနှင့် ပြည်ပအဖွဲ့အစည်းများ သည် ပြည်ပမှပါဝင်ပတ်သက်မှု၏ နိုင်ငံရေးအရထည့်ဝင်ဆောင်ရွက်မှုများနှင့် အကန့်အသတ် များနှစ်ခုစလုံးကို သိရှိနားလည်မှုလိုသည်။ ဒီမိုကရေစီသည် နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင် ရန် လက်ခံနိုင်ဖွယ်အရှိဆုံး နည်းလမ်းဖြစ်လာမှသာ လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီအမြစ်တွယ် နိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် စိတ်ရှည်စွာ၊ ငြိမ်သက်စွာနှင့် ပြည်တွင်းအဖွဲ့အ စည်းများ၏တောင်းဆိုမှုအရသာ ဒီမိုကရေစီအမြစ်တွယ် ရေးလမ်းကြောင်းအတိုင်း လုပ်ဆောင် နိုင်ကြသည်။ သို့သော် ပြည်တွင်း အဖွဲ့အစည်းများ၏နေရာကိုမူ နိုင်ငံတကာအဖွဲ့အစည်းများက ဝင်မယူနိုင်ကြပါ။ ရင်ဆိုင်ကြရမည့် စိန်ခေါ်မှုများစွာနှင့်အခက်အခဲများစွာနှင့် ဒီမိုကရေစီအုပ်ချုပ်

ရေးအခြေခိုင်ရန် အချိန်အကြာကြီးယူရနိုင်သည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုရှိထားပါက စိတ်မရှည်သော၊ ထိရောက်ပီပြင်မှုမရှိသော၊ နောင့်နှေးကြန့်ကြာစေသော ကြားဝင်စွက်ဖက်မှုများကိုရှောင်ရှားနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများက ပြည်တွင်းအဖွဲ့အစည်းများကို ကူညီသင့်သည်။ ရေရှည်တွင် ကျိုးကြောင်းဆီလျော်သည့်နည်းလမ်းဖြင့် ပံ့ပိုးကူညီနိုင်ရန်သာ နိုင်ငံတကာအဖွဲ့အစည်းများကအထောက်အကူပြုသင့်သည်။ နှိုင်းယှဉ်ကြည့်ပြီးရလာသည့် အတွေ့အကြုံမှထွက်ပေါ်လာသောမေးခွန်းများကို မေးမြန်းခြင်း၊ နားထောင်ခြင်းတို့ပြုသည့်အခါ ပြည်တွင်းအဖွဲ့အစည်းများသည် ထိရောက်ပီပြင်မှု အရှိဆုံးဖြစ်လာတတ်သည်။ ကြိုတင်ဖော်မြူလာထုတ်ထားသည့် အဖြေများကို ကိုင်စွဲခြင်းထက်စာလျင် ရှုထောင့်အမျိုးမျိုးမှထွက်လာသည့် အရေးကိစ္စများကို စဉ်းစားသုံးသပ်ကြရန် ပြည်တွင်းအဖွဲ့အစည်းများကို အားပေးတိုက်တွန်းသင့်သည်။

## အသွင်ကူးပြောင်းမှုအတွက် နောက်ခံအခြေအနေများကို ပြောင်းလဲခြင်း

၂၀ ရာစုနောင်းပိုင်းတွင်ဖြစ်ပွားခဲ့သည့် အသွင်ကူးပြောင်းမှုများ၏နောက်ခံအခြေအနေများသည် လက်ရှိနှင့်အနာဂတ်အာဏာရှင်အုပ်ချုပ်ရေးကို စိန်ခေါ်မှုများ၏ နောက်ခံအခြေအနေနှင့် သိသိသာသာကွဲပြားခြားနားသွားခဲ့ပြီဖြစ်သည်။ ကမ္ဘာကြီးက မရပ်မနားပြောင်းလဲနေသည်မှာ ပို၍ပင်မြန်ဆန်လာခဲ့ပြီဖြစ်သည်။

## ပထဝီနိုင်ငံရေးနှင့် နိုင်ငံတကာစံနှုန်းများကို ပြောင်းလဲခြင်း

စစ်အေးခေတ်တုန်းကရှိခဲ့သော လူထုစည်းရုံးလှုပ်ရှားမှုကိုထိန်းချုပ်ခြင်း၊ ပုဂ္ဂလပိုင်ဆိုင်မှုများကို ကန့်သတ်ခြင်း၊ နိုင်ငံတကာပထဝီနိုင်ငံရေးချိန်ခွင်လျှာ အပေါ်အခြေခံပြီးမှာ ပြည်တွင်းနိုင်ငံရေး အစီအမံများကို ဆုံးဖြတ်သတ်မှတ်ခြင်းတို့မှာ ယခုအချိန်တွင်မရှိတော့ပေ။ စစ်အေးပြီးဆုံးချိန်မှစ၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အာဏာရှင်မဟာမိတ် နိုင်ငံများတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ခြင်းသည် ခြိမ်းခြောက်မှုအဖြစ် မမြင်ကြတော့သဖြင့် ဒီမိုကရေစီတည်ဆောက်ရေးလှုပ်ရှားမှုများအတွက် အခွင့်အလမ်းများကို လမ်းဖွင့်ပေးလာခဲ့သည့်အပြင် ထိုအာဏာရှင်အင်အားစုများကို အချို့အခြေအနေများတွင် နိုင်ငံတကာထောက်ခံအားပေးမှုလျော့ချလိုက်ခြင်းလည်း လုပ်ဆောင်လာကြသည်။

လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူသားမျိုးနွယ်ကိုကျူးလွန်သည့် ပြစ်မှုများကို တရားစွဲဆိုရန် နိုင်ငံတကာဥပဒေစံနှုန်းများနှင့် အင်စတီကျူးရှင်းများကို ခိုင်မာအားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာပြစ်မှုတရားရုံးကို တည်ထောင်ခြင်းတို့သည် ဝိုင်းပယ်ခံရခြင်း၊ ဒဏ်ခတ်ပိတ်ဆို့ခံရခြင်းအလျင်းမရှိပဲ ဗြောင်ကျကျ ဖိနှိပ်မှုများ ဖြစ်ပွားနိုင်မည့်အလားအလာကို အတော်အတန်လျော့ချပေးနိုင်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်သည့် ဖိနှိပ်မှုများဆက်လက်ဖြစ်ပွားနေသော်လည်း ထိုလုပ်ရပ်များကို အတော်

အတန် ဟန့်တားပေးသည့် နိုင်ငံတကာစံချိန်စံညွှန်းများတော့ ရှိနေပြီးဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားခြင်းနှင့် အမေရိကန်၏ နိုင်ငံတကာတွင်လွှမ်းမိုးထားနိုင်မှုမကြာသေးမီနှစ်များက ကျဆင်းသွားခြင်းသည် အင်အားကြီးနိုင်ငံတစ်ခုတည်းက ကြီးစိုးခြင်းမရှိတော့သော နိုင်ငံတကာအခင်းအကျင်းကိုဖြစ်ပေါ်လာစေခဲ့သည်။ ဒီမိုကရေစီနည်းတကျ တံခါးဖွင့်မှုများကို ပြင်ပမှစွက်ဖက်မှုများ လျော့ပါးသွားခဲ့ပြီ။ သို့သော် ပြည်တွင်းအကြမ်းဖက်မှုနှင့် အလွန် ဆိုးရွားသော ဖိနှိပ်မှုများကို နိုင်ငံတကာ၏ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းနှင့် ကြားဝင်အဖြေရှာပေးနိုင်စွမ်းတို့သည်လည်း လျော့ပါးလာခဲ့သည်။ အမျိုးသမီးများ၏ အခွင့်အရေးများအပါအဝင် အချို့အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာခဲ့ကြသည်။

ဆိုဗီယက်ပြည်ထောင်စု၏ စီးပွားရေးစနစ်ပြိုလဲသွားခြင်းနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် တရုတ်နိုင်ငံနိုးထလာမှုသည် စီးပွားရေးမူဝါဒဖြေလျှော့မှုများ၊ ဈေးကွက်ကိုဦးတည်သည့် ပြုပြင်ပြောင်းလဲမှုများ၊ ပုဂ္ဂလိကပြည်ပရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာ့ကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာရေးနှင့်ကုန်သွယ်မှုကမ္ဘာပြုဖြစ်စဉ်တို့ဆီသို့ ကမ္ဘာလုံးဆိုင်ရာအချိုး အကွေ့ကို ပိုပြီးအားကောင်းလာစေသည်။ ယနေ့ခေတ်အစိုးရအများစုသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးကိုချဲ့ထွင်ရန် ကြိုးပမ်းလာကြပြီး အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု စံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာလာကြသည်။ ထို့ကြောင့် တံခါးပိတ်စီးပွားရေးများ၊ အထူးသဖြင့် (စီးပွားရေးအင်အားအရ) သေးငယ်သော၊ အလယ်အလတ်ရှိသော တံခါးပိတ်နိုင်ငံများအတွက် ကမ္ဘာ့စီးပွားရေးတွင် နေရာမရှိဖြစ်လာစေခဲ့သည်။ စီးပွားရေးလုပ်ငန်းအနည်းငယ်က ဈေးကွက်ကိုလက်ဝါးကြီးအုပ်ထားခြင်း (economic concentration) ကိုရှောင်ရှားခြင်း၊ တစ်ဦးချင်းဂျီဒီပီအချိုးတိုးတက်အောင်လုပ်ခြင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်စောင့်ရှောက်ခြင်းတို့တွင် နိုင်ငံတော်၏အခန်းကဏ္ဍကိုခိုင်မာအားကောင်းအောင် အချို့နိုင်ငံများတွင် လုပ်ဆောင်ခဲ့ကြသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးကို နိုင်ငံရေးအခင်းအကျင်းအတွက် တရားဝင်မှုအရှိဆုံး အထိုင်အဖြစ် နိုင်ငံတကာတွင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လက်ခံလာခဲ့ကြသည်။ သို့သော် ဒီမိုကရေစီကမည်သည်ကိုဖြစ်ပေါ်စေသနည်းဆို သည်နှင့် ဒီမိုကရေစီတွင် ဘာကိုလိုအပ်သည်ဆိုသည်နှင့် ပတ်သက်ပြီး ကွဲပြားသောအယူအဆများရှိနေသည်။ (ဒီမိုကရေစီဆန်သောရွေးကောက်ပွဲများ ကျင်းပသော်လည်း ဒီမိုကရေစီကို အလွဲသုံးမှုများရှိသည့်) 'ပြိုင်ဆိုင်နိုင်စွမ်းရှိသော အာဏာရှင်' အစိုးရများသည် ဒီမိုကရေစီကြန်အင်လက္ခဏာများ မပြည့်စုံသေးသည့် သို့မဟုတ် ဒီမိုကရေစီဆုတ်ယုတ်နေသည့် တိုင်းပြည်များစွာတွင် တည်မြဲခဲ့ကြသည်။ ထိုနိုင်ငံများတွင် လက်ခံနိုင်လောက် သည့်လွတ်လပ်မှုရှိသော (အစိုးရအပြောင်းအလဲအတွက်) လူထုဆန္ဒခံယူပွဲဆိုင်ရာ ရွေးကောက်ပွဲများနှင့် အာဏာရှင်အုပ်ချုပ်ရေးတို့ကိုပေါင်းစပ်ခြင်းအားဖြင့် လစ်ဘရယ်ဒီမိုကရေစီမဟုတ်သော အခြားရွေးချယ်စရာများလည်းရှိနေကြောင်းပြရန်ရည် ရွယ်ချက်ရှိရှိလုပ်

ဆောင်ကြသည်။[13] ကမ္ဘာပြုဖြစ်စဉ်၏ ဖိအားပေးမှု၊ အကျိုးဆက်ဖြစ်သည့် နိုင်ငံတကာ၏လွှမ်းမိုးမှုကိုတံခါးဖွင့်ပေးခြင်း နိုင်ငံတကာ ဥပဒေများနှင့် အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းလာခြင်းတို့သည် အာဏာရှင်အစိုးရများက ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် ကျင့်စဉ်များကို စနစ်တကျ ထိန်းသိမ်းထားဖို့၊ အမျိုးသမီးအခွင့်အရေးအပါအဝင် လူ့အခွင့်အရေးကို ဖိနှိပ်ထားဖို့ အချိန်ကြာလာသည့်နှင့်အမျှ ခက်ခဲသွားစေခဲ့သည်။ သို့သော် လက်ရှိအချိန်တွင်မူ ပြောရလောက်အောင်မဖြစ်သေးချေ။

## ယခင် ဒီမိုကရေစီအတွေ့အကြုံများ၏ အမွေ

၁၉၇၀ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များအတွင်းက အာဏာရှင်အုပ်ချုပ်ရေးများစွာနှင့် ၁၉၉၀ ပြည့်နှစ်များအတွင်းက အာဏာရှင်အုပ်ချုပ်ရေးအချို့တို့သည် အခြေခံဥပဒေအရ အုပ်ချုပ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေး ရှေးဦးအတွေ့အကြုံရှိခဲ့သည့်နိုင်ငံများတွင် နိဂုံးချုပ်သွားခဲ့ပြီဖြစ်သည်။ နိုင်ငံအများစုတွင် ဒီမိုကရေစီ အင်စတီကျူးရှင်းများ တရားဝင်အထိုင်ကျသွားခဲ့ပြီဖြစ်သည်။ ထိုနိုင်ငံများမှ နိုင်ငံရေးအဖွဲ့အစည်းများသည် လိုက်လျောသဘောတူညီမှုများ ပုံဖော်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်းတို့တွင် အတွေ့အကြုံနှင့် ကွန်ရက်များရှိခဲ့ကြပြီး ဒီမိုကရေစီ ဥပဒေများအတွင်းတွင် ထိရောက်ပီပြင်စွာပြိုင်ဆိုင်နိုင်သည်ဟု ယုံကြည်မှုရှိထားကြသည်။ အာဏာရှင်စနစ်မှ နောင်တစ်ချိန်အသွင်ကူးပြောင်းမှုများသည် ထိုကနဦးဒီမိုကရေစီ အတွေ့အကြုံ အနည်းအကျဉ်းရှိသည့် သို့မဟုတ် လုံးဝမရှိသည့် နိုင်ငံများတွင်ဖြစ်ပေါ်လာပါလိမ့်မည်။ ထိုနိုင်ငံများအနက် အချို့နိုင်ငံများတွင် ဟိုးအရင်ကတည်းက နိုင်ငံရေးသဘောထားကွဲလွဲသူများကို ဖိနှိပ်ခဲ့သည့်ခေါင်းဆောင်များရှိနေသည်။ သက်ဆိုင်ရာနိုင်ငံတွင် အစိုးရက လူထုအလိုကိုတုန့်ပြန်ဆောင်ရွက်ပေးတတ်သည့် အစဉ်အလာ ဥပမာဒေသဆိုင်ရာအဆင့်များတွင် ရှိသည်ဆိုပါက အာဏာရှင်ဖြုတ်ချရာတွင် အထောက်အပံ့ဖြစ်နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် အားလုံးက တောင်းဆိုမှုသည် ဝင်ငွေအဆင့်များလာခြင်းနှင့် နိုင်ငံရေးအရထုတ်ဖော်ပြောဆိုမှုအခွင့်အရေး မြင့်မားများပြားလာခြင်း တို့နှင့် အပြိုင်ဖြစ်ပေါ်ပါက အားကောင်းတတ်သည်။ သို့သော် ဒီမိုကရေစီနိုင်ငံရေး၏ ယဉ်ကျေးမှု၊ အင်စတီကျူးရှင်းများကို ပျိုးထောင်ရန်မှာမူ အချိန်၊ လုပ်အား၊ ကျွမ်းကျင်လိမ္မာမှုတို့အတော်ကြာသုံးရမည်။[14]

13 ဆွေးနွေးမှုများအားလုံးအတွက် Levitsky, S. and Way, L.A., *Competitive Authoritarianism: Hybrid Regimes after the Cold War* [ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အာဏာရှင်စနစ်: စစ်အေးခေတ်နောက်ပိုင်း မျိုးစပ်အစိုးရများ] (New York: Cambridge University Press, 2010). တွင်ကြည့်ပါ။

14 ဥရောပ၏ တော်လှန်ရေးကို ဆင်ခြင်သုံးသပ်ကြည့်ခြင်း - ဝါဆောမြို့တော်မှ အမျိုးကောင်းသားတစ်ဦးထံပို့မည်ဟု ရည်ရွယ်ထားသည့် စာတစ်စောင်မှ 'Reflections on the Revolution in Europe: In a letter intended to have been sent to a gentleman in Warsaw' တွင် ကွယ်လွန်သူ ဥရောပသား လူမှုသိပ္ပံပညာရှင် Ralf Dahrendorf ရေးသားခဲ့သလိုပင်ဖြစ်သည်။ 'အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး တရားဝင်လုပ်ငန်းစဉ်သည် ခြောက်လထက်မနည်း ကြာတတ်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ရလဒ်အဖြစ် အခြေအနေများကောင်းလာသည်ဟု အများကယူဆမှု ခြောက်နှစ်တာကာလ မကျော်လွန်မီ ပျံ့နှံ့မည့်အလားအလာမရှိပါ။ အခြေခံဥပဒေနှင့် စီးပွားရေးစနစ်ကို အပေါ်ယံကျသည့် အင်စတီကျူးရှင်းများအဖြစ်မှ အကျပ်အတည်းဆိုက်ချိန်တွင် ခုံပေနာပေခံနိုင်သည့် အင်စတီကျူးရှင်းများအဖြစ်သို့ ပြောင်းလဲပေး

## လူမှုစီးပွားရေး၊ လူတန်းစားနှင့် လူဦးရေကွာခြားချက်များ

၁၉၇၀ ပြည့်နှစ်များ၊ ၁၉၈၀ ပြည့်နှစ်များအတွင်းက အသွင်ကူးပြောင်းမှုများနှင့် ၁၉၉၀ ပြည့်နှစ်က အသွင်ကူးပြောင်းမှုအချို့တို့ဖြစ်ပွားသည့် နိုင်ငံများတွင် ပညာတတ်လူလတ်တန်းစားတိုးပွားလာခြင်းနိုင်ငံရေးအရ ထုတ်ဖော်ပြောဆိုမှုကျယ်ပြန့်လာခြင်းတို့ကြောင့်လည်းကောင်း၊ ထိုလူတန်းစားသည် ဥပဒေ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု၊ ဘောဂဗေဒတို့ကို လေ့ကျင့်သင်ယူမှုရှိထားခြင်းကြောင့်လည်းကောင်း အဓိကအားဖြင့် အသွင်ကူးပြောင်းမှုများဖြစ်ပွားရခြင်းဖြစ်သည်။ ထိုပညာရပ်များလေ့လာသင်ယူထားသူလူတန်းစားရှိခြင်းသည်ထိရောက်ပီပြင်သောဒီမိုကရေစီအုပ်ချုပ်ရေးကိုတည်ဆောက်ရန် အထောက်အကူပြုခဲ့သည်။ ဝင်ငွေနှင့်ဖွံ့ဖြိုးမှု အဆင့်နိမ့်ပါးခြင်း၊ အလုပ်သမားသမဂ္ဂများနှင့် လူမှုရေးအဖွဲ့အစည်းများမခိုင်မာခြင်း၊ လူ လတ်တန်းစားနည်းပါးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့လုံခြုံသာယာရေးကို ပေးအပ်နိုင်ခြင်းမရှိသည့် နိုင်ငံတော်တို့ရှိနေသည့် တိုင်းပြည်များတွင် အသွင်ကူးပြောင်းမှုများဖြစ်ပေါ်ရန် ပိုပြီးခက်ခဲတတ်သည်။ အဆိုပါနိုင်ငံတော်များတွင် ပြည်သူ့စီမံခန့်ခွဲမှု တတ်မြောက်သူနည်းပါးသဖြင့် အခြေခံလုပ်ခလစာကဲ့သို့ စီးပွားရေးအရအောင်မြင်မှုများ အမြန်ပြန်ရလိုသည့် လူထုဖိအားနှင့် ရင်ဆိုင်လာရခြင်းကို စီမံခန့်ခွဲနိုင်သူနည်းပါးတတ်သည်။ အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် ပင်လယ်ကွေ့နိုင်ငံများတွင်မူ ဝင်ငွေမြင့်မားပြီး လူလတ်တန်းစားများပြားသည့် သယံဇာတပေါကြွယ်သောနိုင်ငံများတွင် အခြားအသွင်ပြောင်းရေးကြိုးပမ်းမှုများ ဖြစ်ပေါ်လာပါလိမ့်မည်။ အဆိုပါတိုင်းပြည်များအများစုသည်လည်း လက်သင့်ရာစားတော်ခေါ်အုပ်ချုပ်ရေးနှင့် အဂတိလိုက်စားမှုတို့အားကောင်းမောင်းသန်မြင့်မားနေပြီး အနှစ်သာရမရှိသော နိုင်ငံတော်များရှိတတ်သည်။ မဟာဗျူဟာမြောက်တည်နေရာတွင်ရှိခြင်း သို့မဟုတ် သယံဇာတများရှိနေခြင်းနှင့်ဆက်နွယ်သည့် ပထဝီ နိုင်ငံရေးအကြောင်းအတရားအရမူ ထိုတိုင်းပြည်များ၏နိုင်ငံရေးစနစ်ကိုတံခါးဖွင့်ရန် ရေရှည်ပြည်ပဖိအားပေးမှု မကြီးဖူးကြပေ။ ထိုသို့သောအာဏာရှင်အစိုးရများသည် အတိုက်အခံလှုပ်ရှားမှုများကို အပေးအယူဖြင့်သိမ်းသွင်းခြင်းသို့မဟုတ် ရပ်တည်မရအောင် လုပ်ခြင်းတို့ ပိုလုပ်နိုင်ကြသည်။

ယနေ့ခေတ် အာရှနှင့် အာဖရိကမှ အာဏာရှင်အုပ်ချုပ်ရေးရှိသည့် နိုင်ငံများစွာတို့တွင် အားကောင်းသော လူမျိုးရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာ စိတ်ဝမ်းကွဲမှုများနှင့် တန်းတူညီမျှမှုမရှိခြင်းများရှိနေသဖြင့် နိုင်ငံရေးရပ်တည်ချက် အပြင်းအထန်ကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။ အလုပ်အကိုင်ရှာမရသည့် ပညာတတ်ပြီးနေရာမရသည့် လူငယ်လူရွယ်များတိုးပွားလာသည့် နိုင်ငံများတွင်မူ ကန့်ကွက်ဆန္ဒပြရန် စည်းရုံးလှုပ်ရှားမှုရှိနေမြဲဖြစ်သည်။လမ်းပေါ်ကဆန္ဒပြပွဲများတွင်သာမကဘဲ နိုင်ငံရေးအသင်းအဖွဲ့များ၊ ပါတီများ၊ အခြား အင်စတီကျူးရှင်းများတွင်ပါ

---

သည့် လူမှုရေးအခြေခံအုတ်မြစ်များပေးအပ်ခြင်းသည် လွတ်လပ်မှုသို့သွားရာလမ်းအတွက် တတိယမြောက်လိုအပ်သော အခြေအနေဖြစ်သည်။ ထိုအခြေခံအုတ်မြစ်များကိုချရန် နှစ်ပေါင်းခြောက်ဆယ်လောက်တော့လိုသည်။' ဟု Ralf Dahrendorf ကရေးသားခဲ့သည်။ (New York: Times Books, 1990) pp. 99-100

လူငယ်လူရွယ်များ ပါဝင်ဆောင်ရွက်လာစေခြင်းသည် ဒီမိုကရေစီရင့်ကျက်ပြီးသား တိုင်းပြည်များအပါအဝင်တိုင်းပြည်များစွာရှိအုပ်ချုပ်ရေးပိုင်းကို အဓိကစိန်ခေါ်မှုဖြစ်လာသည်။ယနေ့ခေတ်ခေါင်းဆောင်များသည် မျိုးဆက်သစ်များနှင့် စနစ်တကျဆက်သွယ်ရမည်ဖြစ်ပြီး လူငယ်များ၏ ဒီမိုကရေစီဆန်စွာ စည်းရုံးလှုပ်ရှားမှုကို အားပေးကြရမည်။

အင်အားကြီးရာဇဝတ်ဂိုဏ်းအုပ်စုများရှိလာခြင်းနှင့် နိုင်ငံဖြတ်ကျော် အစွန်းရောက်နိုင်ငံရေးလှုပ်ရှားမှုများ ရှိနေခြင်းအပါအဝင် အထက်ပါအခက်အခဲများက မနိုင်မာသော နိုင်ငံရေး အင်စတီကျူးရှင်းများကို ပြင်းထန်သည့်ဖိအားများရှိလာသည်။ ထို့ကြောင့် လုပ်နည်းလုပ်ဟန်များ အသေးစိတ်ရေးဆွဲခြင်းနှင့် ဒိုင်ယာလော့ဂ်၊ ပေါင်းစည်းမှုကို အထောက်အကူဖြစ်စေမည့် အင်စတီကျူးရှင်းများတည်ဆောက်သင့်သည်။ ထိုအင်စတီကျူးရှင်းများတည်ဆောက်မှုသည် အပြန်အလှန်ထိန်းကျောင်းမှုနှင့် တာဝန်ခံမှုနည်းလမ်းများကို တည်ထောင်ပေးသည်။ လွတ်လပ်သောတရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို တည်ဆောက်ပေးသည်။ လုံခြုံရေးတပ်ဖွဲ့များကို အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ရောက်ရှိစေသည့်အပြင် ဒီမိုကရေစီ၏ အခြားသော အုတ်မြစ်များကိုလည်းချပေးသည်။ ခိုင်မာအားကောင်းခြင်းမရှိသည့် နိုင်ငံတော်များ၊ အင်စတီကျူးရှင်းများရှိသည့်နိုင်ငံများတွင် ဒီမိုကရေစီအုပ်ချုပ်ရေးကိုရရှိရန် ပိုမိုခက်ခဲမည်ဖြစ်ကြောင်း ဂါနာအတွေ့အကြုံကပြဆိုနေသည်။

## နိုင်ငံတကာမှ ဒီမိုကရေစီမြှင့်တင်ရေး ကြိုးပမ်းမှုများ

စပိန်၊ ပိုလန်နှင့် အခြားဗဟိုနှင့်အရှေ့ဥရောပနိုင်ငံများ အပါအဝင် ဥရောပနိုင်ငံတော်တော်များများ၏ အသွင်ကူးပြောင်းမှုများသည် အီးယူသို့အဖွဲ့ဝင်ရေးအလားအလာများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုမူတည်ပြီး အီးယူနှင့်အမေရိကန်က ကမ်းလှမ်းခဲ့ကြသည့် စီးပွားရေးအထောက်အပံ့များမှ အလွန်ပင်အထောက်အကူပြုမှုရရှိခဲ့သည်။ ချီလီအပါအဝင် လက်တင်အမေရိကနိုင်ငံများစွာ၏ ဒီမိုကရေစီသို့လမ်းဖွင့်ပေးခြင်းသည် ၁၉၇၀ ပြည့် နှစ်များနောင်းပိုင်း (ဂျင်မီကာတာလက်ထက်) တွင် အမေရိကန်အစိုးရက လူ့အခွင့်အရေးကို စတင်အလေးထားလာခြင်းကြောင့် ဦးစွာလွယ်ကူချောမွေ့ခဲ့သည်။ ထို့နောက် ၁၉၈၀ ပြည့်နှစ်များနှစ်လယ်တွင် ရီဂင် ဒုတိယသမ္မ တသက်တမ်းတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုတစ်ကျော့ပြန်တက်ကြွစွာမြှင့်တင်လာသည့် အမေရိကန်၏မူဝါဒကြောင့်လည်း လက်တင်အမေရိကနိုင်ငံများ၏ အသွင်ကူးပြောင်းမှုကို လွယ်ကူချောမွေ့စေခဲ့သည်။ ဒီမိုကရေစီကိုလမ်းဖွင့်ပေးမှုများကို အမေရိကဒေသနိုင်ငံများအဖွဲ့ (Organization of American States) က ရေးဆွဲအတည်ပြုနိုင်ခဲ့သည့် နိုင်ငံရေးလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးသဘောတူမျှမှုများနှင့်အမေရိကတိုက်ချင်းဖြတ်ကျော် လူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာပြစ်မှုတရားရုံးတို့အပါအဝင် အပြည်ပြည်ဆိုင်ရာတရားရေးစံနှုန်းများ၊ အင်စတီကျူးရှင်းများခိုင်မာအားကောင်းလာခြင်းတို့ကအထောက်အကူပြုခဲ့သည်။ အမေရိကန်နှင့် မက္ကဆီကိုတို့၏လုပ်သားဈေးကွက်များ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်း

စဉ်များ၊ လူထုကြိုက်ယဉ်ကျေးမှုတို့ လွှမ်းခြုံပေါင်းစည်းလာမှုက မက္ကဆီကိုနိုင်ငံတွင် ဒီမိုကရေစီတည်ဆောက်ရေးကို ပံ့ပိုးပေးခဲ့သည်။ ဒီမိုကရေစီကိုလမ်းဖွင့်ပေးခြင်းနှင့် တရားဥပဒေစိုးမိုးမှုအတွက် အမေရိကန်နှင့်မက္ကဆီကိုစီးပွားရေးလုပ်ငန်းများ၊ အန်ဂျီအိုများကပံ့ပိုးခြင်းအားမြောက်အမေရိက သွင်းကုန်ကင်းလွတ်ခွင့် သဘောတူစာချုပ်ကဲ့သို့ သဘောတူညီမှုများကလည်းအားဖြည့်ပေးခဲ့သည်။

ယနေ့ခေတ်နှင့် နောင်တစ်ချိန် ဒေသဆိုင်ရာ အင်စတီကျူးရှင်းများအနက် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီကဲ့သို့ အင်စတီကျူရှင်းများသည် ဒီမိုကရေစီအုပ်ချုပ်ရေးကို ထောက်ခံမှုလျော့နည်းလာမည်ဖြစ်ပြီး သို့မဟုတ် အခြားအင်စတီကျူးရှင်းများကမူ ထောက်ခံမှုတိုးလာဖွယ်ရှိသည်။ ဒေသဆိုင်ရာအစိုးရအချင်းချင်း ဆက်သွယ်သည့်အဖွဲ့အစည်းများသည် ရွေးကောက်ပွဲများ၏ ရိုးသားဖြောင့်မှန်ကို အားပေးကာကွယ်စောင့်ရှောက်မှုတွင် အထနေးသော်လည်း ပိုမိုပါဝင်လာကြသည်။ ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့်အုပ်ချုပ်ရေးဆိုင်ရာ အာဖရိကသမဂ္ဂကြေညာစာတမ်းသည် အပြည့်အဝအသက်ဝင်လာပြီဖြစ်သည်။ အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေးအခြေခံမူများတွင် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်ပတ်သက်ပြီး တစ်ညီတစ်ညွှတ်တည်းဖြစ်စေရေးပါရှိလာသည်။ ထို့အပြင် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးက မြန်မာနိုင်ငံ၏ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအတွက် လေ့လာစောင့်ကြည့်သူများ စေလွှတ်ခဲ့သည်။ ထိုသို့သော ဒေသဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသည် အသွင်ကူးပြောင်းမှုခေါင်းဆောင်များ ရရှိနိုင်သည့် အရေးကြီးအထောက်အပံ့များဖြစ်သည်။

## ဒေသဆိုင်ရာနှင့် ယဉ်ကျေးမှုကွဲပြားခြင်းများ

ဘာသာရေးအခြေခံဝါဒီများနှင့် သဘောထားပျော့ပြောင်းသော အစွဲလာမ်ဘာသာရေးဝါဒီများကြား တင်းမာမှုများ သိသာထင်ရှားနေသည့်အခြေအနေတွင် မွတ်ဆလင်အများစုရှိသည့်နိုင်ငံများတွင် အသွင်ကူးပြောင်းမှုများကို ကြိုးစားခဲ့ကြသည်။ အရပ်ဘက်တရားဥပဒေစိုးမိုးမှုရှိသည့် နိုင်ငံတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များ၊ လူထုထောက်ခံသော အချုပ်အခြာအာဏာတို့အားလုံးသည် အလွန်အမင်းပြိုင်ဆိုင်နေသည့်အချိန်တွင် အသွင်ကူးပြောင်းမှုကြိုးပမ်းချက်များ ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာ့မွတ်ဆလင်ဦးရေအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့် မျိုးဆက်တွင် ထိရောက်ပီပြင်သော ဒီမိုကရေစီအုပ်ချုပ်ရေးကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ဒီမိုကရေစီလိုလားသည့် အစုအဖွဲ့များက အခြားမွတ်ဆလင်အများစုနိုင်ငံများတွင် ပိုပြီးသြဇာရှိလာကြသည်။ အချို့နိုင်ငံများတွင်တော့ ဥပဒေသည် ရှာရီယာဘာသာရေးဥပဒေမှ အဓိကသို့မဟုတ် လုံးဝဆင်းသက်ရမည်၊ ဘာသာရေးအရ အစဉ်အလာယုံကြည်လက်ခံထားမှု၊ အစဉ်အလာ ကျား၊မလူမှုရေးရာ မတူကွဲပြားမှုတို့ကို နိုင်ငံတော်ကအားကောင်းအောင်လုပ်ရမည်ဆိုသည်ကို တောင်းဆိုသော သြဇာရှိသောရှေးရိုးစွဲအစုအဖွဲ့များရှိကြသည်။ ဘာသာရေးကိုင်းရှိုင်းသည့် ရှေးရိုးစွဲများနှင့် လူဝတ်ကြောင်လစ်ဘရယ်များသည် ဘာသာရေးဥပဒေ၏အခန်းကဏ္ဍ

နှင့် အမျိုးသမီးတို့၏အခွင့်အရေးကို အလွဲသုံးစားလုပ်ခြင်းသည် လက်မခံနိုင်သည့် ကိစ္စအဖြစ် မြင်လာကြသည်။ ထို့ကြောင့် ထိုသူများသည် အာဏာရှင်ဆန်သော ဖြေရှင်းမှုများကို လက်ခံသည့်တိုင် ကွဲပြားသောနည်းလမ်းများဖြင့် ဆန့်ကျင်ဘက်အကြောင်းအရင်းများအတွက် လက်ခံထားကြခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများ၏ လက်နက်ကိုင်တပ်ဖွဲ့များသည် များသောအားဖြင့်ဘာသာရေးနှင့်သီးခြားကင်းသော နိုင်ငံတော်ကိုသစ္စာခံထားကြခြင်းဖြစ်သည်။ ၎င်းတို့ကို ဒီမိုကရက်များရော၊ ဘာသာရေးအခြေခံဝါဒီများကပါ ယနေ့ခေတ်တွင် စိန်ခေါ်လာကြသည်။ နိုင်ငံတကာ စစ်ခေါင်းဆောင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများသည် လက်ရှိနိုင်ငံရေးတည်ငြိမ်မှုနှင့် စစ်ဘက်အင်စတီကျူးရှင်းများ၏ ဖြောင့်မတ်မှန်ကန်မှုကို အထောက်အကူအပြုနိုင်ဆုံးဖြစ်မည့် မူဝါဒများနှင့်ကျင့်စဉ်များကို အာရုံစိုက်အပ်ပါသည်။

ဘာသာရေးအဖွဲ့အစည်းများသည် အာဏာရှင်အစိုးရများ၏ တံတိုင်းများအဖြစ် ပါဝင်ဆောင်ရွက်လေ့ရှိခဲ့သော်လည်း ၂၀ ရာစုနောင်းပိုင်းတွင် ဒီမိုကရေစီတည်ဆောက်ရေးကို အထောက်အကူပြုမှု တခါတရံတွင်ရှိလာသည်။ အထူးသဖြင့် ရိုမန်ကက်သိုလစ်နိုင်ငံများဖြစ်ကြသည့် စပိန်၊ဘရာဇီး၊ချီလီ၊ဖိလစ်ပိုင်နှင့် ပိုလန်တို့တွင် ဒီမိုကရေစီတည်ဆောက်ရေးကို ဘာသာရေးအဖွဲ့အစည်းများက ပံ့ပိုးပေးခဲ့သည်။ ချီလီတွင် ဘုန်းတော်ကြီး ရာအူးဆီလ်ဗာ ဟင်းနရိနှင့် ဘုန်းတော်ကြီး ယူအန်း ဖရန်စစ္စကို ဖရက်စနိ၊ ဘရာဇီးတွင် ပေါ်လို အေဗာရီစတို အန်း၊ စပိန်တွင် ဗန်းဆင့် အန်းရိ တာ နက်ဂွန်၊ ဖိလစ်ပိုင်တွင် ယေမီ ဆင်း၊ ပိုလန်ဈတိ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်-၂တို့၏ အခန်းကဏ္ဍများအားလုံးမှာ အသွင်ကူးပြောင်းမှုတွင် အရေးပါခဲ့သည်။ တောင်အာဖရိကတွင် ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဒက်စမွန်တုတု၊ အင်ဂလီကန် ပရိုတက်စတင့်ကျောင်းတော်၊ ဒတ်ချ်ကယ်လ်ဗင်နစ် ဓမ္မဆရာအချို့ အပါအဝင် အခြားကျောင်းတော်များမှ ဘုန်းတော်ကြီးများကလည်း ပါဝင်သင့်သူအားလုံးပါဝင်သည့် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးခဲ့ကြသည်။ အင်ဒိနီးရှားမွတ်ဆလင်အဖွဲ့အစည်းများ၊ လူပ်ရှားမှုများ၊ ပါတီများ၊ တစ်သီးပုဂ္ဂလများက ၎င်းတို့တိုင်းပြည်တွင် အမြင်ကျဉ်းမြောင်းမှုမရှိသော ဒီမိုကရေစီကိုတည်ဆောက်ရာတွင်အကူအညီပေးခဲ့သည်။ အဗ္ဗဒုရာမန်ဝါဟစ် (Gus Dur) ၏အခန်းကဏ္ဍသည် အထူးသတိပြုမှတ်သားဖွယ်ဖြစ်သည်။

မွတ်ဆလင်ဘာသာရေး လုပ်ပိုင်ခွင့်အာဏာရှိသူများသည် အခြားသောနိုင်ငံများတွင် အရေးကြီးသည့်အခန်း ကဏ္ဍများမှပါဝင်ဦးမည်မှာ အမှန်ပင်ဖြစ်သော်လည်း အာရပ်နှင့်အာရပ်ကမ္ဘာမဟုတ်သည့် နိုင်ငံများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီလိမ့်မည်မဟုတ်ပေ။ အလားတူပင် တိုင်းပြည်တစ်ခုရှိ ခရစ်ယာန်ဘာသာရေးအသိုင်း အဝိုင်းများနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ နိုင်ငံရေးနယ်ပယ်မှအခန်းကဏ္ဍသည်လည်း ကွဲပြားခြားနားခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့သော ထိတွေ့ဆက်ဆံမှုများသည် သက်ဆိုင်ရာအတွေ့အကြုံများကို အပြည်ပြည်ဆိုင်ရာနိုးနှောဖလှယ်မှုများမှ အကျိုးရနိုင်သည်။ ထိုနိုးနှောဖလှယ်မှုများတွင် အကြမ်းဖက်မှု ကိုမြင့်တင်

ပြီး အမြင်ကျဉ်းမြောင်းသော အရေးတော်ပုံများကိုထောက်ခံသည့် နိုင်ငံဖြတ်ကျော် အစွန်းရောက်အဖွဲ့အစည်းများကို မည်သို့ကိုင်တွယ်ခြင်းက အကောင်းဆုံးဖြစ်မည်ကို စေ့စပ် ဆွေးနွေးမှုများကဲ့သို့ နီးနှောဖလှယ်မှုများပါဝင်သည်။

## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်တော်လှန်ရေး

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ (ICT) တော်လှန်ရေးဖြစ်ပေါ်ခြင်းသည် သတင်းအချက်အလက်ကို အစိုးရကထိန်းချုပ်နိုင်စွမ်းအား တိုက်စားပစ်ခဲ့သည်။ ကွဲလွဲသည့်အမြင်များနှင့် သတင်းများကိုမျှဝေသည့် ကုန်ကျစရိတ်ကို လျော့ချပေးသည်။ လူကြိုက်များသော စုဖွဲ့မှုကို ပံ့ပိုးပေးသည်။ ပြည်ပ၏စာနာနား လည်မှုနှင့်ထောက်ခံအားပေးမှုကို အကျိုးရှိအောင်အသုံးချရန် ပိုလွယ်လာသည်။ မည်သည့်နေရာတွင် မည်သူမဆို မိုဘိုင်းဖုန်းကင်မရာများဖြင့် မတရားသည့်အမှုအကျင့်များကို မှတ်တမ်းတင်ပြီး ကန့်ကွက်ဆန္ဒပြမှုများကို နှိုးဆော်နိုင်သည်။ လူဦးရေအများစု အထူးသဖြင့် လူငယ်လူရွယ်များအတွက် စမတ်ဖုန်းများနှင့် ဘရောဒ်ဘန်းအင်တာနက်ဆက်သွယ်ရေးတို့ကို အသုံးချနိုင်လာပြီဖြစ်၍ အဆိုပါလုပ်ငန်းစဉ်များက အရှိန်အဟုန် မြင့်လာမည်။ ထိုနည်းပညာများကိုသုံးသည့် လူမှုကွန်ရက်များသည် နိုင်ငံရေးအဖွဲ့အစည်းများအစား အုပ်ချုပ်ရေးတွင် မဝင်ရောက်နိုင်သော်လည်း နိုင်ငံရေးစနစ်များကို လှုပ်ကိုင်နိုင်ကြသဖြင့် နိုင်ငံရေးပါတီများနှင့် အင်စတီကျူးရှင်းများက လိုက်လျောညီထွေဖြစ်အောင်မလုပ်နိုင်ပါက အလွန်ပင်ယိုင်နဲ့လာလိမ့်မည်ဖြစ်သည်။

ICT နည်းပညာနယ်ပယ်တွင် တီထွင်မှုများသည် ဒီမိုကရေစီတည်ဆောက်ရေးအတွက် အမြဲကောင်းသည်တော့ မဟုတ်ပါ။ ဒီမိုကရေစီအရေး စည်းရုံးလှုပ်ရှားသူများက ဆက်တိုက်စနစ်တကျ စေ့စပ်ညှိနှိုင်းမှုများမရှိဘဲ ယာယီကျေနပ်အားရမှုကိုသာဖြစ်စေသည့် လူထု၏ကောက်ရိုးမီးပူးပေါင်းပါဝင်မှုကို ထို ICT နည်းပညာများက ဖြစ်ပေါ်စေတတ်သည်။ ထို့အပြင် အစွန်းရောက်များ ၎င်းတို့ကိုထောက်ခံမှုရရှိရေးကို ချဲ့ထွင်ရန် ICT နည်းပညာများကအထောက်အကူပြုသည်။ တခါတရံတွင် ကိုင်းဖြားကိုင်းနားအုပ်စုများအား အဓိကလှုပ်ရှားဆောင်ရွက်သူများဟူသောအမြင်ကို ICT နည်းပညာထွန်းကားမှုက ဖြစ်ပေါ်စေတတ်သည်။ နည်းပညာအရ ရှေ့ရောက်ပြီး နိုင်ငံစုံကုမ္ပဏီများ၏အကူအညီကို ရံဖန်ရံခါရသည့် အစိုးရများသည် နိုင်ငံသားများကိုဖိနှိပ်ရန် တူညီသောနည်းပညာများကိုပင် အသုံးချနိုင်သည်။ ယခုအခါ အီလက်ထရောနစ်ဆက်သွယ်ရေးကို အစိုးရများက ကြားဖြတ်ဖမ်းယူနိုင်ပြီး လုံခြုံရေးကင်မရာများတွင် မှတ်တမ်းတင်ထားသည့် ဆန္ဒပြသူများကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်လာကြသည်။ အတိုက်အခံအဖွဲ့ဝင်များကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ထောင်သွင်းအကျဉ်းချခြင်းလုပ်နိုင်လာကြသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို ထောက်ခံအားပေးလိုသည့် တာဝန်ယူဆောင်ရွက်

လိုသည့်သူများသည် သတင်းနည်းပညာများကို ကျင်လည်နှံ့စပ်ရန် သင်ယူကြရမည်။ ထိုနည်းပညာများကို အလေးအနက်စဉ်းစားသုံးသပ်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ ညွှန့်ပေါင်းတည်ဆောက်ခြင်း၊ နှစ်ဘက်သဘောတူစေ့စပ်ပြေငြိမ်းခြင်း၊ သဘောတူမျှမှုတည်ဆောက်ခြင်းဟူသည့် အချိန်များစွာယူရသော်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ကြရမည်ဖြစ်သည်။ အာဏာရှင်အစိုးရများနှင့် ဒီမိုကရေစီဆန့်ကျင်ရေး အစွန်းရောက်အင်အားစုများက ICT နည်းပညာကြိုးကိုင်ထိန်းချုပ်မှုပြုလုပ်ခြင်းမှ ဒီမိုကရေစီအင်အားစုများကို မည်သို့ကာကွယ်ရမည် ဆိုသည်ကို ၎င်းတို့လေ့လာသင့်ယူအပ်သည်။

## နိုင်ငံရေးခေါင်းဆောင်မှ အရည်အချင်း

အသွင်ကူးပြောင်းမှုခေါင်းဆောင်တစ်ဦးအတွက် ကြိုတင်ပြဋ္ဌာန်းထားသည့် 'ပုံစံခွက်ဖော်ထားသည့်' နမူနာပုံစံဟူ၍မရှိပါ။ တွေ့ဆုံမေးမြန်းခဲ့သည့် ကိုးနိုင်ငံခေါင်းဆောင်များသည် အတိုက်အခံ တက်ကြွလှုပ်ရှားသူများဖြစ်ခဲ့ကြပြီး တည်ဆဲအာဏာရှင်အစိုးရတွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြပြီး ဝါရင့်နိုင်ငံရေးသမားများ၊ ရှေ့နေများ၊ ဘောဂဗေဒပညာရှင်များ၊ အကြီးတန်းစစ်ဘက်ခေါင်းဆောင်၊ အငယ်တန်းစစ်ဘက်ခေါင်းဆောင်၊ ဂျာနယ်အယ်ဒီတာတစ်ဦး၊ ပညာရပ်နယ်ပယ်မှ လူမှုဗေဒပညာရှင်တစ်ဦးနှင့် လေကြောင်းအင်ဂျင်နီယာတစ်ဦးတို့ ပါဝင်ခဲ့သည်။ ၎င်းတို့တွင် ကွဲပြားသောဘာသာရေးယုံကြည်မှုများနှင့် အလေ့အကျင့်များရှိကြသည်။ ၎င်းတို့ထဲတွင် ဘာသာရေးကိုင်းရှိုင်းသူများမှသည် ဘာသာမဲ့များထိပါဝင်ခဲ့ကြပြီး ကက်သိုလစ်များပရိုတက်စတင့်များနှင့် မွတ်ဆလင်ဘာသာဝင်တစ်ဦးပါဝင်ခဲ့သည်။ ရုပ်လက္ခဏာနှင့် တစ်ဦးချင်းဟန်ပန်များမှာ သိသိသာသာကွဲပြားခြားနားကြသူများဖြစ်သည်။

စင်စစ် ခေါင်းဆောင်များထဲမှ အချို့သည် ပင်ကိုယ်စိတ်အရ၊ ခံယူချက်အရ၊ အတွေ့အကြုံသို့မဟုတ် နာမည်ကျော်ကြားမှုအရ ဒီမိုကရက်များမဟုတ်ကြပေ။ ဂျယ်ရီရောလင်းသည် ဂါနာနိုင်ငံကို ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် အာဏာရှင်အဖြစ်အုပ်ချုပ်ခဲ့ပြီး ပြည်တွင်းပြည်ပဖိအားများအောက်တွင် ပါတီစုံရွေးကောက်ပွဲကိုလမ်းဖွင့်ပေးရန် သဘောတူခဲ့သည်။ လျှို့ဝှက်သဘောထားစစ်တမ်းများတွင် သူရွေးကောက်ပွဲနိုင်မည်မှာသေချာသည်ဟု ပြသည့်အခါမှ ပါတီစုံရွေးကောက်ပွဲများ ကျင်းပခွင့်ပြုခဲ့ခြင်းဖြစ်သည်။ သူနှင့်တွေ့ဆုံမေးမြန်းမှုတွင် ကိုယ်စားပြုခွင့်ရှိသော၊ လစ်ဘရယ်ဒီမိုကရေစီနှင့်ပတ်သက်လျှင် မရှင်းလင်းသည့် သဘောထားများ ရောလင်းစ်တွင် ရှိနေသေးသည်ကိုတွေ့ရသည်။ အက်ဖ်၊ ဒဗလျူ၊ ဒီကလက်သည် လူမျိုးရေးခွဲခြားမှုကို နှစ်ပေါင်းများစွာလက်ခံခဲ့ပြီး တောင်အာဖရိကဖြစ်၏ လူများစုလူမည်းများကို ဘေးဖယ်ထုတ်ထားခြင်းသည် စီပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအရ အကျိုးမများနိုင်သည်ကို နောက်ဆုံးတွင် သဘော ပေါက်နားလည်လာခဲ့သည်။ ဘီ၊ဂျေ၊ ဟာဘီဘီသည် အင်ဒိုနီးရှားဖြစ်သက်တော်ရှည် အာဏာရှင်ဆူဟာတိုဖြစ်အနီးကပ်လူဖြစ်သည်။ ဂျာမနီနိုင်ငံတွင်လေကြောင်းအင်ဂျင်နီယာအဖြစ် နှစ် ၂၀ ကြာနေထိုင်သည့်ကာလအတွင်း လေ့လာသင်ယူခဲ့သည့် ဒီမိုကရေစီအင်စတီကျူးရှင်း

များကို ဟာဘီဘီ၏လေးစားမှုသည် ဆူဟာဆိုပြုတ်ကျသွားပြီး ၎င်းအာဏာရသည့်အချိန်မတိုင်ခင်အထိ သိသာထင်ရှားမှုမရှိခဲ့ပါ။ နိုင်ငံရေးအတိုင်း၊ သို့မဟုတ် သိသာထင်ရှားသည့် ထောက်ခံမှုမရှိဘဲ လမ်းမများပေါ်တွင် ပွက်လောရိုက်နေသော အတိုက်အခံဆန္ဒပြပွဲများဖြင့် တည့်တည့်တိုးခဲ့ရသော ဟာဘီဘီသည်အရေးကြီးသည့်ဒီမိုကရေစီတည်ဆောက်ရေး ခြေလှမ်းများစွာဖြင့် တရားဝင်မှုကို လျင်မြန်စွာရအောင် အလုပ်လုပ်ခဲ့သည်။

ပိုလန်ကွန်မြူနစ်အစိုးရအဖွဲ့တွင် အငယ်တန်းဝန်ကြီးဖြစ်သည့် အာလက်ဆန်းဒါး ဆွာညဲ့ဗ်စကီသည် စားပွဲပိုင်းဆွေးနွေးပွဲများတွင် ကွန်မြူနစ်အစိုးရ၏ ကိုယ်စားလှယ်အဖြစ်ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီကိုတည်ထောင်ခဲ့ပြီး အသွင်ကူးပြောင်းမှုအပြီးတွင် သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ နောက်ဆုံးတွင် ပိုလန်၏ဒီမိုကရေစီ အင်စတီကျူးရှင်းအသစ်များနှင့် အလေ့အကျင့်များကို ခိုင်မာအားကောင်းအောင်ကူညီခဲ့သည်။ ပိုလန်နိုင်ငံရေးခေါင်းဆောင်အဆက်ဆက်သည် အသွင်ကူးပြောင်းမှု၏ ပြောင်းလဲနေသော စိန်ခေါ်မှုများကို အမျိုးမျိုးသောအရည်အသွေးများ ဆောင်ကျဉ်းပေးခဲ့သည်။ ကျယ်ပြန့်သော လူထုထောက်ခံမှုကို စည်းရုံးလှုပ်ရှားခြင်းနှင့် ရဲရင့်သောတောင်းဆိုမှုများကို လုပ်ဆောင်ခဲ့သည့် အလုပ်သမားသမဂ္ဂခေါင်းဆောင် လက်ခ်ဗွယ်ဆာသည် နောင်တွင် ပုဂ္ဂိုလ်ရေးအာဏာများပိုမိုရယူလာရန် ကြိုးစားမိခဲ့ပြီး တရားဝင်မှုများစွာ ဆုံးရှုံးသွားခဲ့ရသည်။ မာဇိယဲ့ဗ်စကီက စည်းကမ်းကြီးသော နိုင်ငံရေး၊စီးပွားရေးမူဝါဒနည်းလမ်းများ၊ ပါသင့်သူအားလုံးပါသည့် ရင်ကြားစေ့မှုကို ဦးတည်သည့် နည်းလမ်းများကို အဓိကထားခဲ့ပြီး ဗာတီကန်နှင့် ပိုလန်နိုင်ငံ၏အရေးကြီးသော အချိတ်အဆက်ကိုထိန်းကျောင်းအသုံးချနိုင်ခဲ့ပြီး ဆိုဗီယက်ယူနီယံနှင့်သိမ်မွေ့သောဆက်ဆံရေးကိုလည်း ထိန်းကျောင်းနိုင်ခဲ့သည်။ ဆွာညဲ့ဗ်စကီက ထိရောက်ပီပြင်သည့်အုပ်ချုပ်ရေးနှင့် အင်စတီကျူးရှင်း တည်ဆောက်ရေးကို အဓိကထားလုပ်ဆောင်ခဲ့သည်။

ငယ်စဉ်ကတည်းက ဒီမိုကရေစီကို တိမ်းညွှတ်မှုရှိသော်လည်း အာနက်စတို ဇီဒီယိုသည် မဂ္ဂဆီကို အာဏာရပါတီက ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံရေးရပ်တည်ချက်များအားလုံးကို ထိန်းချုပ်ထားချိန်တွင် အရေးကြီးသည့် ရာထူးများကိုရယူခဲ့သည်။ အရင့်အရင်ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းများကိုလည်း သူ၏ပါတီလွှမ်းမိုးကြီးစိုးမှုအခွန့်ရှည်ရန် အာမခံမည့်ပုံစံအဖြစ် ရေးဆွဲခဲ့သည်။ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများနှင့် အခြေအနေများတွင် အပြောင်းအလဲ လုပ်ရန် သမ္မတအနေဖြင့် ဇီဒီယိုကလိုလားခဲ့ခြင်းသည် မဂ္ဂဆီကိုတွင် အာဏာအပြောင်းအလဲ ဖြစ်ရပ် လမ်းဖွင့်ပေးခဲ့သည်။ဇီဒီယိုက 'စံကိုက်ဒီမိုကရေစီ' ဟုခေါ်သည့် ထိရောက်ပီပြင်သော ဒီမိုကရေစီအုပ်ချုပ်ရေး ဖြစ်ပေါ်တိုးတက်မှုကိုလမ်းဖွင့်ပေးခဲ့သည်။

ပြည်သူလူထုထောက်ခံမှုရသော အချုပ်အခြာအာဏာ၊ အခြေခံဥပဒေအကန့်အသတ်များကိုအခြေခံသည့် အစိုးရများသည် ၎င်းတို့၏တိုင်းပြည်များနှင့် ၎င်းတို့အတွက် အခြားနည်းလမ်းများထက်ပိုကောင်းသည့်လမ်းကြောင်းဖြစ်သည်ဟု အာဏာရှင် သမိုင်းကြောင်းနောက်ခံရှိသည့်

ခေါင်းဆောင်များအပါအဝင် ဤခေါင်းဆောင်များအားလုံးက ကောက်ချက်ချကြသည်။ အချို့ခေါင်းဆောင်များတွင် ခိုင်မာသောဒီမိုကရေစီအခြေခံမူများရှိကြသည်။ အချို့ခေါင်းဆောင်များက ဖြစ်ပေါ်လာသည့်အခြေအနေများတွင် လူမှုရေးဖိအားများကိုတုံ့ပြန်သည့် အနေဖြင့် ဒီမိုကရေစီအရေး တစိုက်မတ်မတ်လုပ်ဆောင်မှုများကို ခိုင်မာအားကောင်းအောင် သို့မဟုတ် ဖွံ့ဖြိုးအောင်လုပ်ကြသည်။ အချို့ခေါင်းဆောင်များက နိုင်ငံရေးအရအမြတ်ထွက်သည်အချိန်မှသာ ဒီမိုကရေစီကိုလမ်းဖွင့်ပေးသည့်နည်းလမ်းများကိုကျင့်သုံးကြသည်။ထိုခေါင်းဆောင်များထဲတွင် သူတော်စင်တစ်ဦးတစ် ယောက်မျှမပါပါ။ ပြဿနာများကိုဖြေရှင်းရန်နှင့် သြဇာလွှမ်းမိုးမှုကို ထိန်းထားရန် သို့မဟုတ်ရရှိရန် နည်းလမ်းများကို ရှာကြံခဲ့ကြသည့် လက်တွေ့ကျသော နိုင်ငံရေးခေါင်းဆောင်များချည့်ဖြစ်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီလုပ်ငန်းစဉ်ဘက်မှ လောင်းကြေးထပ်ခဲ့သူများဖြစ်သည်။ ၎င်းတို့၏တိုင်းပြည်များကို ဒီမိုကရေစီသို့ ရှေ့ရွှေအောင်လုပ်ဆောင်ခဲ့သူများဖြစ်ကြသည်။

၎င်းတို့၏ နောက်ခံအခြေအနေများနှင့် စိတ်စေတနာများမည်သို့ပင်ရှိစေကာမူ ဤခေါင်းဆောင်များသည် ၎င်းတို့ကိုအောင်မြင်မှုရစေခဲ့သည့် တူညီသောအရည်အချင်းများရှိနေသူများဖြစ်ကြသည်။

- ခေါင်းဆောင်တစ်ဦးချင်းစီအနက် အချို့က မူလကတည်းကသို့မဟုတ် အချို့က အချိန်ကြာမြင့်လာသည့်နှင့်အမျှ ပါသင့်သူအားလုံးပိုမိုပါဝင်သော၊ တာဝန်ခံမှုပိုရှိသောအုပ်ချုပ်ရေးသို့ဦးတည်ရန် မဟာဗျူဟာမြောက်သိရှိနားလည်မှုရှိကြသည်။ ငြိမ်းချမ်းသော အသွင်ပြောင်းလဲမှုကို (အကြမ်းဖက်မှု သို့မဟုတ် တုန်လှုပ်ခြောက်ခြားဖွယ်မဖြစ်စေဘဲ) အခြေခံကျကျ ပိုမိုနှစ်ခြိုက်မှုရှိကြသည်။
- နိုင်ငံသားများ၏ စိတ်ခံစားမှုနှင့် စိတ်ဓာတ်ကိုဖမ်းဆုပ်ခဲ့ကြသည်။ နိုင်ငံရေးပါတီများနှင့် လူမှုရေးအဖွဲ့ အစည်းများက ဒီမိုကရေစီသို့ဦးတည်သွားရန် ကြိုးပမ်းမှုများကို ပံ့ပိုးပေးခဲ့ကြသည်။
- ၎င်းတို့ကိုထောက်ခံသည့် အခြေခံများကို ချဲ့ထွင်ခဲ့ကြပြီးပွားများလာအောင်လုပ်ဆောင်ခဲ့ကြသည်။ အစိုးရတွင်းကသာမက အတိုက်အခံဘက်က ခေါင်းမာသော အင်အားစုများကိုပါ အားလျော့ပျက်ပြယ်သွားအောင်လုပ်ဆောင်ခဲ့ကြသည်။ ပါဝါဗဟိုချက်မများစွာနှင့် မူဝါဒရေးရာ လှုပ်ရှားဆောင်ရွက်သူများ၏ လွှမ်းမိုးမှုနှင့်အကျိုးစီးပွားများကို ထိုခေါင်းဆောင်များက အကဲဖြတ်ဆန်းစစ်နိုင်ကြပြီး နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းသဘောတူညီမှုနှင့် ညီညွတ်မှုတို့ဆီသို့သွားရာလမ်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။
- သန္ဓိဌာန်နှင့်သတ္တိကို ခေါင်းဆောင်များစွာက ပြသခဲ့ကြသည်။ တခါတရံတွင် ရပ်တည်ချက်များ အလွန်အမင်းအစွန်းတစ်ဖက်စီ ရောက်နေချိန်တွင်၊ လုပ်ဖော်ကိုင်ဖက်များ

အသက်ပါသွားခဲ့ရသည့် အကြမ်းဖက်မှုများဖြစ်နေချိန်တွင် မိမိတို့၏အသက်ကိုရင်းရှီပင်ဆောင်ရွက်ခဲ့ကြသည့်ခေါင်းဆောင်များဖြစ်သည်။ရံဖန်ရံခါတွင်ဤခေါင်းဆောင်များသည် အတိုက်အခိုက်များ၊ အတားအဆီးများ၊ ကျရှုံးမှုများနှင့် ရင်ဆိုင်ရချိန်တွင် စိတ်ရှည်မှု၊ဖွဲ့ရှိမှု၊ ကြံ့ကြံ့ခံနိုင်မှုတို့ကို အံ့မခန်းစုစည်းနိုင်ခဲ့ကြသည်။ ထိုခေါင်းဆောင်များသည် အခြားသူများ ယုံကြည်မှုနှင့်သတ္တိမဆုံးရှုံးအောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြသည်။

- ခက်ခဲပြီး အဆုံးအဖြတ်ပေးမည့် အချိန်ကိုက်ဆုံးဖြတ်ချက်များကို တည်ငြိမ်သောခံယူချက်ဖြင့်ချမှတ်ရန် မိမိကိုယ်ကို ယုံကြည်မှုရှိသည့် ခေါင်းဆောင်များဖြစ်သည်။ အချို့ခေါင်းဆောင်များသည် နဂိုကတည်းက အလွန်ဆန်းစစ်လေ့လာတတ်သူများ၊ အလေးအနက်တွေးတောတတ်သူများဖြစ်သည့်တိုင် ယခင်က ဆုံးဖြတ်ချက်များကိုပြန်တွေးကြည့်ကာ တန်ဖိုးဖြတ်ခြင်းမျိုးမရှိကြဘဲ ရှေ့ရေးကိုမျှော်ကြည့်ရန် အမြဲတစေလုပ်ဆောင်နိုင်ခဲ့ကြသည်။

- ခေါင်းဆောင်အများစုသည် ခက်ခဲသောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် နိုင်ငံရေးတန်ဖိုးများ တူညီစွာရှိကြသူများဖြစ်သည့် အရည်အချင်းပြည့်ဝသော လုပ်ဖော်ကိုင်ဖက်များကို အလွန်အမင်းအားထားကြသူများဖြစ်သည်။ ၎င်းတို့က အဓိကကျသည့် ရွေးချယ်မှုများကို ကိုယ်တိုင်လုပ်ခဲ့နိုင်သော်လည်း ခေါင်းဆောင်အများစုသည် သဘောတူမှုမှုတည်တောက်ခြင်း၊ ညွှန့်ပေါင်းများ အင်တိုက်အားတိုက်ပုံဖော်ခြင်း၊ နိုင်ငံရေးပေါင်းကူးဆက်သွယ်မှုများတည်ဆောက်ခြင်း၊ အမာခံ ထောက်ခံသူများအပါအဝင် လူထုတစ်ရပ်လုံးနှင့် အစဉ်အမြဲထိတွေ့ခြင်းကို အဓိကထားသူများဖြစ်သည်။

- ၎င်းတို့သည် အခြားသူများအား ၎င်းတို့၏ဆုံးဖြတ်ချက်များကိုလက်ခံရန် သိမ်းသွင်းစည်းရုံးနိုင်သူများဖြစ်သည်။ အချို့ခေါင်းဆောင်များသည် အာဝဇ္ဇနန်းရှင်ခြင်းနှင့်/သို့မဟုတ် သြဇာတိက္ကမရှိကြသူများဖြစ်သည်။သို့သော်လည်း၎င်းတို့၏ကိုယ်ရည်ကိုယ်သွေးများ သို့မဟုတ် စေလိုရာစေနိုင်ခြင်းကို အဓိကမထားဘဲ ပြိုင်ဘက်များအပါအဝင် လူပ်ရှားဆောင်ရွက်သူ အမျိုးမျိုး၏ ပင်မအကျိုးစီးပွားကိုနားလည်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့ရှိခြင်းကြောင့် သြဇာတိက္ကမရှိနေခြင်းဖြစ်သည်။

- ၎င်းတို့သည် သက်ဆိုင်ရာတိုင်းပြည်၏လူ့အဖွဲ့အစည်းအသီးသီးတွင် နက်ရှိုင်းစွာအခြေတည်ထားကြပြီး ပြည်တွင်းဆက်ဆံရေးများကို အဓိကအားပြုထားသူများဖြစ်သည့်တိုင် နိုင်ငံခြားသြဇာခံဘဝသို့ မရောက်စေဘဲ ပြည်ပနိုင်ငံများ၏ အားပေးထောက်ခံမှုကို စည်းရုံးလှုံ့ဆော်ပုံလှုံ့ဆော်နည်းကို ခေါင်းဆောင်တိုင်းက သိရှိနားလည်ကြသည်။

- ခေါင်းဆောင်များက အထူးသဖြင့် အဖြစ်အပျက်များနှင့် လိုက်လျောညီထွေဖြစ်အောင်

လျင်မြန်စွာလုပ်ဆောင်နိုင်ခဲ့ကြသည်။ ဦးဆောင်ဦးရွက်ပြုမှုကို ဆုပ်ကိုင်ဖို့ ရုတ်တရက်ပေါ်လာသော အချိုးအကွေ့များကို အသုံးချခဲ့ကြသည်။ လှိုင်းကြီးလေထန်ချိန်တွင် ပဲ့ကိုင်ပေးနိုင်ခဲ့ကြသည်။ ရေစီးကြောင်းအတွင်းလိုက်ခြင်း၊ ဘယ်ညာဟန်ချက်ထိန်းခြင်း၊ ရှေ့တိုးနောက်ဆုတ်လုပ်ခြင်းတို့ကို ရေစီးသန်သည့်နေရာအလိုက် ပဲ့ကိုင်ပေးခဲ့သူ ခေါင်းဆောင်များဖြစ်ကြသည်။ ရေစီးကြောင်းများ၏ လားရာနှင့်အဟုန်ကိုရင်းတို့က ဆုံးဖြတ်သတ်မှတ်ပေးခဲ့ခြင်းမဟုတ်သော်လည်း ပိုပြီးတည်ငြိမ်သောရေပြင်၊ ပေါ်ပေါက်လာသည့် ဒီမိုကရေစီအုပ်ချုပ်ရေးတို့ဆီသို့ ၎င်းတို့၏တိုင်းပြည်များကို လမ်းညွှန်ပေးနိုင်ခဲ့ကြသည်။

အဆိုပါ အသွင်ကူးပြောင်းမှုများသည် ဤခေါင်းဆောင်များနှင့် ၎င်းတို့၏ဆုံးဖြတ်ချက်များမပါဘဲ ဤမျှအောင်မြင်ခဲ့လိမ့်မည်ဟု စိတ်ကူးကြည့်၍ပင်မရနိုင်ပါ။ ဤကိုးနိုင်ငံမှ အသွင်ကူးပြောင်းမှုဦးဆောင်ခဲ့သူများနှင့် အခြားခေါင်းဆောင်များဖြစ်ကြသော တောင်အာဖရိကမှ နယ်လ်ဆင်မင်ဒေလား၊ ဆိုင်ရေးလ် ရာမာဖိုဆာ၊ အိုလီဗာ တန်ဘို၊ ရိုလက်ဖ်မေယာ၊ဒက်စမွန်တုတု၊ ဖီလစ်ပိုင်မှ ကိုရာဇန်အကွီနို၊ ပိုလန်မှ လက်ခ်ဗွယ်ဆာ၊ ဗွိုက်ချက် ယာရွေဇစ်ကီ၊ အဒမ်မစ်ချ်နစ်၊ ရက်ဆွာ့ဖ် ကိရ်ုတက်ခ်၊ ဘရာဇီးမှ တန်ခရီဒို နီဗက်စ်၊ ယူလစ်ဆက် ဂီမာရေစ်၊ လူးဝစ် အီနာစီယို(လူလာ) ဒါလ်ဆေးလ်ဗား၊ ဂျင်နရယ်ဂိုဘရီ ဒို ကူတို အာ ဆေးလ်ဗား၊ အာနက်စတို ဂျီဆယ်၊ ဟိုယို ဖီကူရီရာဒို၊ ချီလီမှ အန်ဒရေး ဇာလ်ဒီဗာ၊ ကလိုဒို မီယို အယ်လ်မီဒါ၊ မာနျူရယ် ဘက်စ်တို၊ ဂါဘာရီရယ်လ် ဘားဒက်စ်၊ မက္ကဆီကိုမှ မာနျူရယ်ကလူသီရေ၊ ပေါ်ဖီရီယို မန်ဇို လီဒို၊ ကော်တီမော့ ကာဒီနက်စ်၊ အာနက်စတို ရက်ဖို၊ ဗင်းဆင့်ဖောက်စ်၊ စပိန်နိုင်ငံမှ ဂျူအန်ကားလို့စ် ဘုရင်မင်းမြတ်၊ အဒိုဖို ဆွာရက်ဇ်၊ မာနျူရယ် ဖရာဂါ၊ ဆန်တီယာဂို ကာရီယိုစသည့် ခေါင်းဆောင်များသည် ဒီမိုကရေစီသို့သွားရောက်ရာ လမ်းကြောင်းများတွင် အကူအညီပေးခဲ့ကြသည်။[15] ထိပ်တန်းနိုင်ငံရေးသမားများသည် ၎င်းတို့ချည်းသက်သက် လုပ်ကိုင်ဆောင်ရွက်သူများ မဟုတ်ကြပါ။ လူမှုရေး၊ နိုင်ငံရေးနှင့် အရပ်ဘက်အင်အားစုများမရှိဘဲ ၎င်းတို့အောင်မြင်မှုရအောင် လုပ်ဆောင်နိုင်ခဲ့ကြမည် မဟုတ်ပါ။ သို့သော် ကျဉ်းထဲကျပ်ထဲရောက်နေသည့် အခြေအနေများအတွင်း အရှိတရားသစ်များတည် ဆောက်ရန် တီထွင်ဖန်တီးမှုရှိရှိ၊ အပြုသဘောဆောင်မှုရှိရှိဖြင့် အခြား သူများစွာနှင့် အတူတကွ လုပ်ကိုင်ခဲ့ကြသည်။

ယနေ့ခေတ်နှင့်နောင်အနာဂတ်ကာလတွင် အခြားနိုင်ငံများ၌ ဒီမိုကရေစီတည်ဆောက်ရေးအလားအလာများသည် အလားတူခေါင်းဆောင်များ၏စွမ်းဆောင်ချက်နှင့်ထိုသို့သော ခေါင်းဆောင်များပေါ်ထွက်လာခြင်းအပေါ်တွင် အတိုင်းအတာကြီးမားစွာ မူတည်နေသည်။ ဆင်မြူရယ် ဟန်တင်တန်က ' ဒီမိုကရေစီအစိုးရကို ခေတ်ရေစီးကြောင်းများက နေရာပေးလိုက်ခြင်းမဟုတ်ပါ။ လူထုကနေရာပေးလိုက်ခြင်းဖြစ်သည်။ ဒီမိုကရေစီကို အရေးတော်ပုံများက ဖြစ်ပေါ်

15 သာဓကအားဖြင့် 'ရာထူးစွန့်လွှတ်ခြင်းသည် စပိန်နိုင်ငံကို ဘုရင်ကနောက်ဆုံးကျေးဇူးဆပ်သည့် လက်ဆောင်ပေးခြင်းဖြစ်သည်' 'Abdication is the King's final gift to a grateful Spain', *Financial Times*, 4 June 2014 ဆောင်းပါးတွင် စာရေးသူ Charles Powell က စပိန်ဘုရင်မင်းမြတ် ယူအန်ကားလို့စ်၏ အခန်းကဏ္ဍကို လိုရင်းမီးမောင်းထိုးပြထားသည်။

လာစေခြင်းမဟုတ်။ အရေးတော်ပုံဖန်တီးသူများက ဖြစ်ပေါ်လာအောင်လုပ်ပေးခဲ့ခြင်းသာ ဖြစ်သည်။[7] ဟုပြောခဲ့သည့်အတိုင်းပင်ဖြစ်သည်။ ဤစာအုပ်ပါ တွေ့ဆုံမေးမြန်းမှုများက ကြီးမားသော သက်သေပြချက်ဖြစ်သည်။

## ရှေ့ရေး ကိုတွေးမြော်ကြည့်ခြင်း

ၫင်းဏ၀ေတွေ့ဆုံမေးမြန်းမှုတွင် အလေးထားဖွယ်ရာ အချက်နှစ်ချက်ကို ဖိလစ် ဝွန်ဇာလက်ကပြောပြခဲ့သည်။ ခေါင်းဆောင်မှုပညာကိုတက္ကသိုလ်သင်ရိုးများထဲတွင်သင်ယူခဲ့ခြင်းမဟုတ်ဘဲ နဖူးတွေ့ဒူးတွေ့အခြေအနေများတွင် ကျယ်ပြန့်သောမှုများကို အသုံးချခြင်းဖြင့် လက်တွေ့လေ့လာသင်ယူခဲ့ရခြင်းဖြစ်သည်ဟု ဝွန်ဇာလက်က မှတ်ချက်ပေးခဲ့သည်။ ကွယ်လွန်သူ ဝတ္ထုရေးဆရာ ဂါဘရီရယ် ဂါစီယာ မာကွစ်ကိုကိုးကား၍ လူတို့သည်ကျယ်ပြန့်သော နိယာမများကို ပုဂ္ဂလအတွေ့အကြုံ၊ ဇာတ်ကြောင်းများမှတစ်ဆင့် သင်ယူလေ့လာခြင်းဖြစ်သည်ဟု ထောက်ပြခဲ့သည်။ ထိုအချက်သည် ဤစာအုပ်ကတင်ပြသည့် အဓိကအဆိုဖြစ်သည်။

လူပ်ရှားဆောင်ရွက်သူများ၊ နည်းပညာများ၊ အင်စတီကျူးရှင်းများ၊ စံနှုန်းများ၊ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ အသစ်အသစ်ပေါ်ထွက်လာသည်။ နောင်တွင်ပေါ်ထွက်လာကြဦးမည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော် လူပ်ရှားဆောင်ရွက်သူများနှင့် နည်းပညာများ မြန်ဆန်စွာပြောင်းလဲသွားသော်လည်း နိုင်ငံရေးဆိုင်ရာထုတ်ဖော်ပြောဆိုခွင့်နှင့် လူပ်ရှားမှုတို့၏ မရှိမဖြစ်အရာများမှာ မပြောင်းမလဲရှိနေဆဲဖြစ်သည်။ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် စည်းရုံးလူပ်ရှားခြင်း၊ ဒိုင်ယာလော့အတွက် အခွင့်အလမ်းများတည်ဆောက်ပေးခြင်း၊ ပေါင်းစည်းမှုနှင့် သဘောတူမျှမှုတို့ကို တည်ဆောက်ခြင်း၊ ထိတွေ့ဆက်ဆံရေး၏စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကိုပုံဖော်ခြင်း၊ ပဓာနကျသောအကျိုးစီးပွားများကို ကာကွယ်ပေးမည်ဟု ဆန့်ကျင်ဘက်အုပ်စုများအား အာမခံခြင်းစသည်တို့သည် အဓိကဦးစားပေးစရာများဖြစ်နေဦးမည်။ အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့် အောက်မေ့သတိရမှုဆိုင်ရာ အရေးကိစ္စများကို ဖြေရှင်းရန်၊ စစ်တပ်၊ ရဲနှင့် ထောက်လှမ်းရေးတို့ကို အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ ရောက်ရှိစေရေး၊ အရပ်ဘက်ငြိမ်ဝပ်ပိပြားမှုနှင့် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းမည့် ယန္တရားများတည်ထောင်ခြင်းသည် အဓိကကျသော စိန်ခေါ်မှုများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ဤအချက်သည် အာဏာရှင်အစိုးရများကို နိဂုံးချုပ်အောင်ကြိုးပမ်းသူများအတွက်မှန်သည်။ တရားမျှတစွာဖြင့် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လည်း ဒီမိုကရေစီ၏ အပြန်အလှန်ထိန်းကျောင်းမှုများကို လျစ်လျူရှုခြင်းသို့မဟုတ် အားနည်အောင်လုပ်ဆောင်သည့် အစိုးရများ၏ ဒီမိုကရေစီအရေးအောင်မြင်မှုများကိုနောက်ကြောင်းပြန်မှုကို တန်ပြန်ထိုးသတ်ရန်ကြိုးစားသူများအတွက်လည်း မှန်ကန်သည့် အချက် ဖြစ်သည်။

အီလက်ထရောနစ်ကွန်ရက်ဖွဲ့မှုဖြင့် အားဖြည့်ပေးထားသည့် လူထုလှုပ်ရှားမှုများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အစိုးရများနှင့် အခြားအင်စတီကျူးရှင်းများကို ဖိအားပေးလာမည်။ ထိုအဖွဲ့အစည်းများနှင့် ၎င်းတို့၏နည်းနာများသည် အထောက်အကူတော့ပြုပါသည်။ သို့သော် ရွေးကောက်ပွဲဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ ညွှန့်ပေါင်းအဖွဲ့များ၊ ပြည်သူလူထု၏ထောက်ခံမှုရရှိအောင်လုပ်ခြင်း၊ ဖြစ်နိုင်ခြေရှိသော ပြည်သူ့ရေးရာ မူဝါဒများရေးဆွဲခြင်း၊ အများပြည်သူကောင်းစားရေးအတွက် ပေးဆပ်ရန်ဆော်သြခြင်း၊ ဒီမိုကရေစီသည် အခွန့်ရှည် မည်ဖြစ်ပြီး ထိုရောက်ပီပြင်စွာအုပ်ချုပ်နိုင်သည်ဆိုသည်ကို ပြည်သူများယုံကြည်ရန် နှိုးဆော်ခြင်း စသည့် ခက်ခဲသောတာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံရေးခေါင်းဆောင်များ၊ လူမှုဖွဲ့စည်းတည်ဆောက်မှုများ၊ နိုင်ငံရေးပါတီများ နေရာကိုဝင်မယူနိုင်ပါ။ သို့ဖြစ်၍ အမြော်အမြင်၊ စိတ်ရှည်မှု၊ ဖွဲ့ရှိမှု၊ စေစပ်ညှိနှိုင်းရန်ဖွင့်ထားခြင်းတို့သည် ဆက်ပြီးအရေးပါအရာရောက်နေဦးမည်။

အနာဂတ်ခေါင်းဆောင်များသည် အခြားနိုင်ငံများမှ ရှေးဦးအတွေ့အကြုံများ၏ မည်သည့် ရှုထောင့်သည် ကိုယ့်နိုင်ငံ၏အခြေအနေများတွင် ဆက်နွယ်မှုရှိသည်ကို သေသေချာချာ သုံးသပ်ကြရမည်ဖြစ်သည်။ မိမိတို့ရင်ဆိုင်ရသည့် အရေးကိစ္စများစွာသည် ယခင်ကတွေ့ကြုံခဲ့ကြရပြီးဖြစ်သည်ကိုသိရှိခြင်း၊ ထိုအရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်းအမျိုးမျိုးကို သိရှိနားလည်ခြင်းတို့သည် အတိုင်းအထက်အလွန် အကူအညီရနိုင်သည်။ ဤစာအုပ်တွင် အသားပေးဖော်ပြထားသည့် နိုင်ငံရေးခေါင်းဆောင်များ၏ အောင်မြင်မှုများနှင့် အရည်အသွေးများက နောင်လာနောက်သား ခေါင်းဆောင်များကို နှိုးဆော်တိုက်တွန်းမှုဖြစ်လိမ့်မည်ဟု စာရေးသူများက မျှော်လင့်မိပါသည်။

---

i Huntington, Samuel P., *The Third Wave: Democratization in the Late Twentieth Century* [တတိယလှိုင်း-နှစ်ဆယ်ရာစုနောင်းပိုင်းကာလ ဒီမိုကရေစီ တည်ဆောက်ခြင်း၊ စာ-၁၀၇] (Norman: University of Oklahoma Press, 1991), p. 107.

# International IDEA၊ Club de Madrid နှင့် ဥရောပသမဂ္ဂ (European Union) တို့အကြောင်း

## ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း International IDEA

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ဒီမိုကရေစီအင်စတီကျူးရှင်းများ ရေရှည်ဖွံ့ဖြိုးမှုရှိရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကမ္ဘာနှင့်အဝန်းပံ့ပိုးကူညီလျက်ရှိသည့် နိုင်ငံစုံအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ဒီမိုကရေစီတည်ဆောက်ရေးအတွက် အသိပညာရင်းမြစ်များ၊ မူဝါဒအဆိုပြု ချက်များပေးအပ်ခြင်း၊ တစ်စုံတစ်ခုသော နိုင်ငံလုံးဆိုင်ရာတင်ပြတောင်းဆိုချက်များကို တုံ့ပြန် သည့်အနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများကို ထောက်ခံအားပေးခြင်းတို့အတွက် International IDEA က အပြောင်းအလဲအထောက်အကူအနေဖြင့် ဆောင်ရွက်သည်။ ဒီမိုကရေစီ တည်ဆောက်ရေးနယ်ပယ်တွင် ပါဝင်ပတ်သက်နေသည့် မူဝါဒချမှတ်သူများ၊ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် အဖွဲ့ဖြစ်သည်။

## မြန်မာနိုင်ငံရှိ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း

International IDEA သည် ၂၀၁၂ ခုနှစ်မှစ၍မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်ခဲ့သည်။ နှိုင်းယှဉ်လေ့လာကြည့်နိုင်သည့်အသိပညာနှင့်အတွေ့အကြုံများကိုမျှဝေခြင်း၊ အင်စတီကျူး ရှင်းဖွံ့ဖြိုးမှုကိုမြှင့်တင်ခြင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရွေးချယ်စရာများအကြောင်း ပါသင့် သူတိုင်းပါဝင်သည့် အသိပညာပေး ဒိုင်ယာလော့ဂ်လွယ်ကူချောမွေ့စေရန် ကူညီဆောင်ရွက် ပေးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ ဒီမိုကရေစီလိုလားသော မူဝါဒရေးလှုပ်ရှားဆောင်ရွက်သူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများအတွက် မူဝါဒရေးရာ စိန်ခေါ်မှုများနှင့်ပတ်သက်ပြီးပါဝင် စွက်ဖက်မှု အလျင်းမရှိပဲ သတင်းအချက်အလက်ပြည့်ဝသော၊ ကြားနေသော၊ ဓမ္မမိဌာန်ကျသောရှုထောင့် များကို ဖော်ထုတ်ပေးလျက်ရှိပါသည်။

၂၀၁၅ ခုနှစ်မှစပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)၊ အရပ်ဖက်အဖွဲ့ အစည်းများ၊ မီဒီယာအဖွဲ့အစည်းများ၊ အခြားရွေးကောက်ပွဲဆိုင်ရာ အရေးပါအရာရောက်သူ များကို စွမ်းဆောင်ရည်ပံ့ပိုးမှုပေးခြင်းဖြင့် ပါဝင်သင့်သူအားလုံးပါသည့် ဒီမိုကရေစီဆန်သော

ရွေးကောက်ပွဲများကို ပံ့ပိုးခြင်းကို International IDEA က လုပ်ဆောင်ခဲ့သည်။ ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ် အင်စတီကျူ (DIPD)၊ နိုင်ငံတကာဒီမိုကရေစီ အစီအရင်ခံမှုအဖွဲ့အစည်း (DRI)၊ ဖရက်ဒရစ် နော်မန်ဖောင်ဒေးရှင်း (FNF)၊ မြန်မာနိုင်ငံမှ အဖွဲ့အစည်းလေးခုတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ဒီမိုကရေစီကူညီပံ့ပိုးမှုစီမံချက် (STEP Democracy) ၏အစိတ်အပိုင်းဖြစ်သည်။

## Club de Madrid

Club de Madrid (CdM) သည် ဒီမိုကရေစီနိုင်ငံရေးခေါင်းဆောင်များနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောအဖွဲ့အစည်းဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ကြံ့ခိုင်အောင်လုပ်ဆောင်ရေးစိန်ခေါ်မှုများကို အပြောင်းအလဲလုပ်နိုင်သည့်နေရာတွင် အစဉ်တစိုက် ဖြေရှင်းပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံပေါင်း ၆၀ ကျော်မှ ဒီမိုကရေစီဖြင့်ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် သမ္မတနှင့် ဝန်ကြီးချုပ်ဟောင်း ၁၀၀ ကျော်က အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းနှင့် ထိုသမ္မတများ၊ ဝန်ကြီးချုပ်ဟောင်းများသည် ကမ္ဘာတစ်ဝန်းလုံး ဒီမိုကရေစီတန်ဖိုးများနှင့် ဒီမိုကရေစီဆန်သောခေါင်းဆောင်မှုကို ထောက်ခံအားပေးရာတွင် ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ကွန်ရက်ချိတ်ဆက်မှုအမျိုးမျိုးမျှဝေနိုင်ကြပြီး၊ မျှဝေလိုစိတ်ရှိသူများဖြစ်နေခြင်းသည် CdM ၏အဓိကထပ်တိုးတန်ဖိုးဖြစ်သည်။ CdM အဖွဲ့ဝင်များသည် ရာထူးလက်ကိုင်ရှိသူများမဟုတ်ကြတော့သဖြင့် နိုင်ငံရေးအရ ကန့်သတ်မှုမရှိကြတော့ဘဲ ၎င်းတို့၏အတွေ့အကြုံကို မျှဝေရန်၊ မဟာဗျူဟာမြောက်အကြံဉာဏ်ပေးရန် ပိုမိုလွတ်လပ်မှုရှိကြသူများဖြစ်သည်။

အဖွဲ့ဝင်များ၏အတွေ့အကြုံ၊ စုရုံးမှုစွမ်းပကားနှင့်ချိတ်ဆက်မှုတို့ကိုမူတည်ကာ CdM သည် အဓိကနယ်ပယ်နှစ်ခုတွင်လုပ်ငန်းဆောင်ရွက်သည်။ ယင်းနယ်ပယ်နှစ်ခုမှာ ဒီမိုကရေစီရှုထောင့်မှ ကမ္ဘာ့စိန်ခေါ်မှုများကို ဖြေရှင်းခြင်းနှင့် ဒီမိုကရေစီတည်ဆောက်ရေးနှင့် ဒီမိုကရေစီကြံ့ခိုင်ရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးခြင်းတို့ဖြစ်သည်။

CdM ၏လုပ်နည်းလုပ်ဟန်သည် လက်တွေ့ကျပြီး ရလဒ်ကိုဦးတည်သည်။ အဖွဲ့ဝင်များနှင့် လက်ရှိနိုင်ငံခေါင်းဆောင်များကြား ခိုင်မာသော တိုက်ရိုက်နီးနော်ဖလှယ်မှုများကို အခြေခံသည်။ ဤသို့သော အဝန်းအဝိုင်းတွင် အစိုးရများ၊ အစိုးရချင်းချိတ်ဆက်ထားသောအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပညာရပ်နယ်ပယ်၊ စီးပွားရေးကဏ္ဍတို့နှင့် CdM ကအတူလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လူမှုရေးနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု အတွက် အဓိကကျသည့် ဒိုင်ယာလော့ပျိုးထောင်ရေး၊ ပေါင်းကူးဆက်သွယ်မှုတည်ဆောက်ရေးတို့ကို လုပ်ဆောင်နေသည်။

### မြန်မာနိုင်ငံဆိုင်ရာ Club de Madrid ၏လုပ်ငန်းများ

ဖက်ဒရယ်စနစ်နမူနာများ၊ ပြည်သူ့ရိုင်ခွင့်များသတ်မှတ်ပေးအပ်ခြင်းအတွက် မူဝါဒ ရွေးချယ်စရာများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားသော အယူအဆများနှင့် လက်တွေ့ကျင့်သုံး မှုများကို ခေါင်းဆောင်များတစတစ ထိတွေ့လာစေခြင်းအားဖြင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကိုတည်ဆောက်ရာတွင် မြန်မာနိုင်ငံမှ နိုင်ငံရေးနှင့် လူမှုရေး ခေါင်းဆောင်များကို Club de Madrid (CdM) က ပံ့ပိုးကူညီနေသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် နိုင်ငံတကာမှကျွမ်းကျင်သူများနှင့် CdM အဖွဲ့ဝင်များသည် ခေါင်းဆောင်ချင်း အကြံပေးခြင်း၊ ပါဝင်သင့်သူအားလုံးပါဝင်ပြီး ပွင့်လင်းသော နိုင်ငံလုံးဆိုင်ရာ အခြေအတင် ဆွေးနွေးမှု ပျိုးထောင်ရေးနှင့် အသိပညာပေးရေး၊ တစ်နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဒိုင်ယာလော့ လုပ်ငန်းစဉ်အတွက် အရေးပါအရာရောက်သူများကို ပြင်ဆင်ပေးခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေး ညှိနှိုင်းမှု ဒုတိယအဆင့်အတွက် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤစီမံချက် သည် အစိုးရအပါအဝင် ပြုပြင်ပြောင်းလဲလိုသူရော အပြောင်းအလဲလုပ်ရန် တွန့်ဆုတ်သူများပါ ပါဝင်သည့် သက်ဆိုင်ရာ အရေးပါအရာရောက်သူများ၊ အတိုက်အခံခေါင်းဆောင်များ၊ စစ်ဘက် အထက်တန်းလွှာ၊ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်း ဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ မီဒီယာတို့နှင့် ထိတွေ့ဆက်ဆံသွားမည့် စီမံချက်ဖြစ်သည်။

## ဥရောပ သမဂ္ဂ (European Union)

ဥရောပသမဂ္ဂဆိုသည်မှာ အရေးကြီးသော မူဝါဒရေးရာကိစ္စရပ်များကို အတူတကွ ပိုမို နီးကပ်စွာ ပေါင်းစွာပေါင်းစည်းလုပ်ဆောင်နိုင်ရန် ဥရောပနိုင်ငံပေါင်း (၂၈) နိုင်ငံတို့က ဖွဲ့စည်း တည်ထောင်ထားသော သီးခြားဝိသေသထူးခြားသည့် နိုင်ငံရေးစီမံချက်တစ်ခုဖြစ်ပါသည်။ ဥရောပသမဂ္ဂကို ကမ္ဘာစစ်ကြီးနှစ်ခုအပြီးတွင် စတင်ဖွဲ့စည်းခဲ့ပြီး အနာဂတ်တွင် အလားတူ ပဋိပက္ခများကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံရေးတွင် ပူး ပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဒီမိုကရေစီအရေးမြှင့်တင်နိုင်စေရန် ရည်ရွယ်ပါသည်။ စတင်တည်ထောင်ပြီးသည်မှစ၍ အဖွဲ့အစည်းအနေဖြင့် ဖွံ့ဖြိုးရေးအထောက်အပံ့များမှသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်အထိ မူဝါဒပိုင်းဆိုင်ရာ နယ်ပယ်များစွာတွင် ပါဝင်ဆောင် ရွက်နိုင်ခဲ့သောအဖွဲ့အစည်းအဖြစ် အဆင့်ဆင့်ဖွံ့ဖြိုးလာခဲ့သည်။

ဥရောပသမဂ္ဂသည် တရားဥပဒေစိုးမိုးရေးပေါ်တွင်အခြေခံပြီး၊ သမဂ္ဂ၏ လုပ်ဆောင်ချက် အားလုံးသည် အဖွဲ့ဝင်နိုင်ငံများ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ရရှိလာသော ဒီမိုကရေစီ နည်းကျ သဘောတူစာချုပ်များအပေါ်တွင် အခြေတည်ပါသည်။ ထိုတည်ဆဲသဘောတူစာချုပ်

များသည် ဥရောပသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်ချက်များအားလုံးအတွက် ရည်ရွယ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးသည်။ ဥရောပသမဂ္ဂသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် ရာစုနှစ်တစ်ဝက်ကျော်အထိ အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့သည်။ ထိုသို့ကာလရှည်တည်ငြိမ်အေးချမ်းနေခဲ့မှုမှာ ယခင်က ဥရောပတိုက်၏သမိုင်းတွင် မရှိခဲ့ဖူးပါ။ ဥရောပတိုက်၏အတွင်းနှင့်အပြင်ဘက်ထိတိုင်လူနေမှုအဆင့်အတန်းတိုးတက်ရေးလုပ်ငန်းများကိုလည်း များစွာဆောင်ရွက်နိုင်ခဲ့ပါသည်။

ဥရောပသမဂ္ဂ၏ အဓိကမျှော်မှန်းချက်တစ်ခုမှာ ဥရောပနိုင်ငံများတွင်သာမက ကမ္ဘာတစ်ဝှမ်းလုံးတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုမြှင့်တင်ရန်ဖြစ်ပါသည်။ လူဂုဏ်သိက္ခာ၊ လွတ်လပ်မှု၊ ဒီမိုကရေစီရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းတို့သည် ဥရောပသမဂ္ဂ၏ အခြေခံစံနှုန်းများဖြစ်ပါသည်။ အခြေခံရပိုင်ခွင့်များဆိုင်ရာ ဥရောပသမဂ္ဂကြေညာစာတမ်းတွင် ယင်းအခွင့်အရေးများအားလုံးကို တစ်စုတစည်းတည်း သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ဥရောပသမဂ္ဂ၏ အင်စတီကျူးရှင်းများအားလုံးသည် ထိုကြေညာစာတမ်းပါရပိုင်ခွင့်များကို လေးစားလိုက်နာပြီး ဥရောပနိုင်ငံများ၏ အစိုးရများကလည်း ဥရောပသမဂ္ဂဥပဒေများကို လက်ခံကျင့်သုံးသည့်အခါတိုင်းတွင် ထိုပြဋ္ဌာန်းချက်များကို လေးစားလိုက်နာသည်။

## မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂ

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံသားများအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ သမိုင်းတွင်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလတွင် ဘဏ္ဍာရေးအရသာမက နိုင်ငံရေးအရပါ ပထမဦးဆုံးတက်ကြွစွာ ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုစာမျက်နှာသစ်၏ အမှတ်သင်္ကေတအဖြစ် ၂၀၁၃ ခုနှစ်တွင် ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံးကို အဂ်ါအစုံအလင်ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ တရားဥပဒေနှင့်ညီသော အရပ်ဖက်အစိုးရတစ်ရပ်သည် နိုင်ငံနှင့် နိုင်ငံသားများအတွက် လူမှုစီးပွားဖွံ့ဖြိုးမှုများကို ရှေ့ရှုဦးတည်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးကိုလေးစားလိုက်နာပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာမျက်နှာစာမှ ပုံရိပ်ကိုပြန်လည်တည်ဆောက်နိုင်စေရန်လည်းရည်ရွယ်ပါသည်။ နိုင်ငံရေးအကူအညီများအပြင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ အကြီးဆုံးပံ့ပိုးငွေအလှူရှင်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ ရည်မှန်းချက်များပေါက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄ မှ ၂၀၂၀ အတွင်း ယူရို ၁ ဘီလီယံ နီးပါးကိုထည့်ဝင်လျှာ်ဒါန်းသွားမည်ဖြစ်ပါသည်။

# စာတည်းများနှင့် ဝိုင်းတော်သားများအကြောင်း

## စာတည်းများ

### Sergio Bitar

Sergio Bitar သည် အင်ဂျင်နီယာ၊ဘောဂဗေဒပညာရှင်နှင့် နိုင်ငံရေးသမားဖြစ်သည်။ ချီလီသမ္မတ အာယွန်ဒဲ၏အစိုးရအဖွဲ့တွင် ဝန်ကြီးတာဝန်ယူခဲ့သည်။ အာဏာသိမ်းပြီးနောက် နိုင်ငံရေး အကျဉ်းသားဖြစ်သွားခဲ့ပြီး ပြည်ပရောက်ဖြစ်သွားသည်။ ထို့နောက် အထက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် Party for Democracy ကိုဦးဆောင်ခဲ့သည်။ ချီလီသမ္မတ လာဂို့စ်နှင့် ဘာရှလေးတို့၏ အစိုးရအဖွဲ့များတွင် ဝန်ကြီးဖြစ်ခဲ့သည်။ ချီလီနိုင်ငံမှ Foundation for Democracy ၏ ဥက္ကဋ္ဌဖြစ်သည်။ Inter-American Dialogue တွင် Global Trends and Latin America's Future စီမံကိန်းဒါရိုက်တာဖြစ်သည်။ ဟားဗတ်တက္ကသိုလ်မှ ပြည်သူ့ရေးရာမူဝါဒ ဘာသာရပ်မဟာဘွဲ့ရခဲ့သည်။

### Abraham F. Lowenthal

Abraham F. Lowenthal သည် တောင်ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် နိုင်ငံတကာ ဆက်ဆံရေး ဂုဏ်ထူးဆောင် ပါမောက္ခဖြစ်သည်။ Woodrow Wilson Center's Latin America စီမံချက်၊ Inter-American Dialogue မူဝါဒလေ့လာရေးအဖွဲ့၊ Council on International Policy တို့ကိုတည်ထောင်သူဖြစ်သည်။ လက်တင်အမေရိကနိုင်ငံရေး၊ အမေရိကနိုင်ငံချင်း ဆက်ဆံရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေး၊ အမေရိကန်နိုင်ငံခြားရေးမူဝါဒတို့နှင့်ပတ်သက်ပြီး စာအုပ်စာတမ်းများရေးသားခဲ့သည်။ ဟားဗတ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

## ဝိုင်းတော်သားများ

### Genaro Arriagada

Genaro Arriagada သည် နိုင်ငံရေးသိပ္ပံပညာရှင်နှင့် နိုင်ငံရေးသမားဖြစ်သည်။ သမ္မတ အေဒူယာဒို ဖရိုင်း ရှုအစ် တာဂါလက်ထက်တွင် လွှတ်တော်နှင့်အစိုးရအဖွဲ့ကြားဆက်ဆံရေး အကြံပေးဝန်ကြီးဖြစ်ပြီးနောက် အမေရိကန်နိုင်ငံဆိုင်ရာ ချီလီသံအမတ်ဖြစ်လာသည်။ ခရစ်ယာန်ဒီမိုကရက်ပါတီ၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည်။ ပိနိုချေး ရှုံးနိမ့်သွားသည့် ၁၉၉၈ ခုနှစ် ချီလီ လူထုဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးရေးလှုပ်ရှားမှု၏ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဖြစ်သည်။ ချီလီနိုင်ငံနှင့် လက်တင်အမေရိက နိုင်ငံရေးအကြောင်း စာအုပ်များစွာ ရေးသားထုတ်ဝေပြီးဖြစ်သည်။

### Jane L. Curry

Jane L. Curry သည် ဆန်တာကလယ်ရာတက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံပါမောက္ခဖြစ်သည်။ ပိုလန်အသွင်ကူးပြောင်းမှုလေ့လာသူပညာရှင်ဖြစ်ပြီး ဗဟိုနှင့်အရှေ့ဥရောပ စာနယ်ဇင်းလေ့လာမှုပညာနှင့် အသွင်ကူးပြောင်းမှုဘာသာရပ်တို့ကို အထူးကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ ပိုလန်၊ ဆာဘီးယား၊ ဂျော်ဂျီယာ၊ ယူကရိန်းနိုင်ငံများက ကွန်မြူနစ်အစိုးရမှ အသွင်ကူးပြောင်းမှုများတွင် ပါဝင်ခဲ့သူများကို တွေ့ဆုံမေးမြန်းချက် ၂၀၀ ကျော်အထိ မှတ်တမ်းတင်နိုင်ခဲ့သည်။ ကိုလံဘီယာတက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

### Bahtiar Effendy

Bahtiar Effendy သည် ဂျကာတာမြို့တော်မှ နိုင်ငံတော်အစ္စလာမ်မစ်တက္ကသိုလ်တွင် လူမှုရေးနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များဌာန၏ ဌာနမှူးဖြစ်သည်။ နိုင်ငံရေးဘာသာရပ်ပါမောက္ခအနေဖြင့် အင်ဒိုနီးရှားဒီမိုကရေစီ၊ ဘာသာရေးနှင့်နိုင်ငံတော်ကြားဆက်သွယ်ချက်၊ အစ္စလာမ်ကမ္ဘာမှ နိုင်ငံရေးတို့နှင့်ပတ်သက်ပြီး စာအုပ်စာတမ်းများစွာရေးသားခဲ့သည်။ အိုဟိုင်းယိုးပြည်နယ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Steven Friedman**

Steven Friedman သည် Rhodes တက္ကသိုလ်နှင့် ဂျိုးအန်းနက်စဘက်တက္ကသိုလ်တို့တွင် ဒီမိုကရေစီလေ့လာရေးဌာန၏ ဒါရိုက်တာဖြစ်သည်။ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဟောင်း၊ စာနယ်ဇင်းသမား၊ ပညာရှင်ဖြစ်သည်။ တောင်အာဖရိက အသွင်ကူးပြောင်းမှု အထူးသဖြင့် ဒီမိုကရေစီခိုင်မာအားကောင်းအောင်လုပ်ရာတွင် နိုင်ငံသားတို့၏အခန်းကဏ္ဍကို ကျယ်ပြန့်စွာရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ Rhodes တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Frances Hagopian**

Frances Hagopian သည် ဟားဗတ်တက္ကသိုလ် အစိုးရအုပ်ချုပ်ရေးပညာရပ်ဌာန၏ ဘရာဇီးနိုင်ငံအကြောင်း လေ့လာမှုများဆိုင်ရာ Jorge Paulo Lemann ဇည့်ပါမောက္ခဖြစ်သည်။ လက်တင်အမေရိကတိုက်၏ ဒီမိုကရေစီတည်ဆောက်ရေး၊ နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှု၊ နိုင်ငံရေးဘောဂဗေဒ၊ ဘာသာရေးနှင့်နိုင်ငံရေးတို့ကို အထူးပြုကာနှိုင်းယှဉ်လေ့လာ နိုင်ငံရေးပညာနှင့်ပတ်သက်ပြီး ကျယ်ပြန့်စွာရေးသားထုတ်ဝေခဲ့သည်။ မက်ဆာချူး ဆက်နည်းပညာတက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Soledad Loaeza**

Soledad Loaeza သည် မက္ကဆီကိုနိုင်ငံ El Colegio de México ၏ နိုင်ငံတကာလေ့လာရေးပညာဌာနမှ ပါမောက္ခဖြစ်သည်။ မက္ကဆီကိုနိုင်ငံ၏ နိုင်ငံရေးစနစ်များနှင့်ရွေးကောက်ပွဲ၊ သမ္မတ၏လုပ်ပိုင်ခွင့်အာဏာ၊ မက္ကဆီကိုနိုင်ငံရှိ ဒီမိုကရေစီတို့တွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ International IDEA ၏ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ပါရီနိုင်ငံရေး လေ့လာမှုသိပ္ပံ (Institut d'études politiques de Paris) မှ ပါရဂူဘွဲ့ရခဲ့သည်။

**Kwame A. Ninsin**

Kwame A. Ninsin သည် ဂါနာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်သည်။ အက်ကာရာမြို့တော်မှ ဒီမိုကရေစီအုပ်ချုပ်ရေးသိပ္ပံတွင် ဇည့်ပညာရှင်ဖြစ်သည်။ ဂါနာ၏နိုင်ငံရေးဘောဂဗေဒ၊ ဂါနာဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ အာဖရိကတိုက်ရှိ ကမ္ဘာ့ပြုဖြစ်စဉ်တို့တွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ ဘော်စတွန် တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Mutiara Pertiwi**

Mutiara Pertiwi သည် ဂျကာတာမြို့တော်မှ နိုင်ငံတော်အစွမ်းသတ္တိမစ်တက္ကသိုလ်၏ နိုင်ငံတကာလေ့လာရေးသိပ္ပံတွင် အငယ်တန်းသုတေသီဖြစ်သည်။ အင်ဒိုနီးရှားဒီမိုကရေစီ၊ အာရှတိုက်၏ အစဉ်အလာမဟုတ်သော လုံခြုံရေးကိစ္စရပ်များ၊ အရှေ့တောင်အာရှ နိုင်ငံတကာဆက်ဆံရေး၊ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်ရေးနှင့် လူလူချင်းစာနာထောက်ထားမှုတို့နှင့်ပတ်သက်ပြီး စာအုပ်စာတမ်းများရေးသားထုတ်ဝေခဲ့သည်။ ဩစတြေးလျှအမျိုးသား တက္ကသိုလ်မှ မဟာဘွဲ့ (ဂုဏ်ထူး) ရရှိခဲ့သည်။

**Charles Powell**

Charles Powell သည် မက်ဒရစ်အယ်လ်ကာနိုတော်ဝင်သိပ္ပံ၏ ဒါရိုက်တာဖြစ်သည်။ စပိန်နိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းမှု၊အသွင်ကူးပြောင်းမှုတွင်ဘုရင်မင်းမြတ်၏အခန်းကဏ္ဍ၊ စပိန်နိုင်ငံရေး၊ စပိန်နှင့် အမေရိကန်တို့၏ နိုင်ငံရေးနှင့် လုံခြုံရေးဆက်သွယ်ချက်တို့နှင့်ပတ်သက်ပြီး ကျွမ်းကျင်သူဖြစ်သည်။ အောက်စဖို့ဒ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Mark R. Thompson**

Mark R. Thompson သည် City University of Hong Kong မှ အာရှနှင့်နိုင်ငံတကာလေ့လာရေးဌာနတွင် နိုင်ငံရေးဘာသာရပ်ပါမောက္ခနှင့် အရှေ့တောင်အာရှသုတေသနဌာန၏ညွှန်မှူးဖြစ်သည်။ အရှေ့တောင်အာရှနှင့် အရှေ့ဥရောပတို့မှ အာဏာရှင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီတည်ဆောက်ရေး နှင်းယှဉ်လေ့လာမှုတို့တွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်။ ယေးလ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သည်။

**Georgina Waylen**

Georgina Waylen သည် မန်ချက်စတာတက္ကသိုလ်မှ နိုင်ငံရေးဘာသာရပ်ပါမောက္ခဖြစ်သည်။ ကျား၊မလူမှုရေးရာကိုအဓိကထားကာ နှင်းယှဉ်လေ့လာနိုင်ငံရေးဘာသာရပ်၊ နိုင်ငံတကာနိုင်ငံရေးဘောဂဗေဒ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၊ အုပ်ချုပ်ရေးနှင့် အင်စတီကျူးရှင်းများဆိုင်ရာ ကျွမ်းကျင်သူဖြစ်သည်။ Feminism & Institutionalism International Network ၏ ပူးတွဲဒါရိုက်တာဖြစ်သည်။

# အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုများနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးတည်ဆောက်ခြင်း ဘာသာရပ်ဆိုင်ရာသဘောတရားနှင့် နိုင်းယှဉ်လေ့လာဖွယ်ရာ လက်ရွေးစင်(အင်္ဂလိပ်ဘာသာ)စာစုစာရင်း*


Alagappa, Muthiah (ed.), *Civil Society and Political Change in Asia: Expanding and Contracting Democratic Space* [အာရှအရပ်ဖက်လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေး အပြောင်းအလဲ- ဒီမိုကရေစီဟင်းလင်းပြင် ကျယ်ခြင်း၊ ကျုံ့ခြင်း] (Stanford, Calif.: Stanford University Press, 2004)

Barahona de Brito, Alexandra, González-Enriquez, Carmen and Aguilar, Paloma (eds), *The Politics of Memory: Transitional Justice in Democratizing Societies* [နိုင်ငံရေးဘဝ အမှတ်တရအတွေ့အကြုံ -ဒီမိုကရေစီတည်ဆောက်ရေး လူ့အဖွဲ့အစည်းများတွင် အကူးအပြောင်းကာလ တရားမျှတမှု] (Cambridge, UK: Cambridge University Press, 2001)

Barany, Zoltan, *The Soldier and the Changing State: Building Democratic Armies in Africa, Asia, Europe, and the Americas* [စစ်သည်တော်နှင့် ပြောင်းလဲနေသည့် နိုင်ငံတော်- အာဖရိက၊ အာရှ၊ ဥရောပနှင့် အမေရိကတိုက်များတွင် ဒီမိုကရေစီဆန်သော စစ်တပ်များတည်ဆောက်ခြင်း] (Princeton, N.J.: Princeton University Press, 2012)

Bellin, Eva, 'Reconsidering the Robustness of Authoritarianism in the Middle East: Lessons from the Arab Spring', [သုံးလတစ်ကြိမ်ထုတ်တွင်ပါရှိသည့် 'အရှေ့အလယ်ပိုင်းတွင် အာဏာရှင်စနစ် အားကောင်းခြင်းကို ပြန်လည်သုံးသပ်ကြည့်ခြင်း- အာရပ်နွေဦး၏ သင်ခန်းစာများ] *Comparative Politics,* 44/2 (2012), pp. 127–49

Bermeo, Nancy, 'Myths of Moderation: Confrontation and Conflict during Democratic Transitions', [သုံးလတစ်ကြိမ်ထုတ်တွင်ပါရှိသည့် 'အလွန်အကျွံ မဖြစ်တော့ခြင်း၏ ယုံတမ်းများ- ဒီမိုကရေစီအသွင်ကူးပြောင်းမှုများအတွင်း ထိပ်တိုက်ရင်ဆိုင်မှုနှင့်ပဋိပက္ခ], *Comparative Politics* 29/3 (1997), pp. 305–22

Besley, Timothy and Zagha, Roberto (eds), *Development Challenges in the 1990s: Leading Policymakers Speak from Experience* [၁၉၉၀ ပြည့်နှစ်များအတွင်းက ဖွံ့ဖြိုးရေးစိန်ခေါ်မှုများ- ထိပ်တန်းမူဝါဒချမှတ်သူများက အတွေ့အကြုံကိုပြန်ပြောပြခြင်း]


* အခန်း ၆ တွင် အသွင်ကူးပြောင်းမှုနှင့် အမျိုးသမီးများကဏ္ဍအတွက် စာစုစာရင်းကိုဖော်ပြထားပါသည်။

(Washington, D.C. and New York: World Bank and Oxford University Press, 2005)

Bratton, Michael and Chang, Eric C.C., 'State-Building and Democratization in Sub-Saharan Africa: Forwards, Backwards, or Together', တွင်ပါရှိသည့် [`ဆာဟာရ အောက်ပိုင်းဒေသတွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေး-တိုးတက်မှုများ၊ ဆုတ်ယုတ်မှုများ သို့မဟုတ် အတူတကွ] *Comparative Political Studies*, 39/9 (2006), pp. 1059–83

Bratton, Michael and van de Walle, Nicolas, *Democratic Experiments in Africa: Regime Transitions in Comparative Perspective* [အာဖရိကတိုက်မှ ဒီမိုကရေစီ အတွေ့အကြုံများ - အုပ်ချုပ်ရေးအသွင်ကူးပြောင်းမှုများကို နှိုင်းယှဉ်လေ့လာခြင်း] (Cambridge, UK: Cambridge University Press, 1997)

Brinks, Daniel and Coppedge, Michael, 'Diffusion is No Illusion: Neighborhood Emulation in the Third Wave of Democratization', [တွင်ပါရှိသည့် ပျံ့နှံ့မှုသည် ထင်မှတ်မှားမှုမဟုတ်ချေ-ဒီမိုကရေစီတည်ဆောက်ရေးတတိယလှိုင်း အိမ်နီးချင်းနိုင်ငံများ၏ အားကျမခံပြိုင်ဆိုင်မှု] *Comparative Political Studies*, 39/4 (2006), pp. 463–89

Brownlee, Jason, *Authoritarianism in an Age of Democratization* [ဒီမိုကရေစီ တည်ဆောက်ရေးခေတ်၏ အာဏာရှင်စနစ်] (New York: Cambridge University Press, 2007)

Bunce, Valerie, McFaul, Michael and Stoner-Weiss, Kathryn (eds), *Democracy and Authoritarianism in the Postcommunist World* [ကွန်မြူနစ်ခေတ်လွန်ကမ္ဘာမှ ဒီမိုကရေစီနှင့် အာဏာရှင်စနစ်] (New York: Cambridge University Press, 2010)

Bunce, Valerie and Wolchik, Sharon, *Defeating Authoritarian Leaders in Post-Communist Countries* [ကွန်မြူနစ်ခေတ်လွန်နိုင်ငံများတွင် အာဏာရှင်ခေါင်းဆောင်များအား အနိုင်ယူခြင်း] (New York: Cambridge University Press, 2011)

Burnell, Peter and Youngs, Richard (eds), *New Challenges to Democratization* [ဒီမိုကရေစီတည်ဆောက်ခြင်းအတွက်စိန်ခေါ်မှုများ] (Abingdon, UK: Routledge, 2010)

Carothers, Thomas, *Aiding Democracy Abroad: The Learning Curve* [နိုင်ငံတကာတွင် ဒီမိုကရေစီအရေး ကူညီပေးခြင်း - သင်ယူမှုအခြေအနေပြ မျဉ်းကွေး] (Washington, D.C.: Carnegie Endowment for International Peace, 1999)

Carothers, Thomas, 'The End of the Transition Paradigm', [တွင်ပါရှိသည့် 'အသွင်ကူးပြောင်းမှုပါရာဒိုင်းဏ်အဆုံးသတ်'] *Journal of Democracy*, 13/1 (2002), pp. 5–21

Chalmers, Douglas and Mainwaring, Scott (eds), *Problems Confronting Contemporary Democracies* [ခေတ်ပြိုင်ဒီမိုကရေစီများရင်ဆိုင်နေရသည့် ပြဿနာများ] (Notre Dame, Ind.: University of Notre Dame Press, 2012)

Coleman, Isobel and Lawson-Remer, Terra (eds), *Pathways to Freedom: Political and Economic Lessons from Democratic Transitions* [လွတ်လပ်မှုသို့ သွားရာလမ်းများ- ဒီမိုကရေစီအသွင်ကူးပြောင်းမှုများမှ နိုင်ငံရေးနှင့် စီးပွားရေးသင်ခန်းစာများ] (New York: Council on Foreign Relations, 2013)

Collier, Ruth Berins, *Paths Toward Democracy: The Working Class and Elites in Western Europe and South America* [ ဒီမိုကရေစီသို့ သွားရာလမ်းများ- အနောက်ဥရောပနှင့် တောင်အမေရိကရှိ အလုပ်သမားလူတန်းစားနှင့် အထက်တန်းလွှာများ] (Cambridge, UK: Cambridge University Press, 1999)

Collombier, Virginie, *The Political Economy of Transitions: Comparative Experiences* [အသွင်ကူးပြောင်းမှု၏ နိုင်ငံရေးဘောဂဗေဒ- ယှဉ်ထိုးစဉ်းစားနိုင်သည့် အတွေ့အကြုံများ] (Oslo, Norway: United Nations Development Programme, Oslo Governance Centre, 2013)

Crawford, Gordon, *Foreign Aid and Political Reform: A Comparative Analysis of Democracy Assistance and Political Conditionality* [ပြည်ပအကူအညီနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု- ဒီမိုကရေစီအထောက်အပံ့နှင့် နိုင်ငံရေးဆိုင်ရာ သတ်မှတ်ချက်အခင်းအကျင်း] (Houndsmill, Basingstoke UK: Palgrave, 2001)

Diamond, Larry, *The Spirit of Democracy: The Struggle to Build Free Societies throughout the World* [ဒီမိုကရေစီ၏ဝိညာဉ်- ကမ္ဘာတစ်လွှားလွတ်လပ်သည့်လူအဖွဲ့အစည်းများတည်ဆောက်ရန် ကြိုးပမ်းချက်] (New York: Times Books, 2008)

Diamond, Larry and Morlino, Leonardo (eds), *Assessing the Quality of Democracy* [ဒီမိုကရေစီ၏အရည်အသွေးကို ဆန်းစစ်ကြည့်ခြင်း] (Baltimore, Md.: Johns Hopkins University Press and the National Endowment for Democracy, 2005)

Dobson, William J., *The Dictator's Learning Curve: Inside the Global Battle for Democracy* [အာဏာရှင်၏ သင်ယူလေ့လာမှုကိုပြသည့်မျဉ်းကွေး- ဒီမိုကရေစီအတွက်

ကမ္ဘာ့တိုက်ပွဲတွင်းသို့ဝင်ကြည့်ခြင်း] (New York: Anchor Books, 2012)

Ethier, Diane, 'Is Democracy Promotion Effective? Comparing Conditionality and Incentives', [တွင်ပါရှိသည့် 'ဒီမိုကရေစီကိုလူသိများအောင်လုပ်ခြင်းသည် ထိရောက်ပါသလော၊ သတ်မှတ်ချက်အခင်းအကျင်းနှင့်မက်လုံးများကိုနှိုင်းယှဉ်ခြင်း] *Democratization*, 10/1 (2003), pp. 99–120

Fish, Steven M., 'Stronger Legislatures, Stronger Democracies', [တွင်ပါရှိသည့် 'လွှတ်တော်များခိုင်မာလေ ဒီမိုကရေစီများခိုင်မာလေ'] *Journal of Democracy*, 17/1 (2006), pp. 5–20

Gandhi, Jennifer and Lust-Okar, Ellen, 'Elections Under Authoritarianism', [တွင်ပါရှိသည့် 'အာဏာရှင်လက်အောက်မှ ရွေးကောက်ပွဲများ'] *Annual Review of Political Science*, 12 (2009), pp. 403–22

Geddes, Barbara, 'What Do We Know about Democratization after Twenty Years?', တွင်ပါရှိသည့် ['နှစ်ပေါင်း ၂၀ ကြာအပြီးတွင် ဒီမိုကရေစီတည်ဆောက်ရေးအကြောင်း ဘာတွေသိရှိလာကြသနည်း'] *Annual Review of Political Science*, 2/1 (1999), pp. 115–44

Gunther, Richard and Mughan, Anthony (eds), *Democracy and the Media: A Comparative Perspective* [ဒီမိုကရေစီနှင့် မီဒီယာ- နှိုင်းယှဉ်လေ့လာမှုရှုထောင့်] (Cambridge, UK: Cambridge University Press, 2000)

Haggard, Stephan and Kaufman, Robert R., *The Political Economy of Democratic Transitions* [ဒီမိုကရေစီ အသွင်ကူးပြောင်းမှုများ၏ နိုင်ငံရေးဘောဂဗေဒ] (Princeton, N.J.: Princeton University Press, 1995)

Hamid, Shadi, *Temptations of Power: Islamists and Illiberal Democracy in a New Middle East* [အာဏာကိုလက်လှမ်းမီအောင်ကြိုးစားမှုများ- ခေတ်သစ်အရှေ့အလယ်ပိုင်းမှ အစွလာမ်မစ်များနှင့် လစ်ဘရယ်မဆန်သော ဒီမိုကရေစီ] (New York: Oxford University Press, 2014)

Hayner, Priscilla B., *Unspeakable Truths: Transitional Justice and the Challenge of Truth Commissions* [ထုတ်မပြောနိုင်သည့် အမှန်တရားများ- အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုနှင့် အမှန်တရားရှာကော်မရှင်များ၏ စိန်ခေါ်မှု] (New York: Routledge, 2001)

Hobson, Christopher and Kurki, Milja (eds), *The Conceptual Politics of Democracy Promotion* [ဒီမိုကရေစီမြှင့်တင်ခြင်းဆိုင်ရာ အယူအဆအခြေပြုနိုင်ငံရေး] (Abingdon, UK: Routledge, 2012)

Howard, Philip N. and Hussain, Muzammil M., *Democracy's Fourth Wave?: Digital Media and the Arab Spring* [ဒီမိုကရေစီ တတိယလှိုင်းလော၊ ဒစ်ဂျစ်တယ်မီဒီယာနှင့် အာရပ်နွေဦး] (New York: Oxford University Press, 2013)

Huntington, Samuel P., *The Third Wave: Democratization in the Late Twentieth Century* [တတိယလှိုင်း- ၂၀ ရာစုနောင်းပိုင်းကာလ ဒီမိုကရေစီတည်ဆောက်ရေး] (Norman, Okla.: University of Oklahoma Press, 1991)

Karl, Terry Lynn, 'Dilemmas of Democratization in Latin America', တွင်ပါရှိသည့် [လက်တင်အမေရိကတိုက်ရှိ ဒီမိုကရေစီတည်ဆောက်ရေး အကျပ်အတည်းများ] *Comparative Politics*, 23/1 (1990), pp. 1–21

Kuran, Timur, 'Now out of Never: The Element of Surprise in the East European Revolution of 1989', [တွင်ပါရှိသည့် 'မဖြစ်နိုင်ခြင်းက တကယ်ဖြစ်လာပြီ- ၁၉၈၉ ခုနှစ် အရှေ့ဥရောပတော်လှန်ရေး၏ အံ့အားသင့်ဖွယ်အကြောင်းအချက်'], *World Politics* 44/1 (1991), pp. 7–48

Levitsky, Steven and Murillo, Maria Victoria, 'Building Institutions on Weak Foundations', တွင်ပါရှိသည့် ['မခိုင်မာသည့် အုတ်မြစ်များပေါ် တွင် အင်စတီကျူးရှင်းများ တည်ဆောက်ခြင်း'] *Journal of Democracy*, 24/2 (2013), pp. 93–107

Levitsky, Steven and Way, Lucan A., *Competitive Authoritarianism: Hybrid Regimes after the Cold War* [ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အာဏာရှင်စနစ်- စစ်အေးနောက်ပိုင်း မျိုးစပ်အုပ်ချုပ်ရေးများ] (New York: Cambridge University Press, 2010)

Lijphart, Arend, *Patterns of Democracy: Government Forms and Performance in Thirty-Six Countries* [ဒီမိုကရေစီ အဆင်အကွက်များ- နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အစိုးရ ပုံစံများနှင့် စွမ်းဆောင်ရည်] (New Haven, Conn.: Yale University Press, 1999)

Lindberg, Staffan I., *Democracy and Elections in Africa* [အာဖရိကတိုက်ရှိ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ] (Baltimore, Md.: Johns Hopkins University Press, 2006)

Linz, Juan J. and Chehabi, H. E. (eds), *Sultanistic Regimes* [ဆူလ်တန်ဘုရင်အုပ်ချုပ်သည့် အစိုးရများ] (Baltimore, Md.: Johns Hopkins University Press, 1998)

Linz, Juan J. and Stepan, Alfred, *Problems of Democratic Transition and Consolidation: Southern Europe, South America, and Post-Communist Europe* [ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ဒီမိုကရေစီကြံ့ခိုင်အောင်လုပ်ခြင်း၏ ပုစ္ဆာများ- တောင်ဥရောပ၊တောင်အမေရိကနှင့် ကွန်မြူနစ်ခေတ်လွန် ဥရောပ] (Baltimore, Md.: Johns Hopkins University Press, 1996)

Mainwaring, Scott and Perez-Liñán, Anibal, *The Rise and Fall of Democracies and Dictatorships: Latin America since 1900* [ ဒီမိုကရေစီများနှင့်အာဏာရှင်စနစ်များ၏ နေထွက်ချိန်နှင့်နေဝင်ချိန်- ၁၉ရာစု နောက်ပိုင်းလက်တင်အမေရိကတိုက်] (Cambridge, UK: Cambridge University Press, 2013)

McAdam, Doug, Tarrow, Sidney and Tilly, Charles, *Dynamics of Contention* [အငြင်းပွားခြင်း၏ သက်ဝင်လှုပ်ရှားမှု] (Cambridge, UK: Cambridge University Press, 2001)

McFaul, Michael and Stoner-Weiss, Kathryn, *After the Collapse of Communism: Comparative Lessons of Transition* [ကွန်မြူနစ်ဝါဒ ကျဆုံးပြီးနောက်ပိုင်းအခြေအနေ- အသွင်ကူးပြောင်းမှု သင်ခန်းစာများကို နှိုင်းယှဉ်လေ့လာခြင်း] (Cambridge, UK: Cambridge University Press, 2004)

Miller, Laurel E., Martini, Jeffrey, Larrabee, F. Stephen, Rabasa, Angel, Pezard, Stephanie, Taylor, Julie E. and Mengistu, Tewodaj, *Democratization in the Arab World: Prospects and Lessons from Around the Globe* [အာရပ်ကမ္ဘာမှ ဒီမိုကရေစီတည်ဆောက်ရေး- ကမ္ဘာတစ်ခွင်မှ အလားအလာများနှင့် သင်ခန်းစာများ] (Santa Monica, Calif.: RAND Corporation, 2012)

Morlino, Leonardo, *Changes for Democracy: Actors, Structures, Processes* [ဒီမိုကရေစီအတွက် အပြောင်းအလဲများ-လှုပ်ရှားဆောင်ရွက်သူများ၊ အဆောက်အအုံများ၊ လုပ်ငန်းစဉ်များ] (Oxford, UK: Oxford University Press, 2011)

Munck, Gerardo L. and Skalnik Leff, Carol, 'Modes of Transition and Democratization: South America and Eastern Europe in Comparative Perspective', တွင်ပါရှိသည့် ['အသွင်ကူးပြောင်းမှုနှင့် ဒီမိုကရေစီတည်ဆောက်ရေးနည်းလမ်းများ- တောင်အမေရိကနှင့် အရှေ့ဥရောပကို နှိုင်းယှဉ်လေ့လာမှုရှုထောင့်] *Comparative Politics*, 29/3 (1997), pp. 343–62

O'Donnell, Guillermo and Schmitter, Philippe C., T*ransitions from Authoritarian Rule: Tentative Conclusions about Uncertain Democracies* [အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုများ- မရေရာသောဒီမိုကရေစီများအတွက် အစမ်းသဘောမှတ်ချက်] (Baltimore, Md.: Johns Hopkins University Press, 1986; republished with a new preface by Cynthia Arnson and Abraham F. Lowenthal, Johns Hopkins University Press, 2013)

O'Donnell, Guillermo, Schmitter, Philippe C. and Whitehead, Laurence, *Transitions from Authoritarian Rule* [အာဏာရှင်စနစ်မှ အသွင်ကူးပြောင်းမှုများ(၄တွဲ)] [4 volumes] (Baltimore, Md.: Johns Hopkins University Press, 1986)

Ottaway, Marina, *Democracy Challenged: The Rise of Semi-Authoritarianism* [ဒီမိုကရေစီ ပျက်ယွင်းခြင်း- အာဏာရှင်တစ်ပိုင်းစနစ် နီးထလာခြင်း] (Washington, D.C.: Carnegie Endowment for International Peace, 2003)

Pevehouse, Jon C., *Democracy from Above: Regional Organizations and Democratization* [အထက်စီးမှ မြင်ရသည့် ဒီမိုကရေစီ- ဒေသဆိုင်ရာအဖွဲ့အစည်းများ နှင့် ဒီမိုကရေစီတည်ဆောက်ရေး] (New York: Cambridge University Press, 2005)

Philpott, Daniel, 'Explaining the Political Ambivalence of Religion', တွင်ပါရှိသည့် ['ဘာသာရေး၏ နိုင်ငံရေးဆိုင်ရာဆိုး၊ ကောင်းဒွန်တွဲနေမှုကို ရှင်းလင်းတင်ပြခြင်း'] *American Political Science Review*, 101/3 (2007), pp. 505–25

Pridham, G. and Lewis, P.G. (eds), *Stabilizing Fragile Democracies: Comparing New Party Systems in Southern and Eastern Europe* [ထိရှလွယ်သည့် ဒီမိုကရေစီများကို တည်ငြိမ်အောင်လုပ်ခြင်း- တောင်နှင့်အရှေ့ဥရောပတွင် နိုင်ငံရေးပါတီ စနစ်သစ်များကို နှိုင်းယှဉ်ကြည့်ခြင်း] (London: Routledge, 1996)

Przeworski, Adam, *Democracy and the Market: Political and Economic Reforms in Eastern Europe and Latin America* [ဒီမိုကရေစီနှင့် ဈေးကွက်- အရှေ့ဥရောပနှင့် လက်တင်အမေရိကမှ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ] (Cambridge, UK: Cambridge University Press, 1991)

Przeworski, Adam and Limongi, Fernando, 'Modernization: Theories and Facts', [တွင်ပါရှိသည့် 'ခေတ်မီစက်မှုနိုင်ငံဖြစ်အောင်လုပ်ခြင်း- သဘောတရားနှင့် လက်တွေ့ဖြစ်ရပ်များ'] *World Politics*, 49/2 (1997), pp. 155–83

Reynolds, Andrew (ed.), *The Architecture of Democracy: Constitutional Design, Conflict Management, and Democracy* [ဒီမိုကရေစီ ဗိသုကာ- အခြေခံဥပဒေဒီဇိုင်း၊ ပဋိပက္ခစီမံခန့်ခွဲမှုနှင့် ဒီမိုကရေစီ] (Oxford, UK: Oxford University Press, 2002)

Risse, Thomas, Ropp, Stephen C. and Sikkink, Kathryn (eds), *The Power of Human Rights: International Norms and Domestic Change* [လူ့အခွင့်အရေး၏စွမ်းပကား- နိုင်ငံတကာစံနှုန်းများနှင့် ပြည်တွင်းအပြောင်းအလဲ] (Cambridge, UK: Cambridge University Press, 1999)

Rustow, Dankwart A., 'Transitions to Democracy: Toward a Dynamic Model', [တွင်ဖော်ပြသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ- ဘက်စုံလှုပ်ရှားနေသည့် မိုဒယ်ဆီသို့] *Comparative Politics*, 2/3 (1970), 337–63

Sadiki, Larbi, *Rethinking Arab Democratization: Elections without Democracy* [အာရပ်ဒီမိုကရေစီ တည်ဆောက်ရေးကို ပြန်လည်စဉ်းစားသုံးသပ်ကြည့်ခြင်း- ဒီမိုကရေစီ မပါသည့် ရွေးကောက်ပွဲ] (Oxford, UK: Oxford University Press, 2009)

Sartori, Giovani, *Comparative Constitutional Engineering: An Inquiry into Structures, Incentives, and Outcomes* [အခြေခံဥပဒေဆိုင်ရာအင်ဂျင်နီယာပညာကို နှိုင်းယှဉ်လေ့လာခြင်း- အဆောက်အအုံများ၊ မက်လုံးများနှင့် ရလဒ်များ] (New York: New York University Press, 1994)

Schedler, Andreas (ed.), *Electoral Authoritarianism: The Dynamics of Unfree Competition* [အာဏာရှင်စနစ်ကျင့်သုံးသည့် ရွေးကောက်ပွဲ- မလွတ်မလပ်ပြိုင်ဆိုင်မှု၏ သက်ဝင်လှုပ်ရှားမှုများ] (Boulder, Colo.: Lynne Rienner, 2006)

Sen, Amartya K., 'Democracy as a Universal Value', တွင်ပါရှိသည့် ['တစ်လောကလုံးနှင့် ဆိုင်သည့်တန်ဖိုးအနေနှင့် ဒီမိုကရေစီ'] *Journal of Democracy*, 10/3 (1999), pp. 3–17

Stepan, Alfred and Linz, Juan J., 'Democratization Theory and the "Arab Spring"', [တွင်ပါရှိသည့် 'ဒီမိုကရေစီတည်ဆောက်ရေးသဘောတရားနှင့် 'အာရပ်နွေဦး'] *Journal of Democracy*, 24/2 (2013), pp. 15–29

Stoner, Kathryn and McFaul, Michael (eds), *Transitions to Democracy: A Comparative Perspective* [ဒီမိုကရေစီသို့ အသွင်ကူးပြောင်းမှုများ- နှိုင်းယှဉ်လေ့လာမှု ရှုထောင့်များ] (Baltimore, Md.: Johns Hopkins University Press, 2013)

Svolik, Milan W., *The Politics of Authoritarian Rule* [အာဏာရှင်အုပ်ချုပ်ရေး၏ နိုင်ငံရေး] (New York: Cambridge University Press, 2012)

Teorell, Jan, *Determinants of Democratization: Explaining Regime Change in the World, 1972–2006* [ဒီမိုကရေစီတည်ဆောက်ရေးကို အဆုံးအဖြတ်ပေးသည့်အရာများ- ၁၉၇၂ ခုနှစ်မှ -၂၀၀၆ ခုနှစ်အထိ ကမ္ဘာပေါ်မှ အုပ်ချုပ်ရေးအပြောင်းအလဲများကို ရှင်းလင်းတင်ပြခြင်း] (Cambridge, UK: Cambridge University Press, 2010)

Welzel, Christian and Inglehart, Ronald, 'The Role of Ordinary People in Democratization', [တွင်ပါရှိသည့် 'ဒီမိုကရေစီတည်ဆောက်ရေးတွင် သာမန်ပြည်သူများ၏ အခန်းကဏ္ဍ'] *Journal of Democracy*, 19/1 (2008), pp. 126–40

Whitehead, Laurence (ed.), *The International Dimensions of Democratization: Europe and the Americas* [ဒီမိုကရေစီတည်ဆောက်ရေး နိုင်ငံတကာ ရှုထောင့်များ- ဥရောပနှင့်အမေရိကတိုက်] (Oxford, UK: Oxford University Press, 1996)

Whitehead, Laurence, *Democratization: Theory and Experience* [ဒီမိုကရေစီ တည်ဆောက်ရေး-သဘောတရားနှင့် အတွေ့အကြုံ] (Oxford, UK: Oxford University Press, 2002)